ဓေတ်ဟောင်းမြန်မာ့သမိုင်း

# သုတေသနအဘိဓာန်

ဦးသိန်းလှိုင်

၂၅၂၀၃ .

ခေတ်ဟောင်းမြန်မာ့သမိုင်း

# သုတေသနအဘိဓာန်

ဦးသိန်းလှိုင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန
၂၀၀၀

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

မူပိုင်
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနမူပိုင်

ပုံနှိပ်သူ
ဦးသာရင်(၀၂၃၈၄)
မန်နေဂျာ
တက္ကသိုလ်များပုံနှိပ်တိုက်
ရန်ကုန်မြို့

ခွင့်ပြုချက်
စာမူခွင့်ပြုချက်အမှတ် ၁၄/၂၀၀၀(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၆/၂၀၀၀(၁)

U.P- B. **287**. 1100. (28.2.2000) O/S II

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောက်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဥယျောဇဉ်

ဝေါဟာရအဘိဓာန်အမျိုးမျိုးကို ရေးကရေးသားပြုစုထုတ်ဝေခဲ့ဖူးပါသည်။ သမိုင်းသုတေသန အတွက် အသုံးဝင်သော အဘိဓာန်များမှာ ဦးမောင်မောင်တင်၏ **ရှေးနန်းသုံးဝေါဟာရအဘိဓာန်**၊ ဇေယျသင်္ခယာ၏ **ရှေးဘုံနီဒါန်း**၊ အသျှင်ဩဘာသာဘိဝံသ၏ **သုတေသနသရုပ်ပြအဘိဓာန်**၊ ဒေါက်တာရီရီ၏ **သုသေသန အဘိဓာန်မှတ်စု**၊ ဦးဟုတ်စိန်၏ **ပါဠိ–မြန်မာအဘိဓာန်**၊ ဒဂုန်ဦးထွန်းမြင့်၏ **သုစမှတ်စု နှင့် ပါဠိသက် ဝေါဟာရအဘိဓာန်**၊ ပေါရာဏအဘိဓာန်များ စသည်တို့ ဖြစ်ကြသည်။ သို့ရာတွင် ထိုအဘိဓာန်တို့မှာ မဟာရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းများတွင်ပါရှိသော သမိုင်းဝေါဟာရ အစုံအလင်ကို စုစည်း၍ ပြုစုထားသော အဘိဓာန်များ မဟုတ်ကြပေ။ သမိုင်းသုတေသနအတွက် ခေတ်ဟောင်းသမိုင်း ဝေါဟာရများကို တပေါင်းတစည်းတည်း စုစည်း၍ စာအုပ်ထုတ်ဝေနိုင်လျှင် သမိုင်းသုတေသီများအတွက် ပိုမိုလွယ်ကူစွာ ရှာဖွေသိရှိနိုင်မည်ဟု စိတ်ကူးမိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် စည်သူ ဂါမဏိသင်္ကြံစီရင်သည့် ဇင်းမယ်ရာဇဝင်ပေမူကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့စဉ်က ရာဇဝင်ပါ ရှေးအသုံးအနှုန်းနှင့် ဝေါဟာရအချို့၏ အဓိပ္ပာယ်ကိုရှာဖွေရန် အခက်အခဲများကြုံတွေ့ခဲ့ရဖူးသည်။ ရာဇဝင်ပါ ဝေါဟာရအချို့၏ အဓိပ္ပာယ်ကို သိရှိရန် စာကြည့်တိုက်များရှိ အဘိဓာန်များနှင့် အခြား ကျမ်းအစောင်စောင်ကို ရှာဖွေဖတ်ရှုခဲ့ရသည်။ ထို့ကြောင့် သမိုင်းဝေါဟာရစုံစုံလင်လင်ကို အဓိပ္ပာယ် ဖွင့်ဆိုထားသော အဘိဓာန်မျိုးရှိလျှင် ဘာသာပြန် လုပ်ငန်းတွင် ကြန့်ကြာမှုမရှိနိုင်ဟူသော အသိသည် ထိုစဉ်ကပင်ပေါ်လာမိခဲ့သည်။ သမိုင်းဘာသာကို အထူးပြုလေ့လာပြီး မဟာဝိဇ္ဇာကျမ်းပြုနေသော ကျောင်းသူ ကျောင်းသားများနှင့် မြန်မာရာဇဝင်တော် ကြီးများနှင့် အမိန့်တော်များကို လေ့လာဖတ်ရှု နေကြသူများအတွက်လည်း သမိုင်းဝေါဟာရ အဓိပ္ပာယ်ကို နားလည်သိရှိရန် လိုအပ်ပါသည်။ ယခုအချိန် အထိ ခေတ်ဟောင်းသမိုင်းဆိုင်ရာ ဝေါဟာရ များကိုစုစည်း၍ ပြုစုထားသော ပြည့်စုံသည့်အဘိဓာန်လည်း မရှိသေးသဖြင့် ခေတ်ဟောင်းမြန်မာ့သမိုင်း အဘိဓာန် တစ်စောင် ထုတ်ဝေသင့်သည်ဟူသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဦးသိန်းလှိုင်အား သမိုင်း ကျမ်းများ၊ အမိန့်တော်များ၊ မှတ်တမ်းများတွင် ပါရှိသော သမိုင်းဝေါဟာရများကိုစုစည်း၍ အဘိဓာန် တစ်အုပ်ပြုစုရန် တိုက်တွန်းမိခဲ့သည်။ တိုက်တွန်းချက်အတိုင်း ဦးသိန်းလှိုင်သည် ရသမျှ အချိန်အတွင်း တွင်ပင် ဤခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသနအဘိဓာန်ကို ပြုစုနိုင်ခဲ့သဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ ဤအဘိဓာန်သည် အလွန်စုံလင်သော အဘိဓာန်မဟုတ်စေကာမူ လူငယ်သုတေသီများနှင့် မြန်မာ့သမိုင်းကို လေ့လာဖတ်ရှုနေသူများအတွက်သာမက မြန်မာရာဇဝင်တော် ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုနေသူများအတွက် အတော်အတန် အထောက်အကူပြု နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။



(နီနီမြင့်)
ညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

# စကားဦး

မဟာရာဇဝင်တော်ကြီးများ၊ ရာဇဝင်များ၊ အမိန့်တော်များ၊ ကျောက်စာများ၊ မင်စာများ၊ ဓမ္မသတ်များ၊ **ဓမ္မဒီပဥဿောင်းကျမ်း**၊ **ရှေးနန်းသုံးဝေါဟာရအဘိဓာန်**၊ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း**………… နှင့် **ရွှေဘုံနိဒါန်း** တို့တွင် ပါဝင်သော ခေတ်ဟောင်း မြန်မာ့သမိုင်းဆိုင်ရာ ဝေါဟာရများ၊ ပေါရာဏများ၊ အနုပညာနှင့် ဗိသုကာမှုဆိုင်ရာ အသုံးအနှုန်းများ၊ သာသနာရေးနှင့် လူမှုရေးဆိုင်ရာ ဝေါဟာရများ၊ ပါဠိစကားလုံးများ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာမေနီယံ၊ အီတလီ နှင့် အိန္ဒိယ အမည်များ၊ အခေါ်အဝေါ်များကို ထုတ်နှုတ်၍ ဤအဘိဓာန်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ သမိုင်းဆိုင်ရာ အချက်အလက်များကို စုစည်းဖော်ပြသည့် အဘိဓာန် မဟုတ်ဘဲ ဝေါဟာရများနှင့် အသုံးအနှုန်းများ၏ အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြသည့် အဘိဓာန်သာဖြစ်ပါသည်။ အထူးသဖြင့် **ခေတ်ဟောင်းမြန်မာ့သမိုင်း**……… ကို လေ့လာလိုသူများ၊ လေ့လာလျက်ရှိသောလူငယ်များ၊ **သုတေသန** ပြုလျက်ရှိသော လူငယ်များအား အခြေခံအားဖြင့် အထောက်အကူ ပြုနိုင်စေရန် ရည်ရွယ်၍ ဤ**အဘိဓာန်**ကို ပြုစုခဲ့ပါသည်။

လေ့လာမှတ်သား ထားခဲ့သော မှတ်စုများနှင့် လက်လှမ်းမီသမျှ ကျမ်းများ၊ အဘိဓာန်များ၊ စာအုပ်စာတမ်းများကို မှီငြမ်း၍ သမိုင်းဆိုင်ရာဝေါဟာရများ၏ အဓိပ္ပါယ်ကို ကြိုးစားဖွင့်ဆိုပါသည်။ ဤအဘိဓာန်ပါ ပါဠိဝေါဟာရများမှာ ရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် သမိုင်းမှတ်တမ်းများတွင် ပါရှိသော စကားလုံးများသာ ဖြစ်သည်။ မိမိဖော်ပြလိုရာ ပါဠိစကားလုံးများကို အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြထားခြင်း မဟုတ်ပါ။ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာမေနီယံ၊ အီတလီ၊ အိန္ဒိယ အမည်များနှင့် အခေါ်အဝေါ်များမှာလည်း ရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် သမိုင်းမှတ်တမ်းများပါ အမည်နှင့် စကားလုံးများသာ ဖြစ်ပါသည်။

ဝေါဟာရအဓိပ္ပါယ် ဖွင့်ဆိုချက်များ ခိုင်လုံစေရန်အတွက် အကိုးအကားများကို လက်လှမ်းမီသမျှ ရှာဖွေ၍ဖော်ပြထားပါသည်။ ဖော်ပြချက် မခိုင်လုံလျှင်၊ မသေချာလျှင် (?)ဟူသော အမှတ်အသားဖြင့် ပြသထားသည်။ ကိုးကားသောကျမ်း၏အမည်ကို အတိုခြုံး၍ဖော်ပြထားသည်။ အတိုခြုံးရာတွင် အတိုမှတ်ကို ကြည့်ရုံဖြင့် မူလကျမ်းအမည် ပေါ်အောင်လည်း ကြိုးစားစီစဉ်ပါသည်။ ကျမ်းအမည် အပြည့်အစုံကို သိလိုသူတို့အတွက် အတိုမှတ်စာရင်းကိုလည်း ဖော်ပြထားသည်။ အကြံပေးလမ်းညွှန်သော ပုဂ္ဂိုလ်များ၏ အမည်များကိုမူ အပြည့်အစုံ မဖော်ပြဘဲ အတိုခြုံး၍ တစ်လုံးတည်းသာ ဖော်ပြထားပါသည်။

အဓိပ္ပာယ်ဖော်ပြချက် ပိုမိုခိုင်မာစေရန်နှင့် ရှင်းလင်းစေရန်အတွက် သက်ဆိုင်ရာ စကားလုံးပါသော ဝါကျနှင့် စာပိုဒ်ကိုလည်း အလျဉ်းသင့်သလို ဖော်ပြထားသည်။ ပိုမိုရှင်းလင်းစေရန်အတွက် အချို့အခေါ်အဝေါ်နှင့် ဝေါဟာရများ၏ ခေတ်ပုံနှင့် ရုပ်ပုံများကို တတ်စွမ်းသမျှ ရှာဖွေ၍ ယှဉ်တွဲဖော်ပြထားသည်။ ပါဠိစကားလုံးများကို အဓိပ္ပာယ်ဖော်ရာတွင် အဘိဓာန်ကိုသာ အားမကိုးဘဲ ပါဠိဘာသာ ကျွမ်းကျင်သူများဖြစ်ကြသော ဦးညွန့်မောင် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဝိဇ္ဇာဘွဲ့နှင့် စာကြည့်တိုက်ဒီပလိုမာ)နှင့် ဦးမြင့်သန်းဌေ (သာသနဓဇသိရီပဝရ ဓမ္မာစရိယနှင့် ဝိဇ္ဇာဘွဲ့)တို့အား မေးမြန်းညှိနှိုင်းပါသည်။ တရုတ်စကားလုံးများကိုမူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန့်တက္ကသိုလ်မှ တရုတ်စာပေ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သော ဒေါ်ဝင်း (တက္ကသိုလ်များသမိုင်းသုတေသန ဦးစီးဌာန သုတေသနအရာရှိ) က ကူညီသည်။ အချို့စကားလုံးများကို အဓိပ္ပါယ် ဖော်ရာတွင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဆရာဦးမောင်မောင်တင်နှင့် မြန်မာစာအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်တို့က ပံ့ပိုးကူညီခဲ့ကြသည်။ သို့ရာတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

တိမ်းယိမ်းမှုရှိပါက ထိုပုဂ္ဂိုလ်ကြီးများ၏ ချို့ယွင်းချက် မဟုတ်ဘဲ ကျွန်တော်၏ အမှားအယွင်း အဖြစ်သာ မှတ်ယူပါရန် ပန်ကြားအပ်ပါသည်။

စုဆောင်းရရှိသော စကားလုံးများဖြင့် ဤအဘိဓာန်ကို ပြုစုနိုင်အောင် အဓိက အားပေးသူတို့မှာ မြန်မာ့သမိုင်းအဖွဲ့ဝင် အငြိမ်းစား သမိုင်းပါမောက္ခ ဦးထွန်းအောင်ချိန်နှင့် တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီမြင့်တို့ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာဦးထွန်းအောင်ချိန်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီမြင့်တို့အား ကျေးဇူးများစွာတင်ရှိကြောင်း ဦးစွာဖော်ပြအပ်ပါသည်။ အထောက်အထားခိုင်မာသော အဘိဓာန် ပြုစုရေးအတွက် အားပေး လမ်းညွှန်သော မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးသန်းထွတ်(ဆရာတိုက်စိုး)အား လည်းကောင်း၊ ဤ အဘိဓာန်ပြုစုနိုင်အောင် သမိုင်းပညာများ ပေးခဲ့သော ဆရာဒေါက်တာသန်းထွန်းအားလည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်အချို့ကို မှန်ကန်အောင် ပြုပြင်ပေးသော မြန်မာသမိုင်းအဖွဲ့ဝင်ဦးမောင်မောင်တင် နှင့် မြန်မာစာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်တို့အား လည်းကောင်း၊ ရုပ်တုတော်များ၏ လက်ဟန်အနေအထား(မုဒြာ)နှင့် ခြေဟန်အနေအထား၊ ထိုင်ခုံအနေအထား(အာသန)တို့အတွက် လမ်းညွှန်ကူညီသော မြန်မာသမိုင်းအဖွဲ့ဝင် ဦးစဝ်ထွန်းမှတ်ဝင်းအား လည်းကောင်း၊ ပါဠိစကားလုံး များကို အဓိပ္ပါယ်ဖော်ပေးသော ဦးညွှန့်မောင်နှင့် ဦးမြင့်သန်းဌေးတို့အား လည်းကောင်း၊ ဂီတသဘင်အနုပညာဆိုင်ရာ ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုကူညီသော ယဉ်ကျေးမှုတက္ကသိုလ် အနုပညာဌာန ညွှန်ကြားရေးမှူး(အငြိမ်းစား)ဦးအောင်သွင်အား လည်းကောင်း၊ တရုတ်စကားလုံးများကို အဓိပ္ပါယ်ဖော်ပေးသော ဒေါ်ဝင်းအား လည်းကောင်း၊ ကိုးကားသော စာအုပ်စာတမ်းများကို ကြိုးစားရှာဖွေပေးပြီး ကွန်ပျူတာဖြင့်လည်း ရိုက်နှိပ်ကူညီပေးသော တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဒေါ်တင်ဘုန်းနွယ်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန လက်ထောက်စာကြည့်တိုက်မှူးဒေါ်စန်းစန်းနှင့် စာကြည့်တိုက်ဝန်ထမ်းများအား လည်းကောင်း၊ အခြားဝိုင်းဝန်းကူညီကြသော ပုဂ္ဂိုလ်များအား လည်းကောင်း ကျေးဇူးများစွာတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဤအဘိဓာန်တွင် ဖော်ပြထားသော ရုပ်ပုံအချို့ကို မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေ သည့် မြန်မာအဘိဓာန်မှ လည်းကောင်း၊ ဆရာဦးစဝ်ထွန်းမှတ်ဝင်း ပြုစုသည့် မုဒြာများနှင့်အာသန စာအုပ်များမှ လည်းကောင်း၊ ရှေးဟောင်းသုတေသနဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဟန် ထံမှလည်းကောင်း၊ ရှေးဟောင်းစာပေသုတေသီတစ်ဦး ပြုစုသည့် စာကူးစက်မှု စာအုပ်ငယ်များနှင့် သင့်လျော်ရာစာအုပ်များမှ လည်းကောင်း ကူးယူလက်ခံရရှိခြင်းဖြစ်ပါသည်။ သို့ပါ၍ ထိုဦးစီးဌာနများနှင့် စာအုပ်များရေးသားပြုစုသည့် ပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်ရှိပါသည်။

ဤခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်မှာ ပြည့်စုံခြင်း မရှိသေးသည်ကို ရိုးသားစွာ ဝန်ခံပါသည်။ နောင်တွင် ဆက်လက်လေ့လာ ရှာဖွေမေးမြန်း၍ နောက်ဆက်တွဲအဖြစ် ဖြည့်စွက်ဖော်ပြနိုင်အောင် ဆက်လက် ဆောင်ရွက်ရန် အာသီသရှိကြောင်းနှင့် ဤအဘိဓာန်နှင့် ပတ်သက်၍ ပေးပို့ကြမည့် အကြံဉာဏ်များကို ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ဦးသိန်းလှိုင်**

ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး)၊ မဟာဝိဇ္ဇာ(ဂုဏ်ထူး)

# ကျမ်းကိုးအတိုမှတ်စာရင်း


**ကဗျာဝါဒ** ဆရာသိန်း။ **ကဗျာဝါဒဒီပနီကျမ်း၊** ရန်ကုန်မြို့၊ ရတနာသီရိစာပုံနှိပ်တိုက်၊ ၁၂၃၇

**ကတူးကနန်း** အကိုစော။ **လေ့လာမိသမျှကတူးကနန်းဒေသ၊** ရန်ကုန်မြို့၊ စာပေဗိမာန်၊ ၁၉၇၅

**ကဗျာဗန္ဓ** ဦးတင်။ **ကဗျာဗန္ဓသာရကျမ်း၊** ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၉

**ကဝိ** ဆီးပန်းနီဆရာတော်။ **ကဝိမဏ္ဍနမေဒနီကျမ်း၊** ပထမတွဲ၊ မန္တလေးမြို့၊ ရတနာသိဒ္ဓိစာပုံနှိပ်တိုက်၊ ၁၉၇၂

**ကဝိသေနင်္ဂ** ဦးအောင်။ **ကဝိသေနင်္ဂဗျူဟာကျမ်း၊** ရန်ကုန်မြို့၊ ရွှေထီးတံဆိပ်ပိဋကတ်စာအုပ်ဆိုင်၊ ပုံနှိပ်နှစ်မပါ

**ကာလေး** အရှင်ပဒုမ။ **ကာလေးမြို့သမိုင်း၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ်မပါ

**ကုသပျို့** မုံရွေးဇေတဝန်ဆရာတော်။ **ကုသပျို့၊** မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၀

**ကိုးခရိုင်** ဦးဘသိမ်း။ **ကိုးခရိုင်သမိုင်း၊** မန္တလေးမြို့၊ ကျားစာပုံနှိပ်တိုက်၊ ခုနှစ်မပါ

**ကိုးခန်း** ဦးကျော်ထွန်း။ **ကိုးခန်းပျို့ဋီကာကျမ်းကြီး၊** သထုံမြို့၊ ရွှေထုံနဂရာစာပုံနှိပ်တိုက်၊ ၁၉၂၇

**ကစ္စါ** ဦးဝိမလ။ **ကစ္စါမေးခွန်းနှင့်အဖြေ၊** ရန်ကုန်မြို့၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၃

**ကင်းစာရင်း** ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **နိုင်ငံတော်အတွင်း စခွာနကင်းစာရင်း၊** ပုရပိုက်၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

**ကုန်းဘောင်** ဦးမောင်မောင်တင်။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၈၉၊ ၁၉၆၇၊ ၁၉၆၈

**ကမ္မ** ဆင်ထဲဆရာတော်ကြီး။ **ဆင်ထဲသဂြိုဟ်အကောက်နှင့် ကမ္မဘောဒဝိနိစ္ဆယကျမ်း၊** ရန်ကုန်မြို့၊ မင်္ဂလာတိုင်းစာပုံနှိပ်တိုက်၊ ၁၉၂၇

**ကျော်အောင်စံထား** ကျော်အောင်စံထားဆရာတော်။ **ဓါတုဟာရတ္ထပကာသနီ၊** ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၆

**ကျွန်တော်မြူရှိ** လူထုဦးလှ။ **ကျွန်တော်မြူရှိကရက်၊** မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၇၀

**ခေတ်ဟောင်း** ဒေါက်တာသန်းထွန်း။ **ခေတ်ဟောင်းမြန်မာရာဇဝင်၊** ရန်ကုန်မြို့၊ မဟာဒဂုံစာပေထုတ်ဝေရေး၊ ၁၉၆၉

**ဂီတ၊ဒု** ဣန္ဒာဝဇီရ။ **မဟာဂီတအဖွင့်၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ အမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၆၈

**ဂဏ္ဍိ** ရှင်မဖောရဋ္ဌသာရ။ **ဂဏ္ဍိသာရပျို့၊** ရန်ကုန်မြို့၊ အာရှစာအုပ်တိုက်၊ ၁၉၅၀

**စလေဦးပုည** ဦးမောင်မောင်တင်။ **စလေဦးပုည၊** ရန်ကုန်မြို့၊ ၁၉၆၆

**စာပေသမိုင်း** ဦးဘေမောင်တင်။ **မြန်မာစာပေသမိုင်း၊** ရန်ကုန်မြို့၊ သုဝဏ္ဏဝတီကျောင်းသုံးစာအုပ်ထုတ်ဝေသောဌာန၊ ၁၃၂၂

**စောင်း** ရာမညကိုကိုနိုင်။ **မြန်မာ့စောင်း**၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၅၈

**စောင်း၊၃** ရာမညကိုကိုနိုင်။ **မြန်မာ့စောင်း**၊ ဒုတိယတွဲ၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၄

**စစ်ကိုင်း** ရွှေပြည်ဦးဘတင်။ **စစ်ကိုင်းတောင်သမိုင်း**၊ မန္တလေးမြို့၊ မန္တလာဘုမ္မိစာပုံနှိပ်တိုက်၊ ၁၂၉၇

**စဥ့်ကူး** ဦးဖျော်။ **စဥ့်ကူးမင်းရွှေနားတော်သွင်းချောင်း**၊ ပေမူအမှတ် ၅၆၈၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန

**စမ္ဗူ** ဂျေအက်စဖာနီဗဲလ်နှင့် ဒေါက်တာဘမောင်တင်။ **စမ္ဗူဒီပဥဆောင်းကျမ်း**၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀

**စွယ်စုံကျော်** အရှင်နန္ဒမေ။ **စွယ်စုံကျော်ထင်ကျမ်း**၊ (အရှင်မုနိန္ဒာဘိဓေဖြေ)၊ မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

**စွယ်စုံ (၁၁)** **မြန်မာ့စွယ်စုံကျမ်း**။ အတွဲ ၁၁၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၀

**ဆုတောင်းခန်း** ရှင်မဟာသီလဝံသ။ **ဆုတောင်းခန်းပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၂

**ဆင်ကောင်း** ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်ကောင်းလက္ခဏာ**၊ စာကူးစက်မူ၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

**ဆင်နှင့်မြင်း** ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်နှင့်မြင်းစီးနင်းစရာ**၊ ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

**ဆင်လက္ခဏာ** ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်ကောင်းလက္ခဏာ**၊ စာကူးစက်မူ၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

**ဆယ့်နှစ်ရာသီ** ဆီသည်ရွာစားဦးအောင်ကြီး။ **အင်းဝမြို့ဘွဲ့နှစ်ဆယ့်ရာသီလူးတား**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅

**ဇနက** မဟာစည်သူ။ **မဟာဇနကပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီစာပုံနှိပ်တိုက်၊ ၁၈၉၀

**ဇိနတ္ထ** ကျီးသဲလေးထပ်ဆရာတော်။ **ဇိနတ္ထပကာသနီကျမ်း**၊ မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ၁၉၅၇

**ဇေယျရန္တမိတ်** **မင်းဇေယျရန္တမိတ်ဆိုရတုနှင့် ရှင်သံခိုဆိုရတု**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၇

**ဇင်းမယ်** စည်သူဂါမဏိသင်္ကြံ၊ ဇင်းမယ်ရာဇဝင်၊ ပေမူ၊ ၁၃၆၉၃၃၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

**ဓာတ်သိမ်း** ဒေါ်ကြန်၊ **ပဒေသရာဇ် မြန်မာနိုင်ငံ၏ဓာတ်သိမ်း**၊ ရန်ကုန်မြို့၊ နိုင်ငံသမိုင်း သုသေသန ဦးစီးဌာန၊ ၁၉၇၈

**တကောင်းကန္တူ** ငြိမ်းကျော်။ **တကောင်းကန္တူ၊ ကန္တူနားကြီးလှေလာချက်**၊ စာကူးစက်မူ၊ ၁၉၈၀

**တရုတ်သံ** ဒုတိယနဝဒေး။ **တရုတ်သံရောက်မော်ကွန်းအဖြေ**၊ ရန်ကုန်မြို့၊ ငွေပဒေသာစာပုံနှိပ်တိုက်၊ ၁၉၆၃

| | |
|---|---|
| **တက္ကသိုလ်** | **တက္ကသိုလ်မြန်မာအဘိဓာန်၊** အတွဲ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ရန်ကုန်မြို့၊ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၁၊ ၁၉၆၃၊ ၁၉၆၄ |
| **တောင်တွင်း** | ဦးဉာဏ။ **တောင်တွင်းကြီးရာဇဝင်သစ်၊** ရန်ကုန်မြို့၊ ရှီးမပုံနှိပ်တိုက်၊ ၁၉၉၉ |
| **တိပ္ပိုဋက** | မင်းလှသခ်သူ။ **တိပ္ပိုဋကပျို့၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ်မပါ |
| **တွင်းသင်းပေါ** | **တွင်းသင်းပေါရာဇာကထာ၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၇၂ |
| **ဒုံးချင်း** | ဦးပုည။ **ဒုံးချင်းစုနှင့် ဒုံးချင်းပေါင်းချုပ်၊** မန္တလေးမြို့၊ တက်နေလင်းပုံနှိပ်တိုက်၊ ၁၉၆၃ |
| **ဓညသစ်** | ဦးပဏ္ဍိ။ **ဓညဝတီရာဇဝင်သစ်၊** ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၁၀ |
| **ဓာန်ငြိ** | မောင်းထောင်ဆရာတော်။ **အဘိဓာန်ငြိကာနိသျ၊** ဒုတိယအုပ်၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၀၉ |
| **ဓမ္မရာသီ** | အရှင်ကုမာရကဿပ။ **ဓမ္မရာသီပျို့၊** မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ခုနှစ်မပါ |
| **ဓမ္မသတ်** | **ဓမ္မသတ်(မြို့ရွာသုံးလက်စွဲဥပဒေ)၊** ပုံနှိပ်မြို့မပါ၊ ပုံနှစ်တိုက်မပါ၊ ၁၂၇၆(တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ၃၅၁၅၇၇ |
| **နဝဒေး** | **နဝဒေးရတုပေါင်းချုပ်၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄ |
| **နာရဒ** | ရှင်အာဒိစ္စရံသီ။ **နာရဒပျို့၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်နှင့် ခုနှစ်မပါ |
| **နိသျည်း** | နိသျည်းဆရာမဟာထေရ်မြတ်။ **ပရမတ္ထမေဒနီကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၇ |
| **နေမိငရဲ** | ရှင်အဂ္ဂသမာဓိ။ **နေမိငရဲခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၃ |
| **နေမိဘုံ** | ရှင်အဂ္ဂသမာဓိ။ **နေမိဘုံခန်းပျို့၊** ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၅၇ |
| **နေမိမဏ္ဍိုး** | ရှင်အဂ္ဂသမာဓိ။ **နေမိမဏ္ဍိုးခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၀ |
| **နတ်မောက်** | နတ်မောက်ဘုန်းကျော်။ **အင်္ဂလိပ်–မြန်မာစစ်သမိုင်း၊** ရန်ကုန်မြို့၊ ကမ္ဘာလုံးစာပေ၊ ၁၉၇၅ |
| **နန်းစဉ်ပုစ္ဆာ** | ဦးသော်ဇင်။ **နန်းစဉ်ပုစ္ဆာ၊** ရန်ကုန်မြို့၊ စာပလွေတိုက်၊ ၁၉၇၀ |
| **နန်းသုံးယာဉ်** | ရှေးဟောင်းစာပေသုတေသီတဦး။ **နန်းသုံးယာဉ်ပရိဘောဂနှင့် ဝတ်စားဆင်ယဉ်မှု၊** အတွဲ ၁၊ အပိုင်း ၁၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ |
| **နယ်လှဲ့၊ဒု** | သန်းထွန်း။ **နယ်လှဲ့ရာဇဝင်၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ နံ့သာတိုက်၊ ၁၉၆၈ |
| **ပါရမီ** | ရှင်မဟာသီလဝံသ။ **ပါရမီတော်ခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၃ |
| **ပါဠိဘိချုပ်** | လယ်တီပဏ္ဍိတ။ **ပါဠိအဘိဓာန်ချုပ်၊** ရန်ကုန်မြို့၊ မဟာဝိဇ္ဇာပုံနှိပ်တိုက်၊ ခုနှစ်မပါ |
| **ပါဠိမြန်** | **တိပိဋကပါဠိမြန်မာအဘိဓာန်။** အတွဲ ၇၊ အတွဲ ၈၊ အတွဲ ၁၁၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၀၊ ၁၉၇၃၊ ၁၉၈၆ |

**ပါဠိသက်** ဦးထွန်းမြင့်။ **ပါဠိသက်ဝေါဟာရအဘိဓာန်**၊ ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၆၈

**ပိဋကတ်** ဦးစိုးမြင့်။ **ပိဋကတ်လမ်းညွှန်**၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၅

**ပုခန်းကြီး** ဦးဘသွယ်။ **ပုခန်းကြီးမြို့သမိုင်း**၊ ပုံနှစ်မြို့မပါ၊ ပုံနှိပ်တိုက်နှင့် ပုံနှိပ်ခုနှစ်မပါ

**ပေါ** ဦးသာမြတ်။ **ပေါရာဏစကားအဘိဓာန်**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁

**ပေါဒီပနီ** ဆရာသိန်းကြီး။ **ပေါရာဏဒီပနီ**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁

**ပေါဓာန်** ဦးဖိုးကျား။ **ပေါရာဏအဘိဓာန်**၊ ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၃၁၅

**ပေါနီ** မောင်းထောင်ဆရာတော်။ **ပေါရာဏကထာဒီပကနိသျ**၊ ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊ ၁၉၂၈

**ပေါရာဏ** ဦးတင့်ဆွေ။ **ပေါရာဏကထာအဘိဓာန်**၊ ရန်ကုန်မြို့၊ ဒေးလီဂေဇက်စာပေ၊ ၁၉၆၁

**ပက္ခဒိန်** အရှင်ဦးသောဘန။ **မြန်မာပြက္ခဒိန်အစီအရင်**၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၇၂

**ပတ္တမြား** ကံညွန့်ဦး။ **ကျောက်စိမ်း၊ ပတ္တမြားနှင့် ရတနာများ**၊ ရန်ကုန်မြို့၊ ဖွဲပုံနှိပ်တိုက်၊ ၁၉၇၇

**ပတ္တမြားစေတီ** ရွှေကိုင်းသား။ **ပတ္တမြားစေတီသမိုင်း**၊ မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၂

**ပုံပြဆေး** အရှင်နာဂသိန်။ **ပုံပြဆေးအဘိဓာန်**၊ ဒုတိယတွဲနှင့် တတိယတွဲ၊ ရန်ကုန်မြို့၊ ၁၉၇၂၊ ၁၉၇၁

**ပြည်မြန်** ဒေါက်တာကျော်သက်။ **ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း**၊ ရန်ကုန်မြို့၊ အင်းဝတိုက်၊ ၁၉၆၂

**ဖိုးမှတ်စု** ရတနာပုံဖိုးမှတ်စု။ **မန္တလေး**၊ မန္တလေးမြို့၊ ကြီးပွားရေးစာပုံနှိပ်တိုက်၊ ခုနှစ်မပါ

**ဖက်ပင်အိုင်** ဦးသုမန။ **ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး**၊ ပုံနှစ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ ၁၉၃၈

**ဗေဒလက်စွဲ** ဦးသက္က။ **ဗေဒလက်စွဲကျမ်း**၊ ဒုတိယတွဲ၊ ရန်ကုန်မြို့၊ တိုးစာပုံနှိပ်တိုက်၊ ၁၉၅၅

**ဗေဒဝိစ္စာ** ဦးနိကြောဓအေသျှင်။ **ဗေဒဝိစ္စာဥစောင်တွဲကျမ်း**၊ မိတ္ထီလာ၊ မိဘဂုဏ်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၇၃

**ဗုဒ္ဓယဉ်** နှစ်ဖက်လှ။ **ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာ၊ အဖြေနှစ်ထောင်**၊ ရန်ကုန်မြို့၊ ပန်တော်မူစာပေတိုက်၊ ၁၉၇၄

**ဘူရိဒတ်** ရှင်မဟာရဋ္ဌသာရ။ **ဘူရိဒတ်လင်္ကာကြီး**၊ ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၈

**ဘလ္လာ** ကွင်းသင်းမင်းကြီး၊ **ဘလ္လာတီယပျို့**၊ ရန်ကုန်မြို့၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁

**ဘလ္လာဖြေ** ဦးထွန်းညို။ **ဘလ္လာတီယပျို့** (အဖြေ)၊ မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ၁၉၅၂

**မဃဒေဝ** မန်လည်ဆရာတော်။ **မဃဒေဝလင်္ကာသစ်**၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၁

**မထီပုံ** **မထီရတနာပုံကျမ်း**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ခုနှစ်မပါ

**မနုကျယ်** **မနုကျယ်ဓမ္မသတ်**၊ ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၀၃

**မနုဝဏ္ဏ** **မနုဝဏ္ဏသတ္တဲခေါ်မနုဝဏ္ဏသတ်ကျမ်း**၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၃

**မနုသာရ** မနုသာရရွှေမျဉ်းဓမ္မသတ်၊ ပေမူ (လက်ရေး)၊ ၁၄၇၈၃၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန။

**မဟာမုနိ** **မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိကျောက်စာများ**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၉

**မုဒု** တွင်းသင်းမင်းကြီး ဦးထွန်းညို။ **မုဒုလက္ခဏာဟာပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

**မုဒြာ** ဦးစံထွန်းမှတ်ဝင်း။ **မြန်မာ့ရိုးရာပဒိုမာသိပ္ပံပညာ** (အာသနပလ္လင်တော်နှင့် ဝါဟနစီးတော်ယာဉ်များ)၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁

**မူလပဏ္ဏာသ** **မူလပဏ္ဏာသဋီကာ**၊ ပဌမအုပ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနသမိတိ၊ ၁၉၆၁

**မေးတော်ဖြေ** မောင်းထောင်ဆရာတော်။ **အမေးတော်ဖြေ**၊ မန္တလေးမြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်စာအုပ်ဆိုင်ကြီး၊ ၁၉၆၁

**မင်္ဂလာစေတီ** ရှင်မဟာသီလဝံသ။ **တန်တားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း**၊ ရန်ကုန်မြို့၊ စကြာဝဠာစာပုံနှိပ်တိုက်၊ ၁၉၅၉

**မင်းရဲဒိဗ္ဗ** ရှင်သံခို။ **မင်းရဲဒိဗ္ဗချေင်း**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၇

**မန္တလေး** ရွှေကိုင်းသား။ **နှစ်တစ်ရာပြည့်မန္တလေး**၊ မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၅၉

**မုံရွေး** ချောင်းဦးမောင်စန္ဒာ။ **မုံရွေးဆရာတော်**၊ ရန်ကုန်မြို့၊ ပညာဗိမာန်စာအုပ်တိုက်၊ ၁၉၇၉

**မြို့စောင့်** ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **မြို့စောင့်စုနှင့်စရိုးစဉ်တိုင်ကျော**၊ စာကူးစက်မူ၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

**မြန်ဖွင့်၊ပ** ဦးဖိုးလတ်။ **မြန်မာစကားအဖွင့်ကျမ်း**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂

**မြန်ဖွင့်၊ဒု** ဦးဖိုးလတ်။ **မြန်မာစကားအဖွင့်ကျမ်း**၊ ဒုတိယတွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၃

**မြန်ဖွင့်၊ဖြည့်** ဦးဖိုးလတ်။ **မြန်မာစကားအဖွင့်ကျမ်း**၊ ဖြည့်စွက်တွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၄

**မြန်စာညွှန်.** **မြန်မာစာညွှန်ပေါင်းကျမ်း**၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၁၊ ၁၉၅၃၊ ၁၉၉၂၊ ၁၉၉၃

**မြန်မာကပ်** နတ်မောက်ဘုန်းကျော်၊ **ရှေးခေတ်မြန်မာတပ်မတော်မှတ်စုများ**၊ ရန်ကုန်မြို့၊ ပြန်ကြားရေးဌာန၊ ၁၉၆၇

**မြန်မာမင်း** ဦးမောင်မောင်တင် (အမ်အေ)။ **မြန်မာမင်းလက်ထက်တော်စာတမ်းများ၊** ရန်ကုန်မြို့၊ စပယ်ဦးစာပေဖြန့်ချီရေး၊ ၁၉၈၂

**မြန်တန်** **မြန်မာအဘိဓာန်၊** ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့၊ ၁၉၉၁

**မြန်မာမှု** ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **မြန်မာမှုအနုပညာပန်းပဒေသာနှင့် အဆင်တန်ဆာများ၊** အတွဲ၄၊ အတွဲ၅၊ စာကူးစက်မှု၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

**မြန်မာလ** ဦးဖိုးလတ်။ **မြန်မာလအမည်များ၊** ရန်ကုန်မြို့၊ စကြာဝဠာစာပုံနှိပ်တိုက်၊ ၁၃၀၂

**မြန်မာဝေါဟာ၊က** ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **မြန်မာဝေါဟာရသုတေသနမှတ်စု (က)၊** ရန်ကုန်မြို့၊ စာပေဘဏ်၊ ၁၉၇၈

**မြန်မာဝေါဟာ၊ခ** ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **မြန်မာဝေါဟာရသုတေသနမှတ်စု (ခ)၊** ရန်ကုန်မြို့၊ စာပေဘဏ်၊ ၁၉၇၈

**မြန်အင်း** **မြန်မာ–အင်္ဂလိပ်အဘိဓာန်၊** ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့၊ ၁၉၉၃

**မှန်နန်း** **မှန်နန်းရာဇဝင်တော်ကြီး၊** ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၇

**ရခိုင်ညွန့်** **ရခိုင်ညွန့်ဖူး၊** ရန်ကုန်မြို့၊ ပညာဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၆၈

**ရခိုင်ရာသစ်** စန္ဒမာလာလင်္ကာရ။ **ရခိုင်ရာဇဝင်သစ်ကျမ်း၊** ပဌမအုပ်၊ မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၃၁

**ရခိုင်သု** အောင်လှသိန်း။ **ရခိုင်သုတအဘိဓာန်၊** ရန်ကုန်မြို့၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၉၉၇

**ရတနာဘဏ်** ဦးကျော်။ **ရတနာဘဏ်တိုက်၊** ရန်ကုန်မြို့၊ ဆုထူးပန်ပုံနှိပ်တိုက်၊ ခုနှစ်မပါ

**ရာဇမတ္တဲ** **ရာဇမတ္တဏ်ကျမ်း၊** ရန်ကုန်မြို့၊ ဦးဘဖျောင်း၊ အမြန်စာကူးဌာန၊ ခုနှစ်မပါ

**ရာဇဝင်သစ်၊တ** တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို။ **မဟာရာဇဝင်သစ်၊** တတိယတွဲ၊ ရန်ကုန်မြို့၊ မိဘမေတ္တာလူမှုရေးအဖွဲ့၊ ၁၉၉၇

**ရာဇသေဝက** မောင်းထောင်ဆရာတော်။ **ရာဇသေဝကဒီပနီကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၁

**ရာဇော** မုံရွေးဇေတဝန်ဆရာတော်၊ **ရာဇောဝါဒကျမ်း၊** မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၅

**ရာမ** ဦးတိုး။ **ရာမရကန်၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅

**ရီရီ** ဒေါက်တာရီရီ။ **သုတေသနအဘိဓာန်မှတ်စု၊** အမှတ်(၁)၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၇၄

**ရေစကြိုဖြတ်** **ရေစကြိုခုံတော်ဖြတ်ထုံး၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၂၇

**ရေသည်** ဦးပုည။ **ရေသည်ပြဇာတ်၊** ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၄၈

**ရည်စိန်၊ပျူခေတ်** ဦးရည်စိန်။ "ပျူခေတ်မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး"၊ **နိုင်ငံသမိုင်းသုတေသနစာစောင် ၄၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉

**ရည်စိန်၊ရှင်ဒိသာ** ဦးရည်စိန်၊ "ရှင်ဒိသာပါမောက္ခငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့"၊ **နိုင်ငံသမိုင်းသုတေသနစာစောင်အတွဲ ၁၊** ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၇

ရှေးကဗျာ — **ကဗျာသေတ္တာရှေးဟောင်းကဗျာညွန့်ပေါင်း**၊ ရန်ကုန်မြို့၊ သစ္စာဝါဒီသတင်းစာတိုက်၊ ၁၉၂၉

ရှေးဟောင်းပေ — ဦးမြတ်ကျော်။ **ရှေးဟောင်းပေစာပုရပိုက်စာ**၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၃

ရှေးဟောင်းမှတ် — ရှေးဟောင်းစာပေသုတေသီတစ်ဦး။ **ရှေးဟောင်းမှတ်စာအတွဲ (၄)**၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ စာပေဘဏ်၊ ခုနှစ်မပါ

ရွှေစာတိုင် — စစ်လျှင်ထောင်မှူးရှင်ထွေးညို၊ ရွှေစာတိုင်ဆင်တော်မော်ကွန်း၊ ပေမူ(လက်ရေး)၊ မ ၇၁၈၅၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

ရွှေနန်း — ရှေးဟောင်းစာပေသုတေသီတဦး၊ **နန်းမှုနန်းရာအဆင်တန်ဆာနှင့်သိမှတ်ဖွယ်ရာများ၊** အပိုင်း ၁၊ အပိုင်း ၂၊ အပိုင်း ၄၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

ရွှေနန်းသုံး — ဦးမောင်မောင်တင်။ **ရွှေနန်းသုံးဝေါဟာရအဘိဓာန်**၊ မန္တလေးမြို့၊ ခုနှစ်မပါ

ရွှေဘုံ — ဇေယျသင်္ခယာ။ **ရွှေဘုံနိဒါန်း**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

ရွှေမင်းဘုန်း — အတွင်းဝန်ထောက်မင်းမောင်ညို၊ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း၊ ပေမူ(လက်ရေး)၊ မ ၉၇၅၂၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

ရွှေမျဉ်း — ဝဏ္ဏဓမ္မကျော်ထင်။ မနုသာရရွှေမျဉ်းဓမ္မသတ်၊ ပေမူ (၁၄၇၈၃)၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

ရွှေမြန် — ရွှေပြည်ဦးဘတင်။ **မြန်မာစာပေလောက**၊ မန္တလေးမြို့၊ ကမ္ဘာ့ခေတ်စာပေတိုက်၊ ၁၉၆၇

ရွှေဝတီ — ရွှေပြည်ဦးဘတင်။ **မြဝတီစာပေဂီတ**၊ ရန်ကုန်မြို့၊ ပြည်ချစ်စာပေတိုက်၊ ခုနှစ်မပါ

ရွှေဟင်္သာ — ရှင်တေဇောသာရ။ **ရွှေဟင်္သာမင်းပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

လီနတ္ထ — မဟာဇေယျသင်္ခယာ။ **ဝေါဟာရလီနတ္ထဒီပနီ**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

လောက — ကန်တော်မင်းကျောင်းဆရာတော်။ **လောကသာရပျို့**၊ ရန်ကုန်မြို့၊ စကြာဝဠာပုံနှိပ်တိုက်၊ ၁၉၅၄

လောကထိပ် — Ba Shin, Lakahteikpan, Yangon, Yangon University Press, 1962

လောကီ — **လောကီမှတ်ပုံနည်းမျိုးစုံကျမ်း**၊ ရန်ကုန်မြို့၊ ပိဋကသာရစာအုပ်တိုက်၊ ၁၃၂၇

လက်ဝဲနော်ရထာ — **လက်ဝဲနော်ရထာလျှောက်ထုံး**၊ မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ခုနှစ်မပါ

လောင်းမင်းမိန့် — ဒေါ်ခင်ခင်စိန်၊ **အလောင်းမင်းတရားအမိန့်တော်များ**၊ ရန်ကုန်မြို့၊ သမိုင်းကော်မရှင်၊ ၁၉၆၄

လန်ဒန်သွား — **ကင်းဝန်မင်းကြီးလန်ဒန်သွားနေ့စဉ်မှတ်တမ်း**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၂၇

လွတ်လပ်ရေး — **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း**၊ အပိုင်း (၁)၊ ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၆

**လှေ** လင်းယုန်သစ်လွင်။ **လှေ**၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၁

**လှေသူကြီး** လူထုဦးလှ။ **ကျွန်တော်လှေသူကြီး**၊ မန္တလေးမြို့၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၇၂

**လွှတ်တော်မှတ်** တော်စိန်ခို။ **လွှတ်တော်မှတ်တမ်း**၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၇

**ဝိနည်း** **ဝိနည်းငယ်လေးစောင်ပါဋ္ဌိနိသျ** (ဦးဖုစ်မှု)၊ ရန်ကုန်မြို့၊ သိန်းထွန်းအော့ဖ်ဆက်၊ ၁၉၉၃

**ဝေါဟာရဏ္ဏ** ကျော်အောင်စံထားဆရာတော်၊ **ဝေါဟာရတ္ထပကာသနီ**၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၆

**ဝိပ္ပလ္လာ** **ဝေါဟာရဝိပ္ပလ္လာသလက္ခဏာဒီပကကျမ်း**၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ စာပေဘဏ်ဖြန့်ချိရေး၊ ခုနှစ်မပါ

**သမိုင်းဓာန်** မြန်မာသမိုင်းအဘိဓာန်၊ စာမူ

**သမိုင်း၄** **နိုင်ငံသမိုင်းသုတေသနစာစောင် (၄)**၊ ရန်ကုန်မြို့၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၉

**သမန္တစက္ခု** မုံရွေးဇေတဝန်ဆရာတော်၊ **သမန္တစက္ခုဒီပနီကျမ်း**၊ ပထမတွဲနှင့် ဒုတိယတွဲ၊ ဂန္ဓမာစာပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

**သာသနာ** မဟာဓမ္မသင်္ကြံ၊ **သာသနာလင်္ကာရစာတမ်း**၊ ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆

**သီချင်း** ဦးဖိုးလတ်။ **သီချင်းပဒေသာ**၊ ပဥ္စမအုပ်၊ ရန်ကုန်မြို့၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၇

**သီချင်း၊ဖြည့်** ဦးဖိုးလတ်။ **သီချင်းပဒေသာ**၊ ဖြည့်စွက်အုပ်၊ ရန်ကုန်မြို့၊ ပညာနန္ဒပုံနှိပ်တိုက်၊ ခုနှစ်မပါ

**သီလက္ခန္ဓ** **သီလက္ခန္ဓဝဂ္ဂဋီကာ**၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၄

**သုခမှတ်** ဒဂုန်ဦးထွန်းမြင့်။ **သုခမှတ်စု**၊ ရန်ကုန်မြို့၊ ဆန်းညွန့်ဦးပုံနှိပ်တိုက်၊ ၁၉၇၁

**သုတသောမ** မဟာမင်းလှမင်းခေါင်။ **မဟာသုတသောမပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၁

**သုတေသန** အသျှင်ဩဘာသာဘိဝံသ။ **သုတေသနသရုပ်ပြအဘိဓာန်**၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၅

**သုမြားပစ်** ရှင်အဂ္ဂသမာဓိ။ **သုဝဏ္ဏသျှံမြားပစ်ခန်းပျို့**၊ ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်နှင့် ခုနှစ်မပါ

**သုသူဌေး** **သုဝဏ္ဏသျှံသူဌေးဇာတ်ပျို့**၊ ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ ပုံနှိပ်နှစ်မပါ

**သုသော၊ပ** ဦးဘိ၊ ဆရာသိန်း၊ ဦးဘကျော်၊ ဆရာအို၊ **သုသောဓိတမဟာရာဇဝင်ကြီး**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ၁၉၂၂

**သူဇာ** ဝန်ကြီးပဒေသရာဇာ၊ **သူဇာပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁

**သေနင်္ဂ** လက်ဝဲသုန္ဒရ။ **သေနင်္ဂဗျူဟာစစ်သမိုင်းနှင့်ဗျူဟာစက္ကြီပျို့**၊ ရန်ကုန်မြို့၊ ပညာရေးဌာန(စစ်ရုံး)၊ ၁၉၄၃

**သေဝက** မောင်းထောင်ဆရာတော်။ **ရာဇသေဝကဒီပနီကျမ်း**၊ ရန်ကုန်မြို့၊ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၁

သက်ပန်း — **သက်ပန်းဆယ်စောင်တွဲ**၊ ပရိတ်ကြီးအာရာနာဒိုယသုတ်၊ ရန်ကုန်မြို့ ရွှေဟင်္သာပုံနှိပ်တိုက်၊ ၁၉၈၅

သုံးဆယ့်ခြောက် — **သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုစခန်းစမ္မသတ်ကျမ်းကြီး**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၈၉၈

ဟံသာ ၃၂ — ဟံသာဝတီ ၃၂မြို့ခန့်ထားသော စာရင်း။ ပုဂ်ဝန်ထောက် ဦးတင် ပေစာ၊ အမျိုးသားစာကြည့်တိုက် ပေအမှတ် ၈၂

အက — ပန်တျာမြင့်အောင်။ **မြန်မာအကသမိုင်း**၊ ရန်ကုန်မြို့၊ နှလုံးလှစာပေ၊ ၁၉၆၉

အပရန္တ — ဦးအောင်ပန်း။ **အပရန္တသုနာပရန္တပါရမွှရိယဝါစကစာတမ်း**၊ ရန်ကုန်မြို့၊ မောင်ပုဘရားသားပုံနှိပ်တိုက်၊ ၁၉၃၀

အဘိဓာ — ဒုတိယနန်းဦးဆရာတော်၊ **အဘိဓာနဋ္ဌကထာပုဒ်ကျမ်း**၊ မန္တလေးမြို့၊ မန္တလေးတိုင်းသတင်းစာပုံနှိပ်တိုက်၊ ၁၈၉၆

အဘိဓာန်ကျဉ်း — **မြန်မာအဘိဓာန်အကျဉ်းချုပ်**၊ အတွဲ၁၊ ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့၊ ၁၉၇၈

အဘိဓမ္မတ္ထ — **အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိနိဿယ**၊ ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၀

အာသန — ဦးစဝ်ထွန်းမှတ်ဝင်း။ **မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ** (အာသနပလ္လင်နှင့်ဝါဟနစီးတော်ယာဉ်များ)၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၀

အာသံနိုင် — နဝဒေး။ **အာသံနိုင်မော်ကွန်း**၊ ရန်ကုန်မြို့၊ တိုင်းကျော်စာပုံနှိပ်တိုက်၊ ခုနှစ်မပါ

အိန္နောင် — မြဝတီမင်းကြီးဦးစ။ **အိန္နောင်နန်းတွင်းစာတော်ကြီး**၊ ပထမတွဲ၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅

ဦးပုည — ဦးလှသောဝင်း။ **ဦးပုညမေတ္တာစာဂရုဏ်ကျမ်း**၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ် ပုံနှိပ်တိုက်၊ ၁၉၃၃

ဦးဖိုးကျား — ဦးဖိုးကျား။ **၃၇မင်း**၊ ရန်ကုန်မြို့၊ သီဟပုံနှိပ်တိုက်၊ ၁၉၇၃

ဦးဟုတ် — ဦးဟုတ်စိန်။ **ပါဠိ–မြန်မာအဘိဓာန်**၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ၁၉၅၄။

အင်ရုံ — သီရိဥဇနာ။ **လောကဗျူဟာကျမ်း** (အင်ရုံစာတမ်း)၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၈

အုန်း၊အဘိဓာန် — ဦးအုန်းရွှေအဘိဓာန်၊ စာမူ၊ ပုံမနှိပ်ရသေး

အုပ်ချုပ် — ဦးတင်။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး**၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ရန်ကုန်မြို့၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၃၊ ၁၉၆၅၊ ၁၉၇၀၊ ၁၉၇၆၊ ၁၉၈၃

ဥမ္မာ — ဦးရွှန်း။ **ဥမ္မာဒန္တီပျို့အဖြေ**၊ ရန်ကုန်မြို့၊ လောကပါလပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၃၅

| | |
|---|---|
| *Chamber* | *Chamber's Twentieth Century Dictionary*, London, W & R Chambers Ltd, 1955 |
| *Chiang Mai* | Guy Lubeigt, *Traditional and recent aspects of the urban development of Chiang Mai,* Deakin University Press, 1994. |
| *E & B* | D.G.E. Hall, *Europe and Burma(Myanmar),* London, Oxford University Press, 1945 |
| *GUBSS,* | Scott, J. George and Hardiman, J. P., *Gazetteer of Upper Burma (Myanmar) and the Shan State,* pt. 1-2, Rangoon (Yangon), Government Printing, 1900-1901 |
| *Hobson* | Henry Yule, *Hobson - Jobson,* Delhi, Munshiram Manohalal, 1968 |
| *India* | A.L. Basham, *The Wonder that was India,* London, William Clowes and Sons, 1954 |
| *JBRS* | *Journal of Burma (Myanmar) Research Society* |
| *Pagan* | Pierre Pichard, *Inventory of Monuments at Pagan,* Vol. one, Paris, UNESCO, 1992 |
| ROB | Dr. Than Tun, *The Royal Order of Burma (Myanmar),* AD 1598-1885, pt. 1 to 10, Kyoto, the Center for Southeast Asian Studies, 1983-90 |
| SEA | D.G.E. Hall, *A History of South East Asia,* London, Macmillan & Co. Ltd, 1955 |
| Yule | Henry Yule, *A Narrative of the Mission to the Court of Ava in 1855,* London, 1968 |

## ဘာသာရပ်အတိုမှတ်စာရင်း

| | |
|---|---|
| ကျောက် | ကျောက်စာပါအရေးအသား |
| တရုတ် | တရုတ်ဘာသာစကား၊ တရုတ်အမည် |
| နက္ခတ် | နက္ခတ္တဗေဒဆိုင်ရာအသုံးအနှုန်း |
| ပါ | ပါဠိ |
| ဗေဒင် | ဗေဒင်ဆိုင်ရာအသုံးအနှုန်း |
| မွန် | မွန်ဘာသာစကား |
| ရခိုင် | ရှေးရခိုင်ဝေါဟာရ |
| သဘင် | ဇာတ်သဘင်ဆိုင်ရာဝေါဟာရ |
| သက်(သင်) | သင်္ချာ (သင်္ကရိုက်) |
| ဟိန္ဒီ | ဟိန္ဒီဘာသာစကား |
| အီတလီ | အီတလီဘာသာစကား၊ အီတလီအမည် |
| အင်္ဂလိပ် | အင်္ဂလိပ်ဘာသာစကား၊ အင်္ဂလိပ်အမည် |

# က

**က**-(၁) ဆင်၊မြင်းတို့တွင် လူထိုင်ရန် ပြုလုပ်ထားသော တန်ဆာ။ ကကြိုးတန်ဆာတပ်ဆင်သည်။ လှည်း၊ ရထားတို့တွင် မြင်း၊ နွား တပ်ဆင် ယှဉ်တွဲသည်။ (၂)ခေါင်း၊ ခါး၊ ခြေ၊ လက်တို့ကို ရှုချင်စဖွယ် ကောင်းအောင် လှုပ်ရှားပြသည်။ [**တက္ကသိုလ်**၊ ၁၊စာ ၁နှင့် မြန်အင်း၊ စာ ၁]

**ကခြေသည်** - ကခြင်းဖြင့် အသက်မွေးသူ [**မြန်မှုင်**၊ ပ၊ စာ ၃၇-၈]

**ကစီကရင်** - ကစဉ့်ကရဲ၊ ဖရိုဖရဲ [**တက္ကသိုလ်**၊ ၁၊ စာ၂]

**ကစီးကနင်း** - အနိုင်အထက် [**တက္ကသိုလ်**၊ ၁၊ စာ ၂]

**ကစဲကရဲ** -ဖရိုဖရဲ၊ မညီမညွတ် [**မြန်ဓါဟာ**၊ က၊ စာ ၁]

**ကညစ်** *(မွန် - ကဏောဘ်)* - ပေရွက်၊ ထန်းရွက်တွင် စာရေးရသော သံချွန် [**တက္ကသိုလ်**၊ ၁၊ စာ ၃]

**ကဋကဟတ္ထ***(ပါ)* - လက်ချောင်းကလေးများ၏ ထိပ်ဖျားနှင့် လက်မကိုထိကာ စက်ကွင်းကဲ့သို့ဝိုင်း၍ ပြထားသော လက်ဟန်အမူအရာ (ဒါနပါရမီကို ညွှန်ပြသော သဘောရှိ၍ စီးပွားရေး တိုးတက် အောင်မြင်လိုသော သူတို့သည် ဤ ဟန်ပန် ရုပ်တု မျိုးကို ကိုးကွယ် ကြသည်ဟု ဆို၏။) [**မုဒြာများ**၊ စာ ၄၁]



ကဋကဟတ္ထ

**ကဋိဟတ္ထ** *(ပါ)* - လက်တစ်ဖက်က ခါးကိုထောက်ထားပြီး လက်တစ်ဖက်ကို ဘေးတွင်ဆန့်၍ချထားသည့် ဟန် (မကြောက်မရွံ့သော သဘောရှိ၍ သတ္တိဗျတ္တိနှင့် ပြည့်စုံလိုသောသူ၊လောကဓံကိုကြံ့ကြံ့ခံနိုင်ရည်ရှိလိုသော သူတို့သည် ဤ ဟန်ပန် ရုပ်တု မျိုးကို ကိုးကွယ် ကြသည် ဟု ဆို၏။) [**မုဒြာများ**၊ စာ ၄၂]



ကဋိဟတ္ထ

**ကဍ္ဍ** - လက်လေးဆုပ် သို့မဟုတ် ယခုခေတ် နို့ဆီဘူး တစ်ဝက်ရှိ အခြင်အတွယ်(လေးဆုပ်-တစ်ကဍ္ဍ၊ လေးကဍ္ဍ-တစ်ကွမ်းစား-တစ်စလယ်၊ လေးကွမ်းစား-တစ်ပြည်၊ လေးပြည်-တစ်စိတ်၊ လေးစိတ်-တစ်တင်း၊ လေးတင်း- တစ်တို့၊တို့နှစ်ဆယ်- တစ်လှည်း-တစ်ဝါဟ) [**မေးတော်ဖြေ**၊ စာ ၃၀၄]

**ကဏ္ဍဒီပိက** *(ပါ)* - ကျားသစ်အမည်း [**ဦးဟုတ်**၊ စာ၂၈၃၊ ၄၇၄]

**ကတီ***(ဟိန္ဒီ၊ ဂုဒ္ဒီ)* - လဲမှို့သွတ်၍ ချုပ်လုပ်ထားသောမွေ့ရာ၊ ဖုံ [**တက္ကသိုလ်**၊ ၁၊ စာ ၄]

**ကတူး** *(ကန္တူ)* - [*ကျောက်* - ကန်တူ၊ ကန္တူ] တရုတ် မှတ်တမ်းများတွင် 達都 ဟုဖော်ပြ၍ ယခုပင်လယ်ဘူး နှင့် ဗန်းမော်မြို့နယ်တို့တွင် နေထိုင်ကြသော ကတူး လူမျိုး [**ကတူးကနန်း**၊ စာ ၂၂-၅ နှင့် **တကောင်းကန္တူ** စာ ၂၉]


**ကတော်စာရေး** - ကတော်မယားတို့နှင့် စပ်လျဉ်းသော ကိစ္စ အဝဝကို နှီးဆော် စီရင် ရေးမှတ်ရသော စာရေး [**ရွှေနန်းသုံး**၊ စာ ၆၉]

**ကတ်** - အောက်မှ အထက်သို့ (ကျားမော့ သဏ္ဌာန်) ထောက်ကန် ထားသော ပန်းထောက် [**ရွှေဘို**၊ စာ ၄]

**ကတိုး** - ဒရယ်တစ်မျိုးမှ ရရှိသည့် နံ့သာအိတ် [**တက္ကသိုလ်**၊ ၁၊ စာ ၄]

**ကတောင်** — မြင်းက၏ အောက်ပိုင်း တစ်ဖက်တစ်ချက်တွင် တွဲလျားချထားသော ချပ်ပြား [**တတ္တသိုလ်၊** ၁၊ စာ ၅]

**ကတောင်ရွှေရေးစာမရိရုပ်ပန်းခက်ကိုက်** *(န)* – ရွှေရောင်ရေးခြယ်ထားသည့် ပန်းခက်ကိုက်ဟန်စာမရိရုပ်ပါသော မြင်း၏ကတောင်



**ကတောင်ရွှေရေးစာမရိရုပ်ပန်းခက်ကိုက်**

**ကတုတ်** – ရန်သူကို ခုခံရန်နှင့် ရန်သူ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် ပြုလုပ်ထားသော အကာအကွယ် [**မြန်တန်၊** စာ ၂]

**ကတမ်းကယမ်း** – တမ်းမိတမ်းရာ ယောင်ယမ်းသည်။ [**ဗိုလ္လာ၊** စာ ၁၂၄]

**ကတိမ်းကပါး** – (၁) ချွတ်ချော်မှားယွင်းခြင်း၊ တိမ်းပါးခြင်း၊ (၂) အရေးနိမ့်ခြင်း၊ (၃) တမလွန်ဘဝသို့ရောက်ခြင်း (ကွယ်လွန်ခြင်း)[**ကုန်းဘောင်၊** ပ၊စာ၂၈၈နှင့်**ဗိုလ္လာ၊** စာ၁၄]

**ကတွတ်** – ရေဝင်ရန် ထွက်ရန် အပေါက် [**နေမိဘုံ၊** စာ ၁၅၀ နှင့် **ဗိုလ္လာ၊** စာ ၁၃၂]

**ကထာ***(ပါ)* –စကား၊ စကားဆိုခြင်း [**ဦးဟုတ်၊** စာ၂၈၇]

**ကနားဖျင်း** – အမိုးပြန့်ယာယီတဲ [**မြန်တန်၊** စာ ၃]

**ကနကမယနာဂိန္ဒရာစာ** – (၁) မြင်းမိုရ်ရွှေတောင်ကို ပတ်လျက်ရှိသောနဂါးမင်း [**ဦးဟုတ်၊** စာ ၂၈၉၊ ၅၁၃၊ ၈၁၂] (၂) မြင်းမိုရ်ရွှေတောင် [**ဦးပုည၊** စာ ၅၃ အောက်]

**ကနုတ်** – ကိုယ်လက် သန့်စင်သောအခါတွင် အသုံးပြုသော တုတ်တံ [**ဗိုလ္လာ၊** စာ ၂၂၇]

**ကနက္ကဒဏ်** *(ပါ–ကနက+ဒဏ္ဍ)* –မင်းခမ်းတော်အပါအဝင်ဖြစ်သော ရွှေရိုးတပ် ထီးဖြူတော် [**မြန်တန်၊** စာ ၃နှင့် **ရွှေဘုံ၊** စာ၂၀] [နိုင်ငံခြားသံတမန်တို့ရောက်သောအခါ ဆောင်းသောထီး [**ရခိုင်ရာသစ်၊** ပ၊ စာ ၉၃]

**ကနုတ်***(ပါ–ကာကနဒ)* – ကြာနီပန်းကို မူတည်၍ဖြစ်ပေါ်လာသောပန်းနွယ်ပန်းခွေပန်းညွှန့်ပန်းခက်များကို အခွေအလိပ် ရေးဆွဲထားသောပုံ [**မြန်မှုင်၊** ဖြည်၊ စာ ၃၈–၉]



**ကနုတ်ပန်း**

**ကနန်း** – ကသာခရိုင် ပင်လယ်ဘူး ဒေသတွင် နေထိုင်၍ ညင်သာသောစကားကိုသာပြောလေ့ရှိသော ကနန်းလူမျိုး [ကနန်းလူမျိုးသုံးမျိုးရှိသည်။(၁) ထုးရင် (၂) အမားသင်း (၃) အပွားသင်းတို့ဖြစ်သည်။](ကန္တားနှင့်တူသော အိမ်ဝိုင်းကျယ်ကြီးများတွင် နေထိုင်ကြသူများဖြစ်၍ ကန္တားဟု ခေါ်ရာမှ ကနန်း ဟူ၍ ရွေ့လျော ခေါ်တွင်လာခြင်း ဖြစ်သည်ဟု ဆိုသည်။ ကနန်းတို့က မိမိတို့ကိုယ်ကို ပျူလူမျိုးမှ ဆင်းသက်လာသူများဖြစ်သည်ဟု ယူဆကြသည်။) [**ကတူးကနန်း၊** စာ ၃၊ ၂၈–၃၀]

**ကမကော်လှေ** – လှော်ကားလှေပုံ ဦးပဲ့လုပ်သောလှေ ဖြစ်သည်။ မွန်ဘာသာ ကလမ်ကော်ဟု ခေါ်ရာမှ ကမကော် ဟူ၍ ဖြစ်လာသည်။ ရှူးပျံနားသော အကိုင်းဖြင့် စီရင်သောလှေဟု အဓိပ္ပါယ်ရသည်။ [**ရွှေဘုံ၊** စာ ၆၅နှင့် **နန်းမှု၊** စာ ၅]

**ကမောင်း** *(မွန်၊ ကွံင်)* – ဆင်နှာမောင်းသဏ္ဍာန်အထက်သို့ ကွေးညွတ်၍တက်သွားသောဒယင် [**မြန်မှုင်၊** ပ၊ စာ ၂၉၈]

**ကမန်** – အစ္စလမ် ဘာသာဝင် လေးကိုင်သူရဲ [**ညေသစ်၊** စာ ၁၄၅၊ ၂၀၈](မင်းစောမွန်လက်ထက်မှစ၍ လေးသည်တော်များအဖြစ် အမှုထမ်းခဲ့ကြပြီး ယခုအခါ ရခိုင်စကားနှင့် အမည်ကို ခံယူသုံးစွဲနေကြသူများ ဖြစ်သည်။ [**ရခိုင်သု၊** စာ ၁၁]

**ကမန်ပိုက်** – ယခုထိုင်းနိုင်ငံ Kamphaeng Phet မြို့ [**ရာဇဝင်သစ်၊** တ၊ စာ ၄၉ အောက်]

**ကမယ်** *(မွန်–ကဲ)* – မှဆိုးမ [**ဓလေ့ယောင်း၊** စာ ၁၈၇၊ ၁၉၃]

**ကယုကယင်** – ပြပြုပြင်ပြင် [**ဗိုလ္လာ၊** စာ ၂၇၅]

**ကယော်ကမည်** – အဟုတ်အမှန်မဟုတ် [**ဗိုလ္လာ၊** စာ ၁၅]

**ကယပ်** – ပုဆိုး၊ အဝတ်အထည် [**ရွှေဘုံ၊** စာ ၂၆]

**ကရကင့်ရာသီ** – ပုစွန်တို့ နှစ်သက်သော ရာသီ။ ဝါဆိုလ။ ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ်ဇွန်လ (၂၂) ရက်နေ့ ခန့်မှ ဇူလိုင်လ (၂၂)ရက်နေ့ ခန့်ထိ ဖြစ်သော ကာလ [**လီနတ္ထ၊** စာ ၆၂–၅]

**ကရကတ်** – အိန္ဒိယနိုင်ငံ ကလိကတ် (Calicut) မြို့တွင် ရက်လုပ်သောအထည်။ [**မြန်ဓာဝါဟာ၊** စာ ၆]

**ကရဏမုဒြာ** – လက်သန်းနှင့် လက်ညှိုးတို့ကို ထောင်လျက် လက်သူကြွယ်နှင့် လက်ခလယ်တို့ကို လက်မဖြင့် ဖိနှိပ်၍ ပြထားသောဟန် (မက်မော စွဲလန်းစေသော သဘောရှိ၍ မိမိအားစွဲလန်းတပ်မက် စေလိုသောသူ၊ ရန်သူကို နာမ်နှိမ်ထားလိုသော သူတို့သည် ကရဏမုဒြာဟန် ရုပ်တုကို ကိုးကွယ်ကြသည် ဟုဆိုဏ်။) [**မုဒြာများ၊** စာ ၄၂-၃]



ကရဏမုဒြာ

**ကရန်မတ်ဗြင်** – ဗိုလ်မှူးချုပ် မက်ဘင်း (Brigadier General Mc Bean)

**ကရန်အစ်သမြစ်** – ကာနယ်စမစ်(Lieutenant Colonel D.C Smith)

**ကရနက်** – *(အင်္ဂလိပ် Carronade)* – ဗြိတိန်နိုင်ငံ Stirlingshire နယ်တွင် စတင် သွန်းလုပ်သော အလျားတို၍ ပြောင်း၀ ကျယ်သည့် အမြောက် [**Chamber, p. 161**]

**ကရဲကစဲ** – ဖရိုဖရဲ၊ ကစဉ့်ကရဲ [**တဏ္ဍသိုလ်၊** ၁၊ စာ ၉]

**ကရဲကသီ** – ဖရိုဖရဲ ပြိုကွဲ၍ ကသီလင်တ ဖြစ်ခြင်း [**စံထားဓာါ၊** စာ ၄၆၉]


**ကရောကပါး** – အစီအစဉ် ကျနမှု မရှိဘဲ။ ကြည့်ရှုစီစဉ် ပေးသူ မရှိဘဲ [**မဏိပုံ၊** စာ ၁၅] တစ်ကွဲတစ်ပြား ပြိုကွဲခြင်း [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၃၄၅]

**ကရောင်းအက** – ဘီလူးကဟန် [**အောင်**]

**ကရိဏ** *(ပါ–ဓမ္မကရဏ)* – ရေစစ် [**ဦးဟုတ်၊** စာ ၄၉၅]

**ကရုတ်** – နိုင်ငံခြားဖြစ် ပိတ်ချော [**ဦးကုလား၊** ပ၊ စာ ၂၇၃ အောက်]

**ကလသာအိုး** – ၀မ်းဗိုက်ပူနေသော အိုးသဏ္ဌာန် ဗိသုကာ အဆင်အပြင်၊ ကြာသွတ်အိုး သဏ္ဌာန် [**ဓာတ်ယောင်း၊** စာ ၂၄၁]



ကလသာအိုး

ပုဂံ လေးမျက်နှာဘုရား စကြံဘေးပြုတ်မြင်ပုံ ကလသာအိုး


**ကလဟာဝိဝါဒ** (ပါ) အငြင်းအခုံ [**ဦးဟုတ်၊** ၃၀၀၊ ၉၀၃]

**ကလာသီ** *(အရဗီ၊ ခလာစီ)* – သင်္ဘောသား [**မြန်တန်၊** စာ ၄၆]

**ကလူ** (၁) နှိပ်စက်သည်။ ညှင်းဆဲသည်။ (၁) ကစားသည်။ ကြည်စယ်သည်။ [**ယုဒသန်၊** စာ ၁၈၂]

**ကလောင်လူမျိုး** – ဇင်းမယ်ဝန်းကျင်တွင် နေထိုင်သော ရှမ်းအနွယ်ဝင်လူမျိုး။ "ဇင်းမယ် ကလောင်လူမျိုးတို့ နှောင့်ရှက်၍ အကျော်လင်းဇင်းသို့ ထွက်သွားရှိသည်" [**ကုန်းဘောင်၊** ၀၊ စာ ၇၇]

**ကလိုင်** – ထန်းလက်များအကြား ထိုးသွင်း၍ ထိုင်ရန် ပြုလုပ်ထားသော တုတ်ချောင်း [**တဏ္ဍသိုလ်၊** ၁၊ စာ ၁၂]



ကလိုင်

**ကလန်** – ရွာသူကြီး [**အုပ်ချုပ်၊** ပ၊ စာ ၁၈၉-၉၀]

**ကလိန်ကလက်** – ယိမ်းယိုင်သည်။ မတည်မငြိမ်ဖြစ်သည်။ [**ယုဒသန်၊** စာ ၁၈၁]

**ကလမ္ဗု** – သီရိလင်္ကာနိုင်ငံ ကိုလံဘို (Colombo) မြို့တော် [**သာသနာ၊** စာ ၆၆]

**ကလယ်** – အိန္ဒိယ တောင်ပိုင်း ကေရာလနယ်သား [**မြန်တန်၊** စာ ၆]

**ကလျာဏအနု** (ပါ–ကလျာဏ+အနု) – (၁) ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ (၂) အသိပညာနုံနှေးသော ပုဂ္ဂိုလ် [**ဦးဟုတ်၊** စာ ၃၀၁]

**ကလ္လည်ခယ်ရစ်စေသတော** (ကျောက်) – အလုပ်အကြွေးပြု ရစ်စေသတည်း။

**ကဝိ** (ပါ) – ပညာရှိ [**အဘိဓာ၊** စာ ၅၃]

**ကဝိုင်** – ကရွတ်၊ အိုးအောက်ခံ အခွေ [**တက္ကသိုလ်၊** ၁၊ စာ ၁၄]

**ကသာ** (ဆင်) – ကတင်၍ စီနင်းရာတွင် သက်သက် သာသာ ရှိသော ဆင် [**ဦးကုလား၊** ပ၊ စာ ၁၂၆ အောက်]

**ကသောင်းမြောင်တိုက်** – မင်းပိုင်ဆိုင်သော လယ်ယာဥယျာဉ် များမှ ကောက်ခံရရှိသော အခွန်တော်များ ထားသိုရာ ဌာနမဟုတ်ဘဲ၊ နိုင်ငံမှုဆိုင်ရာ အလုပ်အဆောင်များနှင့် အမှုကိစ္စများတွင် သုံးစွဲရန် အတွက် ကောက်ခံသော ရွှေခွန်ငွေခွန်သစ္စေးခွန်များ၊ ဆိပ် တည် ပွဲ ကင်း ကူးတို့ ခွန်များ၊ ကျောင်းဘုရား ဝတ်မိုး ဝတ်မြေတို့မှ ကောက်ခံရရှိသော အခွန်တော်များနှင့် အခြားနိုင်ငံမှု ဆိုင်ရာ အခွန်တော်များ ထားသိုရာဌာန [**အုပ်ချုပ်၊** ဒု၊ စာ ၅၀။ **အုပ်ချုပ်၊** တ၊ စာ ၅၀–၂။ **မန္တလေး၊** စာ ၁၃၇]


**ကသည်မှုန့်** (ကသယ်မှုန့်) – (၁)မွှေးကြိုင်သင်းပျံ့သော မျက်နှာချေမှုန့် (၂)ကိုယ်လက်သန့်စင်အောင် လိမ်းသပ် ရသော အမှုန့် [**ယုဒသန်၊** စာ ၁၈၃ နှင့် **ဖေါစာန်၊** စာ ၂] "မိန်းမပျိုသည် လှပ တင့်တယ်သော ဝတ်စား တန်ဆာကို ဝတ်ဆင်လျက်၊ နံ့သာမှုန့် ကသယ်မှုန့် စသည်ကို လိမ်းကျံ၍ သွားလာ၏" [**ကဝိသေနင်္ဂ၊** စာ ၆၇]

**ကသည်းမြင်း** – အလောင်းမင်းတရား (၁၇၅၂–၁၇၆၀) လက်ထက် ၁၇၅၈ ခုနှစ်တွင် ကသည်းပြည်မှ ခေါ်ဆောင်လာသော မြင်းသည်တော်များ အနက် လူ၂၀၀၀ ရွေး၍ ဖွဲ့စည်းသော မြင်းတပ် [**ရွှေနန်းသုံး၊** စာ ၂၀၂]


**ကသည်းသုံးစို့** – (၁) မိုးကုတ်တစ်စို့ (၂) ကျပ်ပြင်တစ်စို့ (၃)ကသည်းတစ်စို့ [**လွှတ်တော်မှတ်၊** စာ ၂၅၈–၉]

**ကသိုဏ်းပရိက်** (ပါ– ကသိဏပရိကမ္မ)– တရားအားထုတ် သော ပုဂ္ဂိုလ်များ သမာဓိရရန်အတွက် ရှေးဦးစွာဖူးစိုက် ကြည့်ရှုပွားများခြင်း [**ဦးဟုတ်၊** စာ ၃၀၃]

**ကာ** – ရန်သူ၏ လက်နက် မထိခိုက်နိုင်အောင် ကာကွယ် သော လေးထောင့်ပုံအကာအကွယ် လက်နက်ကိရိယာ (ကာမှာ အလျား တစ်တောင့်ထွာခန့်၊ အနံတစ်တောင် ခန့်ရှိ၍ သားရေကို ခုံးခုံးလုပ်ကာ သစ္စေး သရိုးကိုင် ပြီးလျှင် ဟင်္သပြဒါးအနီနှစ်စု ရွှေတစ်စု ခြယ်လှယ် ထားလေ့ရှိသည်။) [**ရာဇဝင်သစ်၊** စာ ၁၇၄]




**ကာဆွဲပေါက်** – မြို့ရိုးထိပ် အပြင်ဘက် အနားစပ် တစ် လျှောက်တွင် ပြုလုပ်ထားသည့် သူရဲခိုခေါ် အုတ်စိန် တောင်များ၏ အလယ်တွင် ကြက်ခြေခတ်သဏ္ဌာန် ဖောက်ထားသော အပေါက် [**ရွှေဘို၊** စာ ၈၉]




**ကာတွေလ်** (ယွန်း:ကြိး) – ကောင်ဒန်လံ (Cao-Dahn Lan) [**ROB, VIII**, p. 386]

**ကာနိရ** (ပါ) – လင်မရှိဘဲ မွေးသော သားသမီး [**မနုကျယ်၊** စာ ၃၁၁]

**ကာမရူပ** – ရှေးဟောင်းအာသံနယ် (ဘင်္ဂလားဒက်ရှ်နိုင်ငံ မြို့တော်ဒက္ကား၏ အရှေ့မြောက် အနီးတွင် ရှိသော ဒေသကို ကာမရူပတိုင်းဟု ရှေးက ခေါ်ခဲ့သည်။) [**ရည်စိန်၊** ပျူခေတ်၊ စာ ၂၈]

**ကာမိုဒိုလ်ဘာ** (အင်္ဂလိပ်) –ကိုမိုဒိုလမ်းဘတ်(Commodore Lambert) [**ကုန်းဘောင်၊** တ၊ စာ ၃၀၉]

**ကာယဂတာသတိ** *(ပါ)* – ဆံပင် အစရှိသော ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့ကို သတိဖြင့် ရှုမြင်ခြင်း [**ဦးဟုတ်၊** စာ ၁၀၉]

**ကာယပယောဂ** *(ပါ)* – ကိုယ်ဖြင့် လုံ့လပြုခြင်း [**ဦးဟုတ်၊** စာ ၁၀၈၊ ၆၁၂]

**ကာယဝိညတ်***(ပါ–ကာယ+ဝိညတ္တိ)* – ကိုယ်ကြောင့်– ဖြစ်သောရုပ် [**ညွှန့်**]

**ကာယသံသဂ္ဂ** *(ပါ–ကာယ+သံသဂ္ဂ)* – ကိုယ်ဖြင့်နှီးနှော ခြင်း၊ ကိုယ်ဖြင့်ပေါင်းသင်းဆက်ဆံခြင်း၊ မေထုန်ပြုခြင်း [**ဦးဟုတ်၊** စာ ၁၁၀]

**ကာရကသင်္ဃာ** *(ပါ)*– ရဟန်းခံရာတွင် သိမ်အတွင်း ပါဝင် ရွက်ဆောင်သောသံဃာ [**ဦးဟုတ်၊** စာ ၁၁၁]

**ကာရဏာနုမာန** *(ပါ)* – အကြောင်းကို မြင်၍ ဖြစ်ပေါ်မည့် အကျိုးဆက်ကို သိခြင်း [**ဦးဟုတ်၊** စာ ၇၁၊ ၁၁၁]

**ကာရန်ရစ္စင်ဘင်သင်** *(အင်္ဂလိပ်)* – ကာနယ်ရစ်ချတ် ဘင်ဆင် (Col. Richard Benson) [**ကုန်းဘောင်၊** တ၊ စာ ၉၅]

**ကာရနယ်လဆော်ရနီ** *(အင်္ဂလိပ်)*– ကာနယ်ဟင်နရီဘာနေ (Col. Henry Burney) [**ကုန်းဘောင်၊** တ၊ စာ ၉၅]

**ကာရနယ်လအာရဘာတ်ဖိုက်** *(အင်္ဂလိပ်)* –ကာနယ်အယ်လ် ဘတ်ဖိုက် (Col. Albert Fytche)

**ကာလကဥ္စ** *(ပါ–ကာလကဥ္စ)* –အသူရကာယ်ငရဲ [**ဦးဟုတ်၊** စာ ၁၁၃]

**ကာလကဏ္ဍိ** *(ပါ)* – ယုတ်ညံ့သော၊ အကြောင်းမကောင်း သော [**ဦးဟုတ်၊** စာ ၁၁၃]

**ကာလနှစ်ပါး**–(၁) သမ္ပတ္တိကာလ– စစ်မက်မရှိ တည်ငြိမ် ပြည့်စုံငြိမ်းချမ်းသောကာလ (၂)ဝိပတ္တိကာလ– စစ်မက် ဖြစ်ပွားဖောက်ပြန်ချို့ယွင်းနေသောကာလ [**ကုန်းဘောင်၊** ၃၊ စာ ၄၁၀ နှင့် **ဗုဒ္ဓလက်စွဲ၊** စာ ၈၅]

**ကာလလေးပါး** (၁) ကတယုဂ်–နှစ်ပေါင်း တစ်သန်း ခုနစ် သိန်းနှစ်သောင်း ရှစ်ထောင် (၂) တေတြယုဂ် – နှစ်ပေါင်းတစ်သန်းနှစ်သိန်းကိုးသောင်းခြောက်ထောင် (၃) ဒွါပရယုဂ် – နှစ်ပေါင်းရှစ်သိန်းခြောက်သောင်း လေးထောင် (၄) ကလိယုဂ် – နှစ်ပေါင်းလေးသိန်း သုံးသောင်းနှစ်ထောင် [**ရာဇမတ္တံ၊** စာ ၁ နှင့် **ကဝိသေနင်္ဂ၊** စာ ၂၂၃]

**ကာလဝိပတ္တိ** *(ပါ)* – ကာလ၏ဖောက်ပြန်ခြင်း [**ဦးဟုတ်၊** စာ ၁၁၃]

**ကာလိပတ်စပ်** *(အင်္ဂလိပ်)* – ကာရပိယက် (Karapiet)

**ကာသိ** – ဗာဏာရက်စ် ဟုခေါ်သော ဗာရာဏသီမြို့ (ကာသိတိုင်း အမည်ကို စွဲ၍ ဗာရာဏသီကို ကာသိ ဟုလည်း ခေါ်သည်။) [**မေးတော်ဖြေ၊** စာ ၆၈၃–၄]

**ကာဠပက္ခ** *(ပါ)* – လဆုတ် ဖြစ်သောအခါ [**ဦးဟုတ်၊** စာ ၁၁၅]

**ကိလေသာ** *(ပါ–ကိလေသ)* – ညစ်နွမ်းခြင်း [**ဦးဟုတ်၊** စာ ၁၂၀]

**ကိလိတ်** *(ပါ၊ ကီလိတ)* – တုတ်နှောင်သည်။ [**ဦးဟုတ်၊** စာ ၁၂၁]

**ကိန္နရာ** – ယောက်ျားနှင့်မိန်းမတို့ ရှင်မြူးကြပြီး သန္ဓေရ၍ အထင်အရှား အတူမနေဘဲ တိတ်တဆိတ် မွေးသော သားသမီး [**မနုကျယ်၊** စာ ၁၁၀]

**ကီစောင်** *(ကျောက်)* – ကျိုတော်စောင့်

**ကီသ***(ကျောက်)*–ချိနဲ့ခွေယိုင်သော။ "နူသော ဝဲသော ကီသော ကန်သော နာပင်သော" [**၁၂၅၅စုနှစ်ထိုး ဥစ္စနာမင်းကြီး–– ဦးရီးကျောက်စာ** ]

**ကီသည်** *(ကျောက်)* – ကျိုတော်အမှုထမ်း


**ကုခန်း** – ပုခန်းမြို့ (ကုခန်းမှကူးသန်း၊ ထိုမှပခန်း၊ ပုခန်းဟူ၍ ပြောင်းလဲခဲ့သည်ဟု ယူဆကြသည်။ အနော်ရထာမင်း ၏ ကင်း၄၃မြို့အဝင် ၄၀၀ပြုမြို့ဖြစ်သည်။ အချို့ကျမ်း များတွင် **ကူးသန်း** ဟု ဖော်ပြ၏။ [**ပုခန်းကြီး၊** စာ ၁၁–၁၅]

**ကုမုဒ်** *(ပါ–ကုမုဒ)* – ကြာဖြူ [**ဦးဟုတ်၊** စာ ၁၂၈]

**ကုလဒူသက***(ပါ)* – ဒါယကာတို့၏သဒ္ဓါတရားကို ဖျက်ဆီး သော အမှုအကျင့် [**ညွှန့်**]

**ကုလဒူသကရှစ်ပါး** – ဒါယကာတို့၏ သဒ္ဓါတရားပျက်စီး စေတတ်သော အကြောင်းရှစ်ပါး (၁)သစ်သီးပေးခြင်း (၂) ကသယ်မှုန့် ပေးခြင်း၊ (၃) ဒန်ပူပေးခြင်း၊ (၄)ဝါးပေးခြင်း၊ (၅)ဆေးကုပေးခြင်း၊ (၆)ဒါယကာတို့ ၏အစေအပါးခံပြုခြင်း၊ (၇) ပန်းပေးခြင်း၊ (၈)မြေဖြူ ပေးခြင်း [**သုတ္တသနှ၊** စာ ၁၂၇–၈]

**ကုလာဘိန္နဆင်** – အမြီး တံခါးပိတ်သကဲ့သို့ ရှိသောဆင် [**ရွှယ်စုံကျော်ထင်၊** စာ ၃၆၉]



ကုလာဘိန္နဆင်

**ကုလလေးတာ** *(ကုပ်လုပ်လေးတာ)* – လေးတောင် (ခြောက်ပေ) အရှည်ရှိသော အတိုင်းအတာ [**အုပ်ချုပ်၊** တ၊ စာ ၅]

**ကုလားကျောင်း** *(ကုလာကျွောင်)* – အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်သောကျောင်း [**ခေတ်ဟောင်း၊** စာ ၂၅၈]

**ကုလားစုသေနတ်** – အလောင်းမင်းတရား (၁၇၅၂–၁၇၆၀) လက်ထက် ၁၇၅၆ ခုနှစ်တွင် ပသီ၊ ဘယင်ဂျီ၊ ကပ္ပလီ၊ ကလယ်စသောလူမျိုးတို့မှ လူဦးရေ ၅၅၀ ကိုရွေး၍ ဖွဲ့စည်းခဲ့သော သေနတ်စု [**ရိုရို၊** စာ ၁၄၇]

**ကုလားတိမ်အမှုထမ်း** – အမြောက်သေနတ်အတွက် လိုအပ်သော ယမ်းမှုန့်များကို ထောင်းပေးရသော အမှုထမ်း [**မြန်မာမင်း၊** စာ ၉၈]

**ကုလားပန်း** – ပန်းပုပညာဆိုင်ရာ ပန်းပြောက်တစ်မျိုး [**တက္ကသိုလ်၊** ၁၊ စာ ၂၂] လုပခန့်ငြားထယ်ဝါစွာ ရေးဆွဲထားသောပန်း [**အေး**]


**ကုလားပျိုကြင်းတားအမှုထမ်း** – အစ္စလမ်ဘာသာဝင် အမြောက်စုအမှုထမ်း (ကုလားပျို အမှုထမ်းဟု ခေါ်သည်။) [**မြန်မာမင်း၊** စာ ၆၇]

**ကုလားဝန်** – ဥရောပတိုက်သား ကုန်သည်များ၊ အိန္ဒိယနိုင်ငံသား ကုန်သည်များ၊ အမှုတော်ထမ်း အနောက်တိုင်းသားကုလားများ ငြိမ်ဝပ်စွာ နေထိုင်ရောင်းဝယ်အမှုထမ်းနိုင်အောင် အုပ်ချုပ်စီရင် ဆောင်ရွက်ရသော အရာရှိ [ROB, VII, p. 359]

**ကုလိကာ** (ပါ–ဂုလိကာ) – အတားအဆီး အနှောင့်အယှက်တို့ကိုပျောက်ပျက်အောင် စွမ်းဆောင် ကုသနိုင်သည့် ဆေးလုံး [**ဦးဟုတ်၊** စာ ၃၆၉]

**ကုလီပွဲ** – ပိုလိုကစားနည်းနှင့် တူသော ရေးခေတ်ကစားနည်း တစ်မျိုး [**တက္ကသိုလ်၊** ၁၊ စာ ၂၃]

**ကုသမုဒြာ** – သမန်းမြက်ကို ဆုပ်ကိုင်ထားဟန်၊ ကြဲဖြန့်နေဟန်ရှိသော လက်အနေအထား (တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံလိုသူ၊ ရာထူးစည်းစိမ်တိုးတက်လိုသူတို့သည် ကုသ မုဒြာဟန်ရုပ်တုကို ကိုးကွယ်ကြသည် ဟု ဆို၏။) [**မုဒြာ၊** စာ ၄၃–၄]



ကုသမုဒြာ

**ကုသလကမ္မပထဆယ်ပါး** – (၁) အလှူပေးခြင်း (၂)သီလဆောက်တည်ခြင်း (၃) ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း (၄) အရိုအသေပြုခြင်း (၅) အမှုကြီးငယ်ကိုရွက်ဆောင်ခြင်း (၆) ကုသိုလ်အဖို့ကိုဝေခြင်း (၇) ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း (၈)တရားနာခြင်း (၉)တရားဟောခြင်း (၁၀) အယူဖြောင့်မတ်ခြင်း [**မေးတော်ဖြေ၊** စာ ၄၇၁]

**ကုသလာဓမ္မာ** *(ပါ)* – ကုသိုလ်ကြောင့်ဖြစ်သော တရား၊ အပြစ်ကင်းစင်၍ ကောင်းသောအကျိုးပေးသောတရား [**ဦးဟုတ်၊** စာ ၃၃၁]

**ကုဟန၊ လပန** *(ပါ)* – (ပစ္စည်း၄ပါးကို အကြောင်းပြု၍ ဒါယကာ၊ ဒါယိကာမတို့အား) အံ့ဖွယ်သရဲပြုခြင်း၊ (ဒါယကာ၊ ဒါယိကာမတို့ကို) ချီးမြှောက်၍ဆိုခြင်း [**ဦးဟုတ်၊** စာ ၃၃၂၊ ၈၂၆]

**ကူရှုပ်** *(မွန်–ခရှုပ်)* – ပန်းကန်လုံး၏ပုံနှင့် ဆင်ဆင်တူ၍ ဦးကနိမ့်၊ ပွဲကမြင့်နေသောလေ့ [**ရွှေဘို၊** စာ ၇၈]

**ကူလီကွတ္တား** – ကာလကတ္တားမြို့ (Calcutta) [**စည်သစ်၊** စာ ၁၄၉]

**ကူဟာသည်** – အဝတ်အထည် လျှော်ဖွတ်၊ ဆေးဆိုးသူ [**မေးတော်ဖြေ၊** စာ ၂၈၈]

**ကူးခန်း** – ပုသိမ်မြို့ [**စမ္ပူ၊** စာ ၄၉]၊ အချို့အမှတ်အသားများတွင် ကူခန်းကို ပခန်း ဟုလည်း ဖော်ပြသည်။ [**ကဝိ၊** စာ ၂၅၈]

**ကူးသိန်** – ပုသိမ်မြို့(သင်္ဘောကူးရောက်သည်ကိုစွဲ၍ ရေးအခါက ကူးသိန် ခေါ်သည်ဟုဆို၏။) [**စမ္ပူ၊** စာ ၅၄]


**ကောသမသုပဟာနမုဒြာ** – လက်ဝဲလက်က ဆံထုံးကိုကိုင်၍ လက်ယာလက်က သန်လျက်ဓားကိုစွဲကိုင်ကာ ဆံတော်ပယ်ဖြတ်နေဟန် (ဇာတာစန်းလက် မေးမှိန်နေသူများသည် ယတြာ ချေသောအခါ ဤမုဒြာပုံ ဆင်းတုကို ပူဇော်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၄၄]



ကောသမသုပဟာနမုဒြာ

**ကောသမ္ဗေဒနမင်္ဂလာ** – ကလေးငယ်အား ဆံပင်ဖြီးလိမ်း ပြုပြင်ပေးသည့် မင်္ဂလာ အခမ်းအနား [**ရွှေနန်းသုံး၊** စာ ၂၃၈ နှင့် **မုံရွေး၊** စာ ၃၃]

**ကဲလား** – အပေါ်အနားစပ်တွင် ပတ္တာ သို့မဟုတ် ကွင်း ထည့်၍ အပေါ်သို့မ တင်ပြီး ဖွင့်လှစ်ကာ ထောက်တိုင် ထောက်ထားရသော တံခါး [**တက္ကသိုလ်၊** ၁၊ စာ ၂၇]




**ကောဓ** *(ပါ)* – အမျက်ထွက်ခြင်း၊ အမျက်ဒေါသ [**ဦးဟုတ်၊** စာ ၃၃၈]

**ကောလီစည်** – သူရဋ္ဌ၊ ပါပ၊ အမြိတ္တ၊ ကောလီ ဟူသော ဓာတ်တံခါးလေးရပ်ရှိသည့်အနက် ကောလီဓာတ်တံခါး တွင် ဆွဲထားသည့်စည် [**ရှိရှိ၊** စာ ၁၅၁]

**ကောလီဓာတ်** – တောင်စူးစူးအရပ်တွင် အဓိကတည်သော ဓာတ် (ကောလီဓာတ်သည် ၁၂ရာသီခွင်တွင် မကာရ၊ ပြိဿနှင့် ကန်ရာသီများကို ပိုင်ဆိုင်သည်။ ကောလီ ဓာတ်သက် ၃၀နှစ် ဖြစ်သည်။) [ROB, I. p. 201 နှင့် **ဆေဒလက်စွဲ၊** စာ ၅၆]

**ကောလီသိန်** *(တရုတ်)* – အမြစ်ကို အားတိုးဆေး ဖော်ရ သော ကောင်းလိစင်း ( 高麗参 )ခေါ် ကိုးရီးယား ဂျင်စင်ဆေးမြစ် [**ဝင်း**]

**ကောလမ္ဗမင်း** – သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ကို အစိုးရသော မင်း [**ဧည့်သစ်၊** စာ ၁၇၆]

**ကောသ** – တာ ၄၀၀ (ပေ ၄၂၀၀။ ၆ဖာလုံ၊ ၃သံကြိုး၊ ၁၄ကိုက်) ရှိသော အတိုင်းအတာ [**ယုဒသန်၊** စာ ၁၅၄၊ ၂၀၀] (**ဃောသ** ဟုလည်း ရေးသည်။)

**ကောသာလီ** – အက္ကပတ် ဟူ၍လည်း ခေါ်သော ကချာ နယ် [**ကုန်းဆောင်၊** ၃၊ စာ ၃၆၈]

**ကော်ဓော** *(ပါ–ကောဓဝ)* သားမွေးဖြင့် ရက်လုပ်သော မွေးရှည်အခင်း [**မြန်မွှင်၊** ၃၊ စာ ၃၁၉]

**ကော်ရုံနယ်တိုက်ထီး** *(အင်္ဂလိပ်)* – ကာနယ် တိုက်ဒီး (Col. Tidy) [**ကုန်းဆောင်၊** ၃၊ စာ ၄၀၀]

**ကော်ရစ်** – (၁) မင်သေ့ထိုးကွင်း (၂) ညွှတ်ကွင်းထောင် တိမ်ညင် [**မြန်စာန်၊** စာ ၁၁ နှင့် **အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၁၀၅]

**ကံကျေး** – (၁) မင်းပေးသော မြို့ရွာနယ်ပယ် (၂) လက်ခ (၃) အလုပ်သမား [**တက္ကသိုလ်၊** ၁၊ စာ ၆၅]

**ကံကျေးခံ** – မင်းက အပိုင်စားပေးသည်။"သားတော်အကြီး သတိုးဓမ္မရာဇာကို . . .စဉ့်ကူးမြို့ကို အသုံးကံကျေးခံ ပေးတော်မူသည်" [**ကုန်းဆောင်၊** ပ၊ စာ ၉၆]

**ကံကျေးလုပ်သူ** – အငှားလိုက်၍ အလုပ်လုပ်သူ၊ အလုပ် သမား [**လွှတ်တော်မှတ်၊** စာ ၂၆၂]

**ကံပတ်(ကမ္ဗတ်)** – အနားသတ် ဖောင်းရစ်ဇလီ [**ယုဒသန်၊** စာ ၁၇၅]

**ကံသို့ရောက်သည်** – အနိစ္စရောက်သည်၊ ကွယ်လွန်သည်။ [**အင်ရုံ၊** စာ ၂၆]

**ကံ့ကူဆံထုံး** – ဂူဘုရား အတွင်းရှိ အလယ်ဗဟိုမဏ္ဍိုင် [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၅၀ နှင့် **ဓာတ်ဆောင်း၊** စာ ၂၄၇]

**ကိုးကျော့** – အနော်ရထာမင်း(၁၀၄၄–၇၇) လက်ထက်တွင် ကရင် ၂စု၊ ဘအူ ၁စု၊ တောင်သူ ၁စု၊ ဓနော ၂စု၊ ရှမ်း ၃စု – ပေါင်း ကိုးစုဖြင့် စတင်ဖွဲ့စည်းခဲ့သော ငွေခွန်တော်အစုအဖွဲ့ (ကိုးကျော့ငွေခွန်တော်စုနေထိုင်ရာ ရွာများမှာ တောင်ညို၊ တောင်ပြ၊ ပေါသွယ်၊ နွဲမခန်၊ အိုးထိန်း၊ ပင်သောင်၊ ကွမ်ပေါင်နှင့် တောင်ဘွာတို့ ဖြစ်သည်။) [ROB, I, pp. 276-7]

**ကိုးဆယ့်ခြောက်ပါးသောရောဂါ** – (၁) မျက်စိနာ (၂)နားနာ (၃) နှာခေါင်းနာ (၄) လျှာနာ (၅)ကိုယ်နာ(၆)ဦးခေါင်း နာ (၇) နားရွက်၌ ဖြစ်သောအနာ (၈) ခံတွင်းနာ (၉) သွားနာ (၁၀) ချောင်းဆိုးနာ (၁၁) ကုတ်ဟီးနာ (၁၂) နှာခေါင်းဖုဖြစ်သောအနာ (၁၃) ကိုယ်တွင်း၌ ပူသောအနာ (၁၄) ဖျားနာ (၁၅) ဝမ်းနာ (၁၆)မူးမော် သောအနာ (၁၇) ဝမ်းသွေးအန်သောအနာ (၁၈)ဝမ်း လေထိုးကျင်သောအနာ(၁၉)ဝမ်းကျသောအနာ(၂၀)နူနာ (၂၁) ထွတ်မြင်းနာ (၂၂) ညှင်းပြောက် စသောအနာ (၂၃)အသားအသွေးခြောက်ခမ်းစေသောအနာ(၂၄)ဝဲကြီး ဝဲစိုနာ (၂၅) ဝဲခြောက်နာ (၂၆) ပွေးနာ (၂၇)ခြေဖျား လက်ဖျားကွဲသောအနာ (၂၈) ပိတ်ကိုက်နာ (၂၉)မြင်း သရိုက်နာ (၃၀) အရိယိုသောအနာ (၃၁)ကိုယ်ရောင်နာ (၃၂) ဝမ်းသွားသောလမ်းကြောင်း၌ ပေါက်သောအနာ။ ဤ ၃၂မျိုးသော အနာရောဂါတို့မှာ အနာတစ်မျိုးလျှင်

(၁)သည်းခြေကြောင့်လည်းကောင်း (၂) လေကြောင့် လည်းကောင်း (၃) သလိပ်ကြောင့် လည်းကောင်း ဖြစ်တတ်သောကြောင့် တစ်မျိုးတစ်မျိုးကို ၃နှင့်မြောက်သော် ၉၆ပါးသော ရောဂါ ဖြစ်လာသည်။ အချို့ကျမ်းတို့၌၉၈ပါးသောရောဂါဟုပြဆိုသည်။၉၆ပါးသောရောဂါတွင် (၁)ဘီလူးဖမ်းသောဝက်ရူးနာ (၂)ဆူး၊လက်သည်း၊ ခြေသည်း စသည့်တို့ဖြင့် ခြစ်မိ၍ ဖြစ်သော အနာ နှစ်မျိုးကိုထည့်လျှင် ၉၈ပါးသောရောဂါအမျိုးအမည်ကို ရရှိသည်။ [**လောက၊** စာ ၁၇၁-၂]

**ကိုးပါးပုဏ္ဏား** – ဘုရားကိုးဆူ၊ ဂြိုဟ်ကိုးလုံးတို့ကို ပူဇော်ပသရာတွင်လည်းကောင်း၊ သင်္ကြန်တော်ရေ၊ ဘိသိက်တော်ရေ၊မြို့သန့်ရေသွန်းရာတွင်လည်းကောင်း၊ အဝေးအနီးတို့မှ ရေတော်ယူသောအခါ စောင့်ကြပ်ရာတွင် လည်းကောင်း ကြီးမှူး လုပ်ဆောင်ရသော ပုဏ္ဏား [**အုပ်ချုပ်၊** ၃၊ စာ ၄၀-၄၁]

**ကိုးသားပေါက်** (ကိုးသပေါက်) – မိဖုရားခေါင်ကြီး၏ အသေးအဖွဲ့ အမှုကိစ္စများကို နေ့ညမဟူ စောင့်နေထမ်းရွက်ကြရသော စုကြမ်းသားပေါက် အမှုထမ်း ကိုးရပ်(ပဲခူးသားပေါက်၊ပြည်ကြီးသားပေါက်၊သားပေါက်စစ်၊ သားပေါက်မှန်၊ ခွင်သားပေါက်၊ သားပေါက်ခံ၊ ရွှေသားပေါက်၊ သားပေါက်တော်၊ သားပေါက်ကျော်ဟူ၍ ကိုးရပ်ရှိသည်။ညောင်ရမ်းခေတ်တွင် သားပေါက်အမှုထမ်းများ စတင်ပေါ်ပေါက်လာဟန် တူသည်။) [**အုပ်ချုပ်၊** တ၊ စာ ၄၂ နှင့် **ရွှေနန်းသုံး၊** စာ ၁၆၁-၃]


**ကိုးသင်းမြင်း** – မြောက်ဘက်ဒေသသား တို့ဖြင့် ဖွဲ့စည်းသောမြင်းကိုးသင်း (၁) တမာခါးမြင်း (၂) ယူတော်မူမြင်း (၃) လက်ရွေးကြီးမြင်း (၄) လက်ရွေးငယ်မြင်း (၅) ကြောင်သင်းမြင်း (၆) မြင်းသည်ကြီးမြင်း (၇)ခက်လုံမြင်း (၈) စောပွတ်အိုးမြင်း (၉) ပြင်စည်မြင်း [**မှန်နန်း၊** ပ၊ စာ ၂၀၂] (စစ်ကိုင်း အသခ်ယာ စောယွန်း (၁၃၁၅-၂၂)လက်ထက်တွင် စတင် ဖွဲ့စည်းသည်။) [ROB, I, p. 206]

**ကိုးသန်းမှူး** – အင်းဝခေတ်အတွင်း တပယင်းမြို့နယ်တွင် လယ်ယာ ဆည်မြောင်း လုပ်ကိုင်သူတို့အား စီရင်ကြီးကြပ်၍ အခွန်တော် ကောက်ခံရသော အကြီးအမှူး [ROB, I, pp. 246-7]

**ကက်** – (၁) စပါး ၆၄တင်း ဝင်သည့်တောင်းကြီး (လေးတင်း– တစ်တို့၊ လေးတို့ – တစ်ပုတ်၊ လေးပုတ်– တစ်ကက်၊ လေးကက်–တစ်ကြ) [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၁၂၃-၄] (၂) မျက်နှာပြင် တစ်ဖက်တွင် အဖြူအနီအပွင့်များပါသော လောင်းကစားသည့် အနက်ရောင် အပြားငယ် ဖဲချပ် [**မြန်မာစာ၊** စာ ၁၂]


**ကုက္ကုသီး** – ကျွဲခေါင်းသီး [**မြန်မာစာ၊** စာ ၁၂]

**ကုက္ကလ်** – ရှေးခေတ်လှေကြီးများ၏ ရွက်တိုင်ထိပ်များရှိ လေတိုက်ရာဘက်ကို ညွှန်ပြသည့် အလံ [**မြန်မာစာ၊** စာ ၁၃]



ကုက္ကလ်

**ကုက္ကား** – ဘုရားပူဇော်ရန်အတွက် စက္ကူကို အမြွာမြွာညှပ်၍ လှပစွာ ပြုလုပ် ချိတ်ဆွဲထားသော တံခွန် [**မြန်မာစာ၊** စာ ၁၃]



ကုက္ကား

**ကုက္ကုစ္စသံသယ** *(ပါ)* – ယုံမှားသံသယဖြစ်ခြင်း [**မေးတော်ဖြေ၊** စာ ၆၄၀]

**ကောက်ရိုး(ကောက်ခံရိုး)** – ထုံးစံအရိုးအစဉ်ရှိသည့်အတိုင်း ကောက်ခံသည့် အခွန်တော် [**ရိုရိ၊** စာ ၁၅၅]

**ကောက်သုံးပါး** – ကောက်ကြီး၊ကောက်လတ်၊ကောက်လျင်ဟူသော စပါးသုံးမျိုး [**ရွှေဟင်္သာ၊** စာ ၃၂]

**ကက်သူ** *(ပါ–ကက္ခ+သူရ)* – ချပ်မိန်ညှိဝတ် သူရဲကောင်း [**ဦးဟုတ်၊** စာ ၂၇၆၊ ၁၀၆၄]

**ကင်းကိုင်** – ကင်းစခန်းကို စီမံချုပ်ကိုင် ကြီးကြပ်ရသူ [ROB, IV, p. 290]

**ကင်းစဉ်ဝိုင်း** – ကင်းစောင့်အမှုထမ်းတို့နှင့် သက်ဆိုင်သော ခြံဝင်း [**ရှိရှိ၊** စာ ၁၅၈]

**ကင်းတားရင်** – မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားနှင့် ရှမ်းပြည်တောင်ပိုင်းရွာင်တို့ကို ဖြတ်သန်း၍သွားရသော လမ်းကြောင်း [**ရာဇဝင်သစ်၊** စာ ၁၅၊ အောက်]

**ကင်းတိုကင်းရှည်** – (၁) ရန်သူ့အခြေအနေကို သိရှိရန် အနီးအနားတစ်ဝိုက် လှည့်လည်ထောက်လှမ်း ကြည့်ရှုခြင်းနှင့် ခရီးဝေး ထွက်၍ လှည့်လည် ထောက်လှမ်း ကြည့်ရှုခြင်း [ROB, IV, p. 394] "ယိုးဒယားစပ် ဇင်းမယ်စပ်တို့ကို ကင်းတို ကင်းရှည် ထားတော်မူသည်။" [**မှန်နန်း၊** ၃၊ စာ ၂၀၂]

**ကင်းတိုင်** – သက်ဆိုင်ရာကင်းကို အုပ်ချုပ်၍ ကင်းခွန်တော် ကောက်ခံရသော အကြီးအကဲ [**စမ္မူ၊** စာ ခ နှင့် ROB, III, p. 197] "ကျောက်တလုံးကင်းမှာ ကင်းအုပ် ကင်းတိုင် အစောင့်အနေ အကွဲအပြား မရှိစေနှင့်" [ROB, VII, p. 253]

**ကင်း ၄၃မြို့** – (၁) ကောင်းစင် (၂) ကောင်းတုံ (၃) ငရန်း (၄) ငရင်း (၅) ရွှေကူ (၆) ယင်းခဲ (၇) မိုးတား (၈) ကသာ (၉) ထီးကျိုင်း (၁၀) မြတောင် (၁၁) တကောင်း (၁၂) ဟင်းဂမော် (၁၃) ကြံညှပ် (၁၄) စမ္ပာနဂိုရ် (၁၅) စေဥ္စကူး (၁၆) ကုန်းသာယာ (၁၇) မကွေးတရာအောင် (၁၈) အုတ် (၁၉) ရေနံ့သာ (၂၀) နဂါးမောက် (၂၁) ယင်းမာတဲ (၂၂) စုန်းမြို့ (၂၃) တုံပုံ (၂၄) မတ္တရာ (၂၅) သက်ကယ်ကျင်း (၂၆) ဝါးရင်းတုတ် (၂၇) တောင်ပြုး (၂၈) မြို့တင် (၂၉) လဟေး (၃၀) ရှည့်မတက် (၃၁) မက္ခရာ (၃၂) တအုံ (၃၃) မြင်စိုင်း (၃၄) မြစ်သား (၃၅) ဟိုင်းတက် (၃၆) သာဂရ (၃၇) ညောင်ရမ်း (၃၈) ရွှေမြို့ (၃၉) ပက်ပါ (၄၀) မြို့လှ (၄၁) ကဲလင်း (၄၂) ဆွာ (၄၃) ဗာရာဏသီ [**မှန်နန်း၊** ပ၊ စာ ၆၉–၇၀]

**ကင်းဝန်** – လုံခြုံရေးနှင့် အခွန်တော် ကောက်ခံရေးအတွက် ချထားသော ရေကင်း၊ ကြည်းကင်းဆိုင်ရာအမှုထမ်းတို့ တာဝန်မလစ်ဟင်းဘဲ အခွန်တော် ကောက်ခံရအောင် ကင်းစာရေးအား ဆင့်ဆိုကြီးကြပ် စီရင်ရသည့် မှူးမတ် [**ရွှေနန်းသုံး၊** စာ ၇၉]

**ကောင်းခြားဒီရမြူစ** – Count M. Charles de Remusat

**ကောင်ဒီရော့ရှ** *(ပြင်သစ်)* – Count de Rochechouart

**ကောင်ဟန်တန်း** – ရာဇဝတ်သင့်သူ တို့ကို ချုပ်နှောင်ထားရာ အချုပ်ခန်းသုံးခုအနက် တစ်ခု (သူရဲတန်း၊ လက်ရတန်း၊ ကောင်ဟန်တန်း ဟူ၍ လက်ရသုံးတန်း ရှိသည်။) [**မြန်မာမင်း၊** စာ ၈]

**ကောင်ဟန်ဝန်** – ရှမ်းပြည် ကင်ဟန် (Kenghung)နယ်မှ ခေါ်ဆောင်လာခဲ့သူတို့ဖြင့် ဖွဲ့စည်းထားသော အစု အမှုထမ်းတို့ကို နေထိုင်စားသောက်မှု အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေး၍ လွှတ်တော်က ဆင့်ဆိုစီမံရာ လိုက်ပါထမ်းရွက်စေရန် ကြီးကြပ်အုပ်ချုပ် စီမံပေးရသော အရာရှိ [**ရွှေနန်းသုံး၊** စာ ၁၁၃]

**ကောင်းထွတ်မှူး** – ကောင်းထွတ်စု၏ အကြီးအမှူး

**ကစ္စဝလမ္ဘိတဟတ္ထ** – လက်နှစ်ဖက်ကို ကိုယ်၏ဘေးတွင် တွဲလျားချကာ သက်သက်သာသာနေသောပုံသဏ္ဍာန်မျိုး ပေါ်နေသည့် လက်ဟန်အမူအရာ (သက်သာအေးငြိမ်းသောဘဝကို လိုလားသူ၊ စိုးရိမ်ကြောင့်ကြမှု ကင်းငြိမ်းလိုသူတို့သည် ဤဟန်ပန်ရုပ်တုတော်ကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာများ၊** စာ ၄၀]



ကစ္စဝလမ္ဘိတဟတ္ထ

**ကစ္ဆပ** *(ပါ)* – လိပ် [**ဦးဟုတ်၊** စာ ၂၇၇]

**ကိဥ္စိပုရမြို့** – အိန္ဒိယနိုင်ငံ မဒရပ်မြို့၏ အနောက်တောင်ဘက် မိုင်လေးဆယ်ကျော်ခန့် အကွာရှိ ကန်စီပူရမ်မြို့ (Kanchipuram)

**ကတ္တီပါ** *(အာရဗစ်–ကတိဖ၊ မွန်–ဂတေးပ၊ ခတေပႏ)* – အမွေးအမျှင်ငယ်များ ဖော်ထားသောအထည် [**မြန်မွန်၊** ၃၊ စာ ၁၈၅]

**ကတ္တီပါတင်ရမ်း** – မြင်းစီးသူ၏ တင်ပါးအောက်ခံ ကတ္တီပါ အဆင်တန်ဆာ [**ဦးမောင်မောင်တင်စာစု** ]

**ကတ္တူ** – လခြမ်းပုံသဏ္ဍာန် ဦးပဲ့ထောင်၍ တည်ဆောက်ထားသောလှေ(မွန်ဘာသာဖြင့် လက်ိုခတုသို့မဟုတ် ဂတု

ဟု ခေါ်သည်။ လခြမ်းပုံနှင့်တူသောလှေ ဖြစ်၍ ခတုဟု ခေါ်ရာမှ ကတ္တူဟူသော အရေးအသားဖြစ်လာခြင်းဟု **ဗျွှော်နိဒါန်း** စာ ၈၀ တွင် ဖော်ပြသည်။ အင်္ဂလိပ်တို့က ထိုသင်္ဘောမျိုးကို ကတ္တား cutter ဟု ခေါ်သဖြင့် ထိုအခေါ်အဝေါ်မှ ကတ္တူ၊ ကတ္တူ ဖြစ်လာသလောဟု အချို့ပညာရှင်တို့ကတွေးဆကြသည်။) **[မြန်မွှင်၊** ဖြည်၊ စာ ၁၁၇]

**ကိတ္တုပတ်ရောင်** – မြရောင် **[ရွှေဝတီ၊** စာ ၁၇၅]

**ကိတ္တိမသား** – အမွေဆက်ခံနိုင်သော မွေးစားသား၊ သမီး **[မနုကျယ်၊** စာ ၃၁၀]

**ကိတ်ထွက်သည်** *(နက္ခတ်)* – (၁) ဂြိုဟ်ကြီးကိုးလုံးတွင် နဝမမြောက်ဖြစ်သော ဂြိုဟ်ကြီး ထွက်ပေါ်သည်။ (၂) ကောင်းကင်၊ ဘုရားကျောင်း၊ နန်းတော်၊ မြေမှ အခိုးအလျှံထွက်သည်။ (၃) မျက်ရည်ယိုသည်။ (၄) နိမိတ်အဖြစ်ဖြင့်ထွက်သော အခိုးအလျှံ၊ အရည် (ကိုတ်ထွက်သည်ဟုလည်း ခေါ်သည်။) **[ဗိဗ္ဗလွှာ၊** စာ ၁၇၄ နှင့် **ကဓိ၊** စာ ၃၈၂-၄]

**ကိတ်သုံးပါး** – (၁) အာကာသကိတ် – တိမ်တံခွန်ထွက်ခြင်း၊ ကြယ်ပျံခြင်း၊ ကြယ်ကြွေခြင်း၊ ဥက္ကာကျခြင်း၊ နေလကြတ်ခြင်း (၂)ဘောမကိတ် – တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ မြေမှအခိုးအလျှံထွက်ခြင်း၊ အိမ်အောက်ကျောင်းအောက်၌မှိုပွင့်ကြီးများပေါက်ခြင်း (၃)အန္တလိက္ခကိတ် – ရောင်ခြည်တော်လွှတ်ခြင်း၊ မျက်ရည်ယိုခြင်း၊ သစ်ပင်မှ ရေမီးထွက်ခြင်း၊ အခိုးအလျှံထွက်ခြင်း **[ကဓိ၊** စာ ၃၈၂-၄]

**ကုတ်ကော်** – ကြိုးစား အားထုတ်သည်။ နက်နဲသည်။ ခဲယဉ်းသည်။ **[တက္ကသိုလ်၊** ၁၊ စာ ၅၁ နှင့် **တွင်းသင်းဖေါ်၊** စာ ၆၀]

**ကုတ်ဟီး** – ချောင်းဆိုးနာ **[မြန်ဓေါဟာ၊** က၊ စာ ၉၅]

**ကန်တိုင်** – ကန်ကိုထိန်းသိမ်း၍ ကန်ပတ်ဝန်းကျင်ကိုစီရင်အုပ်ချုပ်ပြီး အခွန်တော် ကောက်ခံရသော အကြီးအကဲ [ROB, I, p. 317 နှင့် **ဓမ္မ၊** စာ ၂]

**ကန်နားဖျင်း** – အမိုးပြန့်ယာယီတဲ **[မြန်တန်၊** စာ ၃]

**ကန္နဝါတိုင်** – ထောင့်လေးထောင့်တွင် ဆောင်ပုံတင်ရန် စိုက်ထူသော တိုင်ရှည် **[တက္ကသိုလ်၊** ၁၊ စာ ၅၆]

**ကန်ပိုင်** – ကန်ပေါင်ရိုး **[တွင်းသင်းဖေါ်၊** စာ ၁၇]

**ကန်ရာသီ** – မိန်းမယဉ်တို့ နှစ်သက်သော ရာသီ၊ တော်သလင်းလ၊ ဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်သည်။ နှစ်စဉ်ဩဂုတ်လ (၂၃)ရက်နေ့ခန့်မှ စက်တင်ဘာလ (၂၂) ရက်နေ့ခန့် အထိ ဖြစ်သော ကာလ **[မဟာမုနိ၊** စာ ၄၁၄]

**ကန်သာယာစည်** – ကန်တော့ပွဲတက် အခမ်းအနားတွင် တီးရသည့်စည် **[ရှိရှိ၊** စာ ၁၆၅]

**ကိန်းခန်း** [သက်၊ ကေန္ဒြ+ခဏ္ဍ] –ဂြိုဟ်တာရာနက္ခတ်တို့၏ အနေအထားအရ ဖြစ်လာမည့် အခြေအနေ **[မြန်တန်၊** စာ ၁၈]

**ကုန်စလယ်** – ကုန်သွယ်သည်။ ရောင်းဝယ်မှု **[မြန်တန်၊** စာ ၁၈] “(လင်သည်) ကုန်စလယ်သွားသော်၊ မယားလင်မနေ၊ ရှစ်နှစ်စောင့်ရာ၏” **[မနုကျယ်၊** စာ ၁၃၇]

**ကုန္ဒဒီ** – မြစ်ငယ်၊ ချောင်း **[ကုန်းဘောင်၊** တ၊ စာ ၂၄၄]

**ကုန်ဝင်ရန်စာရင်း** – ကုန်ကျမည့် စာရင်း **[ယုဒသန်၊** စာ ၁၉၀]

**ကုန်သွယ်မှုမပြုအပ်သော ကုန်စည်ငါးမျိုး** – (၁) လက်နက် (၂) သက်ရှိသတ္တဝါ (၃) သတ်၍ရောင်းသော ဟင်းမျိုးကုန်စည် (၄) သေရည်သေရက် (၅) အဆိပ် **[မေးတော်မြေ၊** စာ ၁၇၁]

**ကုန်းခင်သား** – ကုန်းဘောင်တောင်ရိုးတို့တွင် နေထိုင်သူ **[ရှိရှိ၊** စာ ၁၆၇]

**ကပ်ကျစ်** – ထိုင်စရာအခင်း **[တက္ကသိုလ်၊** ၁၊ စာ ၆၁]

**ကပ်ကြီးလေးပါး** – (၁) ဒုဗ္ဘိက္ခန္တရကပ် – အစားအစာ ငတ်မွတ်ခေါင်းပါးသောကပ် (၂) ရောဂန္တရကပ် – အနာရောဂါထူပြောသောကပ် (၃) သတ္တန္တရကပ် – တစ်ဦးကို တစ်ဦး သတ်ဖြတ်မှု ထူပြောသောကပ် (၄) ဝိလုပ္ပန္တရကပ် – လုယက်တိုက်ခိုက်မှုထူပြောသော ကပ် [ROB, III, p. 216]

**ကပ်ကြီးသုံးပါး** – (၁) ဒုဗ္ဘိက္ခန္တရကပ် – အစားအစာ ငတ်မွတ်ခေါင်းပါးသောကပ် (၂) ရောဂန္တရကပ် – အနာရောဂါထူပြောသောကပ် (၃) သတ္တန္တရကပ် – တစ်ဦးကို တစ်ဦး သတ်ဖြတ်မှု ထူပြောသောကပ် **[ရခိုင်ရာသစ်၊** ပ၊ စာ ၉]

**ကပ္ပဋ္ဌိတိ** *(ပါ)* – ဘဒ္ဒကမ္ဘာပတ်လုံး တည်တံ့ခြင်း **[ဦးဟုတ်၊** စာ ] “ပိဋကတ်သုံးပုံ . . . တို့ကို ကပ္ပဋ္ဌိတိတည်စေရန် . . . ကျောက်သလင်း အပြင်၌ ရေးသားထုလုပ်တော်မူခြင်း” **[ကုန်းဘောင်၊** တ၊ စာ ၄၆၅]

**ကပ္ပဋ္ဌိတိလေးပါး** – အာယုကပ် သို့မဟုတ် ဤဘဒ္ဒကမ္ဘာပတ်လုံး တည်တံ့မည့် အရာဝတ္ထုနှင့် အရပ်ဒေသ

လေးခု (၁) လတွင် ယုန်ရုပ်ရှိခြင်း (၂) မဂရောစ်တိုင်းရှိ မီးမလောင်နိုင်သောအရုပ် (၃) ကောသလတိုင်းရှိ မိုးမစွတ်နိုင်သောအရပ် (၄) ကောသလတိုင်းတွင် ပေါက်သော အဆစ်အပိတ် မရှိသော ကျူပြင် [**မေးတော်ဖြေ၊** စာ ၄၃၂]

**ကပ္ပါး** – အခြားနယ်မှ ဝင်ရောက်နေထိုင်သော (အမှုထမ်းမဟုတ်)သူများ [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၄ နှင့် ROB, I, p. 179]

**ကပ္ပိ** *(ပါ)* – ရဟန်းတော်နှင့် အပ်စပ်အောင် ဆောင်ရွက်ပေးသည်။ [**တဏ္ဍသိုလ်၊** ၁၊ စာ ၆၂]

**ကပ္ပိတ်စံတာရက်** *(အင်္ဂလိပ်)* – ကပ္ပတိန် ဂျွန်ဒိုင်ယာ (Capt. Ensign John Dyer) [**ကုန်းဘောင်၊** ပ၊ စာ ၁၅၈]

**ကပ္ပိတ်ချွံကေနီ** *(အင်္ဂလိပ်)* – ကပ္ပတိန် ဂျွန်ကင်းနင်း (Capt. John Canning)

**ကပ္ပိတ်ဘင်ပတ္တံ** *(အင်္ဂလိပ်)* – ကပ္ပတိန် ပက်ဘာတန် (Capt. Peberton)

**ကပ္ပိယ** *(ပါ)* – ကျောင်းတွင်ရဟန်းတို့၏အမှုကို ဆောင်ရွက်ပေးနေသောသူ [**ဦးဟုတ်၊** စာ ၂၉၂]

**ကပ္ပိယကာရက** *(ပါ)* – ရဟန်းသံဃာတော်တို့၏ အမှုကိစ္စကို ဆီလျော်အပ်စပ်အောင် ဆောင်ရွက်ပေးရသူ [**မေးတော်ဖြေ၊** စာ ၆၀၂ နှင့် **တဏ္ဍသိုလ်၊** ၁၊ စာ ၆၂]

**ကပ္ပိယကုဋိ** *(ပါ)* – သံဃာတော်တို့နှင့်အပ်စပ်သော အလှူပစ္စည်းများ သိုမိုးထားရာအဆောင် [**ဦးဟုတ်၊** စာ ၂၉၂]

**ကပ္ပိတန်ကောင်မိုတို** *(အီတလီ)* – ကပ္ပတိန်ကောင်မိုတို (Capt. G. B. Comotto)

**ကပ်ပယ်** – ချိန်ခွင်ငယ် [**သီချင်း၊** ပ၊ စာ ၂၆၊ ၁၃၆ နှင့် **ရေစကြိုဖြတ်၊** စာ ၅၃]

**ကပ်သား** – အထမ်းသမား [ROB, VIII, p. 509]

**ကုပွိုး** – နတ်၊ ဘီလူး၊ တစ္ဆေ၊ ဖုတ်၊ ဝိညာဉ်တို့အား အစားအစာတို့ဖြင့် ဆက်သပူဇော်ခြင်း [**မြန်မွှင်၊** ပြည့်၊ စာ ၄၄–၇] "နတ်အားပူဇော်။ ကုပွိုးတော်နှင့်။ ကွမ်းတော်ဆက်ဘွယ်။ ခုနစ်သွယ်စီ" [**ကုသ၊** စာ ၅၉]

**ကမ္ဗလွေ** – ဝါးခြမ်းငယ်၊ ဖျင်တို့ဖြင့် စီရင်ပြုလုပ်ထားသော ပေစာထုပ်သည့်ပစ္စည်း [**မြန်စာန်၊** စာ ၂၀]

**ကမ္ဗတ်ပန်း** – အနားသတ်ဖောင်းရစ်ဇလီတွင် ရစ်ပတ်ပုံဖော်ထားသောပန်းခက်ပန်းနွယ် [**ယုဒသန်၊** စာ ၁၇၅၊၆၁၇]

**ကမ္ဗလာ** *(ပါ–ကမ္ဗလ)* – သားမွေးခြုံထည်၊ သားမွေးစောင် [**ဦးဟုတ်၊** စာ ၂၉၄]

**ကမ္ဗုထီး** – လက်ယာမင်းခမ်းတော်ဝင် ထီးဖြူတော် (ထွက်တော်မူသောအခါ ဆောင်းသည်။ မိဖုရားခေါင်ကြီး၏ ထီး) [**မေးတော်ဖြေ၊** စာ ၃၂ နှင့် **ကဗိ၊** စာ ၂၁၃]

**ကမ္ဗောဇတိုင်း** – သီပေါ၊ ညောင်ရွှေ၊ မိုးနဲ အစရှိသော ပြည်ကြီးတို့၏ တည်ရာဒေသ [၁၆၅၀ပြည့်နှစ်ထိုးစစ်ကိုင်းကောင်းမှုတော်ကျောက်စာ၊ မျက်/၆၇–၇၁]

**ကမ္ဘာခြောက်ရပ်** – (၁) သာရကမ္ဘာ – ဘုရားတစ်ဆူသာပွင့်သောကမ္ဘာ (၂) မဏ္ဍကမ္ဘာ – ဘုရားနှစ်ဆူပွင့်သောကမ္ဘာ (၃) ဝရကမ္ဘာ – ဘုရားသုံးဆူပွင့်သောကမ္ဘာ (၄) သာရမဏ္ဍကမ္ဘာ – ဘုရားလေးဆူပွင့်သောကမ္ဘာ (၅) ဘဒ္ဒကမ္ဘာ –ဘုရားငါးဆူပွင့်သောကမ္ဘာ (၆)သုညကမ္ဘာ – ဘုရားမပွင့်သော ကမ္ဘာ [သုညကမ္ဘာကို ရေတွက်ခြင်းမပြုလျှင် ကမ္ဘာငါးရပ်ဖြစ်သည်။] [**ရာဇာဓိရာဇ်၊** စာ ၁၅၉–၆၀၊ **တောင်တွင်း၊** စာ ၁၅၂]

**ကမ္ဘာလေးရပ်တရားစီရင်ခြင်း** – သက်သေမထင်ရှားသည့်မှုခင်းများတွင် တရားစီရင်နည်းလေးမျိုး (၁) မီးပြိုင်– တူညီသော ဖယောင်းတိုင် နှစ်တိုင်ကို အပြိုင်ထွန်းညှိစေရာတွင် အလျင်လောင်ကျွမ်း မီးငြိမ်းသူကို အရှုံးပေးခြင်း (၂) ဆန်စား – တူညီသောဆန်ကို အပြိုင်ဝါးစားစေရာတွင် ရှေးဦးစွာ ကုန်သူကို အနိုင်ပေးခြင်း (၃) ခဲထောက် – အမှုသည်နှစ်ဦးတို့၏ လက်ညှိုးကို သက်ငယ်ပတ်၍ ပွက်ပွက်ဆူနေသော ခဲရည်အတွင်း ပြိုင်တူထိုးနှစ်၍ ပြိုင်တူဖော်ပြီးနောက် ခဲရည်ပူလောင်သူအား အရှုံးပေးခြင်း (၄) ရေလား – အမှုသည်နှစ်ဦးတို့အား ပြိုင်တူရေငုပ်စေရာတွင် အလျင်ပေါ်သူအား အရှုံးပေးခြင်း – ဟူသော နည်းလေးနည်းအနက် တစ်နည်းနည်းဖြင့် ပြိုင်ဆိုင်စေ၍ တရားစီရင်ခြင်း [**အုပ်ချုပ်၊** စ၊ စာ ၂၆၈–၇၅]

**ကမ္မဋ္ဌာန်** *(ပါ – ကမ္မဇ+ဋ္ဌာန)* – ကံကြောင့်ဖြစ်သောတန်ခိုး [**ဦးဟုတ်၊** စာ ၁၉၄၊ ၂၉၁]

**ကမ္မဋ္ဌာနာသရိယပုဂ္ဂိုလ်** *(ပါ)* – ကံအကြောင်းတရားကြောင့် ဘုန်းတန်ခိုးကြီးမားပြီး မင်းစည်းစိမ်ကို ရရှိသည့်ဂုဏ် [**ညွှန်း**]

**ကမ္မဋ္ဌာန်း** *(ပါ)* – တရားဘာဝနာ စီးဖြန်းအားထုတ်ခြင်း [**ဦးဟုတ်၊** စာ ၂၉၅]

**ကမ္မဝါဆရာ** *(ပါ)* – သိမ်အတွင်းတွင် ရဟန်းတော်များ ကံကြီးကံငယ် ဆောင်ရွက်ရာ၌ ကမ္မဝါဖတ်ပေးသော ဆရာ [**မြင့်**]

**ကမ္ဘာရာမ** *(ပါ)* – အမှုကြီး အမှုငယ်တို့၌ မွေ့လျော်ခြင်း [ROB, IX, p. 1035၊ **ညွှန့်**. ]

**ကမ္ဘသကတ** *(ပါ)* – ကံသာလျှင် မိမိ၏ဥစ္စာဖြစ်သည် ဟူသော [**မှန်နန်း**၊ ပ၊ စာ ၄။ **ညွှန့်**. ]

**ကမ္ဘု** *(ပါ)* – (၁) တစ်ခွဲ(ရှစ်ပြည်) (၂) အိုး [**တောင်တွင်း**၊ စာ ၅၆]

**ကမ္ဘုဏ်** *(ပါ–ကမ္ဘုဏ္ဏ)* – အိုးပမာဏ လိင်ဥရှိသော ကမ္ဘုဏ် နတ်ဘီလူး [**ဦးဟုတ်**၊ စာ ၃၂၈]

**ကုံသည်** – ပြည့်စုံသည်။ [**မနုကျယ်**၊ စာ ၄၈ နှင့် **တက္ကသိုလ်**၊ ၁၊ စာ ၆၉]

**ကုံတံ** – ဥစ္စာပစ္စည်း ပြည့်စုံသော [ROB, VI, p. 355]

**ကုံရာသီ** – အိုးထမ်းယောကျ်ားသဏ္ဌာန် တာရာ ရှိသော ရာသီ၊ တပို့တွဲလ၊ မာဃနက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် ဇန်နဝါရီလ (၂၁)ရက်နေ့ခန့်မှ ဖေဖော်ဝါရီလ (၁၉) ရက်ခန့်အထိ ဖြစ်သောကာလ [**မဟာမုနိ**၊ စာ ၄၁၄]

**ကုံးစပ်ထဘီ** – နှစ်နံစပ်ထဘီ [**မြန်တန်**၊ စာ ၂၁]

**ကယ်ရဆင်** – ကီရာဆင် (T. G. Kearsing)

**ကိုယ်တော်မြတ်ဘုရား** – နန်းရမိဖုရားနှင့် အဆောင်ရမိဖုရား တို့မှ မွေးမြင်သည့် သားတော်များကို ခေါ်ဝေါ်သော အသုံးအနှုန်း [**ရွှေနန်းသုံး**၊ စာ ၂၅၀]

**ကိုယ်ပွတ်တော်မှုန့်** – ကိုယ်တွင် လိမ်းပွတ်သည့် ကတိုး မှုန့်၊ ပန်းပေါင်းမှုန့် ကဲ့သို့သော အမွှေးနံ့သာမှုန့် [**အုပ်ချုပ်**၊ တ၊ စာ ၈၀]

**ကိုယ်လုပ်တော်** – မင်းကေရာဇ်၊ အိမ်ရှေ့မင်းနှင့် မင်းသား ကြီးတို့၏ အပါးတွင်နေ၍ အလုပ်အကျွေးပြုရသော မယား [**ရွှေနန်းသုံး**၊ စာ ၂၄၇]

**ကိုယ်သယ်** *(ဆင်)* – ဆင်ဦးစီး၏ အနောက်ဘက် (ဆင်၏ ကိုယ်ပေါ်)တွင် လုံကိုင်၍အမှုထမ်းရသောကုန်းလယ်စီး မကျန်းမာသောအခါ ကိုယ်စားလှယ်အဖြစ် လိုက်ပါ ထမ်းဆောင်ရသောသူ [**ရွှေနန်းသုံး**၊ စာ ၁၉၃]


**ကိုင်္ဂနီလ်စလေဒင်** *(အင်္ဂလိပ်)* – ကာနယ်စလေဒင် (Col. Sladen)

**ကိုင်္ဂနီလ်ပီချယ်** – ကာနယ်ပီလ်ချား(Col. R. H. Pilcher)

**ကျစ္စာ** – ပိဋကတ်တော်၏ သဘောသကန်ကို ရမိကျနစ္စာ တတ်မြောက်သောမင်း [**သာသနာ**၊ စာ ၁၂၁ နှင့် **အုပ်ချုပ်**၊ တ၊ စာ ၁၀၁]

**ကျမိုင်း** – စော်ဘွား၏ အရိုက်အရာတော်ကို ဆက်ခံရန် လျာထား သတ်မှတ်ခြင်း ခံရသော အကြီးအကဲ၊ စော်ဘွားလောင်း [**အုပ်ချုပ်**၊ ပဉ္စ၊ စာ ၁၃၇] "ကျိုင်းတုံ စော်ဘွား သေလွန်သည်ကို . . . သားကျမိုင်း ခေမာရဋ္ဌ မဟာဝံသရာဇာကို . . . အဘနည်း စော်ဘွားအရာ ခန့်ထား သူကောင်း ပြုတော်မူ၍ ဘွားစားစေ၏" [**ကုန်းဘောင်**၊ တ၊ စာ ၂၅၄]

**ကျားမော့** – ခေါင်လျောက်ကို ခိုင်ခန့်အောင် ခေါင်တိုင်မှ ခေါင်လျောက်ကို ကန်ထောက်ထားသော အချောင်း [**အုပ်ချုပ်**၊ ပဉ္စ၊ စာ ၅၁]




**ကျားရိုး၊ မွေးကျွေးစကား** – တောင်စား၏ ယောကျ်ား မျိုးရိုး ဖြစ်သူ လူငယ်ကို ရင်ခွင်ပိုက်အဖြစ် ထိန်းသိမ်း စောင့်ရှောက်၊ ကျွေးမွေးထားခဲ့ရပါသည် ဟူသော အမှု အခင်းစကား [**လွှတ်တော်**မှတ်၊စာ ၂၆၁–၂ ]

**ကျီဝန်** – မင်းကေရာဇ်၏ ကျီတော်နှင့် သက်ဆိုင်သည့် ကိစ္စအဝဝနှင့် ကျီတော်တွင် သိုမှီးထားသောစပါးများကို စာရင်းဇယားနှင့် ထားရှိပြီး မပျက်မစီး မယိုယွင်းရ အောင် ကျီစိုး၊ ကျီစာရေး၊ ကျီသားတို့ကို ကြီးကြပ် စီရင်ရသော မှူးမတ် [**အုပ်ချုပ်**၊ စ၊ စာ ၆၇]

**ကျီးခြေတင်အမြောက်** – ကျီးခြေသဏ္ဌာန်ထောက်ပေါ်တွင် တင်သောအမြောက် [**တက္ကသိုလ်**၊ ၁၊ စာ ၇၄]

**ကျီးခြေမင်းခမ်းတော်** – ကျီးခြေ သို့မဟုတ် ဇလပ်ပန်း သဏ္ဌာန်ခံ၍ပြုလုပ်ထားသော ကလပ်ခြေမြင့်အတင်တော် ခုံ [**မေးတော်ပြေ**၊ စာ ၁၂၁]

**ကျီးစာတိုင်** – ကျီးကိုအစာပေးရန် စိုက်ထူထားသောတိုင် [**ရွှေဘုံ**၊ စာ ၃၆]


**ကျီးရန်း** – (၁) ကျီးကန်းတို့ ထွက်ဝင်ခိုနားခြင်း မပြုနိုင် အောင် တားဆီးပိတ်ဆို့ကာရန်ထားသကဲ့သို့ ပြာသာဒ် ၏ အမိုးစွန်းတစ်လျှောက်တွင် စိုက်ထောင်ထားသော

အချောင်း အတံ အဆင်တန်ဆာ (၂) စုလစ်မွန်းချွန်၊ အချွန်အတက် အပြောက်အမွမ်း ဖော်ထားသောတန်း [**အုပ်ချုပ်**၊ ပဍ္ဍ၊ စာ ၅၈]

**ကျီးအက်** – အိမ်မကြီး၏ လက်ဝဲဘက်ရှေ့ခန်း အပို့ဆောင် [ROB, X, p. 104]

**ကျူငွေထည့်အိတ်** – ဖြူစင်သော ငွေဒင်္ဂါးနှင့် ငွေဒိုင်ခွက်များ ထည့်သောအိတ် [**ဦးမောင်မောင်တင်စာစု** ]

**ကျေးကွေး** (ကြေးကွေး) – မုခ်ပေါက်နှင့် ပလ္လင်တံကဲတို့၏ အပေါ်ပိုင်းတွင် အဆော်အောက်၌ ကျေးငှက်တို့ကွေး၍ ဝပ်နေဟန် အကွေး အကောက်၊ အချိတ် အဆက်ပုံ အဆင်တန်ဆာ (ပုစွန်ထုပ်ကွေး ဟုလည်း ခေါ်သည်။) [**အုပ်ချုပ်**၊ ပဍ္ဍ၊ စာ ၆၆]




ဥကင်တော်

**ကျေးစေတိုင်** – (၁) လှေကြီးများတွင်လှဲထားသော ရွက်တိုင်တင်ရန် တန်းထိုးထားသည့်တိုင်နှစ်တိုင် (၂) စောင်ပန်းပုခက်၊ ညောင်စောင်း စသည်တို့တွင် အနားလေးဖက်တို့ တစ်ခုနှင့်တစ်ခု ဆုံရာထောင့်၌ တိုင်ထူ၍ အထွတ်တင်ထားသောတိုင် (၃) တံခါးပေါက် ပြတင်းပေါက်တို့၏ အပြင်၌ အလှအပ မွမ်းမံခြယ်လှယ်၍ စိုက်ထူထားသောတိုင် (မိမိ စေစားသော ကျေးငှက်နားနေရန် စိုက်ထူထားသောတိုင်) [**ရွှေဘုံ**၊ စာ ၃၆ နှင့် **တဏ္ဍသိုလ်**၊ ၁၊ စာ ၇၇]

**ကျေးလှေ** – ကျေးရုပ်အသွင်ဖော်ထားသောလှေ [ **ဦးမောင်မောင်တင်စာစု** ]

**ကျေးသီးမြို့ရွာ** – ၁၀မိုင်ပတ်လည်အတွင်း သီးခြားစီရင်ပိုင်ခွင့်ရှိသောမြို့၊ ကျေးရွာ [**စမူ**၊ စာ ၆၃]

**ကျောငွေ** – ငွေစစ်ငွေကောင်း၊ သန့်စင်သောငွေ [**ရွှေမြန်**၊ စာ ၉၈ နှင့် **တဏ္ဍသိုလ်**၊ ၁၊ စာ ၈၁၊ **ပေါ်တာန်**၊ စာ ၇]

**ကျော့ကျည်း** – ပျင်းရိသည်။ ပေါ့ပေါ့ဆဆ နေသည်။ [**တဏ္ဍသိုလ်**၊ ၁၊ စာ ၈၀]

**ကျော်ကသည်း** – ဗိုလ်ယက်နမ် [**စမူ**၊ စာ ၁၃–၁၄]

**ကျော်စည်တိုက်** – ယခု မတ္တရာမြို့၏ ဝန်းကျင်ဒေသ [**သုသောဓိတ**၊ ပ၊ စာ ၂၄၇၊ **အုပ်ချုပ်**၊ တ၊ စာ ၂]

**ကျော်ပလွေ** – အခင်မပါဘဲ မှုတ်ပေါက်ကို အထက်ဘက်၌ ဖောက်ကာ လေကိုအထက်ဘက်မှ ကျော်သွင်း၍ အသံမြည်စေသော ပလွေ [**မြန်မှုင်**၊ ဖြည့်၊ ၁၉၂] (ကျော်ပလွေသံကို နန်းသံဟုလည်း ရှေးအခါက ပြောဆိုကြသည်။) [**ရာမရကန်**၊ စာ ၁၃၉]


**ကျော်ပုဂံ** – ယခု ဗိုလ်ယက်နမ်နိုင်ငံ တုံကင်နယ် [**အုပ်ချုပ်**၊ တ၊ စာ ၆၂]

**ကျောက်ဆောက်မြို့** – ညောင်ဦးမြို့နယ်၊ သရေကျောက်ရွာ အနီးတွင် တည်ရှိသည်။ [**စမူ**၊ စာ ၁၇]

**ကျောက်ဆောက်မြင်း** – ပင်းယခေတ် ဥဇနာမင်း (၁၃၂၁–၄၀) လက်ထက်တွင် ဖွဲ့စည်းခဲ့သော ကျောက်ဆောက်မြင်း ၄၄ စီး [**ရိုရို**၊ စာ ၂၉]

**ကျောက်တိုင်ပြင်ကျေးရွာ** – မင်းတုန်းမင်း (၁၈၅၃–၇၈) လက်ထက်မှစ၍ အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်ချုပ်သော နယ်နှင့် မြန်မာမင်းပိုင်နက် အထက်မြန်မာနိုင်ငံတို့ကို ပိုင်းခြားစိုက်ထူထားသည့် ကျောက်တိုင်၏ အပြင်ဘက် (တောင်ဘက်)ရှိ ကျေးရွာ "နွား၊ ကျွဲ၊ မြင်းများကို ကျောက်တိုင်ပြင် ကျေးရွာများသို့ အထုတ် အယူ အရောင်းအချ မရှိစေရ" [ROB, IX, p. 731]

**ကျောက်မီး** – ယမ်းနှင့်ကျည်စေ့တို့ကို ပြောင်းဝမှ ထိုးသွင်းကာ မီးခတ်ကျောက် တပ်ထားသောမောင်းဖြင့် ရိုက်၍ မီးပွင့်စေပြီး ပစ်ခတ်ရသော ရှေးခေတ်သုံး သေနတ် [**မြန်မာတပ်**၊ စာ ၉၀]




ကျောက်မီးသေနတ်

**ကျောက်သွေး** – ကျောက်တွင်းတော်များက ဆက်သသည့် ပတ္တမြားကျောက်များနှင့် ဝယ်ယူရရှိသော ပတ္တမြားကျောက်များကို ချောမော လှပအောင် သွေးရသည့် အမှုထမ်းများ [**ရွှေနန်းသုံး**၊ စာ ၁၇၆]

**ကျင်ခပ်နီခေါင်းပေါင်း** – (၁) ရွှေချည်ထိုးအနီရောင်ပိုးထည် ခေါင်းပေါင်း [**တက္ကသိုလ်**၊ ၁၊ စာ ၉၀] (၂) အင်္ဂလန်တွင် ရက်လုပ်သော ပါးလွှာချောမွေ့သည့် အနီရောင် ခေါင်းပေါင်း [**ဦးမောင်မောင်တင်စာစု** ]

**ကျင်ခပ်အိတ်** – ရွှေခြည်ထိုး ပိုးအိတ် [**တက္ကသိုလ်**၊ ၁၊ စာ ၉၀]


**ကျင်လျင်** – ကျွမ်းကျင်သည်။ [**ရွှေမြန်**၊ စာ ၉၈]

**ကျင်းဆင်** – မသာတော်တွင် အရိုးတော် ကောက်ရန် လိုက်ပါရသော အစွယ်တစ်ဖက်ကျိုး ဆင်ပေါက်နှင့် ဆင်မ [**ရွှေနန်းသုံး**၊ စာ ၁၉၇]

**ကျောင်းလေးရပ်** – (၁) သင်္ဃိကကျောင်း (၂) ပုဂ္ဂလိကကျောင်း (၃) စာသင်ကျောင်း (၄) စတုဒိသာကျောင်း [ROB, I, p. 427]

**ကျောင်းအရာမ်** (*မြန် + ပါ*) – ဘုန်းကြီးကျောင်းဝိုင်း [**တက္ကသိုလ်**၊ ၁၊ စာ ၉၂]

**ကျိုင်း** – မြင့်မြတ်သော ဂုဏ်ထူးနှင့် အခွင့်အာဏာ၏ အထိမ်းအမှတ်အဖြစ် မင်း၊မိဖုရား၊မင်းသား၊ မင်းဆရာတော်မှူးမတ်ကတော်မယား တို့ သုံးစွဲသောအဆောင် အယောင် တစ်ခု ဖြစ်သည့် ထီးငယ် (အဆင့် အတန်း အလိုက် ကျိုင်းအရေ အတွက် အနည်း အများ နှင့် ကျိုင်း ခြယ်လှယ်ပုံ ကွဲပြား သည်။) [ROB, I, p. 155, ROB, IV, p. 341 နှင့် **ယုဒသန်**၊ စာ ၂၂၄]




**ကျည်ပုံ** – မင်းနှင့် စော်ဘွား မြို့စားတို့ထံ ပေးပို့သည့် အမိန့်တော်အမှာတော်ထည့်ရန် ချိပ်နီတိုက်၍ သစ်သားအဖုံးတပ်သော ဝါးကျည် [**အင်ရုံ**၊ စာ ၇၃-၄] "ကျည်ပြန်တွင် သွတ်သည့်စာကို ...အဝ ရှစ်ထောင့်ကျောင်း ဆရာတော်နှင့်...စာဆိုမင်းရာဇာတို့ကောင်းစွာ ဆောင်ယူပြီး ...သီရိသုဓမ္မရာဇာ တပ်တော်သို့ သွားကြလေ၏" [**ကုန်းဘောင်**၊ ပ၊ စာ ၂၁၁]

**ကျည်းပြည်** – အိန္ဒိယတောင်ပိုင်းရှိ ဒမိဠ (Tamil) ခေါ် ကျည်းကုလားတို့ နေထိုင်ရာ မဒရပ်မြောက်ပိုင်းဒေသ [**ရခိုင်ရာသစ်**၊ ပ၊ စာ ၁၉၁] "သီဟိုဠ်နှင့် ကွမ်းစားလည်း ကြီးလွန်းသည်။ ဒမိလ မည်သော ကျည်းလူမျိုးတို့၏ ကွမ်းစား သည်လည်း ငယ်လွန်းသည်" [**သမ္ဘန္ဓကျော်**၊ ၃၊ စာ ၉၈]

**ကျည်းရှည်တံခါး** (ကျည်းရှင်တံခါး) – အဖွင့် အပိတ် ပြုလုပ်၍ရသော မင်းတုပ်ထိုးတံခါးအရှင် [**ရွှေဟင်္သာ**၊ စာ ၇၀ နှင့် **မြန်စာညွှန့်**၊ ပ၊ စာ ၅၈]

**ကျည်းသေ** – အဖွင့်အပိတ်လုပ်၍ မရသော တံခါးသေ [**မြန်စာညွှန့်**၊ ပ၊ စာ ၅၈]

**ကျတ်တီးကုန်း** – သဲကျောက်ထူသဖြင့် သစ်ပင်မပေါက်သော ကုန်းမြေ [**ယုဒသန်**၊ စာ ၂၀၉]

**ကျိတ်စု** – ဌာနေအသည်လည်း မဟုတ်၊ မင်းမှုထမ်းလည်း မဟုတ်ဘဲ အရပ်တစ်ပါးမှ ရောက်ရှိနေထိုင်ပြီး အခွန်တော်ကိုလည်း အသည်များနည်းတူ ထမ်းဆောင်ရသော အစု [**အုပ်ချုပ်**၊ တ၊ စာ ၄၄နှင့် **အုပ်ချုပ်**၊ စ၊ စာ ၂၈၂]

**ကျိန်းနောကြောင်း** – နတ်ကျွန်းအောင်မြေခေါ် ကင်းတပ်မှ မြစ်အနောက်ဘက်သို့ ကူး၍ ကျိန်းနောတောင်ကို ကျော်ကာ ကျိန်းနော၊ အောက်တောင်ရွာ၊ ပန်သာရွာ တမူး၊ ကက်စိန်နှင့် ကုလားရွာတို့ကို ကျော်ဖြတ်၍ ကသည်းမြို့တော်မျဉ်းတဲသို့ ပေါက်သောလမ်း [**ကုန်းဘောင်**၊ ပ၊ စာ ၂၈၅-၉]

**ကျပ်** – ဝါးဖြင့် ပြုလုပ်သော တောင်းငယ် တစ်မျိုး [**ယုဒသန်**၊ စာ ၂၁၀]

**ကျပ်မြင်းမိုရ်** – တကောင်းမင်း၏ ယောက်ဖ ဖြစ်သော ရှင်ရသေ့အား သိကြားမင်းကကပ်လှူသော တောင်းငယ် ဖြစ်သည်ဟု ဆိုရိုးရှိသဖြင့် ကျပ်မြင်းမိုရ်ဟု ခေါ်သည်။ (ကျပ်မြင်းမိုရ်သည် မင်းနှင့် မင်းသားတို့၏ အသုံးအဆောင်သာ ဖြစ်သည်။ မှူးမတ်တို့၏အသုံးအဆောင် မဟုတ်ချေ။) [**ရွှေဘုံ**၊ စာ ၁၂-၃]

**ကျပ်လျား** – မင်းခမ်းတော်ဝင်ဖြစ်၍ မွမ်းမံ ခြယ်လှယ်ထားပြီး အဖုံးအပိတ် ပါသော တောင်းငယ် [**ရွှေဘုံ**၊ စာ ၉၆၊ ၁၂၀]

**ကျမ်း** – (၁) တိကျ ပြည့်စုံစွာ ရေးဖွဲ့ထားသော စာအုပ် (၂) ပေစာထုပ် မပျက်မစီးအောင် အထက်နှင့် အောက် နှစ်ဖက်ညှပ်ပြီး ထိန်းထားရန် အတွက် ပေရွက် လောက်ပင် အလျား အနံ ရှိသည့် သစ်သားချောင်း နှစ်ချောင်း [**ရှေးဟောင်းပေ**၊ စာ ၁၇]

**ကျမ်းမျိုးရှစ်ပါး** – (၁) အဋ္ဌကထာ (၂) ဋီကာ (၃) အနု (၄) မဓု (၅) လက်သန်း (၆) ဂဏ္ဌိ (၇) ဂန္တိဒ္ဒ ရ (၈) ယောဇနာ [**သာသနာ**၊ စာ ၄၇]

**ကျုံးဝန်** – အလောင်းမင်းတရားကြီး (၁၇၅၂ – ၆၀) လက်ထက်မှ စ၍ ကျုံးတော်ကို အထူးကြီးကျယ်အောင် အားထုတ်တူးဖော် လုပ်ဆောင်ရန် တာဝန်ပေးခြင်း ခံရသောမှုးမတ် [**ရွှေနန်းသုံး**၊ စာ ၁၁၉]

**ကျုံးသုံးတန်** – (၁) ရေကျုံး (၂) ညွန်ကျုံး (၃) အခြောက် ကျုံး [**ကဗိ**၊ စာ ၂၃၅]

**ကျယ်ကျယ်လွန့်လွန့်** – ကျယ်ကျယ်ပြန့်ပြန့် (ကြံစည် ဆောင်ရွက်ခြင်း) [**ကုန်းဘောင်**၊ တ၊ စာ ၇၁၈]

**ကြငှန်း** – (၁) နန်းတော် (၂) နန်းတော်ရှိ သလွန်တွင် စိုက်ထူထားသောထီး (၃) အထွတ်အမြတ် (၄) တိုင် အမည် [**မြန်တန်**၊ စာ ၃၁]

**ကြငှန်းထီး** – မင်းစံတော်မူသည့်သလွန်ထက်တွင် ဖွင့်လျက် အစဉ်အမြဲစိုက်ထူထားသောထီး (ကြငှန်းထီးကို ရတနာ ခုနစ်ပါးဖြင့် စီခြယ်သည်။) [**ရှိုင်ရာသစ်**၊ ပ၊ စာ ၉၃]

**ကြငှန်းဖို** – တောင်ဘက်သို့ မျက်နှာမူသော အဆောက် အအုံတွင် မြောက်ဘက်၌ စိုက်ထူထားသော တိုင် သုံးတိုင်အနက်အလယ်တိုင် [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၅၁]

**ကြငှန်းမ** – တောင်ဘက်သို့ မျက်နှာမူသော အဆောက် အအုံတွင် တောင်ဘက်၌ စိုက်ထူထားသော တိုင် သုံးတိုင်အနက်အလယ်တိုင် [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၅၁]

**ကြပတော့** – ပကတိ [**ရွှေဟသာ**၊ စာ ၁၆၃]

**ကြာခြည်** – (၁) ခြင်ထောင် (၂) ခြင်ထောင်ပိတ် [**မြန်တန်**၊ စာ ၃၁]

**ကြာဆည်ဥဒည်** *(တရုတ်)* – မန်ချူးကေရာဇ် ကြားချင့် 嘉慶皇帝 (Chia Ching 1796-1821)

**ကြာမျိုးငါးပါး** – (၁) ကြာဖြူ (၂) ကြာနီ (၃) ကြာညို (၄)ကြာတံဆိပ်(ကြာပုဏ္ဍရိက်) (၅)ကြာခေါင်းလောင်း (ပဒုမ္မာကြာ) [**သုတေသန**၊ စာ ၁၄၉]

**ကြာယပ်** – မဏ္ဍပ်၏အမိုးစပ်တစ်လျှောက်တွင် ဆွဲဆင် ထားသော နဖူးစည်း [**မြန်မာ့ဝေါဟာ**၊ က၊ စာ ၁၈]

"မျက်နှာကြက် ကြာယပ်လှဇရဲ့ မွမ်းမံခြယ်လှယ်၍ ပွဲသဘင် စည်ပင်သာယာအောင် ခံရ၏" [**ကုန်းဘောင်**၊ တ၊ စာ ၂၃၃]

**ကြာသွတ်အိုး** – ဝမ်းပူနေသော ညောင်ရေအိုး [**တဏ္ဍသိုလ်**၊ ၁၊ စာ ၁၀၆]

**ကြီးရိုး စီးရိုး** – သူကြီးရိုးနှင့် မြင်းစီးရိုး [**လွှတ်တော်မှတ်**၊ စာ ၂၄၁]

**ကြေးစလောင်း** – စေတီတော်တွင် ငှက်ပျောဖူးအထက်၌ ဖုံးအုပ်သည့် ကြေးပြား၊ သံပြား [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၅၆]

**ကြေးစည်တိုင်** *(လှေ)* – ကျေးစေတိုင်၊ လှေကြီးများတွင် လှဲထားသော ရွက်တိုင်တင်ရန် တန်းထိုးထားသည့် တိုင်နှစ်တိုင် [**တဏ္ဍသိုလ်**၊ ၁၊ စာ ၇၇] "စိန်ပြောင်းနှင့် မြို့ထိပ်က လှေတော်ကို ပစ်လေသည်။ လှေတော် ကြေးစည်တိုင်ကို မှန်၍ ကျိုးချေ၏" [**မှန်နန်း**၊ ၃၊ စာ ၄၉]

**ကြေးတိုက်** – (၁) ပဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက် အထိ ကြေးသံ လောဟာ စသော သတ္တုများနှင့် ဆင်စွယ်များ ထားသိုသောတိုက် (၂) သာယာဝတီမင်း (၁၈၃၇ – ၄၆) လက်ထက်မှ စ၍ ရာဇဝတ် ပြစ်မှု သင့်သော မင်းညီမင်းသားများကို ချုပ်နှောင် ထားရာ တိုက် [**အုပ်ချုပ်ပုံ**၊ စ၊ စာ ၈၅ နှင့် ROB, IV, p. 670; ROB, VII, pp. 231, 236; **ကုန်းဘောင်**၊ ၃၊ စာ ၅၈၀]

**ကြေးထမ်းကြီး** – ငွေခွန်တော်များစွာ ထမ်းဆောင်ရသူ ဖြစ်ပြီး အခွန်တော် ကောက်ခံရာတွင်လည်း သူကြီးကို ကူညီရသူ လူကြီး [**လွှတ်တော်မှတ်**၊ စာ ၂၆၁ နှင့် **ယာအသန်**၊ စာ ၂၃၈]

**ကြေးထမ်းကြီးငယ်** – အခွန်တော်များစွာထမ်းဆောင်ရသူကို ကြေးထမ်းကြီးဟုခေါ်၍ အနည်းငယ်သာ ထမ်းဆောင် ရသူကို ကြေးထမ်းငယ်ဟု ခေါ်သည်။ (ထိုနှစ်မျိုးကို ပေါင်းရုံး၍ ကြေးထမ်းကြီးငယ်ဟု ခေါ်ခြင်းဖြစ်သည်။) [**လွှတ်တော်မှတ်**၊ စာ ၂၆၁] "ကြေးရွာအသည်အလာ ကြေးထမ်းကြီးငယ်တစုတို့ သူကြီးသောတိုး ဆင့်ဆိုရာ နာခံ ထမ်းရွက်ကြရမည်" [ROB, IX, p. 393] "ရွှေမှူး ငြေမြတ်စိမ့်လည်း အမိန့်တော်မြတ်ရင်းနှင့် အညီ. . . ကြေးထမ်းကြီးငယ် တစုတို့မှာ သာနာညီမျှ ခွဲခန့် ကောက်ခံ ဆောင်ရွက်ဆက်သွင်း ထမ်းရွက်ရမည်" [ROB, IX, p. 398]

**ကြေးပေးကြီး** – ကြေးထမ်းကြီး (အခွန်တော်ထမ်းကြီး) [ROB, IX, pp. 629, 780, 800] (၁၈၇၂ ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့အမိန့်တော်တွင် ကြေးပေးကြီး ဟု စတင် သုံးနှုန်းသည်။ သို့သော် တွင်ကျယ်ခြင်း မရှိပေ။) [ROB, IX, p. 780]

**ကြေးပြာသာဒ်တော်** – နန်းမတွင် ရှေ့ကွန်းစင်အတွင်း၌ တည်ထားသောကြေးပြာသာဒ်(မင်းဧကရာဇ်တို့ ထီးနန်း သိမ်းမြန်းသောအခါ ရှေးဦးစွာ ကြေးပြာသာဒ်တွင် ခုနစ်ရက် စက်တော် ခေါ်သည်။) [**ရှေးဘုံ**၊ စာ ၄၄-၅]

**ကြေးမုံတံခါး** – မန္တလေးနန်းမြို့တော်တွင် ရှိခဲ့သော မသာ ချမြဲတံခါး [**အုပ်ချုပ်**၊ စ၊ စာ ၁၂]

**ကြဲမှုန်းရန်** – အနံ့အပြား ဖြန့်ပက်ရန် [**မြန်စာန်**၊ စာ ၃၃]

**ကြဲသေး** – စစ်မှုထမ်းတို့ ဝတ်ဆင်သော သံချပ်အင်္ကျီ [**အုပ်ချုပ်**၊ စ၊ စာ ၁၂၂]

**ကြော့** – စော်ဘွားပိုင် နယ်မြေအတွင်းရှိ ကျေးရွာကို အုပ်စိုးသော သူကြီး [**အုပ်ချုပ်**၊ စ၊ စာ ၁၁၂၊ **အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၁၃၇]"လူအများနှင့်လာရောက်၍ အင်းလေးရွာ ကြော့သူကြီး ဧစံထင်အိမ်ကို ဝန်းရံတိုက်ခိုက်သည်" [ROB, V, p. 757]

**ကြော့ဖွတ်** *(အင်္ဂလိပ်)* –ဂျွန်ခရော့ဖတ်(John Crawfurd) [E&B, p. 122 နှင့် ROB, VIII, p. 498]

**ကြော့လှေ** – လှေတပ်၌ လျင်မြန်စွာသွားလာနိုင်ရန် စီစဉ် တည်ဆောက် ထားသော လှေ။ အခြား လှေများကို ချိတ်ဆွဲ ယူနိုင်ရန် သံချွန် သံချိတ် ကိရိယာများ တပ်ဆင် ထားသော သူရဲစီးလှေ [**ဦးကုလား**၊ ပ၊ စာ ၂၃၃ အောက်]

**ကြံဆစ်** – ကြံပင်၏ အရိုးအဆစ်နှင့် တူသောပုံ [**မြန်စာန်**၊ စာ ၃၃]

**ကြံတူ** – အနီမှ အမြင့်၏ ရှေးအမည် [**ရိုရို**၊ စာ ၃၅]

**ကြံမဖတ်** – ကံကြမ္မာအဆိုးအကောင်းကို ဖတ်ကြားနိုင်သော မှူးမတ် [**လီနစ္ဆု**၊ စာ ၃၆၇] ၊ သူရဲကောင်းအာဇာနည် [**မြန်မွှင်**၊ ပ၊ စာ ၁၂၂-၃]

**ကြံသိုင်း** – အမှုကိစ္စ အလုံးစုံကို အောင်မြင်အောင် ကြံစည် ဆောင်ရွက်နိုင်ခြင်း (ထိုသို့ဆောင်ရွက်နိုင်သော မှူးမတ် အား ကြံသိုင်း ဟူသောဘွဲ့မည်ကို ချီးမြှင့်လေ့ရှိသည်။) [**လီနစ္ဆု**၊ စာ ၃၆၇]

**ကြိုး** – (၁) ကြိုးတပ် တူရိယာ ဖြစ်သော စောင်းဖြင့် တီးရန်၊ ဆိုရန် ရည်ရွယ်စီကုံးသော သီချင်းနှင့်တီးကွက် (၂) ချည်နှောင်ရာတွင် သုံးသောပစ္စည်း (၃) အားထုတ် သည် [**တက္ကသိုလ်**၊ ၁၊ စာ ၁၁၆]

**ကြိုးဆယ်မျိုး** – သရီးဖြင့် ကြိုးသဏ္ဍာန် အကွေ့အဝိုက် အတွန့်အလိမ်အဖြောင့်အတန်းပုံဖော်၍ တန်ဆာဆင်ခြင်း ဆယ်မျိုး (၁) ခရုပုခက် (၂) ဘယက် (၃) မှော်ပတ် (၄) ငါးပတ်ခံတွင်း (၅) မှော်သီး (၆) ပြော့ဝမ်းကြီး (၇) နဂါးလိမ် (၈) ရာမလက်ညှိုး (၉) တမုတ်ဆွဲ (၁၀) နန်းပြောက် (ဇဝါရေးရိုး ကြိုးဆယ်မျိုး ဟူ၍ အဆိုရှိသည်။) [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၆၂]

**ကြိုးလမ်းစာတမ်း** – မင်းဧကရာဇ်က မင်းမှုထမ်း တစ်ဦးဦး အား လုပ်ကိုင်စားသောက်ရန်အတွက် ကြိုးဖြင့်တိုင်းတာ ပတ်ဝိုက်ချထားပေးကြောင်း မှတ်တမ်းတင်ထားသည့် စာတမ်း [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၃၀-၁]

**ကြက်ဆောင်း** – ညအခါတွင် အနည်းငယ် ချမ်းအေးနေ သေးသည့် ဆောင်းအကုန် နွေအကူး တပေါင်းလရာသီ [**ဓမ္မရန္တမိတ်**၊ စာ ၁၈]

**ကြက်တာက်** – (၁) ကြက်သတ္တဝါတို့ အိပ်တန်း တက်ကြ သည့် ညနေမှောင်စပျိုးသော အချိန် (၂) ကြက်ဖ၏ ချွန်ထက် မာကျောသော အတက် [**တက္ကသိုလ်**၊ ၁၊ စာ ၁၁၈]

**ကြက်နင်း** – ဝနီ သို့မဟုတ် သက်ငယ်အမိုး လန်မသွား အောင် ဖိ၍ အုပ်ထားသော လေးကွက်ကြား ရက်ထား သည့် ဝါးကပ်ကဲ [**တက္ကသိုလ်**၊ ၁၊ စာ ၁၁၉]

**ကြက်မောက်တန်း** – နတ်ဆော် ပန်းဆော် ကဲ့သို့သော အဆင်တန်ဆာ

**ကြက်ရိုးထိုး** – ကြက်ရိုး၏ အခြေအနေကို ကြည့်၍ ဗေဒင် တိတ်နိမိတ် တွက်ချက် ကောက်ယူသည်။ [**မြန်စာန်**၊ စာ ၃၅]


**ကြက်ရင်** – ကြက်၏ရင်ဘတ်နှင့်တူသော ဗိသုကာမှုဆိုင်ရာ အဆင်တန်ဆာ တစ်မျိုး [**တက္ကသိုလ်**၊ ၁၊ စာ ၁၂၀]

**ကြက်သက်** – အိပ်တန်းမှ ကြက်သတ္တဝါတို့ ဆင်းသက် သည့် နံနက်လင်းစပျိုးသော အချိန် [**တက္ကသိုလ်**၊ ၁၊ စာ ၁၂၂]

**ကြောင်းချည်** – အကြောင်းမကြားမဆင့်ဆိုဘဲ ရတ်တရက် ချက်ခြင်း [**ဦးကုလား**၊ ပ၊ စာ ၁၆၈အောက်]"ကျွန်တော် တွင် ကြောင်းချည်းထသော် တိုက်ဆင်တရာ၊ မြင်း ရှစ်ရာ. . သူရဲကောင်း တသောင်း ရ၏" [**ဦးကုလား**၊ ပ၊ စာ ၁၆၈]

**ကြည်းကင်း** – လုံခြုံရေး အတွက် ကုန်းလမ်းခရီး တစ်လျှောက်တွင် ချထားသော ကင်း (မြန်မာနယ်တွင် ကြည်းကင်း ၃၀၊ ရှမ်းနယ်တွင် ကြည်းကင်း ၁၇ ရှိသည်။) [**အုပ်ချုပ်၊** ပ၃၊ စာ ၁]

**ကြည်းဝန်း** *(စေတီ)* – စေတီတော်တွင် ခေါင်းလောင်းပုံ၏ အောက်ဘက်၌ ဝန်းဝိုင်းရစ်ပတ်လျက် တန်ဆာဆင်ထားသော အဆင့်များ




**ကြွတ်** – ကောင်းကင် အလယ်၌ ပေါက်သော သက်တံ [**မြန်စာညွှန့်**မ၊ စာ ၆၂အောက်]

**ကြတ္တိကာနှစ်** – နှစ်အမည် ဖြစ်သည်။(ကောဇာသက္ကရာဇ်ကို တည်၍ ၂၈နုတ်၊ အကျန်ကို ၁၂ဖြင့် စားသောအခါ ၈ ကြွင်းသောနှစ်ကို ကြတ္တိကာနှစ်ဟု ခေါ်သည်။ ကျောက်စာများတွင် ကြတ္တိကာနှစ်ကို ကြတိကနှစ်၊ ကြတိုက်နှစ်၊ ကြာတိုက်နှစ်၊ ကြိတိက္ကနှစ် ဟူ၍ ဖော်ပြသည်။) [**မဟာမုနိ**၊ ပ၊ စာ ၄၁၀]

**ကြတ္တိကာသဘင်** – ကြတ္တိကာကြယ်နှင့် စန်းယှဉ်သော တန်ဆောင်တိုင် မီးထွန်း ပွဲတော် [**မေးတော်ဖြေ၊** စာ ၂၇၂-၃]

**ကြိတ်** – မိုးအလယ်တွင် မှုန်းတည့်သကဲ့သို့ ထွက်သော သက်တံ [**ခွယ်စုံကျော်ထင်၊** စာ ၃၆]

**ကြမ္မာ ၃၂ မျိုး** – (၁) ဆူးရှိသောကြိမ်ဖြင့် အရိုက်ခံရခြင်း (၂) ဆူးမရှိသောကြိမ်ဖြင့် အရိုက်ခံရခြင်း (၃) ဆောက်ပုတ်ဖြင့် အရိုက် ခံရခြင်း (၄) လက်အဖြတ် ခံရခြင်း (၅) ခြေအဖြတ် ခံရခြင်း (၆) နားအဖြတ် ခံရခြင်း (၇) နှာခေါင်းအဖြတ် ခံရခြင်း (၈) နား၊ နှာခေါင်း အဖြတ် ခံရခြင်း (၉) ဦးခေါင်းခွံခွာ၍ ပူလွန်းသော သံတွေခဲအထည့်ခံရခြင်း (၁၀) ဆံပင်နုတ်၊ ဦးရေခွာ၍ ကျောက်ဖြင့် ပွတ်တိုက်ခံရခြင်း (၁၁) သံတံကျင်ဖြင့် ခံတွင်းကိုဖွင့်၍ ခံတွင်းအတွင်း မီးထွန်း ခံရခြင်း (၁၂) ကိုယ်အလုံးကို ဆီပုဆိုး ရစ်၍ မီးရှို့ခံရခြင်း (၁၃) လက်တွင်ဆီပုဆိုးရစ်၍ မီးရှို့ခံရခြင်း (၁၄)ရေမျို့အောက်မှစ၍ အရေခွံခွာ ခံရခြင်း (၁၅) လက်မှစ၍ အရေခွာ၍ခါး၌ထားခြင်း၊ ခါးမှစ၍ဖမျက်အထိ အရေခွံခွာခံရခြင်း (၁၆) တတောင်နှစ်ဖက်၌ သံခြေကျဉ်းခတ်၍ ပတ်ပတ်လည်မီးရှို့ထားသောနေရာအလယ်တွင် တွားသွားစေခြင်း (၁၇) ငါးမျှားချိတ်ဖြင့် ချိတ်၍ အရေ အသား အကြောတို့ကို ခွာခြင်း (၁၈) ကိုယ်ခန္ဓာကို ပဲခွပ်ဖြင့်ရွေလျက် သားတစ်ငယ်များကျစေခြင်း (၁၉) ငါးမျှားချိတ်ဖြင့် ချိတ်ဆွဲ၍ ဆားငံရည်ထည့်ပြီး ဝက်မှင်ဘီးဖြင့် ပွတ်တိုက်ခံရခြင်း (၂၀) တစ်ဖက်စောင်းအိပ်စေ၍ နားထင်တွင် သံတံကျင်နှက်ပြီး ခြေကိုကိုင်၍ အလှည့်ခံရခြင်း (၂၁) အရိုးတို့ကို ကျောက်ဖြင့် အထုခံရခြင်း (၂၂) ဆီပူဖြင့် အလောင်းခံရခြင်း (၂၃) အစာငတ်သောခွေးတို့၏ ကိုက်ခဲမှုခံရခြင်း (၂၄) တံကျင်လျှိုခံရခြင်း (၂၅) ဦးခေါင်းအဖြတ်ခံရခြင်း (၂၆) ပူစွာသောသံတွေကို လက်ယာလက်၌ စိုက်နှက်ခြင်း (၂၇) ပူစွာသောသံတွေကို လက်ဝဲလက်၌ စိုက်နှက်ခြင်း (၂၈) ပူစွာသောသံတွေကို လက်ဝဲခြေ၌ စိုက်နှက်ခြင်း (၂၉) ပူစွာသောသံတွေကို လက်ယာခြေ၌ စိုက်နှက်ခြင်း (၃၀) ပူစွာသောသံတွေကို ရင်ဝ၌ စိုက်နှက်ခြင်း (၃၁) ဓားမတို့ဖြင့် အရွေခံရခြင်း (၃၂) ပဲခွပ်ဖြင့် အရွေခံရခြင်း [**သုစမှတ်**၊ စာ ၄၈၃-၅]

**ကြိမ်ခွေသံတွေကိုင်** – သိုင်းလုပ်ရန် ကြိမ်ခွေနှင့် သံခဲကိုင် အမှုထမ်း [**ဦးမောင်မောင်တင်မှတ်စု**]

**ကြီးဝါးသံသုံးခွန်း** *(ဘုရားလောင်း)* – (၁) အဂ္ဂေါဟမသ္မိ လောကဿ–လောက၌ ငါသည် အမြတ်ဆုံးဖြစ်၏ (၂) ဇေဋ္ဌောဟမသ္မိလောကဿ – လောက၌ ငါသည် အကြီးဆုံးဖြစ်၏ (၃) သေဋ္ဌောဟမသ္မိလောကဿ – လောက၌ ငါသည် အချီးမွမ်းထိုက်ဆုံး ဖြစ်၏။ [**ကုန်းဘောင်၊** တ၊ စာ ၅၆၀]

**ကြယ်ခတ်** – အဆင်တန်ဆာတော်များတွင် စီခြယ်ထိုးလုပ်ရန် ရွှေကြယ်၊ ငွေကြယ်များကို ခတ်လုပ်ပေးရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၅၇]

**ကွေ့လှမျိုး** – (၁) ကွေ့လှမျိုးနှင့် ကွေ့ဟူသော ဝေါဟာရ ပေါ်ပေါက်လာခဲ့သည့် မူလဇစ်မြစ်ကို အသေအချာ မသိရပါ။ ပင်းတလဲမင်း (၁၆၄၈–၆၁) လက်ထက်

မြန်မာနိုင်ငံအတွင်းသို့ ပြေးဝင်လာသော တရုတ်ဧကရာဇ် ယုန်လိ၏ အခြားအမည် တစ်ခုမှာ ကွေ့မင်းသား ( 桂王 )ဟု ခေါ်သဖြင့် ၎င်း၏ နောက်လိုက် နောက်ပါ ခြွေရံသင်းပင်းဖြစ်သော တရုတ်လူမျိုးများနှင့် မြန်မာတိုင်းရင်းသားများသင့်၍ ပေါက်ပွားလာခဲ့သူများကို ကွေ့ဟူသော အမည်ဖြင့် ခေါ်ဝေါ်ခဲ့ဟန်တူသည်ဟု အချို့ပုဂ္ဂိုလ်တို့က ဆိုသည်။ [**ရာဇဝင်သစ်**၊ ၈၊ စာ ၁၅၇] (၂) ကွေ့လည်တတ်သောသူ [**ကျော်အောင်စံထား**၊ စာ ၂၄၁]

**ကွေ့ဝါ** *(တရုတ်)* – ကွေ့ဝှား ( 桂花 )ဟု ခေါ်သော တရုတ်သနပ်ခါးပန်း [**ဝင်း** ]

**ကွဲစီး** – တရားခံ၏ ခြေနှင့်လက်တို့ကို ပေါင်းစည်းချည် နှောင်ကာ ခြေလက်တို့အကြား တုတ်ချောင်းလျှိုပြီး ညှင်းပန်း နှိပ်စက်ခြင်း [ROB, X, p. 105 နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၂၆၇]

**ကွန်** – (၁) မြောက်သည်၊ မြင့်သည်၊ ပျံတက်သည်။ (၂) မြင့်မြတ်သောအဆောက်အအုံ [**ရွှေမြန်**၊ စာ ၉၄]

**ကွန်ချာ** – (၁) ပိုက်ကွက်ပုံ ရက်ထားသော အုပ်စရာ (၂) ပိုက်ကွန်တွင် လက်ကိုင်ရန် စီစဉ်ထားသော ထိပ် အုပ် [**မြန်စာန်**၊ စာ ၄၀]

**ကွန်ပြောက်** – အပြောက်အမွမ်း ခြယ်ထားသော မြင့်မြတ် သည့် အဆောက်အအုံ၊ မင်းနေသောအိမ် [**ရွှေမြန်**၊ စာ ၉၇]

**ကွန်ရက်** – ပိုက်ကွန်ကဲ့သို့ အကွက်ပုံ ရက်ထားသောအရာ [**မြန်စာန်**၊ စာ ၄၀]

**ကွန့်ကွန့်လွန့်လွန့်** – လွတ်လွတ် လပ်လပ် လှုပ်လှုပ် ရှားရှား။ "ငါတို့ ကာလအရှည် ယိုးဒယားမြို့ကို ရံနေသောကြောင့် မြို့တွင်းသားတို့ ကျဉ်းမြောင်းလျက် ရှိလေပြီးသည်ကို ယခုငါတို့အရံကိုဖြုတ်၍ ဆုတ်ခွာ ရပ်နေသည်ရှိသော် မြို့တွင်းသားတို့ ပိုက်ကွန်မှလွတ် သောငါးကဲ့သို့ရှိ၍. . .သူတို့ကွန့်ကွန့်လွန့်လွန့် ကြံ ကြိုက်ရာရာ ကြံရချေသည်ရှိသော်. . .အကျိုးမဲ့မဖြစ်ချေ ပြီလော" [**ကုန်းဘောင်**၊ ပ၊ စာ ၃၈၃]

**ကွန်းခုနစ်စဉ် ဇေတဝန်ဆောင်** – ကွန်းစင်ခုနစ်ကွက်ဖြင့် တည်ဆောက်ထားသော ဇေတဝန်ဆောင် [**ကုန်းဘောင်**၊ ပ၊ စာ ၄၇၉]

**ကွန်းစင်တိုင် (ကွန်းတိုင်)** – နန်းတော် အိမ်တော် ကျောင်း စသော အဆောက်အအုံတွင် အရေးအကြီးဆုံးသော အပိုင်း(အလယ်ပိုင်း သို့မဟုတ် နံဘေးပတ်လည်ထက် မြင့်သောအပိုင်း)ကို ကွန်းစင်ဟုခေါ်ရာ ထိုကွန်းစင် ဆောက်ရန်အတွက် စိုက်ထူသောအမြင့်ဆုံး ပင်မတိုင် [ကွန်းစင် ဆောက်ရန်အတွက် တိုင်များ စတင် စိုက်ထူ သည်ကို ကွန်းတည်သည်ဟု ခေါ်သည်။ ကွန်းစင်တွင် ကွန်းစင် တိုင်ခြောက်လုံး စိုက်ထူပုံကို "ဥရု ကြငှန်း ရှေးကတန်း၊ ညောင်ရန်းရဝေ အလယ်နေ၊ သပြေဂုပ္ပိုး နောက်ကဆီး"ဟု လင်္ကာစပ်ခဲ့သည်။ တိုင်များ တည် နေပုံကို အောက်ပါအတိုင်း ပုံဆွဲ၍ဖော်ပြအပ်ပါသည်။] [**မြန်မှုင်**၊ ပ၊ စာ ၁၂၄]

ဂုပ္ပိုး ● ● ရဝေ ● ကြငှန်း

သပြေ ● ● ညောင်ရန်း ● ဥရု

**ကွန်းတည်သည်** – အဆောက်အအုံ တည်ဆောက်ရန် အတွက် အမြင့်ဆုံးသော ပင်မတိုင် စိုက်ထူသည်။ [ROB, X, p. 105]

**ကွပ်သိမ်းချက်** – တံဆိပ်ခပ်ပြီးသော စီရင်ချက်အကျဉ်း [ROB, X, p. 105]

**ကွမ်းကတိုး** – ကွမ်းယာနှင့် လက်ဖက်ရော၍ ထည့်ထား သောအထုပ် [**မြန်စာန်**၊ စာ ၄၁]

**ကွမ်းကျုပ်** – ကွမ်းထည့်စရာ တောင်းငယ် [**မြန်စာန်**၊ စာ ၄၁]

**ကွမ်းခန်းကျွန်တော်မျိုး** – မင်းဧကရာဇ်၏အလှူတော်မင်္ဂလာ အခမ်းအနားကြီးများနှင့်မင်းပွဲသဘင်တို့တွင် ကွမ်းအုပ် များ ပြည့်စုံလုံလောက်စေရန် ကွမ်းခန်းစာရေး တို့၏ ဆင့်ဆိုရာ နာခံလုပ်ကိုင် ထမ်းရွက်ရသော အမှုထမ်း ကျွန်တော်မျိုး [**ရွှေနန်းသုံး**၊ စာ ၄၀]

**ကွမ်းစား** *(အခြင်အတွယ်)* – တစ်စလယ် (နို့ဆီဘူးနှစ်လုံး ခန့်) ရှိသော အခြင်အတွယ်

လေးဆုပ် = တစ်ကျဲ = တစ်လက်ခုပ်
လေးကျဲ = တစ်ကွမ်းစား = တစ်စလယ်
လေးကွမ်းစား = တစ်အာဠှက = တစ်ပြည် = တစ်တုံ
လေးအာဠှက = တစ်ဒေါဏ = တစ်စိတ်
လေးဒေါဏ = တစ်မာဏိက = တစ်တင်း
လေးမာဏိက = တစ်ခါရီ = တစ်တို့
၂၀ခါရီ = တစ်ဝါဟ = တစ်လှည်း = တင်း (၈၀)
[**သမ္ဘန္ဓစကျူ**၊ ၃၊ စာ ၉၇-၉]

**ကွမ်းဆော်** – အခွန်ကောက်ရသော အရာရှိ

**ကွမ်းဖိုးထိန်း** – တရားစီရင်ပြီးပြေသောအခါ တရားရှုံးသူက ပေးဆောင်ရသောငွေများကို ကောက်ခံထိန်းသိမ်းရသူ [**အုပ်ချုပ်**၊ ၈၊ စာ ၅၁၊ ၅၄]

**ကွမ်းရေတော်** – မင်း မိဖုရားတို့အား စားတော်ကွမ်းနှင့် သောက်တော်ရေများကို အစဉ်အမြဲ ဆက်သရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၃၁]

**ကွမ်းလောင်း** – ကွမ်းထည့်သောခွက် [**တက္ကသိုလ်**၊ ၁၊ စာ ၁၅၂]

**ကွမ်းလိပ်** – ကြုတ်ပုံပြုလုပ်ထားသော ကွမ်းထည့်ရန်အစ် [**တက္ကသိုလ်**၊ ၁၊ စာ ၁၅၂]

**ကွယ်တင်းစကား** – မျက်ကွယ်တွင် ပြောဆိုသော အတင်းစကား။ "ရဲမက်အမှုထမ်းတို့ နှလုံးစိတ်ဝမ်းငယ်ကြ၍ ရှေ့သို့စစ်မျက်နှာဆိုင်ပြိုင်တွေ့ကြရလျှင်လည်း ငါတို့ဘက်က ခံရပ်နိုင်မည်မဟုတ်ဟု အချင်းချင်းကွယ်တင်းစကား ပြောဆိုကြသည်" [**ကုန်းဘောင်**၊ ၃၊ စာ ၅၁၇]

**ကျွဲနွားမြီး** – ကျွဲ နွား ရောင်း၍ ပေးဆောင်ရသော အမြီးကြေး [ROB, IX, p. 477]

**ကျွန်** – (၁) ဟန်ဆောင်ခြင်း (၂) သူတစ်ပါး ပိုင်ဆိုင်စေခိုင်းမှုကို ခံရသူ [**မှန်နန်း**၊ ပ၊ စာ ၃၈ နှင့် **တက္ကသိုလ်**၊ ၁၊ စာ ၁၅၄]

**ကျွန်ခုနစ်မျိုး** – (၁) ဥစ္စာဖြင့်ဝယ်သောကျွန် (၂) အိမ်ကျွန်မတွင် မွေးမြင်သောကျွန် (၃) မိဘထံမှ ရရှိသောကျွန် (၄) သူတစ်ပါးပေး၍ရသောကျွန် (၅) ဘေးရန်ကာကွယ်ပေးသဖြင့်ရသောကျွန် (၆) ထမင်းငတ်မွတ်၍ ကျွေးမွေးရရှိသောကျွန် (၇) စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသောကျွန် [**မနုဓမ္မ**၊ စာ ၃၀]

**ကျွန်ခေါင်း** – (၁) ကျွန်ရောင်းလျှင် ဈေးခေါင်းအား ပေးဆောင်ရသော ခေါင်းကြေး (၂) ကျွန်ရောင်းဝယ်ရာတွင် တန်ဖိုးသတ်မှတ်ပေးသော ဈေးခေါင်း

**ကျွန်ပြောင်** – အဆင့်အတန်းနိမ့်သော မယားငယ်၊ ကျွန်မယားငယ် [**မနုကျယ်**၊ စာ ၉၀]

**ကျွန်လေးမျိုး** – (၁) အိမ်ကျွန်မတွင်မြင်သည့် အန္တောဇတကျွန် (၂) ဥစ္စာကြေးငွေဖြင့်ဝယ်သည့် ဓနက္ကီတကျွန် (၃) သုံ့ပန်းလက်ရဖြစ်သည့် ကရမရာနီတကျွန် (၄) အစောင့်အရှောက် ခံလိုသောကြောင့် အလိုလိုဝင်၍ ကျွန်ခံသော သာမဒါသဗျကျွန် [ROB, V, p. 474]

**ကျွန်သီး** – သာသနာရေးနှင့်ဆိုင်သောကျွန် (ဘုရားကျွန်၊ ကျောင်းကျွန်၊ပိဋကတ်ကျွန်) [**တက္ကသိုလ်**၊ ၁၊ စာ ၁၅၅]


**ကျွန်သီးတော်** – ကျွန်သီးကြည့်ပါ။ (၁–ဘုရားကျွန်၊ ၂–ကျောင်းကျွန်နှင့် ၃–ပိဋကတ်ကျွန် ဟူ၍ ကျွန်သီးတော် သုံးမျိုးရှိသည်။ [**တက္ကသိုလ်**၊ ၁၊ စာ ၁]

**ကျွန်းကြီးလေးကျွန်း** – (၁) ပုဗ္ဗဝိဒေဟကျွန်း–အရှေ့ကျွန်း၊ လဝန်းသဏ္ဍာန် ရှိသည်။ (၂) အပရဂေါယာကျွန်း–အနောက်ကျွန်း၊ လခြမ်းသဏ္ဍာန် ရှိသည်။ (၃) ဥတ္တရကုရုကျွန်း – မြောက်ကျွန်း၊ လေးထောင့် သဏ္ဍာန် ရှိသည်။ (၄) ဇမ္ဗူဒီပါကျွန်း–တောင်ကျွန်း၊ လှည်းဦးကင်း သဏ္ဍာန် ရှိသည်။ [**တောင်တွင်း**၊ စာ ၁၅၁]

**ကျွန်းထင်းဖော့** – တည်ငြိမ်မှု မရှိခြင်း (ရေဝတီမြစ်လယ်ရှိကျွန်း၊ ထင်းတုံးနှင့် ဖော့ပင်တို့သည် တည်ငြိမ်ခြင်း မရှိသော သဘောကို ဆောင်သည်။) [**ဦးကုလား**၊ ပ၊ စာ ၂၁၃ အောက်]

**ကျွန်းလေးမျက်နှာ** – မြင်းမိုရ်တောင်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ မျက်နှာလေးဖက်

**ကြွက်လျှောက်** – အဆောက်အအုံ သို့မဟုတ် လှေသမ္ဗန်တို့၏ အတွင်းဘက် ထရံ သို့မဟုတ် အကန့်တွင် ကန့်လန့်ရိုက်ထားသော တန်းရှည် [**မြန်စာန်**၊ စာ ၄၄]




**ကြွမ်းခရာပုံတော်မှူး** – နန်းတော်တွင်းတွင် အသုံးတော်ခံရသော (မူလကကြွမ်းခေါ်ခမာလူမျိုး) အတီးအမှုတ်အမှုထမ်းတို့၏ အကြီးအမှူး[**အုပ်ချုပ်**၊ ၈၊ စာ ၈၁]

**ကြွယ်လူး** – အနက်ရောင်ချည်ထည် [**ယုဒသန်**၊ စာ ၂၅၅]

# ခ

**ခဆပဥ္စ** – ပုပ္ပါးစောရဟန်းမင်း ဖြို့ခဲ့သော ၅၆၀ ခုနှစ် (ခ = ၀၊ ဆ = ၆၊ ပဥ္စ = ၅ ယင်းကို ပြောင်းပြန်ဖတ်လျှင် ၅၆၀ ဖြစ်သည်။ သမုန္ဒရီမင်း လက်ထက် အကြွင်း(၂)ခုထား၍ ရေတွက်ခဲ့သောနှစ်သည် ၅၆၂ ခုနှစ်သို့ ရောက်သောအခါ ပုပ္ပါးစောရဟန်းမင်းက အကြွင်း(၂)ခုထား၍ ၅၆၀ကို ဖြို့ကာ ရေတွက်ခဲ့သည်။ ယခုသုံးစွဲနေသော မြန်မာသက္ကရာဇ်မှာ စောရဟန်းမင်း ဖြို့၍ အကြွင်း၂ခုမှ စတင် ရေတွက်ခဲ့သော သက္ကရာဇ် ဖြစ်သည်။) [**ဦးကုလား၊** ဟောင်း၊ ပ၊ စာ ၁၅၁]

**ခဆိပတ်** – (၁) ကြွေးမြီဟောင်း၊ (၂) အိမ်ရာပြစ်မှား၍ လျော်ဒဏ်သင့်သောငွေ [**ဓပါ** ၊ စာ ၃၀ နှင့် **တက္ကသိုလ်၊** ၂၊ စာ ၁၆၁]

**ခနောင်းကြီး** – အလွန်ကြီးမားသောဝဲ [**ရခိုင်ရာသစ်၊** ပ၊ စာ ၃၂၃နှင့်**တွင်းသင်းဓပါ၊** စာ၁၉] "ယမုနာ၏၊ သည်းစွာကြလဲ၊ ခနောင်းဝဲ၌၊ဆင်းရဲပြင်းထွေ" [**ဘူရိဒတ်လင်္ကာ၊** စာ၃၆]

**ခမာဂုဏ်** *(ပါ–ခမာ+ဂုဏ)* – သည်းခံခြင်းဂုဏ် [**ဦးဟုတ်၊** စာ ၃၄၅၊ ၃၆၇]

**ခမိုး** – ရေအိုး [**မင်္ဂလာစေတီ၊** စာ ၉၅]

**ခမည်း** – (၁)ဖခင်(၂)မကျန်းမာသောသူကျန်းမာလာအောင် မိဘ သို့မဟုတ် ဆွေမျိုးအကြီးအကဲ သို့မဟုတ် အမှုထမ်းကြီးများက ပေးသော လက်ဆောင်ပစ္စည်း [**မြန်စာန်၊** စာ ၄၅] (၃) လေးနက်စွာ ခေါ်ဝေါ်သုံးနှုန်းသော ဝေါဟာရ [**ရွှေဟသာ၊** စာ ၁၆၀] သား သမီးကိုလည်း ခမည်းဟု ခေါ်သည်။ [**လောက၊** စာ ၁၀၃]

**ခရာသီ** – သင်္ဘောသား [**တက္ကသိုလ်၊** ၁၊ စာ ၁၆၅] (ကလာသီလည်း ကြည့်ပါ။) "သင်္ဘောသား ကုလား ခရာသီ" [**ကုန်းဆောင်၊** ပ၊ စာ ၁၇၅]

**ခရုပတ်** – အခွေခွေရစ်ပတ်နေသောပုံ[**မြန်မာမှု၊** ၅၊ စာ၀]

**ခရုပတ်ငွေ** – ငွေစင်ငွေကောင်း [**တက္ကသိုလ်၊** ၁၊ စာ ၁၆၈]

**ခရို့ချိုး** (ခရို့တိုက်) – အရေအတွက်ကိုမှတ်သား ကောက်ယူသည်။ "မြစ်အရှေ့ဘက် အနောက်ဘက် လှေစုကို စေ့ငုအောင် ခရိုးချိုးမှတ်စေ" [ROB, V, p. 1041 နှင့် ROB, VI, p. 716]

**ခရိုး** – စည်းရိုး အကာအရံ၊ နယ်မြေအပိုင်းအခြား [**စမ္မူ၊** စာ ၆၄ နှင့် **တက္ကသိုလ်၊** ၁၊ စာ ၁၆၉]

**ခရိုင်** – (၁) မူလအခြေစိုက်ရာအရပ် (ပုဂံခေတ်–တောင်ပွန့်ခရိုန်၊ခြောက်ခရိုန်) [**ခေတ်ဟောင်း၊** စာ ၁၃၉] (၂)အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်စ အခါက Division ကို ရည်ညွှန်းသော နယ်ပယ် [**စာတ်သိမ်း၊** စာ ၁၃၁] (၃) လွတ်လပ်ရေး ရချိန်မှစ၍ မြို့နယ်စု District ကို ရည်ညွှန်းသောနယ်ပယ်

**ခလောက်တုံး** – လှေလုပ်ရန်အတွက် အခေါင်းထွင်းပြီးသော သစ်တုံး [**အုပ်ချုပ်၊** ပဥ္စ၊ စာ ၄]

**ခါရီ** – လေးတင်းနှင့် ညီမျှသော အခြင်အတွယ် (ကွမ်းစားကိုလည်း ကြည့်ပါ) [**သမ္ဘစကျွ၊** ၃၊ စာ ၉၇]

**ခါသာ** – ပါးလွှာသည့် ချည်ထည်ပိတ်ချော (၁၆၂၉ခုနှစ်က ရခိုင်ဒေသသို့ ရောက်လာသော Manrique ၏ မှတ်တမ်းတွင် cassasဟု ဖော်ပြသည်။ အင်္ဂလိပ်တို့က ၎င်းခါသာ ပိတ်ချောကို gauze ဟု ခေါ်သည်။) [**Travels**, pp. 56, 126, 197]

**ခါးပတ်ပန်း** – အရာဝတ္ထု၏ခါးလယ်ကိုပတ်၍ရေးခြယ်ထုလုပ်ထားသော ပန်းပွင့် ပန်းနွယ် ပန်းခက် အသွယ်သွယ် [**မြန်မာမှု၊** ၄၊ စာ ဃ]

**ခါးရန်း** – ခါးတွင်ပတ်သည့်ကြိုး၊ ခါးစည်းကြိုး [**မြန်စာန်၊** စာ ၄၇]


**ခီရလက္ခဏာ** *(ပါ)* – နို့ရည် ဟူသော အမှတ်အသား [**ဦးဟုတ်၊** စာ ၃၄၉၊ ၈၂၃]

**ခီရသပ္ပ** *(ပါ)* – မွေ့ဆိပ်ပြွမ်းသော နို့ရည် [**ဦးဟုတ်၊** စာ ၃၄၉၊ ၉၇၃]

**ခူနင်း** – ခြေဖြင့်နင်း၍ လယ်ကွက်အတွင်း ရေသွင်းရန် အခေါင်းထွင်းသစ်တုံး တပ်ဆင်ထားသည့် ကိရိယာ၏ ခြေနင်း [**မြန်စာန်၊** စာ ၄၈]

**ခေပနမုဒြာ** *(ပါ+သက်)* – လက်နှစ်ဖက်ကို ယှက်၍ လက်ညှိုး နှစ်ချောင်းကို ပူးထားပြီး ထိပ်ဖျားချင်းထိကာ ကလသာအိုး ထဲသို့ စိုက်ပြထားသော လက်ဟန် (စည်းစိမ် တိုးပွားလိုသူ၊ ပိယသိဒ္ဓိ တိုးပွားလိုသူ၊

အေးချမ်းသာယာစွာ နေထိုင်လိုသူ တို့သည် ဤမုဒြာပုံ ရပ်တုကို ကိုးကွယ်ကြသည်ဟုဆို၏။) [မုဒြာ၊ စာ၄၅]



ခေပနမုဒြာရုပ်တုလက်ဟန်


**ခေမာဝရတိုင်း** - ကျိုင်းတုံ အစရှိသော ပြည်ကြီးတို့၏ တည်ရာဒေသ[ကောင်းမှုတော်ကျောက်စာ၊ မျက်၆၇-၇၁]

**ခဲတော်ဆက်ငါးစရိုင်** - (၁) မော်နိုင် (၂) မော်ထိပ် (၃) မော်ခါး (၄) မော်ခွင် (၅)မန်အင်ရွာများ ပါဝင်သောနယ် [ROB, IX, pp. 720, 721]

**ခံစားအပ်သောအကျိုးနှစ်ပါး** - (၁) ဒိဋ္ဌဓမ္မိကအကျိုး-မျက်မှောက်ဘဝ၌ခံစားအပ်သောအကျိုး (၂)သမ္ပရာယိက အကျိုး - တမလွန်ဘဝ၌ ခံစားအပ်သော အကျိုး [မေးတော်ဖြေ၊ စာ ၆၂၁]

**ခံဗျပ်** - ပစ္စည်း ထည့်စရာ သစ်သားဗန်း၊ သရိုးကိုင် နီးသားဗန်း [အင်ရှုံ၊ စာ ၅၁ နှင့် မြန်တန်၊ စာ ၂၅၃]

**ခိုနန်း** - စတုရန်းပုံ၏ မျက်နှာတစ်ဖက်စီတွင် မုခ်တစ်ခုစီ ထုတ်ထားသော (ထောင့်စွန်း ၁၂ခု ပါသည့်) ပန္နက်ပုံ။ [ထိုပုံမျိုးပန္နက်ပေါ်တွင် တည်ဆောက်ထားသည့် နန်းတွင် စိတြ ဂိဝါ ခိုမင်း နေထိုင်ခဲ့သဖြင့် ခိုနန်းဟု ခေါ်ဝေါ်ခဲ့ကြောင်း ရွှေဘုံနိဒါန်း တွင် ဖော်ပြထားသည်။] [အုပ်ချုပ်၊ စ၊စာ၅၈]




**ခိုမြီး** - အိမ်မကြီး၏ လက်ဝဲဘက် နောက်ခန်း လှုပို့ ဆောင် [ROB, X, p. 105]


**ခိုးခြင်း ၂၅ပါး** - (၁) ကျောင်း ကန် လယ်ယာမြေကို တရားဆင်၍ ယူခြင်း (၂) မိမိ ဆောင်ခဲ့သောသူ၏ ဥစ္စာကို ယူခြင်း (၃) အပ်နှံထားသောဥစ္စာကို ယူခြင်း (၄) ဣရိယာပုထ်ကိုပျက်စေ၍ ယူခြင်း (၅) တည်ရာမှ ရွေ့စေ၍ ယူခြင်း (၆) သူတစ်ပါး ကျွဲ နွားနှင့် ဖနီးမယားကို တရားဆင်၍ ယူခြင်း (၇) မိမိ ဆောင်ခဲ့သော ကျွန် နွား စသည်ကို ယူခြင်း (၈) မိမိထံအပ်နှံထားသော ကျွန် နွား စသည်ကို ယူခြင်း (၉) ကျင့်ကြံအားထုတ်မှုကို ပျက်စေ၍ ယူခြင်း (၁၀) ထားရာမှ ရွေ့၍ ယူခြင်း (၁၁) မိမိ ကိုယ်တိုင် ခိုးယူခြင်း (၁၂) သူတစ်ပါးကို ခိုးစေခြင်း (၁၃)စည်းရိုးခြံအပြင်သို့ လွှင့်ပစ်ပြီး ခိုးခြင်း (၁၄) ကြိုတင် ကြံစည်၍ ခိုးယူခြင်း (၁၅) ဆိ စသည်ကို သားရေတွင် စုတ်ယူ၍ ခိုးခြင်း (၁၆) ရှေးအခါကပင် လုံ့လပြု၍ခိုးခြင်း (၁၇) မြေမှတ်ကျောက်တိုင်ကို ပြောင်းရွှေ့ စိုက်ထူ၍ ခိုးခြင်း (၁၈) ညီညွတ်တိုင်ပင်၍ ခိုးခြင်း (၁၉) ချိန်းချက်၍ ခိုးခြင်း (၂၀) အရိပ်အကဲပြု၍ ခိုးခြင်း (၂၁) ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ သပြာစဉ်းလဲ ပြု၍ ခိုးခြင်း (၂၂) အနိုင်အထက်ပြု၍ ခိုးခြင်း (၂၃) ဥစ္စာအရပ်ကို ရလျှင် ယူမည်ဟု ကြံစည်၍ ခိုးခြင်း (၂၄) မြက် သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း (၂၅) ကမ္ဘည်းပြောင်း၍ ခိုးခြင်း[ROB, V, p. 484 နှင့် မနုကျယ်၊ စာ၁၀၈-၉]

**ခိုးတက်** - သို့ဝှက် ခိုးယူထားသော ပစ္စည်း၏တန်ဖိုးအဆ [မနုကျယ်၊ စာ ၁၁၀-၁] "ဆိတ်ဝက်ကို ခိုးမူ၊ တခုကို အတက် ငါးဆယ်...လျော်စေ" [မနုကျယ်၊ စာ ၁၁၀] "ကျွန်ကို. . . ခိုး၍ ရောင်းစားချေသော်။ အရောင်းခံသူတို့၏ အဘိုးတန်ရာကို ငါးတက်တိုး၍ လျော်စေ။ အကြင်ဝယ်သူသည်။ ရောင်းသူကို မပြနိုင်၊ ပွဲဘောင်ကြား အသိအမြင် မရှိက ကျွန်ခိုးအပြစ်အတိုင်း ငါးဆလျော်စေ" [မနုကျယ်၊ စာ ၂၂၁]

**ခိုးသေးမီးပွား** - ခိုးမှုမီးလောင်မှု [တက္ကသိုလ်၊ ၁၊ စာ ၁၈၄]

**ခင်ခင်** - မှူးတော် မတ်တော်တို့၏ သမီးတော်များကို မှည့်ခေါ်သောအမည် [ရွှေနန်းသုံး၊ စာ ၂၅၁-၂]

**ခင်တုရင်** - မင်းမှူးမတ်တို့ စီးသည့်လှေတွင် စီရင်ထားသည့် ကြော့မော့နေသောအမိုး [မြန်မွှင်း၊ ပြည်၊ စာ ၅၈]




[illegible] ၂၄၂၀၃

**ခင်တိပ်** – အရေးပါ၍တန်ဖိုးရှိသော ပစ္စည်းများကို တင်ဆောင်သည့် ဘီးတပ်ယာဉ်၊ အသုဘကို သင်းချိုင်းသို့ ပို့ရာတွင် သုံးသည့်လှည်းယာဉ် [**မြန်မှုဝ်၊** ဖြည့်၊ စာ ၆၁–၂] "ရခိုင်အမြောက်ကြီးနှင့်အမြောက်ညီနောင် ကို လှည်းခင်တိပ် လုပ်၍ တင်ထားစေ" [ROB, VI, p. 345]


**ခင်ပလွေ** – လေမှုတ်သွင်းသည့်ဘက်တွင် အခင်တပ်ထားသည့်ပလွေ (ခင်ပလွေကို တောသုံးပလွေ ဟုလည်း ခေါ်သည်။) [**ရာမရကန်၊** စာ ၁၃၉ နှင့် **မြန်မှုဝ်၊** ဖြည့်၊ စာ ၁၉၂]

**ခင်ပုပ်စင်** – ရှေးလှေကြီးများ၏ ပဲ့ပိုင်းတွင် တက်မကိုင်သူ ထိုင်ရန်အတွက် စီစဉ်ပြုလုပ်ထားသည့် အမိုးပါသော စင် [**လှေ၊** စာ ၅၆]

**ခင်မမင်း** – မိဖုရားခေါင်ကြီး [**သူစာ၊** စာ ၂၈]

**ခင်မမင်းဝန်** – အရှင်မိဖုရားခေါင်ကြီး၏ အမှုကိစ္စအဝဝကို ကြီးကြပ်စီရင် ထမ်းဆောင်ရသောဝန် [**ရွှေနန်းသုံး၊** စာ ၇၉–၈၀]

**ခင်မိတ်တို** *(စေတီ)* – စေတီတော်အောက်ပိုင်း ပစ္စယာဆင့်များ၏ပတ်လည်တွင် အတွန့်အခေါက်သဏ္ဌာန် စီရင်မွမ်းမံ ထားသော အဆင်တန်ဆာ(ရှေးပောင်းပုံ )




c- ခင်မိတ်တို
g- ထောင့်စေတီ
h- ကလသာအိုး

**ခင်ရိုး** – မို့မောက်သောကုန်းရိုး [**တဏ္ဍသိုလ်၊** ၂၊ စာ ၁၉၁]

**ခေါင်ရည်** –ဆပ်၊ ဆန်၊ ပြောင်းတစ်မျိုးမျိုးကို ကစော်ဖောက်၍ စီရင်ပြုလုပ်ထားသော အရက်ချိုတစ်မျိုး (ငွန့်)

**ခိုင်စား** – ဆယ်ခိုင်တစ်ခိုင်၊ ဆယ်ဖို့တစ်ဖို့ ကောက်ခံစားယူခြင်း [ROB, X, p. 105]

**ခဏ္ဍာကဝတ်** – ရှင်သာမဏေတို့ ဆောက်တည် ရသော ကျင့်ဝတ် [**လွှတ်တော်မှတ်၊** စာ ၂၆၆]

**ခဏ္ဍာသိမ်** *(ပါ၊ ခဏ္ဍ+သိမ)* ကျောင်းတိုက်အတွင်းရှိ မြေတစ်နေရာတွင် သီးခြားကမ္မဝါဖြင့် သမုတ်ထားသော သိမ် [**ညွန့်**-] "ရွှေဘုံသာဘုရား မဟာရံအတွင်း. . . စတုရန်း ဂါစိမြေကို အောင်ဘော်က ဝိသုံဂါမမြေစား သနားတော်မြတ် ခံ၍ ကုသိုလ်တော်ပွား ခဏ္ဍာသိမ် သမုတ် လှူဒါန်းစေ" [ROB, IX, p. 558]

**ခတ်ဂျပ်** *(ကျောက်)* – အနိုင်အထက်မှုသည်။ "ဖငါမှုလာသော ကျွန်တေဟူရှယ် ခတ်ဂျပ်လိယ်ရကာ" [၁၂၄၃ ခုနှစ်ထိုး ဘိုးကလုန် ဂူဘုရားကျောက်စာ]

**ခေတ္တစာ** – ကျွန်မနှင့်သင့်၍ မွေးမြင်သော သားသမီး [**မနုဓမ္မ၊** စာ ၂၁]

**ခေတ္တရ** – တရားဝင် ထိမ်းမြားသောလင်ကို မနှစ်သက်၍ အခြားသူတစ်ဦးနှင့် ဆက်ဆံရာတွင် ရသော သားသမီး [**သုံးဆဲ့ခြောက်၊** စာ ၅၁၊ ၅၉]

**စုဒ္ဒသိက္ခာကျမ်း** – ရဟန်းတို့ ကျင့်ဆောင်ရန် အတွက် ဘုရားရှင် ပညတ်တော်မူသော သိက္ခာပုဒ်များကို သိဟိုဠ်ကျွန်း အရှင်ဓမ္မသိရိမထေရ်က ဂါထာ ၅၀၀ ဖွဲ့၍ သိကုံးရေးသားအပ်သောကျမ်း [**မြင့်**-]

**ခပ်ကယ်** *(ကျောက်)* – အားလုံး၊ အလုံးစုံ၊ ခပ်သိမ်း [**မြန်မှုဝ်၊** ဖြည့်၊ စာ ၆၇–၈]

**ခပ်ပြာ** *(သင်–ခပ်ရ)* – ကြေးနီနှင့် သွပ်ကို ရောစပ်ထားသော သတ္တု၊ ရွှေနှင့်တူသောကြေး [**မြန်တန်၊** စာ ၅၆ နှင့် **အုပ်ချုပ်၊** ဒု၊ စာ ၁၅၂]

**ခပ်မဆိတ်** – စကားမပြောဘဲ တိတ်ဆိတ်စွာ [**ဗိပ္ပလ္လာ၊** စာ ၂၅၁–၂]

**ခံ့တမင်** – (၁) အလျင်အမြန်၊ အဆောတလျင် [**ဦးကုလား၊** ပ၊ စာ ၁၇၂ အောက်] (၂) နှစ်သက်စုံမက် [**တဏ္ဍသိုလ်၊** ၂၊ စာ ၂၁၃]

**ခံ့ပေါင်းလုံးပန်းလှ** – (ခါးပန်း သို့မဟုတ် ဆင်ကပ်ပတ်လည်တွင်) ပန်းပု ပန်းအလှ ဖော်ထားသော ဖောင်းကြွအလုံးတန်း [ROB, II, p. 234-5]

**ခံ့မိခံ့မင်** – (၁) အလျင်စလို [**တဏ္ဍသိုလ်၊** ၂၊ စာ ၂၁၅] (၂) နှစ်သက် ကျေနပ်စွာ [**မှန်နန်း၊** ပ၊ စာ ၁၈၆]

**ခံ့လောက်** – အခြေသုံးခုဆိုင် ရှိသော ဖိုခနောက် [**ဗိပ္ပလ္လာ၊** စာ ၆၁]

**ခံ့သူမတ်** (ခံ့သမတ်) – တရားစီရင်ဆုံးဖြတ်သော ခံ့သမာဓိ လူကြီး၊ တရားသူကြီး [**မြန်တန်၊** စာ ၅၆ နှင့် **ရေစကြိုဖြတ်၊** စာ ၁] "ခံ့သူမတ်တို့ဝံ့သည် လောဘ ရမ္မက်သိုဝ် မလိုက် ဖြောင့်မတ်စွာ...စီရင်စေ" [ROB, I, p. 340]

**ချစာ** – မလာမနေရဆင့်ခေါ်စာ [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၈၂]

**ချရားသီး** – (၁) စေတီတော်တွင် ထီးအောက်ဘက်ရှိ ချရားသီးပုံ အစိတ်အပိုင်း (ငှက်ပျောဖူး) (၂) ခရေသီး [**မှန်နန်း၊** ၃၊ စာ ၃၈၁ နှင့် **အုပ်ချုပ်၊** ပဠ၊ စာ ၅၆]

**ချိပတ္တိ** *(အီတလီ)* – ချိဗာတိ (G. Civati)

**ချိုးတန်း** – အဆောက်အုံတို့၏ အမိုးအစွန်း အမြိတ်တွင် မွမ်းမံခြယ်လှယ်ထားသော အချွန်အတက်ပါသည့် အမွမ်းတန်း၊ အမွမ်းဆင်။ [**မြန်ဗွင်၊** ပြည့်၊ စာ ၁၄၄–၅]

**ချူ** – (၁) တိရစ္ဆာန်တို့၏ လည်တွင် ဆွဲသော သတ္တုခလောက် (၂) ဆွတ်ခူးသည်။ ဆောင်ယူသည်။ [**မြန်စာန်၊** စာ ၅၇] (၃) မအောင်မြင်၊ ချို့တဲ့ချွတ်ယွင်းသည် [**တက္ကသိုလ်၊** ၂၊ စာ ၂၂၁]

**ချေချေလက်လက်** – ချေချောင်ငံ ပျူပျူငှာငှာ [**မှန်နန်း၊** ပ၊ စာ ၁၅၃]

**ချက်တပြုတ်** – ရုတ်တရက် [**တက္ကသိုလ်၊** ၂၊ စာ ၂၃၆]

**ချင်ဖူ** – ထိပ်ဖျားတွင် တပ်ဆင်ထားသော အဖုလုံး [**မြန်စာန်၊** စာ ၇၇]

**ချင်းလုံ့ဥဒည်** *(တရုတ်)* – မန်ချူးဧကရာဇ် ချိန်းလုံ 乾隆 (Chien Lung 1736-96)

**ချောင်းဦးဆယ်ရွာ** – (၁) ရဲလှေ (၂) အနောက်မအုပ် (၃) အရှေ့မအုပ် (၄) မန်ကျည်းစဉ် (၅) ကျောင်းရွာ (၆) အနောက်ချောင်းဦး (၇)ကူကောင်းရပ် (၈) ကုန်ခင်ကျောင်း (၉) ရွာငရုံ (၁၀) ဆံတော်ဆွဲ [**အုန်း**-]

**ချစ်ချွန်** (ချစ်ကျွန်) – ချစ်ခင်သည့် ဟန်ပန် အမူအရာ [**မှန်နန်း၊** ၃၊ စာ ၁၄၉]

**ချည်ချောင်း** – အတိုအရှည်စဉ်ထားသော ဝါးလုံးငယ်များကို တွဲထားသည့် အသံသာသော လေမှုတ်တူရိယာ၊ တွဲပလွေ [**မြန်စာန်၊** စာ ၆၂]

**ချပ်** – သံနန်းကြိုးတို့ဖြင့် စီရင်ပြုလုပ်ထားသော စစ်ဝတ်အင်္ကျီ [**အုပ်ချုပ်၊** စ၊ စာ ၁၂၂–၃]

**ချပ်တီးသကဲ့သို့** – လျင်မြန်စွာ [**တက္ကသိုလ်၊** ၁၊ စာ ၂၆၆]

**ချပ်ယက်** – ထီးဖြူတော်များ ဟောင်းနွမ်း၍ မခိုင်မခံ့ရှိလျှင် လဲလှယ်ပြင်ဆင်ရန်အတွက် ချပ်ကြိုးရက်၍ ရွှေတိုက်တော်သို့ သွင်းရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၆၅]

**ချိပ်တိုက်** – ချိပ်ရည်ဖြင့် လိမ်းကျံပွတ်တိုက်ထားသည်။ [**တက္ကသိုလ်၊** ၂၊ စာ ၂၆၆]

**ခြိနှပ်** *(ကျောက်)* – ဖိနပ်။ "သပိတ် ၅လုံမ် ခေါင်လောင် ၁ဆူ ခြိနှပ်၂၀"[**၁၁၉၈ခုနှစ်ထိုး-အိုတွေသင်ကျောက်စာ** ]

**မြူးပန်းမြူးနွယ်** – အရွက် အဖူး အပွင့် အညွန့် အညောက် အနွယ် အခက်တို့ကို ရစ်ပတ်ခွေညွတ် ထွေးရက်ကာ ပြုလုပ်ထားသော အဆင် တန်ဆာ [**တက္ကသိုလ်၊** ၂၊ စာ ၂၇၆]

**ခြေကြောက်ရေးရိုး** – ခန့်မှန်း၍ ရေးမှတ်သော ထုံးစံ [**တက္ကသိုလ်၊** ၂၊ စာ ၂၇၉]

**ခြေတော်ရာပေါ်ရှိ ၁၀၈ကွက် လက္ခဏာ** – လှံမ၊ အိမ်မွန်၊ ဇလပ်ပန်း၊ လည်ရေးသုံးဆင့်၊ ဦးဆောက်ပန်း၊ ထမင်းပွဲ၊ ရွှေသလွန်၊ ချွန်းတောင်း၊ ပြာသာဒ်၊ တံခါးတိုင်၊ ထီးဖြူ၊ သန်လျက်၊ ယပ်ဝန်း၊ ဥဒေါင်းမြီးယပ်၊ သင်းကျစ်၊ ပတ္တမြား၊ သပိတ်၊ မုလေးပန်းဆိုင်း၊ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိတ်၊ ရေအိုး၊ ဖလား၊ သမုဒ္ဒရာ၊ စကြာဝဠာ၊ ဟိမဝန္တာ၊ မြင်းမိုရ်၊ စက်လက်နက်၊ သီတာခုနစ်တန်၊ သတ္တရဇ္ဇန်တောင်စဉ်ခုနစ်ထပ်၊ အိုင်ကြီးခုနစ်အိုင်၊ ဂဠုန်၊ မိကျောင်း၊ တန်ခွန်လျား၊ ကုက္ကားတန်ခွန်၊ သန်လျင်း၊ သားမြီး၊ ကေလာသတောင်၊ ခြသေ့်၊ ကျား၊ ဝလာဟကမြင်း၊ ဥပေါသဒ္ဒန်ဆင်၊ ဗာသုကီနဂါးမင်း၊ ဟင်္သာ၊ ရောဝဏ်ဆင်၊ မကာရ်း၊ ရွှေလှေ၊ မျက်နှာလေးခု၊ နွားလားဥသဘာ၊ နွားမသားအမိ၊ ကိန္နရာ၊ ကိန္နရီ၊ ကရဝိက်၊ ဥဒေါင်း၊ ကြိုးကြာ၊ စက္ကဝက်၊ နေ၊ လ၊ နက္ခတ်၊ ကျွန်းငယ် ၂၀၀၀၊ ကျွန်းကြီးလေးကျွန်း၊ စကြာမင်း၊ ခရုသင်း၊ ငါးကြင်း၊ ဇိဝစိုးနတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည်တစ်ဆယ့်ခြောက်ထပ် [**မေးတော်ဖြေ၊** စာ ၄၆၁–၂၊ **အနာဂတဝင်ဋီကာ** အလို]

**ခြေနင်းတော်ကြီး** – မင်းဧကရာဇ် စီးတော်မူသော မင်းခမ်းတော်ဝင် ဖိနပ် [**တက္ကသိုလ်၊** ၂၊ စာ ၂၈၄]

**ခြင်ခံ** – အိမ်အမိုးတွင် အခြင်အောက်က ခံသောတန်း [**မြန်စာန်၊** စာ ၆၈]

**ခြင်ပိတ်** – အမိုးစွန်းတွင်ပေါ်ထွက်နေသောအခြင်များ၏ထိပ်ကို ဖုံးပိတ်ကပ်ရိုက်ထားသည့်ပျဉ်ချပ် [**ယုဒသန်၊** စာ ၃၀၁]

**ခြင်မြိတ်** – အိမ်အမိုးအခြင်များ၏ အမြိတ်အစွန်း

**ခြင်ရုံတော်** – နန်းတွင်းတွင် အသုံးပြုသော ခြင်ထောင် [**ရွှေဝတီ၊** စာ ၂၅]

**ခြသေ့် ကျင်ငယ်ပွင့်ရာ သံဝါသပြုရာ** – ပြည့်တန်ဆာ ရပ်ကွက် [ROB, X, p. 106]

**ခြသေ့်ခံကရား** – အောက်ခြေတွင် ခြသေ့်ရုပ် ခံဆောင်ထုလုပ်ထားသော လက်ဝဲမင်းခမ်းတော်ဝင်ကရား [**ရွှေဘုံ၊** စာ ၉၅]

**ခြသေ့်မျိုးလေးပါး** – (၁) ပဏ္ဍုခြသေ့် – ဖျော့သောသစ်ရွက်ရောင် ရှိ၍ တိရစ္ဆာန်တို့၏အသားကို စားသောခြသေ့် (၂) ကာဠခြသေ့် – နွားမနက်အဆင်းရှိ၍ မြက်ကို စားသော ခြသေ့် (၃) တိဏခြသေ့် – ညိုသော အဆင်း ရှိ၍ မြက်ကိုစားသောခြသေ့် (၄) ကေသရာဇာ ခြသေ့် – လည်ဆံရှိသောခြသေ့် [**သမန္တစက္ခု၊** ၃၊ စာ ၃၅၀]

**ခြည်** – (၁) သေးငယ်သိမ်မွေ့သော အမျှင် [**တက္ကသိုလ်၊** ၂၊ စာ ၂၉၉] (၂) လက်စွပ်၊ လက်ကောက်တို့ကို ရေတွက်ရာတွင် သုံးသော ကိန်းဂဏန်း နောက်ဆက် ဝေါဟာရ (လက်စွပ်နှစ်ခြည်) [**မြန်စာန်၊** စာ ၆၉]

**ခွာ** – (၁) တိရစ္ဆာန်တို့မှ ရရှိသော နံ့သာအိတ်တို့ကို ရေတွက်ရာတွင် သုံးသော ကိန်းဂဏန်း နောက်ဆက် ဝေါဟာရ (ကတိုးဆယ်ခွာ) (၂) ကျွဲ နွား မြင်း ဆိတ် စသော သတ္တဝါတို့၏ခြေဖျားရှိအမာခံအခွံ [**တက္ကသိုလ်၊** ၂၊ စာ ၃၀၇]

**ခွာကြီးခွာငယ်** – (၁) ကျွဲ နွား အကြီးအငယ် (၂) ကြီးသူ ငယ်သူ။ (၃) ဘုရားကျွန်သီးတော် အကြီးနှင့်အငယ်

**ခွာသား** – ပဲခူး ဟံသာဝတီနယ်ရှိ ဘုရားကျွန် [**ယုဒသန်၊** စာ ၃၀၈] "စေတီတော် အရံစောင့်ခွာနှင့် ယေသား ၄၅တို့ကိုဝ် ရဲလေ့နှင့် သံလျှင်ကသည် ဒဂုဏ်သို့ဝ် တင်၍ ကူးပို့ဝ်ရသည်။" [ROB, I, p. 333]

**ခွဲတမ်းစာ** – ပစ္စည်းရှင် မကွယ်လွန်မီ မိမိ၏ စိတ်ဆန္ဒ အတိုင်း ခွဲဝေပေးကမ်းခဲ့သောစာတမ်း၊ သေတမ်းစာ [**အုပ်ချုပ်၊** တ၊ စာ ၅၅]

**ခွက်ခွင်း** – လင်ကွင်း [**ပေါ်စာန်၊** စာ ၁၈]


**ခွင်** – မုန်ကူသီးသဏ္ဌာန် ပြုလုပ်ထားသည့် ကာတစ်မျိုး [**မြန်မာတပ်၊** စာ ၈၂]

**ခွန်သေ ခွန်ရှင်** – ကောက်ခံနှုန်းကို ပုံသေထား၍ ကောက်ခံ သော အခွန်၊ ပုံသေမထားဘဲ ထွက်ကုန်အနည်းအများ အလိုက် အတိုးအလျှော့ပြု၍ ရသမျှ ကောက်ခံသော အခွန်ရှင် [**လွှတ်တော်မှတ်၊** စာ ၄၉]

**ချွံချွံရက်ရက်** – မဆုတ်မနစ်ဘဲ ရဲရင့်စွာ ရှေ့တိုး၍ [**တက္ကသိုလ်၊** ၂၊ စာ ၃၃၄] "အရပ်အဆိုင်း မရှိ ချွံချွံ ရက်ရက် တိုက်လံလျှင် အတားအဆီးမရှိ ပျက်လေ ၏" [**ကုန်းဘောင်၊** ပ၊ စာ ၂၆၄]

**ချွတ်လွှဲ** – ပယောဂနည်းဖြင့် ဆေးကုသသည်။ [**တက္ကသိုလ်၊** ၂၊ စာ ၃၃၁ နှင့် **မှန်နန်း၊** ၃၊ စာ ၆၈]

**ချွန်းတောင်** – သံချိတ်ကောက်တွင် သစ်သား၊ ဝါး လက်ကိုင်တို တပ်ထားသော(ဆင်ကို ထိန်းချုပ် သည့်) လက်နက် [**မြန်မာတပ်၊** စာ ၈၀]



ချွန်းတောင်

**ချွန်းသီး** – ဆင်ထိန်းသောချွန်းရှည်၏ထိပ်ရှိ သံချွန်းချိတ် [**မြန်မာတပ်၊** စာ ၈၂]

## ဂ

**ဂဇ** *(ပါ)* – ဆင် (ဆင်မူး၊ ဆင်စီးသူရဲ၊ ဦးစီးနောက်ပဲ့ ဆင်အမှုထမ်းတို့အား ဂဇ တပ်သောဘွဲ့ကို ပေးလေ့ ရှိသည်။ ဆင်စီးသူရဲကောင်း အကျော်အမော်တို့အား ဂဇဗလ၊ ဂဇသူရ၊ ဂဇကျော်သူ၊ ဂဇယော်ဓာ ဘွဲ့များ ပေးသည်။) [**သီနတ္ထ၊** စာ ၃၁၆-၇]

**ဂဇနောထနတ်** – ဆင်တို့ကို စောင့်ကြပ်သောနတ် [**ဦးဟုတ်၊** စာ ၃၅၃၊ ၅၁၃]

**ဂဇသျှတ္တရ** – ဆင်၏လက္ခဏာ၊ အတိတ်နိမိတ်၊ ခေါင်း ဆေးခြင်း၊ အစာကျွေးခြင်း၊ ဆင်ဆေးဝါးဖော်စပ်ခြင်း၊ ဆေးပေးခြင်းစသော ဆင်နှင့်ပတ်သက်သည့်အကြောင်း အရာတို့ကိုဖော်ပြသောကျမ်း [**အုပ်ချုပ်၊** စ၊ စာ ၁၉၇ နှင့် **တက္ကသိုလ်၊** ၃၊ စာ ၃၃၇]

**ဂဇဟတ္ထ** *(ပါ)* – ဆင်နှာမောင်းသဏ္ဌာန်ရှိသော လက်ဟန် (ဗုဒ္ဓဒိတ်တော် ညွှန်းနေသော ဘုရားရုပ်တုတော်များနှင့်

ကခုန်နေသော နတ်၊ ဗြဟ္မာရုပ်များတွင် ဤလက်အနေအထား ဟန်ပန်ကို တွေ့ရသည်။ ဘုန်းတန်ခိုး ကြီးမားလိုသူ၊ အနေခင့် အယှက် ကင်းလိုသူတို့သည် ဤလက်ဟန် ရုပ်တုတော်များကို ကိုးကွယ်ကြသည်ဟု ဆို၏။) [မုဒြာ၊ စာ ၄၆]



ဂဇဟတ္ထ


**ဂဇာသနပလ္လင်** – ဆင်ရုပ်ခံ၍ စကားသားဖြင့် ပြုလုပ်ထားသော ပလ္လင် (ဂဇာသနပလ္လင်ကို ဖြတိုက်တော်တွင် ထားသည်။) [**အုပ်ချုပ်၊** တ၊ စာ ၁၅၉]

**ဂဇိန္ဒာဓိပတိ** *(ပါ)* – ဆင်တို့၏ အရှင်သခင် [**ဦးဟုတ်၊** စာ ၄၆၊ ၃၅၃]

**ဂဏာသဇ္ဈာယ** *(ပါ* – စုပေါင်း ရွတ်ဆိုခြင်း [**ဦးဟုတ်၊** စာ ၃၅၄] "ဝိဘင်္ဂပါဠိရတို့ကို ဂဏာသဇ္ဈာယအားဖြင့် သရဇ္ဈာယ်ခြင်း" [ROB, IX, p. 729]

**ဂတိလေးပါး** – အဂတိလေးပါးဖြစ်သော ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာကိုပင် တစ်ခါတစ်ရံ အတိုချုံ့၍ ဂတိလေးပါးဟု ခေါ်ဝေါ်သုံးနှုန်းသည်။ [ROB, IV, p. 227 နှင့် **မနုဓမ္မ၊** စာ ၅၁] "ဆန္ဒာ ဒေါသ ဘယာ မောဟ လေးပါးသော ဂတိကိုမငဲ့ မြဲမြံ တည်ကြည်စွာ မတိမ်းမလွတ်သာအောင် ခန့်ရန် စီစဉ်ရမည်။" [ROB, III, p. 232]

**ဂဒါဟတ္ထ** – တင်းပုတ်၊ လုံတံ၊ ကျိုင်း တစ်ခုခုကို လက်ဖြင့် ကိုင်ထားဟန် (မင်း၊ စစ်သည်၊ ဘီလူး၊ နတ်သား စသော ရုပ်တုရုပ်လုံးများကို ဤလက်ဟန်ဖြင့် ထုလုပ်သည်ကို တွေ့ရ၏။) [**မုဒြာ၊** စာ ၄၅–၆]



ဂဒါဟတ္ထ

**ဂနောင်သတ်** *(အင်္ဂလိပ် + အိန္ဒိယ)* – ကာနယ်သခင်ကြီး (Colonel Sahib) [ROB, X. p. 109]

**ဂနိုင်** – သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော တော ("စုံနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ ယောမန်ယောမာ၊ ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ် တောချည်းဖြစ်၏ ဟူ၍ စာဆိုရှိသည်။") [**တက္ကသိုလ်၊** ၃၊ စာ ၃၄၁]

**ဂရုကွဏ္ဍာ** – ခရစ်နှစ် တစ်ဆယ့်ခြောက်ရာစုနှစ်ဦးမှစ၍ တစ်ဆယ့်ရှစ်ရာစုနှစ် အထိ အိန္ဒိယတောင်ပိုင်း၊ ဒက္ခိဏကုန်းပြင်မြင့်၏ အရှေ့ဘက် ကိုရိုမန်ဒယ် ကမ်းခြေတွင် အုပ်စိုးခဲ့သော ဂေါကွန်းဒါး (Golconda) ပြည်ထောင် [**ရာဇဝင်သစ်၊** တ၊ စာ ၅၆]

**ဂရုဏာဒို** *(အင်္ဂလိပ်)* – ဘုရင်ခံ (Governor) [ROB, III. p. 152]

**ဂရုဓမ္မစည်လည်သည်** – တိုင်းသူ ပြည်သားတို့ ငါးပါးသီလကို အလေးဂရုပြု၍ အမြဲဆောက်တည်ရန်၊ ဥပုသ်နေ့များတွင် သားကြီး ငါးကြီး မရောင်းချ၊ မသတ်ဖြတ်ကြစေရန်၊ ရာဇဝတ်မှုမကျူးလွန်ကြစေရန်၊ သေရည်သေရက် သောက်စား မူးယစ်မှု မရှိစေရန် လဆန်း ၅ရက်နေ့တိုင်း (အထူးသဖြင့် ဝါဝင်ချိန်တွင်) တရားစည်ကြီး တီး၍ မြို့တွင်းမြို့ပြင် လှည့်လည်ကာ လမ်းဆုံ လမ်းခွများတွင် အမိန့်တော်ပြန်ခြင်း [**ကုန်းဇရိုင်၊** စာ ၆၇–၇၀]

**ဂရုဓမ္မတရားငါးပါး** – လူတိုင်းအလေးအမြတ်ပြုအပ်သော ငါးပါးသီလ စောင့်ထိန်းခြင်း တရား [ROB, IV, p. 354]

**ဂရုဘဏ် လဟုဘဏ်** *(ပါ၊ ဂရုဘဏ္ဍ၊ လဟုဘဏ္ဍ)* – အလေးဂရုပြုအပ်သော အဖိုးတန်ပစ္စည်းဥစ္စာနှင့် ဂရုထားရန် မလိုသော ပေါများသည့်ပစ္စည်း [**ညွှန်**]

**ဂဟဋ္ဌသီလ** *(ပါ)* – အိမ်ရာထောင်သူတို့ ကျင့်သုံးသော သီလ [**ဦးဟုတ်၊** စာ ၃၆၂]

**ဂဟပတိမဟာသာလ** *(ပါ)* – မျိုးရိုး စဉ်ဆက် ကြွယ်ဝချမ်းသာသော သူကြွယ် [**ဦးဟုတ်၊** စာ ၃၆၂]

**ဂဟိသံသဋ္ဌ** *(ပါ)* – လူကိုနှင့် ရောနှော၍ လုပ်ဆောင်ခြင်း [ROB, IX, p. 637]

**ဂါမ** *(ပါ)* – ဈေးနှင့်တံတိုင်း မရှိသော်လည်း လူနေအိမ်ခြေရှိသောအရပ်(ကျေးရွာ) [**ရတနာ့ဘဏ်၊** စာ ၃၉]

**ဂါမဏိ** – ဆင်စီး မြင်းစီး အတတ်တို့ကို သင်ကြားပေးနိုင်သော ဆရာ (ဆင်စီး မြင်းစီး ကျွမ်းကျင်၍ ရဲစွမ်း

သတ္တဲ့ ရှိသော သူရဲကောင်းတို့အား ဂါမဏိတပ်သော ဘွဲ့ကို ပေးလေ့ရှိသည်။ အဘယဂါမဏိမှာ ဘေးမရှိသောစစ်သူကြီး၊ ဓေယျာမဏိမှာ ရန်ကိုအောင်မြင်သော ဆင်စီးမြင်းစီးသူရဲကြီး၊ စတုဂါမဏိမှာ စစ်အင်္ဂါလေးပါး နှင့် ဆင်စီး မြင်းစီး ကျွမ်းကျင်၍ ရဲစွမ်းသတ္တိ ရှိသော အမတ်ကြီး ဟူ၍ အဓိပ္ပာယ်ရသည်။ **[လီနန္ဒာ၊** စာ ၃၁၄-၅]

**ဂါမပဓေသနသိက္ခာပုဒ်** *(ပါ + ပျက်)* – နေမွန်းလွဲသော အခါ ကာလဝယ် မြို့တွင်းရွာတွင်းသို့ဝင်သော ရဟန်းတို့အား ပါစိတ်အာပတ်သင့်ကြောင်းကို ဖော်ပြသော သိက္ခာပုဒ် **[မြင့်]**

**ဂါမဝါသီ** *(ပါ)* – မြို့ရွာတို့ကို အမှီပြု၍ သီတင်းသုံးသော ပုဂ္ဂိုလ် (ရဟန်း) **[လွှတ်တော်မှတ်၊** စာ ၂၆၅]

**ဂါဝုစ်** – ၃ မိုင်၊ ၁ ဖာလုံ၊ ၄ သံကြိုး၊ ၁၂ ကိုက် ရှိသော အတိုင်းအရှည်။ (၄ ဃောသ = ၁ ဂါဝုစ်၊ ၄ ဂါဝုစ် = ၁ ယူဇနာ။ **ရခိုင်ရာဇဝင်သစ်** တွင် တစ်ဂါဝုစ်သည် နှစ်မိုင်ခန့်ရှည်သည်ဟု ဆို၏။ **[ရခိုင်ရာသစ်၊** ပ၊ စာ ၆၉-၇၀]

**ဂိလာနပုဂ္ဂိုလ်** *(ပါ+ပျက်)* – ဖျားနာနေသော ပုဂ္ဂိုလ်၊ ရောဂါဝေဒနာ ခံစားနေရသော ပုဂ္ဂိုလ် **[ဦးဟုတ်၊** စာ ၃၆၆]

**ဂိဟိကမ္မ** *(ပါ)* –လူတို့ကဲ့သို့ပြုမူခြင်း **[ဦးဟုတ်၊** စာ ၃၆၆]

**ဂိဟိကမ္မအနနုလောမိက** *(ပါ)* – ရဟန်းတို့နှင့် မလျော်သော လူ့ဝတ်ကြောင်တို့၏အမှုကိစ္စ **[ညွှန့်]**

**ဂီမိဝတ်** – ကိုယ်ဝန်ဆောင် မိန်းမကို ဝယ်ယူဇနီးပြု၍ ထိုကိုယ်ဝန်မှ မွေးမြင်သော သား သမီး **[မနုကျယ်၊** စာ ၃၁၁]

**ဂူဇယ်** *(အင်္ဂလိပ်)* – ဟင်နရီဂူဂျာ (**Henry Gouger**) [**ROB, X, p. 106**]

**ဂေါစရဂါမ်** *(ပါ–ဂေါစရဂါမ)* – ရဟန်းတို့ဆွမ်းခံကြွလေ့ရှိသောရွာ**[မြင့်]** "ဤအရပ်သည်ပင်လျှင် သီတင်းသုံးအံ့သောငှာ ဂေါစရဂါမ်အရပ်တည်း" **[ညေသစ်၊** စာ ၃၂]


**ဂေါစာ** – နေ လ နက္ခတ်တို့ လှည့်ပတ် သွားလာသဖြင့် ဖြစ်ပေါ်လာသောနစ် **[သမ္မန္တစကျူ၊** ၃၊ စာ ၃၄၃]

**ဂေါလကသား** – မုဆိုးမတွင် မထင်ရှားသော လင်ဖြင့် မွေးမြင်သောသား **[သုံးဆယ့်ခြောက်၊** စာ ၄၀]

**ဂေါသီသစန္ဒကူး** – ကြေးဝါရောင် အဆင်းရှိသော စန္ဒကူး **[တက္ကသိုလ်၊** ၃၊ စာ ၃၆၄]

**ဂေါ်** (ငှက်မြား) – ပတ္တမြားကျောက်၏ အတွင်း အပြင် တစ်နေရာရာတွင် တည်ရှိ ပြေးလွှားနေသော အဖြူပြေး **[ပတ္တမြား၊** စာ ၁၄၄]

**ဂေါ်တော့ပလ္လင်** – ဘင်္ဂလားဒက်(ရှ်)နိုင်ငံ တောင်ပိုင်း၊ ရာမူးမြို့၏ တောင်ဘက်ရှိ Ratnapulung မြို့ (မင်းဗားကြီး(၁၅၃၁-၅၃) လက်ထက်တွင် သုဝဏ္ဏမြို့ ဟု သမုတ်ခဲ့သည်။ ပထမ အင်္ဂလိပ် မြန်မာ စစ်ပွဲ ပွဲဦးထွက် တိုက်ပွဲများတွင် မြန်မာတို့ အနိုင်ရရှိသော မြို့တစ်မြို့) **[နတ်မောက်၊** စာ ၃၇ နှင့် **ညေသစ်၊** စာ ၁၄၈]




**ဂေါ်ရာ** *(ဟိန္ဒီ–ဂေါရာ)* – အင်္ဂလိပ် စစ်တပ်တွင် အမှုထမ်းသော ဘင်္ဂလီစစ်သည် **[Hobson, p. 390]**

**ဂေါ်ရာပိတ်** – ဘင်္ဂလားနယ်တွင် ရက်လုပ်သောပိတ်ထည်?

**ဂင်္ဂါဓေယျလော့** – ကြိုးရုပ်ဖော်ဆောင် ထုလုပ်ထားသော အောင်မြင်ခြင်း နိမိတ်ပြလော့ **[ရွှေဘုံ၊** စာ ၇၀]

**ဂဇော်ယျ** *(ပါ)* – ဂင်္ဂါမြစ်အနီးအပါးတွင် ကျက်စားသော ဆင် **[မေးတော်ဖြေ၊** စာ ၃-၄]

**ဂင်ဇာ** (Ganza) –မြန်မာမင်းများလက်ထက်တွင် ငွေကြေးအဖြစ်အသုံးပြုခဲ့သော ခဲနှင့်ကြေးနီ သို့မဟုတ် ကြေးဝါ ရောနှောထားသောသတ္တု **[ရာဇဝင်သစ်၊** တ၊ စာ ၁၀၁]

**ဂိုင်းဆွဲပွဲ** – ချိန်ခွင်၊ ရာဇတို့ဆွဲ၍ ချိန်တွယ်ရောင်းဝယ်သော ပွဲရုံ **[လွှတ်တော်မှတ်၊** စာ ၂၅၀]

**ဂတ္တို** *(ပါ)* – ပုဒ်စဉ်ပါဠိလျှောက် အဓိပ္ပါယ်မဖွင့်ဘဲ ခက်ခဲသည်ဟု ထင်မှတ်ရသော အစိတ်အပိုင်း တို့ကိုသာ အဓိပ္ပါယ်ဖွင့်ဆိုထားသဖြင့် ထူးခြားသော ဉာဏ်ပညာကို ဖော်ပြသည့်ကျမ်း **[မြင့်]**

**ဂုဏ်တော်ကိုးပါး** – မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကိုးပါး (၁) ကိလေသာ ကင်းရှင်းဝေးကွာ၍ ပူဇော်အထူးကိုခံတော်မူထိုက်ခြင်း (၂) သစ္စာလေးပါးတရားကို မိမိအလိုလို သိတော်မူခြင်း (၃) ဝိဇ္ဇာ ရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါး တို့နှင့် ပြည့်စုံတော်မူခြင်း (၄) အရိယမဂ် တည်းဟူသော နိဗ္ဗာန်ခရီး ရှိတော်မူခြင်း (၅) လောက အားလုံးကို သိတော်မူခြင်း (၆) မယဉ်ကျေးသူကို ယဉ်ကျေးအောင် ဆုံးမနိုင်တော်မူခြင်း (၇) လူ နတ် ဗြဟ္မာ တို့ကို ဟောပြောဆုံးမတော် မူနိုင်ခြင်း (၈) သိအပ်သောတရား ဟူသမျှကို သိတော်မူ၍ သူတစ်ပါးကိုလည်း သိစေတော်မူခြင်း (၉) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း [**မူလပဏ္ဏာသ၊** စာ ၃၇၁]

**ဂန္ထဓုရ** *(ပါ)* – စာပေကျမ်းဂန် တတ်ကျွမ်းသူ၊ စာပေကျမ်းဂန် သင်ကြားခြင်း ဟူသော တာဝန် [**မြင့်**]

**ဂန္ထာရမ္ဘ** *(ပါ–ဂန္ထ +အာရမ္ဘ)* – ကျမ်းဂန်ကို အားထုတ်၍ သင်ယူခြင်း [**ဦးဟုတ်၊** စာ ၃၅၆]

**ဂန္ဓကုဋိ** *(ပါ)* – ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသခင်စံပယ်တော်မူရာအဆောင် [**ဦးဟုတ်၊** စာ၃၅၆–၇]

**ဂန္ဓာရီဝိဇ္ဇာ** – အင်းအိုင်ဆေးဝါး သံ ပြဒါး စသော လုပ်ရပ်ပညာ ကျွမ်းကျင်သော– ပုဂ္ဂိုလ်၊ အတတ်ပညာ [**ရွှေမြန်၊** စာ ၈၁]

**ဂန္ဓဗ္ဗဝိဇ္ဇာ** – သဘင်မှု ကျွမ်းကျင်သောပုဂ္ဂိုလ်၊ သဘင်မှု အတတ်ပညာ [**ရွှေဝတီ၊** စာ ၇၄]

**ဂူန်** – (၁) ရွှေထည်ပစ္စည်း သို့မဟုတ် ရွှေအတုဖြင့် ပြုလုပ်သော ပစ္စည်းများတွင် ကျောက်စီခြယ်သွင်းလုပ်ခြင်း (၂) ရွှေထည်တွင် ကျောက်စီခြယ် သွင်းလုပ်သော ပညာသည် [**မြန်ဖွင့်၊** ဖြည့်၊ စာ ၈၇–၉၀]

**ဂဗ္ဘသေယျက** *(ပါ)* – အမိဝမ်း၌ ပဋိသန္ဓေ နေသော [**ဦးဟုတ်၊** စာ ၃၅၈]

**ဂမ္ဘီရဉာဏ်** *(ဂမ္ဘီရ+ဉာဏ)* – နက်နဲသောဉာဏ် [**ဦးဟုတ်၊** စာ ၃၅၉]

**ဂမ္ဘီရရှိန်** *(အိန္ဒိယ)* – ဂမ္ဘီရာဆင်း (Gambhir Singh) [ROB, X, p. 106]

**ဂုမ္ဗ** *(ပါ၊ ဂုမ္ဗ)* – ချုံပုတ် [**ဦးဟုတ်၊** စာ ၃၆၉]

**ဂုမ္ဖ** *(ပါ)* – စစ်သည်ဗိုလ်ပါ (နတ်စစ်သည်ကဲ့သို့ ရဲရင့်၍ စစ်မှုရေးရာ ကျွမ်းကျင်သော သူရဲကောင်း မှူးမတ်ကို အေဝကုမ္ဖဟူသောဘွဲ့မည်ကိုပေးသည်။မင်းတရားကြီး၏စစ်သည်ရဲမက်တို့အား ကွပ်ကဲစီရင်နိုင်သောစစ်မှူးစစ်ကဲကို ရာဇဂုမ္ဖဟူ၍ဘွဲ့ပေးသည်။)[**သိန္နဆွေ၊** စာ ၃၄၆–၈]

**ဂုံ** – ကျိုင်းတုံနှင့် အနီးဝန်းကျင်ဒေသတွင် နေထိုင်သော ရှမ်းလူမျိုး [**ကုန်းဘောင်၊** ပ၊ စာ ၄၁၁]

**ဂုံရေတော်အိတ်နီ** – အဖိုးတန်ရက်ထည်တစ်မျိုးဖြင့် ချုပ်လုပ်သော အနီရောင်အိတ် [**တက္ကသိုလ်၊** ၃၊ စာ ၃၇၇]

**ဂုံပညီ** – (အရှေ့အိန္ဒိယ) ကုမ္ပဏီ [**လောင်းမင်းစိန့်၊** စာ ၃၉ အောက်]

**ဂုံပြည်** *(ဂုမ်ပြည်)* – "ဂုံမြို့နယ်ကား အရှေ့ကိုလားသော် ကျော်ကသည်းမြေနှင့် အစပ်။ တောင်ကိုလားသော် ပင်လယ်။ အနောက်ကိုလားသော် ဆင်တသန့်ရှင်တည်သော လင်းဇင်းမြေနှင့် ကျောခိုင်း။ မြောက်ကိုလားသော် လူး၁၂ဖနားနှင့် ကျောခိုင်း" [**စမ္ဗူ၊** စာ ၁၃]၊ ကျိုင်းတုံနယ် [**အုပ်ချုပ်၊** ဒ၊ စာ ၁၀၃]

**ဂျင်းတက်** (အဆင်တန်ဆာ) – ဂျင်းတက်တွင် အစို့အပင်ထွက်လုနီး နေရာ၌ ချွန်ကွေး၍ ထွက်နေသောအတက် ပုံသဏ္ဍာန်၊ သရက်ကင်းပုံ [**အုပ်ချုပ်၊** ပဥ၊ စာ ၆၁]

**ဂြဟစာပွင့်ရာ** – ဂြိုဟ်ကျက်စားရာ [**စီပွလာ၊** စာ ၂၁၃]

**ဂြဟပတိအရပ်** – အရှေ့တောင် အရပ် [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၃၃၄]

**ဂြိုဟ်ကိုးပါး** – (၁) တနင်္ဂနွေဂြိုဟ် (၂) တနင်္လာဂြိုဟ် (၃) အင်္ဂါဂြိုဟ် (၄) ဗုဒ္ဓဟူးဂြိုဟ် (၅) ကြာသပတေးဂြိုဟ် (၆) သောကြာဂြိုဟ် (၇) စနေဂြိုဟ် (၈) ရာဟုဂြိုဟ် (၉) ကိတ်ဂြိုဟ်

**ဂျွတ်လေ့** – ၁၆ရာစုနှစ်မှစ၍ ဘင်္ဂလားနှင့် ရခိုင်ဒေသ၌ စစ်ဆင်ရေးနှင့် ကုန်သွယ်ရေးတွင် အသုံးပြုခဲ့သည့် တက်ကိုင် ၃၈ဦးမှ ၄၀ဦးအထိ စီးနင်းလှော်ခတ်သော အလျားရှည် အမြန်သွားလှေလျှင် (နိုင်ငံခြားမှတ်တမ်းများတွင် ဂျွတ်လေ့ကို jalia, jeloa, gelua, gelia ဟူ၍ အမျိုးမျိုး ရေးသားဖော်ပြသည်။ ရောဝတီမြစ်ဝှမ်းတွင် ပဒုံမင်း(၁၇၈၂–၁၈၁၉) လက်ထက် နောက်ပိုင်းမှစ၍ ဂျွတ်လှေများကိုသုံးစွဲခဲ့ဟန်တူသည်။ [Travels, pp. 32-3, 285၊ **ညသစ်၊** စာ ၁၅၄] "မင်းဗားကြီးလက်ထက်။ များစွာသော ဂျွတ်လှေကြီး။ သင်္ဘောကြီးတို့နှင့်။ ...ပုန်ကန်တိုက်ခိုက်လာသော ဘရင်ဂျီစစ်ကို အောင်တော်မူသောအခါ" [**ညသစ်၊** စာ ၁၅၄] သူရွှေးသူကြွယ်တို့မှာ ဂျွတ်လှေတော်၌ စီးရသည်" [**ကုန်းဘောင်၊** တ၊ စာ ၄၀၀]


**ဂျွမ်းခရာပုံတောင်အစု** – ဂျွမ်း (ခမာ)လူမျိုးတို့၏ အတီး အမှုတ်ကို တီးမှုတ် ထမ်းရွက်ရသော အမှုထမ်းအစု [**တတ္တသိုလ်၊** ၈၊ စာ ၃၉၃] "ဂျွမ်းခရာပုံတောင် အမှုထမ်း လူတို့ကို ထမ်းအား ရွက်အား ရှိအောင် အထိုက် အလျောက် ပယ်သနားတော်မြတ်ခံစေ" [**ROB, IX,** p. 937]

**ဂျွမ်းစစ်သည်** (ကြွ၊ ကြွမ်စစ်သည်) – ခမာစစ်သည်။ ကမ္ဘောဇစစ်သည်။ [**သီချင်း၊** ဖြည့်၊ စာ ၁၃၅]

# ဃ


**ဃငီ** *(သင်-ဃငီကာ)* – ရှေးမြန်မာနာရီ (ရှေးမြန်မာ တစ်နာရီ သို့မဟုတ် တစ်ဃငီသည် ယခုခေတ်သုံး ၂၄မိနစ်နှင့် ညီမျှသည်။ [**မြန်တန်း၊** စာ ၇၉] ဃငီ ခြောက်ဆယ်=တိထိတစ်လုံး [**မေးတော်ဖြေ၊** စာ ၄၈၃]

**ဃနမတ္တက အဆင်တန်ဆာ** – လက်ရင်းကျဲ့၍ လက်ဖျား ကျယ်ပြီး ပခုံးတွင် ငါးပတ်ခံတွင်းတစ်ဆင့်၊ လက်တွင် နှစ်ဆင့်၊ လည်ကွေး နှစ်ဆင့်၊ ခါးရမ်း သုံးဆင့်၊ အောက်ပိုင်းတွင် ငါးဆင့်ပြုပြီး ရွှေခြူညောင်ရွက်များကို ဝဲယာလက်မောင်းတွင် တပ်ကာ အထည် ပုစွန်ဆီ ခံလျက် ကျောက်မျက်ရတနာဖြင့် ခြယ်လှယ် ချုပ်လုပ် ထားသော သင်တိုင်းတော် (ဤဃနမတ္တက အင်္ကျီ တော်ကို အခမ်း အနားကြီးများတွင် မိဖုရားခေါင်ကြီး၊ နန်းရမိဖုရားကြီး များနှင့်သမီးတော် များ ဆင်မြန်းကြ သည်။) [**ရွှေနန်း၊** ၁/၂၊ စာ ၇၊ ပုံ ၉၁]



ဃနမတ္တကအဆင်တန်ဆာ

**ဃနယောင်** – ဃနမတ္တကနှင့် ဆင်ဆင်တူသော သင်တိုင်း တော် (လက်ရင်း ကျဲ့၍ လက်ဖျား ကျယ်ပြီး ပခုံးနှင့် လက်တွင် အချွန် အကော့ အလန် များဖြင့် ချုပ်လုပ် ကာ၊လက်အိုးတွင် ရွှေခြူညောင်ရွက် ဆွဲ လက်ထောင် ဝဲယာတပ်ဆင်ထား သည့်အဆင့်ဆင့် အထပ်ထပ်ရှိသော သင်တိုင်းတော် – ဃနယောင်အင်္ကျီကို ဆောင်ရမိဖုရား နှင့် သမီးတော်ငယ်တို့ ဝတ်ဆင်နိုင်ခွင့် ရှိသည်။ [**ရွှေ နန်း၊** ၁/၂၊ စာ ၇၊ ပုံ ၉၂]



ဃနယောင်

**ဃောသ** – ၆ ဖာလုံ ၃ သံကြိုး ၁၄ကိုက် ရှိသော အတိုင်းအရှည်။ (၁၂ ဥသဘလျှင် တစ်ဃောသ၊ လေးဃောသလျှင် တစ်ဂါဝုတ်၊ လေးဂါဝုတ်လျှင် တစ် ယူဇနာ) [**အုပ်ချုပ်၊** တ၊ စာ ၅-၆]

# င

**ငတိ ယေဉ်မည်သော ငှက်တို့နေရာ သံတံတား** – ယခု ထေးပြည့်ကွမ်းသံတံတားဖြစ်မည်ဟု ပုဂံဝန်ထောက်မင်း ဦးတင်က ခန့်မှန်းသည်။ [**အုပ်ချုပ်၊** ဒ၊ စာ ၁၀၂]

**နားကြီး** – (၁) နားတောင်းကြီးကြီး ပန်သော ကတူး လူမျိုး (၂) ကတူးလူမျိုးတို့ နေထိုင်ခဲ့သည့် တကောင်း၊ ဟုမ္မလင်း၊ ပင်လယ်ဘူး၊ ဗန်းမောက်ဒေသ (ပုဂံ ရွှေ

စည်းခံ့ ကျောက်စာတွင် **ကန်တူ နှားကြီး** ဟု ဖော်ပြသည်ကို တွေ့ရ၏။) [**ကတူးကနန်း၊** စာ ၂၀-၁၊ ၂၇ နှင့် တကောင်းကန္တူးစာ၄၃]

**ဘောတ** (နိုင်ငံခြား) - ဘုဓမ် (Boodham) [**ROB**, X, p. 106]

**ဘောန်းတိုက်လက်စွဲ** - ပဒုံမင်း(၁၇၈၂-၁၈၁၉) လက်ထက် ၁၇၈၂ခုနှစ်တွင် ဘောန်း ခေါင်းဆောင်သော သူပုန် အရေးတော် ပေါ်ပေါက်ခဲ့စဉ်က သူပုန်တို့ကို ခုခံ တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သော လက်စွဲတော်များဖြင့် ဖွဲ့စည်းသည့် အိပ်ဖန်တော်စောင့် ကိုယ်ရံတော် [**ရွှေနန်းသုံး၊** စာ ၃၅]

**ငရဲကြီးရှစ်ထပ်** - (၁) သိဥ္စိုးငရဲ-အဖန်ဖန် အသက်ရှင်၍ ခံနေရသောငရဲ (၂) ကာဠသုတ်ငရဲ - သစ်ခွဲသကဲ့သို့ တစ်ကိုယ်လုံးခုတ်ရွှေလှီးဖြတ်ခံရသောငရဲ (၃)သံဃာတ ငရဲ - သံတောင် သံခဲတို့ဖြင့် အဖန်ဖန် လှိမ့်မွေ ကြိတ်ခြေ ညှဉ်းဆဲခံရသောငရဲ (၄) ဇာလရောရုဝ ငရဲ - မီးတောက် မီးလျှံတို့ဖြင့် အဖန်ဖန် နှိပ်စက် ခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးနေရသော ငရဲ (၅) ဓူမရောရုဝငရဲ - မီးခိုးမီးအုံ့တို့ဖြင့် ပိတ်ဖုံး နှိပ်စက်ခံရ၍ ကယ်ပါ ယူပါဟု ပြင်းစွာအော်မြည်နေရ သော ငရဲ (၆) တာပနငရဲ - သံတံကျင်ဖြင့် ထိုး ဖောက်ပြီး တစ်ကိုယ်လုံးမီးလျှံစွဲအောင် မီးကင်ခံရသော ငရဲ (၇) ပတာပနငရဲ-အလျှံရဲရဲလျက်ရှိသော သံတောင် ကြီးပေါ်သို့ တက်စေလျက် လှံသွားများ စိုက်ထောင် ထားသော မြေပြင်သို့ ဦးခေါင်းပြောင်းပြန်ကျစေသော ငရဲ (၈) အဝီစိငရဲ - မီးလျှံတွင် ငရဲသားတို့ ရောနှော မီးရှို့ခံရသောငရဲ [**သုတေသန၊** စာ ၁၇၄]

**ငရဲကြီး၄ပါး** *(ကျောက်)* - (၁) နိရျက် - နိရယငရဲ (၂) တြက် - တိရစ္ဆာန် (၃) ပြိတ္တာ (၄) ပည္စာနန္တရိတ် [ပဥ္စာနန္တရိတ်သည် ငရဲ မဟုတ်ချေ။ ငရဲအပါအဝင် ဖြစ်သော အပါယ်လေးပါးသို့ ရောက်စေနိုင်သော ပြစ်မှုကြီးငါးရပ် ဖြစ်သည်။] [**မြင့်**]

**ငရဲငယ်ငါးပါး** - [ငရဲကြီးတစ်ထပ်တွင် လေးမျက်နှာ ရှိသည်။ တစ်မျက်နှာလျှင် ငရဲငယ်ငါးပါးစီ ခြံရံလျက် ရှိသည်။ ထို့ကြောင့် ငရဲကြီး တစ်ထပ်တွင် ငရဲငယ် ၂၀ ရှိလေသည်။] ငရဲငယ်ငါးပါးမှာ (၁) ဂူထပုတိက ခေါ် ဘင်ပုတ်ငရဲ - အလွန်ကြီးမားသော ပိုးလောက် ကောင်တို့ ထိုးဖောက် ကိုက်ခဲခြင်း ခံရသော ငရဲ (၂) ကုက္ကုလုဇ္ဇာ ခေါ် ပြာပူငရဲ - အလွန်ပူပြင်းသော ပြာပူကျင်းထဲသို့ကျ၍ ဆင်းရဲခံရသော ငရဲ (၃) သိမ္ဗလိ ခေါ် လက်ပံတောငရဲ - အလွန်ရှည်လျား ချွန်ထက် သော လက်ပံဆူးတို့ ဝန်းရံလျက်ရှိသော ငရဲ (၄) အသိပတ္တ ခေါ် သန်လျက်တော ငရဲ - ဓားလုံ့ သန်လျက်နှင့်တူသည့် အရွက်များ ကြွေကျနေသော တောထဲတွင် ပြေးလွှားနေရသောငရဲ (၅) ခါရောဒက ခေါ် ကြိမ်ဆူးတောမြစ်ငရဲ - ကြိမ်ဆူးများ ပြည့်လျက် ရှိပြီး ခါးငန်စပ်ပူသောရေရှိသည့် မြစ်ထဲ၌ ကူးနေရ သော ငရဲ [**သုတေသန၊** စာ ၁၇၄-၅]


**ငရဲသစ်ငုတ်** - မကျွတ်မလွတ်ဘဲ အမြဲတမ်း ခံနေရသော ငရဲ။ "ဖုရာတိုဝ်လာရယ်ချွတ်လည် မကျွတ်တတ်သည် ငရဲသစ်ငုတ်လျှင် ဖြစ်စေသတေည်" [**၁၁၈၅ခုနှစ်ထိုး နားတောင်းတတ်ဘုရား ကျောက်စာ**]

**ငါးပါးစက္ခု** - ထိုးထွင်း၍ သိမြင်နိုင်သော ဉာဏ်မျက်စိ ငါးပါး။ (၁) မံသစက္ခု - လူတို့၏ ပကတိမျက်စိ (၄) ဒိဗ္ဗစက္ခု - နတ်မျက်စိကဲ့သို့ တင်ကြို၍ မြင်နိုင် သောအဘိညာဉ် (၂) ပညာစက္ခု - ဉာဏ်ပညာမျက်စိ (၅) ဗုဒ္ဓစက္ခု - မြတ်စွာဘုရားသခင်၏ သဗ္ဗညုတ ဉာဏ်တော် မျက်စိ (၃) ဓမ္မစက္ခု - တရားတော် အပေါင်း [**သုစမှတ်၊** စာ ၁၃၇]

**ငါးပိဂိုဏ်းအကောက်** - စားသောက်ဖွယ်ရာ ကုန်ပစ္စည်း တို့ အပေါ်တွင် ကောက်ခံသော အခွန်အကောက် [**အုပ်ချုပ်၊** ပဋ၊ စာ ၄]

**ငါးပတ်ခံတွင်း** - ငါးပတ်၏ ပါးစပ်ခံတွင်းကဲ့သို့ အထက် ပိုင်းချွန်၍ ကော့လန်နေသော အဆင်တန်ဆာ

ငါးပတ်ခံတွင်း



**ငါးမည်ရ ပြည်ရွှေဘို** - အမည်ငါးမျိုး ရသော ရွှေဘိုမြို့ (၁) မုဆိုးဖို (၂) ရတနာသိင်္ယ (၃) ကုန်းဘောင် (၄) ရန်ကြီးအောင် (၅) ရွှေဘို [ရန်ကြီးအောင်၊

ကုန်းဘောင်သ၊ ငါးမည်ရ ပြည်ရွှေဘို၊ မုဆိုးဖို၊ ရန်ပြို တဲ့ နာသိယံ၊ ဖေးတော့်ဒေသ] [**ရွှေဝတီ၊** စာ ၁၀၁-၄]

**ငါးမျှားချိတ်လက်ရုံး** *(စောင်း)* – ငါးမျှားချိတ်ကွေးကောက် နေပုံနှင့် ဆင်တူအောင် စီရင်ပြုလုပ်ထားသော စောင်း ကောက်၏ လက်ရုံး [**စောင်း၊** စာ ၄၅]

**ငါးရာတွင်း** – ၁/၂ တိုင် = တစ်မိုင်ခန့် [ROB, VI, p. 493]

**ငိသမူသော** *(ကျောက်)* – ညီမျှသော။ "ပုရှာသွိင်သာသနာ။ ၁၇၃၇ခုနှစ်လွှာန်လိယ်ပြီအော်။ ငိသမူသောနှစ်။ သကရစ် ၅၅၅။ ခု။" [**၁၁၉၃ ခုနှစ်ထိုး သင်ကြီးငါနိုင်သင် ကျောက်စာ** ]

**ငေါ်ကိုးရပ်** – တောဖျားတောင်စွန်းဖြစ်သော အရပ်ဒေသ ကိုးခု (အနောက်ရိုးမတောင်စွန်း တောင်ဖျားဒေသ တစ်လွှားကို ရည်ညွှန်းသည်။) "ဘိုးခေါင် ဆယ်ထပ်၊ ငေါ်ကိုးရပ် စသော အနောက်တလွှား တောဖျား တောင်ခြေ ပုန်းနေရှောင်လွှဲကုန်သော … လူအပေါင်း တို့ … ဝင်ရောက်ကုန်၏" [**ကုန်းဘောင်၊** ပ၊ စာ ၁၂၆]

**ငိုယိုကျွန်ပြု၏** – ငိုယိုဟန်ဆောင်၏။ [**စည်သစ်၊** စာ ၉၈]

**ငုံနှံပစ်** – အကောင်းဆုံး ဖြစ်သည်။ အကောင်းဆုံး ဆောင် ရွက်နိုင်သည်။ အပွင့်အများဆုံးရအောင် ကြွေအန်ပစ် နိုင်သည်။ [**မြန်မွှင်၊** ဖြည့်၊ စာ ၉၇-၉]

**ငြိမ့်ငြိမ့်မွှမ်း** – တလှုပ်လှုပ် တရွရွနှင့် ပြည့်လျှမ်းနေသည်။ [**တကွသိုလ်၊** ၃၊ စာ ၄၆၇] "ဘဝရှင်မင်းတရားကြီးဘုရား ပြည်ကြီးမွန် ရတနာရွှေဖောင်တော်ဝယ် ထီးဖြူ ကနကဒဏ်ဖြန့်၍ … ကြည်း ရေ ငြိမ့်ငြိမ့်မွှမ်းလျက် ဆန်တော်မူသည်" [**ကုန်းဘောင်၊** ဒ၊ စာ ၁၀၄]

**ငွေကတော့** – ငွေဖြင့် ပြုလုပ်ထားသော ကတော့ပုံ အဆင် တန်ဆာ

**ငွေကြမ်း** – အရည်အသွေးညံ့သောငွေ [**တကွသိုလ်၊** ၃၊ စာ ၄၇၁]

**ငွေခွန်မှူး** – ငွေခွန်တော်ဆက် မြို့ရွာကို အုပ်ချုပ်သော အကြီးအမှူး (မြို့သူကြီးနှင့် အဆင့်တူသည်။) [**အုပ်ချုပ်၊** ၈၊ စာ ၂၈၆-၇]

**ငွေဆိုးငွေကြမ်း** – အရည်အသွေး အလွန်ညံ့သောငွေ [ROB, IV, p. 314]

**ငွေတန်ဆောင်** – ငွေချဖယောင်းတိုင်။ "ရွှယ်တန်ဆောင် ငုယ်တန်ဆောင်တိုဝ်ဖ္လွင်လေပုစဝ်လိုက်အော်" (ရွှေတန် ဆောင် ငွေတန်ဆောင်တို့ဖြင့်လည်း ပူဇော်လိုက်၏) [**၁၂၂၇ ခုနှစ်ထိုး အနန္တသူရမောင်နံကျောက်စာ** ]

**ငွေပျန်** *(ကျောက်-ငုယ်ပျန်)* – ငွေစစ်ငွေစင်။ "မဩောင် တိုင်နုတ်ရကာငုယ်ပျန် ၁၀၀ ကွှာအော်" [**၁၂၂၆ ခုနှစ်ထိုး ဖျက္ကသူ ကျောက်စာ** ]

**ငွေမှုတ်ဖိုခွန်** – ငွေသတ္တုကို အရည်ကျိုသည့် ဖိုရှင်ထံမှ ကောက်ခံသောအခွန်

**ငွေဝယ်ငွေပေါင်မြေ** – တရားသဖြင့် ပိုင်ဆိုင်သူတို့ထံမှ ဝယ်ယူရရှိသောမြေနှင့် အပေါင်ဆုံး၍ ပိုင်ဆိုင်သောမြေ [**အုပ်ချုပ်၊** ပ၃၊ စာ ၃၁]

**ငှက်ကြာ** – ကျေးကွေး သို့မဟုတ် ပုစွန်ထုပ်ကွေး၏ အောက်ဘက်ရှိ အတွန့် [**အုပ်ချုပ်၊** ပ၃၊ စာ ၆၆]

**ငှက်ချေးခံ** – မီးသင်္ဂြိုဟ်မည့်အလောင်းစင်ပေါ်သို့ ငှက်ချေး မကျအောင် ခံထားသော အမိုး [**တကွသိုလ်၊** ၃၊ စာ ၄၇၉]

**ငှက်ချေးခံတန်ဆောင်း** – မီးသင်္ဂြိုဟ်မည့် အလောင်းစင် ပေါ်တွင် ချိတ်ဆွဲထားသော အမိုးအိမ်

**ငှက်ဆော်** – ငှက်ရုပ်များကို အချွန်အတက်သဖွယ် စဉ်၍ တန်း၍ မွမ်းမံထားသော အဆင်တန်ဆာ [**အုပ်ချုပ်၊** ပ၃၊ စာ ၆၄]

## စ

**စကားခက်တင်မောင်းနှင်း** –မတင်မကျပြောဆိုသောစကား [**အုန်းအဘိဓာန်၊** တ အက္ခရာ]

**စကားဆယ်ပါး** – (၁) ရေကူးညာတင် (၂) ကောက်ပင် ရိတ်လှီး (၃) ရေစီးဖောင်ဆန် (၄) အိုးတန်ဆန်ခတ် (၅) ဆန်ပွတ်ကျည်ပွေ့ (၆) ဆင်ဖော့ရန်ရှောင် (၇) တောင်သူယာခုတ် (၈) ကြက်ဆုတ်ခွပ်ပစ် (၉) ရေစစ်ကရား (၁၀) ခက်တင်မောင်းနှင်း [**ရတနာဘဏ်၊** စာ ၂၅၈၊ ROB, I, p. 191]

**စကားအရာအင်္ဂါလေးပါး** – (၁) ဝါကျမှန်အောင် ပြောဆိုနိုင်ခြင်း (၂) တရားနှင့်ယှဉ်ခြင်း (၃) ချစ်နှစ်သက်ဖွယ် ပြောဆိုခြင်း (၄) ဖြောင့်မှန်စွာ ပြောဆိုခြင်း [ **ရာဇသေတက၊** စာ ၂၈၅]

**စကောက်** – လှူတွင် မေးနှင့်လည်ပင်းအကြားရှိ နေရာ၊ ဆင်တွင်နှာမောင်းထိပ်ဖျား [**တတ္တသိုလ်၊** ၄၊ စာ ၅၀၂]

**စကျင်း** – (၁) လှေဝမ်းခင်း [**ROB**, VIII, P. 536] (၂) မြင်း နွား ဝက် စသော အိမ်မွေးတိရစ္ဆာန်များ၏ အစားအစာထည့်ရန် သစ်လုံးကို ထွင်းထားသော ခွက်ရှည် [**တတ္တသိုလ်၊** ၄၊ စာ ၅၀၃၊ ၅၅၁]

**စကြဝတေးမင်းကျင့်တရားဆယ့်နှစ်ပါး** – (၁) အတွင်းတော်သား မိုလ်ပါအမှုထမ်းတို့ကို ကောင်းစွာကြည့်ရှုခြင်း (၂) ဘိသိက်ခံသောမင်းတို့နှင့်ကောင်းစွာဆက်ဆံခြင်း (၃) ဘိသိက် မခံသောမင်းတို့နှင့် ကောင်းစွာ ဆက်ဆံခြင်း (၄) ပုဏ္ဏား တို့နှင့် လျောက်ပတ်စွာ ဆက်ဆံခြင်း (၅) သူကြွယ်တို့နှင့် လျောက်ပတ်စွာ ဆက်ဆံခြင်း (၆) နိဂုံးဇနပုဒ်တို့ အပေါ် ကောင်းစွာ စီရင်အုပ်ချုပ်ခြင်း (၇) ရဟန်း သံဃာတော်များအား ရိုသေခြင်း(၈)သားသမင်တို့နှင့်ဆီလျော်စွာဆက်ဆံခြင်း (၉) ငှက်မျိုးတို့နှင့်ဆီလျော်စွာဆက်ဆံခြင်း (၁၀)မတရားသောအမှုအကျင့်ကို ပယ်ခြင်း (၁၁) ဥစ္စာ အရင်းအနှီး ပေးကမ်းခြင်း (၁၂) ရဟန်း ပုဏ္ဏားတို့ထံ မေးမြန်းနာယူခြင်း [**ရှိနိုင်ရာသစ်၊** ပ၊ စာ ၈၅]

**စကြာတင်ရထား** – အမိုးပြာသာဒ်တင် လူဆွဲရသော ရွှေရထား [**မြန်မာမင်း၊** စာ ၁၆၁]

**စကြာမန္တာတ်** – စကြာယာဉ် ရသော စကြာဝတေးမင်း [**တတ္တသိုလ်၊** ၄၊ စာ ၅၉၂ နှင့် **ယုဒသန်၊** စာ ၇၄၅] "ရှေးစကြာမန္တာတ်မင်းတို့ဝယ် ရအပ်သော ဆဒ္ဒန်စကြာဆင်ဖြူရတနာကဲ့သို့ သကြားနတ်တို့ဆက်သပို့ရောက်သည့် ဆဒ္ဒန်ဆင်မင်း" [**ROB**, VII, p. 645]

**စကြီး** – (၁) သူကြီး၊ အကြီးအကဲ (၂) ယွန်းစုကိုယ်ရံတော်အကြီးအကဲ။ "မန်းကျည်းကုန်းရွာကို ပြည်လုံးအံ့လှေတော် စကြီးငမြိုင်က ကြီးစိုးထမ်းရွက်စေ" [**ROB**, IX, p. 585] "မန်ကျည်းတုန်ရွာ ယွန်းစုသားတို့ကို စကြီးအရာ၊ အဲးသိုင်းကြီးသည်။ မရှိလျှင် အဲးကျော် ကြီးသည်။ [**အုပ်ချုပ်၊** စ၊ စာ ၄၇]

**စကြော** – (၁) အင်း အိုင် ချောင်း မြောင်း မြစ်ကမ်းစပ်တို့တွင် ကောက်ပဲ သီးနှံ စိုက်ပျိုးသူ၊ တံငါသည်၊ လှေထိုးတက်ခပ်သူ (၂) လေးဖက်ချ အမိုး [**မြန်ဖွင့်၊** ပ၊ စာ ၁၈၀-၂ နှင့် **တတ္တသိုလ်၊** ၄၊ စာ ၅၀၃]

**စကြောအစို့** – ယိုးဒယားနိုင်ငံသားတို့ဖြင့် ဖွဲ့စည်းထားသော အတီးအက အမှုထမ်းစု [**ညသစ်၊** စာ ၂၁၀]

**စကြဝ်** *(ကျောက်)* – စကောကရင်လူမျိုး ဖြစ်ဖွယ်ရှိသည်ဟု G. H. Luce က မှန်းဆခဲ့သည်။ [**JBRS**, i, XLII, p. 60]

**စဆွဲ၊ စဆွမ်** *(ကျောက်)* – အာရုံခံ တန်ဆောင်း၊ စရပ် [**ဗိုလ္လာ၊** စာ ၁၃၃] "သိမ်ဟောင်း၊ စရပ်စဆွဲဟောင်းများကိုဝ် ကောင်းမွံအောင်ပြင်သည်။" [**ROB**, I, p. 354]

**စတုဗန်ကျွန်း** – Cheduba ကျွန်း (မာန်အောင်ကျွန်း)

**စတုဘာဏဝါရ** *(ပါ)* – လေးလုံးတစ်ပါဒ ဂါထာများကို ရွတ်ဖတ်သောအကြိမ် [**မြင့်**]

**စတုမဓု** *(ပါ၊ စတုမဓုရ)* – (၁) ထောပတ် (၂) ပျားရည် (၃) တင်လဲ (၄) နှမ်းဆီ –လေးမျိုးကို ဆတူရောစ၍ နေ သို့မဟုတ် မီးဖြင့်ချက်၍ရသော အသက်ရှည်ဆေး [**တတ္တသိုလ်၊** ၄၊ စာ ၅၀၆]

**စတုမဟာရာဇ်နတ်ကြီးလေးပါး** – ကမ္ဘာစောင့်နတ်ကြီးလေးပါး (၁)မြင်းမိုရ်တောင်၏အရှေ့ဘက်မျက်နှာကို စောင့်ရှောက်သော (ဂန္ဓဗ္ဗနတ်တို့၏အရှင်) ဓတရဋ္ဌနတ်မင်းကြီး (၂) မြင်းမိုရ်တောင်၏ တောင်ဘက်မျက်နှာကို စောင့်ရှောက်သော (ကုမ္ဘဏ်တို့၏ အရှင်) ဝိရူဠှကနတ်မင်းကြီး (၃) မြင်းမိုရ်တောင်၏ အနောက်ဘက်မျက်နှာကို စောင့်သော (နဂါးတို့၏အရှင်) ဝိရူပက္ခနတ်မင်းကြီး (၄) မြင်းမိုရ်တောင်၏ မြောက်ဘက်မျက်နှာကို စောင့်သော (ယက္ခတို့၏အရှင်) ကုဝေရနတ်မင်းကြီး [**သုစမုတ်၊** စာ ၇၃]

**စတော** – (၁) စစ်စစ် (၂) ကေနစ်ငစ်စစ် [**တတ္တသိုလ်၊** ၄၊ စာ ၅၀၈] "တောင်တွင်းကြီးမင်းသမီး၊ မြေဒူးမင်းသမီးတို့ အရပ်များကိုလည်း ရွှေသားစတော သွန်းတော်မူ၍ ရတနာအတိပြီးသော ရွှေဇန်းခိုင်ဖြင့် ဘုရားရှင်အား ပူဇော်တော်မူဟန် ထားတော်မူသည်" [**ကုန်းဘောင်၊** ပ၊ စာ ၅၂၈]

**စတေးတော်** – နန်းသုံးဖလားယယ် (စတေးမှာ မင်္ဂလာအခမ်းအနားများတွင် အသုံးပြုသောဖလား ဖြစ်သည်။) [**တတ္တသိုလ်၊** ၄၊ စာ ၅၀၈]

**စတတ်** *(ကျောက်)* – အစားအစာကို မိမိကိုယ်တိုင် စားသောက်တတ်သော အရွယ် ရှိသည့် ကလေးငယ်။

"သာမြက်ရ ငါ့ပွင်ဘ ငီမြက်ရ ငါသူ့ဖွစ်ဘ ငီအိုဖွမ် ငါနစ်ဘ ငီစာတတ်ငါပြောင်ဘ ငီနိဝ်စိုဝ်ငါမှိုဝ်ဘ" [၁၂၃၆ စုနစ်ထိုး မင်းရာသေ့ရ ကျောက်စာ ]

**စတိဿ** – တရုတ်နိုင်ငံ ယူနန်နယ်တွင်ရှိသော ပန်းသေးပြည် [**မှန်နန်း**၊ ပ၊ စာ ၇၈]

**စနေ** *(မွန် – စွအ်ကဏုသင်)* – (၁) နန်းဦး၌ ရတနာဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ခရသင်းကို အုပ်နှင့် ထည့်၍ ထားရာ အဆောင် (၂)ဘုန်းကြီးကျောင်းနှင့် နန်းတော်တို့တွင် ဆောင်မကြီး နှစ်ခုကို ကူးဆက်ပေးသော ဆောင်တော်ကူး [**ရွှေဘို**၊ စာ ၃၁ နှင့် **တက္ကသိုလ်**၊ ၄၊ စာ ၅၁၀]

**စနောင့်စနင်း** – စိတ်ထင့်လျက်၊ စိတ်တထင့်ထင့်ဖြင့်၊ စိတ်မချမ်းသာခြင်း၊ မတည်ငြိမ်ခြင်း၊ ချောက်ချားခြင်း [**တက္ကသိုလ်**၊ ၄၊ စာ ၅၁၂] "ပြည်သူတကာတို့သည်...မုန်းတားမျက်လို ကုန်သောကြောင့်...ပြည်ရွာ စနောင့်စနင်း ဖြစ်လေ၏" [**ရှိနိုင်ရာဇဝင်**၊ ပ၊ စာ ၃၄၉]

**စနည်း** – ညဦးအခါမြို့ရွာအတွင်းတိတ်တဆိတ်လှည့်လည်နားထောင်ရာတွင် လူသူတို့ မထင်မရှား ပြောဆိုနေကြသော စကား [**မန္တလေး**၊ စာ ၄၈ အောက်။ **အုပ်ချုပ်**၊ ၈၊ စာ ၁၉၇]

**စပါးကျီကြီးလေး** – စပါးများစွာ ထွက်သော နယ်ကြီးလေးနယ်–(၁)ချင်းတွင်း (၂)လယ်တွင်း(၃)တောင်တွင်း (၄) စလင်း [ROB, X, p. 107]

**စပါးမျိုးခုနစ်မည်** – (၁) သလေး၊ ကောက်ကြီး၊ ကောက်ညှင်း (၂) ကောက်လတ်၊ ငစိန် (၃) လူး (၄) ဂျုံ (၅) ပြောင်း (၆) ဘာလီ၊ မုယော (၇) ဆပ် [**သုတေသန**၊ စာ ၁၃၃]

**စနစ်** – (၁) တိုင်းတာ သတ်မှတ်သည်။ (၂) အတိုင်းအတာ ပုံစံ (၃) အဖြစ်သနစ် [**တက္ကသိုလ်**၊ ၄၊ စာ ၅၁၂–၃] "မဟာသကျသီဟဘုရား ပြဿဒ်တော်ကြီးတည်လုပ်ရန် မြေစနစ်ရာသည်" [ROB, VIII, p.557]

**စပေဒ္ဒါနမုဒြာ** *(ပါ + သက်)* – လက်တစ်ဖက်ကို မြှောက်၍ ရိုက်ပုတ်တော့မည့်ဟန် (ခိုက်ရန်ဖြစ်ပွားနေသောမင်းများ၊ စစ်သည်တော်များ၏ပုံကို ဤလက်ဟန်မျိုးဖြင့် ထုလုပ်လေ့ ရှိသည်။) [**မုဒြာ**၊ စာ ၄၇]

**စပျစ်** – (၁) နှီးဖြင့် ရက်လုပ်သော ဗန်းတစ်မျိုး [**မြန်မာန်**၊ စာ ၉၂ နှင့် **အင်ရုံ**၊ စာ ၆၂]၊ ဒေါင်းလန်းကြီး [**အုပ်ချုပ်**၊ ၃၊ စာ ၁၅၁] (၂) စပျစ်ပင်၊ သပျက်ပင်

**စပျစ်ရာ** *(အင်္ဂလိပ်)* – သောမတ်စပီးယား (Thomas Spears)

**စမဲဟင်းလျာ** – အမဲဟင်းလျာ [**စီဗွလ္လာ**၊ စာ ၅၁–၂]

**စမုခ်** *(မွန်–စွအ်မုက်)* – နန်းတော် ပတ်ဝန်းကျင် ရှခင်းကို ဘုရင်မင်းမြတ် လှမ်းမျှော် ကြည့်ရှုရာ အဆောင်ငယ် အဆောင်ကပ် (တောင်စမုခ်၊ မြောက်စမုခ်၊ မြေနန်းစမုခ် ဟူ၍ ရှိရာ တောင်စမုခ်တွင် ဘုရင်မင်းမြတ် အလျှုတော်မင်္ဂလာပြု၍ ရေစက် သွန်းတော်မူလေ့ ရှိသည်။ မြောက်စမုခ်တွင် ဆင်တော် မြင်းတော်၊ သင်္ဘောတော် သိမ်းယူသည့် အခမ်းအနားမျိုး ကျင်းပလေ့ ရှိသည်။ မြေနန်းစမုခ်မှာ အရှေ့နန်းဦးဆောင်ကြီးဖြစ်သည်။) [**ရွှေဘို**၊ စာ ၃၀–၁]

**စမြင်** – (၁) အဆောင်မကြီး၏ ဘေးဘက်သို့ ထုတ်ထားသောအမိုး။"အမိုးစမြင်လေးမျက်နှာလှည့်၍...ထားတော်မူသည်။" [**ကုန်းဘောင်**၊ ၃၊ စာ ၆၃] (၂) အဆောင်ဘေးတွင် ဟင်းလင်းထားသောကြမ်းပြင်။"အသောကာရာမ တိုက်တော်...တည်လုပ်ပြီးလျှင် နောက်ဘောဂဆောင်ကျောင်းဦး ပြဿဒ်နှင့်တကွ စမြင်ပတ်လည်ခံ လေးထပ်ကျောင်း ဆောက်လုပ်ပြီးပြေသည်။" [**ကုန်းဘောင်**၊ ၁၊ စာ ၆၆] (၃) ရှေးအရာရှိ ငယ်တစ်မျိုး [**တက္ကသိုလ်**၊ ၄၊ စာ ၅၂၀]

**စမြင်းတိုင်** – အလောင်းမီးသဂြိုဟ်စင် ပတ်လည်တွင် စိုက်သောတိုင် [**အင်ရုံ**၊ စာ ၃၁၃]

**စမြောင်** – မင်းကေရာဇ် ထွက်စံတော်မူသည့် အခါ တပ်ဦးတော်မှ သိုင်းနှင့်လောက်လေးတို့ကို ကိုင်၍ လိုက်ပါပြီး လမ်းရှင်းရသော အမှုထမ်း၊ လွှတ်တော်တွင် လွှတ်တက်သည့်အခါ အသံဗလံ မရှိအောင် ကြိမ်စွဲ၍ တားမြစ်ရသော အမှုထမ်း [**အုပ်ချုပ်**၊ ပ၊ စာ ၁၃၉]

**စမြောင်မှူး** – စမြောင် အမှုထမ်း တို့ကို ကြီးမှူးရသူ [**တက္ကသိုလ်**၊ ၄၊ စာ ၅၂၁]

**စမြို့** – (၁) အစာအိမ်မှပြန်လည်ထုတ်ယူ၍ဝါးနေသောအစာ (၂) ဖောင်းလုံးပန်းလှ–တမြို့ [**တက္ကသိုလ်**၊ ၄၊ စာ ၅၂၁]

**စရိယ** *(ပါ)* – အကျင့်၊ စရိုက် [**ဦးဟုတ်**၊ စာ ၃၈၆]

**စရိယတရားသုံးပါး** – ဘုရားလောင်းတို့ ကျင့်ကြံအားထုတ်သောတရားသုံးပါး၊ (၁)လောကတ္ထစရိယာ–လောကသားတို့ ကောင်းကျိုးချမ်းသာရရှိရန်ဖြည့်ကျင့်အားထုတ်

ခြင်း (၂)ဥာတတ္တစရိယာ–အမျိုးအဆွေတို့အကျိုးငှာ ပြည့်ကျင့်အားထုတ်ခြင်း (၃) ဗုဒ္ဓတ္တစရိယာ–ဘုရား ဖြစ်နိုင်အောင် ပြည့်ကျင့် အားထုတ်ခြင်း [**သုတေသန**၊ စာ ၂၀၃]

**စရိယသုတ္တနိကာယ** *(ပါ)* – အကျင့်ကောင်းသောသုတ္တပါ အပေါင်း [**ဦးဟုတ်**၊ စာ ၃၈၆၊ ၉၅၈]

**စရည်း** *(မွန်)* – အိုးကြီး [**ပေါ်စာန်**၊ စာ ၂၁]

**စရိတ်** – (၁) ကျည်စေ့ (၂) အမှုကိစ္စ တစ်ခုခု အတွက် ထုတ်သုံးရသော ကြေးငွေ [**တက္ကသိုလ်**၊ ၄၊ စာ ၅၂၄]

**စရွတ်** – နှစ်ပြည်ရှိသော အခြင်အတွယ်

| | | |
|---|---|---|
| စပါးစေ့ ၂၀၀ | = | ၁ လက်စွန်း |
| ၂ လက်စွန်း | = | ၁ လက်ဆုပ် |
| ၂ လက်ဆုပ် | = | ၁ လက်ပက် |
| ၂ လက်ပက် | = | ၁ လက်ခုပ် |
| ၂ လက်ခုပ် | = | ၁ စလယ် |
| ၂ စလယ် | = | ၁ ခွက် |
| ၂ ခွက် | = | ၁ ပြည် |
| ၂ ပြည် | = | ၁ စရွတ် |
| ၂ စရွတ် | = | ၁ စိတ် |
| ၂ စိတ် | = | ၁ ခွဲ |
| ၂ ခွဲ | = | ၁ တင်း |
| ၄ တင်း | = | ၁ တို့ |
| ၄ တို့ | = | ၁ ပုတ် = ၁၆ တင်း |
| ၄ ပုတ် | = | ၁ ကက်= ၆၄ တင်း |
| ၄ ကက် | = | ၁ ကြ = ၂၅၆ တင်း |
| ၄ ကြ | = | ၁ ကျီ = ၁၀၂၄ တင်း |

[**အုပ်ချုပ်**၊ တ၊ စာ ၄၊ ၅]

**စရုပ်ရစ်** – ဘုရားကျွန် ရွာသူကြီး [ROB, X, p. 107]

**စရုံအိမ်** – ဆွမ်းစားဆောင် [**ယုဒသန်**၊ စာ ၃၅၉]

**စလွယ်တော်** – မင်း၊ မင်းညီမင်းသား မှူးမတ် ပုဏ္ဏား တို့၏ပခုံးကွင် သိုင်း၍ လွယ်ရသောအဆင်တန်ဆာ (အမျိုးဂုဏ်နှင့်အကျင့်သီလတို့ကို ဆောက်တည်ရန် စလွယ် ဆင်မြန်းခြင်း ဖြစ်သည်ဟုဆို၏။ မင်းကေရာဇ် မှာ စလွယ် ၂၄ သွယ်၊ အိမ်ရှေ့မင်းမှာ ၂၁ သွယ်၊ မင်းသားမှာ ၁၈ သွယ်၊ မင်းဆွေမင်းမျိုးမှာ ၁၅ သွယ် မှူးကြီး မတ်ကြီး အဂ္ဂမဟာသေနာပတိမှာ ၁၂သွယ်၊ မှူးမတ်နှင့်ဗြဟ္မဏပုဏ္ဏားမှာ ၉ သွယ်၊ အမတ်လတ်နှင့် ခေတြပုဏ္ဏားမှာ ၆ သွယ်၊ အမတ်ငယ်နှင့် ဗိသျှုပုဏ္ဏား မှာ စလွယ် ၃ သွယ် ဆင်ယင်ကြရသည်။) [**မေးတော်ဖြေ**၊ စာ ၇၃-၄]

**စာကောက်** – စကောက်ကို ကြည့်ပါ။

**စာခီ** (စချီ) – စာနှင့် စာရင်းအင်း ရေးမှတ်သော အမှုထမ်း [**မြန်မှုင်**၊ ပ၊ စာ ၂၀၈]

**စာခွဲ့သေနတ်** – စနက်တန် ရိုက်၍ ယမ်းကို မီးကူးစေပြီး ပစ်ခတ် ရသော မီးပေါက် သေနတ် [**တက္ကသိုလ်**၊ ၄၊ စာ ၅၃၄]

**စာတိုက်** – (၁) ပေ ပုရပိုက် စသော စာပေကျမ်းဂန်များ ထည့်သားသေတ္တာ (၂)ပေးပို့သော စာများကို သိမ်းဆည်း ပေးပို့ရန် တာဝန်ယူသည့်ဌာန [**မြန်စာန်**၊ စာ ၉၄]

**စာထားနုတ်** – တိုင်တန်းထားချက်ကို ပြန်လည် ရုပ်သိမ်း နုတ်ယူခြင်း [**လွှတ်တော်မှတ်**၊ စာ ၂၅၆]

**စာထောက်** – ပေစာ ပုရပိုက်စာ တို့ကို တင်သော ကလပ် [**ဦးကုလား**၊ ၃၊ စာ ၃၂၆ အောက်] "အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦး တို့ကိုလည်း... ရွှေစာ ထောက် ငွေစာထောက်နှင့်တကွ တည်တော်မူသည်" [**ဦးကုလား**၊ ၃၊ စာ ၃၂၆]

**စာပလွေ** – ပေထုပ် မပျက်မစီးအောင် ရစ်ပတ်ထုပ်ပိုးရန် အတွက် ဝါးကိုနှီးပြားခန့်သပ်ပြီး ဆေးရောင် ဆိုးထား သည့် ချည်ဖြင့် ငါးဖမ်းယင်းကဲ့သို့ ရက်ထားသော ပစ္စည်း [**ရှေးဟောင်းပေ**၊ စာ ၂၆]

**စာပေအချုပ်အတည်း** – စာချုပ် [**မနုသာရ**၊ စာ ဂ/ဝမ်း]

**စာမရီ** – အမြီးမွေးကို ယပ်လုပ်ရသော ခြေလေးချောင်း ရှိသော သားကောင်တစ်မျိုး [**သမ္မန္တကျော်**၊ ၃၊ စာ ၂၇၉]

**စာရေးကြီး** – စာပေရေးသားဆက်သွင်းရသော အရာရှိကြီး (ယခုခေတ် စာရေးကြီးရာထူးနှင့် နှိုင်းယှဉ်၍ မရချေ။ ရှေးခေတ်က အချို့စာရေးကြီးတို့မှာ နယ်မြို့များတွင် မြို့ဝန်ရာထူးနှင့် လဲလှယ်ခန့်ထားနိုင်သူတို့ ဖြစ်သည်။ စာရေးကြီးရာထူးမှာ ဌာနတစ်ခုခုကို ကြီးကြပ်ရသော ဝန်ရာထူးနှင့် အဆင့်တူသည်။ အချို့ စာရေးတော်ကြီး တို့မှာ နိုင်ငံခြားတွင် ကောင်စစ်ဝန် လုပ်ငန်းများကို ဆောင်ရွက်ရသူတို့ ဖြစ်သည်။ လွှတ်တော်တွင် ဝေပုံ ဌာနများ ပေါ်လာသောအခါ စာရေးတော်ကြီးများသည် ဌာန နှစ်မျိုး သုံးမျိုးစီကို ကြပ်မဆော်ဖန် ရသူများ ဖြစ်လာသည်။ [**အုပ်ချုပ်**၊ တ၊ စာ ၁၈၇ နှင့် ROB, IX, p. 943. **ကုန်းအောင်**၊ ၃၊ စာ ၂၄၀-၁]

**စာရေးတံ** – မဲချ၍ထိုက်သင့်သူ၊ ထိုက်သင့်သော လှူဖွယ်ပစ္စည်းကို ရွေးချယ်ခြင်း (**စာရေးတံဆွမ်း၊ စာရေးတံ** အလှူ၊ စာရေးတံမဲဟူသော အသုံးအနှုန်းများ ရှိသည်။) [**မြန်မွှင်၊** ပ၊ စာ ၂၀၉–၁၀]

**စာရင်းကျယ်** – အသေးစိတ်၍ အကျယ်တဝင့် ရေးမှတ်ထားသော စာရင်း [**တဏ္ဍသိုလ်၊** ၄၊ စာ ၅၄၄]

**စားတော်ကွမ်းရေကိုင်** – မင်းကေရာဇ် သုံးဆောင်တော်မူသည့် ကွမ်းနှင့်ရေတို့ကို ကိုင်ဆောင်လိုက်ပါရသည့် အမှုထမ်း [**တဏ္ဍသိုလ်၊** ၁၊ စာ ၁၅၁ နှင့် **တဏ္ဍသိုလ်၊** ၄၊ စာ ၅၅၂]

**စားပုံပယ်** – ဝေစုဝေပုံ အပိုင်စား ရသော လယ်မြေ [ROB, IX, p. 229] "**အစုအမှုထမ်း တို့မှာ စားပုံပယ်တန်လျှင် စားပုံပယ်၊ နောက်ထောက်တန်လျှင် နောက်ထောက် ...သနားတော်မြတ် ခံရ၍ ရှိသည်**" [ROB, IX, p. 884]

**စားမိုးစားမြေ** – ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်ရန် မင်းကေရာဇ်က ချထားပေးသောမြေ [**တဏ္ဍသိုလ်၊** ၄၊ စာ ၅၅၁]

**စားမြေ** – မင်းမှုထမ်းတို့အား လုပ်ကိုင်စားသောက်ရန် မင်းကေရာဇ်က ချထားပေးအပ်သောမြေ [**အုပ်ချုပ်၊** ပ္ပ၊ စာ ၃၃]

**စားရိုး** – လုပ်ကိုင်စားသောက်ပိုင်ခွင့်ရသော အစဉ်အလာ၊ အစဉ်အဆက် လုပ်ကိုင် စားသောက် ပိုင်ခွင့် ရသော [**တဏ္ဍသိုလ်၊** ၄၊ စာ ၅၅၁]

**စိန** *(စိန်)* – တရုတ်လူမျိုး၊ တရုတ်တို့ နေထိုင်သော နိုင်ငံ [တရုတ်နိုင်ငံ ချင်းမင်းဆက်ခေတ် (ဘီစီ ၂၅၅–၂၀၆)မှစ၍ ချင်းမင်းဆက်အုပ်စိုးရာဒေသနှင့် လူမျိုးကို China ဟု ခေါ်တွင်ခဲ့ရာမှ တရုတ်နိုင်ငံနှင့် လူမျိုးကို စိန်တိုင်း၊ စိန် သို့မဟုတ် စိန 支那 လူမျိုးဟု ခေါ်ခဲ့ခြင်းဖြစ်သည်။ တရုတ်တို့ကမူ ဟန့်ခေတ် (ဘီစီ ၂၀၆–အေဒီ၂၂၀)မှစ၍ မိမိတို့လူမျိုးကို ဟန့် 漢 ဟု ခေါ်ခဲ့ကြသည်။] [**ရည်စိန်၊ ပျူခေတ်၊** စာ၃–၄နှင့် **ဝင်း**]

**စိက္ကာဒင်္ဂါး** *(အာရဗစ် sikka)* – ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်သော အိန္ဒိယနိုင်ငံအတွင်း သုံးစွဲရန် အင်္ဂလိပ်အရှေ့ အိန္ဒိယကုမ္ပဏီက ၁၈၃၅ ခုနှစ်အထိ သွန်းလုပ်ခဲ့သော ဒင်္ဂါး [Hobson, pp. 834-5]

**စိရိသား** – နန်းတွင်းတွင် အသုံးပြုရန် လိုအပ်သော ရေခပ်ပေးရခြင်း၊ ရေကို အသုံးပြု ဆောင်ရွက်ရသော လုပ်ငန်းများတွင် တာဝန်ယူ ထမ်းဆောင်ရခြင်းစသော အမှုကိစ္စများကို ဆောင်ရွက်ရသည့်အမှုထမ်း [**ညသစ်၊** စာ ၁၇၁] "**စိရိရေခပ်သားတို့ကလည်း ရေဖြင့် လမ်းတလျှောက် ဖြန်းဆွတ်ရလေသည်။**" [**ရှုမိုင်ရာသစ်၊** ပ၊ စာ ၃၃၇]

**စိရိအစု** – ရေခပ်၊ ရေဖြန်း စသော အမှုတို့ကို လုပ်ဆောင်ရသည့် အမှုထမ်းစု။ "**တံခါးမှူးကို ရေခပ်စိရိ အစုမှာ ဖြည့်လေသည်**" [**ညသစ်၊** စာ ၁၇၁]

**စီရင်စု** – (၁) စီရင်အုပ်ချုပ်ရသော မြို့ရွာအစု (၂)ကိုလိုနီခေတ်တွင် district ဟု ခေါ်သော အုပ်ချုပ်ရေးနယ်မြေကို ခေါ်ဝေါ်သော အသုံးအနှုန်း [**တဏ္ဍသိုလ်၊** ၄၊ စာ ၅၆၁]

**စီရင်နက်** – စီရင်အုပ်ချုပ်သော နယ်မြေ [**စမျူ၊** စာ ခါ၊ ၆၂]

**စီဝရဟတ္ထ** *(ပါ)* – လက်တစ်ဖက်ဖြင့် ဖြစ်စေ၊ နှစ်ဖက်ဖြင့်ဖြစ်စေ သင်္ကန်းကို ဆုပ်ကိုင်ထားဟန် (စီဝရဟတ္ထဟန် ဘုရား ဆင်းတုတော်ကို ကိုးကွယ်လျှင် အဝတ်အထည် ဖူလုံပေါ်များသော အကျိုးထူးကို ခံစားရသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၄၉]

**စီးကြီး** – မြင်းမှုထမ်းတို့နေထိုင်သော မြင်းမြေကို မြင်းစီးအဖြစ်ဖြင့် ကြီးစိုးထမ်းရွက်သည်။ [**အုပ်ချုပ်၊** တ၊ စာ ၄၅]

**စီးခွင်** – မြင်းတပ်တွင် မြင်းစီးအဖြစ် အမှုထမ်းရသော ရာထူး၊ မြင်းစီးလျက် အမှုထမ်းနေသူ [**ရွှေတော်၊** စာ ၁၅၁ နှင့် **တဏ္ဍသိုလ်၊** ၄၊ စာ ၅၆၂]

**စီးစားမြေ** – မြင်းမြေကို စီမံအုပ်ချုပ်သော မြင်းစီးအကြီးအကဲ အပိုင်စားရသောမြေ [**စမျူ၊** စာ ၉၁]

**စီးစုဆင်မတော်** – မင်းတို့ စီးထိုက်သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် ဆင်အစုဝင် ဖြစ်သော ဆင်မ [**ရွှေနန်းသုံး၊** စာ ၁၉၅]

**စီးတော်ကြီး** – ထူးဆင်တော်ကဲ့သို့ ကြန်အင် လက္ခဏာ ပြည့်စုံခြင်း မရှိသော်လည်း မင်းတို့ စီးထိုက်သော လက္ခဏာများ ပါသောဆင် [**ရွှေနန်းသုံး၊** စာ ၁၉၅]

**စီးထမ်း** – မြင်းခွင် နယ်မြေတွင် ထမ်းသော အမှုထမ်း [**စမျူ၊** စာ ၉၁]

**စုကြီး** – မြောက်ထားဝယ်၊ တောင်ထားဝယ်၊ မြောက် ၁၅၀၊ တောင် ၁၅၀၊ မြောက်မာရဘင်၊ ရွှေပြည်မှန်ကင်းဟူသော အတွင်းခြောက်စုနှင့် နတ်စု လက်ဝဲ၊ နတ်စု

လက်ယာ၊ ရွေးလက်ဝဲ၊ ရွေးလက်ယာ၊လက်ဝဲကြောင်း၊ လက်ယာကြောင်း ဟူသော ပြင်ခြောက်စုတွင် ပါဝင်သော သေနတ်အမှုထမ်းများ၊ မြင်းအမှုထမ်းများနှင့် ဆင်တော် အမှုထမ်းများ [**အုပ်ချုပ်၊** စ၊ စာ ၂၄၄-၇]

**စုကြီး ခြောက်ကြောင်း** – အလောင်းမင်းတရား (၁၇၅၂-၆၀) လက်ထက်တွင် ဖွဲ့စည်းခဲ့သော နတ်စုလက်ဝဲ၊ နတ်စုလက်ယာ၊ ရွေးလက်ဝဲ၊ ရွေးလက်ယာ၊ လက်ဝဲကြောင်း၊ လက်ယာကြောင်းအစုအမှုထမ်းများ [**အုပ်ချုပ်၊** စ၊ စာ ၂၄၅ နှင့် **ရွှေနန်းသုံး၊** စာ ၂၁၈-၂၀]

**စုကြမ်း** – လှေသင်းအစု၊ အောက်မားအစု၊ ခနက်ပလာအစု၊ထောင်သားအစု၊လက်မထောက်အစု၊ပါးကွက်လက်မရွှံ့အစု၊ ဝင့်သီးအစု၊ ဗိုင်းတာအစု၊ ကိုးသားပေါက် အစု စသောအလုပ်ကြမ်း စရိုက်ကြမ်းတွင် လုပ်ကိုင်ကြသော အစု အမှုထမ်းများ [**အုပ်ချုပ်၊** တ၊ စာ ၄၂ နှင့် **အုပ်ချုပ်၊** စ၊ စာ ၂၄၈]

**စုခြား** – လူမျိုးခြားများဖြင့် ဖွဲ့စည်းသော-လက်နက်ကိုင်အမှုထမ်း-မြင်းစီးအမှုထမ်း [**အုပ်ချုပ်၊** တ၊ စာ ၄၁]

**စုန** – ရွှေမျက်ပါးခတ်သူ၊ ရွှေခြည်ထိုးသူ၊ ကြယ်ခတ်ဂွန်ထိုး၊ ဘီးတော်လုပ် စသော အနုပညာသည် အမှုထမ်းစု [**အုပ်ချုပ်၊** တ၊ စာ ၄၁]

**စုဖုရား** – မင်းမျိုးဖြစ်သော နန်းရမိဖုရားက မွေးမြင်သည့် သမီးတော်ကို ထိပ်စုဖုရားဟု ခေါ်သည်။ မင်းသမီးနန်းတင်၍ မြင်တော်မူသည့် သမီးတော်ကို စုဖုရားဟု ခေါ်သည်။ ထို့ပြင် မင်းကရာဇ်က "စုဖုရား" ဟု ခေါ်စေရမည်ဟု အမိန့်တော်ရှိသော သမီးတော်ကိုလည်း စုဖုရားဟု ခေါ်သည်။ [**ရွှေနန်းသုံး၊** စာ ၂၅၁]


**စုရေး** – အစုအမှုထမ်းဆိုင်ရာ ကိစ္စကို ရေးမှတ်ရသော အမှုထမ်း [**လွှတ်တော်မှတ်၊** စာ ၂၃၃]

**စုရေးစုကိုင်** – လှေစု မြင်းစု စသော အစုအမှုထမ်းဆိုင်ရာ ကိစ္စကို ရေးမှတ်ရသော အမှုထမ်း (စုရေး)၊ အစုကို ကြီးကြပ် အုပ်ထိန်းရသော အရာရှိ (စုကိုင်) [**လွှတ်တော်မှတ်၊** စာ ၂၃၃]

**စုရင်း** – မူလဖွဲ့စည်းရင်း မြန်မာလက်နက်ကိုင် အမှုထမ်းစု [**အုပ်ချုပ်၊** တ၊ စာ ၄၁]

**စုရှင်နန်းရှင်** – အစုအကြီးအကဲ၊ နယ်မြေ အပိုင်းအခြားအကြီးအကဲ

**စုလစ်** (မွန်-ဍစ် ) – အမိုးပြာသာဒ်၊ ပလ္လင်တံကဲ၊ မုခ်ခုံးစသည်တို့တွင် အချွန်အတက်များဖြင့် မွမ်းမံ ထားသည့် အဆင်တန်ဆာ [**မြန်တန်၊** စာ ၉၉ နှင့် **မြန်ဗွင်၊** ပ၊ စာ ၂၉၈]




စုလစ်

**စုလည်း** – ဆံပင်အစုကို နောက်သို့ကွေးကာ အဖျားတွင် ဆံစနှစ်စ ကွေးကော့နေဟန် ဆင်ယင်ထားသည့် ဆံထုံး။ **ရတနာစုလည်း**မှာ အပေါ်ထောင်ဦးစွန်းတွင် စုစည်း၍ ရတနာတို့ဖြင့် မွမ်းမံခြယ်သထားသော ဆံထုံး ဖြစ်သည်။



ရတနာစုလည်းဆံထုံး

စုလည်း

**စုလျားတော်** – ပဝါအရှည်၊ အပေါ်တင်ပုဆိုး [**ရွှေမြန်၊** စာ ၉၅ နှင့် **တွင်းသင်းပေါ်၊** စာ ၆၇]

**စုသေး** – ရှေ့တော်ပြေး၊ စမြောင်း၊ ပြော့၊ နေရာချ စသော အစုအမှုထမ်းများနှင့် ရွှေတိုက်၊ ကသောင်းမြောင်တိုက်စောင့် အမှုထမ်းများ [**အုပ်ချုပ်၊** တ၊ စာ ၄၁]

**စူရတီ** – မြန်မာမင်းကရာဇ်ထံ အမိန့်တော်ခံ၍ ရန်ကုန်မြို့တွင် အခြေချပြီး ကုန်သွယ် ရောင်းဝယ်ခဲ့ကြသော အိန္ဒိယနိုင်ငံ အနောက်ပိုင်း စူရတ် (Surat) မြို့သားကုန်သည်ကြီးများနှင့် ယင်းတို့မှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသူများ [**ဒီန်** ]

**စေတနာသုံးတန်** – (၁) ပုဗ္ဗစေတနာ-ကုသိုလ်မပြုမီကပင်တင်ကြို၍ ဖြစ်ပေါ်နေသော စေတနာ (၂) မုဉ္စစေတနာ – ကုသိုလ်ပြုဆဲ လှူဆဲအခါ၌ ထားသော

စေတနာ (၃) ပရစေတနာ – ကုသိုလ်ပြုပြီး လှူပြီး နောက်တွင် ပီတိ ဖြစ်နေသော စေတနာ [**သုစမှတ်၊** စာ ၂၉]

**စေတီယဃရ** *(ပါ)* – စေတီအိမ် [**ပါဠိမြန်၊** ၇၊ စာ ၅၉၂]

**စေတီယသင္ဂဟ** *(ပါ )* – ဘုရားစေတီနှင့် ဆိုင်သော ပစ္စည်းဥစ္စာ [**လွှတ်တော်မှတ်၊** စာ ၂၆၇]

**စေတီသုံးပါး** – (၁) သာရီရိကစေတိယ – မြတ်စွာဘုရားသခင်၏ ကိုယ်တော်မှ ဖြစ်သော ဓါတ်တော် မွေတော်များဖြင့် တည်သောစေတီ (၂) ပရိဘောဂ စေတိယ– မြတ်စွာဘုရား၏အသုံးအဆောင်ပရိဘောဂ များဖြင့် တည်သောစေတီ (၃) ဥဒ္ဒိဿကစေတိယ– မြတ်စွာဘုရားသခင်ကို ရည်မှတ်၍ ပုံတော်ဆင်းတု ပြုလုပ်ကိုးကွယ်သော စေတီ [**မေးတော်ဖြေ၊** စာ ၆၇၇]

**စေတီသုံးပါး** – (၁) ပရိဘောဂစေတီ – မြတ်စွာဘုရား၏ အသုံးအဆောင် တို့ကို ဌာပနာ၍ တည်သောစေတီ (၂) ဓာတုစေတီ – မြတ်စွာဘုရား၏ ဓာတ်တော်ကို ဌာပနာ၍ တည်တော်စေတီ (၃) ဓမ္မစေတီ–မြတ်စွာ ဘုရား၏ တရားတော်တို့ကို ရွှေပြား ငွေပြား ပေရွက် စသည်တို့၌ ရေး၍ ဌာပနာပြီး တည်သော စေတီ [**သမ္မန္တစက္ခု၊** စာ ၄၁၃]

**စဲ့** – ကောက်ပဲသီးနှံ သိုလှောင်သော အဆောက်အအုံ [**တက္ကသိုလ်၊** ၄၊ စာ ၅၇၈ နှင့် **ဦးကုလား၊** ၁၊ စာ ၁၂၃] (ထိုသိုလှောင်ရုံမျိုးတွင် သင်္ကာမကင်း ရှိသူတို့ကိုလည်း ထည့်သွင်း ချုပ်နှောင်ထားတတ်သည်) "လူတထောင်စု နှစ်ထောင်စု သုံးထောင်စု မုတ္တမသို့ ဆားချက်လိုက် ရမည် ခေါ်ပြီးလျှင် စဲ့လှောင်၍ ထားလေ၏" [**ကုန်းဆောင်၊** ပ၊ စာ ၉၇]

**စောဒကစုတိတကပုဂ္ဂိုလ်** *(ပါ–စောဒကစုဒိတက ပုဂ္ဂလ)*– တရားလိုနှင့် တရားခံ [**ညွှန့်**...]

**စောဒနာ** *(ပါ)* – အပြစ်တင်ခြင်း၊ အပြစ်တင်စကား၊ မေးမြန်းစိစစ်သည်။ တိုင်ချက်၊ [**ရာဇမတ္တံ၊** စာ ၂]

**စေားပန်စင်အစု** – ရှေးရခိုင်မင်းနေပြည်တော်တွင် ဒင်္ဂါး သွန်းခပ်ကြရသော အမှုထမ်းစု [**ရခိုင်ရာသစ်၊** ပ၊ စာ ၃၅၅]

**စောရန်ငွေး** – မွန်မြတ်သောဘုရင် [**လောက၊** စာ ၁၅၀]

**စော်ကန်** – စော်ဘွား၏ညီ [**အုပ်ချုပ်၊** စ၊ စာ ၁၁၅]

**စော်တလီအစု** – ရခိုင်မင်း၏နန်းတော်တွင် ထမ်းစင် ထမ်း၊ ဝေါထမ်းရသော အမှုထမ်းစု [**ရခိုင်ရာသစ်၊** ပ၊ စာ ၃၅၅]

**စံကေနီ** *(အင်္ဂလိပ်)* – ဂျွန်ကင်းနိန်း (John Canning) [**အုပ်ချုပ်၊** တ၊ စာ ၆၇၊ E&B, p. 96]

**စံကိုင်** – စံချိန် စံညွှန်း ကိုက်ညီသော ရွှေထည်ပစ္စည်း နှင့် ရွှေဆိုင်းများ လုပ်ကိုင် ဆက်သွင်းရန်၊ အရည်မီ သော ရွှေကိုသာ ရောင်းဝယ်ကြရန် ဖြောင့်မတ် မှန်ကန်စွာ ကြီးကြပ်လမ်းညွှန် စီရင်ရသော အရာရှိ [ROB, II, p. 98]

**စံဇေဘီရ** *(နိုင်ငံခြား)* – စိန့်ဇေးဗီးယား (St. Zaviers) [**မြန်မာမင်း၊** စာ ၈၇]

**စံတလဲ** *(ကျောက်)* – မလွဲကေန်၊ ကေန်အမှန်။ "စံ တလဲ၊ ခိုဝ်သဟု အမည်မတင်မှုရယ်၊ ခိုဝ်မှုဆင်ခြင် သော သုကိုဝ်ပိယ်၂၈" [**၁၂၄၉ စုနစ်ထိုး ကျူစွာမင်း အမိန့်တော်ကျောက်စာ/ ၄၄–၅** ]

**စံသီး** – ချစ်ခင်မြတ်နိုးဖွယ်သောအမျိုးသမီး[**သု သွေး၊** စာ၅]

**စို့** – အနောက်အရပ်၌ ပေါက်သော သက်တံ [**ရွယ်စုံကျော်ထင်၊** စာ ၃၆]

**စိုးသူကြီး** – ကျောက်တူးဖော်ရာဒေသတွင် ကြီးမှူး အုပ်ချုပ် သော သူကြီး [**တက္ကသိုလ်၊** ၄၊ စာ ၅၈၁–၆ နှင့် **ROB,** V, p. 943] "တူးဘော်၍ ရသမျှကို စိုးသူကြီးတို့က အသုံးတော် လောက်အောင် ဆက်စေ" [ROB, V, p. 939]

**စက်** – (၁) အဝန်းအဝိုင်းပုံ၊ အဝန်း အဝိုင်းပြား လက်နက် (၂)မြတ်သောသူတို့အိပ်သည် (၃)ဆက်လက်ကူးပြောင်း သွားသည် (၄) နှိုင်းယှဉ်ကြည့်သည် (၅) ရေ၊ **အရည်စု** ငယ် [**တက္ကသိုလ်၊** ၄၊ စာ ၅၈၈] "ခါးပန်းစက်မှာ လက်ဝဲ လက်ယာ ၁၀၊ ဦးလက်ဝဲ လက်ယာ ၂ ဝန်း" (ဤ နေရာတွင် စက်မှာ အဝန်းအဝိုင်းပုံ ဖြစ်သည်) [ROB, VIII, p. 456]

**စက္က** *(ပါ)* – (၁) အစွမ်းခွန်အားရှိခြင်း၊ အာဏာစက်ရှိခြင်း (၂) အသွားထက်သော စက် လက်နက် စွဲကိုင်ခြင်း (၃) စစ်သည် (ရဲစွမ်းသတ္တိ ရှိသော သူရဲကောင်းအား **စက္ကသူရ** ဘွဲ့၊ စစ်ပွဲတွင် ကျော်စော ထင်ရှားသော သူရဲကောင်းအား **စက္ကကျော်ထင်** ဘွဲ့ ပေးလေ့ရှိ သည်။) [**သိနတ္တ၊** စာ ၃၄၈–၅၂]

**စက္ကပါ** *(ပါ–စက္ကဝါဠ)* – စကြာဝဠာတိုက်၊ စကြာ ဝဠာတောင် [**ဦးဟုတ်၊** စာ ၃၇၉]

**စက္ကဝတ်** *(ပါ–စက္ကဝတ္တိ )* – (၁)စကြာဝတေးမင်း(၂)စကြာ ရတနာကိုလည်စေတတ်သည်၊ အာဏာစက်ကို ဖြစ်စေ

တတ်သည်။ [**ဦးဟုတ်၊** စာ ၃၇၉] (၃) စက္ကဝတ်ငှက် [**တက္ကသိုလ်၊** ၄၊ စာ ၅၉၀]

**စက္ကသမ္မတ္တိ** *(ပါ)* – သြဇာအာဏာနှင့် ပြည့်စုံသော [**ဦးဟုတ်၊** စာ ၃၇၈၊ ၉၉၈]

**စက်ကျည်ထိုးအစု** – စက်ဝိုင်း သဏ္ဌာန် ပစ်မှတ်ကို ထိမှန်အောင် အမြဲပစ်ခတ် လေ့ကျင့် နေရသော အစု [ROB, VI, p. 621]


**စက်စယ်** – ကိုင်းပင်တစ်မျိုး၊ သက်ကယ်ပင် [**မှန်နန်း၊** ၃၊ စာ ၃၇၈ နှင့် **ဝိပ္ပလ္လာ၊** စာ ၆၆]

**စက်တော်တုံးတော်** – မီးရှူးမီးပန်းတော်နှင့် မီးရှူးပစ်တုံးတော်။ "စက်တော်တုံးတော်နှင့် ... ရပ်စုကွက်စု ကစက်တုံးများကိုလည်း သွင်းပြ၍...သောင်ပြင်တွင် ရှို့လွှတ် ကြရ၏" [**ကုန်းဘောင်၊** ၃၊ စာ ၄၆၃]

**စက်ထိုးစက်ပစ်** – မြင်းစီး၍ မြင့်နိုင်သမျှ မြင့်သော ပစ်မှတ်ကို ထိစွဲအောင် အဲမောင်းလှံဖြင့် ထိုးပစ် ယှဉ်ပြိုင်ခြင်း [**မေးတော်ဖြေ၊** စာ ၂၇၉]

**စက်ပြည့်** – ရွှေချထားသော စက်ဝန်းများ အပြည့် [**ကုန်းဘောင်၊** တ၊ စာ ၅၄၀]

**စက်ရှန်းသုံးဆင့်** – မြင်းစီးသူ၏ ဟင်ပါး အောက်ခံ ဖြစ်သော တင်ရမ်းကို လှပအောင် ခြယ်လှယ် စီရင်ထားသည့် အဆင့် သုံးဆင့် အဆင် တန်ဆာ [**ဦးကုလား၊** ပ၊ စာ ၂၇၃ အောက်]



စက်ရှန်းသုံးဆင့်တပ်

**စက်သွင်း** – မြင်းစီး၍ တိုင်ပေါ်တွင်ရှိသော စက်ဝိုင်း ကွင်းပစ်မှတ် များကို လှံဖြင့် ထိမှန်အောင်ပစ်သွင်း သည်။ [**တက္ကသိုလ်၊** ၄၊ စာ ၆၀၀] "ဆင်ခင်း မြင်းခင်း စက်သွင်းသဘင်တော် ကျင်းပရန် ...အမြင့် တဆဲ့ ငါးတောင်ကစ၍... သုံးဆယ်၊ ငါးဆယ်... စက်တိုင် ငါးစိုက်ထူပြီး ... လက်သုံးတော် လက်စွဲ တော်တို့ မြင်းကြီးကစုံများကို စီးနင်း၍ ... လှံလျှင်ဆယ်စင်းစီ ကုန်အောင်ထိုးကြရသည်။ [**ကုန်းဘောင်၊** တ၊ စာ ၅၀၂]

**စက်အနားပါပုဆိုး** – စက်ရက်အနားစင်းပါ ပုဆိုး [ROB, VIII, p. 504]

**စက်အလုပ်** – လက်နက်နှင့် ဆိုင်သောစက်၊ သင်္ဘော နှင့် ဆိုင်သောစက်၊ ဆန်စက်၊ ယက်ကန်းစက် စသော စက်မှုဆိုင်ရာအလုပ် [**မြန်မာမင်း၊** စာ ၅၅ နှင့် **အုပ်ချုပ်၊** ပဉ္စ၊ စာ ၄၁]

**စိုက်ချည်း** – စူးစူး စိုက်စိုက်၊ တည့်တည့်မတ်မတ် [**မှန်နန်း၊** ပ၊ စာ ၁၁၂ နှင့် **တက္ကသိုလ်၊** ၄၊ စာ ၆၀၃]

**စောင်ရန်း** – *(ခြံစည်းရိုး)* အကာအရံ [**မနုကျယ်၊** စာ ၅၀ နှင့် **ယုဒသန်၊** စာ ၃၈၆] "စည်းစောင်ရန်းစသည်ကာရံ၍ ပိုင်းခြားမှုသာလည်း မဟုတ်" [**မေးတော်ဖြေ၊** စာ ၁၈၄]

**စောင်းကောက်တီးရိုး ၁၄ ကြိုး** – စောင်းကောက်တွင် တပ်ဆင်ထားသောကြိုး ၁၄ ကြိုး။ အောက်မှ အထက် သို့ (၁) သံဖျားကြိုး (၂) သံကျပ်ကြိုး (၃) တျာကြိုး (၄) တေကြိုး (၅) တျောကြိုး (၆) သုံးပင်ဒုံးလက်ညှိုး (၇) နှစ်ပင်ဒုံးလက်ညှိုး (၈) ဒုံးလက်ညှိုး (၉) ငါးပင် ဒုံးကြိုး (၁၀) လေးပင်ဒုံးကြိုး (၁၁) သုံးပင်ဒုံးကြိုး (၁၂) နှစ်ပင်ဒုံးကြိုး (၁၃) အထက်ဒုံးကြိုး (၁၄)ပုလဲ ကြိုးတို့ ဖြစ် သည်။ [**စောင်း၊** စာ ၆၉-၇၀၊၇၃]

**စောင်းလက်ရုံး** – စောင်းကောက်တွင် ကြိုးတပ်ဆင် ရန် စီရင်ထားသော ကွေးကောက်နေသည့် အပိုင်း [**စောင်း၊** စာ ၄၄]

**စိုင်ပေါင်** – ပလ္လင်တကဲ၏အပေါ်ပိုင်း တစ်ဖက်တစ်ချက် တွင် စိုင်သတ္တဝါ၏ပေါင်နှင့် သဏ္ဌာန်တူသည့် အချွန်း အဆင်တန်ဆာ (စိုင်ပေါင်၏အချွန်းသည် မိုးပေါ်သို့ လည်း တည့်တည့်မတ်မတ် ထောင်၍မနေရ၊ ဒုရင်၏ လည်ကုတ်ဆီသို့လည်း ထိုး၍ မနေရအောင် စီရင် ပြုလုပ်လေ့ရှိသည်။ ထို့ကြောင့် "လည်လည်း မထိုး၊ မိုးလည်း မမျှော်"ဟု အဆိုရှိသည်။) [**အုပ်ချုပ်၊** ပဉ္စ၊ စာ ၆၆ ]

**စိုင်ပေါင်ကြက်တူရွေး** – (၁) ကြက်တူရွေးပုံဖော်၍ ရေးဆွဲ ထုလုပ်ထားသော စိုင်ပေါင် (၂) ရှေးသုံးသေနတ်တွင် မီးခတ်ကျောက် တပ်ထားသော မီးမောင်း သံကောက် [**တက္ကသိုလ်၊** ၄၊ စာ ၆၁၆]

**စိုင်လျော်မြင်း** – ကိုယ်မွေးမှင်ဆံဖြူ၍ ကြောရိုး တစ် လျှောက် ညိုသောမြင်း [**ဦးကုလား၊** ပ၊ စာ ၁၇၈ အောက်]

**စိုင်လျော်မြင်း ၁၀ မျိုး** – (၁) စိုင်လျော်ညို (၂) စိုင် လျော်ပြောက် (၃) စိုင်လျော်ပြာ (၄) စိုင်လျော်ဖြူ (၅) စိုင်လျော်မဲ့ (၆)စိုင်လျော်ခြောက် (၇) စိုင်လျော်ဝါ

(၈) စိုင်လျော်ဝတ်ပန်း (၉) စိုင်လျော်နိ (၁၀) စိုင်လျော်တုပ်ကျယ် [**ဆင်နှင့်မြင်း၊** တ၊ စာ ၁၇-၈]

**စစ်ကဲ** – (၁) စစ်သည်သူရဲ တစ်သောင်းမှ သုံးသောင်းခန့်အထိ ပါသောတပ်တွင် ဗိုလ်မှူးလက်အောက်၌ ထမ်းရွက်ရသော စစ်တပ်အကြီးအကဲ (၂) မိုးနဲ၊ သိန္နီ၊ မိုးဗြဲကဲ့သို့ အရေးပါသော နယ်မြေများတွင် အခြေစိုက်သည့် စစ်တပ်ရုံး အကြီးအကဲ (၃) သန်လျင်၊ မုတ္တမကဲ့သို့သော ဆိပ်ကမ်း မြို့ကြီးများတွင် မြို့ဝန်အားစစ်ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ငြိမ်ဝပ်သာယာစည်ပင်ရေးတို့တွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသော အကြီးအကဲ [**ရှေ့နန်းသုံး၊** စာ ၁၃၈-၉]

**စစ်ဆင်ခြင်းလေးပါး** – (၁) လှည်းဦးကင်းကဲ့သို့ စစ်ဆင်ခြင်း (၂) ပဒုမာကြာချပ် ကဲ့သို့ အထပ်ထပ်စစ်ဆင်ခြင်း (၃) ရထားကဲ့သို့ စစ်ဆင်ခြင်း (၄)စက်သွားလှည့်သကဲ့သို့ စစ်ဆင်ခြင်း [**သေနင်္ဂ၊** စာ ၄၇]

**စစ်တမဲ** – ဆင်တွင် စိုက်ထူသော စစ်အလံ [**မြန်မာတပ်၊** စာ ၄၈]

**စစ်တလေး** – စစ်ရထားတွင် စိုက်ထူသော တံခွန် [**သေနင်္ဂ၊** စာ ၁၃၀]

**စစ်တလောက်** – စစ်ချီစစ်တက်သောအခါ တီးသည့်မောင်း [**သေနင်္ဂ၊** စာ ၁၃၀]

**စစ်တုရင်္ဂဗိုလ်** – (*စစ်+တုရင်္ဂ+ဗလ* ) – မြင်းတပ်ဗိုလ်၊ (စတု+အင်္ဂ+ဗလ) – စစ်အင်္ဂါလေးပါးတို့၏ ဗိုလ်ဖြစ်သော စစ်သူကြီး [**လိနတ္ထ၊** စာ ၃၁၇၊ ၃၅၉]

**စစ်ပင်ရိုး** – ဧရာဝတီမြစ်ရိုးရှိ တံငါသည်တို့ကို စစ်ဆေးစီရင်အုပ်ချုပ်ရသော အကြီးအကဲ အရိုးအစဉ်?

**စစ်ဖြစ်ရာသောအကြောင်းတစ်ဆဲ့သုံးပါး** – (၁) နိုင်ငံကိုလိုခြင်း (၂) ဥစ္စာကိုလိုခြင်း (၃) ဆင်ကောင်း မြင်းကောင်းရလိုခြင်း (၄) သမီးကညာရလိုခြင်း (၅)ကုန်းတိုက် ဥပါယ်ပြုခြင်း (၆) သစ္စာ ဖောက်ပြန်ခြင်း (၇) စေပါးသော စကား အနိမ့်အကျကို မသိခြင်း (၈) အဆွေအမျိုးတို့ကို ဖျက်ဆီးခြင်း (၉) မိမိမြို့ကို မစောင့်ခြင်း (၁၀) သူရဲကောင်း စစ်သည် မရှိခြင်း (၁၁) ကုန်သည်တို့ကြောင့်ဖြစ်ခြင်း (၁၂) အငြိုးဖွဲ့ခြင်း (၁၃) အမျက်ကြီးခြင်း [**အုပ်ချုပ်၊** ပ၊ စာ ၁၆၀]

**စစ်ဗာရီ** (စစ်ပိုင်) – အိန္ဒိယရှိ ဗြိတိသျှစစ်တပ်တွင် ဥရောပစစ်သည် ပုံစံအတိုင်း ဝတ်ဆင်၍ ဥရောပစစ်စည်းကမ်းအတိုင်း လိုက်နာ အမှုထမ်းသော အိန္ဒိယတိုင်းသား စစ်သည်။ (ပါရှန် ဝေါဟာရ sipah မှာ စစ်သည်ဟုအဓိပ္ပာယ်ရသည်။ ထိုဝေါဟာရကို ပေါ်တူဂီတို့က ယူငင် သုံးစွဲခဲ့ပြီး ၄င်းတို့ထံမှ တစ်ဆင့် ဗြိတိသျှတို့က ယူငင်သုံးစွဲခဲ့ရာတွင် sepoy ဟူသော အသုံးနှုန်း ပေါ်လာခဲ့သည်။) [Hobson, p. 809]

**စစ်မကန်း** – မကန်းကွက် သို့မဟုတ် မကန်းကောင်ကဲ့သို့ လေးထောင့်လေးစု – စု၍ အလယ်၌ တပ်မထားပြီး စစ်ဆင်စစ်ထိုးခြင်း [**သေနင်္ဂ၊** စာ ၂၇]

**စစ်မျက်နှာကွက်** – စစ်ရေးနိမ့်သည်။ [**သေနင်္ဂ၊** စာ ၁၃၁]

**စစ်မြီးတို** – အလျင်အမြန် တိုက်ခိုက် ရုတ်သိမ်းခြင်း [**သေနင်္ဂ၊** စာ ၁၃၁]

**စစ်ရမ်း** – စစ်သည်အရေအတွက်ကို ခန့်မှန်းရေတွက်သည်။ [**တက္ကသိုလ်၊** ၄၊ စာ ၆၃၀ နှင့် **သေနင်္ဂ၊** စာ ၁၃၂]

**စစ်ရှေ့သည်** – စစ်ရေးမလှသောကြောင့် ဆုတ်ခွာရသည်။ [**သေနင်္ဂ၊** စာ ၁၃၃]

**စစ်ရှုံးခြင်းအကြောင်းဆယ်ပါး** – (၁) မင်းနှင့် အမတ်တို့ မညီညွတ်ခြင်း (၂) စစ်သည် ရဲမက်တို့ ယုတ်ညံ့ခြင်း (၃) ပြည်သူတို့ဝေ်မွတ်ခြင်း (၄)စစ်သည်တို့စိတ်ဓါတ်ကျအောင်ပြုခြင်း (၅) ပြည်သူတို့ အဖျားအနာများခြင်း (၆) ကြောက်လန့်သောမင်းဖြစ်ခြင်း (၇)ဓာတာနက္ခတ်မကောင်းခြင်း (၈) ရန်သူက ဥပါယ်တံမျဉ်ကောင်းခြင်း (၉) ဆင် မြင်း လက်နက် မကောင်းခြင်း (၁၀) ပြည်စောင့်နတ်တို့ကို မပသခြင်း [**ရာဇသေဝကာ၊** စာ ၃၁၁]

**စစ်လျင်** – ရှေ့ဖျားအလျင် ချီကင်းထောက်။"လေးရာတစ္၊ ငါးရာတစ္ အသွယ်သွယ် အဝဝ စစ်လျင်လွှတ်၍လည်း...ပဲကူးမြို့ပတ်လည် သုံ့ပန်း ဖမ်းယူစေ၏" [**ကုန်းဘောင်၊** ပ၊ စာ ၁၉၁-၂]

**စစ်လျင်တပ်** – ရှေ့ဖျားမှ အလျင်တင်ကြို၍ ကင်းထောက်ရန် ချီတက်ရသော စစ်တပ် [**သေနင်္ဂ၊** စာ ၁၃၃]

**စစ်လျင်ထောင်မှူး** – ရှေ့ဆုံးကကင်းထောက်ချီတက်ရသော တစ်ထောင်တပ်၏ အကြီးအမှူး [**တက္ကသိုလ်၊** ၄၊ စာ ၆၃၀-၁ နှင့် **ရှေးဘုံ၊** စာ ၆၄]

**စစ်သူကြီးအင်္ဂါကိုးပါး** – (၁) ရန်သူကို နှိမ်နင်းနိုင်သော ပညာရှိခြင်း (၂) အောင်မြင်သောမြေအရပ်ကို သိခြင်း (၃) အရေးမသာသောအခါ စစ်သည်တို့ကို စွန့်ပစ်၍ မရှောင်ရှားခြင်း (၄) စစ်သည်တို့နှင့် ဆင်းရဲဖော် ချမ်းသာဖက်နေထိုင်ခြင်း (၅) ခွန်အား ကြီးမားခြင်း

(၆) စင်ကြယ်သော အကျင့်ရှိခြင်း (၇) စစ်ပညာကျွမ်းကျင်ခြင်း (၈) စစ်သည်တို့မပင်ပန်းအောင် စီရင်တတ်ခြင်း (၉) လုလ္လရှိခြင်း၊ ရဲရင့်ခြင်း [**ရှိုင်ရာသစ်၊** ပ၊ စာ ၈၈-၉]

**စစ်သည်ရဲမက်အဆင့်မြင့်ပုံ** – (၁) ခြေဆယ်ပွဲမှ မြင်းတင်ရာသည် (၂) မြင်းဆယ်ပွဲမှ ဆင်တင်ရာသည်။ (၃) ဆင်ဆယ်ပွဲမှ လှေတင်ရာသည်။ (၄)လှေဆယ်ပွဲမှ လေးရာပြုမြို့ကို ပေးရာသည်။ [**မှန်နန်း၊** ပ၊ စာ ၁၀၆]

**စစ်အင်္ဂါလေးပါး** – (၁) ဆင်တပ် (၂) မြင်းတပ် (၃) ရထားတပ် (၄) ခြေသည်တပ် [ROB, IX, p. 364] **ရွှေဘုံနိဒါန်း** တွင် "မင်းအဆက်ဆက်ထွက်တော်မူသည့် စာတမ်းများတွင် စစ်အင်္ဂါလေးပါး ခင်းကျင်းသည်ဟု ဆိုသည်။ စာတမ်းများတွင် ဆိုသော်လည်း ရထား မပါ။ ဆင်၊ မြင်း၊ ခြေသည် သုံးပါးသာ ခင်းကြောင်းကို မျက်မြင် မင်းအဆက်ဆက်မှီသသူအများပင် ရှိသည်"ဟု ဖော်ပြထားသည်။ [ **ရွှေဘုံ၊** စာ ၈၆]

**စည်တော်စုံ** *(မိဖုရား)* – မြှောက်စည် ၅၊ တံပိုး ၂၊ တံရှည် ၂၊ တံမြွာ ၂၊ ခရသင်း ၁၊ လက်ချပ် ၁၊ တံပိုးကြီး ၁၊ စည်ဝန်း ၅၊ ငွေနဲ ၂၊ စည်ပြော ၁၅၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်းကွင်း ၁ စုံ၊ ငွေနဲကြီး ၂၊ ငွေနဲငယ် ၃၊ ခရာ ၂၊ [ROB, III, p. 119-20]

**စည်တော်စုံ** *(မင်းဧကရာဇ်)* – မြှောက်စည် ၇၊ တံပိုးကြီး ၄၊ တံမြွာ ၄၊ တံရှည် ၄၊ ခရသင်း ၂၊ လက်ချပ် ၂၊ တံပိုး ၂၊ စည်ဝန်း ၄၊ ငွေနဲ ၄၊ စည်ပြော ၂၅၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်းကွင်း ၁ စုံ၊ ငွေနဲကြီး ၄၊ ငွေနဲငယ် ၃၊ ဝင်စည် ၅၊ မွန်နဲ ၃ [ROB, III, p. 119]

**စည်တော်စုံ** *(အိမ်ရှေ့မင်း)* – စည်နီ ၉၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်းကွင်း ၁ စုံ၊ ငွေနဲကြီး ၂၊ ငွေနဲငယ် ၂၊ တံရှည် ၃၊ ခရာ ၁ [ROB, III, p. 120]

**စည်ဓါင်း** – (၁) လည်ဆွဲတန်ဆာ (၂) ဆီးစ (၃)အချို့ငါးများတွင်ပါသော လေအိတ် (၄)လေသွင်းထားသော ပူဖောင်း [**တက္ကသိုလ်၊** ၄၊ စာ ၆၃၅]

**စည်ပုတ်** – ထောင်၍ တီးရသော စည်ကလေးတစ်မျိုး [**တက္ကသိုလ်၊** ၁၊ စာ ၆၃၆]

**စည်မျိုးငါးပါး** – (၁) အိုးစည်၊ စည်ပုတ် (တစ်ဖက်ပိတ်စည်) (၂) မုရိုးစည်(နှစ်ဖက်ပိတ်စည်) (၃) ထက်စည် (အလုံးစုံ ပိတ်သောစည်) (၄) ပလွေ၊ နှဲ၊ ခရသင်း (အခေါင်း ရှိသောစည်) (၅) ခွက်ခွင်း၊ ကြေးနင်း (တစ်ခဲနက်မြည်သောစည်) [**ကိုးဇာတ်၊** စာ ၄၂၁-၂]


**စည်မျိုးတစ်ဆယ့်နှစ်ပါး** – (၁) မြှောက်စည် (၂) သံလွင် (၃) စည်ပြော (၄) စည်ကြီး (၅) ဒုံမင်း (၆) စည်ဝန်း (၇) စည်သေး (၈) စည်ပုတ် (၉) စည်ပန်းတောင်း (၁၀) ပတ်သာ (၁၁) တစ်ဖက် စည် (၁၂) စည်အိုင့် [**ရှိုင်ရာသစ်၊** ပ၊ စာ ၉၁-၂]

**စည်းခုံ** *(ပါ–ဓေယ+ဘူမိ)* – အောင်မြေ၊ အောင်မြေပေါ်တွင် တည်ထားသောစေတီ (ဓေယဘူမိမှ ဓေယဘုမ္မိ၊ ထိုမှဓေယဘုံ၊ ဓေည်းဘုံ၊ ဓေည်းခုံ၊ စည်းခုံသို့ပြောင်းလဲခဲ့သည်ဟုဆို၏။) [**မြန်ဖွင့်၊** ၃၊ စာ ၁၈၀]

**စည်းဆုပ်** – ဂီတ တူရိယာနှင့် သီချင်းတို့ကို တွဲဖက်သီဆိုတီးမှုတ်ရာ၌ အချိန်ကို စောင့်ထိန်းရန် အချက်ပေးသည့် တူရိယာငယ် (ကြေးနီတွင် ခဲမပြု၊ ရော၍ စည်းဆုပ် ပြုလုပ်သည်ဟု ဆို၏။) [**မြန်ဖွင့်၊** စာ ၁၉၅]

**စည်းတပစ်** *(ပါ–စန္ဒပဇ္ဇောတ)* – လရောင်ကဲ့သို့ထွန်းလင်းတောက်ပသော အမတ်ကြီး (မြန်မာ့သမိုင်းတွင် စည်းတပစ်ဘွဲ့ရ အမတ်ကြီးတစ်ပါး ရှိသည်။ အင်းဝခေတ် မင်းကြီးစွာစော်ကဲ(၁၃၆၅–၁၄၀၀) လက်ထက်မှ အစပြု၍ မင်းခေါင် (၁၄၀၁–၂၂) လက်ထက်အထိ ဝန်စင်းမင်းရာဇာ အမည်ဖြင့် ထင်ရှားစွာ အမှုထမ်းခဲ့သော ဝန်ကြီးဖြစ်သည်။) [**ဦးဟုတ်၊** စာ ၅၆၉၊ **ဦးကုလား၊** ပ၊ စာ ၂၀၄]

**စည်းပုံ** – ကျောက်မျက်စီခြယ်၍ ထိပ်တွင် အပေါက်ပါသော ရွှေဦးဆောင်း [**ရွှေနန်း** ၊ ပုံ ၆၆ ]



စည်းပုံတော်

**စဏ္ဍာလ** *(ပါ)* – သုသာန်စောင့်၊ အသုဘကို မြေမြှုပ်သင်္ဂြိုဟ်ရန် ကိစ္စ ဆောင်ရွက်သူ [**ဦးဟုတ်၊** စာ ၃၈၀]

**စက္ကာလငါးစို့** – စက္ကာလငါးစု (၁) စပ် – ခေါင်းပျဉ် စပ်သူ (၂) အမွှမ်း – ခေါင်းကို လှပအောင် မွမ်းမံ ခြယ်လှယ်သူ (၃) သူကောင်ထမ်း–လူသေကို သယ်ယူ ရွှေ့ပြောင်းထမ်းပိုးသူ (၄) တွင်းတူး–လူသေမြှုပ်ရန် တွင်းတူးသူ (၅) သင်္ဂြိုဟ်ကိုင် – လူသေ အလောင်းကို မီးရှို့ခြင်း၊ အရိုးကောက်ခြင်း အမှုကို လုပ်ဆောင်သူ [**လွှတ်တော်မှတ်၊** စာ ၂၄၁]

**စိတ်စတ်** *(ကျောက်)* – စစ်ဆေးစုံစမ်းသည်။ [**မြန်မွှင်၊** ပ၊ စာ ၂၁၁–၁၃]

**စုတ်** *(ကျောက်)* – အများအပြား၊ အစုအပေါင်း [**တတ္တသိုလ်၊** ၄၊ စာ ၆၅၈]

**စန္တား** – (၁) လူသေ မီးသင်္ဂြိုဟ်ရန် ထင်း [**ရေစကြိုဖြတ်၊** စာ ၁၄] (၂) ပင်လယ်တွင် တိုင်များစိုက်၍ မြှုံးဖြင့် ငါးဖမ်းခြင်းလုပ်ငန်း [**တတ္တသိုလ်၊** ၄၊ စာ ၆၆၂]

**စန္ဒရကန်ကျောက်** *(ပါ–စန္ဒရကန္တ)* –နှစ်သက်ဖွယ်ဖြစ်သော မိုးကောင်းကျောက်စိမ်း [**ရွှေဝတီ၊** စာ ၃၅၃]

**စန္ဒရသာ** *(ပါ)* – (၁) ရွှချင့်စဖွယ်ရှိသော လမင်း၏အသွင် သဏ္ဌာန် (၂) လှပခန့်ညားသော အဝန်းအဝိုင်း အဆင် တန်ဆာ [**မြန်မာမှု၊** ၅၊ စာ ၈]

**စန္ဒရအာသ** *(ပါ)* – လဗိမာန်သို့ရောက်သောမြင်း [**ဦးဟုတ်၊** စာ ၁၅၀၊ ၃၈၄]

**စန္ဒရပ်** *(အင်္ဂလိပ်)* – ဘုရင်ခံ ဆွန်းဒါး (Thomas Saunders) [**ROB**, X, p. 108]

**စန္ဒသမ** *(ပါ)* – လနှင့်တူသည်။ [**ဦးဟုတ်၊** စာ ၃၈၄]

**စနီ** – လက်ဆယ်ချောင်းရှိသော ဟိန္ဒူနတ်သမီး (လက်ယာ ဘက်လက်ငါးချောင်းတွင် မြား၊ စက်ဝိုင်း၊ လှံ၊ ခက်ရင်း နှင့် ဓါးတို့ကို ကိုင်ဆောင်ထား၍ လက်ဝဲဘက် လက် ငါးချောင်းတွင် လေး၊ ခရုသင်း၊ ပုဆိန်၊ ကြိုးကွင်းနှင့်ဒိုင်း တို့ကို ကိုင်ဆောင်ထားသည်။) [**လောက၊** စာ ၂၂၁]

**စန္ဒြကန္တရှိန်** – Chandrakanta Singh

**စန္ဒြမာသ** *(နက္ခတ်)* – ကောင်းကင်ရှိ လအဆန်း အဆုတ် ကို အခြေခံ၍ တွက်သော ပြက္ခဒိန်လ


**စန္ဒြာသည်** *(ကျောက်)* – လက်ဖြင့်တီးရသော ကြိုးတပ် လေးထောင့် ပုံသဏ္ဌာန် တူရိယာကို တီးသူ [**မြန်မွှင်၊** စာ ၉၉]

**စိန္တမုဒြာ** – လက်တစ်ဖက်ကို အနည်းငယ် ထောင်၍ လက်မထိပ်ဖျားနှင့် လက်ညှိုးကို ထိထားပြီး အခြား လက်ချောင်းများကို ထောင်ကာ လက်ဝါးကို အပြင် ဘက်သို့ ပြထားဟန်(ဤဟန်ဖြင့် ရသေ့ ရဟန်း ပုဏ္ဏား နှင့် ဆရာကြီးတစ်ပါးပါးက တပည့်များအား ရှင်းလင်း ပြောကြားနေပုံကို ထုလုပ်လေ့ရှိသည်။ အကြံအစည် ကောင်းများ ရလိုသူ၊ ဉာဏ်ပညာ ထက်မြက်လိုသူ တို့သည် ဤရုပ်တုမျိုးကို ကိုးကွယ်ကြသည်ဟုဆို၏။) [**မုဒြာ၊** စာ ၄၈]

**စိန္တာမဏိ** *(ပါ)* – (၁) ပတ္တမြား ကျောက်မျက် တို့ဖြင့် ကြဲစည်၍ ပြုလုပ်ထားသော [**လွှတ်တော်မှတ်၊** စာ ၂၅၂] (၂) လိုအင်ဆန္ဒ ဟူသမျှကို ဖြည့်စွမ်းနိုင်သော ကျောက်မျက် [**တတ္တသိုလ်၊** ၄၊ စာ ၆၆၄]

**စိန္တာမဏိ၊ မဟာမဏိ၊ ဝိသုကြဲတုရင်** – လက်ရင်းကျုံ့၍ လက်ဖျားကျယ်ပြီး ပခုံးနှင့် လက်အိုးတွင် ငါးပတ် ခံတွင်းခေါ် အကော့ အလနှ် အချွန်အတက်များ စီရင် ထားပြီး ထိုအကော့အလန်တို့၏ အနားစပ်တွင် ရွှေချို ညောင်ရွက်ငယ်များဖြင့်ခြယ်လှယ်ကာ လက်နှင့်ကိုယ်ထည် တွင် နဝရတ် ကိုးပါးသော ကျောက်များ တပ်ဆင် ချုပ်လုပ်ထားသည့် တုရင်တော်ကြီး [**ရွှေနန်း၊** အမှတ် ၁၂၄]

**စိန်ထောင်** – ပစ္စယာအဆင့်များ၏ အနားစပ်တစ်လျှောက် တွင် အချွန်ပုံ အဝိုင်းပုံဖော်၍ လှပအောင် ကာရံထား သော အဆင်တန်ဆာ (စိန်ထောင် သုံးမျိုး ရှိသည်။ (၁) စိန်ချွန် (၂) စိန်ဝိုင်း (၃) စိန်ခေါင်းတုံး တို့ ဖြစ်သည်။) [**အုပ်ချုပ်၊** ပဋ၊ စာ ၆၄]


စိန်ချွန်  စိန်ဝိုင်း  စိန်ခေါင်းတုံး

**စိန်ပြောင်း** – ကျည်သွားလမ်းမြင့်သော လက်နက် [**ယုဒသန်၊** စာ ၃၇၃]

**စိန်ဖူးတိုင်** – ပြာသာဒ်ဘုံဆင့် အနားစပ် ထောင့်စွန်းတွင် တုရင်စိုက်ထူလေ့ရှိသောတိုင် [**အုပ်ချုပ်၊** ပဋ၊ စာ ၆၆]

**စိန့်တိုင်း** – ဗန်းမော်၊ ခွေးလုံ၊ စန္ဒား အံစရှိသော ပြည်ကြီး တို့ တည်ရာဒေသ [**စစ်ကိုင်းကောင်းမှုတော် ကျောက်စာ၊** မျက် ၆၇–၇၁]

**စပ်လှောင်၍ထားသည်** – ရာဇဝတ်သားများကို လှောင်အိမ် အတွင်းတွင် လှောင်၍ထားသည်။ [**အုန်းအဘိဓာန်၊** စ အက္ခရာ]

**စမ္ပာ** – (၁) စကားဖြူပြင်၏အနက် (၂) အိန္ဒိယနိုင်ငံတွင် ဘီစီ ၆ ရာစုနှစ်က စတင်ထွန်းကားခဲ့သော အင်္ဂတိုင်း၏ မြို့တော် Campa (ယခု Bhagalpur မြို့) (၃) ယခု ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင် အေဒီ ဒုတိယ ရာစုနှစ်အတွင်းက ပေါ်ထွန်းခဲ့သော ပြည်ထောင် [**India**, p. 46; **SEA**, pp. 26-7]

**စမွယ်တင်ထည်** – ပခုံးတင် အဝတ်အထည် [**တက္ကသိုလ်၊** ၄၊ စာ ၆၈၀]

**စမွေထ်** *(ပါ–စမ္ဗဓမ္မာ)* – (၁)သားရေနယ်အခင်း (၂)ဘုရားဆင်းတုတော်အောက်ခံ၊ ပလ္လင် [**မြန်မာနိုင်**၊ စာ ၁၁၁]

**စုံစည်း** *(ဂီတ)* – စည်းနှင့်ဝါးကို မခွဲခြားဘဲ ပြိုင်တူ တီးခြင်း [**စောင်း**၊ ၃၊ စာ ၁၉၃]

**စုံတူ** *(တရုတ်)* – မြို့ဝန်၊ ဝန်ရှင်တော်မင်းကြီး (總督) [**ဝင်း**] "မိုင်းဆည်မြို့ဝန် စုံတူက စေ၍ ရွှေဖဝါးတော်မြတ်အောက် ကျွန်တော်တို့ လာရပါသည်" [**မေးတော်မြေ**၊ စာ ၂၁၆]

**စုံပင်လယ်** –တောင်ဘက်သို့မျက်နှာမူသောအိမ်တွင် အရှေ့မြောက်ထောင့်၌ စိုက်ထူသောတိုင် [ROB, X, p. 109]

**စုံပွား** – မိသားစု နေထိုင်သောအိမ်တွင် တိုးပွားလာသော အိမ်ထောင်သစ် (ယင်းအိမ်ထောင်သစ်မှာ သုံးနှစ်မပြည့်သေးလျှင် စုံနုဟု ခေါ်၍ သုံးနှစ်ကျော်မှသာ စုံပွားဟု ခေါ်သည်။) [**အုပ်ချုပ်**၊ ၃၊ စာ ၁၅၈]

**စုံသေအမွေပြတ်အရာတော်မြေ** – အမွေစား အမွေခံမရှိဘဲ ကြွင်းကျန်ခဲ့သောမြေကို မင်းပိုင်အဖြစ် သိမ်းယူလိုက်သောမြေ (အမွေဆက်ခံနိုင်သူ ပေါ်ပေါက်ပါက သိမ်းပိုက်ပြီးချိန်မှ ဆယ်နှစ်အတွင်း ပြန်လည် လျှောက်ထားပိုင်ခွင့် ရှိသည်။ [**အုပ်ချုပ်**၊ ပဥ္စ၊ စာ ၂၀]

**စုလ္လသိဂိ** *(ပါ)* –ကျက်သရေမင်္ဂလာရှိသောခုံလောက် [**မြင့်**]

**စွက်** *(ကျောက်)* – ခွက်၊ ကွက် (လယ်တစ်ခွက်၊ မြေတစ်ကွက်)(ရခိုင်ပြည်နယ်တွင် ယခုတိုင် လယ်တစ်စွက်၊ လယ်နှစ်စွက်ဟူ၍ သုံးနှုန်းပြောဆိုလျက် ရှိသေးသည်။) "ပ္လါဖုတ်သန်လယ် လယ်ကြီတပယ် လယ်ယယ်နှစ်စွက် လ္လူသတေ" [၁၂၃၆ ခုနှစ်ထိုး သိခင် မဟာထေရ်သုနှရ ကဝိကျောက်စာ]

**စွန့်ခြင်းကြီးငါးပါး** – (၁) ဓနပရိစ္စာဂ – မင်း စည်းစိမ် ရတနာဆင်မြင်း စသည်ကိုစွန့်ခြင်း (၂) ပုတ္တပရိစ္စာဂ– သားသမီးကိုစွန့်ခြင်း (၃) ဘရိယ ပရိစ္စာဂ – မယားကို စွန့်ခြင်း (၄) အင်္ဂ ပရိစ္စာဂ–ခြေလက် စသော အင်္ဂါကြီးငယ်ကို စွန့်ခြင်း (၅) ဇီဝိတ ပရိစ္စာဂ–အသက် စွန့်ခြင်း [**သုတေသန**၊ စာ ၂၁၂]

**စွန်းလွန်းတမာ** – မကြောက်မရွံ့ လွန်ကျူးတိုက်ခိုက်ခြင်း၊ အလွန်အကျူးစွန့်စားလျက် [**တက္ကသိုလ်**၊ ၄၊ စာ ၇၀၁]

**စွယ်ခွေး** – အစွယ်ကို ကွပ်သော အခွေးတန်ဆာ၊ ဆင်စွယ်အဖျားတွင် လက်ကြပ်သဖွယ် စွပ်ထားသော တန်ဆာကွင်း [**တက္ကသိုလ်**၊ ၄၊ စာ ၆၉၁]

**စွယ်တော်စင်** –နန်းတော်၏အရှေ့မျက်နှာသစ်တပ် အတွင်း ရွှေတော်ယူတံခါး၏ တောင်ဘက်တွင် စွယ်တော် ဓာတ်တော်မွေတော်များ၊ မြတ်စွာဘုရား၏ ရုပ်တုတော်များကိန်းအောင်းတော်မူရန်အတွက်လှပတင့်တယ်စွာတည်ဆောက်ထားသော အဆောက်အအုံ [**မန္တလေး**၊ စာ ၁၃၄ နှင့် ROB, VIII, p.330]



ရတနာပုံခေတ်စွယ်တော်စင်

# ဆ

**ဆကာမာ** *(ပါ)* – နတ်ပြည်ခြောက်ထပ် [**တက္ကသိုလ်**၊ ၅၊ စာ ၇၀၅]

**ဆနဝုတိရောဂါ** *(ပါ)* – ကိုးဆယ့်ခြောက်ပါးသော ရောဂါ [**တက္ကသိုလ်**၊ ၅၊ စာ ၇၀၆] "မင်းကြီးကား ဘုရားသခင် ဗျာဒိတ်ခံရသသူဖြစ်၍ ဆနဝုတိရောဂါမရှိလျှင်တည်း" [**သုသော** ၊ ပ၊ စာ ၃၄၁]

**ဆရာပရိုက်** *(အင်္ဂလိပ်)* – ဆရာဝန် ဒေါက်တာ ပရိုက်(စ) (Dr. Price)

**ဆရာဖွဒါသံ** *(အင်္ဂလိပ်)* – သာသနပြုဆရာ ယုဒသန် (Rev. Adoniram Judson)

**ဆရာဝန်ကြီး** – (၁) ငယ်စဉ်ဘဝက – စာပေသင်ကြားပေးခဲ့သော ဆရာအား – မင်းဇေကရာဇ် ဖြစ်လာသော

အခါ၊ ဝန်ကြီးခန့်သဖြင့် ထိုဝန်ကြီးကို ခေါ်သောရာထူး (၂) ယခုခေတ် ဆေးဝါးကုသပေးသောသမားတော်ကြီး [**တက္ကသိုလ်၊** ၅၊ စာ ၇၀၉]

**ဆရာဝတ်ငါးပါး** – (၁) အတတ်ပညာ သင်ကြားပေးခြင်း (၂) တရားနှင့်အညီ ကျင့်ကြံနိုင်အောင် ညွှန်ကြားဩဝါဒပေးခြင်း (၃) ပညာကို မထိန်ချန်ဘဲ သင်ကြားပေးခြင်း (၄) ဘေးအန္တရာယ်မရှိအောင် အကာအကွယ်ပေးခြင်း (၅) တပည့်အား ချီးမြှောက် ပြောဆို၍ အဆွေခင်ပွန်းတို့ထံ အပ်နှံခြင်း (အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပံမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ) [**အုပ်ချုပ်၊** ပ၊ စာ ၂၂၆-၈]

**ဆရည်** *(ကျောက်)* – အဆအရည် (၁၅ပဲရည်ရွှေ၊ ၁၆ပဲရည်ရွှေ) [**မွန်**] "ရှယ် ၁၀ ဆရည် အကျပ် ၂၀၀ ရင်ခိုယ်သော" [**၁၂၄၂ စုနှစ်ထိုး ညောင်ရမ်းကြီးသမီး ကျောက်စာ၊ မျက် ၁၇** ]

**ဆာတတ္တအရတ္တ** – ဝေ်မွတ်နေသော ကလေးငယ်အားယူ၍ မွေးစားသော သားသမီး [**မနုကျယ်၊** စာ ၃၁၁]

**ဆာပါ** *(အာရဗစ်–ဆာဗာ)* – ပိုးထည် [**မြန်၊** ၃၊ စာ ၁၈၅] "မာတေဝတ်ကရွှေ ဘဝါးတော်အောက် တင်ဆောင်ရောက်သည့် ပန်းရောင် ဆာပါအုပ်ရေ ၂၀၀ … ကို အကောက်တော် လွတ်ငြိမ်းပါရမည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်" [**ROB**, IX, p. 577]

**ဆိဆုံခွန်** – ဆိကြိတ်သောဆိဆုံမှ ကောက်ခံသော အခွန် [**တက္ကသိုလ်၊** ၂၊ စာ ၃၂၃ နှင့် **တက္ကသိုလ်၊** ၅၊ စာ ၇၂၆]

**ဆိတည့်** – ရှေ့တည့်တည့်၊ ဖြောင့်ဖြောင့် တည့်တည့် [**တက္ကသိုလ်၊** ၅၊ စာ ၇၁၆]

**ဆီမီးထွန်းမှူး** – ရွှေနန်းတော် အဆောင်များတွင် လည်းကောင်း၊ ပွဲသဘင်အခမ်းအနားများတွင် လည်းကောင်း ဆီမီးထွန်းကြရသော အစုအမှုထမ်းများကို စီမံ အုပ်ချုပ်ရသော အကြီးအမှူး (ဆီမီးထွန်းမှူးသည် ဝဲလှည့်အိပ်ဖန်တော်စောင့် စာရင်းကို မှတ်သား အရေးယူရသည်။) [**ရွှေနန်းသုံး၊** စာ ၁၄၃-၄ နှင့် **အုပ်ချုပ်၊** ၈၊ စာ ၈၀]

**ဆီးမီးမြင်းမိုရ်** – သီတင်းကျွတ်လဆန်း (၈) ရက်နေ့က စ၍ မြင်းမိုရ်တောင်သဏ္ဌာန်စင်ကို ဆောက်လုပ်ပြီး သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ (၃)ရက်နေ့အထိ မီးထွန်းညှိပူဇော်ပွဲ [**အင်ရုံ၊** စာ ၃၁၄ နှင့် **တက္ကသိုလ်၊** ၅၊ စာ ၇၁၈ **ကုန်းဘောင်၊** ပ၊ စာ ၅၄၇၊ **ကုန်းဘောင်၊** ၃၊ စာ ၂၇၆]

**ဆူးစောင်းရန်း** – ဆူးခက်များ ကာရံထားသော စည်းရိုး [စောင်ရန်းကြည့်ပါ]

**ဆူးပုံကြောင်း** – ချင်းတွင်းမြစ်အတိုင်း နတ်ကျွန်းအောင်မြေခေါ်ကင်းတပ်သို့သွား၍ ထိုမှတမူး၊ ကွပ်တောင်နှင့် ဆူးပုံတို့ကို ဖြတ်ကျော်ကာ မဏိပူရသို့ ဝင်ရောက်နိုင်သော လမ်းကြောင်း [**ကုန်းဘောင်၊** ၃၊ စာ ၂၅၈]

**ဆေကာ** *(ရခိုင်)* – ဆည်၍ကာသော တာတမံ (ဆည်ကာ) "ပိုင်တော်မူသော နိုင်ငံအများ၌စေတီ – ရပ်ပွားရေကန်ရေတွင်း တံတားဆေကာကျောင်း ဇရပ် … ကောင်းမှုပြုပြီးလျှင်" [**စည္သစ်၊** စာ ၆၁]

**ဆေးကြူတ်** – ဆေးတံသောက်သည့် ဆေးထည့်သောဖူး [**တက္ကသိုလ်၊** ၅၊ စာ ၁၃၃၊ ၇၃၀]

**ဆေးစင်တန်ဆောင်းတော်** – မင်းကေရာဇ် သကြန်တော်ခေါ်ရာ၊ ကိုယ်လက် ဆေးကျော သန့်စင်တော် မူရာ တန်ဆောင်းတော် [**မဲ**] "ဝတ်လဲနန်းတော်က ဆေးစင်တန်ဆောင်းတော်သို့ ကူးကြွတော်မမူမီ…ခမည်းတော်မယ်တော်မြတ်တို့အား ပူဇော်တော်ပွဲ ဆက်သရ၏" [**ကုန်ဘောင်၊** တ၊ စာ ၅၅၃]

**ဆေးထိုးထမ်း** – လက်တွင်ဖြစ်စေ၊ လည်ကုတ်တွင် ဖြစ်စေ၊ ခြေသလုံးတွင်ဖြစ်စေ ဆေးမင်ရေးထိုး၍ ထားသော အမှုထမ်း(ဆေးထိုးထမ်းများမှာ သဿမေဓအခွန်တော်မှစ၍ မင်းမှုမင်းခင်း အစေအခိုင်း လွတ်ငြိမ်းချမ်းသာသည်။) [**လွှတ်တော်မှတ်၊** စာ ၂၅၈]

**ဆေးအိုး** – ဆေးတံသောက်ဆေးထည့်၍ မီးရှို့ သောက်ရှုသောအိုး [**တက္ကသိုလ်၊** ၅၊ စာ ၇၄၂]

**ဆံကျင်** – ဆံထိုး [**တက္ကသိုလ်၊** ၅၊ စာ ၈၂၈]

**ဆံတော်တံမြက်** – ဆံပင်တော်ဖြင့် စီရင် ပြုလုပ်သော အမှိုက်လှည်းသည့် တံမြက်စည်း [**မှန်နန်း၊** ၃၊ စာ ၁၀၄]

**ဆံထုံး ၅၅ မျိုး** – (၁) မြိတ်ဖြူ (၂) မြိတ်စို့ (၃) မြိတ်လွတ် (၄) စုလည်း (၅) ရော့ရည်း (၆) တိန်တောင် (၇) လျှပ်စစ် (၈) စဝက်ရောင် ပြေး (၉) နှင်းသွေးမစို့ (၁၀) ကြာညို့ဝတ်ဆံ (၁၁) ဒူဝံ (၁၂) ဦးပျည်း (၁၃) ဇင်ယော်တန်း (၁၄) ပုလဲကိုးလုံး (၁၅)ဂမုံးငုံအာ (၁၆) လေသာဝေ့လည် (၁၇) မြူခြည် (၁၈) ရင် (၁၉) ခရချောင် (၂၀) ထုံကြောင် (၂၁) ထုံကြား

(၂၂) ငါးပါးမြိတ်စို့ (၂၃)အောင်မှို့နိမိတ်(၂၄)ကရဝိက် နှုတ်သီး (၂၅) ဆိတ်သမီး (၂၆) ပန်ပြီးငါးထွေ (၂၇) နေအာရုံခံ (၂၈) ညဥ့်ယံသောက်ရှူး (၂၉)တိမ်ဦး နဂါး (၃၀) လေးပါး ရာသီ (၃၁) နှိုင်းပြိစံလွှတ် (၃၂) နဂါးပတ် ကြော့ကွင်း (၃၃) နန်းတွင်း မဥ္ဇူ (၃၄) ထွက်ပျူမုစ်ခံ (၃၅) ပဒုမ္မ သိဒ္ဓိ (၃၆) မဏိ ကိုးပါး (၃၇) ချရားပွင့်သေး (၃၈) ယုန်ရေးလဝယ် (၃၉) နေလယ်ဥဒေါင်း (၄၀) သုံးချောင်းခြူးရက် (၄၁)စဝ့က်ရောင်ချော (၄၂) သင်္ဘောတံခွန် (၄၃)အန္တ ဖုသျှ မောဃဂီဝ (၄၄) ဟင်္သာစာခွံ့ (၄၅) ပုဇင်း တောင်ဖြန့် (၄၆)သည်းညွန့်လက်သင့် (၄၇) ကွန်လင် (၄၈) နောက်တွဲ (၄၉) မုတ္တာရွဲ (၅၀) ပုလဲကွန်ချာ (၅၁) ရတနာမဏ္ဍိုင် (၅၂)ပွင့်ဆိုင်ပုဏ္ဏရိတ် (၅၃)နဂါး အိပ်လေးထောင့် (၅၄) ရစ်မျှောင့် (၅၅) ပုံကာဘက် [ROB, VIII, p. 603-5]

**ဆံထုံးပရိတ်ချည် ၃ ဆင်** – လှေဦးထောင် ဆံထုံးတွင် အန္တရာယ်ကင်းစေရန် ရစ်ပတ်ထားသည့် ပရိတ်ချည် သုံးဆင့်ပုံဖော်ထားသောအဆင်တန်ဆာ။"လှော်ကား... ဆံထုံးပရိတ်ချည် ၃ ဆင့်" [**အုပ်ချုပ်၊** ၈၊ စာ ၁၃၄] (လှော်ကားပုံကြည့်ပါ။)

**ဆံလျှင်** *(ပါရှန် serang)* – သင်္ဘောသားတို့၏အကြီးအကဲ၊ သင်္ဘောဆလင် [ROB, VIII, p. 390]

**ဆိုဇိုး** – (အချင်းချင်း)တိတ်တခိုး ပြောဆိုသည်။ "ရှေ့သို့ အင်တူအားမှု စစ်ကြီးတွေ့ကြသည့်ကာလ အရေးခဲချိမ့် မည်ဟု အချင်းချင်း ဆိုဇိုးကြကုန်၏။" [**ကုန်းဘောင်၊**– ပ၊ စာ ၈၂]

**ဆင်ကာ** – (၁) (ဝါးထရံ၊ ဝါးကပ် စသောဝါးဖြင့် ပြုလုပ် သည့် ပစ္စည်းများကို လုပ်ဆောင်ပေးရသော အမှုထမ်း (၂) ဆင်ကို ကာရံ၍ လိုက်ရသော ကာစွဲ အမှုထမ်း [**မြန်မာမင်း၊** စာ ၆၈]

**ဆင်ကဲ** – ဆင်မူး၏ စကားကို နာခံ၍ ဆင်အမှုထမ်းများ အပေါ် ကြီးကဲစီမံ ထမ်းရွက်ရသူ [**ရွှေနန်းသုံး၊** စာ ၁၉၃]

**ဆင်ကောင်းအင်္ဂါငါးပါး** – (၁) ဆင်စီးညွှန်ရာ လိုက်နာ ဆောင်ရွက်ခြင်း (၂) စစ်မြေ၌ ရန်သူကို တိုက်ခိုက် ဖျက်ဆီးတတ်ခြင်း (၃) ဆင်စီးဆင်ထိန်းနှင့်မိမိကိုယ်ကို မထိမရှအောင် ကာကွယ်တတ်ခြင်း (၄) လက်နက် ထိရှမှုကို ခံနိုင်၍ အသံဗလံတို့ကို မကြောက်ရွံ့ခြင်း (၅) ဆင်စီးနှင်သည့် အရပ် ဟူသမျှကို မဆုတ်မနစ် သွားလာနိုင်ခြင်း [**မေးတော်ဖြေ၊** စာ ၂၇၀–၁]

**ဆင်ကပ်** – နန်းတော်၊ အိမ်တော်နှင့် ဘုန်းတော်ကြီးကျောင်း များတွင်(ဆင်ပေါ်သို့တက်ရန်)အပြင်ဘက်သို့ ထုတ်၍ ဆောက်လုပ်ထားသောကြမ်းပြင်။"လက်ျာတော်ဆင်ကပ် တွင် နေ၍ ခစားရသည်" [ROB, I, p. 460]

**ဆင်ကျည်တိုက်** – ငမုံ၊ ပဒူ၊ ဆားထုံး၊ ပုံသွင်၊ သပေါက် ရွာ၊ လက်ပန်တိုင်၊ ပတော်ပြင်၊ မုံညင်ပြင်၊ ဝက်ရဲ ငါးရွာ၊ ယင်းမာ၊ ထောင်မှိုင်း၊ ပတိုသာ၊ မောင်တုံး၊ လင်းဇရက်၊ လှည့်ခုတ်၊ ချင်ပြစ်၊ ဝရာ၊ လေည ပေါက်၊ တောပု၊ လည်ခုတ်၊ ကံကြီ၊ မြစ်ကိုင်၊ ဇီးပဏိ၊ ကပ်ပွတ်၊ ပတူရွာ၊ ငွေတင်၊ မအူပင်၊ ဓာတ်တည်၊ သက်ကဲပု၊ တုရွာ၊ မအူကြီး၊ နေနန်း သောက်၊ သေတင်၊ ရွာပုကြီး၊ ထိန်နယ်၊ တောင်ရင်း၊ ရွှေပန်းပင်၊ ဝက်ခဲ၊ ရင်ပေါင်တိုင်၊ အောင်သာ၊ ဆင်တဲ၊ ရွာသစ်၊ ပျာအို၊ နှောကြီး၊ မန်ကျည်းကြတ်၊ တတ်ရွာ၊ အုတ်ရစ်ပြာ၊ သက်ရွာ၊ မဲဇလီ၊ ကံသစ်၊ စိုင်နံ၊ မြင်မွေဘောင်သာ၊ ဝက်ရဲ အဝင်ရွာ၊ နက်ရင်တောင်၊ မြေနတ်၊ ဆင်ရွာ၊ ရန်နောင် စသောရွာများ ပါဝင်သော ဒေသ [ROB, II, p. 189-91]

**ဆင်ကွန်း** – စုန်းတစ်မျိုး [**တတ္တသိုလ်၊** ၅၊ စာ ၇၆၉] "စုံး ဆင်ကွန်း နတ်ဆိုး ဇော်ဂနီ" [ROB, I, p. 222]

**ဆင်စာရေး** – ဆင်ဝန်၏အမိန့်ကိုနာခံ၍ ဆင်နှင့် စပ်လျဉ်း သမျှ စီမံ ရေးမှတ် တွက်ချက် ဆင့်ဆိုရသော စာရေး [**ရွှေနန်းသုံး၊** စာ ၁၉၃]

**ဆင်စွယ်ဝန်းယှက်** – စက်ဝန်းပုံများကို တစ်ခုနှင့် တစ်ခု ယှက်နွယ်၍ စီခြယ် ထုလုပ်ထားသော အဆင်တန်ဆာ [**မြန်မာမှု၊** ၅၊ စာ ၈]

**ဆင်ဆော်** – မင်းကေရာဇ်ထွက်စံတော်မူသည့် အခမ်းအနား နှင့် တပ်ကြီး ခင်းကျင်းပြသသည့် အခမ်းအနားများ တွင်လည်းကောင်း၊ စစ်ချီသောအခါတွင်လည်းကောင်း ဆင်တပ်ဖွဲ့စည်းရန် အတွက် လိုအပ်သော ဆင်များ ရရှိအောင် ဆင်ဦးစီးနောက်ပဲ့ ကုန်းလယ်စီး အမှုထမ်း တို့ နေထိုင်ရာ ကျေးရွာများသို့သွား၍ ဆင့်စာပေးအပ် စေ့ဆော် ရသောအမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၉၄]

**ဆင်ဆယ်မျိုး** *(ပိဋကတ်)* – (၁) ကာဠာဝကဆင် – လူ ဆယ်ယောက်ခန့်အားရှိသောဆင် (၂) ဂင်္ဂေယျဆင် – ဂင်္ဂါမြစ်၌ကျက်စားသောဆင် (၃) ပဏ္ဍရဆင်–ဖြူသော

အဆင်းရှိသောဆင် (၄) ပိင်္ဂလဆင် – နီကျင့်ကျင့်အရောင် ရှိသော ကြောင်သောအဆင်း ရှိသောဆင် (၅) ဂန္ဓဆင် – မွှေးကြိုင်သောဆင် (၆) မင်္ဂလဆင်– ကတိုးနံ့ကဲ့သို့မွှေးသောဆင် (၇) ဟေမဆင်–ရွှေရောင်ရှိသောဆင် (၈) တမ္ဗဆင် – ကြေးနီရောင်ရှိသောဆင် (၉) ဥပေါသထဆင် – ရန်သူအနီးသို့ကပ်၍ အနိုင်ယူနိုင်သောဆင် (၁၀) ဆဒ္ဒန်ဆင် – အစွယ်ရောင်ခြောက်မျိုး ထွက်၍ မြင့်မြတ်ပြီး အားအကြီးဆုံးဆင် [**မေးတော်ဖြေ၊** စာ ၃–၈]

**ဆင်၁၆မျိုး** *(မေးတော်ဖြေ)* – (၁) ဧရာဝဏ် – တိမ်ညိုအဆင်းရှိ၍ ရေခြံကျက်စားသောဆင် (၂) ပုဏ္ဍရိက – ဖြူ၍ကြာပုဏ္ဍရိတ်နှင့်တူသောဆင် (၃) ဝါမန–ကိုယ်ခန္ဓာတိုသောဆင် (၄) ကုမုဒ – နီ၍ ကုမုဒြာကြာနှင့်တူသောဆင် (၅) အဥ္စန–မည်းညိုသော အဆင်းရှိသည့်ဆင် (၆) ပုပ္ဖဒန္တ – ပန်းငုံပန်းဖူးကဲ့သို့ အစွယ်ရှိသောဆင် (၇) သဗ္ဗဘုမ္မ – စကြာမင်းနှင့် ထိုက်တန်သောဆင် (၈) သုပ္ပတိက–ကိုယ်အင်္ဂါ တင့်တယ်လှပသောဆင် (၉) အဗ္ဘမု – တိမ်ညိုအဆင်းရှိ၍ ပျံနိုင်သောဆင် (၁၀) ကပိလာ–ရွှေရောင်နှင့်အညိုရောင်အဆင်းနှစ်မျိုးရောသည့်ဆင် (၁၁) ပိင်္ဂလ – ကြောင်သော အဆင်းရှိသောဆင် (၁၂) အနုပမာ–မြတ်သောဆင် (၁၃)တမ္ဗကဏ္ဏိ – နားနှစ်ဖက်နီသောဆင် (၁၄) သုဘဒန္တီ – တင့်တယ်လှပသော အစွယ်ရှိသည့်ဆင် (၁၅) အင်္ဂနာ–ကိုယ်အင်္ဂါ ကြီးမားကျယ်ပြန့်သောဆင် (၁၆) အဥ္စနာဝတီ–အညိုရောင်ဆင် (ယင်းမှာ ဆင်မရှစ်မျိုး ဖြစ်သည်။) [**မေးတော်ဖြေ၊** စာ ၂၅၄–၈]

**ဆင်တော်ပျော်ဘွယ်** – ဆင်တော်များ၏တင်းကုပ်များတွင် အစာဟောင်း ရေဟောင်း အညစ်အကြေးနှင့် မြက်အမှိုက်များကို သုတ်သင်ရန် နေ့စဉ် ဆောင်ရွက်ရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၂၀၁]

**ဆင်တောင်** – လက်မ (၂၀) ခန့် ရှိသောအတိုင်းအရှည် [**ရွှေမြန်၊** စာ ၁၅၄]

**ဆင်တိုင်** – ဆင်တင်းကုပ်တော်များရှိ ဆင်များ စားသုံးရန်အတွက် ကောင်းမွန် လတ်ဆတ်သော မြက်ထုံးများကို နေ့စဉ်ပို့ဆက်ရန်၊ ဆင်တင်းကုပ်လုံခြုံရေးနှင့် ဆင်များ၏ အခြေအနေကို ကြည့်ရှု စောင့်ရှောက်ရေးအတွက် အလှည့်ကျ အိပ်ဖန်စောင့်ရန် တာဝန်ရှိသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၉၀–၁]

**ဆင်နားစာပေါက်** – ပလ္လင်တော်၏ဝဲယာ၌ ဆဒ္ဒန်ဆင်မင်း၏ နားရွက်ပုံသဏ္ဍာန် ဖောက်လုပ်ထားသောအပေါက် [**ရွှေဘုံ၊** စာ ၁၀]

**ဆင်နင်** *(ကျောက်)* – စောက်မနက်ဘဲ ပြားချပ်နေသော။ "ဆင်နင်လင်ပန်ကြီ ၂ ခွပ်" [**၁၂၁၁ ခုနှစ်ထိုး ပုဂံမြတိုက်–အမှတ် ၈၂၊ ကျောက်စာ** ]

**ဆင်မင်းနားစံ** – လွှတ်တော်နှင့် မြို့တိုက်တို့က ဆင်မင်းနှင့်ပတ်သက်၍ ထုတ်ပြန်သော အမိန့်ကိုယူဆောင်၍ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်တို့ရှေ့ ဖတ်ကြားတင်ပြရပြီး ဆင်မင်းဝန် ဆင်မင်းဝန်ထောက် တို့က ပြန်လည်ချမှတ်သည့်အမိန့်ကို ပြီးပြေအောင်ဆောင်ရွက်ရသည့် အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၂၀၀]

**ဆင်မင်းပျော်ဘွယ်** – ဆင်ဖြူတော်ကို ရေချိုးပေးရန်၊ ဆင်ဖြူတော်နန်းကို သန့်ရှင်း စင်ကြယ်အောင် ဆောင်ရွက်ပေးရန် တာဝန် ထမ်းဆောင် ရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၅၁]

**ဆင်မင်းဝန်** – ဆဒ္ဒန်ဆင်မင်း ကျန်းမာ ရွှင်လန်းအောင်၊ အစားအသောက် အအိပ်အနေမှန်ကန်အောင်၊ သန့်ရှင်း စင်ကြယ်အောင် ဆောင်ရွက် ကြရသော ဆင်တော်အမှုထမ်းများအား ကြီးကြပ် အုပ်ချုပ် နှီးဆော် စီရင်ရသော မှူးမတ် [ROB, IX, p. 352]

**ဆင်မြည်သံ၁၀ပါး** – (၁) ကရဝိက်သံ (၂) ခြသေ့်သံ (၃) ကြိုးကြာသံ (၄) တော်လည်းသံ (၅) မိုးကြိုးသံ (၆) နွားမြည်သောအသံ (၇) ကျားသံ (၈) ဝက်သံ (၉) ကြက်တွန်သံ (၁၀) အသံမထွက်ဘဲ ရှူးရှူးမြည်သောအသံ

**ဆင်မှူး** – ဆင်ကဲ၊ ဆင်ဦးစီး၊ နောက်ထိုင်၊ ကုန်းလယ်စီး၊ လုံကိုင်တို့ကို ဆင့်ဆိုစီမံ ကြီးမှူးရသူ (ရွာသူကြီးအဆင့်နှင့် တန်းရည်တူသည်။) [**ရွှေနန်းသုံး၊** စာ ၁၉၃] "အစုအမှုထမ်းတို့သဘောကြိုက်ညီသူ ပေန်းမွှေးကို... မြွေတလိုင်းစုရွာ ဆင်မှူးသူကြီးခန့်." [ROB, IX, p. 802]

**ဆင်ရှစ်မျိုး** – (၁) ပုဏ္ဍရိကဆင် – ပဒုမ္မာကြာဖြူအဆင်းရှိ၍မိုးကြိုးအသံပြုသောဆင် (၂) ဗာမနဆင် –ပတ္တမြားအဆင်းရှိ၍ စည်ကြီးသံ ပြုသောဆင် (၃) ကုမုဒဆင်–ကြာနီအဆင်းရှိ၍ တောကြက်တွန်သံ ပြုသောဆင် (၄) ပုပ္ဖဒန္တဆင်–ကွမ်းသီးမှည့် အဆင်းရှိ၍ မိုးဟိန်းသံပြုသောဆင် (၅) သာမဆင်–ရွှေအဆင်းရှိ၍ ဘားအိုင်း

မြည်သံပြုသောဆင် (၆) အဥ္စနဆင် – အောင်မဲညိုပွင့် အဆင်းရှိ၍ ခရုသင်းသံပြုသောဆင် (၇) ကပ္ပဘုမ္မ ဆင်–မြေဇာညွန့်အဆင်းရှိ၍ နွားလား ဥဿဘအသံပြုသောဆင် (၈) သုပ္ပတိဋ္ဌဆင် – နံနက်တွင် အိုးသစ်အဆင်း၊ နေလယ်တွင် ကြာရိုးနီအဆင်း၊ ညနေတွင် ကျွဲချိုဖြူအဆင်းရှိ၍ ကြိုးကြာသံပြုသောဆင် [**သုစမှတ်၊** စာ ၂၇၂]

**ဆင်ရှစ်မျိုး** – (၁) ပုရိမကဏ္ဍာယဋ္ဌနဆင် – နားရွက် ခပ်သော် ရှေ့၌ နားရွက်ချင်း ထိသောဆင် (၂) ပစ္ဆိမကဏ္ဍာယဋ္ဌနဆင် – နောက်၌ နားရွက်ချင်းထိသောဆင် (၃) နဝဋ္ဌိကဆင် – နှာမောင်း၊ အစွယ်၊ ခြေ၊ တန်ဆာ၊ အမြီးတို့ မြေထိသောဆင် (၄) ဂေါပုဆင် – အမြီး သရက်ကင်းကဲ့သို့လည်းကောင်း၊နွားမြီးကဲ့သို့လည်းကောင်း ရှိသောဆင် (၅) သီဟာဃဆင်–နောက်နိမ့်၍ ရှေ့မြင့်ပြီး ခြင်္သေ့သဏ္ဌာန် ရှိသောဆင် (၆) ဝိသတိနခဆင် – ခြေသည်း လက်သည်းနှစ်ဆယ်ရှိသောဆင် (၇) ကေဒန္တီဆင်–အာခေါင်မှထွက်၍ လက်ယာစွယ်ဖုံးမှ ထွက်သော အစွယ်ရှိသည့်ဆင် (၈)သခံဒန္တီဆင်–ခရုသင်းအဆင်းရှိသော အစွယ်ရှိသည့်ဆင် [**သုစမှတ်** ၊ စာ ၂၇၂]

**ဆင်ဝန်** – ဆင်၏ လက္ခဏာကို သိကျွမ်း နားလည်၍ မင်းကေရာဇ်၏ ဆင်တော်များ ကျန်းမာအောင်၊ အစာဝလင်အောင် ဆင်အမှုထမ်းတို့အားကြီးကြပ်ဆောင်ရွက်စေရန်၊ ဆင်မှူး ဆင်စာချီ ဦးစီးနောက်ပဲ့ ဆင်ဆေးသမားတို့ နေ့ညမပြတ် ကြည့်ရှု စောင့်ရှောက်မှုများကို ညွှန်ကြားနှိုးဆော်ရန်၊ ဆင်အမှုထမ်းတို့ စားဝတ်နေရေး ပြေလည်အောင် ဆောင်ရွက်ပေးရန်၊ တရားစကား အရှက်အတင်ရှိလျှင်လည်း ညီညွတ်စွာစီရင်ရန် တာဝန်ရှိသော မှူးမတ် [**ရွှေနန်းသုံး၊** စာ ၁၀၈–၉]

**ဆင်သေမြင်းလဲ** – ဆင်သေခြင်း၊ မြင်းသေခြင်း [**စမျူ၊** စာ ခါး]

**ဆင်အစီရင်** – ဆင်တော်များ၏ ကျန်းမာရေးကိစ္စ အဝဝနှင့် ဆင်တော်ဆိုင်ရာ ထူးခြားသော ကိစ္စများကို စာဖြင့် ရေး၍ ဆင်စာချီထံ အစီရင်ခံရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၉၃]

**ဆင်အာစာနည်အင်္ဂါငါးပါး** – (၁) ဆင် မြင်း ရထား ခြေသည်ဟူသော ဗိုလ်ထုကို မြင်သော်လည်း မကြောက်မရွံ့ခြင်း၊ (၂) ဆင် မြင်း ရထား ခြေသည်တို့၏အသံကို ကြားသော်လည်း တည်တံ့ရဲရင့်ခြင်း၊ (၃) အခြားဆင်တို့၏ အနံ့ကိုရသော်လည်း ဖောက်ပြန်မှု မရှိဘဲ ရဲရင့်ခြင်း (၄) လေးငါးရက်ခန့် အစာမစားရသော်လည်း မဆုတ်မနစ် အမှုထမ်းနိုင်ခြင်း (၅) လက်နက်ထိခိုက်သော်လည်း ကြံ့ကြံ့ခံ၍ မဆုတ်မနစ်တည်တန့်နိုင်ခြင်း [**မေးတော်ဖြေ၊** စာ ၂၆၉–၇၀]

**ဆင့်** – (၁)အိမ်ကြမ်းခင်းရန်အတွက် ရက်မပေါ်တွင် ဆင့်၍ ကန့်လန့်ဖြတ်စီထားသော သစ်ချောင်း၊ (၂) တစ်ခုပေါ် တစ်ခုတင်သည်၊ (၃) အမိန့်အာဏာဖြင့် ခေါ်သည်၊ နိုင်းသည်။ [**မြန်စာန်၊** စာ ၁၂၁]

**ဆင်းပု** *(ကျောက်)* – ဗုဒ္ဓမြတ်စွာဘုရား၏ဆင်းတုတော် [**ဓာတ်ယောင်း၊** စာ ၂၄၇] “ရွှေဆင်းပုများ၊ ရွှေဘုရားကို၊ ဟန့်တားနေပူ၊ ထီးရိပ်ဖြူဖြင့်” [ မင်္ဂလာစေတီ ၊ စာ ၉၇]

**ဆောင်ပန်း** – (၁)လွှဲပုခက် (၂) လဲလျောင်း၊ ထိုင်နေရန်အတွက် အကာအရံ ရှိသည့်နေရာမြင့် [**ယုဒသန်၊** စာ ၄၁၆] “မြကျောက်ဆောင်ပန်း၊ အင်းပျဉ်ဝန်းထက်၊ ခိုင်ကျန်းလည်းနေ၊ ပုံသွန်းရွှေသို့” [**ဆုတောင်းခန်း၊** စာ ၇၅]

**ဆောင်ပုံ** – အဆောက်အအုံ၏ အထက်ပိုင်း၊ အမိုးပိုင်း [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၅၂] “နန်းတော်ဆောင် ပုံများကို စ၍ လုပ်စေသည်” [**ကုန်းဘောင်၊** ၃၊ စာ ၃၁၆]

**ဆိုင်ကန္နား** – လေးတိုင်စင်ဆောက်သောတဲတွင် တည်ခင်း ရောင်းချသော ဈေးဆိုင်၊ ဈေးဆိုင်ငယ် [**လွှတ်တော်မှတ်၊** စာ ၂၅၄]

**ဆိုင်ရာ** – ရောဝတီမြစ်စဉ်ကို အထက်နှင့်အောက် ပိုင်းခြားထားရာ အပိုင်းတစ်ခု၏ ဒေသဆိုင်ရာ ကိစ္စအဝဝကို စီရင် အုပ်ချုပ်သော အကြီးအကဲ [**ကုန်းဘောင်၊** ၁၊ စာ ၅၃၅]

**ဆဋ္ဌ** *(ပါ)* – (၁) ဥဒေါင်းတွန်သံနှင့် တူသော အသံ (၂) နှာခေါင်း၊ သွား၊ ရင်၊ အာစောက်၊ လျှာ နှင့် လည်ချောင်း ဟူသော ခြောက်ဌာန တို့၌ ဖြစ်သော အသံ (၃) တီးမှုတ်မျိုး ခုနစ်သံတို့တွင် စတုတ္ထအသံ [**ရွှေမြန်၊** စာ ၁၃၃ နှင့် **ဓောင်း၊** ၃၊ စာ ၁၉၅]

**ဆည်ကြီး** – ဆည်ကို ကြီးစိုးစီရင်သူ [**ကိုးခရိုင်၊** စာ ၃၄] “သူကြီးမြေတိုင်ဆည်ကြီး ငါးကျော်ထွန်း”[**စမျူ၊** စာ ၉၃]

**ဆည်ဝန်** – ဆည်ကြီးမြောင်းကြီးများကို ထိန်းသိမ်း စောင့်ရှောက်၍ ဆည်မြောင်းအမှုထမ်းများကို ကြီးကြပ်စီရင်ရသော အရာရှိ [**အုပ်ချုပ်၊** ၈၊ စာ ၁၄]

**ဆတ္တာဝန်** – မင်းကေရာဇ်၏ ခြေသည်း လက်သည်းတော်တို့ကို သန့်စင်ပေးရသော အမှုထမ်းတို့အား ကြီးကြပ်စီရင်ရသောဝန် (ရှေးယခင်က ဆတ္တာသည် ဆတ္တာခေါင်း ဟူ၍သာ ရှိခဲ့သည်။ သီပေါမင်း လက်ထက်မှ စတင်၍ ဆတ္တာဝန် ခန့်ခဲ့ခြင်း ဖြစ်သည်။) [**ရွှေနန်းသုံး**– စာ ၁၂၅]

**ဆတ္တာသည်** – ဆံပင်၊ လက်သည်း၊ ခြေသည်းတို့ကို သန့်စင်ပေးရခြင်း၊ ရေချိုးပေးရခြင်း စသော အမှုတို့ကို ဆောင်ရွက်ရသူ [**မေးတော်ဖြေ**၊ စာ ၂၈၈]

**ဆဒ္ဒန်ဆင်မင်း** *(ပါ၊ ဆဒ္ဒန္တ)* – အရောင်အဆင်းခြောက်မျိုး ရှိသောအစွယ် ရှိသည့် ဆင်မင်း [**ဦးဟုတ်**၊ စာ ၄၀၀ နှင့် **မေးတော်ဖြေ**၊ စာ ၈၊ ၂၆၅]

**ဆိတ်ကုလား** – သိုးသတ္တဝါ [**စာန်ဒီ**၊ ၃၊ စာ ၁၅၅]

**ဆိတ်မြန်မာ** – မြန်မာနိုင်ငံတွင် မွေးမြူသော ဆိတ် [**တက္ကသိုလ်**၊ ၅၊ စာ ၈၁၀]

**ဆန္ဒဝါသိနီ** *(ပါ)* – အလိုတူ၍နေသော မိန်းမ

**ဆန္ဒဂုတိရောဂါ** *(ပါ+ပါသက်)* – ကိုးဆယ့်ခြောက်ပါးသောရောဂါ [**ညွှန်**]

**ဆန်းကျမ်း** – ဂါထာဖွဲ့နည်းကို ပြဆိုသောကျမ်း [**မြင့်**]

**ဆုန်း** – နီညိုရောင်ရှိသော ခဲမပုပ် [**ယုဒသန်**၊ စာ ၄၁၀]

**ဆုန်းတွေးတွေးသုတ်သည်** – နီညိုရောင် ခဲမပုပ်ဆေးဖြင့် နီမြန်းအောင်သုတ်သည်။ [**မှန်နန်း**၊ ၃၊ စာ ၃၇၁]

**ဆပ်ကျာအစု** – ရှေးရှိုင်မင်း၏နန်းတော်တွင် ထမ်းဆောင်ကြသော ကြိမ်ခွဲကြိမ်ကိုင် အမှုထမ်းစု [**ရှိုင်ရာဇဝင်**၊ ပ၊ စာ ၃၅၅]

**ဆပ်ချည်း** – ရတ်တရက်။ "ယပ်ခပ်၍နေသောခိုက်။ ဆပ်ချည်းလည်းဘိ၏" [**မှန်နန်း**၊ ပ၊ ၁၁၁]

**ဆပ်သွားဖူးကပ်** – ဆပ်သွားဖူးပွင့် သဏ္ဍာန် ကပ်ထားသည်။ [**ကုန်းဘောင်**၊ တ၊ စာ ၅၂၂]

**ဆပ်အပ်သော မြို့လေးရပ်** – (၁) ဘိုးဘွား ယူသည့်မြို့ (၂) မိဘယူသည့်မြို့ (၃) ကိုယ်ယူသည့်မြို့ (၄) မိဘတို့သူတစ်ပါးထံ ပေါင်နှံထားသောမြို့ [ROB, V, p. 474]

**ဆိပ်၊ တည်၊ ပွဲ၊ ကင်း၊ ကူးတို့ခွန်** – လှည်းဆိပ် လှေဆိပ်တွင်ရောင်းဝယ်သူထံမှကောက်ခံသောအခွန်၊ ခြင်တွယ်ရောင်းဝယ်သူတို့ထံမှ ကောက်ခံသောအခွန်၊ ပွဲစားပွဲပြတ်တို့ထံတွင် ရောင်းဝယ်သူတို့ထံမှကောက်ခံသောအခွန်၊ ကင်းစခန်းများတွင် ကောက်ခံသောအခွန်နှင့် ကူးတို့တွင် ကောက်ခံသော အခွန် [**မဟာမုနိ**၊ စာ ၄၁၀၊ **လွှတ်တော်မှတ်**၊ စာ ၂၃၈]

**ဆယ့်နှစ်မှုမင်းတိုင်း** – အခွန်တော်အဖြစ် ဆက်သရသော ကုန်ပစ္စည်း (၁၂)မျိုး – (၁) တမာစေး (၂) လျှော် (၃) ကော် (သားရေ) (၄) အုံတုံ (၅) လဲ (၆) တင်လဲ (၇) ဥသျှစ် (၈) မရိုးစစ်မီးသွေး (၉) ထန်းဖူးစည်း (၁၀) မန်ကျည်းမှည့် (၁၁) ရေနံ (၁၂) ပွက်လျက် (ညောင်ရမ်းမင်းတရားကြီး(၁၆၀၀–၁၆၀၆)လက်ထက်မှ စတင် ထမ်းဆောင်စေခဲ့သော အခွန်တော် ဖြစ်သည်။) [ROB, I, p. 179, 235 နှင့် **ရွှေနန်းသုံး**၊ စာ ၂၆၈၊ **အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၅–၆]

**ဆယ့်နှစ်ရာသီငွေဖလား** – ဆယ့်နှစ်ရာသီ နက္ခတ်ဆိုင်ရာ ဆိတ်၊ နွား၊ ယောက်ျား၊ မိန်းမ၊ ပုစွန်လုံး၊ ခြင်္သေ့၊ မိန်းမငယ်၊ ချိန်ခွင်၊ ကင်းမြီးကောက်၊ လေး၊ မကန်း၊ အိုးထမ်း ယောက်ျား၊ ငါးနှစ်ကောင် အရုပ်များ ဖော်၍ ထုလုပ်ထားသော ငွေဖလား [**သီချင်း၊ ဖြည့်**၊ စာ ၁၃၄]

**ဆယ့်နှစ်ရာသီအလုပ်** – (၁) နေ့စဉ်အလုပ် (၂) လစဉ်အလုပ် (၃) တစ်နှစ်တစ်ကြိမ်အလုပ် (၄)အထူးအလုပ် ဟူ၍ခွဲခြားထားသော တင်းကုပ် မဏ္ဍပ် ကန္နားဆောက်ကိစ္စမှအစ အလှူတော်ကိစ္စ၊ ဝင်းပွဲမြင်းမိုရ်ပွဲ၊ ကန်တော့အခမ်းအနား၊ စာပြန်ပွဲ၊ သံတမန် လာရောက်ခြင်းကိစ္စအထိ ဖြစ်သော အလုပ်အဆောင်များ [**မြန်မာမင်း**၊ စာ ၅၃–၄]

**ဆိုင်ဝိငြယ်** *(ကျောက်)* – ဆင်းရဲ၊ ဆိုးဝါးစွာ ငရဲခံစားရခြင်း။"မွတ်သိပ်ဆိုဝိငြယ်သောကိုဝ် မလိုဝ်ချင် ရကာ" [**၁၁၉၀ပြည့်နှစ်ထိုး အမတ်ကြီးသိယ်သူရ် ကျောက်စာ** ]

**ဆွေဝါ** *(တရုတ်)* – အနံ့သင်းသော ရွှေဝါးပန်းပင် ( 水仙花 ) [**ဝင်း**]

**ဆွေသိန်ဒရောင်** *(တရုတ်)* – သားမွေးခံ၍ ချုပ်လုပ်ထားသော ဖဲအင်္ကျီ [**ဝင်း**]

**ဆွဲ** – နှစ်ဆယ့်ငါး ပိဿာ ရှိသော အလေးချိန် (၄၀.၈၂ ကီလို)

| | |
|---|---|
| မုန့်ညင်း (၇) လုံး | = နှမ်း (၁) လုံး |
| နှမ်း (၄) လုံး | = ဆန် (၁) လုံး |
| ဆန် (၄) လုံး | = (၁) ရွေး |
| (၄) ရွေး | = (၁) ပဲ |
| (၂) ပဲ | = (၁) မူး |
| (၂) မူး | = (၁) မတ် |

(၂) မတ် = (၁) ငါးမူး
(၂) ငါးမူး = (၁) ကျပ်
(၅) ကျပ် = (၁) ပိုလ်
(၂၀) ပိုလ် = (၁) ပိဿာ
(၅) ပိဿာ = (၁) တုလာ
(၅) တုလာ = (၁) ဘာရ = (၁) ဆွဲ
[**အုပ်ချုပ်၊** တ၊ စာ ၄]

**ဆွဲ၊ တည်၊ တာ** – ဆွဲမှာ ချိန်ခွင်ဖြင့် ချိန်တွယ်သော အလေးချိန်ကို ရည်ညွှန်းသည်။ တည်မှာ တင်းတောင်းဖြင့် ခြင်သော အခြင်အတွယ်ကို ရည်ညွှန်းသည်။ တာမှာ အတိုင်အရှည်ကို ရည်ညွှန်းသည်။ [**အုပ်ချုပ်၊** တ၊ စာ ၄]

**ဆွဲလွတ်ခွန်** – (၁) ဝက် ကြက် သိုး ဆိတ် စသော စားစရာ အသားများပေါ်တွင် ကောက်ခံသော အခွန် (၂) ချိန်တွယ် ရောင်းဝယ်ခြင်းမှ လွတ်ကင်း၍ – အခြားသောနည်းတို့ဖြင့် ရောင်းဝယ်သော လုပ်ငန်းများတွင် ကောက်ခံသော အခွန် [**လွှတ်တော်မှတ်၊** စာ ၂၄၇]

# ဓ

**ဓဇတိပါလ** *(ပါ)* – ရေ မြေကို စောင့်ရှောက်တတ်သော မင်း [**ရာဇသင်္ဂဟ၊** စာ ၇ နှင့် **ဦးဟုတ်၊** စာ ၄၀၅]

**ဓနုပုဒ်** *(ပါ–ဓနုပဒ)* – နေပြည်တော်၏ အပြင်ဘက်တွင် ပြည်သူပြည်သားတို့နေထိုင်သော တစ်ခုသောနယ်ပယ် [**မနုကျယ်၊** စာ ၄၈]

**ဓနရာလဂေါ်တွင်** *(အင်္ဂလိပ်)* – ဂျင်နရယ်ဂေါ်ဒွင် [General Godwin]

**ဓနရုံကြေမ်** *(အင်္ဂလိပ်)* – ဂျင်နယ်ကင့်ဘဲ(လ်) [General Campbell]

**ဓနာဓိပ** *(ပါ)* – လူတို့ကို အစိုးရသောသူ၊ ဘုရင် [**ဦးဟုတ်၊** စာ ၄၀၇]

**ဓနင်ကာတင်** *(အင်္ဂလိပ်)* – ဘရစ်ဂေးဒီးယား ဂျင်နရယ် ကော့တွန် [Brigadier General Cotton]

**ဓနောင်သတ်** *(အင်္ဂလိပ်+အိန္ဒိယ)* – ဗိုလ်ချုပ် သခင်ကြီး [General Sahib]

**ဓမလနိမိတ်** *(ဗေဒင်)* – မကောင်းသောနိမိတ် [**ပါ၊ မြန်စာန်၊** စာ ၁၄၁]

**ဓယဗ္ဗဂါထာ** – အောင်ခြင်းရှစ်ပါးကို အကျဉ်းချုပ်ထားသည့် ဂါထာ [**မေးတော်ဖြေ၊** စာ ၅၈]

**ဓယဗ္ဗဇာဗောဓိယာမူလေ** *(ပါ)* – မြတ်စွာဘုရားသခင်သည် ဗောဓိပင် ခြေရင်း၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့သော အောင်မြင်ခြင်းသည် သင့်အား ဖြစ်စေသတည်း။ [**မြင့်**]

**ဓရွဲ** – ထီး၊ မျက်နှာကြက်တို့၏ အနားစပ်တစ်လျှောက်တွင် လှပအောင် ချိတ်ဆွဲသော သစ်ရွက်ပုံ သတ္တုပြားငယ်များ [**စံ**] "မျက်နှာကြက် ကြာယပ် လှဇရွဲ မွမ်းမံ ခြယ်လှယ်၍" [**ကုန်းဘောင်၊** တ၊ စာ ၂၃၃]

**ဓလာကပင်** – ပင်လယ်သွား ရွက်သင်္ဘော၊ ဦးပိုင်းနိမ့်၍ ပုံပိုင်းမြင့်သော သင်္ဘောပုံတိုက်လှေ [**ရွှေဘို၊** စာ ၇၈ နှင့် **မြန်မွင်၊ ပြည်၊** စာ ၁၁၆–၇]

**ဓလုပ်သင်္ဘော** – sloop ဟု ခေါ်သော ဦးပုံချွန်သည့် တစ်ပင်တိုင် ရွက်သင်္ဘောငယ် [**ကုန်းဘောင်၊** ပ၊ စာ ၁၃၇ နှင့် Darymple, I, p. 222]

**ဓဝနပဋိဘာန်** *(ပါ၊ဇဝန+ပဋိဘာန)* – လျင်မြန် ထက်မြက်သောဉာဏ် [**ဦးဟုတ်၊** စာ ၅၈၊ ၄၁၀]

**ဓဝါရေးသည်** – ယွန်းထည်ပေါ်တွင် ရွှေပန်းချီ ရေးသည်။ [**အုပ်ချုပ်၊** ပ၃၊ စာ ၅၈]

**ဓာ** – (၁) ရွာကြီးထက်လည်းကြီး၍ မြို့ဟူသော အမည် လည်းမခံရသော နယ်ပယ်။ "မုတ္တမမြို့သည် အရံဂုံင်း ခရိုင် ၃၂ မြို့၊ ၁၂ ဓာ၊ ကျေးရွာ နှင့်...ပသိကုလားတို့ ပေါက်ရောက်လာသည့် နိုင်ငံတော် မြို့ကြီး ပြကြီး ဖြစ်၍" [**အုပ်ချုပ်၊** ဓ၊ စာ ၁၁၊ ၁၄၈] (၂) ရွှေချည်ဖြင့် ရက်လုပ်သော ရက်ကြား အထူ [**အုပ်ချုပ်၊** ဓ၊ စာ ၁၂၅ အောက်]

**ဓာတာ** *(သင်–ဓာတက)* – (၁) တစ်ဦး တစ်ယောက် မွေးဖွားချိန် (၂) မွေးဖွားချိန်၌ ဂြိုဟ်နက္ခတ်များ တည် နေပုံကို ရေးမှတ်ထားသော မှတ်တမ်းစာ (၃) ကုသိုလ်ကံ [**မြန်စာန်၊** စာ ၁၂၉]

**ဇာတိသမ္ဘူ** *(ပါ)* – အမျိုးနှင့် ပြည့်စုံသည်။ [**သမ္ဗန္ဓကျော်**၊ ၃၊ စာ ၁၀ နှင့် **ဦးဟုတ်**၊ စာ ၄၁၂]

**ဇာပေါင်းစား** – ရွာကြီးပေါင်းများစွာကို အပိုင်စား ရသော အကြီးအကဲ [**ဇမ္ဗူ**၊ စာ ၃၀ နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၁၁၁]

**ဇိနပွတ္တံ** – အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း၊ မဒရပ်မြို့ အနီးရှိ Mas··lipatam ဆိပ်ကမ်းမြို့ (ရှေးအခါက ဝေလငါးကြီးတစ်ကောင် ကမ်းပေါ်သို့ တင်ရာအရပ်တွင် မြို့တည်သောကြောင့် မစ္ဆလီပာ ခေါ်ခဲ့ရာမှ မတ်စုလီပတ္တံ ဟူသော အမည်ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုၡ၏။) [**Hobson, p. 561-2**]

**ဇိဗေရိယပြည်** – ဆိုင်ဘေးရီယား [Siberia]

**ဇိဝိတိန္ဒြေ** *(ပါ၊ ဇိဝိတ+ဣန္ဒြိယ)* – အသက်ကို အစိုးရခြင်း (အသက်ရှင်လျက်ရှိခြင်း) [**ဦးဟုတ်**၊ စာ ၄၁၇] "အပြစ်ဒဏ်အလျောက် ဇိဝိတိန္ဒြေမှ ချအံ့ရှိလျှင် ငါ့သမီးတော်က အသက်ဘေးမှ နုတ်ယူလျှင် သမီးတော်အား အသက်ဒါနဆုကို ပေးတော်မူသည်" [**ကုန်းဘောင်**၊ ၃၊ စာ ၅၆၀]

**ဇုဗရာဇာ** *(ပါ–ယုဝရာဇာ)* – မင်းပျိုမင်းငယ် [**ဦးဟုတ်**၊ စာ ၈၀၁]

**ဇူရဟာတ်မြို့** – အာသံပြည်နယ် အရှေ့ပိုင်း၊ ကိုဟီးမားမြို့ (Kohima) ၏ မြောက်ဘက်ရှိ Jorhat မြို့

**ဇေဌနှစ်** – နှစ်အမည် (ကောဇာသက္ကရာဇ်ကို တည်၍ ၂၃ နုတ်၊ အကျန်ကို ၁၂ ဖြင့် စားသောအခါ ၃ ကြွင်းသောနှစ်ကို ဇေဌနှစ်ဟုခေါ်သည်။ ကျောက်စာများတွင် ဇေဌနှစ်ကို ဇိဿနှစ်၊ ဇိတ်ဿနှစ်၊ ဇိသနှစ်၊ ဇိဿနှစ်၊ ဇိအ်နှစ် ဟူ၍ ဖော်ပြသည်ကို တွေ့ရ၏။) [**မဟာမုနိ**၊ စာ ၄၁၀]

**ဇေတရာစ်** – ဈေးများကို ကြီးကြပ်အုပ်ချုပ်၍ ဈေးဆိုင်များမှ အခွန်တော်ကောက်ခံပြီး ဈေးဆိုင် ၁၂ ဆိုင်မှ အခွန်တော်ကို စားသုံးကာ ကျန်အခွန်များကို မင်းဘဏ္ဍာသွင်းရသော ရွှေပြည်စိုး၏ ဘွဲ့မည် [**ROB, I, p. 161, 179**]

**ဇေတဝန်ဆောင်** – သုံးထပ်လည်ပေါ်ဆောင် [**အုပ်ချုပ်**၊ ၈၊ စာ ၁၆၀] (ရွှေနန်းတော် အရှေ့ဇေတဝန်ဆောင်တွင် တိုင်းတစ်ပါးမှ သံတမန်ကြီးများကို လက်ခံတွေ့ဆုံခြင်း၊ ရတနာသုံးပါးကို ပူးမြော်ခြင်း၊ ဆရာတော်များအား ဧည့်ခံခြင်းများ ပြုသည်)

**ဇေယျနှစ်** – နှစ်အမည် (ကောဇာသက္ကရာဇ်ကို တည်၍ ၂၃ နုတ်၊ အကျန်ကို ၁၂ ဖြင့်စားသောအခါ ၁ ကြွင်းသောနှစ်ကို ဇေယျနှစ်ဟုခေါ်သည်။ ကျောက်စာများတွင် ဇေယျနှစ်ကို စယ်နှစ်၊ စေယ်နှစ်၊ စည်နှစ်၊ ဇယ်နှစ်၊ ဇည်နှစ်၊ ဇေည်နှစ်ဟူ၍ ရေးသား ဖော်ပြသည်ကို တွေ့ရ၏။) [**မဟာမုနိ**၊ စာ ၄၁၀]

**ဇောတိနဂရတိုင်း** – ကျိုင်းရုံးကြီး [**အုပ်ချုပ်**၊ စာ ၈၅]

**ဇောယဝမနတိုင်း** – ကေတုမတီ (တောင်ငူ)ပြည် [**ROB, VIII, p. 394**]

**ဇောတိဝါဒ** – "လူသေလျှင် တစ်ဖန်ပဋိသန္ဓေမနေ၊ ဆုံးခြင်းပျောက်ခြင်းသာ ဖြစ်သည်"ဟူ၍ ယုံကြည်သော ဝါဒ (ထိုဝါဒကို လက်ခံသူတို့သည် ဘုရား ရုပ်ပွားဆင်းတုကိုးကွယ်ခြင်း၊ ရဟန်းသံဃာတို့ကို ကိုးကွယ်ခြင်းလည်း မရှိချေ။) [**မြန်မာမင်း**၊ စာ ၁၂၃–၄]

**ဇော်ဂီ** *(ဇော်ဂျီ)* – ဟိန္ဒူဘာသာရေးဆိုင်ရာ အကြီးအကဲ [**အင်ရုံ**၊ စာ ၁၅၀] "မဇ္ဈိမရာပြည်က ရောက်သည့် ဇော်ဂျီနေရန် နန်းတော်မြောက်သစ်တပ်ရင်း ရေစက်အရှေ့မြစ်နား ရေကာအတွင်း ကျောင်းဆောက်စေ" [**ROB, VI, p. 530**]

**ဇော်ဂျိုဖို** – ပိုက်နှစ်လုံးကို ပူးတွဲထောင်ထားပြီး ကြက်မွေးတပ် တုတ်တံဖြင့် ထိုပိုက်များအတွင်းသို့ တစ်လှည့်စီဖိနှိပ် ထိုးသွင်းခြင်းဖြင့် လေမှုတ်ပေးသော (ပန်းထိမ်၊ ပန်းဘဲ နှင့် အဂ္ဂိရတ်သမားတို့ အသုံးပြုသည့်) မီးဖို

**ဇော်ဖို့နှံ** *(အင်္ဂလိပ်)* – ဂျော့စွင်တန် (George Swinton) [**ROB, X, p. 110**]

**ဇော်ရစ်** *(အင်္ဂလိပ်)* – ဂျော့ (George) [**ROB, VI, p. 677**]

**ဇော်ရစ်ဟရိရော်လင်သေသည်** *(အင်္ဂလိပ်)* – ဂျော့ဟရီရော်လင်ဆန် (Lt. George Harry Rawlinson) [**ROB, VIII, p. 522**]

**ဇံကောနီ** *(အင်္ဂလိပ်)* – ဂျွန်ကင်းနိန်း (John Canning) [**ROB, X, p. 110**]

**ဇံကြမြင်** – *(အင်္ဂလိပ်)* – ဂျွန်ကင့်ဘဲ (John Campbell) [**ROB, VIII, p. 526**]

**ဇံတဝတ်** *(အင်္ဂလိပ်)* – ဂျွန်ဒေးဗစ် (John David) [**ROB, X, p. 110**]

**ဇံတာရတ်** *(အင်္ဂလိပ်)* – ဂျွန်ဒိုင်းရား (Ensign John Dyer)

**ဓံဟိုး** *(အင်္ဂလိပ်)* - ဂျွန်ဟိုး (John Howes) [ROB, X, p. 110] (ဂရုဏာဒိုဓံဟိုအစ်သကွယ် = Governor John Howes, Esq.)

**ဓမ်မ၊ အဓမ်မ** *(ပါ)* - ဓမ်မ = ရွှေ့ပြောင်းနိုင်သောသက်ရှိပစ္စည်း၊ အဓမ်မ = ရွှေ့ပြောင်းနိုင်သော သက်မဲ့ပစ္စည်း [**အုပ်ချုပ်၊** စ၊ စာ ၅၃]

**ဇင်းမယ်** - (၁) ခုနစ်နှစ်အရွယ် သာမဏေငယ် ရဟန္တာဖြစ်သည်ကို အကြောင်းပြု၍ ရှမ်းယွန်းဘာသာ ဖြင့် စစ်မယ်ဟုခေါ်ခဲ့ရာမှ ကာလရွေ့လျားသဖြင့် ဇင်းမယ် ဖြစ်လာသည်။ (၂) အရှည်တည်တံ့နိုင်မြဲအောင် တည်သောမြို့ ဖြစ်၍ ယွန်းဘာသာဖြင့် ဇင်းမဲ့ဟု ခေါ်ခဲ့ရာမှ ဇင်းမယ် ဖြစ်လာသည်။ (၃) စပါးထွက်ရာအရပ်ဖြစ်၍ လန်နား ဟုလည်း ခေါ်သည်။ (ယခု Chiangmai ဟုခေါ်သည်။ ဘုရင်မင်းရဲက အေဒီ ၁၂၉၂-၆ အတွင်း လုပ်သား၉၀၀၀၀ဖြင့်တည်ခဲ့သောမြို့သစ်။ Chiangသည် မြို့တော်ဟု အဓိပ္ပါယ် ရ၍ Mai သည် အသစ်ဟု အဓိပ္ပါယ်ရသည် ဟုလည်းဆိုကြသည်။ [**ဇင်းမယ်၊** ကိ/ကျော်နှင့် **သာသနာ** စာ ၇၂၊ Chaingmai, pp. 119-20]

**ဇင်းမယ် ၅၇ ခရိုင်** - (၁) ဇင်းမယ် (၂) လဝွမ်း (၃) လဘုံး (၄) မိုင်းပယ် (၅) မိုင်းနံ (၆) မိုင်းလဟိုင် (၇) ကန်ပီ (၈) မိုင်းပူတော (၉) မိုင်းလဝို (၁၀) ကျိုင်းခေါင် (၁၁) ခရုတ် (၁၂) ကတဲ (၁၃) ကျိုင်းသေည် (၁၄) ကျိုင်းရဲ (၁၅) မိုင်းကုတ် (၁၆) မိုင်းသတ် (၁၇) ဘယက် (၁၈) ဆထုံ (၁၉) မိုင်းကွမ်း (၂၀) မိုင်းဟယ်မြို့ (၂၁) မိုင်းဟဲ (၂၂) မိုင်းညောင်း (၂၃) မိုင်းလေည် (၂၄) မိုင်းကယ် (၂၅) မိုင်းငေါင်း (၂၆) မိုင်းလုံ (၂၇) ဘူးခါး (၂၈) မိုင်းနင်း (၂၉) မိုင်းကြက် (၃၀) မိုင်းကိုး (၃၁) မိုင်းတင် (၃၂) မိုင်းလင် (၃၃) မိုင်းပု (၃၄) မိုင်းတွန် (၃၅) မိုင်ကန် (၃၆) မိုင်းဘန် (၃၇) ကျိုင်းလော (၃၈) မိုင်းဟိုင် (၃၉) မိုင်းဖြ (၄၀) သမတ် (၄၁) ဘားဘောင် (၄၂) မိုင်းလုံ (၄၃) တရိုင် (၄၄) တရော (၄၅) ကျိုင်းလတ် (၄၆) ကျိုင်းလား (၄၇) မိုင်းရှင်း (၄၈) မိုင်းဆိန် (၄၉) မိုင်းခွန် (၅၀) မိုင်းခါး (၅၁) ဝင်ပေါ (၅၂) မိုင်းသင် (၅၃) မိုင်းစိပ် (၅၄) မိုင်းရုံး (၅၅) မိုင်းဟင်း (၅၆) ဖြ (၅၇) အနန်း [**မြို့စောင်၊** စာ ၁၁-၂]

**ဇင်းမယ်ပါမြင်း** - ကုန်းဘောင်ခေတ် ဆင်ဖြူရှင် (၁၇၆၃-၇၆) လက်ထက်တွင် ဇင်းပယ်မှခေါ်ဆောင်လာခဲ့သော မြင်းအမွှထမ်းတို့ဖြင့် ဖွဲ့စည်းသော မြင်းတပ် (ဇင်းမယ်မြင်းသည်တော်တို့၏ ကျောဘက်ခါးတွင် မြင်းရုပ်ထိုးထားသည်။) [**ရွှေနန်းသုံး၊** စာ ၂၀၆]

**ဇာတ်ကြီးဆယ်ဖွဲ့** - ဗုဒ္ဓအလောင်းတော်မြတ်၏ ထင်ရှားသောဘာဝကြီးဆယ်ပါး (၁) တေမိယဇာတ် (၂) ဇနက္ကဇာတ် (၃) သုဝဏ္ဏသျှံဇာတ် (၄) နေမိဇာတ် (၅) မဟောသဓာဇာတ် (၆) ဘူရိဒတ်ဇာတ် (၇) စန္ဒကုမာရဇာတ် (၈) နာရဒဇာတ် (၉) ဝိဓူရဇာတ် (၁၀) ဝေဿန္တရာဇာတ် [**သုခမုတ်၊** စာ ၃၃၈-၉]

**ဇမ္ဗူတ်ကြီး** *(ဟိန္ဒီ-Jemadar)* - အစုအဖွဲ့ အကြီးအကဲ၊ အုပ်စုခေါင်းဆောင် [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၃၆၉ နှင့် Hobson, pp. 458-9]

**ဇမ္ဗူဒီပါကျွန်း** - ဇမ္ဗူသပြေပင်ကြီး ပေါက်ရာကျွန်း (အိန္ဒိယနှင့် မြန်မာနိုင်ငံသည် ဇမ္ဗူဒီပါ တောင်ကျွန်းဒေသဖြစ်သည်ဟု ယုံကြည်ကြ၏။) [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၇၀]

**ဇမ္ဗူနဒ** *(ပါ)* - ဇမ္ဗူရစ်ရွှေစင် [**ဦးဟုတ်၊** စာ ၄၀၈]

**ဇမ္ဗူရစ်ရွှေ** - ဇမ္ဗူသပြေပင် အသီးမှ ဖြစ်ပေါ်လာသောရွှေ [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၇၁]

**ဇမ္ဗူဒီပအပရန္တ** *(ပါ)* - ဇမ္ဗူဒိပ်ကျွန်း၏အစွန်း [**ဦးဟုတ်၊** စာ ၈၈၊ ၄၀၈ နှင့် **ကုန်းဘောင်၊** တ၊ စာ ၃၈၄]

## ဈ

**ဈာနမုဒြာ** *(ပါ+သက်)* - ပေါင်ခွင်ပေါ်တွင် လက်ယာလက်ဝါးကို လက်ဝဲ လက်ဝါးပေါ်တွင်ထပ်၍ တင်ကာ ဈာန်ဝင်စားနေပုံ (သောက ကင်းငြိမ်းလိုသူများ၊ ဉာဏ်ပညာတိုးတက် ပွင့်လင်းလိုသူများသည် ဈာနမုဒြာဟန်ရုပ်တုတော်ကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၅၀]



ဈာနမုဒြာ

**ဈာနလာဘီဣဿီတာပသ** *(ပါ)* – ဈာန်ရသော ရသေ့ [**ဦးဟုတ်၊** စာ ၁၉၅၊ ၄၂၀၊ ၄၃၇၊ **ကုန်းအောင်၊** တ၊ စာ ၅၂၀]

**ဈာနသုခ** *(ပါ)* – ဈာန်၌ချမ်းသာခြင်း [**ဦးဟုတ်၊** စာ ၄၂၀ နှင့် **သာသနာ၊** စာ ၂၄]


**ဈာနာသန** *(ပါ–ဈာန+အာသန)* – ခြေဖဝါး နှစ်ဖက်ကို အပေါ်သို့ဖော်၍ တစ်ခုကိုတစ်ခုချိတ်ကာ တင်ပလ္လင်ခွေ ထိုင်ပြီး ဈာန်ဝင်စားနေဟန် (စိတ်တည်ကြည်ခြင်း သဘော၊ အောင်မြင်ခြင်းသဘောတို့ကို ဆောင်သည်။) [**အာသန၊** စာ ၇၇]

**ဈေး ပွဲ ကင်း ကူးတို့ အကောက်ခွန်** – ရောင်းဝယ်သော **ဈေး**၊ ပွဲစားပွဲပြတ်တို့နှင့် ဆက်ဆံရောင်းဝယ်သော **ပွဲ**၊ လုံခြုံရေးအတွက် ချထားသောကင်း၊ ပို့ဆောင်ပေးသော**ကူးတို့** စသော နေရာတို့တွင် ကောက်သော အခွန် [**လွှတ်တော်မှတ်၊** စာ ၂၃၈]

# ဉ

**ဉာဏမုဒြာ** *(ပါ+သက်)* – လက်ဝါးနှစ်ဖက်ကို ရင်အုံတွင် ကပ်၍ လက်မနှင့် လက်ခလယ်တို့ကို ထိထားသော လက်ဟန်(အသိဉာဏ်ပညာပွင့်လင်းတိုးပွား လိုသူတို့သည် ဤ မုဒြာဟန်ရုပ်တုတော်ကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၅၁]

ဉာဏမုဒြာ



**ဉာတက** *(ပါ)* – ဆွေမျိုး [**ဦးဟုတ်၊** စာ ၄၂၂]

**ဉာတကာနဉ္စသင်္ဂဟော** *(ပါ)* – အဆွေအမျိုး တို့အား ထောက်ပံ့ ကူညီခြင်း ဟူသော မင်္ဂလာ [**သာသနာ၊** စာ ၉၇]

**ဉာတတ္ထစရိယာ** *(ပါ)* – ဆွေမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း [**ဦးဟုတ်၊** စာ ၄၂၂]

**ဉေယျဓံတရားငါးပါး** – (၁) သင်္ခါရ–နာမ် ၅၃ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ ပေါင်း ၇၁ ပါးဖြစ်သောသင်္ခါရ (၂) ဝိကာရ–ကာယဝိညတ်ရုပ်၊ဝစီဝိညတ်ရုပ်၊လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ (၃) လက္ခဏာ – ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာဖြစ်သောလက္ခဏာ (၄) နိဗ္ဗာန် – ကိလေသာတို့မှ ချုပ်ငြိမ်းရာ နိဗ္ဗာန် (၅) ပညတ် – လူ၊ နတ်၊ ဗြဟ္မာ၊ ရေ၊ မြေ၊ တောတောင် စသော ပညတ်တရား [**စည်သစ်၊** စာ ၁၄၁]

**ဉာဏ်တော် ၁၀ပါး** – (၁) ဌာနာ ဌာန ကောသလ္လဉာဏ်– ဟုတ်သည်မဟုတ်သည်ကို လိမ်မာစွာ ဆင်ခြင်နိုင်သော ဉာဏ် (၂) ဝိဘာဂဉာဏ် – ခွဲခြမ်းဝေဖန်နိုင်သောဉာဏ် (၃)သဗ္ဗတ္ထဂါမိနီဉာဏ် – သတ္တဝါတို့လားရာအလုံးစုံကို သိသောဉာဏ် (၄) နာနာဓာတုဉာဏ်– အထူးထူးသော ဓာတ်တို့ကို သိသောဉာဏ် (၅) အဓိမုတ္တိဉာဏ် – ဆုံးဖြတ်နိုင်သောဉာဏ် (၆) ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် – အယုတ်အမြတ် အနုအရင့်ကို ခွဲခြားနိုင်စွမ်းသောဉာဏ် (၇) ဈာနာဒိသံကိလေသဉာဏ် – ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်စသည်တို့၏ ညစ်ညူးကြောင်းကို သိသောဉာဏ် (၈) ပုဗ္ဗေနိဝါသဉာဏ် – ရှေးကဖြစ်ခဲ့သော အကြောင်းအရာတို့ကို သိစွမ်းသော ဉာဏ် (၉) ဒိဗ္ဗစက္ခုဉာဏ် – နတ်မျက်စိရှိသောဉာဏ် (၁၀) အာသဝက္ခယဉာဏ် – အာသဝေါ တရားတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ဆောင်နိုင်သောဉာဏ် [**သုတေသန၊** စာ ၂၅၃]

**ဉာဏ်ပဋိဘာန်** *(ပါ–ဉာဏ + ပဋိဘာန)* – ဉာဏ်ပညာ ထက်မြက်ခြင်း၊ ဝေဘန် ပိုင်းခြားနိုင်သော ဉာဏ်ပညာ


[**ကုန်းဘောင်၊** တ၊ စာ ၄၄၂ နှင့် **ဦးဟုတ်၊** စာ ၄၂၁၊ ၅၈၂]

**ဉတ်ကထိန်ခင်း** – သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်သော ကာလအတွင်း ရဟန်း သံဃာတော်များအား နှစ်ထပ်သင်္ကန်း (ဒုကုဋ်) အလှူပွဲ ကျင်းပခြင်း [**မြင့်**]

**ညီလာခံစနေ** – ဖေတဝန်ဆောင်နှင့် ဗောင်းတော်ဆောင်ကို ကူးဆက်ထားသော အဆောင် [**မန္တလေး၊** စာ ၈၆]

**ညံသတ္တဝါ** – မာဂဓဘာသာဖြင့် သုသုကာဟူ၍ခေါ်သော မိကျောင်းသတ္တဝါ [**လက်ဝဲနော်ရထာ၊** စာ ၁၄၄-၅]


**ညောင်စောင်း** – မင်း မိဖုရား မင်းသား မင်းသမီးတို့ အိပ်သောခုတင် [**မြန်စာန်၊** စာ ၁၃၅]



ညောင်စောင်း

**ညဉ့်သုံးယံ** – ညဉ့်အချိန်သုံးပိုင်း (၁) ပုရိမယံ–ညဉ့်ဦးယံ–၆ နာရီမှ ၁၀ နာရီအထိ (၂) မဇ္ဈိမယံ–သန်းခေါင်ယံ–၁၀ နာရီ မှ နံနက် ၂ နာရီ အထိ (၃) ပစ္ဆိမယံ–မိုးသောက်ယံ–နံနက် ၂ နာရီမှ ၆ နာရီအထိ [**သုစော သန၊** စာ ၂၂၉]

**ညှင်း** *(ငြင်း)* – ဘူးသီးခွံ၊ အုန်းခွံစသည်တွင် လေမှုတ်တံတပ်၍ လက်ပေါက် တစ်ပေါက်စီ ဖောက်ထားသော ဝါးကျည်ချောင်းများ စိုက်ထောင်ကာ အခွံပေါ်တွင် အခင်တပ်ထားသည့် လေမှုတ်တူရိယာ [**မြန်မာ့စွယ်၊ ဖြည့်၊** စာ ၁၂၂-၃]



ညှင်း

# ဌ

**ဌာန်ကရိုဏ်းပီပြင်** – ရွတ်ဖတ်ရာတွင် အသံနေအသံထား မှန်ကန်ပီပြင်ကျနသည် [**ကုန်းဘောင်၊** တ၊ စာ ၁၈]

# ဍ

**ဍိဏ္ဍိမစည်တော်** – ပတ်သာ၊ ထက်စည် [**ကုန်းဘောင်၊** တ၊ စာ ၄၆၄ နှင့် **ဦးဟုတ်၊** စာ ၄၂၆]

# တ

**တကောင်းဈေး** *(အဝ)* – ပင်းယခေါ်းစိရှင်၏ သား ကျော်စွာ (၁၃၅၀–၉) လက်ထက်တွင် တကောင်းမြို့မှ စုန်ဆင်းလာခဲ့သော သတိုးဆင်ထိန်း၊ သား သတိုးမင်းဖျား၊ စိုးမင်းကိုယ်တော်ကြီးတို့နှင့်အတူ လိုက်ပါလာကြသည့်

တကောင်းသားများက မြစ်ငယ်မြစ်ဝရှိ ထီးလှိုင်ရှင် ရွှေစာတီအရပ်၌ ဆိုင်ခင်းရောင်းချခဲ့ရာမှ စည်ကားစွာ ပေါ်ပေါက်လာခဲ့သောဈေး။ (ညောင်ရမ်းမင်း၁၆၀၀-၆ လက်ထက်တွင် ဘားမဲ့ဆရာတော်၏အမိန့်ဖြင့် ပေါ်လာခဲ့သော ဈေးဟုလည်း ဆိုသည်။) [**သမ္ဘူ့ကျော်၊** ၃၊ စာ ၁၅]

**တကြောင်းစာချွန်** - ထန်းဖူးညွန့်ရှည်ပေါ်တွင် သတ်စုံဖြင့် စာတစ်ကြောင်းတည်းသာ ရေးသားပြီး အဖျား နှစ်ဖက် ချွန်ထားသော (မင်းကေရာဇ်၏) အမိန့်တော် [**ရွှေနန်းသုံး၊** စာ ၅၄]

**တစုလက်တိုး** - ငွေအရင်း၏ တစ်ဝက်နှင့် ညီမျှသော အတိုး [**အုပ်ချုပ်၊** ၈၊ စာ ၁၇၆]

**တစိန်းစိန်း** - မတုန်မလှုပ် မပြောမဆိုဘဲ စူးစူးစိုက်စိုက် *(ကြည့်)* [**ဗိပ္ပလ္လာ၊** စာ ၂၀]

**တဆေး** - ကဇော်ပေါက်အောင် ခတ်ရသည့်ဆေး [**ယုဒသန်၊** စာ ၄၅၆]

**တဆဲ့နှစ်ရာသီကွမ်းခွက်** - တစ်ဆယ့်နှစ်ရာသီခွင် အရုပ်များ ရေးခြယ်ထုလုပ်ထားသောကွမ်းခွက် [**ဆယ့်နှစ်ရာသီ ဈေးဖလားကြည့်**]

**တဇာစ်** - ဖြစ်စဉ်တစ်ရပ်၊ ဘဝတစ်ခု၊ မွေးဖွားခြင်း တစ်ရပ် [**လောက၊** စာ ၈၅] "ဆင်မင်းတဇာစ်၊ ခြင်္သေ့မင်းတဇာစ်၊ ဆတ်မင်းတဇာစ်...ဟုဆိုအပ်သော ပါရမီမရင့်မီဖြစ်စဉ် အခါ" [**ကုန်းဘောင်၊** တ၊ စာ ၂၄၃]

**တတိုင်** - (၁) အခွန်ထမ်း အစုအဖွဲ့ တစ်ရပ်၊ တစ်နယ် [ROB, I, p. 179] (၂) နှစ်မိုင်ခန့်ရှည်သော အတိုင်းအတာ [**ယုဒသန်၊** စာ ၅၀၂]

**တနင်္ဂနွေ** *(ပါ-တနု+ခီရ)* - ကြံသောနို့ရည် [**ဦးဟုတ်၊** စာ ၃၄၉၊ ၄၃၂]

**တနင်္လာနံ၏သီရိအရပ်** - အရှေ့မြောက်အရပ် [**ရာဇဝင်သစ်၊** တ၊ စာ ၁၇၂]

| | | အရှေ့ | | |
|---|---|---|---|---|
| | သိရိ (တနင်္ဂနွေ) | ပရိဝါရ (တနင်္လာ) | အာယု (အင်္ဂါ) | |
| မြောက် | ဒွါန (သောကြာ) | မြို့ | နဂရ (ဗုဒ္ဓဟူး) | တောင် |
| | ဓေဇ (ရာဟု) | ဂဟပတိ (ကြာသပတေး) | ဘုမ္မိ (စနေ) | |
| | | အနောက် | | |

**တပသီပိုက်** - ဆွဲပိုက် [ROB, X, p. 110]

**တပဿီ** *(ပါ)* - ရသေ့ [**ဦးဟုတ်၊** စာ ၄၃၃]

**တပါလှေ** - ဝမ်းဝကျယ်၍ အလျားတိုပြီး ဦးတုံးမှာ ညောင်ရွက်ချွန်းပုံဖြစ်လျက် ပဲ့တုံးပြားကာ ကနုတ်ပန်း အလှ အပအခြယ်အလှယ် နည်းသော အကြမ်းခံ၊ ဝန်ပါ၊ မြစ်မ သွားရေးလှေကြီး [**လှေ၊** စာ ၅၄-၇]

**တပင်တိုင်မင်းသမီး** - သီးသန့်တစ်ပင်တိုင် အဆောင်ဖြင့် နေထိုင်ပြီး မင်းညီမင်းသားတစ်ပါးပါးနှင့်ထိမ်းမြားခြင်း မပြုဘဲ နောင်နန်းတက်သောမင်းကေရာဇ်ကသာ မဟေသီဘိသိက်ခံယူစေ၍ မိဖုရားခေါင်ကြီး တင်မြှောက်ရန် ရည်ရွယ်ထားသောမင်းသမီး [**ဖိုးမှတ်စု၊** စာ ၆၆ အောက်]

**တပည့်ဝတ်ငါးပါး** - (၁) ပညာ သင်ကြားရာ၌ လုံ့လဝီရိယနှင့် ညီညာ ထကြွမှုရှိခြင်း။ (၂) ဆရာသွန်သင်ဆုံးမမှုကို လိုက်နာ ခံယူခြင်း (၃) ဆရာလာသောအခါ ရိုသေစွာ ခရီးဦးကြိုပြုရခြင်း (၄) ဆရာသမားတို့ထံ အမြဲမပြတ် လုပ်ကျွေး ဆည်းကပ်ရခြင်း (၅) ဆရာ သင်ကြား ပြသသော စာပေပညာရပ်တို့ကို သင်ယူလေ့ကျက် ရွတ်ဖတ်ရခြင်း။ ("ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆည်း၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ")[**အုပ်ချုပ်၊** ပ၊ စာ ၂၂၆]


**တဖျင်သုန်** - မတူမညီ၊ မညီမညွတ်၊ ဝေးသွားလိုက် ကပ်လာလိုက်။ "မင်းကြီးလည်း။ တဖျင်သုန် ခွာတုံ ချဉ်းတုံ ပြုပြီးသော်" [**မှန်နန်း၊** ပ၊ စာ ၈၇]

**တဘောင်** - (၁) ကလေးသူငယ်တို့ ရွတ်ဆိုသော စကား၊ အရူးများပြောသောစကားကို အဓိပ္ပာယ်ကောက်ယူခြင်း [**အုပ်ချုပ်၊** ၈၊ စာ ၁၉၇] (၂) ဖြစ်လတ္တံ့သော အကြောင်း စကား [**ဗိပ္ပလ္လာ၊** စာ ၁၅၀] "အိုအေးတို့ လှေကြီးကို ဝန်တင်၊ အလျင်က နေရာဟောင်းကို ပြောင်းကြစို့ အေးတို့။ အိမ်တန်းရှည် မင်းနေပြည် ရွှေဂမို့ သာလှတယ်လေး။..."ဟု သူငယ်တို့ တဘောင်ဆိုစကြကုန်သတည်း" [**ကုန်းဘောင်၊** ၃၊ စာ ၃၁၄]

**တမာကြစ်ကင်း ဝန်တင်ဦး** - ရှမ်းပြည်သို့ တက်လာသည့် ဝန်တင် ကုန်စည်များကို တမာကြစ်ကင်းမှ ဦးစွာအခွန်ကောက်ခံခြင်း [ROB, X, p. 110]

**တမာရွက်ထောင်** - ဖောင်းနှင့် မောက်ရှူတို့၏ ပတ်လည်တွင် စိုက်ထောင်သည့် တမာရွက် ထောင်နေပုံ အဆင် တန်ဆာ (ရာထူးအမြင့်၊ အလတ် အနိမ့်အလိုက် တမာ

ရွက် ၁၂ခု၊ ၉ခု၊ ၆ခု စိုက်ထောင် ဆင်မြန်းခွင့်ရသည်။) [အုပ်ချုပ်၊ စ၊ စာ ၁၂၈ ယုဒသန်၊ စာ ၄၆၈]




**တမုန့်** *(ကျောက်)* – နောင်ဘဝ၊ တမလွန်ဘဝ။ "ဤလူတွင် သောချဲ့သာ။ တမုန့်သောချဲ့သာကိုဝ် လိုဝ်သော သူကာ။ ဤစေကာကိုဝ်။ ရိုဝ်သိယ်သော ယုံသော မူရယ်" [၁၂၄၉ စုနှစ်ထိုး ကျစွာမင်း ကျောက်စာ]

**တမူးကြောင်း** – ချင်းတွင်းမြစ်အတိုင်း နတ်ကျွန်းအောင် မြေကြင်းတပ်သို့ သွား၍ ထိုမှတမူးနှင့် မိုးလေးဝတို့ကို ဖြတ်ကာ မဏိပူရသို့ ပေါက်သော လမ်းကြောင်း [ကုန်းဘောင်၊ ၃၊ စာ ၂၅၉]

**တမုတ်ကြိုး** – ရောင်စုံချည်မျှင်များကို ရော၍ လုပအောင် ကျစ်ထားသောကြိုး [တရုတ်သံ၊ စာ ၁၈၈၊ ရာဇဝင်သစ်၊ တ၊ စာ ၁၇၃ နှင့် ယုဒသန်၊ စာ ၄၆၈] "အဘိုးတသိန်းတန်သော ရွှေနပေတန်ဆာ လုပ်၍၊ တမုတ်ကြိုးနှင့် သီပြီးလျှင် မင်းသားလည်၌ ဆင်ဝတ်စေ၏။" [ရှိုင်ရာသစ်၊ ပ၊ စာ ၁၁၅]

**တမန်အင်္ဂါရှစ်ပါး** – (၁) သူတစ်ပါးပြောသော စကားကို လွယ်ကူစွာသဘောပေါက်နားလည်ခြင်း (၂)သူတစ်ပါးကို သဘောပေါက်နားလည်အောင် ပြောဆိုတတ်ခြင်း (၃) သူတစ်ပါး ပြောသော စကားကို အားထုတ်၍ မှတ်တတ်ခြင်း (၄) မှတ်ဉာဏ်ကောင်းခြင်း (၅) အရိပ်အခြည်ကိုသိတတ်ခြင်း (၆) သူတစ်ပါးကိုလည်း သိစေတတ်ခြင်း (၇)စီးပွား ရှိသည် မရှိသည်ကို ကျွမ်းကျင်စွာ အကဲခတ်တတ်ခြင်း (၈) ငြင်းခုန်ခိုက်ရန်မပြုတတ်ခြင်း [ရှိုင်ရာသစ်၊ ပ၊ စာ ၈၉]

**တမြို** – ဖောင်းကြွသည့် အစက်အပြောက် အသွယ်အတန်းတစ်ခုဖြင့် ဘောင်ခတ်မျဉ်းသဖွယ် စီခြယ်အပ်သော အဆင်တန်ဆာ [မြန်မာမှု၊ ၅၊ စာ ၈]

**တမြိုလွှတ်** – ဖောင်းလုံးပန်းလှ အရေးအကြောင်း အဆင်တန်ဆာမပါ [ရာဇဝင်သစ်၊ တ၊ စာ ၁၇၃]

**တမွတ်ထီး** – မင်းဧကရာဇ် ထွက်တော်မူ၊ ဝင်တော်မူသော အခါ အမြဲမပြတ်မိုးပေးရသောထီး (တမွတ်ထီးကို ရွှေရိုး ရွှေထွတ်ဖြင့် ပြုလုပ်သည်။) [ရှိုင်ရာသစ်၊ ပ၊ စာ ၉၃]

**တရထည်** – တစ်ထေရာတည်း၊ အလားတူ [ရှုမြန်၊ စာ ၈၉] "ရေကြည်သည်ကား-မြနှင့်တရထည်ပင်" [မှန်နန်း၊ ၃၊ စာ ၁၆၀]

**တရပတ်** *(ပါ-တာလပတ္တ)* – ထန်းရွက်ဖြင့် ပြုလုပ်သော ယပ် [ဦးကုလား၊ ၃၊ စာ ၂၅၀ အောက်နှင့် ယုဒသန်၊ စာ ၄၆၉]

**တရားကွမ်းဖိုး** – တရားစီရင်၍ ပြီးပြေသောအခါ တရားရှုံးသူက ပေးဆောင် ရသော တရားစရိတ် (တရားကွမ်းဖိုးကို စီရင်သူ တစ်ဝက်ယူ၍ ကျန်တစ်ဝက်ကို မင်းဘဏ္ဍာတော် ဆက်သွင်းရသည်။) [ယုဒသန်၊ စာ ၂၄၇၊ ROB, I, p. 420] "အပေါ်ဝန် အကောက်အစား တရားကွမ်းဘိုးမှာ၊ စီရင်သူတဝက် အရာတော်တဝက် ဆက်ပါရသည်" [အုပ်ချုပ်၊ ၃၊ စာ ၁၇၇]

**တရားစည်ကြီး** – မတရား စီရင်ခံရသည်ကို တရားနှင့်အညီ စီရင် ပေးစေကြောင်း – မင်းကြားသိအောင် တီးခပ် တိုင်ကြားနိုင်ရန် အတွက် ချိတ်ဆွဲထားသော စည်ကြီး၊ ပြည်သူတို့ ငါးပါးသီလမြဲအောင် လှည့်လည်နှိုးဆော်ရာတွင် တီးသည့်စည် [ကိုးစရိုင်၊ စာ ၇၀]

**တရားဆု** – ဖြောင့်မတ်မှန်ကန်စွာ စီရင်တတ်သော တရားသူကြီးအား မင်းကပေးသနားသောဆု [ဩဝါဒ၊ စာ ၁၇၅]

**တရားနားခံ** – တရားစီရင်ရေး ကိစ္စများကို တရားသူကြီး ဆင့်ဆိုရာ နာခံဆောင်ရွက်ရသော အမှုထမ်း [ရွှေနန်းသုံး၊ စာ ၇၃]

**တရားရုံးတော်** – အရပ်ရပ် တရားမှုခင်းများကို တရားသူကြီး၊တရားနာခံ၊တရားစာရေး၊ ရှေ့နေအမိန့်တော်ရ၊ ခုံ တို့က ဓမ္မသတ်ရာဇသတ်တို့ဖြင့် စီရင် ဆုံးဖြတ်ရသော ရုံးတော် [မြန်မာမင်း၊ စာ ၉-၁၀]

**တရားသူကြီးဆယ်မျိုး** – (၁) မင်းတို့ကထားသော တရားသူကြီး (၂) မြို့၌နေသောတရားသူကြီး (၃) အမှုသည်နှစ်ဦးခွင့်ပြုသော တရားသူကြီး (၄)မင်းတရားသူကြီး (၅)မြို့ရွာ၌စီရင်သောတရားသူကြီး (၆) သီလ သီတင်းရှိသော တရားသူကြီး (၇) သာယာသော စကားကို ဆိုတတ်သော တရားသူကြီး (၈) အမှုသည် နှစ်ဦး စဉ်းလဲသည်ကို တတ်သိ လိမ်မာသော တရားသူကြီး (၉) အမှု၌ တွင်သော တရားသူကြီး (၁၀) ပုဏ္ဏား တရားသူကြီး [ROB, I, p. 191]

**တရုထာစ်** *(အင်္ဂလိပ်)* – ဒေါက်တာ အင်ဒါဆင် (Dr. William Anderson)

**တရုထီ** *(ပါ)* – တစ်ဆယ့်ရှစ်နှစ်ခန့် အရွယ် ရှိသော မိန်းမပျို [**ကဿပေါဒါ၊** စာ ၇]

**တရော်စုနှစ်မည်** – (၁) တရော်ဖြူ (၂) တရော်ညို (၃) ဘက်သက် (၄) လက်ပန် (၅) ရင်နှောင်း (၆) ပင်ဇာ (၇) အုံတုံ [**ရှိရှိ၊** စာ ၂၇၂]

**တရုက်** *(လူမျိုး)* – အေဒီ ၁၆၄၄ ခုနှစ်မှ စတင်၍ ၁၉၁၁ ခုနှစ် အထိ တရုတ်နိုင်ငံကို စိုးမိုး အုပ်ချုပ်ခဲ့ကြသော မန်ချူးလူမျိုး (မန်ချူးတို့သည် Turk တုရ်က် မျိုးနွယ်များဖြစ်သဖြင့် ၎င်းတို့ကို မြန်မာတို့က တရုက်ဟု ခေါ်ခဲ့ခြင်း ဖြစ်သည်။) [**ရာဇဝင်သစ်၊** တ၊ စာ ၉၂၊ ၁၀၇ နှင့် **မီနီ၊ ရှင်ဒီသာ၊** စာ ၄၈-၉]

**တရင်းတက်** – ထန်းပင် (၃၀)ခန့်ကို တက်၍ ထန်းရည် ခံခြင်း

**တလပတ်** – တရပတ်ကြည့်

**တလား** – (၁) လူသေထည့်သောခေါင်း (၂) အုတ်အင်္ဂတေဖြင့် ပြုလုပ်ထားသော ရေပြွန် ရေသွားမြောင်း [**ကုန်းဘောင်၊** ၃၊ စာ ၅၇၊ ၆၀ နှင့် **ယုဒသန်၊** စာ ၄၇၃]

**တလည်း** *(တလဲ)* – သဇင်ခွေအတွင်း ဖော်ထားသော တလည်းသီးပုံ အပြောက်အမွမ်း [**လွှင်**]

**တလုံလဲလဲ** – အဖန်တလဲလဲ [**ယုဒသန်၊** စာ ၄၇၃] "ရတနာသုံးပါးကို တလုံလဲလဲ ဆင်ခြင်မှု...သည်" [**ကုန်းဘောင်၊** တ၊ စာ ၃၆၈]

**တဝတည်း** – တစ်စု တရုံးတည်း၊ တစ်စု တစည်းတည်း၊ တလုံးတစည်းတည်း။ "တောင်စည်ခုနှစ်ခရိုင်မြို့များက လက်နက်ကိုင်ကို မြို့စားတို့ကမသိမ်းစေနှင့်၊ မင်းတုန်းမင်းက သိမ်း၍ မင်းတုံးမင်းတပ်မှာ တဝတည်း ထမ်းစေ" [ROB, VI, p. 586]

**တသန္တာန်** *(မြန်/ပါ–တစ်+သန္တာန)* – တစ်သက်၊ တစ်ဘဝ [**တသန္တာန် (ယုဒသန်၊** စာ ၉၉၂**)** ] "သား မယားတို့ကို။ တသန္တာန်ပတ်လုံး။ သုံးစွဲ စားသောက်လောက်အောင် ပေးတော်မူပါ" [**မှန်နန်း၊** ပ၊ စာ ၉၄] "မိဘ အစ်ကိုနှမပေါက်ဘော် တစုတို့ကို ရဟန်းတသန္တာန်တိုင် မင်းမှုလွတ်ငြိမ်းစေ" [ROB, IV, p. 451]

**တဠာကန်** *(ပါ–တဠာက)* – တစ်ဖက်ဆည်ကန် [**ရွှေဝတီ၊** စာ ၃၁၈]

**တာ** – ခုနှစ်တောင်ရှည်သည့် အတိုင်းအတာ (ပယ်ပုံတော်ကျောက်စာအရ တစ်တောင်လျှင် ၁၉.၀၅ လက်မရှိ၍ ခုနှစ်တောင်လျှင် တစ်တာ ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် တာသုံးမျိုး ရှိသည်။ လေးတောင်တာ၊ ခုနှစ်တောင်တာနှင့် ဆယ်တောင်တာ ဟူ၍ ဖြစ်သည်။ လေးတောင်တာကို ကုလလေးတာ သို့မဟုတ် ကုပ်လုပ်လေးတာဟုခေါ်သည်။ရွာနှင့်တောရကျောင်းများ၏ အကွာအဝေးကို တိုင်းတာရာတွင် ကုလလေးတာကို အသုံးပြုသည်။ ခုနှစ်တောင်တာကို မြင်းမိုရ်တာ ဟုခေါ်သည်။ မြို့ပြထီးနန်း၊ကျောင်းကန်ဘုရားအဆောက်အအုံများကို တိုင်းတာရာတွင် မြင်းမိုရ်တာကို အသုံးပြုသည်။ ဆယ်တောင်တာကို စက္ကဝါတာဟု ခေါ်သည်။ အင်း အိုင်၊ ချောင်းမြောင်းနှင့် မြစ်များကို တိုင်းတာရာတွင် စက္ကဝါတာကို အသုံးပြုသည်။) [**ရွှေမြန်၊** စာ ၁၅၄ နှင့် **အုပ်ချုပ်၊** တ၊ စာ ၅-၆]

**တာကူငြင်** *(တရုတ် 大姑娘 )* – မင်းသမီး အကြီး [**ကုန်းဘောင်၊** ၃၊ စာ ၆၈]

**တိစီဝရိုက်** –သုံးထည်သောသက်န်း–(၁)နှစ်ထပ်သင်္ကန်းကြီး သို့မဟုတ် ဒုကုဋ်သင်္ကန်း (၂) ကိုယ်ဝတ်ကေစီသင်္ကန်း (၃) ခါးဝတ်သင်းပိုင် (ကေစီနှင့်သင်းပိုင်နှစ်မျိုးပေါင်းကို သင်္ကန်းဒွိစုံဟု ခေါ်သည်။) [**မြင့်**]

**တိထာဝတ္တာရကောက်** *(ပါ)* – ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်းဟူသော အဓိကရဏ်း (၄)ပါးကို ငြိမ်းစေကြောင်း တရား(၇)ပါးတွင် သတ္တမမြောက်ကံ။ ကျင်ကြီး စသည်ကို မြက်ဖြင့်ဖုံးလွှမ်း သကဲ့သို့ အာပတ်ကို ဖုံးဖိထားသောကံ [**မြင့်**]

**တိထာဟတ္ထ** *(ပါ)* – လက်တစ်ဖက်ဖြင့် ဖြစ်စေ၊ လက်နှစ်ဖက်လုံးဖြင့် ဖြစ်စေ မြက်တစ်မျိုးမျိုးကို ဆုပ်ကိုင်ထားဟန် (အကြံအစည်အောင်မြင်လိုသူ၊ သီးနှံ ဖြစ်ထွန်း အောင်မြင်လိုသူတို့ကိုးကွယ်ပူဇော်သောရုပ်တုမျိုး ဖြစ်သည်ဟု ဆို၏။) [**စုဩ၊** စာ ၅၄-၅]



တိထာဟတ္ထ

**တိထိ** – ယနေ့ခြောက်ဆယ် သို့မဟုတ် စက် ၂၄ နာရီ ကာလအတွင်း နေ့နှင့်ညဖြစ်ပေါ်စေရန် ကမ္ဘာတစ်ပတ် လည်မိသည့် ဖြစ်ရပ်တစ်ခု (တိထိ ၁၅ လုံးပြည့်မှ လပြည့်သည်။ တိထိ ၃၀ ပြည့်မှ တစ်လတင်းတင်း ပြည့်သည်။ တိထိတစ်လုံးသောဖြစ်ရပ်အတွင်း လသည် နေမှ ၁၂ ဒီဂရီ ဝေးကွာသွားခြင်း၊ နီးကပ်လာခြင်းတို့ ဖြစ်ပေါ်သည်။ တိထိ ၃၀သော ဖြစ်ရပ် အတွင်း လသည် နေ လ ကမ္ဘာတို့ သုံးပွင့်ဆိုင် ရပ်တည်ရာ မူလနေရာသို့ ပြန်ရောက်သည်။) [**ပက္ခဒီန်၊** စာ၁၅-၁၁]

**တိပဋကမဟတ္ထ** *(ပါ)* – လက်နှစ်ဖက်လုံးကို ကွေး၍ အပေါ်သို့ ထောင်ပြီး လက်သူကြွယ်ကို လက်မဖြင့် ဖိထားကာ လက်သန်း၊ လက်ခလယ်နှင့် လက်ညှိုး သုံးချောင်းကို ထောင်ပြထားဟန် (မိဿနီးနတ်ရုပ်များ နှင့် ကချေသည် အရုပ်များကို ဤလက်ဟန်မျိုးဖြင့် ထုလုပ်လေ့ရှိသည်။ [**မုဒြာ၊** စာ ၅၅-၆]

**တိပိဋကဆေက** *(ပါ)* – ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ်မာ သောပုဂ္ဂိုလ် [**ဦးဟုတ်၊** စာ ၄၀၄၊ ၄၄၃] "တိပိဋကဆေက လင်္ကာပေသလ၊ သိက္ခာကာမဖြစ်သော ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်သူမြတ်" [ROB, IX, p. 916]

**တိပိဋကဓရ** *(ပါ)* – ပိဋကတ် သုံးပုံကို အာဂုံဆောင် သည်။ [**ဦးဟုတ်၊** စာ ၄၄၃]

**တိပိဋကတ္ထယကောသလ္လ** *(ပါ)* – ပိဋကတ်သုံးပုံ အလုံးစုံကို ကျွမ်းကျင်သောပုဂ္ဂိုလ် [**ညွန့်**]

**တိရစ္ဆာနကထာ** *(ပါ)* – မဂ်ဖိုလ်ကို ဖိဆန်ရာ ဖိဆန် ကြောင်းဖြစ်သောစကား [**ဦးဟုတ်၊** စာ ၄၄၄]

**တိလောကဝိဇယမုဒြာ** *(ပါ+သက်)* – လက်ဝါးနှစ်ဖက်ကို ရင်ဘတ် ရှေ့တည့်တည့်တွင် ယှက်ထားပြီး လက်ဝါး များကို အပြင်ဘက်သို့ လှန်ထားသည့်ဟန် (လောက သုံးပါးကို အကြွင်းမဲ့ အောင်မြင်တော်မူဟန် ဖြစ်သည်။ ရန်သူကို အောင်မြင်စွာ နှိမ်နင်းလိုသူတို့သည် ဤ ရုပ်တုတော်မျိုးကို ပူဇော်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၅၆-၇]

**တိဟိတ်ဥက္ကဋ္ဌ** *(ပါ)* – အလောဘ၊ အဒေါသ၊ အမောဟ ဟူသောဟိတ်သုံးပါးနှင့် ပြည့်စုံသော မြင့်မြတ်သည့် စိတ် [**မြင့်**]

**တီးတောင်း** – မော်ယွန်းထောင့်ကွေး [**ရွှေမြန်၊** စာ ၉၆]

**တုဏှိဘာဝဝေနသမစိတ္တံ** – ဆိတ်ဆိတ်နေ၍ မျှတကောင်းမွန် သော စိတ်ဓာတ် [**မြင့်**]

**တုရင်** – (၁) ဥကင်အလယ်ထိပ်ဖျားနှင့် ပြာသာဒ်အထောင့် အချိုးတို့တွင် ထောင်လျက် တပ်ဆင်ထားသော အဆင်တန်ဆာ (ခေါင်းရင်ဘက်ကဲ့သို့ မို့မောက်လျက် ရှိသောကြောင့် ခေါင်းရင်ဟုလည်း ခေါ်ကြသည်။) (၂) အကော့အညွှတ်၊ အကွေး အကောက် ပါသော အင်္ကျီ (၃) [**ပါ-တုရင်**] (မြင်းအုပ်၊ မြင်းကြီး၊ မြင်းခေါင်း၊ မြင်းစီးတို့အား တုရင်တပ်သော ဘွဲ့ပေးလေ့ ရှိသည်။ ထူးချွန်သော မြင်းမှူးထမ်းကို အင်းယာဉ်တုရင် ဟူသော ဘွဲ့ကို ပေးသည်။) [**မြန်မှုင်၊** ပ၊ ၂၉၇၊ **လိနဗ္ဗာ၊** စာ ၃၁၇ နှင့် **အုပ်ချုပ်၊** စ၊ စာ ၁၁၆]

**တုရင်ဖွန်းရိုး** – တုရင်(ဒုရင်)တိုင်၏ထိပ်ဖျားပိုင်းရှိ အကော့ အဘက် အဆင်တန်ဆာ [**အုပ်ချုပ်၊** ပဥ၊ စာ ၆၇ နှင့် **အေး**] "ထမ်းစင်...ထောင့်အုပ် ဒုယင်ဖွန်းရိုး၊ အုံးတား ဘီလူးခေါင်း" [**ကုန်းဘောင်၊** တ၊ စာ ၅၄၀]

**တုရိုင်တိုင်** *(ပါ-တောရဏ)* – မြို့ရိုးတံခါး နှင့် စေတီ အဝင်ပေါက်တို့၏ တစ်ဖက်တစ်ချက်၌ မယိမ်းမယိုင် မလှုပ် မရှားနိုင်အောင် မြေတွင် တိုင်အရှည်၏တစ်ဝက် မြှုပ်၍တင့်တယ်စွာစီရင်ကာအခိုင်အခံ့စိုက်ထူထားသော တိုင် [**မြန်မှုင်၊** ပ၊ စာ ၂၉၆-၇ နှင့် **မေးတော်ဖြေ၊** စာ ၃၉-၄၀]

**တုလောင်** – အသံစူးရှစွာ ထွက်သောလေမှုတ်တူရိယာ [**မြန်မှုင်၊ ပြည်၊** စာ ၁၃၀-၂]

**တုမီး** – ယမ်းနှင့် ကျည်စေ့တို့ကို ပြောင်းဝမှ ထိုးထည့်ကာ တူပုံသဏ္ဌာန်မောင်း၏ရိုက်ချက်ဖြင့်မီးပွင့်စေပြီး ပစ်ခတ် ရသော ရှေးခေတ်သုံးသေနတ် [**မြန်မာတပ်၊** စာ ၉၀]

**တူရာသီ** – ချိန်ခွင်ကို ကိုင်စွဲသော ဈေးသည် ကုန်သည် သဏ္ဌာန် တာရာ ရှိသည့် ရာသီ၊ သီတင်းကျွတ်လ၊ အသာဝဏီနက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် စက်တင် ဘာလ (၂၃) ရက်နေ့ခန့်မှ အောက်တိုဘာလ (၂၂) ရက်နေ့ခန့်အထိ ဖြစ်သောကာလ [**မဟာမုနိ၊** စာ ၄၁၄]

**တူရိယာငါးပါး** *(ပဉ္စင်တူရိယာ)* – (၁) တစ်ဖက်ပိတ်သော စည် (၂) နှစ်ဖက်ပိတ်သောစည် (၃) အလုံးစုံပိတ်သော စည် (၄) အခေါင်းရှိသောစည်– ခရသင်း၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ ခရာ၊ တံပိုး (၅) လင်းကွင်း၊ မောင်း စသော တစ်ခဲနက်သောအသံ ရှိသောစည် [**ရှိန်ိုင်ရာသစ်၊** ပ၊ စာ ၈၃]

**တူရိယာ၃၇ပါး** – (၁) စည် ၁၃မျိုး (၂) ကြေးတူရိယာ ၁၀ မျိုး (၃) တံပိုး ခေါ် လေမှုတ် တူရိယာ ၈ မျိုး

(၄) အငြိမ့်တူရိယာ ၆မျိုး စုစုပေါင်း ၃၇ မျိုး [**သုစောသန၊** စာ ၂၅၀]

**တောကဍုလ** *(ပါ)* – အစပ်သုံးပါးရှိသော၊ အရသာသုံးပါးရှိသော [**ဦးဟုတ်၊** စာ ၄၄၉]

**တောစ** *(ပါ)* – ထွန်းပခြင်း၊ ခွန်အားဗလတန်ခိုးရှိခြင်း၊ ရဲရင့်ထက်မြက်ခြင်း (ထက်မြက်ရဲရင့်သော သူရဲအား **တောစနေရာဘွဲ့၊** ထက်မြက်ကျော်စောသော အမှုထမ်းအား **တောစကျော်ထင်ဘွဲ့** ပေးလေ့ရှိသည်။) [**လီနတ္ထ၊** စာ ၃၄၈]

**တောပသင်နတ်** – ကေပသင်အရပ်ကို စောင့်ကြပ်သောနတ်

**တောဘုမ္မကဝဋ္ဋက** *(ပါ)* – ဘုံသုံးပါး၌ ဖြစ်သော ဝဋ္ဋရား [**ဦးဟုတ်၊** စာ ၄၅၀]

**တောရသမိမ္မာသ်** *(ပြက္ခဒိန်)* – သက္ကရာဇ်ကို တည်၍ ၁၉ဖြင့် စားသောအခါ ၁၃ကြွင်းသောနှစ်တွင် လထပ်ရက်ငင်ခြင်း(အဓိမာသ်ခုနစ်ပါးလည်းကြည့်) [**ပက္ခဒိန်၊** စာ ၆၉]

**တောလကွန်းတာကြည်** *(ဗီယက်နမ်)* – တာကွင်းတုံးကြည်–တုံကင်နယ်ကို အစိုးရသော တာကွင်းမင်း [**ROB,** VIII, p. 387]

**တောလင်းစာ** – အိန္ဒိယတောင်ပိုင်း၊ ဒက္ခိဏ ကုန်းပြင်၏ အရှေ့ဘက်ရှိ တေလိဂ်ုန အရပ်သားတို့ ရေးသားသောစာ

**တေးထပ်** – ရှေးတေးရိုးများပေါ်တွင် အကွန့် အဆန်းတက်ကာ ဆင့်၍ ထပ်၍ စပ်ဆိုသော တေးကဗျာ [**စောင်း၊** ၃၊ စာ ၁၉၈]

**တောကဲ** – သစ်တောဒေသကို အုပ်ထိန်းစီရင်ရသော အကြီးအကဲ [**စမူ၊** စာခေါ်]

**တောစာ** – (၁) သစ်လုံးများတွင် အသုံးမဝင်သော အစိတ်အပိုင်း (၂) ကျောက်မျက်များတွင် ပါသော အပြစ်အနာ [**ယုဒသန်၊** စာ ၄၉၁] "ရွှေနန်းတော်ကြီးတည်လုပ်ရန်သစ်များကို တောစာ ပယ်ရ၏" [**ကုန်းဘောင်၊** ၃၊ စာ ၅၈၄–၅]

**တောပန်းလှိုင်ခါ** – တောတွင် ပန်းမျိုးစုံ ပွင့်၍ သင်းပျံ့ကြိုင်လှိုင်သောအခါ။ "တောပန်းလှိုင်ခါသော် အနောက်တောအရပ်သို့တောကစားသည်" [**မှန်နန်း၊** ၃၊ စာ ၁၆၆]

**တောလား** – တော တောင်တို့၏ အခြေအနေ အလားအလာကို ဖော်ကျူးသော ကဗျာအဖွဲ့ [**စာပေသမိုင်း၊** စာ ၃၃]

**တောသုံးထောင်** – ယူဇနာ သုံးထောင် ကျယ်ဝန်းသော ဟိမဝန္တာတော [**လောက၊** စာ ၁၄၂]

**တောအခမ်းအနား** – အသုဘအခမ်းအနား။ "အလောင်းတော်ကို...ဖြည်းညင်းစွာ ဆောင်ယူ ရွှေပြည်တံခါးသို့ရောက်လျှင် တောအခမ်းအနားပါများမှာ တံခါးနီသို့ထုတ်၍ ရွှေးတော်ယူအတွင်း ခင်းကျင်း ထားသည့် လောင်တိုက်ရောက် ဆောင်ယူပြီးလျှင် သိမ်းမြဲသိမ်းရသည်" [**ကုန်းဘောင်၊** ၁၊ စာ ၄၂၉]

**တော်ချွန်နေရာ** *(နေရာချွန်)* – တော်နေရာ၌ [ထက်] ထူးကဲသော နေရာ [**ယုဒသန်၊** စာ ၅၈၀] "လက်ဝဲတော် တော်ချွန်နေရာနေ အတွင်းဝန်နေမျိုးမင်းလှနော်ရထာကို မင်းကြီးမင်းလှမဟာနော်ရထာ ဘွဲ့အမည်ကို ပေးတော်မူသည်" [**ကုန်းဘောင်၊** ၃၊ စာ ၂၃၈]

**တော်တုလဲမာတုလဲ** – တစ်နှစ်တွင် ရက်ထပ်နှစ်၌ ၃၆၆ ရက် (တော်တုလဲ)ရှိ၍ ရိုးရိုးနှစ်၌ ၃၆၅ရက် (မာတုလဲ) ရှိသည် [**ရေစကြိုဖြတ်၊** စာ ၇၃]

**တော်နေရာဦး** *(တော်ဦးနေရာ)* – တော်နေရာ၏ ထိပ်ဦးနေရာ။ "လက်ဝဲတော် တော်ဦးနေရာနေ ဝန်ကြီးနေမျိုးရာဇသူကို မင်းကြီးမင်းမဟာဘွဲ့အမည် ကိုပေးတော်မူသည်" [**ကုန်းဘောင်၊** ၃၊ စာ ၂၃၈]

**တော်ရနောင်** *(ပါ–တောရဏ)* – တုရင်၏ ဘေးတစ်ဖက်တစ်ချက်တွင် စိုက်ထူအပ်သော အထောင် [**အုပ်ချုပ်ပဥ္စ၊** စာ ၆၆] "ခြူးကြာကြေးကွေး၊ ရွှဲသေးမှော်တန်း၊ ကျိုးရန်းစိုင်ပေါင်၊ တော်ရဏောင်နှင့်" [**နာရဒ၊** စာ ၂၄] (**ကျေးကွေး** တွင် ပြသော ဥကင်ပုံကိုကြည့်)

**တော်လည်း** – မြေကြီး မြည်ဟည်းသည်။ [**မြန်မာစာန်၊** စာ ၁၄၇]

**တော်ဝင်ဓနီးမယားလေးပါး** – ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်လာ မွန်မြတ်စံထားအပ်သောဓနီးမယားလေးပါး (၁)အမရာဒေဝီ (၂) စန္ဒကိန္နရီ (၃) မဒ္ဒီဒေဝီ (၄)သမ္ဗုလဒေဝီ [**သုစောသန၊** စာ ၂၅၃]

**တော်သလင်းတိုင်** – တော်သလင်းလတွင် ကျင်းပသော သစ်ဆင်းသဘင်ခေါ် ရေပွဲသဘင်၌ သစ်တိုင်ထိပ်ဖျားမှ ရေထဲသို့ ခုန်ဆင်းရန် စိုက်ထူထားသောတိုင် [**အုန်းအဘိဓာန်၊** တ အက္ခရာ]

**တံ** *(ဆင်)* – အစွယ်တစ်ချောင်းသာပြူ၍ ထွက်နေသော ဆင် [**ရွှေနန်းသုံး၊** စာ ၁၉၈]

**တံကျင်** – သံစူး၊ တံစို့ [**ရွှေမြန်၊** စာ ၉၈]

**တံခါးနိ** – အရှေ့ဘက်သစ်တပ်ဝင်းတံခါးမှ အနောက်ဘက်သို့ပေ ၅၀၀ခန့်အကွာရှိ တောင်မြောက်တန်းနေသော အုတ်မြို့ရိုးတွင် ဖောက်လုပ်ထားသော တံခါး [**မန္တလေး၊** စာ ၁၃၁] (ညောင်ရမ်းခေတ်တွင်ရှေ့တံခါးနီ၊ နောက်တံခါးနီ ဟူ၍ တံခါးနီ နှစ်ခု ရှိသည်။) [**ROB, I,** p. 383]

**တံခွန်** – ဘုရားစေတီများ အနီးရှိ ကိုင်ထိပ်တွင် လည်းကောင်း၊ မင်းဧကရာဇ် ထွက်တော်မူရာ လမ်းတစ်လျှောက်တွင် လည်းကောင်း ကျက်သရေမင်္ဂလာရှိရန် ချိတ်ဆွဲလွှင့်ထူရသော လွှင့်ပျံလှုပ်ရှားနေသည့် အဆင်တန်ဆာ [**မြန်မာတပ်၊** စာ ၄၂–၃]

**တံစီး** – ရွံ့ညွန် [**တွင်းသင်းပေါ၊** စာ ၂၇]

**တံစိုး** – မိမိအလိုသို့ ပါစေလို၍ ပေးသော လက်ဆောင် [**ယုဒသန်၊** စာ ၄၇၆]

**တံစိုးသုံးပါး** – အစိုးရသူနှင့် တရားသူကြီးတို့ ရှောင်ကြဉ်အပ်သော လာဘ်သုံးပါး (၁)ဉာတိသလောဟိတ – သားချင်း ဆွေမျိုး တော်စပ်၍ အခွင့်အရေးပေးခြင်း၊ တရားအနိုင်ပေးခြင်း (၂) ပိယမိတ္တ – ချစ်ကျွမ်းဝင်သူဖြစ်၍ အရေးပေးခြင်း၊ တရားအနိုင်ပေးခြင်း (၃) ဓနဂ္ဂါဟ – ဥစ္စာကြေးငွေ ယူ၍ အခွင့်အရေးပေးခြင်း၊ တရား အနိုင်ပေးခြင်း [**သုတေသန၊** စာ ၂၃၁]

**တံစုန်း** – ရေတွင် မြုပ်နေသော သစ်ငုတ်၊ ရေအောက်တွင် စိုက်ထားသော သစ်ငုတ် [**ဗိုလ္လာ၊** စာ ၂၁၀]။ "ရေကလည်းတံစုန်း သစ်ငုတ်ခလုတ် အပြည့်စိုက်ထားပြီးလျှင် ထွက်၍မတိုက်ဘဲ...ကြုံကြုံခံနေလေ၏" [**ကုန်းဆောင်၊** ပ၊ စာ ၃၈၈]

**တံစွက်လှေ** – ဝန်တင်လှေငယ် [**ပေါ်စာန်၊** စာ ၃၇ နှင့် **မြန်စာညွှန့်၊** ပ၊ စာ ၁၂၆ အောက်] "တံစွက်လှေငယ်နှင့် အောင်သာဘက်သို့ ပို့လေ၏" [**သုသော၊** စာ ၂၇၁]

**တံဆိပ်ဝန်** – တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ဘွဲ့တံဆိပ်တုံးများ၊ မင်းဧကရာဇ်နှင့် မိဖုရားကြီးများ၏ အမိန့်တော်တစ်ကြောင်းစာ၊ လွှတ်တော် ဝန်ကြီးများ၏ နှစ်ကြောင်းစာဖြစ်သော ထန်းဖူးရွက်ရှည်တို့ပေါ်တွင် ရိုက်နှိပ်သည့် သက်ဆိုင်ရာ ဥဒေါင်းတံဆိပ်၊ ခြင်္သေ့တံဆိပ်များကို စီရင် ပြုလုပ် ရိုက်နှိပ်သည့် ဝန်ထမ်းများအား ကြီးကြပ်ရသောဝန် [**ရွှေနန်းသုံး၊** စာ ၁၁၇၊ ၁၈၄]

**တံတင်း** – သေတ္တာ၊ ထည့်သိုစရာ အဖုံးပါသည့်အိမ် [**မြန်မှင်၊** ဒု၊ စာ ၇၁ နှင့် **ဦးကုလား၊** ပ၊ စာ ၁၂၇ အောက်] "နိဂြောဓ မထေရ်အား ... နံ့သာ တံတင်းငါးရာ။ ပန်းတံတင်း ငါးရာတို့နှင့် ... ကပ်လာကုန်၏" [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၁၅၂]

**တံတိုင်းမီးတား ၄ မျက်နှာ** – မီးကာကွယ်တားဆီးရန် တည်ဆောက်ထားသော လေးမျက်နှာရှိသည့် တံတိုင်း [**ခေတ်ဆောင်း၊** စာ ၂၄၀]

**တံတစ်** – မဖောက်မသွေ ခိုင်မြဲသည်။ မှန်ကန်သည်။ [**ပေါ်စာန်၊** စာ ၃၇ နှင့် **ဦးကုလား၊** ဒု စာ ၃၀၄ အောက်] "ရွှေတံတစ်၊ ငွေတံတစ်၊ သံတံတစ်ထား၍ မြဲမြံစွာ သစ္စာထားတော်မူကြသည်" [**ဦးကုလား၊** ဒု၊ စာ ၃၀၄]

**တံပိုး** – ဦးချိုဖြင့် ပြုလုပ်ထားသော လေမှုတ်တူရိယာ [**မြန်ပြည်၊** စာ ၇၃–၄]

**တံပိုးတံစယ်** – ကြီးသောလှိုင်းတံပိုး။ "မော်ဒင်ရစ်ကြောင်းလည်းတံပိုးတံစယ် ကြီးလှသည် ဖြစ်သည်" [**မှန်နန်း၊** ဒု၊ စာ ၂၃၃]

**တံပိုးရှစ်ပါး** – လေမှုတ်တူရိယာရှစ်မျိုး – (၁) တုလောင် (၂) ခရာကောက် (၃) ခရာမြွာ (၄) တံမြွာ (၅)တံရှည် (၆) နဲ (၇) ပလွေ (၈) ဖက်လိပ် [**မဃဒေဝ၊** စာ ၉၂]

**တံပျာ** *(တံပြာ)* – ရိုက်နှက်ရန် သုံးသည့် ကြိမ်လုံး၊ တုတ် [**ဥမ္မာ၊** စာ ၈၅၊ **ယုဒသန်၊** စာ ၄၇၇]

**တံပြတိုက်** *(ကျောက်)* – တမွဒီပ၊ ပုဂံ

**တံမျဉ်း** – (၁) အတိတ်နိမိတ် ကောက်ယူရန် အတွက် စီစဉ်ထားသော တုတ်ချောင်းငယ် (၂) မျဉ်းတံ [**ယုဒသန်၊** စာ ၄၇၈] (၃) ရေဆွတ်ထားသော ကြိုးဖြင့် ဖြောင့်တန်းစွာချသောမျဉ်း [**လောက၊** စာ ၇၃]

**တံမျဉ်းခင်း** – ရေဆွတ်ထားသောကြိုးဖြင့် ဖြောင့်တန်းအောင် မျဉ်းချသည်။ မျဉ်းချသည်။ မှန်းဆရန်မျဉ်းကြိုးဆွဲသည်။ [**ဗိုလ္လာ၊** စာ ၁၈၃] "နှုန်းနှိုင်းမယွင်း၊ တံမျဉ်းခင်းသို့၊ ကျင့်ခြင်းမချွတ်" [**လောက၊** စာ ၇၂]

**တံမြွာ** – ပြောင်းတံတို နှစ်ခုပူးလျက် ရှိသော လေမှုတ်တူရိယာတစ်မျိုး [**ယုဒသန်၊** စာ ၄၇၈]

**တံရှည်** – လေမှုတ်ပြောင်းရှည် တူရိယာ [**ယုဒသန်၊** စာ ၄၇၈]

**တံသင်း** – စို့၊ ငြောင့်၊ အချွန်အတက်၊ အငုတ် [**ယုဒသန်၊** စာ ၄၇၈] "သံစူး ရဲတံသင်း ငြောင့် စိုက်ဆီးလျက် မိုမော်စေ၍ မြေဖြင့်ပြုအပ်၏။" [**ကဝိ၊** စာ ၂၃၃]

**တို့** *(အခြင်အတွယ်)* – လေးတင်းနှင့် ညီမျှသောအခြင်အတွယ်(ကွမ်းစားလည်းကြည့်) [**သမ္ဘန္ဓကျေး**၊ ၃၊ စာ ၉၆]

**တက်** – အတိုးအဆ "မိမ္မကိုသတ်အံ့၊ နှစ်ဆ တက်။ မိမ္မကိုယ်ဘိုးနှစ်ဆယ်ငါးကျပ်၊ မေ့သတ်ကို အရင်းပြု၍။ ငွေငါးဆယ်လျော်စေ" [**မနုကျယ်**၊ စာ ၁၁၉]၊ "စပါးလှိုင်းကိုခိုးမှုကား။ ငါးတက်လျော်စေ" [**မနုကျယ်**၊ စာ ၁၁၁] "မင်းဘဏ္ဍာကိုခိုးလျှင် ဆယ်တက်ဆက်သွင်းထိုက်သည်။ ရာဇဝတ်တော်လည်းခံစေထိုက်သည်တွင် သည်းခံခြင်းတရားကို ထောက်တော်မူ၍ ဆယ်တက်လျော်ဒဏ်ရာဇဝတ်ဒဏ်များကို ချမ်းသာပေးတော်မူသည်။" [ROB, VI, p. 780]

**တက္ကကြီး** – ချက်ချင်း လိုက်ပါရသောသူ။ "သူကြွယ်သို့ တက္ကကြီး ၄ ယောက်" [**မှန်နန်း**၊ ပ၊ စာ ၈၁]

**တက်ခြင်း** – တက်ကိုင် လှေလှော်သူတို့ သီဆိုသော သီချင်း

**တက်တစင်းစား** – လှေဖောင်တစ်ခု၏ အမှုထမ်းတို့ လုပ်ကိုင် စားသောက်ရသောမြေ

**တက်ရေး၃၇ပါး** – လှေလှော်ပုံ ၃၇ မျိုး (၁) ဘုရားရှိခိုး (၂) ရွှေလောင်းချီ (၃) ရွှေလောင်းထွက် (၄) ရွှေဖောင်ယှဉ် (၅) တက်ကောက် (၆) တက်မြှောက် (၇)တက်တန်း (၈) တက်စောင့် (၉) တက်ထောင် (၁၀)တက်ယှက် (၁၁) တက်ဝှက် (၁၂) တက်ခပ် (၁၃) တက်လှ (၁၄) အိမ်မိုးခြင်တင် (၁၅) ဇင်ယော်သုတ် (၁၆) ဇင်ယော်ဝဲ (၁၇) ဝမ်းဘဲ တောင်ဖြန့် (၁၈) ဝမ်းဘဲကန့် (၁၉) လက်မြန် (၂၀) ခေါ်တော်မူ (၂၁) နတ်သမီးပန်းဆွတ် (၂၂) နတ်သမီးပန်းလှမ်း (၂၃) နတ်သမီးပန်းတောင်း (၂၄) စမွာယ်ငုံ (၂၅) သန်လျက်ထမ်း (၂၆)ဆေးတံတော်ထိုး(၂၇)ရာဇမတ်ကြီး (၂၈)ရာဇမတ်ငယ် (၂၉) နေရောင်ကာ (၃၀) နေရောင်ပြေး (၃၁) တင်းတိမ်ရံ (၃၂) တင်းတိမ်လှစ် (၃၃) သုံးချက်ပေါက် (၃၄) သုံးဖန်ချီသုံးဖန်ချ (နတ်သမီးပန်းခိုး) (၃၅) ဆင်စွယ်ဝန်းယှက် (၃၆) ကိန္နရာတောင်ယှက် (၃၇) ရွှေငှက်တောင်ခတ် [**ကဗိ**၊ စာ၊ ၂၇၈ နှင့် **ရွှေဘုံ**၊ စာ ၇၄-၅]

**တောက်ကွ့ာ့ဥဒည်** *(ပာရှတ်)* – မန်ချူးဧကရာဇ်တောက်ကွမ်း 道光皇帝 (၁၈၂၁-၅၀)

**တောက်တာအုပ်** *(တရုတ်)* – တရုတ်နိုင်ငံတွင် ရက်လုပ်သော ပိတ်အုပ်တစ်မျိုး [**ကုန်းဘောင်**၊ ၃၊ စာ ၆၅]

**တိုက်** – နယ်ပယ်ဒေသအများ စုပေါင်းထားသော နေရာ (ပုဂံခေတ်ကမူ ရှေးဦးမူလ အခြေစိုက်ရာအရပ်ကို ခရိုန်ဟုခေါ်၍ ထိုမှတစ်ဖန် တိုးပွားလာရာ အရပ်များကို တိုက်ဟု ခေါ်သည်။) [**မြန်မာ့ပွင့်**၊ ပ၊ စာ ၁၃၆ နှင့် **ဓာတ်ယောင်း**၊ စာ ၁၃၉]

**တိုက်တောင်ကံဝဒမေင်း** *(ဗီယက်နမ်)* – ဂီယာလောင်မင်း (၁၈၀၂-၂၀) [Gialong] [ROB, X, p. 112]

**တိုက်၍ချိရသည်** – ဖြတ်ကျော်၍ချိတက်ရသည်၊ အနီးအနားကိုသိ၍ ချိတက်ရသည်။ [**ဦးကုလား**၊ ၃၊ စာ ၂၉၁] "မိုးနဲကြောင်း ဇင်းမယ်ကို တိုက်၍ ချိရသည်" [**မှန်နန်း**၊ ၃၊ စာ ၃၀၇]

**တိုက်လီ** – ချိန်တွယ်နှိုင်းယှဉ်စစ်ဆေးသည်။ "အလေးချိန်ခွင်များကို တိုက်လီစေပြီးလျှင် တံဆိပ်ခတ်၍ ပေးအပ်သည်" [**အင်ရုံ**၊ စာ ၂၀၀]

**တိုက်ဝန်** – တိုက်နယ်ဒေသများကို ကြီးကြပ်စီရင်ရသော ဝန် [ROB, VII, p. 278]

**တင်ကျည်းစွဲအစု** – ဝါးရင်တုတ်ကိုင် အမှုထမ်းအစု၊ [**မြန်မာ့ပွင့်**၊ ပ၊ စာ ၂၂၉ နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၇၅]

**တင်ကျွတ်သည်** *(ကျောက်)* – မျက်နှာကြက်ကို အလှအပ မွမ်းမံသူ။ "ဝယ်ကျွန်သိယ်မသောက် ၁၀။ တင်ကျွတ်သည် ၄။" [**၁၂၆၀ ပြည့်နှစ်ထိုး နရသီဟပတေ့မင်းနှင့် အရီးစောကျောက်စာ** / မျက် ၂၇]

**တင်ရမ်း** – မြင်းစီးသူ၏တင်ပါးအောက်ခံအဖြစ်မြင်းက၏ တစ်ဖက်တစ်ချက်တွင် တွဲလျားကျနေသော ပန်းပွားအဆင်တန်ဆာ [**ဦးကုလား**၊ ပ၊ စာ ၂၇၃]

**တင်းတိမ်** – အကာအရံ၊ အကာအဆီး [**သီချင်း**၊ ပ၊ စာ ၁၃၄] "မင်းခေါင်နော်ရထာကိုဖမ်းမည်ဟု မဆွကပင် တိုင်ပင်၍ တင်းတိမ်တွင်းက ပုန်းကွယ်ရှိနှင့်နေသည်" [**ကုန်းဘောင်**၊ ပ၊ စာ ၃၀၇]

**တင်းတိမ်ရုံမှူး** – အကာအရံတင်းတိမ်များကို လုပအောင်စီရင်၍ အခမ်းအနားများနှင့် လိုအပ်သောနေရာများတွင် ကာရံပေးကြရသော အမှုထမ်းစု၏ အကြီးအမှူး (ယာလှည့်နန်းတော်သားတို့၏ အိပ်ဖန်တော်စောင့်စာရင်းကိုလည်း မှတ်သား၍ ပျက်ကွက်သူနှင့်ပေါ့လျော့သူများကို အရေးယူရသည်။) [**အုပ်ချုပ်**၊ ၈၊ စာ၂၄-၅၊ ၇၉-၈၀]

**တောင်ကြီးငါးလုံး** – ရှေးစာပေကျမ်းဂန်လာ အနောတတ္တ အိုင်ကို ရံနေသော တောင်ကြီးငါးလုံး (၁) သုဒဿန တောင် (၂) စတ္တကူဋတောင် (၃) ကာလကူဋတောင် (၄) ဂန္ဓမာဒနတောင် (၅) ကေလာသကူဋတောင် [**ရခိုင်ရာသစ်၊** ပ၊ စာ ၇၁]

**တောင်ငူလက်မှတ်သိမ်းခွန်** – ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲ ပြီးသည့်နောက် တောင်ငူနယ်ခြား မှတ်တိုင်ကို ကျော်၍ ကုန်စည်တင်သွင်းထုတ်ယူသော ကုန်သည်တို့ထံမှ ကုန်စည်သယ်ယူခွင့် လက်မှတ်သိမ်းယူကောက်ခံသော အခွန်တော် [**လွှတ်တော်မှတ်၊** စာ ၂၄၈]

**တောင်စမုတ်** – မိဂါသနပလ္လင် တည်ရှိရာ တောင်စမုတ်ဆောင် [**ရွှေနန်းသုံး၊** စာ ၃၆]

**တောင်တွင်းမှန်ကတူး** – တောင်တွင်းဇာတိမှန်လျှင် ကတူးဖြစ်သည်။ [ROB, X, p. 111]

**တောင် ၁၅ဝ** – ပရစ်ကုန်းမြောက်ရွာ၊ ပရစ်ကုန်းတောင်ရွာ၊ လေ့ကူးရွာ၊ သက်ကယ်ကျင်းရွာ၊ အောင်သာရွာ၊ မုံရွာ၊ ရှားပြေးရွာ၊ အောင်ချမ်းသာရွာ၊ သက်ရှည်ကန်ရွာ၊ ညောင်ပင်စောက်ရွာ စသောရွာများမှ သန်မာသော လူငယ်တို့ကို ရွေးချယ်၍ ဖွဲ့စည်းထားသော အစုအမှုထမ်း (ထိုအစုအမှုထမ်းတို့၏ လက်ယာလက်ဖမိုးတွင် ခြင်္သေ့ရုပ်ထိုးထားသည်။) [**ရွှေနန်းသုံး၊** စာ ၂၁၆]

**တောင်နန်းမတော်** – နန်းမတော်မိဖုရားခေါင်ကြီး [**အုပ်ချုပ်၊** စ၊ စာ ၁၅၃]

**တောင်ပံနီဒင်္ဂါး** – (၁) ကြေးနီအစပ်များသဖြင့် ရှည်ကြာလာသောအခါ ဒင်္ဂါးပေါ်ရှိ ဒေါင်းရုပ်၏ ဖောင်းကြွသောတောင်ပံမှာ အနီရောင်သမ်းလာသည့် မူမမှန်သော ဒင်္ဂါး (၂) မူမမှန်ခြင်း [**ရွှေမြန်၊** စာ ၇၉]

**တောင်ပြင်သည်** – တောင်ဘက်မိဖုရား၊ တောင်နန်းမိဖုရား (ပုဂံခေတ်တွင် တောင်ပြင်သည်၊ အလယ်ပြင်သည်၊ မြောက်ပြင်သည်ဟူ၍ ခေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် တောင်နန်းမိဖုရား၊ မြောက်နန်းမိဖုရား ဟူ၍ ခေါ်ဝေါ် လာခဲ့သည်။ [**မှန်နန်း၊** ပ၊ စာ ၁၀၇၊ ၁၄၁ **အုပ်ချုပ်၊** စ၊ စာ ၁၅၃]

**တောင်ဘက်တိုက်** – ဆင်ရင်ရွာ၊ မြောင်ငယ်၊ ကျောက်မဆင်၊ နွယ်ရောက်၊ လင်ကတော၊ ချောင်းဆုံကြီး၊ ညောင်မရွာ၊ တရား၊ ကြက်မောက်၊ သပြေ၊ ချောင်းဆုံငယ်၊ မြောက်များ၊ ပျည်းမ၊ ဗြဟ္မဒတ်၊ ဖြစ်သီ၊ လယ်အိုး၊ ထီးကျိုင့်၊ ဗန်ရွာ၊ မန်ကျည်းခွ၊ ပုပ္ပားရွာ၊ မတောင့်တ၊ ဦးနောက်၊ စကား၊ မြို့ကြီး၊ ဖြစ်သီ၊ ဆုံတား၊ ဝကျ၊ မင်းရွာ၊ လုံပေါင်၊ ဘူးတောင်း၊ ဇေဝင်၊ လက်ပံ၊ ဆင်စွယ်၊ သလင်း၊ စင်ဆယ်၊ ငမိုင်း၊ တကော၊ ညည့်ရော၊ ဆသိမ်၊ ကျော်ရာ၊ မြတ်ဝန်၊ ငနံသင်၊ လယ်ကန်၊ ကက်ရင်၊ ပလဲရွာ၊ ကြောင်ရွာ၊ ကျွတ်ရွာ၊ တည်ကြည်ရွာ၊ ဝယ်ပေါင်ရွာ၊ ကျောက်မြစုံချက်၊ မိဖုရား၊ မင်းကန်၊ ခေါသန္တီ၊ ပန်းတိမ်တော်၊ မြနဲ၊ ကျိုင်ခမောက်၊ ရွာသမင်၊ မှုံဖြစ်၊ တောကသောင်၊ သိတုန် စသောရွာများ ပါဝင်သောဒေသ [ROB, II, pp. 184-5]

**တောင်မြစ်** – တောင်မြောက် [**ရွှေမြန်၊** စာ ၉၆]

**တောင်လမ်းရှမ်းပွဲအကောက်** – ရာဇဌာနီ၏ တောင်ဘက်ဒေသများသို့ ရှမ်းပြည်နယ်မှရောက်ရှိလာသောကုန်စည်များ ရောင်းဝယ်ရာတွင် ကောက်ခံသော အခွန်အကောက် [**အုပ်ချုပ်၊** ပဋ၊ စာ ၅]

**တောင့်** – မြားထည့်သော ကျည်တောက် [**တွင်းသင်းဃေါ၊** စာ ၉၉]၊ မြားချောင်း၊ မြားတံ [**မြန်မှုန်၊ ဖြည်၊** စာ ၁၃၆–၇]

**တိုင်** – (၁) အခွန်ထမ်း အသည်တို့ နေထိုင်ရာ နယ်မြေ (၂) အခွန်ကောက်ခံသော မြေတိုင်းအရာရှိ (၃) နှစ်မိုင် [ ၃.၂ ကီလိုမီတာ]ခန့် အကွာအဝေး [**စမ္မူ၊** စာ ခံ နှင့် **ယုဒသန်၊** စာ ၅၀၂]

**တိုင်ခေါင်း** – အခွန်တော် ကောက်ခံ၍ ကျေးရွာကို စီရင်အုပ်ချုပ်ရသော အကြီးအကဲ (သူကြီးနှင့် အဆင့်တူသည်)။ "သူကြီးတိုင်ခေါင်းဝတ်မိုး ဝတ်မြေမှ စ၍ အထက်စော်ဘွား အမတ်ကလန်သံပျင်" [**စမ္မူ၊** စာ ၇၁]

**တိုင်ငွေတော်** – တိုင်ကျေးရွာနယ်မြေမှ ကောက်ခံ ရရှိသော အခွန်တော်ငွေ [ROB, V, p. 495]

**တိုင်ဆော်နက်** – အခွန်တော် ကောက်ခံရသော ပိုင်နက်နယ်မြေ [**စမ္မူ၊** စာ ခါ]

**တိုင်ထမ်း** – အခွန်တော်ထမ်း [**စမ္မူ၊** စာ ခု]

**တိုင်ထုံးပိုပယ်** – မူလချထားသော လယ်ပယ် အကျယ်အဝန်းထက် ပိုသောလယ်ပယ် [**အုပ်ချုပ်၊** စ၊ စာ ၁၈၂]

**တိုင်နက်** – အခွန်တော် ကောက်ခံ စီရင်သည့် ပိုင်နက်နယ်မြေ။ "ငါ့ပေါ်ထွန်းတိုင်နက်တွင် အရှေ့ကိုလားသော် ရေဝင်ချောင်းထိ။ တောင်ကိုလားသော် နတ်စုမြေစပ်။ အနောက်ကိုလားသော် ဒိုင်းမြေစပ်။ မြောက်ကို လား

သော် ဝင်းသူရဲ ငါ့လုံးတိုင်နက်မြေစပ် ... လုပ်မြေ စားမြေချထားသည်" [စမ္မူ၊ စာ ၆၈]

**တိုင်သူရင်း** – မူလ ရှိရင်း အခွန်ထမ်း အလုပ်သမား [ROB, IV, p. 318]

**တိုင်းကား** – ထီးနန်းစိုက်ရာတိုင်းကို ဝန်းရံလျက်ရှိသည့် တိုင်းနယ်ဒေသများ [ရွှေဝတီ၊ စာ ၁၃၂-၃]

**တိုင်းကား စသည့် ငါလွှတ်တော်မူ၏** – အဝေးနယ်တိုင်းမှ ပြည်မှ တာဝန် ထမ်းဆောင်ခြင်းမှ ငါလွှတ်ငြိမ်းခွင့် ပြု၏။ [မဟာမုနိ၊ စာ ၄၁၂]

**တိုင်းကျပ်** – တိုင်းပြည်နှစ်ပြည်အကြားရှိ နယ်မြေ [ယုဒ္ဓသန်၊ စာ ၅၀၄]၊ ကြားခံနိုင်ငံ (Buffer State) [သမိုင်း၊ ၄၊ စာ ၁၆၁]

**တိုင်းကြီးဆယ်တိုင်း** – အနောက်ဘက်လွန်မင်း (၁၆၀၆–၂၈) နှင့် သာလွန်မင်း (၁၆၂၉–၄၈)တို့ အစိုးရသော တိုင်းကြီးဆယ်တိုင်း (၁) သုနာပရန္တတိုင်း–စကုစလင်း၊ ဖောင်းလင်း၊ လယ်ကိုင်း၊ ကလေး၊ သောင်သွပ် စသော မြို့များတည်ရာဒေသ (၂) တမ္ပဒီပတိုင်း – ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြင်စိုင်း စသော မြို့များ တည်ရာဒေသ (၃) ကမ္ဗောဇတိုင်း – သီပေါ၊ ညောင်ရွှေ၊ မိုးနဲ စသော မြို့များတည်ရာဒေသ (၄) စိန့်တိုင်း–ဗန်းမော်၊ ခွေးလုံ၊ စန္ဒားစသောမြို့များတည်ရာဒေသ (၅) သီရိခေတ္တရာမ တိုင်း–သရေခေတ္တရာ၊ ဥဒေတရစ်၊ ပန်းတောင်းစသော မြို့များတည်ရာဒေသ (၆) ဇေယဝဍ္ဎနတိုင်း–ကေတုမတီ၊ ဇေယဝတီစသောမြို့များတည်ရာဒေသ (၇) ရာမည တိုင်း – ဟံသာဝတီ၊ ဒဂုံ၊ ဒလ၊ ကုသိမ် (ပုသိမ်)၊ ရောင်မြ (မြောင်းမြ) မုတ္တမ စသောမြို့များ တည်ရာ ဒေသ (၈) ဟရိဘုဉ္ဇတိုင်း – ဇင်းမယ်၊ ကျိုင်းသေည် စသောမြို့များ တည်ရာဒေသ (၉) ခေမဝရတိုင်း – ကျိုင်းတုံမြို့ဝန်းကျင်ဒေသ (၁၀) မဟာနဂရတိုင်း – ကျိုင်းရုံး၊ မိုင်းဆည် စသောမြို့များ တည်ရာဒေသ [စစ်ကိုင်းကောင်းမှုတော်ဘုရားကျောက်စာ၊ မျက် ၆၇–၇၁]

**တိုင်းကြီး၁၆တိုင်း** (*အင်္ဂုတ္တရပါဠိတော်*) – (၁) အင်္ဂတိုင်း (၂) မဂဓတိုင်း (၃) ကာသိတိုင်း (၄) ကောသလတိုင်း (၅) ဝဇ္ဇီတိုင်း (၆) မလ္လတိုင်း (၇) စေတီယတိုင်း (၈) ဝံသတိုင်း (၉) ကုရုတိုင်း (၁၀) ပဉ္စာလတိုင်း (၁၁) မစ္ဆတိုင်း (၁၂) သူရသေနတိုင်း (၁၃) အဿက တိုင်း (၁၄)အဝန္တိတိုင်း (၁၅)ဂန္ဓာရတိုင်း (၁၆)ကမ္ဗောဇ တိုင်း [ရခိုင်ရာဇဝင်၊ ပ၊ စာ ၇၆–၉]

**တိုင်းကြီးရှစ်တိုင်း** (*စမ္မူ့ဒီပ*) – (၁) သုနာပရန္တတိုင်း [ဧရာဝတီမြစ် အနောက်ဘက်နှင့်မြောက်ဘက် ဒေသ] (၂) တမ္ပဒီပတိုင်း [ဧရာဝတီမြစ် အရှေ့ဘက်နှင့်တောင် ဘက်ဒေသ] (၃)သရေခေတ္တရာမတိုင်း(၄)ဇေယျဝဍ္ဎန တိုင်း [တောင်ငူပြည်] (၅) ရာမညတိုင်း [ပုသိမ်၊ ပဲခူးနှင့် မုတ္တမ] (၆) သုဝဏ္ဏဘုမ္မိတိုင်း [ဇင်းမယ်] (၇) ကမ္ဗောဇတိုင်း [မိုးနဲ၊ ညောင်ရွှေ] (၈) စိန့်တိုင်း [မိုးမိတ်၊ ဗန်းမော်] [စမ္မူ၊ စာ ၈]

**တိုင်းပြည်အင်္ဂါခုနစ်ပါး** – (၁) ပြည့်ရှင်မင်း (၂) မှူးကောင်း မတ်ကောင်း (၃) မဟာမိတ်မင်း (၄) ပြည့်ဝသော ကိုကြ (၅) မြို့ပြကျုံးမြောင်း (၆)စည်ပင်သာယာသော တိုင်းနိုင်ငံ (၇) စစ်သည်ဗိုလ်ပါ [မေးတော်မူမြေ၊ စာ ၅၄၇]

**ဒိ** (*တစ်လုံးတင်*) – ငွေဖြစ်လျှင် တစ်ကျပ်၊ ဆန်ဖြစ်လျှင် တစ်စိတ်၊ အတိုင်းအရှည်ဖြစ်လျှင် တစ်မိုက် [ရှေး ဟောင်းဆေး၊ စာ ၇၁]

**တစ်ကြောင်းစာချွန်** – ထန်းဖူးညှန့်ရှည်ပေါ်တွင် စာတစ် ကြောင်းတည်းသာ သတ်စုံနှင့် ရေးသား ထားသည့် မင်းကေရာဇ်၏ အမိန့်တော် [ရွှေနန်းသုံး၊ စာ ၅၄]

**တစ်ချင်ရွေး** – စပါးစေ့လေးစေ့၏ အလေးချိန် (စပါးလေး စေ့=တစ်ချင်ရွေး၊ နှစ်ချင်ရွေး=တစ်ပဲသား) [အုပ်ချုပ်၊ ပဥ္စ၊ စာ ၂၄၃]

**တဓနီပါသဟတ္ထ** (*ပါ*) – လက်ျာ လက်ညှိုးကို ဖြစ်စေ၊ လက်ညှိုး နှင့် လက်မ တို့ကို ဖြစ်စေ ထောင်ထား ပြီး ပိုက်ကွန်ကိုင် ထားဟန် (သတိ ပေးခြင်းနှင့် အမိ အရ ဖမ်းယူခြင်း သဘောကိုဆောင် သည်။) [မုဒြာ၊ စာ ၅၄–၅]



တဓနီပါသဟတ္ထ

**တဓနီမုဒြာ** (*ပါ+သက်*) – လက်ယာလက်ညှိုးကို ထောင်၍ ကျန်လက်ချောင်းများကို ကွေးထားဟန် (ဩဝါဒ ပေး ခြင်း၊ လမ်းညွှန်ခြင်း ဟူသောသဘောကို ဆောင်သည်။ မကောင်းမှုကို ဟန့်တားလိုသူတို့သည် ဤမုဒြာဟန် ရုပ်တုတော်ကို ကိုးကွယ်ကြသည်ဟု ဆို၏) [မုဒြာ၊ စာ ၅၂–၃]

**တည်** - (၁) ဆန်စပါး ခြင်တွယ်သည့် တစ်ဆယ့်ခုနစ်ပြည်ဆန့် တင်း တောင်း **[ယုဒသန်၊ စာ ၄၅၆]** "သူဌေးမဟာဓောတိက၊ မဟာသီရိသေဋ္ဌမဏ္ဍာက တို့က တယ် (တည်)ကို ထိန်းသိမ်း၍ ချင်မှတ်ရောင်းဝယ်ကြစေ"[ROB, IX, p. 527] (၂) အစွယ်ရှည်တစ်ချောင်းသာထွက်သောဆင် **[ရွှေနန်းသုံး၊ စာ ၁၉၈]**

**တည်ခွန်** *(တယ်ခွန်)* - ခြင်းတွယ်ရောင်းဝယ် သူတို့ထံမှ ကောက်ခံသော အခွန်။ "ပြည်သူ ဆင်းရဲသားတို့ ရောင်းဝယ်ကြသည့် စပါးဆန်များမှာ အရပ်ရပ်ဆိပ်ပွဲများက တယ်ခွန်ဆို၍ အကောက်အစားအတောင်းအခံ မရှိစေနှင့်" [ROB, IX, p. 527]

**တိတ္ထိ** *(ပါ)* - မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သော သာသနာမှတစ်ပါး အခြား အယူဝါဒကို လက်ခံယုံကြည်သူ **[ဗုဒ္ဓယဉ်၊ စာ ၃၆]**

**တိတ္ထံ** *(ပါ-ဒိဋ္ဌိက)* - ဤသည်ကိုမြင်လျှင်ဤသို့ဖြစ်မည်ဟုဟောသောကျမ်း **[လောက၊ စာ ၈၅]** "ဒိဋ္ဌမျိုးတွင်လည်း အအူထွက်၍ ရွာကိုပတ် မက်သော် ရွာသူကြီးဖြစ်မည်" **[ကုန်းဘောင်၊** ပ၊ စာ ၁၇၁]

**တန်ကျစ်** - ရစ်ကွက်ကျား အဆင်တန်ဆာ၊ လုပအောင်ရေးသားထုလုပ်ဖော်ဆောင်ထားသော အဆင်တန်ဆာ (ကျောက်စာများတွင် တန်ကျတ်ဟုရေးသည်။) **[ရှေးမြန်၊** စာ ၉၈ နှင့် **မြန်မှုင်၊** ပ၊ စာ ၂၉၇]

**တန်စီကူ** *(ကျောက်)* - စန္ဒကူး **[ဓာတ်ယောင်း၊** စာ ၁၇၇]

**တန်စီး** - ရွှံ့စေး၊ ညွန် **[ရှေးမြန်၊** စာ ၉၀]

**တန်စွက်လှေ** - ဝန်တင်လှေငယ် (တံစွက်ကိုလည်းကြည့်။) "လှော်ကားသံလှေသုံးရာ၊ တန်စွက်လှေငယ်တရာ" **[မှန်နန်း၊** ၃၊ စာ ၁၁၄]

**တန္တူ** - ဥပမာ **[ကုန်းဘောင်၊** တ၊ စာ ၁၀ နှင့် **တွင်းသင်းပေါ၊** စာ ၉၉]

**တန်း** - (၁) အချုပ်ခန်း (၂) သွယ်တန်းထားသောအရာ **[ယုဒသန်၊** စာ ၄၆၂-၃] "အမှုသည်တို့ ... ကျူးလွန်သည့်အကြိမ်တိုင်း တန်းမှာ ၇ရက်ထားမည်" **[လွှတ်တော်မှတ်၊** စာ ၃၆]

**တန်းခေါင်း** - (၁) အချုပ်ခန်းအမှုထမ်း ခေါင်းဆောင် (၂) မြို့သူကြီးများနှင့် အလားတူသော နယ်မြေအုပ်ချုပ်ရေး အကြီးအကဲ **[အုပ်ချုပ်၊** ၈၊ စာ ၁၀၅]

**တန်း၁၃တန်း** - ခေတ္တချုပ်နှောင်ထားသည့် အချုပ်ခန်း ၁၃ မျိုး (၁) ဖွားဖက်ကျော်တန်း (၂) ဒိုင်းတော်တန်း (၃) တည်တော်တန်း (၄) စည်ပုတ္တရာတန်း (၅)ခင်ဦးတန်း (၆) မြို့သစ်တန်း (၇) သူရဲတန်း (၈) လက်ရတန်း (၉) ကောင်ဟန်တန်း (၁၀) လက်မထောက်တန်း (၁၁) အာဏာတန်း (၁၂) အာဏာစိုးတန်း (၁၃) အနောက်တန်း **[အုပ်ချုပ်၊** ၈၊ စာ ၈၉]

**တန်းနယ်** - တိုက်နယ် **[အုပ်ချုပ်၊** ၈၊ စာ ၁၀၅]

**တန်းအဆင့်ဆင့်** - အချုပ်ခန်း အဆင့်ဆင့် (အနူးညံ့ဆုံး အချုပ်ခန်းမှာ ဖွားဖက်ကျော်တန်း ဖြစ်သည်။ ထိုတန်းထက် ဒိုင်းတော်တန်းက ကြမ်းသည်။ ဒိုင်းတော်တန်းထက် လွှတ်စေလေးတန်းက ကြမ်းသည်။ လွှတ်စေလေးတန်းထက် လက်ရသုံးတန်းက ကြမ်းသည်။ ထိုတန်းထက် လက်မထောက်တန်းက ကြမ်းသည်။) **[အုပ်ချုပ်၊** ၈၊ စာ ၃၄]

**တုန်တခိုက်** *(တုန်ခိုက်)* - ထိတ်လန့် တုန်လှုပ်သည်။ **[ယုဒသန်၊** စာ ၄၈၄] "တရားဟောရပန်း ထိတ်လန့်၍ တုန်တခိုက်ရှိပြန်သည်" **[ကုန်းဘောင်၊** ပ၊ စာ ၃၂၅]

**တုန်တခိုက်ကျိုးအံ့** - လှုပ်ရှား ယိမ်းယိုင်ကျိုးပဲ့ ပျက်စီးတော့မည့် အခြေအနေ၊ တုန်လှုပ်ယိမ်းယိုင်ကျိုးပဲ့တော့မည် **[ဝိပ္ပလ္လာ၊** စာ ၁၄၁] "စီးတော်မူသော သက်နက်လှေသည် - ဗလဝါမုက္ခသို့ ရောက်တော်မူလေ၍ တုန်တခိုက် ကျိုးအံ့သကဲ့သို့ ဖြစ်လေ၏" **[သုဓော၊** ပ၊ စာ ၂၈၅]

**တပ်တန်းနားရှက်ထိုးသည်** - တစ်တပ်နှင့် တစ်တပ် ကမ်းမိလှမ်းမိအောင် နေရာယူသည်။ "တတပ်နှင့် တတပ် ကမ်းမိလှမ်းမိတပ်တန်း နားရှက်ထိုး၍ စွဲရပ်နေကြ၏" **[ကုန်းဘောင်၊** ဒ၊ စာ ၃၇၉]

**တပွနမုဒြာ** *(ပါ+သက်)* - လက်တစ်ဖက်ကို ကွေး၍ ထောင်ပြီး လက်တစ်ဖက်ကို ဘေးသို့ ချထားကာ လက်ဝါးများကို ကိုယ်ခန္ဓာ ဘက်သို့ လှည့်လျက် လက်ချောင်းကလေး များကို ကွေးထားဟန်ဤ မုဒြာဟန် ရပ်တုဘော်ကိုကိုးကွယ်



တပွနမုဒြာ

လျှင် ရောဂါဝေဒနာ ကင်းငြိမ်းသည်ဟု ဆိုသည်။) [**မုဒြာ၊** စာ ၅၃]

**တပ်ပေါင်းစား** – တပ်မင်းဖြစ်သောစော်ဘွား၏ ဆင့်ဆိုရာ နာခံရသော မြို့စားအဆင့်ရှိသည့် အကြီးအကဲ [ROB, VIII, p. 654 နှင့် **အုပ်ချုပ် ၊** စ၊ စာ ၁၁၁] "စော်ဘွား မြို့စား တပ်ပေါင်းစားတို့ မကြွင်း မကျန်စေရ၊ သွေးသောက်စု မြင်းတော်သည်ခန့်၍ ထုံးစံရှိသည် အတိုင်း သစ္စာတော်ပေးစေ" [ROB, VIII, p. 313]

**တပ်ပေါင်းဗိုလ်** – ငါးရာတပ်နှစ်တပ်ဖြစ်စေ၊ နှစ်တပ်ထက် ပိုသောတပ်ဖြစ်စေ အုပ်ချုပ်ရသောဗိုလ် [**အုပ်ချုပ်၊** စ၊ စာ ၂၄၁]

**တပ်မှူး** – တပ်မတော်ကြီးတစ်ခုကို ကြီးကြပ်ကွပ်ကဲရသော စစ်တပ်အကြီးအမှူး [**ယုဒသန်၊** စာ ၄၆၄] "တပ်မတော် တွင် သက်ရှည်ကျော်ထင်ကို တပ်မှူး၊ ရာဇယောဇာကို စစ်ကဲခန့်တော်မူသည်" [**မှန်နန်း၊** ၃၊ စာ ၂၆၆-၈၃]

**တပ်ရေး** – ချီတက် တိုက်ခိုက်ရသော တပ်များတွင် ရေးမှတ် ထမ်းရွက်ရသောအရာရှိ [**လွှတ်တော်မှတ်၊** စာ ၂၅၄]

**တပ်ရုံးသုံးရပ်** – (၁) သိန္နီတပ်ရုံး (၂) မိုးနဲတပ်ရုံး (၃) မိုးဗြဲတပ်ရုံး [**အုပ်ချုပ်၊** ၃၊ စာ ၁၀၉]

**တပ်လုံးနှစ်** – ရန်သူ၏ ဝန်းရံတိုက်ခိုက်မှုကို ခံရပြီးတပ်ကြီး တစ်တပ်လုံး နှစ်မြုပ်ပျက်စီးသည်။ [**ဿနရံ၊** စာ ၁၃၈]

**တမ္ဗဒီပ** – ကြေးရောင်လွှမ်းသော ဒေသ (ဧရာဝတီမြစ်၏ အရှေ့ဘက်နှင့် တောင်ဘက် ဖြစ်သော ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ အင်းဝတို့ တည်ရာဒေသ) [**အုပ်ချုပ်၊** ၃၊ စာ ၈၁]

**တမ္ဗူလကရဏ** *(ပါ)* – ဖွားမြင်ပြီးခုနစ်ဆယ့်ငါးရက်မြောက် နေ့၌ ကလေးငယ်အား ကွမ်းဦးခွံ့ပေးသည့် မင်္ဂလာ အခမ်းအနား [**ကုန်းဘောင်၊** တ၊ စာ ၅၃၈ နှင့် **ရွှေနန်းသုံး၊** စာ ၂၃၈]

**တိမ်ညင်** – တိရစ္ဆာန်ချင်းမျှား၍ ခေါ်ဆောင်ရန် လှေကျင့်၊ သင်ကြားထားသော တိရစ္ဆာန်ယဉ် [**မြန်မွှင်၊** ဖြည့်၊ စာ ၁၂၉] "တိန်ညင်နှင့်ထောင်၍ မိသော သမင် ဒရယ်တို့ကို ခိုးမူကား။ ဆယ်တက်ဟူ၏" [ဓမ္မသတ်၊ စာ ၁၄၁]

**တိံသင်း** – တစ်ရာသီ သို့မဟုတ် တစ်လကို အစိတ် ၃၀ စိတ်၍ ပိုင်းခြားသော အချိန် (တိံသင်းကိုပင် အသာ်ဟုလည်း ခေါ်သည်။) [**ရွှေဝတီ၊** စာ ၁၆၆]

**တုမ်တပဲ** (ကျောက်) (မွန်-ဒုင်ထဗ) – (၁) ခရီးဦးကြို့ဆို ညှော်ခံသူ (၂) သံတမန် [**မြန်မွှင်၊** ပ၊ စာ ၂၇၁-၂] "တရုတ်၏ အလာအလာကိုဝ် သိဉြင်မူလိယ်ဟု စိယ်တ်မူ၏ ... ဤအမူကာကြီစွာ။ တုမ်တပဲလေ လွှတ်ရသည်မဟိ" [**ဒီသာပါမောက္ခကျောက်စာ** ]

**တုမ္မ** *(ပါ)* – ပြည် (နှစ်ခွက်)၊ တစ်ပြည်ဝင်သော စရွတ် ခွက်၊ ကျည်တောက် [**ဓွယ်နုံကျော်ထင်၊** စာ ၁၄]

**တုံ** – (၁) တစ်ပြည်ရှိသော အခြင်အတွယ် (၂) ဝမ်း ခေါင်းနက်၍ အလျားရှည်သော ကုန်တင်လှေကြီး [ROB, VII, p. 253 နှင့် **သမ္မန္တစကျူ၊** ၃၊ စာ ၉၆] "သင်္ဘော၊ တုံ၊ မုတ်ကတူးသင့်ရာနှင့် သေနတ် ဆေး ခဲယမ်းမီးကျောက် တင်ဆောင်၍ ပင်လယ်ကြောင်းက ဆီးဆို့ရပ်ခံ ဘမ်းဆီးစေ" [ROB, VII, p. 253]

**တုံဂိုဏ်း** – စနေမင်း (၁၆၉၈-၁၇၁၄) လက်ထက် တုံရွာကျောင်း ရှင်ဂုဏာဘိလင်္ကာရ ဆရာတော်က သာမဏေတို့ မြို့ရွာအတွင်း သွားလာလျှင် သင်္ကန်း လက်ကတော့ တင်စေ၍ ယပ်ကို စွဲကိုင်ရမည်ဟု ပညတ်တော်မူသည့် အတင်ဂိုဏ်း [**သာသနာ၊** စာ ၁၈၁]

**တုံစာမပြတ်လျှင်** *(ကျောက်)* – တစ်နေ့ မပြတ်လျှင် [**ရှေးကျောက်၊** တ၊ စာ ၁၅၇ အောက်] "ဆွံ့စာသော သွိင်တိုဝ်ကာ။ တုံစာမပြတ်လျှင် စာခမုကာ" [သွိင် ကဇသူနှင့် အမိဘွားစောကျောက်စာ]

**တုံ့ကာရှယ်ကာ** – ရပ်ကာ သွားကာ။ "အနံ့အစပ် စစ်လျှင် လွှတ်၍ တုံ့ကာရှယ်ကာ ရသာ ယူသာသည်များကို ဖျက်ဆီးသိမ်းယူစေ" [**ကုန်းဘောင်၊** ၃၊ စာ ၂၈]

**တုံးဖိ** – ပြစ်မှုကျူးလွန်သူအား မွန်းတည့်ချိန်မှ မွန်းလွဲ ၃နာရီခန့်အထိ ထွန်တုံးခန့် ရှိသော သစ်တုံးဖိပြီး နေလှမ်း၍ ဒဏ်ပေးသည်" [**အုပ်ချုပ်၊** တ၊ စာ ၁၅၀]

**တုံးလွှတ်** – ပျော်ပွဲရွှင်ပွဲအဖြစ် သစ်တုံး ထန်းတုံးစသည်ကို အခေါင်းထွင်း ယမ်းသွတ်၍ စနက်တံတပ်ကာ မီးရှို့ ပစ်လွှတ်ခြင်း [**ဦးပုည၊** စာ ၈၃]

**တယ်တူ** *(တရုတ်)* – နေပြည်တော် ( 大都 ) [ ရည်စိန်၊ ရှင်ဒိသာ၊ စာ ၄ ၁ ]

**တယ်ရေးစာ** *(ပြင်သစ်)* – ထရီဇာ (Sister Verthality Theresa)

**တျာချင်း** – သံမှန် သံကျ တစ်ပေါက် သံစဉ်ဖြင့် စ၍ တစ်ပေါက်သံဖြင့် ဆုံးသောသီချင်း [**စောင်း၊** ၃၊ စာ ၁၉၇]

**တျာယိုင်** – နတ်ကတော်ထွက်ရန်၊ အပျိုတော်ထွက်ရန် တီးပေးသော တီးလုံး

**တျင်းတျင်း** – ပြင်းထန် ထိရောက်စွာ [**ယုဒသန်၊** စာ ၅၀၆] အကုန်အစင် [**ကိုးခဏ်း၊** စာ ၅၄] "ရန်ကြွင်းမီးပွား မထားမကျန်စေနှင့် အမြစ်အရင်း တျင်းတျင်းဖြတ်၍... ကုန်စင်အောင် ဖမ်းဆီးသတ်ညစ်ရမည်" [**ကုန်းဆောင်၊** ပ၊ စာ ၇၉]

**တြိဘဝနာဒိတျာဓိပတိ** – လောကသုံးပါးတွင် ထင်ရှား၍ နေမင်းမျိုးရိုးဖြစ်သော အမင်းမင်းတို့၏ အရှင် [**ကုန်းဆောင်၊** တ၊ စာ ၃၉၆]

**တြင်း** – (၁) တစ်ရာသီ သို့မဟုတ် တစ်လကို သုံးပုံပုံ တစ်ပုံ ဖြစ်သောကာလ၊ နှစ်တစ်ပတ်လည် ဖြစ်သော ရာသီစက်ဝန်းကြီးတစ်ခုလုံးကို ၃၆ စိတ်ပြုသော အချိန်ကာလ [**ရွှေဝတီ၊** စာ ၁၆၅–၆] (၂) နိမိတ်တဆောင် [**မြန်စာညွှန့်၊** စ၊ စာ ၂၂၉ အောက်]

**တွင်ပယ် မတွင်ပယ်** – စိုက်ပျိုးလယ်ယာအဖြစ် ပယ်ဖွဲ့ သတ်မှတ်ပြီးသောမြေနှင့် တီကျင်းပယ်ဖွဲ့သတ်မှတ်ခြင်း မပြုရသေးသောမြေ [**လွှတ်တော်မှတ်၊** စာ ၂၅၇]

**တွင်း** *(ကျောက်)* – ကွက်(လယ်တစ်တွင်းသည်၁/၂ ပယ်မှ နှစ်ပယ်ခန့်အထိ ကျယ်ဝန်းသည်ကိုတွေ့ရ၏၊ လယ် ခုနစ်တွင်းပေါင်းမှတစ်ပယ်သာကျယ်သည်လည်းရှိသည်။) "လဲငယ်လေတွင်သောခွယ်။ ကျွောင်ဩက် လဲငယ် ခုနှတ္တ်င်သောတပဲ။ညောင်ရင်နောက်လဲငဲလေတွင်သောခွဲ။" [**၁၃၃၃ခုနှစ်ထိုးမေလိဝ်သင်ကျောက်စာမျက်/၆–၉ **]

**တွင်းကြီး** – ရေနံတွင်းသူကြီး [ROB, X, p. 112]

**တွင်းစား** – မျိုးရိုးစဉ်ဆက် ရေနံတွင်းတူးဖော်လုပ်ကိုင်ခွင့်ရသူ [ROB, X, p. 112]

**တွင်းဝန်းသည်** – တိုင်စိုက်ရန်၊ အုတ်မြစ်ချရန်တွင်းတူးသည် [**အုပ်ချုပ်၊** ပဥ၊ စာ ၄၉]

**တွင်းသင်းတိုက်** – မြေကြက်ဆူ၊ ကပိုင်၊ ကျပို့၊ အောင်သစ်ဆိမ့်မအူ၊မုံညှို့ရွာ၊ မစရိတ်ရွာ၊ စချမ်းသာ၊ ခွင်ကိုင်၊ ဒေါင်းရွှေ၊ မအူငယ်အလယ်ရွာ၊ အုတ်ရှစ်ကျေး၊ ယင်းတိုက်၊ ဆင်ကွတ်၊ အနိမ့်ပေါင်းဝ၊ ညောင်စောက်၊ မုံလှ၊ ချည်ပါ၊ စောကြီး၊ မွန်သာ၊ ဝရုံ၊ သုခနေ၊ မကြည်ပြုတ်၊ ဟံလင်း၊ သစ်ရောင်၊ တလိုင်းရွာ၊ ပြည်တော်သာ၊ ချောင်းကောက်၊ မြွေရွာ၊ ဆတုံပြည်မ၊ ကပ်ဖြူ၊ ပေါင်းဝရွာ၊ ငတီဝ၊ လင်းယင်၊ မင်းတုံး၊ တအုံ၊ ယင်းမတော၊ ကင်းမိပေါက်၊ စိုင်ရှာ၊ မန္တလေး၊ ရှားကိုင်၊ ရွာပုလဲ၊ မောက်လုတ်၊ ကောင်းစင်၊ မင်းစု၊ တောင်ခြေ၊ ဂြိုဟ်ရွာ၊ မင်ဂျိ၊ တပယ်၊ ကွမ်းရွာ၊ တောင်ကန်၊မိတ္ထီလာ၊ ကုလာအုမ်၊ ကုက္ကိုလှရွာ၊ မဲကိုင် စသောရွာများ ပါဝင်သောဒေသ [ROB, II, pp. 191-3]

**တွင်းသင်းမှူး** – နန်းတွင်းရှိ အမှုထမ်းအစုအသင်းတို့ကို ကြီးမှူးရသောအမတ် (တွင်းသင်းမှူးက တစ်နန်းတော်လုံးအတွက်လိုအပ်သမျှ စားသောက်ဖွယ်ရာ ဟင်းသီးဟင်းရွက်များကို ဆက်သွင်းရသည်။) [**အုပ်ချုပ်၊** ဒ၊ စာ ၂၅၅ နှင့် ROB, I, p. 159]

**တွန်** *(ရှမ်း)* – ခြင်း၊ ခြင်းတောင်း။ "လက်ဖက် ၂တွန်၊ သား၂ခုပြုရိုး" [**၁၄၀၈ခုနှစ်ထိုး တန်ဆောင်းကျောင်းကျောက်စာ** ]

# ထ

**ထမုံ** – စော်ဘွား မြို့စားတို့ လက်အောက်ရှိ မြို့သူကြီး [**အုပ်ချုပ်၊** စ၊ စာ ၁၁၂] "သူကြီးထမုံတို့ကို ဆင့်ဆို ရှိနေသည်အတွင်း..." [**လွှတ်တော်မှတ်၊** စာ ၁၈၃]

**ထဝယ်ပုရှာ** *(ကျောက်)* – တင်ပလ္လင်ခွေထိုင်တော်မူဟန် ဘုရားဆင်းတု [**မြန်ဖွင့်၊** ပ၊ စာ ၂၂၉–၃၀]

**ထားပိုင်ကြီး** – မြို့ရွာနယ်ပယ်ကို ငြိမ်ဝပ်အောင် ထိန်းသိမ်း စီရင်အုပ်ချုပ်ရသော အကြီးအကဲ [**အုပ်ချုပ်၊** ဒ၊ စာ ၁၀၈ နှင့် **ကုန်းဆောင်၊** ဒ၊ စာ ၆] "စစ်တကောင်းမြို့တွင်၊ အမတ်ထားပိုင်ကြီး နေမြဲ နေထိုင်စေ"[**ညသစ်၊** စာ ၁၅၁]


**ထားမဦးချမြေ** – စောင့်ရှောက် လုပ်ကိုင်သူမရှိဘဲ တောရိုင်းဖြစ်နေသောမြေကို မင်းကချထားလျှင် သော်လည်းကောင်း၊ မင်းထံလျှောက်ထား၍ သော်လည်းကောင်း ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးလုပ်ကိုင်ရာမှ သားစဉ်မြေးဆက် ပိုင်ဆိုင်ခဲ့သောမြေ [**အုပ်ချုပ်၊** ပဥ၊ စာ ၃၀ နှင့် ROB, I, p. 288]

**ထားရိုက်ကြောင်း** – မုတ္တမမြို့မှ ဘုရားဖြူ၊ ဘားပေါင်၊ အထရန်၊ ဒါလီချောင်း၊ ဓမိ၊ ဝွန်၊ မိတကစ်၊ ကျွန်းပင်၊ ချုန်းချုန်းကျ၊ ဘုရားသုံးဆူ တို့ကို ဖြတ်၍ ထိုင်းနိုင်ငံ သောင်ကုလားမြို့ (Sangkhla Buri)၊ အလံတယ်၊ ဘိလောက်၊ ဒေါင်သဘုံ၊ ထားရိုက် သက်ကယ်ပြင် တို့သို့ ပေါက်သော လမ်းကြောင်း [**ကုန်းဆောင်၊** ၃၊ စာ ၂၉-၃၀]

**ထားဝယ်ဆောင်** – ဘုရင့်နောင် (၁၅၅၁-၈၁) လက်ထက် ထားဝယ်မြို့မှ ခေါ်ဆောင်လာခဲ့သော သူကောင်း သား မြေးတို့ နေထိုင်ရန် မှန်နန်းတော်အရှေ့မြောက်ယွန်းနှင့် အရှေ့တောင်ယွန်းတို့တွင် တစ်ဆောင်စီ ဆောက်လုပ် ခဲ့သော အဆောင်နှစ်ဆောင်(နောင်အခါတွင် ထားဝယ် ဆောင်ဟုဆက်လက်ခေါ်ဝေါ်သော်လည်း ထားဝယ်သား တို့ နေထိုင်ရာအဆောင် မဟုတ်တော့ဘဲ ရဲရင့်သန်မာ သော သေနတ်စု အိပ်ဖန်တော်စောင့်တို့ နေထိုင်ရာ အဆောင်များ ဖြစ်လာသည်။) [**ရွှေဘုံ၊** စာ ၃၂ နှင့် **ရွှေနန်းသုံး၊** စာ ၂၁၃-၅]

**ထားဝယ်နှစ်ထပ်** – ထားဝယ်အိမ်ပုံသဏ္ဌာန် အမိုးနှစ်ဆင့်

**ထိကပေါက်** – အပေါက်တွေ့လျှင် သံထစ်ဝင်၍ မြဲအောင် ထိန်းချုပ်နိုင်သော ခါးပတ်ကွင်း [**မြန်စာန်၊** စာ ၁၆၅]



ထိကပေါက်

**ထိပေအ်သျှင်** – ဒီပဲယင်းမြို့ [**ရာဇဝင်သစ်၊** ၁၊ စာ ၃]

**ထီးကြက်တော်** – ထီးဖြူတော် [**လွှတ်တော်မှတ်၊** စာ ၂၄၆]

**ထီးနီ** – သေနာပတိ၊ မှူးမတ်နှင့် အဝေးမြို့နာခံတော်၊ မြို့စာရေး အဆင့်ရှိသူတို့ ဆောင်းခွင့် ရသောထီးနီ [**အုပ်ချုပ်၊** ၈၊ စာ ၁၀၄ နှင့် **နန်းမှု၊** ၄၊ စာ ၁၁၁]


**ထီးဖြူတော်ရှစ်စင်း** – ဒီသာဓေယျကျမ်းလာ ထီးဖြူတော် ရှစ်စင်းမှာ (၁) ကနက္ကဒဏ်ထီး (၂) သူရိယထီး (၃) ပဒုမ္မထီး (၄) သမုဒ္ဒစာထီး ဟူ၍ လက်ယဲ မင်းခမ်းတော်ထီးလေးစင်း၊ (၅) ကမ္ဗုထီး (၆) စန္ဒထီး (၇) သမုက္ခထီး (၈) ဝိသကြုံထီးဟူ၍ လက်ယာ မင်းခမ်းတော်ထီးလေးစင်း [ROB, I, p. 196-7 နှင့် **ရခိုင်ရာသစ်၊** ၁၊ စာ ၉၃]

**ထီးဖြူတော်လေးစင်း** – ရာဇဘိသေကကျမ်းလာ ထီးဖြူ တော်လေးစင်းမှာ (၁) နဝဒဏ္ဍာထီး – ထီးရွက်ကိုးဆင့် ထီးရိုးဆယ်တောင် ရှိသည်။ (၂) မနောဟာရထီး – ထီးရွက်အမှတ်မရှိ၊ ထီးရိုးခြောက်တောင် ရှိသည်။ (၃) အာတပတြထီး – ထီးရွက် အမှတ်မရှိ၊ ထီးရိုး ငါးတောင် ရှိသည်။ (၄) ဝိဇယတြထီး – ထီးရွက် အမှတ်မရှိ၊ ထီးရိုးလေးတောင် ရှိသည်။ [**သုတေသန၊** စာ ၂၆၀]

**ထီးမိုးယာဉ်စံ** – ထီးတော်မိုးရသော အမှုထမ်း၊ စီးတော် ယာဉ် စီရင်ထမ်းရွက်ရသော အမှုထမ်း

**ထီးရုံ** – မင်းကေရာဇ်၏ သစ္စာတော်ခံ အခြံအရံများ ဖြစ်သော ဘုရင်ခံ၊ စော်ဘွား၊ မြို့စားများ [**လွှတ်တော် မှတ်၊** စာ ၂၃၄-၅]

**ထုပိကာ** – ပြာသာဒ်ဘုံဆင့်များ၏ ထိပ်ဖျားရှိ ထီး၏ အောက်ဘက်တွင် ငှက်ပျောဖူးသဏ္ဌာန် ပြုလုပ်ထား သော အဆင်တန်ဆာ (ထုပိကာ၏ထိပ်ကို **ကြက်သွန် ခေါင်း** ဟု ခေါ်သည်။ ကြက်သွန်ခေါင်း၏အောက်ပိုင်း ကို **ငှက်ပျောဖူး** ဟု ခေါ်သည်။ ငှက်ပျောဖူး၏ အထက်ပိုင်းကို **လည်**၊ အလယ်ပိုင်းကို **ခါး**၊ အောက် ပိုင်းကို **တင်း** ဟု ခေါ်သည်။ တင်းအောက်တွင် **ကလပ်** ရှိသည်။ ကလပ်၏အထက်ပိုင်းကို **လည်ပင်း**၊ အလယ်ကို **ခါး**၊ အောက်ပိုင်းကို **ရေဆင်း** ဟု ခေါ် သည်။) [**အုပ်ချုပ်၊** ပဥ၊ စာ ၆၇]




ထုပိကာ

**ထုး** – ဆင်တို့ကို နှောင်ဖွဲ့သော ကြိုးကွင်း [**ကျော်အောင် စံထား၊** စာ ၃၆၃]

**ထုးဆင်တော်** – မြီးဆံ၊ နားရွက်၊ ဦးကင်း၊ ကျောက်ကုန်း၊ ခြေနှစ်ဖက်၊ လက်နှစ်ဖက်တို့တွင် အမွေးဖြူပေါက် နေပြီး လက္ခဏာ တစ်စုံတစ်ရာ ချွတ်ယွင်းမှု မရှိဘဲ

သန်စွမ်း ကြော့မော့စွာ ရှိသဖြင့် မင်းတို့စီးထိုက်သော ဆင်ပေါက် [**ရွှေနန်းသုံး**၊ စာ ၁၉၅]

**ထေရသမ္ဘုတိ** *(ပါ)* – မထေရ်ကြီးအဖြစ် ခေါ်ဝေါ် ပညတ်ခံရသော ပုဂ္ဂိုလ်။ "ဆယ်ဝါမြောက် ထေရသမ္ဘုတိကို ရလောက်မှ ပုဂံပြည်သို့ ပြန်ခဲ့၏" [**သာသနာ**၊ စာ ၉၆]

**ထောပေး** *(ကျောက်၊ ထဝ်ပိယ်)* – မလိုင်၊ ထောပတ်အညှဲ့ [**ကိုးခန်း**၊ စာ ၃၆၄ နှင့် **ဓာတ်ယောင်း**၊ စာ ၁၈၈]

**ထောမိုင်း** – စော်ဘွားငယ် [**ဦးကုလား**၊ ၃၊ စာ ၈၇ အောက်]

**ထော်လော်** – မညီမညွတ် မပြေပြစ်ခြင်း၊ ပိပြားမှု မရှိခြင်း၊ [**ယုဿသန်**၊ စာ ၅၃၂] "ရန်စရန်ငုပ်အစ ထော်လော်ပေါ်ထွက်လာသမျှကိုကုန်စင်အောင် သုတ်သင်ရှင်းလင်းရမည်" [**ကုန်းဆောင်**၊ ၁၊ စာ ၂၃-၄]

**ထိုမြို့** – ထိုမှတစ်ပါး၊ ထို့အပြင် [**မေးတော်ဖြေ**၊ စာ ၁၄၄၊ ၂၂၉] "ထိုမြို့တထွေ၊ ကောင်းတေမူလ၊ ဘုရားချစ်သားရဟန်းများနှင့်" [**ရွှေဟသာ** ၊ စာ ၈၃]

**ထက်စည်** – အလုံးစုံပိတ်သောစည် (ဒိုဏ္ဍမာစည်၊အာလမ္ဗရစည် တို့သည် အလုံးစုံ ပိတ်သဖြင့် ထက်စည်ဟု ခေါ်သည်။) [**အလုံ**၊ စာ ၄]

**ထောက်စို့** *(တရုတ်)* – တရုတ်ဘာသာဖြင့် ထောင်စု ( 桃樹 ) ဟုခေါ်သော မက်မုံသီးပင် [**ဝင်း** ]

**ထောင်ကဲ** – လေ့အစုအမှုထမ်းတို့ကိုကြီးကြပ်အုပ်ချုပ်ရသူ [**အုပ်ချုပ်**၊ ၈၊ စာ ၁၃]"ထောင်ကဲပဲ့နင်းတို့ကိုမြေနန်းတော်တွင် သစ္စာတော်ပေးမြဲပေး" [**လွှတ်တော်မှတ်**၊ စာ ၂]

**ထောင်မှူး** – ရွှေမြို့တော် တစ်မျက်နှာလျှင် လူတစ်ထောင်ကို ကြီးကြပ်အုပ်ချုပ်၍ လုံခြုံရေး၊ ရာဇဝတ်ပြစ်မှု ကင်းရှင်းရေးတို့အတွက် တာဝန်ယူ စီရင်ရသော အကြီးအမှူး (ယုံမှတ်ရင်းနှီးသော မင်းဆွေမင်းမျိုးကို ထောင်မှူးခန့်လေ့ရှိသည်။) [**ရွှေဘုံ**၊ စာ ၆၄]

**ထောင်သင်းစု** – စစ်ကိုင်းမင်း အသင်္ခယာစောယွမ်း (၁၃၁၅-၂၂) လက်ထက် ၁၃၁၈ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော အမှုထမ်းတစ်ထောင် ပါဝင်သည့်အစု [**မှန်နန်း**၊ ၁၊ စာ ၁၅၅]

**ထောင့်ဖြေ** – တိုင်နှင့် တန်း ဆုံရာ ထောင့်ချိုးနေရာ ကွက်လပ်ကို ရှုချင့်စဖွယ်ဖြစ်အောင် ခြယ်လှယ်ထားသော အဆင်တန်ဆာ [**မြန်မာမှု**၊ ၅၊ စာ ဃ]

**ထောင့်သန်းကြက်မောက်** – ကြက်မောက်သဏ္ဌာန် မွမ်းမံထားသောထောင့်ဖြတ်။ "အမွမ်းခြင်ပိတ်၊ ထောင့်သန်းကြက်မောက်ရွှေပိန်း၊ တိုင်ဘုံးကြက်ရင် ရွှေတစ အနီတစ" [**အင်ရုံ**၊ စာ ၂၃၁]

**ထောင်းခြင့်** – ကျီတော်ရှိ စပါးကို ခြင်တွယ် ယူငင် ထောင်းဖွတ်ပြီးရရှိသည့်ဆန်ကို နန်းတွင်းရှိ ပွဲတော်ချက်ရုံသို့ ခြင်တွယ်ပေးသွင်းရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၄၇-၈]

**ထောင်းထောင်း** – မှန့်မှန့် ညက်ညက် (သေကျေသည်။) [**ယုဒသန်**၊ စာ ၅၃၂]

**ထန်းကျင့်ပင်** – အရွက်မှာ ဖားနှင့်သဏ္ဌာန်တူ၍ အနီရောင်ရှိပြီး အလွန်ရှည်လျားစွာ အနွယ်တက်သော အပင် [**မေးတော်ဖြေ**၊ စာ ၄၉၂-၃]

**ထိပ်ခေါင်တင်** – မင်းကေရာဇ်၏သမီးတော်များကို ခေါ်သောအမည်။ (အိမ်ရှေ့မင်း၏ သမီးတော်များအနက် ထိပ်ခေါင်တင် ခေါ်စေဟု မင်းကေရာဇ်က အမိန့်တော်ရှိသော သမီးတော်ကိုသာ **ထိပ်ခေါင်တင်** ဟု ခေါ်ရ၍ ကျန်သမီးတော်များကို **ထိပ်တင်** ဟုသာ ခေါ်ရသည်။ [**ရွှေနန်းသုံး**၊ စာ ၂၄၆၊ ၂၅၁]

**ထိပ်စုမြတ်ဘုရားကြီး** – တောင်နန်းမဒေဝီ မဟာသီမိဖုရားခေါင်ကြီးက မွေးမြင်သည့် သမီးတော်ကို ခေါ်သောအမည် [**ရွှေနန်းသုံး**၊ စာ ၂၅၁]

**ထိပ်တင်** – မင်းကေရာဇ်၏မြေးတော်၊ မြစ်တော်၊ တူတော်၊ တူမတော်များကို ခေါ်သောအမည် [**ရွှေနန်းသုံး**၊ စာ၂၅၀]

**ထိပ်ထား** – (၁) မင်းသားတွင် ရှိသော ကိုယ်လုပ်မောင်းမတို့၏ ထိပ်ဆုံးတွင်ထားသော မယားကြီး (၂) မင်းကေရာဇ်၏ လက်ထပ်ပြီးသော သမီးတော်များကို ခေါ်သောအမည် [**ရွှေနန်းသုံး**၊ စာ ၂၄၆]

**ထုပ်** – လက်ခံလျှောက်နှစ်ခုနှင့် လက်ခံတိုင်၊ ခေါင်တိုင်တို့ကို ဆက်သွယ်ထားသောတန်း [**မြန်စာန်**၊ စာ ၁၇၂]

**ထမ်းဆင်တော်** – လက်နက် ခဲယမ်း မီးကျောက်နှင့် ဝန်စည်တို့ကို ထမ်းပိုး ပို့ဆောင်ရသော ဆင်တော် [**ရွှေနန်းသုံး**၊ စာ ၁၉၆]

**ထမ်းသားကြီး** – ကြေးထမ်းကြီး၊ အခွန်တော်ထမ်းကြီး [ROB, IX, pp. 629, 864] "အသည်အလာ ဝင်နေကပ်ပါး ထမ်းသားကြီးငယ်တို့လည်း မော်ခါးရွှေမှူး နော်ရထာဖေယျ ခာင့်ဆိုရာ နာခံဆောင်ရွက်ကြရမည်" [ROB, IX, p. 879] (၁၈၇၄ ခုနှစ် မတ်လ ၁၇ရက်နေ့ အမိန့်တော်တွင် ဝမ်းသားကြီးဟု စတင် သုံးစွဲလာသည်။) [ROB, IX p. 864]

**ထုံနှိပ်** – ပြဒါးမပြေးနိုင်အောင် ဖမ်းထားနိုင်သည့် သတ္တုခဲပေါ်တွင် ပြဒါးတင်ထားနိုင်ရန်အတွက် အခွက်ငယ်ဖြစ်အောင် ကျောက်ကျည်ပွေ့ စသည်ဖြင့် နှိပ်ခြင်း [**သီချင်း၊** ပ၊ စာ ၁၇၀]

**ထုံး** – (၁) အလျင်အမြန် လျှော်ခတ်သွားလာနိုင်သော လှေ (၂) ကွမ်းယာတွင် ထည့်ရသောထုံး (၃) ရေးကဖြစ်ခဲ့၊ လိုက်နာခဲ့ဖူးသော အကြောင်း [**မြန်စာန်၊** စာ ၁၇၃ နှင့် **သီချင်း၊** ပ၊ စာ ၁၃၈] "ထုံးမုက္ကတူး လှေလောင်းနှစ်ဆယ်ကျော်" [**ကုန်းဘောင်၊** ၃၊ စာ ၄၃၀] (၄) စီရင်ဆုံးဖြတ်ရန် တရားအမှု "တရုံရောအခါ ပုဂံမြို့ခံတော် (မောင်ကျဘမ်း)ထံသို့ တရားတထုံး ရောက်လာသည်မှာ" [**ကဝိသေနင်၊** စာ ၁၀၀]

**ထုံးမှုး** – အင်္ဂတေစပ်ရန်အတွက် လိုအပ်သော ထုံးများရရှိရန် စီရင်ဆောင်ရွက်ရသော အမှုထမ်းတို့၏ အကြီးအမှူး [**ရွှေနန်းသုံး၊** စာ ၁၄၅]

**ထွားထီး** – ဘုရားရှေ့တွင် အလှအပ ကပ်လှူသောထီး

**ထွေတော်** (ကျောက်–ထုယ်တာဝ်) – အမိန့်တော် [**တရုတ်သံ၊** စာ ၂၀၀] "သဃ်ဘ္ဍမ္ဘိယ် ဟုရကာ အတိအထောင် ပိယ် ဟု ထုယ်တာဝ်ခ္ဍပိယ်အော်" [**၁၂၁၉ စုနစ်ထိုး – သုစမိန်ကျောက်စာ** ] "နှုတ်ရွှေချိုမြ၊ ပီယဝါစာ၊ ထွေတော်သာလည်း၊ ဖွယ်ရာယဉ်မြေ့၊ ပြည်ကြီးလှေဖြင့်" [**တရုတ်သံ၊** စာ ၃၈]

**ထွက်နုပ်** *(မွန်၊ ထွထ္ဍု)* – အစားအစာ ရိက္ခာ ပစ္စည်းပေးကမ်းခြင်း [**မြန်ဖွင့်၊** ပ၊ စာ ၂၉၂နှင့် **ယုဒသန်၊** စာ ၃၃၄]

# ဒ

**ဒမရဟတ္ထ** *(ပါ)* – လက်သန်းနှင့် လက်ညှိုးဖြင့် စည်ငယ်ကလေး တစ်ခုကို ညှပ်ထားပြီး လက်ခလယ် နှင့် လက်သူကြွယ်နှစ်ချောင်းကို လက်မဖြင့် ဖိထားဟန် (သဘင် ဂီတ အနုပညာသည်တို့ ပူဇော် ကိုးကွယ်သော ရုပ်တုမျိုး ဖြစ်သည်ဟု ဆို၏။) [**မှုဩ၊** စာ ၅၇]



ဒမရဟတ္ထ

**ဒမိဠ** *(ပါ)* – အိန္ဒိယ တောင်ပိုင်းတွင် နေထိုင်သော တမီလ်လူမျိုး (Tamil) [**ရခိုင်ရာသစ်၊** ပ၊ စာ ၁၉၁]

**ဒရာဘလက်** *(ပြင်သစ်)* – ထရီဗလက် (De Trevelec)

**ဒဝယ်ညှင်း** – အမိုးအုတ်ကျွတ် [**ဝီပွလ္လာ၊** စာ ၁၀၃]

**ဒသမဘာဂ** – ဆယ်ဖို့တစ်ဖို့ [**သမန္တစက္ခု၊** ၃၊ စာ ၁၀၁] "ဒသမဘာဂ ဆယ်ဘို့တဘို့ကိုလည်း...အခွန်ဘဏ္ဍာပေးရသည်" [**အုပ်ချုပ်၊** တ၊ စာ ၅၉]

**ဒသမဘာဂကပ္ပိယလပ်** – သာသနာတော် အတွက် ထမ်းဆောင်ရသည့် ဆယ်ဖို့ တစ်ဖို့ အခွန်တော် [**အုပ်ချုပ်၊** ၃၊ စာ ၂၂၆ နှင့် **ယုဒသန်၊** စာ ၁၇၄]

**ဒသရူပဖောင်** – ခြင်္သေ့၊ တိုး၊ နွားလပို့၊ ငါးကြင်း၊ မြင်း၊ ဆင်၊ မကာရ်း၊ သမင်၊ ကျွဲ၊ ကရဝိက် ဟူသော သတ္တဝါဆယ်မျိုးတို့၏ အစိတ်အပိုင်းပုံဖော်၍ တည်ဆောက်ထားသော ဖောင် [**ရွှေဘုံ၊** စာ ၈၂]

**ဒသာဝိမာသ်** – သက္ကရာဇ်ကို တည်၍ ၁၉ ဖြင့် စားသော အခါ ၁၀ ကြွင်းသောနှစ်တွင် လထပ်ရက်ငင်ခြင်း (အဓိမာသ်ခုနစ်ပါးလည်းကြည့်) [ **ပက္ခဒိန်၊** စာ ၆၉]

**ဒဠ္ဋထာမ** *(ပါ)* – မြဲမြံခိုင်ခန့်သော စွမ်းအား [**ဦးဟုတ်၊** စာ ၄၅၃၊ ၄၆၅]

**ဒဠှီကမ္မ** *(ပါ)* – ခိုင်ခံ့မြဲမြံစေခြင်း [**ဦးဟုတ်၊** စာ ၄၆၅] "သာသနာတော် ဆိုသည့် အရာလည်း ရေမြေသနင်း ပြည့်ရှင်မင်းကို အမှီရမှ ဒဠှီကမ္မ တည်တန့်နိုင်ရာသည်" [ROB, IX, p.65]

**ဒါကါစား** – ဒက္ကား (Dacca)မြို့စား [**ညေသစ်၊** စာ ၁၁၂]

**ဒါတ္ထုလှေ** (တမီးလ် – tonduga) – အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်ကျွန်းတွင် အသုံးပြုသော တန်တူကလှေမျိုး (ထိုလှေကို ဒိုနီလှေဟုလည်း ခေါ်သည်။ ဝမ်းပြားလှေ

ဖြစ်သည်။) [Hobson, p. 323] "ရန်ကုန်က ဒါတူလေ့တွင် စီး၍ နေပြည်တော်သို့ ရောက်ပါသည်" [**မေးတော်ဖြေ၊** စာ ၅၁၈]

**ဒါနမုဒြာ** *(ပါ+သက်)* – လက်ဝါးနှစ်ဖက်ဖြစ်စေ၊ တစ်ဖက်ဖြစ်စေ အပြင်ဘက်သို့လှန်၍ အောက်သို့ စိုက်ချထားသည့်ဟန် (အလှူပေးဟန်၊ ကောင်းချီးပေးဟန် ဖြစ်သည်။ဝရဒမုဒြာ ဟန် နှင့်လည်း ဆင်ဆင် တူသည်။ ဥစ္စာ ရွှေ ငွေ နှင့် လက်ဆောင် ပဏ္ဏာ ရလိုသူတို့ ကိုးကွယ်သော မုဒြာ ဖြစ်သည် ဟု ဆို၏။) [**မုဒြာ**– စာ ၅၇–၈]



ဒါနမုဒြာ

**ဒါသီဘရိယာ** *(ပါ)* – ကျွန်မက မယား ဖြစ်လာသော မိန်းမ [**မနု** ၁၄၊ စာ ၂၀၇]

**ဒိဋ္ဌဓမ္မ** *(ပါ)* – မျက်မှောက်ဘဝ၊ ပစ္စုပ္ပန်ဘဝ [**ဦးဟုတ်၊** စာ ၄၆၉] "ဘုန်းတော်ကြီးခြင်း၊ သက်တော်ရှည်ခြင်း စသော...ဒိဋ္ဌဓမ္မအကျိုးနှင့်တကွ" [**လွှတ်တော်မှတ်၊** စာ ၁၉၄]

**ဒိဋ္ဌာနုဂတိ** *(ပါ)* – မိဘ ဆရာတို့၏ အပြုအမူကို နည်းယူလိုက်နာခြင်း၊ မြင်ရသော အပြုအမူကို အတုယူလိုက်နာခြင်း" [**ဦးဟုတ်၊** စာ ၄၆၉]

**ဒိဋ္ဌိဝိစိကိစ္ဆာ** *(ပါ)* – သို့လောသို့လော ယုံမှားမှု၊ ယုံမှားတွေးတောသောအမြင် [**ဦးဟုတ်၊** စာ ၄၇၀၊ ၈၇၄]

**ဒိဋ္ဌု** – တိတ္ထုံကြည့်ပါ။

**ဒိတ္တာ** *(ပါ–ဒိတ္တ)* – တောက်ပသည်။ [**ဦးဟုတ်၊** စာ ၄၇၀]

**ဒိဋ္ဌိကာ** – ကောက်ယူ၍ မွေးစားသော သား သမီး [**မနုကျယ်၊** စာ ၃၁၀]

**ဒီဃနိကာယ်** *(ပါ)* – မြတ်စွာဘုရား ဟောကြားတော်မူသည့် ရှည်လျားသော တရားတော် [**မြင့်** ]

**ဒီဃ၊ ရဿ၊ ဠုဝဏ်၊ ဥဝဏ်၊ နိဂ္ဂဟိတ်** *(ပါ)* – ဒီဃ–အသံရှည်သောသရ၊ ရဿ–အသံတိုသောသရ၊ ဠုဝဏ်–ဠ ဤဟူသော အက္ခရာ၊ ဥဝဏ်–ဥ၊ ဦ ဟူသော အက္ခရာ၊ နိဂ္ဂဟိတ်–သေးသေးတင် [**မြင့်** ]

**ဒီဃာယုက** *(ပါ)*–အသက်ရှည်ခြင်း [**ဦးဟုတ်၊** စာ ၁၇၃၊ ၄၇၄]


**ဒီဃာယုကသံဝဋ္ဋနိက** *(ပါ)* – အသက်ရှည်ခြင်းကို ဖြစ်စေသည်။ [**မြင့်** ]

**ဒီလီပဆာမင်း** – ဒေလီမြို့ရှိ မဂိုဘုရင်ထံ သစ္စာခံ၍ အုပ်စိုးသောမင်း။ "ဒီလီပဆာမင်းသည် ရုံပြည်သို့ဝင်၍ ပြေးလေသည်" [**စည်သစ်၊** စာ ၁၂၁]

**ဒုကရတိုင်း** *(ပါ)* – ထားဝယ်ပြည် [ROB, VIII, p. 394]


**ဒုနိုင်မြို့** – ဗီယက်နမ်နိုင်ငံ ဒွန်နန်းမြို့ (Don Nang) [ROB, X, p. 113]

**ဒုရင်** (ကျောက်–တုယင်) – (၁) ခေါင်း၏ရင်နှင့်တူသော အဆင် တန်ဆာ [**အုပ်ချုပ်၊** ပ၃၊ စာ ၆၂] (၂) လက်ဖျား၊ လက်ရင်း၊ လည်ကုပ်၊ ကိုယ်ထည်စသည်တို့၌ အချွန် အတက်၊ အမွှမ်း အပြောက်များ ပြုလုပ်ထားသည့် အင်္ကျီ၊ သင်တိုင်း [**မြန်စာန်၊** စာ ၁၇၇] "သိခင်ကိုပူဇော်သကာ ဆင်လည်းတစီ၊ မြင်လည်းတစီ၊ တုယင်လည်းတထည်လွှမ်၏" [**၁၀၅၆ခုထိုး လက်သည်းရှည်ဘုရားကျောက်စာ** ]



ဒုရင်

**ဒူးလေး** – လေးကိုင်း အလယ်တွင် လေပြင်း တပ်၍၊ ထိုလေပြင်း ပေါ်တွင် မြားတင်ကာ ခလုတ်နှင့် ပစ်ခတ် ရသော လေး [**ဗိမ္ဗလ္လာ** ၁–စာ ၂၈၀–၁]



ဒူးလေး

**ဒူးလမ်း** – ရွှေမြို့တော်အတွင်း ဖွဲ့စည်းထားသော တစ်ပြပတ်လည်ဝင်း၊ တစ်ခြမ်းဝင်း၊ တစ်စိတ်ဝင်း တို့၏ အကြားရှိ လမ်းတို့။ "ယင်းသည့် အခန်းတော်အနောက်တောင် မြောက် ဒူးလမ်းသို့ထွက်သည့် တံခါးကထွက်သွား..." [**ကုန်းဆောင်၊** တ၊ စာ ၆၃၅]

**ဒေယျဓမ္မပဏ္ဏာကာရ** *(ပါ)* – လှူဖွယ်ဝတ္ထုနှင့် လက်ဆောင်ပဏ္ဏာ [**ဦးဟုတ်၊** စာ ၄၈၄၊ ၅၉၃]

**ဒဓ** *(ပါ)* – (၁) နတ် (၂) နတ်စစ်သည်နှင့် တူသော မင်းမှုထမ်းကို အပ်နှင်းသည့်ဘွဲ့အမည် (နတ်စစ်သည်

နှင့်တူ၍ ရဲရင့်သော မှူးမတ်ကို ဒေဝသူရ၊ နတ်စစ်သည်ကဲ့သို့ ကျော်စောထင်ရှားသော မှူးမတ်သူရဲကောင်းကို ဒေဝကျော်ထင်၊ နတ်စစ်သည်ကဲ့သို့ ရဲရင့်၍ ဘုန်းကျက်သရေရှိသော မှူးမတ်ကို ဒေဝသီရိ၊ နတ်စစ်သည်ကဲ့သို့ ခုန်ပျံတိုက်ခိုက်နိုင်သော သူရဲကောင်းကို ဒေဝပျံချီ ဟူသော ဘွဲ့များ ပေးလေ့ရှိသည်။) [**သီနွှာ**၊ စာ ၃၆၄]

**ဒေဝနာဂရီ** - ဒေဝနာဂရီ ခေါ် သက္ကတစာ (နတ်ပြည်တွင်သုံးသောစာဟု အဓိပ္ပါယ်ရသည်။) [Hobson, p. 613 ရှိ Nagaree ကိုလည်း ကြည့်]

**ဒေဝီကတ်** - အိန္ဒိယနိုင်ငံ မဒရပ်မြို့ အနီးရှိ ဒေဝီကိုတ Devicottah မြို့ [ROB, X, p. 113]

**ဒေဝီဆာပါ** - အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်း မဒရပ်မြို့ အနီးရှိ ဒေဝီကိုတ (Devicottah) တွင် ရက်လုပ်သည့် ပိုးခြုံထည်၊ ပိုးပဝါ [**မြန်မွှင်**၊ ၃၊ စာ ၁၈၅ နှင့် ROB, X, p. 113]

**ဒေဝေါ်ဣန္ဒ** *(ပါ)* - နတ်သိကြား [**ဦးဟုတ်**၊ စာ၁၉၄၊ ၄၈၄]

**ဒေဝည်** - ကပ္ပတိန် ဒေးဗီး(စ်) Captain Davies (ပဒုံမင်း လက်ထက် ၁၈၀၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန် ဆိပ်ကမ်းသို့ ပထမဆုံး ရောက်လာသော အမေရိကန်လူမျိုး) [ROB, V, p. 1031]

**ဒေသတစ်ဆယ့်နှစ်ပါး** - (၁) နိုင်ငံ (၂) ပြည် (၃) မြို့ (၄) တိုင်း (၅) ရွာ (၆) ဇနပုဒ် (၇) နိဂုံး (၈) ဈေး (၉) သဘင် (၁၀) ရေဆိပ် (၁၁) ကူးဆိပ် (၁၂) တည်လဲ [ROB, X, p. 113]

**ဒေးဝန်း** *(ပါ-ဒေဝန)* - အရောင်းအဝယ်မှ ကောက်ခံသော အခွန်အကောက်၊ ရောင်းဝယ်ခြင်း [**ဦးဟုတ်**၊ စာ ၄၈၅]

**ဒေးဝန်းတိုက်** - အကောက်တော်တိုက် (အခွန်တော်ကောက်ခံသောရုံး) [ROB, V, p. 941]

**ဒေါဏ** *(ပါ)* - လေးပြည်

| | | | |
|---|---|---|---|
| လေးဆုပ် | = ၁ ကခွဲ | | |
| ၄ကခွဲ | = ၁ ကွမ်းစား | = ၁ စလယ် | |
| ၄ ကွမ်းစား | = ၁ ပြည် | | |
| ၄ ပြည် | = ၁ ဒေါဏ | = ၁ စိတ် | |
| ၄ ဒေါဏ | = ၄ စိတ် | = ၁ တင်း | |
| ၄ တင်း | = ၁ ခါရီ | | |
| ၂၀ ခါရီ | = ၁ ဝါဟ | = ၁ လှည်း | |

[**သမ္ဗန္ဓကျေ**၊ ၃၊ စာ ၉၅-၁၀၀]

**ဒေါဒေါရသ** - အဓာတသတ်မင်း ဖြို၍ ရေတွက်ခဲ့သော ၆၂၄ ခုနှစ်ကို သရေခေတ္တရာမင်း သုမုန္ဒရီက အကြွင်း (၂)ခုထား၍ ဖြိုခဲ့သော ၆၂၂၏ စာချိုး (ဒေါ=၂၊ ဒေါ=၂၊ ရသ=၆၊ ပြောင်းပြန်ဆိုလျှင် ၆၂၂ ဖြစ်သည်။) [**ရာဇဝင်ရာသစ်**၊ ပ၊ စာ ၂၇၅-၇ နှင့် **သုသော**၊ ပ၊ စာ ၁၇၈]

**ဒေါဗညား** - မွန်အမှူးအမတ်[ROB, III, p. 147]"ထိုနောက် မွန်မှူးကြီးမတ်ကြီး၊ ထိုနောက်... မွန်မှူးမတ် ဒေါဗညား ...အငြိမ့်တီးမှုတ်၍ပါသည်" [**ကုန်းဘောင်**၊ ပ၊ စာ ၂၁၈]

**ဒေါဘယား** - သေည်ဝိဘွား သို့မဟုတ် စော်ဘွားထံ ခစား ထမ်းရွက်သော အမတ်ကြီး။ "ဝန့်ရှင်တော် စစ်သူကြီးမင်းများ ကြားလိုက်သည်။ ကျိုင်းတုံစော်ဘွား ဒေါဘယားအမတ်တို့." [**လွှတ်တော်မှတ်**၊ စာ ၁၄၂]

**ဒေါမား** - အိုးကြီး [**ရွှေမြန်**၊ စာ ၉၁ နှင့် **တွင်းသင်းထော**၊ စာ ၃၆] "ရွှေလျက်ညိုးညီး၊ အိုးကြီးဒေါမား" [**မနက**၊ ၂၊ စာ ၂၇]

**ဒေါင္ဂကရဏာမင်္ဂလာ** *(ပါ)* - ပခက်တင် မင်္ဂလာ အခမ်းအနား [**ရွှေနန်းသုံး**၊ စာ ၂၃၈] "သားတော်မြတ်ရတနာကို မြပုခက်ထေယင် တင်တော်မူခြင်း-ဒေါင္ဂကရဏာ မင်္ဂလာသဘင်" [**ကုန်းဘောင်**၊ တ၊ စာ ၅၂၉]

**ဒေါကလပ်စတော်ကိုင်း** *(အင်္ဂလိပ်)* - ဒေါက်ဂလပ်ဂျက်ဂါ (Douglas Jagger) [ROB, X, p. 114]

**ဒေါဂေါရနီ** *(ပြင်သစ်)* - ၁၈၅၂ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်လာပြီး မင်းတုန်းမင်း (၁၈၅၃-၇၈)ထံ ခစား ထမ်းရွက်သဖြင့် ၁၈၅၄ခုနှစ်တွင် နေမျိုးသီရိဇေယျာဘွဲ့ ရခဲ့သော ပြင်သစ်လူမျိုး D' Orgoni (ဒေါဂေါရနီ၏ ငယ်မည်မှာ လူဝီချားလ်ဂီရီဒွန် ဖြစ်သည်။) [**လွှတ်လစ်ရေး**၊ ၁၊ စာ ၄]

**ဒိုပဋ္ဋာ** - ပုဆိုးမ ဝတ်ဆင်သောအဝတ် (do-pattay) [ROB, X, p. 114]

**ဒက်** - (၁) စလွယ်နှစ်သွယ် ဆုံရာတွင် ချည်နှောင်ဆင်ယင်ထားသော တန်ဆာ [**နန်းမူ**၊ ၂၊ စာ ၂၄] (၂) ရွှေ ငွေ စိန် ကျောက်တို့ဖြင့် ခြယ်လှယ် စီရင်ရသော ဘယက်ကဲ့သို့သောရင်လွှမ်းတန်ဆာ [**မြန်စာန်**၊ စာ ၁၇၈] "ဖြူညက်နုရှု၊ ရွှယ်တမျှပင်၊ ဒက်လှရင်ရစ်၊ နားထွင်းသစ်ချည်း" [**သုစာ**၊ စာ ၃၄]

**ဒဂ္ဂိုဏာသာဓါ** - မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းခက်မဖြင့်လည်းကောင်း၊ ထိုဂိုဏ်း၏ အစေ့မှ အပင်ပေါက်လာသည့် မဟာဗောဓိသားဖြင့် လည်းကောင်း ထုလုပ်သည့် ဗုဒ္ဓ၏ရုပ်တုတော် [**သမ္ဗန္ဓကျေ**၊ ၃၊ စာ ၁၀-၁၂]


**ဒုက္ကရစရိယာ** *(ပါ)* – ခဲယဉ်းစွာ ကျင့်ရသောအကျင့် [**ဦးဟုတ်၊** စာ ၄၇၅]

**ဒုက္ကဋ်အာပတ်** *(ပါ – ဒုက္ကဋ + အာပတ္တိ)* – မကောင်းမှုပြုသဖြင့်ကျရောက်သောအပြစ် [**ဦးဟုတ်၊** စာ ၁၆၇၊ ၄၇၅]

**ဒုဂ္ဂတိ** *(ပါ)* – မကောင်းမှုပြုသူတို့ ရောက်ရှိရာ အပါယ်ဘုံ [**ဦးဟုတ်၊** စာ ၄၇၇] "အနိစ္စ ရောက်လေသော်လည်း၊ ဒုဂ္ဂတိသို့ လားရာလေသည်" [**မှန်နန်း၊** ပ၊ စာ ၂၀၇]

**ဒေါင့်ခြံ** (ဒေါင်းခြံ) – ဝါးကို စိတ်ဖြာ၍ အကွက်အကွဲ ရက်ထားသော အကာအရံ [**မြန်မွှင့်၊** ဖြည့်၊ စာ ၂၃၀] "ရွှေနန်းတော်ကသည် ကောင်းမှုတော် တိုင်အောင် လမ်းနှစ်ဘက်မြှောင်ကို ဒေါင်းခြံကာစေ၍ ၄က်ပျောပင် ကြံပင် စိုက်စေပြီးလျှင်" [**မှန်နန်း၊** တ၊ စာ ၄၁]

**ဒေါင်းပေါင်** – (ဒေါင်း၏ပေါင်သဏ္ဍာန် ပြုလုပ်ထားသော ခြေသုံးချောင်း တပ်သော) ဇျပ် [**မြန်တန်၊** စာ ၁၈၀]



ဒေါင်းပေါင်

**ဒေါင်းမြီးဘုတ်** – ဒေါင်းမြီးဖြင့် ပြုလုပ်ထားသော (ပုတ်ခတ်ရန်) ယပ် "ရွှေသားသေတ္တာလုံးရေတစ်၊ ဒေါင်းမြီးဘုတ်စင်းရေ ငါးများကို ရှိခိုးလက်ဆောင်တော် အဖြစ်ဆက်သည်" [**ကုန်းဆောင်၊** တ၊ စာ ၇၀၃]

**ဒေါင်းရွှေ** – ဝါးကို စိတ်ဖြာ၍ သရိုင်၊ ဖျာ၊ တောင်းရက်လုပ်သောအလုပ် [**အုပ်ချုပ်၊** စ၊ စာ ၈၄]

**ဒေါင်းလန်း** – နှီးဖြင့်ရက်၍ သရိုးကိုင်ပြီး ဟင်္သာပြဒါးသုတ်လိမ်းထားသော ဇန်းကြီး [**ယုဒသန်၊** စာ ၅၄၉]

**ဒိုင်တော်ကြီး** – မင်းဧကရာဇ်နှင့် မိဖုရားခေါင်ကြီးတို့၏ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်များ [ROB, X, p. 114]

**ဒိုင်တော်လေး** – ဘုရင့်ဆွေတော် မျိုးတော်များ [ROB, X, p. 114]

**ဒိုင်း** – (၁) ရန်သူ့လက်နက်ကို ကာကွယ်ရန်နှင့် ရန်သူ့ဆင် မြင်းများကို ခြောက်လှန့်ရန်အတွက် ကိုင်ဆောင်သည့် လက်နက် (ဒိုင်းမှာ အဝိုင်းပုံ ဖြစ်သည်။) (၂) အိမ်ခေါင်လျှောက်နှင့် လက်ခံလျှောက် တို့ကို ဆက်သွယ်သောတန်း [**မြန်တန်၊** စာ ၁၈၁]

**ဒိုင်းခေါင်း** – ဒိုင်းကိုင် အမှုထမ်းတို့၏ ခေါင်းဆောင် (မြို့သူကြီးနှင့် အဆင့်တူသည်။) [**အုပ်ချုပ်၊** စ၊ စာ ၇၃]

**ဒိုင်းတော်တန်း** – မြဲတိုက်အနီးတွင်ရှိ၍ မြဲတိုက်ကစေခိုင်းရာ နာခံဆောင်ရွက်ရသော အချုပ်ခန်း (တန်း ၁၃တန်းလည်းကြည့်) ဒိုင်းတော်တန်း အမှုထမ်းများမှာ ကြိုးကြိမ်ကိုင်၍ ကြမ်းတမ်းစွာ ဆက်ဆံသူများ ဖြစ်သည်။ [**အုပ်ချုပ်၊** စ၊ စာ ၂၀]

**ဒုဋ္ဌပုရတိုင်း** – ပိဿနိုးမြို့ တည်ရှိရာဒေသ [**တောင်တွင်း၊** စာ ၂၇]

**ဒဏ်ဆယ်ပါး** – (၁) ဖရုသဝေဒနာ– ဦးခေါင်းကိုက်ခဲသည့် ရောဂါကပ်ရောက်ခြင်း (၂) ဟာနိ–စည်းစိမ်ဆုတ်ယုတ်ပျက်စီးခြင်း (၃) သရီရဘေန – ကိုယ်အင်္ဂါပျက်စီးခြင်း (၄) ဂရုကာဗာဓ – ဆေးကု၍မရသော အနာရောဂါကပ်ရောက်ခြင်း (၅) စိတ္တက္ခေပ – ရူးသွတ်ခြင်း (၆) ရာဇူပသဂ္ဂ – မင်းဘေး မင်းဒဏ် သင့်ခြင်း (၇) ဒါရုဏာဗ္ဘက္ခာန–စွပ်စွဲခံရခြင်း (၈)ဉာတိပရိက္ခယ–ဆွေမျိုးပျက်စီး ပြုန်းတီးခြင်း (၉) ဘောဂပဘင်္ဂ – စည်းစိမ်အခြွေအရံပျက်စီးခြင်း (၁၀) အာဂါရဂ္ဂိဒဟန–နေရာ၊ တိုက် အိမ် မီးသင့်လောင်ခြင်း [**သုတေသန၊** စာ ၂၆၂]

**ဒဏ္ဍာဟတ္ထ** *(ပါ)* – လက်ဝဲလက်ကို ဝမ်းဗိုက်ဘက်သို့ ကွေး၍ တောင်ဝှေးကိုင်ထားဟန် (ဤလက်ဟန်မျိုးဖြင့် ရသေ့နှင့်ပုဏ္ဏားရုပ်များကို ထုလုပ်လေ့ရှိသည်။ စည်းစိမ်ခိုင်မြဲရန်၊ တစ္ဆေနှင့် နတ်မိစ္ဆာတို့၏ အန္တရာယ်ကို ကာကွယ်ရန်အတွက် ဤရုပ်တုမျိုးကို ပူဇော်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၅၈–၉]

**ဒန်ကွပ်မှန်ပြောင်း** – ဒန်သတ္တုကွပ်၍ စီမံပြုလုပ်ထားသော မှန်ပြောင်း [**ကုန်းဆောင်၊** တ၊ စာ ၂၂၅]

**ဒန္တ** *(ပါ)* – သွားအရပ်၌ ဖြစ်သော အက္ခရာ [ROB, I, p. 222 နှင့် **မြင့်** ]

**ဒန်ပူ** *(တံပူ)* – တမာကိုင်း စသည်တို့ဖြင့် ပြုလုပ်ထားသောသွားတိုက်တံ [**ကိုးစောင်၊** စာ ၃၂၀] "နံနက်စောလု၊ ထတော်မူ၍၊ ဒန်ပူကိစ္စ၊ ပြီးပြီးမှလျှင်"[**သူစာ၊** စာ ၅၈]

**ဒိန္နက** – အခြားသူပစ်၍ထားသောကလေးငယ်ကိုကောက်၍ မွေးသော သား သမီး [**မနုကျယ်၊** စာ ၃၁၂]

**ဒိန်နက်သည်းသင့်ခြင်း** – ပြက္ခဒိန်တွင် တစ်နှစ်လျှင် ငါးကြိမ်၊ တစ်ခါတစ်ရံ ခြောက်ကြိမ် ဒိန်နက်သည်း

ဖြစ်ရာ ထိုသို့ဒိန်နက်သည်း ဖြစ်သောရက်နှင့် သကြ်န် အကျရက်တို့တိုက်ဆိုင်မိခြင်း[**ဒုန်းအဘိဓာန်**၊ ဒ အက္ခရာ]

**ဒုန်း** *(ရခိုင်)* – အမျိုးဖျက်သောသူ [**ရခိုင်ညွှန်**၊ စာ ၁၅၉]

**ဒုဗ္ဗသမ္ဘာရပါရမီ** *(ပါ)* – ဆည်းပူးအပ်သော ပါရမီ အဆောက်အအုံ [**ROB, VIII, p. 388** နှင့် **မြင့်** ]

**ဒုဗ္ဗစ** *(ပါ)* – ဆိုဆုံးမ၍ ခက်ခဲသော ပုဂ္ဂိုလ် [**ဦးဟုတ်** စာ ၄၈၀] "ဒုဗ္ဗစီအရာ၌ တည်သည့် ပုဂ္ဂိုလ်တို့ကို ဂိုဏ်းအတွင်းကထုတ်" [ROB, IX, p.441]

**ဒမ္မီသဘော်** – အလျားပေ (၇၀)ခန့်၊ ဝမ်းဝအကျယ်ပေ (၂၀)ခန့်၊ ဇောက်အနက် (၁၂)ပေခန့်ရှိသော (အိန္ဒိယ နိုင်ငံ တောင်ပိုင်းသားတို့ သုံးစွဲသော) ရွက်သင်္ဘော Doney ဖြစ်ဖွယ် ရှိသည်။ [Hobson, p. 323] "ပသိ ရွက်ဒမ္မီ သင်္ဘောတွင် ဗောဓိပင်ကို တင်၍" [**မေးတော် ဖြေ**၊ စာ ၆၇၅]

**ဒုံမင်း** – (၁) ရေးခေတ် လေမှုတ် တူရိယာ တစ်မျိုး [**မြန်မွှင်**၊ ပြည်၊ စာ ၁၅၇] (၂) ယခုခေတ် ကြိုးတပ် တူရိယာတစ်မျိုး [**မြန်စာန်**၊ စာ ၁၈၂] "မိုးနယ်အုန်းအင်း၊ ဒုံမင်းအုတ်အုတ်၊ နှစ်စီမှုတ်လျက်" [**ရေက** ၊ စာ ၉၄]

**ဒုံး** – လှေနံနှစ်ဖက်တွင် စပ်တင်ထားသော လောင်းလှေ ကြီး [**ယုဒသန်**၊ စာ ၅၄၆]

**ဒုံးချင်း** – ပျော်ပွဲရွှင်ပွဲအဖြစ် သစ်တုံးထန်းတုံးကို အခေါင်း ထွင်း ယမ်းသွတ်၍ စနက်တံတပ်ကာ မီးရှို့ပစ်လွှတ်ရာ တွင် သီဆိုရန်အတွက် ဟာသရသဖြင့် ခပ်ကြမ်းကြမ်း ရေးစပ်သော သီချင်းကဗျာ [**ဦးပုည**၊ စာ ၈၇-၉၁]

**ဒုံးပွဲစက်ပွဲ** – အခေါင်းထွင်းသစ်လုံးအတွင်း ယမ်းများ ဖြည့်၍ မီးရှို့ပစ်လွှတ်ခြင်း၊ မီးရှူးမီးပျံ ပစ်လွှတ်ခြင်း၊ မြင်းစီးစက်ထိုးခြင်း ပြုသော ပျော်ပွဲရွှင်ပွဲ [**ယုဒသန်**၊ စာ ၃၄၁၊ ၅၄၆ နှင့် **ဒုံးချင်း**၊ စာ င] "ဝါခေါင်လလှေပွဲ၊ တပေါင်းလ ဒုန်းပွဲ၊ စက်ပွဲ၊ နှစ်စဉ်ပွဲသဘင်ခံစေ" [ROB, VIII, p.559]

**ဒုလ္လဘတရားငါးပါး** – ရခဲ ဖြစ်ခဲ ကြုံခဲသော အဖြစ် ငါးရပ် (၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘ – ဘုရားအဖြစ်ကို ရခဲခြင်း (၂) မနုဿတ္တဘာဝဒုလ္လဘ – လူ့ဘဝ လူ့အဖြစ်ကို ရခဲခြင်း (၃) သဒ္ဓါသမ္ပတ္တိဒုလ္လဘ – ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သည့် စိတ်ဓာတ်ကို ရခဲခြင်း (၄) ပဗ္ဗဇိတဘာဝဒုလ္လဘ – ဘုရား သာသနာတွင်း၌ ရှင်သာမဏေ ရဟန်း ပဉ္စင်း အဖြစ်ကို ရခဲခြင်း (၅) သဒ္ဓမ္မသဝနအတိဒုလ္လဘ – သူတော်ကောင်း တို့၏ တရားစစ် တရားမှန်ကို ကြားနာရခဲခြင်း [**သုစမှတ်**၊ စာ ၁၅၀-၁]

**ဒွါဒသရူပဖောင်** – ခြင်္သေ့၊ တိုး၊ နွားလပို့၊ ငါးကြင်း၊ မြင်း၊ ဆင်၊ မကာရ်း၊ ကရဝိက်၊ သမင်၊ ကျွဲ၊ ကိန္နရာ၊ စာမရီ ဟူသော သတ္တဝါဆယ့်နှစ်မျိုးတို့၏ အစိတ် အပိုင်းပုံ ဖော်၍ တည်ဆောက်ထားသောဖောင် [**ရွှေဘုံ**၊ စာ ၈၂]

**ဒွါဒသင်း** – တစ်ရာသီ သို့မဟုတ် တစ်လကို ၁၂စိတ် စိတ်၍ ပိုင်းခြားသောအချိန် (၁၂ရာသီ သို့မဟုတ် တစ်နှစ်လည်ပတ် မိသောအခါ ဒွါဒသင်းပေါင်း ၁၄၄ ဖြစ်လာသည်။) [**ရွှေဝတီ**၊ စာ ၁၆၆]

**ဒွါရ** *(ပါ-ဒွါရံ)* – အပေါက်၊ တံခါးပေါက် (တံခါးမှူး၊ တံခါးစောင့် မင်းမှုထမ်းတို့အား ဒွါရ ပါသောဘွဲ့များ ပေးလေ့ရှိသည်။) [**လီနတ္ထ**၊ စာ ၃၁၈]

**ဒွါရာဝတီ** – (၁) အရပ်လေးမျက်နှာမှ လူအပေါင်းတို့ ထွက်ဝင်သွားလာနိုင်သောမြို့ [သံတွဲမြို့] (၂)ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ အနောက်မြောက်ဘက် ၄၃မိုင် (၆၈.၈ ကီလိုမီတာ)ခန့် အကွာတွင်ရှိသည့် နကောင် ပထုမ်မြို့ (Nakhon Pathom) ဝန်းကျင် ဒေသ (ပညာရှင်များစွာတို့ကမူ ထိုင်းနိုင်ငံရှိ ဒွါရာဝတီသည် မြို့မဟုတ်ဘဲ နကောင်ပထုမ်၊ အယုဒ္ဓယ၊ လဝပူရ စသော မြို့တို့ ပါဝင်သော ဒေသတစ်ဝိုက်တွင် သရေခေတ္တရာခေတ်၊ ပုဂံခေတ်တို့နှင့် အပြိုင်ထွန်းကား ခဲ့သော ယဉ်ကျေးမှု စည်ပင်ရာဒေသ သို့မဟုတ် နိုင်ငံ၏အမည် ဖြစ်သည်ဟု ယူဆကြ၏။ အလောင်း မင်းတရား လက်ထက်တွင် အယုဒ္ဓယဝန်းကျင်ဒေသ တစ်ခုလုံးကို အုပ်စိုးသောမင်းအား **ဒွါရာဝတီမင်း** ဟု ရေးသားဖော်ပြကြောင်းအမိန့်တော်များတွင်တွေ့ရသည်။ ဆင်ဖြူရှင်(၁၇၆၃-၇၆) လက်ထက်တွင် အယုဒ္ဓယ မြို့ကို ဒွါရာဝတီဟု ခေါ်သည်။ [**ကုန်းဘောင်**၊ ပ၊ စာ ၄၀၂၊ ၄၀၈၊ **ညသစ်**၊ စာ ၁၉၊ Thai Culture, pp. 11-2, ROB, III, pp. 245, 263, 265]

**ဒွါရာဝတီမြို့ပျံ** – ရန်သူ ဝိုင်းရံလျှင် ကောင်းကင်သို့ ပျံတက်သဖြင့် ပျံ၍မတက်နိုင်အောင် **သံ** ချောင်းတို့ဖြင့် **တွဲ** ထားသော အခါတွင်မှ ထိုမြို့ကို အောင်မြင်သည် ဟူသော အဆိုရှိသည့် သံတွဲမြို့ [**ညသစ်**၊ စာ ၁၉]

**ဒွါလောင်းလှေ** – ဦးတွင်လှေပုံနှစ်ခု၊ ပဲ့တွင် လှေပုံနှစ်ခု ပုံစံဖြင့် တည်ဆောက်ထားသောလှေ [**ရွှေဘုံ**၊ စာ ၇၂]

**ဒွေပုပ္ပါကာရ** - မယားနှင့် ပါလာသော သား သမီး၊ လင်နှင့်ပါလာသော သား သမီး [**မနုကျယ်**၊ စာ ၃၁၀]

**ဒွေဝါဒိကသရဏဂုံ** *(ပါ)* - ဘုရားနှင့် တရား နှစ်ပါး တည်းသာ ရှိသော သရဏဂုံ [**သာသနာ**၊ စာ ၂၄]

**ဒွေအင်္ဂကေကော** - သာသနာနှစ်နှင့် မြန်မာသက္ကရာဇ် တို့ ကွာခြားသော နှစ်ပေါင်း ၁၁၈၂ခုနှစ် (သာသနာနှစ်မှ ၁၁၈၂နှစ်ကို နုတ်သော် မြန်မာသက္ကရာဇ်ကို ရသည်။ မြန်မာသက္ကရာဇ်တွင် ၁၁၈၂ ကို ပေါင်းသော် သာသနာနှစ်ကို ရသည်။ [**သမ္ဘန္တကျေ**၊ ၁၊ စာ ၁၉]

**ဒွေးမာတိကာ** *(ပါ)* - နှစ်ခုသော ပါတိမောက်။ (၁) ဘိက္ခုပါတိမောက် - ရဟန်းများ ကျင့်ရသော ဝိနည်းသိက္ခာပုဒ်များ (၂)ဘိက္ခုနီပါတိမောက်-ရဟန်းမိန်းမများ ကျင့်ရသော ဝိနည်းသိက္ခာပုဒ်များ [**မြင့်** ]

**ဒွတ္တိံသကမ္မကာရဏ** *(ပါ)* - သုံးဆယ့်နှစ်ပါးသောနည်းဖြင့် ညှင်းပန်းနှိပ်စက်ခံရသော ကြမ္မာ [**မြင့်** ]

## ဓ

**ဓဟောတာ** *(ပါ)* - စစ်မြေပြင်တွင် ဖမ်းဆီး ရမိသော သုံ့ပန်းကို မယားပြုသောဇနီး [**မနု** ၁၄၊ စာ ၂၀၇]

**ဓညဝတီ** - (၁) ဆန်စပါး ပေါများသောမြို့ (စပါးမိုးရွာသောမြို့) [**ဓညသစ်**၊ စာ ၃၆] (၂) ယခု ကျောက်တော် မြို့နယ်ရှိ မဟာမုနိဘုရားကုန်းတော်၏ တောင်ဘက်တွင် ကပ်လျက် တည်ထွန်းခဲ့သော ရှေးရခိုင်မြို့တော် [**ရခိုင်သုံ**၊ စာ ၄၁-၂] (၃) မြောက်ဦးမြို့ [**ကုန်းဆောင်**၊ ၁၊ စာ ၉ နှင့် ROB, VI, p.470]

**ဓနု** *(ပါ)* - လေး (လေးစွဲကိုင်သောသူရဲကောင်း မင်းမှုထမ်းတို့အား ဓနုဘွဲ့တပ်၍ ခေါ်ဝေါ်သည်။ သူရသတ္တိနှင့်ပြည့်စုံသော လေးသည်တော်အား **ဓနုသူရ**၊ လေးစွဲကိုင်သော ဗိုလ်မင်းအား **ဓနုရာဇာ**၊ အကျော်အမော် လေးသည်တော်အား **ဓနုကျော်ခေါင်** ဟူသော ဘွဲ့အမည်များ ပေးလေ့ရှိသည်။) [**လိနတ္ထ**၊ စာ ၃၅၂]

**ဓနုကွက်** - အဆင်တန်ဆာအဖြစ် ရေးခြယ်ထုလုပ်ပြီးနောက် ကျန်ရှိနေသော နေရာလွတ် [**မြန်မာမှု**၊ စာ ၈]

**ဓနုဆောင်** - နန်းတော် နှင့် ဘုန်းကြီးကျောင်းတို့တွင် အဆောင်ကြီး နှစ်ဆောင်ကို ဆက်၍ ဆောက်လုပ်ထားသော အကာအရံမဲ့ အဆောင်ငယ် [**အဘိဓာန်ကျမ်း**၊ စာ ၁၈၄]

**ဓနုရာသီ** - လေးစွဲသော ယောက်ျားတို့ ကြိုက်နှစ်သက်သော ရာသီ၊ နတ်တော်လ၊မိဂသီနက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် နိဝင်ဘာလ (၂၂)ရက်နေ့ခန့်မှ ဒီဇင်ဘာလ (၂၁)ရက်နေ့ခန့်အထိ ဖြစ်သော ကာလ [**မဟာမုနိ**၊ စာ ၄၁၄]

**ဓနုသိပ္ပ** *(ပါ၊ ဓနု+သိပ္ပ)* - လေးအတတ်ပညာ [**မေးတော်ဖြေ**၊ စာ ၆၂၂]

**ဓနက္ကီတ** *(ပါ)* - ဥစ္စာဖြင့် ဝယ်အပ်သောကျွန်၊ ငွေဝယ်ကျွန် [ROB, V, p.479] "ငွေနှင့်စေခိုင်းသူ ဓနက္ကီတ ကျွန် ဖြစ်၍ အမွေသက်ထိုက်သူမဟုတ်" [**လွှတ်တော်မှတ်**၊ စာ ၁၁၁]

**ဓနက်ပလာဝန်** - ဆင်ရိုင်းကို ကျော့ဖမ်းပြီး ယဉ်ကျေးအောင် သင်ကြား ပေးရသော အမှုထမ်း တို့အား ကြီးကြပ်အုပ်ချုပ် စီရင်ရသောဝန် [**ရွှေနန်းသုံး**၊ စာ ၁၀၉-၁၁]

**ဓရီအစု** - ဖောင်ထိန်း၊ ဖောင်ဖွဲ့အမှုကို လုပ်ဆောင်ကြရသော အမှုထမ်းစု [**ရခိုင်ရာသစ်**၊ ပ၊ စာ ၃၅၅]

**ဓဝယ်ညှင်း** - အမိုးအုတ်ကြွပ် [**ပေါ်ဓာန်**၊ စာ ၄၃]

**ဓါတုကထာ** *(ပါ)* - ခန္ဓာအစ အရဏ အဆုံးရှိသော တရားတို့ကို ဟောပြောခြင်း [**မြင့်** ]

**ဓားနီး** - ထန်းရွက် ထန်းလက် လှီးသောဓား [ROB, X, p. 114]

**ဓားပွင့်** - ထန်းသီးလှီးသောဓား [ROB, IX, p. 114]

**ဓားမဦးချမြေ** - မြေလွတ် မြေရိုင်းတို့ကို သားဘိုးဘတို့က ဓားမဦးချ ခုတ်ထွင်တီကျင်း၍ အစဉ်အဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သောမြေ [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၃၀]

**ဓားရေး ၃၇ မျိုး** - (၁) ဓားချီ (၂) ဓားခင်း (၃)မျက်နှာကာ (၄) ဓားလှ (၅) ဓားလျှိုး (၆) မှောက်ထိုးရပ် (၇)ရင်ခွဲ (၈)အသားလှန် (၉) ဓားခုတ် (၁၀) ဇင်ယော်သုတ် (၁၁) တစ်ဖက်ထိုး (၁၂)ရှေ့လည်း (၁၃)နောက်

လှည်း (၁၄) ရွှေနှုတ်မြွက်ယာလှ (၁၅) ရွှေနှုတ်မြွက် ဝဲလှ (၁၆) စွန်သုတ် (၁၇) ပါးကပ် (၁၈) ပန်းကုံး ဖြတ် (၁၉) ဓားလွှင့် (၂၀) ပန်းကုံးသီ (၂၁) ဆက်ရက် ခုန် (၂၂) မီးတိုင်ပြ (၂၃) ပိုးခြည်လွှား (၂၄) သက်တင် ရေသောက်(၂၅)ရွှေဘယက်လည်လျောက်(၂၆)ဒေါင်းမြီး ကာ (၂၇)ကျားမြီးဆွဲ (၂၈)ဓားရွက် (၂၉)လက်ကောက် ဝတ် (၃၀) မောင်းကပ် (၃၁) ရွှေနှုတ် လည်လျောက် (၃၂) နောက်လည်လျောက် (၃၃) ဓါးသွဲ့ (၃၄)ဓားပြ (၃၅) တစ်ဖက်နုတ် (၃၆) နှစ်ဖက်နုတ် (၃၇) နောက် လှည့် [**သုတေသန၊** စာ ၂၇၉]

**ဓားလိုက်** – ဓားဆောင်၍လိုက်ရသော အမှုထမ်း [**ယုဒသန်၊**- စာ ၅၁၉]

**ဓိမှိုင်း** – အကြီးအကဲ၊ အကြီးအမြတ် [**ရွှေမြန်၊** စာ ၉၄]

**ဓုရနှစ်ပါး** – ရဟန်းတော်များ ဆောင်ရွက်ရန် တာဝန် နှစ်ရပ် -(၁) ဂန္ထဓုရ – ကျမ်းဂန်စာပေ သင်ကြားခြင်း (၂) ဝိပဿနာဓုရ – ကမ္မဋ္ဌာန်း စီးဖြန်းခြင်း [ROB, III, p.280 နှင့် ROB, IX, p.1082]

**ဓုတင်** *(ပါ–ဓုတင်္ဂ)* –ကိလေသာကိုဖယ်ခွာနိုင်ရန် အားထုတ် ဆောက်တည်သောအကျင့် [ဓုတင် ၁၃ပါး ရှိသည်။ (၁) ပံသုကူ – ဒါယကာတို့ လှူအပ်သော သင်္ကန်းကို ပါယ်ပါ၏။ (၂)တိစီဝရိတ် – သင်္ကန်းသုံးထည်ဖြင့် ရောင့်ရဲတင်းတိမ်ပါ၏။ (၃) ပိဏ္ဍပါတ် – ပိဏ္ဍိယာ လောပဘောဇဉ်ထက် လွန်သောလာဘ်ကို ပါယ်ပါ၏။ (၄) သပဒါနစာရီ – ကုသိုလ် ဘဏ္ဍာကို ပြင်းစွာ လုယက်တတ်သော တဏှာ၏ အဖြစ်ကို ပယ်ပါ၏။ (၅) ကောသနိက် – တစ်ထိုင်တည်းသာနေ၍ဘုန်းပေး ခြင်း တည်းဟူသော ဓုတင်ကို ဆောက်တည်ပါ၏။ (၆) ပတ္တပိုင် – သပိတ်မှ နှစ်ခုမြောက်သော ဘောဇဉ် ထည့်ရာခွက်ကို ပယ်ပါ၏။ (၇) ခလုပစ္ဆာဘတ္တိက– ဝိနည်းကံ အလျောက် အတိရိတ် ဖြစ်ပြီးသောဆွမ်းကို ပယ်ပါ၏။ (၈) အရညကင် – တောသွဲ့နေခြင်းဟူသော အင်္ဂါကိုဆောက်တည်ပါ၏။ (၉) ရက္ခမူ– သစ်ပင်ရင်း ၌သာ နေခြင်းကို ဆောက်တည်ပါ၏။ (၁၀)အဗ္ဘော ကာသိက –ကောင်းကင်ရိပ်၌နေခြင်းကို ဆောက်တည် ပါ၏။ (၁၁) သုသာန် – သုသာန်လက္ခဏာ ရှိသော အရပ်၌ နေခြင်းကို ဆောက်တည်ပါ၏။ (၁၂) ယထာ သန္တတိ – လှယက်တိုးဝေ့ အိပ်ခြင်းကို ပယ်ပါ၏။ (၁၃) နိသဇ် – အိပ်ခြင်းကို ပယ်ပါ၏။] [**သုတေသန၊** စာ ၂၇၉-၈၀]

**ဓာတ်ကြီးလေးပါး** –(၁)ပထဝီဓာတ်–မြေဓာတ်(၂)တေဇော ဓာတ် – မီးဓာတ် (၃) အာပေါဓာတ် – ရေဓာတ် (၄) ဝါယောဓာတ်–လေဓာတ် [**သုတေသန၊** စာ ၂၇၈]

**ဓာတ်စည်** – မြို့လေးမျက်နှာရှိ သူရဋ္ဌ၊ ပါပ၊ အမြိတ္တ၊ ကောလီ ဟူသော ဓာတ်တံခါးများတွင် ချိတ်ဆွဲထား သည့်စည် [**ရွှေဘုံ၊** စာ ၅၅]

**ဓာတ်တံခါး** – မြို့ရိုးတစ်ဖက်စီရှိ တံခါးသုံးပေါက်အနက် အလယ်တံခါး [**ကုန်းဘောင်၊** ပ၊ စာ ၅၈၄ နှင့် **ကုန်းဘောင်၊**- တ၊ စာ ၂၇၆]

**ဓာတ်ပန်းကိန်းခန်း** – ဖြစ်ပေါ်နေသော ဓာတ်နှင့် ဂြိုဟ် တာရာ နက္ခတ်တို့၏ အနေအထားအရ ဖြစ်နေသည့် အခြေအနေ။ "ဓာတ်ပန်းကိန်းခန်း အလျောက်…ရွှေ နန်းတော် မြောက်ဥယျာဉ်တော်တွင် ယာယီစံနန်းတော် ဆောက်လုပ်စံနေတော်မူသင့်ကြောင်း" [**ကုန်းဘောင်၊**- ၃၊ စာ ၄၈၉]

**ဓာတ်ဖက်** *(ဗေဒင်)* – အချင်းချင်း ဆီလျော်သင့်မြတ်သော ဓာတ်။ (တနင်္ဂနွေနံ၏ ဓာတ်ဖက်မှာ စနေ၊ တနင်္လာနံ ၏ ဓာတ်ဖက်မှာ ကြာသပတေးနံ၊ အင်္ဂါနံ၏ဓာတ်ဖက် မှာ ရာဟု၊ ဗုဒ္ဓဟူးနံ၏ ဓာတ်ဖက်မှာ သောကြာနံ ဖြစ်ခြင်းကို ဆိုလိုသည်။) [**လွှတ်တော်မှတ်၊** စာ ၂၅၃]

**ဓာတ်ရုံတော်** – ရတနာပုံခေတ် ကြေးနန်းရုံ။"ကျောက်ဆည် မြို့ဓာတ်ရုံတော်က မိုးနဲမြို့ဓာတ်ရုံတော်ရောက် ကြေးနန်း တန်း သွယ်ရန်ရှိသည်" [**လွှတ်တော်မှတ်၊** စာ ၁၆၅]

**ဓာတ်လေးရပ်** *(ဗေဒင်)* – (၁) သူရဋ္ဌဓာတ် (၂) ကောလီ ဓာတ် (၃) အမြိတ္တဓာတ် (၄) ပါပဓာတ် [**သုတေသန၊**- စာ ၂၇၇]

**ဓာတ်လှေစီးအရာရှိ** – လှေလျှင်တော် အမှူးအကြီး [**အုပ်ချုပ်**- ပဌ၊ စာ ၈၃]

**ဓမ္မကရိတ်** *(ပါ–ဓမ္မကရက)* – ရေစစ် [**မေးတော်ဖြေ၊** စာ ၄၅၀] "ဓမ္မကရိဏ်ရေစစ်ဖြင့်၊ စစ်အပ်သောရေကဲ့သို့။ ကျစ်လစ်စင်ကြယ်။ နာချင်ဘွယ်ကို။ရွေးချယ်၍–ဆိုမိ သောအရာတို့သည်ရှိလေရကား"[**ကဝိဓဇ္ဇန၊** စာ ၅၅၈]

**ဓမ္မက်** *(ပါ–ဓမ္မကမ္မ)* – တရားတော်အတိုင်း မှန်ကန်သော အမှု [**ဦးဟုတ်၊** စာ ၄၉၅]

**ဓမ္မစန္ဒာတော်** – မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်ကျမ်းဂန်များ [**မြင့်** ]

**ဓမ္မက္ခန္ဓာအပေါင်း ၈၄၀၀၀** – ဘုရားဟော ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ (ဝိနည်း ပိဋကတ်တော်၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀၊ သုတ္တန် ပိဋကတ်တော်၌ ဓမ္မခန္ဓာပေါင်း ၂၁၀၀၀၊ အဘိဓမ္မာ ပိဋကတ်တော် ဓမ္မခန္ဓာပေါင်း ၄၂၀၀၀၊ စုစုပေါင်း ဓမ္မခန္ဓာ ၈၄၀၀၀ ဖြစ်သည်။) [**သုတေသန၊** စာ ၂၇၆]

**ဓမ္မက္ခန္ဓာလေးပါး** – တရားတော်၏ ဂုဏ်အပေါင်းအစု လေးပါး (၁) သီလက္ခန္ဓာ – သီလ တည်းဟူသော ဂုဏ်အပေါင်း (၂) သမာဓိက္ခန္ဓာ –သမာဓိ တည်းဟူသော ဂုဏ်အပေါင်း (၃) ပညက္ခန္ဓာ – ပညာတည်းဟူသော ဂုဏ်အပေါင်း (၄) ဝိမုတ္တိခန္ဓာ – နိဗ္ဗာန် တည်းဟူသော ဂုဏ်အပေါင်း [**သုတေသန၊** စာ ၂၇၆]

**ဓမ္မစကြမုဒြာ** *(ပါ+သက်)* – လက်နှစ်ဖက်ကို ရှေ့တွင် ကွေး၍ လက်ယာ လက်ဖဝါးကို အပြင်သို့ ပြထားပြီး



လက်ညှိုးနှင့်လက်မ တို့ကိုထိထားသည်။ လက်ဝဲ လက်ဖဝါး ကို ရင်ဘတ်သို့ လှည့်၍ လက်ညှိုး နှင့် လက်မကို ထိ ထားပြီး ဓမ္မစကြာ တရားတော်ကို ရှင်း လင်းဟောကြားနေ ဟန် (ဘုန်းတန်ခိုး ကြီးမြင့်လိုသူတို့သည် ဤဓမ္မစကြာ မုဒြာဟန် ရုပ်တု ကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၅၉-၆၀]

**ဓမ္မစက္ကပ္ပဝတ္တနသုတ်** *(ပါ)* – ဓမ္မစကြာတရားတော် ဟော တော်မူခြင်းကို ဖော်ပြသောသုတ် [**မြင့်** ]

**ဓမ္မတာ** *(ပါ)* – ဖြစ်တတ် ပျက်တတ်သော တရားသဘော [**ရွှေဝတီ၊** စာ ၁၅၅]

**ဓမ္မဒေသကပုဂ္ဂိုလ်** *(ပါ)* – တရားဟောသောပုဂ္ဂိုလ် [**မြင့်** ]

**ဓမ္မဝိစယသမ္ဗောဇ္ဈင်** *(ပါ)* – ဉာဏ်ပညာဖြင့် ဆင်ခြင် သိရှိခြင်း [**မြင့်** ]

**ဓမ္မဝိနယ** *(ပါ)* – သုတ်၊ ဝိနည်း၊ အဘိဓမ္မာ။ သာသနာ တော် [**ဦးဟုတ်၊** စာ ၄၉၈]

**ဓမ္မဝေပုလ္လ** *(ပါ)* – တရားတော် စည်ပင် ပြန့်ပြောခြင်း [**လွှတ်တော်မှတ်၊** စာ ၂၆၆]

**ဓမ္မသဝန** *(ပါ)* –တရားနာခြင်း[**လွှတ်တော်မှတ်၊** စာ ၂၆၇]

**ဓမ္မသာ** *(ပါ–ဓမ္မသာလာ)* – တရားနာပုဂ္ဂိုလ်များ၊ ဥပုသ် သည်များ၊ ဘုရားဖူးများ တည်းခိုရန်၊ သီတင်းသုံးရန် ဇရပ် [**ဦးဟုတ်၊** စာ ၄၉၈]

**ဓမ္မသာကစ္ဆ** *(ပါ)* – တရားဆွေးနွေး မေးမြန်း ညှိနှိုင်းခြင်း [**ဆွန်.** ] "သင်ကြားသည့် ကျမ်းဂန်အရများကို ဓမ္မသာ ကစ္ဆ ဖြစ်အောင် အချင်းချင်း ဆွေးနွေး မေးမြန်း ကြစေရမည်" [**ROB, IX, p.1037**]

**ဓမ္မသံဝေဂ** *(ပါ)* – တရားနှင့် ယှဉ်သော စိုးရိမ်ထိတ်လန့် ခြင်း [**မြင့်** ]

**ဓမ္မသတ်** *(ပါ–ဓမ္မသတ္တ)* – တရားစီရင် ဆုံးဖြတ်ရန်ကျမ်း [**ဦးဟုတ်၊** စာ ၄၉၈] "ဆရာမန၊ ရသေ့ပြုသား၊ လူမှု ဆုံးဖြတ်၊ ဓမ္မသတ်နှင့် ညီညွတ်မယွင်း" [**လောက၊** စာ ၁၆၄]

**ဓမ္မက္ခန္ဓာ** *(ပါ)* – မြတ်စွာဘုရား ဟောကြားတော်မူသော တရားအစု။ "ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ကို... ကျောက်အပြင်နှိုက် ထုလုပ် ရေးသားတော်မူခြင်း" [**လွှတ်တော်မှတ်၊** စာ ၃]

**ဓမ္မိဿရ ဓမ္မသာမိ** *(ပါ)* – တရား၏အရှင်၊ မြတ်စွာဘုရား [**မြင့်** ]

# န

**နာဂရ** *(ပါ)* – ဈေးနှင့် တံတိုင်း ရှိသောမြို့ [**ရတနာ့ဘဏ်၊** စာ ၃၉]

**နဂါးကျစ်** – ရွှံ့များ ပွက်နေသော နဂါးပွက်တွင်း [**ယုဒသန်၊** စာ ၁၅၅]

**နဂါးကြေး** – နဂါး၏ အကြေးခွံသဏ္ဌာန် ပြုလုပ်ထားသော သံချပ်အင်္ကျီ [**အုပ်ချုပ်၊** ၈၊ စာ ၁၂၂]

**နဂါးထာ** – ရွှေချည် ငွေချည်တို့ဖြင့် ထိုးလုပ်ထားသော အဝတ် [**ယုဒသန်၊** စာ ၁၅၅] အဝတ်အထည်တို့၌

ခြယ်လှယ်ထားသော ရွှေခြည် ငွေခြည် [**သီချင်း၊** ပ၊ စာ ၁၇]

**နဂါးလိမ်** – မြွေနဂါး၏ ကိုယ်ဖြင့် ရစ်ပတ် လိမ်ကောက်ပုံ ဖော်ထားသော အဆင်အကွက် [**မြန်မာ့မှု၊** ၅၊ စာ ၈]

**နဂါးသွဲ့** – အစိမ်းရောင်၊ စိမ်းပြာရောင် ရှိသော တွင်းထွက်ပစ္စည်း (ဘူမိဗေဒအားဖြင့် Apatite ဟု ခေါ်သည်။) "နဂါးသွဲ့ဆင်းတုကိုးဆူ၊ ပယင်းဆင်းတုတဆဲ့သုံးဆူ... သည်များကို ဌပနာတော်မူသည်" [**မှန်နန်း၊** ၃၊ စာ ၃၃၃]

**နဍီ** *(ဗေဒင်)* – နာရီ (ရှေးမြန်မာ တစ်နာရီသည် ယခုခေတ်စက်နာရီအားဖြင့် ၂၄ မိနစ်တာ ကာလ ဖြစ်သည်) [**ရွှေဝတီ၊** စာ ၃၃၅]

**နဘတ်ရာဇာ** – နဝက် (Nawab vizir) ဟု ခေါ်သော အိန္ဒိယရှိ ဒေသဆိုင်ရာ အကြီးအကဲ [**ROB, X,** p. 114]

**နဘန္တရာ** *(ပါ–နဘ+အန္တရာ)* – ကောင်းကင် အကြား၌ [**ဦးဟုတ်၊** စာ ၈၁၊ ၅၀၉]

**နမက္ကာရမုဒြာ** *(ပါ+သက်)* – လက်ဝါးနှစ်ဖက်ကို အပ်ကာရင်ဘတ်ခန့်အထိ မြှင့်တင်၍ ရှိခိုးနေသောဟန်(ဝန္ဒနီမုဒြာ နှင့် အဥ္စလိမုဒြာများ နှင့် ဆင်တူ သည်။ ကြည်ညိုလေးစားမှု နှင့် ချစ်ခင်ရှိသေမှုကို ခံယူရရှိ လိုသူ တို့ကိုးကွယ်သော ဆင်းတုပုံ ဖြစ်သည်ဟု ဆို၏။) [**မုဒြာ၊** စာ ၆၀–၁]



နမက္ကာရမုဒြာ

**နမန္တာ** – နမန္တာ မည်သောမြစ် (ယခုမန်းချောင်းဟု ခေါ်သည်။) [**မြန်စာညွန့်၊** ပ၊ စာ ၆၅ အောက်]

**နမန္တာဖက်** *(ဗေဒင်)* – ပစ္စည်းအမည်၊ လူအမည်၊ တပ်ဖွဲ့အမည်တို့ကို အပြန်အလှန် မိတ်ဖက်ဖြစ်အောင် ထားရှိခြင်း ("အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း မိတ်ဖက်ချင်း"ဟု ဆိုသည်နှင့်အညီ တနင်္ဂနွေသား၏ မိတ်ဖက်မှာ ကြာသပတေးနံ ဖြစ်သည်။) [**လွှတ်တော်မှတ်၊** စာ ၂၅၂–၃]

**နရတင်း** *(နားရတင်း)* – မကိုဋ်နှင့် တွဲထားသည့် နားဖုံးတော် အဆင်တန်ဆာ [**ယုဒသန်၊** စာ ၅၇၁]

**နရပတေ** – ပုလဲ၊ ထုံး၊ နွားနို့၊ ကော်တို့ကိုရောစပ်၍ ပြုလုပ်ထားသော အင်္ဂတေ [**ROB, I,** p. 443] "နရပတေ အင်္ဂတေတို့ဖြင့် မြဲမြံသေချာစွာ လုပ်ဆောင်ပြီးလျှင်... ပိတ်ဖုံးတော်မူ၏" [**ကုန်းဘောင်၊** ၃၊ စာ ၂၇၂]

**နရမှန်ကင်း** – လူတို့၏အထွတ် [**မြန်စာညွန့်၊** ပ၊ စာ ၆၄]

**နရာဓိပ** *(ပါ–နရ+အဓိပ)* – လူတို့၏မင်း [**ဦးဟုတ်၊** စာ ၅၁၀]

**နရာဝရ** *(ပါ–နရဝရ)* – (၁) ဘုရား (၂) မြတ်သောမင်း [**ဦးဟုတ်၊** စာ ၅၁၀]

**နရည်းစရာ** – (၁) ပတ်သာ၊ ပုံ၊ မောင်း၊ နဲ၊ ကြေးနင်း၊ လင်းကွင်းခြောက်ရပ်ဖြစ်သည့်ခြောက်ပါးအစု [**ရွှေဘုံ၊** စာ ၅၇] (၂) ကြေးဖြင့်ပြုလုပ်သော မောင်း၊ ကြေးနင်း၊ လင်းကွင်း၊ တီးစရာကြေးခွက် [**ကျော်အောင်စံထား၊** စာ ၃၇၃] "နရည်စြာဂူခွပ်။ နှောင်နင် ဖွခွပ်။ ခွက်ခွင်သုံးဆူ" [**၁၂၄၁ခုနှစ်ထိုး မြောက်ဂူနီဘုရားကျောက်စာ** ]

**နရုတ္တမ** *(ပါ–နရ+ဥတ္တမ)* – လူတို့ထက် မြင့်မြတ်သည်။ [**ဦးဟုတ်၊** စာ ၅၁၀]

**နရန်း** – နံဘေးတွင်ရှိသော အကာအရံ၊ လက်ရန်း [**သီချင်း၊** ပ၊ စာ ၁၅၃]

**နဝဒေး** – အပြစ်ဆိုဖွယ်ရာ မရှိသော စာဆိုတော်မှူးမတ် [**လီနတ္ထ၊** စာ ၃၂၇]

**နဝရာလှေ** – လှေဖောင်၏ဦးတွင် ဗြဟ္မာရုပ်ငါးရုပ်၊ ပဲ့တွင် ဗြဟ္မာရုပ် လေးရုပ် ပုံဖော်ထုလုပ် မွမ်းမံထားသောလှေ [**ရွှေဘုံ၊** စာ ၆၇–၈]

**နဝရူပဖောင်** – ကရဝိက်၊ နွားလပို့၊ ငါးကြင်း၊ ဆင်၊ မကာန်း၊ သမင်၊ ကြက်တူရွေး၊ တိုး၊ မြင်း ဟူသော သတ္တဝါကိုးမျိုး တို့၏ အစိတ်အပိုင်းတို့ကို ပုံဖော်တည်ဆောက်ထားသောဖောင် [**ရွှေဘုံ၊** စာ ၈၂]



နဝရူပဖောင်

**နဝရတ်ကိုးပါး** – ကျောက်မျက်ရတနာကိုးပါး (၁) စိန် (၂) ကြောင် (၃) နီလာ (၄) ပတ္တမြား (၅) မြ

(၆) ဂေါမုတ် (၇) ဥဿဖယား (၈) သန္တာ (၉) ပုလဲ [**သုတေသန**၊ စာ ၂၈၉]

**နဝင်း** – တစ်ရာသီ သို့မဟုတ် တစ်လကို ကိုးစိတ် စိတ်၍ ပိုင်းခြားသောအချိန် (၁၂ရာသီ သို့မဟုတ် ရာသီ စက်ဝန်းကြီး တစ်ပတ် သို့မဟုတ် တစ်နှစ်–ပြည့်သော အခါ၁၀၈နဝင်းဖြစ်လာသည်။) [**ရွှေဝတီ**၊ စာ၁၆၅–၆]

**နာဂ** *(ပါ)* – နဂါး၊ ဆင်၊ ကံ့ကော်ပင် (ရဲစွမ်းသတ္တိရှိသော ဆင်စီးသူရဲကောင်းအား နာဂသမန်း ဟူသောဘွဲ့ကို အပ်နှင်းလေ့ရှိသည်။) [**လီနတ္တ**၊ စာ ၃၂၉–၃၂]

**နာဂဒေဝလှေ** – ဦးတွင် နတ်နဂါးရုပ် ထုလုပ် ပုံဖော်ထား သောလှေ [**ရွှေဘုံ**၊ စာ ၇၃]

**နာဂပတ္တနမြို့** – အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အရှေ့ဘက် ကမ်းရိုးတန်းရှိ နာဂပတ္တမ် (Negapatam) မြို့ [နဂါးမြို့ဟု အဓိပ္ပါယ်ရသည်။ **Hobson, p. 622**]

**နာဂဒေဝလှေ** – လှေဦးရှိ နတ်ရုပ်၏ထိပ်တွင် နဂါးရုပ် တင်၍ ထုလုပ်ပုံဖော်ထားသော မင်းစီးလှေ [**ရွှေဘုံ**၊ စာ ၇၃]

**နာဂရာဇာ** *(ပါ)* – နဂါးမင်း [**ဦးဟုတ်**၊ စာ ၅၁၃]

**နာဂသုန္ဒတိုင်း** – မဏိပူရ ကသည်းပြည် [**ကုန်းဘောင်**၊ တ၊ စာ ၃၃၀]

**နာဂိန္ဒရာဇ်** [ပါ၊ နဂ+ဣန္ဒ+ရာဇ] – တောင်အပေါင်း၏ မင်းဖြစ်သော မြင်းမိုရ်တောင် [**ဦးပုည**၊ စာ ၅၃အောက်]

**နာငါးပါးဆောင်ပင်** – (၁)နာဂမှိုင်း (၂)နာဂမိုန် (၃)နာဂ မောက်(၄)နာဂမ(၅)နာဂထ [**ပတ္တမြားစေတီ**၊ စာ ၁၃၅]

**နာနာနိကာယ** *(ပါ)* – အစုအရုံးအသီးအခြားဖြစ်ခြင်း[**မြင့်** ]

**နာနာဘာဝ** *(ပါ)* – အမျိုးဇာတိ ကွဲပြားခြင်း၊ တစ္ဆေသရဲ၊ အရုပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် ကွေကွင်းရခြင်း [**ဦးဟုတ်**၊ စာ ၅၁၄]

**နာနာဘာဝတရား** – အရုပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် ကွေကွင်းရသော တရား၊ သေခြင်းတရား။ "သတ္တဝါ အပေါင်းတို့သည် နာနာဘာဝ တရားကို မလွန်နိုင်ရာ ချေ" [**ကုန်းဘောင်**၊ ပ၊ စာ ၂၀၉]

**နာနာဘာဝ ဝိနာဘာဝ** *(ပါ)* – တမလွန်ဘဝသို့ ကူးပြောင်း ခြင်း၊ ကွယ်လွန်သဖြင့် ကွေကွင်းရခြင်း [**ဦးဟုတ်**၊ စာ ၅၁၄၊ ၈၈၄]

**နာနာသံဝါသက** *(ပါ)* – အပေါင်းအဖော် မတူခြင်း [**ပါဠိမြန်**၊ ၁၁၊ စာ ၅၇၈] "အပေါင်းအဖော်မတူ နာနာသံဝါ သက" [**သာသနာ**၊ စာ ၆၉]

**နာမကရဏ** *(ပါ)* – ဖွားမြင်ပြီးနောက် ရက်ပေါင်းတစ်ရာ ပြည့်သောနေ့၌ ကလေးငယ်အား အမည်မှည့် မင်္ဂလာ ပြုခြင်း၊ [**မှန်ရွှေ**၊ စာ ၃၃] "နာမကရဏမင်္ဂလာ အမည် မှည့်အံ့သောနေ့၌" [**ကုန်းဘောင်**၊ ၃၊ စာ ၂၉၉]

**နာယကဂုဏ် ခြောက်ပါး** – (၁) ထကြွ နိုးကြားခြင်း (၂) ငယ်သားတို့ အပေါ် သနား ကြင်နာတတ်ခြင်း (၃) သည်းခံစိတ် ရှိခြင်း (၄) အရေးကိစ္စ ပေါ်လျှင် တွေးတောမြော်မြင် ဆင်ခြင်ဉာဏ်ရှိခြင်း (၅) ငယ်သား တို့ကို ချီးမြှောက်ထောက်ပံ့ရခြင်း (၆) ငယ်သားတို့ ထက် သာလွန်လုံ့လရှိခြင်း [**သုတေသန**၊ စာ ၂၉၁–၂]

**နာရကာ** – အရည်ကောင်းသောရွှေ [**ယုဒသန်**၊ စာ ၅၆၉] "ရာဇသံစာကို ရွှေပေနာရကာ အချိန်ငါးကျပ်၊ အလျား သန်တတောင့်လေးသစ်၊ အနံသန်ငါးသစ် ... ရင်းဖျား ပတ္တမြားနှစ်ရစ်စီရသည်။" [**ကုန်းဘောင်**၊ ပ၊ စာ ၁၅၉]

**နာရီ** *(နရီ) (ရှေးမြန်မာနာရီ)* – ယခုခေတ် ကမ္ဘာ့စံချိန် ၂၄မိနစ်နှင့် ညီမျှသောအချိန် (တစ်ရက်– တစ်နေ့နှင့် တစ်ညလျှင် ရှေးမြန်မာနာရီ ၆၀ ရှိသည်။ သို့ဖြစ်၍ ကမ္ဘာသုံး ၂၄ နာရီသည် ရှေးမြန်မာ ၆၀ နာရီနှင့် ညီမျှသည်။) [**မေးတော်ဖြေ**၊ စာ ၄၀၄]

၁၀ ခဏ = ၁ လယ
၁၀ လယ = ၁ ခရာ
၁၀ ခရာ = ၁ ပြန်
၆ ပြန် = ၁ ဗီဇနာ
၁၅ ဗီဇနာ = ၁ ပါဒ်
၄ ပါဒ် = ၁ လိတ္တာ = ၁နာရီ [**စွယ်စုံ ကျော်ထင်**၊ စာ ၃၆၅] (၂) (ဂီတ)– အသံအတက် အကျ အနိမ့်အမြင့် ရွေ့လျားမှုအစဉ်ကို ထိန်းချုပ်ပေး သောအချိန် [**စောင်း**၊ ၃၊ စာ ၂၀၁]

**နာဠိက** – တစ်ပြည် [**ဦးကုလား**၊ ၃၊ စာ ၃၂၆ အောက်]

**နာဠိကာ** *(ပါ)* – ကျည်ထောက်၊ ခွက်၊ ပုလင်း [**ဦးဟုတ်**၊ စာ ၅၁၇]

**နားကင်း** (၁) နားတွင်တပ်သောအသွန့်အတက် (၂) မကိုဋ်တွင် တပ်ဆင်သော နားအဆင် တန်ဆာ [**ယုဒသန်**၊ စာ ၅၆၉]



နားကင်း


**နားခံ** – (လွှတ်တော်တွင်စီရင်သည့် အမှုကိစ္စများကို နာခံမှတ်သား၍ မင်းထံတင်သွင်းရမည့်ကိစ္စကို ဗြဲတိုက်အတွင်းဝန်များနှင့်သံတော်ဆင့် တို့မှတစ်ဆင့် ပေးပို့ရသည်။ မင်း၏ အမိန့်တော်များကို သံတော်ဆင့်က ဗြဲတိုက်အတွင်းဝန်များရှေ့ ဖတ်ကြား ပြသပြီးသော အခါ အမိန့်တော်ကို လွှတ်တော်သို့ ဆောင်ယူကာ ဝန်ကြီးများထံ အမိန့်ပြန်ရသော) လွှတ်တော်နှင့်ဗြဲတိုက် နှစ်ဌာနတွင် ပေါင်းကူး ထမ်းဆောင်ရသည့် အရာရှိ။ မြို့ဝန်အုပ်ချုပ်သည့် မြို့ကြီးများတွင် မြို့ဝန်စစ်ကဲတို့ကို ကူညီခြင်း၊ မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်စစ်ကဲ တို့၏ အမှုအကျင့်ကို ထောက်လှမ်း၍ နေပြည်တော်သို့ သတင်းပို့ရခြင်းတို့ကို ဆောင်ရွက်ရသော အရာရှိ။ [**ရွှေနန်းသုံး**၊ စာ ၅၁ နှင့် **အုပ်ချုပ်**၊ စ၊ စာ ၇၊ ၁၄၉–၅၀]

**နားခံပြော့ကြီးမှူး** – အမိန့်တော်များကို နာခံမှတ်သား ထုတ်ပြန်ရပြီး ငြိမ်ဝပ်ပိပြားရေးတာဝန်လည်း ရယူသော အမှုထမ်း [ROB, X, p.114]


**နားတောင်းကြက်ရင်** – ထိပ်ဖူးတွင် ကြက်၏ ရင်ဘတ်ကဲ့သို့မို့မောက်နေပြီး ဆူးနှင့်ပန်း ခြယ်ထားသော အခေါင်းပိတ်နားတောင်း [**လွှတ်တော်မှတ်**၊ စာ ၂၄၃–၄]

**နားတောင်းရိုးခံ** – ရိုးရိုးနားတောင်း (အနားရွှေကွပ်သော ရိုးရိုးငွေနားတောင်း) [ROB, X, p.115]

**နားတောင်းမီးတွင်း** – ထိပ်ဖူးတွင် ဆူးနှင့်ပန်းခြယ်ထားသော အခေါင်းပေါက်နားတောင်း (မှူးမတ်တို့ဝတ်ဆင်သောနားတောင်းဖြစ်သည်။) [**လွှတ်တော်မှတ်**၊ စာ ၂၄၃]



နားတောင်းမီးတွင်း



**နိကာယ်** (၁) ဘုရားဟော သုတ္တန်ဒေသနာတော်ကို ပမာဏတူရာ စုပေါင်းစီစဉ်ထားသည့် အစုအပေါင်း ငါးမျိုး (၂) အဆင်းအင်္ဂါလက္ခဏာအပေါင်း [**ယုဒသန်**၊ စာ ၅၇၂ နှင့် **မြင့်** ]

**နိကာယ်ငါးရပ်** – (၁) ဒီဃနိကာယ် – သုတ်သုံးကျမ်း (၂) မဇ္ဈိမနိကာယ်– ပဏ္ဏာသသုံးကျမ်း (၃) သံယုတ္တနိကာယ်– သံယုတ်ငါးကျမ်း (၄) အင်္ဂုတ္တရနိကာယ်– အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း (၅) ခုဒ္ဒကနိကာယ် – ခုဒ္ဒကပါဌ၊ ဓမ္မပဒစသော ၉ကျမ်း [**သုစနှတ်**၊ စာ ၁၅၁ နှင့် **ဝိဋကတ်**၊ စာ ၈]

**နိဂမ** *(ပါ)* – ဈေးသာရှိ၍ တံတိုင်းမရှိသော လူနေအရပ်၊ မြို့ငယ် [**ရတနာ့ဘဏ်**၊ စာ ၃၉]

**နိစ္စိက** *(ပါ)* – အသက်မရှိခြင်း၊ ကွယ်လွန်ခြင်း [**ဝါဋီဘိချုပ်**၊ စာ ၃၄၅] "ညီတော် မင်းရဲကျော်စွာသဓိဝကသည် နိဗ္ဗိဝကသိုဝ် ရောက်ကြောင်းကို ရွှေနားတော် ကြားတော်မူသည်" [ROB, I, p. 405]

**နိဒြိတဟတ္ထ** *(ပါ)* – နံဘေးတစ်ဖက်တွင် လက်ထောက်၍ ထိုင်နေဟန် [**မှုဒြာ**၊ စာ ၆၁]

**နိဗ္ဗဝတ်** *(ပါ)* – အမြဲမပြတ် ပြုအပ်သောဝတ် [**ဦးဟုတ်**၊ စာ ၅၃၂]

**နိယတဗျာဒိတ်** *(ပါ၊ နိယတ+ဗျာဒိတ္တ)* – မြတ်စွာဘုရား က ဘုရားလောင်းအား ဘုရားကေန် ဖြစ်မည်ဟု ကြိုတင် မြွက်ကြားသော စကား [**ဦးဟုတ်**၊ စာ ၅၃၇၊ ၇၁၄]

**နိယတမိစ္ဆာဒိဋ္ဌိ** *(ပါ)* – အမြဲအစဉ်မှားယွင်းသော အယူကို ခံယူကျင့်ကြံခြင်း [**ဦးဟုတ်**၊ စာ ၅၃၇၊ ၇၇၆] "စေင်ကာငယ် သည်လည်း နိယတမိစ္ဆာဒိဋ္ဌိဖြစ်၍..." [**ရာဇဝင်သစ်**၊ ဟ၊ စာ ၄၃]

**နိယတုံ** *(ဗေဒင်)* – လ၊ ရက်အချိန်စေ့သော်လည်း တစ်ရာသီသို့ မပြောင်းမရွှေ့ဘဲ ရပ်တည်နေခြင်း [**မြင့်** ] "အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် ဗုဒ္ဓဟူးဂြိုဟ် ခုနစ်လ တိုင်တိုင် နိယတုံပြု၏။" [**သုသော**၊ ပ၊ စာ ၁၇၆]

**နိရဂ္ဂဠ** *(ပါ)* – သူခိုးဘေးပြဟူ၍ မရှိသဖြင့် မြို့ရွာအေးချမ်းသာယာသောကြောင့် အိမ်တံခါးမပိတ်ဘဲ အိပ်စက်နိုင်သောအချိန်အခါ [**ဦးဟုတ်**၊ စာ ၅၃၉]

**နိသမ္မကာရီ** *(ပါ)* – စုံစမ်းဆင်ခြင်၍ပြုခြင်း [ပါဠိဘိချုပ်၊ စာ ၄၄၅] "နိသမ္မကာရီနော၊ စုံစမ်းဆင်ခြင်မှု၍ ပြုလေ့ရှိသော..." [**အုပ်ချုပ်**၊ ပ၊ စာ၊ ၅၅]

**နီကလက်** *(အင်္ဂလိပ်)* – နီကိုလတ်စ (Nicholas)

**နီတင်** – ရောင်းဝယ်ရေး မဏ္ဍိုင်အဖြစ် အသုံးပြုသော အနီရောင် တင်ထားသည့် ငွေကြေး (နီတင် အချိန် ၅ကျပ်သားသည် သုံးဒင်္ဂါး ၆ ပြား ၂ မူး ၁ ပဲ နှင့် ညီသည်) [ROB, IX, p. 640]

**နီတတ္ထ** *(ပါ၊ နီတ+အတ္ထ)* – တိုက်ရိုက်သိနိုင်သော အနက်အဓိပ္ပာယ် [**ဦးဟုတ်**၊ စာ ၅၄၉]

**နီပေါမြို့** – နီပေါ (Nepal) [**စည်သစ်**၊ စာ ၂၅၉]

**နီပါးဆေးပင်** – အမြစ်မှထွက်သော အရည်ဖြင့် အဝတ်အထည်တို့ကို အနီရောင် ဆေးဆိုးနိုင်သော – အပွင့်အဝါပွင့်သည့်နွယ်ပင် [**ယုဒသန်၊** စာ ၅၇၅ နှင့် Learner's, p. 748]

**နီပါးထည်** – နီပါးဆေးပင်အမြစ်တို့ကို သုံး၍ အနီရောင် ဆေးဆိုး ထားသော အဝတ်အထည် [**ယုဒသန်၊** စာ ၅၇၅]

**နီလာလေးမျိုး** – (၁) အောက်မဲညိုပွင့်အရောင် ရှိသော နီလာ (၂) အပြာတွင် အညိုရောင် ဖွက်သော နီလ ကဏ္ဍီနီလာ (၃) သူရိယနေရောင်ခြည် အဆင်းရှိသော ဣန္ဒနီလာ (၄) ကြာညိုပွင့်ရောင် ရှိသော ဥပနီလာ [**သုတေသန၊** စာ ၂၉၇]

**နေမ** – မင်းနေပြည်တော်ကြီး၊ ထိးနန်းစိုက်ရာ ဌာန။ "တိုင်းအရဲ ရှိသော ရာမညတိုင်း ဟံသာဝတီပြည်ကြီး ကိုဝ်နေမပြုတော်မူ၍" [**၁၅၉၀ ပြည့်နှစ်ထိုး ကျောက်ဆည် ရွှေသာလျောင်းဘုရားကျောက်စာ** ]

**နေမျိုး** – နေမင်း၏ အမျိုးအနွယ် (မြန်မာမင်းတို့သည် အာဒိစ္စဝံသနေမျိုးနေနွယ်များ ဖြစ်ကြသည်ဟု ယုံကြည်၏။ ယုံကြည်အားကိုး ချစ်မြတ်နိုးသော မင်းမှုထမ်းတို့အား မင်းကနေမျိုး ဘွဲ့ပေးလေ့ ရှိသည်။ "ကျွန်ကို ချစ်လျှင် နေမျိုး သားကိုချစ်လျှင် သတိုး" ဘွဲ့ပေးရိုးဟု ရှေးဆိုရိုးရှိသည်။) [**လိနဒ္ဓာ၊** စာ ၃၃၇-၄၄]

**နေမြေ** – နေထိုင်ရန်အတွက် မင်းက ချထားပေးအပ်သော မြေ။ "ညောင်ရမ်း မင်းတရားကြီးသည် ... လုပ်မြေ နေမြေ စားမြေ ဖြည့်ပေးဖွဲ့ဘက်ရင်း လူစုတို့ မှန်သမျှကို စစ်သည်" [**စမူ၊** စာ ၃၁]

**နေယျတ္ထ** *(ပါ)* – သွယ်ဝိုက်၍သိနိုင်သော အနက် အဓိပ္ပာယ် [**ဦးဟုတ်၊** စာ ၃၅၊ ၅၅၂]

**နေရဟန်ဘုရား** – မြောက်ဘက်သို့ ဦးခေါင်းမူလျက် နိဗ္ဗာန် ယူတော်မူဟန် တည်ထားသော လျောင်းတော်မူ ဘုရား

**နေရာချွန်** – နေရာငါးသွယ်ထက် မြင့်မြတ်သော နေရာ [**ယုဒသန်၊** စာ ၅၈၀]

**နေရာငါးသွယ်** – ညီလာခံသဘင် ကျင်းပရာ ခန်းမတွင် အဆင့် ရာထူးအလိုက် ထိုင်ရန် သတ်မှတ်ထားသော နေရာ ငါးသွယ် – (၁) တော်နေရာ (၂) ဒူးနေရာ (၃) စနည်းနေရာ (၄) အတွင်းဘဝေါ (၅) အပြင် ဘဝေါ [**ရွှေဘုံ၊** စာ ၂၄]

**နေရာတော်မှူး** – နေရာတော်ခင်း အမှုထမ်းများကို ကြီးကြပ် အုပ်ချုပ်ရသော အကြီးအမှူး [**အုပ်ချုပ်၊** စ၊ စာ ၈၀]

**နေရောင်ကာ** – ရှေးအခါက အရာရှိများ နေသော အိမ်တွင် အိမ်ရှေ့ကြမ်းပြင်၌ ဖီလာဖြတ်၍ကာထားသော နံရံ [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၅၆]

**နေဝသညာနာသညာယတန** *(ပါ)* – သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်သောအရပ်၌ အားထုတ်ခြင်း [**အဘိဓမ္မတ္ထ၊** စာ ၁၁၆] "ခန္ဓာကွယ်၍ နေဝ သညာ နာသညာယတန၌ ဖြစ်ကြောင်းကို မြင်တော်မူပြန်လျှင်" [**ကုန်းဘောင်၊** ပ၊ စာ ၂၂၉]

**နေသွားရာလမ်းသုံးကြောင်း** – (၁) အဇ္ဈောဝိထိ–အတွင်း လမ်း (၂) မဇ္ဈေဝိထိ–အလယ်လမ်း (၃)ဗာဟိယဝိထိ–အပြင်လမ်း [**ရတနာဘာဏ်၊** စာ ၁၂၁]

**နေ့ကျော်သား** – သန်းခေါင်ကျော် အချိန်တွင် မွေးဖွားသူ "ရွှေနန်းတော်ကြီး သစ်တော်များကို နေ့ကျော်သားတို့ သင်္ချေးဆေးကြောရသည်" [**ကုန်းဘောင်၊** တ၊ စာ ၂၅၉]

**နံကာလ** – ဝါခေါင်လ [**မြန်မာလ၊** စာ ၃၈၊ ၄၃]

**နံစထိုးမှတ်** – နံပေါ်တွင်အောက်ကား၍ အထက်ချွန်သော ကြက်လျှာအလံပုံ ဆေးရေး ထိုးခြင်း [**ရွှေနန်းသုံး၊** စာ ၂၂၇] "သေခိယာ သိက္ခာပုဒ်များကို မပြန် မဆိုနိုင်၊ ဆစ်ဘု မေးမြန်း၍ မရသူကို...လဲစေ၍...နံစထိုးမှတ် ထမ်းရွက်စေ" [ROB, IV, p. 615]

**နံ့သာဆယ်ပါး** – (၁) ကာဠာနုသာရီ စသော အမြစ်နံ့သာ (၂) စန္ဒကူး စသောအနှစ်နံ့သာ (၃) ထင်းရှူး စသော အကာနံ့သာ (၄) သစ်ကြံပိုး စသော အခေါက်နံ့သာ (၅) သီး စသော အလွှာနံ့သာ (၆) ပွဲလျက် စသော အရည်နံ့သာ (၇)ကွမ်းစသောအရွက်နံ့သာ(၈)ကံ့ကော် မာလာကျိုကျူ စသော အပွင့်နံ့သာ (၉) ဇာတိပ္ဖိုလ် စသော အသီးနံ့သာ (၁၀) သကာန်း စသော ပင်စည် နံ့သာ [**သမ္ဘန္တကျေ၊** ပ၊ စာ ၂၂၃]

**နံ့သာမျိုးငါးပါး** – (၁)နံ့သာဖြူ (၂)နံ့သာနီ (၃)ကရမက် (၄) အကျော် (၅) စမွှာ [**သုတေသန၊** စာ ၂၈၂]

**နို့ဝမ်း** – နို့ချဉ် [**ယုဒသန်၊** စာ ၅၈၅] "ရွှေလင်ပန်းနို့ကိ။ နို့ထန်းဂဏာ။ ရှာသာမြေတ်။" [**ဘာလွှာ၊** စာ ၄၀]

**နက္ခတ်သတ္တဗီသ** – အဿဝဏီအစ ရေဝတီ အဆုံးဖြစ်သောနက္ခတ် (၂၇)လုံး -(၁) အဿဝဏီ (၂) ဘရဏီ (၃) ကြတ္တိကာ (၄) ရောဟဏီ (၅) မိဂသီ (၆)အဒြ (၇) ပုဏ္ဏဖုသျှ (၈) ပုသျှ (၉) အသလိဿာ

(၁၀)မာဃ (၁၁) ပြုဗ္ဗာဘရဂုဏီ (၁၂) ဥတ္တရာဘရဂုဏ် (၁၃) ဟဿဒ (၁၄) စိတြ (၁၅) သွာတိ (၁၆)ဝိသာခါ (၁၇) အနုရာမ (၁၈) ဇေဋ္ဌ (၁၉)မူလ (၂၀) ပြုဗ္ဗာသာဠ် (၂၁) ဥတ္တရာသာဠ် (၂၂) သရဝဏ် (၂၃) ဓနသိဋ္ဌ (၂၄) သတ္တဘိသျှ (၂၅) ပြုဗ္ဗာဘဒြပိုဒ် (၂၆) ဥတ္တရာဘဒြပိုဒ် (၂၇) ရေဝတီ [**ဗေဒလက်စွဲ၊** စာ ၉]

**နက်သတ်** – နက္ခတ် [**ပေါ်နီ၊** စာ ၁၈]

**နောက်ထောက်** – (၁) အရွယ်ရောက်သော်လည်းမြင်းတပ်တွင် တိုက်ရိုက် မြင်းစီး၍ တာဝန် ထမ်းဆောင်ခြင်း မပြုရသေးဘဲ မြင်းစီးစစ်သည်၏ နောက်ပါးမှ ကူညီပံ့ပိုးပေးကာ စီးခွင်လပ်ချိန်ကို စောင့်နေထမ်းရွက်ရသူ [**ရွှေတီ၊** စာ ၁၅၁] (၂) စစ်မှုထမ်းလျက် ရှိသူအတွက် ၎င်း၏အိမ်ထောင်ကို ကျွေးမွေးထောက်ပံ့ နေရသူများ [**ပေါ်စာန်၊** စာ ၉၆]

**နောက်ပလ္လင်** *(ပေ)* – ပေစာထုပ်တွင် ပလ္လင်ပေါက်နှစ်ခုအတွင်းသာ စာရေးထားသည့် နောက်ဆုံး ပေစာမျက်နှာ [**ရှေးဟောင်းပေ၊** စာ ၂၂]


**နောက်မသိမ်း** – နောက်မှီ အဖြစ် ခံဆောင်ထားသော ထောက်တိုင် [ROB, IX, p. 187, 777]

**နောက်ရုံး** – နန်းမြို့တော် သစ်တပ် အနောက်ဝင်းတံခါး အထွက်၊ လမ်းမတော်၏ တောင်ဘက် ထောင့်တွင် တည်ရှိ၍ မင်းမိန်းမတို့နှင့် စပ်ဆိုင်သော အမှုကိစ္စအဝဝကို စီရင်သောရုံး [**မြန်မာမင်း၊** စာ ၁၀]

**နိဂ္ဂဟပဂ္ဂဟ** *(ပါ)* – နှိမ့်ချခြင်းနှင့် ချီးမြှောက်ခြင်း [**ဦးဟုတ်၊** စာ ၅၆၀] "နှိမ့်ချ ချီးမြှောက်ခြင်း နိဂ္ဂဟပဂ္ဂဟ စသော မင်းရေးမင်းရာတို့၌" [ROB, IX, p. 905]

**နင်းကြမ်း** – ကျုံး၊ ချောင်း၊ မြောင်း စသည်ကို ဖြတ်ကူးရန် ပြုလုပ်ထားသော အခင်း၊ တံတားကြမ်းခင်း၊ ကြမ်းခင်း၊ "ရတနာပူရအင်းဝမြို့တော် ကျုံးနင်းကြမ်းကို စ၍ လုပ်စေသည် " [**ကုန်းဆောင်၊** ၃၊ စာ ၃၁၆]

**နင်းနင်းသိပ်** – မြင်းစီး ခြေနင်းကွင်း [**နန်းသုံးဃာဉ်၊** စာ ၅၁]



နင်းနင်းသိပ်

**နင်းလုံးကြီး** – စီးတော်ဆင် ကကြိုးတန်ဆာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သောကြိုး။ "ဆင်ကြိုး ကတ္တီပါ ရွှေကြယ်ငွေကွင်းတပ်၊ နင်းလုံးကြိုးငွေကွင်းငွေချိတ်နဲ့ ကောက်၊ ရွှေသားမျက်နှာတပ်၊ ဆင်ခြေဖုံးမိုးနဲ့ရွှေလှုံ ငါးဆယ်" [**ကုန်းဆောင်၊** တ၊ စာ ၁၇၉]

**နောင်နင်** – မောင်း။ "နုရည်စြာ ၈ ခ္လပ်။ နောင်နင် ၉ ခ္လပ်" [**အေဒီ ၁၂၄၃ ခုနှစ်ထိုး မြောက်ဂူနီကျောက်စာ** ]

**နိုင်ငံ** – လွှမ်းမိုး စိုးကဲနိုင်သော ကြီးမား ကျယ်ဝန်းသည့် တိုင်းပြည်ကြီး။ [**မြန်ဖွင့်၊** ပ၊ စာ ၃၀၉-၁၂] "အရိမဒ္ဒနပူရ မည်သော ပြည်ကိုဝ်လေ အစိုဝ်ရထသော။ နိုင်ငံ ထွယ်ခြင် အထုကာ။ အရှေ့သိုဝ်လာသော နိုင်ငံကာ။ သလွှင့်မွှစ်" [**၁၁၉၆ခုနှစ်ထိုးဓမ္မရာဇိကဘုရားကျောက်စာ** ]

**နိုင်ငံသော** *(ကျောက်)* – လွှမ်းမိုးကြီးမြတ်သော [**မြန်ဖွင့်၊** ပ၊ စာ ၃၁၂]

**နိုင်ငံအင်္ဂါခုနစ်ပါး** *(ပြည်အင်္ဂါခုနစ်ပါး)* – (၁) မင်း (၂) မှူးမတ်မင်းမှုထမ်း (၃) ကျေးရွာ [**နယ်ပယ် ကျယ်ပြန့်**] (၄) ခံမြို့ [**ကျုံးမြောင်းပစ်စင်** ] (၅) ရွှေ ငွေ ဥစ္စာ ဆန် ဆီ ဆေးတို့ ပြည့်ဝသော ကျိုကြ (၆) ရဲမက် (၇) မဟာမိတ် [**အုပ်ချုပ်၊** ပ၊ စာ ၁၂၉]

**နိစ္စဘတ်** *(ပါ၊ နိစ္စ ဘတ္တ)* – အစဉ်အမြဲ သုံးဆောင်သော ဆွမ်း [**ဦးဟုတ်၊** စာ ၅၂၃၊ ၇၂၃] "နံနက်အခါ၌ နိစ္စဘတ်ဆွမ်းကွမ်းလှူခြင်း...ကို ပြု၏" [**ညသစ်၊** စာ ၇၇]

**နစ္စာသန** *(ပါ+သက်)* – က၍နေသော ကိုယ်ဟန် အနေအထား (ပျော်ရွှင်ဝမ်းမြောက်ကြည်နူးသော သဘောကိုဆောင်သည်။)[**အာသန၊** စာ ၈၀]



နစ္စာသန

**နိစ္စဓုဝ** *(ပါ)* – အစဉ်အမြဲ၊ နေ့စဉ်နေ့တိုင်း [**ဦးဟုတ်၊** စာ ၅၀၃၊ ၅၂၃] "နိစ္စဓုဝဒ ကိုးကွယ်သော ဓာတ်တော် မွေတော်" [**ကုန်းဆောင်၊** ပ၊ စာ ၂၅၀]

**နတ်ကြီးကိုးပါး** – (၁)သိကြား (၂) နေနတ် (၃) ဗိဿနိုး (၄) သကန္တ (၅) ပရမေသွာ (၆) မိုးနတ် (၇) စန္ဒီ

(၈) သူရဿတီ (၉) မဟာပိန္နဲ [**ဦးမောင်မောင်တင်စာစု** ]

**နတ်ကြီးကိုးပါး** *(ရတနာသိဃ်)* –(၁)ရှင်ဖြူထွား (၂)သောမဘုရင် (၃) မြင်းဖြူရှင် (၄) ရှင်သန့်စင် (၅) ထီးဖြူဆောင်းမဟာဂီရိ (၆) အောင်စွာမင်းကြီး (၇) တောင်မင်းကြီး (၈) ရွှေပြည်ရှင် (၉) ရေဦးဆော် [**ဦးမောင်မောင်တင်စာစု** ]

**နတ်ကြီးခုနစ်ပါး** *(ရတနာသိဃ်)* – (၁)ဇီးတောရွှေလောင်းနတ် (၂) ဓလုံငယ်နတ် (၃) ဘိုးမင်းနတ် (၄)မိုးညှင်းမကြီးနတ် (၅) ကြာပန်းညိုနတ် (၆) မင်းရဲလှနတ် (၇) ဦးစီးကတော်နတ် [**ကုန်းဆောင်၊** တ၊ စာ ၄၉၀]

**နတ်ကြီးငါးပါး** *(ပဒုံမင်းလက်ထက်)* – (၁) ပရမေသွာ–သိဝ (၂) စန္ဒီ (၃) ဗိဿနိုး (၄) မဟာပိန္နဲ (၅)နေနတ် [**သဏ္ဌတကျမ်း**] [**မေးတော်ဖြေ၊** စာ ၄၀၉]

**နတ်ကြီးငါးပါး** *(ယခု)* – (၁) ပရမေသွာ–သိဝ (၂)စန္ဒီ (၃) ဗိဿနိုး (၄) မဟာပိန္နဲ (၅)သူရဿတီ [**ဦးဖိုးကျား၊** စာ ၁၈–၉]

**နတ်ကြီးငါးပါး** *(လောကပညတ္တိကျမ်း နှင့် ဆဂတိဒီပနီကျမ်း)* – (၁) ဓတရဋ္ဌ (၂) ဝိရူဠှက (၃) ဝိရူပက္ခ (၄) ကုဝေရ (၅) မဟေသရပရမေသွာ–သိဝ [**မေးတော်ဖြေ၊** စာ ၄၀၈]

**နတ်ကြီးငါးပါး** *(သာလွန်မင်းလက်ထက်)* –(၁)ပရမေသွာ (၂) စန္ဒီ (၃) မဟာပိန္နဲ (၄) သူရဿတီ (၅) ဃောရမန္တ–ဂေါရဝိန္ဒ [**ဦးဖိုးကျား၊** စာ ၁၈]

**နတ်ကြီး ၁၅ ပါး** – (၁) မီးနတ် (၂) သကန္တနတ် (၃) သိကြားမင်း (၄) မဟာပိန္နဲ (၅) သီရိနတ်သမီး (၆) စန္ဒီ (၇) မြေစောင့် သုပတိနတ်သမီး (၈)ရေစောင့် တောယာဓိပနတ် (၉) ဗိဿနိုး (၁၀) ဗြဟ္မာမင်း (၁၁) ပရမေသွာ (၁၂) မာရ်နတ် (၁၃) ယမနတ် (၁၄) နေနတ် (၁၅) လနတ် [**ရွှေနန်းသုံး၊** စာ ၁၈၉]

**နတ်စု** – နတ်ပွဲများ ပသ တင်မြှောက်ရသော အစုအဖွဲ့ [ROB, I, p.279]

**နတ်စုလက်ယာသေနတ်စု** – အလောင်းမင်းတရား (၁၇၅၂–၆၀) မဏိပူရသို့ ချီတော်မူစဉ် တမူး၌ စခန်းချသော အခါ ဖွဲ့စည်းသောသေနတ်အစု [**ကုန်းဆောင်၊** ပ၊ စာ ၂၈၆]

**နတ်စုလက်ဝဲသေနတ်စု** – အလောင်းမင်းတရား (၁၇၅၂–၆၀) ယိုးဒယားသို့ ချီတော်မူစဉ် သဖန်းပုံမြို့တွင် ဖွဲ့တော်မူသော သေနတ်စု [**ကုန်းဆောင်၊** စာ ၂၈၆၊ ၃၀၀]

**နတ်စက်သင့်သူ** – မိုးကြိုးပစ် ခံရသူ [ROB, IV, p.431]

**နတ်ဆော်** – ဥကင်တော်တွင် နတ်ရုပ်များကို စဉ်၍ တန်း၍ မွမ်းမံထားသော အဆင်တန်ဆာ [**အုပ်ချုပ်ပုံ–ပဥမ၊** စာ ၆၄]

**နတ်ပြည်ခြောက်ထပ်** – (၁) စတုမဟာရာဇ် (၂) တာဝတိံသာ (၃) ယာမာ (၄) တုသိတာ (၅) နိမ္မာနရတိ (၆) ပရနိမ္မိတဝသဝတ္တီ [**သုတေသန၊** စာ ၂၈၆]

**နတ်ရကာ** *(နရကာ)* – နတ်ပူဇော်သည့် အဖျော်ယမကာ၊ နတ်ပူဇော်သည့်အချိုပွဲ၊ နတ်ပူဇော်ပွဲ [**လီနတ္ထ၊** စာ ၁၉၆] "ပသဒေဝါ၊ နရကာဖြင့်" [**ကုသပျို၊** စာ ၁၅]၊ "နတ်ရကာပသ ခင်းကျင်း ပြီးလျှင်"[**မှန်နန်း၊** ၃၊ စာ ၁၆၁] "အချို အချဉ်၊ ဘောဇဉ် ရသာ၊ ဆီမီး တန်ဆောင်… အထူးထူးသော အဘွယ်အရာနတ်ရကာတို့ဖြင့်…တင်ကြား ပသ ပူဇော်တော်မူသည်" [ROB, IX, p.462]

**နတ်ရှင့်ရန်နိုင်** – သီပေါမင်း(၁၈၇၈–၈၅) လက်ထက်တွင် အရပ်ခြောက်ပေနှင့် အထက်ရှိသော စစ်သည်တို့ကို အစုစုံမှ သီးသန့်ရွေးချယ်ဖွဲ့စည်းကာ ဘုရင့်အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသောတပ်ဖွဲ့ [**ကုန်းဆောင်၊** တ၊ စာ ၅၄၃]

**နတ်လမ်းလှေကား** *(စေတီ)* – စေတီတော်တွင် အပေါ်ဆင့်များသို့ တက်ရန် တည်ဆောက်ထားသော လှေကား




**နတ်သမီးပေါက်** *(စောင်း)* – စောင်းကောက်၏ ကိုယ်ထည်အပေါ်ဘက်၊ ဦးပိုင်းတွင် အသံထွက်စေရန် ဖောက်ထားသော အပေါက် [**စောင်း၊** စာ ၅၀]

**နတ်သံပစ်** - မြန်မာ ဓာတ်သဘင်ပွဲ ပွဲဦးထွက် ညတွင် နတ်ကတော် ကပြရာ၌ “တစ်ကြိမ်ငယ်မှ နှစ်ကြိမ်၊ သုံးကြိမ်ရယ်မှ တင်တင်” သီချင်းကို ဆို၍ မှိုင်းမတော် မူရန် နတ်ကန်တော့သည်။ [**အက၊** စာ ၉၂]

**နတ်သုံးပါး** - ကိုးကွယ်အားထားရာနတ်သုံးပါး (၁) ဝိသုဒ္ဓိနတ် - ကိလေသာတို့မှ စင်ကြယ်ပြီးသော ဘုရား၊ ရဟန္တာနှင့်သံဃာတော်များ (၂) ဥပပတ္တိနတ်- နတ်နှင့် ဗြဟ္မာ (၃) သမ္မုတိနတ် - တိုင်းပြည် အုပ်စိုးသော မင်းဧကရာဇ်၊ ဘုရင် [**သုတေသန၊** စာ၂၈၅]

**နတ်အိပ်နတ်နိုး** - ဝါဆို လဆန်း တစ်ဆယ့်နှစ်ရက်နေ့ ညဦးသန်းခေါင် အချိန်မှစ၍ ဗိဿနိုးနတ် အိပ်သည်။ တန်ဆောင်မုန်းလဆန်း တစ်ဆယ့်နှစ်ရက်နေ့ည နေဝင်ချိန် (စက်နာရီ ညနေ ၆နာရီ) တွင် ဗိဿနိုးနတ် နိုးသည်။ [**မေးတော်မြေ၊** စာ ၅၅၅] (ဒုတိယဝါဆိုလဆန်း ၉ ရက်နေ့တွင် ဗိဿနိုးနတ် အိပ်၍ သီတင်းကျွတ် လဆန်း ၁၃ရက်နေ့တွင် ဗိဿနိုးနတ် နိုးသည်ဟုလည်း ဆိုသဖြင့် နတ်အိပ် နတ်နိုးမှာ နက္ခတ်နှင့်ယှဉ်၍ အိပ်ခြင်း နိုးခြင်း ဖြစ်မည်ဟု ခန့်မှန်းရသည်။) [KOB, V, p. 396]

**နန္ဒပကြံ** *(ပါ-နန္ဒပရက္ကမ)* - နှစ်သက်ဖွယ်ရှိ၍ ရဲစွမ်းသတ္တိ လုံ့လဝီရိယနှင့် ပြည့်စုံသော အမတ်ကြီး [**လိနတ္ထ၊** စာ ၃၅၆-၇]

**နန္ဒိမုခမင်္ဂလာ** - ကလေးငယ်ဖွားမြင်ပြီး လေးရက်မြောက်နေ့၌ ပြုလုပ်သော မျက်နှာတော်ပြ မင်္ဂလာအခမ်းအနား။ “ဖွားတော်မူသည်မှ လေးရက်မြောက်၌ နန္ဒိမုခဟူသော မျက်နှာတော်ပြမင်္ဂလာ” [**ကုန်းဘောင်၊** တ၊ စာ ၅၃၈]

**နန်းကံကျွေးဝန်** - နန်းတော်အတွင်း ဟောင်းနွမ်းယိုယွင်းသော အဆောက် အအုံများကို ပြင်ဆင် လုပ်ကိုင်ရန် ဗိသုကာ လက်သမားတို့အား ကြီးကြပ်စီမံ နှီးဆော် ဆောင်ရွက်ရသောမှူးမတ် [**ရွှေနန်းသုံး၊** စာ ၁၁၉-၂၀]


**နန်းချင်းပြောက်** - လက်ရာအလွန်ညံ့သော အပြောက်အမွမ်း [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၅၇]

**နန်းစဉ်အရာတော်မြေ** - ဘုရင်အဆက်ဆက် ဆက်ခံပိုင်ဆိုင်ခဲ့သော မင်းမြေ (နန်းစဉ်အရာတော်မြေတွင် ဘုရင်ကိုယ်တော်တိုင် နှစ်စဉ်နယုန်လ၌ လယ်ထွန်မင်္ဂလာ ပြုမြဲဖြစ်သည်။ [**အုပ်ချုပ်၊** ပဋ္ဌမ၊ စာ ၂၀]

**နန်းတော်သား** - နန်းတော်အတွင်း နေထိုင်အမှုထမ်းရသူများ [**ယုဒသန်၊** စာ ၅၆၁]

**နန်းတွင်းမြင်း** - ညောင်ရမ်းမင်း (၁၆၀၀-၆)လက်ထက် ၁၆၀၄ ခုနှစ်တွင် နောက်တော်ပါ အမျိုးကြီးတို့ သားမြေး တို့ဖြင့် ဖွဲ့သည့် မြင်းတပ် [ROB, II, p.203]

**နန်းပေါင်းဆင်က** - နန်းပြာသဒ်ပုံ ပေါင်းမိုးတင် ဆင်ကတော် [**နန်းမှု၊** ၅၊ စာ ကော]



နန်းပေါင်းဆင်က

**နန်းပေါင်းတင်ဆင်** - နန်းပြာသဒ်ပုံ ပေါင်းမိုးတင်ထားသောဆင်။ “သည်နောက် ရဲကတင်ဆင်တော်...ပေါင်းဝန်းတင်ဆင်တော်၊ နန်းပေါင်းတင်ဆင်တော်...သည့်နောက် တံရှည် တံမြှာ...တီးရွှမ်းလိုက် ရသည်” [**ကုန်းဘောင်၊** ပ၊ စာ ၂၇၂]

**နန်းမစနု** - မှန်နန်းတော်နှင့် အဂ္ဂမဟေသီ မိဖုရားကြီး၏ တောင်နန်းတော် အကူးတွင် သီးခြား လွတ်လပ်စွာ တန်းလျားသဘော ဆောက်လုပ်ထားသည့် အဆောင် [**မန္တလေး၊** စာ ၇၈-၉]

**နန်းမသုံးဆောင်** - သိဒ္ဓတ္ထမင်းသား စံမြန်းသည့် နန်းသုံးဆောင် (၁) ရမ္မ ခေါ် ဘုံကိုးဆင့်ရှိသော ရွှေနန်းတော် (၂) သုဘ ခေါ် ဘုံခုနစ်ဆင့် ရှိသော ရွှေနန်းတော် (၃) သုရမ္မ ခေါ် ဘုံငါးဆင့် ရှိသော ရွှေနန်းတော် [**မေးတော်မြေ၊** စာ ၄၄၂]

**နန်းမြို့တော်** - ရွှေနန်းပြာသာဒ် အဆောင်ဆောင်၊ လွှတ်တော်၊ ဗြဲတိုက်၊ မြေနန်းတို့ကို သစ်တပ်ကာရံ၍ တံခါးလေးရပ် ထားကာ အခိုင်အလုံ တည်ထားသော အတွင်းမြို့တော် [**ကုန်းဘောင်၊** ပ၊ စာ ၄၁၀၊ ၄၇၉၊ ၅၃၄-၅၊ ၅၈၅။ **ကုန်းဘောင်၊** ဒု၊ စာ ၃၁၅-၆၊ ၅၄၁၊ **ကုန်းဘောင်၊** တ၊ စာ ၂၄၈။ **ရွှေတတိ၊** စာ ၄၆]“ရွှေမြို့တော်ကြီးမှာ ဘိုးတော်ဘုရား သမုတ်တော် မူရင်းအတိုင်း

အမရပူရ၊ နန်းမြို့တော်မှာ အောင်မြေစံရာ၊ ရွှေနန်းပြာသဒ်တော်မှာ အောင်နန်းသာစံ ကမ္ဘည်း တပ်စေ" [ROB, VIII, p.732] "ညီတော် ပင်းတလဲမင်းသား စည်သာမင်းသား တို့မှာ အမှုထမ်း ကျွန်တော်ရင်း လူတစ်စုနှင့် နန်းမြို့မြောက်ကိုလှည့်၍ အရှေ့ရုံးတော်သို့ ရောက်စေရမည်။ ငါကိုယ်တော်မှာ သားတော်သုံးပါး အမှုထမ်း သုံးရာကျော် ရဲဘော်ကျွန်ရင်း တကျိပ်နှစ်တို့နှင့် နန်းမြို့တော်ကို လှည့်၍ အရှေ့ရွှေးတော်ယူ တံခါးက ဝင်တော်မူမည်" [**ကုန်းဘောင်၊** ပ၊ စာ ၅၂၂]။ "နန်းမြို့ ဆိုသည်မှာ ဘေရာဇ်မင်းတို့ စံနေသည့် ဝင်းအရံအကာသာ ဖြစ်၍ မြို့တော်ကြီး မတည်မီပင် တည်လုပ်သင့်သည်" [**ကုန်းဘောင်၊** တ၊ စာ ၂၅၅]

**နန်းရမိဖုရား** – တောင်နန်းတော်၊ မြောက်နန်းတော်၊ အလယ်နန်းတော်၊ အနောက်နန်းတော် တစ်ခုခုကို ရရှိစံမြန်းသောမိဖုရား [**မှန္တလေး၊** စာ ၁၁၄ နှင့် **အုပ်ချုပ်ပဒ္ဓ၊** စာ ၁၂၂]

**နန်းဦးမင်္ဂလာမြင်း** – သီပေါမင်း (၁၈၇၈–၈၅)လက်ထက် ၁၈၈၀ ပြည့်နှစ်တွင် စတင် ဖွဲ့စည်းသော မြင်းတပ် (မြင်းသည်တော်တို့၏ ဝမ်းဗိုက် နံဘေးတွင် မြင်းရုပ် ထိုးမှတ်သည်။) [**ကုန်းဘောင်၊** တ၊ စာ ၅၄၂ နှင့် **ရွှေနန်းသုံး၊** စာ ၂၀၇]

**နန်းဦးမြင်း** – ညောင်ရမ်းမင်း (၁၆၀၀–၆) လက်ထက် ၁၆၀၄ခုနှစ်တွင် ညောင်ရမ်းပါ အမျိုးကြီးတို့ သားမြေးများဖြင့် ဖွဲ့စည်းသောမြင်းတပ် [ROB, II, p.203]

**နိဗ္ဗာန်** *(ပါ၊ နိဗ္ဗာန)* – ငြိမ်းခြင်း၊ သံသရာမှကင်းငြိမ်းခြင်း၊ ထွက်မြောက်ခြင်း [**လောက၊** စာ ၁၅၅]

**နိမ္မိတ** *(ပါ)* – ဖန်ဆင်းအပ်သည်။ [**ဦးဟုတ်၊** စာ ၅၃၇]

**နံ့ကဝိုင်** – ချိပ်တိုက်သစ်သား ကရွတ်ပါ သောက်ရေအိုး [**ရွှေဘုံ၊** စာ ၂၆–၇]

**နယ်သေပယ်သေ** – အပြောင်းအလဲ အတိုးအဆုတ် မရှိသောနယ်ပယ်။ "ဟဲကမန်ပိုက်ကရင်မှူး...ကို နယ်သေပယ်သေ ဦးရေစာရင်းအတိုင်း ထမ်းရသည်" [**မှန္တ၊** စာ ၈၃]

**နိယ်ရပန်** *(ကျောက်)* – နိဗ္ဗာန်။ "နိယ်ရပန်ချံသာရစိယ်ကူန်အေ်" [**၁၁၇၉ခုနှစ်ထိုး တိုင်းရွှတ်ဘုရားကျောက်စာ** ]

**နိဿယမုတ္တက** *(ပါ)* – မှီခိုအားထားရာ လွတ်ကင်းသော ဆရာ၊ နိဿယည်း ကင်းသောဆရာ [**ဦးဟုတ်၊** စာ ၅၄၇]

**နိဿယာစရိယ** *(ပါ)* – နည်းနိဿယ ပေးသော ဆရာ [**ဦးဟုတ်၊** စာ ၁၅၉၊ ၅၄၇] "နိဿယာစရိယ...မြောက်ထိုက်သည့်ဆရာတော်" [**လွှတ်တော်မှတ်၊** စာ ၁၈၇]

**နှားပိုက်** – အရွယ်ရောက်ပြီး သော်လည်း မလေ့ကျင့်ရသေးသော နွားထီး [**စီပွဲလွှား** စာ ၁၆၅] "နွာ ၅မ နွာပိုက် ၁ဟျံ" [**၁၂၃၅ ခုနှစ်ထိုး ငါနံ့သင်ကျောက်စာ** ]

**နွေထိုးလှေ** – နွေရာသီတွင် ရောဝတီမြစ်ရိုး ရေတိမ်အရပ်၌ ကုန်စည်တင်ဆောင်သွားလာနိုင်ရန် တည်ဆောက်ထားသော ဝမ်းပြားလှေ ဖြစ်မည်ဟု ခန့်မှန်းရသည်။ [ROB, VI, pp.46, 329, 421]

**နွယ်တာလှ** – ဝါဆိုလ [**မြန်မာလ၊** စာ ၂၇]

**နှာခေါင်းပိစပ်** – နှာခေါင်း ပြားချပ်ချပ် [**စီပွဲလွှား၊** စာ ၁၃၃]

**နှာရောင်ခန်း** – အဆောင်ဝင်ပေါက် အနီးရှိ ထိပ်ဝဦးခန်း၊ လွှတ်တော် ရှေ့ဆောင်သို့ ဝင်ရာတွင် ခန်းမကြီးသို့ မရောက်မီ အဝင်ထိပ်ဝ အခန်း [**အုပ်ချုပ်၊** တ၊ စာ ၁၆၅] "ရှေ့ရုံးတော်သို့ရောက်လျှင် ရုံးဦးနှာရောင်ခန်းတွင် နေစေသည်" [**ကုန်းဘောင်၊** ဒ၊ စာ ၆၆]

**နှင်းဆီချက်ဆရာ** – ရေမွှေး၊ နှင်းရည်၊ ကတိုးဆီ၊ နံ့သာဆီ၊ စပယ်ဆီ၊ ဒေါနဆီ၊ အလေးတရာဆီများကို ချက်လုပ်ရသည့် ကျွမ်းကျင်အမှုထမ်း [**မြန်မာမင်း၊** စာ ၆၆]

**နှစ်ကျိပ်ရှစ်ဆူဘုရား** – (၁) တဏှင်္ကရာ (၂) မေဓင်္ကရာ (၃) သရဏင်္ကရာ (၄) ဒီပင်္ကရာ (၅) ကောဏ္ဍည (၆) မင်္ဂလ (၇) သုမန (၈) ရေဝတ (၉) သောဘိတ (၁၀) အနောမဒဿီ (၁၁) ပဒုမ (၁၂) နာရဒ (၁၃) ပဒုမုတ္တရ (၁၄) သုမေဓ (၁၅) သုဇာတာ (၁၆) ပိယဒဿီ (၁၇) အတ္ထဒဿီ (၁၈) ဓမ္မဒဿီ (၁၉) သိဒ္ဓတ္ထ (၂၀) တိဿ (၂၁) ဖုဿ (၂၂) ဝိပဿီ (၂၃) သိခီ (၂၄) ဝေဿဘူ (၂၅) ကကုသန် (၂၆) ကောဏာ (၂၇) ကဿပ (၂၈) ဂေါတမ [**သုစမှတ်၊** စာ ၄၆၆–၈]

**နှစ်ကြောင်းစာချွန်** – ထန်းဖူးညွှန့်ရှည်တွင် စာနှစ်ကြောင်းသာ ရေးသားထားသည့် ဝန်ကြီးတို့က ပေးမှာသည့် စာချွန် [**ရွှေနန်းသုံး၊** စာ ၅၄–၅]

**နှစ်ဆယ့်လေးဌာနဘုရားဈေးပွဲ** – ရွှေစည်းခုံ၊ အာနန္ဒာ စသော ဘုရားကြီး ၂၄ဆူတွင် နှစ်စဉ် ကျင်းပသည့် ဘုရားပွဲများတွင် တည်ခင်း ရောင်းချသော ဈေးပွဲများ [**လွှတ်တော်မှတ်၊** စာ ၂၄၀]

**နှစ်မကူလမှုပ္ပန်** *(ကျောက်)* – နှစ်သစ်ကူးခြင်း လကူးခြင်း မရှိ။ ချက်ချင်း [**ကျောက်ဖို၊** စာ ၁၀၈]

**နှစ်အမည်** – ရှေးမြန်မာတို့ ခေါ်ဝေါ်သုံးစွဲခဲ့သော နှစ်အမည် ၁၂မျိုး (ရောက်ဆဲသက္ကရာဇ်ကိုတည်၍ ၂ခုနုတ်၊ ၁၂ဖြင့် စားရသည်။ ၁ ကြွင်းလျှင် ဇေယျနှစ်၊ ၂ကြွင်းလျှင် ဝိသာခါနှစ်၊ ၃ကြွင်းလျှင် ဇေဋ္ဌနှစ်၊ ၄ကြွင်းလျှင် အာသဠှိနှစ်၊ ၅ကြွင်းလျှင် သရဝဏ်နှစ်၊ ၆ကြွင်းလျှင် ဘဒြနှစ်၊ ၇ကြွင်းလျှင် အဿယုဇ္ဇနှစ်၊ ၈ကြွင်းလျှင် ကြတ္တိကာနှစ်၊ ၉ကြွင်းလျှင် မိဂသီနှစ်၊ ၁၀ကြွင်းလျှင် ဖုဿျနှစ်၊၁၁ကြွင်းလျှင်မာဃနှစ်၊သုညကြွင်းလျှင် ဘရဂုဏီ နှစ်ဟု မှည့်ခေါ်လေသည်။) [**မဟာမုနိ၊** စာ၄၁၀–၁၂]

**နှုတ်စွန်းသံထပ်** – ရှေ့က ဆိုပြသည့်အတိုင်း နောက်က ထပ်တူလိုက်၍ ဆိုခြင်း [**အုပ်ချုပ်၊** ၈၊ စာ ၁၆၀]

**နှုတ်သေတန်ကျိုး** – နှုတ်ဖြင့်တသမတ်တည်း အခိုင်အမာ ကျိုးနွံစွာ (လျှောက်ထားခြင်း)။ "ရှေ့သို့အမှုတော်ကို ထမ်းမည်ဟူ၍ နှုတ်သေတန်ကျိုး လျှောက်မှ အရေး ပေးသင့်သည်" [**မှန်နန်း၊** ၃၊ စာ ၂၃၄]

**နှပ်** *(ကျောက်)* – ပေးအပ်သည်။ အပ်နှံသည်။ ဆက်သသည်။ (ရာဇကုမာရ ကျောက်စာတွင် "ရှယ်အတိသု ပုရှာသွင် အဆင်ကို ပ္လုရှယ်အေ် နှပ်လိယ် သုရောဝ တေဟ်"ဟု ရေးထိုးခဲ့သည်။)

# ပ

**ပကတုပ** *(ပါ–ပကတိ+ဥပနိဿယ)* – ပြကတေ့၊ မူလ ပကတိ၊ အကြောင်းအရင်း။ "ကုသိုလ်တရားသာလျှင် ပကတူပ အကြောင်းအရင်းခံ၍....ရေမြေကို အစိုးရ တော်မူသော မင်းမြတ် အဖြစ်ကို ရပါသည်" [**ကုန်း ဘောင်၊** ပ၊ စာ ၁၉၃–၄]

**ပကာရေ** – ရွံ့နှစ်ရေ၊ ပက်ကားရေ [**ဦးကုလား၊** ပ၊ စာ ၂၅၈အောက်] "ဝက်အမြုတေကို လက်ဖြင့်ဆုပ်ထားပြီးမှ ယခင်ကနည်းခိဋ္ဌာန်စေ၍ လက်ကိုဖြန့်သော် ခိဋ္ဌာန် ရာသို့ မသွားဘဲ ပကာရေသို့ ဆင်း၍ နေလေသည်" [**သာသနာ၊** စာ ၁၅၅]

**ပဆစ်ကွက်** – ပဆစ်အိမ်ပေါ်တွင် ဖော်ထားသော လေး ထောင့်ကွက်ငယ်များနှင့် သဏ္ဍာန်တူသည့် စတု ရန်းကွက်များ [**မြန်မာမှု၊** စာ ဃ]

**ပညာဒုဗ္ဗလ** *(ပါ)* – အသိပညာ နည်းပါးသူ၊ အသိပညာ နည်းပါးခြင်း [ROB, III, p. 90 နှင့် **ဦးဟုတ်၊** စာ ၄၈၀၊ ၅၇၂]

**ပညာရှိအင်္ဂါလေးပါး** – (၁) ကောင်းသောအမှု၊ ကောင်း သောစကားကို ပြုမှုပြောဆိုလေ့ရှိခြင်း (၂) ချစ်သနား ဖွယ်ရှိသောစကားကို ဆိုတတ်ခြင်း (၃) ထိုစကား လည်းတရားနှင့် လျော်ညီခြင်း (၄)ပြောသောစကား အတိုင်း မြဲမြံစွာကျင့်ခြင်း [**ဥဒေသစ်၊** စာ ၂၀၂]

**ပညာသည်စာရေး** – ယိုးဒယားအကပညာ ကျွမ်းကျင်၍ ယိုးဒယား ဇာတ်သဘင်အဖွဲ့သားတို့ကို ကြီးကြပ် အုပ် ချုပ်ရသောသူ [**ရွှေနန်းသုံး၊** စာ ၂၃၂]

**ပညိဓ္ဓေ** *(ပါ– ပညာ+အိဓ္ဓေ)* – မချွတ်မယွင်း ထိုးထွင်း၍ သိသောလက္ခဏာ။ "တရားမင်းမြတ် သည်လည်း... ပညိဓ္ဓေတော်အစုတို့ကြောင်း...ကျွန်တော်မျိုး ပရိတ် သတ်တို့အား...ဆုံးမမိန့်ကြားတော်မူခြင်း [**ကုန်းဘောင်၊** တ၊ စာ ၃၇၉]

**ပဋိယာတ်စိတ်** *(ပါ–ပဋိယာတ+စိတ္တ)* – အမျက်ဒေါသ ထွက်သောစိတ် [**ဦးဟုတ်၊** စာ ၃၈၉၊ ၅၇၆]

**ပဋိပတ္တိ** *(ပါ)* –ကျင့်ကြံအားထုတ်ခြင်း [**ဦးဟုတ်၊** စာ ၅၇၉] "ပရိယတ်ပဋိပတ်လျော့ယုက်ခြင်းကြောင့် သာသနာတော် ရောင်ဝါညှိုးနွမ်း...သည့်မြို့ ကျေးရွာများသို့...သံဃာတော် တို့ကို စေလွှတ်ကြွသွား" [**လွှတ်တော်မှတ်၊** စာ ၁၈၉]

**ပဋိရူပဒေသ** *(ပါ)* – အကျိုးစီးပွားဖြစ်ထွန်းရာအရပ်ဒေသ၊ သင့်လျော် လျောက်ပတ်သော ဒေသ [**ဦးဟုတ်၊** စာ ၅၈၃] "အကျိုးစီးပွား ဖြစ်ထွန်းရာ ပဋိရူပဒေသအရပ် ဖြစ်၍ စံနေတော်မူ သင့်ကြောင်း .... စာဆက်သွင်း သည်" [ROB, IX, p. 360]

**ပဋိဝေဓ** *(ပါ)* – မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားကို ရရှိခြင်း၊ထိုးထွင်း၍သိခြင်း [**ဦးဟုတ်၊** စာ၅၈၆နှင့် **မြင်**–]

**ပဋိသန္ဓေလေးမျိုး** (၁) အဏ္ဍဇ – ဥ၌တည်၍ဖြစ်သော သန္ဓေ (၂) သံသေဒဇ – သစ်ရွက်သစ်ပွင့်၌ ဖြစ်သော သန္ဓေ (၃) ဇလာဗုဇ – အမိဝမ်း၌ ကကလရေကြည် တည်၍ဖြစ်သော သန္ဓေ (၄) ဩပပါတိက – မွေးဖွား ခြင်းမရှိ၊ နတ်ဗြဟ္မာတို့ကဲ့သို့ ကိုယ်ထင် ဖြစ်လာသော သန္ဓေ [**သုခမှတ်၊** စာ ၈၁]

**ပဋိသမ္ဘိဒါ** *(ပါ)* –ခွဲခြမ်း၍သိသောဉာဏ်[**ဦးဟုတ်၊** စာ၅၈၇]

**ပဋိသမ္ဘိဒါလေးပါး** (၁) အတ္ထပဋိသမ္ဘိဒါ – အကျိုးကို သိသောဉာဏ် (၂) ဓမ္မပဋိသမ္ဘိဒါ – အကြောင်းကို သိသောဉာဏ် (၃) နိရုတ္တိပဋိသမ္ဘိဒါ – သဒ္ဒါကိုသိ တတ်သောဉာဏ် (၄) ပဋိဘာနသမ္ဘိဒါ – ခွဲခြမ်း စိတ်ဖြာ၍ သိသောဉာဏ် [**ရှုခိုင်ရာဇဝင်သစ်၊** ပ၊ စာ ၁၃၅ နှင့် **သုခမှတ်၊** စာ ၈၂]

**ပဋိတ္တရား** – စစ်တကောင်းမြို့၏ မြောက်ဘက်၊ မဏိပူရ ကသည်းပြည်၏ အနောက်တောင်ဘက်၊ ယခုခေတ် ကိုမီလာ Comilla မြို့၏ အရှေ့ဘက်တွင် ရှေး အခါက ထွန်းကားခဲ့သော တိပ်ပရား Tipperah ဒေသ [ROB, X, p. 116]

**ပဋိစ္စဝါရ** *(ပါ)* –ကုသိုလ်ဖြစ်သော တရားကို အစွဲပြု၍ [**ဩန္.**]

**ပဋိစ္စသမုပ္ပါဒ** – သံသရာ၌ ကျင်လည်ရာတွင် အကြောင်း နှင့် အကျိုးတို့ မည်သို့မည်ပုံ ဆက်သွယ် ဖြစ်ပေါ် လာပုံကို ပြသောတရား [**သီချင်း၊** ပ၊ စာ ၁၇၆]

**ပဌလီရာဇာကျောက်ဆင်းတု** – ပါဋလိပုတ်(ပတ္တနာ)ဒေသ ကိုအစိုးရသော မင်းအား အကြောင်းပြု၍ ထုလုပ်ထား သောကျောက်ဆင်းတု

**ပဋ္ဌာန်း** *(ပါ၊ ပ–ဌာန)* –အထူးထူးအပြားပြားရှိသော ယောတု စသော ပစ္စည်းတို့၏ အစွမ်းကိုဖော်ပြသောကျမ်း [**မြင့်** ]

**ပတိရူပထာဝရဋ္ဌာန** *(ပါ)* – အစဉ်သဖြင့် လျောက်ပတ် သော နေရာဌာန [**ဦးဟုတ်၊** စာ ၄၂၄၊ ၄၅၄၊ ၅၉၅]

**ပတိရူပဒေသ** *(ပါ)* – သာသနာတော် ထွန်းလင်းရာအရပ် [**မေးတော်ပြေ၊** စာ ၁၄၉]

**ပတေပတာ** – ကောင်းမွန်စွာ [**မြန်ဖွင့်၊** န၊ စာ ၂–၅] "အကြောင်းစေ့ရေ၊ မေးသောထွေကို၊ ပတေပတာ၊ ပြန်ပြီးစွာမှ" [**သုမြားပစ်၊** စာ ၇၃]

**ပတံပါနီခြုံထည်** – ပယင်းရောင်ခြုံထည်တစ်မျိုး။ "အင်္ဂလိပ် မင်းက သလိုက်သည့် လက်ဆောင်တော်ကား စိန်မြ လည်ဆွဲ ပုတီးကုံးရေတစ်...ပတံပါနီခြုံထည် တစ်... နှင်းရည်ပလင်းကတစ်များကို ဆက်သ၏" [**ကုန်းဘောင်၊** တ စာ ၂၂၄–၅]

**ပထမကျော်ပြန်သူ** – ပထမကြီးတန်းတွင် ထူးချွန်စွာပြန်ဆို အောင်မြင်သော ပုဂ္ဂိုလ် [**ယုဒသန်၊** စာ ၆၁၃]

**ပထမပြန်** – ပထမတန်းစားအဖြစ် အမြင့်အမြတ်ထား သော ဗုဒ္ဓကျမ်းစာများကို စစ်ဆေးမေးမြန်းပြန်ဆိုခြင်း [**အုပ်ချုပ်၊** စ၊ စာ ၂၁၃]

**ပထမဘတ္တမင်္ဂလာ** – ဖွားမြင်ပြီးနောက် ရက်ပေါင်းတစ်ရာ ရှစ်ဆယ်မြောက်၌ကလေးငယ်အား ပထမဦးစွာထမင်းခွံ့ သည့် မင်္ဂလာ အခမ်းအနား [**ရွှေနန်းသုံး၊** စာ ၂၃၈၊ **ကုန်းဘောင်၊** တ၊ စာ ၅၃၈]

**ပထဝီဿရနရသေဋ္ဌနင်း** *(ပါ–ပထဝီ+ဣဿရ+နရ)* –ရေ မြေကိုအစိုးရသောမင်း [**ဦးဟုတ်၊** စာ ၁၉၆၊ ၅၀၉၊ ၆၀၀]

**ပထဝီဓာတ်မငြိမ်သောဝေဒနာ** – ဝမ်းပျက်သဖြင့် ဝမ်းသွား သောရောဂါဝေဒနာ။"စုန္ဒပန်းထိမ်သည် လှူသောဆွမ်း ကိုဘုဉ်းပေးတော်မူသည့်နောက် ပထဝီဓာတ်မငြိမ်သော ဝေဒနာရောက်တော်မူသည်"[**ကုန်းဘောင်၊** ဒု၊ စာ ၃၀၆]

**ပဒုမာဟတ္တ** *(ပါ)* – ကြာပန်းကို လက်ဖြင့်ကိုင်ထားဟန် (ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလိုသူ၊ ဘေးအန္တရာယ် ကင်းရှင်းလိုသူတို့သည် ဤရုပ်တုတော်မျိုးကို ကိုးကွယ် ကြသည်ဟု ဆို၏။) [**မှတ္တြာ၊** စာ ၆၃]

**ပဒေသရာဇ်** *(ပါ–ပဒေသရာဇာ)* – နယ်ပယ်ဒေသ အပိုင်း အခြားတစ်ခုကို အစိုးရသောမင်း [**ဦးဟုတ်၊** စာ ၆၀၃]

**ပဒုံ** – မုံရွာခရိုင် အလုံမြို့ (ပဒုမ္မာကြာမျိုးတို့ ပေါက်ရာ အင်းတို့အလယ်ရှိ ကုန်းစွယ်၌တည်သောမြို့ ဖြစ်၍ ပဒုံဟု ခေါ်တွင်ခြင်း ဖြစ်သည်ဟု ဆို၏။ နောင်အခါ ဘိုးတော်ဘုရားဟု ထင်ရှားလာသော ပဒုံမြို့စားသည် မင်းဖြစ်လာသောအခါ ပဒုံမြို့သည်ငါ၏မင်္ဂလာမြို့တော် ဖြစ်သည့်အတိုင်း ရန်အပေါင်းလုံခြုံသဖြင့် အလုံမြို့ သမုတ်စေဟု အမိန့်တော် ရှိချိန်မှစ၍ အလုံမြို့ဟု ခေါ်တွင်ခဲ့သည်။) [**ရာဇဝင်သစ်၊** တ၊ စာ ၃ အောက်]

**ပနိပ်အိမ်မှံ့ဘား** – အသွားကို အိမ်အတွင်းသို့ နှိမ်၍သွင်းထား နိုင်သောမောင်းချဘား[**ဖေါ်စန်၊** စာ၄၉]"ချင်းတန်းသန့်ရန် ပတ္တမြား ခုနစ်တန့်စီဖြင့် စီခြယ်အပ်သော ရွှေအတိ ပြီးသော ပနိပ်အိမ်မှံ့ဘား" [**ကုန်းဘောင်၊** တ၊ စာ ၅၃၈]

**ပဘဝ** *(ပါ)* – အမွန်အစ၊ အရင်းမူလ [**ဦးဟုတ်၊** စာ ၆၀၉]

**ပဘာဝသတ္တိ** *(ပါ)* – အထိုက်အလျောက်ဒဏ်ထားနိုင်သော စွမ်းရည်၊ တန်ခိုးအာနုဘော် [**မေးတော်ပြေ၊** စာ ၆၁၅]

**ပယောဂ** *(ပါ)* – (၁) ကြိုးပမ်းအားထုတ်မှု (၂) အစီအရင် (၃) အောက်လမ်းပညာဖြင့် ပြုစားနှောင့်ယှက်ခြင်း [**ဦးဟုတ်၊** စာ ၆၁၂] "ကုလားတို့ခံ၍နေသည့် သင်္ဘောကို တစုံတခုသော ပယောဂဖြင့် စီရင် ဖျက်ပြီးလျှင်... တက်ရအောင်တက်မည်" [**မှန်နန်း၊** ၃၊ စာ ၁၉၉]

**ပယောဂသမ္ပတ္တိ** *(ပါ)* – လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း၊ စီရင်ဆောင်ရွက်မှု ပြည့်စုံခြင်း [**ဦးဟုတ်၊** စာ ၆၁၂၊ ၉၉၈] "မုဒ္ဒါဘိသိက် ခံသဖြင့် ပယောဂ သမ္ပတ္တိ ဖြစ်၍ ဘုန်းကံပါရမီနှင့် လျော်စွာ" [**ROB, VIII,** p.733]

**ပရဒါရမှု** – သူတစ်ပါးမယားကို ခိုးယူ ပေါင်းသင်းသော အမှု [**မနုဓမ္မ၊** စာ ၁၁]

**ပရဒိန္န** – မိမိတို့၏ သားသမီးအား သူတစ်ပါးထံ သားသမီးပြုရန် ပေးလိုက်ပြီးဖြစ်သော သားသမီး [**မနုကျယ်၊** စာ ၃၁၀]

**ပရပတ်** – လှေဖောင်တို့ ရေမယိုအောင် ဖာထေးရသော အမှုထမ်း [**အုပ်ချုပ်၊** ၈၊ စာ ၂၄၄]

**ပရမိဿရာ** *(ပါ)* – လောကကို အစိုးရသော သိဝနတ်မင်း [**ကိုးစောင်၊** စာ ၁၇၂]

**ပရမတ္ထသင်္ဃာ** *(ပါ)* – သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿန ဟူသော ငါးပါးသော အင်္ဂါနှင့် ပြည့်စုံ၍ အာသဝေါတရား ကင်းပြီးသော သင်္ဃာ (အင်္ဂါငါးပါးနှင့် ပြည့်စုံသဖြင့် ထိုသင်္ဃာကို ပဋ္ဌက်ပုဂ္ဂိုလ် သို့မဟုတ် ပဋ္ဌင်းဟုခေါ်သည်။) [**နီသျှည်း၊** စာ ၃]

**ပရဝါအစု** – အာဏာပါးကွက် လူသတ်အမှုထမ်းစု [**ရှိုင်ရာသစ်၊** ပ၊ စာ ၃၅၅]

**ပရသုချိန်** – သူငယ်တို့ချင်း ကျွမ်းဝင်ကြ၍ ရသောသားသမီး [**မနုကျယ်၊** စာ ၃၁၁]

**ပရိက်** *(ပါ–ပရိက္ခ)* – အဆောက်အအုံ၊ အခြေပြုခြင်း "မဟာရာမ်မိးတား စသော အဆောက်အဦ အစီအရင် ပရိက်တို့ဖြင့်" [**လွှတ်တော်မှတ်၊** စာ ၁၉၄]

**ပရိစာဂ** *(ပါ–ပရိစ္စာဂ)* – စွန့်ကြဲပေးကမ်းခြင်း။ "မင်းတို့ကျင့်အပ်သော ပရိစာဂတရားနှင့်အညီ စွန့်ကြဲပေးကမ်းတော်မူသည်" [**ကုန်းဆောင်၊** ၃၊ စာ ၃၇၀]

**ပရိဏာတသိက္ခာပုဒ်** *(ပါ)* – အခြားသံဃာတော်တို့အား လှူဒါန်းရန် ရည်သန်ပြီးသော သက်နှံးကို မိမိအား လှူဒါန်းရန် ဆောင်ရွက်ခြင်းမပြုရဟူ၍ တားမြစ်ထားသော သိက္ခာပုဒ် [**ဝိနည်း၊** စာ ၂၀၀]

**ပရိနာယက** *(ပါ)* – အသိုင်းအဝိုင်း၏ အကြီးအမှူး [**ဦးဟုတ်၊** စာ ၅၁၆၊ ၆၁၈]

**ပရိနိဗ္ဗာန်သုံးပါး** (၁) ကိလေသပရိနိဗ္ဗာန် – ကိလေသာကို ပယ်ခြင်း (၂) ခန္ဓပရိနိဗ္ဗာန် – ခန္ဓာတော်ကိုစွန့်ခြင်း (၃) ဓာတုပရိနိဗ္ဗာန် – ဓာတ်တော်မွေတော်များ အကုန်အစင်လောင်ကျွမ်းခြင်း [**သာသနာ၊** စာ ၂၃၉]

**ပရိဗိုဇ်** – သက်နှံးဝတ်သော်လည်း ဗုဒ္ဓသာသနာမှ အပ ဖြစ်၍ သိက္ခာမရှိသော ရဟန်း [**ရွှေဟင်္သာ၊** စာ ၃၅၀]

**ပရိဘုတ်** *(ပါ–ပရိဘုတ္တ)* – စားသောက်အပ်သည်။ ခံစားအပ်သည်။ [**ဦးဟုတ်၊** စာ ၆၃၀]

**ပရိမဏ္ဍလသိက္ခာပုဒ်** *(ပါ)* – အဝန်း ညီအောင် ဝတ်ရုံရမည် ဟူ၍ ပညတ်ထားသော သိက္ခာပုဒ် [**ဝိနည်း၊** စာ ၂၄၆] "ပရိမဏ္ဍလ ... သိက္ခာပုဒ်တော်နှင့် အညီ အဝန်းညီစွာ ဝတ်ပြီးလျှင်" [**လွှတ်တော်မှတ်၊** စာ ၂၀၂]

**ပရိမဏ္ဍလသုပ္ပဋိစ္ဆန္န** *(ပါ)* – အဝန်းညီစွာ ဝတ်ရုံမှုကို အလေးအမြတ် မပြုခြင်း [**သာသနာ၊** စာ ၃၄]

**ပရိယတ္တိ** *(ပါ)* – စာပေကျမ်းဂန် သင်ယူခြင်း [**ဦးဟုတ်၊** စာ ၆၃၂] "ပရိယတ်၊ ပဋိပတ် လျော့ယုတ်ခြင်းကြောင့် သာသနာတော် ရောင်ဝါညှိုးနွမ်း ...သည့် မြို့ကျေးရွာများသို့" [**လွှတ်တော်မှတ်၊** စာ ၁၈၉]

**ပရိယတ္တိဝိသာရဒ** *(ပါ)* – စာပေကျမ်းဂန် တတ်ကျွမ်းခြင်း [**ဦးဟုတ်၊** စာ ၆၃] "ပရိယတ္တိဝိသာရဒ ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသူ မှူးမတ်အရာရှိ စာကြပ်စာမတို့ ကြီးကြပ်ကြည့်ရှုစေ၍" [**လွှတ်တော်မှတ်၊** စာ ၁၆]

**ပရိဝါရကြွင်နှံးသစ်** – နန်းတော် ဆောက်လုပ်ရန် အရှေ့တောင်ထောင့်တွင် စိုက်ထူသောသစ် [**ကုန်းဆောင်၊** တ၊ စာ ၂၆၂]

**ပရိသာဝန** *(ပါ)* – ပိတ်ရေစစ် [**ဦးဟုတ်၊** စာ ၆၃၈]

**ပရိသုဒ္ဓ** *(ပါ)* – စင်ကြယ်အောင် သိက္ခာချ၍ လူထွက်ခြင်း [**ဦးကုလား၊** ၃၊ စာ ၃၉၂အောက်] "ရဟန်းတစ်ဦးသည်... ပရိသုဒ္ဓပြုပြီးလျှင်...သမိန်ထောရာမဟူသော အမည်ကို ခံသည်" [**မှန်နန်း၊** ၃၊ စာ ၂၅၅]

**ပရက္ကမ** *(ပါ)* – အားထုတ်ခြင်း၊ လုံ့လပြုခြင်း [**ဦးဟုတ်၊** စာ ၆၁၄]

**ပရင်တော်မှတ်** *(အင်္ဂလိပ်)* – ဖရင့် တောမတ် (Frank Thomas) [**ROB, X, p.116**]

**ပရိုင်ပွတ်တိုင်** – အကာအကွယ်အဖြစ် ဝန်းရံ၍ စိုက်သော ပွတ်လုံးတိုင် [**ပရိုင်း–အကာအရံ၊ ကိုးစောင်၊** စာ ၄၈၃]

"ဖောခိငါးပင်မှာ ရတနာသိခ် ရွှေချက်သိုဘုရားတွင် စိုက်ရန်ကိုပြင်... ပရိင်ပွတ်တိုင်လည်းရန်စေ" [ROB, V, p.841]

**ပရိက္ခာဂ၊ အနွ၀၊ အဝိဟိ'သာ** – စွန့်ကြဲခြင်း၊ ဖြောင့်မတ်ခြင်း၊ မညှင်းဆဲခြင်း [**ဦးဟုတ်၊** စာ ၁၈၊ ၁၄၁၊ ၆၂၂]

**ပရိတ်ကြီး ၁၁ သုတ်** – (၁) မင်္ဂလသုတ် (၂) ရတနာသုတ် (၃) မေတ္တာသုတ် (၄) ခန္ဓသုတ် (၅) မောရသုတ် (၆) ဝဋ္ဋသုတ် (၇) ဓဇဂ္ဂသုတ် (၈) အာဋာနာဋိယသုတ် (၉) အင်္ဂုလိမာလသုတ် (၁၀) ဗောဇ္ဈင်္ဂသုတ် (၁၁) ပုဗ္ဗဏှသုတ် [**သုတေသန၊** စာ ၃၂၂]

**ပရိတ်နာဆောက်ဆောင်** – ပေါင်းတော်၊ သရဖူတော်၊ မကိုဋ်တော်နှင့် မင်းဝတ်တန်ဆာတော်များကို ပရိတ်တော်ခံရန်၊ မင်းဧကရာဇ် ပရိတ်တော်နာရန် ဆောက်လုပ်ထားသောအဆောင် [**ရွှေဘုံ၊** စာ ၂၈] (မင်းဧကရာဇ်တို့လေညှင်းခံရာ အဆောင်ဖြစ်၍ လေသာဆောင်ဟုလည်းခေါ်သည်။)

**ပရွက်ကြောင်းလမ်း** – အခမ်းအနား ပွဲလမ်းသဘင်များကျင်းပသောအခါ မင်းမိဖုရားတို့ ကြွချီတော်မူရန်အတွက် နန်းတော်မှ မင်္ဂလာမဏ္ဍပ်အရောက် နေပြောက်မထိုးအောင် ရွှေဖျင်ငွေဖျင်တို့ဖြင့် မိုးကာပြီး လက်ဝဲလက်ယာတွင် ကာရံ၍ ကြံပင်၊ ငှက်ပျောပင်၊ အုန်းပင်တို့စိုက်ထားသောလမ်း [**ရခိုင်ရာဇဝင်၊** ပ၊ စာ ၃၃၈] "မင်းနှင့်မိဖုရားသွားသော ပရွက်ကြောင်းလမ်းအမိုးတွင် လိုက်ရသည်ကား ပုဏ္ဏားအမျိုးတရာမှာ လက်ဝဲက… လိုက်ရသည်" [**ဓညဝတီ၊** စာ ၁၁၄]

**ပလိဗောဓ** *(ပါ)* – တားမြစ်ချက်၊ အနှောင့်အယှက် [**ဦးဟုတ်၊** စာ ၆၄၃] "ရွာသူသားယော်များသည် ရဟန်းတို့အား ကြီးစွာသော ပလိဗောဓဖြစ်ကြောင်းနှင့် တရားကျမ်းဂန်ပြသပြောဆိုသည်" [**မေးတော်ဖြေ၊** စာ ၆၀၃]

**ပလေကပ်** – အိန္ဒိယနိုင်ငံ မဒရပ်ကမ်းခြေရှိ ပုလိကတ် (Pulicat) တွင် ရက်လုပ်သော ချည်ချောထည်

**ပလောပိနံ** *(မလေး– Pulau Pinang)* – မလေးရှားနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းရှိ ပိနံကျွန်း (Pulauမှာ ကျွန်းဟု အဓိပ္ပါယ်ရပြီး Pinang, Penang မှာ ကွမ်းသီးဟု အဓိပ္ပါယ်ရသည်။ ပလောပိနံ ဟူသည် ကွမ်းသီးပုံသဏ္ဌာန် ရှိသော ကျွန်းဟူ၍ ဖြစ်သည်။) [Hobson, pp.695, 711]

**ပလို** *(သဘင်)* – မြေဝိုင်းသဘင်ခေတ် သီချင်းတစ်မျိုးအတွက် တီးနည်းပုံတောက်သံ၊ ပလို့ဂျိ ဟူသော ဆိုင်းတီးချက်တစ်မျိုး [**အောင်** ]

**ပလိုင်း** – ကြိုးတပ်ထားပြီး ကျောကုန်း အထက်တွင် နောက်ပိုးလွယ်သည့် ခြင်းတောင်း [**ဝိဗ္ဗလ္လာ၊** စာ ၁၆၂]

**ပလေစ်နော်ရထာ** – စကားအလွန်များ၍ လူချစ်လူခင်ပေါသော နန်းတွင်းမင်းမှုထမ်းကို သရော်၍ ခေါ်သော အမည် [**လိနတ္တ၊** စာ ၃၁၀]

**ပဝရ** *(ပါ)* – မြင့်မြတ်သော [**ဦးဟုတ်၊** စာ ၆၄၆]

**ပဝါရဏာ** *(ပါ)* – ရှေးဦး ဝါကပ်သော ရဟန်းတို့အဖို့ သီတင်းကျွတ် လပြည့်နေ့တွင် လည်းကောင်း၊ နောက်ဝါကပ်သောရဟန်းတို့အဖို့ တန်ဆောင်မုန်း လပြည့်နေ့တွင် လည်းကောင်း မိမိကိုယ်ကို ဖြူစင်အောင် ဥပုသ် ဆောက်တည်၍ ဆွေးနွေးပြောဆိုခြင်း [**ကိုးစောင်၊** စာ ၃၂၄]

**ပဝါရိတ** *(ပါ)* – (အလိုရှိလျှင် တောင်းတော်မူပါဟု) ဖိတ်မန္တကပြုသည်။ [**ဦးဟုတ်၊** စာ ၆၄၇] "အလိုရှိလျှင် တောင်းတော်မူပါဟု ဖိတ်မံဘူးသောပဝါရိတဖြစ်သူတို့မှတပါး" [**လွှတ်တော်မှတ်၊** စာ ၂၀၄]

**ပဝေဏီ** *(ပါ)* – ရှေးအစဉ်အဆက် [**ဦးဟုတ်၊** စာ ၆၄၈] "အထက်ပဝေဏီ ထုံးစံမပျက် ဆင့်ဆိုထမ်းရွက် ပါရမှ ရေးကြောင်းကိစ္စ၊ ရှိသမျှပြေကုန်…ပါမည့် အကြောင်း" [**လွှတ်တော်မှတ်၊** စာ ၁၈၂]

**ပသီ** – ပါရှန်ဘိုးဘွားမိဘများမှ ဆင်းသက်လာခဲ့သော အစ္စလမ်ဘာသာဝင် အိန္ဒိယနိုင်ငံသားများ (ပသီဘိုးဘွားတို့သည် ရှေးအခါက ဇိုရိုးအက်စတာ ဘာသာဝင်များဖြစ်ကြသည်။) [Hobson, p.681]

**ပသုံလှေ** *(မွန်–ပန်သွာင်)* – သကြန်တော်ကြီးခေါ်တော်မူရာတွင် သုံးဆောင်သည့် ပွန်စလိုင်ရေ ခပ်ယူရန်အတွက် စီစဉ် တည်ဆောက်ထားသောလှေ (လှေဦးတွင် မြင်းဦးခေါင်းရုပ် ပုံဖော်ထား၍ ပဲ့တွင် မင်းစီးလှေပုံသဏ္ဌာန် တည်ဆောက်ထားသည်။) [**ရွှေဘုံ၊** စာ ၆၈–၉]

**ပသောတ္တ** – အဘကားပုဏ္ဏား အမိကားပုဏ္ဏားမ မဟုတ်ဘဲ မွေးမြင်သော သားသမီး [**သုံးဆဲ့ခြောက်၊** စာ ၆၃]

**ပသျှူးဆိဒြမုဏီကိန်း** – ၇၉၈၈ ဖြစ်သောကိန်း (ပသျှူး=၈၊ ဆိဒြ = ဒွါရကိုးပေါက်ကို စွဲ၍ ၉၊ မုဏီ = ဝိပဿီ အစရှိသောဘုရားခုနစ်ဆူကို ရည်ညွှန်း၍ ၇။ သက္ကရာဇ် ၈၀၀ပြည့်နှစ်သို့ရောက်သောအခါ အင်းဝပြည်၊ မိုးညှင်း

မင်းတရားသည် ပသျှူးဆိဒြမုဏိကိန်းဖြင့် နှစ်ပေါင်း ၇၉၈ကိုဖြို၍ အကြွင်း ၂၃ ထားကာ ရေတွက် ခဲ့သည်။ သို့ရာတွင် သက္ကရာဇ်မပြိုဘဲ မူလအတိုင်းသာ တည်မြဲခဲ့၏။) [**ဦးကုလား၊** ၁၊ စာ ၆၈နှင့် **အုပ်ချုပ်၊** ၀၊ စာ ၂၅]

**ပဟာန်သုံးပါး** – (၁) တဒင်္ဂပဟာန် – တခဏမျှသာ ကိလေသာကို ပယ်နိုင်ခြင်း (၂) ဝိက္ခမ္ဘနပဟာန် – ဈာန်သမာပတ်တရားဖြင့် ကိလေသာကို ပယ်နိုင်ခြင်း (၃) သမုစ္ဆေဒပဟာန်–မဂ်တရားစသည်ဖြင့် ကိလေသာကို အကြွင်းမရှိပယ်နိုင်ခြင်း [**ရတနာ့ဘဏ်၊** စာ ၁၅၃]

**ပါဋိပဒနေ့** *(ပါ)* – အထွက်တစ်ရက်နေ့ [**ဦးဟုတ်၊** စာ ၆၅၇]

**ပါဋိဟာရိယဥပုသ်** *(ပါ)* – တစ်ဦး တစ်ယောက်သော ပုဂ္ဂိုလ်အား ဘုန်းတန်ခိုးကြီးမားစေရန်အတွက် ကုသိုလ်တော်ပွား ဆောက်တည်ပေးသော ဥပုသ်၊ တန်ခိုးပြာဋိဟာရစေရန် ဆောက်တည်သော ဥပုသ် [**ဦးဟုတ်၊** စာ ၆၅၇]

**ပါတိမောက်** – သီလစောင့်သော ရဟန်းတို့အား ဘေးအမျိုးမျိုးမှ လွတ်ကင်းစေသောကျမ်း [**မြင့်** ]

**ပါတိမောက္ခသံဝရသီလ** *(ပါ)* – မိမိအားစောင့်ရှောက်သူကို အပါယ်ဆင်းရဲ စသည်တို့မှ လွတ်ကင်းအောင် ကိုယ်နှုတ် နှလုံးဖြင့် စောင့်ထိန်းဆောက်တည်သော သီလ [**ဦးဟုတ်၊** စာ ၆၅၉၊ ၉၃၀၊ ၁၀၄၁] "ဆရာဖြစ်သူ … ပုဂ္ဂိုလ်တို့က …ပါတိမောက္ခသံဝရသီလ ပြည့်စုံရာသော ကျင့်ဆောင်အပ်သည့်နည်း…ကို မှတ်သား လေ့လာ၍ ပြသဆုံးမ ကျင့်ဆောင် စေရမည်" [**လွှတ်တော်မှတ်၊** စာ ၂၀၆]

**ပါဒ** *(ပါ)* – (၁) ခြေ၊ ခြေတော်ရာ (၂) စာပိုဒ် [**ယုဒသန်၊** စာ ၆၂၉ နှင့် **ဦးဟုတ်၊** စာ ၆၆၀]

**ပါပဂြိုဟ်လေးလုံး** *(ဗေဒင်)* – ဂြိုဟ်ဆိုးကြီး လေးလုံး ["အထွန်းရာဇာ"ဟု အတိုခေါ်သော ပါပဂြိုဟ်လေးလုံးမှာ (၁) တနင်္ဂနွေဂြိုဟ် (၂) စနေဂြိုဟ် (၃) ရာဟုဂြိုဟ် (၄) အင်္ဂါဂြိုဟ်တို့ ဖြစ်သည်။] [**သုတေသန၊** စာ ၄၇၃]

**ပါပစည်** – မြို့လေးမျက်နှာတွင် သူရဇ္ဇ၊ ပါပ၊ အမြိတ္တာ၊ ကောလီ ဟူသော ဓါတ်တံခါးလေးရပ်ရှိရာ ပါပဓါတ်တံခါးတွင် ချိတ်ဆွဲထားသောစည်။

**ပါပဓာတ်** – အနောက်စူးစူးအရပ်တွင် အဓိကတည်သော ဓာတ် (ပါပဓာတ်သည် ၁၂ရာသီခွင်တွင် တူ၊ ကုံနှင့် မေထုန်ရာသီများကို ပိုင်ဆိုင်သည်၊ ပါပဓာတ်သက် ၂၂နှစ် ဖြစ်သည်) [ROB, I, p.200 နှင့် **ဗေဒလက်စွဲ၊** စာ ၅၆]

**ပါပသတ်** – သင့်မသင့်၊ မှန်မမှန်ကို ဆင်ခြင်ခြင်းမရှိဘဲ ဆုံးဖြတ်စီရင်ခြင်း။ "ပါပသတ်ကိုပယ်၍ ဓမ္မသတ်နှင့် စီရင်ရာ၏" [**မနုကျယ်၊** စာ ၁၈၆]

**ပါပသမ္မာစာရ ပုဂ္ဂိုလ်** *(ပါ)* – မကောင်းမှုကို ကျင့်ကြံအားထုတ်သောပုဂ္ဂိုလ် [**ဦးဟုတ်၊** စာ ၆၆၃]

**ပါရမီ** *(ပါ)* – ဖြည့်ကျင့်ခြင်း၊ မြတ်သောသူ၏ အဖြစ် [**ဦးဟုတ်၊** စာ ၆၆၅]

**ပါရမီဆယ်ပါး** – (၁) ဒါနပါရမီ – လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ (၂) သီလပါရမီ – သီလဆောက်တည်ခြင်း (၃) နိက္ခမပါရမီ–တောထွက်၍ ရသေ့ရဟန်း ဝတ်ခြင်း (၄) ပညာပါရမီ–အတတ်ပညာ ရှာဖွေ ဆည်းပူးသင်ကြားခြင်း (၅) ဝီရိယပါရမီ–အားထုတ် ကြိုးစားမှုရှိခြင်း (၆) ခန္တီပါရမီ–သည်းခံခြင်း (၇) သစ္စာပါရမီ – မှန်ကန် ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်ခြင်း (၈) မေတ္တာပါရမီ – သတ္တဝါတို့အား မိမိနှင့်ထပ်တူချစ်ခြင်း (၉) အဓိဋ္ဌာနပါရမီ–စိတ်ဖြင့် ဆောက်တည်လုပ်ကိုင်ခြင်း (၁၀) ဥပေက္ခာပါရမီ – ချမ်းသာ ဆင်းရဲသော အရေးတို့ကို လျစ်လျူရှုခြင်း [**သုတေသန၊** စာ ၃၃၀ နှင့် ROB, IX, p.903]

**ပါရမီပုညဒဗ္ဗသမ္ဘာရ** *(ပါ)* – ဆည်းပူး စုဆောင်းပြီးသော ဘုန်းပညာ အဆောက်အအုံ။ "ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီ ပုညဒဗ္ဗသမ္ဘာရ" [**လွှတ်တော်မှတ်၊** စာ ၁၃]

**ပါရမီပုညသမ္ဘာရ** *(ပါ)* – ရှေးဘဝများက ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ကောင်းမှု ဟူသော အဆောက်အအုံ "ရှေးရှေးဘဝတို့၌ ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ပါရမီပုညသမ္ဘာရတော်ထက် ကဲလွန်ထူးမြတ်သော" [**ကုန်းဘောင်၊** ၀၊ စာ ၄၈၀]

**ပါရမီသုံးဆယ်** – ပါရမီဆယ်ပါးတွင် တစ်ပါး တစ်ပါး၌ (၁) ရိုးရိုးပါရမီ–ကိုယ်ခန္ဓာမှအပ ဖြစ်သောအရာဝတ္ထုပစ္စည်းများအတွက် မငဲ့ကွက်ခြင်း (၂) ဥပပါရမီ – ကိုယ်ခန္ဓာ အစိတ်အပိုင်းများ အတွက် မငဲ့ကွက်ခြင်း (၃) ပရမတ္ထပါရမီ – ကိုယ့်အသက်ကိုပင် မငဲ့ကွက်ခြင်း ဟူသောအဆင့်သုံးဆင့်ဖြင့် ကျင့်ကြံအားထုတ်နိုင်သောကြောင့် ပါရမီ သုံးဆယ်ဟု ခေါ်သည်။ [**သုတေသန၊** စာ ၃၃၁]

**ပါရသီ** *(ပါရစီ)* – ပသီနှင့် အဓိပ္ပာယ်တူသည်။

**ပါရာစိကအာပတ်** *(ပါ)* – သာသနာ့ဘောင်တွင် နေ၍ မရတော့သော ပြစ်မှု [**ဦးဟုတ်၊** စာ ၁၆၇၊ ၆၆၅]


**ပါရိသုဒ္ဓိဥပုသ်** *(ပါ)* – ရဟန်း နှစ်ပါး သုံးပါးတည်းဖြင့်သာ ပြုရသော ဂဏဥပုသ် [**ကစ်၊** စာ ၂၇] "သံဃာတို့မှာ ပါရိသုဒ္ဓိဥပုသ် မပြုကြစေနှင့်" [ROB, IX, p.440]

**ပါလကီ** *(အင်္ဂလိပ်)* – ထမ်းစင် [**ယုဒသန်၊** စာ ၆၁ နှင့် ROB, X, p.116] (Palanquin)

**ပါလီလေယျကာသန** *(ပါ+သတ်)* – ပလ္လင်ပေါ်တွင်ထိုင်၍ ခြေနှစ်ဖက်ကို အောက်သို့ တွဲလျားချကာ ကြမ်းပြင်ပေါ်တွင် စုံနင်းထားဟန် (အေးငြိမ်း ချမ်းသာသော သဘောကို ဆောင်သည်။) [**အာသန၊** စာ ၉၂]

**ပါလေမင်း** *(အင်္ဂလိပ်)* – ပါလီမန်လွှတ်တော် (Parliament)

**ပါလည်ကွေး** *(ဇာလည်ကွေး)* – လည်ပင်းပတ်လည်တွင် ဆင်မြန်းသည့် ကွေး ကော့သော အဆင် တန်ဆာ (တစ်ခါ တစ်ရံ ပါကူ လည်ကွေးဟု လည်း ရေးသည်။) [**ယုဒသန်၊** စာ ၇၁၀]




**ပါဝစန** *(ပါ)* – မြတ်စွာဘုရား၏ စကားတော် [**ဦးဟုတ်၊** စာ ၆၆၇] "ပါဝစန ဖြစ်သော ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်" [**လွှတ်တော်မှတ်၊** စာ ၃]

**ပါဝါဆိပ်** – ပုသိမ် သင်္ဘောဆိပ် [**ဦးကုလား၊** ပ၊ စာ ၃၁ အောက်]

**ပါဝါရ** *(ပါ)* – စုလျား၊ အပေါ်တင်ပုဆိုး [**ရွှေမြန်၊** စာ ၉၅]

**ပါးကွက်** – ပါးနှစ်ဖက်တွင် မင်နက်ဖြင့် ဒင်္ဂါးဝိုင်းခန့် ထိုးနှံထားပြီး ရင်ပတ်တွင်လည်း "သူသတ်"ဟူသော စာထိုးထားသည့် လူသတ်သမား [**ဦးပုည၊** စာ ၆၁]

**ပိစပ်** – (၁) ပိပြားသေးငယ်ခြင်း (၂) အပွင့်ငယ်များ အဆုပ်လိုက်ပွင့်၍ အရွက်တွင် အမွေးနရှိသော ဆေးဖက်ဝင် အပင်

**ပိဆယ်** *(ကျောက်)* – အင်္ဂတေထောင်းသူ? "ပိဆယ်ငါသီ ပုဟာ လျှုပါသောကျွန် အိုသုကြာ၊ သို့အိုမြန်မာ။ ငိမဥတ်အာ ၃ ယောက်" [**၁၂၄၃ စုနှစ်ထိုး ဖွားစော ကျောက်စာ** ]

**ပိဋကတ်** *(ပါ၊ ပိဋကတ္တယ)* – မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော် တို့ကို ဖော်ပြသောကျမ်း [**ဦးဟုတ်၊** စာ ၆၆၉]

**ပိဋကတ်သုံးပုံ** – (၁) သုတ္တန်ပိဋကတ် (၂) ဝိနယပိဋကတ် (၃) အဘိဓမ္မာပိဋကတ် [**သုတေသန၊** စာ ၃၃၂]

**ပိတုဃာတကကံ** *(ပါ)* – အဖကိုသတ်သဖြင့် သင့်သောကံ [**ဦးဟုတ်၊** စာ ၂၉၄၊ ၆၇၁]

**ပိတာန်** – မျက်နှာကြက် [**မြန် စာဆွိ၊** ပ၊ စာ၂၁]

**ပိတုန်းပိတ်** – (၁) ခြစည်းရိုးအပေါ် အနားစပ်တစ်လျှောက် သပ်ရပ်ချောမွေ့အောင် ပိတ်ဖုံးသည့်အရာ (၂) တံစက်မြိတ် (၃) ခါးပန်း [**ယုဒသန်၊** စာ ၆၃၄] "ဝင်းမျဉ်းကပ် အထက်နားကို ပိတုန်းမပိတ်စေနှင့် [ROB, I, p.185]

**ပိတိပါမောဇ္ဇ** *(ပါ)* – ကျေနပ်နှစ်သက် ဝမ်းမြောက်ခြင်း [**ဦးဟုတ်၊** စာ ၆၇၅]

**ပိတိသောမနဿ** *(ပါ)* – နှစ်လို ဝမ်းမြောက်ခြင်း [**ဦးဟုတ်၊** စာ ၆၇၆]

**ပိတာကိညုမ** *(အင်္ဂလိပ်)* – ပီတာ နျူးမင်း (Peter Newman) [ROB, X, p.116]

**ပုခြည်** *(ကျောက်)* – ချည်ထည် (ပုခြည်သည်–ချည်ထည်ရောင်းသူ) [**မြန်မှုင်၊** ဒု၊ စာ ၅၆–၇] "ငကိုဝ်ပိယ်တမှုခသော ရစသုကျွန် ပုခြည်သည်" [**၁၂၀၁ စုနှစ်ထိုး ဆုတောင်းပြည့်ဘုရား ကျောက်စာ** ]

**ပုစု** *(ကျောက်)* – နို့စို့အရွယ်ထက်ကြီး၍ သွားနိုင်လာနိုင်လောက်သော အရွယ် ရှိသည့် ကလေးငယ် (ပုစုး)၊ "အပေါင်ယောက်ယာ ပုစုဖုတ်၁၄ အမှုရမြတ်၇ ၆။ အိုဝ်ဖူခ ၃ယောက်။ စာတတ် ၂ယောက်။ နိုင်စိုဝ်၁" [**၁၂၄၂ စုနှစ်ထိုး ကျွန်ုပ်မင်း မိထွေးတော်ကျောက်စာ** ]

**ပုစင်** *(ကျောက်)* – အစင်းကြောင်းများဖော်၍ ရက်လုပ်ထားသောအထည် "ငိပေသောတံတိုင်ပုစင် ၄ထည်" [**၁၂၈၂ စုနှစ်ထိုး ငှက်ပစ်တောင် ကျောက်စာ** ]

**ပုစင်တံတိုင်** *(ကျောက်)* – ကန့်လန့်ကာအစင်း"ဤမ်ရာ တာဝ်နက် ပုစင်တံတိုင် ၁" [**၁၂၄၃ စုနှစ်ထိုး ဝူနီဘုရား— ကျောက်စာ** ]

**ပုစွန်ခွံမှမ်း** – ပုစွန်ခွံနှင့် တူသော (ရွှေပြား) မှမ်းမံထားသည်။

**ပုဆိုးကိုယ်တွင်းပြည့်ကောန်** – တစ်နံတည်းအရောင်ပိန်း အဆင်းတူသော ပုဆိုး [**ဦးကုလား၊** ၃၊ စာ ၂၇]

**ပုညကိရိယဝတ္ထု** *(ပါ)* – ကောင်းမှုပြုခြင်း အကြောင်း [**ဦးဟုတ်၊** စာ ၆၇၇၊ ၈၄၉]

**ပုညဝမုနတိုင်း** – ရတနာသိဃ် (ရွှေဘို၊ မုဆိုးဖို၊ ရန်ကြီး အောင်၊ ကုန်းဘောင်) [**ဦးမောင်မောင်တင်မှတ်စု** ]

**ပုညာ** *(ပါ၊ ပုည)* – (၁) ပူဇော်အပ် ပူဇော်ထိုက်ခြင်း (ဘုန်းကျက်သရေပညာရှိ၍ ပူဇော်ထိုက်သော မှူးမတ် တို့အား သရေပုညာ ဟူသော ဘွဲ့မည်ပေး၍ ဆင်စီး မြင်းစီး ကျွမ်းကျင်၍ လေးစားအပ်သော သူရဲကောင်း တို့အား ဥတိန်ပုညာ၊ တုရင်ပုညာ ဟူသော ဘွဲ့များ ပေးလေ့ ရှိသည်။) (၂) ကုသိုလ်ကောင်းမှု [**လီနတ္ထ၊** စာ ၃၄၅–၆]

**ပုညာနိသံသတောစာနုဘာဝ** *(ပါ)* – ကုသိုလ်ကံ၏ အကျိုး ဆက်ဖြစ်သော တန်ခိုးအာနုဘော် [**ညွှန်း** ]

**ပုညိဒ္ဓိ** *(ပါ+ပုည+ဣဒ္ဓိ)* – ကောင်းမှုကုသိုလ်ကြောင့်ဖြစ် သောတန်ခိုး [**ဦးဟုတ်၊** စာ ၁၉၄၊ ၆၇၇]

**ပုထိုဝ်ရယျော်** *(ပုထိုး၍)* – ပုထိုးတည်၍ [**ဗုဂံမြန်၊** ၃၊ စာ ၁၈၆] "ပုထိုဝ်ရယျော်ပုဇာဝ်အော်"[**လောကထိပ်၊** - စာ ၅၆]

**ပုနရုတ္တိဒေါသ** *(ပါ)* – အဖန်ဖန်ထပ်၍ ဆိုရသော အရေး အသားမျိုး [**ဦးဟုတ်၊** စာ ၄၈၈၊ ၆၈၀၊ ၈၁၈]

**ပုရပိုက်** – အနည်းငယ် ထူသော မိုင်းကိုင်စက္ကူအဖြူ သို့မဟုတ် အမည်းကို ညီညာစွာ အပြန်အလှန်ခေါက်၍ လိုရာ မှတ်စုမှတ်တမ်းနှင့် ရုပ်ပုံ ရေးသားထားသော စာအုပ် (ပုဂံဝန်ထောက်မင်းဦးတင်က ပုရပိုက်ဟူသော ဝေါဟာရသည် သက္ကတဘာသာ ပရိဗ္ဗမှ ဆင်းသက် လာခြင်းဖြစ်မည်ဟု ယူဆ၍ ကျောက်စာဝန်မစ္စတာ တော်စိန်ခိုက တရုတ်ဘာသာ **ပုပိုက်** နှင့် ရှမ်းဘာသာ **လိဂ်** တို့ပေါင်း၍ **ပုလိဂ်ပိုက်** မှ **ပုလပိုက်** ထိုမှ **ပုရပိုက်** ဟူ၍ဖြစ်လာဟန်တူသည်ဟု ကြံစည်သည်။ ပုရပိုက်ကို စက္ကူဖြင့်သာမက ရွှေပြား၊ငွေပြား၊ကြေးပြား သစ်ဝါးတို့ဖြင့်လည်းပြုလုပ်သည်။ ပုရပိုက်တို့၏အရွယ်မှာ အများအားဖြင့် အလျား ၁၈ လက်မ၊ အနံ ၈ လက်မ ခန့် ရှိသည်။ ထိုထက်ကြီးသော ထိုအောက်ငယ်သော ပုရပိုက်များလည်း ရှိသည်။ ယွန်းထိုးခြင်း၊ သစ္စေးသုတ် ခြင်း၊ ဟင်္သပဒါးသုတ်ခြင်း၊ ရွှေချခြင်း၊ ကျောက်စီ မှန်စီခြင်းတို့ဖြင့် စီရင်အပ်သော ပုရပိုက်ကို ယွန်းပေါင် ပုရပိုက်ဟုခေါ်သည်။ [**အုပ်ချုပ်၊** ပ၃၊ စာ ၂၂၊ ၉၇–၈]

**ပုဟာတန်ထိမ်** *(ကျောက်)* – လျောင်းတော်မူ ဘုရား [**မြန်မွှင်၊** ပ၊ စာ ၂၂၉]

**ပုရိမဝါ၊ ပစ္ဆိမဝါ** – ရဟန်းသံဃာတော်များသည် ကဆုန်၊ နယုန်၊ ပထမဝါဆို၊ ဒုတိယဝါဆို ၄လ ရက်စုံ သတ်၍ ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်နေ့ကို ပုရိမဝါ၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့ကို ပစ္ဆိမဝါ ကပ်ကြရခြင်း [လွှတ်တော်မှတ်၊ စာ ၁၉၆]

**ပုရိမသံဃာ** *(ပါ)* – ရှေးဦးရှိနေသော သံဃာ [**ဦးဟုတ်၊** စာ ၆၈၅–၉၄၇]

**ပုရိသမေဓမှု** – မင်းမှုထမ်းတို့အား စားသုံးလောက်အောင် လစာရိက္ခာပေးကမ်းချီးမြှင့်ခြင်းအမှု [**အုပ်ချုပ်၊** ပ၊ စာ ၆၄]"လစာပေးပုရိသမေဓမှု..ကို..ဆင့်ဆိုစီရင်လုပ်ဆောင် ထမ်းရွက်စေရန်သင့်ကြောင်း"[**လွှတ်တော်မှတ်၊** စာ၆–၇]

**ပုရိသာဇာနေယျ** *(ပါ၊ ပုရိသ+အာဇာနေယျ)* – ယောကျ်ား အာဇာနည် [**ဦးဟုတ်၊** စာ ၁၆၁ – ၆၈၅] "ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း...ပုရိသာဇာနေယျ ဖြစ်တော်မူသည်နှင့်အညီ" [**ကုန်းဘောင်၊** ပ၊ စာ ၈၄]

**ပုရောဟစ်ဒရပထ်** – ပရောဟိတ်လက်စွဲမှန်ကျမ်း

**ပုရောဟိတ်** *(ပါ၊ ပုရောဟိတ)* – တိုင်းသူပြည်သားတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရန် ပြောဆိုတတ်သော ပုဏ္ဏား (ဦးစွာ မင်္ဂလာအမှုကိစ္စများကို ပြုတတ်သောပုဂ္ဂိုလ်) [**ကိုးဆောင်း၊** စာ ၃၈] "ပုရောဟိတ၊ ဗြဟ္မဏကား၊...ဣရ ဗေဒင်၊ သုံးပုံမြင်၍၊ လျင်တော်လည်း၊ စနည်း တဘောင်" [**ကိုးဆောင်း၊** စာ ၃၇]

**ပုရောဟိတ်မြောက်ထိုက်သော အင်္ဂါသုံးပါး** – (၁) ဗေဒင် ပညာကျွမ်းကျင်ခြင်း (၂) ဟုံးနတ်ပူဇော်ရာ၌ လိမ်မာ ခြင်း (၃) အရှင်မင်းကေရာဇ်၏အကျိုးစီးပွားကို မပြတ် အလိုရှိခြင်း [**မေးတော်ဖြေ၊** စာ ၃၀၁]

**ပုရှာထဝယ်** *(ကျောက်)* – တင်ပလ္လင်ခွေ ထိုင်တော်မူဟန် ဘုရား [**စေတ်ယောင်း၊** စာ ၂၀၁] "အရျပ်တိုင်ရှယ်ပုရျပ် ၁ ဆူ ရှယ်ပုရှာထဝယ် ၂ ဆူ....လှူသတေ" [**၁၂၃၈ ခုနှစ်ထိုး အိုပ္ပည်ဝသင်ကျောက်စာ** ]

**ပုလဲမျိုး ရှစ်ပါး** – (၁) ဆင်ဦးကင်း၌ ဖြစ်သော ပုလဲ (၂) ဝက်စွယ်၌ ဖြစ်သောပုလဲ (၃) မြွေဦးခေါင်း၌ ဖြစ်သော ပုလဲ (၄) တိမ်တိုက်၌ဖြစ်သော ပုလဲ (၅)ဝါး၌ဖြစ်သော ပုလဲ (၆) ငါးဦးခေါင်း၌ဖြစ်သော ပုလဲ (၇) ခရုသင်း၌ဖြစ်သော ပုလဲ (၈)ယောက်သွား၌ ဖြစ်သောပုလဲ [**မေးတော်ဖြေ၊** စာ ၅၈၂]

**ပုသိမ်သုံးဆဲ့နှစ်မြို့** – (၁) ပုသိန် (၂) မြန်အောင် (၃)သာပေါင်း (၄) ကျောက်ချောင်းကြီး (၅) ကျောက်ချောင်းငယ် (၆) ကနောင် (၇)ကွင်းဆောက် (၈)လေးမျက်နှာ (၉)အုတ်ဖို(၁၀)မြောင်းမြ(၁၁)ဒူးယား(၁၂)သမြင်းကုန်း (၁၃) ဓိးဖြူကွင်း (၁၄)မဲလောင် (၁၅)သစ်ရောင်ချောင်း (၁၆)ဆိတ်ကြီး(၁၇)ခဲပေါင်(၁၈)ထောင်လုံ(၁၉)ကျုံပျော် (၂၀) တကောင်းဘုရား (၂၁) ပန်းတော (၂၂)ထန်းဘူး (၂၃) အသုတ် (၂၄) ဓနုဖြူ (၂၅)ဇလွန်(၂၆)ဟသ်ာတ (၂၇)မဲခရဲ (၂၈) ဘုရားလှ (၂၉)ကျုံတုံး(၃၀)ဇောင်းရားကျွန်း (၃၁) ကျောက်သဘော် (၃၂) ကျုံတုံးကန္ဒီ [**ပုသိမ် ၃၂၊** စာ ၂၀၈]

**ပူ** – နှီးချောဖြင့်ဖြစ်စေ၊ သစ်သားကို ပွတ်ခံ၍ဖြစ်စေ ပြုလုပ်ထားသော ကျည်တောက် [**မြန်စာန်၊** စာ ၂၁၄]

**ပူဇော်သက္ကာရ** *(ပါ၊ ပူဇာ+သက္ကာရ)* – ပူဇော်ခြင်း၊ လှူဖွယ်ဝတ္ထု၊ ပူဇော်ဖွယ်ပစ္စည်း [**ယုဒသန်၊** စာ ၆၄၅] "စေတီပုထိုး ရှိရှိသမျှ...တို့ဝယ်များစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်တော်မူသည်" [**ကုန်းဆောင်၊** ပ၊ စာ ၂၅၇]


**ပူတကေ** – ပေါ်တူဂီ (Portuguese)

**ပူတာ** – ဝါး၊ ကြိမ်၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသော ကျည်တောက်၊ ထည့်စရာအဖုံးပါသည့်အိမ် [**မြန်မွှင်၊ ၃၊** စာ ၇၁-၄]"စာများကို ပူတာတွင်ထည့်၍...သံတွဲမြို့တွင်းသို့ အပြေးဝင်ခဲ့စေ၏" [**မှန်နန်း၊** ၃၊ စာ ၇]

**ပူနီ** – ဝါး၊ကြိမ်၊သစ်သားတို့ဖြင့် ပြုလုပ်ထားသော အနီရောင်ကျည်တောက်။"ရွှေပန်းခိုင်ငါးဆင့်ကို သစ်ပွတ်ခံ့တပ်၍ ပူနီတွင် ထည့်သည်" [**အင်ရုံ၊** စာ ၁၄၇]

**ပေခရဋ္ဌတိုင်း** – မိုင်းလျည်းကြီး [ROB, VIII, p.1014]

**ပေတာသန** *(ပါ+သက်)* – ကိုယ်ကိုစန့်ပြီး လူသေကဲ့သို့ မလှုပ် မယှက် လဲလျောင်းနေဟန် (လူသေ တို့၏ ခေါင်းခွံပေါ်တွင် မတ်မတ် ရပ်နေဟန် တို့ကိုလည်း ပေတာသနဟုခေါ် သည်။)[**အာသန၊** စာ ၉၃]



ပေတာသန

**ပေတာငါးရွာ** – (၁) အိုးသိန်းတောင်ရွာ (၂) နားတောင်းကျရွာ (၃) စမုံရွာ (၄) ဝက်ခြမ်းကန်ရွာ (၅) သတိုးတန်းရွာ (ကုက္ကိုပွရွာ) [**တောင်တွင်း၊** စာ ၂၈]

**ပေလေးပင်ရှင်လေးပါး** – အင်းဝတွင် ပေပင်ကြီးလေးပင်တစ်ပြိုင်တည်း ပေါက်လာသကဲ့သို့ တစ်ချိန်တစ်ခါတည်းတွင် ပေါ်ထွန်းလာသော မြန်မာ စာဆိုတော် အကျော်အမော် လေးပါး – (၁) ရှင်ဥတ္တမကျော် (၂) ရှင်မဟာသီလဝံသ (၃) ရှင်အုံးညို (၄) ရှင်ခေမာ [**စာပေသမိုင်း၊** စာ ၃၅-၅၅]

**ပေးခြင်ရိုး** – အခွန်တော်အဖြစ် ခြင်တွယ် ပေးသွင်းရသော အစဉ်အလာ

**ပေးခြင်းခြောက်ပါး** – (၁) သံသရာကို ရည်၍ ပေးခြင်း (၂) ချစ်၍ပေးခြင်း (၃) ကြောက်၍ပေးခြင်း (၄)မိုက်မဲတွေဝေ၍ ပေးခြင်း (၅) အတတ်ပညာလို၍ ပေးခြင်း (၆) ကာမဂုဏ်ကို တပ်မက်၍ ပေးခြင်း [**မနုကျယ်၊** စာ ၄၀]

**ပွဲကျင်မြို့** *(တရုတ်)* – တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းမြို့( 北京 )"တရုပ်ပြည် ဥဒည်မင်းရှိရာ ပွဲကျဉ်မြို့" [**ကုန်းဆောင်၊** တ၊ စာ ၁၅၇]

**ပွဲချိတ်** *(ပွဲချပ်)* – လှေပွဲနင်း၏ လက်ထောက် ဖြစ်သော လှေသမား [**ယုဒသန်၊** စာ ၆၄၇]"ရွှေခဲလှေတော် ပွဲနင်း ပွဲချိပ် သွေးကြီးတက်စွဲ အမှုထမ်းတို့က ...တိန်ကုန်းရွာကျွန်းပယ်မြေများကို လက်ရှိချထား စားသောက်အမှုတော်ကို ထမ်းရွက်ပါရမည့် အကြောင်း [ROB, IX, p. 979]

**ပွဲနင်း** – ပွဲကိုင်။ လှေသမ္ဗာန် သဘော်တို့တွင် ကြီးကဲအုပ်ချုပ်သူ [**ယုဒသန်၊** စာ ၆၄၇] "ရွှေလောင်းကြီး ပွဲနင်းဟောင်း ငဥ သားငဖိုးဝ" [**လွှတ်တော်မှတ်၊** စာ ၁၂၄]

**ပွဲဘီးတုရင်** – အလှအပတုရင် တပ်ထားသော ပွဲစင်?

**ပွဲဘီးဝေဇယန်** – ဝေဇယန္တာနတ်နန်းကဲ့သို့ မွမ်းမံထားသော လှေ၏ပွဲစင်။ "ပွဲဘီးဝေဇယန်၊ ခင်ဒုယင်အမိုးလည်ပေါ်ယွန်းဆက်" [**ကုန်းဆောင်၊** တ၊ စာ ၁၇၉]

**ပေါဋ္ဌကာရဋ္ဌ** *(ပါ)* – ပေထက် အက္ခရာတင်သည်။ "ပေါဋ္ဌကာရဋ္ဌပေထက် အက္ခရာ တင်သည်များနှင့်" [**ကုန်းဆောင်၊** တ၊ စာ ၂၃၃]

**ပေါမှိုင်း** – သူကြီးနှင့်အဆင့်တူသော တောင်စား တောင်ပိုင် အကြီးအကဲ။ "ဘွားစုကျေးရွာ ပေါမှိုင်း၊ ထမုံ၊ သူကြီး

တို့ကို ကြပ်ကြပ်တည်းတည်း ဆင့်ဆို ... စည်းကြပ်စောင့်ထိန်းစေ၍" [**လွှတ်တော်မှတ်၊** စာ ၁၅၉]

**ပိုးကာ** - လေ့ဝမ်းကို ပိုးမစားစေသည့် အကာအကွယ် [ROB, VIII, p.142]

**ပိုးရည်တောင်စာခြယ်** - တောက်ပသော အတောင်ရှိသည့် ပိုးမဲတောင်စာ ပိုးကောင်၏ အတောင်မာဖြင့် စီခြယ်ထားသော [**မြန်မှုင်၊** ဖြည့်၊ စာ ၁၉၈-၉]

**ပက္ကား** *(ပါ၊ ပက်)* - ညွှန်များသော ရေအိုင် [**ဝိပ္ပလ္လာ၊** စာ ၁၆၂နှင့် **ဦးကုလား၊** ပ၊ စာ ၂၅၈အောက်] "လေ့တက်ကို မြစ်တွင်းမှုမထားဝံ့ကြ။ ချောင်းမြောင်း ထုံးအိုင် ပက္ကား ဝယ်သာ သွင်းထား ရသည်" [**မှန်နန်း၊** ပ၊ စာ ၂၁၁]

**ပက္ခ** *(ပါ)* - ၁၅ရက်တာ ကြာသော ကာလတစ်ခု

| | | |
|---|---|---|
| မျက်စိ ၁၀မှိတ် | = | ၁ ကာလ |
| ၃၀ ကာလ | = | ၁ ခဏ |
| ၁၂ ခဏ | = | ၁ မုဟုတ် |
| ၃၀ မုဟုတ် | = | ၁ ရက် |
| ၁၅ ရက် | = | ၁ ပက္ခ |
| ၂ ပက္ခ | = | ၁ လ |
| ၁၂ လ | = | ၁ နှစ် [ROB, II, pp.112-3] |

**ပိဋ္ဌြာသော** *(ကျောက်)* - ဖိတ်ကြားသော၊ ခေါ်ဆောင်လာခဲ့သော? "တကာကြီးများ အိုမျက်မည်သင့်လှင် ပိယ်သော တောင်ပုံကျွန် လင်များသာ မိယ်မယောက်ယာစုံ ဂယောက်သော သာ္မိယ်ပိဋ္ဌြာသော မည်မှတ်" [**၁၂၂၄ ခုနှစ်ထိုး အနန္တသူရမောင်နံ့ကျောက်စာ**]

**ပေါက္ခရဝဿ** *(ပါ)* - ကြာတော်ခွဲရွာသောမိုး၊ ကွက်ကြားရွာသောမိုး [**ကုန်းဘောင်၊** တ၊ စာ ၂၈၀]

**ပေါက်ချပ်** *(ပေါက်ခြိုက်)* - ဦးဆောင်းတန်ဆာ၊ ဖောင်း [**ယုဒသန်၊** စာ ၆၄၉] "သျှောင်ထုံးပေါက်ချပ် ဆင်တော်မူ၍နားထွင်းတော်မူသည်" [**ကုန်းဘောင်၊** ဒ၊ စာ ၅၆]

**ပေါက်ပေါက်ဖြိုး** - ပေါက်ပေါက်နှင့်တူသော အဖြူစက်များ [ROB, VI, p.591]

**ပင်ကာ** - အိန္ဒိယတွင် ရက်လုပ်သော ပိတ်ထည်တစ်မျိုး "ကုလားပြည်က ဖြစ်သော ပုဆိုးကောင်း၊ ခါသာ၊ ပင်ကာ ...သည်များ ကိုလည်း ဆုပေးတော်မူသည်" [**မှန်နန်း၊** ဒ၊ စာ ၃၈၇]

**ပင်လယ်ဖား** - (၁) အလွန်ကြီးသောဖား (၂) အလေးချိန် ၂၅ကျပ်သား (၀.၄ ကီလို) ရှိသော ဖားရုပ်အလေး [**မနုကျယ်၊** စာ ၂၅၁-၂]

**ပင်လယ်ဖားခံ** - ကြီးမားသော ဖားရုပ်ခံဆောင်၍ [ROB, IX, p.877]

**ပင်လယ်ဘူး** *(ရှမ်း၊ ပင်ကိုင်ဖရူး)* - အေဒီ ၁၅၂၆ခုနှစ်တွင် မိုးညှင်းစလုံတည်ခဲ့သောမြို့ (ရှမ်းဘာသာဖြင့် ပင်ကိုင်ဖရူးဟုခေါ်သည်။ ကိုင်းတောတွင် ကြက်ပျံတက်သော နေရာဟု အဓိပ္ပာယ်ရသည်။ ပင်ကိုင်ဖရူးမှ ပင်ကယ်ဖူးထိုမှ ပင်လယ်ဘူးအမည်သို့ ပြောင်းလဲခဲ့သည်ဟု ဆို၏။) [**ကတူးကနန်း၊** စာ ၂-၃]

**ပင်း** *(ပင်းတား)* - ရေထွက်ပေါက်ကို ပိတ်ရန် အပိတ်အဆို့၊ အတားအဆို့ [**ယုဒသန်၊** စာ ၆၀၈] "လုပ်ငန်းဆောင်တာ၊ ရေကာပင်းတား၊ တံလားရေပြွန်" [**ရွှေဟသာ၊** စာ ၆]

**ပင်းကား** *(ပါ၊ ပက်)* - ညွှန်များသောရေအိုင် [**ဦးဟုတ်၊** စာ ၅၆၀ နှင့် **ဦးကုလား၊** ပ၊ စာ ၂၅၈အောက်]

**ပင်းယမြို့ ၅မည်** - (၁) ပံဟ (၂) ပံယ (၃) ပင်းယ (၄) ပန်းရ (၅) ဝိဇယာပူရ [ရုဟ၊ ယုဝ၊ ပင်းယ၊ ပန်းရ၊ ဝိဇယာပူရ ဟုလည်း ဆိုသည်။] [**ဝိပ္ပလ္လာ၊** စာ ၂၁၅]

**ပင်းယမြင်း** - ပင်းယခေတ် ဥဇနာ(၁၃၂၂-၄၂) လက်ထက်တွင် ဖွဲ့စည်းခဲ့သော မြင်းတပ် [ဥဇနာမင်း လက်ထက်တွင် ပင်းယမြင်းကိုသာမက သင်းကြီးမြင်း၊ ညောင်ရမ်းမြင်း၊ ကျောက်ဆောင်မြင်း၊ လံဘူးမြင်း၊ သင်တောင်းမြင်း၊ ရက်ကခန့်ကန်စောင် မြင်းတပ်များ ကိုလည်း ဖွဲ့စည်းခဲ့သည်။] [**မှန်နန်း၊** ပ၊ စာ ၁၄၆]

**ပင်းသကား** - ရာဇဝတ်သား၏ လည်တွင် စွပ်တပ်သည့် အချုပ်အနှောင် [ROB, II, p.263]

**ပေါင်ကန်** *(ကျောက်)* - ဝမ်းဗိုက်ပူသောအိုး (ဖောင်ကန်နှင့်တူသည်။) [**ယုဒသန်၊** စာ ၆၉၃]"သေငါပေါင်ကန်နှင်စာသောက်ပေ၏" [**၁၃၄၅ခုနှစ်ထိုး ရွှေဂူကျောက်စာ** ]

**ပေါင်းချုပ်၏သို့** - ပြည့်ဝမောက်လျှံနေသကဲ့သို့။ "ငါ့သားလာသောအခါ ကြက်သရေတိုက်သည်၊ ပေါင်းချုပ်၏သို့ဖြစ်စေသား" [**မှန်နန်း၊** ပ၊ စာ ၂၅]

**ပေါင်းတော်** - ဖောင်းတော်ကြည့်


**ပေါင်းတော်ဆောင်** - ဖောင်းတော်ဆောင်ကြည့်

**ပေါင်းထုပ်** - ခေါင်းပေါင်း [**ပေါ** ၊ စာ ၁၁၉]

**ပေါင်းမြောင်ထွေးရော** - အရောရောအထွေးထွေး ဖြစ်သည်။ [**အုန်းအဘိဓာန်၊** ပအက္ခရာ]

**ပေါင်းလည်း** – တောင်ဘက်သို့ဦးခေါင်းပြုလျက် ပရိနိဗ္ဗာန်ပြုတော်မူဟန် တည်ထားသော လျောင်းတော်မူမြတ်စွာဘုရား၏ရုပ်တုတော် [**မှန်နန်း၊** ပ၊ စာ ၅၉] အနောက်သို့ ဦးခေါင်းထားသော လျောင်းတော်မူရုပ်တု [**တောင်တွင်း၊**- စာ ၅၈]

**ပေါင်းဝန်းတော်** – ဆင်ကပေါ်တွင် တင်ထားသော ပေါင်းမိုးအဝိုင်း [**ယုဒသန်၊** စာ ၆၅၁၊ ၆၅၉]



ပေါင်းဝန်းတော်

**ပစ္စယနိဒ္ဒေသဝါရ** *(ပါ၊ ပစ္စယ+အနိဒ္ဒေသဝါရ)* – ပဋ္ဌာန်း ၂၄ပစ္စည်း အကြောင်းကို မကျဉ်းမကျယ် ဖော်ပြသော အခန်း [**မြင့်** ]

**ပစ္စယသန္နိဿိတသီလ** *(ပါ)* – သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ဤပစ္စည်းလေးပါးကို အမှီပြုအပ်သည်ဟု ဆင်ခြင်နိုင်သော သီလ [**မြင့်** ] [**လွှတ်တော်မှတ်၊** စာ ၂၀၆]

**ပစ္စယာ** *(ပါ)* – စေတီတော်၏ အောက်ခြေအဆင့် [**ယုဒသန်၊** စာ ၆၀၉] "စေတီပဋ္ဌမ ပစ္စယာတိုက်"[**ကုန်းဆောင်၊**- ပ၊ စာ ၂၇၅]

**ပစ္စယာလွှယ်** *(ကျောက်)* – အထောက်အပံ့ဖြစ်စေသောမြေ၊ ကျေးရွာပြုသောမြေ

**ပစ္စယုဒ္ဒေသဝါရ** *(ပါ၊ ပစ္စယ+ဥဒ္ဒေသဝါရ)* – ပဋ္ဌာန်း ၂၄ပစ္စည်း အကြောင်းကို အကျဉ်းပြရာ အခန်း [**မြင့်**] [**လွှတ်တော်မှတ်၊** စာ ၁၉၃]

**ပစ္စာလီဠှာသန** *(ပါ+သက်)* – လက်ဝဲခြေထောက်ကို ရှေ့သို့ ဆန့်တန်းထားပြီး လက်ယာခြေထောက်ကို အနည်းငယ်ကွေး၍ နောက်သို့ပစ်ထားဟန် (ရဲရင့်ခြင်း စစ်နိုင်ခြင်းသဘောကို ဆောင်သည်။) [**အာသန၊** စာ ၈၁-၂]

**ပစ္ဆူ** – ပုဆိုးဖြူ၊ အဝတ်ဖြူ [**ရွှေမြန်၊** စာ ၉၃၊ **လောက၊** ၂၁၆] "စင်ကြယ်လှစွာသော ပစ္ဆူကို ညာယူဘယ်ဆိုင်း၊ ရစ်သိုင်းဝတ်ရုံ၊ သွင်ပုံတင့်တယ်၊ နိကာယ်လှပ၊ လက်မှ ပုတီး၊ ကိုင်စွဲပြီးလျှင်" [**ကဝိသောနင်္ဂ၊** စာ ၂၀၇]

**ပစ္စေကဗုဒ္ဓ** *(ပါ)* – တစ်ပါးခြင်းသီးခြား၍ သစ္စာလေးပါးကို သိသော ဘုရားငယ် [**ဦးဟုတ်၊** စာ ၅၆၆]

**ပစ္စင်** – အမြောက်၊ စိန်၊ သေနတ်၊ သစ်တုံး၊ ပွဲလျက်ရည်၊ ခဲရည်တို့ဖြင့် ပစ်ဖောက်သွန်လောင်းရန်အတွက် မြို့ရိုးရှိ တံခါးနှင့် ပြအိုးအထက်တွင် စီရင်ပြုလုပ်ထားသော နေရာ [**မဏ္ဍလေး၊** စာ ၅၆၆]

**ပစ္စည်းလေးပါး** – (၁) ဆွမ်း (၂) သင်္ကန်း (၃) ကျောင်း (၄) ဆေး [**သုတေသန၊** စာ ၃၀၈]

**ပစ္စန္တရာဇ်ကိုးဌာန** – ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် သီရိဓမ္မာသောကမင်းကြီးကသာသနာပြုများကိုစေလွှတ်သော အရပ်ဒေသ ကိုးခု – (၁) ကသ္မီယဂန္ဓာရတိုင်း (၂)မဟိံသကတိုင်း (၃)ဝနဝါသီတိုင်း (၄)အပရန္တတိုင်း (၅) မဟာရဋ္ဌတိုင်း (၆) ယောနကတိုင်း (၇)စိန့်တိုင်း (၈)သုဝဏ္ဏဘုမ္မိတိုင်း (၉)သီဟိုဠ်ကျွန်း [**သာသနာ၊** စာ ၂၀]

**ပစ္စန္တရာဇ်တိုင်း** – အစွန်အဖျားဖြစ်သောတိုင်း၊ တိုင်းစွန် [**ဦးဟုတ်၊** စာ ၅၆၃]

**ပစ္ဆိမဝါ** *(ပါ)* – နောက်ဆုံးဖြစ်သောဝါ၊ နောက်ကျသောဝါ (ဝါခေါင်လတွင် ကပ်သောဝါ) [**ဦးဟုတ်၊** စာ ၅၆၇] "ရဟန်းသင်္ဃာတော်တို့မှာ ... ဝါခေါင် လပြည့်ကျော် ၁ရက်နေ့ ပစ္ဆိမဝါကပ်ဆိုသင့်ရန် အကြောင်းများနှင့်" [**လွှတ်တော်မှတ်၊** စာ ၁၉၆]


**ပစ္ဆိမသံဃာ** *(ပါ)* – နောက်ပိုင်းတွင်မှ ရောက်လာသော သံဃာ [**ဦးဟုတ်၊** စာ ၅၆၇၊ ၉၄၇]

**ပိစ္စရာဇ်မင်း** – အိန္ဒိယနိုင်ငံ ဂိုဝါမြို့ကို သိမ်းပိုက်အုပ်ချုပ်သော ပေါ်တူဂီဘုရင်ခံ (မြန်မာရာဇဝင်များတွင်ကဝါ ဝိတ်စရည်းဟုလည်း ဖော်ပြသည်။ Goa Viceroyကို မြန်မာအသံလှယ်၍ ရေးသားခဲ့ဟန်တူသည်။) [**ရာဇဝင်-သစ်၊** တ၊ စာ ၅၆]

**ပုဏ္ဏား** – နတ်ဝင်၍ သော်လည်းကောင်း၊ နိမိတ်ကောက်၍ သော်လည်းကောင်း ဟောပြော ဆောင်ရွက်သူ၊ နတ်ပူဇော်ပွဲကိုဆောင်ရွက်ပေးသူ [**ကဝိ၊** စာ ၂၆၃] "ပွဲတည် သဘင်၊ နတ်ဝင်ပုဏ္ဏား တက္ကတွန်းနှင့်" [**ဓမ္မရာသီ၊** စာ ၁၆၉]

**ပဥ္စမီဆောင်** – ရှေးအိမ်ကြီးများတွင် ဆောင်မကြီး၏ အနောက်ဘက်၌ သီးခြားရှိသောအဆောင် [**အုပ်ချုပ်၊**- ပဥ္စ၊ စာ ၅၅]

**ပဥ္စရူပ** *(ပါ)* – ဆင်၊ နွား၊ တိုး၊ မြင်း၊ ငါးကြင်း၊ တစ်နည်း ခြင်္သေ့၊ ဆင်၊ ကျွဲ၊ ငါးကြင်း၊ ဟင်္သာ ဟူသော တိရစ္ဆာန်ငါးမျိုး၏အစိတ်အပိုင်းများပါသော ရုပ်ပုံ [**မြန်စာန်၊** စာ ၂၂၃]




**ပဥ္စရူပဖောင်** – ဆင်၊ နွားလပို့၊ တိုး၊ ငါးကြင်း၊ မြင်း ဟူသော တိရစ္ဆာန်ငါးမျိုးတို့၏ အစိတ်အပိုင်းတို့ဖြင့် တည်ဆောက်ထားသော ဖောင် [**ရွှေဘုံ၊** စာ ၈၁]

**ပဥ္စလောဟာ** *(ပါ)* – (၁) ရွှေ (၂) ငွေ (၃) ကြေး (၄)သံ (၅) သလွဲ ငါးမျိုး ရောစပ်ထားသော သတ္တု [**မြန်စာန်၊** စာ ၂၂၃]

**ပဥ္စဝဂ္ဂီငါးပါး** – မြတ်စွာဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားကို ဦးစွာကြားနာရသော ရဟန်းငါးပါး (၁) ကောဏ္ဍည (၂) ဝပ္ပ (၃) ဘဒ္ဒိယ (၄) မဟာနံ (၅) အဿဇိ [**သုတေသန၊** စာ ၁၃၀]

**ပဥ္စာနန္တရိယကံ ၅ပါး** – အပါယ်ဘုံသို့ ရောက်စေသော ပြစ်မှုကြီးငါးပါး (၁) မာတုဃာတက – အမိကိုသတ်ခြင်း (၂) ပိတုဃာတက – အဘကို သတ်ခြင်း (၃) အရဟန္တဃာတက – ရဟန္တာကို သတ်ခြင်း (၄) လောဟိတုပ္ပါဒက – ဘုရားကို သွေးစိမ်းထွက်အောင်ပြုခြင်း (၅) သံဃာဘေဒက – သံဃာတော် အချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုခြင်း [**သုတေသန၊**- စာ ၂၃]

**ပဥ္စာလငါးမြို့** – (၁) ရသာ (ရွာသာ) (၂) ငှက်ပျောတိုင်း (၃) ညောင်ပင်သာ (၄) ပင်းသာ (၅) နဂါးဆင်း (ရွှေဘိုမြို့နယ်တွင် တည်ရှိသည်။) [**ဦးမောင်မောင်တင် မှတ်စု**] (တစ်ခါတစ်ရံ ငါးစိုပဥ္စာလမြို့ဟုလည်း တွေ့ရသည်။ [ROB, VI, p. 567]

**ပဥ္စင်တူရိယာ** – တူရိယာငါးမျိုး (၁) ကြေးတူရိယာ (၂) ကြိုးတူရိယာ (၃) သားရေ တူရိယာ (၄) လေ တူရိယာ (၅) လက်ခုပ် တူရိယာ (ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်) [**စောင်း၊** ၃၊ စာ ၂၀၃]

**ပဥ္စင်း** – အင်္ဂါငါးပါးနှင့်ပြည့်စုံသောရဟန်း [(၁) သိမ်၏ ပြည့်စုံခြင်း (၂) ပရိသတ်၏ ပြည့်စုံခြင်း (၃) ဉတ်၏ ပြည့်စုံခြင်း(၄)ကမ္မဝါရွတ်ခြင်း၏ပြည့်စုံခြင်း (၅)ရဟန်း ပြုထိုက်သော အကြောင်းနှင့် ပြည့်စုံခြင်း။ တစ်နည်း သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဉာဏဒဿန ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံခြင်း] [ROB, VI, p. 367]

**ပညာသည်စာရေး** – ယိုးဒယား အကပညာ ကျွမ်းကျင်၍ ယိုးဒယားဇာတ်ကြီး အဖွဲ့သားတို့ကို အုပ်ချုပ်ဆင့်ဆိုရသော အရာရှိ [**ရွှေနန်းသုံး၊** စာ ၂၃၂]

**ပဏ္ဍိတ** *(ပါ)* – ဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် [**ဦးဟုတ်၊** စာ ၅၉၂]

**ပဏ္ဍုကမ္ဗလာ** *(ပါပဏ္ဍုကမ္ဗလ)* – (၁) ဖျော့တော့သော ကမ္ဗလာ (၂) သိကြားမင်း၏ နေရာ ကျောက်ဖျာ [**ဦးဟုတ်၊** စာ ၅၉၂]

**ပဏ္ဍုပလာသ** *(ပါ)* – (၁) ဖက်ရွက်ရော် (၂) အားအင်ချိနဲ့သောသူ [**မဟေသော်ပြေ၊** စာ ၆၀၂]

**ပုဏ္ဏာတိထိ** – လပြည့်နေ့ [**ဥမ္မာ၊** စာ ၉၄]

**ပုဏ္ဏာနပ္ပုတိ** – လင်သစ်နှင့်သန္ဓေရပြီးနောက် လင်ဟောင်းနှင့် ပြန်လည်ပေါင်းသင်းသော အခါတွင် မွေးမြင်သည့်သား သမီး [**ဓမ္မသတ်၊** စာ ၃၄]

**ပုဏ္ဏား** – ဗြဟ္မဏအနွယ်ဝင်များဖြစ်၍ ဗေဒင်ဟောခြင်း၊ အခမ်းအနားများတွင် ဦးဆောင်ဦးရွက်ပြု၍ ဂါထာ မန္တန်ရွတ်ဖတ် သရစ္ဈာယ်ခြင်းအမှုတို့ကို ဆောင်ရွက်သောပုဂ္ဂိုလ် (သက္ကတနှင့် ပါဠိဘာသာ – ဗြဟ္မဏကို မွန်တို့က **ဗမ္မ** ဟုရေး၍ **ပေမ်နား** ဟု အသံထွက်သည်ကို မြန်မာတို့က ပုံနား၊ ပုံကား၊ ပုဏ္ဏားဟု ရေးသား ရွတ်ဆိုခဲ့ခြင်း ဖြစ်မည်ဟု ယူဆရသည်။) [**မြန်ဖွင့်၊** ၃၊ စာ ၆၇-၉]

**ပုဏ္ဏားကိုးမျိုး** – (၁) ဗြဟ္မစာရီ–မယားမယူ၊ ဥစ္စာမရှာဘဲ တောခွဲနေ၍ အလှူခံစားသောပုဏ္ဏား (၂) ဗြဟ္မဏ– မယားယူ၍ အလှူခံစားသောပုဏ္ဏား (၃) ခတ္တိယ – မင်းပြုသောပုဏ္ဏား (၄) ဒယ–ကုန်သွယ်၍ မယားနှင့် သားကို ကျွေးမွေးသောပုဏ္ဏား (၅) ဘိသျှ (ဝေဿ)– သားမယားနှင့် နေ၍ လယ်လုပ်စားသော ပုဏ္ဏား (၆)ယက္ခတ–အမျိုးစောင့်သောပုဏ္ဏား (၇) ဘာရဒွါဇ– ကြမ်းကြုတ်သောပုဏ္ဏား (၈) စဏ္ဍာလ – အကျင့်

ပျက်၍ အမျိုးဘောင်ကိုစွန့်သော ပုဏ္ဏား (၉) တပသီ-ဇော်ဂျီဂိုဏ်းဝင်ပုဏ္ဏား [**မနုကျယ်၊** စာ ၃၂၁]

**ပုဏ္ဏားငါးမျိုး** – (၁) ဗြဟ္မသမပုဏ္ဏား ဆရာ့ကျေးဇူးဆပ်ပြီးနောက် ရသေ့ပြု၍ဗြဟ္မစိုရ်တရားလေးပါးပွားများပြီး မြတ်သောအကျင့်ဖြင့်ဈာန်ရသောပုဏ္ဏား (၂) ဒေဝသမပုဏ္ဏား–ဆရာ့ကျေးဇူးဆပ်ပြီးနောက် ပုဏ္ဏေးမအစစ်နှင့်သင့်၍ သားတစ်ယောက် ရသောအခါ ရသေ့ပြု၍ ဈာန်ရသောပုဏ္ဏား (၃) မရိယာဒပုဏ္ဏား–ဆရာ့ကျေးဇူးဆပ်ပြီးနောက်ပုဏ္ဏေးမအစစ်နှင့်သင့်၍ သားတစ်ယောက် ရသောအခါ ရသေ့မပြုဘဲနေသောပုဏ္ဏား (၄) သမ္ဘိန္နမရိယာဒပုဏ္ဏား – ဆရာ့ကျေးဇူးဆပ်ပြီးနောက် ခင်ပွန်းရှာ၍ ကောင်းသောအမှုဖြင့် အသက်မွေးသောပုဏ္ဏား (၅) ဗြဟ္မဏစဏ္ဍာလပုဏ္ဏား– ဆရာ့ ကျေးဇူးဆပ်ပြီးနောက် ခင်ပွန်းရှာ၍ နည်းမျိုးစုံဖြင့် ဥစ္စာရှာဖွေ အသက်မွေးသော ပုဏ္ဏား [**အုပ်ချုပ်၊** ၃၊ စာ ၁၆–၇ နှင့် **မေးတော်ဖြေ၊** စာ ၉၄]

**ပုဏ္ဏားဆယ်မျိုး** – ဇာတ်ပျက်ပြားသော ပုဏ္ဏားဆယ်မျိုး (၁) ဆေးဆရာလုပ်သော ပုဏ္ဏား (၂) အစေအပါးခံသောပုဏ္ဏား (၃) မရ ရအောင် အလျှုခံသော ပုဏ္ဏား (၄) ညစ်နွမ်းသောပုဏ္ဏား (၅) ကုန်သွယ်သောပုဏ္ဏား (၆) ကျွဲ နွား ဆိတ် ဝက် မွေး၍ လယ်လုပ်သော ပုဏ္ဏား (၇) ကျွဲ နွား ဆိတ် ဝက်သတ်သော ပုဏ္ဏား (၈) ခိုးဆိုးလုယက်တတ်သောပုဏ္ဏား (၉) သား ငါး ရှာ၍ အသက်မွေးသော ပုဏ္ဏား (၁၀) ချေးတွန်း ဆတ္တာသည် ပြုသောပုဏ္ဏား [**မေးတော်ဖြေ၊** စာ ၁၄၁]

**ပုဏ္ဏားလေးမျိုး** – (၁) ဗြဟ္မဏ–ဗြဟ္မဏအနွယ်မှဖြစ်သော ပုဏ္ဏား (၂) ခေတြ–မင်းမျိုးမင်းနွယ်မှဖြစ်သော ပုဏ္ဏား (၃) ဗိသျှ–ကုန်သွယ်လယ်လုပ်သော အမျိုးမှ ဖြစ်သော ပုဏ္ဏား (၄) သုဒ္ဒိယ–သူတစ်ပါး၏ အမှုကို ဆောင်ရွက်ရသည့် နိမ့်ကျသော အောက်တန်းလွှာ လူတန်းစားမှ ဖြစ်သော ပုဏ္ဏား (ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒ) [**မေးတော်ဖြေ၊** စာ ၉၆]

**ပုဏ္ဏားဝန်** – ပုဏ္ဏားတို့အား ထမ်းရွက်မြဲလုပ်ငန်းတို့ကို ထမ်းဆောင်စေရန်၊ အခမ်းအနားအလျောက် ပါဝင်ထမ်းဆောင်စေရန် ဆင့်ဆိုတာဝန်ပေးရသော အရာရှိ [**ရွှေနန်းသုံး၊** စာ ၁၁၉]

**ပတ်** – ဗုံ [**ယုဒသန်၊** စာ ၆၁၄]"ထူးပြားထွေထွေ၊ ကချေနှင့် ပတ်၊ နတ်လည်းခုန်က" [**သူဇာ၊** စာ ၃၂]

**ပတ်ကြမ်းတိုက်** *(သဘင်)* – ဓိန်းမောင်းတီးသော ဆိုင်းနှင့် အညီကြမ်းတမ်းသော အမူအရာဖြင့် ကြမ်းတမ်းသော စကား ပြောဆိုသရုပ်ဆောင်ခြင်း [**အောင်** ]

**ပတ္တမုဒြာ** *(ပတ္တဟတ္ထ) (ပါ+သက်)* – လက်တစ်ဖက်သို့မဟုတ် လက်နှစ်ဖက်ဖြင့်သပိတ်ကို ကိုင်ထားဟန် (လိုအင်ဆန္ဒပြည့်ဝလိုသူနှင့် စနဥစ္စာကြွယ်ဝ ချမ်းသာလိုသူတို့သည် ဤမုဒြာဟန် ရုပ်တုတော်ကိုကိုးကွယ်ကြသည် ဟု ဆို၏။) [**မုဒြာ၊** စာ ၆၂]



ပတ္တမုဒြာ

**ပတ္တမြားခြောက်မျိုး** – (၁) ဝဇိရက္ခန် (၂) ဂေါမုလာ (၃) ကွမ်းပြင်ရေ (၄) မင်သခံ (၅) တေလီ (၆)ရှိန်းဂို [**စွယ်စုံကျော်ထင်၊** စာ ၃၆၇]

**ပတ္တမြားသုံးစို့** – (၁) မိုးကုတ်အစို့ (၂) ကြပ်ပြင်အစို့ (၃) ကသည်းအစို့ [**ROB, IX, p. 1087**]

**ပတ္တိဒါန** *(ပါ)* – ကုသိုလ်အဖို့ ပေးဝေခြင်း [**မြင့်** ] "ပတ္တိဒါနကုသိုလ်တော် ကြွေးကြော်ပေးဝေရသည်" [**ကုန်းဘောင်၊** ပ၊ စာ ၂၇၆]

**ပတ်ပျိုး** – အသံစုံသော တူရိယာသံကို လိုက်၍ရေးသားသီကုံးသည့်သီချင်း [**ရွှေဝတီ၊** စာ ၁၇၈]

**ပတ်မချက်တစ်ရာ***(သဘင်)* – ပတ်မဆစ်တီးလုံးတီးကွက်များ [**အောင်**]

**ပတ်ယိုင်** *(သဘင်)* – မြိုင်ဆိုင်မြူးကြွစွာ တီးပေးသော တီးလုံး [**အောင်** ]

**ပတ်ယတ်လက္ခဏာ** – ဆင်၏ရှေ့ပိုင်း နောက်ပိုင်း အင်္ဂါလက္ခဏာ[**ဆင်လက္ခဏာစာ၊** စာ ၅]ပတ်ယတ်လက္ခဏာနှင့် ပြည့်စုံသောဆင်တော်ပေါက်မ တစ်ထောင့်ခြောက်ရာ ... များစွာသော စစ်အင်္ဂါလေးပါး စီစဉ်ခင်းကျင်း၍ ... ရတနာအတိပြီးသောထီးတော်ကို...တင်လှူတော်မူသည်" [**ကုန်းဘောင်၊** ပ၊ စာ ၄၉၀–၁]

**ပတ်လုံး ၂၂လုံး** – ဆိုင်းဝိုင်းကြီးအတွင်း၌ သုံးသောပတ်လုံး ၂၂မျိုး– (၁) ဒုန်းခဲကြီး (၂) လက်သဲ (၃) တစ်ဆစ်လုံး

(၄) ဘယ်တျော (၅) ဘယ်တေး (၆) ဒူးလုံး (၇) တေးလက် (၈) တျာလက် (၉) ပတ်စာတပ် (၁၀) ငါးပေါက်လုံး (၁၁) လေးပေါက်လုံး (၁၂) သုံးပေါက်လုံး (၁၃) နှစ်ပေါက်လုံး (၁၄) သံကုန်ဖျား (၁၅) တျောဖျား (၁၆) ခြောက်ပေါက်ဖျား (၁၇)ငါးပေါက်ဖျား (၁၈) လေးပေါက်ဖျား (၁၉) သုံးပေါက်ဖျား (၂၀) နှစ်ပေါက်ဖျား (၂၁) သံကုန်ညွှန့် (၂၂) ကြုံးသံဆုသံ [**သုတေသန၊** စာ ၃၁၆]

**ပတ်သာ** – အသံချိုသာသောပတ် သို့မဟုတ် ဗုံ [**မြန်မွှင်၊** စာ ၂၇] "ငါးပါးတူရိယာ၊ ပတ်သာစောင်းငြင်း၊ သီချင်းအံအဲ" [**သုစာ၊** စာ ၇၈]

**ပိတ်ကျည်** – ဘူး သို့မဟုတ် သားရေအိတ်တွင် မှုတ်တံတပ်၍ မှုတ်တံနှင့်တစ်တန်းတည်းကျသော ဘူး၏တစ်ဖက်၌ အသံ ကစားရန်အတွက် ကျည်နှစ်ချောင်း သို့မဟုတ် သုံးချောင်းတပ်ထားသော လေမှုတ်တူရိယာ [**မြန်မွှင်၊** ဖြည့်၊ စာ ၁၉၂–၄] "တံမြှာတံရှည်၊ ပိတ်ကျည်ဒွံမင်း၊ ခရုသင်းနှင့်" [**မင်းရဲဒိဗ္ဗ၊** စာ ၁၃]

**ပိတ်ကြက်** – ပိတ်ထည်ဖြင့် ပြုလုပ်ထားသော မျက်နှာကြက်။ "အမွှမ်းခြင်ပိတ်အနီသုတ် အတွင်းပိတ်ကြက်ကိုး" [**ကုန်းဘောင်၊** ဒု၊ စာ ၂၇၄]

**ပိတ်စရစ်မြို့** *(ကဝိပိတ်စရစ်၊ ကဝါပိတ်စရည်း)* – အိန္ဒိယအနောက်ဘက်ကမ်းခြေတွင် ပေါ်တူဂီတို့ သိမ်းပိုက်အုပ်စိုးခဲ့သော ဂိုဝါမြို့ (Goa Viceroy ကို မြန်မာအသံဖလှယ်၍ ကဝါပိတ်စရည်း ဟု ခေါ်ခဲ့ဟန်တူသည်။) [**ရာဇဝင်သစ်၊** တ၊ စာ ၅၆]

**ပုတ္တ** – အထင်အရှား မွေးမြင်သောသားသမီး [**မနုကျယ်၊** စာ ၃၁၂]

**ပေါတ္တကဟာတ္တ** *(ပါ)* – ကျမ်းဂန် စာအုပ်ကို လက်ဖြင့်ကိုင်ထားဟန်(သူရဿတီ မယ်တော်အရုပ် ၊ ဒီသာပါမောက္ခပုံစသည်တို့တွင် ကျမ်းကိုင်ထားပုံကို တွေ့ရလေ့ရှိသည်။ စာမေးပွဲ အောင်မြင်လိုသူ နှင့် ပညာထူးချွန် လိုသူတို့



သည် ဤဟန်ရုပ်တုကို ကိုးကွယ် ပူဇော်ကြသည်ဟုဆို၏။) [**မှုဒြာ၊** စာ ၆၅]

**ပန်ခီ** *(ကျောက်)* – (၁) ပန်းချီအနုပညာသည် (၂)ရုပ်ပုံရေးဆွဲခြယ်သသောအတတ်ပညာ။"ကူရိယ်သော ပန်ခီပိယ်သလေ ၇"[**၁၂၃၆ခုနှစ်ထိုးဓာလေပ်ဝန်းဘုရားကျောက်စာ**]

**ပန်စင်** *(ကျောက်)* – ပဍင်း၊ ရဟန်း [**မြန်မွှင်၊** ဒု၊ စာ ၂၁၅]

**ပန်တူ** *(ပတူ)* –ရေစုတ်သောကိရိယာ [**ဦးကုလား၊** ပ၊ စာ ၂၅ အောက်]

**ပန်တျာ** – (၁) အတီးအမှုတ်၊ တီးမှုတ်ခြင်း၊ တီးမှုတ်သူ (၂) အတီးအမှုတ်ပညာ [**မြန်မွှင်၊** ဒု၊ စာ ၂၄–၆ နှင့် အောင်]

**ပန်း** *(ရှမ်း)* – ရှစ်ဆယ်ကျပ်သားနှင့်ညီမျှသော အလေးချိန် [**လွှတ်တော်မှတ်၊** စာ ၂၆၃]

**ပန်းကပ်** – ကွမ်း၊ ပန်း၊ ပေါက်ပေါက်ထည့်၍ သုံးဆောင်သော အသုံးအဆောင်၊ ကလပ် [**ဦးကုလား၊** ပ၊ စာ ၁၂၈ အောက် နှင့် **သုသော** ၊ ပ၊ စာ ၃၃၄၊ **ကဝိ၊** စာ ၁၅၉] "ပန်းကပ်ကိုဆောင်၍။ နန်းတော်သို့ တက်လေ၏" [**မှန်နန်း၊** ပ၊ စာ ၁၁၅]

**ပန်းခုံ** – (၁) နန်းတွင်းရှိဥယျာဉ်တော်အတွင်းတွင် မင်းမိဖုရားတို့ အနားယူရန် စီရင်ထားသည့်ခုံ၊ (၂) မင်းမိဖုရားတို့ အပန်းဖြေရန် စီရင်ထားသော နေရာ (၃) ပန်းတင်သည့်ခုံ [**ယုဒသန်၊** စာ ၆၁၈ နှင့် **စိုးမှတ်စု၊** စာ ၅၈–၉] "တောင်ပန်းခုံ၊ မြောက်ပန်းခုံ၊ ရှစ်ထောင့်ကန်...အတွင်းရှိနေ...သား ငါး တိရစ္ဆာန်တို့ကိုလည်း ဘေးမဲ့ပေးလျှုတော်မူ၏" [**ကုန်းဘောင်၊** တ၊ စာ ၁၅၇]

**ပန်းချီဆယ်တိုက်** *(ကျောက်–ပဏ္ဍိ ၁၀ တိုက်)* – အင်းဝခေတ်ထိုး အနိမ့်တောရွှေကူကျောက်စာတွင် **ပင်တွေ့ဆယ်တိုက်၊** ညောင်ရမ်းခေတ်တွင် **ပန်းချီဆယ်တိုက်၊** ကုန်းဘောင်ခေတ်တွင် **ဗန့်ကျီတိုက်** ဟုခေါ်ဝေါ်သော နယ်မြေ (အရှေ့ဘက်တွင်ချင်းတွင်းမြစ်၊ အနောက်ဘက်တွင် ပုံတောင်ရိုး၊ မြောက်တွင် ယမားချောင်း၊ တောင်တွင် ယမားချောင်း)[ROB, VII, p. 491] ပဒုံမင်း (၁၇၈၂ – ၁၈၁၉) လက်ထက် ၁၈၀၂ ခုနှစ်တွင် အမိန့်တော်တစ်ရပ် ထုတ်၍ ဗန့်ကျီ ၉၉ ရွာတိုက်ဟူသော နယ်မြေကို သတ်မှတ်ခဲ့သည်။ ဗန့်ကျီ ၉၉ရွာတိုက်နယ်မြေမှာ အရှေ့တောင်တွင် ယမားစည်သူကန်ရိုး၊ ထိုမှ မြောက်ဘက်သို့ တင်တောင်၊ ရှင်မဥ္ဇူတောင်၊ မင်းယာကုန်း၊ တောင်ကကာညောင်ပင်၊ ကျောက်ကြီး

ရွာ၊ ထိုရွာမှအနောက်သို့ မြောက်ယမားအထိ၊ ထိုမှ ဗန့်ကျိတောင်ရိုးအတိုင်း တောင်သို့ တောင်ယမားအထိ၊ တောင်ယမားမှ အရှေ့ဘက်သို့ ယမားစည်သူ အထိ ကျယ်ဝန်းကြောင်း သိရသည်။ [ROB, V, p. 772]

**ပန်းဆွဲ** – ပန်းညွှန့်ပန်းခက်များကို တွဲလောင်းဆွဲထားသည့် ပုံသဏ္ဌာန်ရှိသောအဆင်တန်ဆာ [**ယုဒသန်၊** စာ ၆၁၉]


**ပန်းတမော့** *(ကျောက် – တာမောအ်၊ တမောအ်) (မွန်– တွောအ်)* – ကျောက်ဆစ်လုပ်ငန်း၊ကျောက်ဆစ်အတတ်ပညာ၊ ကျောက်ဆစ်သမား [**မြန်မွှင်၊** ၃၊ စာ ၇–၈]

**ပန်းတော့** – အင်္ဂတေဖြင့် ပန်းပုံ၊ ရုပ်ပုံ၊ ရုပ်လုံး၊ ရုပ်ကြွဖော်သော အတတ်ပညာ [**မြန်မွှင်၊** ၃၊ စာ ၈–၉]

**ပန်းတင်** – စေတီ၏အောက်ဆုံး အခြေအုတ်ခုံ၊ ပန်းတည်ခုံ [**မြန်တန်၊** စာ ၂၂၆]

**ပန်းတင်း** – ပြတင်းပေါက်

**ပန်းတောင်း** – ကွမ်းကပ်၊ ကွမ်းပန်းထည့်သောတောင်း၊ [**ပေါ်တန်၊** စာ ၅၁] "သိကြားရတနာ ပန်းတောင်း နှင့် ဆံတော် ကို ခံဟန်" [**ကုန်းဘောင်၊** ၃၊ စာ ၁၀၉]


ရတနာပန်းတောင်း

**ပန်းတစ်ဆယ့်တစ်မျိုး** – (၁) ပန်းတိမ် (၂) ပန်းဘဲ (၃) ပန်းပွတ် (၄) ပန်းချီ (၅) ပန်းရန် (၆) ပန်းယွန်း (၇) ပန်းတော့ (၈) ပန်းတဉ်း (၉) ပန်းပု (၁၀)ပန်းတမော့ (၁၁) ပန်းရွဲ [**အုပ်ချုပ်၊** ၈၊ စာ ၁၉၈–၂၀၀]

**ပန်းတဉ်း** –ကြေးထည်ပစ္စည်းအမျိုးမျိုးသွန်းထုလုပ်ကိုင်သည့် အတတ်ပညာ၊ကြေးထည်လုပ်သူ [**မြန်မွှင်၊** ၃၊ စာ ၃၀]

**ပန်းထောင်** – ပန်းညွှန့်၊ ပန်းခက်များ အထက်ဘက်သို့ ထိုးထောင်နေသည့် သဏ္ဌာန်ရှိသော အဆင်တန်ဆာ

**ပန်းထိမ်** – ရွှေငွေတို့ဖြင့် လက်ဝတ်ရတနာပစ္စည်း ပြုလုပ်သော အတတ်ပညာ [**မြန်တန်၊** စာ ၂၂၆]

**ပန်းပု** – သစ်သားဆင်စွယ်စသည်တို့ဖြင့် ရုပ်လုံးရုပ်ကြွ ထုလုပ်သော အတတ်ပညာ [**မြန်တန်၊** စာ ၂၂၆]

**ပန်းပဲ** – သံထည်အမျိုးမျိုး ပြုလုပ်သည့် အတတ်ပညာ [**မြန်တန်၊** စာ ၂၂၆]

**ပန်းပွတ်** – သစ်သားဆင်စွယ်စသည်တို့ကို ပွတ်ခုံ၍ ပုံဖော်သည့် အတတ်ပညာ [**မြန်တန်၊** စာ ၂၂၆]

**ပန်းယွန်း** – ယွန်းထည်ပစ္စည်း ပြုလုပ်သော အတတ်ပညာ [**မြန်တန်၊** စာ ၂၂၆]

**ပန်းရန်** – အုတ်၊ အင်္ဂတေတို့ဖြင့် အဆောက်အအုံတည်ဆောက်သည့် အတတ်ပညာ၊ ထိုအတတ်ပညာဖြင့် အသက်မွေးသူ [**မြန်တန်၊** စာ ၂၂၆]

**ပန်းရွဲ** – ကျောက်သွေးအတတ်ပညာ [**မြန်တန်၊** စာ ၂၂၇]

**ပန်းလုလင်သဘင်** – လှေပွဲသဘင် [**ဦးကုလား၊** ၃၊ စာ ၃၂၃အောက်]


**ပန်းလည်ချသည်** – ပန္နက်ရိုက်ရန် ကြိုးဆွဲသည်။ [**အုပ်ချုပ်၊** ပဥ္စ၊ စာ ၄၉]

**ပန်းသေး** – အစ္စလမ်ဘာသာဝင် တရုတ်လူမျိုး (ရှေးအခါက အစ္စလမ်ဘာသာဝင် အနောက်တိုင်းသားများကိုလည်း ပန်းသေးဟုပင် ခေါ်သည်။ ရှေးက အစ္စလမ်ဘာသာဝင် ပါရှန်တို့ကို parsi, pathi, panthè, **ပသိုင်၊ ပသီ** ဟု ခေါ်ခဲ့ရာ ထိုအခေါ်အဝေါ်မှ ပန်းသေးဟူသော ဝေါဟာရပေါ်လာခြင်းဖြစ်မည်ဟု ပညာရှင်တို့ တွေးဆကြသည်။) [ Hobson, pp. 669-70, 681] ရှမ်းတို့ကမူ ပန်းသေးကို ပန်ဆေ (pan-hse) ဟု ခေါ်သည်။ [GUBSS, I, i, pp.606-7]

**ပန်းသုန်း** – အောင်မြင်ပြီ ဟူသော အထိမ်းအမှတ်တိုင်။ "သူပုန်တို့လည်း မတ္တရာမြို့ကို ရယူ စီးနင်းမိလျှင် မြို့တောင် ကျုပ်ကုန်းအရပ်တွင် အလံပန်းသုန်း စိုက်မှတ်လာ၏" [**ကုန်းဘောင်၊** ၃၊ စာ ၅၉၄]

**ပိန်းကောလှေ** – သစ်လုံးကိုထွင်း၍ အပေါ်ပိုင်း တစ်ဖက်တစ်ချက်တွင် ပေပျဉ်တစ်စပ်ထည့်ကာ တည်ဆောက်ထားသောဝမ်းပြားလှေ [ROB, VIII, p. 386 နှင့် **လှေသူကြီး၊** စာ ၁၁၆–၇](ရှေးအခါကမူ ပိန်းကောလှေမှာ ပျဉ်မစပ်ဘဲ တပိတ် တပိန်းတည်းသော သစ်လုံးကို ပေါ့ပါး၊ ဝန်ရွက်ရုံမျှ ဝမ်းရိုးခုတ်ထွင် တည်ဆောက်သည်) [**လှေ၊** စာ ၆၉]

**ပိန့်နှံတိုင်** – စေတီအထွတ်တွင် ထီးတင်ရန်အတွက် စိုက်ထူထားသောတိုင် [**မြန်တန်၊** စာ ၂၂၇]


ပိန့်နှံတိုင်

**ပုန်သောစစ်ကျွသော** *(ကျောက်)* – ပုန်ကန်သဖြင့် စစ်ဖြစ်သည် [**ကျောက်ဇိ၊** စာ ၁၀၆]

**ပုန်းမကြည်** – ကောက်ပဲသီးနှံ အထွက်ကောင်းရန်အတွက် တပေါင်းလအခါတွင် တောင်သူလယ်သမားတို့ ပူဇော်ပသလေ့ရှိသော နတ်သမီး [**မြန်မွင်၊** ၃၊ စာ ၁၃၀]

**ပုပ္ဖဒွန္တဆင်**– ပန်းငုံပန်းဖူးကဲ့သို့ အစွယ်ရှိသော ဆင် (ရသဒွန္တဆင် ဟူ၍လည်းခေါ်သည်) [**မေးတော်ဖြေ၊** စာ ၂၅၆]

**ပုဗ္ဗာစရိယ** *(ပါ)* – သရဏဂုံပေး၍ ရှင်ပြုသောဆရာ [**မေးတော်ဖြေ၊** စာ ၅၉၀]

**ပုဗ္ဗကိစ္စ** *(ပါ)* – ကြိုတင် ဆောင်ရွက်ထားသော ကိစ္စ။ "စံနန်းတော် ဆောက်လုပ်ခြင်း စသော ပုဗ္ဗကိစ္စတို့ကို ပြည့်စုံစေပြီးမှ" [**ကုန်းဘောင်၊** ၁၊ စာ ၅၄၄]

**ပုဗ္ဗကတ္တိက ပဝါရဏာနေ့** – သီတင်းကျွတ် လပြည့် ပဝါရဏာပြုသောနေ့ [**သမ္မန္တစကျ၊** ၃၊ စာ ၇]

**ပုဗ္ဗကမ္မ***(ပါ)*–ရှေးကပြုခဲ့ဖူးသောကုသိုလ်ကံ[**ယုဒသန်၊** စာ၆၄၁]


**ပုဗ္ဗေကတ** *(ပါ)* – ရှေး၌ပြုအပ်သည်။ [**ဦးဟုတ်၊** စာ ၆၈၃]

**ပုဗ္ဗေသန္နိဝါသ***(ပါ)* –ရှေးကအတူတကွနေခဲ့ခြင်း၊ ပေါင်းဖော်ခဲ့ခြင်း။"ဆတ်မလည်း... ပုဗ္ဗေသန္နိဝါသ၏ အစွမ်းဖြင့် တပ်သော စိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ... ပေါင်းဘော်၍ နေကြလေ၏" [**ဧညသစ်၊**—စာ ၃၃]

**ဝိမ္ပာလွှဲခြင်း** – သားချော့သီချင်း သီဆို၍ ပုခက်လွှဲခြင်း [**အောင်**]

**ပုံတော်မိကျောက်** – သတ်မှတ်ပုံစံ အဆင့်အတန်းပြည့်မီသောကျောက်။ "အသုံးစာရေး သော၊ ရွှေကြုတို့ ကြပ်မ၍ ကျောက်တူးစေသည်မှာ ပုံတော်မိကျောက်နှင့် ၂၈စပ်ကျောက် ကိုသာ စာရင်းဆက်စေ" [ROB, VI, p. 847 ]

**ပုံနန်း** – (၁) နန်းတော်ပုံ [**ရှွေဘို၊** စာ ၆၃] (၂) အရွယ်ချင်း မကွာခြားလှသော စတုရန်းပုံနှစ်ခုကို ထောင့်ညီ အချိုးညီစွာ လွှဲ၍ ထပ်နေဟန် ရေးဆွဲ ထုလုပ်ထားသော ပုံ ( အပြင်ထောင့်စွန်း ရှစ်ခု ရှိသောပုံ) [**ထွန်း**]




**ပယ်** – မြန်မာမင်းများ လက်ထက်က စိုက်ပျိုး လယ်ယာ အကျယ်အဝန်းကိုဖော်ပြသော (ယခုခေတ် ၁.၇၇ကေ= ၀.၇၁၆ ဟတ်တာ ကျယ်ဝန်းသည်) အတိုင်းအတာ။ အေဒီ ၁၇၉၁ ခုနှစ်တွင် ရေးထိုးသည့် ပယ်ပုံတော် ကျောက်စာအရ အနားတစ်ဖက်လျှင် ၂၅တာ ရှိသော စတုရန်းကွက်ကို တစ်ပယ်ဟုဆိုသည်။] [**ခေတ်ဟောင်း၊**–စာ ၁၇၄]

**ပယ်မယား** *(ပါယ်မယာ)* – ချစ်ခင်မြတ်နိုးဖွယ်သော မယား (ပါ၊ ပိယပုဒ်မှဆင်းသက်လာခြင်းဖြစ်မည်ဟု ပညာရှိတို့ ကြံဆကြသည်။) [**မြန်မွင်၊** ၃၊ စာ ၅၁] "ထိဝ် ပါယ်မယာ သာတမုလေဟ် ရာဇကေုမာရ်မည် အော်" [**၁၁၁၂ခုနှစ်ထိုး ရာဇကုမာရ်ကျောက်စာ** ]

**ပယ်သေ** – အပြောင်းအလဲ အတိုးအဆုတ် မရှိသော စိုက်ပျိုးမြေ [**စမ္ဗူ၊** စာ ၈]

**ပလ္လင်** *(ပါ–ပလ္လက်)* – ထိုင်ရန်နေရာ၊ အိပ်ရန်နေရာ၊ ဘုန်းတန်ခိုး ကြီးမား မြင့်မြတ်သူတို့ထိုင်ရန် စင်မြင့် [**ဦးဟုတ်၊** စာ ၆၄၄]

**ပလ္လက်သန** *(ပါ+သက်)* – ခြေတစ်ဖက်နှင့် တစ်ဖက် တင်ပလ္လင်ခွေ၍ ထိုင်ရာတွင် တစ်ဖက်၏ ခြေဖဝါး တစ်ခုလုံးပေါ်ပြီး အခြားတစ်ဖက်၏ ခြေဖဝါး ရှေ့ပိုင်း ပေါ်၍ ဖနောင့် မြုပ်နေဟန် (တုန်လှုပ်ခြောက်ခြားမှု မရှိသော သဘော၊ ဉာဏ် ပညာ ထက်မြက်ခြင်း သဘောကိုဆောင်သည်။) [**အာသန၊** စာ ၈၈–၉]




**ပလ္လင်ခံ** *(ပေ)* – ပေစာထုပ်၏ အပေါ်ဆုံးနှင့် အောက်ဆုံးတွင် ပေချပ် အလွတ်များကို ထပ်၍ချုပ်ထားသော ပေရွက်ထပ် [**ရှေးဟောင်းပေ၊** စာ ၂၁]

**ပလ္လင်ခြောက်ပါး ထိုင်သူများ** – (၁) ကမလာသနပလ္လင်–ကြာပလ္လင် – ဗြဟ္မာမင်းတို့ထိုင်သည်။ (၂) ဒိဗ္ဗာသနပလ္လင်–နတ်မင်းတို့ထိုင်သည်။ (၃) ရာဇပလ္လင်–လူမင်းတို့ ထိုင်သည်။ (၄) အဋ္ဌကရနပလ္လင်–တရားသူကြီးတို့ ထိုင်သည်။ (၅) ဓမ္မာသနပလ္လင်–ဓမ္မကထိကတို့ ထိုင်သည်။ (၆) အပရာဇိတပလ္လင် – မြတ်စွာဘုရားသခင် ထိုင်တော်မူသည်။ [**သုတေသန၊** စာ ၃၂၅]

**ပလ္လင်တိုင်** *(ပေ)* – ပေစာရွက်များ မလှုပ်မရှား နိုင်အောင် ပေထုပ်၏ သုံးချိုး တစ်ချိုးခန့်တွင် ဖောက်ထားသည့် ပလ္လင်ပေါက်နှစ်ပေါက်တွင် စိုက်ထူထားသော ဝါးတံကလေး [**မြန်စာန်၊** စာ ၂၂၀]

**ပလ္လင်ပေါက်** *(ပေ)* – ပေစာရွက်များ မလှုပ်မရှား နိုင်မြဲနေအောင် တုတ်တံငယ်စိုက်ထူ၍ ထိန်းထားရန်အတွက်

ပေစာ၏ သုံးချိုး တစ်ချိုးခန့်တွင် ဖောက်ထားသော အပေါက်နှစ်ပေါက် [**မြန်တန်**၊ စာ ၂၂၈]





**ပလ္လင်ရှစ်ရပ်** – မင်းကေရာဇ်တို့ သုံးတော်မူသော ပလ္လင်ရှစ်မျိုး (၁) သီဟာသနပလ္လင်–ခြင်္သေ့ရုပ်ခံပလ္လင် (ယမနေသားဖြင့် ပြုလုပ်သည်။ နန်းဦးပြဿဒ်ဆောင်တွင် မင်းတို့အပူဇော်ခံရန်အတွက် ထားသည်။) (၂) ဟံသာသနပလ္လင်–ဟင်္သာရုပ်ခံပလ္လင် (သင်္ကန်းသားဖြင့် ပြုလုပ်သည်။ ဇေတဝန်ဆောင်တွင်ထား၍ ရတနာသုံးပါး ပူဇော်ရန် အသုံးပြုသည်။ (၃) သင်္ခါသန ပလ္လင်–ခရုသင်းရုပ်ခံပလ္လင် (သရက်သားဖြင့်ပြုလုပ်သည်။ ဇောင်းတော်ဆောင်တွင် ထား၍ တရားစကားနာခံရန် အသုံးပြုသည်။) (၄) ဘမရာသနပလ္လင်–ပိတုန်းရုပ်ခံပလ္လင် (ကရဝေးသားဖြင့် ပြုလုပ်သည်။ မှန်နန်းဆောင်တွင် ထား၍ စက်တော် ခေါ်ရန် အသုံးပြုသည်။) (၅) ဂဇာသနပလ္လင်–ဆင်ရုပ်ခံပလ္လင် (စကားသားဖြင့်ပြုလုပ်သည်။ ဗြဲတိုက် ဆောင်တွင် ထား၍ မင်းတို့က ချီးမြှင့်ရန်၊ နှိမ့်ချရန် အတွက် အသုံးပြုသည်။) (၆) မယူရာသနပလ္လင်–ဥဒေါင်းရုပ်ခံပလ္လင်(ပေါက်သားဖြင့်ပြုလုပ်သည်။ မြောက်စမုခ်ဆောင်တွင် ထား၍ ဆင် မြင်း သိမ်းမြန်းရန် အသုံးပြုသည်။) (၇)မိဂါသန ပလ္လင် – သမင်ရုပ်ခံပလ္လင် (ရေသဖန်းသားဖြင့် ပြုလုပ်သည်။ တောင်စမုခ်ဆောင်တွင်ထား၍ မင်းတို့ တိုင်ပင်ဆွေးနွေးရန် အသုံးပြုသည်။) (၈) ပဒုမာသနပလ္လင် – ကြာပွင့်ခံပလ္လင် (ပိန္နဲသားဖြင့် ပြုလုပ်သည်။ အနောက်ပွဲတက်ဆောင်တွင် ထား၍ မင်း မိန်းမတို့ ပူဇော်ခံရန် အသုံးပြုသည်။) [**အုပ်ချုပ်**၊ တ၊ စာ ၁၅၉]

**ပလ္လင်အရွယ်သုံးမျိုး** – **ရွှေဘုံနိဒါန်း** အရ ပလ္လင်အရွယ် သုံးမျိုး ရှိသည်။ (၁) မဟာပလ္လင် (၁၆တောင် မြင့်သည်) (၂) မဇ္ဈိမပလ္လင် (ရှစ်တောင် မြင့်သည်။) (၃) စူဠပလ္လင် (လေးတောင် မြင့်သည်။) [**ရွှေဘုံ**၊ စာ ၈၅]

**ပိုလ်** – ငါးကျပ်သားအလေးချိန် (ကျပ်လေးဆယ်–တစ်ပိုလ် ဟုလည်းဆိုသေးသည်။) [**မေးတော်မြေ**၊ စာ ၆၃၀ နှင့် **သမ္ဗန္ဓကျော်**၊ ၃၊ စာ ၉၂]

**ပိသုပြည်** – ပဿူးပြည် (မလေးရှား)။ "သာသနာတော် တည်ရာကား ... အရှေ့တောင်သို့လားသော် ဌွမ်းပြည် အကုန် ... တောင်သို့လားသော် သမုဒ္ဒရာ အနားနှိုက် ရှိသော ပိသုပြည်" [**ဓမ္မ**၊ စာ၈]

**ပျားစွဲနှင့်မုဆိတ်** – ပြာသာဒ်နှင့် မုခ်ပေါက်ထိပ် ခေါင်အောက်တို့တွင် သုံးထောင့်သဏ္ဌာန်ပေါ်နေသည့် နေရာလွတ်၌ အောက်သို့ တွဲလျားကျဟန် ပိတ်ကာ ဆွဲထားသည့် အပြားအပြန့်ကို ပျားစွဲဟု ခေါ်သည်။ ပျားစွဲ၏ ထိပ်တွင် အချွန် အတက် အကွေး အကောက်တို့ဖြင့် တန်ဆာဆင်ထားသည့် အရာကို မုဆိတ်ဟု ခေါ်သည်။ [**မြန်မာမှု**– ၄၊ စာ ၈]



**ပျူ** – ဟန်လင်း၊ သရေခေတ္တရာ စသော ပြည်ထောင်တို့ကို တည်ထောင်အုပ်စိုးခဲ့သော မြန်မာရှေးဦးလူမျိုး(ပုဂံခေတ် တိုင်အောင် ပျူလူမျိုး ဟူ၍ သီးခြားရှိပြီး ပျူစာကို ဆက်လက် သုံးစွဲဆဲပင် ဖြစ်သည်။ ခေတ်ပြိုင် တရုတ် မှတ်တမ်းများတွင် ပျူလူမျိုးကို **ဖျောက်** 剽 သို့မဟုတ် 驃 ဟူ၍ ရေးသားသည်။ ပျူတို့ကိုယ်တိုင်ကမူ **ထုလော်ကျူ** ဟု ခေါ်၍ ဂျာဗား ကျွန်းသားတို့က **တုလီချူ** ဟု ခေါ်ကြောင်း၊ ကိုးရာစုနှစ်ကရေးသော ပါရှန်မှတ်တမ်းတစ်စောင်တွင် **တဆုလ်** ဟု ဖော်ပြကြောင်း ပညာရှင်တို့ကဆိုသည်။ထိလိုင်မင်း (၁၀၈၄–၁၁၁၂)၏ နန်းတော်ကျောက်စာတွင်ပါသော**တိရ်ကုလ်**သည် **ထုလော်ကျူ၊ တုလီချူ၊ တဆုလ်** တို့နှင့်တူညီ

မည်ဟု ပညာရှင်တို့က ခန့်မှန်းကြသည်။) [**ဓေတ်——ယောင်း**၊ စာ ၃၉-၆၂]

**ပျော်ပွဲခွန်** – အပျော်အပါး သက်သက် ရောင်းဝယ်ရန် ယူဆောင်လာခဲ့သော သေးသေးနုပ်နုပ် ကုန်များအပေါ် ကောက်ခံသည့်အခွန်[**လွှတ်တော်မှတ်၊** စာ၄၉] "သစ်တော အကောက်တွင် ပါဝင်သည့် ပျော်ပွဲခွန်၊ ဇန်းမော် ၁၂ရပ် အကောက်တွင်ပါဝင်သည့်ပျော်ပွဲခွန်၊ ဆေး ထန်းလျက် ဆီ အကောက်တွင် ပါဝင်သည့် ပျော်ပွဲခွန်" [ROB, IX. p. 1064]

**ပျံ့ချီ** – ရန်သူရှိရာသို့ ခုန်ပျံ ဝင်ရောက်၍ အနိုင်တိုက်ခိုက်နိုင်သော သူရဲကောင်းတို့အား ချီးမြှင့်လေ့ရှိသောဘွဲ့. (ကျက်သရေရှိသော သူရဲကောင်းအား သီရိပျံ့ချီဟူသော ဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။) [**လီနတ္ထ၊** စာ ၂၉၂-၃]

**ပျို့** – စိတ်ကို နှစ်သက်မြတ်နိုးစေအောင် ဖွဲ့နွဲ့ထားသော လေးလုံးစပ်ကဗျာအဖွဲ့ [**လီနတ္ထ၊** စာ ၃၇၇]

**ပျင်စာလိပ်ဥ** – လိပ်ငယ်က ဥသော ဥငယ် [**ဗိုပ္ပလွှာ၊——** စာ ၃၉]

**ပျပ်ဝပ်** – ကျိုးနွံသည်။ နှိမ့်ချရှိသေသည်။ နာခံသည်။ "မင်းခေါင်နော်ရထာသည် … စိတ်နှလုံး မပျပ်မဝပ် အဟန် ရှိချေသည်" [**ကုန်းဆောင်၊** ပ၊ စာ ၃၃၃]

ပြ (*သက်၊ ပြာသာဒ*) – မြို့တံတိုင်းတွင် ပြာသဒ်တင်၍ တည်ဆောက်ထားသော အဆောက်အအုံ [**ဗိုးမှတ်စု၊** စာ၉၁] (**ပြာသာဒ** မှ **ဒ** အက္ခရာ၊ **သ** အက္ခရာနှင့် **ပြာ** မှ **အာသရ** တို့ပျောက်ကြ၍ **ပြ** ဖြစ်လာသည် ဟူ၍လည်းကောင်း၊ ဤကား လမ်း၊ ဤကား အိမ်ယာ ဟုတာဝန်းဖွဲ့ကာ **ပြသ** ထားသော အရာဖြစ်၍ **ပြ** ဟုခေါ်သည် ဟူ၍လည်းကောင်း အဓိပ္ပါယ်ကို ဖွင့်ဆိုကြသည်။)




**ပြကတေ့** – မူလ အတိုင်း၊ ပင်ကိုယ်သဘော၊ ပကတိ၊ ပင်ကိုယ်ဖြစ်ရပ်မှန် [**ယုဒသန်၊** စာ ၆၆၄] "ရိုးရှာသည့် ဓလေ့မို့ပြကတေ့ယဉ်ပြန်မျက်လုံးတော်တမူသစ်တာက၊ ဇမ္ဗူရာဇ်သိန်းမကတန်" [**ရွှေဝတီ၊** စာ ၆၁]

**ပြကတေ့လျှုရင်းတိုင်း** – မူလလျှုရင်းအတိုင်း။ "ပြကတေ့ လျှုရင်းအတိုင်း … လျှုဒါန်းတော်မူပြန်သတည်း" [**၁၇၈၅ခုနှစ်ထိုး စကိုင်းမြို့ ချည်းနုံကြီးဘုရားကျောက်စာ** ]

**ပြတို့** – ထွေးခံ၊ ထွေးအင် [**တွင်းသင်းပေါ၊** စာ ၉၁]

**ပြယိုးယား** – နွားနို့ အဆင်း၊ နွားနို့သစ် အဆင်းရှိသော ကျောက် (ပြယိုးယား လေးမျိုးရှိသည်။ (၁) စမုန္ဒာ (၂) ရက္ခာ (၃) ဗာရာ (၄) ဖအောင်မြ ဟူ၍ ဖြစ်သည်။) [**ကျောက်စိမ်းပတ္တမြား၊** စာ ၁၈၉]

**ပြလမ္ဗပါဒါသန** (*ပါ*) – ခြေနှစ်ဖက်ကို အောက်သို့တွဲလျား ချ၍ ထိုင်ခုံ ပေါ်တွင် ထိုင်နေဟန် (အေးချမ်းသာယာ စွာနေခြင်းသော၊ အနှောင့်အယှက် မရှိခြင်း သဘောကို ဆောင်သည်။) [**အာသန၊** စာ ၉၀-၁]


ပြလမ္ဗပါဒါသန

**ပြဝါမှုသော** (*ကျောက်*) – ပဝါရဏာပြုသော။ "ဥပိတ်ပြဝါ မှုသော သိမ်တိုင်ဆွဲဖြစ်စေသတေ" [**၁၃၁၅ ခုနှစ်ထိုး—— ကျောင်းသည် ပြည်ညီလင်မယား ကျောက်စာ/ခ** ]

**ပြအိုး** – မြို့ရိုးရှိ တံခါး၏ အပေါ်တွင် လည်းကောင်း၊ မြို့ရိုးထောင့်များတွင် လည်းကောင်း၊ ပြယ်များတွင် လည်းကောင်း၊ ဘုံအဆင့်ဆင့် တင်၍ အချိုးအစား ပြေပြစ် တင့်တယ်အောင် တည်ဆောက် ထားသော ပြာသာဒ်ဆောင် [**ယုဒသန်၊** စာ ၆၆၄]

**ပြာဋိဟာ** (*သက်၊ ပြာတိဟာယ*) – ထူးကဲစွာ ပြသော တန်ခိုး။ "ပြာဋိဟာကိုပြပေဘ်မူသောကြောင့် ရွှေတန်ဆာ ဘုရားတည်တော်မူခဲ့သည်" [**ကုန်းဆောင်၊** ပ၊ စာ ၆၂]

**ပြာဋိဟာရိယမုဒြာ** (*ပါ+သက်*) – လက်နှစ်ဖက်ကို ရင်ဘတ် ရှေ့ဆီသို့ ကွေးကာ လက်ယာလက်ဖဝါးကို ရင်ဘတ် ဘက်သို့ လှည့်၍ လက်ချောင်းကလေးများ ကွေးထား ပြီး လက်ယာ လက်သန်းအောက်မှ လက်ဝဲ လက်မနှင့် လက်ချောင်းကလေးများကို ကွေး၍ ပင့်မ ထားဟန် (မြတ်စွာဘုရားသည် သရက်ဖြူ ပင်ရင်း၌ ရေမီးအစုံ ယမကပြာဋိဟာ ပြတော်မူခန်း၊ ဥရုဝေလ ကဿပ ရသေ့ညီနောင် ရှင်တစ်ထောင်ချွတ်ခန်း သရုပ်ဖော်ပုံ



ပြာဋိဟာရိယမုဒြာ

များတွင် ဤမုဒြာ ဟန် ရုပ်တုရုပ်လုံး များ ထုလုပ်လေ့ ရှိသည်။ဘုန်းတန်ခိုး ကြီးလိုသူ၊ ကျွမ်း ကျင်သောပညာရှင် ဖြစ်လိုသူ၊ ရန်သူ ကို အောင်မြင်လို သူ တို့သည် ဤ ရုပ်တုမျိုးကို ကိုး ကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၆၄-၅]

**ပြေတုံးတရားစစ်၊ စစ်ဝတ်** - အမှုပြေငြိမ်းခြင်းနှင့် အမှုစစ်ဆေးရခြင်း၊ စစ်ဆေးရန် ခေါ်ရခြင်း (တို့အတွက် ကြေးငွေ မတောင်းခံရပေ။) [**လွှတ်တော်မှတ်၊** စာ ၂၅၆]

**ပြော့ကြီးမှူး** - မြေနန်းစမုတ်ဦးအရှေ့ မင်းတက်လှေကား၏ အဆင်း၊ မြေပြင် လက်ဝဲ လက်ယာတွင် ကြိမ်လုံးစွဲ ကိုင်ခစားရသည့် ပြော့သား လုလင်တို့၏ အကြီးအမှူး [**ရွှေနန်းသုံး၊** စာ ၅၂-၃]

**ပြော့သား** - မြေနန်းစမုခ်ဦးအရှေ့ရှိ မင်းတက်လှေကား၏ တစ်ဖက်တစ်ချက် လက်ဝဲလက်ယာတွင် ကြိမ်လုံးစွဲကိုင် စောင့်နေထမ်းရွက်ရသောအမှုထမ်း [**ရွှေဘုံ၊** စာ ၂၃]

**ပြင်စီမြင်း** -အင်းဝပထမမင်းခေါင်(၁၄၀၁-၂၂)လက်ထက် ၁၄၃၅ခုနှစ်တွင်ဖွဲ့သည့်မြင်းတပ် [**ROB**, II, p. 202]

**ပြင်ရှဲ** - ရှဲရွာ (ထီးလင်းမြို့နယ်)၊ စကားရွာ၊ ရေအိမ်ရွာ၊ သစ်ကြီး၊ တိုင်လယ်၊ ပလင်၊ ချပ်ရွာ၊ ဝက်ကူ၊ သီးတုန်၊ ငပင်၊ လယ်အို၊ အိုင်းမ (ထီးလင်းမြို့နယ်)တို့ ပါဝင်သောဒေသ [**ဦးမောင်မောင်တင်စာရ** ]

**ပြင်လွင်** - အပြင်ဘက် [**ယုဒသန်၊** စာ ၆၆၅]

**ပြင်လွင်ကျသည်** - အကာအကွယ် ကင်းမဲ့သည်။ လုံခြုံမှု မရှိသော အခြေအနေသို့ ရောက်ရှိနေသည်။ အပြင်ဘက်သို့ ရောက်နေသည်။ [**ယုဒသန်၊** စာ ၆၆] "ပြည်သူသတ္တဝါပေါင်းတို့လည်း လုပ်စားကိုင်စားမှုစ၍ စိတ်နှလုံးမချ ပြည်လွင်ကျသည်တကြောင်း ဖြစ်ပါ၍..." [**ကုန်းဘောင်၊** တ၊ စာ ၄၈]

**ပြင်ဝဲ** - ကျောင်းတော် အိမ်တော်များ၏ ဆောင်မကြီးတွင် အပြင်ဘက်ဧည့်ခန်း [**အုပ်ချုပ်၊** ပဥ၊ စာ ၅၄]

**ပြင်သင်းမှူး** - လုံခြုံရေးအတွက် နန်းတော်အပြင်တွင် စောင့်နေထမ်းရွက်ရသော အမှုထမ်း အစုအဖွဲ့များ၏ အကြီးအမှူး [**အုပ်ချုပ်၊** တ၊ စာ ၁]

**ပြင်အိမ်တော်** - အရွယ်ရောက်သော မင်းသား မင်းသမီးတို့ နေထိုင်ရန်အတွက် နန်းတော်၏ အပြင်ဘက်တွင် တည်ဆောက်ထားသော အိမ်တော်။ (ယိုးဒယားနန်းကျ မင်း၊သား၊ညီ၊မြေးယောက်ျားများကိုလည်း ပြင်အိမ်တော်တွင် ထားလေ့ရှိသည်။) [**ကုန်းဘောင်၊** ပ၊ စာ ၄၁၀]


**ပြစ်ခြမ်းဖောင်း** - ခေါင်းပေါင်းတစ်မျိုး။"လူတရာကျော်တို့မှာ ပြစ်ခြမ်းဖောင်း၊ ဇာဖျင်ဝတ်လုံ ဝတ်ဆင်စေ၍..." [**ကုန်းဘောင်၊** တ၊ စာ ၂၃၄]

**ပြည်ကံကျေး** - မိန်းမပေါ်များ၊ပြည့်တန်ဆာမများ[**အုပ်ချုပ်၊** ပဥ၊ စာ ၁၄၉]

**ပြည်ကုံးလှေ** - ကမ္ဘာဦးလူတို့၏ ရှိခိုး တောင့်တမှုဖြင့် နေနှင့်လပေါ်လာခြင်းသဘောကိုဆောင်ရန် ဦးဘက်တွင် လဗိမာန်လနတ်ရုပ်၊ ပဲ့တွင်နေဗိမာန်နေနတ်ရုပ်ပုံဖော်၍ တည်ဆောက်ထားသော လှေ [**ရွှေဘုံ၊** စာ ၆၉-၇၀]

**ပြည်ကြီး၂၀** *(အိန္ဒိယ)* - (၁) ဗာရာဏသီ (၂) သာဝတ္ထိ (၃)ဝေသာလီ (၄)မိဓိလာ (၅)အာဠဝိ (၆) ကောသမ္ဘီ (၇)ဥဇ္ဇေနီ (၈) တက္ကသိုလ် (၉) စမ္ပာ (၁၀) သာဂလ (၁၁)သံသုမာရဂိရိ (၁၂) ရာဇဂြိုဟ် (၁၃) ကပိလဝတ် (၁၄) သာကေတ (၁၅) ဣန္ဒပဋ္ဌ နဂိုရ် (၁၆) ဥက္ကဋ္ဌ (၁၇)ပါတလိပုတ်(၁၈)စေတုတ္တရာ(၁၉) သင်္ကဿနဂိုရ် (၂၀) ကုသိနာရုံ [**အုပ်ချုပ်၊** ဒ၊ စာ ၆၉]

**ပြည်ကြီးမွန်ဖောင်** - ဖောင်တော်ဦးတွင်နဂါးရုပ်၊ ဂဠုန်ရုပ်၊ နတ်ရုပ်များဖော်၍ ပြာသာဒ်တော်၊ အဆောင်တော်တို့ဖြင့် ခမ်းနားစွာ တည်ဆောက်ထားသော မင်းစီး ဖောင်တော် [**နန်းမှု၊** ၅]



ပြည်ကြီးမွန်ဖောင်

**ပြည်ကြီးမွန်လှေ** - မြန်မာမင်းကို တစ်ရာသောမင်းတို့က ဦးညွှတ်ဟန် ဖြစ်စေရန် လှေဦးမှ လှေပဲ့အထိ လက်ဝဲဘက်တွင် မင်းရုပ်ငါးဆယ်၊ လက်ယာဘက်တွင် မင်းရုပ်ငါးဆယ် ထုလုပ်ထားသည့် လှေ (မင်းကေရာဇ်

တို့ ထွက်တော်မူကြီးပြုသောအခါ ဖောင်တော်ရှေ့က သုံးလူ့ပူဇော်လှေနှင့် ပြည်ကြီးမွန်လှေတို့ကို ခင်းကျင်းရသည်။) [**ရွှေဘုံ၊** စာ ၆၇]

**ပြည်စိုး** – (၁) တိုင်းပြည်ရေးရာ ကိစ္စ အဝဝကို စီရင်ဆောင်ရွက်ရသော အမတ်ကြီး (၂) မြို့ရွာကို စီရင်အုပ်ချုပ်သော အကြီးအကဲ၊ သားစဉ်မြေးဆက် ဆက်ခံအုပ်စိုးသောသူကြီး။ [**ယုဒသန်၊** စာ ၆၆၅] "အမတ်ကြီး၊ အမတ်လတ် ... ရွာသူကြီးပြည်စိုးမြေတိုင် ... တို့သည်အမြွတ်တည်း" [**မနုကျယ်၊** စာ ၁၂၂] "ပြည်စိုဝ်သ အမတ်ကြီး ရာဇသင်ကြံ မည်သ အမတ်သည်..." [**၁၃၀၇ခုနှစ်ထိုး အမတ်ကြီး ရာဇသင်ကြံ ကျောက်စာ/၃** ] "ငအောင်ကို မဟာဒါန်တိုက် ကိုင်းရွာသူကြီး ပြည်စိုးခန့်တော်မူသည်" [ROB, IV, p. 514]

**ပြည်တဲ** *(ကျောက်)* – တိုင်းပြည်နှင့် ပတ်သက်သမျှ [**ကျောက်ဗို၊** စာ ၁၇၆]

**ပြည်ရှင်ဘုန်းလှိုင်း** – ဘုန်းတန်ခိုး အလွန်ကြီးမားသော ပြည်ကြီးအရှင်။"နာရာဓိပတိ၊ သိဒ္ဓိထွန်းတင်၊ မြတ်ဆုံးတင်သည်၊ ပြည်ရှင်ဘုန်းလှိုင်၊ ကျင့်နည်းခိုင်း၍" [**လောက၊** စာ ၁၄၆]

**ပြည်သွယ်** – နောက်ပြောင် သွေးထိုးသည်။ ကြည်စယ်သည်။ ပျက်ရယ်ပြုသည်။ [**ဦးကုလား၊** ၃၊ စာ ၄၆] "ယခု ဘုရင်မင်းခေါင် မရှိပြီးသော်၊ စစ်မက်ဆင်၍ မိဖုရား ကတော် စိုးမင်း...များကို ယူတော့ဟူ၍ ပြည်သွယ်ကြကုန်၏" [**မှန်နန်း၊** ၃၊ စာ ၅၂]

**ပြည့်ကံကျေး** – ကွိတ်၊ ပြည့်တန်ဆာ [**အုပ်ချုပ်၊** ၈၊ စာ ၃၀ နှင့် ROB, X, p. 118]

**ပြန်တမ်းကြီး** – ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက် စသော မင်းမှုထမ်းကြီးများကို ခန့်ထားသည့် အမိန့်တော်ပြန်တမ်း [ROB, X, p. 118]

**ပြန်တမ်းရိုး** – အမှုထမ်းငယ်များကို ခန့်ထားသည့် အမိန့်ပြန်တမ်း [ROB, X, p. 118]

**ပြုပြင်သည်** *(ကျောက်)* – ပန်းရံအလုပ်သမား? "ပြုပြင်သည် ကန်ရသည် ၂ယောက် သောကာ"[**၁၂၄၁ခုနှစ်ထိုး–အဓိပုရဟာစော ကျောက်စာ/၃၀** ]

**ပြာသာဒ်** *(ပါ၊ ပါသာဒ)* – ဘုံအဆင့်ဆင့်တွင် ထုပိကာတင်၍ဆောက်လုပ်ထားသဖြင့် ကြည့်ရှုဖွယ်ကောင်းသော အဆောက်အအုံ [**မြန်စာန်၊** စာ၂၃၁နှင့် **ရွှေဘုံ၊** စာ၃]

**ပြိဿရာသီ** – နွားတို့နှစ်သက်သော ရာသီ၊ ကဆုန်လ၊ ဝိသာခါ နက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် ဧပြီလ(၂၁)ရက်နေ့မှ မေလ(၂၁)ရက်နေ့ခန့်အထိ ဖြစ်သောကာလ [**မဟာမုနိ၊** ပ၊ စာ ၄၁၄] "ရာသီပြိဿ၊ အလှကြိုင်မြူး၊ကွမ်းဖူးစကား၊ ပေါ်ပွင့်များသည်၊ မိုယ်းသားကျူးစ၊ ကဆုန်လကား" [**ဆယ့်နှစ်ရာသီလူးတား၊** စာ ၈]

**ပွဲကျောင်း** – ဗေဒင်ပညာ၊ ဆေးပညာ၊ သိုင်းပညာ၊ ဓားခုတ်လှံထိုး၊ ဆင်စီးမြင်းစီး၊ ပန်းချီ ပန်းပု ပန်းပဲ စသောပန်းဆယ်မျိုးပညာ၊ တီးမှုတ်ကခုန် နည်းပညာ စသော လောကီဆိုင်ရာအသက်မွေးမှုပညာရပ်များကို သင်ကြားပေးသောကျောင်း [**အုပ်ချုပ်၊** ၈၊ စာ ၂၀၆]

**ပွဲတော်ကြီး** – (၁) မင်းကောရာဇ် သုံးဆောင်သော ထမင်းပွဲ (၂) မင်းကောရာဇ် ပွဲတော်တည်ရန် ချက်ပြုတ်ထမ်းရွက်ရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၄၇]

**ပွဲတော်အိမ်** – မင်းကောရာဇ် သုံးဆောင်တော်မူရန် ထမင်းဟင်းတို့ကိုချက်ပြုတ်သည့်မီးဖိုဆောင်[ROB, VI, p. 505]

**ပွဲတက်ကန်တော့** – မင်းညီ၊ မင်းသား၊ ဝန်ကြီး၊ ဝန်ထောက်၊ စော်ဘွား မြို့စားတို့က နှစ်စဉ်နှစ်သစ်၊ ဝါဝင်၊ ဝါကျွတ်အခါသမယ၌ မင်းကောရာဇ်အား အခမ်းအနားကျင်းပ၍ကန်တော့ခြင်း [ROB, X, p. 118]

**ပွင့်ကွယ်ငွေ** – အပွင့် အမှတ်မပါသော ငွေစင် [ROB, VIII, p. 524]

**ပွတ်ကြီးဆည်** –အိန္ဒိယတောင်ပိုင်း၊အရှေ့ဘက်ကမ်းရိုးတန်းရှိ ပွန်ဒစ်ချယ်ရီ(Pondiccherry) [ROB, III, p. 226]

**ပွတ်ကြီးဆည်ကိုး** – ပွန်ဒစ်ချယ်ရီ ကမ်းခြေ ဒေသ (Pondiccherry Coast) [ROB, X, p. 118]

**ပွတ်ခြမ်း** – ပွတ်လုံးတိုင်အခြမ်း။ "ကမွတ်နား အတွင်းပြင် ပွတ်ခြမ်း" [ROB, V, p. 851]

**ပွတ်လုံးကျေးစေတိုင်** – ကျေးနားရန် ပွတ်တိုင် လုပ်၍ စိုက်ထူထားသောတိုင် [**ယုဒသန်၊** စာ ၂၁၈၊ ၆၇၈]

**ပွန်စလိုင်** – (၁) ပဥ္စလမှ ပွန်စလိုင် ဖြစ်လာသည်ဟု ဆိုသောပညာရှင်တို့၏အလိုအရဆိုလျှင် မြစ်ရေငါးဆိုင်ဆုံရာနေရာ (၂) မွန်ဘာသာပွန်မှာ လေးခုဟုအဓိပ္ပာယ်ရသည်ဟု ဆိုသော ပညာရှင်တို့၏ အလိုအရဆိုလျှင် မြစ်ရေလေးဆိုင်ဆုံရာနေရာ [**သံလွင်မြစ်ဝဖြစ်သည်။** ]

**ပွယ်** *(ကျောက်–ပွယ်)* –ထည့်သိုထားတင်စရာဗန်း [**သီချင်း၊** ပ၊ စာ ၁၈၇နှင့် **မြန်မွှင်၊** ပ၊ စာ ၂၀၆] "ကြိယ်ပွါယ် ၁ခု။ ကြိယ်ကရာကြိဝလုံ"[**၁၂၁၃ခုနှစ်ထိုး သင်လျှင်အိုကပ်သင်ချင်ကျောက်စာ** ] "လင်မွှာန် ၁၃ပ်ကြိယ်ပွယ်၁ခု ဆိမိတိုင် ၁ခု လျှသတေ" [**၁၂၃၅ ခုနှစ်ထိုး မျောင်ခင် ညီအစ်ကို ကျောက်စာ** ]

# ဖ

**ဖထိုင်** *(ဖတိုင်)* – ထိုင်စရာခုံ (ဖင်ထိုင်ခုံ) [**မြန်မာမင်း**၊ စာ ၁၅၈နှင့် **မြန်ဖွင့်**၊ ပြည့်၊ စာ ၂၅၇-၈]၊ ခုတင် [**ယုဒသန်**၊ စာ ၆၈၄] "ဗညားဒလနေစရာ ဖတိုင်တတောင်သာသာ ထက်အုံးဝန်းနှင့်ထား၏" [**မှန်နန်း**၊ ၃၊ စာ ၁၅၄]

**ဖယောင်းရေ** – အန္တရာယ်ကင်းအောင် ဖယောင်းကိုသုံး၍ ယတြာချေသည်။?

**ဖရုသဝါစာ** *(ပါ)* – ကြမ်းတမ်းသောစကား [**ဦးဟုတ်**၊ စာ ၆၉၃]

**ဖရင်သစ်** – ပြင်သစ် [**လောင်းမင်းဖိနိ့**၊ စာ ၅၂-၃]"ဖရင်သစ် ဂုမ်ပညီ ဖရနောကိုလည်း ပြည်ရှာနှင့် မတန်သူဖြစ်၍ သံလျင်မြို့က သဘော်ကို နုတ်ယူ၍ နှင်လိုက်သည်" [**လောင်းမင်းဖိနိ့**၊ စာ ၅၃]

**ဖရင်း** – ချွန်ထက်သော အချောင်း အတံ၊ ထွန်သွားချွန် "နွားမြတ်နွားမွန်၊နွားတန်ခွန်ကို၊ ထွန်ဖရင်းဦး၊ ချင်းနင်း စူး၍" [**တိဿဇာ**၊ စာ ၅၆]

**ဖရုံတုံး** – မင်းစီးဖောင်တော်တွင် ဖရုံသီးပုံ စီရင်ထားသော ပွဲတုံး။ "လှော်ကားဦးငှက်ပျံရုပ်လေး၊ပွဲငှက်ပျံရုပ်ခြောက်၊ ဆံထုံးတဘက်ဘရုံတုံး" [**ကုန်းဘောင်**၊ တ၊ စာ ၅၃၈]


**ဖလသုခ** *(ပါ)* – ဖိုလ်ချမ်းသာ [**ဦးဟုတ်**၊ စာ ၆၉၅]

**ဖလနုမာန** *(ပါ)* – ဖြစ်ပေါ်လာသော အကျိုးကို မြင်သဖြင့် ထိုအကျိုးကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းကိုသိခြင်း [**ဦးဟုတ်**၊ စာ ၇၁၊ ၆၉၄]

**ဖလိကာ** *(ပါ)* – ကျောက်သလင်း [**ဦးဟုတ်**၊ စာ ၆၉၅] "ဖလိကာသဒ္ဒါ ဟောအပ်သော ကျောက်သလင်းသည် အလွန်ခိုင်ခံ့သည်" [**ကုန်းဘောင်**၊ တ၊ စာ ၃၆၈]

**ဖဝါးခြေသင်သွားတတ်သောအခါ** – လမ်းလျှောက်သင်စ ပြုသောအခါ

**ဖားဗို** – ပိန်ချည်ဖောင်းချည် ပြုလုပ်၍ မီးသွေးကိုလေမှုတ် ပေးသော သားရေလေအိတ်သုံးမီးဖို [**မြန်စာန်**၊ စာ ၂၄၀]




ဖားဗို

**ဖုဿနှစ်** – နှစ်အမည်ဖြစ်သည်။ (ရောက်သည့် ကောဇာ သက္ကရာဇ်ကိုတည်၍ ၂၃နှုတ်၊ အကျန်ကို ၁၂ဖြင့်စား သောအခါ ၁၀ကြွင်းသောနှစ်ကို ဖုဿနှစ်ဟုခေါ်သည်။ ကျောက်စာများတွင် ဖုဿနှစ်ကို ပုဿနှစ်၊ ဖုဿနှစ် ဟုဖော်ပြသည်ကို တွေ့ရ၏။) [**မဟာမုနိ**၊ စာ ၄၁၁]

**ဖဲမော်ယော်** – အကွက်အဆင်ဖော်ထားသောဖဲ [**ဦးဖောင် ဖောင်တင်စာစု** ] ပိုးဖဲထည် [**ယုဒသန်**၊ စာ ၆၉၁၊ ၇၇၁]

**ဖော၍** – *(လှေကို)* ရေအလျင်တွင် မျောပါမသွားအောင် ဖြည်းဖြည်းမှန်မှန်လှော်ခတ် ရပ်တည်၍၊ဖော်ယာသဖွယ် ရပ်တည်၍ [**ယုဒသန်**၊ စာ ၆၉၂] "တိုက်လှေကြီး နှစ်ရာကျော်ကို အမြောက် စိန်ပြောင်း တင်ပြီးလျှင် မြစ်လယ်ကြောက ဖော၍ခံနှင့်၏" [**ကုန်းဘောင်**၊ ပ၊ စာ ၈၈]

**ဖော့လုံး** – မင်းမှူးမတ်တို့ ပေါင်းသော တစ်စထောင် သို့ မဟုတ် နှစ်စထောင်ခေါင်းပေါင်း [**မြန်စာန်**၊ စာ ၂၄၁]




**ဖက်ထစ်** – အမြဲ။ "ရှင်ရင်းမင်းစစ်၊ ဥပရာဇ်နှင့်၊ ဖက်ထစ် မကွဲ၊ အမြဲနောက်တော်၊ ပါချင်သော်လည်း" [**ဘုရားတိ**၊ စာ ၂၄]


**ဖက်လိပ်** *(တူရိယာ)* – တပိုး ခေါ် လေမှုတ်တူရိယာရှည် မျိုးတွင်ပါဝင်သည့် လေမှုတ်တူရိယာ [**မြန်ဖွင့်**၊ ပြည့်၊ စာ ၂၀၁-၂] "တံပိုးရှစ်မည်၊ ဟူတုံသည်လည်း၊ သံစည် ငြိမ့်ညောင်း၊ ဒလောင်းတပုံ၊ နှစ်စုံခရာ၊တန်မြွာတန်ရှည်၊ အမည်တကွဲ၊ နှံပြွေဘက်လိပ် [**မဃဒေဝ**၊ စာ ၉၂]

**ဖောင်ဝန်** – မင်းကေရာဇ်၏ဖောင်တော်၊လှေတော်အမှုထမ်း များကို စီရင်အုပ်ချုပ်၍ ဖောင်တော်၊ လှေတော်များ မပျက်စီးအောင် ကြီးကြပ်ထိန်းသိမ်း ညွှန်ကြားရသော ဝန် [**ROB, VII, p. 362**]

**ဖောင်း** – (၁) မိုမောက်ဖောင်းကြွသောအရာ (၂)မိုမောက်ဖောင်းကြွစွာ ခြယ်လှယ်ထားသော အဆင် တန်ဆာ [**မြန်မာမှု၊** ၅၊ စာ ခ]

**ဖောင်းကန်အိုး** – အဝကျဉ်း၍ ဝမ်းပူသောရေအိုး [**အင်ရုံ၊** စာ ၅၇]

**ဖောင်းရစ်** *(စေတီ)* – စေတီတော်တွင် ကြာမှောက်နှင့် သပိတ်မှောက် အကြား၌ဖောင်းကြွ ရစ်ဝိုင်းလျက် ရှိသောအခွေအလိပ်




**ဖတ္တလတ်** *(ကျောက်)* – ဘေးတစ်ခုခုသင့်၍ ရုတ်တရက် ဆုံးရှုံးစွာ(သေဆုံးခြင်း)။"အနာဖိုယ်ကြီးစွာ၂ လျှသ်ရုံယ် ဖတ္တလတ်သိယ်စိယ်တေ" [**၁၂၄၂ခုနှစ်ထိုး ညောင်ရမ်းကြီး—သမီးကျောက်စာ/၂၉–၃၀** ]

**ဖုတ်** *(ကျောက်)* – မှဆိုးဖို၊ ဇနီးမယား မရှိသောသူ၊ အိမ်ထောင်မဲ့ [**မြန်မွှင်၊** ၃၊ စာ ၁၁၇–၈]

**ဖုတ်တမြိုက်** – ချက်ခြင်း၊ လက်ငင်း [**ဦးပုည၊** စာ ၈၁ အောက်]

**ဖန်ကတုံး** *(ဘန်ကတုံး)* – အတွန့်အလိပ် မပါသော ဖန်ထည်၊ ဝိုင်အရက်ခွက် [**ယုဒသန်၊** စာ ၆၈၄]

**ဖန်ချက်ဝန်** – နန်းတွင်းက အလိုတော်ရှိသည့် ဖန်ထည် ပစ္စည်းများကို စေခိုင်းတော်မူသည့်ပုံစံအတိုင်း မှုတ်လုပ်ပေးရသောအမှုထမ်းများကို ကြီးကြပ်စီရင်အုပ်ချုပ်ခြင်း၊ အလိုတော်ရှိရာ စဥ့်အိုး မြေအိုးများကို ငွေတော်နှင့် ဝယ်ယူပေးရခြင်း စသောအမှုတို့ကို ဆောင်ရွက်ရသည့် အရာရှိ [**ရွှေနန်းသုံး၊** စာ ၁၂၅]

**ဖုန်မှု** *(ကျောက်)* – ကုသိုလ်ကောင်းမှု [**မြန်မွှင်၊** ၃၊ စာ ၁၂၇] "ထိုဝ်မိယာ္ဍပ္ပုသော ဖုန်မှုအကွာဝ္ဍ်လ္ဖင် …နိရပါန် လျှာင် တိုင်စိယ်ကုန်သတေ" [**၁၂၃၆ခုနှစ်ထိုး အသဝတ်—ဓမ္မာမယားကျောက်စာ** ]

**ဖုန်သည်** – ကောင်းမှုပြုသူ၊ အလှူရှင်။ "ထိုဝ်ဖြဝ်ကြပါ မြင်ပါသသူကာ …ဖုန်သည် သုခမိန် ၁။ ဖုန်သည်ငါ မုယ်သင် ၁" [**၁၁၅၁ ခုနှစ်ထိုး ငါမင်တ္တသည်သင်ကျောက်စာ—**]

**ဖုန်သည်ကြီ** *(ကျောက်)* – ဘုန်းကြီး၊ အလှူရှင်ကြီး။ "ဖုန်သည်ကြိငါတည်သင်။ …ပန်စာင်ငါဝ္ဍ်ဖွည္ဍ်သင်။ ဤယ်သင်ခါ = ၇ နှစ်ယောက်သိ ပြဝ်ပါသော ဟုတ္တာ။ [**၁၂၃၇ ခုနှစ်ထိုး ငါတင်သင် ယောက်ခမ သောသူတို့—ကျောက်စာ** ]

**ဖုန်းတောင်းယာစကာ** – သူတောင်းစား [**ယုဒသန်၊** စာ ၆၈၉] "ဖုန်းတောင်း ယစကာ အပေါင်းတို့ကိုလည်း… စွန့်ကြဲတော်မူ၏" [**ကုန်းဘောင်၊** ၀၊ စာ ၁၀၁]

**ဖမ်းရ** – စစ်ပွဲအတွင်း တောတောင်၌ပုန်းအောင်းနေရာတွင် ရှာဖွေဖမ်းဆီးရမိသူ [**အုပ်ချုပ်၊** တ၊ စာ ၃၁]

**ဖုမ္မ** *(ကျောက်)* – မြေပိုင်ရှင်။ "အသယ်လ္လိ ခုနှစ်ယောက် အမည်ကာ၊ ဖုမ္မတ္တရာ၊ ဖုမ္မဝတ၊ ဖုမ္မသု၊ ဖုမ္မရစ်၊ ဖုမ္မသင်္ကျ၊ ဖုမ္မတ်သိခါ၊ ဖုမ္မချတ္တရာ" [**၁၂၃၇ခုနှစ်ထိုး မဟာကဿပကျောင်း ကျောက်စာ** ]

**ဖုမ္မတီရှင်မ** *(ပါ၊ ဘုမ္မဒေဝီ)* – ကောက်လျှင် စပါးပေါ်ချိန် ဖြစ်သော တန်ဆောင်မုန်း၊ နတ်တော်လများတွင် တောင်သူလယ်သမားတို့ ပူဇော်ပသသောမြေစောင့်နတ်သမီး [**မြန်မွှင်၊** ၃၊ စာ ၁၃၂]

**ဖုံးမသိန်** *(ပရုပ်ပင်)* – ရက္ခဗေဒဝေါဟာရဖြင့် Blumea balsamifera ဟု ခေါ်သော ဆေးဖက်ဝင်အပင် (၅ပေမှ ၁၀ပေခန့် အထိ မြင့်၍ အပွင့်ဝါ ပွင့်ကာ ပရုပ်ဓာတ်ပါသည့်အပင်) [**ဆေးဝေါဟာရတွဲ၊** စာ ၁၉]

**ဖဿ** – အဖကပုဏ္ဏား၊ အမိကပုဏ္ဏားမ မဟုတ်ဘဲရသော သား သမီး [**မနု ၁၄၊** စာ ၄၀၀]

**ဖျော်ဖျော်** – အဆက်မပြတ်၊ ဖြိုင်ဖြိုင်၊ များစွာ [**လောက၊** စာ ၂၀၂ နှင့် **သီချင်း၊**— ၀၊ စာ ၁၄၇] "အမြောက်သေနတ် ဖျော်ဖျော်ကြဲမှု မီးပေါက်မိုးရွာစေပြီးလျှင် … မြို့ကို တိုက်သည်" [**မှန်နန်း၊**— ၃၊ စာ ၃၇၁]

**ဖျင်းချင်း** *(သဘင်)* – အချိန်တိုတိုဖြင့် ခပ်သွက်သွက်ပြောင်းလဲ၍ ကသောအခါ တီးရသော ယိုးဒယားတီးချက် တစ်မျိုး [**အောင်**]

**ဖျဉ်း** *(ဖျဉ်းအိုး)* – အိုး၊ မြေအိုး၊ ချက်အိုး၊ ရေလှောင်အိုး [**ယုဒသန်၊** စာ ၆၉၆] "ကြိမ်ခက်ဘောင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ပြောင်းပြန် ဦးစောက်၊ သွန်ဘိမှောက်က" [**ပါရမီ၊** စာ ၁၂၃]

**ဖြီးတော်** – ခေါင်းဖြီးသောဘီးတော် [**ယုဒသန်၊** စာ ၇၀၂] "နံ့သာဖြီးတော်၊ မှန်တော်၊ ခြေနင်းတော်များကို နံသင့်သလွန်တော်ထက် ခင်းကျင်း၍" [**ကုန်းဘောင်၊** တ၊ စာ ၅၅၆]

**ဖြတ်စာ** – စီရင်ဆုံးဖြတ်ချက် ချမှတ်သောစာ [**ယုဒသန်၊** စာ ၇၀၁] "အရှင်မြို့ဝန်မင်း ကောက်ချက်ဖြတ်စာကို နတ်သိမ်းတော်မူပါဟု လျှောက်ဆိုကြ၏" [**ကဝိသေနင်္ဂ၊** · စာ ၉၂]

**ဖွားဖက်ကျော်** – ဖြတိုက်တွင်အမိန့်တော်နှင့်အမှာစာများကို ပို့ဆောင်ရန် တာဝန် ထမ်းဆောင်ရသည်သာ မက အသေးအဖွဲ့ရာဇဝတ်ပြစ်မှုကျူးလွန်သူများကို ချုပ်နှောင်သည့် အချုပ်ခန်းဆိုင်ရာ တာဝန်ကိုပါ ထမ်းဆောင်ရသော အမှုထမ်း [ROB, X, p. 118]

**ဖွားဖက်ကျော်တန်း** – အသေးအဖွဲ့ ရာဇဝတ်ပြစ်မှု ကျူးလွန်သူများကို ခေတ္တခဏ ချုပ်နှောင်ထားရာ အချုပ်ခန်း (ဖွားဖက်ကျော်တန်းသည် ဖြတိုက် အနီးတွင် ရှိ၍ ဖြတိုက်တော်၏ ဆင့်ဆိုရာ နာခံ ထမ်းဆောင်ရသော ဖွားဖက်ကျော် အမှုထမ်းတို့ စောင့်နေ ထမ်းရွက်သည့် တန်း ဖြစ်သည် [**အုပ်ချုပ်၊** စ၊ စာ ၂၀]

**ဖွင့်ဦး** – စတင်ဖွင့်လှစ်ရောင်းချခြင်း [ROB, VIII, p.503]

# ဗ

**ဗထက်ခြိုက်** *(သေနတ်)* – ကျည်ဆန် ထိုးသွင်းနိုင်ရန် မြောင်းပါသော နောက်ထိုးသေနတ်။ "ဗထက်ခြိုက်ခေါ် နောက်ထိုး သေနတ်များ...ကို ဝန့်ရှင်တော်သေနတ်ဝန် ...တိုင်တားမြို့စားမင်းကြီးတို့...သွင်းဆက်ပြသရာ ... မင်းတရားကြီးဘုရား ... ကြည့်ရှုတော်မူသည်" [**ကုန်းဘောင်၊** တ၊ စာ ၇၀၅]

**ဗယားအိတ်** – သားရေဖြင့် ချုပ်လုပ်သော အလျားရှည် လွယ်အိတ်ကြီး [ ပေါ်ရာဏ၊စာ၁၀၇ ] "ဘယားအိတ် ချုပ်လုပ်ရန် ဘိလပ်သားရေများကို ဝယ်ခြမ်းရန် ... ဘင်္ဂလားသို့စေလွှတ်ရသည်"[**ကုန်းဘောင်၊** တ၊ စာ ၅၁၈]

**ဗရင်ဂျီ** *(ဘရင်ဂျီ)* – Ferenghi ဟူ၍လည်း ခေါ်သော ပေါ်တူဂီလူမျိုး၊ (ပေါ်တူဂီ တို့သည် ကက်သလစ် ခရစ်ယန် ဘာသာဝင်များ ဖြစ်ကြသည်။ ထို့ကြောင့် နောင်အခါတွင် ပေါ်တူဂီတို့ စတင်တည်ထောင်ခဲ့သော ကက်သလစ် ခရစ်ယန်ဂိုဏ်းဝင်များကိုလည်း မြန်မာနိုင်ငံတွင် ဗရင်ဂျီဟူ၍ ခေါ်ခဲ့ကြသည်။) [**ရာဇဝင်သစ်၊** တ၊ စာ ၄၅]

**ဗလငါးတန်** – (၁) ကာယဗလ – ကိုယ်လက် သန်မာ ထွားကြိုင်း၍ ကျန်းမာရေးကောင်းမွန်ခြင်း (၂) ဉာဏဗလ–ဉာဏ်ပညာထက်မြက်ပြည့်စုံခြင်း (၃) ဘောဂ ဗလ–ပစ္စည်းဥစ္စာရွှေငွေကြွယ်ဝချမ်းသာခြင်း(၄)စာရိတ္တ ဗလ–ကိုယ်ကျိုးတရား ကောင်းမွန်ခြင်း (၅)မိတ္တဗလ– မိတ်ဆွေပေါများခြင်း [**သုတေသန၊** စာ ၃၅၃–၄]

**ဗလဝသီလသမ္မနောနတ္တိဗေယသော** *(ပါ)* – အားကောင်းသောသီလနှင့် ပြည့်စုံခြင်းနှင့် တူသော အရာကိုသာ ကျွန်ုပ်အလေးထားသည်။ [**မြင့်** ]

**ဗလဝါမုက္ခ** *(ပါ၊ဗလဝါ+မုခ)* – အင်အားကြီးမားသောဝဲ၏ အဝ [**ယုဒသန်၊** စာ ၇၀၉] "ရှင်မြူဘုရား ဗလဝါမုက္ခဝဲ စင်ကျသောအခါ" [**သုသော**  ၊ ပ၊ စာ ၂၈၁]၊ "အလွန်ကြီးကျယ်သောဗလဝါမုခသမုဒ္ဒရာဝဲ"[**ညွှန်သစ်၊** စာ၁၄၀]

**ဗလာပုဆိုး** – အကွက်အဆင် မပါသော ပြောင်ပုဆိုးထည် [**ယုဒသန်၊** စာ ၆၂၆]

**ဗလိ** *(ပါ)* – နတ်တို့အားပူဇော်ခြင်း[ROB, VIII, p. 392] "ကျွမ်းနှင့်ညှိ၍ဗလိပူဇော်၊ ကြိုဟ်ခေါ်ကြိုဟ်နှင့်"[**လောက၊** စာ ၂၂၃]

**ဗလိနတ်စာ** – နတ်တို့အား ပူဇော်ပသသော အစားအစာ "နတ်တို့အား ဗာလိနတ်စာပေးရာနတ်ကွန်းတော်ကြီး" [**ကုန်းဘောင်၊** ပ၊ စာ ၆၃]

**ဗလိဗဒ္ဒနွား** *(ပါ+မြန်)* – နွားလား (နွားအုပ်ကို ရှေ့ဆောင်သော နွားထီး) [**ဦးဟုတ်၊** စာ ၇၀၁]

**ဗဟုစာရဂိုဏ်း** – လူသာမန်တို့ကဲ့သို့ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာအောင် လုပ်ဆောင်ပြီး လူရေးလူရာ ကိစ္စများတွင် ပါဝင်ဆောင်ရွက်ကာ လူသာမန်တို့ကဲ့သို့သွားလာနေထိုင်၍ အလိုရှိရာ ကျင့်ကြံသောသံဃာများ [**ညွှန်သစ်၊** စာ ၂၁၄]

**ဗဟို** – အလယ်၊ အလယ်ချက် [**ယုဒသန်၊** စာ ၇၁၀] "စေတီတော်ကိုဗဟိုလယ်ချက်၊မဏ္ဍိုင်စက်ပြု၍" [**၁၈၄၃ ခုနှစ်ထိုး အမရပူရမြို့ လောကမဏိစူဠာစေတီကျောက်စာ** ]

**ဗဟိုရ်** *(ပါ၊ ပဟာရ)* – (၁) ရိုက်ခတ်ခြင်း၊ တီးခတ်ခြင်း၊ အချိန်ကို ဖော်ပြရန်တီးခတ်ခြင်း (၂) ယခုခေတ်စက်နာရီဖြင့် ၃နာရီခန့် ကြာညောင်းသော အချိန်ကာလ (၃) ၃နာရီကြား တစ်ကြိမ်တီးခတ်သောစည် [**မြန်မွင်၊** ၃၊ စာ ၁၆၂-၃]

**ဗဟိုရ်စင်** – ဗဟိုရ်စည်ထားသော စင်မြင့် [**ယုဒသန်၊** စာ ၇၁၀]

**ဗာဟုဗလ** *(ပါ)* – ရဲမက်လက်နက်ကိုင် စစ်သည်အင်အား၊ လက်ရုံးအင်အား [**လောက၊** စာ ၁၅၃]

**ဗိသုကာ** *(ပါ၊ ဝိသုကမ္မ)* – အဆောက်အအုံ ဆောက်လုပ်တတ်သောဆရာ၊ ဆောက်လုပ်ခြင်းအတတ် (ဝိသုကမ္မမှ ဗိသုကာဖြစ်လာသည်ဟု ပညာရှိတို့ ယူဆသည်။ တာဝတိံသာ နတ်ပြည်တွင် ထူးမြတ်သော အဆောက်အအုံတို့ကို လုပ်ဆောင်ဖန်ဆင်းတတ်သဖြင့် သိကြားမင်း၏ အမတ်အား ဝိသုကမ္မနတ်သား ခေါ်သည်ဟု ဆို၏။)

**ဗေဒင်လေးပုံ** – သာမ ယဇု ဣရု ဟူသော ဗေဒင်သုံးပုံတွင် အာထဗ္ဗဏဗေဒင်ကို ပေါင်းထည့်ခြင်း (အာထဗ္ဗဏမှာ သတ္တဝါတို့အား သေကျေပျက်စီး ပူပန်အောင်ပြုလုပ်စီရင်နည်းကို ပြသောကျမ်း ဖြစ်သည်။ သူတော်ကောင်းတရားများ ထွန်းကားသောအခါတွင် အာထဗ္ဗဏဗေဒင်ကျမ်းကွယ်ပျောက်သည်ဟုဆို၏။)[**ကိုးခန်း၊** စာ ၁၂၄]

**ဗေဒင်သုံးနက္ခတ်ကိုးလုံး** – (၁) အဿဝဏီ (၂) ရေဝတီ (၃) မိဂသီ (၄) သရဝဏ် (၅) ဖုသျှ (၆) ပုဏ္ဏဖုသျှ (၇) အနုရာဓ (၈) ဟဿဒ (၉) သွာဒိ [**သုတေသန၊** စာ ၂၈၆]

**ဗေဒင်သုံးပုံ** – ဗေဒင်ကျမ်းကြီးသုံးကျမ်း (၁) သာမဗေဒင်– ဂြိုဟ်စီး ဂြိုဟ်နင်း ကောင်း မကောင်းကို ဟော၍ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းကို ပပျောက်ရန် စီမံသောကျမ်း (၂) ယဇုဗေဒင် – ဘေးရန်ကင်းအောင် ဂြိုဟ်နက္ခတ် ပူဇော်နည်း၊ ယတြာ ပြုလုပ်နည်းတို့ကို ပြသောကျမ်း (၃) ဣရုဗေဒင် – နက္ခတ်တာရာတို့ အသွားမမှန်ခြင်းကြောင့် ဘေးဥပါဒ်ဖြစ်တတ်သည်ကို ပြသောကျမ်း။ "သာမ၊ ယဇု၊ ဣရုဗေဒင်၊ သုံးပုံမြင်၍" [**လောက၊** စာ ၂၁၄]

**ဗောဓိပက္ခိယတရား ၃၇ပါး** – သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး – စုစုပေါင်း ၃၇ပါး [**အဘိဓမ္မ၊** စာ ၃၀၁]


**ဗောဓိပင်ဂယာသီမြို့** – ဗုဒ္ဓဂါယာ (Bodh Gaya)

**ဗောဓိမဏ္ဍိုင်** *(ပါ၊ ဗောဓိမဏ္ဍလ)* – (၁) ဗောဓိဉာဏ်၏ အဆီဓာတ်၊ အကြည်ဓာတ် (၂) ဗောဓိပလ္လင်၊ ဗောဓိပင်ဝန်း [**မြန်မွင်၊** ၃၊ စာ ၁၈၈-၉]

**ဗောဓိသတ္တ** *(ပါ)* – ဘုရားလောင်း [**ဦးဟုတ်၊** စာ ၇၁၁]

**ဗောဓိသမ္ဘာရ ပုညဝိသေသ** *(ပါ)* – အရိယာမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရရှိစေသောကုသိုလ်ထူး [**သီလက္ခန်၊** စာ ၂၈၅]

**ဗောင်းတော်**– အခမ်းအနားများတွင် မင်း၊ မင်းညီမင်းသား၊ မှူးမတ်တို့ဆင်မြန်းသော ဦးဗောင်းတော် [**ယုဒသန်၊** စာ ၇၁၄]



ဗောင်းတော်

**ဗောင်းတော်ဆောင်** – မင်းဧကရာဇ်၏ ဗောင်းတော်၊ သရဖူတော်၊ မကိုဋ်တော်များ ထားရန် နန်းမ နန်းဦး တည့်တည့်တွင် ဆောက်လုပ်ထားသည့် အဆောင် [**ရွှေဘုံ၊** စာ ၂၈]

**ဗောင်းတော်ပြင်အကာ** *(သဘင်)* – ခေါင်းဗောင်းကို ပြင်ဆင်နေသည့် ကဟန် [**အောင်** ]

**ဗိုင်းတာ** – ရွှေနန်းတော်ထက်တွင် ဆီမီးထွန်းရန် အတွက် လိုအပ်သော မီးစာဗိုင်းလိပ်များကို လိပ်၍ သွင်းရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၆၄]

**ဗုစ္ဆူ** – အကန့်အကာ [**ရီရီ၊** စာ ၃၆၆]

**ဗတ္တိံသလက္ခဏာ** – ၃၂ပါးသော အမှတ်လက္ခဏာကြီး (ထို၃၂ပါးသောလက္ခဏာတို့သည် မြတ်စွာဘုရားသခင်တွင်သာ ပြည့်စုံစွာရှိသည်။ ညီညွတ်သောခြေဖဝါးတော်

ရှိခြင်း၊ တစ်ထောင်သော အကန့်အကွက်နှင့် တကွ လက္ခဏာတော်အပေါင်း အပြည့်ရှိသော ခြေဖဝါးတော် ရှိခြင်း၊ ညီညွတ်သော သွားတော်ရှိခြင်း၊ သာယာသော အသံရှိခြင်း စသော လက္ခဏာများ ဖြစ်သည်။) [**သက်ပန်**၊ စာ ၂၄၇] "ဗတ္တိံသလက္ခဏာ...ဟူသော မဟာပုရိသ လက္ခဏာတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော...မြတ်စွာဘုရား" [**လွှတ်တော်မှတ်**၊ စာ ၁၆]

**ဗုဒ္ဓပဒ္မာသန** *(ပါ + သက်)* – တင်ပလ္လင်ခွေ ချိတ်၍ ထိုင်တော်မူရာတွင် လက်ယာခြေကို လက်ဝဲပေါင်ပေါ်တွင် တင်ထားပြီး လက်ဝဲခြေက လက်ယာခြေသလုံးကို ကျော်ဖြတ်၍ လက်ယာ ပေါင်ပေါ်တွင် တင်ထားဟန်၊ လက်ယာလက်သည် နောက်ကျောမှ ပတ်၍ လက်ယာခြေမကို လည်း ကောင်း၊ လက်ဝဲလက်သည် နောက်ကျောမှပတ်၍ လက်ဝဲခြေမကို လည်းကောင်း ဆွဲကိုင် ထားဟန် [**အာ သန**၊ စာ ၉၄]

**ဗုဒ္ဓပဋိကုဋ္ဌ** *(ပါ)* – ဗုဒ္ဓ မြတ်စွာဘုရား မနှစ်ခြိုက်၊ ဘုရားရှင်တော် ကဲ့ရဲ့အပ်သည်။ [**ဦးဟုတ်**၊ စာ ၅၇၅] "ဇေဒင်ယတြာ၊ ဂါထာမန္တာန်၊ ထိုးကွင်းလက်ဖွဲ့၊ ခါးလှည့်အင်းအိုင်၊ ရွှေလုပ်ငွေလုပ်စသောသာသနာတော်မှ အပ ဗုဒ္ဓပဋိကုဋ္ဌဖြစ်သော...အမှု" [**လွှတ်တော်**၊ စာ၂၀၃]

**ဗုဒ္ဓသမဏာမုဒြာ***(ပါ+သက်)* – လက်ယာလက်ကို ကွေးမြှောက်၍ လက်ဝါးကို ပခုံး စွန်းနှင့်အညီထားကာ လက်ဖဝါး ဖြန့်၍ နောက်သို့ အနည်းငယ် လှန်ထားဟန်(နှုတ်ဆက်ဟန်၊ဖော်ရွေဟန်) [မုဒြာ၊ စာ ၆၆]



ဗုဒ္ဓသမဏာမုဒြာ

**ဗုဒ္ဓတ္တစရိယာ** *(ပါ)* – ဘုရားဖြစ်ရန် ကျင့်တော်မူခြင်း [**ဦးဟုတ်**၊ စာ ၃၈၆၊ ၇၀၈]

**ဗုဒ္ဓုပ္ပါဒ** *(ပါ၊ ဗုဒ္ဓ+ဥပ္ပါဒ)* – ဘုရားဖြစ်ခြင်း၊ ဘုရားပွင့်ခြင်း [**ဦးဟုတ်**၊ စာ ၇၁၀]

**ဗန့်ကျီတိုက်** – ပန်းချီဆယ်တိုက်ကြည့်

**ဗန့်ဘိုးတော်အုပ်**–မင်းမိဖုရားအိမ်ရှေ့မင်းတို့၏ဝတ်လဲတော်များ သိုမှီးသည့် မှန်စီ၊ ကျောက်မျက်စီအုပ် [**မြန်မာမင်း**၊ စာ ၆၈]

**ဗိန္ဒု** *(ပါ)* – (၁)အစက်အပြောက် (၂)သေးသေးတင်အစက် [**ဦးဟုတ်**၊ စာ ၇၀၇]

**ဗိန်းထိုး** – (လူဆိုးဖြစ်ကြောင်း) နဖူးတွင်ဆေးမင်ထိုးသည်။ "သင်တို့ အပေါင်းအဘက် ခိုက်ရန်ဖြစ်ရာ ပါသမျှတို့ကို ဗိန်းထိုး၍ပို့" [**ROB**, V, p. 446]

**ဗုံလုံတိုင်** – လှေကြီးများ၏ ဦးပိုင်းနှင့် ပဲ့ပိုင်းတွင်လှေကြိုးချည်ရန်အတွက် စိုက်ထူထားသည့်တိုင်တို [**လှေ**၊ စာ၅၆]

**ဗိုလ်** *(ပါ၊ ဗလ)* – (၁) ခွန်အား (၂) စစ်သည်သူရဲတို့၏ ခေါင်းဆောင် (**ဗိုလ်** သို့မဟုတ် **ဗလ** တပ်သောဘွဲ့မည်တို့မှာ ရန္တဗလ–ရန္တဗိုလ်၊ သုဝဏ္ဏဗလ–သုဝဏ္ဏဗိုလ်၊ မဟာဗလ–မဟာဗိုလ် စသည်တို့ ဖြစ်သည်။) [**လီနတ္ထ**၊ စာ၃၅၉]


**ဗိုလ်ချုပ်** – ဘုရင့်နောင် (၁၅၅၁–၈၁)၊ အလောင်းမင်းတရား(၁၇၅၂–၆၀) နှင့် ဆင်ဖြူရှင်(၁၇၆၃–၇၆) မင်းတရားတို့ လက်ထက်တွင် စစ်ဆင်ရေးကြီး တစ်ရပ်အတွက် စစ်ကြောင်းကြီးတစ်ခုကို သီးသန့် ကွပ်ကဲအုပ်ချုပ်ရသော စစ်သူကြီး၊ မင်းကေရာဇ် လိုက်ပါခြင်းမရှိသော ကြည်းတပ်ကို ဖြစ်စေ၊ ရေတပ်ဖွဲ့ရှိ ဗိုလ်အပေါင်းကိုဖြစ်စေ ကြီးမှူးအုပ်ချုပ်ရသော စစ်သူကြီး [မင်းကေရာဇ်လိုက်ပါသော တပ်မကြီးတွင်မူ ဗိုလ်ချုပ်ခန့်လေ့ မရှိပေ။ မင်းကေရာဇ်၏အမိန့်တော်ကို နာခံဆောင်ရွက်ရသော တပ်မှူးကိုသာ ခန့်ထားလေ့ရှိသည်။ သီးသန့်ချီတက်လာသောတပ်ဖွဲ့ကြီးသည် မင်းကေရာဇ်၏ တပ်မကြီးနှင့် ပူးပေါင်းမိလျှင် ထိုတပ်ဖွဲ့ကြီး၏ အကြီးအမှူးကို ဗိုလ်ချုပ်ဟု မခေါ်မူ၍ တပ်မှူးဟုသာ ခေါ်သည်။ ဆင်ဖြူရှင် (၁၇၆၃–၇၆) လက်ထက်တွင် စစ်ကြောင်းတစ်ကြောင်း၏ တပ်မတော်အကြီးအကဲကို ဗိုလ်ချုပ်ဟုခေါ်သည်။ ပဒုံမင်းလက်ထက်တွင် ဗိုလ်ချုပ်ကို အချုပ် ဟုလည်း ခေါ်သည်။ ဘကြီးတော်မင်း (၁၈၁၉–၃၇)လက်ထက် ဖြစ်ပွားသော အင်္ဂလိပ်မြန်မာပထမစစ်ပွဲတွင် ဗိုလ်ချုပ်နှင့် ဗိုလ်မှူးကို တန်းတူထား၍ ခေါ်ဝေါ် သုံးနှုန်းခဲ့သည်။ သာယာဝတီမင်း (၁၈၃၇–

၄၆) လက်ထက်တွင် ရှမ်းကိုး ပြည်ထောင်ကို ကွပ်ကဲရသော မိုးနဲတပ်ရုံး အကြီးအကဲအား ဗိုလ်မှူး ဗိုလ်ချုပ်ဟု ခေါ်ခဲ့သည်။] [**ညွှန်သစ်၊** စာ ၁၃၇၊ **ကုန်းဘောင်၊** ပ၊ စာ ၁၅၁–၂၊ ၃၇၃၊ ၃၉၂၊ ၄၂၀–၁၊ **ကုန်းဘောင်၊** ၃၊ စာ ၃၇၊ ၅၁၊ **ကုန်းဘောင်၊** ၃၊ ၃၄၈၊ ၃၅၁၊ ၃၆၆–၇၊ ၃၇၄]

**ဗိုလ်မှူး** *(တပ်မှူး)* – စစ်တပ်ကြီး တစ်ခုလုံး သို့မဟုတ် စစ်ဆင်ရေးကြီး တစ်ခုလုံးကို ကြီးမှူး ကွပ်ကဲရသူ၊ စစ်သူကြီး (မြန်မာမင်းများ လက်ထက်တော်ကဗိုလ်မှူးသည် ယခုခေတ် Major အဆင့်ကို ခေါ်ဝေါ်ခြင်း မဟုတ်ချေ။ အဂ္ဂမဟာ သေနာပတိ ဝန်ကြီးအဆင့်၊ ဗိုလ်ချုပ်ကြီး (General) အဆင့်ရှိသူကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။) [**အုပ်ချုပ်၊** တ၊ စာ ၁၇၇–၈၊ **ညွှန်သစ်၊** စာ ၁၀၆၊ ROB, IV, p. 388၊ **ကုန်းဘောင်၊** ၃၊ စာ ၇၆၊ ၅၇၄၊ ၅၉၅–၆]"ဗိုလ်မှူးဝန်ကြီးသတိုးမဟာဗန္ဓုလတပ်သို့ ပို့ပြီးလျှင် ...အင်္ဂလိပ်လူမျိုးတို့၊ ဘင်္ဂလားမြို့မှာ အရပ်အနေရှိသည်ကို ကုန်စင်အောင် ဖမ်းဆီးသတ်ညှစ်ရမည်" [**အင်္ဂလိပ်မြန်မာပထမစစ်ပြုအမိန့်တော်** ] **သောနင်္ဂဗျူဟာ** ကျမ်းတွင်မူ "တကျိတ်ကိုဝ် ခေါင်းတယောက်၊ ခေါင်းတကျိတ်ကိုဝ်စစ်ကဲတစ်ယောက်၊စစ်ကဲတစ်ကျိတ်ကို ဗိုလ်မှူးတယောက်၊ ဗိုလ်မှူးတကျိတ်ကိုဝ် စစ်သူကြီးတယောက်၊ စစ်သူကြီးတကျိတ်ကိုဝ် မင်းတယောက်ချုပ်၏"ဟု ဆိုသည်။ [ROB, I, p. 391] သီပေါမင်း (၁၈၇၈–၈၅)လက်ထက် အင်္ဂလိပ်နှင့် စစ်ဖြစ်ချိန်က ထုတ်ပြန်သော အမိန့်တော်တွင် "ဗိုလ်မှူး အတွင်းဝန် ပင်းမြို့စားမင်း၊ ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စားမင်း ဗိုလ်ချုပ် ရှေ့ဝင်းတော်မှူးတို့ကို ပေးစာ"ဟုဖော်ပြသဖြင့် ဗိုလ်မှူးသည် ဗိုလ်ချုပ်ထက်ပင် ရာထူးကြီးပုံ ပေါ်နေပေသည်။ [ROB, IX, p. 1093]

**ဗိုဟ်တြာ** *(ကျောက်)* – အောက်တရားရုံး [**ဓေတ်ဟောင်း၊** စာ ၁၅၄]

**ဗျာချာနမုဒြာ** *(ပါ+သက်)* – ရင်ဘတ်ရှေ့တွင် လက်များကို ကွေးထားပြီး လက်ဖဝါး ရှိ လက်မနှင့် လက်ညှိုးကိုအပြင်ဘက်သို့ ထိုးပြနေဟန် (တရားဓမ္မ ဟောပြောနေဟန်)တရား




ဗျာချာနမုဒြာ

ဟောဆရာများ နှင့် ရှေ့နေရှေ့ရပ်များသည် ဤမုဒြာပုံ ရုပ်တုတော်ကို ကိုးကွယ်လျှင် လုပ်ငန်း တိုးတက် အောင်မြင်သည်ဟု ဆို၏။) [**မုဒြာ၊** စာ ၆၆–၇]

**ဗျာဒိတ်** *(ပါ၊ ဗျာဒိတ္တ)* – (၁) နောင်ဖြစ်မည့် အကြောင်းကို ကြိုတင် မိန့်မြွက်သည့် စကား။ "ဘုရားသခင်လည်း ထိုသူအား...သင်သည်နောင် ဂေါတမဘုရားလက်ထက် ပြည့်စုံလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူ၏" [**သာဓုဇနွမျှ၊** ၃၊ စာ ၃၇] (၂) ဘုရင်အမိန့်အမှာစကား။ "မသင့်သည်အမှုကို ငါဗျာဒိတ်တော်ထွက်ရှိမိသော်လည်း ဝန်တို့က စိစစ်၍ ရှိခိုးသံတော်ဦးတင်" [ROB, I, p. 149]

**ဗျာပါဆံ** – နားနောက်ဘက်ရှိ ဆံပင်တစ်စုကို တိုတိုဖြတ်၍ ချထားသောဆံပင် (ပုပ္ပန်သောကများ၍အမှုရှုပ်နေသော မိန်းမ များသည် မိမိ၏ ဆံပင်ကို သေသေသပ်သပ် မပြုပြင်နိုင်သဖြင့်



ဗျာပါဆံ

နားနောက်တွင် ဆံပင်များ တွဲလောင်း ကျနေတတ်သည်။ ထိုဆံပင်ကို ဗျာပါဆံဟုခေါ်ခဲ့ရာမှ နားနောက်ရှိ ဆံပင်ကိုတိုတိုဖြတ်ပြီး ချထားသော ဆံပင်ကို နောင်အခါတွင် ဗျာပါဆံဟု ခေါ်ခဲ့ခြင်း ဖြစ်သည်ဟုဆို၏။) [**သီချင်း၊** ပ၊ စာ ၁၃၃]

**ဗျာပါရာသန** *(ပါ)* – လက်ဝဲခြေကို ကြမ်းပြင်ပေါ်တွင် ချနင်းထားပြီး လက်ယာခြေကို ကွေး၍ လက်ဝဲဒူးပေါ်တင်ထားဟန်၊ လက်ယာလက်ကို ကွေး၍ ထောင်ပြီး တတောင်ဆစ်ကို လက်ယာ ဒူးပေါ် ထောက်၍ လက်ယာ လက်ညှိုးနှင့် လက်ချောင်းကလေးများဖြင့် ပါး သို့မဟုတ်



မေးစေ့ကို ထောက်ထားဟန် (အကြံဉာဏ်သစ်များ ရနိုင်သည့် သဘောကို ဆောင်သည်။) [**အာသန၊** စာ ၉၇–၈]

**ဗျောက်** *(သဘင်)* – ဝါးကဲ့သို့ နရီအလိုက် တီးပေးရသော တူရိယာအငယ်တစ်မျိုး [**အောင်**]

**ဗျူဟစရိယာ** *(ဗေဒင်)* – ဂြိုဟ်သည်ရှေ့သို့မသွားဘဲ ကျားတို့ကဲ့သို့ နောက်ရာသီသို့ဆုတ်သွားခြင်း [**မြင့်** ]

**ဗျိုင်းတောင်** *(သဘင်)* – ဒုမင်္ဂလာ အခမ်းအနားများတွင် တီးမှုတ်ရသော တီးလုံး [**အောင်**]

**ဗျတ္တိ** *(ပါ)* – လိမ္မာ ကျွမ်းကျင်ခြင်း၊ သတ္တိ စွမ်းအားပေါ်လွင် ထင်ရှားခြင်း [**ဦးဟုတ်၊** စာ ၇၁၂]

**ဗျတ္တိဗလ** *(ပါ)* – လိမ္မာ ကျွမ်းကျင်သော စွမ်းပကား "အရပ်ရပ်မြို့ကျေးရွာရှိ ရဟန်းသဃာတို့ကို ဆုံးမစေရန် ဗျတ္တိဗလနှင့် ပြည့်စုံသည့် ရဟန်းသဃာတော်တို့ကို စေလွှတ်...ဆုံးမသင့်ကြောင်း" [**လွှတ်တော်မှတ်၊** စာ ၁၈၈]

**ဗျူပ္ပတ္တိသညာ** *(ပါ)* – ထူးခြားသော ဖြစ်ရပ်ကို အမှီပြု၍ အမည်မှည့်ခေါ်ခြင်း [**ဦးဟုတ်၊** စာ ၇၁၆၊ ၉၅၃] "ဗျူပ္ပတ္တိသညာကို အကြောင်းရင်းပြု၍ စန္ဒသူရိယဟု အမည်တွင်သော မင်းတရား" [**စည်သစ်၊** စာ ၆၂]

**ဗြဲတိုက်** *(မွန်–ပတိုက်ဗြဲ)* – ရွှေနန်းတော် ဇေတဝန်ဆောင်၏ လက်ဝဲဘက်တွင် တည်ရှိ၍ အတွင်းဝန်၊ သံတော်ဆင့်၊ ဗြဲတိုက်သံဆင့်၊ စာရေးတော်၊ သံတိုက်စိုး၊ သံတိုက်စာရေး၊ ဖွားဖက်ကျော်အမှုထမ်း၊ ဒိုင်းတော်အမှုထမ်းများ ခစားထမ်းရွက်သောရုံး (မွန်စကားဖြစ်၍ လူပျိုတော်ဆောင်ဟု အဓိပ္ပာယ်ရသည်။ ဤအဆောင်တွင် လွှတ်တော်က သွင်းသောစာများ၊ လွှတ်တော်သို့ သွင်းရန်စာများကို အတွင်းဝန်များထံ သံတော်ဆင့်များ ဗြဲတိုက်သံဆင့်များကလျှောက်ထားရသည်။ အရေးကြီးသောစာဖြစ်လျှင်ဘုရင်ထံသို့အမြန်ပို့ရန်၊ လွှတ်တော်သို့ အမိန့်ထုတ်ရန် စီမံဆင့်ဆိုရသည်။ [**အုပ်ချုပ်၊** ၈၊ စာ ၁၄–၂၆ နှင့် **မြန်မာ့သွင်ပြင်၊** ၀၊ စာ ၁၂၇အောက်]

**ဗြဲတိုက်သံဆင့်** – လွှတ်တော်ကသွင်းသောစာများလွှတ်တော်သို့ ထုတ်ရန်စာများကို အတွင်းဝန်များထံလျှောက်ထားနာခံဆောင်ရွက်ခြင်း၊ အရေးကြီးသောစာများကို မင်းကြေရာဇ်ရှေ့တော်သို့ အမြန်ပို့ရန် လွှတ်တော်သို့ အမြန်ထုတ်ရန် အတွင်းဝန်များ၏ မိန့်ဆိုရာနာခံ၍ စီမံဆောင်ရွက်ရသော ဗြဲတိုက်အရာရှိ [**အုပ်ချုပ်၊** ၈၊ စာ၂၁]

**ဗြက်ငုံ** – ဗြက်အကျယ်လက်လေးသစ်

**ဗြိုက်စစ်** *(အင်္ဂလိပ်)* – ဘရိုက်စ် (J. Bryce)

**ဗြိစ္ဆာရာသီ** – ကင်းမြီးကောက်တို့ ကြိုက်နှစ်သက်သောရာသီ၊ တန်ဆောင်မုန်းလ၊ ကြတ္တိကာနက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် အောက်တိုဘာလ (၂၃)ရက်နေ့ခန့်မှ နိုဝင်ဘာလ (၂၁)ရက်နေ့ခန့်အထိ ဖြစ်သောကာလ [**မဟာမုနိ၊** စာ ၄၁၄] "ဗြိစ္ဆာရာသီ၊ နာရီည၌တိုး၊ နတ်လည်းနိုး၍၊သန်မိုကုန်စဲ၊ နှင်းစဖွဲ့သော်၊ ခဲပွင့်တုန်း၊တန်ဆောင်မုန်းကား" [**ဆယ့်နှစ်ရာသီ၊** စာ ၂၃]

**ဗြဟ္မစိုရ်တရားလေးပါး** – မြတ်သောအကျင့်တရားလေးပါး (၁) မေတ္တာ– မိမိကိုယ်နှင့်အမျှချစ်ခြင်း (၂) ကရုဏာ–ဆင်းရဲသူကို သနားခြင်း (၃) မုဒိတာ – ချမ်းသာသူအတွက်ဝမ်းမြောက်ခြင်း (၄) ဥပေက္ခာ – ဆင်းရဲခြင်း ချမ်းသာခြင်းတို့ကို ဂရုမထားခြင်း၊ သောကကင်းဝေးခြင်း [**သုတေသန၊** စာ ၃၆၅]

## ဘ

**ဘဂဏ** *(နက္ခတ်)* – ၁၂လ တိုင်တိုင် နေကမ္ဘာလည်ပတ်သွားလာသောကာလတစ်ခု [**ရာဇမတ္တံ၊** စာ ၁]

**ဘဒြနှစ်** – နှစ်အမည် ဖြစ်သည်။ (ကောဇာသက္ကရာဇ်ကို တည်၍၂ခုနှုတ်၊အကျန်ကို၁၂ဖြင့်စားသောအခါ ကြွင်းသောနှစ်ကို ဘဒြနှစ်ဟုခေါ်သည်။ ကျောက်စာများတွင် ဘဒြနှစ်ကို ဖဿနှစ်၊ ဖတ်သနှစ်၊ ဘဒြနှစ်၊ ဘာတ်နှစ်ဟူ၍ ဖော်ပြသည်ကိုတွေ့ရ၏။) [**မဟာမုနိ၊** စာ ၄၁၀]

**ဘဒြာသန** *(ပါ)* – တင်ပလ္လင်ခွေထိုင်တော်မူရာတွင် ခြေဖဝါးနှစ်ခုကိုလှန်၍ ခြေဖနောင့်ချင်း ချိတ်ထားဟန်



ဘဒြာသန

(ပလ္လင် ပေါ်တွင် ထိုင်၍ခြေနှစ်ချောင်းကို အောက်သို့ချကာ ကြာပွင့်ပေါ်တွင် နင်းထားပုံသည် ဘဒြာသနဟန်ဖြစ်သည်ဟု အချို့ ပညာရှင်တို့က ဆိုသည်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည် ဟူသော သဘော ကိုဆောင်သည်။) [**အာသန၊** စာ ၉၉]

**ဘဏာရပ်မြို့** *(အိန္ဒိယ)* – ဗာရာဏသီမြို့ (Banares)

**ဘယားသာမိုင်း** – စော်ဘွား၏မူးမတ်

**ဘယားအိတ်** – ဗယားအိတ်ကြည့်

**ဘယက်** – လည်၌ဆွဲသော အဆင်တန်ဆာ [**ယုဒသန်၊** စာ ၇၂၂]

**ဘယောင်းချေ** – ဖယောင်းချေကြည့်

**ဘရဂုဏီနှစ်** – နှစ်အမည်ဖြစ်သည်။ (ကောဇာသက္ကရာဇ်ကို တည်၍ ၂ခုနှုတ်၊ အကျန်ကို ၁၂ဖြင့် စားသောအခါ "၀" ကြွင်းသည့်နှစ်ကို ဘရဂုဏီနှစ်ဟု ခေါ်သည်။ ကျောက်စာများတွင် ဖလကိုန်နှစ်၊ ဖကိုန်နှစ်၊ ဖွကိုန် နှစ်၊ ဖလဂိုင်နှစ်၊ ဖွဂိုန်နှစ်၊ ဖာလှာကိန်နှစ်၊ ဖျကိုန်နှစ်၊ ဘလကိုန်နှစ်ဟူ၍ ဖော်ပြသည်ကို တွေ့ရ၏။) [**မဟာ မုနိ၊–** စာ ၄၁၁]

**ဘရနော** *(ပြင်သစ်)* – ပြင်သစ် ကိုယ်စားလှယ် ဘရူနို (Monsier Bourno မှုသူဘရနော) [**လောင်းမင်းမိန့်၊** စာ ၅၂-၃]

**ဘရသတ်** *(အင်္ဂလိပ်)* – ဆာ အာချီဘော်ကင့်ဘဲ (Sir Archibald Campbell) [ROB, VIII, p. 443]

**ဘရာဗာဆေရီ** *(အီတလီ)* – ဘာဘေရစ် (Capt. Tarsilo Barbeiris)

**ဘရော** – ပျော့ပျောင်း၊ ပြောင်လက်ချောမွေ့၍ ဖောင်းကြွ သော အဆင်များ ဖော်ကာ ရက်လုပ်ထားသော ဘရိ ကိတ်ဖဲထည်

**ဘရောနီအုပ်** – ဘရိကိတ်ဖဲအနီရောင်ပိတ်အုပ်။ "ဘယော နီ အုပ်တဆယ်၊ ဘယောပြာ အုပ်တဆယ်၊ ဘယောဝါ အုပ်တဆယ်၊ ဘယောနက်အုပ်တဆယ်" [**ကုန်းဘောင်၊–** ပ၊ စာ ၄၆၅]

**ဘရင်ဂျီ** – ဗရင်ဂျီကြည့်

**ဘရုံတုံး** – ဖရုံတုံးကြည့်


**ဘလာပုဆိုး** – ဗလာပုဆိုးကြည့်

**ဘလမ်း** *(ပြင်သစ်)* – ဘလင်း (C.A. Blin)

**ဘဝနာ** – ဘုံဗိမာန် [**ဦးဟုတ်၊** စာ ၇၂၇]

**ဘဝဂ်** *(ပါ၊ ဘဝဂ္ဂ)* – ၃၁ ဘုံတွင် အထက်ဆုံးသောဘုံ [**ဦးဟုတ်၊** စာ ၇၂၆]

**ဘာဂီရထား** *(အင်္ဂလိပ်)* – (အမေရိကန် ပြည်ထောင်စုတွင် ဘီးလေးဘီးတပ်၍ မြင်းတစ်ကောင် ဆွဲသော (ထိုင်ခုံ တစ်လုံးသာပါသည့်) ရထား၊ လန်ဒန်တွင် ၁၈၃၀–၄၀ ပြည့်နှစ်ခန့်က သုံးစွဲခဲ့သော ဘီးနှစ်ဘီး တပ်၍ ထိုင်ခုံ တစ်လုံးသာ ပါသည့် ပေါ့ပါးသော ရထား (buggy ဟု ရေး၍ bagi ဟု အသံထွက်သည်။) [Hobson, pp. 123-4]



ဘာဂီရထား

**ဘာနုရာဇာ** *(ပါ၊ဘာနု+ရာဇာ)* –တနင်္ဂနွေဂြိုဟ်၊ ရောင်ခြည် တစ်ထောင်ဆောင်သော နေမင်း [**ဦးဟုတ်၊** စာ ၇၃၀၊ ၈၁၂ နှင့် ROB, IX, p. 971] "ဘာနုရာဇာ အမည် ရှိသော တနင်္ဂနွေဂြိုဟ်မင်း" [ROB, IX, p. 971] "သာသနာတော်သည် ရောင်ခြည် တထောင် တည် ထွန်းဆောင်သော ဘာနုရာဇာစကြာရဝိ လင်းလင်းငြိ သကဲ့သို့ တိုးတက် စည်ကားပြန့်ပွားခြင်း"[**လွှတ်တော်၊–** စာ ၂၀၀]

**ဘာရ** – ပိဿာ (၁၀၀)ရှိသော အလေးချိန် [**မေးတော် ဖြေ၊** စာ ၆၂၉]

**ဘာရဒွါဇသန** *(ပါ)* – ခြေနှစ်ဖက်ကိုခေါက်၍ နောက်သို့ ကွေးကာ တင်ပါး လွှဲပြီး ထိုင်နေဟန် (ဘာရဒွါဇ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို အရိုအသေပြု၍ ဘုရားရှေ့တွင် ထိုင်နေဟန် ဖြစ်သည်။ မာန်မာနကို ချိုးနှိမ်ထားသော သဘော ဖြစ်သည်။) [**အာသန၊** စာ ၁၀၁–၂]

**ဘာလျား** – အလျားရှည် လွယ်အိတ်ကြီး (ဗယားအိတ် ကြည့်)

**ဘာဝနာ** *(ပါ)* – ဆင်ခြင်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း [**ဦးဟုတ်၊** စာ ၇၃၁] "ဝိပဿနာဘာဝနာတရား မြတ်ကို မပြတ် လေ့လာ ပွားများတော်မူသည်" [**လွှတ်တော် မှတ်၊** စာ ၃]

**ဘားအိုင်ကြောင်း** – ဆင်ဖြူကျွန်းမှ စလင်းမြို့၊ ကြို့ဝန်း ရွာ၊ မတဲရွာ၊ မယ်ဇလီရွာ၊ ဘုန်းကြီးရေကန်၊ ဘားအိုင် မြို့၊ စစ်ငှရွာ၊ သက္ကယ်ကျည်းရွာ၊ ကျောက်ဖျာရွာနှင့် ရေယည်တော်စခန်း တို့ကို ဖြတ်၍ ရခိုင်ပြည်နယ် သက္ကယ်ပြင်သို့ ရောက်သောလမ်းကြောင်း [**ကင်း– စာရင်း၊–** စာ ၁၄]

**ဘိကျုပ်** – (၁) နိမ့်သောနန်းတော်အဖီဆောင် (၂)နိမ့်သော အစ်။ "တောင်ဘိကျုပ်သို့တစု၊ မြောက်ဘိကျုပ်သို့တစု ကြော်ငြာကာ အပြင်းပြေးဝင်ပြီးလျှင် မှန်နန်းမတော် အရှေ့ ဘိကျုပ်မာရာဘင်ပျဉ်ထောင်ကို တိုက်ဖွင့်သည်" [**ကုန်းဘောင်၊** ပ၊ စ ၅၃၄]

**ဘိကျုပ်လက်စွဲ** – (၁) ဘုရင့်အပါးတော်တွင် အစ်များကို ထိန်းသိမ်း ကိုင်ဆောင် ဆက်သရသော အမှုထမ်း (၂)ကုန်းဘောင်ခေတ်ဦးမှစ၍ ရွှေနန်းတော်တွင် အိပ်ဖန် စောင့်ထမ်းရွက်ရသော လက်ဖြောင့်သေနတ် အမှုထမ်း လက်စွဲတော် [**ရွှေနန်းသုံး၊** စ ၃၆]

**ဘိထင်း** – မီးသဂြိုဟ်မည့် အလောင်းပေါ်တွင် ဖိ၍တင် သော သစ်ချောင်း။ "ဘိထင်းအဖျား ၂ဘက်ကို ရွှေပိန်း ထည့်၍ အလယ်ကို ကတ္တီပါနိမ့်မွမ်းသည်" [**အင်ရုံ၊** စ ၃၁၉]

**ဘိလပ်** *(အာရဗစ်၊ ဝိလာယတ်)* – (၁) ဗြိတိန်နိုင်ငံ (၂) ဗြိတိန်နိုင်ငံနှင့် ဆိုင်သော (အာရဗစ်ဝေါဟာရ၏ မူလအဓိပ္ပာယ်မှာ နိုင်ငံ သို့မဟုတ် ပြည်နယ်ဟူ၍ဖြစ် သည်။) [Hobson, pp. 93-4] "ဘိလပ်နေသိုးဆောင်း အင်္ဂလိပ်လူမျိုးတို့ ဖျက်ဆီးတိုက်ယူပါသည်" [**အုပ်ချုပ်၊**– တ၊ စ ၆၇]


**ဘိသိက် (ပါ၊ အဘိသေက)** – ဘုန်းတန်ခိုး ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံ၍ အောင်မြင်မှုရရှိစေရန် မွန်မြတ် သန့်စင်သောရေ တို့ကို ခရုသင်းတွင် ထည့်သွင်းကာ ဦးခေါင်းထက်မှသွန်းလောင်းခြင်း [**ဦးဟုတ်၊** စ ၁၁၆] "ဆေးပေဦးခေါင်း၊ ဘိသိက်လောင်း၍" [**လောက၊**– စ ၂၂၃]

**ဘိသိက်၁၄ပါး** – (၁) ခတ္တိယာဘိသေက – မင်းရိုးမင်း အစစ်ကိုမင်းမြှောက်သောဘိသိက်(၂)ရာဇာဘိသေက – မင်းမြှောက်သော ဘိသိက် (၃) ဝိဇယာဘိသေက – ရန်အောင်မြင်ရေး အတွက် ခံယူသော ဘိသိက် (၄) ဇေယာဘိသေက–စစ်အောင်ရန်ခံယူသောဘိသိက် (၅) ဝိဝါဟာဘိသေက–လက်ထပ် ထိမ်းမြားသောအခါ ခံယူသောဘိသိက် (၆) သကလာဘိသေက – တိုင်း နိုင်ငံ အေးချမ်း သာယာစေရန် ခံသော ဘိသိက် (၇) မင်္ဂလာဘိသေက–ဆင်ရတနာစသည်ကို သိမ်းရန် ခံသောဘိသိက် (၈) မဟာဘိသေက – စီးပွားချမ်းသာ များစေရန် ခံသော ဘိသိက် (၉) ဒွါရာဘိသေက – နန်းများ မြို့များ သိမ်းသောအခါ ခံသော ဘိသိက် (၁၀) ဥပရဇ္ဇာဘိသေက – အိမ်ရှေ့နှင်းသည့် အခါ ခံသောဘိသိက် (၁၁) ရာဇာမုဒ္ဒါဘိသေက – တရား သဖြင့် ကျင့်ကြံ အုပ်ချုပ်ပါမည်ဟု ဝန်ခံ ကတိသစ္စာ ဆို၍ ခံသောဘိသိက် (၁၂) သိရိပဝေသနာဘိသေက– ဘုန်းကျက်သရေတိုးရန် ခံသောဘိသိက် (၁၃) အာယု ဒီဃာ ဘိသေက – အသက်ရှည်ရန် ခံသော ဘိသိက် (၁၄) မဟေသီဘိသေက – မိဖုရားကြီး မြှောက်သော အခါ ခံသောဘိသိက် [**အုပ်ချုပ်၊** ပ၊ စ ၂၄၇–၈]

**ဘိသိက်ပုဏ္ဏားအင်္ဂါရှစ်ပါး** – (၁) အင်းမန္တန်၊ ဆေး၊ ပယောဂ၊ ဟူးရား ဗေဒင် တို့ကို မဆောင်ရွက်ခြင်း (၂) ရေမချိုးမီ ဆေးကွမ်း ထမင်းတို့ကို မစားခြင်း (၃) တူရသိန် နှင့် စလွယ်ကို ကိုယ်က မကွာခြင်း (၄) ရာသီရောက်သောမိန်းမ၊ မီးနေသောမိန်းမတို့နှင့် မရောစပ်ခြင်း (၅) လင်သေ လင်ကွာမိန်းမကို အိမ် ထောင်ဖက် မပြုခြင်း (၆) သားငါး၊ ငါးပိ မစားခြင်း၊ (၇) လှည့်လည် သွားလာ၍ တောင်းစားမှု မပြုခြင်း (၈) ပရိတ်မင်္ဂလာကို ပီသစွာ ရွတ်ဘတ် တတ်ခြင်း [**စည်သစ်၊** စ ၁၃၉]

**ဘီစီ (B.C)** – ခရစ်တော် မပေါ်မီနှစ် (Before Christ)


**ဘီလား** – (၁) ကိုယ်ထည် အလွန်မာ၍ ချွန်ထက်သော ဦးချွန်း ထွက်နေသည့်ရေသတ္တဝါ (၂) အဆင် တန်ဆာ ဒုယင် ၏ အထက်စွန်း (ဦး စွန်းဟုလည်းခေါ် သည်။)[**အုပ်ချုပ်၊**– ပ၃၊ စ ၆၆]



ဘီလား


**ဘီလူးတိုင်းဖက်လူ** – မပါသင့် မပါထိုက်သော ဘက်သို့ ပါသောသူ၊ ရန်သူနှင့် ပူးပေါင်းသူ [**ရာဇဝင်သစ်၊** တ၊ စ ၁၇၅]

**ဘီးလူးပန်းကိုက်** – ပန်းခက် ပန်းနွယ်တို့ကို ကိုက်ထား သော ဘီလူးခေါင်း ပုံဖော်ဆောင်ထားသည့် အပြောက် အမွမ်း [**မြန်စာန်၊** စ ၂၅၆]



ဘီလူးပန်းကိုက်

**ဘီလူးပန်းဆွဲ** – ဘီလူးကပန်းခက်ပန်းနွယ်တို့ကို လက်ဖြင့် စွဲကိုင်ထားဟန် ပုံဖော်ထားသည့် အပြောက် အမွမ်း [**မြန်စာန်၊** စာ ၂၅၆]



ဘီလူးပန်းဆွဲ

**ဘုရား** – ကိုးကွယ် ဆည်းကပ်ရမည့် အလွန် ကြီးကဲ မြင့်မြတ်သူ (ပုဂံခေတ် ကျောက်စာများတွင် **ပုဟာ၊ ပုရှာ၊ ဖုရှာ** ဟု တွေ့ရ၍ အင်းဝခေတ်တွင် **ဖုရာ၊ ဖုရား၊ ဘုရား** ဟု ပြောင်းလဲ ရေးသားလာခဲ့သည်။) [**မြန်မွှင်၊** ၃၊ စာ ၁၃၃-၅၁]

**ဘုရားခုနစ်ဆူ** – မြန်မာမင်းတို့ ကိုးကွယ် ပူဇော်သော ဘုရားခုနစ်ဆူ–(၁) ရန်အောင်မြင်ဘုရား (၂) ချမ်းသာကြီးဘုရား (၃) ပြည်ဆံတော်ရှင်ဘုရား (၄) ရွှေတိဂုံဘုရား (၅) ရွှေမော်ဓောဘုရား (၆) ပြင်းနတ်ဘုရား (၇) အိသိယိုဘုရား (မင်းအလိုက်ပူဇော်သော ဘုရားခုနစ်ဆူကွဲပြားတတ်သည်။ အချို့မင်းများလက်ထက်တွင်ရန်အောင်မြင်၊ အုံးဘောက်၊ ကူတော်သစ်၊ မြို့တွင်းရွှေစည်းခုံ၊ ရွှေတန်ဆာ၊ တန်တားဦး မင်္ဂလာစေတီ၊ ရတနာထိပ်ဦး ဟူ၍ ဘုရားခုနစ်ဆူ ဖြစ်သည်။)[**အင်ရုံ၊** စာ ၁၀၄]

**ဘုရားလောင်း အင်္ဂါလေးပါး** – (၁) လုံ့လ ကြီးခြင်း (၂) ပညာရှိခြင်း (၃) စိတ်ကိုမြဲစွာ ဆောက်တည်ခြင်း (၄) သတ္တဝါတို့ စီးပွားကို ကျင့်ခြင်း [**မေးတော်ဖြေ၊** စာ ၄၂၁]

**ဘုရင်** – တိုင်းနိုင်ငံကို အစိုးရသောမင်းကြီး (ပုဂံခေတ်ထိုး ကျောက်စာများတွင် ဘုရင် ဟူသော ဝေါဟာရကို မတွေ့ရချေ။ ဘုရင်ကို **မင်းကြီး** ဟုသာ ရေးထိုးဖော်ပြခဲ့သည်။ တစ်ခါတစ်ရံ မဟာရာဇ် ဟူ၍ သုံးနှုန်းခဲ့သည်။ ပုဂံခေတ်နှောင်း ကျောက်စာများတွင် ဘုရင်ကို **ပုရှာလောင်–ဖုရားလောင်း** ဟု သုံးစွဲလာခဲ့သည်။ ပုဂံခေတ် မကုန်မီပင် ဘုရင်ကို ဖုရားရှင် ဟုလည်း ခေါ်ဝေါ်ခဲ့သည်။ အင်းဝခေတ်ဦး အထိ ဤသို့ပင် ဆက်၍ ခေါ်ခဲ့သည်။ အင်းဝခေတ်လယ်တွင် စတင်၍ **ဘုရင်** ဟူသော ဝေါဟာရကို ခေါ်ဝေါ် သုံးစွဲခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။) [**မြန်မွှင်၊** ၃၊ စာ ၁၃၉-၄၀]

**ဘုဝန** *(ပါ)* – လောက [**ဦးဟုတ်၊** စာ ၇၃၆]

**ဘူတဒါမရမုဒြာ** – လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ယှက်ထားပြီးလက်ဝါးများကို အပြင်ဘက် သို့ ပြသထားသော ဟန် [**မုဒြာ၊** စာ ၆၇]



ဘူတဒါမရမုဒြာ

**ဘူပတိ** *(ပါ)* – ရေ မြေကို အစိုးရသောမင်း၊ ဘုရင် [**ဦးဟုတ်၊** စာ ၇၃၈] "ချိန်ခါနွေ၊ ဣန္ဒာဆွေဘူပတိ သော်မှ၊ ပူမိလျှင် ဘယ်ပြေနိုင်လိမ့်" [**သီချင်း၊** ပ၊ စာ ၈၉]

**ဘူမိစာလမန္တာန်** *(ပါ)* – မြေ၏ အကောင်းအဆိုးကို သိသော ဂါထာမန္တာန်။"ဘူမိစာလ မန္တာန်ရသောဘုရားလောင်းကပိလရှင်ရသေ့ သခ်မ်းရာမြေအရပ်" [**ကုန်းဆောင်၊** တ၊ စာ ၂၄၂]

**ဘူမိနက်သန်** *(ပါ၊ဘူမိလက္ခဏ)* – ထူးခြားသောကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် ကောင်းမြတ်သော မြေ [**ဦးဟုတ်၊** စာ ၇၃၈၊ ၈၂၃] "ဘုမ္မိနက်သန်၊ မြေကြန်လက္ခဏာ၊ ကောင်းမြတ်စွာသော၊ ရတနာပူရ ရွှေဝမြို့ကြီး" [**၁၈၂၃ ခုနစ်ထိုး အဝမြို့မဟာအောင်မြေဘုံသာကျောင်း ကျောက်စာ**]

**ဘူမိပါလ** *(ပါ)* – မြေအပြင်ကို စောင့်ရှောက်သောမင်း [**ဦးဟုတ်၊** စာ ၇၃၈]

**ဘူမိဖသမုဒြာ** *(ပါ+သက်)* – လက်ယာလက်ကို ဒူးပေါ် မှတစ်ဆင့်မှောက်၍ အောက်သို့ချကာ မြေနှင့်ထိထားပြီး လက်ဝဲလက်ဖဝါး ကိုလှန်၍ ပေါင်ခွင်ပေါ်တွင် တင်ထားဟန် (လက်ဖြင့် မြေကိုထိ၍ မြေနတ်ကို သက်သေညွှန်းဟန်ဖြစ်သည်။ ရန်သူ၏ ထိုးနှက် တိုက်ခိုက်မှုကို အောင်မြင် လိုသူ၊ ဝေဒနာ အပေါင်းမှ ချမ်းသာ ရလိုသူ တို့သည် ဤမုဒြာဟန် ရုပ်တုကို ပူဇော်ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ**– စာ ၆၈–၇၀]



ဘူမိဖသမုဒြာ

**ဘူမိဘာဂစက္ကသမ္မတ္တိ** *(ပါ)* – မြေ၏ ကောင်းခြင်း စက်လေးပါးနှင့် ပြည့်စုံမှု။"မင်းကောင်းမင်းမြတ်တို့စံနေရာ ဘူမိဘာဂစက္က သမ္မတ္တိအရပ် ဖြစ်ကြောင်း:" [**ROB,** IX, p. 589]

**ဘူမိဘာဂသမ္ပတ္တိဂုဏ်** *(ပါ)* – မြေကောင်းမြေမြတ်တို့၏ အရည်အသွေးနှင့် ပြည့်စုံသောဂုဏ် [**ညွှန်း** ]

**ဘူမိဥက္ကဋ္ဌ** *(ပါ)* – မြေမြတ်၊ မြေတို့၏ အကြီးအကဲ [**ဦးဟုတ်၊** စာ ၁၉၈၊ ၇၃၈] "ဘူမိဥက္ကဋ္ဌဖြစ်သော မြေထူးမြေမြတ်" [**လွှတ်တော်မှတ်၊** စာ ၁၉၄]

**ဘူမန္တရာစ်** *(ပါ)* – မြေထူးမြေမြတ်၊ အလွန်ကောင်းသောမြေ။ "ဘူမိနက်သန် ဘူမန္တရစ်ဖြစ်သော ကောင်းမွန်တင့်တယ်သာယာညီညွတ်သော မြေအပြင်၌" [**လွှတ်တော်မှတ်၊** စာ ၁၉၄]

**ဘူမိန်** *(ပါ၊ ဘူမိ+ဣန္ဒာ)* – ရေမြေကို အစိုးရသည့်မင်း [**ဂီတ၊** ၃၊ စာ ၂၃၆]

**ဘူဗျာဓိပတိ** *(ပါ)* – မြေအကြီးအကဲ၊ မြေကြီးထိပ်ခေါင် [**ဦးဟုတ်၊** စာ ၄၆၊ ၇၃၈] "ဘူဗျာဓိပတိ၊ ဘူမိဥက္ကဋ္ဌ ဖြစ်သော မြေထူး မြေမြတ်" [**လွှတ်တော်မှတ်၊** စာ ၁၉၄]

**ဘူးနပတ်** *(ပြင်သစ်)* – နပိုလီယံဘိုနာပတ် (Napoleon Bonaparte)

**ဘူးမျောက်မြီး** – အညှာတံရှိနေသော ဘူးသီးလုံးခြောက် "မထွင်းသော ဘူးမျောက်မြီးဖြင့် ရေကိုနှစ်စေပြီးလျှင်" [**မှန်နန်း၊** ပ၊ စာ ၁၂]

**ဘူးရှုက်မညီးလမ်း** – မြောက်ဦးမြို့နယ် ဝေသာလီမြောက်ဘက်အနီးရှိ ဘူးရှုက်မညီးရွာ တည်ရာဒေသမှ မကွေးမြို့အထိ ၁၂၉မိုင် ရှည်လျားပြီး ရခိုင်ဒေသမှ ဧရာဝတီမြစ်ဝှမ်းအထိ အမြန်ဆုံးဆက်သွယ် ရောက်ရှိနိုင်သောလမ်း [**ရခိုင်သု၊** စာ ၅၃]

**ဘေး ၂၅ပါး** – (၁) ဆွေမျိုးများ ပျက်စီးသောဘေး (၂)သီလပျက်စီးသောဘေး (၃) အယူဝါဒပျက်စီးသောဘေး (၄) မင်းဘေး (၅) ခိုးသူဘေး (၆) ရန်သူဘေး (၇) တော်မှတ်ဘေး (၈) မကန်းငါးဘေး (၉) မီးဘေး (၁၀) ရေဘေး (၁၁) လှိုင်းတံပိုးဘေး (၁၂) ရေဝဲဘေး (၁၃) မိကျောင်းဘေး (၁၄)နှောင်တရ၍ ပူပန်ခြင်းဘေး (၁၅) စွပ်စွဲခံရသောဘေး (၁၆) နှုတ်ဒဏ်၊ လက်ဒဏ်၊ ကြေးဒဏ် သင့်သောဘေး (၁၇) မကောင်းသောအဖြစ်သို့ ရောက်ရသောဘေး (၁၈) အရှက်ရသောဘေး (၁၉) မိခို၍ အသက်မွေးရသောဘေး (၂၀) ပဋိသန္ဓေနေရခြင်းဘေး (၂၁)နာရခြင်းဘေး (၂၂) အိုရခြင်းဘေး (၂၃) သေရခြင်းဘေး (၂၄) ဝေဒနာခံစားရသောဘေး (၂၅) ဥစ္စာပျက်စီးခြင်းဘေး [**သုတေသန၊** စာ ၃၇၉]

**ဘေးရှစ်ပါး** *(တရားသူကြီး)* –ဖြောင့်မတ်မှန်ကန်စွာစီရင်ခြင်း မပြုသော တရားသူကြီးတို့ သင့်အံ့သည့် ဘေးရှစ်ပါး (၁) မီးဘေး (၂)မင်းဘေး (၃) ရေဘေး(၄)ဘီလူးဘေး (၅) ခိုးသူဘေး (၆) ရူးသောဘေး (၇) နူသောဘေး (၈) ဝက်ရူးနာသင့်သောဘေး [**မနုစမ္မ၊**– စာ ၅၀]

**ဘဲတန်းဥမင်** – ဖြောင့်တန်းစွာ လမ်းလျှောက် သွားနိုင်အောင် ဘေးနှစ်ဖက် အကာအရံများဖြင့် ပြုလုပ်ထားသောဥမင်လမ်း။"မိဘုရားမောင်းမမိဿံတို့နှင့်။ဘဲတန်းဥမင်ဖြင့် ကြွတော်မူ၍၊ ရေကစားတော်မူမြဲတည်း:" [**မှန်နန်း၊** ပ၊ စာ ၁၂၂]

**ဘောင်ဝန်** – မင်းဧကရာဇ် စီးတော်မူသည့် ဘောင်တော်ကြီးများနှင့် အခြားဘောင်တော်၊ လှေတော်၊ လှော်ကားသမ္ဗာန်များ မပျက်စီးအောင် စောင့်ကြပ်ကြည့်ရှုခြင်း၊ ဘောင်စာရေး ဘောင်တော်သားတို့ကိုလည်း တာဝန်ပေးစောင့်ရှောက်စေခြင်း၊ ဘောင်တော် လှေတော်သား


တို့တွင် တရားစကား အရှက်အတင် ရှိလျှင်လည်း ဖြောင့်မတ်မှန်ကန်စွာ စီရင်ခြင်းတို့ကို တာဝန်ယူရသော အရာရှိ [**ရွှေနန်းသုံး၊** စာ ၁၂၃-၄]

**ဘဲရုံ** – ဖဲအနားကွပ်၊ ရွှေချည်ထိုး အနားကွပ် [**ယုဒသန်၊**— စာ ၇၃၁] "ကတ္တီပါဝတ်လုံဘဲရုံ ရွှေဖျင်တမိုက် တဆင့်တပ်" [**လွှတ်တော်မှတ်၊** စာ ၁၀]

**ဘဲရုံစိန်** – ဘယက်တွင် အနားပတ်လည်၌ ရန်၍စီထားသောစိန် [**နန်းမှု၊** ၃၊ စာ ၂၄]

**ဘောဂ** *(ပါ)* – (၁)စည်းစိမ်ဥစ္စာ(၂)ပါးပျဉ်ထောင်နေသောမြွေအခွေ [**ဦးဟုတ်၊** စာ ၇၄၀] (ကြွယ်ဝချမ်းသာ၍ ကျက်သရေရှိသော သူဌေးအား ဘောဂသီရိဘွဲ့၊ ချီးမွမ်းအပ်သော သူဌေးအား ဘောဂဇေယျဘွဲ့၊ သူဌေးမင်းအား ဘောဂရာဇာဘွဲ့ ချီးမြှင့်လေ့ရှိသည်။) [**လီနတ္ထာ၊**— စာ ၃၆၈]

**ဘောဂဆောင်** – ဘုန်းတော်ကြီး ကျောင်းများတွင် လှူဖွယ်ပစ္စည်းများနှင့် သံဃာတော်များ၏ အသုံးအဆောင်ပစ္စည်းများ ထားသိုရာအခန်း (အများအားဖြင့် ဘောဂဆောင်သည် ကျောင်းတော်ကြီး၏ အနောက်ဘက်စွန်းတွင် ရှိတတ်သည်။) ["ဘုန်းကြီးကျောင်း"၊ **ပညာပဒေသာ၊**— စာ ၂၈၀]




**ဘောဂရာဇ်** *(ပါ၊ ဘောဂရာဇ)* – ပစ္စည်းဥစ္စာတို့ကို အစိုးရ သောမင်း [**ဦးဟုတ်၊** စာ ၇၄၀၊ ၈၁၂]

**ဘောလယ်** – သဘောတော် တစ်ဖန် ပြန်၍လည်လာရန် ဖွဲ့ဆိုအပ်သောသီချင်း (ဘောလယ် ဟူသော အရပ်တွင် စပ်ဆိုသောသီချင်း။ ဘဝလည်လာသည်ကိုစွဲ၍ ဘဝလည်မှ ဘောလယ် ဖြစ်လာသည်ဟုလည်း တွေးဆသူများရှိသည်။) [**စာပေသမိုင်း၊** စာ ၂၇၆-၇]

**ဘော့ခြယ်** – ငွေသားစစ်စစ်ဖြင့် ခြယ်လှယ်ထားသည်။ [**ယုဒသန်၊** စာ ၂၈၉၊ ၇၃၂]

**ဘိုးဘပိုင်မြေ** – (၁) ဘားမဦးချမြေ (၂) မင်းပေးမြေ (၃) ဘားမဦးချမြေနှင့် မင်းပေးမြေတို့ကို တရားဝင်ဝယ်ယူရရှိခဲ့သောမြေ [**အုပ်ချုပ်၊** ပ၁၊ စာ ၂၉]

**ဘက်သကပ်ဘက်သချာ** – လေဖြတ်သဖြင့် ခံစားရသော အကြောဆွဲရောဂါ [**ယုဒသန်၊** စာ ၆၈၃] "လူဖြစ်ငြားလည်း၊ လူချင်းမတူ ...ဘက်သကပ်ဘက်သချာ၊ ထိုအနာလည်းစွဲစေသော" [ROB, IX, p. 904]

**ဘင်္ဂဟိန်တူမင်း** – ဘင်္ဂလားနယ်ကို အစိုးရသော ဟိန္ဒူမင်း [ROB, X, p. 120] "ဘင်္ဂဟိန်တူ ဆိုသည်မှာ ဘင်္ဂလားမြို့တွင် ဟိန္ဒူလူမျိုး ရှိသည် ဆိုသောကြောင့် ဘင်္ဂလား ဟူ၍ သိရသည်" [ROB, VIII, p. 387]

**ဘင်္ဂါတစ်ဆဲ့နှစ်မြို့** – (၁) ဘင်္ဂလား–Bengal (၂) ဟစ်ဇလီ–Hijili (၃) ဩရိဿ–Orissa (၄) ဂျက်ဆိုး–Jessore (၅) ချန်ဒခန်–Chandkhan (၆) မစ်ဒနာပူရ်–Midnapur (၇) ကာတြဘူ–Katrabuh (၈)ဘာကလာ–Bakla (၉)ဆူလေမာနဘက်– Sulaimanabad (၁၀) ဘာလူအာ – Bhalua (၁၁) ဒက္ကာ – Dhaka (၁၂) ရာဇမဟာ – Rajmahal [Travel. p. 387]

**ဘောင်းဝတ်မြင်းဆယ်မျိုး** – မီးခိုးရောင်သန်းသောအဖြူရောင်မြင်းဆယ်မျိုး– (၁) ဘောင်းဝတ်ဖြူ (၂) ဘောင်းဝတ်ပြောက် (၃) ဘောင်းဝတ်ပြာ (၄) ဘောင်းဝတ်ညို (၅) ဘောင်းဝတ်မွဲ (၆) ဘောင်းဝတ်ခြောက် (၇)သမင်ဝမ်း (၈) ဘောင်းဝတ်နီ (၉) သင်းခွေ (၁၀)ဘယ်လင်း [**ဆင်နှင့်မြင်း၊** တ၊ စာ ၁၅-၆]

**ဘဏ္ဍာစာရေး** – မိဖုရား၊ မင်းသား မင်းသမီးတို့ ပိုင်ဆိုင်သော လယ်ယာဥယျာဉ်၊ ခံမြေထွက်ပစ္စည်းများ၊ စားကျေးမြို့ရွာမှ ဆက်သသော ဥစ္စာဘဏ္ဍာငွေများကို အတိမ်းအမှားမရှိအောင် စာရင်းရေးမှတ်ထိန်းသိမ်းရသောပုဂ္ဂိုလ် [**ရွှေနန်းသုံး၊** စာ ၂၇၃]


**ဘဏ္ဍာတော်လက်သမား** – ဘဏ္ဍာတော်နှင့်စပ်လျဉ်းသည့် အသုံးအဆောင်တော်များကို လုပ်ဆောင် ပေးရသော ရွှေတိုက်ဝန်စုပါ အမှုထမ်း လက်သမား [**ရွှေနန်းသုံး၊**— စာ ၁၄၆]

**ဘဏ္ဍိုင်** *(ဖတိုင်)* – ထိုင်ရန်ခုံ၊ ခုတင် [**ယုဒသန်၊** စာ ၆၈၄ နှင့် **မြန်မွှင်၊** ဖြည့်၊ စာ ၂၅၇-၈]

**ဘဏ္ဍကုမာ** *(ဘဏ္ဍကုမာရ)* – ထမင်းချက်သောအမျိုးသား [**ဦးဟုတ်၊** စာ ၃၂၇၊ ၇၂၃]

**ဘဒ္ဒကမ္ဘာ** - ဘုရားငါးဆူ ပွင့်သော မျက်မှောက်ကမ္ဘာ [**ရှိုင်သစ်၊** ပ၊ စာ ၁၃]

**ဘဒ္ဒပီဌ** *(ပါ)* - ထိုင်ခုံ [**ဦးဟုတ်၊** စာ ၇၂၄]




**ဘုတ်အုပ်** *(အင်္ဂလိပ်၊ book)* - စာအုပ် [**ယုဒသန်၊** စာ ၇၂၇] "အထက်ဆင့်ဆိုရင်း ဘုတ်အုတ်ပါ ဥပဒေတွင် ပါရှိသည့် ရဟန်းတို့နှင့် မသင့်မလျော်ကပ်တ်သော လှည်း နွားတို့ကို မွေးထားစီးနင်းခြင်း စသောအမှုတို့ကို မပြုမကျင့်ကြရအောင် ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့က... တားမြစ်ဆင့်ဆိုကြရမည်" [**ROB,** IX, p. 1077]

**ဘန်ကတုံး** - ဖန်ကတုံးကြည့်

**ဘန်တပ်ဆေါ** *(ပြင်သစ်)* - ဘင်တာဘို (P. Bentabole)

**ဘုန်းတော်ခြောက်ပါး** - (၁) ဣဿရိယ- အစိုးရခြင်း (၂) ဓမ္မ-ဉာဏ်ပညာနှင့်ပြည့်စုံခြင်း (၃) ယသ-အခြံအရံပေါများခြင်း (၄)သိရိ-အသရေတော်နှင့်ပြည့်စုံခြင်း (၅) ကာမ-အလိုတော်ရှိရာပြည့်စုံနိုင်ခြင်း (၆)ပယတ္တ-အား၊ လုံ့လတော်နှင့်ပြည့်စုံခြင်း [**သုစမှတ်၊** စာ ၂၁၇]

**ဘုန်းတော်တိုး** - မင်းတုန်မင်း (၁၈၅၃-၇၈)လက်ထက်က ရှိခဲ့သော ငွေတော်ဝယ် အစုအမှုထမ်းတို့ကို သီပေါမင်း (၁၈၇၈-၈၅)လက်ထက်တွင် ဘုန်းတော်တိုးဟူသော အစုအမည်ပေး၍ သေနတ်အစုတွင် ထမ်းရွက်စေခဲ့သောအစုအဖွဲ့ [**ကုန်းဆောင်၊** တ၊ စာ ၅၄၂ နှင့် **ရွှေနန်းသုံး၊** စာ ၂၂၃-၄]

**ဘုန်းတော်ဖြစ်အမှုထမ်း** - အလောင်းမင်းတရား (၁၇၅၂-၆၀)လက်ထက် ၁၇၅၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော သေနတ်စွဲအမှုထမ်း (ထိုအမှုထမ်းတို့၏ လည်ကုပ်တွင် သန်လျက်ထမ်း နတ်ဘီလူးရုပ်ကို ထိုးထားသည်။) [**ရွှေနန်းသုံး၊** စာ ၂၂၄]

**ဘုတ္တိ** - တောင်ဘက်သို့ မျက်နှာမူသောအိမ်တွင် အနောက်မြောက်ထောင့်၌စိုက်ထူသောတိုင် [**ROB,** X, p. 120]

**ဘုမ္မ** *(ပါ)* - မြေ၌တည်သည်၊ မြေနှင့်ဆိုင်သည်။ [**ဦးဟုတ်၊** စာ ၇၃၆] (လယ်ယာမြေနှင့် သက်ဆိုင်သော မင်းမှုထမ်းတို့ကို **ဘုမ္မ** တပ်သော ဘွဲ့မည်များ ပေးလေ့ ရှိသည်။ မြေမှုဆိုင်ရာ အကြီးအကဲကို **ဘုမ္မပတော့၊** မြေမှုတွင် လုံ့လစိုက်၍ထမ်းရွက်သောအကြီးအကဲကို **ဘုမ္မပကြိ၊**- မြေမှုကို ရဲဝံ့စွာစီရင်တတ်သောအမှုထမ်းကို **ဘုမ္မသူရ**- မြေမှုတွင်အောင်မြင်စွာ ဖြေရှင်းနိုင်သော အကြီးအကဲကို **ဘုမ္မဇေယျ** ဟူသောဘွဲ့များ ပေးလေ့ရှိသည်။)[**သိန္ဓုဏ္ဏ၊** စာ ၃၆၅]

**ဘုမ္မပကြိ** - မြေမှုတွင် လုံ့လဝီရိယစိုက်၍ အမှုထမ်းသော အကြီးအကဲအား ချီးမြှင့်သော ဘွဲ့အမည်။ [**သိန္ဓုဏ္ဏ၊** စာ ၃၆၅]

**ဘုမ္မိဂထာ** *(ဗေဒင်)* - မြေဂိုဏ်းယှဉ်သဖြင့် ချမ်းသာအထူးပွားများခြင်းကို ဖြစ်စေသည်။ [**ကဗျာဗန္ဓ၊** စာ ၂၄၀]

**ဘုံဘီလမ်း** *(ပြင်သစ်)* - ဘွန်ဘီလိန်း (G. Bonvillain)

**ဘုံသုံးပါး** - (၁) လူ့ဘုံ (၂) နတ်ဘုံ (၃) ဗြဟ္မာဘုံ [**မှန်နန်း၊** ပ၊ စာ ၁]

**ဘွားစား** - စော်ဘွားမြို့စားတို့ အုပ်ချုပ် အပိုင်စားရသည်။ "စော်ဘွားမြို့စားတို့ ဘွားစားထမ်းရွက်ရသည့် မြို့ပြ ပြည်ရွာ အရံကျေးလက် အလွန်ကျယ်ဝန်းများပြားလှသည်" [**လွှတ်တော်မှတ်၊** စာ ၁၉]


**ဘွဲ့၁၁ဆင့်** - မင်းမှုထမ်းတို့အား ချီးမြှင့်သောဘွဲ့ ၁၁မျိုး (၁)သုဓမ္မ (၂) သက်တော်ရှည် (၃) သတိုး (၄)မင်းကြီး (၅) မဟာ (၆) မင်း (၇) နေမျိုးမင်း (၈) နေမျိုး (၉)နော်ရထာ (၁၀) ရွှေတောင် (၁၁) ငယ်မည် ပျောက်ဘွဲ့ [သမန္တပိုလ်၊ သမန္တရာဇာ၊ ပုံချိုသာရ၊ ဝေလုကျော်ထင်၊ နာဂသမန်၊ တုရင်ကျော်စွာ၊ ဓလကျော်ခေါင်] [**ROB,** X, p. 120] "(၁) သတိုးဘွဲ့၊ (၂) မင်းကြီးဘွဲ့ (၃) မဟာဘွဲ့ (၄) မင်းသုံးဆင့်တပ်ဘွဲ့ (၅) မင်းနှစ်ဆင့်တပ်ဘွဲ့ (၆) မင်းတပ်ဘွဲ့ (၇) နေမျိုးမင်းတပ်ဘွဲ့ (၈) နေမျိုးဘွဲ့ (၉) နော်ရထာဘွဲ့ (၁၀) ရွှေတောင်ဘွဲ့ (၁၁) အမည်ပျောက်ဘွဲ့ [**ရွှေနန်းသုံး၊** စာ ၂၇၄]

**ဘွဲ့ဖြူတော်** - အခမ်းအနားများတွင် အိမ်ရှေ့မင်းနှင့် မင်းညီမင်းသားတို့ ဆောင်ယောင်တော်မူရန် ကျောက်မျက်ရတနာများ ခြယ်လှယ်၍ အမြိတ်များ တပ်ဆင်ထားသည့် အဖြူရောင် ခါးစည်းရှည် [**ရွှေနန်း၊** စာ ၁၂၇-၈]

# မ

**မကနော်တင်အစ်ဆစ်ကွဲ** *(အင်္ဂလိပ်)* – မက်နောတန်အက်စကွဲယား (W.H. Macnaughton, Esq.) [ROB, X, p. 122]


**မကာရစန်းကရကတ်လက်** *(ဗေဒင်)* – စန်းမှာ မကာရတွင် ရှိနေ၍ လက်မှာ ကရကတ်တွင် ရှိနေသည်။ [**ရာဇဝင်သစ်၊** တ၊ စာ ၁၇၅]




**မာကာရရာသီ** – မကန်းတို့ နှစ်သက်သောရာသီ၊ ပြာသိုလ၊ ဖုသျှနက္ခတ်နှင့် ယှဉ်သည်။ နှစ်စဉ် ဒီဇင်ဘာလ (၂၂) ရက်နေ့ခန့်မှ ဇန်နဝါရီလ (၂၀)ရက်နေ့ခန့် အထိ ဖြစ်သော ကာလ [**မဟာမုနိ၊** စာ ၄၁၄] "မကာရဟု၊ ဆောင်းလရာသီ၊ အညီပေါ်မှန်း၊ ကြိုင်ပျံ့မွှမ်းသည်၊ နွယ်ပန်းလှိုင်လို၊ လပြာသိုကား"[**ဆယ့်နှစ်ရာသီ၊** စာ ၂၈]


**မကုဋ** *(ပါ)* – အထွတ်၊ မကိုဋ် [**ဦးဟုတ်၊** စာ ၇၄၃]

**မကော်** – ပဲခူးခရိုင်၊ သနပ္ပင်မြို့နယ်ရှိ ဖလေးရွာ (ဖလေးရွာတွင် မကော် ဘုရားကြီး ဟူ၍ ယခုတိုင် ရှိသေးသည်။) [**ရာဇဝင် သစ်၊** တ၊ စာ ၄၂အောက်]




မကော်တည်နေရာပြမြေပုံ

**မကိုဋ်** *(ပါ၊ မကုဋ)* – ကြီးမြတ်သူနှင့် မင်းမိဖုရားတို့ ဆောင်းလေ့ ရှိသော အလှ အပ အချွန် အတက်တို့ဖြင့် မွမ်းမံထားသည့် ဦးဆောင်း [**မြန်မှုဒ်၊** ၁၊ စာ ၃၄၄]


မကိုဋ်

**မကုံ၍** – မပြည့်စုံ မလုံလောက်၍ [**ယုဒသန်၊** စာ ၁၉၅၊ ၇၃၅]

**မကာရီးကွက်** *(မကန်းကွက်)* – စက်ဝိုင်းခြမ်း သဏ္ဌာန် အကွက်များ ကို ဆင့်ကာ စီကာ အကွက်ဖော်ထားသောပုံ [**မြန်မာမှု-** ၅၊ စာ ၈]



**မကြောင့်ကြကျီတော်** – စပါးတင်းတစ်သိန်း ဝင်သော ကျီတော်ကြီးတစ်ခု (စပါးတင်းတစ်သိန်းစီ ဝင်သော အခြားကျီတော်များမှာ– မစိုးရိမ်ကျီတော်၊ မတောင့်တကျီတော်၊ ခန့်တိုင်းရကျီတော်တို့ ဖြစ်သည်။)

**မကြည်သာတံခါး** – ပုဂံမြို့တွင်ရှိခဲ့သော မသာချမြတံခါး [**အုပ်ချုပ်၊** စ၊ စာ ၁၂]

**မခံ့မရည်း** – မလေးမခံ့စိတ်ဖြင့်။ "မလောက်မလားမခံ့ မရည်းကျင့်ဘူးလေ၏" [**မှန်နန်း၊** ပ၊ စာ ၁၁၄]

**မခင်၍** – ကူညီမစ၍၊ ဆွဲယူမ –တင်၍ [**ရာဇဝင်သစ်၊** တ၊ စာ ၁၇၆] "ဘယဂါမဏိ ချွန်းသီးနှင့် ခတ်လိုက်၍ တိမ်းမပ်သည်တွင် ကျွန်တော်မခင်၍သာ တို့သခင် ဆင်ထက်က မကျသည်" [**ရာဇဝင်သစ်၊** တ၊ စာ ၆၈]

**မစံစမာ** – မစံစရာ၊ နေထိုင်ရန်မသင့် [**ဝိပ္ပလ္လာ၊** စာ ၃၂]

**မစည်တရစ်** – မဖွယ်မရာ [**တွင်းသင်းပေါ၊** စာ ၁၀၃] "မင်းလုစည်သူ အလောင်းသည် မစည်တရစ် စစ်မြေပြင်မှာရှိလေတော့မည်" [**ကုန်းဘောင်၊** ပ၊ စာ ၁၄၁]

**မဆိုမာ** – မဆိုရာ(စကားမဆိုရာ)၊ မဆိုစကောင်း [**ဝိပ္ပလ္လာ၊** စာ ၃၂]

**မဏိဇောတိရသပတ္တမြား** – (၁) လုံးပတ်သုံးထွာ၊ အလျား လေးတောင်ရှိ၍ ကောင်းကင်သို့ ပျံနိုင်စွမ်းရှိပြီး စကြာမင်းတို့သာ ရထိုက်သောပတ္တမြား (ဖြစ်သည်ဟုဆို၏။) [**ရွှေမြန်၊** စာ ၈–၉] (၂) အရောင်အဆင်းတောက်ပသော ကျောက်စိမ်း၊ မြ [**အာသံနိုင်၊** စာ ၃၁] "မနိဇောတ၊ ပြည်တန်မြနှင့်" [**ဂန္ထိ၊** စာ ၁၀]

**မတီးမရာ** – မအပ်မရာ [**တွင်းသင်းပေါ၊** စာ ၄၀] "မနာ စသီး၊ ရင်ကန်ကြီးလျှင်၊ မတီးမရာ၊ ဆိုဝံ့စွာလျက်" [**ဘုရိဒတ်၊** စာ ၄၈]

**မတူတရူ** – (၁) မတော်မသင့်သော (၂) သံသယဖြစ်ဖွယ်ရှိသော။ "ဗိုလ်မှူး တပ်မှူးတို့လည်း နန်းမြို့တွင်းသို့ မတူတရူလူ ချက်တဖြုတ်ဝင်ကြောင်းကိုကြားလျှင်..." [**ကုန်းဘောင်၊** ပ၊ စာ ၅၃၄]

**မတန်သီးမတန်ပွင့်** – အချိန်မတန်ဘဲသီးသောအသီး၊ ပွင့်သောအပွင့် [ROB, X, p 120နှင့် **အုပ်ချုပ်၊** ပ၂၊ စာ၂၃]

**မထိမထောင်** *(ကျောက်)* – မထိပါးမဖျက်ဆီး။ "ငါမှုသော ကောင်းမှုကိုဝ် မထိမထောင်ပိယ်ဟု အရိယ် အရမ်ယူရစ်သော တပေအ်သာတိုဝ်" [**၁၂၉၃ စုနစ်ထိုး မဟာရစ်ဓေတီ ကျောက်စာ၊ ကျော/စ . . .**]

**မထောင်းတာ** – ထိခိုက်နစ်နာခြင်းမရှိ၊ ခြောက်ခြားခြင်းမရှိ၊ ပြဿနာမရှိ [**တွင်း သင်းပေါ၊** စာ ၁၀၃ နှင့် **မြန်ဖွင့်၊** ဖြည့်၊ စာ ၁၅၃]

**မထွက်မနပ်ပါရ** – မပေးမကမ်းပါရ၊ မပေးမကျွေးပါရ [**ယုဒသန်၊** စာ ၅၃၄နှင့် **မြန်ဖွင့်၊** ပ၊ စာ၂၉၁]

**မထွင်တောကုန်း** – ခုတ်ထွင်တီကျင်းခြင်း မပြုရသေးသော ကုန်းမြေ [ROB, IX, p. 812]

**မထွင်တောနမ်း** – ခုတ်ထွင် ရှင်းလင်းခြင်း မရှိသော တောတွင်ပေါက်သောနှင်း [ROB, X, p. 120]

**မဒ** – ပညာဂုဏ်၊ ရာထူးဂုဏ်၊ ဓနဂုဏ်ဖြင့်၊ လောကတွင် ငါနှင့်တူသူမရှိဟူ၍ မာန်မာနတက်နေသူ [**အုပ်ချုပ်၊** ဒ၊ စာ ၂၅၃] "ငါ့အနှုန်းတူ၊ အဘယ်သူလျှင်၊ ထွက်ပြူဘာယ်နှံ့၊ ပေါ်လာအံ့ဟု၊ မရှုံ့မကြောက်၊ လွှားမောက်တက်ကြွ၊ ဖြစ်လာကမူ၊မဒမှန်စွာ" ["**ဓမ္မာဓမော်ကွန်း**"၊ **အုပ်ချုပ်၊** ဒ၊ စာ ၂၅၃]

**မဓုဒီပနီ** – ဋီကာဖြင့် အနက်အဓိပ္ပာယ်ဖော်၍ မကုန်သေးဘဲ ကြွင်းကျန်နေသေးသော အချက်များနှင့် မသိသာသေးသော အချက်များကို ကုန်စင်သိသာအောင် ရှင်းလင်းဖော်ပြသောကျမ်း [**မြင့်** ]

**မနာပလှေ** –အလောင်းစည်သူမင်း(၁၁၁၃–၆၂)လက်ထက်တွင် စတင် လုပ်ဆောင် စီးနင်းသော လွန်းကြင်လှေ [**ရွှေဘုံ၊** စာ ၇၉–၈၀]

**မနုဇိန္ဒ** *(ပါ)* – လူတို့ကို အစိုးရသောမင်း [**ဦးဟုတ်၊** စာ ၇၅၆]

**မနုသီဟ** *(ပါ)* – လူဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုရှိသော အရုပ်(သုဝဏ္ဏဘူမိ သထုံမြို့တွင်ဘီလူး အန္တရာယ်ကို ကာကွယ်ရန်အတွက် အရှင်သောဏနှင့် ဥတ္တရမထေရ်တို့ စီစဉ်ပြုလုပ်သော အရုပ် ဖြစ်သည်ဟု အစဉ်အလာယုံကြည်ချက် ရှိသည်။)[**သာသနာ၊** စာ ၅၇]



မနုသီဟ

**မနောပဏိဓိ** *(ပါ)* – ရည်သန်သောစိတ်၊ စိတ်ဆန္ဒ၊ တောင့်တမှု [**ဦးဟုတ်၊** စာ ၇၅၈] "ရှုက်ဆောင်တော်မူလိုသော မနောပဏိဓိရှိတော်မူသည်နှင့်အညီ" [**လွှတ်တော်မှတ်၊** စာ ၈]

**မနောလင်ပန်း** – ပွဲတော်တည်သောရွှေလင်ပန်း၊တင့်တယ်၍ အသရေရှိသောလင်ပန်း [**တွင်းသင်းပေါ၊** စာ ၅၀]"မနောလင်ပန်းနှင့် စားတော်လည်း သားတော် မယ်တော် ခမည်းတော်ငါးပါး တချက်တည်း စားတော်ခေါ်တော်မူကြ၏" [**မှန်နန်း၊** ဒ၊ စာ ၉၉]

**မနောဟရီထီးဖြူ** – စိတ်ကိုဆောင်တတ်သော မင်းခမ်းတော်ဝင်ထီးဖြူတော် [**ဦးဟုတ်၊** စာ ၇၅၈]

**မနုဿသမ္ပတ္တိဂုဏ်** *(ပါ)* – လက်နက်ကိုင်အင်အား၊ ပညာရှိအင်အား၊ ကုန်ထုတ်လုပ်သူအင်အားတို့နှင့် ပြည့်စုံသောဂုဏ် [**ညွှန့်**] "ကုန်းဘောင်ပြည်ကြီးသည် ဘူမိဘာဂသမ္ပတ္တိဂုဏ်၊ မနုဿသမ္ပတ္တိဂုဏ် စသည်တို့နှင့် ပြည့်စုံသည်" [ROB, IX, p. 360]

**မဆုံအပ်သောအရပ်သုံးပါး** *(မင်း)* – (၁) ဖွားမြင်ရာအရပ် (၂) ဘိသိက်ခံရာအရပ် (၃) ရန်အောင်ရာအရပ် [**ရာဇသတ်၊** စာ ၁၄၄]

**မယားခုနစ်မျိုး** – (၁) အလျှူရှင်နှင့်တူသောမယား (၂)ခိုးသူနှင့် တူသောမယား (၃) ရန်သူနှင့် တူသောမယား (၄) အမိနှင့် တူသောမယား (၅) နှမနှင့် တူသောမယား (၆) အဆွေခင်ပွန်းအမျိုးနှင့် တူသောမယား (၇) အိမ်ကျွန်မနှင့် တူသော မယား [**မနုဓမ္မ၊** စာ ၉၈]

**မယား၁၂မျိုး** – (၁) လင်ရှိမယား (၂) ဒဏ်ထားသောမယား (၃) ဥစ္စာဖြင့်ဝယ်သောမယား (၄) နှစ်ဦးအလိုတူ၍နေသောမယား (၅) စည်းစိမ်ကြောင့် နေသောမယား (၆) အဝတ်ပုဆိုးပေး၍ ပေါင်းဖော်အပ်သောမယား (၇)ထိမ်းမြားလက်ထပ်သောမယား (၈)ခေါင်းခုကို ချစေ၍ နေသောမယား (၉) ကျွန်လည်းဖြစ် မယားလည်း ဖြစ်သောမယား (၁၀)အမှုလုပ်လည်းဖြစ် မယားလည်း ဖြစ်သောမယား (၁၁) စစ်တိုက်ရာမှ ဆောင်လာသောမယား (၁၂) တစ်ခဏမျှ နေသော ပြည့်တန်ဆာမ မယား

**မယားဝတ်ငါးပါး** – (၁) အိမ်မှုကိစ္စ အဝဝကို စေ့ငှစွာ ပြုလုပ်ခြင်း (၂) ပစ္စည်းဥစ္စာတို့ကိုစုဆောင်း၍ မပျောက်ပျက်အောင်သိမ်းတတ်ခြင်း (၃) အခြားတစ်ပါးသော ယောကျ်ားကို မတပ်မက်မနှစ်သက်ရခြင်း (၄) ဆွေမျိုးတို့ကို သင့်လျော်သလို ပေးကမ်းဖြန့်ချိရခြင်း (၅)မပျင်းမရိဘဲ အိမ်သူပြီသစွာ နေထိုင်ရခြင်း (အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြင်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ) [**အုပ်ချုပ်၊** ပ၊ စာ ၂၂၁–၂]

**မယုရာသနပလ္လင်** – ပလ္လင်ရှစ်ခန်းကြည့်

**မရဏာနုဿတိ** (ပါ) – သေခြင်းတရားကို အဖန်တလဲလဲ အောင်မေ့ခြင်း [**ဦးဟုတ်၊** စာ ၇၆၁]

**မရမာကြီး** – ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီစကားပြောသော ဗုဒ္ဓဘာသာဝင်များ [**ရခိုင်သူ၊** စာ ၅၆]

**မရမ်** – ပိတ်ပါး [ROB, X, p. 120]

**မရမ်ဆင်စွယ်ပွတ်** – ရခိုင်ပြည်မှရောက်လာသော ဆင်စွယ်ပန်းပွတ်လုပ်ငန်း ပညာသည်။

**မရမ်အမှုထမ်း** – မင်းကေရာဇ် ကိုးကွယ်တော်မူသည့် ဆရာတော်များ၏ကျောင်းများရှိ ကုဋီများကို စင်ကြယ်အောင် သန့်ရှင်း သုတ်သင် ပေးရသော အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၁၇၀]

**မရိုးစစ်မီးသွေး** – မရိုးသားဖြင့် ဖုတ်၍ရသော မီးသွေး (ယမ်းမှုန့် ဖော်စပ်ရာတွင် အသုံးပြုရသည့် မီးသွေးဖြစ်သည်။ မြေပုံကြမ်း ရေးဆွဲရာတွင်လည်း မရိုးမီးသွေးကို အသုံးပြုသည်။) [**အုပ်ချုပ်၊** စ၊ စာ ၆]

**မရင်းလယ်** *(မုရင်းလယ်)* – မရင်းစပါး စိုက်ပျိုးသော လယ်၊မြစ်ရေချောင်းရေကန်ရေဖြင့် စပါးစိုက်ပျိုးသော လယ် [**ဥမ္မာ၊** စာ ၂၂]၊ မိုးရာသီအကုန် (တန်ဆောင်မုန်း၊ နတ်တော်လ) တွင် စိုက်ပျိုးသောလယ် [**ကျောက်ပို၊** စာ ၁၀၅]

**မရမ္မမဏ္ဍလ** – မြန်မာပြည် [**သာသနာ၊** စာ ၂၃]

**မလန်းပေါက်ခတ်သည်** – လက်ပန်းပေါက် ခတ်သည်။ [**ဗိုလ္လသာ၊** စာ ၁၀၆] "ငရမန်ကာန်း နိုင်လေ၏။ မလမ်းပေါက်ထ၍ ခတ်လေ၏။" [**သုဿော၊** ပ၊ စာ ၂၆၈]

**မလိန်ခွေးပူကြောင်း** – ချင်းတွင်းမြစ်အတိုင်း၊ နတ်ကျွန်းအောင်မြေခေါ် ကင်းတပ်သို့သွား၍ စန္ဒားဆိပ်မှတက်ပြီး မင်းသာရွာနှင့် မလိန်ခွေးပူတောင် တို့ကို ဖြတ်ကာ မဏိပူရသို့ ဝင်ရောက်နိုင်သော လမ်းကြောင်း [**ကုန်းဘောင်၊** ၃၊ စာ ၂၆၀၊ ၂၆၆] "မလိန်ခွေးပူ ကြောင်း မဏိပူရသို့ချီရသည်" [**ကုန်းဘောင်၊** ၃၊ စာ ၂၅၇]

**မသာရဂလ္လ** *(ပါ၊ မသာရဂလ္လ)* – ပတ္တမြားပြောက် [**ရွှေဝတီ၊** စာ ၃၅၁]

**မသီး** – မရပ်မနား၊ မဟူ (နေ့ညမဟူ)။ "အုတ်လှလည်း နေ့ညဉ့်မသီးသွားလေ၍။ ရောက်လေသော်" [**မှန်နန်း၊** ပ၊ စာ ၁၂၀]

**မဟာဂရုဏာမုဒြာ** *(ပါ+သက်)* – လက်ဝဲလက်ဖြင့်ဖြစ်စေ၊ လက်ယာလက်ဖြင့်ဖြစ်စေ ရင်အုံကိုဖုံးအုပ် ဖိနှိပ်ထားဟန် (တာဝတိံသာမှ မြတ်စွာဘုရား ဆင်းသက်တော်မူပုံနှင့် ပူဆွေးသောကရောက်နေသူများအား တရားဓမ္မဟောပြောနေပုံများကို ဤလက်ဟန်ဖြင့် ထုလုပ်ရေးဆွဲ



လေ့ရှိသည်။စိုးရိမ် သောကမှ လွတ် ငြိမ်း လိုသူများ သည် ဤ မုဒြာ ဟန်ရုပ်တုရုပ်ပုံကို ကိုးကွယ် ပူဇော် ကြသည်။)[မုဒြာ၊ စာ ၇၀-၁]

မဟာဂရုဏာမုဒြာ

**မဟာစိုကျွန်း** – မတ်စကယ်ကျွန်း (Mascal Island)

**မဟာဒါန်တိုက်** – မင်တောင်၊ ငါးပတ်ချောင်း၊ အုတ်နဲ့ဘုတ်၊ ကျေးနှင်၊ အနိမ့်မင်းရွာ၊ ကျောက်ရစ်၊ လယ်ကြီး လက်ပံတောင်၊ ကမ်ဖြူ၊ ရွာသစ်၊ ရွာထင်၊ တုံရွာ၊ မြောင်၊ မောက်သရက်၊ ကျောင်းတောင်ရွာ၊ ကိုင်းရွာ၊ ဓိုးတောရွာ၊ ခွေးကုံး၊ ပစွာ၊ ကြောင်သင်၊ ကျွဲပွဲ၊ ကျတက်၊ လက်တောင်းကြီး၊လက်တောင်းငယ်၊ မတောက်ခေါင်း၊ စသာရွာ၊ ရာထောင်၊ နမဲလှ၊ မူးဝရွာ၊ မင်းရဲရွာ၊ ကြခတ်သာစည်၊ သစိုးရွာ၊ မင်းရွာ၊ ရှဥ့်ပေါက်ဝရွာ၊ ဆခါသာစည်၊ သစ်ခေါင်းဆိတ်၊ ပိုက်သရက်၊ သာစ်ရွာ၊ ဖလတန်၊ ကျေးတိုင်၊ သစ်တရာ၊ ပေါက်မြင်၊ မုံကျိုင်း၊ အိုးမ၊ အင်းတန်၊ လက်လုတ်၊ ကျီရွာ၊ ဘုရားထု၊ တောင်သမန်၊ ရွာတင် ကျေး၊ ရေကတူး၊ ကြောင်တုံ၊ တောင်သင်း၊ စလင်း ဝင်မနာ၊ ကျပင်း၊ တောင်ပြင်၊ တစိုက်၊ မင်းတိုက်၊ ဇဝရွာ၊ ပြင်ဆက်၊ မိုးထောင်၊ တေန်၊ ဆံဆက်ရွာများ ပါဝင်သောဒေသ . [ROB, II, pp. 193-5]

**မဟာဒါန်ဝန်** – သာသနာရေးဆိုင်ရာ ကိစ္စများကို စီရင်ဆောင်ရွက်ရန် ဝိနည်းသိက္ခာပုဒ်နှင့် မညီသော ရဟန်းသံဃာများကို အဓိပတိ ဆရာတော်ထံသို့ ပို့အပ်ရန်၊ သာသနာပြုဆရာတော်နှင့် မင်းကေရာဇ်၊ သာသနာပြုဆရာတော်နှင့် လွှတ်တော်တို့ ဆက်သွယ်ရာတွင် ကူညီရန်၊ ဝတ္ထုကမြေမှု၊ ကျွန်သီးတော်မှုများ ရှုပ်ထွေးမှု မရှိအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသော မှူးမတ် [**ရွှေနန်းသုံး၊** စာ ၁၁၅]

**မဟာဓမ္မရာဇဂုရု** *(ပါ)* – ကြီးမြတ်၍ တရားအပေါင်းနှင့် ပြည့်စုံသော မင်းဆရာတော် [**ဦးဟုတ်၊** စာ ၃၆၉၊ ၄၉၅၊ ၇၆၄၊ ၈၁၂]

**မဟာဓမ္မရာဇာဓိရာဇာ** *(ပါ)* – တရားနှင့်ပြည့်စုံ၍ မင်းတို့၏ ဝပ်စင်း ဦးခိုက်ရာ မင်းထက်မင်းဖျား ဖြစ်သော မင်းတရားကြီး [**ဦးဟုတ်၊** စာ ၄၉၅၊ ၇၆၄၊ ၈၁၅]

**မဟာနဂရတိုင်း** – ကျိုင်းရုံ၊ မိုင်းဆည်အစရှိသောပြည်ကြီးတို့၏ တည်ရာဒေသ [**အုပ်ချုပ်၊** ၃၊ စာ ၈၂]

**မဟာပါသာဒလေ့** – သုံးဆယ့်နှစ်လံ ရှည်လျား၍ ကြီးမားသော ပြာသာဒ် ဆောင်တင်လျက် တည်ဆောက်ထားသော မင်းစီးလှေ [**ရွှေဘုံ၊** စာ ၇၃]

**မဟာပုရိသလက္ခဏာတော်ကြီး ၃၂ပါး** –(၁) ညီညွတ်သော ခြေဖဝါးတော်ရှိခြင်း (၂) တစ်ထောင်သော အကန့်အကွက်နှင့်တကွ လက္ခဏာတော် အပေါင်း အပြည့်ရှိသော ခြေဖဝါးတော်ရှိခြင်း (၃) ရှည်သွယ်ပြည့်ဖြိုးသော ဖနောင့်တော်ရှိခြင်း (၄) တင့်တယ် ရှည်သွယ်သောလက်ချောင်းတော်ရှိခြင်း (၅) နူးညံ့သော ခြေဖဝါးတော် လက်ဖဝါးတော်ရှိခြင်း (၆) တင့်တယ်ညီညာသော ခြေချောင်းတော် လက်ချောင်းတော် ရှိခြင်း (၇) ဖမိုးတော်မှ အထက်သို့ လက်လေးသစ်တက်သော ဖမျက်တော်ရှိခြင်း (၈) ချောပြည့်လုံး လျောင်းသော သလုံးမြင်းခေါင်း ရှိခြင်း (၉) ကိုယ်တော် မကိုင်း မညွတ်ဘဲ ဒူးနှစ်ဖက်သို့ ရောက်သော လက်တော်ရှိခြင်း (၁၀) အအိမ်ဖြင့် ဖုံးလွှမ်းသော ယောက်ျားမြတ် နိမိတ်ရှိခြင်း (၁၁) ရွှေစင်ကဲ့သို့ ဝင်းဝါသော အဆင်းအရေရှိခြင်း (၁၂) သန့်ရှင်း စင်ကြယ်သော အသားအရေရှိခြင်း (၁၃) မွေးညှင်းတွင်း၌ မွေးညှင်း တစ်ပင်စီသာ ပေါက်ခြင်း (၁၄) အထက်သို့ ညွတ်သော မွေးညှင်းတော်ရှိခြင်း (၁၅) မကိုင်းမညွတ် ဖြောင့်မတ်သော ကိုယ်တော်ဖြစ်ခြင်း (၁၆) လက်ဖမိုး၊ ပခုံးစွန်း၊ ခြေဖမိုး၊ လည်ကုပ်တို့၌ ပြည့်ဖြိုးသော အသားတော်ရှိခြင်း (၁၇) ပြည့်ဖြိုး ကြီးမားသော ကိုယ်တော် ဖြစ်ခြင်း (၁၈) ကျောပြင် ချိုင့်နိမ့်မှု မရှိခြင်း (၁၉) ဝိုင်းဝန်းတော်မူသော ရူပကာယတော် ရှိခြင်း (၂၀) တပြေးတည်း ညီညွတ်သော လည်တော်ရှိခြင်း (၂၁) နှမ်းစေ့မျှအစာကို မှီဝဲသောအခါ တစ်ကိုယ်လုံး ပျံ့နှံ့တည်နိုင်အောင် ဆောင်နိုင်သော အကြောရှိခြင်း (၂၂) ခြသေ့်မင်း၏ မေးကဲ့သို့ မေးတော်ရှိခြင်း (၂၃) သွားတော်လေးဆယ် အစေ့အငရှိခြင်း (၂၄) ညီညွတ်သော သွားတော်ရှိခြင်း (၂၅) မကြဲ မကျဲ စေ့စပ်သော သွားတော် ရှိခြင်း (၂၆)ဖြူစင်သောစွယ်တော်လေးခုရှိခြင်း (၂၇)ရှည်လျား

ကျယ်ပြန့်သော လျှာရှိခြင်း (၂၈) ဗြဟ္မာမင်း၏ အသံကဲ့သို့သော အသံတော်ရှိခြင်း (၂၉) အလွန်ညိုဝင်းသော မျက်လုံးတော်ရှိခြင်း(၃၀)အလွန်နူးညံ့သော မျက်တောင်မွေးတော်ရှိခြင်း (၃၁) ဥဏ္ဏာလုံမွေးရှင်တော် ပေါက်ခြင်း (၃၂) နဖူးသင်းကျစ်တော်ရှိခြင်း [**သုဓော၊** ပ၊ စာ ၂၄၆]

**မဟာဝိန္ဒဲ** – ပရမေသုရာခေါ် မြေစောင့်နတ်၏သားတော်ဖြစ်၍ ဆင်မျက်နှာရှိကာ လုံလက်နက်စွဲကိုင်လျက် ဥဒေါင်းယာဉ် (တစ်ခါတစ်ရံ ကြွက်ယာဉ်) စီးသည့် တန်ခိုးကြီးသောဟိန္ဒူနတ် [**မေးတော်ဖြေ၊** စာ၂၇၄-၉]

**မဟာမိတ်လက္ခဏာလေးပါး** – (၁) မကောင်းမှု မပြုရန် တားမြစ်ခြင်း (၂) ကောင်းမှု၌တည်စေခြင်း (၃) မကြားနာဖူးသည်ကို ကြားနာစေခြင်း (၄) နတ်ရွာခရီးကိုပြသပြောဆိုခြင်း [**မေးတော်ဖြေ၊** စာ ၅၄၈]

**မဟာရာဇလီလာသန** *(ပါ)* – ခြေတစ်ဖက်ကို ခေါက်၍ ထောင် ထားပြီး အခြား ခြေတစ်ဖက်ကို ခေါက်၍ လှဲကာ ထိုင်နေ ဟန်(ဘုန်းတန်ခိုး အာဏာ ထက် မြက်ခြင်းသော ကိုဆောင်သည်။) [**အာသန၊** စာ ၁၀၉-၁၀]


မဟာရာဇလီလာသန

**မဟာရှိန်ရာဇာ** *(ပါ၊ မဟာသီဟရာဇာ)* – ကြီးမြတ်၍ ခြင်္သေ့မင်း ကဲ့သို့ ရဲရင့်သောမင်း (Maha Singh Raja)

**မဟာဝိဟာရဝါသီဂိုဏ်း** – သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် စတင်ပြုစုတော်မူသည့် အရှင်မဟိန္ဒ၏ အဆက်အနွယ်တော်လည်း ဖြစ်၍ ဗုဒ္ဓ၏ တရားတော်နှင့် အညီလည်း ကျင့်ကြံအားထုတ်တော်မူကြသော ဓမ္မဝါဒီ ရဟန်းတို့၏ဂိုဏ်း [**သာသနာ၊** စာ ၃၃-၅]

**မဟာဝိဟိကတိုင်း** – ရခိုင်ပြည်နယ် [**ရခိုင်ရာသစ်၊** စာ ၃ နှင့် **ကုန်းဘောင်၊** ၃၊ စာ ၉]

**မဟာသေနာပတိ** *(ပါ)* – အကြီးအမြင့်ဆုံးသောစစ်သူကြီး "သေနတ်ဝန်ကို...မဟာသေနာပတိ ဟူသော အမည်ကိုလည်း ပေးတော်မူ၍..."[**ကုန်းဘောင်၊** ပ၊ စာ ၁၄၉]

**မဟာသက်ထိတ်** *(ကျောက်၊ မဟာ+ဂတ္တိ)* – မြင့်မြတ်၍ အစွမ်းသတ္တိရှိသူ

**မဟာသမ္မာရစိသိင်္ခတရ** *(ပါ)* – ကြီးမား မွန်မြတ်သော ပါရမီတော်ဖြင့် လွန်ကဲထူးမြတ်သည်။ [**ဦးဟုတ်၊** စာ ၇၆၄၊ ၉၀၇၊ ၁၀၀၄]

**မဟာအသဒိသအလှူ** – အလွန်ကြီးမြတ်၍ အတုမရှိသည့် အလှူ [**ဦးဟုတ်၊** စာ ၁၄၄၊ ၇၆၄] "မဟာအသဒိသအလှူတော်ကြီး" [**ကုန်းဘောင်၊** တ၊ စာ ၃၄]

**မဟောသီ** *(ပါ)* – ဘိသိက်တော်ခံ မိဖုရားကြီး [**ရွှေနန်းသုံး၊**– စာ ၅-၆] "သခင်ဘွားတော်၊ ပြိုင်ဘော်မရ၊ အတုလဒေဝီ၊ မဟေသီကား" [**သုဓာ၊** စာ ၃၇]

**မဟတ္တဂုဏ်** *(ပါ၊ မဟတ္တ+ဂုဏ)* – ကြီးမြတ်သောဂုဏ် [**ဦးဟုတ်၊** စာ ၇၆၃]

**မဟန္တဂီ** – ဟိန္ဒူဘာသာရေးဆိုင်ရာ အကြီးအကဲ။ "မဟာဗောဓိပင်ကို စောင့်ထိန်းကြည့်ရှုရသော မဟန္တဂီမည်သောဇော်ဂျီက...ဆင်းတုတော် မဟာဗောဓိမြေများကို ...ဆက်သလာ၏" [**ကုန်းဘောင်၊** တ၊ စာ ၄၄၃]

**မဟန္တီ** *(မဟန်)* – ဟိန္ဒူဘာသာရေးဆိုင်ရာ အကြီးအကဲ [ROB, X, p. 121] [မဟန္တ= အကြီး၊ လူကြီးလူမြတ် (**ကျော်အောင်စံထား၊** စာ ၂၁၃-၄)]

**မဟာလ္လကာကျွန်း** – မလက္ကာ (Malacca) [ROB, X, p. 121]

**မဟာလွတာ** – လက်ရင်းကျပ်၍ လက်ဖျားကျယ်ပြီး ပခုံးနှင့် လက်တွင်ငါးပတ် ခံတွင်းခေါ် အချွန်အကော့ အလန်များဖြင့် စီရင်ကာ ကျောက်မျက်ရတနာ စီခြယ်ချုပ်လုပ်ထားသည့် အဆင့်ဆင့် အထပ်ထပ်ရှိသော မိဖုရား နှင့် မင်းသမီးဝတ်သင်တိုင်း အင်္ကျီ [**ရွှေနန်း၊** အမှတ် ၈၈]


မဟာလွတာ

**မဦးမချွန်** – ပြုသင့်ပြုထိုက် ရောက်သင့်ရောက်ထိုက်သည့် အချိန်ထက်စော၍ ပြုလုပ်ခြင်းရောက်ရှိခြင်း၊ အခြားသူတို့ထက်စော၍ [**ယုဒသန်၊** စာ ၇၃၅]

**မာရ်ကွိသလပ်ဒါလဦးသီး** *(အင်္ဂလိပ်)* – မားကွစ် သယ် လော့ဒ် ဒါလဟိုဇီ (Marquis the Lord Dalhousie)

**မာဂဓေသား** – မင်းညီ မင်းသားနှင့် သာမန်အရပ်သူတို့ သင့်ရာမှ မွေးဖွားလာသော သားယောက်ျား [ROB, X, p. 121]

**မာဃနှစ်** – နှစ်အမည် ဖြစ်သည်။ (ကောဇာသက္ကရာဇ်ကို တည်၍ ၂ခုနုတ်၊ အကျန်ကို ၁၂ဖြင့် စားသောအခါ ၁၁ကြွင်းသောနှစ်ကို မာဃနှစ်ဟုခေါ်သည်။ကျောက်စာများတွင် မာဃနှစ်၊ မာခနှစ်ဟူ၍ ဖော်ပြ သည်ကိုတွေ့ရ၏။) [**မဟာမုနိ၊** ပ၊ စာ ၄၁၁]

**မာဏိက** – တစ်တင်းနှင့် ညီမျှသော အခြင်အတွယ် [**သမ္မန္တစကျေ၊** ဒု၊ စာ ၉၇]

**မာတရာဘက်အုပ်** – ပိတ်ပါးထည်အုပ်၊ ရှံသားအုပ် (Bale of muslin) [ROB, VIII, p. 503]

**မာတိကာ** *(ကျမ်း)* – အကြောင်းအရာ အကျဉ်းကိုသာ ဖော်ပြသောကျမ်း [**မြင့်** ]

**မာတုကထာကျမ်း** – ခန္ဓာအစ၊ အရဏအဆုံးရှိသောတရားတို့ကို ဟောကြားသောကျမ်း [**မြင့်** ]

**မာတေဝတ်** *(အင်္ဂလိပ်)* – မာတင်ဝတ် (Martin Watt) [ROB, IX, pp. 100, 577]

**မာတေဝပ်** *(အင်္ဂလိပ်)* – မာတင်ဝိတ် (Martin Wade) [ROB, X, p. 121]

**မာမတ်သာထက်** – မာမတ်ဆဒစ် (Mahomed Sadik)

**မာရာဘက်မာတရက်** – ပိတ်တွန့်ထည် [**ဦးကုလား၊** ပ၊ စာ ၂၇၃အောက်]

**မာရာဘင်** – အဆီးအကန့်၊ နန်းပြာသာဒ်တော် အတွင်းဘက်၏ အလယ်တည့်တည့်မှ တောင်မြောက် ဖြတ်သန်း ကာဆီးထားသော အဆီးအကန့် [**ရွှေဘုံ၊** စာ ၈၇ နှင့် **မန္တလေး၊** စာ ၇၁]

**မာရာဘင်စု** – နန်းတွင်းတွင် ထမ်းရွက်ရသော သေနတ်စု [**ရွှေနန်းသုံး၊** စာ ၂၂၀]

**မာရာဘင်တံခါး** – မြတိုက်အနောက်ဘက်ရှိ အုတ်ရိုးတွင် လုပ်ဆောင်ထားသောတံခါး [**အုပ်ချုပ်၊** စ၊ စာ ၃၉]

**မာရာဘင်သင်းမှူး** – နန်းတွင်းရှိမာရာဘင်သေနတ်စုအမှုထမ်းတို့ကို ကွပ်ကဲရသော အကြီးအမှူး

**မာရာချစ်စတုံးအာရုံနီပြီရာ** *(အင်္ဂလိပ်)* – လောဒ်နေပီယား အော့ဗ်မာချစ်စတုံး (Lord Napier of Merchistoun)

**မာလီကမြို့** – မလက္ကာမြို့ (Malacca)

**မာလိန်** *(အာရဗစ် – muallim)* – သင်္ဘောကို စီရင်အုပ်ချုပ်သော ရေကြောင်းပြ အရာရှိ။ [**မြန်စာန်၊** စာ ၂၆၇] "သင်္ဘောစီးလျက် ရေရိုးရေကြောင်းကို မသိတတ်သောမာလိန်…တို့ သေခြင်းမလှ သေရကြောင်း" [**စည့သစ်၊** စာ ၁၅၇]

**မာသရာဘက်** *(မာတရာဘက်)* – နိုင်ငံခြားတွင် ရက်လုပ်သော အပြာရောင် ခေါင်းပေါင်းကြမ်း ပိတ်ထည် တစ်မျိုး [**အုပ်ချုပ်၊** စ၊ စာ ၁၀၇]

**မာသရာဘက်ရမျှားကြိုး** – ထမ်းစင်၊ သန်လျင်း တို့တွင် ချည်နှောင်သော ပျော့ပျောင်းသည့် မာသရာဘက်ပိတ်ကြိုး။ "မာသရာဘက်ရမျှားကြိုးကို ထောင်မှူး တို့က သံလျင်း ထမ်းပိုးမှာ ချည်နှောင်ပြီးပြေကာလ" [**ကုန်းဘောင်၊** တ၊ စာ ၄၂၈]

**မာသ လေးပါး** – (၁) သောရမာသ–နေသွားအံသာ၃၀ဖြင့် ပိုင်းခြားအပ်သောလ (၂) သာဝနမာသ – ၃၀ရက်၊ ၂၉ရက်ဖြင့် ပိုင်းခြားအပ်သောလ (၃)စန္ဒြမာသ – တိထိ ၃၀တင်းတင်းရှိသောလ (၄) နက္ခတ္တမာသ – ပုဏ္ဏမိ နက္ခတ်ဖြင့် ပိုင်းခြားအပ်သောလ [ **ပက္ခဒီန်၊** စာ ၄၉–၅၀]

**မားရည်** – တောဆင်ရိုင်းကို ဖျားယောင်း သွေးဆောင် ခေါ်ယူနိုင်သော အရည်အသွေး။ "ဆင်ပေါက်ကို ထမ်းရည်၊ ဆင်မကို မားရည် ရှိကြောင်း…လျှောက်ထားကြသည်" [**ကုန်းဘောင်၊** တ၊ စာ ၅၀၂]

**မိကေသင်** *(အင်္ဂလိပ်)* – မိုင်ကယ်ဆိုင်း (Michael Symes) [ROB, X, p. 120]

**မိဂပဒဝလဉ္ဇန** *(ပါ)* – အစတွင်ဖြစ်ပေါ်သောအခြေအနေနှင့် အဆုံးတွင် ဖြစ်ပေါ်သော အခြေအနေကို သိခြင်းဖြင့် အလယ်တွင် ဖြစ်ခဲ့သည်ကို ခြုံငုံသိမြင်ခြင်း [**မြင့်** ]

**မိဂသီနှစ်** – နှစ်အမည် ဖြစ်သည်။ (ကောဇာ သက္ကရာဇ်ကို တည်၍ ၂ခုနုတ်၊ အကျန်ကို ၁၂ဖြင့် စားသောအခါ ၉ကြွင်းသောနှစ်ကို မိဂသီနှစ်ဟု ခေါ်သည်။ကျောက်စာများတွင် မြကသိုရ်နှစ်၊ မြကသိုဝ်နှစ်၊ မြဂသေိရ်နှစ်၊ မြိကသိုရ်နှစ်၊ မြိကသျှိုဝ်နှစ်၊ မြဂသေိရ်နှစ်၊ မြိဂ္ဂသိုရ်နှစ်၊ မြက္ကသိုလနှစ်၊ မြိက္ကသောရ်နှစ်၊ မြက္ကသိုဟ်နှစ် ဟူ၍ဖော်ပြသည်) [**မဟာမုနိ၊** ပ၊ စာ ၄၁၀–၁]

**မိဂါသနပလ္လင်** – ပလ္လင်ရှစ်ရပ် ကြည့်

**မိဖုရား** – တိုင်းနိုင်ငံကို အစိုးရသော ရှင်ဘုရင်၏ကြင်ရာတော် (ပုဂံခေတ်ထိုး ကျောက်စာများတွင် မိပုရှာ၊ အမိဖုရှာ၊ အမိပုရှာ၊ အမိပုဟာဟုတွေ့ရသည်။ထိုအရေးအသားမှ မိဖုရား ဟူသော အရေးအသား ဖြစ်လာခဲ့သည်။) [**မြန်မွှင်၊** ၃၊ စာ ၁၃၉]

**မိဖုရားမင်းသမီးအပျိုတော်တွဲ့ရှစ်ဆင့်** – (၁) ဝတီ (၂)ရဇာ (၃)ပဘာ (၄)ကေသာ (၅)စန္ဒာ (၆)မာလာ (၇)မုတ္တာ (၈) ဒေဝီ၊ မပေါ၊ သီရိ၊ သု၊ မင်း[ROB, X, p. 121]

**မိဘဝတ်ငါးပါး** – (၁) မကောင်းသည်ကို တားမြစ်ခြင်း (၂) ကောင်းသည်ကို တိုက်တွန်းခြင်း (၃) အတတ်ပညာသင်ပေးခြင်း (၄) အရွယ်ရောက်သော် ထိမ်းမြားပေးခြင်း (၅) အရင်းအနှီးပေးခြင်း။"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ" [**ရတနာ့ဘဏ်၊** စာ ၇၇]

**မိလိုက်ဘပါထုံး** – မိန်ကလေးတို့က အမိနောက်သို့ငိုက်ကြရ၍ ယောက်ျားကလေးတို့က အဘ နောက်သို့ လိုက်ကြရပြီး မိန်းကလေးတို့ကအမိထံမှလည်းကောင်း၊ ယောက်ျားကလေးတို့ကအဘထံမှလည်းကောင်း အမွေရသည့်ထုံးစံ [**ဓမ္မ၊** စာ ၁၀]

**မိလိန္ဒမင်းကြီး** – အိန္ဒိယအနောက်မြောက်ပိုင်းရှိ သာဂလပြည် (အသီတဥ္စနပြည်)တွင် ဘီစီနှစ်ရာစုနှစ်အလယ်ခန့်က အုပ်စိုးခဲ့သော ဂရိလူမျိုးမင်းကြီး (Milinda or Menander) [**ရှိုင်ရာသစ်၊** ပ၊ စာ ၈၀ နှင့် Sources of Indian Tradition, p. 106]

**မီးကူ** – တိုင်ဆက်၊ ထုပ်ဆက်၊ လျောက်ဆက်ပြုလုပ်ထားသည့်အရာ [**အုပ်ချုပ်၊** ပဠ၊ စာ ၅၁]

**မီးကျင်း** – ထမင်းဟင်းချက်ပြုတ်ရန်အတွက် ပြုလုပ်ထားသောမီးဖိုကျင်း။ "ထမင်း ချက်ပြုတ်သည် မှာလည်း ကျင်းခံ့ပြည့်တူး၍ ချက်ချိန်ကိုသာချက်စေ။...ချက်ပြုတ်ချိန် မောင်းခပ်သည့် အချိန်တွင်းက လွတ်သည့်အချိန်တွင် တအိမ်မျှ မီးပွားမီးပေါက်မပွင့် မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်ကို အမှိုက်ကြက်မွေးနှင့် ထိုးစမ်းသပ်စေ" [ROB, III, p. 204]

**မီးကြည့်နန်းတော်** – မီးအိုး၊ မီးပုံ၊ မီးပန်းရှို့လွှတ်မှုများကို မင်းကေရာဇ် ကြည့်ရှုတော်မူရန် စီစဉ်ထားသည့် နန်းတော် [ROB, V, p. 372. 375]


**မီးခံရေခံရွှေဖလား** – မင်းသားနှင့်စော်ဘွားတို့ကို သစ္စာပေးသောအခါ သစ္စာတော်ပေးစက္ကူ မီးရှို့ရန် အတွက် အသုံးပြုသော ရွှေဖလားနှင့် ရွှေဇေါဓား စိုက်ထောင်ရန်အတွက် သစ္စာရေထည့်ထားသော ရွှေဖလား (သစ္စာတော်စက္ကူကို မီးခံရွှေဖလားတွင် အကျွမ်းမီးရှို့၍ ညက်အောင်ကြိတ်ပြီး ရေခံရွှေဖလားတွင်ထည့်၍ ဖျော်သည်။ ထိုဖျော်ရည်ကို ကျောက်အနားတစ်ရစ်စီ ရွှေဖလားငယ်ဖြင့်ခပ်၍ သစ္စာခံမည့်သူကို တိုက်ကာသစ္စာပေးသည်။) [**အင်ရုံ၊** စာ ၂၀၅]

**မီးစက်ရှို့** – မီးအိုးမီးပုံမီးပန်း ရှို့လွှတ်သည်။ "၁၀ရက်နေ့ မီးစက်ရှို့ပြီးလျှင် မဟာမုနိဘုရားကြီးသို့ အဘူးအမျှော်ဝင်တော်မူမည်" [ROB, V, p. 373]

**မီးတား** *(မီးကာ)* – မြို့တံခါးအပြင်ဘက်တွင် မြို့တံခါးနှင့် တည့်တည့်၌ အလျား ၃တာ (၃၁ ပေခွဲခန့်) အနံထု တစ်တာ (၁၀.၅)ပေခန့်ရှိ အုတ်ဖြင့် တည်ဆောက်ထားသော ခိုင်ခံသည့် နံရံကြီး (ရန်သူတို့က မြို့တံခါးကို သေနတ် အမြောက်၊ မီးပါသည့် လက်နက်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းမပြုနိုင်အောင် တားဆီး ကာကွယ်ရန် တည်ဆောက်ထားသော အုတ်နံရံကြီး ဖြစ်သည်။ တံခါးရွက်ကို မပျက်စီးအောင် ကာကွယ်ရန် တည်ဆောက်ထားခြင်းဖြစ်၍ရှေးအခါက **ရွက်ကာ** ဟုလည်း ခေါ်သည်။) [**မန္တလေး၊** စာ ၁၅၃နှင့် **ဗိုးမှတ်စု၊** စာ ၈၄]

**မီးပေါက်** – နားခွက်ရှိယမ်းကို မီးရှို့၍ ပစ်ရသောသေနတ် သို့မဟုတ် အမြောက် [**ဦးကုလား၊** ၃၊ စာ ၁၂၆ နှင့် **မြန်မာတစ်၊** စာ ၈၅] "မီးပေါက်ခုနစ်လုံး သုံးချက်စီပစ်ဘောက်ရသည်" [**စည်သစ်၊** စာ ၁၁၃]

**မီးပေါင်း** – မီးထွန်းရန် အတွက် ခြေထောက် ပါသော တိုင်ထိပ်တွင် လေမတိုးအောင် အဝကျယ်အိမ်ပြုလုပ်ထားသော မီးအိမ် မီးပွင့်။ "တတာလျှင်မီးပေါင်းမီးပွင့် သုံးကျပ်ဝဲယာ နှစ်ဖက် သွယ်တန်း လျက် ...မီးကြပ်အရာရှိ၊ ထွန်းလှူအမှုထမ်းခွဲဝေရန်



မီးပေါင်း

ထား စောင့်နေထွန်းညိုစေ၍ လှူဒါန်း ပူဇော်တော်မူသည်" [**ကုန်းဘောင်၊**— တ၊ စာ ၅၈၂]

**မီးပုန်** *(ကျောက်)* – တပို့တွဲလတွင် မြတ်စွာဘုရားအား ပူဇော်သောမီးပုံးပွဲ။ "မိပုန်။ သင်ကြန်။ စာရိယ်။ ညောင်ရိယ်သွန်။ မပြတ်စိယ်လှျင်တည်၏" [**၁၂၉၁ နှုန်းထိုး သိုင်ရာသေ့နှင့် အဓိဘွားစောကျောက်စာ** ]

**မီးပုံးပွဲ** *(မီးဖုန်းပွဲ)* – တပိုတွဲလပြည့်နေ့ည သန်းခေါင် အချိန်တွင် နံ့သာထင်းတို့ကို မီးရှို့၍ မြတ်စွာဘုရားအား မီးပူဇော် ကောင်းမှုပြုသည့်ပွဲ [**ကုန်းဘောင်၊** ပ၊ စာ ၅၅၀ နှင့် **ကုန်းဘောင်၊** တ၊ စာ ၅၄၅]

**မီးပုံးယာဂု** – တပို့တွဲလပြည့်နေ့ညတွင် နန်းတော်၊ကျောင်း ဘုရားတို့၏ရှေ့၌ မီးပုံးပွဲ ကျင်းပ၍ ချက်ပြုတ်သော ဆန်ပြုတ်၊ ထမနဲ။ "တပို့တွဲလ နှစ်စဉ် လှူတော်မူမြဲ တဆဲ့နှစ်ရာသီမီးဘုံးယာဂုအလှူတော်ပြင်ထိုး၍...လှူဒါန်း ပေးဝေတော်မူ၏" [**ကုန်းဘောင်၊** တ၊ စာ ၁၇၁]

**မီးမသေ၊ ရေမကြည်** – ခရီးနှစ်ခု အကြားတွင် ငြိမ်းအေး ချမ်းသာသဖြင့် မြို့ရွာအိမ်ခြေ တစ်ဆက်တစ်စပ်တည်း တည်ထွန်းနေသောကြောင့် ချက်ပြုတ်မီး၊ ထွန်းညှိမီးတို့ သေငြိမ်း၍နေသော နေရာလပ်ဟူ၍မရှိ၊ ခရီးသွားလာ သူများအစဉ်အမြဲ ရှိနေသောကြောင့် ချောင်းငယ်မြောင်း ငယ်တို့ အတွင်းရှိ ရေများမကြည်မလင် ဖြစ်နေသည်။ [**တရုတ်သံ၊** စာ ၅၂]

**မီးမသေ၊ ရေမနောက်** – တစ်ပြည်နှင့်တစ်ပြည် ချစ်ကြည် ကြသဖြင့် တိုင်းနိုင်ငံတော် ငြိမ်းချမ်းစည်ပင် သာယာ ဝပြောသောကြောင့် မြို့ရွာအိမ်ခြေ တိုးတက်များပြား လာပြီး ခရီး သွားလာ ရောင်းဝယ်သည့် လမ်းတစ် လျှောက်တွင် ချက်ပြုတ်သောမီး၊ ထွန်းညှိသောမီးများ သေငြိမ်း ပြတ်တောက်နေသည့် နေရာလပ်ဟူ၍မရှိ၊ ငြိမ်းချမ်းသဖြင့် စစ်ချီစစ်တက်မရှိသောကြောင့် အင်း အိုင် ချောင်းမြောင်း အတွင်းရှိ ရေမှာ နောက်ကျိခြင်း မရှိဘဲ ကြည်လင် နေသည်။ [**ဦးကုလား၊** ပ၊ စာ ၂၀၅ အောက်]

**မီးမယ်ဖျူး** – မီးထည့်သောအိုးကင်း၊ မီးလင်းဖို [**မြန်ဖွင့်၊**— ဖြည့်၊ စာ ၂၀၃-၅]

**မီးလောင်တိုက်သွင်းခြင်း** – ရာဇဝတ်ပြစ်မှု သင့်သူများကို သက်ကယ်မိုးသော ဝါးစင်များတွင် တုပ်နှောင်၍ အောက်မှ ယမ်းအိုးများ ဖောက်ခွဲ မီးရှို့သတ်ဖြတ်ခြင်း [**ရွှေဝတီ၊** စာ ၁၈]

**မီးလွှတ်စားကြော** – ဖွပ်လျှော်၍ မီးပူတိုက်ထားသော အဝတ်ဟောင်း မဟုတ်ဘဲ သစ်လွင်သောအဝတ်ကိုသာ ဆင်ယင်ထားသည်။ [**ရွှေမြန်၊** စာ ၆]

**မီးသွေးတိုက်တံခါး** – အင်းဝမြို့တော်တွင်ရှိခဲ့သော မသာ ချမြံတံခါး [**အုပ်ချုပ်၊** ၈၊ စာ ၁၂]

**မီးသွေးသားပုံတော်** – အငြင်းပွားလျက်ရှိသော နယ်နိမိတ် ကို ဘုရင်ကမှတ်သားရေးဆွဲ၍ အဆုံးအဖြတ် ပေးလိုက် သောပုံတော် [ROB, X, p. 121]

**မုစပါဠ်** *(ပါ၊ မုစပါဠ)* – မြတ်စွာဘုရား၏ နှုတ်တော်မှ ဟောတော်မူအပ်သောတရား [**ဦးဟုတ်၊** စာ ၇၇၈]

**မုစဒဿနမင်္ဂလာ** – ဖွားမြင်ပြီးနောက် သုံးရက်မြောက်နေ့ တွင် ကလေးငယ်အား ရတနာသုံးပါးနှင့်ဘိုးဘွားတို့၏ မျက်နှာကို ပြသည့် မင်္ဂလာပွဲ [**မုံရွေး၊** စာ ၃၃]

**မုဆိတ်** – တုရင်၏ အောက်ခြေ အစွန်းတွင် သွယ်ကျဟန် ပုံဖော်ထားသော အပြောက်အမွမ်း [**အုပ်ချုပ်၊** ပ၃၊ စာ ၆၆] (**ဖျားစွဲနှင့်မုဆိတ်လည်းကြည့်** )

**မုဋ္ဌစ** – တစ်ရပ် တစ်နယ်သို့ ရောက်၍ ထိုအရပ် တွင် မယားရပြီး မွေးမြင်သောသားသမီး [**စနကျယ်၊**— စာ ၃၁၂]

**မုဋ္ဌနလ** – လင်ရ၍ ဆယ်လ မရောက်ခင်ရသော သား သမီး [**စနကျယ်၊** စာ ၃၁၀]


**မုဋ္ဌော** *(ပါ)* – လက်တစ်ဆုပ်စာမျှရှိသော သရက္ခန်ဘုရား ဆင်းတုတော်များကို ဂူတိုက်ပြု၍ တည်ထားကိုးကွယ် သောဘုရား၊ မုခ်လိုဏ် ရှိသောစေတီ [**မဟာမုနိ၊** ပ၊ စာ ၄၁၅]

**မုဋ္ဌာန်** *(ပါ၊ သမုဋ္ဌာန)* – (၁) ဖြစ်ပေါ်လာသော အသံ (၂) အသံထွက်၍ပြောခြင်း [**မြင်နှင့် ဦးဟုတ်၊** စာ ၉၉၃] "ပါဠိဂါထာ၊ အက္ခရာ၌၊ နှုတ်လျှာယှဉ်ငင်၊ ပီပြင် မုဋ္ဌာန်၊ ရွှေဂှက်တွန်သို့" [**ဘူရိဒတ်၊** စာ ၁၁၇]

**မုတိမ်းတန္တ** *(ပါ)* – (၁) နိုးသားစားပြ လူဆိုးလူသွမ်း၏ ဘေးအန္တရာယ် (၂) လုယက်တိုက်ခိုက်ခြင်း၊ အလိုမတူ သောမိန်းမကို ကျူးလွန်ပြစ်မှားခြင်း စသောမကောင်းမှု ပြုသည့် လူဆိုး လူမိုက် [**ပေါစာန်၊** စာ ၃၃၊ ၆၅] "သူခိုးကြီးမှု၊ တသီးမငြိမ်း၊ မုတိမ်းတန္တ၊ ဖြဖြဝန်းရစ်၊ ထမြဲဖြစ်၍" [**မုဒု၊** စာ ၂၁]

**မုဒရက်** *(ပါ၊ မဓုရသ)* – (၁) ချိုမြိန်သောအသီး (၂) စပျစ် သီး [**လီနတ္ထ၊** စာ ၁၆၄]

**မုဒရက်ကန်တော့လက်ပံကွင်း** – မုဒရက်သီးပုံ၊ ကန်တော့ပုံနှင့် လက်ပံပွင့်ပုံ ဖော်ထားသော အဆင်တန်ဆာ [**နန်းသုံးယာဉ်၊** စာ ၅၆]



မုဒရက်ကန်တော့လက်ပံကွင်း

**မုဒါဟာတ်** *(အာရဗစ်၊ မုတာဟလ္လာ)* – လှပအောင်တန်ဆာဆင်ထားသည့် အဝတ်အထည် [**မြန်ဗွင်၊** ၃၊ စာ ၁၈၅]

**မုဒြာ** *(သက်)* – လက်ဟန်၊ လက်အနေအထားဟန်ပန် [**မုဒြာ၊** စာ ၂၉]

**မုနိခြောက်ဆူ** – ပူဇော်ကိုးကွယ်အပ်သော ပုဂ္ဂိုလ်ခြောက်ပါး (၁) အာဂါရိယမုနိ–သာသနာတော်၏ အနှစ်သာရကို သိပြီးသော လူဝတ်ကြောင် (၂) အနာဂါရိယမုနိ – သာသနာတော်၏အနှစ်သာရကိုသိပြီးသော ရှင်ရဟန်း (၃) သေက္ခမုနိ – အောက်အရိယာ ခုနစ်ယောက် (၄) အသေက္ခမုနိ–ရဟန္တာ (၅) ပစ္စေကမုနိ–ပစ္စေကဗုဒ္ဓါ (၆) မုနိမုနိ–မြတ်စွာဘုရား [**သုတေသန၊** စာ ၄၁၃]

**မုနိရာဇ** *(ပါ)* – မုနိငါးပါးတို့၏ မင်းဖြစ်သော်မူသော မြတ်စွာဘုရား [**မြန်စာညွှန်၊** ပ၊ ၆၄နှင့် **ဦးဟုတ်၊** စာ ၇၈၄]

**မုနိဿရမုနိပုင်္ဂဝ** *(ပါ)* – ရဟန်းတော်မြတ်တို့၏မင်းဖြစ်သော မြတ်စွာဘုရား [**ဦးဟုတ်၊** စာ ၇၈၃–၄] "မုနိဿရမုနိပုင်္ဂဝဖြစ်တော်မူသော ရှင်စောဘုရား၏ဓာတ်တော်" [**ကုန်းဘောင်၊** တ၊ စာ ၅၆၅]

**မုရိုးစည်** – မျက်နှာနှစ်ဖက်ကို သားရေကျက်၍ ပိတ်သောစည် [**ရွှေမြန်၊** စာ ၁၃၂]၊ မင်းမိန့်များကို ထုတ်ပြန်ကြေညာရန် လှည့်လည်တီးခတ်ရာတွင် သုံးသောစည် [**မြန်ဗွင်၊** ပ၊ စာ ၂၇]

**မုလေးပွား** – စက္ကူကို မုလေးပန်းပွင့်ပုံပေါ်အောင် အသွယ်သွယ် ကိုက်ညှပ်လုပ်ဆောင်ထားသော ပူဇော်ဖွယ်ပစ္စည်း [**မြန်တန်း၊** စာ ၂၇၀] "တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ထီး၊ တံခွန်ပူဇော်တော်မူ၏" [**ကုန်းဘောင်၊** ပ၊ စာ ၅၅]

**မုဟုတ်** – ရေးမြန်မာ ၂နာရီ (ယခုခေတ် ၄၈မိနစ်) နှင့် ညီမျှသောအချိန် [**ရာဇမတ္တ** ]

မျက်စိ ၁၈မှိတ် = ၁ ကဋ္ဌာ
၃၀ကဋ္ဌာ = ၁ ကလာ
၃၀ကလာ = ၁ ခဏ
၁၂ခဏ = ၁ မုဟုတ်
၃၀မုဟုတ် = တစ်နေ့နှင့်တစ်ည(၁ရက်)
၁၅ရက် = ၁ ပက္ခ
၂ပက္ခ = ၁ လ
၁၂လ = ၁ နှစ်[**မေးတော်ဖြေ၊** စာ၅၃၇–၈]

**မုဟုတ္တိက** *(ပါ)* – တစ်ခဏသာ ပေါင်းသင်းသော (ပြည့်တန်ဆာမ) မယား။ "ပြည့်တံဆာပြည်မျက်စိ မိန်းမလည်း မယားတကျိပ်တွင် မုဟုတ္တိကမယားဖြစ်သည်" [ROB, V, p. 468]

**မူလကြွေ့နန်းသစ်** – နန်းတော် ဆောက်လုပ်ရန် အနောက်တောင်ထောင့်တွင် စိုက်ထူသောသစ် [**ကုန်းဘောင်၊** တ၊ စာ ၂၆၂]

**မူလဆစ္စ** *(ပါ၊ မူလစ္ဆေဒ္ဓ)* – (တွယ်တာမှု မရှိတော့ဘဲ) အမြစ်ပြတ်၍ (ပေးခြင်း) [**ဦးဟုတ်၊** စာ ၇၈၅] "အစိုးပိုင်သော အရှင်စိုးမင်းက မူလဆစ္စအားဖြင့် ပိုင်လေတော့ဟု ပေးကမ်းမှ ဆင်းရဲသားတို့မှာလည်း ပိုင်မည်" [ROB, IV, p. 462]

**မူလဋီကာ** – သီဟိုဠ်ရှင်အာနန္ဒာ ရေးဦးပြုစုသည့် အဘိဓမ္မာ ခုနစ်ကျမ်းဋီကာ [**သာသနာ၊** စာ ၄၅]

**မူးရိုးဝဲယာရေဦးပွဲခွန်** – မူးမြစ်ရိုး ဝဲယာရှိ ကျေးရွာများမှ ထွက်သောကုန်စည်များ ရောင်းဝယ်ရာတွင် ကောက်ခံသောအခွန်။ "မူးရိုဝဲယာ ရေဦးပွဲခွန် တောင်ငူလက်မှတ်သိမ်းခွန်... များကို... နတ်သိမ်းတော်မူသည်" [**လွှတ်တော်၊**... စာ ၁၄–၅]

**မေစို** *(တရုတ်)* – မေစု( 梅樹 )ဟုခေါ်သောမက်မန်းပင်

**မေထုန်ရာသီ** – ယောက်ျားနှင့် မိန်းမတို့ ကြိုက်နှစ်သက်သောရာသီ၊ နယုန်လ၊ ဇေဌနက္ခတ်နှင့် ယှဉ်သည်။ နှစ်စဉ်မေလ (၂၂)ရက်နေ့ခန့်မှ ဇွန်လ (၂၁)ရက်နေ့ခန့်အထိဖြစ်သောကာလ [**မဟာမုနိ၊** ပ၊ စာ ၄၁၄] "ရာသီမေထုန်၊ လနယုန်မှ၊ မြူးခုန်ပျော်ရွှင်၊ မိုဃ်းလုပ်လည်း" [**ဆယ့်နှစ်ရာသီ** ၊ စာ ၁၀]

**မေသရီ** – (၁) ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော နန်းတွင်းရှိ မင်းမိန်းမများ (၂) အမိနှင့်တူသော သိရိနတ်သမီး [**ရွှေဝတီ၊** စာ ၂၄၉]

**မဲဆိုးစား** – မိဖုရားများနှင့် နန်းတွင်းသူတို့ အလိုရှိရာ အဝတ်အထည် တို့ကို စီစဉ် ဆက်သရသူ [**ရှိုင်ညွှန်၊** စာ ၁၅၅]

**မဲအိုး** – မဲနယ်ရည် ကျိုချက်ရာတွင် အသုံးပြုသောအိုး

**မောရဝတီ** – ဘူးသီးတောင်နယ်၏ရေးအမည် (ဥဒေါင်းတို့ ပျော်စံရာအရပ်) [**ရှိုင်သု၊** စာ ၆၁]

**မောရိယတိုင်း** – ကလေးပြည် [ROB, VIII, p. 394]

**မောရှမ်း** – မြောက်ပိုင်းရှမ်း [**နိုင်း** ]

**မောသောခတ်** – လုယက်တိုက်ခိုက်သည်။ (**အုန်းအဘိဓာန်၊** မအက္ခရာ)၊ တွေ့ရာသိမ်းယူသည် [**အုပ်ချုပ်၊** ၃၊ စာ ၂၃၄]

**မော်ကွန်း** – ထူးခြားသော အကြောင်းအရာနှင့် ဖြစ်စဉ်တို့ ကို အစွန့်ရှည်ရှည် တည်တံ့ခိုင်မြဲစွာ မှတ်သားနိုင်စေရန် ရေးထိုးထားသော မှတ်တမ်း [**ယုဒသန်၊** စာ ၇၇၁]

**မော်ကွန်းတိုင်** – (၁) အကြောင်းအရာတစ်ခုခုကို အစွန့် ရှည်စွာတည်တံ့ခိုင်မြဲအောင် မှတ်တမ်းပြု၍ စိုက်ထူထား သောတိုင် (၂) မြို့တံခါးအပြင်တွင် မြို့တည်ရက်စွဲ၊ မြို့တော်အမည်နှင့် မြို့တံခါးအမည်တို့ကို ကမ္ပည်းထိုး ၍ အခိုင်အခန့် စိုက်ထူထားသောတိုင် [**မိုးမှတ်စု၊** စာ ၈၃-၄] "တံခါးတော်ပြင် မီးတားရွက်ကာအနီး အုတ် ပလ္လင်သုံးဆင့်ခံ၍ မော်ကွန်းတိုင်စိုက်ထူ ကမ္ပည်းရွက် ကပ်ပြီးလျှင်...ကမ္ပည်းတပ်မှတ်ရ၏" [**ကုန်းဘောင်၊** တ၊ စာ ၂၇၇]

**မော်ကွန်းထိန်း** – မရွှေ့ပြောင်းနိုင်သော မြေယာတို့ကို ပိုင်ဆိုင်မှုမှတ်တမ်း တင်ထားသည့်စာရင်းနှင့်စာဟောင်း စာတမ်းကျောက်စာများကို ထိန်းသိမ်းစောင့်ရှောက် သောအရာရှိ (ပုဂံဒေသတွင် ၁၇၇၆ခုနှစ်အထိမော်ကွန်း ထိန်းရှိခဲ့သည်။) [**အုပ်ချုပ်၊** ၈၊ စာ ၂၉]

**မော်ယော်** – တရုတ်နိုင်ငံတွင် ရက်လုပ်သော အတွင်း အပြင်အသွေးမခြားသည့်ဖဲမျိုး [**ဦးကုလား၊** ပ၊ စာ ၂၇၃အောက်]

**မော်ယွန်း** – ထောင့်ချိုး။"မော်ယွန်းငါးချက်ချိုး၍...မြို့တော် ကြီးအရှေ့မျက်နှာမှာ တံခါးလေးတံခါး ထားတော်မူ သည်" [**ကုန်းဘောင်၊** ပ၊ စာ ၃၆၄]

**မော်လိုင်ချိုး** – ကောက်ကွေ့ပြီးချိုးသည့်အချိုး


**မော်လိပ်အစု** – မိဖုရားကိုယ်လုပ်တော်နှင့် မောင်းမမိဿံတို့ ခိုင်းစေရာ လုပ်ဆောင် ပေးရသော အမှုထမ်းစု [**စည သစ်၊** စာ ၁၂၁] " ကုလားအမတ်နှစ်ရာမှာ... အတွင်း မိန်းမသုံး မော်လိပ်အစုမှာ ဖွဲ့တော်မူလေသည်" [**ရှိုင် ရာသစ်၊** ပ၊ စာ ၃၅၅]

**မံဘုရား** – (ရွှံ့ရုပ်လုံး ပုံကြမ်းပေါ်တွင် ကျွဲ နွား စသော သားကောင်၏ အရိုးပြာ၊ ဖွဲပြာ၊ သက်နံ့၊ ဝတ်လဲတော် စသော အဝတ်အထည်ပြာများနှင့် သစ်စေး ရော၍ ဖော်စပ်ထားသော) သားရိုးဖြင့် မံကာ အခြောက်ခံပြီး အတွင်းရှိ ရွှံ့သားကို ထုတ်၍၊ တစ်ဖန် သားရိုးနှဖြင့် အချောကိုင် ပုံဖော်ထားသော ခေါင်းပွဆင်းတု (ကုန်း ဘောင်ခေတ်ဦးလောက်မှ စတင်၍ မံဘုရားလုပ်ငန်း ပေါ်ထွန်းခဲ့သည်ဟု ခန့်မှန်းရပြီး ၁၉၂၉ ခုနှစ်တွင် ရပ်တန့်သွားခဲ့သည်။ မံဘုရားကို ရွှေဘိုနှင့် ရေဦးနယ် အတွင်းရှိ ကူဖြူ၊ စည်သာမြေ၊ နဘက်ဆိုင်၊ ဖလံခုံ၊ မဲအိုး၊ ရွာသစ်၊ လင်းစရက်ကုန်း၊ လိမ်တောအင်း ပုထိုး စသော ရွာများတွင် လုပ်ကိုင်ခဲ့ကြောင်း သိရ သည်။) [**ရတနာမှုန်၊** အတွဲ ၈/၁၀၊ စာ ၅၄-၆] "ခမည်း တော် မင်းတရားကြီးဘုရား ဝတ်လဲတော်များ ကို ပြာချ၍ လုပ်ဆောင်ရန် မံဆင်းတုတော်ကြီးကို စ၍ ထုလုပ် ရမည့် အခါနေ့ရက်တိုင် ရောက်ရှိသည့် အတိုင်း...စ၍ ထုလုပ်ရသည်" [**ကုန်းဘောင်၊** တ၊ စာ ၄၈၁]

**မိုးကုတ်ကသည်းကြပ်ပြင်နတ်ဆယ်ပါး** – (၁) ဘိုးမင်း တောင်တော်နတ် (၂) နမတော်အကြီးနတ် (၃) နမ တော်အငယ်နတ် (၄) ဆင်ဖြူရှင်နတ် (၅) ကမ္ဘာရှင် နတ် (၆) တော်နန်းကျီနတ် (၇) မြို့တောင်နတ် (၈)ရမုံးရှင်မနတ် (၉)ဘိုမင်းတွန်တိုနတ် (၁၀)ကျောက် သုံးလုံးနတ် [ROB, IX, p. 418]

**မိုးကြိုး** – (၁) ရွှေနှင့်ကြေးကို ဆတူရောစပ်ထားသော သတ္တု (၂) လျှပ်လက်၍ ပစ်သော မိုးကြိုး (မိုးကြိုး ကိုးမျိုး ရှိသည်။ (၁) အသံမပြဘဲ ကျသော မိုးကြိုး (၂) တစ်ဖက်သွား မိုးကြိုး (၃) အမှိုက်သဏ္ဌာန်ကဲ့သို့ ကျသောမိုးကြိုး (၄) ချွန်ချွန်ဂျက်ဂျက်မြည်၍ ကျသော မိုးကြိုး (၅) မျောက်မျက်နှာမော်သကဲ့သို့ ကျသော မိုးကြိုး (၆) ငါးမြူးကဲ့သို့ ကျသော မိုးကြိုး (၇) ကြက် တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး (၈) ထွန်တုံးကဲ့သို့ ကျသောမိုးကြိုး (၉) လောင်မီးမိုးကြိုး)[**သမန္တစက္ခု၊** စာ ၁၉]

**မိုးထိုး** (လုံးတင်)**ဆံထုံး** – ဦးထိပ်တွင် ဆံပင်ကိုရစ်ခွေပြီး ဆံစမှာ မိုးပေါ်သို့ ထိုးထောင်၍ ထွက်နေပုံဆံထုံး [ROB, VIII, p. 594]



မိုးထိုးဆံထုံး

ROB, VIII,p.168

**မိုးနဲ့မိုလ်မှူး** – ရှမ်းပြည်မြေလတ်ဒေသ လုံခြုံရေး၊ သံလွင်အရှေ့ဘက် ကျိုင်းသေည်၊ ကျိုင်းချိုင်၊ ကျိုင်းတုံ၊ မိုင်းလျှည်းနှင့် ဇင်းမယ် ဒေသများ ငြိမ်ဝပ်ရေးတို့အတွက် မိုးနဲတွင် တပ်ရုံးစိုက်၍ ရဲမက်အမှုထမ်းများကို ကွပ်ကဲအုပ်ချုပ် ညွှန်ကြားခြင်း၊ ဆင်မြင်း သေနတ် လက်နက်ကိရိယာ ဘဏ္ဍာတော်များ မယိုယွင်းမလစ်ဟင်းရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အရေးကိစ္စရှိသမျှကို နေပြည်တော်သို့ အစီရင်ခံ၍ မင်းမိန့်အတိုင်း တင်းကြပ်စွာ ဆင့်ဆို စီရင်ခြင်း စသော တာဝန်များကို ထမ်းဆောင်ရသော အကြီးအမှူး [ROB, VIII, pp. 653-4]

**မိုးနှောင်းသံထင်** – (၁) နှောင်းအခါ၊ နှောင်းဘဝ [**မြန်မှုင်၊**–၃၊ စာ ၂၃၈–၉] "ဤယ်ငါ…သောကျွန်လယ်တိုဝ်ကိုဝ်လေ။ မိုဝ်နှောင်းသံထင် အခါနိုက်ညှန် ဆယ်ရစ်သောသူကာ" [**၁၂၁၅ခုနှစ်ထိုး မင်းမယားကျောက်စာ** ] (၂)ဘုန်းသမ္ဘာ ပညာရှိသောသူမြတ် [**ပေါ်ရာဇာ၊** စာ ၅၃]

**မိုးပြေးကျောက်** – ကျောက်စိမ်းမျိုးဝင်ဖြစ်သော ကျောက် [**အောင်**] "တရုတ်ဥဒည်မင်းသို့ … မိုးပြေးကျောက်ချိန် တပိဿာ … လက်ဆောင်တော်များနှင့် ရွှေပေရာဇသံစာတဲ့ပေး၏" [**ကုန်းဆောင်၊** ၃၊ စာ ၄၆]

**မိုးရှုမြင်၏** *(မင်)* – မွေးဖွားသည်။ [**ပုဂံမြန်၊** ၃၊ စာ ၁၈၀]

**မက္ကစဝတ်** *(အင်္ဂလိပ်)* – မက်ဆွဲလ် (Messwell)


**မက္ကတစ်** *(အာမေနီယံ)* – တီ အမ် မက္ကတစ် (T.M. Makertich) [ROB, X, p. 122] (အနောက်နိုင်ငံသားတို့၏အရေးအရာကိုစီရင်ဆောင်ရွက်ရသောအာမေနီယံအနွယ်ဝင်ဖြစ်သည့်ကုလားဝန်၊ မင်းတုန်းမင်း(၁၈၅၃ – ၇၈ လက်ထက်တွင် မလွန်မြို့ဝန်) [Yule, p. XVII]

**မုက္ကတူး** – ဦးနှင့်ပုံတွင် ပျဉ်ချပ်ထူကြီးများခင်း၍ တည်ဆောက်ထားသော လောင်းလှေ [**ကဒီ၊** စာ ၂၄၆ နှင့် **ယုဒသန်၊** စာ ၇၆၁]


**မုက္ကတစ်** *(အာမေနီယံ)* –မက်ကာတစ် (T.M. Makertich)

**မောက်** – ရခိုင်လူမျိုးကို ဘင်္ဂလားသားတို့က ခေါ်သောအမည် (အရှင်သခင်ဟု အဓိပ္ပာယ်ရသည်။) [**ရခိုင်သုံး၊** စာ ၆၈]

**မောက်တို** – အအုံနိမ့်သော၊ အအုံတိုသောခမောက် [**မြန်မှုင်၊**–၃၊ စာ ၂၀၆]



တပ်သားဆောင်းမောက်တို



အရာရှိဆောင်းမောက်တို

**မောက်ရူ** – အထက်သို့ မြင့်တက်နေဟန်ရှိသော အအုံအအုပ်ရှည်ခမောက် (မောက်ရူနှင့် မောက်လူ တူညီသည်။) [**မြန်မှုင်၊** ၃၊ စာ ၂၀၇]




**မောက်သူဓာ** – ဘင်္ဂလားဒတ်(ရှ) နိုင်ငံ မိုရှီဒဘက်မြို့ (Moorshedabad)

**မုစ်ဗိ** – အဝင်ပေါက်တွင်ကပ်၍ တည်ဆောက်ထားသော အဆောင်ငယ်။ အဝင်မုခ်ပေါက်ဖြင့် တည်ဆောက်ထားသောအိမ်။ "အိမ်တော်မုတ်ဘိ ဆောက်၍ ရာဇာဘိသေက ခံတော်မူသည်" [**မှန်နန်း၊** ၃၊ စာ ၂၀၂]

**မဂ္ဂသုခ** *(ပါ)* – မင်္ဂချမ်းသာ [**ဦးဟုတ်၊** စာ ၈၄၅]

**မဂ္ဂင်ရှစ်ပါး** – (၁)သမ္မာဒိဋ္ဌိ–မှန်ကန်စွာရှုမြင်ခြင်း (၂)သမ္မာသင်္ကပ္ပ – မှန်ကန်စွာကြံစည်ခြင်း (၃) သမ္မာဝါစာ –

မှန်ကန်စွာပြောဆိုခြင်း (၄) သမ္မာကမ္မန္တ–မှန်ကန်စွာ ပြုလုပ်ခြင်း (၅) သမ္မာအာဇီဝ–မှန်ကန်စွာအသက်မွေးခြင်း (၆) သမ္မာဝါယမ – မှန်ကန်စွာလုံ့လထုတ်ခြင်း (၇) သမ္မာသတိ–မှန်ကန်စွာအောက်မေ့ခြင်း (၈) သမ္မာ သမာဓိ – မှန်ကန်စွာ စိတ်တည်တံ့ခြင်း [**သုတေသန၊** စာ ၃၈၁–၂]

**မဂ်တရားလေးပါး** – (၁) သောတပတ္တိမဂ် – နိဗ္ဗာန်ကို ရှေးဦးစွာ မြင်နိုင်သောမဂ်တရား (၂) သကဒါဂါမိမဂ်– ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေ နေရတော့မည့် ပုဂ္ဂိုလ်၏မဂ်တရား (၃) အနာဂါမိမဂ်–ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာတော့သော ပုဂ္ဂိုလ်၏မဂ်တရား (၄) အရဟတ္တမဂ်–ကိလေသာကို အကြွင်းမဲ့ ပယ်နိုင်သော ပုဂ္ဂိုလ်၏မဂ်တရား [**သုတေသန၊** စာ ၃၈၂]

**မင်္ဂလာရဲညွှန့်မြင်း** – သီပေါမင်း (၁၈၇၈–၈၅)လက်ထက် ၁၈၈၀ပြည့်နှစ်တွင် စတင် ဖွဲ့စည်းခဲ့သော မြင်းတပ် (မြင်းသည်တို့၏ ဝမ်းဗိုက်နံဘေးတွင် မြင်းရုပ်ထိုးထားသည်။) [**ကုန်းဘောင်၊** တ၊ စာ ၅၄၂–၃ နှင့် **ရွှေနန်းသုံး၊**– စာ ၂၀၇–၈]

**မင်္ဂလာရွှေမောင်း** – မင်းကောရာဇ် ထွက်တော်မူသောအခါ ရှေ့တော်က တီးရသောရွှေမောင်း၊ ထိုရွှေမောင်းတီး အမှုထမ်း (မင်္ဂလာရွှေမောင်းကို နန်းတော်တံခါးနီတော် အတွင်းလက်ယာဘက်တွင် မင်းကြားစည်တော်နှင့်အတူ ထားသည်။) [**ရွှေနန်းသုံး၊** စာ ၁၅၃]

**မင်္ဂလာလက်စွဲ** – ကုန်းဘောင်ခေတ်ဦးမှစ၍ ရွှေနန်းတော် တွင်အိပ်ဖန်စောင့်ထမ်းရွက်ရသော သေနတ်အမှုထမ်း လက်စွဲတော်များ [**ရွှေနန်းသုံး၊** စာ ၃၇]

**မင်္ဂလာအိမ်တော်** – နန်းမတက်မီက စံမြန်းခဲ့သောအိမ် တော် [**ယုဒသန်၊** စာ ၇၃၇] "မင်းကြီး မဟာသီဝ မင်းလှမင်းထင်သည် မင်္ဂလာအိမ်တော် စံတော်မူစဉ် ကပင် ကျေးဇူးသစ္စာတော် နှစ်ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်သည်" [ROB, VIII, p. 724]

**မင်နပိစ** *(ကျောက်)* – မင်းထံအပ်နှံ၏။ [**ကျောက်ပို၊**— စာ ၁၆၅]

**မင်သေ့** – (၁) ထိုးကွင်းမင်ကြောင် (၂) မင်ရေးမင်စာ [**မြန်မွှင်၊** ၃၊ စာ ၄၇] "စာလုံးကြွေကြွေ၊ မင်သေ့ လှလှ၊ ပီသအက္ခရာ၊ မင်းစဉ်စာသို့" [**နေမိဘုံ**၊ – စာ ၁၂၃]

**မင်းကိုချည်** – (၁) အန္တရာယ်ကင်းစေရန်အတွက် မင်း၏ လည်၌ ဆင်သော ပရိတ်ချည် (၂) အန္တရာယ်ကင်းစေ ရန် အတွက် စီရင်ထားသော ပရိတ်ချည် [**ROB**, I, p. 197]

**မင်းကျင့်တရားဆယ်ပါး** – (၁) ဒါန–ပေးကမ်းစွန့်ကြဲခြင်း (၂) သီလ–ငါးပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည် ခြင်း (၃) ပရိစ္စာဂ– ပေးကမ်းချီးမြှင့်ခြင်း (၄) အဇ္ဇဝ– ဖြောင့်မတ်ခြင်း (၅) မဒ္ဒဝ – နူးညံ့ သိမ်မွေ့ခြင်း (၆) တပ – ဥပုသ်သီတင်းသုံးခြင်း (၇) အကောဓ– မေတ္တာစိတ်ဖြင့် ချစ်ခင်မြတ်နိုးခြင်း (၈) အဝိဟိံသ– ဂရုဏာစိတ်ဖြင့် သနားညှာတာခြင်း (၉) ခန္တီ–သည်းခံ ခြင်း (၁၀) အဝိရောဓန–ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း [**အုပ်ချုပ်၊** ပ၊ စာ ၁၄၆–၈]

**မင်းကျင့်တရား ၁၂ပါး** – (၁) ရတနာသုံးပါးကို ပြစ်မှား တော်မမူခြင်း (၂) အဘိဇ္ဈာကို ရှောင်တော်မူခြင်း (၃) အလှူပေးသူတို့အား နှစ်လိုတော်မူခြင်း (၄)ပညာရှိ တို့ကို မြတ်နိုးစွာ ပေါင်းယှဉ်တော်မူခြင်း (၅) လျင်စွာ အလှူပေးတော်မူခြင်း (၆) မွေ့သတ်ဖြတ်ထုံးနှင့်အညီ စီရင်ခြင်း (၇) ပုံစံနည်းနာကို ယူတော်မူခြင်း (၈) ပုံပြင် ကို ပြုတော်မူခြင်း (၉) ငါးပါးသီလ ဆောက်တည် ခြင်း (၁၀) အမျက်ကိုချုပ်တော်မူခြင်း (၁၁) အကုသိုလ် မှုကို မပြုခြင်း (၁၂) ပြည်သူရဟန်းတို့အား ကောင်းစွာ အုပ်ချုပ်ခြင်း [**သုစမုတ်၊** စာ ၃၈၈]

**မင်းကြားစည်** – မတရားပြုကျင့်ခံရလျှင် တရားနှင့်အညီ ဆုံးဖြတ်စီရင်စေရေးအတွက် အုပ်ချုပ်သောမင်း ကြားသိ အောင်တီး၍ တိုင်တန်းရန် နန်းဦးတွင် ချိတ်ဆွဲထား သောစည်။(တရားစည်ဟုလည်းကောင်း၊မင်္ဂလာစည်ဟု လည်းကောင်း ခေါ်သေးသည်။) [**ရွှေဘုံ၊** စာ ၅၃–၄]

**မင်းခမ်းတော်** – မင်းနန်းမင်းခမ်းတွင်ရှိသော အဆောင် အယောင်တော်များ (လက်ယာဘက်ရှိ မင်းခမ်းတော် ဆယ့်သုံးမျိုးမှာ (၁) သန်လျက် (၂) သားမြီးယပ် (၃) ရတနာပန်းတောင်း (၄) ကွမ်းခွက် ရှစ်မြှောင့်နှင့် ခြသေ့ံခံ (၅) စလင့်ကြာ (၆) ကွမ်းထည့် (၇) ကွမ်း ချပ် (၈) ကျပ်လျား (၉) ကရား (၁၀) တကောင်း (၁၁) မြူတာ (၁၂) ထီးလေးစင်း (၁၃) ယပ်မားလေး စင်း။ လက်ဝဲဘက်ရှိ မင်းခမ်းတော် ဆယ့်သုံးမျိုးမှာ (၁) ရတနာဖိနပ် (၂) တောင်ဝှေး (၃) လက်တင်ကြာ (၄) နဂါးကွမ်းခွက် (၅) ကွမ်းလောင်းကြီး (၆) ကွမ်း

လောင်းငယ်(၇)ရတနာဖလား (၈)ကရား (၉) သလင်း ခြောင်(၁၀)သစ်တိုင်(၁၁)မြူတာ (၁၂) ထီးဖြူလေးစင်း (၁၃) ယပ်မားလေးစင်း (ခေတ်အလိုက် အပြောင်း အလဲ အနည်းငယ် ရှိသည်။) [**ရွှေဘုံ၊** စာ ၉၆–၇]

**မင်းခမ်းတိုက်** – မင်းကေရာဇ်၏ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့၏ ရုပ်တုတော်များ၊ လက်ဝဲလက်ယာ မင်းခမ်းတော်များနှင့်နန်းစဉ်စာပေပိဋကတ်တော်များကို သိမ်းဆည်းထားသည့်တိုက် [**ရွှေနန်းသုံး၊** စာ ၁၅၈]

**မင်းခမ်းထီးဖြူတော်ရှစ်စင်း** – လက်ဝဲတော်တွင် ကနက္ကဒဏ် ထီး၊ သူရိယထီး၊ ဝိသုကြုံထီး၊ သမုက္ကထီး။ လက်ယာ တော်တွင် ကမ္ဗုထီး၊ စန္ဒထီး၊ ပဒုမထီး၊ သမုဒ္ဒဇာထီး [**မေးတော်ဖြေ၊** စာ ၁၈၈–၉]

**မင်းခမ်းအလံတော်စုံ** – မင်းခမ်းတော်အဖြစ် စိုက်ထူသော အလံတော်ခုနစ်စင်းမှာ (၁) ဟနုမန်ရုပ်ပါ ရွှေနုရောင် အလံ (၂) ဂဠုန်ရုပ်ပါ အဖြူရောင်အလံ (၃) ဘီလူးရုပ် ပါ အဝါရင့်ရောင်အလံ (၄) ဒေါင်းရုပ်ပါ အညိုရောင် အလံ (၅) ခြင်္သေ့ရုပ်ပါ အစိမ်းရောင်အလံ (၆) ဆင် ရုပ်ပါ အနီရောင်အလံ (၇) နဂါးရုပ်ပါ အဝါနုရောင် အလံ [**နန်းမှု၊** ၄၊ စာ၈၀]

**မင်းဆက်ငါးသွယ်ရှင်ဘို့မယ်** – (၁) ဘုရင်မင်းခေါင် (၂) သားတော်သီဟသူ (၃) မင်းလှငယ် (၄) ကလေး ကျေးတောင်ညို (၅) မိုးညှင်းမင်းတရား ဟူသော မင်းငါးဆက်တို့ မိဖုရားမြှောက်ခဲ့သော ရှင်ဘို့မယ် [**ကဝိ၊** စာ ၁၀၆]

**မင်းတို့စံပြုကျင့်ကြံအပ်သောအရာရှစ်ပါး** – (၁) သိကြား မင်းကဲ့သို့ ကျင့်ကြံခြင်း–သိကြားမင်းသည် နှိပ်ကွပ် အပ်သော နတ်ကို နှိပ်ကွပ်၍ ချီးမြှင့်အပ်သော နတ်ကို ချီးမြှင့်သကဲ့သို့ မင်းကလည်း ထိုနည်းတူ ကျင့်ကြံအပ် ခြင်း (၂) နေကဲ့သို့ ကျင့်ကြံခြင်း–နေသည် ရေမှုရေငွေ့ ကို ဖြည်းညှင်းစွာ စုပ်ယူသကဲ့သို့ မင်းကလည်း အခွန် အတုတ်တို့ကို ပေါ့ပါးစွာ ကောက်ယူအပ်ခြင်း (၃)လေ ကဲ့သို့ ကျင့်ခြင်း – လေသည် သတ္တဝါတို့၏ ကိုယ် အတွင်းသို့ မသိမသာ ဝင်သကဲ့သို့ မင်းကလည်း ပြည်သူတို့ အတွင်းသို့ သူလျှိုထား၍ ဝင်ရောက်စူးစမ်း အပ်ခြင်း (၄) ယမမင်းကဲ့သို့ ကျင့်ခြင်း–ယမမင်းသည် ချစ်သူမုန်းသူဟူ၍ မခွဲခြားဘဲ စီရင်သကဲ့သို့ မင်းက လည်း ချစ်သူမုန်းသူဟူ၍ မခွဲခြားဘဲ အမှုနှင့်လျော်စွာ စီရင်အပ်ခြင်း (၅) သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်း–သမုဒ္ဒရာ သည် ရေကို မတောင့်တသကဲ့သို့ မင်းသည်လည်း ဥစ္စာပစ္စည်းကို မတောင့်တဘဲ ရသမျှကိုသာ ခံယူခြင်း (၆) လကဲ့သို့ ကျင့်ခြင်း–လသည်မြင်မြင်သမျှ လူခပ် သိမ်းတို့ကို ကြည်နူး ရွှင်လန်းစေသကဲ့သို့ မင်းကလည်း ပြည်သူလူအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်အောင် ကျင့် အပ်ခြင်း (၇) မိုးကဲ့သို့ကျင့်ခြင်း–မိုးသည် သတ္တဝါ အပေါင်းတို့အား ရေဖြင့်ရောင့်ရဲစေသကဲ့သို့ မင်းက လည်းအမှုထမ်းအပေါင်းတို့အား မျိုးရိက္ခာပြည့်စုံအောင် ဆောင်ရွက်အပ်ခြင်း (၈) မြေကြီးကဲ့သို့ ကျင့်ခြင်း– မြေကြီးသည် သတ္တဝါအပေါင်း၏ မှီခိုရာဖြစ်သကဲ့သို့ မင်းသည်လည်း ပြည်သူအပေါင်းတို့၏မှီခိုအားထားရာ အဖြစ် ကျင့်အပ်ခြင်း [**အုပ်ချုပ်၊** ပ၊ စာ ၁၃၈–၄၁]

**မင်းတို့ရှောင်ကြဉ်အပ်သောတရားကိုးပါး** – (၁) မှူးကြီး မတ်ကြီးမည်သောပြည့်ဦးကင်းကိုမနှိမ်ခြင်း (၂) ရဟန်း သူတော်ကောင်း ဟူသော ပြည်တံခွန်ကို မလှဲခြင်း (၃) လိမ္မာမြော်မြင်သော ဟူးရားတတ် ပြည်မျက်စိကို မဖောက်ခြင်း(၄)ထောက်လှမ်းတတ်သည့်သူလျှိုကောင်း ဖြစ်သော ပြည်နားကို မပိတ်ပင်ခြင်း (၅)ရန်စွယ်ကို ချိုးဖြတ်နိုင်သော မင်းညီမင်းသားဖြစ်သည့် ပြည်စွယ်ကို မချိုးခြင်း (၆) အဆင်းနှင့် ပြည့်စုံသော သမီးလုလင် ဖြစ်သည့် ပြည့်မျက်နှာကိုမဖုံးခြင်း (၇) သူဌေးသူကြွယ် မည်သော ပြည့်ဝမ်းကို မခွဲခြင်း (၈) အမှုထမ်း သူရဲ သူခက်ဟူသော ပြည့်ခြေကိုမဖြတ်ခြင်း (၉) လက်နက် ကိရိယာဟူသော ပြည့်လက်ကို မဖြတ်ခြင်း [ROB, VIII, p. 393 နှင့် **ရခိုင်ရာသစ်၊** ပ၊ စာ ၂၄၆–၇]


**မင်းတို့၏ ပြကတေ့တရားခုနစ်ပါး** – မင်းတို့အတွက် အခြေခံအားဖြင့် လိုအပ်သော လူသူပစ္စည်း ခုနစ်မျိုး (၁)တရားစောင့်သောမင်း (၂)ပညာရှိမှူးမတ် (၃) ကျုံး မြောင်း မြို့ပြပစ္စင် ခိုင်ခံ့ခြင်း (၄) သူတော်ကောင်း တရားနှင့်ပြည့်စုံသော ပြည်သူလူထု (၅) အပြစ်ရှိသူကို အပြစ်နှင့်လျော်စွာ ဒဏ်ပေးခြင်း (၆) ရွှေငွေ ဥစ္စာ ရတနာပစ္စည်း ပြည့်စုံခြင်း (၇) ပြည်ထောင်ဖက်ချင်း မင်းအဆွေခင်ပွန်းရှိခြင်း [**ရခိုင်ရာသစ်၊** ပ၊ စာ ၈၂ နှင့် **အုပ်ချုပ်၊** ပ၊ စာ ၁၂၆–၈]

**မင်းတို့၏အားငါးပါး** – (၁) ဗဟုဗလ – လက်ရုံးလက်နက် စစ်သည်အင်အား (၂) ဘောဂဗလ – စားနပ် ရိက္ခာ ရွှေငွေရတနာ ပေါများသောအင်အား (၃) အမစ္စဗလ– လိမ္မာသောမှူးမတ်များပြားသောအင်အား (၄) အဘိဇစ္စ


ဗလ–အမျိုးမြင့်မြတ် သန့်ရှင်းခြင်းအင်အား (၅) ပညာဗလ – ဉာဏ်ပညာရှိခြင်း အင်အား [**အုပ်ချုပ်၊** ပ၊ စာ ၉၄–၉]

**မင်းတိုင်းတစ်ဆယ့်နှစ်မှု** – ဆယ့်နှစ်မှုမင်းတိုင်းကြည့်

**မင်းပေါက်** *(စောင်း)* – စောင်းကောက်၏ ကိုယ်ထည် အပေါ်ဘက် အလယ်ပိုင်းတွင် အသံထွက်စေရန် ဖောက်ထားသောအပေါက် [**စောင်း၊**- စာ ၄၇၊ ၅၀]




**မင်းမြောက်တန်ဆာငါးပါး** – (၁) သန်လျက် (၂) ထီးဖြူ (၃) မကိုဋ် သင်းကျစ်(၄)ခြေ နင်း (၅) သားမြီးယပ် [**ရာဇသေဝက၊** စာ ၃၈၇]



မင်းမြောက်တန်ဆာငါးပါး

**မင်းရဲ** – ရဲရင့်သောမင်း (ရဲရင့်၍ ကျော်စောထင်ရှားသော မင်းမှူးမတ်တို့အား မင်းရဲကျော်စွာ၊ မင်းရဲကျော်ထင် ဟူသော ဘွဲ့အမည်များ အပ်နှင်းလေ့ရှိသည်။) [**လိနတ္ထ-** စာ ၃၂၁–၂]

**မင်းသားကြီး** – မင်းသားလတ်ထက် အဆင့်မြင့်၍ လွတ်တက်မင်းသားကြီးအဆင့်သို့ မရောက်သေးသော မင်းသား (မင်းသား အရွယ်ရောက်၍ အတတ်ပညာ အရည်အချင်း အတော်အသင့် ရှိသောအခါ မြင်းမှူး မင်းသား ဖြစ်လာတတ်သည်။ ၄င်းထက်မင်းသားလတ်က အဆင့်မြင့်သည်။ ထိုထက် မင်းသားကြီးက မြင့်သည်။ မင်းသားကြီးထက် လွတ်တက်မင်းသားကြီးက မြင့်သည်။) [**ရွှေဝတီ၊** စာ ၅၇]

**မင်းဥက္ကါ** – စစ်ရေးစစ်ရာ၌ ထင်ရှားကျော်စောသောမင်း [**လိနတ္ထ၊** စာ ၃၆၇–၈]

**မောင်မောင်** – မှူးတော် မတ်တော်တို့၏ သား မြေးများကို မှည့်ခေါ်သော အမည် [**ရွှေနန်းသုံး၊** စာ ၂၅၁]

**မောင်းခတ်** – (၁) မောင်းကြီး မောင်းငယ်တို့ကို သွန်းခတ်ပေးရသော အမှုထမ်း (၂) သတင်းစကား ကြေညာရန် မောင်းတီးသည်။ [**ရွှေနန်းသုံး၊** စာ ၁၆၀–၁]

**မောင်းမလည်** – မောင်းမမိဿံတို့ ပတ်လည်ဝိုင်းထိုင်၍ ခစားရသော(အကာအရံပတ်လည်ရှိ) နေရာနိမ့် [**ရွှေဘုံ၊**- စာ ၃၆]၊ ကြမ်းဆင့် အနိမ့်အမြင့်ရှိသော နေရာတွင် အမြင့် ပတ်လည်၌ ပြုလုပ်ထားသော အကာအရံ [**အုပ်ချုပ်၊** ပဥ၊ စာ ၅၁]

**မိုင်း** *(ရှမ်း)* – မြို့ [**ရာဇဝင်သစ်၊** တ၊ စာ ၈]

**မိုင်းလုံး** – အကွက်အပြောက် ဖော်ထားသော ကတ္တီပါ [**ဦးကုလား၊** ပ၊ စာ ၂၇၃အောက်]

**မိုင်းလုံးခပင်း** – ယခု လာအိုနိုင်ငံ လွမ်ပရာဘမ် (Luang Prabang) [**ပြည်မြန်၊** စာ ၁၂၃]

**မစ္ဆဂီရိ** *(မစ္ဆ–ငါး၊ ဂီရိ–တောင်)* – ယခု သရက်ခရိုင်၏ ဝန်းကျင်ဒေသဖြစ်သော ဧရာဝတီမြစ် အနောက်ဘက်ရှိ တောင်စဉ် တောင်တန်းဒေသ (**ဝေါဟာရဝိပ္ပလ္လာသ လက္ခဏာဒီပက** ကျမ်းတွင်မူ မစ္ဆဂီရိတိုင်း အတွင်းတွင် ရခိုင်၊ ပဋိက္ကရား၊ တောင်စဉ်ခုနစ်ခရိုင်၊ ရမ်းဗြဲကျွန်းနှင့် သက်တို့ဒေသများ ပါဝင်သည်ဟု ဖော်ပြ၏။ ရခိုင် ဘုရင်မင်းထီး (၁၂၈၉–၁၃၇၄)လက်ထက်တွင် အရှေ့ သက်တို့မငြိမ်မသက်သဖြင့် အမတ်ကိုယ်ရံကြီးကို ချီတက်တိုက်ခိုက်စေသည်။ ထိုစဉ်က သက်မင်းနေထိုင်ရာဒေသမှာ မစ္ဆဂီရိဟုဆိုသည်။**ရခိုင်ရာဇဝင်သစ်** တွင် "သက်မင်းနေသော မိစ္ဆာဂီရိ သရက်မြို့ကို ဒါးလုံ့ မကျိုးရပြီးမှ ပြည်မြို့သို့ချီလေသော်"ဟု ဖော်ပြသဖြင့် မစ္ဆဂီရိဟူသည် သရက်မြို့ဝန်းကျင်ဒေသ ဖြစ်ကြောင်း သိရပေသည်။ [**အုပ်ချုပ်၊** ဒု၊ စာ ၉၆။ **ဝိပ္ပလ္လာ၊** စာ ၃၀၃။ **ဓညသစ်၊** စာ ၁၂၆–၈၊ **ရခိုင်ရာသစ်၊** ပ၊ စာ ၃၇၀–၉]

**မစ်ရှီဂျူလဖေရီ** *(ပြင်သစ်)* – Mon. Jules Ferry

**မစ်ရှီဖရိတ်ဒါရစ်ဟက်စ** *(ပြင်သစ်)* – ဖရက်ဒရစ်ဟတ်(စ) (Mon. Frederic Haas]

**မဇ္ဈိမဒေသ** – အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဖြစ်သော ဂင်္ဂါမြစ်ဝှမ်း ဒေသ (အရှေ့ဘက်တွင် ဘင်္ဂလားနယ်အထိ၊

အနောက်ဘက်တွင် ပန်ဂျပ်ပြည်နယ်အထိ၊ မြောက်ဘက်တွင် ဟိမဝန္တာတောင်အထိ၊ တောင်ဘက်တွင် ဗင်းဒီးယားတောင်အထိ ဖြစ်သောဒေသဟု ဆရာတော် စန္ဒမာလာလင်္ကာရ စီရင်သော **ရခိုင်ရာဇဝင်သစ်** တွင် ဖော်ပြသည်။) [**ရခိုင်ရာသစ်၊** ပ၊ စာ ၇၄]

**မဋ္ဌိမပုရိသအတောင်** — အရပ် ခြောက်ပေ မြင့်သော ယောက်ျား၏ အတောင် = ၁၈လက်မခန့် [**မေးတော်ဖြေ၊** စာ ၁၀–၁၁၊ ၅၃၅]

**မဏ္ဍိုက** *(ပါ)* — အလယ်၊ မွန်းတည့်သောအခါ [**ဦးဟုတ်၊** စာ ၇၄၉]

**မည်စလီပရုပ်** — မစ္စတာ ဟင်နရီဘရုပ် (Mr. Henry Brooke)

**မည်သရီ** *(အာရဗစ်၊ မှသျူဒ္ဒရ်)* — အပွင့် အဆင် ပါသော ကတ္တီပါ [**မြန်မွှင်၊** ၃၊ စာ ၁၈၅]

**မဏ္ဍာကမ္ဗာ** — ဘုရားနှစ်ဆူ ပွင့်သောကမ္ဘာ [**ရခိုင်ရာသစ်၊** ပ၊ စာ ၁၃]

**မဏ္ဍလိကမင်း** — နေရာဒေသတစ်ခုကို စိုးပိုင်သောမင်း [**ဦး ဟုတ်၊** စာ ၇၅၁]

**မတ်ကလတ်** *(အင်္ဂလိပ်)* — ဆာချားတီမက်ကလပ် (Sir Charles T. Metcalfe) [ROB, X, p. 123]

**မိတ်ဂြိုဟ်** — မိတ်ဖက်ဖြစ်သောဂြိုဟ် (တနင်္ဂနွေ နှင့် ကြာသပတေး၊ တနင်္လာနှင့် ဗုဒ္ဓဟူးအင်္ဂါနှင့်သောကြာ၊ စနေနှင့် ရာဟုတို့သည် မိတ်ဂြိုဟ်ဖြစ်သည်။ လင်္ကာဖြင့် "အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း"ဟု ရွတ်ဆိုသည်။) [**မြင့်** ]

**မိတ္တဂြိုဟ်** — ကြာသပတေးဂြိုဟ် မှ တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်မှ တနင်္လာဂြိုဟ်၊ သောကြာဂြိုဟ်မှ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်မှ စနေဂြိုဟ်သို့ လှမ်း၍ မြင်ခြင်း [**မြင့်** ]

**မိတ်တံခါး** — မြို့ရိုးတစ်ဖက်စီ၌ တံခါးသုံးပေါက်ရှိသော အခါ အလယ်တံခါး၏ တစ်ဖက်တစ်ချက်၌ ရှိသော တံခါး [**ကုန်းဆောင်၊** ပ၊ စာ ၅၈၄ နှင့် **ကုန်းဆောင်၊** တ၊ စာ ၂၇၆]

**မုတ္တမ ၃၂မြို့** — (၁) မုတ္တမ (၂) ရေး (၃) ဘင်လှိုင် (၄) ဝါခရု (၅) မော်လမြိုင် (၆) ဝင်ယော် (၇)လကွန်းဗျည်း (၈) ကျိုင် (၉) ကော့ (၁၀) ဘီလူးကျွန်း (၁၁) ရေး (၁၂) အထရံ (၁၃) မြိုင် (၁၄) တုံဝန်း (၁၅) ကျိတ် (၁၆) တုံတမိ (၁၇) အိပြစ် (၁၈) ဇမိ (၁၉) တောင်ပို (၂၀) တိုက်ကုလား (၂၁) ရဲ (၂၂) သနိုင် (၂၃) ဓွယ်ယ (၂၄) ထားကျိုင်း (၂၅) ယင်ငြိမ် (၂၆) အိဖဲ (၂၇) လှိုင်ဘွဲ့ (၂၈) ယင်အုံ (၂၉) ကော့ပိန် (၃၀) လမိုင်း (၃၁) မြဝတီ (၃၂) ကလိန်အောင် (၃၃) ဝွန်ကြီး [**မုတ္တမ ၃၂၊** စာ ၁–၃၇နှင့် **မုတ္တမ၊** စာ ၂၄၂–၄] (၃၃မြို့မှ မုတ္တမမြို့ကို နုတ်လျှင် ၃၂မြို့ကျန်ပါသည်။ ခေတ်ကာလ အလိုက် အနည်းငယ် အပြောင်းအလဲရှိပါသည်။)

**မုတ္တာ** *(မဂဓ)* — ပုလဲ [**ဓိဓ္ဓလ္လာ၊** စာ ၈၆]

**မုတ္တော** — လက်ရိုရာဟုဖမ်း၍ လွတ်သောအချိန်၌ ပြီးမြောက်အောင်မြင်သော ဘုရား [**မဟာမုနိ၊** ပ၊ စာ ၄၁၅]

**မုတ်လှကန္တားပေါင်း** — မင်းပွဲသဘင်တွင် နန်းစဉ်ကိုယ်လုပ်တော်နှင့် မှူးမတ်ကတော်မယားတို့ စီးနင်းသည့် လှပသော ပေါင်းမိုးတပ်ယာဉ်တစ်မျိုး "မှူးတော် မတ်တော်တို့ မယားတို့ မုတ်လှကန္တားပေါင်းနှင့် လိုက်ရသည်" [**အင်ရုံ၊** စာ ၃၂၁] "မှူးတော် မတ်တော် ကတော်မယားတို့ သနားခံရသည့် မုတ်လှ ကန္တားပေါင်း ယည်သန်လျင်းတို့နှင့် ကျင်းပခြံရံစေ၍" [**ကုန်းဆောင်၊** ပ၊ စာ ၄၄၀]

**မုတ်သုံ၊ မုသုံ** *(အာရဗစ်–မောဆမ်–mausam)* — ရာသီလေ [**မြန်မွှင်၊** ၃၊ ၁၉၉–၂၀၀] "လေရေအဟုံ၊ မုသုံပြောင်းဖြောင်း၊ နတ်ကောင်းစောင့်၍" [**ဓမ္မဝိလာသ မှန်ထိုး– မန္တလေးမဟာဗောဓိကျောက်စာ** ]

**မေတ္တေယျာသန** — ခြေနှစ်ဖက်ကို အောက်သို့ချ၍၊ အောက်ချထားသော ခြေနှစ်ဖက်ကို ကြက်ခြေခတ်ပြုပြီးထိုင်နေဟန် (ဘုရားလောင်း မေတ္တေယျ၏ ထိုင်ဟန်ကိုစွဲ၍ ခေါ်ခြင်းဖြစ်သည်။ စိုးရိမ်မှုမျိုးမရှိဘဲ စိတ်အားတက်ကြွနေသော သဘောဖြစ်သည်။) [**အာသန၊** စာ ၁၁၅]

**မုဒ္ဒရ** *(ပါ)* — လျှာထိပ်အရပ်၌ ဖြစ်သောအက္ခရာ [**မြင့်**–] [မုဒ္ဒဇာန–လျှာထိပ်အရပ်၊ အာခေါင်အရပ် (**ဦးဟုတ်၊**– စာ ၇၈၃)]

**မုဒ္ဒါဘိသိက်** — ဘိသိက် ၁၄ပါးကြည့်

**မန်ကျည်းရွက်** *(အဆင်တန်ဆာ)* — မန်ကျည်းရွက်သဏ္ဌာန်ရွက်တန်၏ တစ်ဖက်တစ်ချက်တွင် အရွက်ငယ်များ ညီညာစွာ ဖော်ထားသောပုံ။ "ဘိနပ်ကုလားပန်း၊ အိမ်အတွင်း ညောင်ရွက်၊ အနားမန်ကျည်းရွက်၊ ဘဝါးရွဲ" [ROB, VIII, p. 1011]

**မန္တလေးမြို့တည်ခုနှစ်လီစုံညီတစ်ပြိုက်နက်** - ၁၈၅၉ ခုနှစ်တွင် မန္တလေးမြို့ကို တည်သောအခါ ဌာန ခုနစ်ခုကို တစ်ပြိုင်တည်း တည်သည်။ [(၁) မြို့တော် (၂) ကျုံး တော် (၃) စေတီတော် (၄) သိမ်တော် (၅) ကျောင်း တော် (၆) ပိဋကတ်တိုက် (၇) သုခမ္မာ ဇရပ်တော် ဟူသော ဌာနများဖြစ်သည်။] [**သုတေသန၊** စာ ၃၉၁]

**မန္တဝိဇ္ဇာ** - မန္တာန်ပညာကျွမ်းကျင်သူ [**ရွှေမြန်၊** စာ ၈၁]

**မန္တီသတ္တိ** *(ပါ)* - ဆွေးနွေးတိုင်ပင်သောစွမ်းရည် [**ဆုံးတော်ဖြေ၊** စာ ၆၁၅]

**မန္တတ်** *(ပါ၊ မန္တာတာ)* - မန္တာတ်မင်း [**ဦးဟုတ်၊** စာ ၇၆၀]

**မန်လည်ငါးရွာ** - (၁) နန်းပါး (၂) အင်းတော (၃) ခင်လိန် (၄) ပင်သည် (၅)ကွန်တောင် [**စမူ၊** စာ ၂၉]

**မိန်ညို** - စစ်သည်တော်တို့ဝတ်သော အပေါ်အင်္ကျီ [**သိချင်း-ပ၊** စာ ၁၆၀]

**မိန်ရာသီ** - ငါးတို့ ရှင်မြူး ကြိုက်နှစ်သက်သော ရာသီ၊ တပေါင်းလ၊ ဘရဂုဏ္ဏီနက္ခတ်နှင့် ယှဉ်သည်။ နှစ်စဉ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ခန့်မှ မတ်လ (၂၀)ရက်နေ့ ခန့်အထိ ဖြစ်သောကာလ။ "ပြည့်ဝအညီ၊ မိန်ရာသီဟု၊ သရဖိပိတောက်၊ ခိုင်မြောက်ညွှန့်ညောင်း၊ ဝတ်မှုံလောင်း သည်၊ တပေါင်းလသာ" [**ဆယ့်နှစ်ရာသီ၊** စာ ၃၃]

**မိန်းမတို့တွင် အပြစ် ၆ပါး** - (၁) အရပ်မြင့်လွန်းခြင်း (၂)အရပ်အလွန်ပုခြင်း (၃) အလွန်ဝခြင်း (၄) အလွန် ပိန်ခြင်း (၅) အလွန်ဖြူခြင်း (၆) အလွန်မည်းခြင်း [**မှန်နန်း၊** ပ၊ စာ ၅၀ နှင့် **သုခမုတ်၊** စာ ၂၁၈]

**မိန်းမတို့မာန်တက်ခြင်းလေးပါး** - (၁) ဥစ္စာပစ္စည်းကြွယ်ဝ သဖြင့်မာန်တက်ခြင်း (၂)အဆင်းကြောင့်မာန်တက်ခြင်း (၃) အမျိုးကြောင့် မာန်တက်ခြင်း (၄) ဆွေမျိုးမိတ်ဆွေ ပေါ်များသဖြင့် မာန်တက်ခြင်း [**မနုစမ္မ၊** စာ ၈]

**မိန်းမတို့၏ အားငါးပါး** - (၁) အဆင်းအား (၂) စည်းစိမ် အား (၃) ဆွေမျိုးအား (၄) သားသမီးအား (၅)သီလ အား [**ရာဇသေဝက၊** စာ ၂၀၈]

**မိန်းမမြတ်တို့၏ကောင်းခြင်းအင်္ဂါငါးပါး** - (၁)အဆင်း လှခြင်း (၂) စည်းစိမ်ချမ်းသာရှိခြင်း (၃) သီတင်း သီလ ဆောက်တည်ခြင်း (၄) တတ်သိ လိမ္မာခြင်း (၅)လုံ့လဝီရိယရှိခြင်း [**သုခမုတ်၊** စာ ၁၇၂ နှင့် **မှန်နန်း၊-** ပ၊ စာ ၅၀]

**မိန်းမသနာ** - မိန်းမ [**ယုဒသန်၊** စာ ၇၅၄]

**မိန်းသစ်ဆင်တော်** - အရည်အသွေးနိမ့်သောဆင် [ROB, VIII, p. 64]

**မှန်** - မေထုန်စိတ်ကြောင့်ဆင်ထီး၏ နားသယ်ရှိ အပေါက် ငယ်မှ ယိုဆင်းသောအရည် [**မြန်မာ၊** စာ ၂၈၀] "သံလိုက်စီးသောဆင် မှန်နှင့်ဖြစ်၍ မှန်နံ့ကိုရလျှင် အောက်ပြလကွန်းအိန်မာ စီးသောဆင် မျက်နှာသုန်၍ ပြေးလေ၏" [**မှန်နန်း၊** ၃၊ စာ ၂၃၉]

**မုံကာထည်** - အာသံတွင် ရက်လုပ်သော ပိုးထည်ကြမ်း [ROB, X, p. 121]

**မုံရွေးလေးရွာ** - (၁) မုံရွေးရွာ (၂) ကြေးမုံရွာ (၃) နွား ထိန်းရွာ (၄) ရှစ်ဆယ်ရွာ [**မုံရွေး၊** စာ ၁၃]

**မယ်ကော်လီ** *(အင်္ဂလိပ်)* - ကပ္ပတိန် မက်ကောလေး (Captain Macaulay) [ROB, VIII, p. 522]

**မယ်ခလောက်** *(အင်္ဂလိပ်)* - မက်ကလောက် (Mc Cleod)

**မယ်စယ်ဂရံ** *(အင်္ဂလိပ်)* - မေဂျာဂရန့် (Major Grant)


**မယ်စယ်ဘောရနီ** *(အင်္ဂလိပ်)* - မေဂျာဟင်နရီဘာနေ (Major Henry Burney) [ROB, VIII, p. 571]

**မယ်န** - သံချွန်၊ သံမှို [**ဦးကုလား၊** ၃၊ စာ ၃၀ အောက်]

**မယ်ဖျူး** - မီးလင်းဖို၊ မီးအိုးကင်း (မီးမယ်ဖျူးလည်းကြည့်) [**တွင်းသင်းပေါ၊** စာ ၃၃] "ဝင်းစာချီတို့က ထင်းစည်း ၁၀၀၀ ရုံးတော်တွင် တင်လှာသည်။ ရွှေတိုက်ဝန်က မယ်ဖျူး ၁၀၀၀ တင်လှာသည်" [**အင်ရုံ၊** စာ ၃၂၆]

**မာရ်ကွိသလ်ဒါလဦးသီ** *(အင်္ဂလိပ်)* - မားကွစ် သယ် ဒါလဟိုဇီ (Marquis the Dalhousie)

**မလ္လိကာ** - လက်ရင်းကျုံ့၍ လက်ဖျားကျယ်ပြီး ပခုံးတွင် အချွန်အကော့ဖြင့် ရွှေဇာ ငွေဇာ ရွှေပွင့် ငွေပွင့် ကြက်ခြယ်လှယ် ချုပ်လုပ်ထားသော သုံးဆင့်သို့မဟုတ် လေးဆင့်သင်တိုင်း အင်္ကျီ [**ရွှေနန်း-** ၊ ၁/၂၊ စာ ၇၊ ပုံ ၈၆]



မလ္လိကာသင်တိုင်း

**မိဿရာသီ** - ဆိတ်တို့ ကြိုက်နှစ်သက်သော ရာသီ၊ တန်ခူးလ၊ စိတြနက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် မတ်လ (၂၁)ရက်နေ့ခန့်မှ ဧပြီလ(၂၀)ရက်နေ့ခန့်အထိဖြစ်သော ကာလ။ "မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က... တောင်လေသုတ်ဖြူးလတန်ခူးမှု"[**ဆယ့်နှစ်ရာသီ၊** စာ၆]

**မုဿလမ်** – အစွလမ်ဘာသာဝင် (မုစလင်) [**ညွှသစ်၊**— စာ ၁၂၅-၆]

**မျက်နှာနဖူးမည်း** – ကျော်ကသည်း၊ ဗီယက်နမ်လူမျိုး [**စမ္ဗူ၊** စာ ၈]

**မျက်နှာမည်း** – ကျော်ကသည်း၊ ဗီယက်နမ်လူမျိုး [**စမ္ဗူ၊**— စာ ၈] "အရှေ့ကိုလားသော် နားတဘက်ဖောက် ခါးတဘက်တို့ မှည့်တလုံး မျက်နှာနဘူးမည်း ကျော်ကသည်း မြေနှင့် အစပ် [**စမ္ဗူ၊** စာ ၄၈]

**မျက်ပါးရွှေခွန်** – ရွှေမျက်ပါးခတ်လုပ်ငန်းများမှ ကောက်ခံသောအခွန် [**လွှတ်တော်မှတ်၊** စာ ၂၅၀]

**မျက်ပါးရွှေပစာ** – မျက်ပါးရွှေဆိုင်းပြင်ရန်အတွက်စီစဉ်ထားသော ရွှေထုပ် [**လွှတ်တော်မှတ်၊** စာ ၂၅၀]

**မျက်မှောင်ကြိုး** – *(ရာဇဝတ်သားတို့ကို ချည်နှောင်သည့်)* လက်ပြန်ကြိုး [**ရွှေမြန်၊** စာ ၉၆] "ငမြတ်တော်ငယ်ကို မျက်မှောင်ကြိုးဖြင့် နှောင်၍ ကြိုက်ရာကွပ်လေ ဟူ၍ အပ်တော်မူလိုက်၏" [**မှန်နန်း၊** ၃၊ စာ ၄၉]

**မျက်မှောင်ချည်သည်** – လုံးပတ် ၁/၈ လက်မခန့် ရှိပြီး အရှည်ခြောက်ပေခန့် ရှိသောကြိုးဖြင့် လက်ပြန်ကြိုး တုပ်၍ ချည်နှောင်သည် [**အုပ်ချုပ်၊** တ၊ စာ ၁၈၃-၄] "မျက်မှောင်ဟူသော။ လက်ပြန်ချည်ချေသော်။ ငွေအကျပ်သုံးဆယ်လျော့စေ" [**မနုကျယ်၊** စာ ၁၀၉]

**မျက်လဲစင်တော်မူလျှင်** – မျက်သစ်ရေဖြင့် မျက်နှာတော်ကို သန့်စင်တော် မူပြီးသောအခါ [**ဗိုလ်ပွဲလွှာ၊** စာ ၂၇၆] "မျက်လဲ စင်တော်မူလျှင် အိပ်မက်တော် အလိုကို ဖတ်တော်မူသည်" [**ကုန်းဘောင်၊** ၃၊ စာ ၄၆၅]

**မျောက်ထိုင်လက်ရုံး** *(စောင်း)* –မျောက်တစ်ကောင် ထိုင်နေသည်ကို ဘေးတိုက်ကြည့်၍ မြင်ရပုံနှင့်တူအောင်ပြုလုပ်ထားသည့်စောင်းကောက်၏လက်ရုံး [**စောင်း၊**— စာ ၄၅]


**မျောက်မျဉ်း** – အိပ်၍ မပျော်တစ်ချက် ပျော်တစ်ချက် ဖြစ်နေသည်။ [**ယုဒသန်၊** စာ ၇၈၂]

**မျောက်မြီးအမြောက်တော်** – လှေပေါ်တွင်တင်၍ ပစ်သော အမြောက်။ "ဖောင်တော် လှေတော်ကတ္တူ လွန်းကြင်သားလှေငှက်လှေတို့နှင့်...မျောက်မြီး အမြောက်တော်ကြီးခြောက်၊ ရွှေဒိုင်း ရွှေလွှား ရွှေကာ၊ မိုးနဲရွှေလှံ ကိုင်ကောင်ဟန်အမှုထမ်း...ခန့်ထားလိုက်ရ၏" [**ကုန်းဘောင်၊** တ၊ စာ ၆-၇]

**မျောက်သား** *(မြောက်သား)* – မင်းသား မင်းသမီးတို့နှင့် အစဉ်အမြဲ ပူးတွဲနေထိုင် ပေါင်းသင်းသူ၊ ဇနီးမယား၊ ခင်ပွန်းလင် [**မြန်မှုင်၊** ၃၊ စာ ၂၄၂-၈] "သက္ကရာဇ် ၇၁၆ ခုနှစ် ... အသခ်ယာစောယွမ်းသမီး စိုးမင်း ကိုယ်တော်ကြီး မြောက်သားတော် မင်းဖျောက်မင်း ဖြစ်တော်မူ၏" [**ဦးကုလား၊** ပ၊ စာ ၁၈၅]

**မျဉ်းတား** – စည်းရိုးအကာ။ "အရံမြင်း(မျဉ်း)တား၊ ကုဋိ၊ ဆွမ်းချက်တဲနှင့် ဆောက်လုပ်တော်မူသည့် ကျောင်းတော်ကိုး" [**ကုန်းဘောင်၊** တ၊ စာ ၃၇၅]

**မျဉ်းတိုမျဉ်းရှည်** – ပခုံးနှင့် လက်အိုး လက်ဖျားတို့တွင် ငါးပတ်ခံတွင်းခေါ် အကော့အလန်များဖြင့် ခြယ်လှယ်ထားပြီး ကိုယ်ထည်တွင် ရွှေချည်ထိုး ငွေပွင့်ကြဲ စီရင်ချုပ်လုပ်ထားသော စစ်ဝတ်အပေါ်ပိုင်း အင်္ကျီတိုနှင့်အောက်ပိုင်းအထိရောက်သောစစ်ဝတ်အင်္ကျီရှည် [**ယုဒသန်၊** စာ၇၈၁၊ **အုပ်ချုပ်၊** စ၊ စာ ၁၂၁ နှင့် **ဦးကုလား၊**— ၃၊ စာ ၂၀၂အောက်၊ **ဗိုလ်ပွဲလွှာ၊** စာ ၂၃၀]




**မျဉ်းနား** – အနားစပ် တစ်လျှောက်တွင် အလှအပအဖြစ် ရေးဆွဲထားသော မျဉ်းကြောင်းအဆင်တန်ဆာ [BED, pt iv, p. 262]

**မျဉ်းနားဇာဖောက်ပန်းတပ်** – အနားစပ် တစ်လျှောက် ဇာဖောက်၍ ပန်းတပ်ဆင်ထားသော အဆင်တန်ဆာ "ကာမမင်းသားကို ဖောင်းကတ္တီပါနီ ... သရက်ကင်းမြင်းနားဇာဖောက် ပန်းတပ်၊ တမာရွက်ထောင်... ပေးတော်မူသည်" [**ကုန်းဘောင်၊** ပ၊ စာ ၅၅၂]

**မျဉ်းနီ** *(ပေ)* – ဟသ်ပဒါး သုပ်လိမ်းထားသဖြင့် ညီညာသော ဘေးတစ်ဖက်တစ်ချက်တွင် အနီရောင် ဖြစ်နေသောပေထုပ် [**ရှေးဟောင်းပေ၊** စာ ၂၃]

**မျဉ်းနက်** – လေးဖက်စလုံးသစ်စေးသုတ်ထားသော ပေထုပ် [**ရှေးဟောင်းပေ၊** စာ ၂၃]

**မျဉ်းဖြူ** *(ပေ)* – ရွှေချထားခြင်း၊ ဟသ်ပဒါး သုတ်လိမ်းထားခြင်း၊ သစ်စေး သုတ်ထားခြင်း မရှိဘဲ ပကတိ အဖြူထည်အတိုင်း ထားသောပေထုပ် [**ရှေးဟောင်းပေ၊** စာ ၂၃]

**မျည်းတဲပြည်** – ကသည်းပြည် (ကသည်းတို့မှာ မေသဲ Meitheis လူမျိုးစု ဖြစ်သောကြောင့် ၎င်းတို့နိုင်ငံကို လည်း မေသဲပြည် မျည်းတဲပြည်ဟုခေါ်ဝေါ်ခြင်း ဖြစ်သည်။) [**ရာဇဝင်သစ်၊** တ၊ စာ၁၄၁]"ကသည်း စော်ဖွားက ရတနာပူရပြည်နှင့် မျည်းတဲပြည် မိတ်သဟာ ဖြစ်၍ သံတမန်မပြတ် စေပါးရောက်ကြသည်" [**ရာဇဝင်သစ်၊** တ၊ စာ ၁၄၁]

**မြစေ** *(ကျောက်)* – လူစိမ်း [**မှုဂ်မြိန်၊** ၃၊ စာ ၂၀၅]

**မြတပူ** – ရှေးမြန်မာစစ်သည်တို့ သုံးစွဲခဲ့သော အမြောက် တစ်မျိုး [**ဦးကုလား၊** ပ၊ စာ ၂၅၀ အောက်] "မင်းတရား ရွှေထီးက အမြောက်ကြီးမြတပူနှင့်လွှတ်လျှင်စော်ဘွားတို့ တိုက်လှေနစ်ချေ ကွဲချေ၍ လှေတပ်ပျက်ချေသည်" [**မှန်နန်း၊** ၃၊ စာ ၁၄၇]

**မြလူ** *(ကျောက်)* – အခြားသောသူ၊ သူတထူး၊ လူစိမ်း [**မှုဂ်မြိန်၊** ၃၊ စာ ၂၀၅]

**မြားရေး ၁၂ရပ်** – (၁) မြားနွယ်အစဉ်ပစ်ခြင်း (၂)မြားကြီး အစဉ်ပစ်ခြင်း (၃) မြားကို မြားချင်း မှန်အောင်ပစ်ခြင်း (၄) မြားပြာသာဒ်ပစ်ခြင်း (၅) မြားစောင်းတန်းပစ်ခြင်း (၆) မြားမဏ္ဍပ်ပစ်ခြင်း (၇) မြားတံတိုင်းပစ်ခြင်း (၈) မြားရေကန်ပစ်ခြင်း (၉) မြားပဒုမာပစ်ခြင်း (၁၀) မြားမိုးရွာစေခြင်း (၁၁) စက်ဝန်းသွားအောင် ပစ်ခြင်း (၁၂) မြားကို မြားဖြင့် ဆီးကာခြင်း [**မေးတော်ပြေ၊** စာ ၆၂၈]


**မြီ** – ပစ္စည်းဥစ္စာ။ "ပွားများသောမြီကို" [**မနုစမ္မ၊** စာ ၈]

**မြီစား** – ဥစ္စာကြေးငွေချေးယူသူ [**မြန်တန်၊** စာ ၂၈၆]

**မြီဃ်နီကာပ်စင်** *(အင်္ဂလိပ်)* – မက်စတာ နီကိုဆင် (Mestre Nicholson) [**ROB,** VIII, p. 493]

**မြီရှင်** – ဥစ္စာပစ္စည်းပိုင်ရှင်၊ ဥစ္စာကြေးငွေ ထုတ်ချေးသူ [**မြန်တန်၊** စာ ၂၈၆]

**မြီးပျမ်းကတ္တီပါကြိုးရွှေကြယ်တပ်** – စီးတော်မြင်း၏အမြီး ဝန်းကျင်လှပစေရန် ကတ္တီပါကြိုးဖြင့် ရက်လုပ်၍ ရွှေကြယ်ပွင့်များ တပ်ဆင် ထားသော အဆင် တန်ဆာ [**နန်းသုံးယာဉ်၊** စာ ၅၅]



**မြေစိုက်ထိုး** – ခြေသလုံး အပြင်ရံ ကြွက်သားပေါ်တွင် ဒူးအောက်မှ ခြေမျက်စေ့ အထက်ပိုင်းအထိ ဆေးနက် အပြည့်ထိုးခြင်း [**ရွှေနန်းသုံး၊** စာ ၂၂၇]

**မြေစပ်စင်** *(အင်္ဂလိပ်)* – မေဂျာဂျက်စင် (Major Jackson) [**ကုန်းဘောင်၊** ၃၊ စာ ၃၈၁]

**မြေစွန်းဝန်** – တိုက်နယ်များ ဖွဲ့စည်းစဉ်က မပါဝင်ဘဲ နောက်မှ ဖြစ်ပေါ်သော မြေစွန်းမြေစ မြို့ရွာ နယ်ပယ် များကို ပေါင်းစည်း၍ စီရင်အုပ်ချုပ်ရသောဝန် [**ရွှေနန်း–သုံး၊** စာ ၁၂၉] "အရှေ့ကျွန်း အနောက်ကျွန်းမြေများကို အထက် အမိန့်တော်နှင့် မြေစွန်းဖြစ်စေသမှတ် ပြဋ္ဌာန်းတော်မူသည့်အတိုင်း မြေစွန်းဝန်က သိမ်းရုံးထမ်းရွက်စေ [ROB, VIII, p. 355]

**မြေတိုင်** – ရပ်ရွာကို စီရင်အုပ်ချုပ်၍ မြေခွန်တော်ကောက်ခံရန် အဓိက တာဝန်ရှိသော အကြီးအကဲ (သူကြီးနှင့် အဆင့်တူသည်။) [**စမ္ဘူ၊** စာ ၈၀] "၄၅ခု စစ်တမ်း စာရင်းဆက်သွင်းသူ ငထွားသား ငမြတ်သူကို မြေတိုင် ခန့်၍ တိုင်ဆော်ကြီးစိုးစေ" [ROB, IX, p. 680]

**မြေတိုင်တောကဲ** – ရပ်ရွာကို စီရင်အုပ်ချုပ်၍ မြေခွန်တော် ကောက်ခံရသော သူကြီးနှင့် သစ်တော၊ တောအရပ် ဒေသ၏ အကြီးအကဲ (မြေတိုင်နှင့် တောကဲမှာ တစ်ဦး စီဖြစ်သည်။) "မြေတိုင်တောကဲ ... တို့ကလည်း ... သဿမေဓ အခွန်တော်မူတွင် ထောက်ပံ့ ကူညီသင့် သည့် အရာများကို ကူညီစေရမည်" [**လွှတ်တော်မှတ်၊** စာ ၅၉]

**မြေထိန်း** – မြေယာနှင့် မြေမှုကိစ္စများကို ထိန်းသိမ်း စီရင်ရသော အမှုထမ်း [**စမ္ဘူ၊** စာ ခေ]

**မြေနန်း** – မြင့်မြတ်သည့် နန်းဦးတွင် မင်းဧကရာဇ်တို့ ဘိသိက်တော်ခံရန် တည်ဆောက်ထားသည့် နန်းတော် [**ရွှေဘုံ၊** စာ ၂၁–၂]

**မြေနန်းစမှတ်** – သီဟာသနပလ္လင်၏ရှေ့တူရူတွင် မြေနန်း နှင့် ဆက်သွယ်လျက် ရှိသော ရှေ့စမှတ်ဆောင်တော် [**တက္ကသိုလ်၊** ၄၊ စာ ၅၁၉]

**မြေနန်းဝန်** – မြေနန်းဆိုင်ရာ အမှုကိစ္စများကိုသာ မက ရွှေနန်းတော်ကြီးနှင့် အခြားအဆောက်အအုံ၊ တဲကန္နား မဏ္ဍပ်များတွင် သာရေး၊ နာရေး အခမ်းအနားများ ကျင်းပသည့်အခါ ရွှေတိုက်တော်မှ ကော်ဇော ကမ္ဗလာ များကို ထုတ်ယူ ခင်းကျင်းပေးရသော အမှုထမ်းတို့ကို ကြီးကြပ်ညွှန်ကြားရသောဝန် [**ရွှေနန်းသုံး၊** စာ ၁၂၆]

**မြေမျိုးငါးပါး** – (၁) မြေဖြူ (၂) မြေနီ (၃) မြေနက် (၄) မြေဝါ (၅) မြေစိမ်း [**မေးတော်ဖြေ၊** စာ ၃၄၅]

**မြေလပ်ဝန်** – ရှမ်းပြည်စော်ဘွားကြီးတို့ စီရင် အုပ်ချုပ်သော နယ်မြေတွင် မပါဝင်ဘဲ လပ်လျက် ရှိသော မိုင်းနိုင်း၊ မိုင်းပြင်၊ မိုင်းနောင်၊ မိုင်းတုံ၊ ကန္တာရဝတီ၊ တဘက်လမိုင်း၊ စကား၊ နန်းခန်း၊ ပင်းခန်း၊ ကျိုင်းခန်း၊ မိုင်းမော၊ လွယ်လုံမြို့များကို စီရင်ရသည့်ဝန် [**ရွှေနန်းသုံး၊** စာ ၁၂၃]

**မြို့စီးတစ်ရာမြို့လာတစ်ထောင်** – မြို့ကိုစီးနင်းထားနိုင်သူ ရဲမက်အယောက်တစ်ရာသည် မြို့ကို ဝန်းရံတိုက်ခိုက် လာသူ ရဲမက်တစ်ထောင်ကို ခုခံနိုင်စွမ်းသည်။ "မြို့စီးတရာ မြို့လာတထောင်ဆိုသကဲ့သို့ မြို့နှင့်ခံသည်ကို ရန်သူတို့ လှုပ်ရှားနိုင်မည်မဟုတ်" [**ကုန်းဘောင်၊** ပ၊ စာ ၈၅]

**မြို့တန်ဆာခုနစ်ပါး** – (၁) ခိုင်ခန့်သောမြို့တံခါး (၂)ကျုံး (၃) သူရဲပြေး (၄) လက်နက်ကိရိယာ (၅) ဗိုလ်ပါရဲမက် (၆) ပညာအမြော်အမြင်ရှိသော တံခါးစောင့် (၇) မြို့ရိုးတံတိုင်း [**အုပ်ချုပ်၊** ပ၊ စာ ၁၃၁–၄]

**မြို့နယ်ကင်းစိုလ်** – စော်ဘွားပိုင်နက်တွင် မြို့နယ်အတွင်း ရှိကင်းစခန်းများကို စီရင်အုပ်ချုပ်၍ ကင်းခွန်ကောက်ခံပြီး မြို့နယ်အတွင်း ရာဇဝတ်မှု ကင်းရှင်းအောင် ဆောင်ရွက်ရသော အရာရှိ [**အုပ်ချုပ်၊** စ၊ စာ ၁၁၃]

**မြို့လပ်ဝန်** – မူလပိုင်းခြား သတ်မှတ်ထားသော မြို့ရွာ စာရင်းဝင် မဟုတ်သည့် မြို့ရွာ၏ အရေးကိစ္စတို့ကို ကြီးကြပ်လမ်းညွှန်စီရင်ရသောဝန် [**စမျို၊** စာ ၆၆ နှင့် **အုပ်ချုပ်၊** စ၊ စာ ၁၄]

**မြို့ဝန်** – (၁) နေပြည်တော်မြို့တွင်း မြို့ပြင်မြဲမြံလုံခြုံရေး၊ ရာဇဝတ်မှုကင်းရှင်းရေး၊ မီးအန္တရာယ်ကာကွယ်ရေး၊ သတ်မှတ်ထားသော အလေးတင်းတောင်းများအတိုင်း ချိန်တွယ်ရောင်းဝယ်ရေးတို့ကို တာဝန်ယူ ကြီးကြပ်ကွပ်ကဲစီရင်အုပ်ချုပ်ရသော အကြီးအကဲ (၂) အဝေးမြို့ကြီးများတွင် အုပ်ချုပ်ရေး၊တရားစီရင်ရေး၊ကာကွယ်ရေး၊ စစ်ရေးပေါ်လျှင် ရဲမက်လက်နက်ကိုင် စုဆောင်းပေးရေး၊ အခွန်တော် ကောက်ခံရေးနှင့် သူခိုး ထားပြနိမ်နင်း၍ နယ်မြေ ငြိမ်းချမ်းသာယာ စည်ပင်အောင် ဆောင်ရွက်ရေး အလေး တင်း တောင်း ချိန်ခွင်များ မှန်ကန်စွာ အသုံးပြုရေး တို့ကို တာဝန်ယူကြီးကြပ် စီရင်ရသော မြို့နယ်အာဏာပိုင် အကြီးအကဲ [**အုပ်ချုပ်၊** စ၊ စာ ၁၃၊ ၂၈–၂၉၊ ၁၂၈၊ ၁၄၈ နှင့် ROB, VIII, pp. 749-50]

**မြို့သင်္ချေး** – မြို့ကို သန့်ရှင်းအောင် ဆေးကျောသုတ်သင်သည်။ [**ရာဇဝင်သစ်၊** တ၊ စာ ၁၇၆] "သက္ကရာဇ် တထောင်သုံးဆဲ့ရှစ်ခု၊ ဝါဆိုလဆန်း နှစ်ရက်နေ့ မြို့သင်္ချေးသည်" [**ရာဇဝင်သစ်၊** တ၊ စာ ၁၁၅]

**မြို့အစာလေးပါး** – (၁) စပါး (၂) မြက်ထင်းရေ (၃)နှမ်းနှင့် ပဲအမျိုးမျိုး (၄) ဆေး [အချို့ကျမ်းများတွင် (၁)စပါး (၂) ဆင်စာ မြင်းစာ (၃) ထင်း (၄) ရေ ဟူ၍ ဖော်ပြသည်။] [**အုပ်ချုပ်၊** ပ၊ စာ ၈၈–၉၁] "မြို့၏ လက္ခဏာ၊ အစာလေးပါး၊ သစ်ဝါးထင်းမြက် ဟင်းရွက်ဟင်းသီး၊ ပဲကြီးပဲလွမ်း၊ နမ်းလည်းတခြား၊ စပါးရေဆန်၊ ချိုမွှန်ရသာ၊ သကာရည်ရွှဲ၊ ပျားတင်လဲနှင့်ဆီခဲထောပတ်၊ မြတ်သည် ဩဇာ၊ ပြည့်စုံစွာ၏" [**ရွှေဟသာ၊** စာ ၈]

**မြို့အသံဆယ်ပါး** – (၁) ဆင်သံ (၂) မြင်းသံ (၃)ရထားသံ (၄) စည်ကြီးသံ (၅) မုရိုးစည်သံ (၆) စောင်းငြင်းသံ (၇) သီချင်းသံ (၈) ခရုသင်း၊ နှဲ၊ မြွေခရာသံ (၉) ကြေးနင်းခွက်ခွင်းသံ (၁၀) စားကြပါ သောက်ကြပါဟု ခေါ်သံ [**သုတေသန၊** စာ ၄၃၀]

**မြို့၏အင်္ဂါခုနစ်ပါး** – (၁) မင်း (၂) မှူးမတ် (၃) မဟာမိတ်မင်းများ (၄) စပါး၊ ဘဏ္ဍာ (၅) ခိုင်လုံသောမြို့ရိုးနှင့် ကျုံး (၆) စည်ကားကျယ်ပြန့်သော ပိုင်နက် (၇) တောင့်တင်းသော စစ်အင်အား [**အုပ်ချုပ်၊** ပ၊ စာ ၁၂၉] "မြို့၏အင်္ဂါခုနစ်ပါး၊အစာလေးပါးနှင့် ပြည့်စုံသော တိုင်းကြီးပြည်ကြီးစင်လျက် ...ငါ့လက်တော်သို့ ရောက်လေပြီးသည်" [**ကုန်းဘောင်၊** ပ၊ စာ ၇၉]

**မြက်ရ** *(ကျောက်)* – (၁) တံမြက်စည်း လှည်း၍ ကူညီဖော်ရသူ (၂) နွားစာ မြင်းစာများအတွက် မြက်ရိတ်ပေးနိုင်သူ။ "သို့မြက်ရရင်ကိ ၁ မောင်အိုအံဖုခိ ငါ့ပွဒ်စုံဝ ငိစတတ် ငါ့မြိယ်ဝ" [**၁၂၂၃ ခုနှစ်ထိုး အနန္တသူရမောင်နံ့ကျောက်စာ** ]

**မြောက်စမုတ်လက်စွဲ** – ဥဒေါင်းရုပ်ခံသော မယုရာသနရာဇပလ္လင်တည်ရှိရာ မြောက်စမုတ်ဆောင်တော်တွင် အလှည့်ကျ အိပ်ဖန်စောင့် ထမ်းရွက်ရသော သေနတ်ကိုင်အမှုထမ်း လက်စွဲတော်များ [**ရွှေနန်းသုံး၊** စာ ၃၆]

**မြောက်၁၅၀** – ကပိုင်ရွာ၊ တောပုရွာ၊ တံခွန်တိုင်ရွာ၊ မြေနဲ့ရွာ၊ အင်းမရွာ၊ ထနောင်းဝန်းရွာ၊ စွန်းလွန်းရွာ၊

တောင်ပုံရွာ၊ ကုန်းသာရွာ၊ ကတိုးရွာ၊ ကူတော်ရွာ၊ အောင်ချမ်းသာရွာ၊ စသောရွာများမှ သန်မာသော လူငယ် တို့ကိုရွေးချယ်၍ ဖွဲ့စည်းထားသော အစုအမှုထမ်း(ထိုအစုအမှုထမ်းတို့၏ လက်ယာလက်ဖမိုးတွင် ခြသေ့ရုပ်ထိုးထားသည်။)[**ရွှေနန်းသုံး၊** စ၂၁၅-၆]

**မြောက်ဘက်တိုက်** – မောက္ကတော်၊ သင်တော၊ စေည့်ကိုင်၊ တောင်အောက်၊ တောက်ရှရွာ၊ မုက်ထိ၊ ရှိမ္မကားရွာ၊ မြင်တွင်၊ မုံရွာ၊ ဈေးတက်၊ တောင်ကြား၊ ကုလားရွာ၊ သျှံရွာ၊ ခေါက်ရောင်ရွာ၊ ဟသ်ာရွာ၊ သာဝတ္ထိ၊ တည်တော၊ ငကင်၊ ဆေရ၊ နန်နွန်ရွာ၊ ကွမ်းဘုံး၊ ကျွန်းတော၊ ဘိန်ကား၊ မြောင်၊ မုတ်ဆိုး ခြံ၊ တန်တည်၊ ကုန်းရွာ၊ ရင်မိသံ၊ မတောင့်တ၊ ရွာသာ၊ နဘက်၊ ကျောက်ရစ်၊ ကြာပန်းညို၊ ပဲခွဲ၊ အင်းပဲ အင်းတိုင်၊ သစ်ဆိမ့်ငယ်၊ သံမောက်၊ ဆင်ကွတ်၊ မြင်းမူ၊ အင်းမ၊ ရွာသစ်ကြီး၊ မြေနဲ၊ အုန်းပေါက်၊ မြင်းမေ၊ ပြောရွာ၊ ရွာသံ၊ ဝတ္တနာ၊ ညောင်ရင်း၊ မန်ကျည်းတုံ၊ ကြေးမုံ၊ မဗေရွာ၊ သိန်ကတော၊ ရေဝင်၊ သရိုင်ရွာ၊ စဉ်သာ၊ ရတုံ၊ ချောင်းဦး၊ လှထွေ၊ ဝလို၊ ကျောက်ကာ၊ ဆံတော်ဆွဲ၊ ကူခေါင်း၊ မုတ်ဆိုးဘို၊ ခက်လုံ၊ စောဘွတ်အို၊ မင်းရွာ၊ ရွာစိုက်၊ ထုံးကြီး၊ ရဝေရွာ၊ သင်တွဲ စသောရွာများ ပါဝင်သောဒေသ [ROB, II, pp. 185-6]

**မြောက်ဘက်မြင်း** *(မြင်းကိုးသင်း)* – စစ်ကိုင်းခေတ် အသခ်ယာစောယွန်း (၁၃၁၅-၂၂) လက်ထက် ၁၃၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြင်းတပ်ဖွဲ့ [မြောက်ဘက်မြင်းကိုးသင်းရှိသည်။ မြောက်ဘက်ကိုးစုံမြင်းဟုလည်း ခေါ်သည်။ (၁) တမာခါးမြင်း၊ (၂) ပြင်စည်မြင်း (၃) ယူတော်မူမြင်း (၄) လက်ရွေးကြီးမြင်း (၅)လက်ရွေးငယ်မြင်း (၆) ကြောင်သင်းမြင်း (၇) မြင်းသည်ကြီးမြင်း (၈) ခက်လုံမြင်း (၉) စောပွတ်အိုးမြင်း] [**မှန်နန်း၊** ပ၊ စာ ၂၀၂ နှင့် ROB, I, p. 416]

**မြောက်မာရဘင်** – မောင်းထောင်ရွာ၊ ညောင်ကန်ရွာ အုတ်ဖိုရွာ၊ လက်ပံရွာ၊ ငပယင်းရွာ၊ အောင်သာရွာ၊ သဘန်းရွာ၊ ကန်သစ်ရွာ၊ မြင်းတွင်းရွာ ကျောက်စရစ်ပုံရွာ စသောရွာများမှ သန်မာသော လူငယ်တို့ကို ရွေးချယ်၍ ဖွဲ့စည်းထားသော အစုအမှုထမ်း (ထိုအစုအမှုထမ်းတို့၏ လက်ယာလက်ဖမိုးတွင် ခြသေ့ရုပ်ထိုးထားသည်။) [**ရွှေနန်းသုံး၊** စာ ၂၁၆-၇]

**မြောက်ရှမ်းရစ်ပြည်ထောင်** – (၁) ကိုင်းမား (၂) စန္ဒား (၃) မိုးဝန်း (၄) မိုးနား (၅) ဟိုသာ (၆) လာသာ (၇) မိုင်းမော (၈) စည်ခွင်။ **တစ်နည်း** (၁) ဟိုသာ (၂) လသာ (၃) မိုးနား (၄) စန္ဒား (၅) ကိုင်းမား (၆) မိုင်းပိုင် (၇) မိုင်းတိမ် (၈) မိုးတား [**အုပ်ချုပ်၊** ဒု၊ စာ ၁၀၅]

**မြောက်လမ်းရှမ်းပွဲအကောက်** – ရာဇဌာနီ၏ မြောက်ဘက်ဒေသများသို့ ရှမ်းနယ်များမှ ရောက်ရှိလာသော ကုန်စည်များ ရောင်းဝယ်ရာတွင် ကောက်ခံသော အခွန်အကောက် [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၅]

**မြောက်အိမ်တော်** – အိမ်ရှေ့မင်း၏ အိမ်တော် [**မန္တလေး၊** စာ ၁၃၈၊ **ကုန်းဘောင်၊** ပ၊ စာ ၅၈၆။ **ကုန်းဘောင်၊** တ၊ စာ ၁၆၀ နှင့် **ရေသည်၊** စာ ၇၆]

**မြိုက်မြိုက်** – (၁) အလွန်အသွားထက်သော (၂) လျင်မြန်စွာ [**ယုဒသန်၊** စာ ၇၉၆] "မြိုက်မြိုက်အသွားရှိသော လှံတား သံစူး သံချွန်တို့ဖြင့် မထိကောင်းအောင် ခြံရံစီရင်ပြီး" [**ကုန်းဘောင်၊** ဒု၊ စာ ၁၁၈]

**မြင်စိုင်းမှန်ရှမ်း** – မြင်စိုင်းနယ်သား မှန်လျှင်ရှမ်းဖြစ်သည်။ [ROB, X, p. 123]

**မြင်းကောင်းငါးမျိုး** – (၁) အာဇာနည်မြင်း (၂) အသသတိုရ်မြင်း (၃) သေဋ္ဌတိုရ်မြင်း (၄) ဝလာဟကမြင်း (၅)သိန္ဓောမြင်း [**ကဝိ၊** စာ ၁၅၄-၇]

**မြင်းကောင်းငါးမျိုး** – (၁) သိန္ဓောမြင်း (၂) ဝလာဟကမြင်း (၃) ကောင်းကင်ကွဲမြင်း (၄) တိမ်တိုက်ကွန့်မြူးမြင်း (၅) ရွှေစင်တုန္ဒိုင်းမြင်း [**ဆင်နှင့်မြင်း၊** တ၊ စာ ၁၁]

**မြင်းခံ** – (၁) လျှာ၊ အာ၊ သိုအိတ်၊ ခွာ လေးမျိုးနီသော မြင်းဖြူ [**ဦးကုလား၊** ဒု၊ စာ ၂၆ အောက်] (၂)မြင်းထိန်း [**ရွှေမြန်၊** စာ ၉၈] "နရပတိလည်း... မြင်းခံပြည့်ကို မြင်းသူတော်စင်နှင့်တကွ ငါ့အိမ်တော်တွင် အခင်းထွက်လျှင်လျှင်လှစေဟု မှာတော်မူပြီးမှ... ရေအားကြည်းအား ကြပ်မ၍ ဆန်တော်မူလေ၏" [**ဦးကုလား၊** ပ၊ စာ ၈၈]

**မြင်းခင်းသဘင်** – ပယ်ဝန်း၊ ပယ်စိတ်၊ ပယ်ခွဲ၊ လေးကျွန်းမှန်ကူစသော မြင်းစီးနည်း သုံးဆယ့်ခုနစ်မျိုးကို စီးနင်းပြခြင်း၊ မြင်းပေါ်တွင် သက်တင်ရောက်၊ ခြသေ့တန်းစွဲ၊ ရွှေစလွယ်တင် ဟူသော အဲမောင်းလုံ့ရေးသုံးဆယ့်ခုနစ်

မျိုးပြခြင်း၊ မြင်းကိုစိုင်း၍လုံလျင်ဖြင့် စက်တိုင်တွင် ရှိသောစက်ဝိုင်းပြားကိုစွဲအောင်ပစ်လွှတ်ခြင်း၊ လမ်းပေါ်တွင် စိုက်ထူကြိုချထားသော ငှက်ပျောပင်နှင့်ရှောက်သီးတို့ကို ဓားဖြင့်ခုတ် လှံဖြင့်ထိုးခြင်း တို့ကို ခင်းကျင်းပြသသော မြင်းရေးပြပွဲ [**ကုန်းဘောင်၊** ၁၊ စာ ၆၂၄]

**မြင်းခေါင်း** – မြင်းစီးဆယ်ဦး၏ခေါင်းဆောင် [**ကုန်းဘောင်၊** ၃၊ စာ ၅၇၀]

**မြင်းခြောက်မျိုး** – (၁) လောမျိုး (၂) လိုမျိုး (၃) ပွေးမျိုး (၄) ပုစဉ်းမျိုး (၅) ဝါပလေးမျိုး (၆) မြည်းမျိုး(ထိုမြင်းခြောက်မျိုးကို လူ့ဥပြစ်သောမြင်းဟု ရေးမှတ်တမ်းများတွင်ရေးသည်။) [**ကဝိ၊** စာ ၂၆၈]

**မြင်းခွင်** – မြင်းစီးအမှုထမ်း တစ်ဦး၏ ရာထူးနေရာ။ "သူသည်မင်းကြီးဖြစ်နေ၍ သူ၏ မြင်းတပ်နေရာမှာ မြင်းစီးခွင်လပ်နေလျှင် မြန်မာထုံးစံက ... တပ်သားတယောက်အစားထိုးရရိုး ထုံးစံရှိ၏" [**ရွှေဝတီ၊** စာ၄၀]

**မြင်းစီး** – မြင်းစီး၍ စစ်မှုထမ်းခြင်း၊ စစ်မက်ရေးရာကင်းရှင်းသောအခါ မြင်းမွေးမြင်းရှာရှိ မြင်းအမှုထမ်းသားတို့ကို စီရင်အုပ်ချုပ်ခြင်း၊ အခွန်တော်ကောက်ခံခြင်းစသော တာဝန်များကို ကြီးကြပ်ထမ်းရွက်ရသောအကြီးအကဲ (မြင်းစီးတစ်ဦးလျှင် အလုပ်သမားကဲကျွေးတစ်ယောက် လက်ဝဲလက်ျာလုံ့ကိုင်၂ယောက်၊ ဝန်ထမ်းတစ်ယောက်၊ ထမင်းချက် တစ်ယောက်တို့ လိုက်ပါထမ်းရွက်ရသည်။ မြင်းစီးသည် သူကြီးနှင့်အဆင့်တူသူလည်း ဖြစ်သည်။) [**အုပ်ချုပ်၊** ၈၊ စာ ၁၃ နှင့် ROB, I, pp. 268,447] "သောပေါက်သား ငမြတ်သာထွန်းကိုမန်ကျည်းအုပ်ရွာ မြင်းစီးသူကြီးခန့်၍ စီးကြီးစေ" [ROB, VI, p. 693]

**မြင်းစီးစာ** – မြင်းစီးအရာခန့်ထားသည့်စာ

**မြင်းစုကြီးမြန်မာမြင်း** – မြင်းစုကြီးဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသော မြန်မာမြင်း အမှုထမ်း [**ရွှေနန်းသုံး၊** စာ ၂၀၅]

**မြင်းစုကြီးရှမ်းမြင်း** – မြင်းစုကြီးဝန် ဆင့်ဆိုရာ နာခံထမ်းရွက်ရသောရှမ်းမြင်းအမှုထမ်း[**ရွှေနန်းသုံး၊** စာ၂၀၅]

**မြင်းစုကြီးဝန်** – မြင်းစုကြီးမြန်မာမြင်း၊ မြင်းစုကြီးရှမ်းမြင်းစသော မြင်းတပ်များတွင် ထမ်းရွက်သည့် မြင်းစီးသူရဲတို့အား မြင်းရေး ၃၇ မျိုးကို မပြတ်လေ့လာသင်ကြားစေပြီး မပြတ်မလပ်လည်း အဝေးအနီးအမှုတော်များကို ထမ်းရွက်နိုင်အောင် စီရင်ညွှန်ကြားကာမြင်းမှုထမ်းများလျော့နည်းခြင်း မရှိရန်နှင့် မြင်းမှုထမ်းများ နေထိုင်လုပ်ကိုင် စားသောက်မှုအဆင်ပြေအောင် စီရင်ဆောင်ရွက်ပေးရသော မှူးမတ် [**ရွှေနန်းသုံး၊** စာ ၁၃၀-၁] (မြင်းစုကြီးဝန်ရာထူးသည် ကြီးမြင့်သဖြင့် အမည်စာရင်း ရေးသားရာတွင် ဝန်ကြီးအဆင့် ပြီးလျှင် မြင်းစုကြီးဝန်ကို ရေးရသည်။) [**အုပ်ချုပ်၊** ၈၊ စာ၁-၂]

**မြင်းစင်ရော်ဖြူ** – အဖြူရောင်မြင်း။ "မြင်းစင်ရော်ဖြူကိုစီး၍ သေနတ်ရှိရာ ရှောင်လွှဲကာ...မြင်းတပ်တော်သို့ ဝင်၍...ထိုးသည်" [**ကုန်းဘောင်၊** ပ၊ စာ ၄၇-၈]

**မြင်းတိုင်** – စီးတော်မြင်းများစားသုံးရန်အတွက် မြက်ရိတ်သွင်းရသော အစုအမှုထမ်း [**ရွှေနန်းသုံး၊** စာ ၂၀၈]


**မြင်းနောက်တော်ပါ** – မြင်းစီး၏နောက်တော်ပါ အမှုထမ်း [**စမ္ဘူ၊** စာ ၅၆]

**မြင်းပုံမျိုးငါးပါး** – (၁) သိန္ဓောမြင်း (၂) ဝလာဟကမြင်း (၃) ကောင်းကင်ခွဲမြင်း (၄) တိမ်တိုက်ကွန့်မြူးခြင်း (၅) ရွှေစင်တုနှိုင်းမြင်း [**ဆင်နှင့်မြင်း၊** ၁၊ စာ ၁၁]

**မြင်းဘောင်းဝတ်** – ဆွတ်ဆွတ်ဖြူသောမြင်း [**ရွှယ်စုံကျော်ထင်၊** စာ ၃၂၇]

**မြင်းမိုရ်** – (၁)မြင်းမိုရ်တောင်သဏ္ဌာန်၊ နန်းတော်ပုံသဏ္ဌာန်မြင့်၍မိုမောက်နေဟန် ဖန်တီးထားသောအနုပညာထည်အစိတ်အပိုင်း (မှူးမတ်တို့ စီးနင်းသည့် ထမ်းစင်တွင် နောက်ခံတံကဲ ကဲ့သို့မြင့်တင်ထားသည့်အစိတ်အပိုင်းကို မြင်းမိုရ်ဟု ခေါ်သည်။ [**မြန်မာ့မူ၊** ၄၊ စာ ၈] (၂)မြင်းမိုရ်တောင် [**ရတနာဘဏ်၊** စာ ၂၃၅]

**မြင်းမိုရ်ပိတ်** – အဆောက်အအုံ၏ ထုပ်တန်းနှင့် ခေါင်မိုးအကြားပိတ်ကာထားသောအကာ [**မြန်စာန်၊** စာ ၂၉၀]



**မြင်းမျိုးဆယ်ပါး** – (၁) သန္ဓောမျိုး (၂) ဝလာဟကမျိုး (၃) ကောင်းကင်ခွဲမျိုး (၄) တိမ်တိုက်ကွန့်မြူးမျိုး (၅) ရွှေစင်တုန့်နှင်းမျိုး (၆) လောမျိုး (၇) လှီမျိုး (၈) ပွေးမျိုး (၉) ပုစဉ်းမျိုး (၁၀) မြည်းမျိုး [**ကဗိ၊** စာ ၂၆၈] (ဝါပလေမျိုးဟုလည်း ရှိသေးသည်။)

**မြင်းမှူးမင်းသား** – မင်းကေရာဇ်အား သစ္စာရှိသော်လည်း စိမ်အုပ်ချုပ်ရေးတာဝန် အပ်နှင်းရန် မသင့်တော်သဖြင့် ကသည်းမြင်း၊ စောပွတ်အိုးမြင်း၊ နောက်တော်ပါမြင်း၊ နန်းဦးမင်္ဂလာမြင်း၊ မြင်းစုကြီးမြင်း၊ ရဲဘက်မြင်း၊ ရှမ်းမြင်း၊ အင်္ဂဘတ်မြင်းစသော မြင်းတပ်ဖွဲ့တစ်ခုခုကို ကြီးမှူးရသော မင်းသား [ROB, X, p. 124] "မင်းသား အရွယ်ရောက်၍ အတတ်ပညာ အရည်အချင်း အတော်အသင့် ရှိလာသောအခါ မြင်းမှူးမင်းသား ဖြစ်လာတတ်၏" [**ရွှေဝတီ၊** စာ ၅၇]

**မြင်းရွှေမွေးလေးစီး** – (၁) မြင်းရွှေနီ (၂) မြင်းရွှေဘုတ်မွေး (၃) မြင်းရွှေချိပ် (၄) မြင်းရွှေဝတ်ပန်း [**ဆင်နှင့်မြင်း၊** စာ ၂၁–၂]

**မြင်းလေးတန်း** – ရာဇဝတ်ပုခင်း၌ ပါဝင်ပတ်သက် သူတို့ကိုအလျင်အမြန် ခေါ်ဆောင်ရန် ကိစ္စပေါ်လျှင် တာဝန်ယူလုပ်ဆောင်ပေးရသော မြင်းတပ်ဖွဲ့လေးဖွဲ့ (၁)မြင်းစုကြီးမြင်း (၂) ရှမ်းမြင်း (၃) ရွှေပြည် ရန်အောင်မြင်း (၄) ရဲဘက်မြင်း [**အုပ်ချုပ်၊** တ၊ စာ ၁၈၅]

**မြင်းသီလာ** – ဘယဆေးသုံးဆေးဒန်းနီ [**ယုဒသန်၊** စာ၇၈၇]

**မြင်းသင်းခွေ** – မီးခိုးဖျော့ရောင်မြင်း (သင်းခွေမွေးငါးမျိုးရှိသည်။ ၁ – သင်းခွေဘယ်လင်း၊ ၂ – သင်းခွေဖြူ၊ ၃–သင်းခွေမွဲ၊ ၄–သင်းခွေဆီချည်း၊၅–သင်းခွေသဟယ်၊ သင်းခွေပုတ်) [**ဆင်နှင့်မြင်း၊** စာ ၃၈]

**မြင်းအုန်းခွံမွေး ၁၀မျိုး** – ဖျော့သောနီညိုရောင်အသွေးရှိသည့် မြင်းအုန်းခွံမွေး ၁၀မျိုး – (၁) အုန်းခွံညို (၂)အုန်းခွံဖြူ (၃) အုန်းခွံပြောက် (၄) အုန်းခွံပြာ (၅)အုန်းခွံမွဲ (၆) အုန်းခွံခြောက် (၇) အုန်းခွံရွှေ (၈) အုန်းခွံဝါ (၉) အုန်းခွံကြိုးကြာ (၁၀) အုန်းခွံနက် [**ဆင်နှင့်မြင်း၊** တ၊ စာ ၁၉–၂၀]

**မြောင်မြိုပိုင်ဆန်** – ဝတ်ကျေရုံမျှပြုသည်။ [**တွင်းသင်းဓပါ၊** စာ ၃၄]

**မြိုင်ထ** *(သဘင်)* – တောစခန်းမှ ထွက်ခွာရန် မင်းသားနှင့် မင်းသမီးတို့ သီဆိုသည့် တောဖွဲ့ မယ်ဖွဲ့ နှစ်ပါးသွား သီချင်း [**စောင်း၊** ၃၊ စာ ၂၁၀]

**မြစ်ကြီးငါးသွယ်** – (၁) ဂင်္ဂါ (၂) ယမုံနာ (၃) အစိရဝတီ (၄) မဟီ (၅)သရဘူ(**တစ်နည်း** ၁–ဂင်္ဂါ၊၂–ယမုံနာ၊ ၃–ဧရာဝတီ၊ ၄–ဒုဋ္ဌာဝတီ၊ ၅–သလ္လာဝတီ) [ROB, VII, p. 372]


**မြစ်ရိုးတိုင်** – ဧရာဝတီမြစ်ရိုးရှိ တံငါလုပ်သားတို့ကို စီရင်အုပ်ချုပ် အခွန်တော် ကောက်ခံရသော အကြီးအကဲ?

**မြိတ်ခံ** – ဆံမြိတ်ခံ၍ ထုံးသော ရှေးခေတ် ဆံထုံးတစ်မျိုး

**မြိတ်စို့** –ဆံပင်အစုကို နောက်သို့ကွေး၍ ဆံဖျားတွင် အစို့ထွက်နေဟန် ထုံးဖွဲ့ထားသောဆံထုံး။ ရတနာမြိတ်စို့မှာ ထိပ်စွန်းတွင် အစို့ပေါက်နေပုံဖော်၍ ရတနာတို့ဖြင့် စီခြယ်မွမ်းမံထားသော ဆံထုံးဖြစ်သည်။



မြိတ်စို့



ရတနာမြိတ်စို့

**မြိတ်ဖြူဆံထုံး** – ဆံပင်အစုကို အပေါ်သို့ထောင်သွားပြီး နောက်သို့ကွေး၍ ဆံဖျားခွေထားသော ဆံထုံး




မြိတ်ဖြူ



ရတနာမြိတ်ဖြူ

**မြိတ်ရစ်ဆံထုံး** – ဦးထိပ်တွင်ဆံပင်ကို ရစ်ခွေ၍ ထုံးသော ဆံထုံး




ရတနာမြိတ်ရစ်



မြိတ်ရစ်

[ROB, VIII, p. 168, 594]

**ဖြိတ်လွှတ်** – ဆံပင်အစုကို အပေါ်သို့ထောင်၍ နောက်သို့ ကွေးပြီး ဆံဖျားကို ကော့၍ လွှတ်နေဟန် ထုံးဖွဲ့သော ဆံထုံး [**မြန်စာညွှန့်၊** ပ၊ စာ၁၆]



[ROB, VIII,pp.168, 594] **ဖြိတ်လွှတ်**

**မြန်မာ** – လျင်မြန်သော ဂုဏ်သတ္တိနှင့် ပြည့်စုံ၍ မလျှော့သော လုံ့လဝီရိယတို့ဖြင့် ဇာတိသွေး ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းရှိသည့်လူမျိုး [ဒု၊ ဆကျာ် အောင်စံထား၊ **ဓါဟာရတ္ထ**၊ စာ ၅၅၀] (မြန်မာ ဟူသော အမည်ကိုပုဂံခေတ်အေဒီ၁၁၉၀ပြည့်နှစ်ထိုး **အမတ်ကြီး သိယ်သူကျောက်စာ** တွင် စတင်တွေ့ရှိရသည်။)

**မြန်မာခုနစ်မျိုး** – (၁) မြန်မာ (၂) တောင်သူ (၃) ပျူ (၄) ကမ်းယံ (၅) ယော (၆) ရခိုင် (၇) ထားဝယ် (ဓမ္မာတံဆိပ်ကျမ်း) [**သုတေသန၊** စာ ၄၂၄]

**မြန်မာသံတော်ခံ** – နှစ်သစ်ကူး၊ ဝါဝင်၊ ဝါကျွတ် ချိန်တွင် မင်းဧကရာဇ်ထံ ကန်တော့ရန်ရောက်ရှိလာကြသော မြန်မာ မြို့ဝန်ရုံးအရာရှိတို့၏ ကန်တော့ဆက်သမြဲ လက်ဆောင်တော်များကို ကန်တော့ပွဲတက်အခမ်းအနား တွင် ဖတ်လျှောက်ရသောပုဂ္ဂိုလ် [**ရွှေနန်းသုံး၊** စာ ၅၇]

**မြန်မာအတိုင်းအတာ** –

| | | |
|---|---|---|
| ၁၀ ဆံခြည် | = | ၁ နှမ်း |
| ၆ နှမ်း | = | ၁ မုယော |
| ၄ မုယော | = | ၁ လက်သစ် |
| ၈ လက်သစ် | = | ၁ မိုက် |
| ၃ မိုက် | = | ၁ တောင် |
| ၄ တောင် | = | ၁ လံ |
| ၇ တောင် | = | ၁ တာ |
| ၂၀ တာ | = | ၁ ဥသဘ |
| ၂၀ ဥသဘ | = | ၁ ကောသ |
| ၄ ကောသ | = | ၁ ဂါဝုတ် |
| ၄ ဂါဝုတ် | = | ၁ ယူဇနာ |
| တာ (၁၀၀၀) | = | ၁ တိုင် |

**မြပ်ပြီသည်သည်** (*ကျောက်*) – အလုပ်ကြမ်းလုပ်သူ၊ မြောင်းတူးအလုပ်သမား? "ရွာလာယ်တွင် မြပ်ပြီသည်သည် ငါကောင်။ ငီငါလောင်။ ငါ့ပွည်ဝအပေါင် ၃ယောက်" [၁၂၄၁ ခုနှစ်ထိုး ဖွားစောကျောက်စာ ]

**မြူ** – ရှေးအခါက ဖိုးခေါင်တောင်ရိုး၊ ရခိုင်ရိုးမတောင်တန်း မြောက်ပိုင်း၊ ဝေသာလီ ဝန်းကျင်နှင့် ပုဂံဝန်းကျင်ဒေသ အထိ ပျံ့နှံ့နေထိုင်ကြသော မရမာဟု ခေါ်သည့် လူမျိုး နွယ်စု [**စည်သစ်၊** စာ ၉၈]

**မွန်လေးမျိုး** – (၁) မွန်တ (၂) မွန်ည (၃) မွန်န (၄)မွန်သိ [**ရခိုင်ရာသစ်၊** ပ၊ စာ ၂၃]

**မွန်သုံးမျိုး** – **သာသနာလင်္ကာရ စာတမ်း**လာ မွန်သုံးမျိုး မှာ (၁) မွန်တိ (၂) မွန်စ (၃) မွန်ည [**သုတေသန၊** စာ ၄၃၁]

**မွှယ်တာ၊ မြွယ်တာ** (*ကျောက်*) – ဝါဆိုလ [**မြန်မာလ၊** စာ ၂၇]

**မှားသည်** (*ဆင်*) – ကံ စိတ် ဥတု အဟာရ ဖောက်ပြန် မှားယွင်းသဖြင့် (ဆင်တော်) သေဆုံးသည်။ "ရတနာ ပြောင်မွန်ဆင်တော်မှားသည်တွင် … ဆင်တော်သိမ်းရ … စွယ်ချိန်နှစ်ဆဲ့နှစ်ပိဿာ ငါးဆယ်များကို ဆင်ဝန် ဆင်ဝန်ထောက်တို့ လျှောက်ထား ဆက်သရ၏" [**ကုန်းဘောင်၊** တ၊ စာ ၄၀]

**မှုရ** (*ကျောက်*) – တောက်တိုမယ်ရအမှုကိစ္စတို့ကို ခိုင်း၍ ရသောအရှယ်။ "ငီအမှုရ ငါကုန်ာ ငီအိုဖုခိ ငါကုလာ ၁ နှမအိုဖုခိအ အိုယုံာ ငီမစာတတ် အို ကတိုဝ်ာ" [၁၂၃၆ခုနှစ်ထိုး မင်းရာဇသူလင်မယား ကျောက်စာ ]

**မူးမတ်အင်္ဂါရှစ်ပါး** – (၁) သုတဝါ – များသော အကြား အမြင်ရှိခြင်း (၂) သီလဝါ – သီလတရားနှင့် ပြည့်စုံခြင်း (၃) သုရော–ရဲရင့်ခြင်း (၄) ဝီရဝါ–လုံ့လရှိခြင်း (၅) သိဒ္ဓိကော–အမှုပြီးအောင် စီရင်နိုင်ခြင်း (၆) ဗလ–စွမ်းအားသတ္တိရှိခြင်း (၇) အလုဒ္ဓေါ–လောဘနည်းခြင်း (၈) ပိယရူပ–ချစ်ဖွယ်သော အရောင်အဆင်းရှိခြင်း [**စည်သစ်၊** စာ ၁၅၆]

**မှော်တန်း** – မုခ်ပေါက်၊ ပလ္လင်တံကဲတို့၏ အပေါ်ပိုင်းရှိ အဆော်နှင့် ကျေးကွေးအကြားရှိ ပန်းပွင့်ငယ်တန်း အဆင်တန်ဆာ [**အုတ်ချပ်၊** ပဥ၊ စာ ၆၆] သေးငယ်သော ပန်းပွင့်များကို စီတန်း၍ ခြယ်လှယ်ထားသော အဆင် တန်ဆာ [**မြန်မာမှု၊** စာ ၈]

**မှော်ပွင့်** – အသေးငယ်ဆုံးသောပန်းပွင့်ပုံ [**မြန်စာမှု၊** –စာ၈]

**မှောက်တော်** – အရှင်ကောင်း၊ အရှင်သခင် [**ဗိုလ္လာ၊** — စာ ၁၉၇နှင့် **ကိုးဇော်၊** စာ ၃၉၅]

**မှိုင်းလုံး** – မိုင်းလုံကြည့်

**မှိုင်းသဲသဲရဲလှေ** – အလောင်းမင်းတရားကြီး (၁၇၅၂–၆၀) လက်ထက်တွင် ထင်ပေါ် ကျော်ကြားခဲ့သော စစ်လှေကြီး (အလျား ၁၁၄ပေ၊ လှေဝမ်းဝ ၁၆.၅ပေ၊ အစောက် ၈.၅ပေ ရှိ၍ လှူသုံးရာကျော်၊ အမြောက် လက်နက် နှင့် ခဲယမ်းများ တင်ဆောင်နိုင်သော စစ်လှေကြီး ဖြစ်သည်။) [**ကုန်းဘောင်၊** ပ၊ စာ ၈၇–၉၊ ၁၀၇]

**မှုတ်ရိုးထောက်** – အမိုးထောက်။ "ခင်ဒုယင် အမိုးအုံနီ မှုတ်ရိုးထောက် အနီသုတ်၊ လက်ရန်း အဖြေ ပန်းဆုပ် အနီ ... ပေးတော်မူ၏" [**ကုန်းဘောင်၊** တ၊ စာ ၅၅၆]

**မှန်ကင်း** – ပလ္လင်နှင့် ပြာသာဒ်တို့တွင် တုရင်ထိပ်များ၌ တပ်ဆင်ထားသော မှန်ချပ်ငယ် (ထိုမှန်ချပ်ငယ်ကို လေတိုက်လျှင် လည်အောင်လည်း အချို့ကပြုလုပ် ထားသည်။) [**မြန်ဖွင့်၊** ပ၊ စာ ၂၉၈]

**မှန်စာ** – (၁) ပြောင်းပြန်ရေးသားထားသဖြင့် မှန်ထောင်၍ ဖတ်ရသောစာ (၂) မဲလိပ်ပေါ်တွင် ရေးသားထားသော စာ [ROB, IV, p. 427]

**မှန်တုပ်** – (၁) ဆရာတို့ လက်စွဲလက်ဆုပ်ပြု၍ လျှို့ဝှက်ထားသောအတတ် (၂)အနေအထားကျနသည် [**သမ္မာ— ကျေ၊** ဒု၊ စာ ၇၄–၅]

**မှန်နန်းအပျိုတော်** – အမျိုးအနွယ် မြင့်မြတ်သော မှူးမတ်၊ စော်ဘွား မြို့စားတို့၏ သမီးတော်များအနက် မှန်နန်း တော်သို့ ဝင်ရောက်ခစား ထမ်းရွက်ခွင့်ရသော ရုပ်ဆင်း အင်္ဂါ ချောမောလှပသည့် အပျိုတော်များ (မှန်နန်း အပျိုတော်တို့မှာ မိဖုရားလောင်းများ ဖြစ်သဖြင့် အနက် ရောင်သလွန်တော်နှင့်အိပ်ရသည်။ မိဖုရား ဖြစ်သည်နှင့် တစ်ပြိုင်တည်း ထိုသလွန်တော်ကို ရွှေပိန်း ထည့်ရ သည်။) [**ရွှေနန်းသုံး၊** စာ ၄၁]

**မှန်ပြ** – အမှန်အကန် ဖော်ပြခြင်း၊ အမှန်ဖော်ပြသော စာရင်း။ "ငစံထွန်း မယားမိနဲ့လုံတို့ တောင်တွင်းငယ် ရွာသူကြီးပေး၄၅ခုစာရင်းတော်မှာ လမိုင်းဝန်ထမ်းမှန်ပြ ပါဝင်သည်" [ROB, V, p.947 နှင့် ROB, VI, p.685]

**မှန်းဆင်မ** – တောဆင်ရိုင်းကို ကျွမ်းကျင် လိမ္မာစွာ သွေးဆောင် မြူဆွယ်နိုင်သောဆင်မ [**ယုဒသန်၊** စာ ၈၀၃ နှင့် **မြန်ဖွင့်၊** ပြည်၊ စာ ၁၁]

**မှိန်းသစ်ဆင်တော်** – အရပ်နှစ်တောင့်နှစ်မိုက်မှ သုံးတောင် ခန့်မြင့်သည့် နောက်ပေါက် ဆင်ငယ်များနှင့် ညှံ့ဖျင်း သောဆင်ကြီးများ [**ရွှေနန်းသုံး၊** စာ ၁၉၇]

**မှို့မင်္ဂလာ** – ကျက်သရေမင်္ဂလာ [**တရုပ်သံ၊** စာ ၁၇၁] "ဒိဋ္ဌသုတ မှို့မင်္ဂလာရှိသည့် အချင်းအရာများကိုသာ ပြောဆိုစေ။ မှို့မင်္ဂလာမရှိသည့် စကားကို မပြောမဆို စေနှင့်" [ROB, VIII, p.1055]

**မြှောက်စည်** – မင်းဧကရာဇ်တို့ ဝင်တော်မူရန် တီးရသည့် စည် [**မြန်စာညွှန်၊** ပ၊ စာ ၅]

# ယ

**ယကင်** *(ယင်္ဂ)* **ဦးချာ** – ဦးထိပ်ကို ရစ်ပတ်ထုံးဖွဲ့သော ဆံထုံးတစ်မျိုး [**ပေါ်ဇာနီ၊** စာ ၇၆]

**ယဋ္ဌန** – ယောက်ျားနှင့် ကွဲကွာ၍ မိဘနှင့် ပြန်၍နေထိုင်ရာ တွင် ရသောသားသမီး [**မနုကျယ်၊** စာ ၁၁၁]

**ယင်္ဂိကာသန** *(ပါ)* – ပက်လက်အိပ်၍ ခြေနှစ်ဖက်ကို ပူးကာ အစွမ်းကုန်ဆန့်တန်းပြီး လက်နှစ်ဖက်ကိုလည်း ဦးခေါင်းဘက်သို့ ဆန့်တန်းထားဟန် (အညောင်း အညာ ပြေလွယ်သော သဘော ဖြစ်သည်။) [**အာသန၊** စာ ၁၁၇]

**ယတရာရ** *(ယတြာရ)* – အသွားအလာ အတိုက်အခိုက် တို့ကို လေ့ကျင့်သင်ကြားပြီးသော လိမ်မာယဉ်ကျေး သည့် (ဆင်) [**မြန်စာညွှန်၊** ဒု၊ စာ ၆၅အောက်]

**ယထာသုခါသန** *(ပါ)* – လက်ဝဲခြေထောက်ကို အောက်သို့ချ၍ လက်ယာခြေကို ကွေးပြီး ပလ္လင်ပေါ် တွင် ဒူးထောင်၍ဖြစ်စေ၊ ဒူးလှဲ၍ဖြစ်စေ ထိုင်နေဟန် (ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းသော သဘောကို ဆောင်သည်။) [**အာသန၊** စာ ၁၁၆]

**ယဒါဟဝေပါတုဘဝန္တိ** *(ပါ)* – ကိလေသာ ကင်း၍ မကောင်းမှု ဟူသမျှကိုလည်း ဖယ်ရှားနိုင်ပြီးဖြစ်သော ရဟန္တာသည် (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို သိမြင်ပြီးဖြစ်၍ (နေမင်းသည် အမှောင်ကို ခွင်းနိုင်သကဲ့သို့ ထိုရဟန္တာသည်လည်း) မာရ်စစ်ကို ဖျက်ဆီးလျက် တည်နေတော်မူ၏။ [မြင် ]

**ယနအ်ပျာသည်** *(ကျောက်)* – ပျားရည်ရောင်းသူ။ "ငါသြင်သင်သင် ၁။ ယနအ်ပျာသည် နှာနိဝ်သည်ာ သာစိုဝ်ာ" [ပုံ ၃၆/၁၈ ]

**ယမကော်လှေ** – ရှည်ပျံ့ပုံ တည်ဆောက်ထားသောလှေ [ROB, X, p.124]

**ယမား** – ယပ်မားကြည့်။

**ယမိုက်ကျမ်း** – အစုံအစုံပြု၍ ဟောသောကျမ်း (ယမိုက်ငါးကျမ်းရှိသည်။ (၁) မူလယမိုက် (၂) ခန္ဓယမိုက် (၃) အာယတနယမိုက် (၄) ဓာတုယမိုက် (၅) သစ္စယမိုက်) [မြင် ]

**ယမြား** *(ရမျာ:)* – ပတ်ရစ်၊ ကာသန်းရန် ချည်၍ ဆွဲထားရသော ပိတ်ဖြူရှည် (ယမြားကြိုးမှာ ပိတ်စဖြင့် ပြုလုပ်သော ကြိုးဖြစ်သည်။) [ယုဒသန်၊ စာ ၈၁၇၊ မြန်မွှင်၊ ဖြည့်၊ စာ ၂၁၉-၂၀] "ငှက်ပျောပင် ကြံပင် စိုက်ရသည်။ အုန်းခိုင် ကွမ်းသီးခိုင် ယမြားလည်း ဆွဲရသည်" [မှန်နန်း၊ ၃၊ စာ ၂၉၈]

**ယရည်း** – ဆင်ထိန်း [မြန်စာညွှန့်၊ ပ၊ စာ ၅] ဆင်ကို လိမ်မာယဉ်ကျေးအောင် သင်ကြားပေးရသောအမှုထမ်း [ရွှေနန်းသုံး၊ စာ ၁၉၂] "ယရည်းဆင်ထိန်း ဆင်ကွပ် ဆင်နှင့်စပ်သ၍ကို မိဘမကဲ့လျှင် မိန်းမကိုသာရောင်းချ ပေါင်ထားရမည်" [ROB, II, p.148]

**ယသ** *(ပါ)* – ကျော်စောခြင်း [ဦးဟုတ်၊ စာ ၇၉၆]

**ယာဝကာလိက** *(ပါ၊ယာဝ+အကာလိက)* –နံနက်အချိန်၌သာ သုံးဆောင်ထိုက်သောမှယောဆွ [ဦးဟုတ်၊ စာ ၃၊ ၇၉၆]

**ယုယွီတန်ဆာ** *(တရုတ်)* – ယိုယွီ( 玉 )ဟုခေါ်သော ကျောက်စိမ်း အဆင်တန်ဆာ [ဝင်း ] "ကေရာဇ်မင်း နှင့်သာတန်သောယုယွီတန်ဆာ"[မေးတော်ဖြေ၊ စာ ၅၄၈]

**ယူဇနာ** *(ပါ–ယောဇန)* – တာ ၆၄၀၀ (၁၂မိုင် ၅ဖာလုံ ၈သံကြိုး ၄ကိုက်)ရှိသော အကွာအဝေး [ယုဒသန်၊ စာ ၈၂၀] (ရခိုင်ရာဇဝင်သစ် တွင်မူ တစ်ယူဇနာသည် ၈မိုင်ခန့် ကွာဝေးသည်ဟုဖော်ပြ၏။) [ရခိုင်ရာသစ်၊ ပ၊ စာ ၇၀]။ ကိုးခေတ်းပို့ဋ္ဌိကာကို ပြုစုသော ဦးကျော်ထွန်းကမူ တစ်ယူဇနာသည် အင်္ဂလိပ်မိုင် ၉မိုင် တိတိရှိသည် ဟုဆိုသည်။ [ကိုးခေတ်း၊ စာ ၂၂၂]

**ယောဘူယျသိသက်** *(ပါ)* – အများဆန္ဒကို လိုက်နာရသော သံဃအမှုကိစ္စ [ဦးဟုတ်၊ စာ ၈၀၁၊ ၁၀၃၉] "များရာ လိုက်ရသော ယေဘူယျသိသက်" [ROB, V, p.459]

**ယောကျာအကောက်** – ယောနယ်မှ ရောက်ရှိလာသော ကုန်စည်တို့အပေါ် ကောက်ခံသည့် အခွန်တော်။"ရှမ်းပွဲ အကောက်တွင် ပါဝင်သည့် ယောကျာအကောက် ... စုစုအကောက်ခွန် ဦးရေ ၂၃များကို ... နှုတ်သိမ်းတော်မူသည်" [လွှတ်တော်မှတ်၊ စာ ၁၅]

**ယောဂမုဒြာ** *(ပါ+သက်)* –တင်ပလ္လင်ခွေပေါ်တွင် လက်ယာလက်ဝါးကိုလက်ဝဲ လက်ဝါး ပေါ် တင်လျက် ဈာန ယောဂ ကျင့်နေဟန် (သောက ကင်းငြိမ်း လိုသူများ နှင့် ဉာဏ်ပညာ တိုးတက် ပွင့်လင်းလိုသူများသည် ဤမုဒြာဟန်ရုပ်တုတော်ကို ပူဇော်ကိုးကွယ် ကြသည်ဟု ဆို၏) [မုဒြာ၊ စာ ၇၁]



ယောဂမုဒြာ

**ယောဂါဝစရ** *(ပါ)* – ကမ္မဋ္ဌာန်းစီးဖြန်းသည့် [ဦးဟုတ်၊ စာ ၈၀၂]

**ယောဂါသန** – (၁) ယောဂီကျင့်စဉ်များတွင် ကုလားအုတ်သဏ္ဌာန်ထိုင်ဟန် (ဒူးနှစ်ဖက်ကို ထောက်ကာ ခြေနှစ်ဖက်ကို နောက်သို့ ပစ်ထားပြီး ဖနောင့်နှစ်ဖက် ပူး၍ ခြေဖဝါးကိုအပေါ်သို့လှန်ကာ လက်နှစ်ဖက်ကိုဖနောင့်ပေါ် ကျော်လျက် ကြမ်းပေါ် ထောက်မိအောင် ရင်ကော့ထားဟန်) [အာသန၊ စာ ၅၉] (၂) လက်ဝဲခြေတစ်ချောင်းကို ထောက်ရပ်၍ လက်ယာခြေကို အပေါ်သို့မြှောက်ထားပြီး လက်ယာလက်မနှင့် လက်ညှိုးဖြင့် လက်ယာခြေမကိုဆွဲကိုင်ထားလျက် လက်ဝဲလက်ကို ရှေ့တူရှုသို့ ဆန့်တန်းထားဟန် [အာသန၊ စာ ၈၀]

**ယောနကတိုင်း** – ရှမ်းယွန်းလူမျိုးတို့ နေထိုင်ရာ ဇင်းမယ် ဝန်းကျင်ဒေသနှင့် ရှမ်းပြည် အရှေ့ပိုင်းဒေသ [သာသနာ၊ စာ ၂၂၊ ၇၂]

**ယောနိသောမနသိကရ** *(ပါ)* – အသင့်အတင့် နှလုံးသွင်းခြင်း [ဦးဟုတ်၊ စာ ၈၀၃]

**ယောလေးမြို့** - (၁) ယောမြို့ (၂) ဆောမြို့ (၃) လောင်းရှည်မြို့ (၄) ထီးလင်းမြို့ [**ကာလေး၊** စာ ၂၉ နှင့် ROB, IX, p.679-81]

**ယော်ဇာ** - ရန်သူကို မိမိ၏ လက်နက်ဖြင့် ထိုးပစ်တိုက်ခိုက်နိုင်သော အလွန် ရဲရင့်သည့် သူရဲကောင်း [**လိနတ္ထ၊** စာ ၂၉၉-၃၀၀]

**ယိုးဒယားဆယ့်နှစ်ခန်း** - ပြင်စည်မင်းသား ရေးသားပြုစုသော သုခုမ အနုပညာကျမ်းလာ ယိုးဒယားသီချင်း ၁၂မျိုး [(၁) ရွှေတညာသီချင်းကို **ဖရုံတင်**ဟုခေါ်သည်။ (၂) နှင်းယွန်းသာဟေမန် သီချင်းကို **ခက်မွန်**ဟုခေါ်သည်။ (၃) တောတောင်စွယ် သီချင်းကို **ခမိန်**ဟုခေါ်သည်။ (၄) တောမြိုင်ခြေလမ်း သီချင်းကို **ထနောက်**ဟုခေါ်သည်။ (၅) ပန်းမြိုင်လယ် သီချင်းကို **ဖျင်းခြား**ဟုခေါ်သည်။ (၆) ခိုင်ပန်းစုံ သီချင်းကို **ထပ်တွန့်**ဟုခေါ်သည်။ (၇) မော်ရုံဟေဝန် သီချင်းကို **ချွတ်ချန်**ဟုခေါ်သည်။ (၈) မှိုင်းမှုံပြာညို သီချင်းကို **ငုငစ်**ဟုခေါ်သည်။ (၉) လွမ်းပိုအောင် သီချင်းကို **ချူခြာ**ဟုခေါ်သည်။ (၁၀) ဆန်းနွေဦး သီချင်းကို **ကပီ**ဟုခေါ်သည်။ (၁၁) တလိုင်စိန်ခြယ်ညီလင်း သီချင်းကို **အလေ့မေ့**ဟုခေါ်သည်။ (၁၂) ဝေဇယန္တာ သီချင်းကို **မဟိုရီသီ**ဟုခေါ်သည်။] [**သုတေသန၊** စာ ၄၄၀]

**ယိုးဒယားဇာတ်ကြီး** - ဆင်ဖြူရှင်(၁၇၆၃-၇၆)လက်ထက်တွင် ယိုးဒယားမှ ခေါ်ဆောင်လာခဲ့ပြီး နန်းတွင်းတွင် ကပြ အသုံးတော်ခံရသော ယိုးဒယား ဇာတ်အဖွဲ့ကြီး [**ရွှေနန်းသုံး၊** စာ ၁၅၂]

**ယိုးဒယားသံရှစ်မျိုး** - (၁) ဖရုံတင် (၂) ခက်မွန် (၃) ခမိန် (၄) ထနောက် (၅) ဖျင်းခြား (၆) ထပ်တွန့် (၇) ချွတ်ချန် (၈) ငုငစ် [**ကုန်းဆောင်၊** တ၊ စာ ၃၀၄]

**ယက်ကန်းယည်ခွန်** - ရက်ကန်းယင်ခွန် ကြည့်

**ယက်နီကန့်** - အနီစင်းကန့်၍ ရက်လုပ်သော [ROB, VIII, p.503]

**ယက်ပြား** - အနားစပ်လုပအောင် ခြယ်သသော (ရွှေချည်ငွေချည်ထိုး)အပြား [**ရာမ၊** စာ ၂၁၆]

**ယက်သွဲ့** *(ရက်သွဲ့)* - ငါးပုစွန်တို့ကို ကြော့ဖမ်းသည့် (ဝါးဖြင့်ရက်လုပ်ထားသော) ပိုက်ကွန်ကော်ပြား [**ယုဒသန်၊** စာ ၈၁၃]

**ယောက်ယာ** *(ကျောက်)* - ယောက်ျား [**ပေါစာန်၊** စာ ၂၄၆]၊ ဖုရှသွိင်လ္လုသော ကျွန်ကာ အိန်ကောင်သင်ယောက်ယာ အိန်ကောင်သင်မိယ်မ။ ငါသြ ၁ယောက်။ ငါသြင်မိယ်ယာအိန်စုံ ၁ယောက်" [**၁၁၉၇ စုနစ်ထိုး ပုဂံပြတိုက်အမှတ် ၅၂ကျောက်စာ**]

**ယောက်သွား** - (၁) အရိုးတံတပ်ထားသော ခပ်စရာဇွန်းခွက် (၂) အခွန်ခုံးနှစ်ခု ရင်ဆိုင်၍ ကပ်နေသော ခုံးခရု [**ယုဒသန်၊** စာ ၈၂၂ နှင့် **မြန်တန်၊** စာ ၃၀၀]

**ယုဂ်လေးပါး** - (၁) ကတယုဂ်-နှစ်ပေါင်း တစ်သန်းခုနစ်သိန်း နှစ်သောင်းရှစ်ထောင် ကြာသောကာလ (၂) တြေတာယုဂ်-နှစ်ပေါင်း တစ်သန်းနှစ်သိန်းကိုးသောင်း ခြောက်ထောင်ရှိသောကာလ (၃) ဒွါပရယုဂ်-နှစ်ပေါင်း ရှစ်သိန်းခြောက်သောင်း လေးထောင်ရှိသောကာလ (၄) ကလိယုဂ်-နှစ်ပေါင်း လေးသိန်းသုံးသောင်း နှစ်ထောင် ရှိသော ကာလ [**သမန္တစက္ခု၊** ဒု၊ စာ ၃၃၉]

**ယဉ်ပါး** - ဆက်ဆံပေါင်းဖက်သည်။ [**ပေါစာန်၊** စာ ၇၇]


**ယာဉ်ထီးဖြူ** - မင်းဧကရာဇ်တို့ စီးတော်မူသည့် ဆင်ယာဉ်၊ ရထားယာဉ်၊ လှေယာဉ်တို့တွင် စိုက်ဆောက်သည့်ထီး [**ရွှေဘုံ၊** စာ ၂၀]

**ယာဉ်ခံ** - စီးတော်ယာဉ်ကို ထမ်းပိုး သယ်ဆောင်သူ၊ ယာဉ်မောင်း။ "အမြင့်မြို့ ငါစုံရွာက ထီးမိုးယည်ခံလူ ၅၁၆" [ROB, VIII, p.596]

**ယန်သည်** *(ကျောက်)*-ယက်ကန်းရက်သူ။"အပေါင်ယန်သည် ၁၃ သန်ရျင်သည်ကာ ငါဇယ်ာ သာငါဉ်ာ ငီငါဖွာ" [**၁၂၄၂ခုနစ်ထိုး သွိင်ဖွားကြီးမြေးဓိုးမင်းကျောက်စာ** ----]

**ယုန်ချန်** *(တရုတ် 永昌 )* - ယခုပေါင်ရှန်မြို့(保山) [မြန်မာ မှတ်တမ်းများတွင် ဤမြို့ကို ရုံဆင်၊ ရုံရှန်ဟူ၍ ဖော်ပြသည်။] [**ရည်စိန်၊ ရှင်ဒိသာ** စာ ၄၇]

**ယပ်မား** *(ယမား)* - အရိုးရှည်တပ်သော နန်းသုံးယပ်ဝိုင်းကြီး [**မေးတော်ဖြေ၊** စာ ၄၇၊ **ရွှေဘုံ၊** စာ ၂၁]


ယပ်မား

**ယမ်းပည်း** - ရိုသေကိုင်းရှိုင်းသည်။ "ယမ်းပည်း ရိုသေစွာ ပဋ္ဌမပြန်ဆိုတော်မူသည်" [**ကုန်းဆောင်၊** ၈၊ စာ ၄၁၆]

**ယွန်းကြီး** - တုံကင် သို့မဟုတ် ကိုချင်ချိုင်နား ဒေသသား [ROB, VIII, p. 384 နှင့် **အုပ်ချုပ်၊** ၈၊ စာ ၆၂]

**ယွန်းစုကိုယ်ရံ** - သာလွန်မင်း (၁၆၂၉-၄၈)လက်ထက် တွင် ဇင်းမယ်နယ်၊ အနန်းမြို့မှ ခေါ်ဆောင်လာခဲ့သော ယွန်းလူမျိုးတို့အနက် လူပေါင်း ၁၀၀ကို ရွေးစစ်၍ ဖွဲ့စည်းသော ကိုယ်ရံတော်များ [**အုပ်ချုပ်၊** ၈၊ စာ ၄၆]

**ယွန်းစုဝန်** - ယွန်းစုအမှုထမ်းများကို မိုးနဲ့ရွှေလုံ့ကိုင်စေ၍ ဆင်ခြေဖုံးအဖြစ် ဆင်၏အပေါ်တွင် ကပ်မိုဝန်းရံလိုက် ပါထမ်းရွက်ရန် ကြီးကြပ်ဆင့်ဆို စီရင်ရသောအရာရှိ [**ရွှေနန်းသုံး၊** စာ ၁၁၄]

**ယွန်းဆက်** - အမိုးနှစ်ဆင့်ကို ပြေပြေဆင့်၍ မွမ်းမံခြယ် လှယ် တည်ဆောက်ထားသော [**ယုဒသန်၊** စာ ၈၂၅]

**ယွန်းဆက်ပြေတန်ဆောင်း** - အချိုးအစားပြေပြစ်၍ အဆင့် ချင်း မကွာလှမ်းသော အမိုးအဆင့်ဆင့်တန်ဆောင်း [**ယုဒသန်၊** စာ ၄၆၂၊ ၈၂၅]



ယွန်းတန်ဆောင်း

**ယွန်းထည်** - ဝါး၊ သစ်တို့ဖြင့် ပြုလုပ်သော အခြေခံ အကြမ်းထည်တွင် သားရိုးကိုင်၍ သစ်စေး ဟသ်ပဒါး သုတ်လိမ်းထားသော အသုံးအဆောင်ပစ္စည်း [**ယုဒသန်၊** စာ ၈၂၅ နှင့် **အုပ်ချုပ်၊** ၃၊ စာ ၁၂၂]

**ယွန်းပု** - သရိုးကိုင်၊ သစ်စေး၊ ဟသ်ပဒါးသုတ်ကျည် တောက် [**အုန်းအဘိဓာန်၊** ယနှင့်ပ အက္ခရာ]


**ယွန်းပေါင်ပါမြေ** - လက်ဖွဲ့အဖြစ် သီးသန့်လက်ခံရရှိ သော (နန်းမတော်မိဖုရားကြီးပိုင်)မြေ၊ မိဖုရားကြီး အဆက်ဆက် သီးသန့်ပိုင်ဆိုင်ခဲ့သောမြေ (ထိုမြေတို့ကို ယွန်းပေါင်ပုရပိုက်တွင် ရေးမှတ်ထားခဲ့သောကြောင့် ယွန်းပေါင်ပါ အရာတော်မြေဟု ခေါ်ခဲ့ခြင်းဖြစ်သည်။) [**အုပ်ချုပ်၊** ပဥ္စ၊ စာ ၂၁]

**ယွန်းပေါင်ပုရပိုက်** - ပုရပိုက်၏ အပေါ်ဖုံးကို သရိုးကိုင် သစ်စေးသုတ်၍ အနီခြယ်ခြင်း၊ ရွှေချခြင်း၊ မှန်စီခြင်း စသည်ဖြင့် စီရင် ခြယ်လှယ် ထားသော ပုရပိုက် (ယွန်းပေါင်ပုရပိုက်တွင် အမိန့်တော်ရေး၍ အိမ်ရှေ့မင်း တင်မြှောက်ခြင်း၊ ပင်တိုင်စံတင်မြှောက်ခြင်း၊ လက်ဖွဲ့ တော် စာရင်း ရေးသားခြင်းများကို ပြုလုပ်လေ့ ရှိ သည်။) [**ရွှေမြန်၊** စာ ၇၁ နှင့် **ကုန်းဆောင်၊** ၃၊ စာ၄၈၄]

**ယွန်းပြည်** - ရှမ်းယွန်းလူမျိုးတို့ နေထိုင်သော ဇင်းမယ် ဝန်းကျင်ဒေသ။ "ယွန်းပြည် ဖြစ်သော ဇင်းမယ်သို့ အလျင်ချီတော်မူ၍ သိမ်းယူတော်မူသင့်လေသည်" [**မှန်နန်း၊** ၃၊ စာ ၃၁၈]

# ရ

**ရကောင်ဆံထုံး** - ဆံစုသည် ဦးထိပ်၏ ရှေ့ဘက်သို့ ထောင်လာပြီးနောက်၊အနောက်ဘက်သို့တစ်ဖန်လျှော၍ ကော့ဆင်းသွားသောဆံထုံး



ရကောင်ဆံထုံး

. [ROB, VIII, pp. 168, 594]

**ရကောင်သံ၃၇ချင်း** - ဂီတတူရိယာအသံ ၃၇မျိုး၊ (၁) အချို ကြီးသံ (၂) အချိုငယ်သံ (၃) ဆရာတောင်းသံ (၄) ဆရာ ပန်သံ (၅) ဆရာညွှန်းသံ (၆) အတွင်းတီးပြေသံ (၇) အပြင်တီးပြေသံ (၈) ဆင်ဖြူရေချသံ (၉) ရွှေ ပလ္လင်တည်သံ (၁၀) ဗောဓိရွက်သံ (၁၁) ဇမ္ဗူသပြေ သီးကြွေသံ (၁၂) ငါးကြင်းမြီးခတ်သံ (၁၃) ခရုသင်း သံ (၁၄) ခွက်ခွင်းသံ (၁၅) ဘီလူးဝမ်းစည် ကြိုးသံ (၁၆) မြစ်တွေးလန့်တွန်သံ (၁၇) မြစ်တွေးငှက်တွန် သံ (၁၈) သိကြားအုပ်ဆောင်းသံ (၁၉) သိကြားခလုပ် သံ (၂၀) သိကြားရေကန်တင်သံ (၂၁)သိကြားလောက်

ပစ်သံ (၂၂) ကင်းပတ်ကြီးသံ (၂၃) ကင်းပတ်ငယ်သံ (၂၄) သပြေလားသံ (၂၅) ထုံးကိုးထဲသံ (၂၆) မျောက်မင်းအူသံ (၂၇) မိတ္ထီလာကန်ပေါက်သံ (၂၈) ပြုံးကာရယ်ရွှင်သံ (၂၉) နောက်မြင်းလှသံ (၃၀) ကသာဝန်းလည်သံ (၃၁) ပွင့်လှရွှေဝါသံ (၃၂) လုလင်ပြန်တောစည်သံ (၃၃)လင်္ကာကန္တီသံ (၃၄)မြင်းလှစာတောင်းသံ (၃၅)မြင်းလှခွာသံ(၃၆)တံငါမအဲချင်းသံ(၃၇)စကြာမင်းဘိသိက်မြှောက်သံ [**သုတေသန၊** စာ ၄၄၁-၂]

**ရကန်** – အခြားကဗျာဆရာများသည် မိမိကဲ့သို့ မတတ်ကျွမ်းကြောင်း ချိုးဖဲ့ရေးသားပြီး အခြားကဗျာဆရာများ မလှုပ်နိုင်အောင် စကားအဖွဲ့အနွဲ့ဖြင့် မိမိရရကန်သော အဖွဲ့အနွဲ့ကဗျာ [**စာပေသမိုင်း၊** စာ ၁၆၇]။ အသံကိုရစ်၍ ရစ်၍ကန်၍ကန်၍ ဆိုရသောကဗျာ [**ရွှေမြန်၊** — စာ ၂]

**ရခဲခြင်းလေးပါး** – (၁) လူအဖြစ်ကိုရခဲခြင်း (၂) လူတို့ အသက်ရှည်ခဲခြင်း (၃) သူတော်ကောင်းတရားကို ကြားနာရခဲခြင်း (၄) ဘုရားဖြစ်တော်မူသော ကာလနှင့် ကြုံကြိုက်ခဲခြင်း [**သမ္မန္တစက္ခု၊** စာ ၃]။ (၁) လူ၏ အဖြစ်ကို ရခဲခြင်း။ (၂) ဘုရားအဖြစ်ကို ရခဲခြင်း။ (၃) သာသနာတော်တွင်း၌ ကြုံကြိုက်ခဲခြင်း။ (၄)အရှင် ဟောသော တရားတော်ကို ကြားနာရခဲခြင်း။ [ROB, I, p. 362]

**ရခဲခြင်းအကြောင်းငါးပါး** – (၁) ဘုရားဖြစ်တော်မူသော အခါ၌ ကြုံခဲခြင်း (၂) လူအဖြစ်ကိုရခဲခြင်း (၃) သဒ္ဓါတရားနှင့်ပြည့်စုံသော အဖြစ်ကိုရခဲခြင်း (၄) ရဟန်းအဖြစ်ကို ရခဲခြင်း (၅) ဘုရားရှင်ကို မျက်မှောက် ဖူးမြင်ရရန် အလွန် ခက်ခဲခြင်း [ROB, I, p. 437] "မင်းကြီးရန်နောင်လည်း တနှစ်ခန့်ရှိလျှင် ပဥ္စဒုလ္လဘ ရခဲခြင်း အကြောင်း ငါးပါးကို ထောက်၍ မကွေးရာ အရပ်၌ တောဝင်၍ ရဟန်းပြုလေ၏" [**မှန်နန်း၊** ၃၊ စာ ၁၄၆]

**ရဇတဗိမာန်** *(ပါ၊ ရဇတ+ဗိမာန)* – ငွေဗိမာန် [**ဦးဟုတ်၊** — စာ ၈၀၅]

**ရဋ္ဌပိဋ္ဌနဆွမ်း** – တိုင်းသူ ပြည်သား တို့အား နှိပ်စက် ဖျက်ဆီးမည့်ဆွမ်း [**ဦးဟုတ်၊** စာ ၆၇၆၊ ၈၀၆]

**ရဋ္ဌဝမုန** *(ပါ)* – ပြည်၏ အစီးအပွားကို ဖြစ်စေသည်။ [**ဦးဟုတ်၊** စာ ၈၀၆၊ ၈၄၄]

**ရတနသီယံ** *(ပါ)* – ရတနာ၏တည်ရာ အထွတ်သဖွယ် ဖြစ်သောမြို့ [**ဦးမောင်မောင်တင်စာစု** ]

**ရတနာကန္နားတော်**–အမိုးဘုံအဆင့်ဆင့်တွင် အထွတ် ထုပိကာ တင်၍ရွှေထီးစိုက်ထူထားသောဝေါတော်။"နဂါးခံ ကရဝိက်ရေအုပ်တော်တစ်၊ ...ရတနာကန္နားတော်များကို လက်ဖွဲ့တော်မူ၏" [**ကုန်းဘောင်၊** ၃၊ စာ ၄၈၄]

**ရတနာကုန်း** – ရတနာစီခြယ်ထားသော ထိုင်ခုံ [ROB, VIII, p. 591]

**ရတနာခုနစ်ပါး** – (၁) စကြာရတနာ (၂) ဆင် (၃) မြင်း (၄) မြ (၅) မိဖုရား (၆) သူဌေး (၇) သားကြီးရတနာ [**သမ္မန္တစက္ခု၊** စာ ၂၁၄-၁၉]


**ရတနာခုနစ်ပါး** – (၁) ရွှေ (၂) ငွေ (၃) ပုလဲ (၄)ပတ္တမြား (၅) ကြောင်မျက်ရွဲ (၆) စိန် (၇) သန္တာ [**သုတေသန၊** စာ ၄၄၂-၃]

**ရတနာခုနစ်ပါး** – (၁)သား(၂)သမီး(၃)ကျေးကျွန်(၄)ဆင် (၅) မြင်း (၆) ကျွဲ (၇) နွား [**သုဓမ္မတာ၊** — စာ ၂၅၄]

**ရတနာခုံပျံ** – ရတနာစီခြယ်ထားသော ပစ္စည်းတင်ခုံမြင့်

**ရတနာဆယ်ပါး** – (၁)ရွှေ (၂)ငွေ (၃)ပုလဲ(၄)ပတ္တမြားနီ (၅) ပတ္တမြားပြောက် (၆) မြ (၇) ကြောင်မျက်ရွဲ (၈) ခရုသင်း (၉) ကျောက်သလင်း (၁၀) သန္တာ [**သုတေသန၊** စာ ၄၄၃]

**ရတနာပန်းတောင်း** – ရွှေဖြင့်စီရင်၍ ရတနာစီခြယ်ထားသော ကလပ်နှင့် သဏ္ဌာန်တူသည့် ကွမ်းပန်း ထည့်သည့် ခွက်ကြီး [**ပေါ်စာန်၊** စာ ၅၁]



ရတနာပန်းတောင်း

**ရတနာပုံတိုက်စိုး** – (ကုန်းဘောင် ခေတ်ဦးမှ စတင်၍) ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော နိုင်ငံခြား ကုန်သင်္ဘောများတွင် ပါရှိသည့် လက်နက်၊ တက်မနှင့် ကုန်စည်အထည်အလိပ်များကို ရန်ကုန်မြို့ ရတနာပုံ တိုက်တော်အတွင်း တင်သွင်း၍ စစ်ဆေး ရေတွက် မှတ်သားပြီး ကုန်စည်များအပေါ် အခွန်တော်တစ်ဆယ် ရာခိုင်နှုန်း ကောက်ခံ ဆက်သွင်းရသော ကုန်တိုက်စိုး အကောက်တော် အရာရှိ [**ဟံသာဝတီ ဖြေနစ်တမ်း၊**— JBRS, Vol. VI, pp. 220-1]

**ရတနာလှေကားတော်** – စီးတော်ဆင်ပေါ်သို့ ဖြစ်စေ၊ ရတနာထမ်းစင်တော်ပေါ်သို့ ဖြစ်စေ မင်း မိဖုရားတို့ တက်သက်တော်မူရန် အတွက် ရတနာစီခြယ်ပြုလုပ်ထားသည့် လှေကားတော်

**ရတနတ္တယ** *(ပါ)* – ရတနာသုံးပါးတို့၏ အပေါင်းအစု [**ဦးဟုတ်၊** စာ ၈၀၇] "ရတနတ္တယမှုကိစ္စကို ထာဝရဆောင်ရွက်လိုသော သမ္မာဆန္ဒ အာသီသ အရင်းခံရှိခြင်း" [**ကုန်းဆောင်၊** တ၊ စာ ၃၇၆]

**ရတု** *(သက်၊ ရိတု)* – (၁) ဥတုရာသီ (၂) လူ့အကြောင်း၊ ရာသီဥတု သဘာဝ အခြေအနေများ အကြောင်းကို စည်းစနစ်အတိုင်း တစ်ပိုဒ်တည်းဖြစ်စေ၊ အပြည့်ခံဖြစ်စေ၊ သုံးပိုဒ်ဖြစ်စေ ဖွဲ့နွဲ့စပ်ဆိုသောကဗျာ [**မွှေယ်နုံ၊** ၁၁၊ စာ ၅၆-၇]

**ရတုခြောက်ပါး** – တစ်နှစ်တွင်ရှိသော ဥတုခြောက်မျိုး (၁) သိသိရရတု–ပြာသိုလဆန်း ၁၅ရက်နေ့မှတပေါင်းလဆန်း ၁၅ရက်နေ့အထိ (၂) ဝသန္တရတု – တပေါင်းလဆန်း ၁၅ရက်နေ့မှ ကဆုန်လဆန်း ၁၅ရက်နေ့အထိ (၃) ဂိမှာနရတု–ကဆုန်လဆန်း ၁၅ရက်နေ့မှ ဝါဆိုလဆန်း၁၅ရက်နေ့အထိ(၄)ဝဿာနရတု–ဝါဆိုလဆန်း ၁၅ရက်နေ့မှ တော်သလင်းလဆန်း ၁၅ရက်နေ့အထိ (၅) သရဒရတု–တော်သလင်းလဆန်း ၁၅ရက်နေ့မှ တန်ဆောင်မုန်းလဆန်း ၁၅ရက်နေ့အထိ (၆) ဟေမန္တရတု–တန်ဆောင်မုန်းလဆန်း ၁၅ရက်နေ့မှ ပြာသိုလဆန်း ၁၅ရက်နေ့အထိ [**သုတေသန၊** စာ ၄၄၃]

**ရထည်း** – (၁) ပုဆိုးဖြူ၊ ပိတ်ချောထည် [**တွင်းသင်းပေါ၊**— စာ ၉၂] အဝတ်ဖြူ [**လောက၊** စာ ၂၁၆]၊ (၂) ပါးသည် [**ရွှေဘုံ၊** စာ ၅၈]

**ရနောင်တွန့်ချွန်** – မင်းတို့ ဝတ်ဆင်သော အင်္ကျီတွင် ကော့လန်ကြော့မော့၍ အညွှတ်ထွက်နေဟန် ထိုးချုပ်ထားသော အတွန့်အချွန် [**အုပ်ချုပ်၊** ပဥ၊ စာ ၆၀]

**ရနယ်** – အမိုးအောက်ခံ သစ်သားတန်း [**မြန်စာန်၊** စာ ၃၀၃] "အမိုးရနယ် မျက်နှာကြက်များက ရွှေရောင်ချင်းကူး၍ထွန်းလင်းလေ၏" [**ကုန်းဆောင်၊** ဒ၊ စာ ၆၄]

**ရဗ** *(ရဘ)* – နီးဗန်း [ROB, X, p. 125]

**ရမထာ** – ကြိမ်လုံး။ "ရမထာရွှေကြိမ်လုံးရယ်နဲ့၊ ထွန်တုံးကိုတဲ့ခြေတော်တင်၊နွားကြန်စုံနှင်"[**သီချင်း၊** ပ၊ စာ၃၄]

**ရမထိ** *(ပါ–ရမ္မ။ သက်–ရမျတာ)* – နှစ်လိုဖွယ် ကောင်းသော ပိတ်ချော [**မြန်မွှင်၊** ဒ၊ စာ ၃၂၀]

**ရမည်းသင်းငါးမြို့** – (၁)ရမည်းသင်း (၂)ဝထိး (၃)ဘဏ္ဍ (၄)မြို့လှ(၅)ညောင်ကိုင်း[GUBSS, pt 2, Vol. III, p.369]

**ရမြားကြိုး** – ယမြားကြည့်

**ရယည်း** – ယရည်းနှင့်အတူတူ (ဆင်ထိန်းဟု အဓိပ္ပာယ်ရှိသည်။) [**ဓိပ္ပါလ္လာ၊** စာ ၄၂]

**ရဝိသသီ** *(ပါ)* – နေနှင့်လ [**ဦးဟုတ်၊** စာ ၈၁၀၊ ၁၀၁၆] "ဤသို့လျှင် မြင်းမိုရ်ဂီရိ၊ ရဝိသသီ၊ မိုးလုံး ညီ၏သို့" [**ကုန်းဆောင်၊** ဒ၊ စာ ၃၃၈]

**ရဆ** – (၁) နန်းတော်ဆောင် (၂) အရှေ့သို့မျက်နှာမူသော အိမ်တွင် မြောက်ဘက်၌ တန်း၍စိုက်သော တိုင်များ အနက် အလယ်တိုင် [ROB, X, p. 125]

**ရဝိန္ဒုဒသသနမင်္ဂလာ** – ဖွားမြင်ပြီးနောက် ရက်ပေါင်းကိုးဆယ်မြောက်၌ ကလေးငယ်အား နေလနှစ်ပါးကို ပြသသည့် မင်္ဂလာအခမ်းအနား [**ရွှေနန်းသုံး၊** စာ ၂၃၈ နှင့် **ကုန်းဆောင်၊** တ၊ စာ ၅၃၈] "သားတော်မြတ် ရတနာကို နေ–လ ရှုမျှော်တော်မူရန် – ရဝိန္ဒုဒသသန မင်္ဂလာ...ကျင်းပ ချီးမြှောက်တော်မူသည်"[**ကုန်းဆောင်၊**— တ၊ စာ ၅၂၉]

**ရဟန်းဖြစ်ရန်အင်္ဂါငါးပါး** – (၁) သိမသမ္ပတ္တိ – သိမ်၏ ပြည့်စုံခြင်း (၂) ဉတ္တိသမ္ပတ္တိ – ဉတ်၏ ပြည့်စုံခြင်း (၃) အနုသာဝနသမ္ပတ္တိ – ကမ္မဝါစာ၏ ပြည့်စုံခြင်း (၄) ပုဂ္ဂလသမ္ပတ္တိ–အသက်နှစ်ဆယ် ပြည့်သော လူဖြစ်ရခြင်း (၅) ပရိသသမ္ပတ္တိ–ရဟန်းငါးပါးပရိတ်သတ်၏ ပြည့်စုံခြင်း [**ရတနာ့ဘဏ်၊** စာ ၁၆၇]

**ရာကျော်ကိုင်** – တက်ခတ်၊ ဝါးထိုး၊ ကြိုးချည်၊ ရွက်ဖွင့် ကြရသောလှေဖောင် အမှုထမ်းတို့ကို လှေဦးမှ နေ၍ စီမံအုပ်ချုပ်ညွှန်ကြားရသူ

**ရာဂ** *(ပါ)* – တပ်မက်ခြင်း [**ဦးဟုတ်၊** စာ ၈၁]

**ရာဇဂုဏ်ခြောက်ပါး** – (၁) သန္ဓိ–ရန်သူနှင့် သင့်မြတ်အောင် စေ့စပ်နိုင်ခြင်းဂုဏ် (၂) ဝိဂ္ဂဟ – ရန်သူနှင့် စစ်တိုက်နိုင်ခြင်းဂုဏ် (၃) ယာန – ရန်သူရှိရာသို့ ချီတက်နိုင်ခြင်းဂုဏ် (၄) အာသန – နေရာကောင်း၌ ရပ်တည်နိုင်ခြင်းဂုဏ် (၅) ဒွေဓ – ရန်သူကို နှစ်ခြမ်းခွဲ စွမ်းနိုင်ခြင်းဂုဏ် (၆) အာသယ–မဟာမိတ်အမှီကောင်း ထားရှိခြင်းဂုဏ် [**အုပ်ချုပ်၊** ပ၊ စာ ၁၁၀]

**ရာဇတင်** *(အင်္ဂလိပ်)* – အခြေစိုက်သံတမန်(Resident) "မယ်စယ်သော်ရနီကို အင်္ဂလိပ်မင်းက၊ ရာဇတင်ဝန်ကြီးအရာ ခန့်သည့်စာ...ပေးအပ်သည်" [**လွှတ်တော်မှတ်၊** စာ၂၁၅]

**ရာဇဒ္ဓိ** *(ပါ)* – မင်းမျိုးမင်းနွယ်၊ မင်းနှင့်ပတ်သက်သော [**ဦးဟုတ်၊** စာ ၄၃၂၊ ၈၁၂] "လောကဓမ္မ ရာဇဒ္ဓိ ထုံးစံ ညီအောင် သိမှိကျွမ်းကျင်သူ...ကိုထွန်းအောင်" [**ကုန်းဘောင်၊** တ၊ စာ ၃၇၆]

**ရာဇဓမ္မ** *(ပါ)* – မင်းကျင့်တရား [**ဦးဟုတ်၊** စာ ၈၁၃] (ရာဇဓံဟုလည်း အတိုရေးသည်။)

**ရာဇနုဘာဝ** *(ပါ၊ ရာဇ+အာနုဘာဝ)* –မင်း၏အစွမ်းသတ္တိ၊ မင်း၏အာနုဘော် [**ဦးဟုတ်၊** စာ ၁၆၇၊ ၈၁၃] "ထူးမြတ်သော ရာဇိဒ္ဓိ၊ ရာဇာနုဘာဝ တို့ကို ထွန်းတောက်ပစေလျက်..." [**ကုန်းဘောင်၊** တ၊ စာ ၄၃၂]

**ရာဇပြကတေ့** *(ရာဇ+ပကတိ)* – မင်းတို့ဖြည့်ကျင့်ဆောင်ရွက်မြဲ ဓလေ့ထုံးစံ။ "မင်းကောင်းမင်းမြတ်တို့ဖြည့်ကျင့်ရွက်ဆောင်မြဲ ရာဇပြကတေ့ ဓလေ့ထုံးစံနှင့်ညီစွာ..." [**လွှတ်တော်မှတ်၊** စာ ၈]

**ရာဇမာယာ** *(ပါ)* – မင်းတို့၏ အလှည့်အပြောင်းအတတ် [**ဦးဟုတ်၊** စာ ၇၇၂၊ ၈၁၃]

**ရာဇမုနိ** – မင်း၏ဘုရား (မင်းတစ်ပါး နန်းတက်ပြီးနောက် လကြတ်သောနေ့တွင် ပုဏ္ဏားတော်များ လျှောက်တင်သည့်အချိန်၌ နိုင်ငံတော် အရပ်ရပ်ရှိ မြို့တိုင်းတွင် စေတီငယ်တစ်ဆူစီ တည်ရသည်။ မင်း၏အာဏာစက်ပျံ့နှံ့ရာဒေသ အကျယ်အဝန်းကိုလိုက်၍ ထိုမင်းတည်သော ဘုရားအနည်းအများရှိသည်။ ပဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက်တွင် အာဏာတော် ပျံ့နှံ့ရာဒေသကျယ်ဝန်းသဖြင့် မြို့ ၅၅၀ တွင် ရာဇမုနိဘုရားများ တည်နိုင်ခဲ့သော်လည်း သီပေါမင်း (၁၈၇၈–၈၅)လက်ထက်တွင်မူ မြို့ပေါင်း၁၅၆မြို့တွင်သာ ဘုရားများ တည်နိုင်ခဲ့သည်။) [ROB, X, p. 125]

**ရာဇမတ်** – မင်းစံပယ်တော်မူရန်မဏ္ဍပ်တွင်လည်းကောင်း၊ ထွက်ချီတော်မူသည့် လမ်းတစ်ဖက် တစ်ချက်တို့တွင်လည်းကောင်း ဝါးခြမ်းငယ်များကို မှန်ကူကွက်ပုံရက်၍ ယာယီ ပြုလုပ်ထားသော အကာအရံ [**မြန်မာမှု၊** ၅၊ စာ ဃ–င]၊ မှန်ကူကွက်ပုံ အကာအရံ [**ပေါရာဏ၊** ─── စာ ၂၇၁] မင်း၏လမ်းကို သတ်မှတ်သော အပိုင်းအခြား [**ဥမ္မာ၊** စာ ၅၁]

**ရာဇမတ္တိက** *(ပါ)* – အရောင်းအဝယ် စည်ကားသောနေရာဒေသ၏ အခြေအနေကို အစဉ်အမြဲ လေ့လာအကဲခတ်၍ ထိုဒေသ စည်ပင်ဖွံ့ဖြိုးအောင် ထိန်းသိမ်းစောင့်ရှောက်ရန် မင်းက တာဝန်ပေး စေလွှတ်ထားသော အရာရှိ(ရာဇမတ္တိကများသည်မင်းကယုံကြည်စိတ်ချရ၍ မင်း၏ အလိုကိုလည်း သိတတ်သော ဘုန်းကြီးလူထွက်များ ဖြစ်လေ့ရှိသည်။) [**အုပ်ချုပ်၊** ပဥ၊ စာ ၁၀ နှင့် ROB, X, p. 126]

**ရာဇမတ်လက်ပြင်** – ရာဇမတ်အကာ၏အပြင်ဘက်

**ရာဇလီလာသန** *(ပါ)* – လက်ယာခြေကိုကွေး၍ ထိုင်ခုံပေါ်ခွင်းချထားပြီး လက်ဝဲခြေကို ကွေး၍ထောင်ထားကာလက်ယာလက်ကို ဆန့်တန်း၍ လက်ယာဒူးခေါင်းပေါ်တွင် တင်ထားဟန် (မင်းတို့ ထိုင်နေဟန် ဖြစ်သည်။) [**အသေန၊** စာ ၁၂၀]



ရာဇလီလာသန

**ရာဇဝင်** *(ပါ၊ ရာဇ+ဝံသ)* – မင်းတို့၏ အမျိုးအနွယ်အစဉ်အဆက် အကြောင်းကို ဖော်ပြသောကျမ်း [**ဦးဟုတ်၊**— စာ ၈၁၂၊ ၈၃၉]

**ရာဇဝတ်ခံရှစ်မျိုး** – (၁) **သတ်**–အသက်ကို အဆုံးစီရင်ခြင်း (၂) **ဖြတ်**–လက်ခြေတို့ကို ဖြတ်ခြင်း (၃) **ကွက်**–ဆေးနှင့် ထိုး၍ ပါးပေါ်တွင်ကွက်ခြင်း (၄) **မှတ်**–နဖူး စသည်တို့တွင် ဆေးဖြင့်မှတ်သားခြင်း (၅) **ဖြည့်**–နိမ့်ကျသော အစုတွင် ဖြည့်ထည့်ခြင်း (၆) **ထည့်**–အစေးအလဲသို့ထည့်၍အမှုထမ်းစေခြင်း (၇) **ပို့**–နေထိုင်ရန် မသင့်သော ဒေသသို့ ပို့ခြင်း (၈) **အပ်**–ထောင်မှူးလက်သို့အပ်၍ ချုပ်ထားခြင်း [**ရွှေဝတီ၊** စာ ၇၅–၆]

**ရာဇဝတ်မိုးသေးမီးပွား** – အသေးအဖွဲ ခိုးမှု၊ မီးပေါ့ဆမှု ဟူသော ရာဇဝတ်မှု

**ရာဇဝတ်မှုကြီး** – သေဒဏ်၊ အစေးပို့ဒဏ်၊ ပစ္စည်းသိမ်းဒဏ်စသော အမှုကြီးများ [**အုပ်ချုပ်၊** စ၊ စာ ၂၅၄]

**ရာဇဝတ်ရုံးတော်** – နန်းတော်ရှေ့ သစ်တပ်၏အပြင်ဘက်၊ လမ်းမတော်၏ လက်ယာဘက်တွင် တည်ရှိသော ရာဇဝတ်မှုစီရင်သည့် ရုံးတော်(နန်းတော်၏အရှေ့ဘက်တွင် တည်ရှိသောကြောင့် ရှေ့ရုံးတော်ဟု ခေါ်သည်။ ရှေ့ရုံးတော်တွင် မြို့ဝန် ၄၊ ထောင်မှူး ၄၊ မြို့စာရေး ၄၊ ရွှေပြည်စိုး ၄၊ ထောင်စချီ ၄၊ ရွှေမြို့တော်တံခါးမိုလ်

၁၂၊ မြို့ကြီးတံခါးဖိုလ်များကို ခန့်ထားသည်။) [**အုပ်ချုပ်၊**—စ၊ စာ ၂၈]

**ရာဇဝလ္လဘ** *(ပါ)* – မင်းနှင့်အကျွမ်းဝင်သောသူ [**ဦးဟုတ်၊**— စာ ၈၁၂၊ ၈၁၅]"မင်းနှင့်အကျွမ်းဝင်ရာဇဝလ္လဘဖြစ်၍သာ ဆရာတော် ဖြစ်ကြသည်" [**သာသနာ၊** စာ ၁၈၃]

**ရာဇသူ** *(ပါ၊ ရာဇ+သူရ)* – ရဲရင့်သောမင်း [**ဦးဟုတ်၊** — စာ ၈၁၂၊ ၁၀၆၄]

**ရာဇသင်္ကြံ** *(ပါ+သက်၊ ရာဇ+သံကြမ)* – စစ်သူကြီးမင်း [**လိနစ္ဆာ၊** စာ ၃၁၂]

**ရာဇာဓိရာဇာဝုရု** *(ပါ)* – ကေရာဇ်မင်း၏ ဆရာတော် [**ဦးဟုတ်၊** စာ ၃၆၉၊ ၈၁၅]

**ရာဇာသန** *(ပါ)* – လက်ယာဒူးကို ထောင်၍ ပလ္လင်ပေါ် တင်ထားပြီး လက်ဝဲခြေကို ပလ္လင်အောက်ချကာ ကြမ်းပြင်ပေါ် နင်းထားဟန် (မင်းတို့ထိုင်နေဟန်ဖြစ်၍ အနှောင့်အယှက်ကင်းသော သဘောကို ဆောင်သည်။)

**ရာစု** – ချိန်ခွင်၊ ဆွဲချိန်ခွင် [**ပေါ်ဇာနီ၊** စာ ၂၇၃]

**ရာဇင်္ဂ** *(ပါ–ရာဇင်္ဂဏ)* – မင်းရင်ပြင်၊ နန်းရင်ပြင်။ "စိုးဒီပံ စံသမုဒယ်နှင့်၊ မြတ်ကမ္ဘူရိပ်လှုံ၊ ရာဇင်္ဂခါကြုံကို" [**သီချင်း၊** ပြည့်စွက်၊ စာ ၇၄]

**ရာဇင်္ဂလတိုင်း** – မိုးကောင်းပြည် [**ROB,** VIII, p. 394]

**ရာဇိန္ဒြ** *(ပါ၊ ရာဇ+ဣန္ဒြ)* – မင်း၏ တန်ခိုး [**ဦးဟုတ်၊** စာ ၈၁၅]

**ရာဇိန္ဒြရာဇာနုဘာဝ** *(ပါ)* – မင်း၏ဘုန်းတန်ခိုးကျက်သရေ တင့်တယ်ခြင်း [**ဦးဟုတ်၊** စာ ၈၁၅] "သာသနာပြု မင်းဖြစ်သည့်အတိုင်း၊ ရာဇိန္ဒြရာဇာနုဘာဝ၊ ရာဇကျက်သရေတော်တို့သည် ဇမ္ဗူသောင်းမြေ ပြန့်နှံ့စေရန်" [**လွှတ်တော်၊** စာ ၁၉၀]

**ရာဇိန္ဒ** *(ပါ)* – မင်းတကာတို့၏မင်း [**ဦးဟုတ်၊** စာ ၈၁၅ နှင့် **မြန်မာညွှန်း၊** ပ၊ စာ ၆၃အောက်]

**ရာတိုင်** – လှေသမ္ဗန်တို့တွင် ထိုးဝါးများ၊ ခတ်တက်များ တင်ထားရန်နှင့် ရွက်တိုင်လှဲတိုင်ထားရန်အတွက် လျာထား သတ်မှတ် ပြုလုပ်ထားသော ခွပါသည့်တိုင် [**လှေ၊** စာ ၅၅–၆]

**ရာမ** *(ပါ)* – (၁) စိတ်နှလုံးမွေ့လျော်ဖွယ်ရှိခြင်း (၂)ရာမဇာတ်တော်လာ ရာမမင်း၏အမည် [**လိနစ္ဆာ၊** စာ ၃၆၀]

**ရာမညတိုင်းသုံးရပ်** – (၁) ဟံသာဝတီတိုင်း (၂) ကုသိမ်ဟုခေါ်သော ပုသိမ်တိုင်း (၃) မုတ္တမတိုင်း [**အုပ်ချုပ်၊** — ဒ၊ စာ ၈၁]

**ရာမလက်ညှိုး** – တံကဲရှိ တော်ရနောင်တွင် လက်ညှိုးငါးချောင်းထောင်ထား သကဲ့သို့ ဖော်ဆောင်ထားသော အဆင်တန်ဆာ [**အာသန၊** စာ ၃၉]

**ရိပုံဇယတရားလေးပါး** – ရန်အောင်ကြောင်းတရားလေးပါး [(၁) သစ္စာ–မှန်ကန်သောစကားကိုဆိုခြင်း (၂) ဓမ္မ–တရားနှင့်ပြည့်စုံခြင်း၊ ပညာရှိခြင်း (၃) ဓိတိ–ဝီရိယရှိခြင်း (၄) စာဂ–အသက်ကိုစွန့်၍ ရဲရင့်စွာပြုခြင်း] [**အုပ်ချုပ်၊** ပ၊ စာ ၇၁–၃] "ရိပုံဇယတရား လေးပါး၊ အပရိဟာနိယ တရားခုနစ်ပါး စသော ကျင့်ဝတ်တရားတို့ကိုကျင့်ဆောင်တော်မူလျက်" [**ROB,** IX, p. 905]

**ရိပ္ပတ်** – ယိုယွင်းသည်။ "... မင်းသားသည် အကြိမ်ကြိမ်ချီလာ၍ ဖျက်ဆီးနှိပ်နင်းလေ၍ ပျက်စီး ရိပ္ပတ်လှချေသည်" [**မှန်နန်း၊** ဒ၊ စာ ၄၅]

**ရေကင်း** – မြစ်ရိုးတစ်လျှောက် လုံခြုံ အေးချမ်းအောင် ရေလမ်းခရီးတွင် ချထားသောကင်း [ပဒုံမင်းလက်ထက် (၁၇၈၂–၁၈၁၉)တွင် ရေကင်းဝန်သည် သာရဝေါ်မြို့တွင် အခြေစိုက်၍ တရုတ်မော်၊ သာယာဝတီ နှင့် ပေါင်းတည်မြို့များကို ထိန်းသိမ်းအုပ်ချုပ် စီရင်ရသည်။ [**ROB,** VI, pp. 488, 491]

**ရေကင်းတီးခြင်း** – ညအချိန် မြို့ရိုးပတ်လည် ကင်းစောင့်သူတို့သည် တစ်ချက်တီးတစ်ခါ၊ နှစ်ချက်တီးတစ်ခါ၊ သုံးချက်တီးတစ်ခါ ကျုံးအတွင်း လှေဖြင့်ကင်းလှည့်ရာတွင် လှေပေါ်၌ နရီးတူရိယာတီးခြင်း [**စိုးမှတ်စု၊** စာ ၉၇] (နရီး ဆိုသည်မှာ နာရီအလိုက် ပတ်သာပုံ၊ မောင်း၊ နှဲ၊ ကြေးနင်း၊ လင်းခွင်းတို့ဖြင့် သာယာစွာ တီးမှုတ်ခြင်း ဖြစ်သည်။)

**ရေကင်းလေး** – မြစ်ကမ်းပေါ်တွင် ချထားသော ကင်းလေးကင်း (၁) စမွယ်နဂိုရ်ကင်း (၂) ကျောက်တလုံးကင်း (၃) မင်းကွန်းကင်း (၄) မူးတုတ္တလုပ်ကင်း [**ROB,** X, p. 126]

**ရေကြည်ဝန်** – မင်းကေရာဇ်နှင့် မိဖုရားတို့ သောက်သုံးရန် ရေကြည်တော်ဆက် အမှုထမ်းတို့အား ကြီးကြပ်စီရင် ဆောင်ရွက်ရသော အမတ် [**ရွှေနန်းသုံး၊** စာ ၁၂၃]

**ရေကြည့်** – ဖောင်တော် လှေတော်သွားရမည့် ရေလမ်းကြောင်းကို ကြည့်ရှုလမ်းညွှန်ပေးရသူ

**ရေချိန်နကါး** – ရေအတိမ်အနက်ပြ နကါးရုပ်။ "ရေချိန်နကါးနှစ်မှာ ပွန်ဝလက်ဝဲလက်ယာထားသည်" [**ကုန်းဘောင်၊**— ဒ၊ စာ ၁၀၁]

**ရေခွန်တော်စု** – မိုးရာသီအတွင်း ဆည်တော်များ မပျက်စီး မယိုယွင်းအောင် ဆည်များ ကန်များတွင် စောင့်နေ ထမ်းရွက်ရသောအစု [ROB, I, p. 279]

**ရေစင်တော်** – အလှူရေစက်ချသောရေ [မြန်စာညွှန်း၊ ပ၊ စာ ၃၉]

**ရေဒဏ်သဲဒဏ်** – ရေကို အခေါက်မည်မျှ ထမ်းရမည်၊ သဲကို အခေါက်မည်မျှ ထမ်းရမည်ဟု တပည့်တို့ကို ဆရာကအပြစ်ရှိ၍ပေးသောဒဏ် [ကိုးခန်း၊ စာ ၄၄၃]

**ရေပေါ်မီး** – ဟူမွလင်းနယ်၊ ဥရချောင်းအထက်ပိုင်းတွင် ရှိသော ရေတွင်မီးတောက်ရာဒေသရှိ ရွာကြီး [အုပ်ချုပ်၊ ဒ၊ စာ ၁၀၁–၂]

**ရေပုတ်တက်မျော** – (ရေပုတ်တွင် မျောသောတက်ကို ကောက်ယူခြင်း မရှိသကဲ့သို့) ရေတွင်ပျောက်ဆုံးသော ပစ္စည်းကို လက်လွှတ်ရခြင်း၊ ရပိုင်ခွင့်မရှိတော့ဘဲ ဆုံးရှုံးခြင်း [ROB, X, p. 126]

**ရေပွဲခွန်** – မြစ်ကမ်း ချောင်းကမ်းတို့တွင် ရောင်းဝယ်သူတို့ ထံမှ ကောက်ယူသောအခွန်။ "မြင်းပွဲခွန် ရေပွဲခွန် ရေနံပွဲခွန်… များကို… နုတ်သိမ်းတော်မူသည်" [လွှတ်တော်မှတ်၊ စာ ၁၄–၅]

**ရေပြွမ်း** – ရေတွင် နစ်မြုပ်သည်။ (ရေနှင့် ရောနှောသွားသည်) [ROB, VI, p. 329 နှင့် စီပွားလွှာ၊ စာ ၂]

**ရေလျှံတိုင်နယ်မြေ** – မိုးအခါ ရေလွှမ်းမိုးလျက်ရှိသော နယ်မြေ [ROB, IX, p. 812]

**ရေလှဲငါးခရိုင်** – (၁) ရမည်းသင်း(၂)ပက်ပိုင်(၃) ပြကောင်(၄)တောင်ညို(၅)တမြင်ဆန်း [ဦးကုလား၊ — ပ၊ စာ ၂၀၁]

**ရေဝန်** – မင်းပိုင် လှေသမ္ဗန် ကတ္တူသင်္ဘော တို့ကို ထိန်းသိမ်းရန်၊ သင်္ဘောများ ဝင်ထွက်ရာ လမ်းတစ်လျှောက်ရှိ ကင်းများကို ကြီးကြပ်ကွက်ကဲရန်၊ ကုန်သင်္ဘောအဝင်အထွက်ကို စစ်ဆေးကြည့်ရှု အခွန်တော်ကောက်ရန်၊ ကုန်သင်္ဘော ဆိုက်ကပ်ကြောင်း အခွန်ဝန်ထံ အကြောင်းကြားရန်၊ ကုန်များကို တံဆိပ်ခတ်မှတ်၍ အခွန်တော်ကောက်ခံပြီးနေပြည်တော်သို့ ဆက်သွင်းရန်၊ သူခိုးတားပြကင်း ငြိမ်းအောင် ဆောင်ရွက်ရန်၊ မြို့ရွာငြိမ်းအေးစည်ပင်ရေးအတွက် မြို့ဝန်စစ်ကဲတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသောအရာရှိ [အုပ်ချုပ်၊ ပ၃၊ စာ ၇–၉]


**ရေသနုပ်** – သေးငယ်သော အဝတ် ရေစစ် [စီပွားလွှာ၊ စာ ၂၀၉]

**ရေသဖန်းပျဉ်** – မင်းတို့ ဘိသိက်ခံသော နေရာတွင် ခင်းရသည့် ရေသဖန်းသားပျဉ် [ရွှေဘုံ၊ စာ ၂၂]

**ရေဦးမှန်ကသည်း** – ရေဦးစာတိမှန်လျှင် ကသည်းဖြစ်သည်။ [ROB, X, p. 126]

**ရေးလုလင်** – ရုံးတော်တွင် အမှုအခင်း အကြောင်းအရာများကို ရေးမှတ်ရသော စာရေး (တစ်ခါတစ်ရံ စာရေးလုလင် ဟု တွေ့ရသည်) "လင်ကွာ မယားကွာ အမှုမှာ… ခွဲဝေပေးသည့် ဥစ္စာကို အစွဲပြု၍ ဆယ်နိုင်စား မယူစေနှင့်၊ အမိန့်တော်တမ်းအတိုင်း ဉာဏ်ပူဇော်ရေး လုင်တွက်ကိုသာ စားယူစေ" [ROB, IX, p. 597]

**ရဲကတော်** – ရဲစွမ်းသတ္တိကို တိုးပွားစေသည့် ထိုင်စရာ အခင်းဖြစ်သော ဆင်ကတော် [ရွှေဘုံ၊ စာ ၇၈–၉]



ရဲကတော်

**ရဲကတင်ဆင်း** – ရဲရင့်ခြင်းကို ဖြစ်စေသော ထိုင်စရာအခင်း တင်ထားသည့်ဆင် [ရွှေဘုံ၊ စာ ၇၈–၉] "ပေါင်းဝန်း တင်ဆင်တစ်၊ သေဌာလီတင် ဆင်တော်တစ်၊ ရဲကတင် ဆင်တော်တဆဲ့သုံး၊ …ဆင်ခြေဖုံးမိုးနဲ ရွှေလှံပါအမှုထမ်း လူတထောင့်ရှစ်ရာ ခင်းထားရ၏" [ကုန်းဘောင်၊ ဒ၊ စာ ၃၅၇]

**ရဲဆု** – ရဲရင့်စွာ တိုက်ခိုက်အောင်မြင်သဖြင့် ချီးမြှင့်သောဆု "ဗိုလ်မှူး တပ်မှူးတို့ကို အထိုက်အလျောက် ရဲဆုပေးတော်မူ၏" [ကုန်းဘောင်၊ ပ၊ စာ ၄၀]

**ရဲညွန့်လှတော်** – မင်းတုန်းမင်း (၁၈၅၃–၇၈)လက်ထက် ကစတင်ဖွဲ့စည်းခဲ့သော ကိုယ်ရံတော်တပ်ဖွဲ့ [သီပေါမင်း (၁၈၇၈–၈၅)လက်ထက်တွင် ရဲညွန့်လှတော် နှစ်ဆယ်ကို အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေခဲ့သည်။] [ကုန်းဘောင်၊ တ၊ စာ ၅၄၃]

**ရဲတံခွန်** – စစ်ရထား၌ စိုက်ထူထားသောတံခွန်၊ အလံ [**မြန်မာတပ်၊** စာ ၄၈]

**ရဲပုဆိုး** – နီရဲသောပုဆိုး။ "တကိုယ်လျှင်လွန်းများ ပုဆိုး တစ်စီ၊ ရဲပုဆိုးငါးစီ ပေးတော်မူ၏" [**ကုန်းဘောင်၊** ဂ၊ စာ ၂၃၆]

**ရဲဘော်ကျွန်** – အမှုတော်ကို ရဲရင့်စွာ အတူယှဉ်တွဲ၍ ထမ်းရွက်သော ကျွန်တော်ရင်း။ "ရဲဘော်ကျွန်စစ်၊ ခြောက်ကျိပ်ရှစ်နှင့်၊ ထွက်လစ်ဆီးကြို၊ နှင်လိုက်ဖြိုရှင့်" [**စဉ့်ကူး၊** စာ ]

**ရဲဘက်မြင်း** – သာယာဝတီမင်း (၁၈၃၇–၄၆)လက်ထက် ရတနာသိင်္ဃမြို့နယ်ကြီး သတ်မှတ်ရာတွင် ပါဝင်သော အရှေ့ဘက် မြင်းမြေကျေးရွာများမှ ဆယ်အိမ်လျှင် မြင်းတစ်စီး၊မြင်းဆယ်စီးလျှင်တစ်ခေါင်းကျဖြင့် ဖွဲ့စည်း ခဲ့သော မြင်းတပ် [**ကုန်းဘောင်၊** ၃၊ စာ ၅၇၀–၁]

**ရဲလှေ** – မိချောင်းသဏ္ဌာန်ရှိ၍ လျင်မြန်စွာ လှော်ခတ် သွားလာနိုင်သော စစ်လှေ။ "ရဲလှေတော်မှူ၊ ရေပေါ် မြူးစုံ၊ ဟူးဟူးပျံ့ဖွ၊ ရမ္မသံသု၊ ဒဂုန်ပြသား၊ ရုပ်တု သဏ္ဌာန်၊ မိချောင်းဟန်တည့်" [**ရွှေဘုံ၊** စာ ၁၀၉]

**ရဲလှေတော် ၁၀စင်း** – အနောက်ဘက်လွန်မင်း (၁၆၀၆–၂၉) လက်ထက် ၁၆၁၃ခုနှစ်တွင် အင်းဝမြို့တော်ကို စောင့်ရှောက်ရန် ရဲလှေတော် ၁၀စင်းလုပ်ဆောင်ပြီး ချင်းတွင်းအရှေ့ဘက် ပရိမ္မ၊ ပြောင်ကုန်း၊ လက်တော် ရာ၊ မန်ကျည်းခွ၊ ခင်မွန်ရွာများနှင့် ချင်းတွင်းအနောက် ဘက် မုံညင်းကျောက်ဆောက်၊ ပရိန်သာ၊ သရက်ကိုင်း၊ ခွန်သာရွာများ–စုစုပေါင်း ဆယ်ရွာသားတို့ဖြင့် ဖွဲ့စည်း သည့် လှေတပ် [ROB, I, p. 298]

**ရဲလှေဝန်** – စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် ဖွဲ့စည်းသော လှေတပ်ကို ကြီးမှူးစီရင်အုပ်ချုပ်ရသည့် အရာရှိ [ROB, I, pp. 298, 345 နှင့် ROB, VIII, p. 361]

**ရောဘတ်စစ်စ**(*အင်္ဂလိပ်*) –သောမတ်ကင့် ဘဲရောဘတ်ဆန် (Thomas Campbell Robertson) [တစ်ခါတစ်ရံ ရော်အင်စံဟုလည်း ဖော်ပြသည်။] [ROB, X, p. 126]

**ရောအစ်စ** (*အင်္ဂလိပ်*) – ရော်လင်ဆန် (Rawlinson) [ROB, VIII, p. 444]

**ရော်ဘက်ဝယ်** (*အင်္ဂလိပ်*) – ကပ္ပတိန် ရောဘတ်ဝဲယား (Captain Robert Ware) [ROB, VIII, p. 522]

**ရော်လင်သေည်** (*အင်္ဂလိပ်*) – ရော်လင်ဆန် (Rawlinson) [ROB, VIII, p. 511]

**ရော်အင်စံ** (*အင်္ဂလိပ်*) – ရောဘတ်စစ်စ ကြည့်။

**ရံပေါါအ်** (*မွန်*) – အဖိုးဘာဂ [**ပုဂံမြန်၊** ပ၊ စာ ၁၀၅]

**ရံရွှေတော်သုံးမျိုး** – (၁) ရံရွှေတော်ငယ်–ဂေါရီ (အသက် ရှစ်နှစ်အရွယ်နှင့် ကညာ–(အသက်ဆယ်နှစ်အရွယ်) (၂) ရံရွှေတော်လတ်–ကုမာရီ(အသက်၁၂နှစ်အရွယ်)နှင့် သွေးစုန်း(၁၃နှစ်အရွယ်) (၃)ရံရွှေတော်ကြီး– မျက်မည်း (၁၅နှစ်အရွယ်) နှင့် မျက်ဝန်း (အသက် ၂၀အရွယ်)

**ရွံလဲ** –စစ်လှေတွင် စိုက်ထူထားသော အလံ [ **မြန်မာတပ်၊**— စာ၄၈]

**ရိုးရင်း** – (၁)ကြီးမှပေါင်းဖက်၍ မိတ်ဆွေဖြစ်သူ [**ပေါ်တန်၊** စာ ၈၁] (၂) ရည်ရွယ်သည်။ [**ဗိမ္ဗလွှာ၊** စာ ၁၀၈]

**ရက်ကန်းယင်ခွန်** – (၁)ရက်ကန်းရက်ရန်အတွက် လိုအပ် သော ယင်သွား လုပ်ကိုင်သူတို့ထံမှ ကောက်ခံသော အခွန်? [**ကင်းဝန်၊** စာ ၆] (၂) ရက်ကန်းစင် တို့မှ ကောက်ခံသောအခွန်? [**ကိုးစဏ်း၊** စာ ၃၁၇]

**ရက္ခပူရတိုင်း** – ရက္ခိုင်ပြည်၊ ဓညဝတီပြည် [**ဓညသစ်၊**— စာ ၃၅နှင့် **ရခိုင်ရာသစ်၊** ပ၊ စာ ၂၃၉]

**ရက္ခိုင်ပြည်** – မာရယုမင်းက အရိန္ဒမာလုံဖြင့် ဘီလူးတို့ကို ထိုးသတ် ပယ်နှင်ရာဒေသတွင် တည်သောပြည် [**ရခိုင် ရာသစ်၊** ပ၊ စာ၂၁၂]

**ရက္ခာဝရဏာဂုတ္တိ** (*ပါ*) – အစောင့်အရှောက် အရံအတား ဖြစ်သောတရား [**ညွှန်** ] "ရက္ခာဝရဏာဂုတ္တိမည် သော အပရိဟာနိယ တရားနှင့်အညီ" [ROB, IX, p. 609]

**ရက်တက်** – ထောပတ်စိမ်း ထုတ်ယူပြီးသော နို့ရည်ကြည် [**ကျောက်စိုု၊** စာ ၂၀၇]

**ရက်ဖောက်**– (၁) အဖောက်ချည်ရက်ရန် လွန်းအိမ်အတွင်း ထည့်ထားသည့် ချည်မျှင်လုံး (၂) တုတ်ချောင်းသွင်းရန် အပေါက်(ရက်ဖောက်တန်းဆိုသည်မှာ တိုင်ပေါက်များ တွင်လျှိုသွင်းထားသောတန်းဖြစ်သည်[**ယုဒသန်၊** စာ၈၂၈]

**ရက်မ** – ကြမ်းခင်းသည့် ဆင့်များတင်ရန်အတွက် လက်ခံ တိုင်များ ခေါင်တိုင်များ၏ အောက်ခြေတွင် ရိုက်ကပ် ထိုးသွင်းထားသောတန်းကြီး [**အုပ်ချုပ်၊** ပ၃၊ စာ ၅၀]

**ရက်ရက်** – အလျင်အမြန်၊မြန်ဆန်စွာ [**ယုဒသန်၊** စာ၈၂၈နှင့် **ကိုးစဏ်း၊** စာ ၉]"မင်းခေါင်နော်ရထာလည်း ကိုယ်လွတ် ရက်ရက်ခွာ၍မသွား၊မယားကိုင်ဲ့ကွက်လျက် အပါဆောင်၍ ... မြင်းနှင့်ထွက်ခဲ့သည်" [**ကုန်းဘောင်၊** ပ၊ စာ ၃၂၆]

**ရက်သုံးပါး** – (၁) အသံုရက် (၂)ဝေါဟာရရက် (၃)တီထိ ရက် [**မေးတော်ဖြေ၊** စာ ၃၃၁]

**ရင်တား** – မြို့တံခါးပေါက်တွင်တံခါး၏အပြင်ဘက်မှ ရန်သူတို့ ရုတ်တရက် မဝင်သာအောင် တစ်ဖက် တစ်ချက်သောအပေါက်၌ တုတ်ချောင်းကို လျှိုထိုး၍ ထားသော အတားအဆီး [**မန္တလေး၊** စာ ၁၅၃]

**ရင်လျှောက်** – မြို့ရိုးတံခါးပေါက်၌ ပြအိုး အတွင်းပိုင်း ထိပ်တွင် တံခါးတစ်ဖက်မှ အခြားတစ်ဖက်သို့ ကူးလို သောအခါ လျှောက်သွားရန်အတွက် နင်းကြမ်းပျဉ်ပြား များခင်းထားသည့်နေရာ [**မန္တလေး၊** စာ ၁၅၃]

**ရင်းတော်လိုက်** – ခြေရင်းတော်တွင်လိုက်ပါအမှုထမ်းရသော သေနတ်အမှုထမ်း။"ဝေါတော်နောက်တွင် ကွမ်းရေကိုင် ဆောင်မြတ်စုသည်နောက်ရင်းတော်လိုက်သေနတ် လုလင် တော် စစ်ဝတ်နှင့်...လိုက်ရသည်" [**အင်ရုံ၊** စာ ၆၉]

**ရင်းဖျား** – အရင်းအဖျား။ "ရင်းဖျားခွေးမခွေးငယ် သံပတ် ၇တန့်" [**ရှေးနန်းသုံး၊** ၁၊ စာ ၄၇]

**ရောင်ခြည်တော်ခြောက်သွယ်** – ဗုဒ္ဓ ရှင်တော်ဘုရား၏ ရောင်ခြည်တော် ခြောက်သွယ်-(၁) နီလ – ညိုသော ရောင်ခြည်တော် (၂) ပီတ–ရွှေသောဝါသော ရောင်ခြည် တော် (၃) လောဟိတ – နီသော ရောင်ခြည်တော် (၄) ဩဒါတ–ဖြူသောရောင်ခြည်တော် (၅) မဥ္ဇိဋ္ဌ– မောင်းသောနီပြေပြေ ပန်းရောင်ဖြစ်သော ရောင်ခြည် တော် (၆) ပဘဿရ–ပြိုးပြိုးပြက်ပြက် ရောင်စုံထွက် သော ရောင်ခြည်တော် [**ကဗီ၊** စာ ၁၀၀]

**ရောင်ဖြူမြို့** – ဘင်္ဂလားဒေ့(ရှ) မြောက်ဘက်စွန်းရှိ ရန်ပူမြို့ (Ranpur or Rungpour)

**ရောင်းရင်း** – ငယ်စဉ်ကစ၍ပေါင်းဖော်လာခဲ့သောသူငယ် ချင်း[**ပေါ်တာန်၊** စာ၈၁နှင့်**တွင်းသင်းပေါ်၊** စာ၁၀၅]"ရောင်းရင်း ငယ်ဖော်၊ဆွေတော်မျိုးစပ်၊အရပ်နေစု"[**မယဆေ၊** စာ၄၀၀]

**ရိုင်ရိုင်** – များစွာ [**ကိုးခန်း၊** စာ ၂၉၇] "တရုပ်လာသည်။ ရိုင်ရိုင်လောရိုင်ရိုင်၊ မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော ဖြိုင်ဖြိုင်" [**မြန်စာညွှန်၊** ပ၊ စာ ၆]

**ရိုင်းစိုင်း** *(ဗိသုကာ)* – ပလ္လင်တံကဲနှင့် မုခ်ပေါက်အဆင် တန်ဆာတို့တွင် ခေါင်းလောင်းပုံသဏ္ဌာန်ရှိသော ပန်းပုံ ဖော်ထားသည့် အစိတ်အပိုင်း [**မြန်ဖွင့်၊** ဖြည့်၊ စာ ၂၆-၇] "ရိုင်းစိုင်း ကားကား၊ ဆပ်သွား သွယ်သွယ်၊ အလယ်သန်းသန်း" [**နေမိငရဲ၊** စာ ၁၄၀]

**ရစ်ချက်ဆောဲသဝယ်ဘူရကအလယ်မေးရိုး** *(အင်္ဂလိပ်)* – ရစ်ချက် ဆောက်သဝေါ ဘူရ(ခ်) မရိုး (Richard Southwall Bourke Mayo)

**ရှုင်ခုနစ်ပါး** – မြို့၏အင်္ဂါခုနစ်ပါးကြည့်။"ရှင်ခုနစ်ပါးနှင့် ပြည့်စုံစွာမြို့နန်းတည်တော်မူမည်"[**ကုန်းဆောင်၊** ပ၊စာ၆၁]

**ရန်ပုံခွင်းအမြောက်** – ဟံသာဝတီဘုရင် သမိန်ထောဗုဒ္ဓ ကိတ္တိ (၁၇၄၀-၄၇) လက်ထက် ၁၇၄၈ ခုနှစ်တွင် သန်လျင်သို့ ရောက်ရှိ ဆိုက်ကပ်သော အာမေနီယံ သင်္ဘောတစ်စင်းမှ အဖိုးငွေ ခုနစ်ပိဿာငါးဆယ်ကျပ် သားဖြင့် ဝယ်ယူရရှိသော အမြောက်ဖြစ်သည်။ သံဖြင့် သွန်းလုပ်သော အမြောက်ဖြစ်၍ အရှည်ခြောက်ပေ ကိုးလက်မခန့်ရှိသည်။ အလေးချိန် ၁၂၂.၄၇ ကီလိုဂရမ် ရှိသည်။ အမြောက်ကျည်ဝ ၃.၃လက်မရှိ၍ ကျည်စေ့ အလေးချိန် ၁.၂ကီလိုဂရမ်ရှိသည်ဟုဆို၏။ ဝယ်ယူပြီး နောက် ပြည်မြို့တွင်ထားသည်။ အမြောက်ကိုယ်လုံးနှင့် ကျည်စေ့တို့ပေါ်တွင် **ရန်ပုံခွင်း** ဟူသော အမည်ကို ရေးထား သုံးစွဲခဲ့သည်။ အလောင်းမင်း တရားကြီး (၁၇၅၂-၆၀) အင်းဝကို သိမ်းယူစဉ်က ရန်ပုံခွင်း အမြောက်သည် ပြည်မြို့တွင်ပင် ရှိနေသည်။ ပြည်မြို့ တွင် အတွင်းသူပုန် ထသောအခါ ရန်ပုံခွင်း အမြောက် ရေသို့ကျခဲ့သည်။ အာကာရွှေတောင်က ဆယ်ယူ၍ ပြည်မြို့တွင်းသို့ သွင်းထားခဲ့ပြန်သည်။ ၁၇၅၄ခုနှစ်တွင် ပြည်မြို့ကို အလောင်းမင်းတရားကြီး သိမ်းပိုက်ရရှိသော အခါ ရန်ပုံခွင်း အမြောက်ကို သိမ်းယူရရှိခဲ့သည်။ အလွန် အစွမ်းထက်သော အမြောက်ဖြစ်၍ အလောင်း မင်းတရား လက်ထက်မှစတင်ကာ လက်နက်စကြာဟု ခေါ်ခဲ့သည်။ ထို့ကြောင့် အလောင်းမင်းတရား လက် ထက်မှ အစပြု၍ ရန်ပုံခွင်း အမြောက်ပိုင်ရှင်ဖြစ်သော ကုန်းဘောင်ဆက်မင်းတို့သည် မိမိတို့၏ ဂုဏ်ပုဒ်တွင် လက်နက်စကြာသခင်ဟူသောအသုံးအနှုန်းကို ထည့်သွင်း ဖော်ပြခဲ့ကြသည်။ [**ရှေးနန်းသုံး၊** စာ ၂၀၈-၁၁]

**ရန်အောင်ကြောင်းငါးပါး** – (၁) ဇပ္ပေန–မန္တန်မန္တရား ရွတ်ခြင်း (၂) အနုပ္ပဒါနေန– တံစိုးပေးခြင်း (၃) ပဝေ ဏိယဝါ–ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ခြင်းနှင့် အမျိုးအနွယ် ဆက်စပ်ခြင်း (၄) သုဘာသိတေန – အသာ အယာ ပြောဆိုခြင်း (၅) မန္တေန – ဆွေးနွေး တိုင်ပင်ခြင်း [**မေးတော်ဖြေ၊** စာ ၆၁၅]

**ရန်အောင်ကြောင်းတရားလေးပါး** – ရိပုံဇယတရားလေးပါး ကြည့်

**ရန်အောင်ကြောင်းတရားသုံးပါး**–(၁)ဒက္ခိယ–ဘေးအန္တရာယ် ကို ဖျက်ဆီးနိုင်သည့် ပညာနှင့်ယှဉ်သော လုံ့လရှိခြင်း

(၂)သူရိယ–ကြောက်လန့်မှုကင်းခြင်း(၃)ပညာ–ဥပါယ်၌ လိမ္မာသောပညာရှိခြင်း [**ရာဇသေဝကာ၊ —— စာ၁၂၂**]

**ရပ်ပြစ်ရှစ်ပါး** – (၁) ငရဲ (၂) တိရစ္ဆာန် (၃) ပြိတ္တာ (၄) အသုရာသတ်ဘုံ၊ အရူပဘုံတို့၌ဖြစ်နေသူ (၅) ပဋိသန္ဓေအားဖြင့် အင်္ဂါချို့တဲ့သူဖြစ်ခြင်း (၆) မိစ္ဆာဒိဋ္ဌိ (၇) ပစ္စန္တရစ်ခေါ် သာသနာမဲ့ရာအရပ် (၈) ဗုဒ္ဓသုညခေါ် သုညကမ္ဘာ၌ ဖြစ်ခြင်း (**တစ်နည်း**– ၁– ပစ္စန္တရစ်အရပ်၊ ၂– နာမ်သာရှိ၍ ရုပ်မရှိသော အရူပလေးဘုံ၌ ဖြစ်ခြင်း၊ ၃–ပဋိသန္ဓေအားဖြင့် အင်္ဂါချို့တဲ့သူဖြစ်ခြင်း၊ ၄–ရုပ်သာရှိ၍နာမ်မရှိသောအသုညသတ်ဘုံ၌ဖြစ်ခြင်း၊ ၅ – မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း၊ ၆ – ပြိတ္တာ၊ ၇– တိရစ္ဆာန်၊ ၈–ငရဲဘုံ၌ဖြစ်ခြင်း [**သုတေသန**၊— စာ ၄၄၈–၉]

**ရပ်သစ်** – အဆောက်အအုံ၏ တိုင်အဖြစ် စိုက်ထူမည့်သစ် [ROB, VI, p. 726 နှင့် **အုပ်ချုပ်**၊ ပ၁၊ စာ ၄၉]

**ရုပ်စုံမဟာစင်တော်ကြီး** – နန်းတွင်း အခမ်းအနားကြီးများတွင် ကပြထမ်းရွက်ရန်နိုင်ငံတော်အတွင်းအကောင်းဆုံးအတော်ဆုံးသောကြိုးဆွဲပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် ရုပ်သေးဇာတ်သဘင်အဖွဲ့ကြီး [**ရွှေနန်းသုံး**၊ စာ ၁၅၉]

**ရုပ်စုံသဘင်** – ရုပ်သေးရုပ်အနည်းဆုံး ၂၈ရုပ်ဖြင့် သီဆိုကပြသည့် သဘင်အဖွဲ့ [အောင်]

**ရပ်ထီး** – ဖွင့်ပြီးသောအခါ ပြန်လည်ရုပ်သိမ်း၍ ရသောထီး (အဖွင့်အပိတ်ပြုလုပ်နိုင်သောထီး)။"ရပ်ထီးသေတ္တာတရာ၊ ကြွေပန်းကန်သေတ္တာတရာနှစ်ဆယ်၊မြင်းသေနတ်သုံးရာ ... ရတော်မူ၏" [**ကုန်းဘောင်**၊ ပ၊ စာ ၁၇၇]

**ရုပ်သေး၂၈ရုပ်** – (၁)နတ်ကတော်ရုပ်(၂)မြင်းရုပ်(၃)ဆင်ရုပ် (၄) ကျားရုပ် (၅) ဆင်ထိန်းရုပ် (၆) ဘီလူးရုပ် (၇) ကုမ္ဘဏ်ရုပ် (၈) ကြက်တူရွေးရုပ် (၉) ငှက်ရုပ် (၁၀)ဂဠုန်ရုပ် (၁၁)နဂါးရုပ် (၁၂)ဇော်ဂျီရုပ်(၁၃)သူရွေးရုပ် (၁၄)စုန်းမရုပ် (၁၅)နတ်ရုပ်(၁၆)နေရာထိုင်ခင်းရုပ် (၁၇)ရှင်ဘုရင်ရုပ်(၁၈)မိဖုရားရုပ်(၁၉)မင်းသားလတ်ရုပ် (၂၀)မင်းသားနုရုပ် (၂၁) မင်းသမီးရုပ်(၂၂)သံချိုလက်စွဲတော်ရုပ်များ (၂၃)သံပျက်လက်စွဲရုပ်များ (၂၄)မင်းကြီးသက်တော်ရှည်ရုပ်(၂၅)ရွှေတိုက်ဝန်ရုပ်(၂၆)ဝန်ထောက်ရုပ် (၂၇) မြို့တော်ဝန်ရုပ် (၂၈)ပုဏ္ဏားသို့မဟုတ်ဆရာတော်ရုပ် [**သုတေသန**၊— စာ ၄၅၇–၈]

**ရမ္မာဝတီကျွန်း** – ရမ်းဗြဲကျွန်း[**ရခိုင်ရာဇဝင်**၊ ခေါင်းစီး၊ စာ၃]

**ရယ်အေ်** (ဂျိ၏) – (ပြု)ပြီး [**ဗုဂံမြန်**၊ ပ၊ စာ ၁၁၄] "ရှယ်အတိ သုပုရှာသွင် အဆင့်ပ္လုရယ်အေ် နပ်လိယ် သုရောဝ်တေဟ် ဃ္လယ်သိအ် မိန်အေ်" [**၁၁၁၂ခုနှစ်ထိုး**— ရာကျော်မှာရာကျော်ကျော်စာ ]

**ရျာ၂ခြင်** (ကျောက်) –ယာနှစ်ခင်း။"လာယ်ဥပွါင်။ရျာ၂ခြင်။နှာ၂ယျုန်။ကျ်ယ်ငါဝိယ်သောသက်သိ(ယ်ကာ)။သွင်မဟာထိ ..."[**၁၁၇၅ခုနှစ်ထိုးသင်ကြီးငါယန်သင်ကျောက်စာ**၊ ၇–၈]

**ရှာကြီးစုတ်** (ကျောက်) – ရှာကြီးအများ [**ကျောက်ပို့**၊ စာ၁၇၇]

**ရွှေးကြီးသား** – ရွှေးကြီးလှေတော်အမှုထမ်း [ROB, VI, p. 466]

**ရွှေးဆင်** –ကြန်အင်လက္ခဏာနှင့်ပြည့်စုံ၍ခွန်အားဗလရှိသောကြောင့်ရွှေးကောက်ခြင်းခံရသောဆင်[**ရွှေနန်းသုံး**၊ စာ၉၆]

**ရွှေးတော်ယူ** – နန်းတော်သစ်တပ် အရှေ့ဘက်တံခါး [ROB, X, p. 126 နှင့် **မြန်မာမင်း**၊ စာ ၉]

**ရွှေးမကုန်ပြင်ထောင်စု** – ရခိုင်မင်းစန္ဒဝိဇယရာဇာ(၁၇၁၀–၃၁)လက်ထက်တွင် အမျိုးအနွယ်အစဉ်အဆက်မသိသောသူတို့ဖြင့် ဖွဲ့စည်းသောအမှုထမ်းစု [**ညွှန်သစ်**၊ စာ ၂၂၇]

**ရွှေးရည်ဆင်တော်** – ရွှေးချယ်ရန် အရည်အသွေး ရှိသောဆင်တော်။ "ထူးဆင်တော်တဆယ်၊ စီးတော်ဆင်တဆဲ့ခြောက် ... ရွှေးရည်ဆင်တော် နှစ်ဆဲ့ခုနစ်... (တို့၏) ဦးစီးနောက်ပဲ့ ဆင်အရာရှိ ဆင်ဆေးသမားတို့ကို... ဆုပေးတော်မူ၏" [**ကုန်းဘောင်**၊ တ၊ စာ ၂၁၂]

**ရွှေးသေနတ်** – အလောင်းမင်းတရား (၁၇၅၂–၆၀) လက်ထက် ၁၇၅၈ခုနှစ်တွင် ရဲရောင် မြန်မာသူတို့ကို ရွှေးကောက်တော်မူပြီး ရွှေးလက်ဝဲသေနတ်၊ရွှေးလက်ယာသေနတ်ဟူ၍ ဖွဲ့စည်းခဲ့သော သေနတ်သွေးသောက်စု တပ်ဖွဲ့ [**ရွှေနန်းသုံး**၊ စာ ၂၁၉]

**ရွဲ** –(၁) ဖန်ပြင်ပြုလုပ်ထားသောအလုံး(၂)အစက်အပြောက်ထက်ကြီးသောအဝန်းအဝိုင်း [**ယုဒသန်**၊ စာ ၈၆၅]

**ရွက်စို**(ကြေးငွေ)–လဲလှယ်ရေးမဏ္ဍိုင်(ပိုက်ဆံကြေးငွေ)အဖြစ်အသုံးပြုရန်ကြေး (၁၅)ရာခိုင်နှုန်းရောစပ်ထားသည့်ငွေ

**ရွက်နီ** (ကြေးငွေ) – လဲလှယ်ရေးမဏ္ဍိုင် (ပိုက်ဆံကြေးငွေ) အဖြစ် အသုံးပြုရန် ကြေး(၁၀)ရာခိုင်နှုန်း ရောစပ်ထားသည့်ငွေကောင်း [**ရေစကြိုဖြတ်**၊ စာ ၅၂] ပိုက်ဆံကြေးငွေအဖြစ် အသုံးပြုရန် မင်းမိန့်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသောငွေ [ROB, V, p. 458]

**ရွက်သေး** (ကြေးငွေ) – ပိုက်ဆန်ကြေးငွေအဖြစ် အသုံးပြုရန်ကြေး (၂၀)ရာခိုင်နှုန်း ရောစပ်ထားသည့်ငွေညံ့

**ရှုပ်ရှုပ်** – အစွမ်းကုန်၊ ပြင်းပြင်းထန်ထန် [**ယုဒသန်**၊ စာ ၈၆၂] "အုတ်ခဲကို ကောက်၍ မျောက်မင်းနှာယောင်ကို ရှုပ်ရှုပ်ကျိုးအောင် ထုလေ၏" [**မှန်နန်း**၊ ၃၊ စာ ၃၆၈]

**ရှိကြာမုနိ** (တရုတ်) – သကျမုနိ [**မေးတော်ဖြေ**၊ စာ ၄၂၀]

**ရှေ့တော်ပြေးမှူး** – အခမ်းအနားကြီးများသို့ ဘုရင်ထွက်တော်မူသောအခါ၊ ရွှေနန်းတော်သို့ ဝင်တော်မူသောအခါ ရာဇာဝင်း၏ရှေ့ဦးမှ လမ်းလျှောက်လိုက်ပါရသော အမှုထမ်းများနှင့် ရှေ့တော်ပြေးစည်တော်စုံ တီးခတ်လိုက်ပါရသော အမှုထမ်းများကို ကြီးကြပ် ကွပ်ကဲရသော အကြီးအမှူး [**ရွှေနန်းသုံး၊** စာ ၁၄၃]

**ရှေ့ပလ္လင်** –(*ပေ*) ပေစာထုပ်တွင် ပထမဆုံးမျက်နှာ ဖြစ်သောစာချပ် (ထိုစာမျက်နှာတွင် စာကြောင်းများကို ပလ္လင်ပေါက်နှစ်ပေါက်၏ အတွင်းတွင်သာ ရေးသားထားသည်။ [**ရှေးဟောင်းပေ၊** စာ ၂၂]

**ရှေ့ရုံး** – နန်းတော်သစ်တပ်၏အရှေ့၊ လမ်းမတော်၏လက်ယာဘက်တွင်ရှိ၍ နေပြည်တော်တည်ရာ မြို့တွင်း မြို့ပြင် လုံခြုံရေး၊ ရာဇဝတ်မှုကင်းရှင်းရေး၊ မီးအန္တရာယ်ကာကွယ်ရေး၊ အချိန်အတွယ်မှန်ကန်စွာ ရောင်းဝယ်ရေး၊ ရာဇဝတ်ပြစ်မှု ကျူးလွန်သူတို့ကို စစ်ဆေး၍ အပြစ်ဒဏ် ချမှတ်ရေးတို့ကို တာဝန်ယူစီရင်ရသောရုံး (ရာဇဝတ်ရုံးဟုလည်း ခေါ်သည်။) [**မြန်မာမင်း၊** စာ ၉၊ **အုပ်ချုပ်၊** စာ ၂၆]

**ရှေ့လိုက်ကြိမ်ကိုင်** – ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မြို့ဝန်၊ တရားသူကြီးတို့ ခရီးနီးဝေး သွားလာသောအခါ လမ်းရှင်းရန်အတွက် ကြိမ်လုံးကိုင်၍ ရှေ့ဘက်ဝဲယာမှ လိုက်ပါထမ်းရွက်ရသော အမှုထမ်း [**စလေဦးပုည၊** စာ ၁၈–၁၉]

**ရှိုဗိုင်သား** (*အင်္ဂလိပ်၊ voile*) – ပါးလွှာသော ရှံသားပိတ် [ROB, X, p. 127]

**ရှောက်ရွာမိုး** – ထိခိုက်ဖျက်ဆီးသောမိုး၊ သဲသဲမဲမဲ ရွာသောမိုး [**မြန်ဖွင့်၊** ပြည့်၊ စာ ၂၃၄၊ **တွင်းသင်းပေါ၊** စာ ၁၀၅] "ရှောက်ရွာမိုးဖြူ၊ အငြိုးကူ၍၊ ကလူသည့်နယ်၊ မြူသည့်နယ်လျှင်" [**ဘလ္လာတိယ၊** စာ ၁၈]

**ရှင်ကျိုင်းတို့သွေးသောက်** – မင်း၊ မိဖုရားတို့မှ ဆင်းသက်ပေါက်ပွားခဲ့သော အမျိုးအနွယ်တို့ဖြင့် ဖွဲ့စည်းသော သွေးသောက် [ROB, I, p. 205]

**ရှင်ထွေးတို့သွေးသောက်** – မင်း၊ မိဖုရားတို့မှ ဆင်းသက်ပေါက်ပွားခဲ့သော အမျိုးအနွယ်တို့ဖြင့် ဖွဲ့စည်းသော သွေးသောက် [ROB, I, p. 205]

**ရှင်ပင်ပေါင်းလဲ** – တောင်ဘက်သို့ ဦးခေါင်းပြု၍ လဲလျောင်းနေဟန် ဘုရားရှင် ဆင်းတုတော် ("အရှေ့ ပေါင်းလဲ၊ တောင်လွှဲသာလျောင်း၊ နောက်စောင်း နေရဇန်၊ မြောက်မှာ ပရိနိဗ္ဗာန်" ဟူသော စာဆိုလည်း ရှိသေးသည်။) [**ဗိမ္ဗလ္လာ၊** စာ ၁၉၃]

**ရှင်ဘုန်းဥဒည်** (*တရုတ်*) – မန်ချူးကေရာဇ်ရှင်ဖုန်း 咸丰皇帝 [ ၁၈၅၁– ၆၁]

**ရှောင်ကြဉ်အပ်သော တရားသုံးပါး** (*မင်း*) – (၁) မမှန်သောစကား မပြောခြင်း (၂) အမျက်ဒေါသ မကြီးခြင်း (၃) ရယ်ရွှင်ပြက်ရယ်မှုကို ရှောင်ကြဉ်ခြင်း [**ရာဇသေတ၊** စာ ၁၂၆]

**ရှစ်ပါးပုဏ္ဏား** – ဘုရင်မင်းမြတ်နှင့် ပတ်သက်သော အခမ်းအနားများတွင် လက်ဝဲရှစ်ပါး၊ လက်ယာရှစ်ပါး ခစားထမ်းရွက်ကြရသော ပုဏ္ဏား [**အုပ်ချုပ်၊** ၃၊ ၃၉]

**ရှစ်ပါးသောအရိယာသယ်ာ** – (၁) သောတာပတ္တိမဂ်ရသောပုဂ္ဂိုလ် (၂) သကဒါဂါမိမဂ်ရသောပုဂ္ဂိုလ် (၃) အနာဂါမိမဂ်ရသောပုဂ္ဂိုလ် (၄) အရဟတ္တမဂ်ရသောပုဂ္ဂိုလ် (၅) သောတာပတ္တိဖိုလ် ရသောပုဂ္ဂိုလ် (၆) သကဒါဂါမိဖိုလ်ရသောပုဂ္ဂိုလ် (၇) အနာဂါမိဖိုလ်ရသော ပုဂ္ဂိုလ် (၈) အရဟတ္တဖိုလ် ရသောပုဂ္ဂိုလ် [**သုတေသန၊** စာ ၃၅၁၊ ၃၈၂]


**ရှစ်သောင်းမှူး** – အင်းဝခေတ်တွင် ပုခန်းမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ ဆည်ရေသုံးစွဲသူတို့အား ကြီးကြပ်စီရင်၍ အခွန်တော်ကောက်ခံသော အကြီးအမှူး [ROB, I, pp. 246-7]

**ရှမ်းကိုးပြည်ထောင်** – (၁) မိုးကောင်း (၂) မိုးညှင်း (၃) ဗန်းမော် (၄) မိုးနဲ (၅) မိုးမိတ် (၆) သီပေါ (၇) ညောင်ရွှေ (၈) သိန္နီ (၉) ကလေး [**အင်ရုံ၊** စာ ၃၉]

**ရှမ်းနီ** – ကသာခရိုင်၊ ပင်လယ်ဘူးမြို့နယ်အတွင်းရှိ ထမန်၊ မောက်လပ်ကျေးရွာများတွင် နေထိုင်ကြသော မောရှမ်းများ [**ကတူးကနန်း၊** စာ ၂၄]

**ရှမ်းဗိုက်လက်ရ** – ဖမ်းဆီးရမိသော ရှမ်းလူငယ်များ [ROB, X, p. 127]


**ရှမ်းဖောင်းမြစ်ညွှန့်ပြစ်ခြမ်း** – အညွှန့်အထွတ် ထောင်၍ ရွှေသားပန်းပွင့် တမာရွက်ထောင်တို့ဖြင့် စီခြယ်ပြုလုပ်ထားသော (ရှမ်းစော်ဘွားတို့ ဆင်ယင်သည့်)



ခေါင်းပေါင်း [**လက်သုံး**၊ စာ ၁၁၊ ပုံ ၁၄၀] "ရှမ်းဖောင်း မြစ်ညွှန့်၊ ပြစ်ခြမ်း အထွတ်တပ်၊ ရွှေ သား ပန်းတဆဲ့ ငါး၊ တမာရွက် ထောင် တဆဲ့ ငါး" [**ကုန်းဘောင်**၊ တ၊ စာ ၂၇၀]

ရှမ်းဖောင်းမြစ်ညွှန့်

**ရှမ်းရှစ်မြို့** – ဟိုသာ၊ လာသာ၊ မိုးနား၊ စန္ဒား၊ မိုင်းမော၊ စည်ခွင်၊ ကိုင်းမား၊ မိုးဝန်း [**အုပ်ချုပ်**၊ ဒ၊ စာ ၁၀၅ နှင့် **ကုန်းဘောင်**၊ ပ၊ စာ ၄၂၅]




ရှမ်းရှစ်မြို့တည်နေရာပြမြေပုံ

**ရှမ်းသံတော်ခံ** – မင်းကေရာဇ်ကို ကန်တော့ရန် ရောက်ရှိလာကြသော ရှမ်းစော်ဘွားမြို့စားး၊ ရွှေခွန်မှူး၊ ငွေခွန်မှူးတို့၏ ကန်တော့ဆက်သမြ လက်ဆောင်တော်များကို ကန်တော့ပွဲတက် အခမ်းအနားတွင် ဖတ်လျှောက်ရသော အမတ် [**ရွှေနန်းသုံး**၊ စာ ၅၇]

**ရှမ်းသုံးနယ်** – (၁) မြောက်ရှမ်းနယ် (၂) အရှေ့ရှမ်းနယ်နှင့် တောင်ရှမ်းနယ် (၃) အနောက်ရှမ်းနယ် (ဧရာဝတီ မြစ်ညာဒေသ၊ ချင်းတွင်းမြစ်ညာဒေသ၊ ကလေး၊ သောင်သွပ်၊ မိုင်းခိုင်းစသော ဒေသများကို အနောက်ရှမ်းနယ်ဟု ခေါ်သည်။) [**အုပ်ချုပ်**၊ ၈၊ စာ ၁၀၈– ၁၂]

**ရှိယ္ယနိဂ်၊ နောက္ခိဝ်** *(မင်)* – ရှေ့ခိုး၊ နောက်ခိုး– အရိအသေပြုသည်။ [**ဗုဂံမြန်**၊ ဒ၊ စာ ၁၈၆] "ပုဟာ်လောင်အမိရှိယ္ယနိဂ် ပြီရကာ ရထာစိယ်လိုက် လိယျော်" [**လောကထိပ်**၊ စာ ၇၁] "ပဇ္ဇေကဗုဒ္ဓာ ထွက်သော ရှဝ်ရကာ နောက္ခိဝ်ဇ" [**လောကထိပ်**၊ စာ ၅၆]

**ရွှေကိုယ်တော်ကြီးဘုရား** – မင်းကေရာဇ်နှင့် တောင်နန်းမဒေဝီ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးတို့မှ မွေးမြင်တော်မူသည့် သားတော် [**ရွှေနန်းသုံး**၊ စာ ၂၅၀]

**ရွှေကျင်ခတ်ခေါင်းပေါင်း**– ပါးလွှာသော ရွှေဝါရောင် ပိုးစခေါင်းပေါင်း [ဦးမောင်မောင်တင်စာစု]၊ ရွှေခြည်ထိုး ပိုးထည်ခေါင်းပေါင်း[**ဗေါဓာနီ**၊ စာ ၃၀၇] "ဝတ်ဆင်ရန် ရွှေကျင်ခတ်ခေါင်းပေါင်း၊ လွန်းမျှား ပုဆိုး၊ ဖဲပုဆိုး၊ ပိုးပုဆိုး... သနားတော်မြတ် ခံရသည်" [**ကုန်းဘောင်**၊ တ၊ စာ ၄၁၂]

**ရွှေကျင်ခတ်တဘက်** – အနောက်တိုင်းဖြစ် ပါးလွှာသော ရွှေဝါရောင်ပိုးတဘက် (အများအားဖြင့် ရွှေဝါ ရောင်အသွေးရှိ၍ ကျေးတစ်ရာရုပ်နှင့် ပန်းနွယ်ပန်းခက် ပုံအဆင်ဖော်ထားသည်။) [ဦးမောင်မောင်တင်စာစု]

**ရွှေကြိုးသတ်နယ် (မန္တလေး)** – မန္တလေးရတနာပုံ ရာဇဓာနီ၏နယ်နိမိတ် (အရှေ့တောင်ထောင့်အလား– ရွှေစာရံဘုရားအရှေ့ သမ္မာရာချောင်းနှင့် မြစ်ငယ်အဆုံ မြစ်ငယ်မြောက်ဘက်ကမ်းထိ၊ တောင်အလား– မြစ်ငယ်ကောက်ကောက်စင်းစင်း မြောက်ဘက်ကမ်းကို လျှောက်၍ ဧရာဝတီမြစ်ဆုံထိ၊ အနောက်အလား– ဧရာဝတီမြစ်ကောက်ကောက်စင်းစင်း၏ အရှေ့ဘက်ကမ်းထိ၊ မြောက်အလား – ဧရာဝတီမြစ်ဆုံမှ မတ္တရာမြစ်ကောက်ကောက်စင်းစင်း တောင်ဘက်ကမ်းကို လျှောက်၍ ညောင်ချောင်းရွာထိ၊ အရှေ့အလား– ညောင်ချောင်းရွာမှ တောင်ကိုလျှောက်၍ သမ္မာရာချောင်းနှင့် မြစ်ငယ်ဆုံအထိ) [**အုပ်ချုပ်**၊ စ၊ စာ ၁၂၇ နှင့် **ROB, IX, pp. 608-9**]

**ရွှေကြက်လည်ဆံအမြိတ်** – ကြက်၏လည်ဆံမွေးနှင့် တူသော ရွှေခြည် အမြိတ် [**ရွှေနန်း**၊ စာ ၁၀၊ ပုံ ၁၂၉]



ရွှေကြက်လည်ဆံအမြိတ်

**ရွှေကြက်သွန်မြိတ်** – ရွှေအဖုအလုံးတွင် ရွှေခြည်များ တွဲချထားသော အမြိတ် [**ရွှေနန်း**၊ စာ ၁၀၊ ပုံ ၁၂၈]



ရွှေကြက်သွန်မြိတ်

**ရွှေချက်** – မင်း မှူးမတ်တို့ဆောင်းသော ရွှေထီးအထူး၊ [**တကျွသိုလ်၊** ၂၊ စာ ၂၃၃] "ခုန်သန်လျက်ဝယ်၊ ရွှေချက်ရတနာ၊ ဖြန့်မိုးကာလျက်" [**ရေးကဗျာ၊** စာ ၈၅]

**ရွှေချည်ဝတ်** – လက်သူကြွယ် [**ပေါ်တာန်၊** စာ ၃၀၇]


**ရွှေချိန်၂ပန်း** – ရွှေချိန်တစ်ပိဿာနှင့် ခြောက်ဆယ်ကျပ်သား (၂.၆ ကီလိုဂရမ်ခန့်) ရှိသော အလေးချိန် (ပန်းမှာ ရှမ်းလူမျိုးတို့၏ အချိန်အတွယ် အခေါ်အဝေါ်ဖြစ်သည်။ တစ်ပန်းသည် ၈၀ ကျပ်သားနှင့် ညီမျှသည်။) [**လွှတ်တော်မှတ်၊** စာ ၂၆၃] "ကျိုင်းတုံစော်ဘွားအမတ် ဘယား ၁ နှင့် နောက်ပါလူ ၂၀... တို့တွင်ပါသည့် လက်ဆောင်ရွှေချိန် ၂ပန်း၊ မြန်မာခေါ် ရွှေချိန် ၁၆ဝိ" [**လွှတ်တော်မှတ်၊** စာ ၁၇၅]

**ရွှေစား၊ ကန်သာယာ၊ ဟန်လင်းစည်တော်ရပ်** – ရွှေစားရွာ၊ ကန်သာယာရွာနှင့် ဟန်လင်းရွာတို့မှ မင်္ဂလာစည်တော်ကြီးများကို တီးရွမ်းရသော စည်တော်အမှုထမ်းသုံးရပ်

**ရွှေစက်ကွင်း** – ရွှေချထားသော အဝန်းအဝိုင်းပုံ။ "အချို့သောလှေကို ရွှေစက်ကွင်းထည့်ရသည်" [**မှန်နန်း၊** ၃၊ စာ ၂၈၂]

**ရွှေစက်ကွင်းပြည့်** – ရွှေစက်ဝိုင်းကွင်းများ အပြည့် ခြယ်သထားခြင်း [ROB, I, p. 187]

**ရွှေစက်တော်** – ခြေတော် [**ယုဒသန်၊** စာ ၈၇၆]



ရွှေစက်တော်ရာ

**ရွှေစင်ဖြတ်စကဲ့သို့** – ရွှေစင်ကို ဖြတ်ထားသော အပိုင်းအစများကဲ့သို့ (ရွှေစင်ဖြတ်စတို့သည် တန်ဖိုးကြီးမားကြသည်ချည်း ဖြစ်သကဲ့သို့ မင်းနှစ်ပါးတို့သည်လည်း မကောင်းမှုကင်းစင်၍ သာသနာတော်စီးပွား၊ ပြည်သူလူရဟန်းတို့ စီးပွားကို ရွက်ဆောင်နိုင်ကြသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ချည်း ဖြစ်ကြသည်ဟု အဓိပ္ပာယ်ယူသင့်၏) [**ဦးကုလား၊** ပ၊ စာ ၂၇၄ အောက်]

**ရွှေဇေါ်ပိန်း** – ရွှေပန်းချီအပြည့်ရေးထားသည်။ [**ယုဒသန်၊** စာ ၄၂၆၊ ၆၃၅]

**ရွှေဇာယက်** – ရွှေဇာဖျင်များကို ရက်လုပ် ဆက်သွင်း ရသော အမှုထမ်း၊ ရွှေချည်ထိုးအမှုထမ်း

**ရွှေတိုက်ကြပ်** – ရွှေတိုက်ဝန်နှင့် ရွှေတိုက်စိုးတို့ ဆင့်ဆိုရာ နာခံ၍ ရွှေတိုက်ကိုကြီးကြပ်ရသော ပုဂ္ဂိုလ် [**ရွှေနန်းသုံး၊** စာ ၇၆]

**ရွှေတိုက်စိုး** – ရွှေတိုက်တော်ကို ကြီးစိုး၍ ဘဏ္ဍာတော်များကို ထိန်းသိမ်းရန်၊ မင်းမိဖုရားတို့၏ အဆင်တန်ဆာ ချုပ်လုပ်ရန်၊ ၁၂ ရာသီ မင်းပွဲသဘင်အတွက် လွှတ်တော် ဗြဲတိုက်က တောင်းခံသော ပစ္စည်းများကို ထုတ်ပေးရန် စီမံဆောင်ရွက်ရသော အကြီးအကဲ [**ရွှေနန်းသုံး၊** စာ ၇၅-၆]

**ရွှေတိုက်ဝန်** – မင်းဘဏ္ဍာတော် ရတနာရွှေငွေ အထည်အလိပ်များထားသိုရာ ရွှေတိုက်တော်လုံခြုံရေး၊ အပျက်အစီး မရှိစေရေး၊ ပစ္စည်းအဝင်အထွက် စာရင်းထားရှိရေးတို့အတွက် ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေး စသော အမှုထမ်းများကို ကြီးကြပ် စီရင်ရသောဝန် [**ရွှေနန်းသုံး၊** စာ ၇၄-၅]


**ရွှေတောင်** – ရွှေနန်းတော် (ရွှေနန်းတော်၌ ခစားထမ်းရွက်သည့် ကျက်သရေရှိသော အမတ်ကို **ရွှေတောင်သီရိ** ဟူသော ဘွဲ့ကိုနှင်းသည်။) "ဦစိနာမင်ကြီ ဟာယ်တောင်တက်အော်" [**၁၂၁၂ ခုနှစ်ထိုး ဓာရဟန်သိမ်ကျောက်စာ**] "သုဒ္ဓေါ်စောခေါင်၊ ရွှေတောင်သနင်း၊ ဇမ္ဗူချင်းအံ့" [**ပါရမီခန်း၊** စာ ၆၂]

**ရွှေတိုင်တော်** – အရှည်တစ်ပေခန့်ရှိ၍ ရွှေတု(ကြေးဆိုင်း) ချထားပြီး ဘုရင့်အနီးတွင်ထွန်းသော ပျားဖယောင်းတိုင် [**အုပ်ချုပ်၊** စ၊ စာ ၈၀]

**ရွှေတန်ဆောင်** – ရွှေချဖယောင်းတိုင် [**ရွှေဝတီ၊** စာ ၁၃၄]


**ရွှေတုံးလှေတော်**– သီပေါမင်း(၁၈၇၈– ၈၅) လက်ထက် ၁၈၈၂–ခုနှစ်တွင် အခမ်းအနား ကြီးကျယ်စွာ ခင်းကျင်း၍ အလျား ၇၂ ပေ ၄.၅ လက်မ၊ ဝမ်းဝ ခြောက်ပေ တစ်လက်မ၊ စောက် နှစ်ပေနှစ်လက်မ ရှိ၍ အင်္ဂ ၃၂ ရပ်၊ နတ်ရုပ် ၃၂ ရုပ်နှင့် အပွရာ ဇိတပလ္လင်၊ ဝဇီယာသနပလ္လင်တော်ရာ မြေများကို သစ်တွင်မြုပ်နှံကာ တည်ဆောက်ခဲ့သော လှေတော် [ဟံသာဝတီဘုရင် သမိန္ဒြေဗုဒ္ဓကိတ္တိ (၁၇၄၀–၇) လက်ထက်တွင် သာယာဝတီမြို့ဝန် သီဟစက်သည် နောင်တွင်

**ရွှေတုံးလှေ** ဟု အမည်တွင်မည့် မူလ ပထမလှေကို တည်ဆောက် စီးနင်းခဲ့သည်။ ဗညားဒလ (၁၇၄၇-၅၇ ) လက်ထက်တွင် ထိုလှေကို အင်းအိုင် ယတြာစီရင်၍ ရွှေအပြည့် ချပြီး **ရွှေတုံးလှေ**ဟု ခေါ်ဝေါ် သမုတ်ခဲ့ခြင်း ဖြစ်သည်။ အလောင်းမင်းတရား (၁၇၅၂-၆၀) လက်ထက် ဟံသာဝတီမြို့ကို ဝန်းရံ တိုက်ခိုက်စဉ် ကျုံးရေကို ဖောက်လွှတ်ရာတွင် ကျုံးအတွင်း မြုပ်ထားသော မူလရွှေတုံးလှေကို ရရှိခဲ့သည်။ [**ကုန်းဘောင်**၊ ပ၊ စာ ၂၂၄] သီပေါမင်းလက်ထက်တွင် တည်ဆောက်သောလှေမှာ ဒုတိယအကြိမ် တည်ဆောက်သော **ရွှေတုံးလှေတော်** ဖြစ်သည်။ [**နန်းသုံးယာဉ်**၊ စာ ၅-၆]




ရွှေတုံးလှေတော်


**ရွှေနားတောင်းကြက်ရင်** – ရာထူး အလယ်အလတ်အဆင့်ရှိသော မင်းမှုထမ်းတို့ဝတ်ဆင်သည့် အခေါင်းပိတ် ရွှေနားတောင်း [**လွှတ်တော်မှတ်**၊ စာ ၂၄၃]



ရွှေနားတောင်းကြက်ရင်



**ရွှေနားတောင်းမီးတွင်း** – အခမ်းအနားများတွင် ရာထူး အဆင့်မြင့်သူတို့ ဝတ်ဆင်သော၊ အလယ်တွင် အခေါင်းပေါက်ရှိသည့် ရွှေနားတောင်း [**လွှတ်တော် မှတ်**၊ စာ ၂၄၃] "ဝန်ထောက်ရန်အောင်မြင်မြို့စား မင်းကြီးမဟာမင်းလှမင်းခေါင်ရာဇာတို့ကို... ရွှေနားတောင်းမီးတွင်း ... သနားတော်ခဲ့စေ" [**လွှတ်တော် မှတ်**၊ စာ ၁၀]



ရွှေနားတောင်းမီးတွင်း

**ရွှေနန်းစာရေး** – နန်းတွင်းအသုံးစာရင်းနှင့် အရာတော်မြေဆိုင်ရာ စာရင်းများကို ရေးမှတ်ရပြီး သက်ဆိုင်ရာက ဆက်သွင်းသော ပစ္စည်းများကို ဆိုင်ရာတိုက်တွင် သွင်းထား သိုမှီးရန် စီစဉ်ရသော စာရေး [ ROB, I, p. 231]

**ရွှေနန်းမျှော်** *(အသီး)* အရသာထူးသဖြင့် ရွှေနန်းမျှော်ဟု ခေါ်တွင်ရသော ခေါင်းခွဲသရက်သီး [ROB, X,p. 127]

**ရွှေနန်းရိုး ရွှေခွန်ငွေခွန်** – မင်းကေရာဇ်အဆက်ဆက် ရွှေခွန်ငွေခွန် ကောက်ခံသော ရှမ်းပြည်မြေလတ်ဒေသ၊ အညာမြစ်စဉ်၊ အကြေ ၉ရွာ၊ အညာ ၉ရွာ၊ တုရွင်းတိုင်နယ်များ ပါဝင်သောဒေသ [**အုပ်ချုပ်**၊ စ၊ စာ ၂၈၆-၇]

**ရွှေနန်းရိုးလမိုင်းဝန်** – မင်းကေရာဇ်အဆက်ဆက် ပိုင်ဆိုင်သော အရာတော်လယ်မြေများရှိ လယ်ယာလုပ်သားတို့အား ဆင့်ဆိုလုပ်ကိုင်စေ၍ လယ်ထွက်သီးနှံများကို သိမ်းရုံးဆက်သွင်းရသော မှူးမတ် [**ရွှေနန်းသုံး**၊ စာ ၈၁]

**ရွှေပုစွန်ခွဲ** – ရွှေကိုခပ်လုပ်ထားသော ယက်ပြား၊ ပါးသော ရွှေပြား။ "မဟာမုနိဘုရား ရုပ်ရှင်တော်မှာ ကပ်မွမ်းလှူဒါန်းရန် ... ခပ်လုပ်ပြီး ပြေသည့် ရွှေဗုစွန်ခွဲ သင်္ကန်းတော်များကို..." [**ကုန်းဘောင်**၊ တ၊ စာ ၆၁] "ထီးတော်ကို ရွှေဗုစွန်ခွဲ မွမ်းစေသည်" [**ကုန်းဘောင်**၊ ပ၊ စာ ၄၃၇]

**ရွှေပုစွန်ဆီ** – ရွှေချည်ဖြင့်ရက်လုပ်သော အထည် [**ယုဒသန်**၊ စာ ၆၃၇]

**ရွှေပုစွန်ဆီထီး** – ရွှေချည်ဖြင့်ရက်လုပ်သော အထည်ဖြင့် စီရင်ပြုလုပ်သော ထီး [**ယုဒသန်**၊ စာ ၆၃၇]

**ရွှေပန်းပန်တပ်** – ရန်သူကို ရဲဝံ့စွာ ဆိုင်ပြိုင်တိုက်ခိုက်အနိုင်ယူနိုင်သည့် ရဲရည်ရဲသွေးရှိသောတပ် (မင်းကေရာဇ် ချီတော်မူ ထွက်တော်မူသောအခါ နောက်

တော်ပါအဖြစ် လိုက်ရသည်) [**ရွှေဝတီ**၊ စာ ၃၇၊ ROB, I, p. 284]

**ရွှေပိန်း** - ရွှေအပြည့် [**မြန်စာန်**၊ စာ ၂၂၇၊ ၃၂၃]

**ရွှေပြည်စာရေး** - ရွှေမြို့တော်ရပ်ကွက်များတွင် နေထိုင်သူတို့ထံမှ ဒသမဘာဂဆယ်ဖို့တစ်ဖို့ အခွန်တော် စစ်ဆေးကောက်ခံရသည့် စာရင်းရေး စာရင်းကိုင်အရာရှိ [ROB, VI, p. 565]

**ရွှေပြည်စိုး** - ရာဇဝင်္ဒနီရွှေမြို့တော်တွင် မင်းကေရာဇ်က ခန့်ထားသော ရှေ့ရုံးအရာရှိ (မင်းကေရာဇ် ထွက်တော်မူ၊ ဝင်တော်မူသောအခါ တပ်ဦးတွင် ရှေ့ရုံးအရာရှိတို့နှင့်အတူ ရွှေပြည်စိုးက မောင်းတီး၍ လိုက်ရသည်။ မိဖုရားခေါင်ကြီး မီးဖွားသောအခါတွင် ရွှေပြည်စိုးက ဝတ်ကောင်းဝတ်သန့်နှင့် အိမ့်ရှင်စည်ကြီးကို တီးရသည်။ အခွန်တော် ကောက်ခံရိုးအစဉ် လက်စွဲစာရင်းများကို စွဲကိုင်၍ ထိုစာရင်းအတိုင်း ကောက်ခံရန်လည်း စီစဉ်ညွှန် ကြားရသည်။ ရွှေကြိုးသတ်နယ်အတွင်း ရောင်းဝယ် ပေါင်နှံမှုများမှာ ရွှေပြည်စိုးခေါ် ရှေ့ရုံးအရာရှိ၏ တံဆိပ်လက်မှတ် ရမှသာလျှင် အတည်ဖြစ်သည်။ ရွှေပြည်စိုးသည် ချိန်ခွင်ဖြင့်ရောင်းဝယ်သောဌာန ဆယ့်နှစ်ခုမှ ကောက်ခံရရှိသည့်အခွန်ကို စားသုံးရသည်။) [**ရွှေနန်းသုံး**၊ စာ ၆၅-၆ နှင့် **အုပ်ချုပ်**၊ စ၊ စာ ၃၂ နှင့် ROB, I, p. 160]

**ရွှေပြည်တံခွန်မြင်းဝန်** - မြင်းအစုအမှုထမ်းတို့ကို စီရင်အုပ်ချုပ်၍ မင်းကေရာဇ် စေခိုင်းတော်မူရာ အဝေးအနီးအမှုများကို မြင်းရှိ၊ မြင်းမဲ့ ထမ်းဆောင်ရသော အမှုထမ်းကြီး [ROB, VIII, p. 663]

**ရွှေပြည်မြင်း** - နန္ဒဘုရင်(၁၅၈၁-၉၉) လက်ထက် ၁၅၉၃-ခုနှစ်တွင် ကျေးစားရွာစား သားမြေးတို့ဖြင့် ဖွဲ့သည့် မြင်းတပ် [ROB, II, p. 202]

**ရွှေပြည်မှန်ကင်း** - အလုံမြို့မ၊ မီးပေါက်ရွာ၊ မအူရွာ၊ ကူတောရွာ၊ ဝန်ပို့ရွာ၊ ကွမ်းအုံရွာ၊ မြို့သစ်ရွာ၊ အရာတော်ရွာ၊ စရစ်ရွာ၊ ကဲပါရွာ၊ မလဲသာရွာ၊ မင်းရွာ၊ ရှားကုန်းရွာ စသောရွာများမှ သန်မာသော လူငယ်တို့ကို ရွေးချယ်၍ ဖွဲ့စည်းထားသော အစုအမှုထမ်း (ထိုအစုအမှုထမ်းတို့၏ လက်ယာလက်ဖမိုးတွင် ခြင်္သေ့ရုပ်ထိုးထားသည်။) [**ရွှေနန်းသုံး**၊ စာ ၂၁၇]

**ရွှေပြည်ရန်အောင်မြင်း** - ပင်းတလဲ၊ လှိုင်းတက်၊ သာဂရ၊ မိတ္ထိလာ၊ ယင်းတော်၊ ရနောင်၊ ထရုံကာ၊ ညောင်ရမ်း၊ ရမည်းသင်း၊ တိုက်ထီးလှိုင်၊ တောင်ငူ၊ ပြင်စည်၊ ကျောက်ဆောက်၊ ညောင်အုပ်၊ တောင်သာ၊ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပား၊ တောင်တွင်းကြီးနယ်များမှ မြင်းစီးကျွမ်းကျင်သော လူငယ်များဖြင့် ဖွဲ့စည်းသော မြင်းတပ် (ထိုမြင်းတပ်အမှုထမ်းတို့၏ လက်ယာနံတွင် မြင်းရုပ်ထိုးထားသည်။) [**ကုန်းဘောင်**၊ တ၊ စာ ၅၅၁-၂]

**ရွှေပြည်ရန်အောင်အနောက်လက်** - ရွှေပြည်ရန်အောင် အနောက်ပိုင်းဒေသ- ပြင်စည်၊ ကျောက်ဆောက်၊ ညောင်အုပ်၊ တောင်သာ၊ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ တောင်တွင်းကြီး [**ကုန်းဘောင်**၊ တ၊ စာ ၅၅၂]

**ရွှေပြည်ရန်အောင်အရှေ့လက်** - ရွှေပြည်ရန်အောင် အရှေ့ပိုင်းဒေသ- ပင်းတလဲ၊ လှိုင်းတက်၊ သာဂရ၊ မိတ္ထိလာ၊ ယင်းတော်၊ ရနောင်၊ ထရုံကာ၊ ညောင်ရမ်း၊ ရမည်းသင်း၊ တိုက်ထီးလှိုင်၊ တောင်ငူ [**ကုန်းဘောင်**၊ တ၊ စာ ၅၅၁]

**ရွှေမျက်ပါး** - အလွန်ပါးလွှာအောင် ခပ်လုပ်ထားသည့် ရွှေရွက် [**ယုဒသန်**၊ စာ ၈၇၇]

**ရွှေမြို့တော်** - နန်းမြို့တော်နှင့် မှူးမတ်၊ သူဌေး၊ သူကြွယ်၊ အမှုထမ်း အရပ်အကွက်ကိုငုံ၍ တံတိုင်း၊ ပြအိုး၊ ပြာသာဒ်၊ မြို့တံခါး၊ တုရိဏ်တိုင်၊ ပစ္စင်၊ ရင်တား၊ မီးကာတို့ဖြင့် အခိုင်အခံ့ တည်ဆောက်၍ ကျုံးပတ်လည်ဝန်းရံလျက်ရှိသော မြို့တော် [**ကုန်းဘောင်**၊ ပ၊ စာ ၅၈၀၊ ၅၈၃-၄၊ **ကုန်းဘောင်**၊ ဒ၊ စာ ၃၁၅-၇၊ **ကုန်းဘောင်**၊ တ၊ စာ ၁၅၁၊ ၂၄၈၊ ၂၇၇-၈]

**ရွှေမှူး(ရွှေခွန်မှူး)** - ရွှေထွက်သောနယ်ကို ကြီးမှူးအုပ်ချုပ်၍ ဘုရင့်ထံ ရွှေခွန်တော်ဆက်သရန် တာဝန်ယူရသော အကြီးအကဲ [**ယုဒသန်**၊ စာ ၈၇၇]

**ရွှေမှူး၊ သံမှူး၊ ငွေခွန်မှူး** - ရွှေခွန်တော်ဆက်ရသော နယ်မြေကို စီရင်အုပ်ချုပ်ရသော အကြီးအမှူး၊ သံခွန်တော်ဆက်ရသောနယ်မြေကို စီရင်အုပ်ချုပ်ရသော အကြီးအမှူး၊ ငွေခွန်တော်ဆက်ရသော နယ်မြေကို စီရင်အုပ်ချုပ်ရသော အကြီးအမှူး (၎င်းတို့မှာ မြို့ရွာသူကြီးများနှင့်ထပ်တူ အခွင့်အာဏာရှိကြသည်။) "...ရွှေမှူး၊ သံမှူး၊ ငွေခွန်မှူးတို့မှာ ...မြို့ရွာသူကြီးတို့ ဆောင်ရွက်နိုင်သည့် အခွင့်နှင့်ထပ်တူ သသမေဓ အခွန်တော်ငွေ ကောက်ခံသည့် အမှုများကို

ဆောင်ရွက်စေရမည်" [**လွှတ်တော်မှတ်**၊ စာ ၅၉]

**ရွှေမှော်ကြီ** - ရွှေဖြင့် ပန်းချီအပြောက်အမွမ်းဖော်သည်။ [**အုန်းအဘိဓာန်** မအက္ခရာ]

**ရွှေယက်ပြား** - အပြားခတ်ထားသောရွှေ

**ရွှေလွန် သားရေခုနစ်မျိုး** - ဆင်ရိုင်းကြော့ဖမ်း ချည်နှောင်ရန်အတွက် အလွန်ခိုင်ခံ့သောကြိုး ကျစ်လုပ်သည့် သားရေခုနစ်မျိုး (၁-စာမရီ၊ ၂-သစ်နက်၊ ၃-ပြောင်၊ ၄-ဆတ်၊ ၅-ကျွဲ၊ ၆-နွား၊ ၇-ဝံ သတ္တဝါတို့၏ သားရေများ) [ROB, X, p. 127]

**ရွှေလွန်အမှုထမ်း** - တောဆင်ရိုင်းများကို ချည်နှောင်ဖမ်းဆီးရန်အတွက် စာမရီရေ၊ သစ်နက်ရေ၊ ပြောင်ရေ၊ ဆတ်ရေ၊ ကျွဲရေ၊ နွားရေ၊ ဝံရေ ဟူသော သားရေခုနစ်မျိုးဖြင့် ကြိုးကျစ်ပေးရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၉၀]

**ရွှေဝေဇယန်တပ်** - ရွှေချထားသော ဝေဇယန္တာနတ်နန်းသဏ္ဌာန် မွမ်းမံမှု။ "ခင်ဒုယင်ရွှေပိန်း၊ အမိုးယွန်းဆက်ရွှေပိန်း၊ ရွှေဝေဇယန်တပ်"[**ကုန်းဘောင်**၊တ၊စာ၁၇၈]

**ရွှေသတိ** - ရွှေသားအတိ၊ ရွှေချည်းသက်သက်။ "ခွက်ကြုတ်သနွေး စသောအသုံးအဆောင်မှစ၍ ကစားဘွယ်အသွယ်သွယ်များကိုလည်း ရွှေသတိ လုပ်ဆောင်၍ ခင်းကျင်းပြင်ဆင်ထားရခြင်း"[**ကုန်းဘောင်**၊ တ၊ စာ ၅၂၉]

**ရွှေသွားဒေသ** - ယူနန်နယ်အနောက်ပိုင်း မဲခေါင်မြစ်နှင့် သံလွင်မြစ် နှစ်သွယ်အကြားရှိဒေသ (ပလောင်၊ ဝနှင့် ရှီအန်တို့ကို ရွှေသွား၊ ငွေသွား လူမျိုးစုများဟု ရှေးအခါက ခေါ်ခဲ့ကြသည်။) [**ရည်စိန်**၊ **ရှင်ဒိသာ**၊ စာ ၄၅]

**ရွှေအစုသား** - ရွှေရှာဖွေတူးဖော်စုဆောင်း ဆက်သွင်းရသော အစုအမှုထမ်း [ROB, I, p. 165]

**ရွှေအရှေ့ကြောင်း** - ရွှေနှင့်ခဲထွက်သည့် မော်နိုင်၊ မော်ထိပ်၊ မော်ခါး၊ မန်အင်၊ မော်ခွင်ရွာများ ပါဝင်သောဒေသ [ROB, IX, p. 717]

# လ

**လမိုင်းဝန်** - မင်းကေရာဇ်ပိုင်ဆိုင်တော်မူသော အရာတော်လယ်မြေများရှိ လယ်ယာလုပ်သားတို့အား ဆင့်ဆိုလုပ်ကိုင်စေ၍ လယ်ထွက်သီးနှံ၏ ဆယ်ပုံတစ်ပုံကို သိမ်းရုံး ဆက်သွင်းရသော အရာရှိ [**ရွှေနန်းသုံး**၊ စာ ၈၁-၂]

**လလိတမုဒြာ** *(ပါ+သက်)* -ခြေနှစ်ဖက်ကို ကွေး၍ထိုင်ပြီး လက်ယာဘက်ဒူးကို အနည်းငယ်ထောင်၍ ဒူးခေါင်းပေါ်တွင် လက်ယာလက်ကိုတင်ကာ လက်ဝဲဒူးခေါင်းပေါ်တွင် လက်ဝဲလက် ဖဝါးဖြင့် အုပ်လျက်တင်ထား ဟန် (လောကနတ် ထိုင်နေပုံမှာ လလိတ မုဒြာဟန် ဖြစ်သည်။) [**မုဒြာ**၊ စာ ၇၂]



လလိတမုဒြာ

**လဝန်းမြို့** - ထိုင်းနိုင်ငံရှိ နကောန်လမ်ပန်း (Nakon Lampang)မြို့ [**ရာဇဝင်သစ်**၊ တ၊ စာ ၅၁]

**လသဖွဲကြွတ်** - လအပြည့်အဝကြွတ်သည်။ [**ရာဇဝင်သစ်**၊တ၊ စာ ၁၇၆]

**လသီယံ** *(ကျောက်)* (၁) လကွယ်နေ့ (၂) ...ပါတော့ (စေခိုင်းခြင်းအနက်ရှိ၏။) [**ရွှေဟသာ်**၊ စာ ၈၈] "ပွသိုဝ်လသီယံ" [၁၂၄၂ ခုနှစ်ထိုး အပွားအိမ္မနိမိ ကျောက်စာ /၁] "စောင်မမူလသီယံဟုမှာ ခရကာ" [၁၂၄၃ ခုနှစ်ထိုးဘိုးကလုန်ဝှဘုရားကျောက်စာ /၁၁]

**လသီယံသတင်** *(ကျောက်)* လကွယ်ဥပုသ်နေ့။ "နတ္တာဝ်လဆုတ် ၁၄ ရျက် ကြသပတိယ်နိယ် လသီယံသတင် အကိုဝ်သို့င်ကက်သု ပျံတာဝ်မူပြီ" [၁၂၄၂ ခုနှစ်ထိုး သောင်ရမ်းကြီးသမီးကျောက်စာ /၁-၂]

**လာစာလေ့** - ပေါက်ပေါက်ပွင့်ကဲ့သို့ အတွန့်အလိမ်စိရင်၍ ဦးဘက်ကနိမ့်ပြီး ပဲ့ပိုင်းမြင့်မြင့် တည်ဆောက်ထားသော (လင်းဇင်းမင်းတို့ စီးနင်းသည့်) လှေ၊ (လင်းဇင်းလှေဟုလည်း ခေါ်သည်။) [**ရွှေဘုံ**၊ စာ ၆၈] "လင်းဇင်းမင်းတို့၊ စီးနင်းစိုးထွေ၊ လာစာလှေလည်း၊ ဦးနေပဲ့နှင့်၊

ပေါက်ပေါက်ပွင့်သို့၊ နိမ့်မြင့်ပြုပြု" [**ရွှေဘုံ၊** စာ ၁၀၈]

**လာဘာသက္ကာရ** *(ပါ)* –လာဘ်ပူဇော်ခြင်း [**ဦးဟုတ်၊** စာ ၈၂၉]

**လာလီတာသန** – လက်ဝဲခြေကိုကွေး၍ ပလ္လင်ပေါ် ခင်းထားပြီး လက်ယာခြေကို တွဲလျားချ၍ ထိုင်နေဟန် [**အာသန၊** စာ ၁၂၁]



လာလီတာသန

**လား** – (၁) မြင်းနှင့်တူသော်လည်း ကိုယ်ခန္ဓာသေးငယ်၍ တောင်တန်းကုန်းမြင့်ဒေသတွင် ကုန်စည်သယ်ဆောင်ပေးနိုင်သော သတ္တဝါ (၂) သွားသည်။ (တစ်လား– တစ်ခါသွား၊ မြင်းတလား– မြင်းတစ်ခါပြေး) [**ယုဒသန်၊** စာ ၉၀၆]

**လိခိတ** *(ပါ)* –ရေးသားသည်။ (စာဝင်လိခိတ– စာထဲတွင် ရေးသားဖော်ပြထားသည်။) [**ဦးဟုတ်၊** စာ ၈၂၉] "ပေါင်ရောင်းသူ အပေါင်အရောင်းခံသူ တိုင်ခံသူတို့နှင့် စာဝင်လိခိတပါသူတို့ကို လွှတ်တော်တွင်... အရာရှိတို့ အစုံအညီ စစ်ဆေးမေးမြန်း..." [**ကုန်းဘောင်၊** တ၊ စာ ၆၀၇]

**လိဝိဒိပိကာကျမ်း** – ကြေးနန်းရိုက်သင်္ကေတများကို လမ်းညွှန်ဖော်ပြသောကျမ်း (ယောအတွင်းဝန် ဦးဘိုးလှိုင် စီရင်သည်။) [ROB, X, p. 127 နှင့် **မြန်မာမင်း၊** စာ ၆၀]

**လုလင်တိုင်** – (၁) လှော်ကားတွင် ပုံမောင်းစသည်တို့ ချိတ်ရာတိုင် [**မြန်စာန်၊** စာ ၃၂၆] (၂) ထမ်းစင်ထိုင်ခုံ ထောင့်များတွင် စိုက်ထူထားသောတိုင်

**လုလင်ဝတ်** – အမှုသည်နှင့် သက်သေတို့ကို ဆင့်ခေါ်သည့်စာများ သွားရောက်ပေးပို့ရသည့် အမှုထမ်း လုလင်အား ချီးမြှင့်ရသည့် အခကြေးငွေ [ROB, IV, p. 230]

**လုလင်သမဲ** – လုလင်သူငယ် [**ဇိမ္မဲလွှာ၊** စာ ၃၃] "ရွှေမြို့တာပိုက်စေ၍ ...လုလင်သမဲများ ခြံရံလျက် ကမ္ဘာသိုက်မည်သော မင်္ဂလာကန်သို့ ကြီးစဉ်ငယ်လိုက် သွားရသည်" [**ဦးကုလား၊** ၃၊ စာ ၂၈၇]

**လူပျိုစု** – မှူးမတ်တို့၏ ဂုဏ်အဆင့်အတန်းရှိသော ဇနီးမယားမှ မွေးမြင်သည့်သားများဖြင့် ဖွဲ့စည်းထားသည့် အစုအမှုထမ်း (လူပျိုစုသည် သွေးသောက်စုနည်းတူ အမှုတော်ထမ်းရသည်။) [ROB, III, p. 135]

**လူပြန်တော်** – ရဟန်းဘဝမှထွက်၍ လူအဖြစ် ပြန်လည်ရောက်ရှိသူ၊ ရဟန်းလူထွက် [**မြန်စာန်၊** စာ ၃၂၇]

**လူမျိုး ၁၀၁ပါး** – (၁) [**မုံရွေးမှု**] မြန်မာ ၇ မျိုး၊ ရှမ်းလူမျိုး ၃၀၊ မွန် ၄မျိုး၊ ကုလားလူမျိုး ၆၀– စုစုပေါင်း လူမျိုး ၁၀၁ ပါး၊ (၂) [**ရခိုင်ရာဇဝင်မှု**] မြန်မာ ၇ မျိုး၊ ရှမ်း ၂၃ မျိုး၊ မွန် ၃ မျိုး၊ ကုလား ၅၆ မျိုး၊ တရုတ် ၉ မျိုး၊ ချင်း ၃ မျိုး၊ (၃) မြန်မာ ၇မျိုး၊ မွန် ၃မျိုး၊ ရှမ်း ၂၇မျိုး၊ ကုလား ၆၄ မျိုး [ROB, II, p. 219] (၄) လူမျိုး ပေါင်းစုံ [**အုပ်ချုပ်၊** ၃၊ စာ ၂၄]

**လူသူလေးပါး** – (၁) မင်းမျိုး (၂) ပုဏ္ဏားမျိုး (၃) ကုန်သွယ်လယ်လုပ်မျိုး (၄) သူဆင်းရဲမျိုး (အချို့က ရဟန်း၊ ပုဏ္ဏား၊ မင်းနှင့် ဆင်းရဲသားတို့ကို လူသူလေးပါးဟု ဆိုကြသည်။) [**သုတေသန၊** စာ ၄၈၀]

**လူသုံးပါး** – (၁) လူ (၂) နတ် (၃) ဗြဟ္မာ [**သုစမှတ်၊** စာ ၅၁] "လူသုံးပါးတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား" [**ကုန်းဘောင်၊** တ၊ စာ ၆]

**လူဏ္ဏ** – *(အင်္ဂလိပ်)* လူးဝစ် (Lewis) [**ကုန်းဘောင်၊** တ၊ စာ ၉၄]

**လူး ၁၂ပနား** – လူးရှမ်းလူမျိုးတို့ နေထိုင်ရာ နယ် ၁၂နယ် (ယခု ယူနန်ပြည်နယ်ရှိ Cheli ပတ်ဝန်းကျင်ဒေသ ဖြစ်သည်။) [**ရာဇဝင်သစ်၊** တ၊ စာ ၁၂၉ အောက်] လူး ၁၂ ပနားမှာ– (၁) မိုင်းလ၊ မိုင်းပန် တစ်ပနား၊ (၂) မိုင်းဘုန်း၊ မိုင်းယွန်နှင့် မိုင်းမင်း တစ်ပနား၊ (၃) မိုင်းဟိန်းနှင့် မိုင်းဗန်တစ်ပနား၊ (၄) မိုင်းလားနှင့် မိုင်းဝင်း တစ်ပနား၊ (၅) မိုင်းဘူးနှင့် အူတိုက် တစ်ပနား၊ (၆) ကျိုင်းတောင်း၊ တော်လနှင့် အီဂူ တစ်ပနား၊ (၇) ကျိုင်းရုံးကြီး၊ မိုင်းဟန်း၊ မိုင်းဆုံနှင့် မိုင်းနွန် တစ်ပနား၊ (၈) မိုင်းစဲ၊ မိုင်းဘောင်းနှင့် ကျိုင်းလူး တစ်ပနား၊ (၉) မိုင်းဟွန်နှင့် မိုင်းပန် တစ်ပနား၊ (၁၀) မိုင်းလုံ တစ်ပနား၊ (၁၁) ကျိုင်းလေ၊ မိုင်းမန်၊

မိုင်းခံနှင့် လံနီး တစ်ပနား၊ (၁၂) မိုင်းဟဲ၊ မိုင်းစိန်၊ မိုင်းယည်၊ မိုင်းဝင်၊ မိုင်းညှင်း၊ မိုင်းဝေတ်နှင့် မိုင်းခွန် တစ်ပနား [**မြို့စောင်**၊ စာ ၁၀–၁၁]

**လူးတား** – အသံကို ရှည်လျားစွာဆွဲငင်၍ သီဆိုရသော လေးလုံးစပ်ကဗျာ (**ပျူတာ**ဟူသော ပါဠိမှ ဆင်းသက်၍ လူးတားဖြစ်လာသည်ဟု ဆို၏။ လူးတားကဗျာတွင် အဆုံးစကားကို အစထား၍ ရေးစပ်သည်) [**စာပေသမိုင်း**၊ စာ ၁၃၈–၉]

**လေခကလက္ခဏာအင်္ဂါခြောက်ပါး** – စာရေးတော်တို့၏ အင်္ဂါလက္ခဏာခြောက်ပါး။ (၁) သကိဉ္စတ္တာ ဂဟိတက္ခ– တစ်ကြိမ်ပြောဆိုရုံဖြင့် မှတ်မိခြင်း၊ (၂) သီဃလေခ– လက်ရေးမြန်ခြင်း၊ (၃) သုလက္ခိတ– လက်ရေး ကောင်းမွန်ခြင်း၊ (၄) မေဓာဝီ– လျင်သောပညာရှိခြင်း၊ (၅) ဝါကျပဋ္ဌက– စကားတတ်ခြင်း၊ (၆) ဒက္ခ– စာပေစီကုံးမှု၌ ကျွမ်းကျင်ခြင်း [**သုစမှတ်**၊ စာ ၂၀၄]

**လေသာဆောင်** – မင်းကေရာဇ်တို့ လေညင်းလေသာခံ၍ စံတော်မူရာ အကာအရံဟူ၍မရှိသောအဆောင် (အရှေ့ ဇေတဝန်ဆောင်၏ တောင်ဘက်တွင် တည်ရှိသည်။ လေသာဆောင်တွင် ခရသင်းခံသော သခၤါသနရာဇ ပလ္လင်ရှိသည်။ ဤအဆောင်တွင် မင်းကေရာဇ်သည် ဆရာတော်ကြီးကိုပင့်၍ သာသနာတော် အရေးကိစ္စ များကို လျှောက်ထားတိုင်ပင်တော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ ဤလေသာဆောင်တွင် ဗောင်းတော်၊ သရဖူတော်နှင့် မကိုဋ်တော်များကို ပရိတ်တော်ခံလေ့ နာလေ့ရှိသည်။ ထို့ကြောင့် **ပရိတ်နာဆက်ဆောင်** ဟု လည်းခေါ်သေးသည်။) [**မန္တလေး**၊ စာ ၈၅]

**လေးဆူစာတ်ပုံရွှေတိဂုံ** – ပွင့်လေပြီးသော ဘုရားလေးဆူတို့ သုံးဆောင်သော ပစ္စည်းလေးခုကို ဌာပနာ၍ တည် ထားသော ရွှေတိဂုံစေတီတော် [(၁) ကကုသန်ဘုရား၏ ဓမကရိဏ်တော်ဓာတ်၊ (၂) ကောဏာဂုံဘုရား၏ ရေ သနုပ်တော်ဓာတ်၊ (၃) ကဿပဘုရား၏ တောင်ဝှေး တော်ဓာတ် (၄) ဂေါတမဘုရား၏ ဆံတော်ဓာတ်တို့ကို ဌာပနာ၍တည်သည်ဟု ယုံကြည်ကြ၏။] [**ကုန်းဘောင်**၊ ပ၊ စာ ၄၉၃]

**၄၉လုံးမိုင်းအရုံမြို့** – အရုံမြို့ပေါင်း ၄၉မြို့ (မိုင်းမှာ ရှမ်း ဘာသာဖြစ်၍ မြို့ဟု အဓိပ္ပာယ်ရသည်။)

**လေးဆယ်တော် ငါးဆယ်တော်** – သကြန်တော် ရေခပ် ရာတွင်လည်းကောင်း၊ အခြားအကြံအယူ အခမ်းအနား များတွင်လည်းကောင်း၊ ဗောင်းနားတောင်း ဝတ်လုံ စလွယ်ဆင်ယင်၍ ယပ်ရိုးရှည်စွဲကိုင်ကာ ဝဲယာ နှစ်ဖက် စီတန်း၍ လိုက်ရသော အမှုထမ်းများ (မင်းကေရာဇ်၏ လက်သည်းတော် ခြေသည်းတော် သန့်စင်သောအခါ တွင်လည်း လေးဆယ်တော် ငါးဆယ် တော်စားလိုက်က ဆတ္တာပုဏ္ဏား၏ လည်ကုပ်ပေါ်တွင် စားမိုးထားရသော တာဝန်ကိုယူရသည်။ ယုံကြည် စိတ်ချရသော မင်းဆွေ မင်းမျိုးတို့ဖြင့် ၄၀တော် ဖွဲ့လေ့ရှိသည်။ ၄၀တော် သားမြေးတို့ကို ၅၀တော်တွင် ထမ်းရွက်စေသည်။ ၅၀တော် သွေးသောက်မှာ မိဖုရား ကြီးနှင့် ရင်းချာသော ဆွေမျိုးတော်အမှုထမ်း ဖြစ်လေ့ရှိသည်။ လေးဆယ်တော် ငါးဆယ်တော် အမှုထမ်းများမှာ သာလွန်မင်း (၁၆၂၉– ၄၈) လက်ထက်တွင် စတင်ဖွဲ့စည်းခဲ့ဟန်တူသည်) [**ရွှေနန်းသုံး**၊ စာ ၃၂–၃ နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၉၉၊ ROB, I, p. 203-5; ROB, IX, p. 600]

**လေးတန်သောစကား** –(၁) သုဘာသိတ– အကျိုးစီးပွား နှင့်ယှဉ်သည့် ကောင်းမြတ်သောစကား၊ (၂) ပိယ ဝါစာ– ချစ်ခင်နှစ်လိုဖွယ်ဆိုသောစကား၊ (၃) ဓမ္မဝါစာ– တရားတော်နှင့် ညီညွတ်သော စကား၊ (၄) သစ္စဝါစာ– ဖြောင့်မှန်သောစကား [**သုစမှတ်**၊ စာ ၇၃]

**လေးနှစ်မျိုး** –(၁) စာပ– အလယ်၌ ကိုင်းသောလင်းလေး၊ (၂) ကောဒဏ္ဍ– လုံးလျောင်းသောလေးကိုင်း ရှိသော ဒူးလေး [**မှဲးတော်မြေ**၊ စာ ၆၂၃]

**လေးပစ်နန်းတော်** – ပဒုံမင်း (၁၇၈၂– ၁၈၁၉) လက်ထက် တွင် လေးပစ်လေ့ကျင့်ရန်အတွက် မင်းကွန်းအလယ် ကျွန်းရှိ နန်းတော်၏အရှေ့တောင်ဘက် သောင်ပြင်တွင် တည်ထားသော နန်းတော် [ROB, VI, pp. 618, 741]

**လေးမြို့ကာ၊ ကာလေးမြို့** – ကာလေးမြို့ကိုကာရံလျက် ရှိသော မြို့လေးမြို့ (၁–ရွှေတောင်မြို့၊၂–စဥ့်တုံမြို့၊ ၃–မံလုန်မြို့၊ ၄–ခန်းပတ်မြို့ သို့မဟုတ် ၁–တိန်ငြင်း မြို့၊ ၂–တင်သားမြို့၊ ၃– မံလုန်မြို့၊ ၄– အိတ်စွပ်မြို့) (**ကာလေးမြို့** ၊၊ **စာ၄၆–၄၇**)

**လေးမြို့ပဲပွဲခွန်** – မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း မြို့ လေးမြို့တွင် ပဲကြီး၊ ပဲကျား၊ မတ်ပဲ စသော ပဲအမျိုးမျိုးကို ရောင်းဝယ်ရာတွင် ကောက်ခံသည့်အခွန် [**လွှတ်တော်မှတ်**၊ စာ ၂၄၇]

**လေးလဲကျ** – အလဲအလှည့်ပြု၍ လေးကြိမ်လေးလှည့် တာဝန်ချသည်။ [ROB, VI, p. 506]

**လေးသောင်းမှူး** – အင်းဝခေတ်တွင် အမြင့်မြို့နယ်၌ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ၊ ဆည်ရေသုံးစွဲ သူတို့အား ကြီးကြပ်စီရင်၍ အခွန်တော်ကောက်ခံသော အကြီးအမှူး [ROB, I, pp. 246-7]

**လေးသည်ကျော်လေးမျိုး** – (၁) ဝါဠဝေဓိ– မြင်သည့်နေရာမှ သားမြီးဖျားကို မှန်အောင်ပစ်နိုင်သော လေးသမား၊ (၂) အက္ခဏဝေဓိ– လျှပ်တစ်ပြက်အတွင်း အချက်ပေါင်းများစွာ ပစ်နိုင်သော လေးသမား၊ (၃) သဒ္ဒဝေဓိ– အသံကြားရုံနှင့် ထိအောင်ပစ်နိုင်သော လေးသမား (၄) သရဝေဓိ– ပစ်ပြီးမြားကို နောက်မြားဖြင့် မှန်အောင်ပစ်နိုင်သော လေးသမား၊ [**ရတနာ့ဘဏ်၊** စာ ၁၅ ]

**လဲချားအုပ်** – လဲချားမြို့တွင် စီရင်ပြုလုပ်သော ယွန်းအုပ်။ "ယွန်းကြီးမင်း စစ်သူကြီးများကိုပေးရန် လဲချားအုပ်လေး၊ လဲချားအစ်ကြီးလေး" [**ကုန်းဘောင်၊** ၃၊ စာ ၄၇၄]

**လောကဓံတရားရှစ်ပါး** –လူတို့တွေ့ကြုံခံစားရသော တရားရှစ်ပါး၊ (၁) လာဘော– လာဘ်ရ၍တက်ကြွခြင်း (၂) အလာဘော – လာဘ်မရ၍ ညှိုးငယ်ခြင်း (၃) ယသော – အခြံအရံများ၍ ဝမ်းမြောက်ခြင်း (၄) အယသော – အခြံအရံနည်း၍ ညှိုးငယ်ခြင်း (၅) ပသံသာ–ချီးမွမ်းခံရ၍ ဝမ်းမြောက်ခြင်း(၆) နိန္ဒာ–အကဲ့ရဲ့ခံရ၍ ဝမ်းနည်းခြင်း (၇) သုခံ– ချမ်းသာသဖြင့် ဝမ်းမြောက်ခြင်း (၈) ဒုက္ခံ– ဆင်းရဲသဖြင့် ညှိုးငယ်ပူပန်ခြင်း [**သုတေသန၊** စာ ၄၈၆] "စန္ဒသူရိယမင်းအား လောကဓံတရားရှစ်ပါးကို ဟောကြားဆုံးမတော်မူ၏" [**ဥညသစ်၊** စာ ၆၉]

**လောကဓာတ်** *(ပါ၊ လောကဓာတု)* – ကမ္ဘာလောက၊ စကြာဝဠာ၊ လောကသုံးပါး၏ တည်ရာဌာန [**ဦးဟုတ်၊** စာ ၈၃၃]

**လောကနတ်** – (၁) ခြေဖြင့်စည်းစုပ်ကိုတီး၍ ရန်မာန်ကို ပြေငြိမ်းစေသောနတ် (၂) လောက၏ကိုးကွယ်ရာ [**မြန်မာန်၊** စာ ၃၃၂]

**လောကပါလတရားနှစ်ပါး** – (၁) ဟိရီတရား– မကောင်းမှုပြုရမည်ကိုရှက်ခြင်း (၂) ဩတ္တပ္ပတရား– မကောင်းမှုပြုရမည်ကို ကြောက်လန့်ခြင်း [**အုပ်ချုပ်၊** ပ၊ စာ ၃၆–၈]

**လောကဗိမာန်လှေ** – ဦးပိုင်းတွင်လည်း ဗိမာန်၊ ပဲ့ပိုင်းတွင်လည်း ဗိမာန်လုပ်ဆောင်ထားသော မင်းဧကရာဇ်စီးသည့်လှေ [**ရွှေဘုံ၊** စာ ၇၂]

**လောကသမ္မုတိနတ်** *(ပါ၊ လောကသမ္မုတိနာထ)* – ပြည်သူလူအပေါင်းတို့ ကိုးကွယ်ရာဖြစ်သောမင်း [**ဦးဟုတ်၊** စာ ၈၃၃] "ရွှေထီးရွှေနန်း...ကို ဆက်ခံသိမ်းမြန်း၊ စိုးအုပ်စံပယ်တော်မူလျက်၊ လောကသမ္မုတိနတ် မြတ်သောမင်းအဖြစ်ကို ယူတော်မူလျက်..." [**လွှတ်တော်မှတ်၊** စာ ၁၉၃]

**လောကသုံးပါး** – (၁) သင်္ခါရလောက (၂) သတ္တလောက (၃) ဩကာသလောက [ROB, VI, p. 768]

**လောကီယတြာ** – ဖြစ်ပေါ်လာနိုင်သည့် မကောင်းကျိုးကို ပျက်ပြယ်စေရန် လောကီလူသားတို့ ယုံကြည်သော ဗေဒင်ပညာအရ ဆောင်ရွက်သည့် အစီအရင် [**မြင့်**] "ဘေးရန်ဖြစ်ပွားလာတတ်သည် ဟူ၍ ရေးပညာရှိတို့ ဆိုကြသော အသီတိကိန်းခန်း များနှင့်အညီ လောကီယတြာ... ဖြစ်ရာဖြစ်ကြောင်းတို့ဖြင့် ပွားများ အားထုတ်လျက်" [**ကုန်းဘောင်၊** တ၊ စာ ၇၀၅]

**လောကီယဝိဇ္ဇာ** – ဈာန်သမာပတ်ရသောပုဂ္ဂိုလ် [**ရွှေမြန်၊** စာ ၈၁]

**လောကတ္ထစရိယ** *(ပါ၊ လောက+ အတ္ထ+ စရိယ)* – လူတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်တော်မူခြင်း [**ဦးဟုတ်၊** စာ ၈၃၂] "မင်းတရားကြီးဘုရားသည် တိုင်းနေပြည်သူ၊ ရှင်လူသတ္တဝါအပေါင်းတို့ ချမ်းသာစွာ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံစေကြောင်း၊ လောကတ္ထစရိယတရားကို ရည်သန်တော်မူ၍..." [**လွှတ်တော်မှတ်၊** စာ ၁၉၃]

**လောကီသဃရ အဓိသဃရ ဘူမိသဃရ** *(ပါ)* – လောကကို အစိုးရသော၊ ပညာကိုအစိုးရသော၊ မြေကို အစိုးရသော [**ဦးဟုတ်၊** စာ ၁၃၀၊ ၁၉၆၊ ၇၃၈] "လောကီ သဃရ အာဝိသဃရ ဘူမိသဃရအစစ် ဖြစ်တော်မူသော အရှင်ဧကရာဇ် တရားမင်းမြတ်" [**ကုန်းဘောင်၊ တ၊ စာ ၃၇၈**]

**လောထီးမ** *(တရုတ်+ မြန်မာ)* – တရုတ်ဘာသာဖြင့် လို ( 驢 ) ဟုခေါ်သော မြည်းသတ္တဝါ အထီးနှင့်အမ [**ဝင်း**] "ရာဇသလက်ဆောင်တော် ရွှေဇာပွင့်ကြီး လိပ်ရေတဆဲ့ခြောက်...လောထီးမ ကကြိုးစုံနှစ်... လက်ဆောင်တော်များနှင့် လာရောက်သည်ကို ကောင်းမွန်စွာ ကြိုဆိုဆောင်ယူ၍..." [**ကုန်းဘောင်၊** တ၊ စာ ၃၄]

**လောနတိုင်း** – မြိတ်တနင်္သာရီပြည် [ROB, VIII, p. 394]

**လောရစ်ပန်း** *(အင်္ဂလိပ်)* –လော်ဒ်ရစ်ပွန် (Lord Rippon)

**လောလငါးတန်** – အမျိုးသမီးတို့ လျှပ်ပေါ်လော်လည်ခြင်း ငါးမျိုး–(၁) လင်မှတစ်ပါး အခြားယောက်ျားနှင့် ထွေးရောယှက်တင်လော်လည်ခြင်း (၂) သေရည်သောက်စားခြင်း (၃) အချိန်မဟုတ် အခါမဟုတ်ဘဲ ခရီးသွားလာခြင်း (၄) စည်းကမ်းမရှိ ဝတ်စားဆင်ယင်ခြင်း (၅) အတိုင်းထက်လွန်၍ သုံးဖြုန်းစားသောက်ခြင်း [**ရွှေဝတီ**၊ စာ ၂၂၅]

**လောလဟတ္ထ** *(ပါ)* – မတ်ရပ်ပုံတွင် လက်နှစ်ဖက်ကို ဘေးသို့ အလိုက်သင့်ချကာ လက်ဖဝါးကို အပြင်ဘက်သို့ လှန်ပြထားဟန် (အမျိုးသမီးရုပ်တုများတွင် ဤဟန်ကို အများဆုံး တွေ့ရသည်။) [**မှုဩ**၊ စာ ၇၂]



လောလဟတ္ထ

**လောလုပ္ပတဏှာ** *(ပါ)* – လျှပ်ပေါ်လော်လည်မှုကို တပ်မက်သောတဏှာ [**ဦးဟုတ်**၊ စာ ၈၃၆]

**လောဟကုမ္ဘိငရဲအိုး** –ကြေးနီငရဲအိုး [**ဦးဟုတ်**၊ စာ ၈၃၆]

**လောဟိတစန္ဒန** *(ပါ)* – စန္ဒကူးနီ (ထိုစန္ဒကူး၏ အာနိသင်မှာ ကျိုက်ကျိုက်ဆူနေသော ရေပူ၊ ဆီပူ၌ ထိုစန္ဒကူးရည်ကို ချလိုက်သည်ရှိသော် တစ်ခဏချင်း အေးစေတတ်သည်ဟုဆို၏။) [**ဦးကုလား**၊ ပ၊ စာ ၃၀၀ အောက်]

**လံပါး** *(ပါ၊ လမ္ဗ)* – ရှည်လျားသောအိုး၊ မျှဉ်းအိုး [**ဦးဟုတ်**၊ စာ ၈၂၇ ] "တီးပြင်အိုးကျဉ်း၊ လံပါးမျှဉ်းနှင့်" [**ဆုတောင်းစန်း**၊ စာ ၂၉]

**လက်ကြပ်** – တတောင်ဆစ်၏အထက်၌ ဝတ်ဆင်သော လက်ကောက် [**ကိုးခန်း**၊ စာ ၄၀၄ **ယုဒသန်**၊ စာ ၈၈၀]

**လက်ချပ်** – စည်းနှင့်တွဲဖက်၍ တီးရသော သစ်သားလက်ခုပ်ငယ် [**ယုဒသန်**၊ စာ ၈၈၂]

**လက်ဆောင်စာရေး** – ကန်တော့ပွဲတက် အခမ်းအနားတွင် တော်ဘွား၊ မြို့စား၊ မြို့ဝန်၊ ရွှေခွန်မှူး၊ ငွေခွန်မှူးတို့ ဆက်သသည့် ကန်တော့လက်ဆောင်များကို စနစ်တကျ စာရင်းရေးမှတ်ကောက်ယူ၍ သက်ဆိုင်ရာသို့ အပ်နှင်းရသောစာရေး [**ရွှေနန်းသုံး**၊ စာ ၅၇]

**လက်ဆောင်ယူမှူး** – မင်းကေရာဇ်ထံ ဆက်သသော ကန်တော့လက်ဆောင်တို့ကို ကောက်ယူရသော အမှုထမ်းတို့၏ အကြီးအမှူး [**ရွှေနန်းသုံး**၊ စာ ၁၅၄] "လက်ဆောင်ယူမှူး၊ မကျူးရာအင်၊ တွင်းပြင်စာရေး၊ တဝေးမပြား၊ ဝန်ငယ်သားကို၊ မမှားမသွေ၊ ကောက်ယူစေလော့" [**သူစာ**၊ စာ ၁၇၂]

**လက်တီး** – အရှေ့သို့မျက်နှာမူသော အိမ်တွင် အနောက်မြောက်ထောင့်ရှိ နောက်ဖီဆောင် [ROB, X, p. 128] (လက်တီးတွင် မိုင်းငင်ဝါဖန် အလုပ်လုပ်သော အမျိုးသမီးတို့ နေလေ့ရှိသည်။) [**အုပ်ချုပ်**၊ ပ၊ စာ ၅၅]

**လက်တင်** – ဘေးတစ်ဖက်တစ်ချက်တွင် စီးနင်းသူ၊ ထိုင်နေသူတို့ လက်တင်နိုင်သော အကာ [**ဥမ္မာ**၊ စာ ၁၇၇]

**လက်တင်ကြား** – လက်တင်နိုင်သော ကွမ်းခွက်တစ်မျိုး။ "ရွှေနန်းဘုံထက်၊ ဥကင်ချက်ဝယ်၊ ကွမ်းခွက်ရောင်ကြွား၊ လက်တင် ကြားတွင်၊ အောက်ကားရောင်လျှံ၊ ခြသေ့်ခံတည့်" [**သုတသောမ**၊ စာ ၂၆]

**လက်ထက်ပွား** – လင်နှင့်မယား အိမ်ထောင်ပြုချိန်မှစ၍ တိုးပွားလာသော ဥစ္စာပစ္စည်း။ "ငနှောင်းပါရင်း၊ မိရောက်နှင့်လက်ထက်ပွား... ဥစ္စာပစ္စည်းများကို ခွဲဝေသာမည်ဖြစ်၍..." [**လွှတ်တော်မှတ်**၊ စာ ၁၁၁]

**လက်နားကျောက်** – အပြင်ဘက်အနားသပ် တစ်လျှောက်တွင် စီသည့်ကျောက် [ROB, VI, p. 454]


**လက်နက်ကြီးလေးပါး** – (၁) ဝေဿဝဏ္ဏနတ်မင်း၏ တင်းပုတ်သံချောင်းလက်နက် (၂) ယမမင်း၏ မျက်စောင်းလက်နက် (၃) သိကြားမင်း၏ မိုးကြိုးလက်နက် (၄) အာဠဝကဘီလူးမင်း၏ ဘွဲ့ဖြူပုဆိုး လက်နက် [**သုတေသန**၊ စာ ၄၇၁–၂] "ဝေဿဝဏ္ဏ ယမကသိကြား အာဠဝကဘီလူးတို့၏ လက်နက်ကြီးလေးပါး" [ROB, III, p. 100]

**လက်နက်ကြီးလေးပါး** – (၁)မုတ္တလက်နက်– လက်မှလွှတ်ပစ်ရသော လှံ့ရှင်ကဲ့သို့သော လက်နက်၊ (၂) အမုတ္တလက်နက်– လက်မှမလွှတ်ရသော ဓား၊ သန်လျက်ကဲ့သို့သော လက်နက်၊ (၃) မုတ္တာမုတ္တလက်နက်– လွှတ်၍လည်းပစ်ရ၊ မလွှတ်ဘဲလည်း ရိုက်ရသည့်တုတ်၊ တောင်ဝှေးကဲ့သို့သောလက်နက်၊ (၄) ယန္တမုတ္တလက်နက်– ယန္တယားဆင်၍ ပစ်လွှတ်ရသောမြား၊ သေနတ်အမြောက်ကဲ့သို့သော လက်နက် [**သုဓမှတ်**၊ စာ ၁၁၅ နှင့် ROB, III,p. 100]

**လက်နက် ၅ပါး** - (၁) ဓား (၂) လှံ (၃) ဒူးလေး (၄) သေနတ် (၅) အမြောက်ငယ် [**အုပ်ချုပ်**၊ စ၊ စာ ၁၅၈ အောက်]

**လက်ပါးစေ** - အရှင့်အနီးတွင်နေ၍ အရှင်စေခိုင်းသမျှကို ပြုစုလုပ်ကိုင်ပေးရသူ [**ပေါ်စာန်**၊ စာ ၃၃၃] "တောင်ငူစား စောဦးမယားသည် တန်ဆောင်းမိဖုရား စောမင်းလှ လက်ပါးစေဖြစ်စဉ်ကာလ တရဖျားနှင့် ရည်ငံရင်း ဖြစ်၍..." [**မှန်နန်း**၊ ၃၊ စာ ၇၉]

**လက်ပံကွင်း** - လက်ပံပွင့်သဏ္ဍာန် ပြုလုပ်ထားသော ပစ္စည်း။ "ဆွဲကြိုး မှဒယက် ကန်တော့ လက်ပံကွင်း အနား ပတ္တမြား တရစ်စီ" [**ကုန်းဆောင်**၊ ၃၊ စာ ၅၅၆]



လက်ပံကွင်း

**လက်ပန်ဖွတ်** - အဝတ်ပုဆိုး၊ ခေါင်းပေါင်းအင်္ကျီတို့ကို ဖြူစင်အောင်လျှော်ဖွပ်သူ

**လက်ရတောင်** - ဝန်ကြီးဝန်ထောက်တို့ သွားလာသောအခါ လမ်းရှင်းရန်အတွက် မောက်တိုကို တည့်တည့် ဆောင်း၍ ကြိမ်ကို ထောင်လျက်ကိုင်ပြီး ရှေ့ဘက် ဝဲယာမှ လိုက်ရသောအမှုထမ်း [**အုပ်ချုပ်**၊ တ၊ စာ ၁၆၇]

**လက်ပမ်းသည်** - နပန်းသမား၊ အားပြိုင်လုံးထွေး သတ်ပုတ်သူ။ "ထိုတကျိပ်သော ညီနောင်တို့သည် လက်ဝှေ့ သတ်ခြင်း၊ လက်ပမ်းလုံးခြင်း၌ ကြူးကုန်၏" [**ညေသစ်**၊ စာ ၁၆]

**လက်ပြင်** -(၁) အနောက်ဘက် (ဘေးစပ်)အနီး (၂)ပခုံး နောက်ဘက်ကျောပြင် [**ယုဒသန်**၊ စာ ၈၈၇] "ဗညားဒလ စောဖြတို့မှာ ဥပရာဇာနေသည့် လက်ပြင်က နှီးခေါက် ပေါ်တွင် သင်ဖြူးခင်း၍နေရသည်" [**ကုန်းဆောင်**၊ ပ၊ စာ ၂၂၁]

**လက်ဖွေ့** - (တစ်ဖက်လူ လဲသွားရုံသာ ပြုလုပ်အနိုင်ယူ သည့်) နပန်းလုံးအတတ် [**ဗိမ္မလွှာ**၊ စာ ၁၇၁ နှင့် **အုပ်ချုပ်**၊ စ၊ စာ ၂၀၂]

**လက်ဖက်ချောင်း** -လက်ဖက်အညွန့်အဖူးများကို ရွေး၍ ထည့်ထားသော ခပ်ရှည်ရှည်လုံးလုံး ခြင်းငယ် [**ဦးကုလား**၊ ပ၊ စာ ၂၇၃-၄ အောက် နှင့် **ယုဒသန်**၊ စာ ၈၉၅]

**လက်ဖက်စား** - တရားမှုတွင် ရုံးတော်၏ ဆုံးဖြတ်ချက်ကို တရားလိုနှင့် တရားခံနှစ်ဖက်တို့ စုံညီ ကျေနပ်လက်ခံသဖြင့် လက်ဖက် အတူစားသည်။ [**ရွှေဝတီ**၊ စာ ၄၃]

**လက်ဖက်ရည်တော်** - မင်းမိဖုရားတို့ထံ လက်ဖက်ရည် တော် ဆက်သရသောအမှုထမ်း [ဘကြီးတော်မင်းတရား (၁၈၁၉-၃၇) လက်ထက်မှစ၍ လက်ဖက်ရည်တော် များကို ခန့်ထားထမ်းရွက်စေခဲ့ကြောင်း သိရသည်။]

**လက်ဖက်လှမ်းစားကြသည်** - တရားသူကြီး၏ ဆုံးဖြတ် ချက်ကို တရားလိုနှင့် တရားခံတို့ ကျေနပ်လက်ခံသဖြင့် အမှုပြီးပြတ်သောအခါ နှစ်ဖက် အမှုသည်တို့က လက်ဖက်ကို လှမ်းယူ စားသုံးကြသည်။ [**ရေစကြိုဖြတ်**၊ စာ ၄]

**လက်မထောက်** - ရာဇဝတ်ပြစ်မှု ကျူးလွန်သူတို့အား ရှေ့ရုံးတော်ကစစ်ဆေးနေဆဲအခါတွင် အကြမ်းတမ်း ဆုံး ပြုမှုချုပ်နှောင်ရာ လက်မထောက်တန်း အမှုထမ်း များ၏အကြီးအကဲ [**အုပ်ချုပ်**၊ စ၊စာ၃၃-၄] လူသတ်ရသော အမှုထမ်းတို့၏ အထက်အရာရှိ [**ရွှေဝတီ**၊ စာ ၄၂]

**လက်မထောက်တန်း** - ရာဇဝတ်မှုကြီးများ ကျူးလွန်သူ တို့ကို ရှေ့ရုံးတော်က အမှုစစ်ဆေးနေဆဲကာလတွင် ကြမ်းတမ်းကြပ်တည်းစွာ ချုပ်နှောင်ထားရာ အချုပ်ကြီး (ရှေ့ရုံးတော်အနီးတွင် လက်မထောက်တန်းရှိသည်။) [**အုပ်ချုပ်**၊ စ၊ စာ ၃၃-၄]

**လက်မရွံ့** - လူသတ်ရန်ဝန်မလေးသော လက်မထောက် တန်း အမှုထမ်း [**အုပ်ချုပ်**၊ စ၊ စာ ၃၄]၊ လူသတ်ရသော အမှုထမ်း [**ရွှေဝတီ**၊ စာ ၄၂]

**လက်ယာမင်းခမ်းတော်** - (၁) ရတနာ ပန်းတောင်း၊ (၂) ကွမ်းခွက်ရစ်ထောင့်၊ (၃) စလင်းကြာ၊ (၄)ကွမ်း လောင်း၊ (၅) ကွမ်းချပ်၊ (၆) ကွမ်းတောင်၊ (၇) မကန်းကရား၊ (၈) ရွှေအိုးပုစ်၊ (၉)သောက် ရေတောင်၊ (၁၀) ပြတို့၊ (၁၁) တကောင်း၊ (၁၂) ဖလား (၁၃) မြူတာနှစ်လုံး [မြဝတီ မင်းကြီးဦးစ၏ မင်းခမ်းဖွဲ့၊ **ရွှေဘုံ**၊ စာ ၉၄-၅] (၁) သန်လျက်၊ (၂)သားမြီးယပ် (၃) ရတနာပန်းတောင်း၊ (၄) ကွမ်းခွက် ရစ်မြှောင့်၊ (၅)ခြသေ့်ခံကွမ်းခွက်၊ (၆)စလင်းကြာ၊ (၇)ကွမ်းထည့်၊ (၈) ကွမ်းချပ်၊ (၉) ကျပ်၊ (၁၀) ကရား (၁၁) တကောင်း၊ (၁၂) မြူတာ၊ (၁၃) မြူတာ [**ရွှေဘုံ**၊ စာ ၁၆-၇] (မြဝတီမင်းကြီးဦးစ၏ မင်ခမ်းတော်ဖွဲ့ စာတမ်းပါ လက်ယာမင်းခမ်းတော်သည် မုံရွေး

ဇေတဝန်ဆရာတော်၏ **ကုသပျို့** (စာ၁၂)ပါ လက်ယာမင်းခမ်းတော်နှင့် တိုက်ဆိုင်ညီညွတ်သည်။ ခေတ်ကာလအလျောက် အနည်းငယ် အပြောင်းအလဲ ရှိမည်ဟု ယူဆရ၏)

**လက်ရ** - စစ်အတွင်း ဆိုင်ပြိုင်တိုက်ခိုက်နေစဉ် ဓားအောက်လုံအောက်၌ လက်နက်ချ၍ သိမ်းပိုက်ရရှိသူ [**အုပ်ချုပ်**၊ တ၊ စာ ၃၁]

**လက်ရတောင်** - ဝန်ကြီး၊ ဝန်ထောက်တို့ ခရီးသွားလာသည့်အခါ ရှေ့ဘက်အတောင်သုံးဆယ် (၁၅ ကိုက်) ကွာခန့်မှ မောက်တိုဆောင်း၍ အင်္ကျီဖြူထိုင်မသိမ်းဝတ်ပြီး ပုဆိုးခါးတောင်းကျိုက်ကာ ကြိမ်လုံးထောင်လျက် ကိုင်ဆောင်လိုက်ပါရသည့် အမှုထမ်း [**အုပ်ချုပ်**၊ တ၊ စာ ၁၆၇]

**လက်ရသုံးတန်း** - (၁) သူရဲတန်း (၂) လက်ရတန်း (၃) ကောင်ဟန်တန်း [**မြန်မာမင်း**၊ စာ ၈]

**လက်ရအမှုထမ်း** - အသုံးစာရေးနှင့် မြေတိုင်းစာရေးများ စေခိုင်းရာနာခံ၍ ကြိုးနှင့်တာဝါးများကို စွဲကိုင်ကာ မြေအကျယ်အဝန်း တိုင်းတာပေးရသည့် အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၇၇]

**လက်ရန်** - အနားစပ်တစ်လျှောက်တွင် တပ်ဆင်ထားသော ထိန်းကိုင်စရာတန်း [**မြန်စာန်**၊ စာ ၃၃၇]

**လက်ရုံးစွန်းညောင်ရွက်** *(စောင်း)*- စောင်းကောက် လက်ရုံး၏အဖျားစွန်းတွင် ညောင်ရွက်ပုံသဏ္ဌာန် ပြုလုပ်ထားသော အစိတ်အပိုင်း [**စောင်း**၊ စာ ၄၆]

**လက်ရုံးမြင်းခေါင်း** - လက်ရုံးလက်ဖန် ခြေထောက် ဒူးခေါင်း ကိုယ်လုံးကိုယ်ထည်။ "ထိုမင်းကား အမျက်ကြီး၏။ လက်ရုံးမြင်းခေါင်းကြီး၏" [**မှန်နန်း**၊ ၃၊ စာ ၈၀]

**လက်ရွေး** - လက်မရွံ့ခေါ် လူသတ်အမှုထမ်း [**ဦးကုလား**၊ ၃၊ စာ ၄၀၆ အောက်]

**လက်ဝါးပြကာ အောင်မြင်သည်** - စစ်ရေးပြရုံဖြင့် အလွယ်တကူ အောင်မြင်သည်။ [**မြန်စာညွှန်း**၊ တ၊ စာ ၄၄၅]

**လက်ဝဲမင်းခမ်းတော်** -(၁)လက်တင်ကြား (၂) ခြသေ့်ခံကွမ်းခွက် (၃) ကွမ်းလောင်း (၄) သလင်းမြောင် (၅) သစ်တိုင် (၆) ကြက်လျှာ (၇) ခြေနင်းဖိနပ် (၈) သားမြီးယပ် (၉) သန်လျက် (၁၀) တောင်ဝှေး (၁၁)ခြသေ့်ခံကရား (၁၂)မေးထောက် (၁၃)ကျိုးခြေ [မြဝတီမင်းကြီးဦးစ၏ မင်းခမ်းဖွဲ့၊ **ရွှေဘုံ**၊ စာ ၉၅] (၁) ဖိနပ် (၂) တောင်ဝှေး (၃) လှံ (၄) လွှား (၅)လက်တင်ကြား (၆)နဂါးခံကွမ်းခွက် (၇)ကွမ်း လောင်းကြီး (၈)ဖလား (၉)ကရား (၁၀)သလင်းမြောင် (၁၁)သစ်တိုင် (၁၂) မြူတာနှစ်လုံး [**ရွှေဘုံ**၊ စာ ၁၇] (မြဝတီမင်းကြီးဦးစ၏ မင်းခမ်းတော်ဖွဲ့စာတမ်းပါ လက်ဝဲမင်းခမ်းတော်သည် မုံရွေးဇေတဝန်ဆရာတော်၏ **ကုသပျို့** (စာ ၁၂) ပါ လက်ဝဲမင်းခမ်းတော်နှင့် တိုက်ဆိုင်ညီညွတ်သည်။ မင်းခမ်းတော်ထားသိုပုံမှာ ခေတ်ကာလအလျောက် အပြောင်းအလဲရှိမည်ဟု ယူဆရ၏။)

**လက်သင်** - လေ့လော့်သင်ကြားလေ့ကျင့်ရန် လှေငယ် [**ရွှေဘုံ**၊ စာ ၇၆ နှင့် **မြန်စာညွှန်း**၊ ပ၊ စာ ၂ အောက်]

**လက်သစ်** - (၁) မုယောစပါး လေးလုံး၏အရှည် (တစ်လက်မခန့်အရှည်) [ခြောက်လက်သစ်= တစ်မိုက်၊ သုံးမိုက်= တစ်တောင်]။ (၂) အလျား တစ်ဆယ့်ရှစ်လံ (၁၀၈ ပေ)၊ လေ့ဝရှစ်တောင် (၁၂ ပေ) ရှိ ရွှေအပြည့်ချထားသောလှေ [**ရွှေဘုံ**၊ စာ ၈၂]

**လက်သည်မိုဝ်** *(ကျောက်)* - လက်သည်းခြေသည်းလှီးဖြတ်သူ [**ခေတ်ယောင်း**၊ စာ ၁၈၉] "လက်သည်မိုဝ် တယောက် သမိအိစုတယောက်... ငါလှုသတေ" [**၁၃၃၇-ခုနှစ်ထိုး ရွှေစေတီကျောက်စာ**၊ ကျော/ ၂-၁၄]

**လက်သန်း** *(ကျမ်း)* - အဘိဓမ္မာပါဠိတော်များကို ချုံး၍ အကျဉ်းအမြွက်မျှ ရေးသားထားသောကျမ်း (လက္ခုန်)

**လက်သုံးတော်** - ဘုရင့်အပါးတော်တွင် အနီးကပ်ခစား ထမ်းရွက်၍ ဘုရင်ကိုင်ဆောင်သော လက်နက်များကို စွဲကိုင်လိုက်ပါ ထမ်းရွက်ရသောလူယုံတော်အမှုထမ်း [**အုပ်ချုပ်**၊ စ၊ စာ ၁၀၀]

**လက်သုံးတော်ကြီး** -မင်းမိဖုရားတို့အား အနီးကပ်စောင့်ရှောက်ကာ မင်းကိုင်ဆောင်သော လက်နက်များကို စွဲကိုင်လိုက်ပါ ထမ်းရွက်ရသော လူယုံတော်အမှုထမ်းကြီး (လက်သုံးတော်ကိုင်ဟုလည်း ခေါ်သည်။) [**မန္တလေး**၊ စာ ၉၀] "လက်သုံးတော်ကိုင် ရနောင်မြို့စား မင်းထင်ရာဇာကို မြောက်ဒဝယ် သေနတ်ဗိုလ်ခန့်" [ROB, IX, p. 920]

**လက်အလုပ်** - ဘုရားတည်၊ ကျောင်းဆောက်၊ ကျုံး၊ မြို့ရိုး၊ နန်းတော်၊ အိမ်တော်၊ ကျီတော်၊ လမ်း၊ တံတား၊ ခံမြို့၊ ခံတပ်၊ ကန်ချောင်း၊ ဆည်မြောင်း တည်ဆောက်ခြင်း စသော အလုပ်အဆောင်များ [**မြန်မာမင်း**၊ စာ ၅၅ နှင့် **အုပ်ချုပ်**၊ ပဋ္ဌ၊ စာ- ၃၉]

**လိင်္ကတ္တသက်သေ** - စာဖြင့်ရေးမှတ်ထားအပ်သော သက်သေ

(စာပေအထောက်အထားသက်သေ) [ညွှန့်]

**လိုက်သိပ်** – ဖိ၍ လိုက်လံတိုက်ခိုက်သည်။ [**သေနင်္ဂ**၊ စာ ၁၄၅]

**လင်္ကာ** *(ပါ၊ အလင်္ကာ)* – နားကို တန်ဆာဆင်သော အဖွဲ့အနွဲ့. (ကောင်းမွန်အောင် တန်ဆာဆင်၍ တည်ဆောက်တတ်သော ဗိသုကာအမှုထမ်းတို့အား **လင်္ကာ** တပ်သောဘွဲ့များ ပေးလေ့ရှိသည်။ **သမန္တလင်္ကာ၊ ဂုဏာလင်္ကာ၊ စေယျလင်္ကာ**ဟူ၍ ဖြစ်သည်။) [**သိနုဏ္ဍ**၊ စာ ၁၁၈–၂၀]

**လင်္ကာဒီပ** *(ပါ)* – သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) [**လောကာ**၊ စာ ၁၇၅] "လင်္ကာဒီပ၊ သီဟဠဟု၊ နာမပြခန်း၊ သိန်းဃိုဠ်ကျွန်းဦ" [**လောကာ**၊ စာ ၁၇၄]


**လင့်ဝတ်ငါးပါး** –(၁) မိမိ၏မယားကို စိမ်းစိမ်းကားကား မဆက်ဆံမနေထိုင်ရခြင်း (၂) ရှာဖွေ၍ရသမျှ ပစ္စည်းဥစ္စာတို့ကို မယားအား အပ်နှင်းရခြင်း (၃) အခြားသောမိန်းမသားများနှင့် မဖောက်ပြားရခြင်း (၄) မိမိမယားအတွက် အဝတ်တန်ဆာပစ္စည်းများကို ဝယ်ပေးရခြင်း (၅) မိမိ၏မယားကို ချစ်ခင်မြတ်နိုးရခြင်း။ "မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ" [**သာသမှာ**၊ စာ ၄၇၅]

**လင်းကင်းစား** – ကချင်လူမျိုးအကြီးအကဲတို့ ကိုင်ဆောင်သည့်ဓား (ကချင်အကြီးအကဲတို့သည် မိမိတို့နှင့် ချစ်ကြည်ရင်းနှီး မဟာမိတ်ဖြစ်သူတို့အား လင်းကင်းဓားကို လက်ဆောင်ပေးလေ့ရှိသည်။) "ကချင်ပေါမှိုင်းတို့က ...လင်းကင်းထားများကို လက်ဆောင်ပေးကမ်းပြောဆို ရေးကကဲ့သို့ အကြံအစည် အငြိုးခုထားမရှိ" [**လွှတ်တော်မှတ်**၊ စာ ၁၆၃]

**လင်းစင်း** – လာအိုနိုင်ငံ ဗီယင်ချန်း (Vienchang) မြို့ [**ရာဇဝင်သစ်**၊ တ၊ စာ ၅၂ အောက်]

**လင်းစင်းလှေ** – ပေါက်ပေါက်ပွင့်ကဲ့သို့ အတွန့်အလိမ်များပါပြီး ဦးဘက်ကနိမ့်ကာ ပဲ့ဘက်ကမြင့်၍ တည်ဆောက်ထားသောလှေ (လင်းဇင်းမင်းတို့၏ အသုံးအဆောင်လှေဖြစ်၍ လင်းဇင်းလှေဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။) [**ရွှေဘုံ**၊ စာ ၆၈]

**လင်းနို့တောင် (လိပ်ပြာတောင်)** – မုခ်ပေါက်တံခါးပေါက်တို့၏ အပေါ်ဘက်ထောင့်ချိုးများ ပြေပြစ်တင့်တယ်စေရန် ပန်းခက် ပန်းနွယ် အပြောက်အမွမ်းများ ဖော်ဆောင်ဖြည့်ဆည်းထားသော အဆင်တန်ဆာ [**မြန်မာမှု**၊ ၅၊ စာ ဃ]



လင်းနို့တောင်

**လင်းယဉ်** – လှေသင်္ဘောရွက်၊ ပုင်လယ်ကူးလှေ သင်္ဘောကြီးများ၏ရွက် [**ပေါ်စာန်**၊ စာ ၃၃၇] "လှိုင်းမလှိုင်းခုန်၊ ဝေမှုန်မှုန်နှင့်၊ မုတ်သုန်ချိန်သင့်၊ လင်းယဉ်ဖွင့်က၊ ရွက်နှင့်ဖွေးဖွေး၊ လေဟုန်သွေးသည်" [**မဟာဇနက**၊ စာ ၁၄]

**လင်းလေး** – လေးကြိုးကို လက်နှင့်သာတင်၍ မြားကိုလည်း လက်နှင့်ကိုင်၍ ပစ်လွှတ်ရသောလေး [**ဇီဗွလွှာ**၊ စာ ၂၈၁]

**လိင်အံ့ဝိဘတ်** – သဒ္ဒါကျမ်းတွင်ဖွင့်ဆိုသော ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်တို့၏သဘောနှင့် အံ့ဝိဘတ်၊ သိဝိဘတ်၊ ယောဝိဘတ်တို့၏ သဘောသရုပ်။ "လိင်အံ့ဝိဘတ် သဘောသရုပ် အဓိပ္ပာယ်များကို ကောင်းမွန်စွာ ဖြေဆိုနိုင်သူ" [**လွှတ်တော်မှတ်**၊ စာ ၁၆]

**လောင်မီးကိုးချက်** – မိုးကြိုးပစ်ခြင်းကိုးမျိုး– (၁) အသညာ– အသံမပြည်သောမိုးကြိုး (၂) ဝိစက္ကာ– စက်ဝန်းကဲ့သို့ကျသောမိုးကြိုး (၃) သတေရာ– အမှိုက်ပုံကဲ့သို့ ကျသောမိုးကြိုး (၄) ဂဂ္ဂရာ– ဂျက်ဂျက်မြည်၍ကျသောမိုးကြိုး (၅) ကပိသီသာ– မျက်ခုံးပင့်သော မျောက်ခေါင်းနှင့်တူသည့် မိုးကြိုး (၆) မစ္ဆဝိလောလိကာ–ငါးမြူးသကဲ့သို့ကျသောမိုးကြိုး (၇) ကုက္ကုဋ္ဌကာ– ကြက်တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး (၈) ဒဏ္ဍမဏိကာ– ထွန်တုံးကဲ့သို့ကျသော မိုးကြိုး (၉) သုက္ခာသနိ– လောင်မီးမိုးကြိုး [**သမန္တစကျူ**၊ ပ၊ စာ ၁၉] "ပြက်လျှပ်ညီးညီး၊ လောင်မီးကိုးချက်၊ မိုးကြိုးစက်လည်း" [**ဘလ္လာ** ၊ စာ ၃၅]

**လောင်းရိုးလက်သင်** –စနစ်တကျလှော်တတ်အောင် လေ့ကျင့်၍ အလှော်သင်ရသော ရိုးရိုးလောင်းလှေ [**မြန်စာညွှန်**၊ ပ၊ စာ ၂]

**လဒ္ဒီ** *(ပါ)* – ဒုစရိုက်ပြုခြင်းကိုရှက်သဖြင့် ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်သော [**ဦးဟုတ်**၊ စာ ၈၂၅]

**လဒ္ဒီပေသလ** *(ပါ)* – ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်၍ သီလတရားကို ချစ်မြတ်နိုးသော [**ဦးဟုတ်**၊ စာ ၈၂၅] "လဒ္ဒီပေသလသိက္ခာကာမ ဖြစ်တော်မူသော တံဆိပ်တော်ရဆရာတော်" [**ကုန်းဆောင်**၊ တ၊ စာ ၄၁၅]

**လည်ကပ်တော်** –လည်ဆွဲတန်ဆာ [**ယုဒသန်**၊ စာ ၈၉၉]

**လည်ပေါ်** – အဆောက်အအုံတွင် အမိုးတစ်ထပ်နှင့် တစ်ထပ်ကြား၌ လည်ပင်းကဲ့သို့ ပုံပေါ်နေသော အစိတ်အပိုင်း [**ယုဒသန်**၊ စာ ၉၀၀]

**လည်မာ** – ကျောက်မျက်ခြယ်လှယ်ထားသော လည်ဆွဲ၊ လည်ဆွဲတန်ဆာ [**နန်းမူ**၊ ၂၊ စာ ၂၄] "ရွှေဖြင့်ပြီးသော ဘယက်လည်မာ၊ ဒွါဒရာခါးကြိုး" [**၁၄၄၂–ခုနှစ်ထိုး ပုဂံမြို့တက်နွယ်ကျောင်းကျောက်စာ**]

**လည်သည်း** *(ဗိသုကာ)* – လည်ပေါ်ဆင့် [**ယုဒသန်**၊ စာ ၉၀၀] "မှန်နန်းတော် ဒုတိယလည်သည်းက နတ်ငိုသံကြား၏" [**ကုန်းဆောင်**၊ တ၊ စာ ၄၄၂]

**လိတ္တာ** – (၁) ရှေးမြန်မာတစ်နာရီ – ၂၄မိနစ်တာကာလ (၂) လောင်ဂျီတွဒ် ၆ ဒီဂရီ အကွာအဝေးကို ကမ္ဘာလည်ပတ်ရန် လိုအပ်သောအချိန် [**မဟာတော်မြေ**၊ စာ ၄၈၁–၂]

**လန်နား** *(ထိုင်း Lanna)* – ဇင်းမယ်ဒေသ (လန်နား ဟူသည်မှာ လယ်ကွင်းတစ်သန်းဟု တိုက်ရိုက်အဓိပ္ပာယ်ရသည်။ ဆန်စပါးပေါကြွယ်သော ဒေသဟူ၍ ဆိုလိုသည်။) [ Chiang Mai, p. 119]

**လန့်ဖိကျောက်(လံဘီ)** – ခင်းထားသည့် သင်ဖြူးများ၏ ထောင့်နှင့်အနားတို့ မလန်အောင်ဖိသည့် ကျောက်တုံးငယ် [**ရွှေဘုံ**၊ စာ ၂၇] "လံဘီတင်သင်ဖြူးထက် ပုဆစ်တုပ်ပျပ်နေသူနာခံတော်" [**ကုန်းဆောင်**၊ တ၊ စာ ၄၇၀]

**လိပ်ပြာသွင်း** – အသက်သွင်းသည်၊ ဝိညာဉ်သွင်းသည်။ [**ယုဒသန်**၊ စာ ၉၀၈] "ပဇာပတိစသော နတ်ရုပ်များကို လိပ်ပြာသွင်းစေရသည်" [**ကုန်းဆောင်**၊ တ၊ စာ ၂၆၄]

**လိပ်လည်း** – မှားယွင်းယိမ်းယိုင်သည်။ ချွတ်ချော်တိမ်းယိမ်း [**ဝိပ္ပလ္လာ**၊ စာ ၂၇] "တစွန်းတစ လိပ်လည်းခဲ့လျှင် စစ်ဦးမညှိုးပြီလော" [**ကုန်းဆောင်**၊ ပ၊ စာ ၃၃]

"လိပ်လည်းမှားယွင်းခြင်း မရှိရအောင်၊ ကျနပီပြင်စွာ ခံယူဆောက်နှင်းတော်မူပြီးလျှင် … မင်းလုပ်တော်မူသတည်း" [**စည်သစ်**၊ စာ ၆၂]

**လုပ်ခွန်** – လုပ်ကိုင်ရရှိသော ပစ္စည်းပေါ်တွင် ကောက်ခံသော ဆယ်ဖို့တစ်ဖို့အခွန် [**အုပ်ချုပ်**၊ ပ၊ စာ ၂၄၂]


**လုပ်နေးအတတ်ပညာသည်ငါးမျိုး** – (၁) လက်သမား၊ (၂)ရက်ကန်းသည် (၃)ကုဟာသည် (၄) ဆတ္တာသည် (၅) သားရေသမား [**မဟာတော်မြေ**၊ စာ ၂၈၇]

**လုပ်တိုင်း** – သူသေမြုပ်နှံရာအရပ်၊ သင်္ချိုင်း [**မြန်မွှင်း**၊ ဒ၊ စာ ၃၁၅–၇] "စည်သူမင်ကြီးလှူသော ကွန်ကတင်ဖုရာသွိင်ကိုဝ်လှူသော မြေ ၃၀၊ ပန္တလင်ဖုရာသွိင်ကို စည်သူမင်မယာလှူသော ပန္တလင်မြေ ၃၀။ ကွန်ကတင်ရွာနောက်လုပ်တိုင်မြေ၅ပဲ" [**၁၁၇၂–ခုနှစ်ထိုး ကွန်ကတင်ရွာဘုရားကျောက်စာ**] "တစပြင်၊ လုပ်တိုင်း၌၊ ရေအိုးဘူး၊ တကောင်း၊ ခွက် စသည်ကို မခွဲမဖောက် မထားရာ။ ကမ္ဘာဥဒါဏ်တည်း" [**မနုကျယ်**၊ စာ ၁၃၀]

**လုပ်ဝန်ဘဏ္ဍာ** – အလုပ်တာဝန်နှင့် အခွန်ဘဏ္ဍာ [**မှန်နန်း**၊ ဒ၊ စာ ၃၆၇]

**လမ်းလျှောက်ရာဇသံစာ** – သံအဖွဲ့စေလွှတ် ပေးပို့သော ရာဇသံစာမဟုတ်ဘဲ အကြောင်းကြားစာအဖြစ် အဆင့်ဆင့်ပေးပို့ ရောက်ရှိလာသော ရာဇသံစာ။ "တရုတ်ပြည် ရှင်ဟုံဥဒည်မင်းက…အဘအရာ ဆက်ခံစိုးအုပ်ရကြောင်း…ပြည်သူပြည်သားတို့ကို ခမည်းတော်လက်ထက်ကထက် တိုး၍ချီးမြှင့် ပြုစုကြောင်း …များနှင့် မိုးမျှဉ်းမြို့ဝန်တို့က လမ်းလျှောက်ရာဇသံစာ အရပါကြောင်း… လျှောက်ထားလာ၏" [**ကုန်းဆောင်**၊ တ၊ စာ ၈၀၊ ၈၂]

**လုံးတင်ဆံထုံး** – ဆံထုံး၏ထိပ်တွင် လုံးတင်ပုံသဏ္ဌာန် ထုံးဖွဲ့ထားသော ဆံထုံး။



ရတနာလုံးတင်ဆံထုံး

**လယ်ကိုင်းလေးမြို့**–(၁) လယ်ကိုင်း (၂) စလင်း (၃) ကျပင်း (၄) စကု [**သမိုင်းစာန်**၊ စာ ၂၁၀]

**လယ်တွင်းကိုးခရိုင်** – (၁) ပင်လယ် (၂) မြစ်သား (၃) ပျဉ်းမနား (၄) စောလှ (၅) မြင်းခုံတိုင် (၆) မက္ခရာ (၇) ပန် (၈) မြင်စိုင်း (၉) မြောင်လှ [**ကိုးခရိုင်**၊ စာ ၁၆–၁၇]

**လယ်တွင်း ၁၁ ရွာ** –(၁)ပင်လယ် (၂) မြစ်သား (၃) မြစ်မနား (၄) မြင်းခုံတိုင် (၅)ယမုံး (၆) ပန် (၇) မက္ခရာ (၈) တပြက်သာ (၉) သင်တောင် (၁၀) တမုတ်ဆိုး (၁၁) ခံလူး [**သုသော**၊ ပ၊ စာ ၂၆၅]

**လျော့က်** – အဆောက်အအုံတွင် ဒိုင်းများတင်ရန် ခေါင်တိုင်အချင်းချင်း လက်ခံတိုင်အချင်းချင်း အလျားလိုက် ဆက်သွယ်ထားသောတန်း [**အုပ်ချုပ်** ပဋ္ဌ၊ စာ ၅၁]

**လျှောင်းတော်ဦး**–ပတ်ဝန်းကျင်သဘာဝရှုခင်းတို့ကို ကြည့်မျှော်ရာအဆောင် [**ရွှေဘုံ**၊ စာ ၃၃] ။ အိမ်မျက်နှာမှုရာ အိမ်ရှေ့ဘက်ကျသောအဆောင် [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၅၄]

**လွေ့လွေ့ရမ်းရမ်း**–ရက်ရောများပြား၊ အားပါးတရ [**ဓပါဓာန်**၊ စာ ၃၅၇] "လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း စသည်တို့၌လည်း လွေ့လွေ့ရမ်းရမ်း ရှိတော်မူ၏" [**ကုန်းဘောင်**၊ တ၊ စာ ၅၂]

**လွှန်**–(၁) လိမ်ကျစ်ထားသောကြိုး။ "ဆင်ကိုကြော့မိလျှင် ငင်၍ထုတ်ရာတွင် ပေါင်တော်ကို လွှန်ချုပ်မိလေ၏" [**မှန်နန်း**၊ ၃၊ စာ ၅၂] (၂) အပေါက်ဖောက် သောကိရိယာ (၃) ရှိသင့် ဖြစ်သင့် ပြောသင့်သည်ထက် ပိုကဲသည်။

**လွှန်တင်း** – တင်းနေသောကြိုးတန်း [**ရွှေတော်**၊ စာ ၇၇]

**လွှန်းကြင်**–(၁) လွှမ်းကြင်ငှက်ဖိုမသဏ္ဌာန် တည်ဆောက်ထားသောလှေ(**ရွှေဘုံနိဒါန်း**) (၂) ဝမ်းပြား တစ်ပင်တိုင်သင်္ဘောငယ် [အင်္ဂလိပ်ဘာသာဖြင့် Launchဟုခေါ်၍ မလေးဘာသာဖြင့် **လန်ချင်**ဟုခေါ်သော ရွက်သင်္ဘောငယ် (အချို့ပညာရှင်တို့၏ အယူအဆ) ] [**ရွှေဘုံ**၊ စာ ၇၉ နှင့် **မြန်မှုင်** ၊ ဖြည့်၊ စာ ၁၁၉]

**လှခရွဲ**–ထီး၊ မျက်နှာကြက်တို့၏ အနားစပ်တစ်လျှောက်တွင် အလှအပ ချိတ်ဆွဲထားသော ညောင်ရွက်ပုံ သတ္တုပြားငယ်များ [**ရွှေဘုံ**၊ စာ ၄၂] "စံနန်းတော်ပါ ဆောက်လုပ်ပြီးလျှင်…ခါသာ၊ မျက်နှာကြက် ကြာယပ် လှခရွဲ မွမ်းမံခြယ်လှယ်၍ ပွဲသဘင်… ခံရ၏" [**ကုန်းဘောင်**၊ တ၊ စာ ၂၃၃]

**လှမစောက်** *(ကျောက်)* **လှန်မစောက်** – မသွေမတိမ်း၊ မဖောက်မပြန် [**တွင်းသင်းဓပါ**၊ စာ ၁၀၆] ၊ စုံးစိုက်ဖြောင့်မတ် [**ကျောက်ပို့**၊ စာ ၁၅၇] "လှမစောက်နာထောင်ရယ်နာအပ်၏" [**၁၂၄၉–စုနှစ်ထိုး ကျွှာမင်းအမိန့်တော်** / ၁၀]

**လှေကားတော်မှူး** – နန်းတော်အရှေ့ပိုင်း လှေကားတော်စောင့် အမှုထမ်းများကို ကြီးမှူးအုပ်ချုပ်ရသူ [**အုပ်ချုပ်**၊ စ၊ စာ ၇၆]

**လှေတော်စကြီး** – လှေတော်သူကြီး။ "လက်ရွေးကြီး လှေတော်စကြီး ငပေ၊ ငတော်၊ ချေင်းဖြူ လက်သစ် လှေတော်စကြီး ငစ… တို့ကို ငွေသပြာငါးဆယ်စီ ပေးတော်မူသည်" [**ကုန်းဘောင်**၊ ၃၊ စာ ၂၂၅]

**လှေတော်လေးစင်း**–ပင်းတလဲမင်း (၁၆၄၈–၆၁) လက်ထက်တွင်ဖွဲ့သော လှေတော်လေးစင်း (၁) သာရဇိမာန် (၂) ကမကော် (၃) သာရကာ(၄)အိကင်း [ROB, II, p. 134] **ရွှေဘုံနိဒါန်း**၌ သထုံမင်းတို့လက်ထက်တွင် သစ်ပင်ကြီးတစ်ပင်၏ အကိုင်းလေးကိုင်းဖြင့် လှေကြီးလေးစင်းလုပ်သည်ဟု ဖော်ပြသည်။ [**ရွှေဘုံ**၊ စာ ၆၅–၆]

**လှေတုံး** – လှေထွင်းရန်သစ်တုံး [ROB, X, p. 128]

**လှေလှော်ခြင်းတစ်ဆယ့်နှစ်ပါး** – (၁) ရေပေါက်ကြဲဟန် (၂) ပုလဲသီဟန် (၃) ပန်းဝတ်ချွေဟန် (၄) ဟင်္သာဖိုဝဲဟန် (၅) ဟင်္သာအဖော်ခေါ်ဟန် (၆) ဇင်ယော်သုတ်ဟန် (၇) ဇင်ယော်ဝဲဟန် (၈) အိမ်မိုးခြင်တင်ဟန် (၉) နတ်သမီးပန်းကုံးဟန် (၁၀) နတ်သမီးပန်းကုန်းဆင်ဟန် (၁၁) ပန်းဆွတ်ဟန် (၁၂) ပန်းတောင်းချီဟန် [**ကဝိ**၊ စာ ၂၇၇]

**လှေသင်း** – လှေတပ် [ROB, X, p. 129]

**လှော်ကား**–ခေါင်းနှင့်အမြီးတို့ကို ထောင်၍နေသော ကင်းသဏ္ဌာန် တည်ဆောက်ထားသည့်လှေ [**ရွှေဘုံ**၊ စာ ၇၃–၄]



လှော်ကား

**လော့်ကားသံလေ့** – ကိုယ်ထည်ကို သံပြားပတ်၍ ဦးတွင် သံချွန်တပ်ကာ တည်ဆောက်ထားသော သူရဲစီး လော့်ကားလေ့ [**ဦးကုလား**။ ပ၊ စာ ၂၀၇ အောက်] "လော့်ကားသံလေ့ငါးရာ၊ ရိက္ခာတင် ကုန်လေ့တရာ၊ စစ်သည်သူရဲ သုံးသိန်းငါးသောင်းနှင့်... ချီတော်မူသည်" [**မှန်နန်း**။ ၃၊ စာ ၂၂၈]

**လုံကန်** – တုတ်ချောင်း [**ဓါတာန်**၊ စာ ၉၀] "မြို့တွင်းက အုတ်ကျောက်လုံကန်ချသောကြောင့် ရှနသေပျောက်သည်များ၏" [**မှန်နန်း**။ ၃၊ စာ ၂၂]

**လုံကျည်** – လုံထည့်ရန်အတွက် စီစဉ်ပြုလုပ်ထားသော ကျည်တောက်။ "အလံကျည် လုံကျည်ရင်းဖျား ရွှေဒီ" [**နန်းသုံးယဉ်**၊ စာ ၃၃]

**လုံလေးမျိုး** – စစ်သည်ရဲမက်တို့ ကိုင်ဆောင်သော လုံလေးမျိုး (၁) လုံလျင် (၂) ခြေသည်ကိုင်လုံ (၃) မြင်းသည်ကိုင်လုံ (၄) ဆင်သည်ကိုင်လုံ [**အုပ်ချုပ်**၊ စ၊ စာ ၇၄-၅]

**လှင်ကန်** – တုတ်ချောင်း [**ဝိမ္ဗလွှာ**၊ စာ ၄၁]

**လှင်ကန်တောင်း** – တုတ်တို [**ရွှေမြန်**၊ စာ ၉၄]

**လှော့တ်** *(ကျောက်)* – ပေးလှူပူဇော်သည် [**အုပ်ချုပ်**၊ တ၊ စာ ၁၄၉] "သိုင်ဓမ္မဂုရှအ်မှောက်နှိုက်အာလှော့တ်တုမ်အော်တေ" [**၁၁၄၇-ခုနှစ်ထိုး တုရင်ပုထိုးကျောက်စာ**၊ ကျော/ ၁၅-၆]

**လျာဖိုဝ်** *(ကျောက်)* – စားသုံးဖွယ်ပစ္စည်းအပါအဝင် လိုအပ်သောပစ္စည်းတန်ဖိုး။ "ထင်ဖိုဝ်လျာဖိုဝ်၊ မကြောင်ကြိစိယ်စွမ်တေ။" [**၁၂၉၁-ခုနှစ်ထိုး သိုင်ရာသေ့နှင့် အမိဘွားစောကျောက်စာ**၊ ကျော/ ၂၄-၅]

**လျှပ်စားပေါက်စား** – ကြားမှနေ၍ မတရားသဖြင့် တောင်းခံစားယူသည်။ ကြားပေါက်ဝင်ရောက်၍ ကြေးငွေ တောင်းခံစားယူသည်။ [**လွှတ်တော်မှတ်**၊ စာ ၂၅၄] "ဆင်းရဲသား ကျွန်တော်မျိုးတို့ကိုလည်း တယောက် တယောက် လျှပ်စားပေါက်စားပြု၍ မနှိပ်မစက်စေနှင့်" [**လွှတ်တော်မှတ်**၊ စာ ၂၁]

**လွစာသစ်** – လွှဖြင့်တိုက်ခွဲရန်အတွက် လျာထားသော သစ် [ROB, VI, p.726]

**လွှား** – အထက်ကား၍ အောက်သို့ အနည်းငယ်ရှူးသွားသော လေးထောင့်ပုံသဏ္ဌာန် အကာအကွယ် ကိရိယာ (လွှား၏အထက်ဘက် အနားစပ်တွင် အချွန်းများဖော်၍ ပြုပြင်ထားသည်။) [**မြန်စာန်**၊ တဲ ၇ နှင့် **သေနင်္ဂ**၊ စာ ၁၆၃]

**လွှားမောက်** – မိုမောက်နေသောလွှား

**လွှတ်** *(ကျောက်)* – (၁)ပေးလှူပူဇော်သည် (၂) လွှတ်တော် [**ရွှေမြန်**၊ စာ ၉၅ နှင့် **မြန်စာညွှန်း**၊ ပ၊ စာ ၂၉ အောက်]

**လွှတ်စေလေးစု** – လွှတ်တော်က စေခိုင်းသမျှကို နာခံ၍ ဆောင်ရွက်ပေးရသော အမှုထမ်းလေးစု (၁) ခင်ဦးတစ်စု (၂) တည်တောတစ်စု (၃) စည်ပုတ္တရာတစ်စု (၄)မြို့သစ်တစ်စု (လွှတ်စေလေးတန်းဟုလည်း ခေါ်သည်။ တရားမမှုနှင့် စပ်လျဉ်း၍ ချုပ်နှောင်ရန်ရှိလျှင် ထိုတန်းတွင် ချုပ်နှောင်သည်။) [**အုပ်ချုပ်**၊ တ၊ စာ ၁၈၃ နှင့် **မြန်မာမင်း**၊ စာ ၈]

**လွှတ်တော်** – သာသနာတော်မှု၊ မြို့တော်နန်းတော် တည်လုပ်မှု၊ စစ်လက်နက်ကိုင် ခန့်ထားစီရင်မှု၊ နိုင်ငံခြားရေးအမှု၊ မင်းခမ်းမင်းနားဆိုင်ရာအမှု၊ ၁၂ရာသီမင်းမှု၊ ဝတ္ထုကံမြေမှု၊ ကြီးရိုးစီးရိုးမှု၊ အယူခံတရားမှု၊ အပြစ်အလျော့ကာသေဒဏ်ပေး ရသည့်အမှု၊ စော်ဘွားမြို့စားအဝေးမြို့ဝန်တို့ကို ဆင့်ဆိုမှာထားရန်အမှုတို့ကို ညှိနှိုင်းစီရင်ဆုံးဖြတ်ရသော အဆင့်အမြင့်ဆုံးရုံးတော် (ရုံဖန်ရုံခါ မင်းကေရာဇ်ကိုယ်တော်တိုင် လွှတ်တက်စီရင်တော်မူသည်။ မင်းကေရာဇ် လွှတ်မတက်လျှင် အိမ်ရှေ့မင်းက ဝန်ကြီးများနှင့် ညှိနှိုင်းစီရင်သည်။ အိမ်ရှေ့မင်းမရှိလျှင် မင်းသားကြီးတို့က ဝန်ကြီးများနှင့် ညှိနှိုင်းစီရင်သည်။ [**အုပ်ချုပ်**၊ တ၊ စာ ၁၅၃-၈၊ ၁၈၅-၇ နှင့် **အုပ်ချုပ်**၊ စ၊ စာ ၈-၁၁၊ ROB, I, p. 268]

**လွှတ်တော်သွင်းစာ** – မင်းကေရာဇ်ထံ လွှတ်တော်က တင်သွင်းသည့်စာ (အထူးသဖြင့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရာထူးမှနုတ်ပယ်သင့်ကြောင်း မင်းကေရာဇ်ထံ လျှောက်ကြားတင်သွင်းသည့်စာဖြစ်သည်။) [ROB, X, p. 129]

**လွှတ်တော်သွင်းမှာတမ်း** – တည်ဆောက်ရေးလုပ်ငန်းများအကြောင်း၊ အစီအမံများကို ပြုပြင်သင့်ကြောင်း၊ ပွဲသဘင်ကျင်းပရန် ဆောင်ရွက်ထားမှု ပြီးပြေကြောင်းတို့ကို မင်းကေရာဇ်ထံ လွှတ်တော်က တင်သွင်းသော အစီရင်ခံစာ [ROB, X, p. 129]

**လွှတ်ရုံးငါးရပ်** –(၁) လွှတ်တော် (၂) ဗြဲတိုက် (၃) ရှေ့ရုံးတော် (၄) နောက်ရုံးတော် (၅) တရားရုံး [**အုပ်ချုပ်**၊ စ၊ စာ ၉၀]

# ဝ

**ဝကွင်း** – တစ်စုံတစ်ခုပြုရန်၊ ရွေးချယ်ရန် ရည်ရွယ်သော ပုဂ္ဂိုလ်၏အမည်ရှေ့တွင် ဝကွင်း၍ အမှတ်အသားပြုခြင်း [**ROB**, X, p. 129]

**ဝစီပယောဂ** *(ပါ)* – နှုတ်ဖြင့် လှုံ့လပြုခြင်း၊ ပြောဆိုတိုက်တွန်းခြင်း [**ဦးဟုတ်**၊ စာ ၆၁၂၊ ၈၄၁] "ရဟန်းသာမဏေတို့နှင့် မလျော်...သည့်...ဓာတ်၊ ရုပ်စုံပွဲသဘင်မှစ၍၊ အရပ်ရပ်ပွဲသဘင်များကို ... ဝစီပယောဂပြု၍... မပြုမလုပ်စေရအောင်... တားမြစ်ကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၅]

**ဝစီဝိညတ်** *(ပါ – ဝစီဝိညတ္တိ)* – နှုတ်ဖြင့်သိစေခြင်း၊ နှုတ်ကြောင့်ဖြစ်သော ရုပ် သို့မဟုတ် ပစ္စည်း (ရုပ်အဌဝီသ ၂၈ ပါးတွင် ဝစီဝိညတ်ရုပ် ပါဝင်သည်။) [**ဦးဟုတ်**၊ စာ ၈၄၁၊ ၈၇၈]

**ဝစီရဟုဒ္ဓိ** *(ပါ)* – စိန်ကျောက်ရတနာကဲ့သို့ ထူးကဲသော တန်ဖိုးရှိခြင်း၊ သိကြားမင်း၏ လက်နက်ကဲ့သို့ ထက်မြက်သောဉာဏ်ပညာရှိခြင်း (ရတနာကဲ့သို့ မြတ်နိုးဖွယ်ကောင်းသော၊ ဉာဏ်ပညာထက်မြက်သော အမတ်ကြီးတို့အား **ဝစီရဟုဒ္ဓိ**ဟူသောဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။) [**သီနဏ္ဍ**၊ စာ ၃၆၆]

**ဝစီရာဟုက်ရမုဒြာ** *(ပါ+သက်)* – ရင်ဘတ်ရှေ့တွင် လက်နှစ်ဖက်ကို ကြက်ခြေခတ်ယှက်၍ လက်ယာလက်တွင် မိုးကြိုးသွားကိုင်ထားပြီး လက်ဝဲလက်တွင် ခေါင်းလောင်းငယ် ကိုင်ထားဟန် (ဘုန်းတန်ခိုး ကြီးမားလိုသူ၊ ဩဇာအာဏာ ထက်မြက်လိုသူတို့သည် ဤမုဒြာဟန်ရုပ်တုကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ**၊ စာ ၇၃]

**ဝတီလေးရပ်** – (၁) ဓညဝတီ–မြောက်ဦးမြို့ သို့မဟုတ် မဟာမုနိဘုရားတည်ရာအနီးတွင် ထွန်းကားခဲ့သောမြို့ (၂) ဒွါရဝတီ–သံတွဲမြို့ဝန်းကျင်ဒေသ (၃) ရမ္မာဝတီ– ရမ်းဗြဲမြို့ဝန်းကျင်ဒေသ (၄) မေဃဝတီ– မာန်အောင်ကျွန်း [**မေးတော်ဖြေ**၊ စာ ၄၈၀ နှင့် ROB, V, p. 856] (ဝတီလေးရပ်ကို တစ်ခါတစ်ရံ **ရခိုင်လေးမြို့**ဟုလည်း ပဒုံမင်းလက်ထက် အမိန့်တော်များတွင်တွေ့ရသည်။) [ROB, VI, pp. 536, 566 နှင့် ROB, V, p. 954]

**ဝနဝါသီ** *(ပါ)* –(၁)သီးခြားဖြစ်သောတိုင်း (၂)တောဌ်နေသည်။ [**ဦးဟုတ်**၊ စာ ၈၅၁]

**ဝနပ္ပဂုမ္ဗေ** *(ပါ၊ ဝနပ္ပဂုမ္ဗ)* – တောအုပ်၊ တောချုံ [**ဦးဟုတ်**၊ စာ ၈၅၁] "ဝနပ္ပဂုမ္ဗေ၊ ခက်ချင်းညှာဆိုင်နှင့်၊ ဂေါင့်ခိုင်ထုံလှိုင်ပျံ့ပါပီ၊ ညှင်းညှံ့လေပြေ" [**သီချင်း**၊ ပ၊ စာ ၈၇]

**ဝရကမ္ဘာ** – ဘုရားသုံးဆူပွင့်သောကမ္ဘာ [**ရခိုင်ရာဇဝင်**၊ ပ၊ စာ ၁၃]

**ဝရဒမုဒြာ** *(ပါ+သက်)* – လက်ယာဘက်လက်ကို အောက်သို့ချကာ လက်ဝါးကို အပြင်ဘက်သို့လှည့်၍ လက်ချောင်းကလေးများကို ဖြန့်ချထားသောဟန် (ဆုပေးဟန်၊ စွန့်ကြဲပေးကမ်းနေဟန် ဖြစ်သည်။ စည်းစိမ်တိုးပွားလိုသူ၊ လိုအင်ဆန္ဒပြည့်ဝ လိုသူတို့ ပူဇော်ကိုးကွယ်သော ဆင်းတုတော်ဟန် ဖြစ်သည်ဟု ယုံကြည်ကြ၏။) [**မုဒြာ**၊ စာ ၇၄–၅]



ဝရဒမုဒြာ

**ဝရဗုဒ္ဓသာသနာ** – မြတ်စွာဘုရား၏ အဆုံးအမ [**လွှတ်တော်မှတ်**၊ စာ ၂၆၄] "ဝရဗုဒ္ဓသာသနာ... စည်ပင်ထွန်းလင်းရှိပါအောင်... မစတော်မူပါမည့်အကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၁၈၂]

**ဝရဏမင်္ဂလာ** *(ပါ)* – ဝရဏနတ်မင်းစောင့်သည့် အချိန်ကာလအတွင်း [**ဦးဟုတ်**၊ စာ ၇၅၁၊ ၈၅၄] "ဝရဏမင်္ဂလာကြိုက်သည်ဖြစ်၍..." [**ကုန်းဆောင်**၊ တ၊ စာ ၂၄၆]

**ဝသုန္ဓရာ** *(ပါ)* – ဥစ္စာကိုဆောင်တတ်သော မြေကြီး၊ မြေမျက်နှာ [**ဦးဟုတ်၊** စာ ၈၅၇] "ဝသုန္ဓရာ၊ မြေမျက်နှာထက်၊ သမ္ဘာရင့်ဘုန်း၊ ကုသိုလ်မှုန်း၍" [**လောက၊** စာ ၁၆၄]

**ဝါကား** *(အင်္ဂလိပ်)* – ဝေါ့ကာ (F. Walker)

**ဝါကျွတ်ကန်တော့ခံ** – သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တွင် မင်းကရာဇ်သည် လွှတ်တော်တွင် ဝါကျွတ်ကန်တော့ခံခြင်း [**အင်ရုံ၊** စာ ၃၄၊ ၁၁၅]

**ဝါစုဂ္ဂတ** *(ပါ)* – နှုတ်ရအာဂုံဆောင်သည်။ နှုတ်ရလေ့ကျက်သည်။ [**ဦးဟုတ်၊** စာ ၈၆၀] "ပါဠိတော်မြတ်ကို ဝါစုဂ္ဂတ နှုတ်ရလေ့ကျက် ရွက်ဆောင်ပြန်ဆိုနိုင်မည်" [**လွှတ်တော်မှတ်၊** စာ ၁၃]

**ဝါဆိုစဉ်** – မြတ်စွာဘုရားသခင် ဝါဆိုတော်မူခဲ့သည့် နေရာစဉ်

**ဝါဆိုသင်္ကန်း** – ဝါဆိုပြီးသော သံဃာတော်များအား ရည်စူး၍ ကပ်လှူသောသင်္ကန်း [**မေးတော်ဖြေ၊** စာ ၈၀–၁]

**ဝါပိုင်** *(ကျောက်)* –ဝါဂွမ်း။ "ဝါပိုင်တလှည်ကိုဝ် ဖုတ်ရယ် အကျွံမွိရသကဲယ်သိုဝ်" [**၁၃၀၆–စုနှစ်ထိုး ချံသာပတေား လင်မယား ကျောက်စာ၊** ကျော/ ၁၈]

**ဝါရမိတ္တုရက်** *(ဗေဒင်)* – အမှုကိစ္စဆောင်ရွက်ရန် မသင့်လျော်သောရက်၊ အန္တရာယ်တွေ့တတ်သောရက် ("နေ့နှင့်ရက်နှင့်လုံး ၁၃" ဖြစ်လျှင် ထိုရက်သည် ဝါရမိတ္တုရက်ဖြစ်သည်။ အဓိပ္ပာယ်မှာ တနင်္ဂနွေ၊ တနင်္လာစသော နေ့နံသင့်ဂဏန်းနှင့် လဆန်း၊ လဆုပ် ၆ ရက်မှ ၁၂ ရက်အတွင်းရှိ ရက်ကို ပေါင်းလိုက်၍ ၁၃ ဖြစ်လျှင် ထိုနေ့ထိုရက်သည် ဝါရမိတ္တုရက် ဖြစ်သည်။) [**လောကီ၊** စာ ၉]

**ဝါရိတ္တသီလ** *(ပါ)* – မကောင်းမှုကို တားမြစ် ရှောင်ကြဉ်သော သီလ [**ဦးဟုတ်၊** စာ ၈၆၅၊ ၁၀၄၁] "စာရိတ္တသီလ၊ ဝါရိတ္တသီလ ရဟန်းတို့သည် ပရိယတ္တိ၊ ပဋိပတ္တိမှ လျော့၍ သာသနာတော် ယုတ်လေရာသည်" [**မှန်နန်း၊** ၃၊ စာ ၃၇၉]

**ဝါဝင်ကန်တော့ခံ** – ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် မင်းကရာဇ်သည် လွှတ်တော်တွင် ကန်တော့ခံခြင်း [**အင်ရုံ၊** စာ ၃၀၇]

**ဝါဟ** – လှည်းတစ်စီးတိုက်ရှိသော အခြင်အတွယ်၊ တင်းပေါင်းရှစ်ဆယ်ရှိသော အခြင်အတွယ် (တင်းပေါင်းလေးဆယ်= တစ်ဝါဟဟူသော မှုကွဲလည်းရှိသည်။) [**သမ္ဗန္ဓကျော်၊** ၃၊ စာ ၉၈]

**ဝါးနွယ်ကုန်းမြို့** –လယ်ဝေးမြို့ [**တောင်တွင်း၊** စာ ၁၀၁]

**ဝါးလတ်စည်း** *(သဘင်)* – စည်းတစ်ချက်၊ ဝါးတစ်ချက် တီးရသော စည်း၊ အလယ်အလတ်စည်း [**ဇာဆောင်**]

**ဝိကုဗ္ဗနိဒ္ဓိ** *(ပါ၊ ဝိကုဗ္ဗန+ ဣဒ္ဓိ)* – အထူးထူးအပြားပြား ဖန်ဆင်းနိုင်သော တန်ခိုး [**ရှုနိုင်ရာသစ်၊** ပ၊ စာ ၁၅၈]

**ဝိစာရဏာ** *(ပါ)* –စိစစ်ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း [**ဦးဟုတ်၊** စာ ၈၇၄] "အဆင်အခြင် ဝိစာရဏာပညာတော်နှင့် ယှဉ်ခြင်း" [**ကုန်းဆောင်၊** ၃၊ စာ ၄၁၀]

**ဝိဇယ** *(ပါ)* – အောင်မြင်ခြင်း [**ဦးဟုတ်၊** စာ ၈၇၆]

**ဝိတတ** – နှစ်ဖက်ပိတ်သောစည်မျိုး [**မြန်မာညွှန့်၊** စ၊ စာ ၂၂၁ အောက်]

**ဝိတက္ကမုဒြာ** *(ပါ+သက်)* – လက်ယာလက်ကိုကွေးပြီး လက်ဝါးကို အပြင်ဘက်သို့လှန်၍ထောင်ကာ လက်ညှိုးနှင့်လက်မထိပ်တို့ကို ထိထားဟန် (အကြံအစည်အောင်မြင်လိုသူနှင့် ဉာဏ်ပညာထက်မြက်လိုသူတို့ ကိုးကွယ်သော ရုပ်တုမျိုးဖြစ်သည်ဟု ဆို၏။) [**မုဒြာ၊** စာ ၇၆–၇]



ဝိတက္ကမုဒြာ

**ဝိနယေဋ္ဌိတေ သာသနံဋ္ဌိတံ** *(ပါ)* – ဝိနည်းတည်မှ ဘုရားရှင်၏ အဆုံးအမဖြစ်သော သာသနာတော်တည်မည်။ [**မေးတော်ဖြေ၊** စာ ၅၉၀]

**ဝိနာဘာဝ** *(ပါ)* – သေကွဲကွဲရခြင်း [**ဦးကုလား၊** ပ၊ စာ ၃၀၀]

**ဝိပလ္လာသ** *(ပါ)* – ဖောက်ပြန်ခြင်း [**ဦးဟုတ်၊** စာ ၈၈၈] "ဝိပလ္လာသဖြစ်လျက် သောင်းကြမ်းပုန်ကန် လုယက်တိုက်ခိုက်ရှိလေရာ... အဝရွှေနန်းရှင်... သည် ... ပြည်ကြီးသို့ ချီစေတော်မူသည်" [**ဧည့်သစ်၊** စာ ၂၄၆]

**ဝိပဿနာ** *(ပါ)* – တရားစစ်တရားမှန်ကို အထူးလေ့လာ

ကြည့်ရှုပွားများခြင်း၊ အထူးထူးအပြားပြားကို မြင်သော တရား [**ဦးဟုတ်**၊ စာ ၈၈၈] "ဝိပဿနာ ဘာဝနာ တရားမြတ်ကို မပြတ်လေ့လာပွားများတော်မူသည်" [**လွှတ်တော်မှတ်**၊ စာ ၃]

**ဝိပဿနာစုရ** *(ပါ)* – ဝိပဿနာလုပ်ငန်းကို ဆောင်ရွက်ရသည့်တာဝန် [**ဦးဟုတ်**၊ ၈၈၉]

**ဝိမုတ္တိရသ** *(ပါ)* – အရဟတ္တဖိုလ်အရသာ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းအရသာ) [**ဦးဟုတ်**၊ စာ ၈၉၅] [**သမ္ဘူ ကျေး**၊ ၃၊ စာ ၂၀]

**ဝိမုတ္တိသုခ** *(ပါ)* – အရဟတ္တဖိုလ်ချမ်းသာ (ကိလေသာမှ လွတ်မြောက်သောချမ်းသာ [**ဦးဟုတ်**၊ စာ ၈၉၅] "မြတ်စွာဘုရားသည်... လင်းလွန်းပင်၌ ဝိမုတ္တိသုခကို ခံစားလျက် နေတော်မူ၏" [**ကုန်းဘောင်**၊ ပ၊ စာ ၄၉၂]

**ဝိမ္ယမုဒြာ** *(ပါ+သက်)* – လက်နှစ်ဖက်ကို အနည်းငယ် ကွေးမြောက်၍ လက်ဖဝါးများကို အနောက်သို့လှန်ပြီးလက်ချောင်းကလေးများကို ဖြန့်ထောင်ထားဟန်(အံ့ဩနေဟန်ဖြစ်သည်။ ဤမုဒြာရုပ်တုကို ပူဇော်လျှင်အံ့ဩဖွယ်ကောင်းအောင်ပင် ချီးမွမ်း ခံရခြင်း၊ အောင်မြင်ခြင်းစသော အကျိုးထူးများ ခံစားရသည်ဟု ယုံကြည် ၏။) [**မုဒြာ**၊ စာ ၇၇–၈]


ဝိမ္ယမုဒြာ

**ဝိလင်ဝါလတ်** *(အင်္ဂလိပ်)* – ဝီလျံဝေါလေ့(စ) [William Wallace] [ROB, X, p. 129]

**ဝိလုပ္ပနနိစ္စဂလ** *(ပါ)* – ထီးနန်းဆက်ခံ စိုးစံထိုက်သည့် မင်းမျိုးမဟုတ်ဘဲ ရာဇပလ္လင်ကို လုယူစိုးစံသောမင်း [**စည်သစ်**၊ စာ ၁၉၉]

**ဝိဝါသုချိန်** – နှစ်ဖက်မိဘတို့ သဘောတူထိမ်းမြားခြင်း မပြုဘဲ ရသောသားသမီး [**မနုကျယ်**၊ စာ ၃၁၁]

**ဝိဝါဟာဘိသိက်** *(ပါ၊ ဝိဝါဟ+ အဘိသေက)* – ထိမ်းမြားလက်ထပ်ပွဲတွင် ခံသောဘိသိက် [**ဦးဟုတ်**၊ စာ ၁၁၆၊ ၉၀၃]

**ဝိဝဋ္ဋကပ်** – ကမ္ဘာပြုမိုးကြီး စတင်ရွာသွန်းချိန်မှ နေနှင့်လတို့ ပေါ်လာသည့်တိုင်အောင်သောကာလ [**ဇာဒိစ္စာ**၊ စာ ၁၂]

**ဝိဝဋ္ဋဋ္ဌာယီကပ်** – နေနှင့်လတို့ ထင်ရှားစွာပေါ်ထွန်းလာချိန်မှ ကမ္ဘာပျက်မိုးကြီး ရွာသည့်တိုင်အောင်သော ကာလ [**ဇာဒိစ္စာ**၊ စာ ၁၃]

**ဝိသဘာဂ** *(ပါ)* – မတူညီသော သဘောထား၊ ဆန့်ကျင်ဘက်သဘောထား [ROB, V, p. 496]

**ဝိသာခါနှစ်** – နှစ်အမည်ဖြစ်သည်။ (ကောဇာ သက္ကရာဇ်ကို တည်၍ ၂–ခုနုတ်၊ အကျန်ကို ၁၂–ဖြင့်စားသောအခါ ၂–ကြွင်းသော နှစ်ကို ဝိသာခါနှစ်ဟု ခေါ်သည်။ ကျောက်စာများတွင် ပိသျက်နှစ်၊ ပိတ်သျက်နှစ်၊ ပိသျက်နှစ်၊ ဗိသျက်နှစ်ဟူ၍ ဖော်ပြသည်။) [**မဟာမုနိ**၊ စာ ၄၁၀]

**ဝိသာရဒ** *(ပါ)* – ကျွမ်းကျင်ခြင်း [**ဦးဟုတ်**၊ စာ ၉၀၇] "ပရိယတ္တိ၊ ပဋိပတ္တိ၊ ဝိသာရဒဖြစ်သော တံဆိပ်တော်ရ ဆရာတော်ဆယ်ပါး" [ROB, X, p. 916]

**ဝိသေသိကာ** *(ပါ)* – အဋ္ဌရသ ၁၈–ရပ်တွင် ပါဝင်သည့် ယာယီယတြာတို့ကို ဟောကြားသောအတတ် [**ဦးဟုတ်**၊ စာ ၉၀၉]

**ဝိသုဒ္ဓိနတ်** – ကိလေသာတို့မှ စင်ကြယ်ပြီးဖြစ်သော ဘုရား ရဟန္တာတည်းဟူသောနတ် [**ဦးဟုတ်**၊ စာ ၉၀၈ နှင့် **မြင့်**]

**ဝိသုဒ္ဓိမဂ်ကျမ်း** – သီဟိုဠ်ကျွန်း၊ သဃ်ပါလမဟာထေရ် ပေးသော "**သီလေပတိဋ္ဌာယ**" စသောဂါထာကို အရှင်ဗုဒ္ဓဃောသမထေရ်က အနက်အဓိပ္ပာယ် ဖွင့်ဆို ဖော်ပြသောကျမ်း ("စင်ကြယ်ခြင်း၏ အကြောင်း သို့မဟုတ် နိဗ္ဗာန်သို့ရောက်ကြောင်းခရီး"ကို ဖော်ပြ သောကျမ်းဖြစ်သည်။) [**ဦးဟုတ်**၊ စာ ၉၀၈ နှင့် **သာသနာ**၊ စာ ၄၁]

**ဝိသုံဂါမသိမ်** – အသီးအခြားပိုင်းခြား၍ ပေးအပ်သော မြေ နေရာ၌ သမုတ်သောသိမ် [**မေးတော်ဖြေ**၊ စာ ၁၈၂–၃]

**ဝိထိသုံးပါး** –(၁) အဇ္ဈေဝိထိ– နေသွားရာ အတွင်းလမ်းကြောင်း (၂) ဗာဟိယဝိထိ– နေသွားရာ အပြင်လမ်းကြောင်း (၃) မဇ္ဈေဝိထိ– နေသွားရာ အလယ်လမ်းကြောင်း [**ဇာဒိစ္စာ**၊ စာ ၃၅]

**ဝိရာသန** *(ပါ)* – ပေါင်နှစ်လုံးကိုပူးထားပြီး လက်ဝဲခြေထောက်ကို လက်ယာပေါင်ပေါ်တင်၍ လက်ယာခြေထောက်ကို လက်ဝဲပေါင်အောက်တွင် ထားဟန် (ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသဘောကို ဆောင်သည်။) [**အာသန**၊ စာ ၁၂၈]

**ဝိလပ်ကျွန်း** –ဘိလပ်ကျွန်း၊ ဗြိတိသျှကျွန်းစု။ "အင်္ဂလိပ်လူမျိုးတို့ပိုင်သည့်အရာ ဝိလပ်ကျွန်းသာဖြစ်သည်" [ROB, VII, p. 487]

**ဝူထိုက်ရှံ** *(တရုတ် 五台山)* – တောင်ငါးဆင့် (**ဝင်း**)

**ဝေဃန္တာ**– သိကြားမင်း၏ နန်းဘုံဗိမာန် [**ပေါ်ဇာနီ**၊ စာ ၃၆၈]

**ဝေဒလ္လဝိစ္စာ** – ဗေဒင်လေးပုံကျွမ်းကျင်သူ[**ရွှေမြန်**၊ စာ ၈၁]

**ဝေနာယကိမုဒြာ** *(ပါ+သက်)* – ဝိနာယကဗြဟ္မာမင်းသည် လက်ကို အပေါ်သို့ ဆင်နှာမောင်းသဏ္ဍာန် ထောင်ထားဟန် (ဟိန္ဒူဘာသာနှင့် နီးနွယ်သော ဆင်းတုများတွင် တွေ့ရလေ့ရှိသည်။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံလိုသူများသည် ဤမုဒြာဟန်ရုပ်တုကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ**၊ စာ ၇၈]



ဝေနာယကိမုဒြာ

**ဝေရ** *(ပါ)* – (၁) ရန်ပြုခြင်း (၂) ရဲရင့်ခြင်း၊ လုံ့လ ဝီရိယရှိခြင်း၊ အားထုတ်ခြင်း [လုံ့လဝီရိယရှိ၍ ရဲရင့်သော မင်းမှုထမ်းတို့အား **ဝေရ**တပ်သော ဘွဲ့မည်ကို အပ်နှင်းလေ့ရှိသည်။ **သိမ်ဝေရ**မှာ သူရဲတကာတို့၏ဦးစွန်း၊ **ပျံချီဝေရ**မှာ ရဲရင့်၍ ရန်သူကို ခုန်ပျံတိုက်ခိုက်နိုင်သောသူရဲ၊ **ဝေရကျော်** မှာ ရဲစွမ်းလုံ့လရှိသော လူကျော်ဟူ၍ အဓိပ္ပာယ်ရသည်။) [**သိနင္ဘ**၊ စာ ၃၄၆]

**ဝေရီ** *(ပါ)* – ရန်သူ၊ ရန်ဖက်၊ ရန် [**ပါဠိသက်**၊ စာ ၃၀၄] "ယခုသတ္တဝါအပေါင်းတို့သည် ဝေရီဖြစ်၍ အသက်ဆုံးရှုံးခြင်းနှင့် ငရဲဝိပါက် အစည်ဆက်၍ ပါကြလေတော့မည်" [ROB, III, p.158]

**ဝေရီကွယ** *(ပါ၊ ဝေရီ+ ခယ)* – ရန်သူဟူ၍ မရှိတော့ခြင်း [**ဦးဟုတ်**၊ စာ ၃၄၅၊ ၉၂၄] "ဟံသာဝတီ ဝေရီကွယ ရာမညနေစာရင်းပါ ဆင်းရဲသား အများတစုတို့ ... ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား" [**ကုန်းဘောင်**၊ တ၊ စာ ၃၇၆]

**ဝေလာ** *(သဘင်)* – ရေကြောင်းခရီး သွားလာခန်းတွင် တီးမှုတ်ပေးရသော အမြူးအကြွတီးလုံး [**အောင်**]

**ဝေလု** *(ပါ– ဝေဠု)* – ဝါး (ဝါးအမျှင်တို့ဖြင့် ပြုလုပ်သော ပုရပိုက်ကိုကိုင်စွဲ၍ အမှုထမ်းရသော စာရေး စာချီတို့ကို **ဝေလု**၊ **ဝေသော်**၊ **ဝေသာ**၊ **ဝေသု** ဟူသောဘွဲ့မည်များ ပေးလေ့ရှိသည်။ အနှစ်သာရနှင့် ပြည့်စုံ၍ သတိပညာရှိသော စာရေးကို **ဝေလုသာရ**ဟူသောဘွဲ့ကို ပေးလေ့ရှိသည်။) [**သိနင္ဘ**၊ စာ ၂၉၃- ၄]


**ဝေသာလီ** – (၁) အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ရှေးအခါက ထွန်းကားခဲ့သောမြို့ (၂) အေဒီ ၄– ရာစုနှစ်ခန့်က ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ယခု မြောက်ဦးမြို့မှ ၆– မိုင်ခန့်အကွာတွင် ထွန်းကားခဲ့သောပြည် (၃) ပဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက်တွင် အာသံနယ်ကို ခေါ်ဝေါ်သော အမည်တစ်မျိုး (ထိုစဉ်က အာသံကို ဝဇ္ဇီတိုင်းဖြစ်သော ဝေသာလီပြည်ကြီးဟု မြန်မာတို့က ခေါ်ဝေါ်ခဲ့ကြသည်။) [ROB, VII, p. 428; **ကုန်းဘောင်**၊ ၃၊ စာ ၁၉၇၊ India, p. 47]

**ဝေသာလီအမှုထမ်း** –ဖျာ၊ ရိုင်၊ ခြင်းကြားစသော ဝါးထည်ပစ္စည်းများ ရက်လုပ်သည့် အမှုထမ်း [**မြန်မာမင်း**၊ စာ ၆၈]

**ဝဲလင်း** – အရှေ့ဘက်သို့ မျက်နှာမူသောအိမ်တွင် အရှေ့တောင်ဘက်စွန်းရှိ ညှော်ခန်းဆောင် [ROB, X, p. 129]

**ဝေါတော်** – လူအများထမ်းရသော သဉ္ဇာလီတင် ရွှေပြာသာဒ်တော်ကြီး [**မြန်မာမင်း**၊ စာ ၁၆၀]

**ဝေါပလာ** – အမိုးမပါသောဝေါ [**မြန်မှုင်**၊ ပြည်၊ စာ ၂၅၀]



ဝေါပလာ

**ဝေါပလာမှူး** – ဝေါ၊ ယာဉ်၊ ရထားများကို စီစဉ် ကြည့်ရှု ထိန်းသိမ်းပြင်ဆင်ရသော အမှုထမ်း အစုသားတို့၏

အကြီးအမှူး [**အုပ်ချုပ်**၊ ၈၊ စာ ၈၁]

**ဝေါ်ပြာသာဒ်** – အမိုးပြာသာဒ်တင်ထားသော ဝေါ် [**မြန်ဖွင့်**၊ ပြည့်၊ စာ ၂၅၀]

**ဝက်ကွဲ** *(ကျောက်)* – ဝါဂွမ်း

**ဝက်ခေါင်း** – (၁) ဝက်၏ဦးခေါင်းသဏ္ဌာန် (၂) ဝက်၏ ဦးခေါင်း။ "တပ်ဝက်ခေါင်း ထောင့်ချိုးများကလည်း... အမြောက်များကို ခင်းထား၍..." [**ကုန်းဘောင်**၊ ပ၊ စာ ၄၁၇]

**ဝက်ချုပ်** – ခါးပန်း

**ဝင်ကစွပ်** – မိမိကိုယ်ပိုင်အခွဲအိမ် မရှိသဖြင့် ခရုခွံများ အတွင်း ဝင်ရောက်လှုပ်ရှား သွားလာသော (ပင်လယ်ကမ်းစပ်နေ) သတ္တဝါငယ်။ "ဝင်ကစွပ်၊ မြင်ဆွတ်က ကြည့်ဖို့ရာ၊ ဟိုသို့လာသည်သို့သွားနှင့်၊ အငှားခန္ဓာ မြှောင်ရတယ်၊ ဆန်းခေါင်ထိမျိုး" [**သီချင်း**၊ ပ၊ စာ ၉၇]

**ဝက်ဝုတ္တိ** *(ပါ၊ ဝက်+ ဝုတ္တိ)* – ကောက်ကျစ်သော နည်းကို သုံးခြင်း။ "တစုံတခုသော ဝက်ဝုတ္တိဖြင့် စီရင်မှသာ အောင်မြင်လွယ်မည်" [**မှန်နန်း**၊ ပ၊ စာ ၇၃]

**ဝင်နေကပ္ပါး** – တစ်ရပ်တစ်ကျေးမှ ဝင်ရောက်လာ၍ ကပ်မြှောင်နေထိုင်သော မင်းမှုထမ်းမဟုတ်သူ [**လွှတ်တော်မှတ်**၊ စာ ၂၆၁] "သူကြီး၊ ခေါင်း၊ အကြီးတို့နှင့် အသည်အလာ၊ ဝင်နေကပ္ပါး၊ ကြေးထမ်း ကြီးငယ်တို့..." [**လွှတ်တော်မှတ်**၊ စာ ၁၁၇]

**ဝင့်သီး** – ဝါကို ဂွမ်းဖြစ်အောင်၊ ဂွမ်းကို ချည်ဖြစ်အောင် ရစ်နှင့်ဝင့်၍ လုပ်ကိုင်ကာ ချည်ဖြစ်သောအခါ ရက်ကန်းတော် အမှုထမ်းတို့အား ပေးအပ်ရသည့် အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၆၃]

**ဝင်းစင်** –ဝင်းတော်အတွင်းတွင်ရှိသော ရုပ်သေးစင် [**ရွှေမြန်**၊ စာ ၇၁]

**ဝင်းဆင်** –ရွှေနန်းတော် သစ်တပ်၏မြောက်ဘက်၊ လက်ဝဲ ဝင်းတံခါးအဝင်ရှိ ဆင်တင်းကုပ်တွင် ထားသောဆင် [**ရွှေနန်းသုံး**၊ စာ ၁၉၆]

**ဝင်းဒိုင်း** – ရာဇဝတ်ပြစ်မှု သင့်သူဟူ၍ သံသယရှိသူတို့ကို သွားရောက်ဖမ်းဆီးရန်အတွက် နန်းတော်သစ်တပ် ဝင်းအတွင်း အသင့်စောင့်နေ ထမ်းရွက်ရသော ဒိုင်းကိုင်သူရဲ [ROB, X, p. 129]

**ဝင်းဒိုင်းခုနစ်စု** – (၁) ရှေ့ဝင်းအမှုထမ်း (၂) လက်ယာဝင်း (၃) လက်ဝဲဝင်း (၄) နောက်ဝင်း (၅) စို့ ၄၀ ဒိုင်း (၆) ကောင်ဟန် (၇) ယွန်းစု [**ရှေးဟောင်းမှတ်**၊ စာ ၈]

**ဝင်းမှူး** – နန်းတော်ဝင်းအတွင်း လုံခြုံရေးနှင့် အမှုတော် ပြေကုန်ရေးအတွက် ခစားထမ်းရွက်ကြသော ဓားစွဲ၊ ကိုယ်ရံတော်၊ ခေါင်း၊ စကြီး၊ အဝန်းငယ်သားတို့ကို ကြီးကြပ်နိုးဆော် စီရင်ရပြီး လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံ၍ ယုံကြည်စိတ်ချရသည့် အကြီးအမှူး [(၁) အရှေ့ဝင်းမှူး (၂) အနောက် ဝင်းမှူး (၃) တောင်ဝင်းမှူး (၄) မြောက်ဝင်းမှူး ဟူ၍ ဝင်းမှူးလေးဦးရှိသည်။] [**အုပ်ချုပ်**၊ ၈၊ စာ ၅၇]

**ဝင်းရည်ဆင်တော်** – ဝင်းတော်အတွင်းတွင် ထားရန်အတွက် အရည်အသွေးရှိသော ဆင်တော်

**ဝင်းအလံ** – နန်းတော်ပတ်လည်တွင် ဝင်းလေးမျက်နှာ ရှိရာ ဝင်းတစ်ခုစီအတွက် ခွဲခြားသတ်မှတ် စီရင်ထားသော အလံ [(၁)အရှေ့ဝင်း–အလံဖြူ(၂) နောက်ဝင်း–အလံချိပ် (၃) တောင်ဝင်း– အလံစိမ်း (၄) မြောက်ဝင်း–အလံဝါ] [**အုပ်ချုပ်**၊ ၈၊ စာ ၅၉ နှင့် **ရွှေဘုံ**၊ စာ ၆၂]

**ဝိဇ္ဇာမယ** – အတတ်ဖြင့်ပြုသောပညာ၊ ဆေးဝါး အင်းအိုင်၊ ထိုးကွင်း၊ လက်ဖွဲ့ အစီအရင်ဖြင့် ဝိဇ္ဇာ ဇော်ဂျီတို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော် ရအောင် ဆောင်ရွက်သောပညာ [**ဦးဟုတ်**၊ စာ ၈၇၇] "ဆေးဝါးအင်းအိုင် ထိုးကွင်းလက်ဘွဲ့ စသော ဝိဇ္ဇာမယအရာ၌ ကျွမ်းကျင် လေ့လာသော မွန် ရဟန်း" [**ကုန်းဘောင်**၊ ပ၊ စာ ၂၀၂]

**ဝုမိဝိရူဠ** *(ပါ)* – ကြီးပွားခြင်း၊ အထူးစည်ပင် တိုးတက်ခြင်း[**လွှတ်တော်မှတ်**၊ စာ ၂၆၆] "သာသနာတော် ဝုမိဝိရူဠ ... ဖြစ်ရန်အကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၁၉၀]

**ဝုမိဝေပုလ္လ** *(ပါ)* – ကြီးပွားတိုးတက် စည်ပင်ပြန့်ပွားခြင်း [**ဦးဟုတ်**၊ စာ ၉၁၇၊ ၉၂၃] "သာသနာတော်သည်... ဝုမဝေပုလ္လအဖြစ်သို့ ရောက်သဖြင့် ထွန်းလင်း တောက်ပခြင်းဖြစ်၍ အခွန့်ရှည်စွာ ဖြစ်ထွန်း စည်ကား ပြန့်ပွားခြင်းဖြစ်မည်" [ROB, IX, p. 1030]

**ဝဏ္ဏ** – *(ပါ)* –(၁) အက္ခရာ (၂) ချီးမွမ်းဖွယ်ကောင်း ခြင်း (၃) အဆင်းလှပခြင်း (လက်ရေးလှပ လျင် မြန်သော စာရေးစာချီ အမှုထမ်းတို့အား **ဝဏ္ဏ** ပါသောဘွဲ့မည် ပေးလေ့ရှိသည်။ ဥပတိရုပ်ကောင်း၍ အမျိုးအနွယ် မြင့်မြတ်ပြီး တရားဓမ္မ နှင့် ပြည့်စုံသော မှူးကြီးမတ်ကြီး အတွင်းဝန်တို့အား **ဝဏ္ဏဓမ္မကျော်ထင်** ဟူသောဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။ အလုံးအရပ် တင့်တယ်ချောမော လှပသော မိဖုရား၊ ကိုယ်လုပ်တော်နှင့် အပျိုတော် တို့အား **ဝဏ္ဏမဟေ**၊ **ဝဏ္ဏဝတီ**၊ **ဝဏ္ဏသီရိ** ဟူသော

ဘွဲ့အမည်များကို ချီးမြှင့်လေ့ရှိသည်။) [**လိနတ္ထ**၊ စာ ၃၀၁-၅]

**ဝတ္တရ** – မထင်မရှားသောမိန်းမနှင့် ပေါင်းဖော်၍ ရသောသား [**သုံးဆဲ့ခြောက်**၊ စာ ၂၉၊ ၅၄]

**ဝတ်ထိစပါး** – အဆီးအတားမရှိ၊ လွတ်လပ်စွာ [**ယုဒသန်**၊ စာ ၉၅၇] "ညီငယ်၊ ဝရသူရငယ်တို့သည် ခမည်းတော်ဖုရား အမြိတ်အစွန်းတော်ဖြစ်၍ နောင်တော်ဖုရား ဝတ်ထိစပါး စေပါးတော်မူသည်" [**ရာဇဝင်သစ်**၊ တ၊ စာ ၇၀]

**ဝတ္ထုကံမြေ** – သာသနာတော် နှင့် သက်ဆိုင်သော မြေ [(၁) ဘုရားမြေ (၂) ပိဋကတ်မြေ (၃) ကျောင်းမြေ သို့မဟုတ် သံဃာတော်ပိုင်မြေ] [**ယုဒသန်**၊ စာ ၉၅၇]

**ဝတ်မြေဝန်** – သာသနာ့မြေနှင့် သာသနာရေးဆိုင်ရာ ကျွန်တို့ကို ထိန်းသိမ်းကြီးကြပ် စီရင်ခြင်း၊ သာသနာတော်ပိုင် ဝတ္ထုကံမြေတို့မှ ကောက်ခံရမည့် အခွန်အတုတ်များကို နှီးဆော်စီရင် ကောက်ခံ၍ သာသနာပြုဆရာတော်ထံ လျှောက်ထားပြီးလျှင် မင်းဘဏ္ဍာနှင့် မရောမစပ်ရအောင် ကသောင်းမြောင်တိုက်သို့ သွင်းရခြင်း စသော တာဝန်များကို ယူရသည့် အရာရှိ [**ရွှေနန်းသုံး**၊ စာ ၁၁၆-၇ နှင့် **ယုဒသန်**၊ စာ ၉၅၆၊ ROB, IV, p. 435]

**ဝန်စုမြို့ရွာ** – မြို့ဝန်တစ်ဦး စီရင်အုပ်ချုပ်ရသော မြို့ရွာနယ်ပယ်

**ဝန်စောင်** – ဝန်ကြီးအဖြစ်ခန့်ထားရန် လျာထားခြင်း ခံရသောပုဂ္ဂိုလ်၊ အရန်ဝန်ကြီး။ "သီရိဓေယျသင်္ခယာ အမည်ကိုမှည့်သည်။ ဝန်စောင်ခန့်သည်။ ... သက္ကလပ်တင်ရန်း၊ ထမ်းစင်လက်ခတ်ပေးသည်။ ဝန်ကြီးခန့်သည်" [**အင်ရုံး**၊ စာ ၂၆၆]

**ဝန်တော်သေ** – ထန်းရည်ခါး [**ဦးကုလား**၊ ပ၊ စာ ၂၃၈]

**ဝန်တောင်ဘဏ္ဍာတော်** – မသယ်မဆောင်သဖြင့် တောင်ကဲ့သို့စုပုံနေသော ဘဏ္ဍာတော်ပစ္စည်းများ [ROB, V, p. 536]

**ဝန်ထောက်** – ဝန်ကြီးအား ထောက်မကူညီ၍ နိုင်ငံတော်အမှု၊ မင်းကေရာဇ်၏ အမှုကိစ္စအဝဝကို စီရင်ဆောင်ရွက်ရသောမှုးမတ် [ROB, IX, p. 354]

**ဝန္ဒိမုဒြာ** *(ပါ+သက်)* – လက်အုပ်ချီ၍ ရှိခိုးဖူးမြော်ဟန် (အဉ္ဇလိမုဒြာ၊ နမက္ကာရမုဒြာတို့နှင့် ဆင်တူသည်။) [**မုဒြာ**၊ စာ ၇၄-၅]



ဝန္ဒိမုဒြာ

**ဝန်မင်း**–တိုင်းပြည်၏ဝန်ကို ထမ်းဆောင်ရသော အကြီးအကဲ (မင်းတရားရွှေထီးလက်ထက်မှ အစပြု၍ ဝန်ဟူသော အကြီးအမှူးရာထူးဆိုင်ရာ အသုံးအနှုန်း ပေါ်လာခဲ့ခြင်းဖြစ်သည်ဟု **ဓါတ်ဟာရလိနတ္ထဒီပနီ**ကို စီရင်သည့် မဟာဓေယျသင်္ခယာက ဆိုသည်။) [**လိနတ္ထ**၊ စာ ၂၈၈-၉၀]

**ဝန်ရည်ဆင်တော်** – မင်းမှုကိစ္စဖြင့် ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မြို့ဝန်၊ အဝေးဝန်တို့ ခရီးထွက်ရန်ကိစ္စပေါ်၍ ဆင်ဝန်ထံတောင်းဆိုခဲ့လျှင် ပေးအပ်ရန် ရည်ရွယ်သတ်မှတ်ထားသော ဆင် [**ရွှေနန်းသုံး**၊ စာ ၁၉၇]

**ဝန်ရှင်တော်**– ဝန်ကြီး။ "ဝါကျွတ်သဘင်တော်တွင် အိမ်ရှေ့မင်း လွှတ်တော်သို့တက်ရမည်၊ မတက်ရမည်ကို ဝန်တို့က ဝန်ရှင်တော်တို့မှာအစီရင်ခံရမည်"[**အင်ရုံး**၊ စာ၃၅]

**ဝန်သနိုင်း** – ဝန်ကြီး [**ပေါ်ဓာန်**၊ စာ ၃၇၃]

**ဝမ်းစာကျောက်** – စေတီတော်၏ ဝမ်းပိုက်အတွင်း ဖြည့်သွင်းသည့်ကျောက် [ROB, VI, p. 454]

**ဝမ်းပွ၊ ရွက်စို၊ ရွက်သေး** – အရည်အသွေး ပြည့်မီခြင်းမရှိသော ငွေအခေါ်အဝေါ်များ [ROB, IV, p. 369]

**ဝမ်းမနည်းဘူး** – စိတ်မဆိုးဘူး [**ဦးကုလား**၊ ၃၊ စာ ၃၆] "ရာဇာဓိရာဇ်လည်း ငါ့သား မင်းသူငယ်ဖြစ်သူကို ငါဝမ်းမနည်းဘူး၊... ကိုယ်ကိုသာ ကျန်းအောင် ပြုပါဟူ၍ဆေးလည်းပေးတော်မူ၏" [**ဦးကုလား**၊ ၃၊ စာ ၃၆]

**ဝလ္လိ** *(ပါ၊ ဝလ္လိဖလ)* – နွယ်ပင်မှ သီးသော အသီး [**သမ္ဘန္ဓကျော်**၊ စာ ၇]

**ဝဝ်ပိုဝ်** *(ကျောက်)* – ဝါဂွမ်း

**ဝှက်သဒေဝီ** *(အင်္ဂလိပ်)* – စိန့်ဒေးဗစ်ခံတပ်မြို့ (Fort St. David) [ROB, X, p. 130]

# သ

**သကလတိတ်** – ပြီးပြည့်စုံသော အတိတ်နိမိတ် [**ဦးဟုတ်**၊ စာ ၉၃၇] "သူသေလက်ဝဲ၊ စစ်ပွဲအောင်မြင် ဟု သကလတိတ်ထွက်ကြောင်းနှင့် ညီတော်က လျှောက်ထားသည်" [**ကုန်းအောင်**၊ တ၊ စာ ၁၁၇] "သကလတိတ် ကြိုက်ကြုံညီညွတ်သဖြင့် ပြည်ထောင်မင်း အပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ၍ ဆင်ကြီးမြင်းကြီး ... များစွာဆက်သ ဘုန်းတန်ခိုး ... မီးတောက်မီးလျှံကဲ့သို့ ဖြစ်မည်... လျှောက်ထားကြ၏" [**ကုန်းအောင်**၊ တ၊ စာ ၂၄၆]

**သကလာဘိသိက်** – ဘိသိက် ၁၃ပါးကြည့်

**သကန္တနတ်** – မဟာပိန္နဲနတ်၏ ညီတော်ဖြစ်သော ကတ္တိကေယနတ် [**အုပ်ချုပ်**၊ တ၊ ၁၂၈]

**သကျမုနိ** *(ပါ)* – သာကီဝင်ဖြစ်သော မြတ်စွာဘုရား [**ဦးဟုတ်**၊ စာ ၉၄၀]

**သကျသာကီယ** *(ပါ)* – သကျသာကီဝင်မင်း [**ဦးဟုတ်**၊ စာ ၉၄၀]

**သကျင်မြို့** – ရွှေကျင်မြို့ဖြစ်မည်ဟု ယူဆကြ၏။ [**ဦးကုလား**၊ ပ၊ စာ ၂၈၈]

**သကျည်** – (၁) အမိုးတွင် စိုက်ထူအပ်သော အဆော် (၂) ပလ္လင်၊ သလွန်နှင့် ညောင်စောင်းတို့၏ ထောင့်စွန်းတွင် စိုက်ထောင်ထားသော အချွန်အတက်များ [**မြန်မှုင်**၊ ဒ၊ စာ ၃၂၃] "ရပ်စောင်းရပ်တည့်၊ သကျည့် ထောင့်ယွန်း၊ ပလ္လင်ဝန်းထက်" [**နေမိဘုံ**၊ စာ ၆၇]

**သဇီဝက** *(ပါ)* – အသက်ရှင်လျက်ရှိခြင်း [**ပါဠိဘီချုပ်**၊ စာ ၅၄၁] "သဇီဝကသည် နိဇီဝကသို့ဝ် ရောက်ကြောင်း" [ROB, I, p. 405]

**သဇင်ရွှေ** – ပန်းပွင့်၊ ပန်းနွယ်ပုံ ရစ်ခွေသွယ်တန်းလျက် ရေးခြယ်ထုလုပ်ထားသော အဆင်တန်ဆာ [**မြန်မာမှု**၊ ၄၊ စာ ဃ]

**သဇင်ရွှေလက်ရုံး** *(စောင်း)* – သဇင်ပန်းခက်၏ အထက်ပိုင်း ကွေးညွတ်နေသော ပုံသဏ္ဍာန်နှင့် ဆင်တူအောင် ပြုလုပ်ထားသည့် စောင်းကောက်၏လက်ရုံး [**စောင်း**၊ စာ ၄၅]

**သနိုင်း** *(မွန်)* – မှူးမတ်၊ [**ပေါစာန်**၊ စာ ၉၂]

**သညာသည်အစု** – တိုးနယားအက၊ ကိန္နရာအက တို့ကို ကပြ၍ သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ဘွဲ့၊ ကြိုးတို့ကို သင်ကြားသီဆိုကြရသော အစုအမှုထမ်း [**အုပ်ချုပ်**၊ စ၊ စာ ၂၀၄]

**သတိုး** – လုံ့လဝီရိယ၊ အစွမ်းသတ္တိ၊ ပညာအမြော်အမြင်တို့နှင့် ပြည့်စုံခြင်း (လုံ့လဝီရိယ အစွမ်းသတ္တိ ဉာဏ်ပညာနှင့်ပြည့်စုံသော မင်းမှူးမတ်တို့အား **သတိုး** တပ်သောဘွဲ့ကို အပ်နှင်းလေ့ရှိသည်။) [**လီနဗ္ဗ**၊ စာ ၃၂၀–၁]

**သတက်၊ သတိ** – ငွေဝယ်ကျွန်၏မြေး၊ ငွေဝယ်ကျွန်၏မြစ် (ငွေဝယ်ကျွန်မှ မွေးသောသားကို သပေါက်၊ သပေါက်မှ မွေးသောသားကို သတက်၊ သတက်မှ မွေးသောသားကို သတိဟုခေါ်သည်။) [**မနုကျယ်**၊ စာ ၁၉၁]

**သတောင်းလည်** – အဆောက်အအုံ၊ အရာဝတ္ထု၊ အသုံးအဆောင်တို့၏ ပတ်လည်တွင် ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းတဉ်း၊ ရွှေချည်ထိုးလက်ရာ တစ်ခုခု ဖြင့်ဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ လှပအောင် ရေးခြယ်ထုလုပ် ဆင်မြန်းထားခြင်း [**မြန်မှုင်**၊ ဒ၊ စာ ၃၃၈–၄၁] "ရွှေခြည်ရက်၍၊ နှစ်ဖက်အနား၊ ရွှေမြိတ်ထားလည်း၊ များများမရှည်၊ သံတောင်းလည်လျက်၊ အခြည်တွန့်တွန့်၊ အညွန့်ထွက်ထွက်၊ ခြူးရွက်ခြူးသီး၊ ရုပ်ကြီးရုပ်ငယ်၊ ခြယ်လှယ်သင့်မြတ်၊ မင်းသာဝတ်ဝတ်၍" [**နေမိမဠ္ဌိုး**၊ စာ ၈၆]

**သတြု** *(ကျောက်)* – *[ပါ၊ သတ္တု၊ သက်၊ ဂတြု]* – ရန်သူ၊ အန္တရာယ် [**ဦးဟုတ်**၊ စာ ၉၆၀] "ဖိုယ် အန်တရယ်က စသော သတြုခပ်သိမ်ပျောက်သော ဖွ္စ်ရယ်။ နှစ်လုံချံသာ။ ကိုဝ်ချံသာရသော ဖွ္စ်စိယ်ဇအ်" [၁၂၇၂-စုနှစ်ထိုး သျှင်ဖွားစဝ်ကျောက်စာ]

**သန** – သစ်ချွန်၊ ဝါးချွန် [**အုန်းအဘိဓာန်**၊ သ အက္ခရာ]

**သနထော်** –(၁) တောက်ပြောင်အောင် သနထော်ပင်၏ သစ်စေးသုတ်ထားသောစက္ကူ [ROB, X, p.130] (၂) စက္ကူပေါ်သုတ်လိမ်းလျှင် အဝါရောင်တောက်ပသည့် အစေးထွက်သော သနထော်ပင် [**ယုဒသန်**၊ စာ ၉၉၆]

**သနိသနဲ(သနိသနဲ)** – ခွဲခြမ်းစိတ်ဖြာသည်။ [**မြန်စာညွှန်း**၊ စ၊ စာ ၂၀၆ အောက်]

**သနီး** – အနီရောင်အသွေးရှိသောဆင်။ "ပေါင်းလောင်းတဘက်၌ တောဆင်ကိုခြံရံသည်။ သနီးသုံးအုပ်ရ၏" [**မှန်နန်း**၊ ၃၊ စာ ၁၆၅]

**သနဲ** *[ဟိန္ဒီ၊ ရှနဲ]* – နဲ့ [**မြန်မှင်**၊ ဖြည်၊ စာ ၂၆၁–၂] "ကြေးနင်းမောင်းလည်း၊ ခြောင်းခြောင်းဝှန်ကဲ၊ ကောင်းကဲကွဲမှု၊ သနဲပိတ်ကျူည်" [**နေမိဘုံ**၊ စာ ၁၃၄]

**သနင်း** – အထွတ်အမြတ်ပုဂ္ဂိုလ်၊ မင်း [**ယုဒသန်**၊ စာ ၉၉၆ နှင့် **မြန်စာညွှန်း**၊ ပ၊ စာ ၆၃ အောက်] "ခမည်းတော်ရင်း၊ သနင်းဓမ္မရာဇ်၊ မင်းကောင်းစစ်ဖြင့်၊ မင်းမြစ်မင်းမြေး၊ မင်းရင်သွေးလျှင်" [မင်္ဂလာစေတီ ၊ စာ ၈၅]

**သပေါက်** – ကျွန်မှမွေးသောသားသမီး [**မနုကျယ်**၊ စာ ၁၉၀]

**သပြာရိုး** – တံငါသည်အရပ်အကွက်ကို စီရင်အုပ်ချုပ်သောသူကြီးမျိုးရိုး [ROB, X, p. 130]

**သပြေ** –(၁) တောင်သို့ မျက်နှာမူသောအိမ်တွင် အနောက်တောင်ဘက်ထောင့်တိုင် (၂) သပြေပင် သပြေရွက် [ROB, X, p. 130]

**သပြေခံ** *(သဘင်)* – မင်္ဂလာရှိသော အခမ်းအနားတီးလုံး၊ အကြိုတီးလုံးတစ်မျိုး [**အောင်**]

**သပြေငါးရွာ** – မင်းတုန်းမင်း (၁၈၅၃–၇၈)က ကင်းဝန်မင်းကြီးအား အပိုင်စားပေးခဲ့သော သပြေငါးရွာ– (၁) သပြေပင် (၂) ခွေးမြှုပ် (၃) သိမ်ကုန်း (၄) မြစ်လှချောင် (၅) ထန်းတို ?

**သပြေသာ** *(တူရိယာ)* – နဲ့နှင့်ဆင်ဆင်တူ၍ သာယာသောအသံထွက်သည့် လေမှုတ်တူရိယာ [**မြန်မှင်**၊ ဖြည်၊ စာ ၂၆၃–၄] "ထီးမြှောက်စည်နှင့်၊ တံရှည်တံမြှာ၊ သပြေသာနဲ့ငယ်" [**ကုသ**၊ စာ ၁၁၄]

**သဖြန် (တဖြန်)** – (၁) အသံဖြန့်၍ သီဆိုရသော ဒွေးချိုးသီချင်း (၂) ရတ်တရက် ကောက်ကာငင်ကာ ဆိုရသော တောတောင်ဘွဲ့ သီချင်းတိုကလေး [**ရွှေဝတီ**၊ စာ ၁၁၆]

**သဘာဂ** *(ပါ)* – မဆန့်ကျင်သော သံဃာ၊ သဘောတူညီသောသံဃာ [**ဦးဟုတ်**၊ စာ ၉၇၉] "အုပ်ထုတ် ဒေါက်ချာကို ပယ်၍ ဝိသဘာဂအဖြစ်မှသည် သဘာဂသို့ဝင်၍ ကျင့်ဆောင်စေ" [ ROB, V, p. 496]

**သဘာဂကတိကဝတ်** – အပေါင်းအသင်းအဖြစ် ကတိထားခြင်း၊ သဘောထားချင်း တူညီသူအဖြစ် ကတိထားခြင်း [**ဦးဟုတ်**၊ စာ ၉၇၉] "ဆရာတော်တို့နှင့် သဘာဂ ကတိကဝတ် ရှိပြီးမှ သဘာဂမဟုတ်..." [ROB, V, p. 406]

**သဘင်နန်း** – အနောက်အတွင်းတော်တွင် ပွဲသဘင်ခံလျှင် သဘင်ရှုတော်မူရာ နန်းဆောင်၊ မြင်းခင်းကာလတွင် စက်ထိုးမြင်းရေးရှုတော်မူရာ နန်းဆောင်

**သဘင်လေးမျိုး** – (၁) အနိမ့်သဘင် (၂) အမြင့် သဘင် (၃) အတီးသဘင် (၄) အဆိုသဘင် [ROB, VIII, p. 382]

**သဘင်ဝန်** – သဘင်အက ဟူသမျှကို စိုးပိုင်စီရင်အုပ်ချုပ်ရသောဝန် (သဘင်ဝန်သည် ဇာဒင်၊ ဇာတ်ရိုက်ဇာတ်ဆင်၊ ဆေးကျမ်း၊ ပန်းပု၊ ပျို့ကဗျာ၊ တရားဓမ္မသတ်နှင့် ပိဋကတ်တော်တို့ကို တတ်ကျွမ်းသူဖြစ်ရသည်။) [ROB, VIII, p. 381]

**သမကဋ္ဋိဗန္ဓ** *(ပါ)* – သမပိုင်းဖုံ [ROB, X, p. 130]

**သမကောဏာသန** *(ပါ)* – ခြေနှစ်ချောင်းကို ဘေးတစ်ဖက်ဆီသို့ အစွမ်းကုန် ကားဖြန့်ဆန့်တန်းထားဟန် (ကိုယ်ခန္ဓာအောက်ပိုင်းတွင် ရောဂါဝေဒနာ ကင်းရှင်းသောသဘောကို ဆောင်သည်။) [**အာသန**၊ စာ ၁၃၂]

**သမဏသာရုပ္ပပါသာဒိက** *(ပါ)* – ရဟန်းတို့၏ တင့်တယ်မှုဖြင့် ကြည်ညိုဖွယ်ကိုဆောင်ခြင်း [**ဦးဟုတ်**၊ စာ ၆၆၈၊ ၉၈၁၊ ၁၀၂၉] "မြို့တွင်းရွာတွင်းသို့ ထွက် ဝင်သွားလာသည့်အခါတို့၌လည်း... သမဏ သာရုပ္ပပါသာဒိက ဖြစ်အောင် ထွက်ဝင်သွားလာခြင်း အမှုတို့ကို ပြုစေကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၂]

**သမာဓိမုဒြာ** *(ပါ+သက်)* – ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ရုပ်တုတွင် ခြေဖနောင့်နှစ်ခုပေါ်၌ လက်ယာလက်ဝါးကို လက်ဝဲလက်ဝါးပေါ်တွင် ထပ်၍ တင်ထားဟန် (သောကမီးငြိမ်းအေးလိုသူတို့ ကိုးကွယ် ပူဇော်သော မုဒြာဟန် ရုပ်တုဖြစ်သည်။) [**မုဒြာ**၊ စာ ၈၀–၁]



သမာဓိမုဒြာ

**သမာနသံဝါသက** *(ပါ)* – အပေါင်းအဖော်တူ၍ သံဃကံကို တစ်စုတစ်ဝေးတည်းပြုခြင်း [**ဦးဟုတ်**၊ စာ ၉၃၁၊ ၉၈၈]

**သမာနုတ္တာ** – မိဘနှစ်ပါး၏ အဆုံးအမကို မနာခံဘဲ မိဘကို ရန်သူကဲ့သို့ ကျင့်ကြံပြောဆိုသော သားသမီး [**မနုကျယ်**၊ စာ ၃၁၁]

**သမာပတ်** *(ပါ၊ သမာပတ္တိ)* – (ရှာန်) ဝင်စားခြင်း [**ဦးဟုတ်**၊ စာ ၉၈၉]

**သမားယောင်မောင်းထောင်** – သမားတု သမားယောင် သမားငယ်တို့က သူတစ်ပါးမြင်လျှင် သမားတော်ကြီးဟူ၍ ထင်မှတ်အောင် ဆေးထောင်းသည့် မောင်းကို ထူထောင်ထားသည်။ [**ဓိပ္ပလ္လာ**၊ စာ ၅၆]

**သမုတိထီး** –(၁) ဆင်ယာဉ် မြင်းယာဉ်တို့၌ ဆောင်းသောထီး (၂) ပလ္လင်၏ လက်ဝဲဘက်တွင် စိုက်ထူသော ထီးတော်လေးစင်းအနက် တစ်စင်းဖြစ်သော မင်းဆောင်းထီး [**ရှိုင်ရာသစ်**၊ ပ၊ စာ ၉၃]

**သမုတိသင်္ယာ** *(ပါ)* – သိမ်ဝင်၍ ဥတ္တိစတုတ္ထကမ္မဝါ ဖြင့် ရဟန်းအဖြစ် သမုတ်သောသင်္ယာ (သိမ၊ ပရိသ၊ ဥတ္တိ၊ ဝတ္ထု၊ အနုသာဝန ဟူသော သမ္ပတ္တိ ငါးပါးနှင့် ပြည့်စုံသော သင်္ယာ) [**အုပ်ချုပ်**၊ ၈၊ စာ ၂၀၇]

**သမဲ** – လုလင် [**မြန်စာညွှန်း**၊ ၈၊ စာ ၂၇၃ အောက်]

**သမဂ္ဂသမောဓာနသဘာဂရဟန်း** *(ပါ)* – သံဃအဖွဲ့ အစည်းနှင့် တပေါင်းတည်း ညီညွတ်သော ရဟန်း [**ပါဠိပဒ**၊ စာ ၄၂၀၊ ၆၁၂]

**သမင်ချို** – သမင်ချိုနှင့်တူအောင် တိုင်များကိုယှက်၍ စိုက်ထူထားသော အကာအရံ။ "တပ်ကို သုံးလုံးပြူး အခိုင်စိုက်၍ ကျုံးပတ်လည်နှင့် သမင်ချိုမြင်းတား၊ ဆင်ခလုတ်မြင်းခလုတ်ရံပြီးလျှင် … ဆူးငြောင့်အများစိုက်သည်" [**ကုန်းဆောင်**၊ ပ၊ စာ ၁၁၈]

**သမုဒ္ဒစာထီး** – အရိုးမပါဘဲ မျက်နှာကြက်ကဲ့သို့ ဆွဲကြက်သည့် ထီးဖြူ [**မေးတော်ဖြေ**၊ စာ ၁၉၁] (မင်း၏သလွန်တော်အထက်တွင် ဆွဲကြက်သော ထီးဖြစ်သည်။) [**ROB, I, p. 196**]

**သမန္တစက်** *(ပါ၊ သမန္တ စက္ခု)* – ထက်ဝန်းကျင်ကို နက်နဲစွာ မြင်နိုင်စွမ်းသောမျက်စိ [**ဦးဟုတ်**၊ စာ ၉၈၄] "သမန္တစက်၊ အမြင်နက်သား၊ ပွားတက် ပညာ" [**လောကာ**၊ စာ ၁၅၂]

**သမန္တရာဇ်** *(ပါ၊ သမန္တ + ရာဇ)* – ဝန်းကျင်ဒေသရှိ မင်း [**ဦးဟုတ်**၊ စာ ၈၁၂၊ ၉၈၃] "ထက်ဝန်းကျင် သမန္တရာဇ် မင်းအပေါင်းတို့၏ မကိုဋ်ဥဿျောင်" [**ကုန်းဆောင်**၊ ဒု၊ စာ ၁၈၅]

**သမိန်ထောလွှတ်တရ** *(မွန်)* – ဝင်စည်တော် တီးသည့်အသံ (**သမိန်ထော**မှာ **မင်းတရား**ဟု အဓိပ္ပာယ်ရသည်။ **လွှတ်တရ**မှာ **ဝင်တော့သည်**ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မင်းတရားကြီး ဝင်တော်မူပါတော့ဟု ဆိုလိုသည်။)

**သယောက်** – လင်မြှောင် [**မြန်စာန်း**၊ စာ ၃၆၆] "မယားဖြစ်သူမိနှောင်းသည် ဗေမိုးဆိုသူနှင့်… ပျော်မြူး ယွင်းဖောက် သယောက်အမြှောင်ထားရာ …" [**ကဝိဿနုဂံ**၊ စာ ၁၁၀]

**သယောင်လှေ (သူယောင်လှေ)** – ဦးပိုင်းတွင် ဓား၊ လှံ၊ တုတ်၊ ဒိုင်း၊ လေး လက်နက်တို့ကို ကိုင်ဆောင်ထားသော သူယောင်ရုပ်တုလုပ်ထား၍ ပွဲတွင် လှော်ကားပွဲသဏ္ဌာန် တည်ဆောက်ထားသောလှေ [**ရွှေဘုံ**၊ စာ ၇၀]

**သယမ္ဘူဉာဏ်** –ကိုယ်တိုင်ကျင့်ကြံ အားထုတ်သဖြင့် ဘုရား၊ ပစ္စေကဗုဒ္ဓါတို့ ရသောဉာဏ် [**ဦးဟုတ်**၊ စာ ၁၀၀၉]

**သရဏ** *(ပါ)* – ကိုးကွယ်ခြင်း [**ဦးဟုတ်**၊ စာ ၁၀၀၉] "သဒ္ဓါ ယုံကြည် တည်ကြည်သီလ သရဏနှင့် ဓမ္မတရား" [**ROB, I, p. 171**]

**သရပဉ္စ** *(အာရဗစ်၊ ဆရာပါ)* – ခေါင်းမှခြေအထိ ဖုံးလွှမ်းသော အဝတ်ကို ချုပ်လုပ်သည့် ဝိုးထည် [**မြန်ဖွင့်**၊ ဒု၊ စာ ၁၈၅]

**သရပတ်** *(ပရပတ်)* – ဘောင်တော်လှေတော်များ ရေမယိုအောင် ဖာထေးသောအမှုထမ်း [**ရွှေဘုံ**၊ စာ ၇၀]

**သရဖီပွင့်** – ဦးဆောင်းဖြစ်သော ဖောင်းတော်နှင့် မောက်ရှုတော်တွင် စီခြယ်သည့် သရဖီပွင့်ပုံ အဆင်တန်ဆာ [**အုပ်ချုပ်**၊ ၈၊ စာ ၁၂၅ နှင့် **မြန်မာမှု**၊ စာ ၈]

**သရဝဏ်နှစ်** – နှစ်အမည် (ကောဇာသက္ကရာဇ်ကို တည်၍ ၂–ခု နုတ်၊ အကြွင်းကို ၁၂ဖြင့် စားသောအခါ ၅ ကြွင်းသော နှစ်ဖြစ်သည်။ ကျောက်စာများတွင် သရဝဏ်နှစ်၊ သုဝဏ်နှစ်၊ သရဝန်နှစ်၊ သြဝန်နှစ်၊ သြဝန်နှစ်၊ သာရဝန်နှစ်ဟူ၍ ဖော်ပြသည်ကို တွေ့ရ၏။) [**မဟာမုနိ**၊ ပ၊ စာ ၄၁၀]

**သရီရဗျာပန** *(ပါ)* – ကိုယ်ကောင်ကို ဖုတ်ကြည်း သင်္ဂြိုဟ်ခြင်း [**ဦးဟုတ်**၊ စာ ၁၀၁၁]

**သရီရဓာတ်** *(ပါ၊ သရီရဓာတု)* – မြတ်စွာဘုရား၏ ကိုယ်တော်မှဖြစ်သော စွယ်တော်စသော ဓာတ် မြတ် [**မြန်စာညွှန်း**၊ ပ၊ စာ ၅]

**သရေစည်သူ** *(ပါ၊ သိရီဇေယျသူရ)* – ဘုန်းကျက်သရေရှိ၍ ရန်အပေါင်းကိုအောင်မြင်သည့် သူရသတ္တိရဲဝံ့ခြင်းနှင့် ပြည့်စုံသူ [**ဦးဟုတ်**၊ စာ ၄၁၉၊ ၁၀၃၇၊ ၁၀၆၄]

**သရေအိုးသည်** – မိုးခေါင်သဖြင့် လယ်ယာအသီးအနှံ ခြောက်ခန်းရှားပါး၍ ငတ်မွတ်ခေါင်းပါးသော ဘေးကြီးဆိုက်ရောက်သည်။ "၁၉၃၀–၃၁ခုနှစ်ထဲမှာ… နယ်ထိုးကြီးမြို့နယ်မှာ သရေကြီးခိုင်းပါတယ်။ မကြုံဘူး အောင်ငတ်မွတ်ခေါင်းပါးတာကို အညာအခေါ်နဲ့ ပြောတာပါ" [**ကျွန်တော်မြို့ရှိ**၊ စာ ၁၃၄နှင့် **မြန်မှုဝိုင်း** ပြည်၊ စာ ၂၆၉–၇၃]

**သရက်ကင်း** (ဗိသုကာ)– သရက်သီးအကင်း၏ ပုံသဏ္ဌာန် ပြုလုပ်ထားသော အဆင်တန်ဆာ

**သရက်ကင်းမျဉ်းနားဓာဖောက်ပန်းတပ်** – သရက်ကင်းပုံ အတန်းလိုက် အနားသတ်ဖော်၍ ဓာဖောက် ပန်းတပ်

**သရက်ကင်းလှေကား** – ခြေရင်းထိပ်တစ်ဖက်တစ်ချက်တွင် သီးကင်းစ သရက်သီးပုံသဏ္ဌာန် ပြုလုပ်ထားသော လက်ရန်းပါသည့်လှေကား



သရက်ကင်းလှေကား

**သရက္ခန်** *(ပါ၊ သာရက္ခ)* – စန္ဒကူး (ပင်စည်၏အနှစ်မရရှိအပ်သော နံ့သာတုံး) [**ဦးဟုတ်**၊ စာ၁၀၂၇]

**သရက်ထည်** – အပွင့်ရိုက်ချည်ထည် [**လန်ဒန်သွား**၊ ပ၊ စာ ၂၄၅ နှင့် **ယုဒသန်**၊ စာ ၁၀၀၈] "သံအမတ်ကြီးအဆောင်ရဲကို … သရက်ထည်အုပ်တစ် … ပေးတော်မူသည်" [**ကုန်းဆောင်**၊ ဒု၊ စာ ၄၆]

**သရက်ပြောင်း** *(အင်္ဂလိပ်)* – သရက်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့သော ကာနယ်ဟော်ရေ့စ်အယ်လဗတ် ဗရောင်း (Col. Horace Albert Browne)

**သရဇ္ဈာယ်** *(ပါ၊ သရ+ အဇ္ဈာယ)* – နှုတ်ဖြင့်ရွတ်ဆို ခြင်း [**ဦးဟုတ်**၊ စာ ၁၉၊ ၁၀၀၉]

**သလာကဘတ်** *(ပါ၊ သလာကဘတ္တ)* – စာရေးတံ ဆွမ်း [**ဦးဟုတ်**၊ စာ ၁၀၁၃] "ဝါခေါင်လပြည့်ကျော် ရှစ်ရက် ဗုဒ္ဓဟူးနေ့ သလာကဘတ် စားရေးတံ လှူတော်မူသည်" [**ကုန်းဆောင်**၊ ပ၊ စာ ၅၄၇] "သလာကဘတ် စာရေးတံဆွမ်း လှူတော်မူသည်" [**ကုန်းဆောင်**၊ ဒု၊ စာ ၂၂၉]

**သလေး** – ဟေမန္တ ရတု (နတ်တော်လနှင့် ပြာသိုလ) တွင် အသီးဖြစ်ထွန်းသော ကောက်ကြီးမျိုးဝင်စပါး

**သလင်း** –ဖြူသောအရောင်အဝါ [**တွင်းသင်းဖေါ်**၊ စာ၉၂]

**သလင်းစီတ်** *(သလင်းထောင်ပြည့်)* – မင်းခမ်းဝင်လင်ပန်းတွင် ကြာဖက်ကြီးနှင့် ကြာဖက်ငယ်ပုံ တို့ကို တစ်လှည့်စီရောစပ် ပုံဖော်ထားသော အခြယ် အလှယ် [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၆၁]

**သလင်းတောင်** – မင်းခမ်းတော် ကွမ်းအုပ်နှင့် သလွန်တို့တွင် ကြာဖက်သဏ္ဌာန် ခြယ်လှယ်ထုလုပ်ထားသော အဆင်တန်ဆာ [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၆၁]

**သလုံးမြင်းခေါင်း** – ခြေသလုံး [**ဓိပ္ပလ္လာ**၊ စာ ၃၀၉]

**သလွဲ** *(မွန်၊ သ္လဲယ်)* – ခဲသတ္တု (သလွဲစင်– ခဲမဖြူ) [**ဓိပ္ပလ္လာ**၊ စာ ၃၀၉ နှင့် **ဦးပုည**၊ စာ ၁၁၂ အောက်]

**သလွန်တော်** – အုံးတားတွင် ပန်းကပ်ထား၍ ခြေလေးချောင်းကို ငုက်ခြေပုံဖော်ပြီး မှန်စီရွှေချထားသော ခုတင် [**မြန်မာမင်း**၊ စာ ၁၅၉]။ ငှက်၊ ဝက်၊ ဘီလူး၊ ဖူး၊ ရှုးပျံ၊ ကျားတို့၏ ခြေတစ်ချောင်း စီပုံဖော်ထားသော ခြေခြောက်ချောင်းတပ်၍ အလျား ခုနစ်တောင်၊ အနံခုနစ်တောင်ရှိသော ခုတင်ကြီး [**ရွှေဘို**၊ စာ ၄၃]

**သဝါသန** *(ပါ)* – လူသေပုံကဲ့သို့ ပက်လက်လန်၍ လဲနေဟန် (အမောပြေစေသော သဘောကို ဆောင်သည်။) [**အာသန**၊ စာ ၁၃၄]

**သဝိညာဏက** *(ပါ)* – အသက်ရှိသောပစ္စည်း [**ဦးဟုတ်**၊ စာ ၁၀၁၅] "သဝိညာဏကဖြစ်သော ငါတို့မှာမူကား ဆိုဖွယ်မရှိ" [**ကုန်းဆောင်**၊ ပ၊ စာ ၃၉၈]

**သဝန်** *(ပါ၊ သဝန်၊ သုဝဏ္ဏ)* (၁) နာခံတတ်သော၊ ကြားလျှောက်တတ်သော (၂) လုပတင့်တယ်သော (၃) သဝန်စာ [**သဝန်**တပ်ဘွဲ့မည်တို့မှာ **ရာဇသဝန်**၊ **သဝန်လက်ျာ**၊ **သဝန်ကြီး**၊ **သဝန်ငယ်** စသည်တို့ ဖြစ်သည်။] [**လီနတ္ထ**၊ စာ ၃၆၂–၃]

**သဟောထ** – ဝယ်ယူမွေးစားသော သားသမီး [**မနုကျယ်**၊ စာ ၃၁၀]

**သဟောဒါ** *(ပါ၊ သဟောဒရ)* – ဥစ္စာဖြင့် ဝယ်ယူရရှိသော သား [**မနုဓမ္မ**၊ စာ ၂၁]

**သဟာတ္တက** – လင်မပေးစားဘဲ ကိုယ်ဝန်ရှိ၍ ရသော သား [**သုံးဆဲ့ခြောက်**၊ စာ ၅၃]

**သဟန်** – ပိုးထည်တစ်မျိုး [**ဦးကုလား**၊ ၁၊ စာ ၂၇၃ အောက်]

**သာခါနက** *(ကျောက်) (ပါ၊ ဝင္ကခါဏ)* – ငရဲသစ်ငုတ် [မရွေ့မပြောင်းဘဲ တစ်နေရာတည်းတွင် ခံစားနေရသောငရဲ] [**ဦးဟုတ်**၊ စာ ၃၄၇၊ ၈၄၃] "ဖုရာတကာ ချတ်ရွယ် မချတ်နိုင်သော သာခါနက ငြယ် သစ်ငုတ်" [**၁၃၀၅ ခုနှစ်ထိုး သူကြွယ် ငွေညီရသင် ကျောက်စာ/** ၁၂–၁၃]

**သာချင်း** – ရှေးအဖြစ်အပျက် အကြောင်းအရာများကို သာယာချေင်စွာ ဖွဲ့ဆိုထားသောကဗျာ [**စာပေသမိုင်း**၊ စာ ၁၀၉]

**သာစွာ** – ငွေစင်ငွေကောင်း၊ ငွေခဲ [**ပေါ်စာန်**၊ စာ ၃၉၁]

**သာပတ္တိက** *(ပါ)* – အာပတ်သင့်သောရဟန်း [**ဦးဟုတ်**၊ စာ ၁၀၂၅] "တပည့်ပရိသတ်တို့ကို သာပတ္တိက အနာပတ္တိက စသော ဝိနည်းအဆုံးအဖြတ်နှင့်တကွ ပြသ ဆုံးမ လောက်အောင် ဥဘတောဝိဘင်းကို လေ့ကျက်ကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၀]

**သာမုက္ကံသိက** *(ပါ)* – မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူအပ်သော၊ ထူးမြတ်လွန်ကဲသော [**ဦးဟုတ်**၊ စာ ၁၀၂၇] "သာမုက္ကံသိက ပါဠိစနဖြစ်သော မြတ်စွာဘုရား၏ နှုတ်တော်မြွက် ပိဋကတ်သုံးပုံ" [**လွှတ်တော်မှတ်**၊ စာ ၁၃]

**သာမန္တရာဇ်** *(ပါ၊ သာမန္တ ရာဇ)* – ပြည်နီးချင်းမင်း၊ ဝန်းကျင်ဒေသကို အစိုးရသောမင်း [**ဦးဟုတ်**၊ စာ ၁၀၂၆]

**သာရကာမျိုး** – စော်ဘွားမြို့စား ဝန် စစ်ကဲတို့အား သစ္စာတော်ရေတိုက်ရန် နားထောက်နားခံ ငယ်သားတို့ကို ကြပ်မကွပ်ကဲရသော အကြီးအမှူး [ROB, I, p. 151]

**သာရကမ္ဗာ** – ဘုရားတစ်ဆူသာ ပွင့်သောကမ္ဘာ [**ရှိုင်ရာသစ်**၊ ၁၊ စာ ၁၃]

**သာရကျစ်** *(အီတလီ)* – ဆာကစ်မနု(ခ) [Sarkies Manook] [ROB, VIII, p. 491]

**သာရဏီယ** *(ပါ)* – အောက်မေ့ဖွယ် [**ဦးဟုတ်**၊ စာ ၁၀၂၈] "ပြည်ကြီးနှစ်ပြည် မဟာမိတ်အဖြစ် ခြေင် သာယာစွာ သာရဏီယ၊ သမ္မောဒနီယ မင်းထိုက် စိုးတန် စကားများပါသည်" [**ကုန်းဆောင်**၊ ၃၊ စာ ၃၅၅]

**သာရဗိမာန်လှေ** – သစ်ကြောအဆင့်ဆင့်ရှိသော သစ်ဖြင့် ဘုံဗိမာန်ကဲ့သို့ ထူးဆန်းတင့်တယ်စွာ စီရင် တည်ဆောက်ထားသောလှေ [**ရွှေဘုံ**၊ စာ ၆၅]

**သာရမဏ္ဍကမ္ဘာ** – ဘုရားလေးဆူပွင့်သောကမ္ဘာ [**ရှိုင်ရာသစ်**၊ ၁၊ စာ ၁၃]

**သာလကြမ်းကျောက်** – ပုဏ္ဏားတို့ ပူဇော်ကိုးကွယ်သော ကျောက် [**မေးတော်ဖြေ**၊ စာ ၆၅၁–၂]

**သာလိကာလှေ** – ရှေးအခါက သာလိကာငှက် နား သော အကိုင်းအပင်ဖြင့် စီရင်တည်ဆောက်ခဲ့ သော လှေဖြစ်၍ သာလိကာလှေဟု ဆက်လက် ခေါ်ဝေါ်ခဲ့သောလှေ (ထိုလှေ၏ဦးတွင် သိကြား နတ်မင်း ခရုသင်းကိုင်သည့် အရုပ်ကို စီရင်၍ ပဲ့တွင် ဗြဟ္မာရုပ် စီရင် ထုလုပ်ထားသည်။) [**ရွှေဘုံ**၊ စာ ၆၆]

**သာလူ** *(ဟိန္ဒီ)* – ကမ္ဗလာနီ၊ နှင်းဆီရောင် သို့မဟုတ် ပန်းရောင်တွင် အပွင့်ဖော်ထားသော အထည် [**မြန်မွှင်**၊ ၃၊ စာ ၃၂၀]

**သာသနဒါယဇ္ဇ** *(ပါ၊ သာသန+ ဒါယဇ္ဇ)* – သာသနာ့အမွေခံ [**ဦးဟုတ်**၊ စာ ၄၆၆၊ ၁၀၃၁]

**သာသနပစ္စတ္တိကအဓမ္မဝါဒီ** *(ပါ)* – သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော မသူတော်ဝါဒရှိသည့် ပုဂ္ဂိုလ် [**ဦးဟုတ်**၊ စာ ၄၃၊ ၅၆၂၊ ၈၆၃၊ ၁၀၃၁]

**သာသနဝံသ** *(ပါ)* – သာသနာတော်အစဉ်အဆက် [**ဦးဟုတ်**၊ စာ ၈၃၉၊ ၁၀၃၁]

**သာသနာတော်ကွယ်ခြင်းအကြောင်းငါးပါး** –(၁) စာပေ ကျမ်းဂန် ပိဋကတ်ကွယ်ခြင်း (၂) ကျင့်ကြံ အားထုတ်ခြင်းဟူသော ပဋိပတ်ကွယ်ခြင်း (၃) မဂ်ဖိုလ်ဟူသော ပဋိဝေဓကွယ်ခြင်း (၄) ရဟန်း အသွင်အပြင်ကွယ်ခြင်း (၅) ဘုရားရှင်၏ ကိုယ်တော်မဖြစ်သော ဓာတ်တော် မွေတော်ကွယ်ခြင်း [**မေးတော်ဖြေ**၊ စာ ၅၄၂]

**သာသနာတော်မြတ်သုံးပါး** – မြတ်စွာဘုရား၏ သာသနာတော်မြတ်သုံးရပ် (၁) ပရိယတ္တိ– ပိဋကတ်စာပေ သင်ကြားခြင်း (၂) ပဋိပတ္တိ– ကျင့်ကြံအားထုတ်ခြင်း (၃) ပဋိဝေဓ– ရှာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိခြင်း [**မေးတော်ဖြေ**၊ စာ ၃၃၆] "သဗ္ဗညုရှင်တော်ဘုရား သာသနာတော် မြတ်သုံးပါးကို အတိုင်းထက်အလွန် စည်ပင်ထွန်းလင်းစေကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၁၃]

**သာသနာနုဂ္ဂဟ** *(ပါ၊ သာသန်+အနုဂ္ဂဟ)* – သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခြင်း [**ဦးဟုတ်**၊ စာ ၆၂၊ ၁၀၃၁]

**သာသနာနှစ်** – ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချိန်မှစ၍

ရေတွက်ခဲ့သောနှစ် (ဘိုးတော်အဋ္ဌန ဖြိုကြွင်းနှစ် ၁၄၈–ကို ပထမနှစ်(၁နှစ်)ပြု၍ စတင်ရေတွက်ခဲ့သော နှစ်) [ရခိုင်ရာသစ်၊ ပ၊စာ၁၀၂–၃](သာသနာနှစ်ကို သိလို လျှင် ကောဇာသက္ကရာဇ်တွင် ၁၁၈၂–ကို ပေါင်းရသည်။ ခရစ်နှစ်တွင် ၅၄၄– ကို ပေါင်းလျှင်လည်း သာသနာနှစ် ကို ရသည်။) "သက္ကကောဇာ၊ တည်ပြီးခါဝယ်၊ တစ် တစ်ရှစ်နှစ်၊ နှောတုံလစ်က၊ တိတ်ဖြစ်သာသနာ၊ မှတ်ကြရာ၏" ဟူသော လင်္ကာရှိသည်။

**သာသနာပိုင်** – သာသနာရေး၊ သာသနာမှုနှင့် စပ်လျဉ်း သမျှ ဆုံးမစီရင်ရန် ရှိသည်များကို လည်းကောင်း၊ သံဃာတော်အပေါင်းကိုလည်းကောင်း အုပ်ချုပ် စီရင် ရသော သာသနာ့အာဏာပိုင် ဆရာတော်ကြီး။ "မုနိန္ဒာ ဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇာ ဂုရုဆရာတော် ကို ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်း သုံးနေသည့် သဃာတို့တွင် စီရင်ဆုံးမရန် ရှိသမျှ သာသနာရေးကို ဝိနည်းဓမ္မဂန်နှင့်အညီ စီရင်ဆုံးမစိမ့် မည် သာသနာပိုင် အပ်တော်မူသည်" [ROB, VIII, p. 374] သာသနာပိုင်ဆရာတော်ကိုပင် သာသနာပြု ဆရာတော်ဟုလည်း ခေါ်သည်။ [ROB, VIII, pp. 657-8] ကုန်းဘောင်ခေတ် ပဒုံမင်းလက်ထက် (၁၇၈၂– ၁၈၁၉) တွင် သာသနာတော်ပိုင် ဆရာတော်လေးပါး ခန့်ထားခဲ့သည်ဟုဆို၏။ [သာသနာ၊ စာ ၁၉၇]


**သာသနာပြုဆရာတော်** – ကုန်းဘောင်ခေတ်တွင် သာသနာ တော် ဖွံ့ဖြိုးတိုးတက်စေရန် သာသနာတော်ရေး နှင့် စပ်လျဉ်းသမျှ စီရင်ဆုံးမရန်ရှိသည်တို့ကို ထိန်းသိမ်း အုပ်ချုပ် စီရင်ဆုံးဖြတ်ရန် အာဏာ နှင်းအပ်ခြင်း ခံရသော ဆရာတော်ကြီး [ROB, V, p. 393, ROB, VIII, pp. 657, 767] နှင့် [ROB, IX, p. 338] သာသနာပြု ဆရာတော်သည်ပင် သာသနာပိုင် ဆရာတော်ဖြစ်သည်။ [ROB, VIII, pp. 657-8] "သာသနာပြု ဆရာတော်ကြီးထံ ဖယ်ရာနှင့် အင်္ဂလိပ် အရာရှိတို့ အဖူးအမြော်သွားကြပြီးလျှင် နှစ်တိုင်း နှစ်ပြည် ဆင်းရဲသားကုန်သည်တို့ အကျိုးဖြစ်အောင် မေတ္တာစာ ဆက်သွင်းပါမည့်အကြောင်းနှင့် လျှောက် ထားသည်တွင် သာသနာပိုင် ဆရာတော်ဘုရားက စာဆက်သွင်းသောကြောင့် နှစ်တိုင်းနှစ်ပြည် ဆင်းရဲသား ကုန်သည်တို့ အကျိုးစီးပွား ဖြစ်ထွန်းအောင် အမိန့်တော် နှင့် စာချုပ်ထားစေ၏" [ကုန်းဘောင်၊ တ၊ စာ ၃၀၅]

ပဒုံမင်း(၁၇၈၂–၁၈၁၉) လက်ထက်တွင် သာသနာပြု ဆရာတော်လေးပါး ရှိခဲ့သည်။ [ရွှေဝတီ၊ စာ ၄၈]

**သားဖျား** – မွေးစားသောသား [မနုဓမ္မ၊ စာ ၂၀]

**သားရိုးကိုင်** – လူသို့မဟုတ် တိရစ္ဆာန်တို့၏ အရိုးကို မီးရှို့ပြာချပြီး သစ်စေးနှင့် ရောနှောကြိတ်နယ်၍ ဝါးထည်၊ သစ်ထည်ပေါ်တွင် သုတ်လိမ်းမွမ်းမံကာ ခြူးပန်းခြူးနွယ်၊ နဂါးလိမ်စသည့် ပုံအမျိုးမျိုး ဖော်ခြင်း [အုပ်ချုပ်၊ ပ၃၊ စာ ၆၀]

**သားရုပ်ငှက်ရုပ်ရဲလှေ** – ခြင်္သေ့၊ တိုး၊ ကရဝိက်၊ စာမရီ၊ ဇော် စသော တိရစ္ဆာန်ရုပ်များဖော်လျက် တည်ဆောက် ထားသော စစ်လှေများ [ရွှေဘုံ၊ စာ ၈၁]




သားရုပ်ငှက်ရုပ်လှေ

**သားသမီးဝတ်ငါးပါး** – သားသမီးများက မိဘတို့အား ပြုစုရသည့် ဝတ်တရားငါးပါး:– (၁) မိဘနှစ်ပါးအား လုပ်ကျွေးသမှုပြုရခြင်း (၂) အလုပ်အကိုင်များကို ဦးစီး၍ လုပ်ကိုင်ရခြင်း (၃) မိဘနှစ်ပါး၏ ဆိုးမွေ ကောင်းမွေကို ခံယူရခြင်း (၄) အလှူဒါန ပြုသောအခါ မိဘနှစ်ပါးအား အမျှပေးဝေရခြင်း (၅) မိမိ၏ အမျိုး အနွယ်ကို စောင့်ရှောက်ရခြင်း [ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ] [အုပ်ချုပ်၊ ပ၊ စာ ၂၂၄–၅]

**သိကြားပေါက်** – ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင်

တတိယဘုံ၏ မြောက်ဘက်မျက်နှာ၌ ဖောက်ထားသော အပေါက် (ထိုအပေါက်ကို **မင်းဘုန်းပေါက်** ဟုလည်း ခေါ်သည်။) [**ရွှေဘုံ၊** စာ ၃]

**သိန္ဒုသိနေဟမေတ္တာ** *(ပါ)* – သိမ်မွေ့နူးညံ့သော ချစ်ခြင်းမေတ္တာ။ "သိန္ဒုသိနေဟမေတ္တာ ချစ်ကြည်ခြင်းဖြင့်" [**မေးတော်ဖြေ၊** စာ ၅၇၉]

**သိလက်** *(သိလပ်)* – ဆိလက် (Silhet) [**အုပ်ချုပ်၊** တ၊ စာ ၁၆၈]

**သိသိရှုပ်ရှုပ်** – စိစိညက်ညက်ကြေအောင်၊ ရှုပ်ရှုပ်ချုံချုံ [**ဦးပုည၊** စာ ၄၂၊ ၁၁၈ အောက်] "သူရဲတော်တို့ ဆင်ပါမြင်းပါ သိသိရှုပ်ရှုပ် ဘိစီးတိုက်ပြန်လေလျှင် တရုတ်မိုလ်မှူး ရည်တာလောရဲ ကျလေသည်" [**ကုန်းဘောင်၊** ပ၊ စာ ၄၁၄]

**သီတကဋိဗန္ဓ** *(ပါ)* – အအေးပိုင်းခံ [**ROB**, X, p. 130]

**သီတဝ** – နရားရုပ်ခြေလေးချောင်းခံ၍ ပြုလုပ်ထားသော ခုတင် [**မြန်မာမင်း၊** စာ ၁၅၉]

**သီတင်း** –(၁) အဝတ်အထည်ကို အနီရောင်ဆေးဆိုးရာတွင် အသုံးပြုသော သီတင်းပင်၏ အစေ့ [**ယုဒသန်၊** စာ ၁၀၂၇] (၂) ပြည့်စုံသောသီလ၊ ရက်သတ္တတစ်ပတ် [**မြန်စာန်၊** စာ ၃၇၀]

**သီရိ** *(ပါ၊ သီရိ)* – ဘုန်းကျက်သရေရှိသော [**ဦးဟုတ်၊** ဒု၊ စာ ၁၀၃၇]

**သီရိသေဋ္ဌဘဝအဂ္ဂရာဇာ** *(ပါ)* – ကျက်သရေရှိ၍ မြင့်မြတ်သော ဘဝပိုင်ရှင်ဖြစ်သည့် မြတ်သောမင်း [**ဦးဟုတ်၊** စာ ၈၊ ၈၁၂၊ ၇၂၆၊ ၁၀၃၇၊ ၁၀၆၅] "သီရိ သေဋ္ဌဘဝ အဂ္ဂရာဇာ ဖြစ်တော်မူသော မင်းတရားကြီး ဆရာတော်" [**မေးတော်ဖြေ၊** စာ ၅၇၉]

**သီရိသမ္ပတ္တိ** *(ပါ)* – ကျက်သရေမင်္ဂလာနှင့် ပြည့်စုံခြင်း [**ဦးဟုတ်၊** စာ ၉၉၈၊ ၁၀၃၇] "တက်သစ်သော နေလုလင်၊ ဆန်းသစ်သောလကဲ့သို့ သီရိသမ္ပတ္တိတို့သည် ကိုယ်တော်မြတ်၌ အမြဲတည်သည် ဖြစ်၍ ... " [**ကုန်းဘောင်၊** ပ၊ စာ ၁၉၃]

**သီလဝိသုဒ္ဓိ** *(ပါ)* – သီလ၏စင်ကြယ်ခြင်း [**ဦးဟုတ်၊** စာ ၉၀၈၊ ၁၀၄၁] "အကျင့်၊ အာစရ သီလဝိသုဒ္ဓိ ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့ကို ရွေးချယ် စိစစ်၍ သာသနာပြုအပ်မြဲဖြစ်သည်" [**ROB**, IX, p. 916]

**သီလဝန်ဂုဏဝန်** *(ပါ၊ သီလဝန္တ ဂုဏဝန္တ)* – သီလရှိခြင်း၊ ဂုဏ်ရှိခြင်း၊ သီလရှိသော ပုဂ္ဂိုလ်၊ ဂုဏ်ရှိသော ပုဂ္ဂိုလ် [**ဦးဟုတ်၊** စာ ၃၆၈၊ ၁၀၄၁ နှင့် **ဦးပုည၊** စာ ၅] "သီလဝန်၊ ဂုဏဝန်နှင့် ပြည့်စုံတော်မူသော သခင်မြတ်တို့အား အပ်၍ ကိုးကွယ်ရ၏" [**မှန်နန်း၊** ပ၊ စာ ၈၄]

**သီလဝန္တ** *(ပါ)* – သီလရှိသော ပုဂ္ဂိုလ်၊ သီလရှိခြင်း [**ဦးဟုတ်၊** စာ ၁၀၄၁]

**သီလာစန္ဒနပင်** – မင်းကွန်းစံနန်းတော်တည်ရာ အလယ်ကျွန်းတွင် စိုက်ပျိုးထားသော သီလာစန္ဒနခေါ် ပင်မြင့်ကြီး။ "အလယ်ကျွန်း စံနန်းတော်မြောက်ဝယ် သီလာစန္ဒနပင်ကလည်း ထိုအတူ ရေထွက်သည်" [**ကုန်းဘောင်၊** ဒု၊ စာ ၁၈၇-၈]

**သီဝိရဋ္ဌတိုင်း** – သိန္နီမြို့ တည်ရာဒေသ [**ROB**, VIII, pp. 543, 562]

**သီသံမျှော့သံ** – ပျဉ်ချပ်များကို သီသောသံနှင့် ခိုင်မြဲအောင် ဖွဲ့ရိုက်ကုပ်တွယ်သောသံ [**ယုဒသန်၊** စာ ၈၀၉၊ ၁၀၁၃၊ ၁၀၂၆ နှင့် **လေ့၊** စာ ၅၂]

**သီဟကဏ္ဏမုဒြာ** *(ပါ+သက်)* – ခြင်္သေ့၏ နားရွက်ပုံသဏ္ဌာန်နှင့်တူအောင် လက်ချောင်းကလေး များကို ကွေး၍ပြထားဟန် (ကဋ္ဋကဟတ္ထဟုလည်း ခေါ်သည်။ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်လိုသူ၊ ရန် အပေါင်းကို အောင်မြင်လိုသူတို့သည် ဤမုဒြာဟန် ရုပ်တုတော်ကို ကိုးကွယ်ကြသည်ဟု ဆို၏။) [**မုဒြာ၊** စာ ၈၁]



သီဟကဏ္ဏမုဒြာ

**သီဟစာရီ** *(ပါ)* (၁)မြတ်သောအကျင့်ရှိခြင်း (၂)အမှုကြီးငယ်တို့ကို လုံ့လထုတ်၍ ဆောင်ရွက်ခြင်း [**ဦးဟုတ်၊** စာ ၃၈၈၊ ၁၀၄၃]

**သီဟစာသွားခြင်း** *(နက္ခတ်)* – ကောင်းကင်ရှိ ဂြိုဟ်

များသည် လ၊ ရက် အချိန်မစေ့သေးဘဲ ခြသေ့် ကဲ့သို့ ရှေ့ရာသီသို့ ခုန်၍ပြောင်းခြင်း။ "အနိစ္စ ရောက်တော်မူ လိုသော် ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး သီဟဇာသွား၏" [**မှန်နန်း**၊ ၃၊ စာ ၁၈၂]

**သီဟဠ** – သီဟိုဠ် (ယခု သီရိလင်္ကာနိုင်ငံ) [**သမန္တစက္ခု**၊ ၃၊ စာ ၈၇၊ ၉၈]

**သီဟာသန** *(ပါ)* –(၁) ခြေနှစ်ချောင်းကို ကန့်လန့်ဖြတ် တစ်ခုပေါ်တစ်ခုထပ်၍ ပေါင်ရင်း တစ်ဖက်စီ ပေါ်တွင် ခြေဖဝါးများ တင်ထားပြီး လက်နှစ်ဖက်ကို ရှေ့မြေကြီး ပေါ်သို့ လှမ်းထောက်ကာ ခြသေ့်ထိုင် ရင်ကော့၍ ထိုင်နေဟန် [လောကဓံတရားကို ကြံ့ကြံ့ ခံနိုင်သော သဘောကိုဆောင်သည်။] (၂) ခြသေ့်ခံပလ္လင် [**အာသန**၊ စာ ၁၃၆]

**သုကန္တရာ** – ပန်းခက်ပါသော ပိတ်ချော၊ ပိုးချော ပဝါ တစ်မျိုး [**ဦးကုလား**၊ ပ၊ စာ ၂၇၃ အောက်]

**သုခမိန်** *(ပါ၊ သုခမိန္ဒ)* – ပညာရှိ၊ အသိအမြင် ကြီးမား ထက်မြက်သူ (သုခမိန္ဒ– ချမ်းသာကို ခံစားတတ်သော ပုဂ္ဂိုလ်) [**ညွှန့်**] ရင့်ကျက်သောပညာရှိ၊ ပဏ္ဍိတ [**မြန်မွှင်း**၊ ၃၊ စာ ၃၅၀]

**သုခသံဝတ္တနိက** *(ပါ)* – ချမ်းသာစွာ အသက်မွေးခြင်း [**ဦးဟုတ်**၊ စာ၉၃၀၊၁၀၄၅] "ဘုန်းတော်ကြီးခြင်း၊ သက်တော် ရှည်ခြင်း စသော ဒီဃာယုက၊ သုခ သံဝတ္တနိက ဒိဋ္ဌဓမ္မအကျိုးနှင့်တကွ နိဗ္ဗာန်တိုင်အောင်သော အကျိုး ထူးကို ပေးစွမ်းနိုင်သော..." [**လွှတ်တော်မှတ်**၊ စာ ၁၉၄]

**သုခါသန** *(ပါ)* – လက်ဝဲခြေကို ကွေး၍ ထိုင်ခုံပေါ်တွင် လှဲချထားပြီး လက်ယာခြေကို ကွေး၍ ဒူးထောင် ထိုင်ကာ ထိုဒူးပေါ်တွင် လက်ယာလက်ကို ဆန့်တန်း လျက် တင်ထားဟန် (ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသော သဘောကို ဆောင်သည်။) [**အာသန**၊ စာ ၁၃၈]

**သုဂတိဘုံ** *(ပါ၊ သုဂတိ+ဘူမိ)* – ကောင်းမှုပြုသော သူတို့ ရောက်ရှိရာဘုံ [**ဦးဟုတ်**၊ စာ ၁၀၄၈]

**သုဂန်ပုဆိုး** *(သုဂန္ဓ+ ပုဆိုး)* – မွှေးကြိုင်သော ပုဆိုး "ပန်းနှစ်ပုဆိုး၊ သုဂန်ပုဆိုး၊ ဖဲပုဆိုး ဝတ်ဆင်သည်" [**အင်ရုံ**၊ စာ ၂၉၄]


**သုတကာမ** *(ပါ)* – အကြားအမြင်ကို လိုချင်တောင့်တ ခြင်း [**ဦးဟုတ်**၊ စာ ၃၀၆၊ ၁၀၅၀]

**သုတဂမယ** *(ပါ)* –ကြားသိပြီးခြင်း [**ဦးဟုတ်**၊ စာ၇၆၀၊ ၁၀၅၀]

**သုတသန္နိစယ** *(ပါ)* – အကြားအမြင်ကို ဆည်းပူးခြင်း [**ဦးဟုတ်**၊ စာ ၉၇၁၊ ၁၀၅၀]

**သုတိစ္ဆိတ** *(ပါ၊ သုတ+ဣစ္ဆိတ)* – အကြားအမြင်ကို လိုလားသည်။ [**ဦးဟုတ်**၊ စာ ၁၉၀၊ ၁၀၅၀]

**သုဓမ္မာဇရပ်** – မှန်မြတ်သော တရားစာတို့ကို နာယူရန်၊ ပထမပြန် စာတော်မေးမြန်း ပြန်ဆိုပွဲများ ကျင်းပရန်၊ ဆရာတော် သံဃာတော်များအား အလှူဒါနပြုရန်၊ သံဃာ့ကိစ္စ ကံကြီးကံငယ် ကျူးလွန်သော ပုဂ္ဂိုလ်တို့ကို ဆုံးမစီရင်ရန်အတွက် တည်ဆောက်ထားသော ဇရပ် [**ကုန်းဘောင်**၊ ပ၊ စာ ၅၃၁၊ **ကုန်းဘောင်**၊ တ၊ စာ ၁၅၉၊ ၂၁၉ နှင့် **ကဗိသေနင်္ဂ**၊ စာ ၁၆၉–၈၇]



အမရပူရခေတ်သုဓမ္မာဇရပ်

**သုနာပရန္တ** –ဧရာဝတီမြစ်မြောက်ဘက်နှင့် အနောက် ဘက်ဒေသရှိ ကလေး၊ သောင်သွပ်၊ လယ်ကိုင်း၊ ဖောင်းလင်း၊ စကု၊ စလင်း၊ မဖဲ၊ မင်းတုန်းမြို့ စသည်တို့ တည်ရာဒေသ [**အုပ်ချုပ်**၊ ၃၊ စာ ၈၀]

**သုဘရာဇာ** – လူသေတို့ကို မြှုပ်နှံသင်္ဂြိုဟ်သူ [**ယုဒသန်**၊ စာ ၁၀၃၁]

**သုဘရာစ်** *(ပါ၊ သုဘ+ ရာဇ)* – တင့်တယ် လျောက်ပတ် ကောင်းမြတ်သော အမတ်မင်း [**ဦးဟုတ်**၊ စာ ၈၁၂၊ ၁၀၅၆]

**သုရဋ္ဌကမြေ** – အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ဂုဇရတ်မြို့အနီးရှိ တောင်မှရသည့် အနီရောင်၊ အနက် ရောင် ဆေးဘက်ဝင်မြေ (ထိုမြေဖြင့် သလိပ်၊ သည်းခြေ၊ ရေယုံ၊ အမာပေါက်နာတို့ကို ပျောက်ကင်းအောင် ကုသနိုင်သည်ဟုဆို၏။) [**ဆေးတော် ဖြေ**၊ စာ ၆၈၁–၂]

**သုရာဘိ** *(ပါ)* – မွှေးကြိုင်သည်၊ ရနံ့ကောင်းသည်။ [**ဦးဟုတ်**၊ စာ ၁၀၅၇]

**သုရဋ္ဌ** – အိန္ဒိယနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်း၊

ဘုံဘေမြို့ မြောက်ဘက်ရှိ စုရတ်မြို့ (Surat)[**မေးတော်ဖြေ၊ စာ ၆၂ နှင့်** Hammond's Atlas, p.29]

**သုရှောက်သုရှာ** *(ကျောက်)* – သူ့ရပ်သူ့ရွာ။ "သုရှောက်သုရှာ သုမိယာ သုဥစ္စာကိုဝ် အပျက်အစီ နိုင်ထက်မှုသော" [**၁၂၄၉–စုနစ်ထိုး ကျစွာမင်း အမိန့်တော်၊** ၁၅]

**သုရှောဝ်**_(ကျောက်)_ – အချိန်အခါ [**ရွှေဟသ်ာ၊** စာ ၁၁] "သိယ်ခမူနာ သုရှောဝ်နိုက်တေဟ်" [**ရာဇကုမာရကျောက်စာ**]

**သုဝဏ္ဏဘုမ္မိတိုင်း** –(၁) သထုံမြို့ ဝန်းကျင်ဒေသ [**သာသနာ၊** စာ ၂၂] (၂) ဇင်းမယ်မြို့ဝန်းကျင်ဒေသ [**ဇင်းမယ်၊ စာ** က/ကျော] (၃) အိန္ဒိယပြည်၏ အနောက်တောင်ပိုင်း၊ ယခု ဘုံဘေမြို့တည်ရာအရပ် [**ရှိုင်ရာသစ်၊** ပ၊ စာ ၁၆၅]

**သုဝဏ္ဏလိပ်**_(ကျောက်)_ – ရွှေပေလိပ်၊ သဝဏ်လွှာ [သဝဏ်မှာ သုဝဏ္ဏလိပ်၏ အတိုကောက်ဖြစ်ပေမည်။ လိပ်ကို ပယ်ကာ သုဝဏ္ဏကို သဝဏ်ဟု အတိုရေးခဲ့ဟန် တူသည်။] [**မြန်မွှင်း၊** ပ၊ စာ ၂၇၂] "သုဝဏ္ဏလိပ်ပ္လရုယ် တရက်မင်ကိုဝ်လွှတ်၏" [**၁၂၈၅ စုနစ်ထိုး သျှင်ဒိသာပါမောက္ခ ကျောက်စာ၊** မျက်/၇]

**သုဝန်ခလောက်** – ထိုင်းနိုင်ငံ စဝန်ခလောက်မြို့ (Sawankhalok) [**ရာဇဝင်သစ်၊** တ၊ စာ ၄၉]

**သုသတ္တကီမင်းသား** – မွန်ဂိုမင်းသား ရှယ်ရှယ်တိကျင် (Hsueh-hsueh Ti Chin- 雪雪地斤 )[**ဝင်းနှင့်** ROB, X, p. 130]

**သုဥိစောင်ဥိစာ** *(ကျောက်)* – သူတစ်ပါး၏ ဥစ္စာ ပစ္စည်း [**ကျောက်ပို့၊** စာ ၁၆၀]

**သုငယ်တော်** – မိဖုရားအဆောင်တော်များ (အထူးသဖြင့် အိမ်သာတော်)ကို သန့်ရှင်းစင်ကြယ်အောင် ရှင်းလင်းသုတ်သင်ရသော အမှုထမ်း [ROB, X, p. 130]

**သုစိမုဒြာ** *(ပါ+သက်)* – မတ်ရပ်ပုံတွင် လက်ယာလက်ကို ကွေး၍ ထောင်ပြီး လက်သန်း တစ်ချောင်းကို အပေါ်သို့ ထောင်ပြလျက် လက်ဝဲလက်ကို အောက်သို့ စိုက်ချကာ လက်ညှိုး တစ်ချောင်းကို အောက်သို့ ထိုးပြထားဟန် (အမှားနှင့် အမှန်ကို ဝေဖန်



သုစိမုဒြာ

ခွဲခြားနိုင်စွမ်း ရှိလိုသူ၊ ရန်သူနှင့်မိတ်ဆွေ ခွဲခြားနိုင်စွမ်းရှိလိုသူတို့ ကိုးကွယ်သော မုဒြာဟန် ဖြစ်သည်ဟုဆို၏။) [**မုဒြာ၊ စာ ၈၂**]

**သုတော်ဥစ္စာခုနစ်ပါး** – (၁) သဒ္ဓါ– ရတနာသုံးပါး ဂုဏ်ကို ယုံကြည်ခြင်း၊ ကံတရား၏အကျိုးကို ယုံကြည်ခြင်း (၂) သီလ– သီလနှင့် ပြည့်စုံခြင်း (၃) သုတ– အကြားအမြင်များခြင်း (၄) စာဂ– ပေးကမ်းစွန့်ကြဲခြင်း (၅) ပညာ– လောကီ လောကုတ္တရာ ပညာနစ်ပါးနှင့် ပြည့်စုံခြင်း (၆) ဟိရီ– သူတော်ကောင်းတို့ ကဲ့ရဲ့မည်ကို ရှက်ခြင်း (၇) ဩတ္တပ္ပ– မကောင်းမှုပြုရမည်ကို ကြောက်လန့်ခြင်း [**သုစမှတ်၊ စာ** ၂၅၇]

**သုမိုက်အင်္ဂါလေးမျိုး** – (၁) အိပ်ခြင်း (၂) စားခြင်း (၃) မေထုန်မှီဝဲခြင်း (၄) ဥစ္စာရအောင်ရှာမှီးခြင်း [**စည်သစ်၊ စာ** ၂၃၉]

**သုရကန်ကျောက်** *(ပါ၊ သူရိယကန္တ)* – မိုးကုတ်ကျောက်သလင်း (နှစ်လိုဖွယ်အလွန်ကောင်းသောကျောက်) [**ရွှေဝတီ၊ စာ** ၃၅၃]

**သုရတန်ပြည်** – စူလတန်မင်း အုပ်ချုပ်သော တိုင်းပြည် (sultanate)[**မြန်စာညွှန်၊** ပ၊ စာ ၁၁ အောက်] "စူဠတိုင်းစန္ဒရားမင်းကြီး... တိုင်းလှည့်တော်မူအံ့ဟု အနောက်ဘက် သုရတန်ပြည်သို့ ချီတော်မူလေ ၍..." [**စည်သစ်၊** စာ ၉၁]

**သုရိယမာသ** *(ပါ)* –နေအဝင်အထွက် အသွားအလာ ကိုအခြေခံ၍တွက်သော ပြက္ခဒိန်လ။ "သူရိယ မာသထက် စန္ဒြမာသ တစ်လလွန်ခြင်း" [**လွှတ်တော် မှတ်၊** စာ ၁၀]

**သုရိယအဿ** *(ပါ၊ သူရိယ+အဿ)* – နေဗိမာန်သို့ ရောက်သောမြင်း [**ဦးဟုတ်၊** စာ ၁၅၀၊ ၁၀၅၈]

**သုရဲကြိုးမျူး** – ဘုရင်စစ်ချီစစ်တက်၊ ထွက်တော်မူ ဝင်တော်မူသောအခါ ရှေ့တော်မှ ခင်းကျင်းလိုက်ပါရသော အရှေ့ခြောက်တပ်၏ နောက် (ကိုယ်ရံတော်တပ်၏ ရှေ့) တွင် လွှတ်တော်အရာရှိစုံ လိုက်ပါရသော သုရဲကြိုးတပ်ဟူ၍ရှိရာ ထိုတပ်၏ တပ်မှူး [**ရွှေနန်းသုံး၊ စာ** ၁၄၄]

**သုရဲကြိုးလမ်း** – စစ်သည်သူရဲတို့အတွက် ဥယျာဉ်ခြံလယ်မြေများကို ကြိုးတား သတ်မှတ်ချထားပေးသော အပိုင်းအခြား။ "၄၅ ခု ၆၃ ခု သုရဲကြိုးလမ်း မထွက်မရှိ၊ ၆၅ခု သူရဲဗညား အမှုထမ်းတို့ကို ပေးချသည့် ကြိုးလမ်းတွင်လည်း မပါမရှိဖြစ်သည်" [ROB, IX, p. 506]

**သူရဲခို** – စစ်သည်သူရဲတို့ အကွယ်အကာအဖြစ်ခို၍ နေနိုင်ရန်အတွက် မြို့ရိုး အထက် အပြင်ဘက် အစပ် တစ်လျှောက်တွင် စီစဉ်ပြုလုပ်ထားသော အုတ် စိန် တောင် များ (မန္တလေးမြို့ရိုးရှိ သူရဲခိုမှာ အမြင့် ၆–ပေခန့်၊ ဗျက် ၅–ပေနှင့် ထု ၄–ပေ ခန့် ရှိသည်။) [**ရွှေဘို**၊ စာ ၉၈ နှင့် **မန္တလေး**၊ စာ ၁၅၄]



**သူရဲပလွှားပဇာက်အစု** *(သူရဲပလာပဇက်အစု)* – မဟာဓမ္မရာဇာဓိပတိ (၁၇၃၃–၅၂) လက်ထက်တွင် ဖွဲ့တော်မူသည့် လေ့သင်း စု။ "လမိုင်းငယ်တို့ကို လေ့သင်းစု ၂–စုဖွဲ့၍ တစ်စုကို သူရဲပလွှားပဇာက်အစု မှည့်တော်မူသည်" [ROB, III, p. 186]

**သူရဲပြေး** – စစ်သည်သူရဲတို့ ပြေးလွှားသွားလာ နိုင်အောင် မြို့ရိုးထိပ်တစ်လျှောက်တွင် ညီညာစွာ စီရင်ပြုလုပ်ထားသော စင်္ကြံလမ်း (မန္တလေး မြို့ရိုးပေါ်ရှိ သူရဲပြေး စင်္ကြံလမ်း အကျယ်မှာ ၆– ပေခန့် ရှိသည်။) [**ရွှေဘို**၊ စာ ၈၉ နှင့် **မန္တလေး**၊ စာ ၁၅၄]



သူရဲပြေး

**သူရဲမိုးမြေ** *(သူရဲမိုးသူရဲမြေ)* – ကင်းတပ်အမှုထမ်း စစ်သည်သူရဲတို့ တီကျင်းထွန်ယက် စိုက်ပျိုး စားသောက်သော ကင်းစခန်းအနီးရှိမြေ [ROB, X, p. 130] [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၃၃]

**သူရဲလေးစုသေနတ်စွဲ** – လေးစုသော သေနတ်စွဲ သူရဲ။ (၁) ထုတ်ရဲ (၂) ဝင်စည် (၃) ဗညား (၄) ရွှေပန်းပန် [ROB, X, p. 130]

**သူရဲဝန်** – သီးခြားဖွဲ့ထားသော စစ်သည် သူရဲအမှုထမ်းများ၏ အကြီးအမှူး [**အုပ်ချုပ်**၊ စ၊ စာ ၇၃]

**သူရင်း** – မင်းမှုထမ်းမဟုတ်သော ကုန်သွယ်၊ လယ် လုပ်၊ ကုန်ပစ္စည်းထုတ်လုပ်သူ (အသည်)၊ မူလ ရှိရင်းစွဲလူ [ ROB, X, p. 131 နှင့် **အုပ်ချုပ်**၊ တ၊ စာ ၄၁]

**သူရင်းငှား** – အခကြေးငွေပေး၍ ငှားရမ်းထားသော အလုပ်သမား။ "ထိုမြက်ရိတ် သူရင်းငှားလည်း ရှောင်လွှဲ၍... နေသော... ထုံးစံရှိရာ အခကို တွက်၍ သူရင်းငှားကပေးစေ" [**မနုကျယ်**၊ စာ ၂၄၂]

**သူရဇ္ဇစုတ်** *(ဗေဒင်)* – တနင်္ဂနွေနံဖြစ်သော စုတ်လာဘ်များ [**ဗေဒဝိဇ္ဇာ**၊ စာ ၉၀]

**သူရဇ္ဇဓာတ်** *(ဗေဒင်)* – နေထွက်ရာအရှေ့ရှုးရှုး အရပ်တွင် အဓိကတည်သော ဓာတ် (သူရဇ္ဇဓာတ် သည် ၁၂–ရာသီခွင်တွင် မိဿ၊ သိဟ်နှင့် ဓနု ရာသီများကို ပိုင်ဆိုင်သည်။ သူရဇ္ဇဓာတ်သက် ၁၂–နှစ်ဖြစ်သည်။) [**ဗေဒလက်စွဲ**၊ စာ ၅၆]

**ဓာတ်ကြီးလေးပါးတည်နေပုံ**

| | | |
|---|---|---|
| | အရှေ့ သူရဇ္ဇ ၁၂ | |
| အမြိတ္တ ၁၆ | | ကောလိ ၃၀ |
| | ပါပ ၂၂ | |

[**ဗေဒဝိဇ္ဇာ**၊ စာ ၁၈၁]

**သူရိန်** *(ပါ၊ သူရ)* – (၁) နေမင်း (၂) သူရဲလည်ကုပ်တွင် နတ်ရုပ်ထိုးထားသော နတ်စုစစ်သည် အမှုထမ်းတို့ကို ကြီးကြပ်အုပ်ချုပ်ရသည့် ရဲရင့်သော တပ်မင်း၊ မှူးကြီး၊ မတ်ကြီးတို့အား ချီးမြှင့်သောဘွဲ့ [သူရိန်တပ်သော ဘွဲ့အမည်တို့မှာ **သူရိန်တန်ဆောင်**၊ **နေမျိုးသူရိန်**၊ **မဟာသူရိန်** စသည်တို့ ဖြစ်သည်။] [**သိနတ္တ**၊ စာ ၃၅၈–၉]

**သူဝင်** – သူစိမ်း၊ လက်အောက်ခံအဖြစ်ဝင်လာသူ။ "မက္ကရာတွင် သူဝင်တို့တွေ့လျှင် ဘမ်း၍ ဘဝရှင် မင်းတရားကြီး ဘုရားသို့ဆက်လာ၏" [**မှန်နန်း**၊ ၃၊ စာ ၂၉၀]

**သေဋိယသိက္ခာပုဒ်** *(ပါ)* – ရဟန်းတော်များနှင့် ရှင်သာမဏေများ ကျင့်ကြံအားထုတ်ရသော သိက္ခာပုဒ် [**ဦးဟုတ်**၊ စာ ၁၀၃၂၊ ၁၀၆၅]

**သေဆွဲမှု** – ဆွဲကြိုးချ၍သေသည်။ "မည်သူသေဆွဲ မှုကြောင်းနှင့်အစီရင်ခံလျှင် ..." [ROB, IV, p. 437]

**သေဠ** *(ပါ)* – မြင့်မြတ်သော [**ဦးဟုတ်**၊ စာ ၁၀၆၅] (ရန်အောင်မြင်၍ မြင့်မြတ်သောမင်းမှုထမ်းကို **သေဠဧယျ**၊ မြင့်မြတ်သောမင်းမှုထမ်းကို **သေဠနရာ**၊ မြင့်မြတ်သောမင်းချင်းယောက်ျားကို **သေဠရာစာ** ဟူသော ဘွဲ့များချီးမြှင့်လေ့ရှိသည်။) [**လီနတ္တ**၊ စာ ၃၆၅]

**သေတန်းစာ** *(ခွဲတမ်းစာ)* – ပစ္စည်းရှင်မသေမီ မိမိ ဆန္ဒအတိုင်းမည်သူ့ကို မည်မျှပေးရန် ခွဲခြားဝေငှ ပေးကမ်းရန် ရေးသားထားသောစာတမ်း [**အုပ်ချုပ်**၊ တ၊ စာ၅၅] "ရွှေငွေသက်ရှိသက်မဲ့များကို မိထွန်းစံရှိစဉ် သေတန်းစာနှင့်ပေးသည့်အတိုင်း စလင်းမြို့ သူကြီးဟောင်း သောထွန်းအောင်က ရယူခံစံစေ" [ROB, IX, p. 447]

**သေန** *(ပါ၊ သေနာ)* – စစ်သည် (စစ်သည်ရဲမက်တို့၏ အကြီးအချုပ်ကို သေနာပတိ၊ စစ်မက်ကျွမ်းကျင်သော မင်းမှုထမ်းတို့အား **ဥဂ္ဂါသေန**၊ **ပုံရှီသေန**၊ **ဧယျသေန** ဟူသော ဘွဲ့မည်များကို ချီးမြှင့်လေ့ရှိသည်။) [**လီနတ္တ**၊ စာ ၃၁၃]

**သေနတ် ၁၄ စု** – သီပေါမင်း (၁၈၇၈–၈၅) လက်ထက်က သေနတ် ၁၄စု–(၁) နတ်စုလက်ဝဲ (၂) နတ်စုလက်ယာ (၃) ရွှေလက်ဝဲ (၄) ရွှေလက်ယာ (၅) လက်ဝဲကြောင်း (၆) လက်ယာကြောင်း (၇) နတ်ရှင်ရွှေ (၈) ရွှေပြည် (၉) နောက်ဝန်းကျင် (၁၀) လင်းဇင်း (၁၁) သူရဲ (၁၂) ဘုန်းတော်ဖြစ် (၁၃) တောင်မာရဘင် (၁၄) ကင်းတား [ROB, IX p. 958]

**သေနတ်နား** – တူမီးသေနတ်ရှိ နားခွက်။ "သေနတ်နား ဆေးဘူးငယ် ၅၀၀၀လုပ်စေ" [ROB, VI, p. 625]

**သေနတ်ဝန်** – သေနတ်စု အမှုထမ်းအားလုံးကို ကြီးကြပ်စီရင်အုပ်ချုပ်ရသော မှူးမတ် [**အုပ်ချုပ်**၊ စ၊ စာ ၆၄]

**သေသ** – အသေးငယ်ဆုံးသော အချိန်ကာလအတိုင်းအတာပြယူနစ် (ရာသီ–လ၊ အသ်ာ–ရက်၊ လိတ္တာ–မြန်မာနာရီ၊ သေသ–နာရီအောက်သေးငယ်သော အချိန်ယူနစ်) "ဤကဲ့သို့ ရာသီသုဉ်း၊ အသ်ာသုဉ်း၊ လိတ္တာသုဉ်း၊ သေသသုဉ်းမြင်ကာမျှနှင့် ပြသော် သာသနာ၏ နှစ် လ နာရီ ဗိနာတို့သည် မယိုယွင်းခဲ့ပြီလော" [ROB, II, p.105]

**သောမကြိုဟ်လေးလုံး** – ကောင်းကျိုးချမ်းသာ ပေးတတ်သော ကြိုဟ်ကြီးလေးလုံး။ (၁) တနင်္လာကြိုဟ် (၂) ဗုဒ္ဓဟူးကြိုဟ် (၃) ကြာသပတေးကြိုဟ် (၄) သောကြာကြိုဟ် [**သုတေသန**၊ စာ ၅၇၅]

**သောသောထ** – လူအများ ဆူဆူညံညံပြု၍ လှုပ်ရှားလာသည်။ [**မြန်စာညွှန်**၊ တ၊ စာ ၄၄၆]

**သောဠသ** *(ပါ)* – တစ်ဆယ့်ခြောက် [**ဦးဟုတ်**၊ စာ ၁၀၇၄] "သောဠသ – ၁၆ ပြည်၏ အဖြစ်အပျက် အကြောင်းအရာများကို ကြားသိခဲ့သမျှ မှတ်သားခဲ့သည်" [ထောက်လှမ်းချက်တင်လွှာ၊ **အုပ်ချုပ်**၊ တ၊ စာ ၆၇]

**သောဠသာဝိမာသ်** *(ပြက္ခဒိန်)* – သက္ကရာဇ်ကိုတည်၍ ၁၉ဖြင့်စားသောအခါ ၁၆ချကြွင်းသောနှစ်တွင် လထပ်ရက်ငင်ပြုခြင်း [**ပက္ခဒိန်**၊ စာ ၆၉]

**သော့ဖနောက်** – သော့ခလောက် [**ဗိုဟ္လာ**၊ စာ ၁၃၆] "သော့ဖနောက်နှင့်တကွ ရွှေမယ်နစ္စဲလျက် မြဲမြဲစွာထားတော်မူသည်" [**ကုန်းဘောင်**၊ ပ၊ စာ ၂၇၆]

**သော်ပြား** – တရုတ်ဒင်္ဂါးပြား [ROB, X, p. 131]

**သော်မော်** – (၁) အမွှေးရည်၊ နံ့သာရည် [**မြန်မှုင်**၊ ဖြည့်၊ စာ ၂၈၀–၂] "နန်းသူတို့လည်း၊ အမွှေးအထုံသော်မော်များနှင့် လိမ်းသပ်ကြစေ" [**အိနောင်**၊ စာ ၅၆]။ (၂) ပန်းကြွ [**ရေသည်**၊ စာ ၈၀] "သီဂိသော်မော့်၊ ရွှေအိမ်ပေါ်မှာ၊ ပြေဖျော်စေရန်" [**ရေသည်**၊ စာ ၄၈]

**သံကူငြင်** *( တရုတ် 三姑娘 )* – မင်းသမီးအငယ် (တတိယမင်းသမီး) [**ကုန်းဘောင်**၊ ဒု၊ စာ ၆၈]

**သံကောက်** – (၁) သံဖြင့်ပြုလုပ်သော ခရာကောက်၊ သံဖြင့်ပြုလုပ်သော တပိုးကောက် (၂) သော့သံကောက် [**မြန်မှုင်**၊ ဖြည့်၊ စာ ၂၆၄–၉] "အိုးနှင့်သိုမြှုပ်၊ ကျိုကြချုပ်လျက်၊ မင်းထုပ်သံကောက်၊ တယောက် မဖွင့်" [**နေမိဘုံခန်း**၊ စာ ၈၈]

**သံခဲတင်** – သံခဲကဲ့သို့ မာကျောတောင့်တင်း သန်စွမ်းသော လက်ရွေးစင်လူ။ "ထိုတပ်တွင် သံခဲတင်ဆို၍ လူပျိုတော် ငါးကျိပ်ငါးယောက်ကိုလည်း ထည့်တော်မူလိုက်၏" [**ကုန်းဘောင်**၊ ပ၊ စာ ၁၂၉]

**သံချက်ဝန်** – သံခွန်ထမ်းမြို့ရွာများက ဆက်သွင်းသည့် သံကျောက်များကို အရည်ကျို၍ သံသတ္တုရရှိအောင် လုပ်ဆောင်ကြရသော အမှုထမ်းတို့ကို ကြီးကြပ်အုပ်ချုပ်စီရင်ရသော မှူးမတ် [**ရွှေနန်းသုံး**၊ စာ ၁၁၄]

**သံချပ်** – သံ၊ ကြေး၊ ငွေ၊ ရွှေပြားငယ်များကို နန်းကြိုးဖြင့်ဆက်သွယ်၍ ချုပ်လုပ်ထားသော စစ်ဝတ်အင်္ကျီ [**အုပ်ချုပ်**၊ စ၊ စာ ၁၂၂]

**သံဃဘေဒ** *(ပါ)* – သံဃာဂိုဏ်းကွဲခြင်း [**ဦးဟုတ်**၊ စာ ၉၄၇]

**သံဃဘေဒကရဝတ္ထု** *(ပါ)* – သံဃာတော်များ ဂိုဏ်းကွဲပြားခြင်းကို ဖြစ်စေတတ်သောအကြောင်း [**ဦးဟုတ်**၊ စာ ၂၉၇၊ ၈၄၉၊ ၉၄၇] "သံဃဘေဒကရ ဝတ္ထုများကို ပြဆိုဟောပြောခြင်းသည် သံဃာကွဲပြားခြင်းအကြောင်း ဖြစ်သည်" [**ROB, IX, p. 1075**]

**သံဃရာဇိ** *(ပါ)* – သံဃာတော်များ ဂိုဏ်းကွဲခြင်း [**ဦးဟုတ်**၊ စာ ၉၄၇] "တဦးနှင့်တဦး အရှိန်အစော်မဲ့ပြု၍ ကြည်ရှောင်တားမြစ်ပိတ်ပင်ခြင်းများသည် သံဃဘေဒ၊ သံဃရာဇိ၊ သံဃအဓိကရဏဖြစ်ပွားရန် အကြောင်းရှိသည်ဖြစ်၍ တားမြစ်ပိတ်ပင် ကြည်ရှောင်ခြင်း မရှိစေရ" [**ROB, IX, p. 1074**]

**သံဃအဓိကရဏာ** *(ပါ)* – သံဃာတို့တွင်ဖြစ်သော အဓိကရဏ်း [**ဦးဟုတ်**၊ စာ ၄၄၊ ၉၄၇]

**သံတော်ဆင့်** – ဖြတ်ပိုက်အမှုထမ်းဖြစ်၍ မင်းကေရာဇ်သီးခြားစေခိုင်းတော်မူသောအမှုကို ရွက်ဆောင်ရခြင်း၊ မင်းကေရာဇ်၏ ရှေ့တော်သို့ဝင်၍ တင်စာလျှောက်စာများကို ဖတ်ရွတ်လျှောက်ထားရခြင်း၊ အမိန့်တော်များကို မှတ်သား၍ အတွင်းဝန်များထံ လျှောက်ကြားပြီး နားခံတော်သို့ပေးအပ်ကာ လွှတ်တော်သို့ ထုတ်ပြန်ခြင်း စသော အတွင်းတော်မှုများကို ဆင့်ဆိုအုပ်ချုပ် စီရင်ရသော အရာရှိ [**ရွှေနန်းသုံး**၊ စာ ၆၂၊ **ကုန်းဘောင်**၊ ပ၊ စာ ၃၄၆]

**သံတော်ဦးတင်စစ်** – မင်းကေရာဇ်ကြားသိအောင် ဆက်သွင်းရမည့် တရားစကား အမှုအခင်းများကို အသေးစိတ်စုံစမ်းစစ်ဆေးမေးမြန်းစီရင်ပြီး ဝန်တို့ထံ သံတော်ဦးတင်ရသော အမှုထမ်း [**အုပ်ချုပ်**၊ စ၊ စာ ၁၉]

**သံတောင်** – ၁၉.၀၅ လက်မရှိသော အတိုင်းအရှည် [**ရွှေမြန်**၊ စာ ၁၅၄ နှင့် **နယ်လှည့်**၊ ဒ၊ စာ ၇၄]

**သံတောင်း** – တပေါင်း၊ တန်ခူးလအခါ နွေဦးပေါက်ရာသီ [**မြန်မှုဝင်**၊ ဒ၊ စာ ၃၃၈–၉] "နွေလသံတောင်း၊ ဆောင်းလည်းနောက်ကြွင်း၊ နှင်းလည်းခပ်ပြေ၊ စုံတောခြေသို့၊ ညာကြွေညွန့်ညောင်း၊ ရွက်ရင့်ဟောင်းသည်" [ဆောင်းလရက်လျှင်ချီရတု၊ **နဝဒေး**၊ စာ ၂၈၂–၃]


**သံတွေ** – သံခဲ [**ယုဒသန်**၊ စာ ၁၀၁၂] "သံတွေတံဆိပ်တုံးတော်ကို အကွရာဝဋ္ဋိ မှန်ကန်သေချာစွာ အတွင်း ပန်းဘဲခေါင်းတို့ ထုလုပ်စေရ၏" [**ကုန်းဘောင်**၊ တ၊ စာ ၅၅၃]

**သံပ** – ကြုံးဝါးသည်။ [**တွင်းသင်းပေါ**၊ စာ ၁၀၇]

**သံပုရာခွံ** – သံပုရာခြမ်းပုံသဏ္ဌာန်၊ အပိတ်အဖုံး၊ ထိပ်အုပ် [**ယုဒသန်**၊ စာ ၁၀၁၅]

**သံပိုင်း** – အစွန့်ရှည်စွာတည်တံ့ခိုင်မြဲသော မှတ်တမ်း စာ [**တွင်းသင်းပေါ**၊ စာ ၁၀၇] "သံပိုင်းဟူသား၊ အလှူကျောက်စာ၊ ကျယ်လွန်းစွာခဲ့" [မင်္ဂလာစေတီ၊ စာ ၁၀၀]

**သံပတ်ခုနစ်တန့်** – ဓားအိမ်စသည်ကို ခိုင်ခံ့အောင် ရစ်ပတ်ထားသည့် သံပတ်ခုနစ်ခု။ "လက်စွဲဓား အရိုးရွှေဆောက်ပြည့်၊ ခွေးမ–ခွေးငယ် ပတ္တမြားစီ၊ အိမ်မည်းသရိမွမ်း၊ သံပတ်ခုနစ်တန့်ကျောက်ပါ" [**ကုန်းဘောင်**၊ တ၊ စာ ၂၇၀]



သံပတ်ခုနစ်တန့်

**သံပျင်** – မြို့သူကြီး၊ မြို့နယ်အုပ်ချုပ်ရေး အကြီးအကဲ [**အုပ်ချုပ်**၊ စ၊ စာ ၁၀၅]

**သံဖမ** *(ကျောက်)*– ပုဂံခေတ်တရားသူကြီး [**ခေတ်ဟောင်း**၊ စာ ၁၄၅] (သံဖမတို့သည် အမှုကိုကြားနာ၍ ဥပဒေကောက်ခြင်း၊ ကျင့်ထုံးမိုး၍ စီရင်ခြင်း၊ လယ်နှင့်ကျွန် အရောင်းအဝယ်ပြုရာတွင် သက်သေအဖြစ် ဆောင်ရွက်ရခြင်း စသောအမှုကိစ္စတို့ကို ဆောင်ရွက်ကြရသည်။) "ရှိယ်တဝ်နိယ် အမှုဆင်ခြင်သော သံဖမတိုဝ်" [**၁၂၁၀ ခုနှစ်ထိုးကျောက်စာ** (ပုံ ၅၇၄)]

**သံရိုးသုံးမျိုး** *(ဂီတ)* – (၁) ကြိုးသီချင်း (၂) ဘွဲ့သီချင်း (၃) သီချင်းခံ ဟူသော သီချင်းသုံးမျိုး [**သုတေသန**၊ စာ ၅၁၇]

**သံရောင်သံတုံး** – သံတုံးသံခဲများ [**ယုဒသန်**၊ စာ ၁၀၁၂]

**သံလွင်စည်** – ကျယ်ပြောပြန့်လွင့်စွာ အသံမြည်သောစည် [**မြန်မှုဝင်**၊ ပ၊ စာ ၂၇]

**သံလှေ** – လှေကိုသံပြားပတ်၍ ဦးတွင်သံချွန်တပ်သော

ဘူရဲစီးလှေ [**ဦးကုလား**၊ ပ၊ စာ ၂၆၇]

**သံဝေဇနိယ၊ ဒဿနိယ** *(ပါ)* – သတိရဖွယ် ရှုချင်ဖွယ် ဖြစ်သောနေရာ [**ဦးဟုတ်**၊ စာ ၄၆၄၊ ၉၃၂]၊ ဗုဒ္ဓမြတ်စွာဘုရားနှင့်ဆိုင်သော ဌာနကြီးလေးခု (၁) ဖွားတော်မူရာဌာန (၂) ပွင့်တော်မူရာဌာန (၃) တရားဦးဟောတော်မူရာဌာန (၄) ပရိနိဗ္ဗာန် ပြုတော်မူရာဌာန [ROB, X, p. 131]

**သံဝစ္ဆရအလှူတော်** – နှစ်စဉ်ပြုလုပ်သော အလှူတော် [**ဦးဟုတ်**၊ စာ ၉၂၉] "သံဝစ္ဆရ အလှူတော်ဟူသော တနှစ်အတွင်းတွင် မြတ်စွာဘုရားရှင်တို့အား လှူဒါန်းတော်မူသည့် အရပ်ရပ်အလှူတော်" [**ကုန်းဆောင်**၊ တ၊ စာ ၆၀၉]

**သံဝဋ္ဋကပ်** – ကမ္ဘာကိုဖျက်သည့် မီးကြီးလောင်ကျွမ်းနေချိန်တွင် ကမ္ဘာဖျက်မိုးကြီး စတင် ရွာသွန်းချိန်မှ မီးတောက်မီးလျှံ ပြတ်စဲချိန်တိုင်အောင်သော ကာလ။ ရေဖျက်သော ကမ္ဘာတွင် ကမ္ဘာဖျက် မိုးကြီး စတင် ရွာသွန်းချိန်မှ ကမ္ဘာဖျက်ရေ ပြတ်စဲသည့်တိုင်အောင်သောကာလ။ လေဖျက်သော ကမ္ဘာတွင် ကမ္ဘာဖျက် မိုးကြီး ရွာသွန်းချိန်မှ ကမ္ဘာဖျက်လေ ပြတ်စဲသည့် တိုင်အောင်သောကာလ [**ဗေဒဝိဇ္ဇာ**၊ စာ ၁၁–၂]

**သံဝဋ္ဋဋ္ဌာယီကပ်** – ကမ္ဘာဖျက်သည့် မီး၊ ရေ၊ လေ ပြတ်စဲချိန်မှ ကမ္ဘာပြုမိုးကြီးရွာသည့်တိုင်အောင်သော ကာလ [**ဗေဒဝိဇ္ဇာ**၊ စာ ၁၂]


**သံသုမာရလှေ** – မွေ့လျော်ဖွယ်ရှိသော မိကျောင်းပုံလှေ [**ရွှေဘုံ**၊ စာ ၇၂]

**သံသော့နီ** – သံချေးရည်တွင်စိမ်၍ ဆိုးထားသော အနီရောင် ပိတ်ထည်? [**ရာမ**၊ စာ ၂၀၈] "သံသော့ နီအုပ်တဆယ်၊ သံသော့စိမ်းအုပ်တဆယ်၊ သံသော့ပြာအုပ်တဆယ်၊ သံသော့နက်အုပ်တဆယ်" [**ကုန်းဆောင်**၊ ပ၊ စာ ၄၆၅]

**သံသန္ဓနှ** *(ပါ)* – ညီညွတ်အောင် နှီးနှောခြင်း [**ဦးဟုတ်**၊ စာ ၉၃၃] "အထွက်စကားနှစ်ရပ်သည် အချင်းချင်း သံသန္ဓန မဖြစ်၊ စကားအဓိပ္ပာယ် ကွဲပြားလျက်ရှိသည်" [**စည်သစ်**၊ စာ ၁၁၈]

**သံသုံးတာ** – သံထွက်သော (၁) အရှေ့တာရွာ (၂) အလယ်တာရွာ (၃) အနောက်တာရွာသုံးရွာ (မန်လည်စီရင်စုအတွင်း ပါဝင်သည်) [ROB, IX, p. 724] "ရွှေ အရှေ့ကြောင်း၊ အလယ်ကြောင်း၊ သံသုံးတာ ဝန်မင်းလှမင်းထင်ရာဇာကို ရွှေဘဝါးတော်အောက် လာစေ" [ROB, IX, p. 806]

**သိုရင်း** – မှူးမတ်တို့ ဝတ်ဆင်သည့် ခါးအောက် ဖား လျားကျသော လက်ရှည် လက်ကျယ် အင်္ကျီ [**မြန်မာ့စာနယ်**၊ စာ၃၇၇ နှင့်**ဆုတ်ချုပ်**၊ စ၊ စာ ၁၆]



သိုရင်း

**သိုး** *(ခေါင်းဆောင်း)* – ဥရောပတိုက်သားတို့ ဆောင်းသော သိုးမွေးဦးထုပ်၊ ခေါင်းဆောင်းတန်ဆာ [**နန်းမှူး**၊ ၁၊ စာ ၁၂]

**သိုးဆောင်းကုလား** – ဥရောပတိုက်သား (သိုးမွေး ဦးထုပ်၊ သိုးမွေးခေါင်းဆောင်း ဆောင်းလေ့ ရှိသော ဥရောပတိုက်သားတို့ကို သိုးဆောင်းလူမျိုးဟု ခေါ်ခြင်း ဖြစ်သည်။) "သိုးဆောင်းကုလား သေနတ်နှင့် တကွ ငါးရာကျော်... ရတော်မူလိုက်၏" [**ကုန်းဆောင်**၊ ပ၊ စာ ၁၂၃–၄]

**သက္က** *(ပါ)* – သိကြားမင်း [**ဦးဟုတ်**၊ စာ ၉၃၈] "သက္က သူရိန်၊ ဒေဝိန်နတ်ဖျား၊ မိုးသိကြားလျှင်" [**လောက**၊ စာ ၁၈၃]


**သက္ကဒေဝ** – အာသံလူမျိုး [ROB, VII, pp. 428, 433]

**သက္ကဒါန်** *(ပါ၊ သက္ကဒါန)* – (၁) သိကြားမင်းပေးသောပုံ၊ သိကြားမင်းပေးသည်ဟု ယုံကြည်သော သစ်အပရှိသော ပစ္စည်းဖြင့် တည်ဆောက်ပြုလုပ်ထားသောလှေ၊ ထီး၊ လှေကား၊ အခင်း၊ ဓားအိမ်၊ ဆင်ကစသော အရာဝတ္ထုနှင့် ပစ္စည်းများ (ထိုဝတ္ထုနှင့်ပစ္စည်းများတွင် ထိပ်ချွန်သုံးစွန်းပုံ၊ သရက်ကင်း၊ သစ်ရွက် အချွန်အတက် အကောက်အကွေး ထွက်နေသည့် ပုံသဏ္ဌာန်

များကို ဖော်ဆောင်ထုလုပ်ထားတတ်သည်။) [**ရွှေသုံ**၊ စာ ၇၇ နှင့် **မြန်မာမှု**၊ ၅ စာယ]



သက္ကဒါန်ဦးလှေကား



သက္ကဒါန်က



သက္ကဒါန်စီးနှီး

ရင်းဖျားသက္ကဒါန်ဓား

**သက္ကဒါန်စီးနှီး** – စီးတော်မြင်း၏ ကျောပေါ်တွင်ခွ၍ ခင်းရန် အတွက် လုပသော သရက်ကင်းသစ်ရွက် အချွန်အတွန့်၊ အလိပ်အကောက်အကွေး ပုံဖော်ပြုလုပ်ထားသည့် ကတ္တီပါအခင်း [**နန်းသုံးဃာဦ**၊ စာ ၅၅]



သက္ကဒါန်စီးနှီး

**သက္ကဒါန်လှေ** – သိကြားမင်းပေးသော အိပ်မက် အရ ရှာဖွေတွေ့ရှိသောသစ်ဖြင့် တည်ဆောက်သော လှေ (ဦးတွင် သရက်ကင်း၊ ရွက်နု အချွန်အတက် ပဲ့တွင် ရွက်ရင့် အချွန်အတက်သဏ္ဍာန် အပြောက်အမွမ်း ဖော်၍ ပဲ့တွင် နားနေအိပ်စက်ရန် အဆောင်ဆောက် လုပ်ထားသောလှေ) [**ရွှေသုံ**၊ စာ ၇၇-၈နှင့်၊ **ကဗီ**၊ စာ ၂၄၅၊ ROB, X, p. 131]



သက္ကဒါန်လှေ

**သက္ကပူရိန်** *(ပါ၊ သက္ကပူရ)* – သိကြားမင်း၏မြို့တော် [**ဦးဟုတ်**၊ စာ ၉၃၈]

**သက္ကမတဲတော်** – သိကြားမင်း သို့မဟုတ် သကျသာကီဝင်မင်း စိုးစံရာတဲ့ဟော် [**ရာဇဝင်သစ်**၊ တ၊ စာ ၄၅ အောက်]

**သက္ကရာဇ်** – အိန္ဒိယမြောက်ပိုင်း ပက်ရှဝါဒေသရှိ သကလူမျိုးတို့ကို အစိုးရသော သာလိဝါဟနသာက (Kanishka -ကနိသက) မင်းသည် ရှေးက ရေတွက်ခဲ့သော ၃၁၇၉ ခုနှစ်ကိုဖြို၍ အကြွင်းတစ်ခုထားကာ စတင် ရေတွက်ခဲ့ရာ ထိုသို့ သကရာဇာလက်ထက်မှ စတင်၍ ရေတွက်ခဲ့သောနှစ်ကို **သကရာဇာ** သို့မဟုတ် **သကရာဇ် – သက္ကရာဇ်**ဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ (သိကြားမင်း စီရင်သောနှစ်ဖြစ်၍ သက္ကရာဇ်ဟု ခေါ်ခြင်းဖြစ်သည် ဟူသောအဆိုမှာ ရှေးဆန်သည်။ ထိုအဆိုကို ရှေးအခါကပင် ပညာရှင်တို့ လက်မခံခဲ့ကြပေ။ အဇာတသတ်မင်းလက်ထက်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါ ဘိုးတော်အဉ္ဇနမင်း ဖြို၍ ရေတွက်ခဲ့သောနှစ်သည် ၁၄၈ ခုနှစ်သို့ ရောက်ခဲ့၏။ ရှင်မဟာကဿပ အမှူး ပြုသော ရဟန်းတို့သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ ၁၄၈ ခုနှစ်ကိုဖြိုကာ တစ်ခုနှစ်မှ စ၍ ရေတွက်ခဲ့သည်။ သမုန္ဒရီမင်း လက်ထက်တွင် ထိုနှစ်သည် ၆၂၄ ခုနှစ်သို့ ရောက်ခဲ့သည်။ သမုန္ဒရီမင်းက **ဒေါဒေါရသ** (၆၂၂) ကိုဖြို၍ အကြွင်း ၂ခုထားပြီး ရေတွက်ခဲ့သည်။ ကနိသကမင်း ဖြို၍ရေတွက်ခဲ့သော သက္ကရာဇ်မှာလည်း အကြွင်း ၂ခု ထား၍ ရေတွက်သောနှစ်တွင် ၂နှစ် ဖြစ်ပြီး မြန်မာနိုင်ငံသို့ ရောက်လာခဲ့သည်ဟုဆို၏။ ထို့ကြောင့် သမုန္ဒရီမင်းဖြို၍ အကြွင်း ၂ခုထားပြီး ရေတွက်ခဲ့သော နှစ်သည် ကနိသကမင်းဖြို၍ ရေတွက်ခဲ့သော နှစ် နှင့် တစ်ထပ်တည်း ကျလေသည်။ ပုပ္ပား စောရဟန်း မင်း လက်ထက်တွင် ထိုသက္ကရာဇ်သည် ၅၆၂ ခုနှစ်သို့ ရောက်ခဲ့ပြန်သည်။ စောရဟန်းမင်းက **ခဆပဥ္စာ** (၅၆၀) ကို ဖြို၍ ရေတွက်ခဲ့ပြန်သည်။ ထို့ကြောင့် သာသနာနှစ်ကို သိလိုလျှင် ဒေါဒေါရသ (၆၂၂)နှင့် ခဆပဥ္စာ (၅၆၀)ကို ပေါင်း၍ရသည့် ၁၁၈၂ ကို ယခု ရောက်သည့် သက္ကရာဇ်တွင် ပေါင်းရသည်။ ယခု ရောက်သည့် သက္ကရာဇ်တွင် ၆၃၈ပေါင်းလျှင် ကမ္ဘာသုံး ခရစ်နှစ်ကို ရသည်။ [**ရှိုင်ရာသစ်**၊ ပ၊ စာ ၂၇၅-၇။

**ကိုးစောင်**၊ စာ ၃၂၂-၃။ **သုသော** ၊ ပ၊ စာ ၁၇၈။ **သမ္ဘန္ဓစကျ္ဂ**၊ ဒု၊ စာ ၃၄၄-၅]

**သက္ကရာဇ်ဦးခေါင်းပေါ်၍** — နှစ်သစ်ကူးပြီးနောက်၊ နှစ်သစ်ကူး၍။ "သက္ကရာဇ် (၁၁၈၂)... သက္ကရာဇ် ဦးခေါင်းပေါ်၍ နယုန်လဆန်းသုံးရက်နေ့ ပြာသာဒ်ဥကင်တော် သီဟာသနရာဇပလ္လင်တော်ထက်... စံပယ်တော်မူလျက် နှစ်သစ် ကန်တော့ခံတော်မူသည်။" [**ကုန်းဘောင်**၊ ဒု၊ စာ ၂၇၅] "ထီးသိမ်းနန်းသိမ်း အခမ်းအနားမှာ သက္ကရာဇ် ဥက္ကောင်းပေါ်မှ... ကောင်းမြတ်သည့် မင်္ဂလာအခါ နေ့ရက်တွင် သိမ်းတော်မူမည်" [ROB, VIII, p. 634]

**သက္ကလတ်** — သိုးမွေးထည် (suclat, sack cloth)[ROB, X, p. 131]

**သက္ကလတ်ဖဲကွပ်ဆင်ကြိုး** — သက္ကလတ်ဖြင့် ပြုလုပ်ပြီး အနားစပ်တစ်လျှောက် ဖဲကွပ်ထားသော ဆင်၏ လည်သိုင်းကြိုး

**သက္ကာရ** *(ပါ)* — ပူဇော်ခြင်း၊ အရိုအသေပြုခြင်း [**ဦးဟုတ်**၊ စာ ၉၃၉]

**သက္ကစ္စ** *(ပါ)* — ပူဇော်ခြင်း၊ ရိုနိုးခြင်း [**ဦးဟုတ်**၊ စာ ၉၃၈] "သက္ကစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ ခံကြပေ တောင်း" [**သီချင်း**၊ ပ၊ စာ ၉၄]

**သက်စံ** *(ကျောက်)* — အတွင်းခံအဝတ် [**စေတ်ယောင်း**၊ စာ ၂၁၀]

**သက်တော်ရှည်** — ဉာဏ်ပညာနှင့် ပြည့်စုံ၍ အရည်အသွေး ထက်မြက်ပြီး မင်းနေရာဇ်ထံပါးတွင် သစ္စာရှိစွာ ခစားထမ်းရွက်သော အသက်အရွယ်ကြီးသည့် မှူးကြီး မတ်ကြီးတို့အား မင်းနေရာဇ်က ချီးမြှင့်တော်မူသည့်ဘွဲ့ (သက်တော်ရှည်ဘွဲ့ရရှိသော မှူးမတ်ကို မင်းနေရာဇ်က အမျက်ပင်ရှိစေကာ်လည်း ကွပ်မျက်ခြင်းအမှုကို မပြုပေ။) [GUBSS, pt. i, Vol II, p. 134]

**သက်တော်ရှည်ရသော ကုသိုလ်ခြောက်ပါး** — (၁) ရေစစ်လှူခြင်း (၂) သူနာတို့အတွက် ဆေးလှူခြင်း (၃) ကျောင်းလှူခြင်း (၄) ကျောင်းဘုရားတို့ကို ပြင်ဆင်ခြင်း (၅) ငါးပါးသီလဆောက်တည်ခြင်း (၆) ဥပုသ် သီတင်း ဆောက်တည်ခြင်း [**သာသနာ**၊ စာ ၂၂၅]

**သက်တင် (သက်တဲ)** — နေနှင့်ဆန့်ကျင်ဘက် ကောင်းကင် တွင် အရောင်ခုနစ်မျိုးရှိ လေးကိုင်းသဏ္ဌာန် ပေါ်နေ သောရောင်စဉ် [သက်တံသုံးမျိုးရှိသည်။ (၁) နံနက်ခင်း တွင် အနောက်အရပ်၌ပေါ်သော သက်တံကို **စို့**ဟုခေါ် သည်။ (၂) မိုးကောင်းကင် အလယ်၌ပေါ်သော သက်တံကို **ကြိတ်** သို့မဟုတ် **ကြိတ်ထွက်သည်** ဟု ခေါ်သည်။ (၃) ညနေချမ်းတွင် အရှေ့အရပ်၌ပေါ်သော သက်တံကို **သက်တံ** သို့မဟုတ် **စက်တံ**ဟုခေါ်သည်။] [**မြန်စာန်**၊ စာ ၃၇၈နှင့် **မြန်စာညွှန်**၊ ပ၊ စာ ၆၂ အောက်]

**သိက္ခာ** — ကျင့်ဝတ်၊ အကျင့် [**ဦးဟုတ်**၊ စာ ၁၀၃၂] "ရဟန်း ဘာဝ၊ သိက္ခာချ၍၊ လုံ့လကြိုးလျော့၊ လူဖြစ်တော့အံ့" [**မုဒု**၊ စာ ၄]

**သိက္ခာကာမ** *(ပါ)* — ကောင်းသောအကျင့်ကို အလိုရှိခြင်း [**ဦးဟုတ်**၊ စာ ၃၀၆၊ ၁၀၃၃] "သိက္ခာကာမဖြစ်သော ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်သူမြတ်အများ" [**လွှတ်တော်မှတ်**၊ စာ ၈]

**သုက္ခာသနိ** *(ပါ)* — မိုးရွာနေခိုက်ပင်ဖြစ်စေ မိုးတောက် မိုးလျှံထွက်၍ပစ်သော လောင်မိုးမိုးကြိုး [မိုးကြိုး ကိုးမျိုးရှိသည်။ (၁) အသံမပြဘဲ ကျသော မိုးကြိုး (၂) စက်ဝန်းကဲ့သို့ကျသော မိုးကြိုး (၃) ပိုင်းဖြတ် သကဲ့သို့ကျသော မိုးကြိုး (၄) ဂျက်ဂျက်မြည်လျက် ကျသော မိုးကြိုး (၅) မျောက်မျက်နှာ မော်သကဲ့သို့ ကျသောမိုးကြိုး(၆) ငါးမြူးသကဲ့သို့ကျသော မိုးကြိုး (၇) ကြက်တောင် ဖြန့်သကဲ့သို့ကျသော မိုးကြိုး (၈) ထွန်တုံးကဲ့သို့ကျသော မိုးကြိုး (၉) လောင်မိုး မိုးကြိုး] [**သမ္ဘန္ဓစကျ္ဂ**၊ ပ၊ စာ ၁၉]

**သောက္ကတတိ** — ထိုင်းနိုင်ငံရှိ စုကိုထိုင်းမြို့ (Sukhotai) [**ရာဇဝင်သစ်**၊ တ၊ စာ ၄၉]

**သိုက်** — (၁) နောင်အနာဂတ်တွင် ဖြစ်ထွန်း ပေါ်ပေါက် လတ္တံ့သော အကြောင်းကို သိရှိစေရန် ကြိုတင်မိန့်မြွက် ထားခဲ့သော စကားဟောင်း (၂) အဖိုးတန် ပစ္စည်းအစု အပုံရှိသောနေရာ [ROB, III, p. 269; **မြန်စာန်**၊ စာ ၃၇၉။ **ယုဒသန်**၊ စာ၁၀၄၂] "ဘုရားသာသနာ၊ ထိုအခါ၊ တေဇာ အရောင် တောက်လတ္တံ့။ ရဟန်းသံဃာ၊ အရိယာ၊ ထိုခါအနှံ့ များလတ္တံ့။ အယူဝါဒ၊ သဘောကျ၊ ဓမ္မခန္ဓာ မှန် လတ္တံ့... စသဖြင့် အရပ်ရပ်သိုက်ထွက် စကား... လျှောက်ထားကြသည်" [**ကုန်းဘောင်**၊ တ၊ စာ ၂၄၃-၄]

**သိုက်စာတတ်ကိန်းခန်း** — ဂြိုဟ်တာရာနက္ခတ်တို့၏ အနေ အထားအရ ဖြစ်လာမည့်အခါကောင်း အခြေအနေ ကောင်း။ "အသစ်တည်တော်မူရမည့်ကာလ အချိန် အခါရောက်ကြောင်းကို သိုက်စာတတ်ကိန်းခန်း... ထုတ် ဖော် လျှောက်ထားကြသည်" [**ကုန်းဘောင်**၊ ဒု၊ စာ ၃၁၃]

**သဂ္ဂမောက္ခ** *(ပါ)* – နတ်ရွာမဂ်ဖိုလ်၊ နတ်ပြည် နိဗ္ဗာန် [**ဦးဟုတ်**၊ စာ ၉၄၀] "အပါယ်ငရဲကင်း၍ သဂ္ဂမောက္ခ အကျိုးခံစားကြရမည်" [**ကုန်းအောင်**၊ ၁၊ စာ ၁၈၆]

**သက်နက်လှေ** – အသားနက်၍ အလွန်မာသော သက်န်း နက်သားဖြင့် တည်ဆောက်သောလှေ [**ရွှေဘုံ**၊ စာ ၆၈]

**သက်တိုင်** – ပေ့၏အရိပ်ကို တိုင်းတာ၍ အချိန်မှတ်သား သောတိုင်၊ နေနာရီတိုင် [**အုပ်ချုပ်**၊ ၈၊ စာ ၇၇]

**သင်ကြီ** *(ကျောက်)* – (၁) သံဃာတော်ကြီး၊ မဟာထေရ် (၂) အစုအဖွဲ့၏အကြီးအကဲ၊ အစုအဖွဲ့ ခေါင်းဆောင် ကြီး။ "မြင်ခေါင်သာင်ကြီ ငါယာန်သင်" [**၁၁၇၅ စုနစ်ထိုး သင်ကြီးငါယန်သင် ကျောက်စာ**၊ မျက်/ ၁၀–၁၁]၊ "မြို့သင်းကြီး ငအောင်လာသည်၊ ခွေးများနှင့် တော လည်လတ်သော် ...ငိုသံကြားသဖြင့်၊ ကြော်လန့် ထွက်ပြေးလေ၏" [**ရခိုင်ရာသစ်**၊ ပ၊ စာ ၂၁၀]

**သင်္ကြိ** *(ပါ၊ သင်္ဂါမ၊ သင်္ဂြာမ၊ သင်္ဂရ)* – စစ်ထိုးခြင်း (စစ်မှု၊ စစ်ရေး ကျွမ်းကျင်လိမ်မာသော မှူးမတ် တို့အား **ရာစသင်္ကြိ**ဟူသော ဘွဲ့ကိုပေးလေ့ရှိသည်။) [**လိနတ္ထ**၊ စာ ၃၁၀–၁၃]

**သင်္ကြန်** *(သင်္ကြန္တ)* – (၁) တစ်နှစ်ပြည့်သဖြင့် နှစ်သစ်သို့ ကူးပြောင်းခြင်း (၂) ပွဲသဘင်ကျင်းပ၍ ခေါင်းဆေး မင်္ဂလာပြုခြင်း [**လောက**၊ စာ ၈၇]

**သခ်ယာ** *(ပါ)* – ရေဟွက်၍မကုန်နိုင်ခြင်း၊ မရေမတွက် နိုင်ခြင်း (အောင်မြင်မှုအကြိမ်ကြိမ်ရသော မင်းမှုထမ်း အား **ဇေယျသခ်ယာ**၊ အလွန်ယဉ်ကျေး လုပသော မင်းမှုထမ်းအား **မင်းလှသခ်ယာ**ဟု ဘွဲ့ပေးလေ့ရှိသည်။) [**လိနတ္ထ**၊ စာ ၃၂၄–၆]

**သင်္ခါရ** *(ပါ)* – ပြုပြင်စီရင်တတ်သော အကြောင်းတရား [**ဦးဟုတ်**၊ စာ ၉၄၄]

**သင်ချိ** *(ရခိုင်)* – ဘုရား၌ အလုပ်အကျွေးပြုရသောသူ [**ရခိုင်ညွှန့်**၊ စာ၁၅၉]

**သင်္ဂဏိကာရာမ** *(ပါ၊ သင်္ဂဏိကာ + အာရာမ)* – အပေါင်းအဖော်၌ မွေ့လျော်ခြင်း [**ဦးဟုတ်**၊ စာ ၁၇၆၊ ၉၄၅] "သင်္ဂဏိကာရာမ၊ ကမ္မာရာမစသော အကြောင်း တို့ဖြင့် ပေါင်းသင်းဆက်ဆံပျော်မွေ့ လိုသည်ဖြစ်၍... တကျောင်းမှသည်တကျောင်းသို့ သွားလာခြင်းအမှု တို့ကို မပြုမကျင့်စေရ" [**လွှတ်တော် မှတ်**၊ စာ ၂၀၅]

**သင်္ဂဟတရားလေးပါး** *(ပြည်သူ)* – (၁) ပေးကမ်းစွန့်ကြဲ ခြင်း (၂) ချစ်ခင်ဖွယ်ပြောဆိုခြင်း (၃) သူတစ်ပါး ၏ အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း (၄) စာနာထောက်ထားခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၂၁၀]

**သင်္ဂဟတရားလေးပါး** *(မင်း)* –(၁) သဿမေဓ – သင့်တင့် မျှတစွာ အခွန်တော်ကောက်ခံခြင်း (၂) ပုရိသမေဓ – မင်းမှုထမ်းတို့အား စားသုံးလောက်အောင် လစာရိက္ခာ ပေးကမ်းခြင်း (၃) သမ္မာပါသ – အရင်းအနှီးမရှိသော တိုင်းသူပြည်သားတို့အား အတိုးမဲ့ ငွေချေးငှားခြင်း (၄) ဝါစာပေယျ – ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၆၃–၆]

**သင်္ဂါယနာ** – မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာပိဋကတ်သုံးပုံတို့ကို စစ်ကြောကာ ရဟန်းသံဃာတော်တို့ ပေါင်းစု၍ ရွတ်ဖတ်ကြခြင်း [**နန်းစဉ်ပုစ္ဆာ**၊ စာ ၄၈]

**သင်္ဂီတိပရိက်** *(ပါ)* – သင်္ဂါယနာတင်ရန် ပြုလုပ်အပ်သော ကျောက်ထက်အက္ခရာတင်ခြင်းစသော အမှု [**ဦးဟုတ်**၊ စာ ၆၁၉၊ ၉၄၆–၇] "ထုလုပ်ရေးသားထားတော်မူခြင်း စသော သင်္ဂီတိပရိက်ကိုပြည့်စေသဖြင့်" [ROB, IX, p. 902]

**သင်္ဂြိုဟ်** *(သက်၊ သံဂြဟ)* – (၁) ကူညီထောက်ပံ့ ပြုစု ခြင်း (၂) လူသေကိုမြေမြှုပ်ခြင်း၊ မီးရှို့ခြင်း (၃) အဘိ ဓမ္မာခုနစ်ကျမ်းကို အကျဉ်းချုံးထားသော အခြေခံ သင်ရိုးကျမ်း။ "ကျွန်ုပ်မယ်တော် ဒမည်းတော်တို့ကို မင်းကေရာဇ်တို့ လုပ်ကျွေးသင်္ဂြိုဟ်ခြင်းဖြင့် လုပ်ကျွေး သင်္ဂြိုဟ်ပါမည်" [**ကုန်းအောင်**၊ ပ၊ စာ ၂၁]

**သင်္ဂြိုဟ်ကိုးပိုင်း** – (၁) စိတ်ပိုင်း (၂) စေတသိက်ပိုင်း (၃) ပကိဏ်းပိုင်း (၄) ဝီထိပိုင်း (၅) ဝီထိမုတ်ပိုင်း (၆) ရုပ်ပိုင်း (၇) သမုစ္စည်းပိုင်း (၈) ပစ္စည်းပိုင်း (၉) ကမ္မဋ္ဌာန်းပိုင်း [**မြင့်**]

**သင်္ဂြိုဟ်ခြင်းလေးပါး** – ချီးမြှင့်ထောက်ပံ့ခြင်း သင်္ဂဟ တရားလေးပါး (သင်္ဂဟတရားလေးပါးကြည့်)

**သင်္ဃာရာဇာ** – သက်ဆိုင်ရာဒေသရှိ သာသနာ့မြေတို့ကို ကြီးကြပ်စီရင်၍ မြေခွန်တော်ကောက်ခံ သိမ်းဆည်း သော သံဃာတော်အကြီးအကဲ (အကျင့်အမူကောင်း သော သင်္ဃာရာဇာများရှိသကဲ့သို့ အကျင့်အမူမကောင်း သော သင်္ဃာရာဇာများလည်းရှိသည် ဟုဆို၏။) [**စစ်ကိုင်း**၊ စာ ၂၉–၃၀]

**သင်တွဲလွှန်** – သင်လျှော်ဖြင့်ကျစ်ထားသောကြိုး။ "သင်တွဲ လွှန်နှင့် ကျော့တော်မူသည်။ ဆင်ပေါက်မ ၇၀၀

ကျော် ရတော်မူ၏" [မှန်နန်း၊ ပ၊ စာ ၈၈]

**သင်ပုတ်** *(ပါ၊ သံဃ + ဘတ္တ)* – ရဟန်းကို သုံးဆောင်သော ဆွမ်း၊ ရဟန်းတို့အား ပေးလှူသော ဆွမ်း (ကျောက်စာများတွင် **သံပုတ်**ဟုလည်း တွေ့ရတတ်သည်။) [**ဦးဟုတ်**၊ စာ ၇၂၃၊ ၉၄၇]

**သင်ပုတ်လယ်** – ဆွမ်းအလို့ငှာ လှူဒါန်းထားသော လယ် [**ဝိပုလ္လာ**၊ စာ ၇၇ နှင့် **ဓေတ်ယောင်း**၊ စာ ၂၁၀]

**သင်ပုန်းခေါင်း** – ရှေးက စာသင်သားတို့ အသုံးပြုသော သင်ပုန်း၏ အပေါ်ဘက်တွင် အထွတ်တင်၍ ခေါင်းပိုင်း အဖြစ် သတ်မှတ်ထားသော အစိတ်အပိုင်း (အခြား ပစ္စည်းများ၏ ထိပ်ဘက်တွင် အထွတ်တင်၍ တန်ဆာ ခြယ်ထားသည့် အရာကိုလည်း သင်ပုန်းခေါင်းဟုပင် ခေါ်သည်။) [**မြန်မာမှု**၊ ၄၊ စာ ၈]

**သင်ဖဝ** *(ကျောက်)* – တရားဓမ္မနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၊ စောင်မသောသူ။ "ငါလှူသော ပုရှာဥစ္စာကိုဝ် အရိယ် အရမ်ယူပိယ်သော သင်ဖဝတကာလေ ငါနှင်ထပ်တူ ရစပါစိယ်သတေ" [**၁၂၃၈ ခုနှစ်ထိုး တကာကြီးမိနှင့် တကာကြီးကျောက်စာ**]

**သင်လျင်** *(ကျောက်)* – (၁) အစုအဖွဲ့ခေါင်းဆောင်ငယ် (၂) သင်ကြီး၏လက်ထောက်။ "ဤယ် ငါပိယ်သော သက်သိယ်ကာ။ ဘွင်မဟာထိ။ သင်ကြိငါသန္တာသာင်။ သာင်လျာင်ဗ္လောက်တောင်… ဤမှုသောကာ သောက် သိယ်တေ" [**၁၁၇၅ ခုနှစ်ထိုး သင်ကြီ ငါယန်သင် ကျောက်စာ**]

**သင်းကျစ်** – (၁) မြတ်စွာဘုရားနှင့် ဘုရားလောင်း တို့၏ နဖူးတော်ပြင်ကို ပြည့်ဖြိုးဖလျက်ရှိသော အသားလွှာ လက္ခဏာတော် (၂) လက်ယာနားပန်မှ လက်ဝဲနားပန် အထိ နဖူးပြင်ကိုလွှမ်းသော နဖူးစီး [**မေးတော်ဖြေ**၊ စာ ၁၄]

**သင်းချော**–ပြောင်ချောသည်၊ [**မြန်စာညွှန်း**၊ ၃၊ စာ ၄၆ အောက်]

**သင်းချုပ်တီး** – ညီညွတ်သည်။ ညီညာဖြဖြရှိသည်။ [**မြန်မွင်**၊ ၃၊ စာ ၃၃၃–၄]

**သဘော်ကော်ဇော** – နိုင်ငံခြားဖြစ်ကော်ဇော။ "နားထွင်း မင်္ဂလာ အခမ်းအနားတွင်ခင်းရန် သဘော်ကော်ဇော …၂၂၉…ကို… ဈေးနှုန်းပေါက်ရာ ချေပေးစေမည်" [ROB, VIII, p. 590]

**သဘော်လုပ်သေနတ်** –*(သဘော်များစွာပိုင်ဆိုင်သော)* အနောက်နိုင်ငံတိုင်းပြည်လုပ် သေနတ်။ "သဘော် လုပ်သေနတ်ကို ပြေကုန်အောင် မရနိုင်ပါ။ ရွှေဘဝါး တော်အောက်တွင် လုပ်ဆောင်ဆက်သွင်းရပါလျှင် ပြေကုန်အောင်ဆက်သွင်းနိုင်ပါမည်" [ROB, V, p.880]

**သင်းဘောပြည်**–(၁) ပင်လယ်ရပ်ခြားတိုင်းပြည် (၂) သဘော် များစွာပိုင်ဆိုင်သော ပြည် (အင်္ဂလိပ်၊ ပြင်သစ်၊ ဟော်လန်၊ ပေါ်တူဂီ)။ "သင်းဘောပြည် ကာလကတ္တား ကလည်း မြင်းရှစ်စီးက ရွှေပြာသာဒ် ရထားနှင့်… လက်ဆောင်တော်ရောက်သည်" [**ကုန်းဘောင်**၊ ၃၊ စာ ၉၀] "သဘော်ပြည်ဘင်္ဂလားမြို့က ဆက်ရန် လက် ဆောင်တော်များနှင့် ရွှေဘဝါးတော်အောက်လာသည့် သံကိုကိုအကြို… နန္ဒကျော်သူ တို့ကို ခန့်ထားမည်" [ROB, V, p.566] (ဤနေရာတွင် အင်္ဂလိပ်တို့ သိမ်းပိုက် ထားသော အိန္ဒိယပြည်ကို ဆိုလိုသည်။)

**သင်းမှူး** – နန်းတွင်းလုံခြုံရေးအတွက် စောင့်နေ ထမ်း ရွက်ရသော သင်းစုအမှုထမ်းများနှင့်စပ်ဆိုင်သည့် ကိစ္စ အဝဝကို ကြီးကြပ်စီရင်ရသော အကြီးအမှူး [ROB, I, p. 151]

**သင်းသီး** (၁) တစ်သီးတခြား၊ တစ်သီးတသန့် [**တွင်းသင်း** ဃ၊ စာ ၉၂] (၂) လက်ဆောင်လက်ဖွဲ့အဖြစ်ရရှိသော ဥစ္စာပစ္စည်း [**မနုကျယ်**၊ စာ ၃၁၂]

**သင်းသီးပိုင်** – လက်ဆောင်၊ လက်ဖွဲ့၊ ခမဲ၊ အမွေနှင့် အခြားချီးမြှင့်ခံရခြင်းစသည်ဖြင့် တစ်သီးတသန့် လက်ခံ ရရှိပိုင်ဆိုင်သော ဥစ္စာပစ္စည်း [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၂၂] "အဆိုပါ ၇၀ စိုက်လယ်မြေကို ဖေဖိုးက သင်းသီးပိုင် ရသင့်သည်မဆိုသာ" [**လွှတ်တော်မှတ်**၊ စာ ၁၁၂]

**သင်းသီးယွန်းပေါင်ပါမြေ** – မိဖုရားကြီး မဖြစ်မီက လက်ဆောင်လက်ဖွဲ့အဖြစ် ရထားသောမြေ၊ ခမဲအဖြစ် ရထားသော သီးခြားပိုင်မြေ (ထိုမြေကို ယွန်းပေါင် ပုရပိုက်တွင် ရေးမှတ်ထားသဖြင့် သင်းသီးယွန်းပေါင်ပါ မြေဟု ခေါ်ခြင်းဖြစ်သည်။) [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၂၂]

**သင်းသေနတ်** – စစ်ရေးမင်းမှုပေါ်လျှင် အမှုထမ်းရန်အတွက် မြို့ရွာနယ်ပယ်များတွင် အစုအသင်းခွဲ၍ နေထိုင် ကြသော သေနတ်အမှုထမ်းများ [**အုပ်ချုပ်**၊ စ၊ စာ ၂၂၉]

**သိင်္ဂနိက်ဖိုမ** – ရွှေသမင်အဖိုအမ [**ဦးမောင်မောင်တင် စာစု**] "ရတနာခါးစည်း၊ ရွှေယက်အုပ်၊ ငွေယက်အုပ်၊ သိင်္ဂနိတ် ဖိုမအစုံ… ခြေတော်ဦးခိုက်ဆက်သ၏" [**ကုန်းဘောင်**၊ ၃၊ စာ ၂၀၁]

**သိင်္ဂါသ်** *(သဘင်)* – လွှမ်းဆွတ်ဖွယ်ကောင်းအောင် သီဆို ရသောသီချင်း၊ လွှမ်းဆွတ်ဖွယ်အသံ [**အောင်**]

**သင်္ဂီသဲသော** – အဝါရောင်ပါးလွှာချောမွတ်သော အထည်နှင့် သံချေးရောင်အထည် [**ဦးကုလား**၊ ပ၊ စာ ၂၇၄ အောက်]

**သင်္ဂီတိပရိကံ** *(ပါ)* – အခမ်းအနားကျင်းပ၍ အညီအညွတ် တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်း [**ဦးဟုတ်**၊ စာ ၆၁၉၊ ၉၄၆–၇] "ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်ကို… သင်္ဂီတိပရိကံကိုပြည့်စေသဖြင့် ပဋ္ဌမသင်္ဂါယနာတင်တော်မူ၍…" [**လွှတ်တော်မှတ်**၊ စာ ၃]

**သောင်သွပ်** – ပုဂံခေတ် အနော်ရထာမင်း (၁၀၄၄–၇၇) လက်ထက်တွင် ဗိုလ်ခြေတစ်**သောင်း** စေလွှတ်၍ ရှင်းလင်း**သုတ်**သင်ကာ တည်ထောင်ခဲ့သော မြို့ (စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ် အနောက်ဘက်တွင် သောင်သွပ်ရွာတည်ရှိသည်။ မြို့တည်စတွင် **ဆယ်တော်**ဟုခေါ်ခဲ့၍ နောက်ပိုင်းတွင် **ဆယ်စ**ဟုခေါ်ခဲ့သည်။) [**ရာဇဝင် သစ်**၊ တ၊ စာ ၈၆ နှင့် GUBSS, I, ii, pp. 175-6]

**သောင်းလေးရပ်** – ယူဇနာတစ်သောင်းစီကျယ်ဝန်းသော အရပ်ကြီးလေးပါး (၁) ဇမ္ဗူဒိပ်ကျွန်း (၂) တာဝတိံသာ နတ်ပြည် (၃) အသူရာပြည် (၄) အဝီစိငရဲ [**သုတေသန**၊ စာ ၅၇၅]

**သောင်းသောင်း** – အုတ်အုတ်ကျက်ကျက်။ "သောင်းသောင်း ကြော်ကြောလျက်မြို့ကိုတက်မည် နေ့ညမပြတ်မြို့ရင်းသို့ ချဉ်းကပ်လုပ်ကြံကြ၏" [**ကုန်း ဘောင်**၊ ၃၊ စာ ၄၃၇]

**သိုင်း** – မင်းမိဖုရားတို့ထွက်တော်မူသောအခါ၊ မင်းဆိုင်ရာ အသုံးအဆောင်များ ဆောင်ယူသောအခါ၊ မှူးမတ်တို့ သွားလာသောအခါ လမ်းရှင်းရန် နှင့် အသံဗလ ငြိမ်သက်စေရန်အတွက် ဝင်းခင်းတော်၏ ရှေ့ဆုံးတွင် စမြောင် နှစ်ဦးတို့ ကိုင်ဆောင်ကြသော ပဝါစချည် ကြိမ်လုံး။ [**အုပ်ချုပ်**၊ တ၊ စာ ၁၆၇–၈] "ရှေ့ဖျား စမြောင်သိုင်းနှင့် နှစ်၊ ယင်းနောက် စည်တော်စုံ လိုက်ရသည်"[**ကုန်းဘောင်**၊ ၃၊ စာ ၂၉၁] "တိုင်တိုင်း အလံထူလို့၊ သိုင်းဘွဲ့ဖြူ ယမထာနှင့်၊ တော်မဟာ စင်ညွန့်ပေါင်း တွင်မှ" [**ရွှေဝတီ**၊ စာ ၇၉]



သိုင်း

**သစ်ကျပ်** – ကွက်စိပ်ကွက်သေး မဲပြာပုဆိုး [ဦးမောင်မောင် တင်စာစု] "ဉာဏ်ယ်နေတို့ ပုဆိုးမဲသေးသစ်ကျပ် ဝတ်၍ လိုက်ရသည်" [**အင်ရုံ**၊ စာ ၃၂၆]

**သစ်ကြီးခုနစ်ပင်** – (၁) အရှေ့ကျွန်းရှိကုက္ကိုပင် (၂) တောင်ကျွန်းရှိ ဇမ္ဗူ့သပြေပင် (၃) အနောက်ကျွန်းရှိ ထိမ်ပင် (၄) မြောက်ကျွန်းရှိ ပဒေသာပင် (၅) တာဝတိံသာရှိ ကသစ်ပင် (၆) အသူရာပြည်ရှိ သခွတ်ပင် (၇) ဂဠုန်ပြည်ရှိလက်ပံပင် [**ရွှေမြန်**၊ စာ ၇–၈]

**သစ္စာတရားနှစ်ပါး** – (၁) သမုတိသစ္စာ – လောကဝေါဟာရအားဖြင့်ခေါ်ဝေါ်သမုတ်ကြသော အမည်နာမများ၊ ဥပမာ–အမိ၊ အဖ၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဖြဟ္မာဟူသော အခေါ်အဝေါ်များ (၂) ပရမတ္ထသစ္စာ – မဖောက်မပြန်မှန်ကန်သော သဘောတရား [**သုတေသန**၊ စာ ၅၃၂]

**သစ္စာတရားလေးပါး** – အမှန်သိအပ်သော တရားလေးပါး (၁) ဒုက္ခသစ္စာ – တဏှာလောဘကြောင့် ဖြစ်သော ဆင်းရဲခြင်းတရား (၂) သမုဒယသစ္စာ – ဒုက္ခကို ဖြစ်ပေါ်စေသော စွဲလန်းတပ်မက်သည့် သဘောတရား (၃) နိရောဓသစ္စာ– ဆင်းရဲအပေါင်း၏ ချုပ်ငြိမ်းရာ မဂ္ဂသစ္စာ ၏ အကျိုးဖြစ်သော နိဗ္ဗာန် (၄) မဂ္ဂသစ္စာ – နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး [**သုတေသန**၊ စာ ၅၃၂]

**သစ္စထား** *(သဘင်)* – မြိုင်ထနှစ်ပါးသွားတွင် မင်းသား မင်းသမီးတို့သီဆိုသောသီချင်း [**အောင်**]

**သစ္စာပဋိရုပ်နိတော** – "သစ္စာပဋိညာဉ်နိုးနော"ကို ရှေးအခါက ရှမ်းလူမျိုးအချို့ပြောဆိုသော အသံထွက် [**လွှတ်တော်မှတ်**၊ စာ ၂၆၄]

**သစ္စာပန်း** – အိမ်ရှေ့မင်း၊ မင်းညီမင်းသား အမှူးအမတ်တို့၏ ဦးဆောင်းဖြစ်သော ဖောင်းတော်များ၏ ဘောင်းရစ်တွင် အဆင့်အတန်းအလိုက် အပွင့် အနည်းအများ ခြယ်လှယ်ထားသော ပန်းပွင့်အဆင်တန်ဆာ [**ရွှေဘုံ**၊ စာ ၁၃၉ နှင့် **အုပ်ချုပ်**၊ စ၊ စာ ၁၂၅၊ **ကုန်းဘောင်**၊ ပ၊ စာ ၅၅၂]

**သစ္စာရေး** – သစ္စာပေးရာတွင် ဖတ်ကြားသော စာများကို ရေးသားရသည့် မင်းမှုထမ်း။ "သစ္စာရေး ငရွှေအောင်" [**ကုန်းဘောင်**၊ တ၊ စာ ၃၉၃]၊ "သစ္စာ ဆိုရပုံကျိန်စာကျိန်ရပုံ စာတမ်းကို စက္ကူဝါတွင် တရုတ်မင်နှင့် သေချာလှပစွာ အက္ခရာပင့်ရစ် သတ်ပုံ အလုံးစုံမှန်ကန်စွာ သစ္စာရေး

စာရေးများကသာ ရေးရသည်" [**အုပ်ချုပ်**၊ စ၊ စာ ၁၅၉]

**သစ်ဆင်း** – တော်သလင်းလ၊ တော်သလင်းလအခါတွင် သစ်တိုင်ထိပ်ဖျားမှ ရေထဲသို့ခုန်ဆင်းသောပွဲ [**အုန်းအဘိဓာန်**၊ သအက္ခရာနှင့် **မြန်မာလ**၊ စာ ၅၀၊ ၅၇]

**သစ်တောလေးရပ်** – ရာဇဝတ်ပြစ်မှု ကျူးလွန်သူအား နယ်နှင်ဒဏ်ပေးလေ့ရှိသော သစ်တောကြီးလေးရပ်– (၁) မိုးကောင်းသစ်တော (၂) ဇန်းမော်သစ်တော (၃) မဲဇာ (၄) ရွှေလီသစ်တော [ROB, X, p. 132]

**သစ်တောဝန်** – သစ်တောများတွင် သင့်ရာအခွန်တော် ချထား၍ သစ်များခုတ်ယူစုန်မျှောစေခြင်း၊ သစ်တောထွက်ပစ္စည်းများအပေါ် အခွန်တော်ကောက်ခံခြင်း၊ သစ်တောဆိုင်ရာ အခြားကိစ္စများကို စီရင် ဆောင်ရွက်ခြင်းတို့ကို လမ်းညွှန်စီရင်ရသော မှူးမတ် [**ရွှေနန်းသုံး**၊ စာ ၁၁၉]


**သစ်တပ်** – နန်းတော်ပတ်လည်၌ အချင်း ၁၀ လက်မခန့် (တစ်ထွာကျော်)၊ လုံးပတ်လက်မ ၃၀ (တစ်တောင့်ထွာကျော်)ခန့်ရှိသော သစ်လုံးများကို အဖျားချွန်၍ ပူးကပ်စိုက်ထောင်ထားသော ဝင်းအကာအရံစည်းရိုး [**မန္တလေး**၊ စာ ၁၃၀]



သစ်တပ်

**သစ်နက်ရေ** – စည်းကမ်းရှိ၍ တဏှာရာဂအလွန် နည်းပါးသော ကျား၊ ကျားသစ်တို့နှင့်မျိုးတူသော အနက်ရောင်သတ္တဝါ၏အရေခွံ [**ဗုဒ္ဓယဉ်**၊ စာ၃၉]

**သဠာလီ** – ရွှေကွန်ရက်ကဲ့သို့ ဆန်းကြယ်တောက်ပသည့် အကာအရံများဖြင့် ပြုလုပ်ထားသောထိုင်ခုံ [**မေးတော်ဖြေ**၊ စာ ၂၃–၄]



သဠာလီ

**သဠာလီက** – ဆန်းကြယ်တောက်ပသည့် အပြောက်အမွမ်းခြယ်လှယ်ထားသော ထိုင်ခုံသဖွယ် စီရင်ထားသည့် ဆင်က။ "ဆင်ပေါက်နစ်စီးကိုလည်း သဠာလီကနှင့်တကွ လက်ဆောင်လက်နက် အများနှင့်... လက်ဆောင်ဆက်၍ သစ္စာတော်ခံရ၏" [**မှန်နန်း**၊ ၃၊ စာ ၂၁၁]

**သည်ထွေး** – အဆောက်အအုံတွင် အပြင်ဘက်ကျ သောတိုင် (အလယ်တွင် **ကွန်းတိုင်**၊ **ကွန်းတိုင်**၏ အပြင်တွင် **သည်မ**၊ **သည်မ**၏အပြင်ဘက်ရှိတိုင်ကို **သည်ရံ**၊ **သည်ရံ**ကိုင်၏အပြင်ဘက်ကျသော တိုင်ကို **သည်ထွေး** တိုင်ဟုခေါ်သည်။) [ ROB, X, p. 131 နှင့် **အုပ်ချုပ်**၊ ပဥ၊ စာ ၄၉]

**သည်ပင်** – လင် သို့မဟုတ် မယား၊ လင်မယား [**ရွှေမြန်**၊ စာ ၉၆] "စံပယ်သာရှင်၊ ရေးအသွင်ကို၊ သည်ပင်နှစ်ဆွေ၊ အောက်မေ့ချေက" [**သု သုစွး**၊ စာ ၃၉–၄၀]

**သည်မ** – အဆောက်အအုံ၏ပင်မတိုင်၊ ကွန်းတိုင်၏ အပြင်ဘက်ကျသောတိုင် [ROB, X, p. 131နှင့် **အုပ်ချုပ်** ပဥ၊ စာ ၄၉] "သည်မဝဲယာတိုင်နှစ်စဉ် စီ... အမိုးစမြင်လေးမျက်နှာလည်း၍ အခန်းဖွေ မုတ်တံခါးနှင့်ချည်းထားတော်မူသည်" [**ကုန်းဆောင်**၊ ၃၊ စာ ၆၃]

**သည်ရံ** – အဆောက်အအုံတွင် **သည်မ**ခေါ် အလယ်တိုင်၏ အပြင်ဘက်ကျသောတိုင် [ROB, X, p. 131 နှင့် **အုပ်ချုပ်**၊ ပဥ၊ စာ ၄၉]

**သည်ရင်း** – မယား၊ လင် [ **မြန်မာစာညွှန်း**၊ ပ၊ စာ ၄ နှင့် **ပေါ်ဓာန်**၊ စာ ၉၅]

**သေည်တလေည်စု** – သာလွန်မင်း (၁၆၂၉–၄၈) လက်ထက်တွင် မိုင်းဆော်မြို့ကပါလာသည့် လူတို့ကို အဲမောင်းလုံ့ရှည်ကိုင်စေ၍ ဖွဲ့တော်မူသောအစု [ROB. I, p. 302]

**သေည်တိုင်** – ကောင်းမြတ်သောတိုင် [**ပေါ** ၊ စာ ၄၁၄]

**သေည်လုံ၊ သံလံ၊ ဘယား၊ ဓေါ်ဗညား** – ဗင်းမယ် မင်းထံတွင် ခစားထမ်းရွက်ကြသော မှူးကြီးမတ်ကြီးများ [**သာသနာ**၊ စာ၇၇]


**သေည်ဝိဘွား** – ရှမ်းယွန်းလူမျိုးတို့နေထိုင်ရာ ကျိုင်းရုံးကြီးကဲ့သို့သော နယ်ကိုအုပ်စိုးသည့် စော်ဘွားကြီး [**အုပ်ချုပ်**၊ စ၊ စာ ၁၆၅–၇၃] "ဇောတိနဂရ မဟာဝံသသီရိပဝရသုဓမ္မရာဇာကို ကျိုင်းရုံးကြီးမြို့ လူး ၁၂ ပန္နားနှင့်တကွ၊ ဇောတိနဂရတိုင်းတတိုင်းလုံးကို သေည်ဝိဘွားခန့်" [**အုပ်ချုပ်**၊ စ၊ စာ ၁၇၀]

**သေည်ဟလစ်စာ** – Sinhaleseခေါ် သီဟိုဠ်ကျွန်းသားတို့ ရေးသားသောစာ

**သတ္တကဥဿာဟ** *(ပါ)* – မြတ်သောလုံ့လဖြင့် အားထုတ်ခြင်း [**လွှတ်တော်မှတ်**၊ စာ ၂၆၆]

**သတ္တဌာန** *(ပါ)* မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ရတော်မူပြီးနောက် စံနေတော်မူသော အရပ်ဌာန ခုနစ်ခု– (၁) ဗောဓိပင်၏အရှေ့ဘက် ခြောက်ပေကွာရှိ အပရာဇိတပလ္လင်တော်တည်ရာဌာန (၂) ဗောဓိပင်၏ အရှေ့မြောက်ဘက် နှစ်ဆယ့်လေးပေကွာရှိ အနိမိသဌာနခေါ် ခုနစ်ရက်ပတ်လုံး ရှုးစိုက်၍ ကြည့်တော်မူရာအရပ် (၃) ပလ္လင်တော်နှင့် အနိမိသဌာနအကြားရှိ ရတနာစင်္ကြံတော် (၄) ဗောဓိပင်၏ အနောက်အရပ် ၁၃၈ပေ အကွာရှိ ရတနာဃရခေါ် ရွှေအိမ်တော်၌ အဘိဓမ္မာတရားကို သုံးသပ်ဆင်ခြင်တော်မူရာဌာန (၅) ဗောဓိပင်၏ အရှေ့တည့်တည့် ၁၉၂ပေကွာရှိ အဇပါလခေါ် ဆိတ် ကျောင်းညောင်ပင်ရင်း၌ သမာပတ်ဝင်စားတော်မူရာဌာန (၆) ဗောဓိပင်၏ အရှေ့တောင်ဘက် ၁၇၄ပေ (၁၀၄ ¹/₂ ပေ)ကွာ မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်ရင်း၌ ခုနစ်ရက် နေတော်မူရာ ဌာန (၇) ဗောဓိပင်၏ တောင်ဘက်ပေ ၂၄၀ ကွာတွင် ဖလသမာပတ် ဝင်စားတော်မူသည့် လင်းလွန်းပင်တည်ရာဌာန (တည်နေရာ အကွာအဝေးတို့မှာ ကျမ်းတစ်စောင် နှင့် တစ်စောင် မကိုက်ညီဘဲ ကွဲလွဲမှု အနည်းငယ် ရှိသည်။) [**ဓိနတ္ထ**၊ စာ ၄၇–၅၃ နှင့် **မေးတော်ဖြေ**၊ စာ ၄၁၃–၅]

**သတ္တရူပဖောင်** – ကရဝိက်၊ ဆင်၊ နွားလပို့၊ ငါးကြင်း၊ ကြက်တူရွေး၊ တိုး၊ မြင်းဟူသော သတ္တဝါခုနစ်ကောင်တို့၏ အစိတ်အပိုင်းတို့ဖြင့် ပုံဖော်တည်ဆောက်ထားသောဖောင် [**ရွှေဘုံ**၊ စာ ၈၁]



သတ္တရူပဖောင်

**သတ္တိ** *(ပါ)* – စွမ်းရည်၊ ရဲရင့်ခြင်း [**ဦးဟုတ်**၊ စာ ၉၆၀]

**သတ္တိဗျတ္တိ** *(ပါ)* – ရဲစွမ်းသတ္တိရှိခြင်း၊ လိမ္မာကျွမ်းကျင်ခြင်း [**လွှတ်တော်မှတ်**၊ စာ ၂၆၆] "သတ္တိဗျတ္တိနှင့် ပြည့်စုံသည့် တံဆိပ်တော်ရဆရာတော်" [**လွှတ်တော်မှတ်**၊ စာ ၁၉၀]

**သတ္တိသုံးပါး** (၁) ပဘာဝသတ္တိ – အထိုက်အလျောက် ဒဏ်ထားနိုင်သော စွမ်းရည် (၂) ဥဿာဟသတ္တိ – အမှုခပ်သိမ်း၌ လုံ့လပြုနိုင်သောစွမ်းရည် (၃) မန္တသတ္တိ– ဆွေးနွေးတိုင်ပင်နိုင်သောစွမ်းရည်[**မေးတော်ဖြေ**၊ စာ ၆၁၅]

**သတ္တြုဘယ်မာန်** *(ကျောက်)* – ရန်သူ့ဘေး။ "ဖုန် တာဝ်ကြီစိယ္ဍ် သက်တာဝ်ရွှေည်စိယ္ဍ် သတ္တြု ဘယ်မာန်လေ ပျောက်စိယ္ဍ်သောတေ" [ ၁၂၁၂ **စုနစ်ထိုး သင်ကြီး ဓမ္မပါလ် ကျောက်စာ/ကျော]**

**သုတ္တုဒ္ဒေသဥပုသ်** *(ပါ၊ သုတ္တ + ဥဒ္ဒေသ + ဥပုသ်)* – ပါတိမောက်ပါဠိကိုရွတ်ဆို၍ ပြုရသော သံဃဥပုသ် [**ညွှန်**] "သဃ်ာလုံလောက်သည့်အရာဖြစ်လျှင် အညီအညွတ်စည်းဝေး၍ သုတ္တုဒ္ဒေသသံဃဥပုသ် ...ကိုပြု၍... တရားစကားတို့ကို ဆွေးနွေးမေးမြန်း ပြောဆိုကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၂]

**သောတ္တသုမ်** *(မွန်အသံထွက်)* – သုတသောမမင်း

**သောတ္ထိ** *(ကျောက်၊ ပါ)* – ချမ်းသာခြင်း [**ဦးဟုတ်**၊ စာ ၁၀၇၁] "။ ။သောတ္ထိ သကရစ် ၅၉၂ ခု ပိသျက်နှစ်" [ **၁၂၃၀ ပြည့်နှစ်ထိုး မင်းဖြားအို့ရောက်လွယ် သင်ကျောက်စာ]**

**သောတ္ထိကာသန** *(ပါ + သက်)* – ထက်ဝယ်ဖွဲ့ခွေထိုင်ရာတွင် ခြေနှစ်ဖက်ကို ကြက်ခြေခတ်ချိတ်ပြီး ခြေဖဝါးနှစ်ခုကို အပေါ်သို့လှန်၍ ထိုင်နေသောဟန် (ဘုန်းတန်ခိုးနှင့်ပြည့်စုံသော သဘောကိုဆောင်သည်။) [**အာသန**၊ စာ ၁၄၁]

**သဒ္ဓဒါန** *(ပါ)* – အသံပေးလှူခြင်း [**ဦးဟုတ်**၊ စာ ၄၆၅၊ ၉၆၃]

**သဒ္ဒန္တရိပ်** *(ပါ၊ သဒ္ဒ + အန္တရိက)* – အသံ အနေအထား ကွဲပြားမှုကိုကြည့်၍ အဓိပ္ပာယ်ကောက်ယူခြင်း [**ရာဇဝင်သစ်**၊ တ၊ စာ ၁၇၇]

**သဒ္ဓါပသန္န** *(ပါ)* – သဒ္ဓါတရား၌ ကြည်ညိုသောသူ၊ သဒ္ဓါတရားပြည့်ဝသူ [**ဦးဟုတ်**၊ စာ ၆၅၀၊ ၉၆၃]

**သိဒ္ဓါသန** *(ပါ)* – ခြေနှစ်ချောင်းကိုကွေးထားပြီး ဒူးနှစ်ဖက်ကိုဘေးသို့ကား၍ ထုတ်ထားကာ လက်ယာခြေဖဝါးကိုလှန်လျက် လက်ဝဲ ခြေဖဝါးအပေါ်ထပ်တင်ဟန် (တန်ခိုးသိဒ္ဓိများရရှိစေသော သဘောကိုဆောင်သည်။) [**အာသန**၊ စာ ၁၃၅]

**သိဒ္ဓိကာ** *(ပါ၊ သိဒ္ဓိက)* – အမှုခပ်သိမ်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း (မင်းမှုရေးရာ အဖြာဖြာကို အောင်မြင်စွာ ဆောင်ရွက်နိုင်သော မင်းမှုထမ်းအား **သိဒ္ဓိကာဘွဲ့**ကို ချီးမြှင့်လေ့ရှိသည်။) [**လိနစ္စ**၊ စာ ၃၆၆]

**သိဒ္ဓံ** *(ပါ)* ပြီးစီးခြင်း (ပုဂံခေတ်နှောင်း ကျောက်စာ အချို့၏အစတွင် **သိဒ္ဓံ**ဟူ၍သာ အကျဉ်းချုံး၍ တစ်လုံး တည်းရေးသည်။ အပြည့်အစုံမှာ **နမော ဗုဒ္ဓာယသိဒ္ဓံ** ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးခြင်းပြီးစီး၏ ဟုအဓိပ္ပာယ်ရသည်။) [**ဦးဟုတ်**၊ စာ ၁၀၃၅ နှင့် **မြင့်**] "။ ။ သိဒ္ဓံ။ ။ သကရစ် ၆၀၄ ခု ပိသျက်နှစ်" [**၁၂၄၂ ခုနှစ်ထိုး ညောင်ရမ်းကြီးသမီး ကျောက်စာ**၊ မျက်/၁]

**သိဒ္ဓန္တသိရောမဏိကျမ်း** *(ဗေဒင်)* ဂဏန်းသင်္ချာ တွက်ရိုးနှင့် သက်ဆိုင်သော နက္ခတ္တဗေဒကျမ်း။ "သိဒ္ဓန္တ သိရောမဏိ ကျမ်း ရာဇမတ္တံကျမ်းစသော... ကျမ်းဂန် အထောက် အထား အတိတ်ထုံးစံအထွက် အရှိများနှင့်မိန့်ဆိုသည် များကို စာဆက်သွင်းလျှောက်ထားကြရာ ၁၂၁၇ ခုနှစ် ပဌမ ဒုတိယ နှစ်လ ဝါထပ်ပြီးလျှင် နေပြည်တော် မှစ၍ နိုင်ငံတော် မြို့ ကျေးရွာအတွင်း သီတင်းသုံး နေကြသည့် ရဟန်းသံဃာတော်တို့ ဝါကပ်ဆိုရ၏" [**ကုန်းဘောင်**၊ တ၊ စာ ၂၁၇]

**သုဒ္ဓဒိန်** *(ဗေဒင်)* – အတာတက်သောနေ့မှစ၍ နေ့ရက်ဖြင့် သာ ရေတွက်ရသောနေ့များ [ROB, VII, p. 206]

**သန္တကကျွန်** – ကိုယ်ပိုင်ပစ္စည်းကဲ့သို့ မိရိုးဘလာ သားစဉ် မြေးဆက်ပိုင်ဆိုင်ခဲ့သော ကျွန်။ "မိလာ ဖလာ ကျွန် ခုနစ်ပါးဟူရာ၌၊ သန္တကကျွန်စည်ရိုး တပါး" [**မနုကျယ်**၊ စာ ၂၀၀၊ ၂၁၃]

**သန္တိဒမုဒြာ** *(ပါ + သက်)* လက်ယာဘက်လက်ကို အနည်းငယ်ကွေး၍ လက်ဖဝါးကို အပြင်ဘက်သို့ လှန်ပြီး ထောင်ထားဟန် (ဘေးရန် ကင်း ၍ ငြိမ်းချမ်း သာယာ၊ ကိုယ် စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ လိုသူတို့ ကိုးကွယ် သော ဆင်းတုတော် မျိုး ဖြစ် သည် ဟု ဆို၏။) [**မုဒြာ**၊ စာ ၇၈-၉]



သန္တိဒမုဒြာ

**သန်တူလ** – သီတင်းကျွတ်လ [**မြန်မာလ**၊ စာ ၆၅၊ ၇၈]

**သန္တေး** – စင်ကြယ်အောင် ဆေးကျောသုတ်သင်သည်။ [**ရွှေမြန်**၊ စာ ၉၁] "အချိန်အခါတော်နှင့် ရွှေနန်းတော်ကြီး သစ်တော်များကို နေ့ကျော်သားတို့ သန္တေးဆေးကြော ရသည်" [**ကုန်းဘောင်**၊ တ၊ စာ ၂၅၉]

**သန္တေသကထာ** *(ပါ)* – သတင်းစကား [**ဦးဟုတ်**၊ စာ ၉၆၉] "ရေးသားပေးအပ်လိုက်သည့် သန္တေသကထာများကို ယူဆောင်ပြန်လေရာ" [**ကုန်းဘောင်**၊ တ၊ စာ၂၆၂]

**သန္တသနမုဒြာ** *(ပါ + သက်)* – လက်ဝဲလက်ကို ဒူးပေါ် တင်ထားပြီး လက်ယာလက်ကို ရင်ဘတ်အနီးသို့ မြှင့်တင်ကာ လက်မ နှင့် လက်ညှိုးကို အပြင်ဘက်သို့ ညွှန်း လျက် ကျန် လက် ချောင်း များ ကို အတွင်း ဘက် သို့ ကွေး ထား ဟန် (စာပေတတ်မြောက် လိုသူ၊ အမှန် တရား ကို သိမြင်လိုသူတို့ ကိုး ကွယ် လေ့ ရှိ သော ရုပ် တု တော် ဟန် ဖြစ် သည်ဟု ဆို၏။) [**မုဒြာ**၊ စာ ၇၉]



သန္တသနမုဒြာ

**သန္တေး** *(ပါ) (သက်၊ ဂါန္တိ)* – ရေစင်တော်ထည့်သော ဖလား [**ရွှေမြန်**၊ စာ ၉၁] "မင်းသုံးမင်းဆောင်ဘလား သန္တေးလင်ပန်း ဘဏ္ဍာတော်များကိုရွေးချယ် **စိစစ်** ကြသည်" [ **ကုန်းဘောင်**၊ ပ၊ စာ ၄၀၄]

**သန္နိဓိ** *(ပါ)* – တစ်ညလွန်အောင် သိုမှီးထားသော ခဲဖွယ် ဘောဇဉ် [**ညွှန့်နှင့် ဦးဟုတ်**၊ စာ ၉၇၁] "သန္နိဓိ ဖြစ်သော ကာလိကတို့နှင့် အရောအနှော မရှိစေရ သန့်ရှင်း စင်ကြယ်စွာပြု၍ သုံးဆောင်ကြရမည်" [ROB, IX, p. 1035]

**သန္နိပါတသမဂ္ဂ** *(ပါ)* – ညီညွတ်သော အဖွဲ့အစည်း၊ ညီညွတ်သော အစည်းအဝေး [**ဦးဟုတ်**၊ စာ ၉၇၁] "သန္နိပါတသမဂ္ဂဟူသော အစည်းအဝေး မြဲမြဲနိုင်ခံ့ အောင် ဥပဒေစည်းကမ်းထား၍... ညီနိုင်းစည်းဝေး ရသည်" [**ကုန်းဘောင်**၊ တ၊ စာ ၄၇၅]

**သန်ရှင်သည်** *(ကျောက်)* – သန့်လျှင်း၊ ထမ်းစင်တို့ကို

ထမ်းသူ [**ရှေးဟောင်းကျောက်**၊ ၃၊ စာ ၅၁ အောက်] "ငါစီသောသန်ရှင်သည် ကုဟာသည်... လှူခသတော" [၁၂၄၂ **ခုနှစ်ထိုး သို့င်ဖွားကြီးမြေးစိုးမင်း ကျောက်စာ**၊ ကျော/ ၃-၄]

**သန်လျက်** – အသွားနှစ်ဖက်ရှိသော ထိုးခုတ်ရန် လက်နက် [**မြန်မွှင်**၊ ၃၊ စာ ၃၃၇]

**သန်လျင်း** (၁) *(သက် – သလ္လယ)* ခြေထောက်ချ၍ ထိုင်နိုင်သော ထမ်းစင် (၂) *(သက် –ဂလျု)* ပြာသာဒ်ဘုံဆောင်တို့၌ လှပအောင် မွမ်းမံထုလုပ် ပုံဖော်လေ့ရှိသော အချွန်အတက် [**မြန်မွှင်**၊ ဖြည့်၊ စာ ၂၅၈-၆၁] "စလစ်၊ သန်လျင်းချိုး၊ ရိုင်းစိုင်း၊ ဆပ်သွား... တပ်စေ၏" [**၁၅၁၀ ပြည့်နှစ် ထိုး အဝနန်းတည်ကျောက်စာ**]

**သန့်စင်တော်ဆက်** – မင်း မိဖုရားတို့နံနက်မျက်နှာသန့်စင်သောအခါ သွားကိုပွတ်တိုက်ရန်အတွက် ဒန်ပူခေါ်သစ်ချောင်းငယ်ကလေးများ ပြုလုပ်ဆက်သွင်းရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၆၅]

**သန့်သက်** – ရဟန်းသံဃာတော်တို့ ကျင်ကြီးကျင်ငယ်စွန့်ရာတွင် သန့်စင်တော်မူရန် အသုံးပြုသော ရေခွက် [**ယုဒသန်**၊ စာ ၉၉၈] "ဆရာတော်တဆဲ့ လေးပါးကိုလည်း ကတ္တီပါသက်န်း... ပိတ်သက်န်း၊ ရေစစ်၊ သန့်သက် လှူတော်မူ၏" [**ကုန်းဆောင်**၊ တ၊ စာ ၁၆၈]

**သန်းယိမ်းချိန်** – သန်းခေါင်ကျော် အချိန် [**ဦးကုလား**၊ ပ၊ စာ ၂၄၂]

**သိန္ဓုရဋ္ဌ** – ကိုင်းမားမြို့ [**မဟာတော်ဖြေ**၊ စာ ၅၇၉]

**သိန်းဃိုင်ဠ** *(ပါ၊ သီဟဠ)* ခြင်္သေ့၏အနွယ်ဖြစ်သော ဝိဇယမင်းက ဘီလူးတို့၏ လက်တွင်းမှ သိမ်းယူနိုင်ခဲ့သော ကျွန်း၊ သီဟိုဠ်ကျွန်း၊ (ယခု သီရိလင်္ကာနိုင်ငံ) "လင်္ကာဒီပ၊ သီဟဠဟု၊ နာမပြခန်း၊ သိန်းဃိုင်ဠကျွန်း၌" [**လောက**၊ စာ ၁၇၄]

**သိန်းဘော** *(ချင်းဖော)* – ကချင်လူမျိုး [**ကုန်းဆောင်**၊ ၃၊ စာ ၁၁၈] "တောင်စားဗိုလ်နေမျိုး သိန်ပရာဇာနှင့် ကချင်သိန်းပေါလူတထောင်ကို သိမ်းရုံးချီတက်ရာ အာသန်နယ် ဇူရဟတ်မြို့သို့ဆိုက်ရောက်သည်" [**ကုန်းဆောင်**၊ ၃၊ စာ ၃၄၄]

**သုန်** – ကြောက်လန့်၍ မျက်နှာလွှဲဖယ်သည်။ မျက်နှာမသာမယာဖြစ်သည်။ [**ယုဒသန်**၊ စာ ၁၀၃၀ ] "ရာဇသေကြိဆင် သုန်၍ပြေးလေ၏" [**မှန်နန်း**၊ ၃၊ စာ ၁၇၇]

**သုန်သုန်** – သွက်သွက်၊ မြန်ဆန်စွာ [**ယုဒသန်**၊ စာ ၁၀၃၀] "စစ်မျက်နှာညိုးသည်ကို ဒလပန်းမြင်လျှင် စစ်ရိပ်စစ်ခြည်နားလည် လိမ္မာလှသည်ဖြစ်၍ ကွပ်သော်လည်း မကွပ်နိုင်လေရာဟု သုန်သုန်လည်၍ ဆုတ်ပြေးလေ၏" [**ကုန်းဆောင်**၊ ပ၊ စာ ၉၀]

**သပ္ပည** *(ပါ)* – ပညာရှိသောပုဂ္ဂိုလ် [**ဦးဟုတ်**၊ စာ ၉၇၃]

**သပ္ပုရိသုပနိဿယ** *(ပါ၊ သပ္ပုရိသ + ဥပနိဿယ)* – သူတော်ကောင်းတို့ကိုမှီ၍နေခြင်း [**ဦးဟုတ်**၊ စာ ၂၂၇၊ ၉၇၅]

**သပ္ပာယ်** *(ပါ၊ သပ္ပါယ)* – တင့်တယ်ကြည်ညိုဖွယ်ဖြစ်သည်။ [**ဦးဟုတ်**၊ စာ ၉၇၄] "ရွှေဆင်းတုတော် ကို ငွေပလ္လင်ထက် သပ္ပာယ်ကိန်းဝပ်တော်မူသည်" [**ကုန်းဆောင်**၊ ပ၊ စာ ၂၆၆]

**သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်** *(ပါ)* – အနားပတ်သီးကိုတပ်ပြီးလျှင် လည်ပင်း လက်ကောက်ဝတ်များ ဖုံးမိအောင် သင်္ကန်းကို ရုံ၍ သွားလာရမည်ဟူသောသိက္ခာပုဒ် [**ဝိနည်း**၊ စာ ၂၄၇]

**သဗ္ဗတောဘဒြတာဒိသ** *(ပါ)* – အလုံးစုံကောင်းမြတ်ခြင်းသဘောရှိသော [**ဦးဟုတ်**၊ စာ ၄၃၇၊ ၇၂၄၊ ၉၇၆] "အလုံးစုံ သဗ္ဗတောဘဒြတာဒိသစစ်ဖြစ်သော လေးကျွန်းလုံးကိုအစိုးရသော စကြာမန္ဒတ်မင်း" [**ကုန်းဆောင်**၊ တ၊ စာ ၄၈၁]

**သဗ္ဗရာဇိန္ဒြမုဒြာ** *(ပါ + သက်)* လက်အုပ်ချီ၍ ရှိခိုးနေဟန် (သိဝနတ်မင်းကို သဗ္ဗရာဇိန္ဒြဟုခေါ်သဖြင့် သဗ္ဗရာဇိန္ဒြမုဒြာဆိုသည်မှာ သိဝနတ်မင်းကြီး၏ ဟန်ပန်ဖြစ်သည်။ ရန်အပေါင်းကို အောင်မြင်လိုသူ၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလိုသူတို့ ကိုးကွယ်သော ရုပ်တုဖြစ်သည်ဟု ဆို၏။) [**မုဒြာ**၊ စာ ၈၀]



သဗ္ဗရာဇိန္ဒြမုဒြာ

**သဗ္ဗသေတ** *(ပါ)* – အလုံးစုံဖြူသည်။ ကိုယ်လုံးဖြူသည်။ [**ဦးဟုတ်**၊ စာ ၉၇၈]

**သဗ္ဗိတိယောဝိဝဋ္ဋ** *(ပါ)* ခပ်သိမ်းသော ဘေးအန္တရာယ်တို့ ကင်းစေကုန်သတည်း [**မြင်**၊] "ပတ္တနာပြု အံ့သောငှာ သဗ္ဗိတိယော ဝိဝဋ္ဋ စသော ရှစ်ဂါထာကိုရွတ်တော်မူသည်" [**ကုန်းဆောင်**၊ တ၊ စာ ၅၆၀]

**သမ္ဗတ္တက** *(ပါ)* – အလုံးစုံသော အကျိုးရှိခြင်း [**ဦးဟုတ်**၊ စာ ၉၇၆]

**သမ္ပဒါန်** *(ပါ၊ သမ္ပဒါန)* ကောင်းစွာပေးခြင်း၊ ပူဇော်ခြင်း [**ဦးဟုတ်**၊ စာ ၉၉၈]

**သမ္ပရာခွံ** – သံပုရာခွံကြည့်

**သမ္ပတ္တိစက်လေးပါး** – ကောင်းမှုရေးရာအတွက် ပြီးပြည့်စုံခြင်းလေးမျိုး (၁) ဂတိသမ္ပတ္တိ – လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့သို့ လားရောက်ရခြင်းမျိုး (၂) ဥပဓိသမ္ပတ္တိ – ကိုယ်အင်္ဂါ၏ ပြည့်စုံတင့်တယ် လှပခြင်းမျိုး (၃) ကာလသမ္ပတ္တိ – ကပ်သုံးပါးမှ လွတ်ကင်းသော ကာလမျိုး (၄) ပယောဂသမ္ပတ္တိ – အကျိုးစီးပွားကို ဖြစ်ထွန်းအောင် ဆောင်ရွက်လုပ်ကိုင်ခြင်း၊ အားလုံ့လ လိမ်မာမှုနှင့် ပြည့်စုံခြင်းမျိုး [**သုတေသန**၊ စာ ၅၄၁–၂]

**သမ္ပတ္တိလေးပါး** (၁) ကာလသမ္ပတ္တိ – ကပ်ကြီးသုံးပါးမှ လွတ်ကင်းသောကာလဖြစ်ခြင်း (၂) ဂတိသမ္ပတ္တိ– လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ လားရောက်ရခြင်း (၃) ပယောဂသမ္ပတ္တိ – အကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း (၄) ဥပဓိသမ္ပတ္တိ–ကိုယ်အင်္ဂါ၏ ပြည့်စုံတင့်တယ်လှပခြင်း [အချို့ကျမ်းများတွင် ဂတိသမ္ပတ္တိအစား ဒေသသမ္ပတ္တိ – ကောင်းသော အရပ်ဒေသသို့ ရောက်ရှိခြင်းဟု ဖော်ပြသည်။] [**ရတနာ့ဘဏ်**၊ စာ ၁၄၃]

**သမ္ပပ္ပလာပဝါစာ** *(ပါ)* သိမ်ဖျင်းသောစကား [**ဦးဟုတ်**၊ စာ ၈၆၀၊ ၁၀၀၂]

**သမ္ဗန်** – ပျဉ်ချပ်ချင်းစေ့စပ်အောင် တွယ်ဆက်၍ ဆောက်လုပ်သောလှေ၊ (တရုတ်တို့က Sampanဟု ခေါ်ဝေါ်သုံးစွဲသောလှေမျိုးဖြစ်မည်ဟုလည်း ယူဆရသည်။) [**ရွှေဘုံ**၊ စာ ၇၆–၇]

**သမ္ဘာ** *(ပါ၊ သမ္ဘာရ)* ရေးကုသိုလ်ကံပါရမီ [**ဦးဟုတ်**၊ စာ ၁၀၀၄] "ဘုန်းတော် သမ္ဘာတော်ကြောင့် ရအပ်သော ဆင်ဖြူရတနာ" [**ကုန်းဆောင်**၊ ၃၊ စာ ၁၄၁]

**သမ္မပါသမှုများ** – ပြည်သူတို့အကျိုးဖြစ်ထွန်းစေရန် အတွက် အတိုးမယူဘဲ အမတော်ငွေအရင်းအနှီးများ ချေးငှားခြင်း အမှုများ [ROB, X, p. 132] "သမ္မာပါသမှုများကို… ဆင့်ဆိုစီရင်လုပ်ဆောင် ထမ်းရွက်စေရန် သင့်ကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၆–၇]

**သမ္မာသမ္ဗောဓိ** *(ပါ)* – အရဟတ္တမဂ်ဉာဏ်အရင်းခံသော သဗ္ဗညုတဉာဏ် [**ဦးဟုတ်**၊ စာ ၁၀၀၇]

**သမ္မုတိထီး** – မင်းအဖြစ်တင်မြှောက်ခြင်း၊ ခေါ်ဝေါ် သမုတ်ခြင်း ခံရသူတို့ဆောင်းသည့်ထီး

**သမ္မုတိနတ်** – တိုင်းနိုင်ငံကို စိုးမိုးအုပ်ချုပ်သောမင်း [**ဦးဟုတ်**၊ စာ ၁၀၀၇]

**သုံ့မှူ** *(ကျောက်)* – ကွမ်း။ "ဝါဆိုဝ်ရွှသောသုံ့မှူ ၁၀။ ကွဲသိထုပ် ၄၀။ သတင်တိုင်ရွှသောကွဲသိထုပ် ၂၀။ ဝါခေါင်ရွှသော သုံ့မှူ ၁၀" [**၁၂၁၂ စုနှစ်ထိုး စောရဟန်သိမ်ကျောက်စာ**]


**သိမ်းစု** – (၁) သိမ်းပိုက်ရရှိသောမြေ (၂) ပြန်လည်သိမ်းယူစုဆောင်းရရှိသော ချေးငွေ [ROB, X, p. 132]

**သိမ်းစုသက္ကရာဇ်များ** – စော်ဘွား မြို့စား မှူးမတ်စသော မင်းမှုထမ်းတို့ သက်သာချောင်ချိစေရန် ရည်ရွယ်၍ သက္ကရာဇ်နေ့စွဲဖြင့် ရွှေတိုက်တော်က ထုတ်ချေးသော ငွေများနှင့် ရာဇဝတ်သင့်သူတို့ထံမှ သိမ်းဆည်းရန်ရှိနေသော ရွှေငွေများ။ "ဘေးတော်မင်းတရား လက်ထက် သိမ်းစုသက္ကရာဇ်များကို မိးငြိမ်းသည့်နည်း၊ … လွှတ်တော်ရှေ့တွင် စည်ယွမ်း၍ မိးငြိမ်းတော်မူ၏" [**ကုန်းဆောင်**၊ ၁၊ စာ ၁၀၅]

**သိမ်းစုအရာတော်မြေ** – ရာဇဝတ်မှုကြီးများကို ကျူးလွန်သူတို့ထံမှ မင်းပိုင်အဖြစ် သိမ်းယူလိုက်သောမြေ [**အုပ်ချုပ်**၊ ပဥ္စ၊ စာ ၂၀]

**သုံ့ပန်း** – စစ်ပွဲတွင် ရန်သူဘက်မှ ကိုယ့်ဘက်သို့ဝင်လာသောသူ၊ ဖမ်းမိသူ [**အုပ်ချုပ်**၊ ၁၊ စာ ၃၁]

**သုံးဆက်အိမ်** – အထက်အမိုးသုံးခုအနက် အလယ်အမိုးကို ကျန်အမိုးနှစ်ခုအပေါ် လွှမ်းငုံဆက်သွယ်၍ တည်ဆောက်ထားသောအိမ်။ "ဟံသာဝတီသို့ ရောက်တော်မူလျှင် ဒေဝမဥယျာဉ်ရှေ့၌ သာယာလှစွာသော သုံးဆက်အိမ်ဆောက်၍နေရ၏" [**မှန်နန်း**၊ ၃၊ စာ ၁၅၉]



သုံးဆက်အိမ်



ကင်းဝန်မင်းကြီး၏သုံးဆက်အိမ်

**သုံးဆယ့်ခုနစ်ပါးသောတက်ရေး** (၁) ဘုရားရှိခိုး (၂) ရွှေလောင်းချီ (၃) ရွှေလောင်းထွက် (၄) ရွှေဘောင်ရှည် (၅) တက်ကောက် (၆) တက်မြောက် (၇) တက်တန်း (၈) တက်စောင် (၉) တက်ထောင် (၁၀) တက်ယှက် (၁၁) တက်ဝှက် (၁၂) တက်ခက် (၁၃) တက်လှ (၁၄) အိမ်မိုးခြင်တင် (၁၅) ဇင်ယော်သုတ် (၁၆) ဇင်ယော်ဝဲ (၁၇) ဝမ်းဘဲ တောင်ဖြန့် (၁၈) ဝမ်းဘဲကန် (၁၉) လက်မြန် (၂၀) ခေါ်တော်မူ (၂၁) နတ်သမီးပန်းဆွတ် (၂၂) နတ်သမီးပန်းလှမ်း (၂၃) နတ်သမီးပန်းတောင်း (၂၄) စပယ်ငုံ (၂၅) သန်လျက်ထမ်း (၂၆) ဆေးတံတော်ထိုး (၂၇) ရာဇမှတ်ကြီး (၂၈) ရာဇမှတ်ငယ် (၂၉) နေရောင်ကာ (၃၀) နေရောင်ပြေး (၃၁) တင်းတိမ်ရံ (၃၂) တင်းတိမ်လှစ် (၃၃) သုံးချက်ပေါက် (၃၄) သုံးဖန်ချီသုံးဖန်ချ (၃၅) ဆင်စွယ်ဝန်းယှက် (၃၆) ကိန္နရာတောင်ယှက် (၃၇) ရွှေငှက်တောင်ခတ် [**သုစမှတ်**၊ စာ ၅၀၀]

**သုံးဆယ့်ခုနစ်မင်း** *(ဗုဒ္ဓဘာသာ)* (၁) ဣန္ဒ (၂) သောမ (၃) ဝရုဏ (၄) ဘာရဒွါဇ (၅) ပဇာပတိ (၆) စန္ဒန (၇) ကာမသေဋ္ဌ (၈) ကိန္နဃဏ္ဍု (၉) နိဃဏ္ဍု (၁၀) ပနာဒ (၁၁) ဩပမည (၁၂) ဒေဝသုတ (၁၃) စိတ္တသေန (၁၄) နဠောရာဇ (၁၅) ဇနေသဘ (၁၆) သာတာဂိရိ (၁၇) ဟေမဝတ (၁၈) ပုဏ္ဏက (၁၉) ကရတိယ (၂၀) သိဝက (၂၁) မုဋ္ဌလိန္ဒ (၂၂) ဝေဿမိတ္တ (၂၃) ယုဂန္ဓရ (၂၄) ဂေါပါလ (၂၅) သုပ္ပရောဓ (၂၆) ဟိရိ (၂၇) နေတ္တိ (၂၈) မန္ဒိယ (၂၉) ပဉ္စာလစဏ္ဍ (၃၀) အာဠဝက (၃၁) ပဇ္ဇုန္န (၃၂) သုမန (၃၃) သုမုခ (၃၄) ဒဓိမုခ (၃၅) မဏိ (၃၆) မဏိဝရ (၃၇) သေရီသက [**ဦးဖိုးကျား**၊ စာ ၁၂-၁၃]

**သုံးဆယ့်ငါးလုံးမိုင်းတိုင်း** – မိုးညှင်း (အာဠဝီရဋ္ဌတိုင်း) [**ဦးမောင်မောင်တင်** မှတ်စု]

**သုံးဆယ့်နှစ်လံလှေ** – သုံးဆယ့်နှစ်လံအလျားရှိ၍ ဦးတွင် ရုပ်စုံများ ဖော်ဆောင်ထုလုပ် တည်ဆောက်ထားသောလှေ (တင့်တယ်ကြည်ညိုဖွယ်ကောင်းသဖြင့် မဟာပါသာဒလှေဟုလည်းခေါ်သည်။) [**ရွှေဘုံ**၊ စာ ၇၃]

**သုံးတန်း** – (၁) လက်ရတန်း (၂) ကောင်ဟန်တန်း (၃) သူရဲတန်းဟူသော အချုပ်ခန်းသုံးရပ် (ကြီးလေးသောရာဇဝတ်သားတို့အား ချုပ်နှောင်ရာတန်းများဖြစ်သည်) [ROB, V, p.112]

**သုံးတန်းတောင်း၍** – ရာဇဝတ်မှုဖြင့် အဆုံးစီရင်ရန်ရှိသောအခါ သေဒဏ်စီရင်ခွင့်ပြုရန်(သူရဲတန်း၊ လက်ရတန်း၊ ကောင်ဟန်တန်းဟူသော) တန်းသုံးတန်း၏ စီရင်ခွင့်ကို လွှတ်တော်မှ တောင်းခံ၍။ "၃တန်းတောင်းမြဲတောင်း၍ ဝန်းရံယူသွား သုဿန်သို့ ရောက်လျှင်... လက်မရှဲ့သားတို့က ချည်နှောင်၍... စီရင်ဘူးချေသည်" [ROB, IV, p. 420]

**သုံးတန်းပေးသည်** – လွှတ်တော်က(တန်းသုံးတန်း) သေဒဏ်စီရင်ခွင့်ပေးသည်။ [**ရွှေဝထီ**၊ စာ ၄၂] (ရာဇဝတ်မှုဖြင့် အဆုံးစီရင်ရန် ရှိသောအခါ သူရဲတန်း၊ လက်ရတန်း၊ ကောင်ဟန် တန်းဟူသော တန်းသုံးတန်း (အချုပ်ခန်းသုံးခု)အား လွှတ်တော်က စီရင်ခွင့်ပေးသည်။) [**ဦးပုည**၊ စာ ၆၁]

**သုံးလှ့ပူဇော်လှေ** – လူနတ်ဗြဟ္မာတို့၏ ရှိခိုးပူဇော်မှုကို ခံယူတော်မူသော မြတ်စွာဘုရားသခင်၏ ရုပ်တုတော် စီးတော်မူရန်အတွက် ခမ်းနားစွာ စီရင်တည်ဆောက်ထားသောလှေ (သုံးလှူ့တောက်ပလှေ ဟုလည်းခေါ်သည်။ လှေဦးတွင် လူမင်း၊ သိကြား မင်း၊ ဗြဟ္မာမင်းတို့ ဖောင်းသရဖူမကိုဋ်ဆင်ယင်ထားသည့်ပုံပါ၍ ပဲ့တွင် ထီးသုံးစင်းစိုက်ထူထားသည်။) [**ရွှေဘုံ**၊ စာ ၆၇]

**သိယ်ခမူနာ** *(ကျောက်)* – သေလုနီးပါးဖြစ်နေသော ဝေဒနာ။ "ထိုဝ်မင်အနစ်နှစ်ဆာယ်ဟောတ်နစ် မင်မူဗြိ ရယ္ဍအေ်သိယ်ခမူနာ သုရှောဝ်နိုက်တေဟ်" [**၁၁၁၂ ခုနှစ်ထိုး ရာကျေမာရကျောက်စာ**]

**သလ္လာဝတီ** – ချင်းတွင်းမြစ် (ဆူးညောင့်ရှိသောမြစ်ဟု အဓိပ္ပာယ်ရသည်။) [**သံချို**၊ စာ ၁၄၆၊ **ကျည်း ကန်**၊ စာ ၂ အောက်၊ နှင့် **ဦးဟုတ်**၊ စာ ၁၀၁၃]

**သဿမေအခွန်** အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်သဖြင့် တိုင်းသားပြည်သူတို့က ကျေးဇူးတုံ့၍ မင်းထံပေးဆက်သော အခွန်ဟု အဓိပ္ပာယ်ရသည့် ဆယ်ဖို့တစ်ဖို့အခွန် [မင်းတုန်းမင်း (၁၈၅၃-၇၈)လက်ထက် ၁၈၅၇ ခုနှစ်မှစ၍ တစ်အိမ်လျှင် တစ်ကျပ်နှုန်းကောက်ခံခဲ့ သော်လည်း ၁၈၆၆ ခုနှစ်မှစ၍ အိမ်တစ်အိမ်လျှင် ပျမ်းမျှငွေ တစ်ဆယ်ကျပ်နှုန်းဖြင့် ကောက်ခံသော အခွန်တော်ဖြစ်လာသည်။] [ROB, X, p. 132 နှင့် **အုပ်ချုပ်**၊ ပ၊ စာ ၆၄-၅]

**သိဿာနုသိဿက်** *(ပါ)* တပည့် အဆက်ဆက်ကျင့်ဆောင်ခြင်း [**မေးတော်ဖြေ**၊ စာ ၅၈၀]

**သိဟ်ရာသီ** – ခြင်္သေ့အဆင်းနှင့်တူသော ကြယ်တာရာ နက္ခတ်ရပ်ရှိသည့် ရာသီ။ ဝါခေါင်လ။ သရဝဏ် နက္ခတ်နှင့်ယှဉ်သည်။ နှစ်စဉ် ဇူလိုင်လ (၂၃) ရက်နေ့ ခန့်မှ ဩဂုတ်လ (၂၂)ရက်နေ့ခန့်အထိ ဖြစ်သောကာလ [**မဟာမုနိ**၊ ပ၊ စာ ၄၁၄]

**ဩ**၊ **ဩ** – သီရိ၊ ကျက်သရေမင်္ဂလာ [**ဓပါ** ၊ စာ ၄၄၀]

**သျှပရ** – *(အင်္ဂလိပ်)* – ရှက်ပတ် (Shepard)[**ကုန်းဘောင်**၊ တ၊ စာ ၉၄]

**သွာနုဏ္ဏ** *(ဓမ္မသတ်)* – မိဘစကားကို နားမထောင်သော သား [**မနုစမ္မ**၊ စာ ၂၁]

**သွေးကြီး** – မြို့ရွာအသစ် တည်ထောင်သည့်အခါတွင် လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှု မရှိသဖြင့် မြို့ရွာအကြီးအကဲ လစ်လပ်သည့်အခါတွင် လည်းကောင်း သွေးတူသွေးနီးသော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အကြီးအကဲ (သွေးကြီး၏လက်အောက်တွင် လက်ထောက်နှစ်ဦး ထားလေ့ရှိသည်။ တစ်ဦးကို **အစီရင်** ဟုခေါ်၍ ကျန် တစ်ဦးကို **အကိုင်**ဟုခေါ်သည်။ [**အုပ်ချုပ်**၊ ဒု၊ စာ ၁၃၄-၅]

**သွေးမစွန်း** – ကုဋ္ဌနူနာစွဲကပ်နေသူများ [**လွှတ်တော်မှတ်**၊ စာ ၂၄၀] "သွေးမစွန်းစဏ္ဍာလအစုများကို ဆင့်ဆိုရန်အမှု" [**လွှတ်တော်မှတ်**၊ စာ ၆]

**သွေးသောက်** – အကြပ် ၅ ယောက် ဦးဆောင်သော တပ်သား(၅၀)တို့ကို ကွပ်ကဲရသူ [**ဆေးနဂ်**၊ စာ ၁၀၇ နှင့် ROB, X, p. 132]

**သွေးသောက်ကြီး** – သွေးသောက်စု၏ အကြီးအကဲ (မြို့သူကြီးနှင့်အဆင့်တူသည်။) [ROB, X, p. 132] "ရွှေပြည်မှန်ကင်းအစု ဆေးထိုးအိမ်တော်စုံ အကြပ် ငစံလှော်ကို ရွှေပြည်မှန်ကင်းသေနတ်အစု တရော်တောရွာ သွေးကြီးခန့်" [ROB, IX, p. 829]

**သွယ်ပျောင်း** – ပျော့ပျောင်းသော ရွှေနန်းမျှင်များကို ဖွတ်မြီးလုံးသဏ္ဌာန်ပြုလုပ်ထားသော ဆွဲကြိုး [**ဓပါ** ၊ စာ ၄၃၈] "မယားသားသမီးတောင်စား အမတ်တို့ကို လည်း လက်ကောက်လက်စွပ် သွယ်ပျောင်း... ပိတ်အုပ် ခေါင်းပေါင်းအုပ် သက္ကလတ် အထိုက်အလိုက် ပေးတော်မူ၍ ပြန်သွားရ၏" [**ကုန်းဘောင်**၊ တ၊ စာ ၁၄၉]

**သျှောင်ထုံးပေါက်ချပ်** – (ဖောက်ခြိုက်) ဆံထုံးပေါ်တွင် ဆင်မြန်းသော ပေါက်ချပ်ခေါ် ဦးဆောင်းတစ်မျိုး [**ယုဒသန်**၊ စာ ၇၁၃]

# ဟ

**ဟရေးကြီး** *(ရခိုင်)* – အခမ်းအနားတော်ကြီးများ ကျင်းပပုံနှင့် တိုင်းနိုင်ငံဆိုင်ရာ အကြောင်းအရာတို့ကို မေးမြန်းတိုင်ပင်နိုးနှောရသော မှူးမတ်ပညာရှိ [**ရခိုင်ညွှန်**၊ စာ ၁၅၁]

**ဟနုမာနာသန** *(ပါ)* – ခြေနှစ်ချောင်းကို ဆန့်တန်းပြီး ပေါင်ကား၍ထိုင်ကာ ဆန့်တန်းထားသည့် ခြေတစ်ချောင်း ဘက်သို့ မျက်နှာမူနေဟန် (ဘေးအန္တရာယ် ကင်းငြိမ်းခြင်း သဘောကိုဆောင်သည်။) [**အာသန**၊ စာ ၁၄၃]

**ဟမိကာ (ဟရ်မိကာ)** – သိမ်ပိုင်ပုံစေတီတွင် သပိတ်မှောက်၏ အထက်၌လေးထောင့်ပုံခံ၍ ဆောက်လုပ်ထားသော အစိတ်အပိုင်း [**စေတ်ဟောင်း**၊ စာ ၂၅၅-၆]

**ဟယား** *(ရခိုင်)* – မစင်တွင်းတူးသမား [**ရခိုင်ညွှန်**၊ စာ ၁၆၀]

**ဟရာအစို့** *(ရခိုင်)* နန်းတော်အတွက်လိုအပ်သည့် သစ်ဝါးတို့ကိုခုတ်၍ ဆက်သရသော အမှုထမ်းစု [**ရခိုင်ရာဇဝင်**၊ ပ၊ စာ ၃၅၅] "မိန်းမစိုးမှာ သစ်ခုတ်ဟရာစီအစိုးမှာ ဖြည့်တော်မူလေသည်" [**ညေသစ်**၊ စာ ၁၇၁]

**ဟရိဘုဥ္ဇတိုင်း** – ဇင်းမယ်၊ အနန်း၊ ဘယော၊ ကျိုင်းသေဉ် အစရှိသော ပြည်ကြီးတို့တည်ရာဒေသ [**အုပ်ချုပ်**၊ ဒု၊ စာ ၈၅]

**ဟရိ** *(ရခိုင်)* မြို့တွင်းမြို့ပြင် မသန့်မစင်ရှိသမျှကို သိမ်းယူ စွန့်ပစ်ကြရသော အမှုထမ်းစု [**ရခိုင်ရာဇဝင်**၊ ပ၊ စာ ၃၅၅]

**ဟရိမင်း** – ဗိဿနိုးနတ်မင်းကဲ့သို့ ဘုန်းတန်ခိုးကြီးသော မင်း [**လိနတ္ထ**၊ စာ ၃၇၁]

**ဟရက်** *(မွန်)* – မစင်၊ မစင်တွင်း [ဗုဂံမြန်၊ ၃၊ စာ ၁၈၀] "သုခမိန်လိယျော့က် ဟရက်မှာ ယူစ်ယျေ" [**လောက ထိပ်ပန်၊ မဟော်သဓာစာတ် မင်စာ**]

**ဟိတကာရီ** *(ပါ)* အစီးအပွားကိုပြုသော အမျိုးသမီး [**ဦးဟုတ်**၊ စာ ၁၀၈၃]

**ဟိရညကတောင်** – တန့်ကြည်တောင် (ရွှေဓာတ်သတ္တုထွက်သောတောင်ဟု အဓိပ္ပာယ်ရသည်။) [**ဦးဟုတ်**၊ စာ ၁၀၈၄]

**ဟိရိဩတ္တပ္ပ** *(ပါ)* မကောင်းမှုပြုရန်ရှက်ခြင်း၊ ကြောက်ခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၃၆]

**ဟူစို့** *(တရုတ်)* – ဖဲပြောက်လိပ် ( 綢緞 ) [**ဝင်း**]

**ဟူလီသားမွေးအင်္ကျီ** *(တရုတ်+မြန်မာ)* – မြေခွေး၏ သားမွေးဖြင့် စီရင်ချုပ်လုပ်သောအင်္ကျီ ( 狐狸皮衣 ) [**ဝင်း**]

**ဟူးရား** *(ပါ၊ ဟောရာ)* – မည်သည့်အချိန်တွင် မည်သို့ဖြစ်မည်ကို အသေးစိတ်တွက်ချက် ဟောပြောတတ်သော နက္ခတ္တပညာရှင် [**ယုဒသန်**၊ စာ ၁၀၅၉ နှင့် **လောက**၊ စာ ၁၃၇။ **ဓပါ** ၊ စာ ၄၄၀]

**ဟူးဟူး** – (ဟူးဟူးဟူသော အသံမြည်အောင်) ပြင်းထန်သော အရှိန်ဖြင့် [**ယုဒသန်**၊ စာ ၁၀၅၉] "စည် တော်တီးစေပြီး လျှင် ဆင်တော်ကိုအပြင်းတို့၍ ဟူးဟူးလွှတ်တော်မူ၏" [**မှန်နန်း**၊ ၃၊ စာ ၂၄၅]

**ဟေဠိမာ** *(ပါ)* – မယားငယ်မှ မွေးမြင်သော အမွေခံထိုက်သည့်သား [**မနုစမူ** ၊ စာ ၂၀]

**ဟေမာ** – တော ("ပြားနှင့်ဂနိုင်၊ မြိုင်နှင့် ရဂုံ၊ စုံနှင့် ဟေဝန်၊ ဟေမာန်ဟေမာ၊ ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ် တောချည်းဖြစ်၏"ဟူသော စာဆိုရှိသည်။) "သိရိ ဟေမာ၊ တောခန်းဝါသို့၊ မလာဘူးလေ၊ ဝေးသားမြေတာ" [**ကိုးခန်း**၊ စာ ၂၄]

**ဟော်** – စော်ဘွားတို့၏စံအိမ် [**ရွှေနန်းသုံး**၊ စာ ၂၅၀]

**ဟံသာဝတီသုံးဆယ့်နှစ်မြို့** – (၁) ဒုံစရစ် (၂) စည်ကူ (၃) ဘန်း (၄) စစ်တောင်း (၅) ဒင်းမဲ (၆) ဖွဲဘုံ (၇) အသာ (၈) မော်ပြို (၉) လကွန်းဗျည်း (၁၀) အခရိန် (၁၁) မအူ (၁၂) ရမ္မာနဂိုရ် (၁၃) ရမ္မာဝတီ (၁၄) မော့ဘိ (၁၅) လှိုင် (၁၆) ဘောင်လင်း (၁၇) ထန်းတောကြီး (၁၈) တီတွတ် (၁၉) အဓွေ့ (၂၀) ဓောင်းတူ (၂၁) ဘားအိုင် (၂၂) တုံခမ်း (၂၃) ရုံနွယ် (၂၄) မင်းရဲလှ (၂၅) မေရဋ္ဌရာ (၂၆) တငါပေါင် (၂၇) မိုးစွန် (၂၈) ကောလိယ (၂၉) ဗိုင်းတာ (၃၀) ဝင်းပြိုင် (၃၁) ယွန်းစလင်း (၃၂) ဗိုင်းဂနိုင်း [**ဟံသာ** ၃၂၊ စာ ၁–၂၆၊ က (ကျော) – ကော် (ဝမ်း)]

**ဟံသာသနပလ္လင်** – ပလ္လင်ရှစ်ခန်းကြည့်

**ဟသ်ပဒါး** – *(ပါ၊ ဟံသပါဒ)* ဟင်းရိုင်းမှ ထုတ်လုပ်ရရှိသော ပြဒါးနှင့်ကန့် ဒြပ်ပေါင်းဖြစ်သည့် အနီရောင် ဆေးမှုန့် [**မြန်စာန်**၊ စာ ၃၉၃]

**ဟသ်ာရုပ်ကွမ်းအုပ်** – ဟသ်ာရုပ်သဏ္ဌာန် ရွှေဖြင့်ပြုလုပ်ထားသော ကွမ်းအုပ်



ဟသ်ာရုပ်ကွမ်းအုပ်

**ဟင်းရမ့်ဖူး** (၁) ကြာကဲ့သို့ ရေတွင်ပေါက်၍ အရွက်နုးညံ့ပြီး အပွင့်ဖြူတွင် အဝါရောင်ဝတ်ဆံပါသောအပင် (Bootia Cordata) ၏ အဖူး (၂) အဆောက်အအုံ သို့မဟုတ် ထမ်းစင်၊ ဝေါစသည်တို့တွင် တပ်ဆင်ထားသော တိုင်စွန်းတို့၏ ထိပ်ဖျားကို လှပစေရန် ဟင်းရမ့်ဖူး သဏ္ဌာန် ပုံဖော်ထားသည့် ထိပ်ဖူး [**သိချင်း**၊ ပ၊ စာ ၁၄၂၊ **ဇိပ္ပလ္လာ**၊ စာ၁၈၄] "ဟင်းရမ့်ငယ်ပွင့်ငုံ" [**သိချင်း**၊ ပ၊ စာ၄၄]

**ဟင်းရမ့်ဖူးလုံ** – ဟင်းရမ့်အဖူးနှင့် သဏ္ဌာန်တူသော အသွားတပ်လုံ

**ဟောင်ကောင်ကျည်ကျည်** – အသံကျယ်လောင်စွာ အော်သည်။ [**မြန်စာညွှန်**၊ တ၊ စာ ၄၄၆]

**ဟိုင်း(ဆင်)** – အစွယ်မထွက်သောဆင် [**ရွှေနန်းသုံး**၊ စာ ၁၉၈]

**ဟတ္ထ** – (၁) လင်အတည်တကျမရှိဘဲ မွေးမြင်သော သားသမီး [**မနုကျယ်**၊ စာ ၃၁၁] (၂) လက် [**ကိုးခန်း**၊ စာ ၂၁၁]

**ဟိတ်** *(ပါ၊ ဟေတု)* အကြောင်း [**ဦးပုည**၊ စာ ၆၅]

**ဟုတ္တာ** *(ဟုတ်အာ) (ကျောက်)* ဟုတ်မှန်သည်။ အမှန် တကယ် [**ကျောက်ပို**၊ စာ ၄၅] [**ဓပါ** ၊ စာ ၄၄၂] "ဤလူတွင်ချံသာ တမနွန်သောချံသာ ကိုဝ်မလွယ် ရအံသော ဟုတ္တာ" [**၁၂၄၉ ခုနှစ်ထိုး ကျွစွာမင်း အမိန့်တော်**]

**ဟုတ်တွန်းလေပြင်း** *(ဟုပ်တွန်းလေပြင်း)* ပြင်းထန်သော လေမုန်တိုင်း [**မြန်ပွင့်**၊ ဖြည့်၊ စာ ၂၈၆] "ဟုတ်တွန်း

လေပြင်းတိုက်ခတ်သဖြင့် သမုဒ္ဒရာမှာ နစ်လေ၏" [**သာသနာ၊** စာ ၆၇-၈]

**ဟောတ္တိမ** – အပြောင်ဟုခေါ်သော မယားငယ်မှ မွေးသည့် သားသမီး [**မနုကျယ်၊** စာ ၃၁၀] (ဟေဋ္ဌိမာနှင့် တူညီသည်။)

**ဟန်(ဆင်)** အစွယ်နှစ်ချောင်းထွက်သော ဆင် [**ရွှေနန်းသုံး၊** စာ ၁၉၈]

**ဟန်လီလာ** *(တရုတ်)* – ဟန်လီလောင် ( 漢禮老 ) ဟုခေါ်သော တရုတ်လူမျိုးတို့၏ ရှေးဟောင်း အခမ်းအနား ထုံးတမ်းစဉ်လာ။ "တရုတ်ဥတေည်၏ ဆက်စာ စုံမ်၊... ရွှေကျင်မြင်းကျင်ကတိုဝ်းပိုဝ်းနှင့်ကစ၊ ဆက်လာရသော မင်းစေကြီးသွန်စိခွေလည်း၊ တရုဟ်ဖာသာ ဟန်လီလာဖြင့် နဖုတိုက်ပါ၏" [**၁၄၄၆ စုနှစ်ထိုး စစ်ကိုင်းမြို့ မဟာသီဟသူရကျောင်းကျောက်စာ**]

**ဟိန်** (၁) စော်ဘွားအုပ်ချုပ်သော နယ်ပယ်တွင် အမတ်အောက်ရာထူးနိမ့်သော အကြီးအကဲ (၂) စော်ဘွား၏စစ်ကဲ [ ROB, X, p. 132နှင့် **အုပ်ချုပ်၊** ၈၊ စာ ၁၁၂]

**ဟုံးနတ်** *(ပါ၊ ဟောမ + နာထ)* – မီးနတ်၊ ယဇ်နတ် [**အုပ်ချုပ်၊** ၃၊ စာ ၄၁]

# အ

**အကုသလကမ္မ** *(ပါ)* မကောင်းသောအကျိုးကို ပေးတတ်သည့် ကံ [**ဦးဟုတ်၊** စာ ၄]

**အကုသလကမ္မပထဆယ်ပါး** *(ဒုစရိုက်ဆယ်ပါး)* (၁) သူ့အသက်ကိုသတ်ခြင်း (၂)သူ့ဥစ္စာကိုခိုးယူခြင်း (၃)သူ့သားမယားကို ပြစ်မှားခြင်း (၄) မုသား ပြောဆိုခြင်း (၅) ကုန်းတိုက်ခြင်း (၆) ကြမ်းကြုတ်သော စကားကိုပြောဆိုခြင်း (၇) သိမ်ဖျင်းသော စကားပြောဆိုခြင်း (၈) အလိုကြီးခြင်း (၉) စောင်းမြောင်းငြူစူခြင်း (၁၀) အယူမှားခြင်း [**ကမ္မ၊** စာ ၁၉၁]

**အကုသလာဓမ္မာ** *(ပါ)* – အပြစ်ရှိသဖြင့် မကောင်းသော အကျိုးကိုပေးသောတရား [**ဦးဟုတ်၊** စာ ၄၊ ၄၉၅]

**အကံင** – သူမိုက်၊ သူယုတ် [**မြန်မှုင်၊** ဖြည့်၊ စာ ၁-၂] "နှလုံးညစ်ပုတ်၊ မနိုင်ယုတ်သော်၊ သေစုတ်တိုင်အောင်၊ ထားလုံထောင်၍၊ မရှောင်သီးကြ၊ အကံငတို့" [**ပါရမီ၊** စာ ၂၀၄]

**အကောက်အစား** – ကောက်ခံသော အခွန်တော် [**မဟာမုနိ၊** ပ၊ စာ ၄၁၇]

**အကိုင်စားမြေ** – မြို့ရွာကိုကိုင်တွယ်အုပ်ချုပ်နေသူတို့အား တာဝန်ထမ်းဆောင်နေစဉ်အတွင်း လုပ်ကိုင်စားသောက်ရန်ချထားသောမြေ [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၂၉]

**အကပ္ပိယဝတ္ထု** *(ပါ)* ရဟန်းသံဃာတော်များနှင့် မအပ်စပ်သော ရွှေငွေဝတ္ထုပစ္စည်း [**ဦးဟုတ်၊** စာ ၂၊ ၈၄၉]

**အကပ္ပိယသမာဒါန** *(ပါ)* –မအပ်သောအရာ၌ ဆောက်တည်ကျင့်ကြံခြင်း [**ဦးဟုတ်၊** စာ ၂၊ ၉၈၇] "တပည့်သံဃာတို့ကို အကပ္ပိယသမာဒါနအရာနှိုက်သာ အားပါးပေး၍ မွေးမြူကြသည်လည်းရှိသည်" [ROB,IX, p. 341]

**အကျော်** – ဆေးဖက်ဝင်သောနံ့သာပင် (Excaecaria agalloch) [**ယုဒသန်၊** စာ ၈]

**အကျစ်** – အကြော်၊ ကြော်ခြင်း [BED, i, p. 19] "အပေါင်းအကျစ်အကြော်အလော်တတ်သသူ... ကို ရွေးချယ်သိမ်းယူသည်" [**ကုန်းဆောင်၊** ပ၊ စာ ၄၀၅]

**အကျိန်း** – ကိန်း၊ အရေအတွက် [BED, i, p. 21]

**အကြီးစာရေး** – အကြီးတော်ညွှန်ကြားရာ နာခံ၍ သားတော်သို့မဟုတ် သမီးတော်များ၏ ပညာရေးနှင့် လူမှုရေးကိစ္စများတွင် ကြီးကြပ်စီမံလမ်းညွှန် ဆောင်ရွက်ပေးပြီး အိမ်တော်နှင့်ပတ်သက်သော စာရင်းအင်းများကို ရေးမှတ်ထမ်းရွက်ရသည့် ပုဂ္ဂိုလ် [**ရွှေနန်းသုံး၊** စာ ၂၇၃]

**အကြီးစား** – မြို့သူကြီးရွာသူကြီးတို့ တာဝန်ထမ်းဆောင်စဉ်အတွင်း လုပ်ကိုင်စားသောက်ရန် ချထားပေးသောမြေ [**အုပ်ချုပ်၊** ပဋ္ဌ၊ စာ ၂၉]

**အကြီးတော်** – မင်းသားမင်းသမီးတို့၏ အိမ်တော်များတွင် အိမ်တော်အမှုထမ်းများအပေါ် အကြီးအကဲ ပြုလုပ်အုပ်ချုပ်စီမံ၍ မင်းသားမင်းသမီးတို့ကို စာပေသင်ကြားပေးရသည့်ဆရာ (အိမ်တော်ကို တာဝန်ခံကိုယ်စားပြု၍လည်း လွှတ်တော်၊ အတွင်းတော်များကဆင့်ဆိုတောင်းခံမှုကို ပြေကုန်အောင် ဆောင်ရွက်ပေးရသော

အကြီးအကဲဖြစ်သည်။) [**ရွှေနန်းသုံး**၊ စာ ၂၇၁-၃]

**အကြီးဦးနိုင်** – အကြီးအကဲ၊ အကြီးအမှူး [**စည္သစ်**၊ စာ ၁၇၉]

**အကြပ်** (၁) တပ်သားငါးယောက်ပါသော အိုးစားအဖွဲ့နှစ်ဖွဲ့ကိုကြီးကြပ်သူ (၂) ကြီးကြပ်သူ [**သေနင်္ဂ**၊ စာ ၁၀၇]

**အခင်တံ** *(စောင်း)* – စောင်းကောက်၏ ကိုယ်ထည်အပေါ်ဘက်တွင် စောင်းကြိုးများချည်ရန်အတွက် စီစဉ်ပြုလုပ်ထားသော အပေါက်များပါသည့်အတံ (အခင်တံကို **မှင်ရိုး**ဟုလည်းခေါ်သည်။) [**စောင်း**၊ စာ ၄၇]

**အချိတော်** – ဘုရင်သားတော် သမီးတော်ငယ်များအား ထိန်းချိထမ်းပိုးပြုစုစောင့်ရှောက်ပေးရသူ [**ရွှေနန်းသုံး**၊ စာ ၂၄၅]

**အချုပ်ကြီးအကိုင်ကြီး** – နန်းတော်အတွင်း ခစားထမ်းရွက်ကြသော မှူးမတ်အမှုထမ်းများနေထိုင် ဝတ်ဆင်စီးနင်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးအရေးယူခြင်း၊ မြို့တွင်းရောင်းဝယ်သုံးစွဲနေကြသော အလေးတင်းတောင်းများ မှန်ကန်မှု ရှိမရှိကို စစ်ဆေးအရေးယူခြင်းတို့ကို စီရင်ချုပ်ကိုင်ဆောင်ရွက်နိုင်သည့် အာဏာပိုင်အရာရှိကြီး [ROB, III, p. 137]

**အချုပ်တိုက်** – မင်း မိဖုရားတို့ဝတ်ဆင်ရန် အင်္ကျီများကို ချုပ်လုပ်ပေးရသော အမှုထမ်းတို့၏ အလုပ်တိုက် [**ရွှေနန်းသုံး**၊ စာ ၁၅၈]

**အခြင်** – အိမ်မိုးရန်အတွက် မြားတန်းပေါ်တွင် ကန့်လန့်စီထားသော ဝါး သို့မဟုတ် သစ်ချောင်းငယ် [**မြန်မာစာ**၊ စာ ၄၀၀ ]

**အချေး** – တောင်ဝှေး၊ ဓားအိမ်၊ ဓားလက်ကိုင်ရိုး ခိုင်ခံ့မြဲမြံအောင် တပ်ဆင်သည့်ကွင်း [**ယုဒသန်**၊ စာ ၂၅] “ပတ္တမြားတရစ်စီ အချေး ၇တန့် ရွှေတောင်ဝှေး” [**လွှတ်တော်မှတ်**၊ စာ ၉]

**အခွန်တော်ဆက် ၅ စို့** (၁) ရွှေခွန်ဆက်အစို့ (၂) သံခွန်ဆက်အစို့ (၃) သစွေးခွန်ဆက်အစို့ (၄) ပယင်းခွန်ဆက်အစို့ (၅) ကျောက်ခွန်ဆက်အစို့ (ညောင်ရမ်းမင်းလက်ထက်က အခွန်တော်ဆက် ၅ စို့ဖြစ်သည်။) [ROB, I, p. 165]

**အခွန်သေ** – ပုံသေသတ်မှတ်ထားသောအခွန် [**ဓမ္မ**၊ စာ ခ]

**အဂတိလေးပါး** – (၁) ဆန္ဒာဂတိ – ချစ်ကျွမ်းဝင်သဖြင့်လည်းကောင်း၊ လာဘ်ရသဖြင့်လည်းကောင်း ဘက်လိုက် မှားယွင်းခြင်း (၂) ဒေါသာဂတိ – ရန်ငြိုးရှိသဖြင့် ဘက်လိုက်မှားယွင်းခြင်း (၃) ဘယာဂတိ – ဘေးအန္တရာယ်ကို ကြောက်ရွံ့သဖြင့် ဘက်လိုက်မှားယွင်းခြင်း (၄) မောဟာဂတိ – တွေဝေသဖြင့် ဘက်လိုက်မှားယွင်းခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၈၃]

**အငြိမ်း** *(ပါ၊ အဂရု)* အကျော်နက်အမွှေးနံ့သာ [**ဦးဟုတ်**၊ စာ ၈]

**အငြိမ့်တီး ၆မျိုး** – (၁) စောင်း (၂) ညှင်း (၃) မိကျောင်း (၄) အောင်းကလေး (၅) ပတ္တလား (၆) တယော [**ရတနာ့ဘဏ်**၊ စာ ၅၇]

**အငြိမ့်တူရိယာငါးမျိုး** (၁) စောင်း (၂) ညှင်း (၃) မိကျောင်း (၄) အောင်းကလေး (၅)ပတ္တလား [နောက်ပိုင်းတွင် တယောကိုထည့်သဖြင့် အငြိမ့်တူရိယာ ခြောက်မျိုးဖြစ်လာသည်။] “ငြင်းနှင့် မိကျောင်း၊ စောင်း အောင်းကလေး၊ ရွှေရေး ပတ်တလား၊ အငြိမ့်များကို” [**ကုသ**၊ စာ ၁၄၈] “စောင်းငြင်း မိကျောင်း၊ အောင်းကလေး တခြား၊ ပတ်တလားနှင့် လက်ဖျားသံနှော၊ တယောဟူသည်၊ ခြောက်မည်ငြိမ့်မျိုး” [**နာရဒ**၊ စာ ၁၁၃]

**အစထော်လော်** – ညီညွတ်ခြင်းမရှိဘဲ အစထောင်၍ထွက်နေခြင်း၊ မပိမပြား ထိုးထိုးထောင်ထောင် [**ယုဒသန်**၊ စာ ၃၀၊ ၅၃၂ နှင့် **လောက**၊ စာ ၁၅၀] “တိုင်းရေးပြည်ရေးဆိုသည့် အရာသည် အစထော်လော် မရှိစေသင့်” [**ကုန်းဆောင်**၊ ३၊ စာ ၃၄၂]

**အစိုဖြစ်သော** *(ကျောက်)* အစိုးအပွားဖြစ်သော၊ အတိုးအရင်းဖြစ်သော [**ကျောက်စို့**၊ စာ ၁၀၇]

**အစီဘောကင်ဘက်** *(အင်္ဂလိပ်)* အာချီဘော်ကင်းဘဲ (Archibald Campbell) [ROB, VIII, p. 444]

**အစိရင်** (၁) စီမံထားသော အကြောင်းအရာ (၂) မြို့ရွာကို စီရင်အုပ်ချုပ်သူ၊ သူကြီး၏လက်ထောက်အဖြစ် မြို့ရွာကိုစီရင်အုပ်ချုပ်ရသော ပုဂ္ဂိုလ် [**အုပ်ချုပ်**၊ ३၊ စာ ၁၅၂ နှင့် ROB, III, p. 178, 211] “တနင်္သာရီ မြိတ် အစိရင်တို့မှာ အလောင်းမင်းတရားကြီး သဘော်တော်ဖြစ်သည် ပေးအပ်ရမည်တောင်းသည်” [ROB, III, p. 239] “ဓမ္မမင်းရဲကို အရပ်ရပ်နားခံတို့ကို အချုပ်အစိရင် ခန့်တော်မူသည်” [ROB, III, p211] “ဟသ်ာမြို့ကျေးရွာ အစိရင် သူကြီးခေါင်း အကြီးအသည်အလာဝင်နေ ကပ်ပါး ကြေးထမ်းကြီးငယ်တို့ မြို့သူကြီး ငရွှေအုံ ဆင့်ဆိုရာ နာခံဆောင်ရွက်ကြရမည်” [ROB, IX, p. 833]

**အစုအငန်း** – သတ်မှတ်ဖွဲ့စည်းထားသော အစုအဖွဲ့. [**စီပွဲလွှာ**၊ စာ ၃-၄]

**အစုအမြင့်အနိမ့်** – မင်းမှုထမ်းအစုများတွင် အမြင့်ဆုံး အစုမှာ သွေးသောက်စုဖြစ်သည်။ ထိုအောက် မြင်းစု၊ ထိုအောက်သေနတ်စု၊ ထိုအောက်စုသေး၊ ထိုအောက်စုနှ ဖြစ်၍ အနိမ့်ဆုံးမှာ စုကြမ်းဖြစ်သည်။ [**ရွှေနန်းသုံး**၊ စာ ၂၂၉]

**အစည်** – စုမားတြာကျွန်း၏ မြောက်ဘက်စွန်းတွင် တည်ရှိခဲ့သော Achin, Acheen, Atjeh, Asi ဟူ၍ ရေးသားဖော်ပြခဲ့သောမြို့ (အစည်မြို့သည် တစ်ဆယ့်ငါးရာစုနှစ်မှ တစ်ဆယ့်ခုနစ်ရာစုနှစ်အထိ ထွန်းကား စည်ပင်ခဲ့သည်။) [**ရာဇဝင်သစ်**၊ တ၊ စာ ၄၇]

**အစည်းအဝါး** – (၁) အတိအကျ၊ တိကျစွာ [**ယုဒသန်**၊ စာ ၃၂] (၂) အခြေအနေ? ။ "ကျွန်ုပ်တို့မှာ ဧည့်သည်သာဖြစ်၍ အရပ်အရာ အစည်းအဝါးကိုလည်း မသိချေသေး" [**မှန်နန်း**၊ ૩၊ စာ ၃၇၁]

**အစိတ်အစိယ်** *(ကျောက်)* အစစ်အဆေး၊ စစ်ဆေးမေးမြန်းခြင်း။ "မင်းလုလင်နာတစ်ကြာရကာ အစိတ်အစိယ် မိယ်တဝ်မူရယ်" [**၁၂၂၉ ခုနှစ်ထိုး ကံကုန်စေတီသမိုင်းကျောက်စာ**]

**အစိန္တေယျလေးပါး** (၁) ဗုဒ္ဓဝိသယောအစိန္တေယျာ – သဗ္ဗညုတဉာဏ်တော်၏ အရာကိုမကြံအပ် (၂) ဈာနဝိသယောအစိန္တေယျာ – တန်ခိုးတော်အရာကို မကြံအပ် (၃) ကမ္မဝိပါကောအစိန္တေယျာ – ကုသိုလ် အကုသိုလ်ကံ၏အကျိုးကို မကြံအပ် (၄) လောကဝိသယော အစိန္တေယျာ – လောကဖြစ်ပျက်ခြင်းကို မကြံအပ် [**သုခမှတ်**၊ စာ ၁၂၀]

**အစွတ်အခြောက်** – စွတ်စိုသော ပစ္စည်းနှင့် ခြောက်သွေ့သော ပစ္စည်း၊ စွတ်စိုသောမြေနှင့် ခြောက်သွေ့သော မြေ [BED, i, p. 95] "လယ်ပယ်ကျွဲရှည်း လုပ်သားထားမပုဆိန်တူရှင်း အစွတ်အခြောက် မြေတွင်လုပ်သမျှ" [**စမှူ**၊ စာ ၇၇]

**အစွတ်အခြောက်အခွန်** – မြစ်ချောင်းအင်းအိုင်နှင့် အင်းအိုင်တို့မှ ဖမ်းဆီးရမိသော ငါးပုစွန် ရောင်းဝယ်မှုမှလည်းကောင်း၊ ငါးဖမ်းလုပ်ငန်းများမှ လည်းကောင်း ကောက်ခံသောအခွန်နှင့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေတို့မှ ထွက်သောကုန်စည်တို့အပေါ် ကောက်ခံသော အခွန် [**လွှတ်တော်မှတ်**၊ စာ ၂၃၈] "အစွတ်တည်းဟူသော အင်းအိုင်ဦးရေ လေးဆဲ့ခုနစ်၊ အခြောက်တည်းဟူသော ကိုင်း ကျွန်း ကုန်း ဌာန ဦးရေရှစ်ဆဲ့ကိုး" [**ကုန်းဘောင်**၊ တ၊ စာ ၄၅၃]

**အဆော်** – အနားစွန်းတစ်လျှောက်တွင် လှပအောင် မွမ်းမံခြယ်လှယ်ထားသော အချွန်အတက်အဆင်တန်ဆာ (အဆော်သုံးမျိုးရှိသည်။ (၁) နတ်ဆော်– နတ်ရုပ်ကလေးများကို အစဉ်လိုက်စိုက်ထောင်ထားသော အဆင်တန်ဆာအတန်း – နတ်ဆော်ကို သိကြားဆော်ဟုလည်း ခေါ်သည်။ (၂) ငှက်ဆော် – ငှက်ရုပ်ကလေးများကိုစီ၍ စိုက်ထောင်ထားသော အဆင်တန်ဆာ၊ (၃) ပန်းဆော် – ပန်းပွင့်များကို စီ၍ စိုက်ထောင်ထားသော အဆင်တန်ဆာ) [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၆၄]

**အဆိုအလဲဆိုက်** – အဆိုတင်သွင်းရန် လျှောက်လဲရန် အခွင့်အခါဆိုက်သည်။ "အမွေအနှိမ့်အမြင့်... ယုတ်သည် ပိုသည် အဆိုအလဲဆိုက်သော်လည်း တရားခွင်မပေးသာ" [**လွှတ်တော်မှတ်**၊ စာ ၁၀၇]

**အဆောက်** *(ဓားစသည်၏)* လက်ကိုင်ရိုး [**မြန်စာန်**၊ စာ ၄၀၃] "ထားအဆောက်၊ ခတ္တီပါနက်မွဲ၊ ရင်းဖျားခွေးမခွေးငယ်၊ သံပတ် ၇တန့်" [**နန်းသုံးယာဉ်**၊ စာ ၃၈]

**အဆင့်မြှင့်ပုံ** – အမှုထမ်းတို့မှာ ခြေဆယ်ပွဲအောင်မှ မြင်းတပ်သို့တင်ပေးသည်၊ မြင်းဆယ်ပွဲအောင်မှ ဆင်တပ်သို့ တင်ပေးသည်။ ဆင်ဆယ်ပွဲအောင်မှ လှေတပ်သို့ တင်သည်။ လှေဆယ်ပွဲအောင်မှ လေးရာ ပြုမြို့ပေး၍ ချီးမြှင့်သည်။ [**ကဝိ**၊ စာ ၂၆၀]

**အဆောင်နီ** – မင်းကေရာဇ်စစ်ချီရာ၊ စစ်ပွဲခင်းကျင်းရာ၊ ဆင်ခင်းမြင်းခင်းစက်သွင်းရာ၊ လယ်ထွန်မင်္ဂလာကျင်းပရာ ထွက်တော်မူရာတို့တွင် အိတ်နီသွတ်၍ ဆောင်ယူသွားသော လက်နက်ကိရိယာအဆောင်ပစ္စည်းများ [**မြန်မွှင်**၊ ૩၊ စာ ၂၀၈ နှင့် ROB, III, p. 120]

**အဆောင်နီမြေ** – အဆောင်နီကိုင်အမှုထမ်းတို့ နေထိုင်လုပ်ကိုင်စားသောက်ရသော အစဉ်အဆက်ပိုင်မြေ [BED, i, p. 107] "တံခါးနီမြေအဆောင်နီမြေမှ စ၍ အစုအစည်ကို သစ္စာတော်ကျမ်းပေး၍စစ်သော်" [**စမှူ**၊ စာ ၄၄]

**အဆောင်နီမှူး** – မင်းကေရာဇ် သုံးစွဲကိုင်ဆောင် တော်မူသည့် အိတ်နီသွတ် လက်နက်ပစ္စည်းများကို ထိန်းသိမ်း ကိုင်ဆောင်လိုက်ပါရသည့် အမှုထမ်းများ၏ အကြီးအမှူး [**ရွှေနန်းသုံး**၊ စာ ၁၄၄]

**အဆောင်ရမိဖုရားလေးပါး** – (၁) တောင်ဆောင်တော်မိဖုရား (၂) မြောက်ဆောင်တော်မိဖုရား (၃) တောင်ရွှေရေးဆောင်မိဖုရား (၄) မြောက်ရွှေရေးဆောင် မိဖုရား [**မန္တလေး**၊ စာ ၁၁၄ နှင့် **အုပ်ချုပ်**၊ ပ၃၊ စာ ၁၂၂]

**အဇ္ဈာ** (*အဇ္ဈတ*) – အထက်ဟင်းလင်းပြင် [BED, ii, p. 111]

**အဇ္ဈာကာသ** (*ပါ၊ အဇ္ဈ + အာကာသ*) ကောင်းကင်ဟင်းလင်းပြင် [BED, ii, p. 111]

**အစလုံလှေ** – ဦးတွင် ဆိတ်ရုပ်ခရမ်းသီးငုံဟန်နှင့် လက်နှစ်ဖက်ပုံဖော်၍ ပဲ့တွင်ဆိတ်အမြီးနှင့် ခြေနှစ်ဖက်ရုပ်ဖော်ပြီး တည်ဆောက်ထားသော လှေ [**ရွှေဘုံ**၊ စာ ၆၉]

**အဇာဂုရု** (*ပါ*) ဘုန်းပညာကြီးသော မင်းဆရာပုဏ္ဏား

**အညာမြစ်စဉ်ခရိုင်** – စဉ့်ကူးမြို့၊ စမွယ်နဂိုရ်မြို့၊ မြတောင်မြို့၊ မိုးတားမြို့၊ မန်လည်မြို့၊ မိုးမိတ် မိုးလှိုင်မြို့၊ မိုးကုတ်ကြပ်ပြင်၊ ဗန်းမော်မြို့၊ မိုးကောင်းမြို့ မြို့ဝန်ဝန်စုမြို့ရွာများပါဝင်သောခရိုင် [ROB, IX, p. 1032]

**အဋ္ဌကထာ** (*ပါ*) ဘုရားဟောပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသောကျမ်း [**ဦးဟုတ်**၊ စာ ၂၄]

**အဋ္ဌဇေယမင်္ဂလာ** (*ပါ*) အောင်ခြင်းရှစ်ပါးတရားစာ [**မြင့်**] [အဋ္ဌဇေယမင်္ဂလာနှင့်တကွ ပရိတ်ကြီး ရှစ်စောင်ကိုလည်း ရွတ်ရသည်" [**မှန်နန်း**၊ ၃၊ စာ၃၈၈]

**အဋ္ဌဝီသ** (*ပါ၊ အဋ္ဌဝီသတိ*) နှစ်ဆယ့်ရှစ်ဆူ (နှစ်ကျိပ်ရှစ်ဆူ) [**ဦးဟုတ်**၊ စာ ၂၅] "အဋ္ဌဝီသနှစ်ဆဲ့ရှစ်ဆူ၊ သတ္တဌာနခုနစ်ဆူ... သည်များကို ဌပနာတော်မူသည်" [**မှန်နန်း**၊ ၃၊ စာ ၃၃၃]

**အဋ္ဌာရသ ၁၈ရပ်သော အတတ်ပညာ** – လောကနီတိကျမ်းလာပညာဆယ့်ရှစ်ရပ်မှာ (၁) သုတိ – အကြားအမြင်များခြင်း (၂) သမ္မုတိ – ဓမ္မသတ် ဥပဒေအတတ် (၃) သင်္ချာ – ဂဏန်းသင်္ချာပညာ (၄) ယောဂါ – တံစဉ်းစုးဆောက်သုံးစွဲသော အတတ် (၅) နီတိ – လောကနီတိတတ်မြောက် ခြင်း (၆) ဝိသေသိကာ – ယာယိယတြာ စသော ဗျာကရိုဏ်းကျမ်းအတတ် (၇) ဂန္ဓဗ္ဗာ – ဂီတတူရိယာ သီဆိုတီးမှုတ်ခြင်းအတတ် (၈) ဂဏိကာ – အကျွရာသင်္ချာနှင့် ဂဲသြမေထရီအတတ် (လက်ဆစ်ချိုး၍ ရေတွက်သော အတတ်) (၉) ဓနုဗေဒ – လေးမြားအတတ် (၁၀) ပုရာဏာ – ရှေးစကားဟောင်းတို့ကို ဖော်ပြသော ပုရာဏ်ကျမ်း အတတ် (၁၁) တိကိစ္ဆာ – ဆေးပေးဆေးကု အတတ် (၁၂) ဣတိဟာသာ–ရယ်ရွှင်ဖွယ်အတတ် (၁၃) ဇောတိ – နက္ခတ်ဗေဒင်အတတ် (၁၄) မာယာ – လှည့်ပတ်သောအတတ် (၁၅) ဆန္ဒာ – ဆန်းကျမ်း အတတ် (၁၆) ကေတု–သံတမန်အတတ် (၁၇) မန္တာ– ဂါထာမန္တာန် စီရင်တတ်သောအတတ် (၁၈) သဒ္ဒါ – သဒ္ဒါကျမ်း အတတ် [**သုစမုတ်**၊ စာ ၄၃၃–၄၊ **ရာဇော**၊ စာ ၁၇၅]

**အဋ္ဌိဗဒ္ဓန** (*ပါ*) – အရိုးဖြင့်ဖွဲ့စည်းခြင်း [**ဦးဟုတ်**၊ စာ ၂၆၊ ၆၉၉]

**အဋ္ဌင်္ဂသီလဥပုသ်**(*ပါ*) – ရှစ်ပါးသီလ ဆောက်တည်သော ဥပုသ် (၁) သူ့အသက်ကို မသတ်ခြင်း (၂) သူ့ဥစ္စာကို မခိုးခြင်း (၃) မေထုန်မှီဝဲမှုမပြုခြင်း (၄) လိမ်ညာ၍ မပြောဆိုခြင်း (၅) အရက်သေစာ ရှောင်ရှားခြင်း (၆) နေ့လွဲညစာမစားခြင်း (၇) သီဆိုကခုန် တီးမှုတ်သည်တို့ကို ကြည့်ရှုနားထောင်မှု မပြုခြင်း (၈) မြင့်သောနေရာ မြတ်သောနေရာတို့၌ အိပ်စက် နေထိုင်မှု မပြုခြင်း [**သုစမုတ်**၊ စာ ၂၉၅–၆]

**အတလူ (အတလုန်)** – လူရေးလူရာ အသိပညာမရှိသော လူသွမ်းလူအ [**မြန်ဖွင့်**၊ ဖြည့်၊ စာ ၃–၄]"လူရေးလူရာ၊ လေ့လာမကျွမ်း၊ လူသွမ်းစတေ၊ လူခြေ စုံစမ်း၊ နှုတ်ခမ်းဖုန်ဖုန်၊ အတလုန်နှင့်" [**ကိုးခန်း**၊ စာ၃၆၇]

**အတာစား** – သင်္ကြန်အတက်နေ့နှင့် မွေးနေ့တိုက်ဆိုင်သည်။ [BED, iii, p. 131] "ထိုနှစ် မဟာသင်္ကြန်ပြောင်း အတာစားတော်မူသည်ကိုလည်း အရှင်ကေရာဇ်မင်းမြတ်တို့ အတာတော်စားသည့် အစဉ်ထုံးစံအတိုင်း ကျွေးမွေးပေးကမ်းလှူဒါန်းတော်မူသည်" [**ကုန်းဘောင်**၊ ၃၊ စာ ၃၀၉]

**အတိခလိတ** (*ပါ*) အလွန်လွဲမှားချွတ်ချော်ခြင်း [**ဦးဟုတ်**၊ စာ ၂၈၊ ၃၄၆] "ရာဇဝင်အရပ်ရပ်တို့သည် ညီညွတ်ခြင်းမရှိ။ အတိခလိတချွတ်ယွင်းလျက်ရှိကြသည်" [**ရာနိုင်ရာသစ်**၊ ပ၊ စာ ၃၁၀]

**အတိဂမ္ဘီရ** (*ပါ*) အလွန်နက်နဲသော (ပဋ္ဌာန်းကျမ်း) [**ဦးဟုတ်**၊ စာ ၂၉] "အတိဂမ္ဘီရ အတိဝိတ္ထာရ အနန္တနယ ဖြစ်သော သမန္တပဋ္ဌာန်း တရားတော်မြတ်ကို ... သင်္ဃာတော်တို့ ရွတ်ဖတ် သရဇ္ဈာယ်ကြသည်" [**လွှတ်တော်မှတ်**၊ စာ ၁၉၂]

**အတိဒီဃထန** (*ပါ*) အလွန်ရှည်သော နို့တိုင် [**ဦးဟုတ်**၊ စာ ၃၀၊ ၄၅၂] "နို့ထိန်းတို့ကို ရွေးချယ်သော အခန်းတွင်

အတိဒီဃထနဖြစ်က သူငယ်၏နှာခေါင်းသည် စဉ်းငယ် ဝိစပ်ဖြစ်တတ်ခြင်း" [**ကုန်းဘောင်**၊ တ၊ စာ ၅၂၁]

**အတိရဿ** *(ပါ)* အလွန်ပုသည်။ အလွန်တိုသည်။ [**ဦးဟုတ်**၊ စာ ၃၂] "နို့ထိန်းတို့ကို ရွေးချယ်သော အခန်းတွင်... အတိရဿဖြစ်က သူငယ်၏လည်ကို တိုစေတတ်ခြင်း" [**ကုန်းဘောင်**၊ တ၊ စာ ၅၂၁]

**အတိဝိတ္ထာရ** *(ပါ)* – အလွန်ချဲ့ထွင်နိုင်သော (ပဋ္ဌာန်းကျမ်း) [**မြင့်**]

**အတုလ** *(ပါ)* အတုမရှိ၊ ပြိုင်ဖက်ကင်းခြင်း [**BED**, iii, p. 135]

**အတုလဓိပတိမုနိပုဂ်ဝလောကနထ** *(ပါ)* အတုမရှိအောင် ကြီးမြတ်၍ လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရား [**ဦးဟုတ်**၊ စာ ၃၅၊ ၄၆၊ ၇၈၃၊ ၆၇၇၊ ၈၃၃] "အတုလဓိပတိ မုနိပုဂ်ဝလောကနာထ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား" [**ကုန်းဘောင်**၊ တ၊ စာ ၅၈၀]

**အတုလရစ်** *(ကျောက်၊ ပါ၊ အတုလရာဇ)* အတုမရှိသောမင်း [**ဦးဟုတ်**၊ စာ ၃၅၊ ၈၁၂]

**အတံတြာ** *(ကျောက်)* – အထက်တရားရုံး၊ အယူခံတရားရုံး [**ဓေတ်ဆောင်း**၊ စာ ၁၅၄] "သန္တုလဆုတ် ၁၁ရျက်သုကြာနိယ္ဒ်အာ အတံတြာဆင်သော စည္ဆုပင့်မ္ဘတ်" [**၁၂၃၃ ခုနှစ်ထိုးလေးမျက်နှာဘုရား ကျောက်စာ**၊ အနောက်/ ၁၇–၁၈]

**အတင်တော်** – ကွမ်းခွက်၊ သောက်တော်ရေအုပ်တို့ကို တင်ထားရန် စီရင်ထားသော ရွှေကလပ်ခြေမြင့် [**ROB**, II, p. 337 နှင့် **ROB**, III, p. 121]

**အတင်တော်ကိုင်** – မင်းဧရာဇ် အသုံးအဆောင်တော် ပစ္စည်းတင်ရန် စီရင်ပြုလုပ်ထားသည့် ကလပ် ခြေမြင့်ကို ကိုင်ဆောင်လိုက်ပါ ထမ်းရွက်ရသော အမှုထမ်း [**ROB**, II, p. 337]

**အတင်သုံးမျိုး** – လှေကားပေါင်ပေါ်တွင် တင်သော အမွမ်းသုံးမျိုး (၁) အရပ်တင် (၂) အပြောက်တင် (၃) သင်းကြောတင် [**BED**, iii, p. 123]

**အတောင်နှစ်မျိုး** (၁) မဇ္ဈိမပုရိသအတောင် (လက်သမားတောင်) – အရပ်ခြောက်ပေမြင့်သော ယောကျာ်း၏ အတောင် = ၁၉ လက်မခန့် (၂) ပကတိပုရိသအတောင် – အရပ်မနိမ့်မမြင့်ရှိသော ယောကျာ်း၏အတောင် = ၁၂လက်မခန့် [**မေးတော်ဖြေ**၊ စာ ၁၀– ၁၁၊ ၅၃၅]

**အတောင်းစား** – အမှုသည်တို့ထံမှ အကြောင်းမဲ့ တောင်းယူသော ကြေးငွေ [**လွှတ်တော်မှတ်**၊ စာ ၂၅၅]

**အတိုင်အပင်မပြုအပ်သူရှစ်ဦး** (၁) ရာဂစရိုက် ကြီးသူ (၂) ဒေါသကြီးသူ (၃) လူမိုက် (၄) မာနကြီးသူ (၅) ကြမ်းကြုတ်သူ (၆) ပျင်းရိသူ (၇) တစ်ခုတည်းသော အမှုကိုသာ စွဲလန်းကြံစည်သူ (၈) သူငယ် [**အုပ်ချုပ်**၊ ပ၊ စာ ၁၄၂–၃]

**အတည်ခံကွာကြေး** – တရားစီရင်ရင်း ခုံရုံးမှ ထိုထက် အဆင့်မြင့်သော ခုံရုံးသို့တက်၍ အယူခံရန်အတွက် အမှုကို ခွာသောအခါ ပေးရသည့်ကြေးငွေ [**လွှတ်တော်မှတ်**၊ စာ ၃၄၊ ၂၅၅]

**အတည်မယ်** *(ကျောက်)* အတည်မဲ့၊ တည်မြဲမှုကင်းမဲ့သည်။ အနိစ္စရောက်သည်။ "ငါတေအတည်မယ်မုကာ။ ဤ ငမိယာနှင် သာ၂ယောက်။ ကေိုဝ်စာပုရှာနှင် ကျောင် အာ ဣည်ရစ်စိယ်သတေ" [**၁၃၃၁ ခုနှစ်ထိုး ငါကြံလျှောက်သင် ကျောက်စာ**၊ ကျော/၃–၄]

**အတည်းအကွပ်** – အနှောင်အဖွဲ့အကွပ်အကဲ [**BED**, iii, p. 127] "ထိုကချီတော်မူသည့်နေ့အတည်းအကွပ် အရပ်အဆိုင်းမရှိ ဖြတ်ဘီးမြို့ကို သိမ်းယူတော်မူသည်" [**ကုန်းဘောင်**၊ ပ၊ စာ ၃၀၀]

**အတည်းအတွ** – ရပ်တန့်ခြင်း၊ တုံ့ဆိုင်းခြင်း [**BED**, iii, p. 127 "စစ်သုံးကြောင်းဖြန့်၍ အတည်းအတွ မရှိ... ဆင်ပါမြင်းပါနင်း၍ ထိုးခုတ်ပစ်ခတ်သည်" [**ကုန်းဘောင်**၊ ပ၊ စာ ၄၃၆]

**အတန္တု** *(ပါ)* ဥပမာ [**မြန်မာဓာပါဟာ**၊ အ၊ စာ ၉–၁၀] "အတန္တုအားဖြင့်... အသုရာစစ်သည်တို့ကို နှိပ်နင်းအံ့သောဌာ... သိကြားထွက်စံသကဲ့သို့" [**ကုန်းဘောင်**၊ ပ၊ စာ ၃၆]

**အတြေ** *(ပါ)* – သားအရင်း [**BED**, iii, p. 145]

**အတြနက္ခတ်** – နက္ခတ် ၂၇လုံးရှိသည်တွင် ဟသ်ာ တာရာ၏ ပိုင်နက်နယ်အတွင်း ခြောက်လုံးမြောက်သော နက္ခတ် (လိပ်လက်နက္ခတ်ဟုလည်း အချို့က ခေါ်သည်။) [**အုန်းအဘိဓာန်**၊ အ အက္ခရာ]

**အတွင်းခိုင်းပန်းထိမ်တော်** – နန်းတွင်းကစေခိုင်းသမျှ ရွှေထည်အသုံးအဆောင်ပစ္စည်းများကို လုပ်ဆောင်ပေးရသော (ရွှေတိုက်ဝန်၊ ဝန်စုပါ) ရွှေပန်းထိမ် အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၇၂]

**အတွင်းခြောက်စု** – (၁) မြောက်ထားဝယ် (၂) တောင်

ထားဝယ် (၃) မြောက် ၁၅၀ (၄) တောင် ၁၅၀ (၅) မြောက်မာရာဘင် (၆) ရွှေပြည်မှန်ကင်း [**ရှေးဟောင်းမှတ်**၊ စာ ၆]

**အတွင်းဖိနပ်တော်** – နန်းတွင်းတွင် တစ်ဆောင်မှ တစ်ဆောင်သို့ ဘုရင်ထွက်တော်မူသောအခါ ဖိနပ်တော်ခင်းရသည့် အသက် ၁၂နှစ်ထက်ကျော်လွန်ခြင်းမရှိသေးသောကလေးငယ် အမှုထမ်းများ (ထိုကလေးငယ်များသည် မှူးမတ်စော်ဘွားမြို့စားများ၏ သားမြေးများဖြစ်ကြရသည်။) [**ရွှေနန်းသုံး**၊ စာ ၃၄]

**အတွင်းမီးတိုက်** – အချင်းချင်းရန်တိုက်ပေးခြင်း

**အတွင်းရောင်လင်း** – စီခြယ်ထားသော ကျောက်မျက်၏ အတွင်းဘက်တွင် အရောင်လင်းလက်၍ ထွက်နေအောင် စီရင်ထားသည်။ "ပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်း" [**ကုန်းဘောင်**၊ တ၊ စာ ၁၇၉]

**အတွင်းရွှေ** *(ကျောက် – အတွင်းရယ်)* – ဘုရင်အနီးအပါးတွင် ခြံရံ ခစားထမ်းရွက်ရသော အမှုထမ်း

**အတွင်းရှဲ** – ထီးလေးစင်း၊ လောင်းရှည်၊ ကလေး၊ သောင်သွပ်၊ တောက၊ မိုးကောင်း၊ ကြော့၊ တနိမ့်၊ စစ်တောက်၊ မုရင်းမြို့ရွာတို့ ပါဝင်သောဒေသ [ဦးမောင်မောင်တင်မှတ်စု]

**အတွင်းဝဲ** ကျောင်းတော်အိမ်တော်များ၏ ဆောင်မကြီးတွင် အတွင်းဘက် ဧည့်ခန်း [**အုပ်ချုပ်**၊ ပဥ္စ၊ စာ ၅၄]

**အတွင်းဝန်** – ဗြဲတိုက်တော်တွင် ခစားထမ်းရွက်ပြီး မင်းကေရာဇ်၏ အတွင်းရေးကိစ္စ၊ နန်းတွင်းအမှုကိစ္စနှင့် တိုင်းနိုင်ငံတော်ကိစ္စများကို ချောမောအောင်မြင်အောင် မင်းကေရာဇ်ထံ လျှောက်ထားနာခံပြန်ဆိုစီရင်ရသော မှူးမတ်ကြီး [ ROB, X, p 133၊ **ရွှေနန်းသုံး**၊ စာ ၆၁–၂ နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၁၈]

**အတွင်းဝန်ထောက်** – အတွင်းဝန်တို့ကို ကူညီထောက်မ၍ မင်းကေရာဇ်၏ အမှုကိစ္စ၊ နန်းတွင်းရေးကိစ္စများကို ထမ်းဆောင်ကာ နန်းတွင်းအမှုထမ်း တို့အားလည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်စေရန် ဆင့်ဆိုရပြီး တာဝန်လစ်ဟင်းသူများရှိလျှင် အတွင်းဝန်များထံ အစီရင်ခံရသော အရာရှိ [**အုပ်ချုပ်**၊ ၈၊ စာ ၁၈–၉]

**အတွင်းသင်းမှူး** – လုံခြုံရေးအတွက် နန်းတွင်းတွင် စောင့်နေထမ်းရွက်ကြရသော အမှုထမ်းတို့ကို ကြီးကြပ်ရသည့် အကြီးအမှူး [**အုပ်ချုပ်**၊ တ၊ စာ ၁]

**အတွင်းသုံးဆယ့်ခုနစ်မင်း** – ရွှေစည်းခုံဘုရားတံတိုင်းအတွင်း၌ ရုပ်ပုံနှင့်တကွထားသော ၃၇ မင်းနတ်များ (၁) ဝေရဠ (၂) ဝိရူဠှက (၃) ဝိရူပက္ခ (၄) ကုဝေရ (၅) သိကြား (၆) မဟေသရ (၇) မဟာပိန္နဲ (၈) စန္ဒီ (၉) သူရဿတီ (၁၀) ရသမ်ငိ (၁၁) စန္ဒာ (၁၂) အာဠဝီ (၁၃) မာရ်နတ် (၁၄) သောတပန် (၁၅) အနာဂါမ် (၁၆) ဇမ္ဗူဒီပါ (၁၇) ဇမ္ဗူတံဆိပ် (၁၈) ဇမ္ဗူချမ်းသာ (၁၉) ဇမ္ဗူကျက်သရေ (၂၀) ဇမ္ဗူသပြေ (၂၁) ဇမ္ဗူတန်ဆောင် (၂၂) ဇမ္ဗူတမွတ် (၂၃) ဇမ္ဗူရန်အောင် (၂၄) ရွှေသက်စိုး (၂၅) ရွှေပြည်သင် (၂၆) ရွှေညိုသင် (၂၇) ရွှေစကား (၂၈) ခရားပင်စောင့်နတ် (၂၉) မန်ကျည်းပင် စောင့်နတ် (၃၀) ဆင်ဖြူရှင်နတ် (၃၁) မြင်းဖြူရှင်နတ် (၃၂) ဆွဲသင် (၃၃) ငနဲ့သင် (၃၄) ဖက်မသင် (၃၅) ဘုံမသင် (၃၆) ထုံသင်းကြီး (၃၇) ပွဲစားကြီး [**ဦးဖိုးကျား**၊ စာ ၁၃–၁၆]

**အတွင်းသုံးဆယ့်ခုနစ်မင်း** – (၁) သိကြား (၂) ဝေရဠ (၃) ဝိရူဠှက (၄) ဝိရူပက္ခ (၅) ကုဝေရ (၆) ဇမ္ဗူဒီပ (၇) ဇမ္ဗူတံဆိပ် (၈) ဇမ္ဗူချမ်းသာ (၉) ဇမ္ဗူကျက်သရေ (၁၀) ဇမ္ဗူသပြေ (၁၁) ဇမ္ဗူတန်ဆောင် (၁၂) ဇမ္ဗူတမွတ် (၁၃) ဇမ္ဗူရန်အောင် (၁၄) ရွှေသက်စိုး (၁၅) ဗျသံဂိ (၁၆) မဟေသရ (၁၇) ရွှေပြည်သင် (၁၈) ရွှေညိုသင် (၁၉) ရွှေစကား (၂၀) ပွဲစားကြီး (၂၁) ခရားပင်စောင့် (၂၂) အင်ကြင်းပင်စောင့် (၂၃) ယင်နှင် (၂၄) အာဠာဝက (၂၅) ကြေးစန္ဒီ (၂၆) ကြော့စန္ဒီ (၂၇) ဆင်ဖြူရှင် (၂၈) ဆွယ်သင် (၂၉) ဖက်ပသင် (၃၀) မြင်းဖြူရှင် (၃၁) မာရ်နတ် (၃၂) မန်ကျည်းပင်စောင့် (၃၃) သူရဿတီ (၃၄) ငနွယ်သင် (၃၅) ထုံသင်းကြီး (၃၆) မဟာပိန္နဲ (၃၇) ရွှေမြို့ရှင် [**ဒွယ်စုံ**၊ ၆၊ စာ ၁၂၉–၃၀]

**အတွင်းအရိပ်နေ** *(ဗိသုကာ)* – အဆောက်အအုံ၏ အတွင်းဘက်နံရံ? "အုပ်လှေကားသုံးဆူ ထည့်သည်။ အတွင်းအရိပ်နေနှင့်၊ မာရဘင်ကို ရွှေခြယ်၍ ထည့်သည်" [**အင်ရုံ**၊ စာ ၂၈၉]

**အထက်ခုနစ်ဆက်** – အဘ၊ အဘိုး၊ အဘေး၊ အဘီ၊ အဘဲ၊ အဘော်၊ အဘွေ [**မနုကျယ်**၊ စာ ၁၉၆]

**အထက်ပုစင်** *(ကျောက်)* – ကိုယ်အထက်ပိုင်းတွင် ရုံသောကေသီသက်န်း။ "ဝါဘွင်းကာ သတင်တိုင်လျှင်။ အထက်ပုစင်ာ။ ဩက်ရွတ်တထည်။ မပြတ်သောတ

ရျာဆုလေတည်၏" [**သွိုင်ရာဇသူ နှင့် အမိဘွားစော ကျောက်စာ**၊ ကျော/၂၁–၂၂]

**အထက်ဝါ** *(ဗိသုကာ)* – အဆောက်အအုံ၏ အထက်ပိုင်း [**အုပ်ချုပ်**၊ ပဠ၊ စာ ၅၁]

**အထောက်သုံးမျိုး** – ထောက်သဖွယ်ခံဆောင်ရန်အတွက် ပုံဖော်ထုလုပ်သော အဆင်တန်ဆာသုံးမျိုး (၁) အရုပ်ထောက် (၂) ပွတ်ထောက် (၃) ပန်းထောက် [နဂါးပုံ၊ နရားပုံ၊ တိုးနရားပုံ၊ မကန်းပုံ ထုလုပ်သောထောက်ကို အရုပ်ထောက်ဟု ခေါ်သည်။ အရုပ်ထောက်ကို အဆောက်အအုံ၏ အောက်ဘက်ပိုင်းတွင် ထုလုပ် ပုံဖော်လေ့ရှိသည်။ ပွတ်ထောက်နှင့် ပန်းထောက်များကို အဆောက်အအုံ၏ အထက်ပိုင်းတွင် ပုံဖော်ထုလုပ်လေ့ရှိသည်။] [**အုပ်ချုပ်**၊ ပဠ၊ စာ ၆၄–၅]

**အထုံးအမြိတ်ငါးထွေ** (၁) ရောင်ထုံး (၂) ကြက်တောင်စည်း (၃) ပေါက်ကျပ် (၄) ဦးစွန်း (၅) မိန်းမထုံး [**မေးတော်ဖြေ**၊ စာ ၂၉၀]

**အဒုလာ** *(ပါ၊ တုလာ)* – တိုလာအချိန် (၁၈၀ ဂရိန်နှင့် ညီမျှသောအလေးချိန် [**BED**, iii, p. 171]

**အဒိန္နာဒါန** *(ပါ၊ အဒိန္န + အာဒါန)* – အရှင်မပေး သော ဥစ္စာကိုယူခြင်း [**ဦးဟုတ်**၊ စာ ၄၁၊ ၁၆၃] "ပြည်သူတို့ အဒိန္နာဒါန်မှ လွတ်၍ ပစ္စုပ္ပန် သံသရာ အကျိုးစီးပွား များစေခြင်းငှာ" [**ကုန်းဘောင်**၊ တ၊ စာ ၂၅၁]

**အဓိဋ္ဌာနိဒ္ဓိ** *(ပါ ၊ အဓိဋ္ဌာန + ဣဒ္ဓိ)* – အဓိဋ္ဌာန် ပြု၍ တန်ခိုးဣဒ္ဓိပတ်ပြခြင်း [**ရခိုင်ရာဇဝင်**၊ ပ၊ စာ ၁၅၈ နှင့် **ဦးဟုတ်**၊ စာ ၄၆၊ ၁၉၄]

**အဓိပတိ** *(ပါ)* အကြီးအမှူး၊ အရှင်သခင် [**ဦးဟုတ်**၊ စာ ၄၆]

**အဓိမာသ်** *(ပြက္ခဒိန်)* – ပြက္ခဒိန် တွက်ချက်ရာတွင် ပိုလာသောလ။ "ကန်ရာသီ၌ အမ္ဗဝါသီ ၂ထပ် မြင်ခြင်း၊ အဓိမာသ်ပြုခြင်း၊ သူရိယမာသထက် စန္ဒြမာသ တလ လွန်ခြင်း စသည်ဖြင့် လထပ်ရက်ငင် ရာသော အကြောင်းအင်္ဂါပြည့်စုံသည်" [**လွှတ်တော်မှတ်**၊ စာ ၁၀]

**အဓိမာသ်ခုနစ်ပါး** – သက္ကရာဇ်ကိုတည်၍ ၁၉ဖြင့် စားလျှင် (၁) ၂ခုကြွင်းမူ စမ္ပာဓိမာသ် (၂) ၅ခု ကြွင်းမူ ပဥ္စာဓိမာသ် (၃) ၈ခုကြွင်းမူဗသျှုဓိမာသ် (၄) ၁၀ခု ကြွင်းမူ ဒသာဓိမာသ် (၅) ၁၃ ခု ကြွင်းမူ တေရသာဓိမာသ် (၆) ၁၆ ခုကြွင်းမူ သောဋသာဓိမာသ် (၇) ၁၈ ခုကြွင်းမူ အဋ္ဌာရသာဓိမာသ် [**ပက္ခဒိန်**၊ စာ ၆၉]

**အဓိရာဇ** *(ပါ)* မင်းတကာတို့ထက် လွန်ကဲထူးမြတ်သောမင်း [**ဦးဟုတ်**၊ စာ ၄၄၊ ၈၁၂]

**အဓိပ္ပါယတ္ထ** *(ပါ)* – အနက်အဓိပ္ပာယ်။ "အထူးထူးသော အဓိပ္ပာယတ္ထတို့ကို ကြံတော်မူလှသည် ဖြစ်၍..." [**မှန်နန်း**၊ ပ၊ စာ ၁၁၀]

**အဓမ္မဝါဒီ** *(ပါ)* တရားတော်နှင့် မညီမညွတ်သော ဝါဒသမားများ၊ မကောင်းသော အကျင့်အကြံဖြင့် လုပ်ကိုင်ဆောင်ရွက်သူများ [**ဦးဟုတ်**၊ စာ ၄၃၊ ၈၆၃]

**အဓမ္မိက** *(ပါ)* – တရားတော်နှင့် မညီမညွတ်ဖြစ်သည်။ မမှန်သော သဘောရှိသည်။ [**ဦးဟုတ်**၊ စာ ၄၃] "အဓမ္မိကဖြစ်သည့်အရာများ၌ ထိုက်သက် မှန်ကန်ရာ အဆင့်ဆင့် စိစစ်စီရင်သင့်ကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၁၁၀]

**အဓိမ်မသ်ပွဲ** – ပြက္ခဒိန်တွင် ပိုလာသော ရက်များကို ဖြို သည့်ပွဲ [**ရာဇဝင်သစ်**၊ တ၊ စာ ၁၇၈]

**အနနုပ္ပါဝါ** – မိမိမယားသည် သူတစ်ပါးကို လင်ပြု၍ ရသောသား [**မနုဓမ္မ**၊ စာ ၂၁]

**အနဝတတ်အိုင်ကိုဝန်းရံသောတောင်များ** (၁) ကေလာ သတောင် (၂) သုဒဿနတောင် (၃) စိတြတောင် (၄) ကာဠာဂိရိတောင် (၅) ဂန္ဓမာဒနတောင် [**သမန္တစက္ခု**၊ ဒ၊ စာ ၂၀–၁]

**အနဝဇ္ဇသိပ္ပ** *(ပါ)* အပြစ်ကင်းစင်သော အတတ်ပညာ [**မေးတော်ဖြေ**၊ စာ ၆၂၂]

**အနာဂတဝင်** *(ပါ၊ အနာဂတဝံသ)* – နောင်ဖြစ်မည့် အကြောင်းအရာများကို ပြဆိုသောကျမ်း [**ROB**, **III**. p. 148]

**အနာပတ္တိက** *(ပါ)* အာပတ်မသင့် [**ROB**, **IX**, p. 1072] [**ဦးဟုတ်**၊ စာ ၅၆]

**အနာမာသနိဿဂ္ဂိယဒုက္ကဋ်** *(ပါ)* ရဟန်းသံဃာတော် များ ရွှေငွေဝတ္ထုပစ္စည်းများကို စွန့်လွှတ်ခြင်း မရှိဘဲ ကိုင်တွယ် ခဲ့လျှင် သင့်သောအာပတ် [**မြင့်**] "ရွှေငွေအနာမာ သနိသဂ္ဂိယဒုက္ကဋ်၊ အကပ္ပိယဝတ္ထုတို့ကို ခံယူသုံးဆောင် ခြင်း အမှုတို့ကို မပြုမကျင့်ရအောင် တားမြစ် ပြောဆို ကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၃]

**အနာမသဿဝတ္ထု** *(ပါ)* ရဟန်းတော်များနှင့် မအပ်စပ်သော ရွှေငွေစသော ရတနာပစ္စည်း [**ညွှန့် နှင့် ဦးဟုတ်**, စာ ၅၆] "မင်းတြားကြီးလျှုဒါန်းတော်မူသည့် အနာမာသ ဝတ္ထု

ကြေးငွေတို့ကို အခြား နေရာ၌ တစုံတရာသုံးစွဲခြင်း မပြုမှု၍" [**ဖက်ပင်အိုင်**၊ စာ ၄၈]

**အနိဋ္ဌဖလရုပ်** – အလိုမရှိအပ်သော အကျိုးကိုဖြစ်ပေါ် လာစေသောရုပ် [**မြင့်**နှင့် **ဦးဟုတ်**၊ စာ ၅၈၊ ၆၉၄] "ပဋိသန္ဓေစုတိစိတ်တို့၏ အကြားဝယ် ဖြစ်တတ် ကျတတ်သော ရောဂါအစရှိသော အနိဋ္ဌဖလ ရုပ် အပေါင်းတို့သည်" [**ကုန်းဆောင်**၊ ပ၊ စာ ၁၉၃]

**အနိဋ္ဌဖိုလ်** *(ပါ၊ အနိဋ္ဌ + ဖလ)* – အလိုမရှိအပ်သော အကျိုးတရား [ **မြင့်** နှင့် **ဦးဟုတ်**၊ စာ ၅၈၊ ၆၉၄] "အလို မရှိအပ်သော အနိဋ္ဌဖိုလ် ဂြိုဟ်သွား ဂြိုဟ်လာ အခါ သမယအတွင်းလည်း နောင်တော် ညီတော် အခင်း ဖြစ်ပွားကြသည် [**ကုန်းဆောင်**၊ ဒု၊ စာ ၅၂]

**အနုဂါမိကပစ္စည်း** – နောက်ပါပစ္စည်း၊ ကြွင်းကျန်သော ပစ္စည်း [**ဦးဟုတ်၊** စာ ၆၁] "အနုဂါမိက ပစ္စည်းစာတမ်း၊ သေတမ်းစာ၊ တရားသူကြီးတို့ ကောက်ချက် အရပ်ရပ် များကို ကြည့်ရှုရာ" [**လွှတ်တော်မှတ်**၊ စာ ၁၀၇]

**အနုညာတ** *(ပါ)* – ခွင့်ပြုခြင်း၊ ခွင့်လွှတ်ခြင်း [**ဦးဟုတ်၊** စာ ၆၃] "ရဟန်းသာမဏေတို့ကို ဘုရား ခွင့်ပြုတော်မူ အပ်သော အနုညာတဖြစ်သူတို့မှ တပါးသော သူတို့ အား ပစ္စည်း ၄ပါးကို တောင့်တ၍ သစ်သီးပေးခြင်း... တို့ကိုလည်း မပြုမကျင့်စေမူ၍... ပြောဆိုဆုံးမကြရ မည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၃–၄]

**အနုဋီကာ** *(ပါ)* ဋီကာရင်းတွင် ဖော်ပြသောအချက်များ မရှင်းမလင်းရှိသေးသည်ကို ပိုမိုရှင်းလင်းနားလည် လွယ်အောင် ထပ်ဆင့်၍ဖွင့်ဆိုရှင်းလင်းသောကျမ်း [**မြင့်**]

**အနုမောဒနာ** *(ပါ)* ကောင်းမှုအတွက် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း၊ ကောင်းမှုအတွက် ဝမ်း မြောက်ခြင်း [**ဦးဟုတ်**၊ စာ ၇၁] "ဆွမ်းလုပ်ကျွေးတော်မူ၍ သာဓု အနုမောဒနာပြုတော်မူသည်" [**ကုန်းဆောင်**၊ ပ၊ စာ၇၄]

**အနေသန** *(ပါ)* မရှာမှီးအပ်သောတရား၊ မလျှောက်ပတ် သော အလုပ်အဆောင် [**မဟာတော်ဖြေ**၊ စာ ၄၅၄]

**အနေသန ၂၁ပါး** (၁) ဆေးကုခြင်း (၂) တမန်မှု ပြုခြင်း (၃) အစေအပါးခံ၍ သွားခြင်း (၄) အိုင်းအမာကိုဖောက် ခြင်း (၅) အနာကို ဆေးလိမ်းပေးခြင်း (၆) ပျို့အန် ဆေးပေးခြင်း (၇) ဝမ်းကျ ဆေးပေးခြင်း (၈) နှာနှပ် ဆီချက်ပေးခြင်း (၉) အနာသုတ် ဆီချက်ပေးခြင်း (၁၀) ဝါးပေးခြင်း (၁၁) သစ်ရွက်ပေးခြင်း (၁၂) အပွင့် ပေးခြင်း (၁၃) အသီးပေးခြင်း (၁၄) ရေချိုးကသယ် မှုန့်ပေးခြင်း (၁၅) ဒန်ပူပေးခြင်း (၁၆) မျက်နှာသစ် ရေပေးခြင်း (၁၇) ဆပ်ပြာမှုန့်ပေးခြင်း (၁၈) မြေညက် မှုန့်ပေးခြင်း (၁၉) ဒါယကာကို ချီးမြှောက်၍ပြောခြင်း (၂၀) မမှန်စကားပြောခြင်း (၂၁) ရှာသူသားငယ်ကို ချီပိုးခြင်း [ROB, IX, p. 637]

**အနော်ရထာ** *(ပါ၊ အနုရုဒ္ဓ)* – တိုင်းသူပြည်သား တို့၏ ဆန္ဒနှင့် ဆန့်ကျင်ခြင်းမရှိဘဲ ပြည်သူတို့ ချစ်ခင်စုံမက်၍ နှစ်သက်ဖွယ်ရှိသောမင်း (ပုဂံ ခေတ်ကျောက်စာများတွင် **အနိရုဒ္ဓ**ဟု တွေ့ရသည်။ **အ** အက္ခရာကိုဖြုတ်၍ **နော်ရထာ** ဟုလည်းခေါ်သည်။) [**သိန္နတ္တ**၊ စာ ၃၀၆–၁၀]

**အနောက်စမုတ်** – အနောက်ပွဲတက်ဇေတဝန်ဆောင် (ထိုအဆောင်တွင် ပဒုမ္မာကြာပန်း ခံဆောင်သော ပဒုမာသနပလ္လင် ထားရှိသည်။) [**ရွှေနန်းသုံး**၊ စာ ၃၇]

**အနောက်စမုတ်လက်စွဲ** – အနောက်ပွဲတက် ဇေတဝန်ဆောင် တော်တွင် အလှည့်ကျအိပ်ဖန်စောင့် ထမ်းရွက်ရသော သေနတ်အမှုထမ်း လက်စွဲတော်များ [**ရွှေနန်းသုံး**၊ စာ ၃၇]

**အနောက်ထောင်** – ရွှေနန်းတော်၏ အနောက်ဆောင်တော် များတွင် နေထိုင်ကြသော မိန်းမများ ပြစ်မှုကျူးလွန် ပါက အကျဉ်းထားသော မိန်းမထောင် (နန်းတော် သစ်တပ် အနောက်မျက်နှာ၊ တံခါးနီတော်အထွက် လက်ဝဲဘက်ရှိ နောက်ရုံးတော်၏ အနောက် တောင် ဘက်တွင် အနောက်ထောင် တည်ရှိသည်။) [**ရွှေနန်းသုံး**၊ စာ ၁၅၆]

**အနောက်ပြည်ကြီးဝန်** – ရခိုင်ပြည်နယ်ရေးရာ ကိစ္စ အဝဝကို စီရင်ဆောင်ရွက်အုပ်ချုပ်ရသော အရာရှိကြီး [ ROB, X, p. 133 **အုပ်ချုပ်**၊ ၈၊ စာ ၁၀၃]

**အနောက်ဘက်တိုက်** – သွန်ရွာ၊ မန်လည်၊ သက်ပန်း၊ တောင်တွင်းငယ်၊ ပဲနံ့သာရွာ၊ မလွန်မိတ္ထီလာ၊ ထီးလိုင်၊ တပယ်၊ မြောင်လှမြို့၊ မြင်းခုံတိုင်မြို့၊ သဲကျေးရွာ၊ နံ့သာရွာ၊ ခေါင်းကွဲရွာ၊ ငမြာကြီး၊ သကြင်မြောက်ရွာ၊ လှိုင်းတက်မြို့၊ ပြင်စည်မြို့၊ ကင်းတောက်ရွာ၊ ရွာသယာရွာ၊ ရန်နောင်မြို့သစ်၊ ရန်နောင်မြို့အဝင်ဇီးချို၊ ဖွတ်အင်း၊ သာဂရ၊ မြို့တင် မြို့၊ ပင်လှ၊ ကျိုသာ၊ ငန်းစွန်၊ ထရကန်၊ လှိုင်တက်မြို့၊ ကင်းသာရွာ၊ မင်းလှ ရွာ၊ မင်းလှကင်းသာရွာ၊ လှိုင်တက်ငွေစွန်၊ ဝါရွက်၊ အင်းနီ၊ ကြောက်မြို့၊ မျင်ထိတ်၊ မြစ်စုတ်၊ မလည်စသော

ရွာများပါဝင်သောဒေသ [ROB, II, pp. 152-3]

**အနောက်ရှမ်း** – ရောဝတီအညာမြစ်စဉ်၊ ချင်းတွင်းမြစ်စဉ်၊ ကလေး၊ သောင်သွပ်၊ မိုင်းခိုင်း၊ ရွှေအလယ်ကြောင်းဒေသများ [**အုပ်ချုပ်**၊ စ၊ စာ ၁၁၂]

**အနောက်ရွှေပန်းချီ** – ရွှေနန်းတော်ကြီး၏ အနောက်ပိုင်းရှိ မိဖုရားဆောင်များနှင့် အနောက်ပွဲတက် ဇေတဝန်ဆောင်၊ လက်ယာဆောင် လက်ဝဲဆောင်တို့တွင် ခြယ်သထားသည့် ဟသ်ပဒါးရောင်၊ ရွှေရောင် မှန်ရောင်များ မေးမှိန်ဟောင်းနွမ်းခဲ့လျှင် နန်းကဲကျွေးဝန်ဆင့်ဆိုရာ နာခံ၍ ပြန်လည်ပြင်ဆင် ခြယ်သရသော ပန်းချီပညာသည်များ [**ရွှေနန်းသုံး**၊ စာ ၁၇၅]

**အနောက်ဝန်** – မိဖုရား၊ ကိုယ်လုပ်တော် မောင်းမမိဿံတို့နေထိုင်သော အနောက်အတွင်းတော်နှင့် သက်ဆိုင်သည့် အမှုကိစ္စအဝဝကို စီရင်ဆောင်ရွက်ရသောဝန် (မိဖုရားများ နေထိုင်ရာ အဆောင်များသို့ဖြစ်စေ၊ အနောက်အတွင်းတော်သို့ဖြစ်စေ အမှုကိစ္စရှိ၍ ဝင်ရောက်သော ယောကျ်ားများမှတစ်ပါး အသက် ၇ နှစ် ထက်ကြီးသော ယောကျ်ားများ အဝင် အထွက် မရှိအောင် ဆင့်ဆိုကြည့်ရှုရခြင်း၊ အနောက် အတွင်းတော် အမှုထမ်းများကို စီရင်အုပ်ချုပ် နှိုးဆော်ဆောင်ရွက်စေခြင်း၊ အနောက် အတွင်းတော်တွင် ရာဇဝတ်မှုဖြစ်ပွားလျှင် လွှတ်တော်နှင့်မြို့တိုက်သို့ အစီရင်ခံပြီး ဆင့်ဆိုရာနာခံ၍ ပြစ်ဒဏ်စီရင်ရခြင်း စသော အမှုများကိုလည်း ဆောင်ရွက်ရသည်။) [**ရွှေနန်းသုံး**]

**အနောက်ဝန်စီရင်နက်အစု ၄၀** – အနောက်ဝန်စီရင် အုပ်ချုပ်သောအစု ၄၀ (၁) ရေကြည်တော်တင်စု (၂) သူငယ်တော်စု (၃) သပေါက်စု (၄) ယက်ကန်းတော်ရက်စု (၅) ဗိုင်းတာစု (၆) ဝင့်သီးတော်စု (၇) ပေါက်ပေါက်လှော်စု (၈) ငှက်တော်စောင့်စု (၉) သန့်စင်တော်စု (၁၀) ကျိုင်းကြီးစု (၁၁) ကျိုင်းငယ်စု (၁၂) ထမ်းစင်ထမ်းစု (၁၃) နွား ဘဏ္ဍာထိန်းစု (၁၄) ပန်းတော်လုပ်စု (၁၅) စားတော်ဆန်ဖွတ်စု (၁၆) အတွင်းစားတော်သည်စု (၁၇) ကြေးဘဏ္ဍာတော်ဆက်စု (၁၈) နန္ဒင်းတော်လုပ်စု (၁၉) ကဝါတော်ဖွတ်စု (၂၀) ပြည့်တန်ဆာစု (၂၁) ထောင်းခြင့်စု (၂၂) ဆွမ်းတော်လောင်းစု (၂၃) ရှမ်းသူငယ်မြင်းစု (၂၄) ဗေဒင်စု (၂၅) စာပြန်စု (၂၆) သပေါက်မျိုးစု (၂၇) သွေးသောက်စု (၂၈) လှုပေါင်းစု (၂၉) သူကောင်းစု (၃၀) ထီးတော်လုပ်စု (၃၁) ဘီးတော်လုပ်စု (၃၂) သစ်စေးတော်စု (၃၃) ရေဘဏ္ဍာစု (၃၄) ဝန်တော်ရွက်စု (၃၅) အထိန်းစု (၃၆) အချီစု (၃၇) နွားနို့ညှစ်စု (၃၈) ကျွဲနို့ညှစ်စု (၃၉) ဆန်တော်ဆက်စု (၄၀) ထုံသင်းသွေးစု [သာလွန်မင်းလက်ထက် အနောက်ဝန် စီရင်နက် ၄၀ ဖြစ်သည်။] [ROB, I, p. 232]

**အနဂ္ဃ** *(ပါ)* အဘိုးမဖြတ်နိုင်သော၊ အလွန်အဖိုးထိုက် တန်သော [**ဦးဟုတ်**၊ စာ ၄၉] "အဘိုးအနဂ္ဃဖြစ်သော လက်စွပ်တမှတ်ကြိုးနှင့် ခုနစ်သီကိုလည်း ယူတော်မူခဲ့၏". [**မှန်နန်း**၊ ၃၊ စာ ၉၇]

**အနုဂ္ဂဟနှစ်ပါး** (၁) ပစ္စယာနုဂ္ဂဟ–ပစ္စည်းလေးပါးဖြင့် ချီးမြှင့် ထောက်ပံ့ခြင်း၊ (၂) ဓမ္မာနုဂ္ဂဟ– အသိပညာ၊ စာပေ၊ အကျင့်တရားဟူသောဓမ္မဖြင့် ချီးမြှင့် ထောက်ပံ့ခြင်း [**ညွှန့်**]"အနုဂ္ဂဟနှစ်ပါး သာသနာတော်ကို အလွန်အကျူး ချီးမြှင့်တော်မူခြင်း စသော သာသနာတော် စည်ပင်အံ့သည်ကိုသာ ရည်ရွယ်တော်မူလျက်... မြတ်သောမင်းအဖြစ်ကို ယူတော်မူသည်" [ROB, IX, p. 433]

**အနိစ္စ** *(ပါ)* မမြဲသော၊ အမြဲမရှိသော [**ဦးဟုတ်**၊ စာ ၅၈] "ငါ့ညီတော် အနိစ္စတရားသို့လိုက်ရလေပြီ၊ ငါသာ ကြွင်းသေးတော့သည်" [**မှန်နန်း**၊ ၃၊ စာ ၅၂]

**အနတ္တလက္ခဏာ** *(ပါ)* ကိုယ်စင်စစ်မဟုတ်ဟူ၍ မှတ်အပ်သော တရားအသွင်အပြင် [**ဦးဟုတ်**၊ စာ ၅၀၊ ၈၂၃]

**အနန္တနယ** *(ပါ)* – အဆုံးအပိုင်းအခြား မရှိသောနည်း [**ဦးဟုတ်**၊ စာ ၅၂၊ ၅၀၉]

**အနန္တယသ** *(ပါ)* ရေတွက်၍ မဆုံးနိုင်သော အခြံအရံ အကျော်အစောရှိခြင်း[**ဦးဟုတ်**၊ စာ ၅၂၊ ၇၉၆]

**အနိမ့်သဘင်** – မြေဝိုင်းတွင် ကပြသောဇာတ်သဘင် [**အက**၊ စာ ၅၂–၃]

**အနုဿတိတရားဆယ်ပါး** (၁) ဗုဒ္ဓါနုဿတိ– မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို အဖန်ဖန်အောက်မေ့ခြင်း (၂) ဓမ္မာနုဿတိ – တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို အဖန်ဖန်အောက်မေ့ခြင်း (၃) သံဃာနုဿတိ – သံဃာတော်၏ ဂုဏ်တော် ကိုးပါးကို အဖန်ဖန်အောက်မေ့ခြင်း (၄) သီလာ နုဿတိ – သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (၅) စာဂါနုဿတိ – စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့

ခြင်း (၆) ဒေဝတာနုဿတိ – နတ်တို့၏ သဒ္ဓါရှိသော ဂုဏ်ကို စံထား၍ မိမိ၏ သဒ္ဓါရှိသောဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း (၇) ဥပသမာနုဿတိ – နိဗ္ဗာန်၏ ဝိရာဂစသောဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (၈) မရဏာနုဿတိ– သေခြင်းတရားကို အဖန်ဖန် အောက်မေ့ခြင်း (၉) ကာယဂတာနုဿတိ – ၃၂ ကောဋ္ဌာသကို အဖန်ဖန်အောက်မေ့ခြင်း (၁၀) အာနာပါနသတိ– ထွက်သက်ဝင်သက်ကို အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်း [**သုစမှတ်**၊ စာ ၃၆၇] "သစ္စာစကားကို မှန်အောင်သုံးလေ၊ အနုဿတိဆယ်ပါးကို တစ်နေ့ နှစ်ထောင်ရအောင် စီးဖြန်းလေ" [**သုဿော**၊ ပ၊ စာ၂၂၁]

**အနှစ်မောင်နံ့** *(ကျောက်)* –(၁) မေတ္တာအနှစ်ဖြင့် ချစ်ခင်ပေါင်းသင်းသောမောင်နံ့ (၂) မောင်နံ့နှစ်ဦး [**ကျောက်ပို့**၊ စာ ၉၀]

**အပတိဋ္ဌာ** *(ပါ)* သူတစ်ပါး ပစ်ထားသည်ကို ကောက်ယူ၍ မွေးသောသား [**မနုဓမ္မ**၊ စာ ၂၁]

**အပရာစိတပလ္လင်တော်** – မာရ်ငါးပါးကို အောင်မြင်တော်မူသောမြတ်စွာဘုရားထိုင်တော်မူသည့်ပလ္လင်[**ရွှေဘုံ**၊ စာ၈၅]

**အပရိမာဏ** *(ပါ)* အတိုင်းအရှည်မရှိသော [**မေးတော်ဖြေ**၊ စာ ၄၃၉]

**အပရိဟာနိယတရားခုနစ်ပါး** (၁) ညီညွတ်စွာ မပြတ် စည်းဝေးတိုင်ပင်ခြင်း (၂) အစည်းအဝေးသို့ အညီအညွတ်တက်ရောက်ပြီး မင်းတို့ပြုဖွယ်ကိစ္စကို အညီအညွတ်ဆောင်ရွက်ခြင်း (၃) ရှေးမင်းတို့ ပညတ်ချက်များကို အစဉ်လိုက်နာခြင်း (၄) အသက်အရွယ်ကြီးသူတို့ကို ရိုသေလေးမြတ်ခြင်း (၅) အမျိုးသမီး ကြီးငယ်တို့ကို အနိုင်အထက်ဆွဲယူ၍ အိမ်ထောင် မပြုခြင်း (၆) မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်းစေတီတို့ကို ရှေးထုံးအတိုင်း ပူဇော်ရှိခိုးခြင်း (၇) ရဟန်းတို့အား တရားနှင့် လျော်စွာ စောင့်ရှောက်ပြုစုခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၁၁၈]

**အပရန္တတိုင်း** – သုနာပရန္တတိုင်း(အိန္ဒိယအနောက်ပိုင်း ကတ္တိဝါ ကျွန်းဆွယ်၏ အရှေ့ဘက်ခြမ်း) [**အပရန္တ**၊ စာ ၃၂-၃]

**အပါယဂတိမုပါယ်** *(ပါ)* အပါယ်သို့လားစေတတ်သော အကြောင်း [**ဦးဟုတ်**၊ စာ ၉၂၊ ၃၅၅]

**အပေတယ်** *(ပါ၊ အပေတိ + အယံ )* – ရွှေအဆင်း ကဲ့သို့ ထွန်းလင်းသောနေမင်းကို ညအချိန်ရှိခိုး ပူဇော်သည့် ဂါထာ။ "မင်းကြီးကား ဥဒေတယ်ကို နံနက်တစ်ထောင်၊ အပေတယ်ကို ညတစ်ထောင် သရဇ္ဈာယ်တော်မူ၏" [**မှန်နန်း**၊ ၃၊ စာ ၁၅၂]

**အပေါဝန်** အသေးအဖွဲ့အမှု အခွန် [**BED**, iv, pp. 238-9]

**အပေါဝန်အကောက်အစား** –(၁)အသေးအဖွဲ့အမှုတို့ ပေါ်တွင် ကောက်ခံသော အခွန်တော်၊ အထွေထွေ အသေးအဖွဲ့ အခွန်တော် [**မဟာမုနိ**၊ ပ၊ စာ ၄၁၇] (၂)အမှုတိုင်ကြားသူက တရားသူကြီးအား အမှုစစ်ဆေးရန် အလို့ငှာ ရှေးဦးစွာ ပေးဆက်ရသော ကြေးငွေ [**ထွန်း**] "ဤသို့ မှတ်သားပိုင်းချားလျက်သော။ ... ရွာမြေ ထန်းများသည်။ လှူရင်းတိုင်း အပေါဝန် အကောက်အစား တရားကွမ်းဘိုးနှင့်အကွ ...သာသနာတော်မြတ်အား ကျေးဇူးများစွာ တည်ပစေဟူ၍ လှူဒါန်းတော်မူပြန်သတည်း" [**မဟာမုနိ**၊ ပ၊ စာ ၈၀]

**အပါယ်လေးပါး** (၁) ငရဲ (၂) တိရစ္ဆာန် (၃) ပြိတ္တာ (၄) အသူရကာယ် [**သုစမှတ်**၊ စာ ၁၂၁]

**အပြင်သုံးဆယ့်ခုနစ်မင်းနတ်** – ရွှေစည်းခုံဘုရား၏ တံတိုင်းအပြင်၌ ရုပ်ပုံနှင့်တကွ ထားသောနတ် သုံးဆယ့်ခုနစ်မင်း (၁) သိကြား (၂) မဟာဂီရိ (၃) နှစ်မတော် (၄) ရွှေနပေ (၅) သုံးပန်လှ (၆) မနဲမိ (၇) တောင်မကြီးရှင်ညီ (၈) မြောက်မင်း ရှင်ဖြူ (၉) ထီးဖြူဆောင်း (၁၀) ထီးဖြူဆောင်း မယ်တော် (၁၁) ပရိမ္မရှင်မင်းခေါင် (၁၂) ရွှေဖျင်းကြီး (၁၃) ရွှေဖျင်းငယ် (၁၄) မန္တလေးဘိုးတော် (၁၅) ရှင်ကွ (၁၆) ညောင်ချင်းအို (၁၇) မင်းစည်သူ (၁၈) မင်းသားဒန်းမောင်ရှင် (၁၉) ကျော်စွာ (၂၀) အောင်စွာမကြီး (၂၁) ရွှေစစ်သင် (၂၂) မယ်တော်ရွှေစကား (၂၃) ငါးစီးရှင် (၂၄) မင်းတရားနတ် (၂၅) မောင်ပိုးတူ (၂၆) အနောက်မိဖုရား (၂၇) အောင်ပင်လယ်ဆင်ဖြူရှင် (၂၈) ရှင်ကုန်း (၂၉) ရွှေနော်ရထာ (၃၀) မင်းရဲအောင်တင် (၃၁) မောင်မင်းဖြူ (၃၂) ရှင်တော်နတ် (၃၃) တပင်ရွှေထီး (၃၄) မြောက်ဘက်ရှင်မ (၃၅) တောင်ငူရှင်မင်းခေါင် (၃၆) သံတော်ခံ (၃၇) ယွန်းဘုရင် [**ဦးပိုးကျား**၊ စာ ၃၂-၄၆]

**အပြင်သုံးဆယ့်ခုနစ်မင်း** (ဝန်ကြီးပဒေသရာဇာမှု)(၁) သိကြား (၂) မဟာဂီရိ (၃) နှမတော် (၄) သုံးပန်လှ (၅) ရွှေနပေ (၆) မနဲမိ (၇) ရွှေဖျင်းကြီး (၈) ရွှေဖျင်းငယ် (၉) မင်းစည်သူ (၁၀) ကျော် စွာ (၁၁) အောင်စွာမကြီး (၁၂) ငါးစီးရှင် (၁၃) မင်းတရား နတ်ဆင်ဖြူရှင်

(၁၄) မောင်ဖိုးတူ (၁၅) ရွှေနော်ရထာ (၁၆) တပင်ရွှေထီး (၁၇) မြောက်ဘက်ရှင်မ (၁၈) တောင်ငူရှင်မင်းခေါင် (၁၉) အနန္တပစ္စည်း (၂၀) ရန္တပစ္စည်း (၂၁) မြင်စိုင်းရွှေနန်းရှင် (၂၂) သီဟပတေ့ (၂၃) ရမည်းသင်းစားသီလဝ (၂၄) စည်းတပြစ်ကြီး (၂၅) မင်းလှငယ် (၂၆) မင်းကြီးရန်နောင် (၂၇)သတိုးမင်းစော (၂၈) ငါးဆူဒါယကာမင်း (၂၉) မင်းရဲဒိဗ္ဗ (၃၀) ရှင်တရုပ် (၃၁) မဟာသတိုးသီဟသူရ (၃၂) မင်းရဲသီဟကျော်ထင် (၃၃) ဝေါကြီးမှူး (၃၄) သတိုးမင်းကြီး (၃၅) သခင်စစ် (၃၆) ထိလပ် (၃၇) မင်းရဲဇေယသူ [**ဦးဖိုးကျား**၊ စာ ၃၂-၅၅]

**အပြောင်** – မယားငယ် (ယောကျ်ားသည် မယားကြီးရှိ၏။ ထိုယောကျ်ားနှင့်အတူ လက်ဆုံမစားရသော်လည်း အထင်အရှားအတူနေသော မယားငယ်) [**မနုကျယ်**၊ စာ ၃၁၀ နှင့် **BED, IV, p. 252**]

**အပြစ်ရှစ်ပါး** (၁) မင်းဘေးကြောင့် အမျိုးပျက်စီးရခြင်း (၂) ခိုးသူဘေးကြောင့်အမျိုးပျက်စီးရခြင်း (၃) မီးဘေးကြောင့် အမျိုးပျက်စီးရခြင်း (၄) ရေဘေးကြောင့် အမျိုးပျက်စီးရခြင်း (၅) မြှုပ်ထားသော ပစ္စည်းများ ရွှေ့ပြောင်း၍သွားခြင်း (၆) ပြုလုပ်သမျှ မကောင်းဖြစ်၍ ပျက်စီးရခြင်း (၇) အမျိုးဥစ္စာစည်းစိမ်ကို ဖျက်ဆီးမည့်သူ ပေါ်လာခြင်း (၈) အမျိုးဥစ္စာ ကိုယ်ခန္ဓာတို့ပါ ပျက်စီးရခြင်း [**သုဓမ္မတိ**၊ စာ ၃၀၇]

**အပွတ်အညှတ်** – ဖွယ်ဖွယ်ရာရာ၊ ထွေထွေထူးထူး [**မြန်မာ့ဝေါဟာ**၊ စာ ၁၅]

**အဖက်ခြင်အုံ** *(ကျောက်)* ခြင်တွယ်ရေတွက်အုံ။ "ဥစ္စာလေအဖက်ခြင်အုံဟု မိန်၏" [ **၁၂၂၉ ခုနှစ်ထိုး ကံကုန်စေခီ သမီးကျောက်စာ**]

**အဖြီးအနိုင်** – တောင့်တင်းခိုင်မာစွာ။ "အဖြီးအခိုင် အုတ်မြို့များတည်၍ ဝန်းရံနေသည်" [**ကုန်းဆောင်**၊ ပ၊ စာ ၃၉၃]


**အဖြေ** *(ဗိသုကာ)* – တံခါးပေါက်၊ မှန်ပေါက်များ၏ အပေါ်ဘက်ထောင့်များ၊ တန်းနှင့်တိုင်ဆုံရာတွင် ဖြစ်ပေါ်လာသောထောင့်များတွင် ထောင့်ပုံမပေါ်အောင် ဖြေထားသည့် အဆင်တန်ဆာ [အဖြေ သုံးမျိုးရှိသည်။ (၁) လင်းနို့တောင် (၂) ပုစွန်ထုပ်ကွေး (၃) သရက်ကင်းတို့ဖြစ်ကြသည်။] [**မြန်မာမှု**၊ ၅၊ စာ ဃနှင့် **အုပ်ချုပ်** ၊ ပဋ္ဌ၊ စာ ၆၄]

**အဗျာကတာဓမ္မာ** *(ပါ)* ကုသိုလ်လည်းမဖြစ်၊ အကုသိုလ်လည်း မဖြစ်သော အခြားတစ်ပါးသော တရား [**မြင့်**]

**အဘယစီဝိတဒါန** – *(ပါ)* အသက်ဘေး ကင်းလွတ်ခွင့်ပေးသော အလှူ [**ဦးဟုတ်**၊ စာ ၁၀၄၊ ၄၁၇၊ ၄၆၅]

**အဘယဒါန စီဝိတဒါန** *(ပါ)* ဘေးမဲ့ပေးသော အလှူ၊ အသက်ကို ချမ်းသာပေးသောအလှူ [**ဦးဟုတ်**၊ စာ ၁၀၄၊ ၄၁၇]

**အဘယမုဒြာ** *(ပါ+သက်)* – လက်တစ်ဖက်ကို ဖြစ်စေ နှစ်ဖက်လုံးကိုဖြစ်စေ ထောင်ထားပြီး လက်ဖဝါးကို အပြင်သို့လှန်ကာ လက်ချောင်းများကို အပေါ်သို့ ထောင်ဖြန့် ပြနေသော လက်ဟန်၊ ဘေး အန္တရာယ်မ ရှိ အောင် ကာကွယ်ပေးနေသည့်ဟန် (ဘေးအန္တရာယ် ကင်းရှင်း လို သူ တို့သည် အဘယမုဒြာဟန် ဗုဒ္ဓ ရုပ်တု တော် ကို ကိုးကွယ်ကြ၏။) [**မုဒြာ**၊ စာ ၃၆-၈]



အဘယမုဒြာ

**အဘိဇစ္စဗလ** *(ပါ)* မြင့်မြတ်သော အမျိုးအဆွေ တောင့်တင်းသောစွမ်းအား [**ရွှေဝတ်**၊ စာ ၁၀၆-၇] "အလောင်းမင်းတရားကြီးဘုရားကား ဆွေတော်မျိုးတော် သားတော် မြေးတော်တည်းဟူသော အဘိဇစ္စဗလ စသော အားငါးပါးနှင့် ပြည့်စုံတော်မူ၏" [**ကုန်းဆောင်**၊ ပ၊ စာ ၃၁၄]

**အဘိဉာဏ်** *(ပါ)* ထူးသော အသိဉာဏ် [**ဦးဟုတ်**၊ စာ ၁၀၆]

**အဘိဓေ** *(ပါ)* လွန်ကဲ၍ တံခွန်ကဲ့သို့ ထူးမြတ်သော [**ဦးဟုတ်**၊ စာ ၁၀၄၊ ၄၉၃]

**အဘိဓမ္မာခုနစ်ကျမ်း** (၁) ဓမ္မသင်္ဂဏီကျမ်း (၂) ဝိဘင်းကျမ်း (၃) ဓာတုကထာကျမ်း (၄) ပုဂ္ဂလ ပညတ်ကျမ်း (၅) ကထာဝတ္ထုကျမ်း (၆) ယမိုက်ကျမ်း (၇) ပဋ္ဌာန်းကျမ်း [**သုတေသန**၊ စာ ၃၈]

**အမရိုး***(အမခြီး)* ထမ်းစင်၊ သန်လျင်းတို့၏ ပင်မ ကိုယ်ထည် အစိတ်အပိုင်း အပြောက်အမွမ်း [BED, IV, p. 270]

**အမရပူရဥဒယ** – ဂရင်းနစ်မျဉ်းကဲ့သို့ပင် အမရပူရမြို့ကို

ဗဟိုပြု၍တွက်ယူသော နေဝင်နေထွက်မျဉ်း [**ရွှေဝထီ၊** စာ ၆၆]

**အမာဝါသီနေ့** *(ပြက္ခဒိန်)* ပြက္ခဒိန်တွင် ရက်ပိုများကို ဖြိုပြီးနောက်တွင် ဖြစ်ပေါ်သော လကွယ်နေ့များ [**မေးတော်ဖြေ၊** စာ ၅၇၀]

**အမိပုရာမိ** – မိဖုရား၏မိခင်။ "အမိပုရာမိသိယ်သူမိယာ။ သွိင်မဟာကဿပကိုဝ်လှူသော။ တံပက်ဆွယ် လယ်" [**၁၂၄၈ ခုနှစ်ထိုး မဟာကဿပကျောင်း ကျောက်စာ**]

**အမိသင်တော်** *(ကျောက်)* – မောင်းမမိဿံ [**ပုဂံမြန်၊**၃၊ စာ ၃၅၀] "သွင်အမိသင်တ၀် မရှက်သည် မသိယ်မိက မိန်ခအေ်" [**၁၂၄၃ ခုနှစ်ထိုး ဘိုးကလုန်ဝူဘုရား ကျောက်စာ**]

**အမုကွန်** *(ကျောက်)* – မော်ကွန်း။ "မြတ်ကြီစွာ မင်ကြီကိုဝ်ကြာပိယ်ရကာ ရိယ်စင်တ်သွန်ဧ အမုကွန်တင်ဧ" [**၁၂၆၆ ခုနှစ်ထိုး သက်သူသမီးကျောက်စာ**]

**အမုနွန်စာ** *(ကျောက်)* – ရာဇဝတ်ပြစ်မှု ကျူးလွန်သူတို့ကို အပြစ်ပေးရန် လမ်းညွှန်အဖြစ် အသုံးပြုသော ရာဇဝတ်ကျင့်ထုံး [**ခေတ်ဟောင်း၊** စာ ၁၄၈] "ခိုင်သော ဟုတ်စင်မှုကာ၊ အမုနွန်စာကိုဝ်ဖတ် စိယ်၊ အမုနွန်စာ တွင် အကြင်သုခိုဝ်သည်၊ ဣမည်သော အပ္ပစ်တေပ္ပစ် မူကာ၊ ဣမည်သော တန်ပိယ်တေ ပိယ်အပ်အေ်ဟူ ပိယ်အေ်" [**၁၂၄၉ ခုနှစ်ထိုး ကျစွာ မင်းအမိန့်တော်**]

**အမတ်** *(ပါ၊ အမစ္စ)* – တိုင်းရေးပြည်မှုကိစ္စများကို မင်းနှင့်တိုင်ပင်ဆောင်ရွက် အမှုထမ်းရသော ပုဂ္ဂိုလ် (ပုဂံခေတ်ထိုး ကျောက်စာများတွင် **အမတ္တျာ**ဟု တွေ့ရသည်။) [**ဦးဟုတ်၊** စာ ၁၁၈] "မွတ်စွာသော မင်ကြီးအမတ္တျာ" [**၁၂၂၃ ခုနှစ်ထိုး အနန္တသူရ မောင်နှံ ကျောက်စာ**]

**အမတ်ကြီးလေးပါး** (၁) ဝိနိစ္ဆယအမတ်– အမှုကို စစ်ဆေး မေးမြန်းတတ်သော အမတ် (၂) ဝေါဟာရိကအမတ် – စစ်ဆေးပြီးသော အမှုကိုဆုံးဖြတ်တတ်သောအမတ် (၃) အန္တောကာရိကအမတ် – အတွင်းမှုကို ဆောင်ရွက်သော အမတ် (၄) အဋ္ဌကုလိကအမတ် – အမျိုးကောင်းသော အမတ် [**သေဓက၊** စာ ၇၅]

**အမတ္တဟတ္ထ** – အမျိုးတို့နှင့်လိုက်၍ အဝေးတွင် မွေးမြင်သော သားသမီး [**မနုကျယ်၊** စာ ၃၁၁]

**အမိန့်တော်ရ** – တရားရုံးတွင် အမှုသည်တို့ကိုယ်စား လျှောက်လဲ ပြောဆိုခွင့်ရသော တရားဓမ္မသတ်ကျွမ်းကျင်သည့် ရှေ့နေ [**ရွှေနန်းသုံး၊** စာ ၇၃–၄]

**အမျိုးလေးပါး** (၁) ခတ္တိယ – မင်းမျိုး (၂) ဗြဟ္မဏ – ပုဏ္ဏားမျိုး (၃) ဝေဿ (ဗိဿျ) – ကုန်သည် လယ်လုပ်မျိုး၊ သူကြွယ်မျိုး (၄) သုဒ္ဒ(သုဒြ) – သူဆင်းရဲမျိုး [**အုပ်ချုပ်၊** ၃၊ စာ ၁၃–၄နှင့် **မေးတော် ဖြေ၊** စာ ၆၈၇–၉၂၊ **ROB, I, p. 391**]

**အမြူတေ** – (၁) အနှစ် (၂) တိရစ္ဆာန်နှင့် သစ်ပင် တစ်ခုခုတွင် တွေ့ရတတ်ပြီး တန်ခိုးရှိသည်ဟူ၍ ယူဆသုံးစွဲသော အရာဝတ္ထု [**ယုဒသန်၊** စာ ၈၇]

**အမြိုက်** *(ပါ၊ အမတ)* မသေသောတရား၊ နိဗ္ဗာန် [**ဦးဟုတ်၊** စာ ၁၁၈]

**အမြင်တော်ငါးပါး**– (၁) မံသစက္ခု – မှောင်မိုက်၌ပင် ထက်ဝန်းကျင် တစ်ယူဇနာတိုင်တိုင် မြင်နိုင်ခြင်း (၂) ဒိဗ္ဗစက္ခု – ကြို၍မြင်နိုင်ခြင်း (၃) ပညာစက္ခု– ဉာဏ်ပညာဖြင့် ဖောက်ထွင်း၍ မြင်နိုင်ခြင်း (၄) ဗုဒ္ဓစက္ခု – သတ္တဝါတို့၏အလိုစရိုက်ကို သိမြင်ခြင်း (၅) သမန္တစက္ခု –အလုံးစုံသော တရားတို့ကို သိမြင်နိုင်ခြင်း [**ကိုးစော်၊** စာ ၄၉၂]

**အမြင့်ငါးမြို့** – (၁) အမြင့် (၂) အလွှာကပ္ပ (၃) ပရိမ္မ (၄) ကျောက်ရစ် (၅) နဘက် (ဤငါးမြို့ကို ရှေးအခါက အမြင့်မြို့တွင် ရုံးစိုက်သော ငါးမြို့ဝန်က အုပ်ချုပ်သည်။) [**GUBSS**, pt ii, Vol. I, p.24]

**အမြင့် ၁၀ ရိုး** – (၁) အရှေ့ ၄၀၀ ရိုး (၂) ပုညာရိုး (၃) အနောက် ၄၀၀ ရိုး (၄) မြေတိုင်ရိုး (၅) ယိမ်ခွေရိုး (၆) ပွဲရိုး (၇) တန်ရွှန်းရိုး (၈) ကာဘက်ရိုး (၉) ကူးတို့ရိုး (၁၀) ပေါက်အင်ဒိုင်းရိုး [**ROB, IV**, p. 505]

**အမြင့်သဘင်** – ရုပ်သေးသဘင် [**ROB**, VIII, p. 378]

**အမြိတ္တစုတ်** – ဖြူစင်ကောင်းမြတ်သော ဝတ္ထုရရှိခြင်း (စုတ်လေးပါးရှိသည်။ ၁ – ဖမြိတ္တစုတ် – မြတ်သော ဝတ္ထုရရှိခြင်း၊ ၂–လာဘစုတ်–လာဘ်ရခြင်း၊ ၃– ဝရစုတ် – မြင့်မြတ်သောအရာသို့ရောက်ခြင်း၊ ၄– သိဒ္ဓိစုတ် –ပြီးစီးအောင်မြင်ခြင်း) [**ရာမ၊** စာ ၁၅၅]

**အမြိတ္တစာတ်** – မြောက်စူးစူးအရပ်တွင် အဓိကတည်သောစာတ် (အမြိတ္တစာတ်သည် ၁၂ ရာသီခွင်တွင် ကရကဋ်၊ ပြိဿနှင့် မိန်ရာသီများကို ပိုင်ဆိုင်သည်။ အမြိတ္တစာတ်သက် ၁၆နှစ် ဖြစ်သည်။) [**ROB, I**, p. 201 နှင့် **ဗေဒလက်စွဲ၊** စာ ၅၆]

**အမြိတ်အစွန်** (၁) သွေးသားတော်စပ်သူ (၂) မိဖုရားငယ်၊

ကိုယ်လုပ်တော်တို့မှ မွေးဖွားသူ [**ဦးကုလား**၊ စာ ၉၄ အောက်]

**အမွေမခံထိုက်သောသားသမီးခြောက်မျိုး** *(မနုကျယ်)* - (၁) သူတစ်ပါးလက်ဝယ်သို့ ပေးပြီးဖြစ်သောသားသမီး (၂) သူတစ်ပါးကလေးကို ဥစ္စာဖြင့်ဝယ်၍ မွေးစားသော သားသမီး (၃) လင်သစ်နေ၍ သန္ဓေရပြီးနောက် လင်ဟောင်းနှင့် ပြန်လည်ပေါင်းသင်းသောအခါတွင် မွေးမြင်သော သားသမီး (၄) ယောက်ျားနှင့် မိန်းမ ရှင်မြူး၍ သန္ဓေရပြီးနောက် အထင်အရှား အတူမနေဘဲ တိတ်တဆိတ်မွေးမြင်သော သားသမီး (၅) မိဘနှစ်ပါး၏ ဆုံးမဩဝါဒကို မခံယူဘဲ ရန်သူကဲ့သို့ ကျင့်သော သားသမီး (၆) ငတ်မွတ်ရှားပါးသူကို ခေါ်ယူမွေးစားသော သားသမီး [**မနုကျယ်**၊ စာ ၃၁၁]

**အမွေဝန်** - အမွေခံထိုက်သူ သားမြေးမရှိလျှင် ကွယ်လွန်သူ၏ ပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းယူရသော တာဝန်၊ မင်းညီမင်းသား မှူးမတ် မင်းမှုထမ်းတို့ ကွယ်လွန်လျှင် ဘုရင်က သနားတော်မူသည့် အစီးအနင်း အဆောင်အရွက်တို့ကို ဆိုင်ရာ ဆက်သွင်းစေ၍ ကျန်ပစ္စည်းတို့ကို အမွေခံတို့က ခွဲဝေယူငင်ကြစေရန် အမွေခံ မရှိပါက ဘဏ္ဍာတော်အဖြစ် သိမ်းယူရန် တာဝန်များကို အဂတိသို့ မလိုက်ဘဲ မှန်ကန်အောင် စီရင်ထမ်းဆောင်ရသော အမတ် [**ရွှေနန်းသုံး**၊ စာ ၁၁၇-၈] သာယာဝတီမင်း (၁၈၃၇-၄၆) လက်ထက်တွင် အမွေဝန်ရာထူးကို ဖျက်သိမ်းသည်။ [**ROB**, VIII, p. 634]

**အမွှမ်းခြင်ပိတ်** - အခြင်တို့၏ အောက်ဘက်အစွန်းကို လှပအောင် ဖုံးပိတ်ကပ်ရိုက်ထားသော ပျဉ်ပြားပန်းဆွဲ [**ယုဒသန်**၊ စာ ၉၂၊ ၃၀၁]

**အမွှမ်းတင်** - (၁) အဖြူထည်ပစ္စည်းပေါ်တွင် အပြောက်အမွှမ်းခြယ်သည်။ (၂) ပိုမိုကောင်းမွန်အောင် ချီးမြှင့်ပေးသည်။ ချီးကျူးဂုဏ်ပြုသည်။ [**အုပ်ချုပ်**၊ ပ၃၊ စာ ၅၇]

**အမှာတော်ရေး** - မင်း၊ ဝန်ကြီး၊ ဝန်ထောက် အတွင်းဝန်တို့၏ အမိန့်တော် အမှာတော်များကို အဆင့်အတန်းနှင့် လိုက်လျော ညီထွေဖြစ်အောင် ရေးသားပေးရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၅၆]

**အမှုလုပ်အတတ်ပညာငါးမျိုး** - (၁) လက်သမား (၂) ရက်ကန်းသည် (၃) ကုဟာသည် (၄) ဆတ္တာသည် (၅) သားရေသမား [**မေးတော်မြေ**၊ စာ ၂၈၇]

**အမှူးမင်း** - ရာဇဝတ်မှုကျူးလွန်သူတို့ကို အကျဉ်းချထားရာ ထောင်ကြီး၏ အကြီးအမှူး [**အုပ်ချုပ်**၊ ၈၊ စာ ၃၃]

**အယ** - ဘုရင့်သားယေ် သမီးယေ်များ၏ အခင်းအနီးတို့ကို သန့်ရှင်းသပ်ယပ်အောင် ဆောင်ရွက်၍ စက်တော်ခေါ်အောင်လည်း ယုယစွာပြုစုရသော အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၂၄၄]

**အယောဓ** - ရှေးက အယုဒျ သို့မဟုတ် အယုဒ္ဓယဟု၍ ခေါ်သော မြို့တော်တည်ရာ ယိုးဒယားနိုင်ငံ [**အုပ်ချုပ်**၊ ၃၊ စာ ၉၈]

**အယင်တိုင်** *(ကျောက်)* - ယင်းတို့ [**ကျောက်ဗိုလ်**၊ စာ ၁၅၉]

**အယုဇ္ဈပူရ** - ဘေးအန္တရာယ် ကင်းသောမြို့ (ရတနာသိယ်ခေါ် ရွှေဘိုမြို့) [**ROB**, III, p. 152] "အယုဇ္ဈပူရဘေးမဲ့ရာ တာဝတိံသာနတ်ပြည် ကဲ့သို့ဖြစ်သည်" [**ကုန်းဘောင်**၊ ပ၊ စာ ၃၇၈]

**အယုဇ္ဈမော်ကွန်း** - ဘေးအန္တရာယ် ကင်းသောမြို့ အဖြစ် သတ်မှတ်သည့် မော်ကွန်းမှတ်တိုင် [**ဦးဟုတ်**၊ စာ ၁၂၂]

**အရကောက်** - (ပဋ္ဌာန်း ၂၄ ပစ္စည်းအကြောင်းတို့ကို) အဓိပ္ပာယ်ကောက်ယူချက် [ **မြင့်** ]

**အရစား** - အမှုသည်တို့ထံမှ မတောင်းမယူဘဲ ရရှိစားသောက်ရသော ကြေးငွေ [**လွှတ်တော်မှတ်**၊ စာ ၂၅၆]

**အရညကင်** *(ပါ၊ အရညက)* တောကျောင်း၌ သီတင်းသုံးသော၊ တော၌နေသော [**ဦးဟုတ်**၊ စာ ၁၂၃]

**အရမဏီလူမျိုး** - အာမေနီယံလူမျိုး (Armenian)

**အရမ်** - အာမေနီယံ (Armenian)။ "ရန်ပုံခွင်းအမြောက်ကို အရမ်သင်းဘောတွင် သန်လျင်ရေဝန် ဝယ်ယူလိုက်ကြောင်း:" [**ကုန်းဘောင်**၊ ပ၊ စာ ၁၂၄]

**အရဟတ္တဓဇ** *(ပါ)* - အရဟတ္တဖိုလ်၏တံခွန်၊ ရဟန္တာအဖြစ်ဟူသော တံခွန် [**ဦးဟုတ်**၊ စာ ၁၂၄]

**အရာတော်** - ဘုရင်ပိုင်ဆိုင်သော လယ်မြေ၊ ဝတ္ထု ပစ္စည်း "ခါသာ၊ ကရကတ်၊ ရမထိ၊ ပိတ်ဖျင်၊ ပုဆိုဝ်ထည် စသော အရာတော်တို့ကိုဝ် လက်တော်ကိုင်၍ လှူတော်မူပါ" [**ROB**, I, p. 469]

**အရာတော်မြေ** - ဘုရင်ပိုင်ဆိုင်သောမြေ [အရာတော်မြေ လေးမျိုးရှိသည်။ (၁) နန်းစဉ်အရာတော်မြေ (၂) စုံသေ အမွေပြတ်အရာတော်မြေ (၃) သိမ်းစု အရာတော်မြေ (၄)ယွန်းပေါင်ပါ မြေဟူ၍ ဖြစ်သည်။] [**ယုဒသန်**၊ စာ ၉၇]

**အရိမဒ္ဒန** *(ပါ)* ရန်သူတို့ကို နှိမ်နင်းအောင်မြင်နိုင်သော (ပုဂံပြည်) "အရိမဒ္ဒနပေါက္ကံပြည် နော်ရထာမင်းစော တည်ထားသည့် ပုဂံစည်းခုံဘုရား" [**လွှတ်တော်မှတ်**၊ စာ ၁၉၅]

**အရိယဝမ္မတရားဆယ်ပါး** – သူတော်စင်တို့ ဆောက်တည်သောတရားဆယ်ပါး– (၁) သူ့အသက်ကို မသတ်ခြင်း (၂) သူ့ဥစ္စာကို မခိုးခြင်း (၃) သူ့မယားကို မကျူးလွန်ခြင်း (၄) မဟုတ်မမှန်သောစကားကို မပြောဆိုခြင်း (၅) ကုန်းချော ပြောဆိုမှုမရှိခြင်း (၆) ကြမ်းတမ်းသော စကားကို မပြောဆိုခြင်း (၇) သိမ်ဖျင်းသောစကားကို မပြောဆိုခြင်း (၈) သူ့စည်းစိမ်ကို ငါ့စည်းစိမ် ဖြစ်ပါလေတော့ဟု မကြံစည်ခြင်း (၉) သူတစ်ပါးတို့ ပျက်စီးအောင် မကြံစည်ခြင်း (၁၀) မှားသောအယူကို မယူခြင်း [ROB, II, p. 110]

**အရိယဝိစ္ဆာ** – သမဘာဝနာ၊ ဝိပဿနာဘာဝနာတရားတို့ကို ပေါက်မြောက်အောင်အားထုတ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသော ပုဂ္ဂိုလ် [**ရွှေမြန်**၊ စာ ၈၁–၂]

**အရိယာ** *(ပါ)* – မြတ်သောသူတော်စင် [**ဦးဟုတ်**၊ စာ ၁၂၅]

**အရုဏဝတီမြေ** – ရွှေအဆင်းနှင့်တူသောမြေ၊ နီမြန်းသော အရောင်ရှိသည့် မြေညက် [**တောင်တွင်း**၊ စာ ၅၆]

**အရေးမခင်မှူး** – မင်းဧကရာဇ်၏ အသေးအဖွဲကိစ္စများကို တာဝန်ယူ ဆောင်ရွက်ရသော အကြီးအမှူး [ဦးမောင်မောင်တင်စာစု]

**အရေးရှင်** – အသာစီးရထားသဖြင့် အရေးကိစ္စကို အဆုံးအဖြတ်ပေးမည့်ပုဂ္ဂိုလ်။ "မင်းရဲကျော်စွာ မှာတော်မူလိုက်သည် အမတ်ကြီးအရေးရှင်" [**မှန်နန်း**၊ ၃၊ စာ ၂၅]

**အရိုးစိုက်ကြီးစိုး** – မိမိမျိုးရိုးကို အသစ်စိုက်ထူ၍ ကြီးစိုးသည်။ [**လွှတ်တော်မှတ်**၊ စာ ၂၅၆–၇]

**အရည်း** *(ပါ၊ အရည)* – (၁) တောရပ်မှီ၍ သံသရာမှ ကျွတ်လွတ်ရန် ကျင့်ကြံအားထုတ်သော သူတော်စင် ရသေ့ရဟန်း (၂) သိက္ခာမတင်၊ သိမ်မဝင်ဘဲ ဘုရားရှင်ဟောကြားတော်မူသော တရားကိုပယ်၍ မဟုတ်မမှန်သော တရားကို ဟောကြားကာ မလျော်သောအကျင့်ကို ကျင့်ကြံ သည့် အရည်း ရဟန်း [**အုပ်ချုပ်**၊ တ၊ စာ ၉၂–၉၈၊ ၁၀၅ နှင့် **အုပ်ချုပ်**၊ ၈၊ စာ ၂၀၆–၈]

**အရဏ်** – နေဝန်းမထွက်မီ အရှေ့အရပ်မှ ရှေးဦး အနီရောင်ပေါ်သောအချိန် [**မေးတော်ဖြေ**၊ စာ ၅၁၃–၄]

**အရိန္ဒမာ** – ရန်သူကိုဆုံးမတတ်သည့် (သိကြား)မင်း ပေးသော(လှံ)၊ ရန်သူကိုဆုံးမနိုင်သော [**ဦးဟုတ်**၊ စာ ၁၂၅] "အရိန္ဒမာစကြာရွှေလှံရ အာဒိစ္စဝံသနေမင်း၏ အဆက်အနွယ်" [**ကုန်းဆောင်**၊ ပ၊ စာ ၁၅၈]

**အရိပ်မထွက်တံဆိပ်** – ဖုန်ဖောင်း၍မနေဘဲ အောက်သို့ချိုင့်ဝင်နေသောစာနှင့် အမှတ်အသားပါသည့် တံဆိပ်တုံးဖြစ်မည်ဟု ခန့်မှန်းရသည် [ROB, VII, p. 593]

**အရုံဂိုဏ်း** – စနေမင်း (၁၆၉၈–၁၇၁၄)လက်ထက် တောင်ငူမြို့တွင် သီတင်းသုံးသော ရှင်ဗုဒ္ဓကုံရ၊ ရှင်စိတ္တ၊ တယပင်းမြို့တွင် သီတင်းသုံးသော ရှင်သုနန္ဒ၊ တရုပ်မြို့ငရဲ့အိုးရွာတွင် သီတင်းသုံးသော ရှင်ကလျာဏတို့က ရဟန်းသာမဏေတို့ မြို့တွင်းရွာတွင်း သွားလာလျှင် သင်္ကန်းရုံ၍ ယပ်စွဲကိုင်ကြရမည်ဟု ပညတ်တော်မူသည့်ဂိုဏ်း [**သာသနာ**၊ စာ ၁၈၁]

**အရှာ** *(ကျော်ဘက်)* – အရိယာသံဃာတော်၊ စင်ကြယ်သော အကျင့်တရားနှင့် ပြည့်စုံသူ [ပါ–အရိယ (**ဦးဟုတ်**၊ စာ ၁၂၅)]

**အ ရွှတ် ပ ဒါး သား** – နူ နာ စွဲ ကပ် နေ သူ များ [**ရှိရှိ**၊ စာ ၃၅၁]

**အရွှတ်ဝန်** – ရွှေမြို့တော်တွင် နူနာရောဂါကူးစက် ပြန့်ပွားမှုမရှိစေရအောင် နူနာစွဲကပ်နေသူတို့ကို မြို့တော်၏ အပြင်ဘက် သင့်တော်ရာနေရာသို့ ပို့ဆောင်စုဝေး နေထိုင်စေရန် စီရင်ရသောအရာရှိ[**ရွှေနန်းသုံး**၊ စာ ၁၂၅]

**အရှေ့ဘက်တိုက်** – အောင်ပင်လယ်၊ အောင်ပင်လယ် ကန်အသည်၊ အုတ်ဖို၊ အုန်းကွမ်း၊ ဘုတ်ရွာ၊ ကင်းရွာ၊ ကြပင်း၊ ရွှေခုံတိုင်၊ မြစ်တွင်း၊ မကွေ့တရာ၊ ကျွဲနဖား၊ ခက်တင်၊ တောင်အင်း၊ မတ္တရာ၊ ရေမြပုကန်၊ တောင်ပြုံးငယ်၊ စကြင်၊ စကြင်တောင်ရွာ၊ သပြေလှ၊ စုံးရွာ၊ စရိုင်၊ နာရီတောင်၊ မြစ်သစ်ငယ်၊ ဝရင်းတုတ်၊ ကွမ်းစည်၊ ပြောင်းပြလင်းဇင်း၊ ကွန်သာယာ၊ ကင်ကုံပယ်၊ ပေါက်နက်၊ ရေကြည်၊ ရေနံ့သာ၊ ဆေးဟောင်း၊ ဆေးသစ်၊ ဝါတန်ဆက်၊ ငှက်ကြီးသိုက်၊ ရက်ဘား၊ ရမာန်၊ ယမုံ၊ မုံတော၊ ရေထွက်ရွာများ ပါဝင်သောဒေသ [ROB, II, pp. 180-1]

**အရှေ့ရွှေပန်းချီ** – ရွှေနန်းတော်ကြီးအရှေ့ပိုင်းရှိ နန်းတော်ဆောင်များတွင် ခြယ်သထားသည့် ရွှေရောင်၊ ဟင်္သပဒါးရောင်၊ မှန်ရောင်များ ဟောင်းနွမ်းမှေးမှိန်လျှင် နန်းကံကျွေးဝန်ဆင့်ဆိုရာ နာခံ၍ ကောင်းမွန်သစ်လွင်အောင် ပြန်လည်ခြယ်သရသော ပန်းချီ အမှုထမ်း [**ရွှေနန်းသုံး**၊ စာ ၁၇၄–၅]

**အရှေ့သာလျောင်း** – အရှေ့ဘက်သို့ ဦးခေါင်းမူ၍ လဲလျောင်းနေဟန်တည်ထားသော လျောင်းတော်မူဘုရားကို ရှေ့သာလျောင်းဘုရားဟု ခေါ်သည်။ ("အရှေ့သာလျောင်း၊ တောင်ပေါင်းလောင်း၊ နောက်စောင်းနေရဗာ၊ မြောက်ကုသိနာ၊ လေးဖြာခေါ်ဝေါဟာ" ဟူသောဆိုရိုးနှင့် "အရှေ့ပေါင်းလောင်း၊ တောင်သာလျောင်း၊ နောက်စောင်း နေရဗန်၊ မြောက်နိဗ္ဗာန်" ဟူသော ဆိုရိုးနှစ်မျိုး ကွဲပြားသည်။)

**အလာ** – အမှုထမ်းမဟုတ်သော အသည်နှင့်ကပွဲးတို့ သင့်နေပေါင်းဖော်၍ မွေးမြင်လာသူ [**အုပ်ချုပ်**၊ ပ၁၊ စာ ၅]

**အလေးတံဆိပ်စား** – ကုန်စည်ချိန်တွယ်သော အလေးတို့အပေါ်တွင် အသိအမှတ်ပြု တံဆိပ်ခတ်ခ ကောက်ခံစားသုံးပိုင်ခွင့်ရှိသော အရာရှိ

**အလော်အလဲ** – အပြန်အလှန် အငြင်းအခုန် [**ဦးကုလား**၊ ပ၊ စာ ၂၅၈ အောက်] "ထိုသို့ ရာဇာဓိရာဇ်နှင့် အလော်အလဲဆိုကြရာတွင်..." [**သုဓော**၊ ပ၊ စာ ၄၅၂]

**အလံကျည်** – အလံငယ်ထည့်ရန် ပြုလုပ်ထားသော ကျည်တောက်။ "အလံကျည်အဖျားရွှေခံ" [**နန်းသုံးယာဉ်**၊ စာ ၃၇]

**အလံနီစိုက်လူတော်** – သီပေါမင်း (၁၈၇၈–၈၅) လက်ထက်တွင် အရပ်ခြောက်ပေနီးပါးရှိ၍ ချောမောသန်မာသူ (၁၁၃)ဦးကို ရွေးချယ်ပြီး အလံနီစိုက်လူတော်ဟူသော အမည်ကိုပေးကာ ဘုရင့်အပါးတော်တွင် ဝဲယာခွဲဝေထမ်းရွက်စေသောတပ်ဖွဲ့. (တပ်ဖွဲ့ဝင်တို့၏သျှောင်တွင် အလံနီကို အမြဲစိုက်ထားသည်။) [**ကုန်းဆောင်**၊ တ၊ စာ ၅၄၃ နှင့်၊ **ရွှေနန်းသုံး**၊ စာ ၃၈]

**အလံဦးကင်းဖျား** – နိုင်ငံတော်လုံခြုံရေးအတွက် အလံစိုက်ထူ၍ စခန်းချရပ်စောင့်ကြပ်နေသော ကင်းတည်ရှိရာ အစွန်အဖျားဒေသ။ "သိန္နီမြို့ကျေးရွာသည် အခြားမြို့ကျေးရွာနှင့်မတူ အလံဦး ကင်းဖျား... မြို့ကျေးရွာဖြစ်ပါ၍..." [**လွှတ်တော်မှတ်**၊ စာ ၁၈၂]

**အလင်္ကာကျမ်း** – အသက်ဝင်သော ကဗျာ လင်္ကာ ဂါထာဖွဲ့ဆိုပုံဖွဲ့ဆိုနည်းတို့ကို ပြဆိုသောကျမ်း။ "မှတ်သား ကျယ်ဝန်း၊ ဆန်းအလင်္ကာ၊ နားဝင်စွာ၍" [**လောက**၊ စာ ၂၄၈]

**အလဇ္ဇီ** *(ပါ)* – မကောင်းမှုပြုရန် မရှက်သော၊ အရှက်မရှိတတ်သော [**ဦးဟုတ်**၊ စာ ၁၂၈]

**အလဇ္ဇီဒုသီလ** *(ပါ)* – အရှက်လည်းမရှိ၊ သီလလည်းမရှိသော [**ဦးဟုတ်**၊ စာ ၁၂၈၊ ၄၈၃]

**အလဇ္ဇီဒုသီလပါပသမာစာရပုဂ္ဂိုလ်** *(ပါ)* – အရှက်မရှိ၊ သီလသိက္ခာမရှိ၊ အကျင့်ဆိုးရှိသောပုဂ္ဂိုလ် [**ဥညန်**]

**အလုပ်သုံးမျိုး** – (၁) ဆယ့်နှစ်ရာသီအလုပ် (၂) လက်အလုပ် (၃) စက်အလုပ် [**မြန်မာမင်း**၊ စာ ၅၃]

**အလမ္ဗရစည်** – စည်ဝအားလုံးကို ပိတ်သောစည်၊ ထက်စည် [**သီချင်း**၊ ပ၊ စာ ၁၆၆]၊ ပုစွန်လက်မပြင့်ပြုလုပ်သောစည် [**ဥမ္မာ**၊ စာ ၈၁]

**အလယ်ဘီလား** – အလယ်တွင် တည့်မတ်သော ဘီလားအိမ်ဖြင့် မွမ်းမံထားသည်။?

**အလွှံစံပု** *(ကျောက်)* – အလုံးစုံသောဘုံ။ "ဤယ်ငါလျှုသော အဏ္ဍိုဝ်ကာ အလွှံစံပုနိယ်သော လူနတ်တကာခပ်သိ သလေရပါစိယ်သတေ" [**၁၂၅၂ စုနစ်ထိုးသိမ်ခင်မဝိ ကျောက်စာ**/၁၄–၅]

**အဝဇာတသား** – ယုတ်မာဆိုးသွမ်းသောသား [**ဧည္ဝသစ်**၊ စာ ၁၈၃]

**အဝိဉာဏက** *(ပါ)* – သက်မဲ့ပစ္စည်း [**ဦးဟုတ်**၊ စာ ၁၃၉] "အဝိဉာဏကဖြစ်သော မြို့စောင့်အမြောက်ကြီးသည် အဝရွှေနန်းရှင် ကျွန်ခံလေပြီ" [**ကုန်းဆောင်**၊ ပ၊ စာ ၃၉၈]

**အဝီစိ** *(ပါ)* – ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးငရဲ [**ဦးဟုတ်**၊ စာ ၁၄၁]

**အဝေးကျိုဝန်** – အဝေးမြို့ရွာများမှဆက်သွင်းသော စပါး၊ ဆီ၊ ဆား၊ ငါးပိတို့ကို နေပြည်တော်သို့ သယ်ဆောင်ခြင်းမပြုတော့ဘဲ သင့်ရာဒေသတွင် ထားသိုရန် တည်ဆောက်ထားသည့် ကျီတော်များနှင့် ကျီအမှုထမ်းတို့ကို ကြီးကြပ်အုပ်ချုပ် စီရင်ညွှန်ကြားရသောဝန် [**ရွှေနန်းသုံး**၊ စာ ၁၂၉]

**အဝေးမြို့ရွာနယ်** – ရာဇဌာနီနယ်ပယ်တွင် မပါဝင်သော အဝေးမြို့ရွာနယ်ပယ် [**အုပ်ချုပ်**၊ စ၊ စာ ၂၁၆]

**အဝေးရောက်စာရေး** *(အဝေးရောက်)* – အဝေးမြို့ရွာရှိ စော်ဘွားမြို့စားတို့နှင့်သက်ဆိုင်သော ကိစ္စအဝဝကို ဝန်တို့ထံ လျှောက်ထားမှာကြားခြင်း၊ အဝေးစော်ဘွားမြို့စားတို့ စိတ်နှလုံးသာယာအောင် ဆောင်ရွက်ပေးသင့်သည်တို့ကို ဝန်တို့မှတစ်ဆင့် မင်းထံ လျှောက်ကြားရခြင်း စသော တာဝန်များကို ထမ်းဆောင်ရသော စာရေး [**ရွှေနန်းသုံး**၊ စာ ၅၆–၇ နှင့် **ROB, I, pp.151-2**]

**အဝှန်း** *(အဝန်း)* – အစုအမှုထမ်းတို့ကို အုပ်ချုပ်ရသော အရာရှိငယ် [**လွှတ်တော်မှတ်**၊ စာ ၂၃၄] "လမိုင်းစာရေး အဝှန်းသွေးသောက်ကြီးတို့နှင့် အောင်ပင်လယ် လမိုင်း အစု အမှုထမ်းလူငါးဆယ်"[**ကုန်းဘောင်**၊ တ၊ စာ ၁၃၇]၊ "အမှုုအဝန်းငယ်သား ၁၀၀ စီ၊ ... နေ့ညဥ့် စောင့် နေစေ" [ROB, I, p. 384]

**အသထန်** *(ကျောက်) (ပါ၊ သဏ္ဍာန)* – အသွင်အပြင်၊ ပုံပန်း။ "(ရှိယ်) ကူရှာအကြိယ်အသထန် ဟိသမ္ဗိယ် အရပ်နှိုက်" [၁၃၁၅ ခုနှစ်ထိုး ရှင်မဟာကဿပဘုရားကျောင်း ကျောက်စာ၊ မျက်/၈]

**အသဒိသနုဂ္ဂဟ** *(ပါ)* – အတုမရှိသော ချီးမြှင့်ထောက်ပံ့မှု [**ဦးဟုတ်**၊ စာ ၆၂၊ ၁၄၄] "သူခပ်သိမ်းတို့ မပြုစွမ်းနိုင်သောအရာဖြစ်၍ အသဒိသနုဂ္ဂဟဖြစ်သည်" [ROB, IX, p. 896]

**အသဒိသအလှူ** – အတုမရှိသောအလှူ၊ တုဖက်ကင်းသော အလှူ [**ဦးဟုတ်**၊ စာ ၁၄၄] "အသဒိသ အလှူကြီးကို ပေးတော်မူသည်"[**ကုန်းဘောင်**၊ ဒ၊ စာ ၆၄]

**အသမတာကိန်း** – မညီညွတ် မမျှမတ ဖြစ်နေသောကိန်း၊ မကောင်းသော အချိန်အခါသို့ ဆိုက်ရောက် နေသော ကိန်း [**မြင့်**]

**အသရေ** *(ပါ၊ သိရီ)* – ကုသိုလ်ကြောင့်ဖြစ်သော တင့်တယ်ကောင်းမြတ်ခြင်းဂုဏ် [**ယုဒသန်**၊ စာ ၁၁၇]

**အသာဓာရဏ** *(ပါ)* – သူတစ်ပါးတို့နှင့် ဆက်ဆံခြင်း မပြုသော၊ သူတစ်ပါးတို့နှင့် မဆိုင်သော၊ ထူးခြားသော [**ဦးဟုတ်**၊ စာ ၁၄၇]

**အသာဓာရဏဂုဏဝိသေသ** *(ပါ)* – သူတစ်ပါးတို့ထက် ထူးခြားသော၊ ဂုဏ်ကျေးဇူးတရား အထူးရှိသော [**ဦးဟုတ်**၊ စာ ၁၄၇၊ ၃၆၇၊ ၉၀၈]

**အသာမိက** (ပါ) – ပိုင်ရှင်မရှိသောပစ္စည်း [**ဦးဟုတ်**၊ စာ ၁၄၇] "တူးကျင်းကရသည့် ငွေဖလား... ကျောက်စိမ်းတင်လက်စွပ်တစ်...ရ၍ လျှောက်ထားဆက်သရာ ...အသာမိကပစ္စည်းဖြစ်သည် အမိန့်တော်ရှိပြီးလျှင် တူးဖော်ရရင်း သူတို့ကိုပေးဘော်မူ၏" [**ကုန်းဘောင်**၊ တ၊ စာ ၁၆၄]

**အသာရုပ္ပ** *(ပါ)* – မလျှောက်ပတ်သော [**ဦးဟုတ်**၊ စာ ၁၄၈] "တုံးရှို့၊ ပြောက်ခွဲ၊ မီးပန်...စသည်တို့ ကိုပြုလုပ်၍ ရှို့ခြင်း၊ လွှတ်ခြင်းအမှုတို့သည် ရဟန်းသာမဏေတို့နှင့် မလျောက်ပတ်သော အသာရုပ္ပအမှုဖြစ်၍ ... ဆင့်ဆိုတားမြစ်ကြရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၅-၆]

**အသိတဥ္စနပြည်** – အိန္ဒိယနိုင်ငံ ဥတ္တရပရဒက်(ရှ)ပြည်နယ်၏ အနောက်ဘက်ပိုင်းတွင် တည်ရှိခဲ့၍ ဘီစီ ၂ ရာစုနှစ်အလယ်က မိလိန္ဒမင်းကြီး စိုးစံခဲ့သောပြည် (ပဲခူး ကလျာဏီကျောက်စာတွင်မူ ဥက္ကလာပမင်းကြီး စိုးစံရာ ဒဂုံမင်းနေပြည်သည် အသိတဥ္စနပြည်ဖြစ်သည်ဟု ဖော်ပြသည်။) [Sources of Indian Tradition, p. 106 နှင့် **ရခိုင်ရာသစ်**၊ ပ၊ စာ ၈၀] "ဥတ္တရာပထတိုင်း အသိတဥ္စနပြည်တွင်လည်း။ မဟာကံသ မည်သော မင်းကြီးသည် မင်းပြု၏" [**ဗေဒသစ်**၊ စာ ၉]

**အသီတာနုဗျဥ္စနလက္ခဏာ** *(ပါ)* – မြတ်စွာဘုရား၏ အပါးရှစ်ဆယ်သော လက္ခဏာငယ် [**ညွှန့်**] "ဗတ္တိံသလက္ခဏာ အသီတာနုဗျဥ္စနလက္ခဏာ ဟူသော မဟာပုရိသ လက္ခဏာတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ... မြတ်စွာဘုရား" [**လွှတ်တော်မှတ်**၊ စာ ၁၆]

**အသီတိ** *(ပါ)* – ရှစ်ဆယ် [**ဦးဟုတ်**၊ စာ ၁၄၈] "မဟာသာဝက အသီတိရှစ်ကျိပ်တို့ကို တပါးလျှင် ရွှေကျောင်းတော်တကျောင်းစီ ဆောက်လုပ်ပြီးလျှင်...ကိုးကွယ်တော်မူသည်" [**ကုန်းဘောင်**၊ ဒ၊ စာ ၁၃၀]

**အသီတိမဟာသာဝက** – မြတ်စွာဘုရား၏ တပည့်ကြီးရှစ်ဆယ် (လက်ယာတော်တွင် အရှင်သာရိပုတြာ၊ ကောဏ္ဍညထေရ်၊ ဝပ္ပထေရ်၊ ဘဒ္ဒိယထေရ် စသော တပည့်ကြီးလေးဆယ်၊ လက်ဝဲတော်တွင် အရှင်မောဂ္ဂလာန်၊ အင်္ဂုလိမာလထေရ်၊ ဝက္ကလိထေရ်၊ ကုလဒါယီထေရ် စသော တပည့်ကြီးလေးဆယ် – အစုစု တပည့်ကြီး ရှစ်ဆယ်ဖြစ်သည်။) [**သမန္တစက္ခု**၊ ဒ၊ စာ ၃၀၅-၆]

**အသုဘကမ္မဋ္ဌာန်း** (ပါ) – စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်ကိုရှု၍ စီးဖြန်းသောကမ္မဋ္ဌာန်း [**မြင့်**]

**အသုရိန်** *(ပါ၊ အသုရိန္ဒ)* – ဘာဝတိံသာနတ်တို့နှင့် ဆန့်ကျင်သော အသုရာနတ်တို့၏ အရှင်ဖြစ်သည့်နတ်မင်း၊ သိကြားမင်း၏ ရန်သူဖြစ်သော နတ်မင်း [**ဦးဟုတ်**၊ စာ ၁၄၉] "သိကြားနေရာ၊ စစ်ထိုးလာသည့်၊ ပြင်းစွာ မျက်ရှိန်၊ အသုရိန်ကို၊ ဒေဝိန်သက္က၊ စီးချင်းချ၍" [**ဇလာက**၊ စာ ၁၈၈]

**အသူတရာ** – အတောင်ငါးရာ (ပေပေါင်း ၇၅၀)ရှိသော အတိုင်းအရှည်၊ အနက် [**အာသံနိုင်**၊ စာ ၁၆၇]

**အသံခုနစ်ပါး**(*ဂီတ*) – (၁) ညှင်းလုံး (၂) ပုလဲ (၃) ဒုရက (၄) ပြည်တော်ပြန် (၅) အောက်ပြန် (၆) မြည်ူင်း (၇) ခြောက်သွယ်ညွန့် [**ရွှေဝတီ**၊ စာ ၁၈၃]

**အသက်အသံ** – အသံဗလံ၊ လှုပ်ရှားမှုနှင့် အသံပြုပုံ။ "ထိုနေ့ညအချိန်ကို မွန်တို့အသက်အသံမထွက်စေရ ချီလာ၍ ညဉ့်စစ်တိုက်မည်ဟု ချောင်းဝပ်လျက် တပ်တော်နားသို့ ရောက်လာ၏" [**ကုန်းဘောင်**၊ ပ၊ စာ ၁၉၇]၊ "မြင်းနိမကျည်း စေ့တစ်းကိုမြင်မှ ကြိုက်၍ယူ၏။ အသက်အသံသိအောင် ခုနစ်ရက်လည်အောင် စီးစေပြီးပြီးမှ..." [**ဦးကုလား**၊ ၃၊ စာ ၁၉]

**အသည်** – အမှုထမ်းလည်းမဟုတ်၊ အခြားမြို့ရွာမှ ဝင်ရောက်လာသူလည်းမဟုတ်ဘဲ နေမြဲမြို့ရွာတွင် အစဉ်ထာဝရ နေထိုင်၍ ကုန်သွယ်လယ်ယာလုပ်ကာ အသက်မွေးဝမ်းကြောင်းပြုသူများ [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၄]

**အသည်ကြီး** – အမှုထမ်းမဟုတ်သော ကုန်သွယ်လယ်လုပ်သူ အသည်တို့၏ အကြီးအကဲ [**စမ္မူ**၊ စာ ခ]

**အသည်စစ်** – အခွန်တော်ထမ်း အသည်လူတန်းစားတို့၏အရေအတွက်ကို စစ်ကြောမေးမြန်း စာရင်းကောက်ယူ၍ ရွှေတိုက်တော်သို့ ဆက်သွင်းရသော အရာရှိ [**အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၃–၄]

**အသည်ဝန်** – သူကြီးပြည်စိုးတို့ကို ကြီးကြပ်စီရင် အုပ်ချုပ်၍ အမှုထမ်းမဟုတ်သော အသည်လူတန်းစားတို့နှင့် သက်ဆိုင်သော အမှုကိစ္စအဝဝကို ကြီးကြပ်စီရင်ဆောင်ရွက်ရသော အရာရှိကြီး [**ယုဒသန်**၊ စာ ၁၁၆။ **အုပ်ချုပ်**၊ ပဋ္ဌ၊ စာ ၂ နှင့် ROB, IX, p. 349]

**အသည်အလာ** – မင်းမှုထမ်းမဟုတ်သော ကုန်သွယ်လယ်လုပ်သူကို **အသည်**ဟုခေါ်သည်။ အခြားနယ်မှ လာရောက်နေထိုင်သော အသည်ကို **ကပ္ပါး**ဟုခေါ်သည်။ အသည်နှင့်ကပ္ပါးတို့ သင့်နေဖွားမြင်သောသူကို **အလာ**ဟုခေါ်သည်။ [**လွှတ်တော်မှတ်**၊ စာ ၂၆၁]

**အသမ္ဘိန္နဓာတ်တော်** – ဓာတ်တော်အစစ်အမှန်၊ ရောနှောခြင်းမရှိသော ဓာတ်တော် [**ဦးဟုတ်**၊ စာ ၁၄၆]

**အသမ္ဘိန္နရာဇဝံသခတ္တိယ** (ပါ) – အမျိုးအနွယ်မပျက်သော မင်းမျိုးမင်းနွယ် [**ဦးဟုတ်**၊ စာ ၁၄၆၊ ၃၄၃၊ ၈၁၄]

**အသိမ်းမယား** – မယားငယ်အပြောင် [**မြန် ဝေါဟာ**၊ အ၊ စာ ၃၅]

**အသုံးစာရေး** – ရွှေနန်း၊ ရွှေအိမ်၊ ကျောင်း ဘုရား စေတီစသော အဆောက်အအုံများကို ဆောက်လုပ်တည်ထားရန်နှင့် တစ်ဆယ့်နှစ်ရာသီ မင်းပွဲသဘင် အခမ်းအနားနှင့်သက်ဆိုင်သော ယာယီအဆောက်အအုံများကို တည်ဆောက်ရန် တာဝန်ယူရသော အရာရှိ [**ရွှေနန်းသုံး**၊ စာ ၅၆]

**အသွင်းဥစ္စာ** – ထိမ်းမြားလက်ထပ်ရန် တင်တောင်းရသည့် ဥစ္စာပစ္စည်း [**မနုဓမ္မ**၊ စာ ၆]

**အဟောဝတ** (*ပါ*) – သြော်၊ အံ့သြဖွယ်ကောင်းလေစွ [**ယုဒသန်**၊ စာ ၁၂၅]

**အဟောသိက** (*ပါ၊ အဟောသိ + ကမ္မ*) – အကျိုးမဲ့ အချည်းနှီးဖြစ်ခြင်း [**ဦးဟုတ်**၊ စာ ၁၅၄]

**အာကာ** (*ပါ၊ အကာ*) – မြတ်သော (မြတ်သော ကျွန်တော်မျိုးတို့ကို မင်းက **အာကာ**တပ်သော ဘွဲ့များ ပေးလေ့ ရှိသည်။) [**လိနတ္ထ**၊ စာ ၃၂၂–၄]

**အာကာစပ်** (*နိုင်ငံခြား*) – ဂျကော့ အာဂါဇာ (Jacob Agazar) [ROB, VIII, p. 493]

**အာကိဉ္စညာယတန အရူပ** (*ပါ*) – ရုပ်ဟူ၍ စိုးစဉ်းမျှ မရှိသော အရူပဘုံ [**မြင့်**] "ခန္ဓာငြိမ်း၍ အာကိဉ္စညာယတန အရူပဗ္ဗဖြစ်ကြောင်း... မြင်တော်မူပြန်လျှင်..." [**ကုန်းဘောင်**၊ ပ၊ စာ ၂၂၉]

**အာဂါရိ အဖြဟွစရိယ** (*ပါ*) – လူဝတ်ကြောင်ကဲ့သို့ ကျင့်ကြံနေထိုင်ခြင်း၊ လူဝတ်ကြောင်တို့၏အကျင့် [**ဦးဟုတ်**၊ စာ ၁၀၃၊ ၁၅၈]

**အာစရိယပရမ္ပရသိဿာနုသိဿ** (*ပါ*) – ဆရာစဉ်ဆက်၊ တပည့်အဆက်ဆက် [**မေးတော်ဖြေ**၊ စာ ၅၈၉]

**အာစာရ** (*ပါ*) – အကျင့်၊ ပြုကျင့်ခြင်း [**ဦးဟုတ်**၊ စာ ၁၆၀] "သုံးပါးသီလ၊ အာစာရတုံ၊ ထံပည်လစ်၊ ရွှေစင်နှစ်သို့၊ မညစ်ညျုးအောင်" [**မှုဒ**၊ စာ ၂–၃]

**အာစာရ သမ္ပတ္တိ** (*ပါ*) – ဖြောင့်မတ်မှန်ကန်သော အကျင့်တရားနှင့်ပြည့်စုံခြင်း [**ဦးဟုတ်**၊ စာ ၁၆၀၊ ၉၉၈]

**အာစီဘော်ကံဘဲက်** (*အင်္ဂလိပ်*) – ဗိုလ်ချုပ် ဆာအာချီဘော်ကင်းဘဲ (Major General Sir Archibald Campbell)

**အာစေးထည့်** – မပြောနိုင်အောင် နှုတ်ပိတ်ထားသည်။

**အာဓိဝါပါရိသုဒ္ဓိသီလ** (*ပါ*) – စင်ကြယ်စွာ အသက်မွေးသောသီလ [**ဦးဟုတ်**၊ စာ ၁၆၁၊ ၆၆၆၊ ၁၀၄၁] "ဆရာဖြစ်သူ...တို့က...အာဇီဝပါရိသုဒ္ဓိ သီလ...ပြည့်စုံရာသော ဩဝါဒဓမ္မကထာ... ကို မှတ်သားလေ့လာစေ၍ ...ပြသဆုံးမ ကျင့်ဆောင်စေရမည်" [**လွှတ်တော်မှတ်**၊ စာ ၂၀၆]

**အာဏာတ္တိက** *(ပါ)* – တိုက်တွန်းသော [**ဦးဟုတ်**၊ စာ ၁၆၁] "တိုက်တွန်းနှိုးဆော်တော်မူသည့် ကေရာဇ်မင်းမြတ်မှာလည်း အာဏာတ္တိက ကုသိုလ်တော်ကြောင့်… လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ရရာအကြောင်းရှိမည်" [**လွှတ်တော်မှတ်**၊ စာ ၁၉၃]

**အာတတ** – အိုးစည်ကဲ့သို့ တစ်ဖက်ပိတ်သောစည်မျိုး [**မြန်စာညွှန်**၊ စ၊ စာ ၂၂၁ အောက်]

**အာဒိကမ္မိက** *(ပါ)* – ရှေးဦးစွာပြုလုပ်သော [**ဦးဟုတ်**၊ စာ ၁၆၃]

**အာဒိစ္စဗန္ဓု** *(ပါ)* – နေမင်း၏အဆွေတော် ဖြစ်တော်မူသော မြတ်စွာဘုရား [**ဦးဟုတ်**၊ စာ ၁၆၄]

**အာဒိစ္စဝံသ** *(ပါ)* – နေမျိုးနေနွယ် [**ဦးဟုတ်**၊ စာ ၁၆၃၊ ၈၃၉] "အာဒိစ္စဝံသနေမင်းမျိုးနေမင်းနွယ် ဖြစ်တော်မူသော အလောင်းမင်းတရားကြီး" [**ကုန်းဆောင်**၊ ပ၊ စာ ၉]

**အာနီ** – ပုလဲတစ်မျိုး [**မြန်စာညွှန်**၊ ပ၊ စာ ၆၃ အောက်]

**အာပတ်ဖြေ** – ရဟန်းက မိမိသင့်ရောက်ခဲ့သောအပြစ်ကို ရဟန်းတစ်ပါးပါးထံတွင် ဖွင့်ဟပြောကြား ဝန်ခံသည်။ [**မေးတော်ဖြေ**၊ စာ ၆၀၂]

**အာမခံ** *(စစ်သည်)* – အသက်စွန့်၍ တိုက်ခိုက်ပါမည်ဟု ဝန်ခံကတိပေးသူ [**မြန်စာညွှန်**၊ တ၊ စာ ၄၄၆ နှင့် **ယုဒသန်**၊ စာ ၁၂၈] "စစ်သူကြီးဒလပန်း နှင့်တကွ မွန်အာမခံ ငါးထောင်ကျော်သားတို့ ချက်တဖြုတ်ဝင်၍တိုက်သည်" [**ကုန်းဆောင်**၊ ပ၊ စာ ၂၀၄]

**အာမိသ** *(ပါ)* – (၁) မြူနှစ်၊ အစာ (၂) ပစ္စည်းလေးပါး [**ဦးဟုတ်**၊ စာ ၁၇၁]

**အာမိသာနုဂ္ဂဟ** *(ပါ)* – ပစ္စည်းလေးပါး (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး)ဖြင့် ချီးမြှင့်ခြင်း။ "အာမိသာနုဂ္ဂဟဖြင့် ချီးမြှင့်တော်မူသည်" [**မေးတော်ဖြေ**၊ စာ ၆၁၁]

**အာယုကြငှန်းသစ်** – နန်းတော်အဆောက်အအုံ၏ တောင်ဘက်ခြမ်းတွင် စိုက်ထူသောသစ် [**ကုန်းဆောင်**၊ တ၊ စာ ၂၆၂]

**အာယုသင်္ခါရ** *(ပါ)* –အသက်ကိုပြုပြင်တတ်သော အင်အား [**ဦးဟုတ်**၊ စာ ၁၇၄] [**ညွှသစ်**၊ စာ ၂၁] "အစဉ်သဖြင့် အာယုသင်္ခါရကုန်၍ ပရိနိဗ္ဗာန် ယူအံ့သောနေ့သို့ ရောက်လေ၏" [**သမန္တစက္ခု**၊ ဒ၊ စာ ၅၀]

**အာယုက္ခယ** *(ပါ)* – အသက်တမ်းကုန်ခြင်း [**ဦးဟုတ်**၊ စာ ၁၇၃] "ဆရာတော်ကြီး အာယုက္ခယ ချုပ်တော်မူသည်" [ROB, IX, p. 337]

**အာရတာပါရဝိဘွေရာ** *(အင်္ဂလိပ်)* – အာသာပါ (ဖိစ်) ဖယ်ရာ (Arthur Purves Phayre) "အင်္ဂလိပ် ဝန်ကြီး အာရတာပါရဝိဘွေရာ ရွှေဘဝါးတော်အောက်ရောက်သည်ကို သက္ကရာဇ် ၁၂၁၇ ခု တော်သလင်းလဆန်း ၃ ရက်နေ့ မြေနန်းတော်တွင် အဆက်အသ ခံတော်မူသည်" [ROB, IX, p. 416]

**အာရတီမေတန်** *(အင်္ဂလိပ်)* – တောင်းဆိုချက်များကို မလွဲမသွေလက်ခံရန် နောက်ဆုံးပေးအပ်သည့် ရာဇသံစာ (Ultimatum) [**ကုန်းဆောင်**၊ တ၊ စာ ၇၀၇]

**အာရနတ်သဘော်** – အာနော့သင်္ဘော (*Arnot*) [ROB, VIII, p. 522]

**အာရဘိုက်ရိုက်ကျား** *(အီတလီ)* – အယ်ဘတ်ရစ်ချီးယား (Alberto Racchia)

**အာရှပတ်ကြေးမင်း** *(အင်္ဂလိပ်)* – ဆာအာချီဘော်ကင်းဘဲ (Sir Archibald Campbell) [ROB, VIII, p. 522]

**အာလယပြတ်** *(ပါ)* – တွယ်တာမှုပြတ်တောက်သည်။ တွယ်တာမှုမရှိ [**ဦးဟုတ်**၊ စာ ၁၇၈]

**အာလဝီပူရတိုင်း** – မိုးညှင်းပြည် [ROB, VIII, p. 394]

**အာလဝတ်** *(အင်္ဂလိပ်)* – ကပ္ပတိန်အဲ(ဗ်စ်) (Capt. Alves)

**အာလိဠှာသန** *(ပါ)* – လက်ယာခြေကို ရှေ့သို့ကန်ထားပြီး လက်ဝဲခြေကို အနည်းငယ်ကွေး၍ နောက်သို့ပစ်ထားဟန်၊ လက်ယာခြေကိုခေါက်၍ ရှေ့သို့တင်ထားပြီး လက်ဝဲခြေကို နောက်သို့ပစ်ထားဟန် (ရဲစွမ်းသတ္တိရှိသောသဘောကို ဆောင်သည်။) [**အာသန**၊ စာ ၅၆-၇]

**အာလံမိုလ်** *(အင်္ဂလိပ်)* – မေဂျာအာလံ (Major Allan)

**အာလိင်္ဂဟတ္ထ** *(ပါ)* – တစ်ပါးနှင့်တစ်ပါး လက်များဖြင့်ဖက်တွယ်ထားသည့်ဟန်ပန် (တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးစွာ နေထိုင်ကြရန် တိုက်တွန်းနှိုးဆော်သော သဘောကိုဆောင်သည်။) [**မုဒြာ**၊ စာ ၃၈-၉]

**အာလိန်** *(ပါ၊ အာလိန္ဒ)* – အဆင့် [**ဦးဟုတ်**၊ စာ ၁၇၉] "ပလ္လင်ခုံခံသည်။ ထိုအထက် ပဌမအာလိန်စောက်နှစ်တောင်" [**ကုန်းဆောင်**၊ ဒ၊ စာ ၁၇၆]

**အာလမ္ဗ** *(ပါ)* – ထက်စည်၊ ပုစွန်လက်မစည်၊ အဝနှစ်ဖက်ကျယ်၍ အလယ်တွင်ကျဉ်းသော နှစ်ဖက်ပိတ်စည် [**ညွှသစ်**၊ စာ ၂၀]

**အာဝိစိတောယာဘဝဂ္ဂမန္တရေ** *(ပါ၊ ကျောက်)* – အောက်အဝီစိနှင့် အထက်ဘဝဂ်တို့အကြား [**မြင့်**]

**အာသဠှနှစ်** – နှစ်အမည် (ကောဇာသက္ကရာဇ်ကိုတည်၍

၂ ခုနှတ်၊ အကျန်ကို ၁၂ ဖြင့်စားသော အခါ ၄ ကြွင်းသောနှစ်ကို အာသဠနှစ်ဟုခေါ်သည်။ ကျောက်စာများတွင် အာသတ်နှစ်၊ အာသတ္တနှစ်၊ အာသာဒ္ဒနှစ်၊ အာသဠ်နှစ်ဟူ၍ ဖော်ပြသည်ကိုတွေ့ရ၏။) [**မဟာမုနိ**၊ ပ၊ စာ ၄၁၀]

**အာသဘ** *(ပါ)* – ရဲရင့်သည်၊ ကြီးကျယ်မြင့်မြတ်သည်။ [**ဦးဟုတ်**၊ စာ ၁၈၅ ] "ဘိုးတော် ခမည်းတော်တို့၏ တိုင်းနိုင်ငံကျယ်ဝန်းသဖြင့်၊ အာသဘမြောက်သည်ကို အကြောင်းပြု၍ ခပ်သိမ်းသော တိုင်းနိုင်ငံသူတို့အား နှိပ်စက်ခြင်းကိုပြု၍..." [**ရခိုင်ရာဇဝင်**၊ ပ၊ စာ ၃၄၄]

**အာသီသ ပုဗ္ဗက ဂန္ဓာရရူပ** *(ပါ)* – အလိုရှိအပ်သော ဝတ္ထုကို ရှေးဦးစွာတောင့်တ၍ ကျမ်းဂန်ကို အားထုတ်ခြင်း [**ဦးဟုတ်**၊ စာ ၁၈၆၊ ၃၅၆၊ ၆၈၁]

**အာဠဝီတံခါး** – အမရပူရမြို့တော်တွင်ရှိခဲ့သော မသာချမြဲတံခါး [**အုပ်ချုပ်**၊ စ၊ စာ ၁၂] "မိန်းမစိုး မိန်းမကဲတို့...သေပြစ်သေဒဏ် အမှုရှိလျှင်...မြို့ဝန်က ခြေကျဉ်းစွဲခတ်မြဲ စွဲခတ်စေ၍ အာဠဝီတံခါးက ထွက်သွားစေပြီး...ဆုံးရှုံးအောင်စီရင် စေ" [ROB, IV, p. 436]

**အာဠမ္ဗရစည်** – ထက်စည် [**ဦးဟုတ်**၊ စာ ၁၇၈] ဆင်တို့ကိုဖမ်း၍စားနိုင်သော ပုစွန်လက်မဖြင့်ကြက်၍ရသောစည်ဟု ရှေးစာပေ အရေးအသားများတွင် ဖော်ပြသည်။) [**စည်သစ်**၊ စာ ၂၀]

**အာဠက** – တစ်ပြည်နှင့်ညီမျှသော အခြင်အတွယ် [**သမ္ဗန္ဓကျေ**၊ ၁၊ စာ ၉၇]

**အားငါးပါး** – ဘုန်းတန်ခိုးကြီးသော မင်းတို့တွင်ရှိအပ်သော အားငါးပါး (၁) ဗဟုဗလ–လက်ရုံးအား (၂) ဘောဂဗလ–ဥစ္စာစည်းစိမ်နှင့်ပြည့်စုံသောအား (၃) အမစ္စဗလ–အမတ်ပညာရှိတို့နှင့် ပြည့်စုံသောအား (၄) အဘိဇစ္စဗလ–အမျိုးအနွယ် မြင့်မြတ်ခြင်းအား (၅) ပညာဗလ–ဝေဖန်ခွဲခြား၍ သိသောပညာအား [**အုပ်ချုပ်**၊ ပ၊ စာ ၉၄–၆]

**အားတတ်လှေတော်** – အားမာန်ဖြင့် လှော်သောလှေ။ "အမတ်ရှစ်ယောက်တို့မှာ အားတတ်လှေတော်၌ စီးရသည်။ [**ကုန်းဘောင်**၊ တ၊ စာ ၄၀၀]

**ဣရိယာပထလေးပါး** – (၁) ဂမန–သွားခြင်း (၂) ဌာန–ရပ်ခြင်း (၃) အာသန ထိုင်ခြင်း (၄) သယန–လျောင်းခြင်း [**ဦးဟုတ်**၊ စာ ၁၉၅]

**ဣရိယာပုထ်** *(ပါ၊ ဣရိယာပထ)* – နေထိုင်သွားလာလဲလျောင်းခြင်း [**ဦးဟုတ်**၊ စာ ၁၉၅]

**ဣသိ** *(ပါ)* – ရသေ့ [**စည်သစ်**၊ စာ ၅၄]

**ဣသိယိုဘုရား** – ကျိုက်ဣသိယိုဘုရား၊ ကျိုက်ထီးရိုးဘုရား [**ဦးကုလား**၊ ၃၊ စာ ၂၈၅ အောက်]

**ဒိကင်းလှေ** – ကင်းကြီးကန့်လန့်နေသည့်အကိုင်းကိုဖြတ်၍ စီရင်တည်ဆောက်ထားသောလှေ (ဟု ယုံကြည်ကြသည်။) [**ရွှေဘုံ**၊ စာ ၆၆]

**ဥကင်တော်** – ရာဇပလ္လင်၏အထက်ပိုင်း [**ရွှေဘုံ**၊ စာ ၅ နှင့် **မန္တလေး**၊ စာ ၇၅] "ရွှေနန်းတော် ရာဇပလ္လင် ဥကင်တော်ထီးဖြူတော်" [**လွှတ်တော်မှတ်**၊ စာ ၁၁]

**ဥကင်သ** *(ပါ၊ ဥဏ္ဏံသ)* – ထူးမြတ်ခြင်း၊ ရာဇပလ္လင်နောက်မှီတံကဲ၏ အပေါ်ပိုင်း၊ ရာဇပလ္လင်၏ အထွတ်၊ ရာဇပလ္လင် [**သီချင်း**၊ ပ၊ စာ ၁၇၉]

**ဥဇနာ** *(ပါ၊ ဥစ္စာနာထ)* – မြင့်မြတ်၍ ကိုးကွယ်ရာဖြစ်သောမင်း (ဥစ္စာနာထမှ ဥစ္စနာ၊ ထိုမှ ဥဇနာ ဖြစ်လာသည်ဟုဆို၏။) [**လိနဗ္ဗာ**၊ စာ ၃၀၅–၆]

**ဥဇု** (ပါ) – အမှုကိစ္စတို့ကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သည်။ [**ဦးဟုတ်**၊ စာ ၂၀၄]

**ဥဇုဝံသ** *(ပါ၊ ဥဇုဝံသ)* – ဖြောင့်မတ်သောအမျိုး အနွယ် [**ဦးဟုတ်**၊ စာ ၂၀၅]

**ဥဋ္ဌာနဝတောသတိမတော** *(ပါ)* – ထကြွလုံ့လ သတိဝီရိယရှိခြင်း [**မြင့်**] "တိုင်းကြီးပြည်ကြီး အရှင်ဖြစ်တော်မူလျက် ဥဋ္ဌာနဝတောသတိမတော စသောတရားကိုနှလုံးတော်မမူ" [**ကုန်းဘောင်**၊ ပ၊ စာ ၁၈]

**ဥဏှာကငိုဗန္ဓ** *(ပါ)* – အပူပိုင်းဇုံ [ROB, X. p. 136]

**ဥတိုသဘဏ္ဍ** – သင်းကျစ်တော် [**မေးတော်ဖြေ**၊ စာ ၆၃၆]

**ဥတုခြောက်ပါး** –(၁) ဟေမန္တဥတု–တန်ဆောင်မုန်း လဆုတ် ၁ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ (၂) သိသိရဥတု–ပြာသိုလဆုတ် ၁ ရက်နေ့မှ တပေါင်း လပြည့်နေ့အထိ (၃) ဝသန္တဥတု– တပေါင်းလဆုတ် ၁ ရက်နေ့မှ ကဆုန်လပြည့်နေ့အထိ (၄) ဂိမှဥတု–ကဆုန်လဆုတ် ၁ ရက် နေ့မှ ဝါဆိုလပြည့်နေ့အထိ (၅) ဝဿနဥတု – ဝါဆိုလဆုတ် ၁ ရက်နေ့မှ တော်သလင်းလပြည့်နေ့အထိ (၆) သရဒဥတု–တော်သလင်းလဆုတ် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ [**မေးတော်ဖြေ**၊ စာ ၅၆၃]

**ဥတုသမုဋ္ဌာန်** *(ပါ၊ ဥတုသမုဋ္ဌာန)* – ဥတုကြောင့်ဖြစ်ခြင်း၊ ရာသီဥတု [**ဦးဟုတ်**၊ စာ ၂၀၈] "ဥတုသမုဋ္ဌာန် မှန်ကန်

ညီညွတ်စေခြင်းငှာ…" [**လွှတ်တော်မှတ်**၊ စာ ၁၉၆]

**ဥတဲ** – တံခါး [**ရွှေမြန်**၊ စာ ၉၅ နှင့် **တွင်းသင်းဆေါ**၊ စာ ၇၂] "ဥတဲဘွင့်ထား၊ ရွှေတံခါးဖြင့်၊ လွှားလွှားမင်းဖြူ ဝင်တော်မူလော့" [**နေမိဘုံ**၊ စာ ၁၆၂]

**ဥတင်ကရ** *(ပါ၊ ဥဒ္ဒကရကုရ)* – မြောက်ကျွန်း [**ဦးဟုတ်**၊ စာ ၂၀၉]

**ဥတိန်** *(ပါ၊ ဥတေန)* – ဆင်စီးကျွမ်းကျင်ခြင်း (ဆင်စီးကျွမ်းကျင်သော မှူးမတ်သူရဲတို့အား **ဥတိန်**တပ်သော ဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။) [**လီနဗ္ဗ**၊ စာ ၁၁၅-၆]

**ဥတုပ်** *(ဟိန္ဒီ)* – အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သော Otta, Otterခေါ် များများစားလျှင် မူးမေ့တတ်သည့်သီးနှံမှုန့်? [Hobson, p. 647] "ဆားကုန်၊ ဘိန်းကုန်၊ ဥတုပ်ကုန် သုံးရပ်ကို ပြည်သူဆင်းရဲသားတို့ မရောင်းမဝယ်စေရ" [ROB, VIII, p. 402]

**ဥဒကကန္တာရ** *(ပါ)* – သွားလာရန်ခက်ခဲသော ရေပြင်ကျယ်ကြီး [**ဦးဟုတ်**၊ စာ ၂၁၁၊ ၂၈၉] "အင်္ဂလိပ်မင်းနိုင်ငံ လန်ဒန်မြို့တည်ရာ ဌာနသည် သမုဒ္ဒြာပင်လယ်ကြီး အတန်တန်ခြားသဖြင့် ခဲယဉ်းသော ဥဒကကန္တာရ ကြီးဖြစ်သည်" [**ကုန်းဆောင်**၊ တ၊ စာ ၃၈၈]

**ဥဒေတယ်** *(ပါ၊ ဥဒေတိ+အယံ)* – ရွှေအဆင်းကဲ့သို့ ထွန်းလင်းသောနေမင်းကို နေ့အချိန် ရှိခိုးပူဇော်သည့် ဂါထာ [**မြင့်**]

**ဥဒည်ဘွား** *(ဥတည်ဘွား) (ပါ၊ ဥဒေတိ+ဘွား)* – နေထွက်ရာအရပ်တွင် ဖွားမြင်သော မင်း၊ နေထွက်အရပ်ဖြစ်သော အရှေ့တိုင်းကို အစိုးရသောမင်း (မြန်မာ ရာဇဝင် တော်ကြီးများတွင် တရုတ်နိုင်ငံကို အစိုးရသော မင်း တိုင်းကို ဥတည်ဘွား သို့မဟုတ် ဥဒည်ဘွား သို့မဟုတ် ဥဒည်မင်းဟု ရေးသားဖော်ပြကြသည်။ တရုတ်တို့ကမူ မင်းဧကရာဇ်ကို **ဟွမ်တီ** 皇帝 ဟု ခေါ်သည်။) [**ဦးဟုတ်**၊ စာ ၂၁၅]

**ဥဒည်ကျွန်း** – အရှေ့အရပ်တွင်ရှိသောကျွန်း၊ အရှေ့ အရပ်ဒေသ [**ဒေသသစ်**၊ စာ ၆၇-၈]

**ဥပဓိသမ္ပတ္တိ** *(ပါ)* – ဥပဓိရုပ် ကောင်းမွန်ခြင်း [**ဦးဟုတ်**၊ စာ ၂၂၅၊ ၉၉၈]

**ဥပနာဟ** *(ပါ)* – ရန်ငြိုးဖွဲ့ခြင်း [**ဦးဟုတ်**၊ စာ ၂၂၅] "အပြစ် ဒေါသကောဓ။ ဥပနာဟတရား တိုးပွားရန်ရှိသဖြင့်…" [**ဒေသသစ်**၊ စာ ၂၅၄]

**ဥပပတ္တိနတ်** – စတုမဟာရာဇ် စသော နတ်ပြည်ခြောက်ထပ် တွင်ရှိသောနတ် [**ဦးဟုတ်**၊ စာ ၂၂၇]

**ဥပပါတ်** *(ပါ၊ ဥပပါတ)* – နတ်တို့ကဲ့သို့ အမိအဘကို မမှီဘဲဖြစ်ခြင်း [**ဦးဟုတ်**၊ စာ ၂၂၈]

**ဥပရာဇာ** *(ပါ)* – မင်းဧကရာဇ်ဖြစ်ရန် လျာထား သတ်မှတ်ခြင်းခံရသောမင်းသား၊ အိမ်ရှေ့မင်းသား [**ဦးဟုတ်**၊ စာ ၂၂၉] "မဟာဥပရာဇာ၊ မည်သာပျံ့နှံ့၊ အိမ်ရှေ့မင်း သို့" [**သုစာ**၊ စာ ၂၃]

**ဥပသမ္ပဒက်** *(ပါ)* – ပဉ္စင်းအဖြစ်သို့ရောက်အောင် ဆောင်ရွက်ပေးခြင်း [**ဦးဟုတ်**၊ စာ ၂၃၃၊ ၂၉၄]

**ဥပဇ္ဈာစရိယ** *(ပါ)* – အပြစ်ကြီးအပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာ၊ အနီးကပ်သင်ကြားပြသပေးသောဆရာ [**ဦးဟုတ်**၊ စာ ၂၂၂] "ဥပဇ္ဈာစရိယ မြောက်ထိုက်သည့် ဆရာတော်မှာ…တလလေးသီတင်း စည်းဝေး၍… ဆွေးနွေး မေးမြန်းမည့်အကြောင်း" [**လွှတ်တော်မှတ်**၊ စာ ၁၈၇]

**ဥပဇ္ဈာယ်ဆရာ** – ဥပဇ္ဈာစရိယကြည့်

**ဥပါယ်စုနစ်ပါး** – (၁) ညီညွတ်အောင်ပြုခြင်း (၂) ပေးကမ်းခြင်း (၃) ဒဏ်ပေးခြင်း (၄) ရန်ပြုခြင်း (၅) လှည့်ပတ်ခြင်း (၆) လျစ်လျူရှုခြင်း (၇) ရန်သူထိတ်လန့်အောင်လုပ်ခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၁၃၄-၅]

**ဥပါယ်တံမျှည်** *(ပါ၊ ဥပါယ)* – ပရိယာယ်၊ ဝေဝုစ် [**ယုဒသန်**၊ စာ ၁၅၂]

**ဥပါယ်လေးပါး** – အောင်မြင်ရာသောအကြောင်းလေးပါး– (၁) ရန်ပြု၍အောင်မြင်ခြင်း (၂) နိုင်ထက်ကလူပြု (ဒဏ်ပေး)၍ အောင်မြင်ခြင်း (၃) အင်အားကြီးမားအောင်(ညီညွတ်အောင်)ပြု၍အောင်မြင်ခြင်း (၄) ပေးကမ်းသဖြင့် အောင်မြင်ခြင်း [**အုပ်ချုပ်**၊ ပ၊ စာ ၁၃၄-၅]

**ဥပုသ်ပဝါရဏာ** (ပါ) – ရဟန်းတော်များသည် ဝါဆိုဝါကပ်ပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် သံဃာတော် ဂိုဏ်းပုဂ္ဂိုလ်တို့အားပင့်ဖိတ်ကာ သိမ်အတွင်း၌ ဥပုသ် ပဝါရဏာပြုကြခြင်း [**မြင့်**]

**ဥဘတောဝိဘင်း** – ရဟန်းတော်များ လိုက်နာကျင့်သုံးရသော သိက္ခာပုဒ်များကို ဖော်ပြသောကျမ်း [**မြင့်**]

**ဥယျာဉ်ပုကြောင်း** – တောင်ကုတ်တောင်ကြားလမ်း [**ရာဇဝင်သစ်**၊ စာ ၅၄ အောက်]

**ဥရှတိုင်** – တောင်သို့မျက်နှာမူသောအိမ်တွင် အရှေ့တောင်ထောင့်၌ စိုက်ထူထားသောတိုင် [ROB, X, p.135]

**ဥရှထီး** – နဝရတ်ကိုးပါးဖြင့် စီခြယ်၍ တစ်နှစ်တစ်ကြိမ်

မင်းကေရာဇ် သဘင်ခံရာတွင် ဖွင့်၍ဆောင်းသောထီး [**ရှိုင်ရာသစ်**၊ ပ၊ စာ ၉၃]

**ဥသဘ** – (၁) ၂၀ တာ (ပေ ၂၁၀)ရှိသော အတိုင်းအတာ [**ယုဒ္ဓသန်**၊ စာ ၁၅၄ နှင့် **ဦးဟုတ်**၊ စာ ၂၄၆] (၁၀ ဆံခြည်– ၁ နှမ်း၊ ၆ နှမ်း – ၁ မုယော၊ ၄ မုယော – ၁ လက်သစ်၊ ၈ လက်သစ်– ၁ မိုက်၊ ၃ မိုက် – ၁ တောင်၊ ၇ တောင် – ၁ တာ၊ ၂၀ တာ – ၁ ဥသဘ၊ ၂၀ ဥသဘ – ၁ ကောသ၊ ၄ ကောသ – ၁ ဂါဝုတ်၊ ၄ ဂါဝုတ် – ၁ ယူဇနာ) (၂) နွားများ၏ အကြီးအကဲဖြစ်သော နွားထီး [**ဓါတ်ပဏ္ဍာရည္ဆ**၊ စာ ၃၂]

**ဦးကင်သ** *(ပါ၊ ဥဏှီသ)* – လွန်ကဲမြင့်မြတ်ခြင်း၊ ရာဇပလ္လင်နောက်မှီတံကဲတွင် ဦးကင်တံခါး၏အပေါ်ပိုင်း [**ရွှေဘုံ**၊ စာ ၁၁၂ နှင့် **ဦးဟုတ်**၊ စာ ၁၉၈]

**ဦးကင်း** – ဆင်ဦးခေါင်းထိပ်စွန်းရှိ ဖုနှစ်လုံး [**ဆင်ကောင်း**၊ စာခေါ်နှင့် **ယုဒ္ဓသန်**၊ စာ ၁၅၅]

**ဦးကြွတ်နှာ** – ဦးခေါင်းနာကြင်ကိုက်ခဲသောအနာ [**ဧည့်သစ်**၊ စာ ၉၁]

**ဦးဆောက်ပန်း** – (၁) ထိပ်ဦး၌တင်သောပန်း (၂) ရာဇပလ္လင်ဥကင်ရှိ တော်ရနောင်ထိပ်တွင်လည်းကောင်း၊ မင်းတို့ စီးနင်းသည့် မြင်းရထားဦးတွင် လည်းကောင်း မင်္ဂလာရှိစေရန် ထုလုပ်ပုံဖော်ထားသည့်ပန်း (၃) ရှေးခေတ် အမျိုးသမီးတို့၏ ဦးခေါင်းထက်တွင် စိုက်၍ဆင်မြန်းထားသော အဆင်တန်ဆာ[**ရွှေဘုံ**၊ စာ ၁၀–၁ နှင့် **သမ္ဘန္ဓကျေ**၊ ၃၊ စာ ၁၈]

**ဦးချိုး** – ထမ်းစင်၊ သန်လျင်းတို့၏ အမိုးရှေ့ပိုင်းတွင် ဆင်ယင်ထားသော အဆင်တန်ဆာ [BED, IV, p. 270]

**ဦးပွဲကြိုးကျား** – လှေ၊ ဖောင်၊ သမ္ဗန်တို့၏ ဦး၊ ပွဲတွင် ချည်သောကြိုးနှင့် ကမ်းသို့မကပ်အောင် စိုက်ကန်ထားသောထိုးဝါး [ROB, VIII, p. 652]

**ဦးပွဲလှင်တိုင်** – လှေ၏ဦးနှင့်ပွဲတွင် အထူးအခွင့် အရေးတစ်ရပ်အဖြစ် စိုက်ထူခွင့်ရသောတိုင်။ "လှင်တိုင် ဦးပွဲထည့်စေ" [ROB, I, p. 407]

**ဦးရန်း** – ခေါင်းဆောင်၊ "ကုလားသုံးရာကို ရွှေဦးရန်းဆောင်းစေ၍...ဆင်တော်ဝန်းကျင်လိုက်ရသည်" [**မှန်နန်း**၊ ၃၊ စာ ၂၄၃]

**ဧကစာရ** *(ပါ၊ ဧကစာရီ)* – တစ်ပါးတည်း တစ်ယောက်တည်း ကျင့်ကြံအားထုတ်သူ [**ဦးဟုတ်**၊ စာ ၂၁၂] "ထိုဆရာတို့ကို တောနေဧကစာရဟု ခေါ်ကြသည်" [**သာသနာ**၊ စာ ၁၂၈]

**ဧကစာရဂိုဏ်း** – စာပေကျမ်းဂန် လေ့လာပြီးနောက် တော အရပ်ဒေသတွင် သီတင်းသုံး၍ ဝိပဿနာတရားကို ငြိမ်သက်စွာအားထုတ်သော ရဟန်းသံဃာများ [**ဧည့်သစ်**၊ စာ ၂၅၄]

**ဧကစီ** *(ပါ)* – အပေါ်ရုံသက်န်း [**မြင့်**]

**ဧကဒ္ဓဆင်** – အစွယ်တစ်ချောင်းတည်းသာထွက် သောဆင် [**ဦးဟုတ်**၊ စာ ၂၅၁၊ ၄၅၉]

**ဧကနိကာယ** *(ပါ)* – တစ်စုတစ်ရုံးတည်းဖြစ်ခြင်း၊ တစ်စုတည်းပေါင်းစည်းခြင်း [**သာသနာ**၊ စာ ၇၀]

**ဧကန်** – တစ်ခန်တည်းရှိအထည် [**ရာမ**၊ စာ ၂၄၄]

**ဧကရာဇ်** *(ပါ၊ ဧက+ရာဇ)* – တစ်ကျွန်းလုံးကို အစိုးရသောမင်း၊ ဘုရင်ပေါင်းများစွာတို့ကို ကြီးမှူးအုပ်စိုးသောမင်း [**ဦးဟုတ်**၊ စာ ၂၅၅]

**ဧကသံဝစ္ဆရ** *(ပါ)* – တစ်နှစ် [**ဦးဟုတ်**၊ စာ ၂၅၁၊ ၉၂၉]

**ဧကာသနိက်ဓုတင်** *(ပါ)* – တစ်ထပ်တည်း၊ တစ်နပ်တည်း သာစားသောအကျင့် [**သာသနာ**၊ စာ ၂၀၀]

**ကျေငြင်** (တရုတ် 二姑娘 ) – မင်းသမီးအလတ် [**ကုန်းဘောင်**၊ ၃၊ စာ ၆၈]

**ကျေနဝီသတိ** *(ပါ)* – တစ်ဆယ့်ကိုး [**ဦးဟုတ်**၊ စာ ၂၅၇]

**ချေင်း** – ဘုရင်သားတော် သမီးတော်တို့ကို ယောင်တော်ဆက်မင်္ဂလာ အခမ်းအနားတွင် ရှေးဆောတော်၊ ဘိုးတော်တို့မှစ၍ ရှင့်ခမည်းတော်တိုင်အောင် ဘုန်းတန်ခိုးအာဏာ ကြီးမားထက်မြက်ခဲ့ပုံတို့ကို စံနမူနာယူ၍ အရှင်မင်းသား မင်းသမီးသည်လည်း ဘုန်းတန်ခိုးကြီးမားမည်ဖြစ်ကြောင်း ကျူးသီဖွဲ့ဆိုဆက်သွင်းသော စာ [**လီနင္ဆာ**၊ စာ ၃၇၉]

**ဧော်** – အမွေးအလွန်နု၍ အိန္ဒိယမြောက်ပိုင်းတွင် ကျက်စားသောသားကောင်၊ တောဆိတ် [**ရွှေဝတီ**၊ စာ ၃၃၇] "ထိုတောင်ထက်၌လည်း ဧော်မည်သော သားမင်းဖြစ်ခဲ့ဘူးသောကြောင့်..." [**ဧည့်သစ်**၊ စာ ၅၁]

**တောဂ်** *(ပါ၊ တောဂ္ဂ)* – ဤသူသည် မြတ်၏၊ ထူးချွန်၏ဟု မြတ်စွာဘုရား မိန့်တော်မူသောပုဂ္ဂိုလ် [**ဦးဟုတ်**၊ စာ ၂၅၈]

**ယောင်** – ဘုရင်သားတော် သမီးတော်တို့စီးသောပုခက် (ခြောက်ထောင့်ရှိ၍ မှန်စီ၊ ကျောက်စီထားသည့် သစ်သားပုခက်) [**မြန်မာမင်း**၊ စာ ၁၆၀]

**သေန်** *(ပါ၊ သေန္န)* - (၁) အရှေ့မြောက်ထောင့် အရပ် (၂) အာသံပြည် Assam [**ညွှန်သစ်**၊ စာ ၁၂၃ နှင့် **မြန်စာ ညွှန်**၊ စ၊ စာ ၂ အောက်]

**ဟေရကောက်** *(အင်္ဂလိပ်)* - ဟရမ်ကောက် (Hiram Cox) [**ညွှန်သစ်**၊ စာ ၂၆၁]

**အဲခိုး** - *အားထုတ်ကြိုးပမ်းသည်* [**တွင်းသင်းဓပါ**၊ စာ ၉၄]

**အဲချင်း** *(ပါ၊ အယျ=အရှင်၊ သို့မဟုတ် သူကောင်းသား)* - (၁) "မေရှယ်မှရာဇာလေ"၊ "နေနတ်ကယ်မှ ရာဇာလေ" စသော အဖွဲ့မျိုးဖြင့် အစပျိုးသီဆိုသော ကဗျာ၊ (၂) ရပ်တန့်၍ ရပ်တန့်၍ သီဆိုရသောကဗျာ (၃) နှစ်ယောက် သို့မဟုတ် လူအများဝိုင်း၍ မြိုင်မြိုင် ဆိုင်ဆိုင်သီဆိုရသောကဗျာ (၄) အသံကိုဟဲ၍ ရွတ်ဆို ရသော အဖွဲ့အနွဲ့ [**စာပေသမိုင်း**၊ စာ ၂၀၈-၉]

**အဲဒံစီးစွာလော** *(အင်္ဂလိပ်)* - စွဲလိုးသင်္ဘောကပ္ပတိန်အဒမ် (Captain Adam of the *Swallaw*) [ROB, X, p. 135]

**အဲထူး**-တစ်ဦးက ရှေးဦးဆိုပြီးနောက်၊ လူအများက သံပြိုင် လိုက်၍ အဲသီချင်းသီဆိုခြင်း [**ဦးကုလား**၊ ပ၊ စာ ၂၄၀]

**အဲမောင်း**-မြင်းသည်တော်တို့ ကိုင်ဆောင်သော အရှည် ၁၀.၅ ပေ၊ လုံးသွား ၃.၅ လက်မခန့်ရှိ အောင်းမွေး များရစ်ထားသော အဝေးပစ်လှံရှည် [**မြန်မှုင်း**၊ ပြည့်၊ စာ ၇-၈ နှင့် **ရွှေဝတီ**၊ စာ ၂၁၅] "တရုတ်အမတ် စလုံ ကျော်ခေါင်လည်း မြင်းဘောင်းဝတ်ကိုစီး၍ အဲမောင်း အချိန် သုံးပိဿာကိုကိုင်၍ တပ်ကထွက်လာ၏" [**မှန်နန်း**၊ ၃၊ စာ ၁၀၉]

**ဩဒီသမေတ္တာ** *(ပါ)* - ပုဂ္ဂိုလ်ကိုရည်ညွှန်း၍ ပို့သသော မေတ္တာ [**ဦးဟုတ်**၊ စာ ၂၆၆၊ ၇၈၆] "သံဃာတော် အပေါင်းတို့သည် တစ်နေ့မခြား ဩဒိသမေတ္တာဖြင့်... ပို့ရောက်အပ်သော...တရားမင်းမြတ်" [**ကုန်းဘောင်**၊ ပ၊ စာ ၁၉၃]

**ဩလာရှော့** *(အင်္ဂလိပ်)* - ဩဒါရှော့ခေါ် စစ်အရာရှိ မွမ်းမံသင်တန်းကျောင်း (Aldershot)။ "ဩလာရှော့ စစ်ရေးပြ ချီတက်သည့်နည်း ချီတက်၍၊ အမြောက်သံ သေနတ်သံ အသံမစဲ ပစ်ဖောက်ပြသသည်" [**လန်ဒန် သွား**၊ စာ ၁၇၂]

**ဩလ်** - ဟော်လန်ပြည်လုပ်သေနတ် [**မြန်မာမင်း**၊ စာ ၆၅]

**ဩဟဲသီ** *(ကျောက်)* - ဥသျှစ်သီး [**ပုဂံမြန်**၊ ၃၊ စာ ၁၉၅]

**ဩဘာရသ** - နှစ်ဖက်မိဘတို့ သဘောတူ ထိမ်းမြား၍ ရသောသားကြီး [**မနုကျယ်**၊ စာ ၃၁၀]

**အော်လန္တေမင်း** - ဟော်လန်နိုင်ငံကို အစိုးရသောမင်း [**မဟာတော်ဖြေ**၊ စာ ၆၇၄]

**အော်အမ်း** - (၁) အကျင့်ကောင်းသည် (၂) ဖော်ရွေသည် (၃) သူတစ်ပါးကို ကောင်းစေလိုသော ဆန္ဒရှိသည် [**ယုဒသန်**၊ စာ ၁၄၄]

**အံပတ်** *(အမှတ်)* - အမွေအကြိုင် [**မြန်မာ့စပါဟာ**၊ အ၊ စာ ၅၉]

**အံသကိုက်** *(ပါ၊ အံသကာသာယ)* - ညာဘက်ပခုံးတင် သင်္ကန်း [**မြန်မာ့စပါဟာ**၊ အ၊ စာ ၆၀] "အံသကိုက် ကိုဖြန့်၍...ခိဋ္ဌာန်မြွက်ဆိုဝ်ပြီးလျှင် စက်တော်ရာကို လွှမ်း၏" [ROB, I, p. 374]

**အံသာ** - (၁) ရှေးမြန်မာနာရီ ၆၀ (ယခုခေတ် ၂၄ နာရီ) နှင့်ညီမျှသော တစ်ရက်တာကာလ၊ ကမ္ဘာတစ်ပတ် လည်မိ၍ တစ်နေ့နှင့်တစ်ညဖြစ်သောကာလ (အနု လိတ္တာ ၆၀=၁ ဝိလိတ္တာ၊ ဝိလိတ္တ ၆၀=၁ လိတ္တာ၊ ၆၀ လိတ္တာ=၁ အံသာ၊ ၃၀ အံသာ=၁ ရာသီ၊ ၁၂ ရာသီ = ၁ စက်ဝန်း= တစ်နှစ် [**မဟာတော်ဖြေ**၊ စာ ၄၈၂ နှင့် **ဘလ္လာဖြေ**၊ စာ ၁၃၉] "သုံးဆယ်လိတ္တာ၊ အသာရက်ပိုင်း၊ ရိုမှိုင်းပျပျ၊ ထိုသည်ညကား" [**ဘလ္လာဖြေ**၊ စာ ၁၃၉] အကွာအဝေးအားဖြင့် တစ်အံသာသည် ၃၅ တိုင် (၆၉ မိုင်၊ ၄ ဖာလုံ၊ ၈ သံကြိုး၊ ၄ ကိုက်) နှင့် ညီ သည်။ [**အုပ်ချုပ်**၊ ၃၊ စာ ၁၁၃]

**အိုးစရည်း** - ရေထည့်သည့်အိုးကြီး [**ပေါ်ရာဇာ**၊ စာ ၂၇] "စရည်းအိုးခွက်၊ ကြီးစွာလျက်တည့်၊ တံစက်ကျများ၊ ပြည့်သောလားသို့" [**လောက**၊ စာ ၅၁]

**အိုးစား** - တပ်သားငါးယောက်ပါသောအဖွဲ့ [**သေနင်္ဂ**၊ စာ၁၀၇]

**အိုးစားကြီး** - စစ်သည်ငါးယောက်ကို တစ်အိုးစားဟုခေါ်ရာ ထိုငါးယောက်တွင် အကြီးအကဲပြုသူ [**အုပ်ချုပ်**၊ စ၊ စာ ၂၃၇]

**အိုးတန်** - ချက်ပြုတ်ရန်အိုး [**မြန်မှုင်း**၊ ပြည့်၊ စာ ၂၁] "ဆန်ကောင်းသာလျှင်၊ စေတနာထက်သန်၊ ဝတ် အမှန်ဖြင့်၊ အိုးတန်ငါးဆယ်၊ အိမ်ရှေ့ဝယ်တည့်" [**သုဝဏ္ဏသူရွှေ**၊ စာ ၃၇]

**အိုးထုတ်** - အပေါက်ဝကျဉ်းသော အိုးဝမ်းပူကြီး [ROB, X, p. 135]

**အိုးပျစ်** - အိုးငယ် [**မြန်မှုင်း**၊ ပြည့်၊ စာ ၂၃] "ရေဖြင့်ပြည့်သော ငွေအိုဝ်ပြစ်၊ ရွှေအိုဝ်ပြစ်တိုဝ်ဖြင့်" [**၁၅၀၆ စုနှစ်ထိုး စစ်ကိုင်းမြို့ အထိန်းတော်ကျောင်းကျောက်စာ**]

**အက္ကပတ်** - မဏိပူရ၏အနောက်ဘက်ရှိ ကချာနယ် [**ကုန်းဘောင်**၊ ၃၊ စာ ၂၇၈၊ ၂၈၂, Map of B.Empire]

**အက္ကပတ်မြင်း** - မြင်းခေါင်း၊ မြင်းတပ်ဗိုလ်၊ မြင်းစီးတို့မှာ နတ်စီးမြင်းရုပ်ပုံကို ဝမ်းဗိုက်နံဘေးတွင်ထိုးထားပြီး မြင်းစီးလွတ်ကျားကြီးတို့မှာ မြင်း ရုပ်ဝမ်းနံဘေးတွင်ထိုး၍ ကျားငယ်တို့မှာ မြင်းခေါင်းရုပ်ဝမ်းနံဘေးတွင်ထိုးသော မြင်းမှူထမ်းတို့ဖြင့်ဖွဲ့ထားသည့် မြင်းတပ် (မူလက ဘင်္ဂလားတွင်ရှိသော ကချာနယ်မှ ခေါ်ဆောင်လာခဲ့သည့် မြင်းသည်များဖြင့် ဖွဲ့စည်းထားသည့် မြင်းတပ်) [**ရွှေနန်းသုံး**၊ စာ ၂၀၃]

**အက္ခထိကစာတ်** *(ပါ၊ အက္ခဏ+က္ကက+ဇာတ)* - လျှပ်စစ်ဓာတ် [**ဦးဟုတ်**၊ စာ ၅၊ ၅၀၀] "မိုးကြိုးပစ်သည်ကို ကောင်းကင်ရှိ အက္ခနိကဓာတ်နှင့် မြေထဲရှိ အက္ခနိကဓာတ် ၂ ပါး ဖောက်ပြန်ဟန် အခြင်းအရာများကို၊ ပုံစံနှင့် တကွရအောင် တိုင်းတာမှတ်သားသည့်စက်" [**လန်ဒန်သွား**၊ ပ၊ စာ ၁၇၈]


**အက္ကောဘိဏီ** - တစ်ဂဏန်း၏နောက်တွင် သုည ၄၂ လုံးရှိသောကိန်း [**ဦးဟုတ်**၊ စာ ၇]

**အက္ကောဘဏီတပ်** - ဆင်၊ မြင်း၊ ရထား၊ ခြေသည် စစ်မှုထမ်း ၇၆၅၄၅၀ ရှိသောတပ် (ယောကျ်ား မိန်းမ အစုစု ၉၀၉၀၉၉၀၀၉၀၀၀ အရေအတွက် ရှိသောတပ်ဟုလည်း မှုကွဲရှိသည်။) [**အုပ်ချုပ်**၊ စ၊ စာ ၂၃၃] စုစုပေါင်း လူ၊ ဆင်၊ မြင်း၊ ရထား အရေအတွက် ၇၆၅၄၅၀ ရှိသောတပ်ကြီး [**အုပ်ချုပ်**၊ တ၊ စာ ၂]

**ဥက္ကာမုက္ခ** *(ပါ)* -(၁) မီးရှူးမီးတိုင်၏ မျက်နှာပြင်၊ ပန်းပဲဖို (၂) ဥက္ကာမုခမင်း [**ဦးဟုတ်**၊ စာ ၁၉၉ နှင့် **လယ်တီ**၊ စာ ၁၃၇]


**ဥက္ကဋ္ဌိကာသန** *(ပါ)* - ဒူးနှစ်ဖက်ကိုထောင်ကာ ဆောင့်ကြောင့်ထိုင်နေဟန် [**အာသန**၊ စာ ၅၇]

**ဥက္ကင်္ဒတော်** - အခမ်း အနားကြီးများတွင် မိဖုရားကြီးများနှင့် သမီးတော်တို့ ဆင်ယင်တော်မူသည့် မြင့်မြတ်ခန့်ငြား လုပသော ခေါင်းဆောင်းစည်းပုံတော်



ဥက္ကင်္ဒတော်

**ဥက္ကတ်ထိပ်ဆောင်းကတ္တီပါကြိုးရွှေကြယ်တပ်** - စီးတော်မြင်း၏ဦးခေါင်းတွင် ဆင်မြန်းသောထိပ်ဆောင်းကို ကတ္တီပါကြိုးဖြင့်သွယ်၍ ရွှေကြယ်တပ်ဆင်ထားသော အဆင်တန်ဆာ [**နန်းသုံးယာဉ်**၊ စာ ၅၅]



မြင်းဦးခေါင်းထိပ်ဆောင်း

**ဥက္ကိဋ္ဌကာယသိက္ခာပုဒ်** *(ပါ)* - သင်္ကန်းကိုပင့်ကာ၊ မ-ကာဖြင့် မြို့တွင်းရွာတွင်း၌ သွားလည်းသွား၊ နေလည်းနေထိုင်သောကြောင့် ဒုက္ကဋ်အာပတ်သင့်ကြောင်းကို ဖော်ပြသောသိက္ခာပုဒ် [**မြင့်**]

**ဩက္ကမသဒ္ဓါ** *(ပါ)* - သက်ဝင်ယုံကြည်ခြင်း [**ဦးဟုတ်**၊ စာ ၂၆၁၊ ၉၆၃]

**အောက်ကလက်** *(အောက်ကလတ်)* - သားစဉ်မြေးဆက် ကျွန်မှ ဆင်းသက်လာသောကျွန်၏မြစ် [**မနုကျယ်**၊ စာ ၁၉၂၊ ၂၀၃]

**အောက်ခုနစ်ဆက်** - သား၊ မြေး၊ မြစ်၊ တီ၊ မျှော၊ ကြွတ်၊ ဆတ် [**မနုကျယ်**၊ စာ ၁၉၆]

**အောက်ပိုးဝတ်** - ခါးတောင်းကျိုက် [**ဦးပုည**၊ စာ ၁၁၆ အောက်]

**အောက်မား** - တောဆင်ရိုင်းအား ကျုံးတွင်းသို့ မြှူဆွယ်ခေါ်ဆောင်ရန်အတွက် အသုံးပြုသော ဆင်မ [**မြန်မွှင်**၊ ပြည်၊ စာ ၈-၁၁] "လက်ခြေဆံမှူ၊ အောက်မားမြှူက၊ လေယူနွှားသံ၊ ဟည်းရိုက်သံနှင့်၊ တောယံပတ်ချိမ့်၊ တောင်ကမ်းသိမ့်သည်" [**ရွှေမင်းဘုန်း**၊ စာ ဆု/ဝမ်း]

**အောက်မားစာရေး** - ဆင်ဖမ်းသည့် အောက်မားတော် အမှုထမ်းများ တောသို့ဝင်ရန်ကိစ္စ၊ အောက်ငင်၍ ရလာသောဆင်ပေါက်ကို ကျုံးမသွင်းမီ လက္ခဏာဖတ်၍ အောက်မားဝန်ထံ အစီရင်ခံရန်ကိစ္စ စသည်တို့ကို ထမ်းဆောင်ရသောစာရေး [**ရွှေနန်းသုံး**၊ စာ ၁၉၈]

**အောက်မားမှူး** - တောဆင်ရိုင်းများကို ဖမ်းယူရာတွင် သွေးဆောင်ခေါ်ငင်ပေးသော ဆင်မများနှင့် ဆင်ဖမ်းအမှုထမ်းတို့ကို ကြီးမှူးကွပ်ကဲရသော အကြီးအမှူး။

"တတ်ပွန်ပညာ၊ လိမ္မာအထူး၊ အောက်မားမှူးတို့"
[**ရွှေစာတိုင်**၊ စာ ၃/ကျော]

**အောက်မားဝန်** – တောဆင်ရိုင်းများကို အောက်ငင်ရန်၊ ဆင်ရိုင်းသွင်းသည့်သစ်တပ်နှင့်ကျုံး တည်ဆောက်ရန် ဆောင်ရွက်သော အမှုထမ်းများနှင့် အောက်ငင်သည့် ဆင်မများကို ထိန်းသိမ်းစောင့်ရှောက်၊ ကြီးကြပ် အုပ်ချုပ် ဆင့်ဆိုစီရင်ရသော အရာရှိ [**ရွှေနန်းသုံး**၊ စာ ၁၀၃-၈]

**အောက်မားသင်း** – တောဆင်ရိုင်းများကို အောက်ငင် ဖမ်းယူသည့် အမှုထမ်းအသင်းအဖွဲ့၊ အအုပ်အစု။ "ပတ်ပတ်သူ့ချင်း၊ အောက်မားသင်းတို့၊ မီးကင်း စောင့်ရှောက်" [**ရွှေစာတိုင်**၊ စာ ၁၀/ကျော]

**အောက်မြစ်စဉ်ခရိုင်** – ပုဂံ၊ စလေ၊ စလင်း၊ စကု၊ မကွေး၊ မလွန်၊ မြေထဲ၊ မင်းတုန်းတောင်စဉ် ခုနစ်ခရိုင် မြို့ဝန် ဝန်စုမြို့ရွာများ ပါဝင်သောခရိုင် [ROB, IX, p. 1051]

**အောက်ရောက်လက်သမား** – မင်းတုန်းမင်း(၁၈၅၃–၇၈) နှင့် သီပေါမင်း (၁၈၇၈–၈၅)တို့ လက်ထက်တွင် သင်္ဘောသမ္ဗန်များ တည်ဆောက်ရန်အတွက် အောက် မြန်မာနိုင်ငံ ရန်ကုန်၊ မော်လမြိုင်မြို့တို့မှ ခေါ်ဆောင် ရောက်ရှိလာသောလက်သမားများ [**ရွှေနန်းသုံး**၊ စာ ၁၄၆]

**ဩက်ရွတ်** *(ကျောက်)* – ကိုယ်ခန္ဓာအောက်ပိုင်းတွင် ဝတ် သောသင်းပိုင်

**အောက်ဝါ** – အဆောက်အအုံ၏အောက်ပိုင်း [**အုပ်ချုပ်**၊ ပဠ၊ စာ ၅၁]

**အဂ္ဂ** *(ပါ၊ အဂ္ဂ)* – မြတ်သော (မြင့်မြတ်သောမင်းမှုထမ်း ကြီးများအား **အဂ္ဂ**တပ်သောဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။ မြင့်မြတ်ကျော်စောသော မှူးမတ်ကို **အဂ္ဂကျော်စွာ၊** မြင့်မြတ်၍ နတ်စစ်သည်ကဲ့သို့ ရဲရင့်သောမှူးမတ်ကို **အဂ္ဂဒေဝိန်**ဟူသောဘွဲ့ အပ်နှင်းလေ့ရှိသည်။) [**လိနဏ္ဍ**၊ စာ ၃၅၈]

**အဂ္ဂိကမ္မနေ့ာပမသုတ်** – ရဟန်းတို့၏ အမှုအကျင့် ကောင်း ခြင်း၊ မကောင်းခြင်းတို့အပေါ်မူတည်၍ ဖြစ်ပေါ်သော အကျိုးအပြစ်ကို ဟောသောသုတ် [**မြင့်**]

**အဂ္ဂေါဟမသ္မိ** *(ပါ)* – ငါသည် အမြတ်ဆုံးဖြစ်သည်။ ("အဂ္ဂေါဟမသ္မိလောကဿ – လောကသုံးပါး၌ ငါ သည် အမြတ်ဆုံးဖြစ်သည်။" သိဒ္ဓတ္ထမင်းသားကို ဖွားမြင်သောအခါ ခုနစ်ဖဝါးလှမ်းပြီးနောက် မိန့်မြွက် တော်မူသော စကားသုံးခွန်းအနက် တစ်ခွန်းသော စကားဖြစ်သည်။) [**မြင့်**]

**အဂ်မ** *(ပါ)* – သက်မဲ့ပြောင်းရွှေ့နိုင်သောပစ္စည်း [BED, i, p. 72]

**အသ်ာ** – အံသာကြည့်

**အင်းပျဉ်** – (၁) မှန်စီရွှေချထားသော ခုံကြီး၊ လဲလျောင်း ရန်ခုံ [**မြန်မာမင်း**၊ စာ ၁၆၀ နှင့် **ဓိပ္ပလ္လာ**၊ စာ ၁၁၇] (၂) ထိုင်စရာ လေးထောင့် အင်းကွက်ပုံအပြား [**ရွှေဟသ်ာ**၊ စာ ၂၁၃]

**အင်းယာဉ်** *(ပါ၊ အဂ္ဂယာန)* – မြတ်သောယာဉ် (မြင်းစီး သူရဲတို့အား **အင်းယာဉ်တုရင်၊ အင်းယာဉ်သူရ၊ အင်း ယာဉ်ကျော်ထင်** စသောဘွဲ့များ ချီးမြှင့်လေ့ရှိသည်။) [**လိနဏ္ဍ**၊ စာ ၁၁၇]

**အင်းလေးရွာ** – (၁) ဟဲယာရွာမ (၂) ရွာကြီးဗန်းပုံ (၃) နောင်တောရွာ (၄) နမ့်ပန်ရွာ [ROB, IX, p. 443]

**အင်းဝ** – အေဒီ ၁၃၆၄ ခုနှစ်တွင် သတိုးမင်းဖျား(၁၃၆၄–၇)က အင်းကိုးအင်း (အင်းငါးအင်းဟုလည်းဆို)ကို ဖြည့်ဖို့၍ တည်ထောင်ခဲ့သည့်မြို့ဟု မြန်မာရာဇဝင် များတွင် ဖော်ပြခဲ့သော မင်းနေပြည်တော် ဖြစ်ခဲ့သည့် မြို့ [အင်းကိုးအင်းဟူသည်မှာ– (၁) ရွှေကြာပင်အင်း၊ (၂) ဇနီအင်း (၃) ညောင်စောက်အင်း (၄) ဝက်ချေးအင်း (၅) အုန္နဲအင်း (၆) အင်းမအင်း (၇) လင်းစံအင်း (၈) ဘေးမဲ့အင်း (၉) ဝမ်းဘဲအင်းတို့ဖြစ်သည်ဟု ဆို၏။ အင်းငါးအင်းဆိုသည်မှာ ဝက်ချည် အင်း၊ အင်းပုလု၊ ကျည်အင်း၊ အင်းရွှေကြာအင်း၊ အင်းနက်တို့ ဖြစ်သည် ဟုဆို၏။] [**သီချင်း**၊ ဖြည့်၊ စာ ၁၅၆] (၁) အင်းဝမြို့ကို သတိုးမင်းဖျား (၁၃၆၄–၇)က စတင် တည်ထောင် သည်။ (၂) ၁၅၉၇ ခုနှစ်တွင် ညောင်ရမ်းမင်းတရား (၁၆၀၀–၁၆၀၆)က ချဲ့ထွင်၍ မြို့တော်တည်လုပ်သည်။ **ရွှေဝ**ဟု အမည်ပေးသည်။ (၃) ၁၇၆၆ ခုနှစ်တွင် ဆင်ဖြူရှင်မင်း (၁၇၆၃–၇၆) က တတိယအကြိမ် တည်လုပ်သည်။ (၄) ၁၈၂၁ ခုနှစ်တွင် ဘကြီးတော် (၁၈၁၉–၃၇)က စတုတ္ထအကြိမ် အသစ် တည်လုပ် သည်။) [**ကုန်းဆောင်**၊ ၃၊ စာ ၃၁၂-၆ နှင့် ROB, I, p. 284]

**အောင်ခြင်းလေးပါး** – အမှန်တရားကို ကျင့်ကြံထိုးထွင်း သိမြင်သဖြင့် အောင်မြင်မှုရရှိသော သစ္စာတရားလေး ပါး:– (၁) ဒုက္ခသစ္စာ – ဆင်းရဲခြင်းဖြစ်သည်ဟူသော

အမှန်တရား (၂) သမုဒယသစ္စာ - ဆင်းရဲခြင်းကို ဖြစ်စေသော အမှန်တရား (၃) မဂ္ဂသစ္စာ - ကောင်းစွာ ကျင့်ကြံနေထိုင် အားထုတ်အပ်သော မဂ္ဂင်ရှစ်ပါး (၄) နိရောဓသစ္စာ- နိဗ္ဗာန်သို့ရောက်ခြင်းဟူသော တရား [ROB, I, p. 213 နှင့် **မြင့်**]

**အောင်ပင်လယ်ကန်၏ အံ့ဖွယ်ရှစ်ပါး** - (၁) ကန်အတွင်း၌ ကုန်းကိုးကုန်းရှိခြင်း (၂) မိုးအဆက်မပြတ်ရွာသော်လည်း ကန်တော်၌ ရေမပြည့်ခြင်း (၃) ကန်ရာသီ၌ အရှေ့တောင်ရိုးမှ ရေတံခွန်ကျ၍ နာရီခြောက်ဆယ်နှင့် ရေပြည့်ခြင်း (၄) ပဒုမ္မာကြာအပြည့်ပေါက်ခြင်း (၅) ကျေးငှက်တို့ ပျော်မြူးရာဌာနဖြစ်ခြင်း (၆) ဆည်ရိုးအလွန်တွင်ရှိသောရေသည် တိမ်နက်ကောဝမ်းမှုမရှိခြင်း (၇) သားငါးကျေးငှက်တို့ကို ဘေးမဲ့ပေးရာနေရာဖြစ်ခြင်း (၈) တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သော ဂုဏ်ကျေးဇူးရှိခြင်း [**ကုန်းဆောင်**၊ ၃၊ စာ ၅၈]

**အောင်း** - (၁) နွားမျိုးအဝင်အပါဖြစ်သော သားကောင်၊ တိဘက်နွား [အချို့ပညာရှင်တို့က စာမရီကိုပင် **အောင်း** ဟုခေါ်ကြသည်။] (၂) အောင်း၏အမွေးဖြင့် ပြုလုပ်သောပန်းဖွား [အောင်းကောင်အစစ်၏အမွေးဖြင့် ပြုလုပ်ခြင်းမဟုတ်ဘဲ အခြားသောသားကောင်၏အမွေးဖြင့် ပြုလုပ်သော ပန်းဖွားကိုလည်း **အောင်း**ဟုပင်ခေါ်သည်။] [**ယုဒသန်**၊ စာ ၁၄၄ နှင့် **မြန်စာန်**၊ စာ ၄၄၁]

**အောင်းကလေး** - ကြိုးခုနစ်ချောင်းတပ်စောင်းပြား [**မြန်ဖွင့်**၊ ဖြည့်၊ စာ ၁၃] "ငြင်းနှင့်မိကျောင်း၊ စောင်းအောင်းကလေး၊ ရွှေရေးပတ်တလား၊ အငြိမ့်များကို" [**ကုသ**၊ စာ ၁၄၈]

**အောင်းနီ** - အောင်းသတ္တဝါ၏အမွေး သို့မဟုတ် အခြားသားကောင်၏အမွေးဖြင့်ပြုလုပ်သော ပန်းဖွားအနီ [**ယုဒသန်**၊ စာ ၁၄၄]

**အောင်းဖြူ** - အောင်းသတ္တဝါ၏အမွေးဖြင့် ပြုလုပ်သော အဖြူရောင်ပန်းဖွား၊ အဖြူရောင်ပန်းဖွား [**ယုဒသန်**၊ စာ ၁၄၄]

**အောင်းမထိန်းဝန်** - အောက်မားဝန်ကြည့်

**အောင်းလုံ** - အဝေးသို့ပစ်လွှတ်ရန် အသုံးပြုသော အောင်းသတ္တဝါ၏အမွေးပန်းဖွားတပ် လုံ၊ စက်တိုင်တွင်ရှိသော ပစ်မှတ်အဝိုင်းကို ထိမှန်အောင်ပစ်လွှတ်ရာတွင် အသုံးပြုသည့် ပန်းဖွားတပ်လုံ [**ယုဒသန်**၊ စာ ၁၄၄]

**အိုင်ကြီးခုနစ်အိုင်** - စာပေကျမ်းဂန်လာ အိန္ဒိယနိုင်ငံရှိ အိုင်ကြီးခုနစ်အိုင်- (၁) အနောတတ္တအိုင် (၂) ကဏ္ဏမုဏ္ဍအိုင် (၃) ရထကာရအိုင် (၄) ဆဒ္ဒန္တအိုင် (၅) ကုဏာလအိုင် (၆) မန္ဒာကိနီအိုင် (၇) သီဟပ္ပပါတအိုင် [**ရှိနိုင်ရာသစ်**၊ ပ၊ စာ ၇၁]

**အစ်သကွယ်** *(အင်္ဂလိပ်)* - Esq. = Esquire ဆာ (Sir) ဘွဲ့မရသေးသော မင်းမှုထမ်းကြီးများကို ဂုဏ်ပြုခေါ်ဝေါ်သော အသုံးအနှုန်း

**အစ္ဆာသယ** *(ပါ)* - စိတ်အလို၊ လွှန်ကဲသောအလို [**ဦးဟုတ်**၊ စာ ၂၀]

**အဉ္စလိမုဒြာ** *(ပါ+သက်)* - လက်အုပ်ချီ၍ ရှိခိုးနေဟန် (ပူဇော်ထိုက်သူကို ပူဇော်ပါဟူ၍ တိုက်တွန်းနေသော သဘောကို ဆောင်သည်။) [**မုဒြာ**၊ စာ ၃၄-၅]

**ဥဏ္ဏလုံမွေးရှင်တော်** *(ပါ၊ ဥဏ္ဏ+လောမ)* - မြတ်စွာဘုရား၏ မျက်မှောင်တော် (မျက်ခုံးတော်)နှစ်ဖက်ကြားတွင်ပေါက်သော အမွေးတော်။ [**ဦးဟုတ်**၊ စာ ၂၀၇] "သုံးဆဲ့နှစ်ရတီရှိသော မဟာစိန်တော်ကလေးကို ဥဏ္ဏလုံ မွေးရှင်တော်ပြု၍ တပ်လှူတော်မူသည့် မံဆင်းတုတော်ကြီး" [**ကုန်းဆောင်**၊ တ၊ စာ ၄၃၂]

**အတ္တသမ္မာပဏိဓိ** *(ပါ)* - မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း [**ဦးဟုတ်**၊ စာ ၃၆]

**အတ္တဟိတ ပရဟိတ** *(ပါ)* မိမိအကျိုး၊ သူတစ်ပါးအကျိုး [**ဦးဟုတ်**၊ စာ ၃၆၊ ၆၁၇] "လူရဟန်းအပေါင်းတို့သည် အတ္တဟိတ ပရဟိတကိုဆောင်နိုင်၍ ကုသိုလ်ကောင်းမှုဖွားများရာသည်" [**မှန်နန်း**၊ ၃၊ စာ ၃၈၀]

**အတ္ထက္ခာယီ** *(ပါ၊ အတ္ထ+အက္ခာယီ)* - အကျိုးစီးပွားအတွက် အကြံဉာဏ်ပေးသည်။ အကျိုးစီးပွားအတွက် ပြောကြားသည်။ [**ဥညသစ်**၊ စာ ၁၂]

**ဣတ္ထိဓုတ္တ** *(ပါ)* - မိန်းမကြူးသောသူ [**ဦးဟုတ်**၊ စာ ၁၉၃] "မိန်းမကြူးခြင်း ဣတ္ထိဓုတ္တ မဖြစ်စေနှင့်" [ROB, V, p. 468]

**ဥတ္တမရာဇ်** *(ပါ၊ ဥတ္တမရာဇ)* - မြတ်သောမင်း [**ဦးဟုတ်**၊ စာ ၂၀၈၊ ၈၁၂]

**ဥတ္တရဗောဓိမုဒြာ** (ပါ+သက်) - လက်ဝဲလက်ညှိုးနှင့် လက်မကိုထိ၍လည်းကောင်း၊ လက်ယာလက်ညှိုးနှင့် လက်မကိုထိ၍လည်းကောင်း လက်နှစ်ဖက်လုံးကို နှလုံးသားရှိရာ ရင်ဘတ်နှင့်ကပ်၍ ထောင်ထားသော လက်ဟန် (ပါရမီဆယ်ပါးတို့နှင့် ပြီးပြည့်စုံခြင်း၊ အထွတ်အထိပ်သို့ ရောက်တော်မူခြင်းကို ညွှန်ပြ

သည့်သဘောကို ဆောင်သည်။) [**မုဒြာ**၊ စာ ၃၉-၄၀]

**အုတ်မျိုးခုနစ်မည်** -(၁) ရွှေအုတ် (၂) ငွေအုတ် (၃) ကြေးအုတ် (၄) မိုးကြိုးအုတ် (၅) ကြေးနီအုတ် (၆) သံအုတ် (၇) မြေအုတ်

**အဒ္ဓစန္ဒြဟတ္ထ** *(ပါ)* - လက်မနှင့်လက်ညှိုးကို လခြမ်းပုံသဏ္ဌာန်ဖြစ်အောင် ကွေး၍ထားပြီး ကျန်လက်ချောင်းကလေးများကို အလိုက်သင့် ကွေး၍ပြထားသောလက်ဟန် (ပူဇော်ထိုက်သူအား တစ်စုံတစ်ခုကို အမြဲတစေ လှူဒါန်းပူဇော်ကြရန် တိုက်တွန်းနေသောသဘောကို ဆောင်သည်။) [**မုဒြာ**၊ စာ ၃၅-၆]



အဒ္ဓစန္ဒြဟတ္ထ

**အဒ္ဓပလ္လင်္ကာသန** *(ပါ)* - ခြေတစ်ဖက်ကို ပလ္လင်ပေါ်တင်၍ ကျန်တစ်ဖက်ကို ပလ္လင်အောက်သို့ တွဲလျားချထားဟန်၊ ပလ္လင်ပေါ်တွင် ခြေတစ်ဖက်ကိုလှဲထား၍ ကျန်တစ်ဖက်ကို ဒူးထောင်ကာ ထိုင်နေဟန် (ဘေးရန်ကင်းရှင်းသောသဘော၊ မင်းတို့ကဲ့သို့ တန်ခိုးအာဏာကြီးသောသဘောကို ဆောင်သည်။) [**အာသန**၊ စာ ၄၉]

**အဒ္ဓဝီရာသန** *(ပါ)* - တင်ပလ္လင်ခွေ ထိုင်နေသောပုံတွင် လက်ယာခြေကို လက်ဝဲပေါင်ပေါ်သို့ ချိတ်တင်ထားပြီး လက်ဝဲခြေကို လက်ယာပေါင်ပေါ်သို့ ချိတ်တင်ထားဟန် (ယဉ်ကျေးသိမ်မွေ့သောသဘောနှင့် အဖျက်အဆီးဟူသမျှကို အောင်နိုင်ခြင်းသဘောတို့ကိုဆောင်သည်။) [**အာသန**၊ စာ ၄၇]

**အန်ချင်း** - ရေကြောင်းနှင့်စပ်ဆိုင်သော ဖောင်ငင်သံသီချင်း (အဏ္ဏဝဟူသော ပါဠိကိုအစွဲပြု၍ အန်ချင်း၊ အဏ်ချင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ အန်ချင်းများတွင် "မင်းချင်းလေ"၊ "အစောလေ"၊ "နတ်မင်းလေ"စသည့် အာလုပ်သံဖြင့် အစချီ၍ အဆုံးတွင် "ဖော်ချင်းတို့လေ"၊ "မင်းချင်း"စသော အာလုပ်သံဖြင့် အဆုံးပြန်၍ဟပ်သည်။) [**တာဝသမိုင်း**၊ စာ ၉၉]

**အန္တကူ** - ထုံးကြွယ်သဲကျောက် (Calcareous Sandstone) [**ဟန်**]

**အန္တရကပ်** *(ပါ၊ အန္တရကပ္ပ)* - အကြားဖြစ်သော ကပ် [**ဦးဟုတ်**၊ စာ ၈၀]

**အန္တေဝါသိက** (ပါ) - ဆရာ့ထံမှ အတတ်ပညာများဆည်းပူးနေ၍ ဆရာယုံကြည်စိတ်ချရသည့် တပည့်ရင်း (အတွင်းနေတပည့်) [**မနုကျယ်**၊ စာ ၃၁၂]

**အန္ဒြေနော** *(အီတလီ)* - Andreino [**မြန်လွှတ်**၊ စာ ၂၃]

**ဣန္ဒ** *(ပါ)* - (၁) သိကြားမင်း (၂) အစိုးရခြင်း [စိမ်အုပ်ချုပ်မှု ကျွမ်းကျင်သည်ဟု ကျော်ကြားသော မှူးမတ်ကို **ဣန္ဒကျော်စွာ**၊ **ဣန္ဒကျော်သူ** ဟူသောဘွဲ့၊ စိမ်အုပ်ချုပ်မှုကောင်း၍ ကျက်သရေရှိသော မှူးမတ်အမှုထမ်းကို **ဣန္ဒသိရိ** ဟူသောဘွဲ့များ ချီးမြှင့်လေ့ရှိသည်။] [**သိန္ဓဇ္ဈာ**၊ စာ ၃၆၄-၅]

**ဣန္ဒြိယသံဝရသီလ** *(ပါ)* - ဣန္ဒြေကို စောင့်စည်းသောအလေ့အကျင့် [**ဦးဟုတ်**၊ စာ ၁၉၅၊ ၉၃၀၊ ၁၀၄၁]

**အိန့်** - သာယာသည်။ ညင်သာသည်။ အရသာရှိသည်။ [**ယုဒသန်**၊ စာ ၁၃၃]

**အုန်းကျွန်း** - ဟိုင်းကြီးကျွန်း? [**စမ္ဗူ**၊ စာ ၄၉]

**အုန်းမောင်း** - မြည်ဟိန်းသည့်အရာ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းချက်ချိန်၊ ဆွမ်းခံချိန်၊ ဆွန်းစားချိန်တို့ကို အချက်ပေးရန် ပြုလုပ်ထားသည့် အခေါင်းထွင်းသစ်တုံး၊ ရှေးအခါက ကင်းစောင့်သောအခါ လူဆိုးများလာလျှင် အချက်ပေးရန် ပြုလုပ်ထားသည့် အခေါင်းထွင်းသစ်တုံး [**မြန်မှုင်**၊ ပ၊ စာ ၅၄-၆]

**အပ္ပေါသုက္ကု** *(ပါ)* - ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမဲ့ [**ဦးဟုတ်**၊ စာ ၉၉] "ကျင့်ဝတ်ဥပဒေကို အပ္ပေါသုက္က ကြောင့်ကျမဲ့ပြုမူ၍ ဂိုဏ်းအတွင်းမှာ ပြန့်နှံ့အောင် ဆင့်ဆိုပေးအပ်သည့် ဥပဒေတော်အတိုင်း..." [ROB, IX, p. 1031]

**အိပ်ဖန်** - လုံခြုံရေးအတွက် ညအိပ်၍ စောင့်ကြပ်ရသူ (အိပ်ဖန်စောင့်ဟုလည်း ဖော်ပြသည်။) [**သီချင်း**၊ ပ၊ စာ ၄၇] "စောင့်စည်းအိပ်ဖန်၊ ယုံကျွန်အများ၊ တံခါးသေသတ်၊ ကျည်းခတ်မြဲသို" [**ရွှေဟင်္သာ**၊ စာ ၁၃]

**ဥပ္ပါဒသန္တိဂါထာ** *(ပါ)* - နိဗ္ဗာန်လမ်းညွှန်ဂါထာ [**မြင့်**]

**ဥပ္ပဗ္ဗာဇန** *(ပါ)* - ရဟန်းအဖြစ်မှ လူဝတ်လဲစေခြင်း၊ [**ဦးဟုတ်**၊ စာ ၂၃၈ နှင့် **မြင့်**]

**အမ္ဗဋ္ဌရသရက်သီး** – ထူးကဲသော အနံ့အရသာနှင့် ပြည့်စုံ၍ လေနာရောဂါ ပျောက်ကင်းစေနိုင်ပြီး နတ်တို့သာ စားသုံးလေ့ရှိသော သရက်သီးဖြစ်သည်ဟု ဆို၏။ [**သုသော**၊ ပ၊ စာ ၂၂၇-၃၈]


**အမ္ဗုဝါစီ** (နက္ခတ်) – နက္ခတ်ဝင်ရောက်သည့် ပထမပတ်အတွင်း တနင်္ဂနွေဂြိုဟ်တည်နေသည့် (၃)ရက်တာကာလ [အမ္ဗုဝါစီ ၃ ရက်အတွင်း လယ်ယာစိုက်ပျိုးသူတို့သည် သစ်စေ့မျိုးစေ့ကိုကြဲမိလျှင် အောင်မြင်ဖြစ်ထွန်းမှုမရှိဟုဆိုသည်။]

**အမ္ဗဝါသီ** *(နက္ခတ်)* – လကွယ်နေ့၊ တနင်္ဂနွေဂြိုဟ် ဖြစ်သောနေ့နှင့် တနင်္လာဂြိုဟ်ဖြစ်သောလတို့ ထပ်မိချိန်။ "ကန်ရာသီ၌ အမ္ဗဝါသီ ၂ ထပ်မြင်ခြင်း" [**လွှတ်တော်မှတ်**၊ စာ ၁၀]

**အမ္ဗာစေဒါ** *(အင်္ဂလိပ်)* – သံကြီး၊ သံအမတ်ကြီး (Ambassador) [**ကုန်းဘောင်**၊ တ၊ စာ ၇၀၁]

**အမ်း** – (၁) ရတ်တရက်တုံ့ဆိုင်းသည်။ (၂) တန်ဖိုးထက်ပိုသောငွေကို ပြန်ပေးသည်။ [**ယုဒသန်**၊ စာ ၈၄] "ဗညားကျန်းတော ဖေယျသတ္တရုပ်ဟူသော ဆင်ကိုစီး၍ လွှတ်သည်။ အင်းဝရှမ်းတို့ စစ်သည်အမ်း၍နေလေ၏" [**မှန်နန်း**၊ ၃၊ စာ ၂၈၈]

**အိမ်ခြံမျဉ်းကြမ်းရက်ကမ္ဗတ်သတ်** – အိမ်ခြံစည်ရိုးကာရံသည့် ဝါးထရံတွင် အနားစပ်ကို ညီညွှတ်အောင် ပြုလုပ်ထားခြင်း [**နန်းသုံးယာဉ်**၊ စာ ၃၃]



အိမ်ခြံမျဉ်းကြမ်းရက်ကမ္ဗတ်သတ်


**အိမ်ဓား** – ဓားအိမ်အတွင်း သွတ်သွင်းထားသည့် ဓား [**အုပ်ချုပ်**၊ ၈၊ စာ ၃၄]

**အိမ်ပုဆစ်တုပ်** – နောက်ဘက်အဆောင်ကို နှစ်ထပ်ဆောက်လုပ်ထားသောအိမ် [ROB, X, p. 136]

**အိမ်ပြည့်ဝ** – အိမ်စေကျွန်မ

**အိမ်ဖုတ် (မင်)** – အိမ်မီးရှို့သည်။ [ဗုဂံမြန်၊ ၃၊ စာ ၁၈၅] "ပုဟာလောင်ဣမ်ဖုတ်သောစံဧ" [**လောကထိပ်**၊ စာ ၅၃]

**အိမ်မြောင်းရင်ပတ်ကွင်း** – စီးတော်မြင်း၏ ရင်ဘတ်ကိုသိုင်း၍ပတ်သောခါးပတ်ကြိုးကွင်း [**နန်းသုံးယာဉ်**၊ စာ ၅၉]



အိမ်မြောင်းရင်ပတ်ကွင်း

**အိမ်မှု** – (၁) အိုးအိမ်နှင့် ဆိုင်သောအမှု (၂) မယားမှု၊ အိမ်ထောင်ကွာရှင်းမှု၊ မယားခိုးမှု၊ ကညာဖျက်မှု [**အုပ်ချုပ်**၊ ၈၊ စာ ၅၃]

**အိမ့်ရှင်စည်** – အသံသာယာကွန့်မြူးသောစည် [**မြန်မှုင်**၊ ပ၊ စာ ၃၁]

**အုံးတား** – ခေါင်းအုံးအရံအတား [**ယုဒသန်**၊ စာ ၁၄၀]

**အုံးတားဘီလူးခေါင်း** – ဘီလူးခေါင်းသဏ္ဌာန် ဖော်ထားသောနောက်မှီ

**အုံးဝန်း** – ကတ္တီပါဖြင့်ချုပ်လုပ်ထားသော ခေါင်းအုံးဝိုင်း။ "မင်းကြီးမဟာ မင်းလှ မင်းခေါင်သူရိန်ကို ကတ္တီပါ အုံးဝန်းမိုးကြိုးထွေးခံ သနားတော်ခံစေ" [**လွှတ်တော်မှတ်**၊ စာ ၉]



အုံးဝန်း

**အဿဘောဒကျမ်း** – မြင်း၏အင်္ဂါလက္ခဏာ၊ မြင်းအစာကျွေးနည်း၊ ဆေးကုနည်း၊ မြင်းစီးနည်း၊ မြင်းစီး၍ ပလီရိုက်နည်း၊ စက်ထိုးနည်းများကို ဖော်ပြသောကျမ်း [**အုပ်ချုပ်**၊ ၈၊ စာ ၁၉၇-၈]

**အဿမုခိ** *(ပါ)* – မြင်းဦးခေါင်းနှင့် လူကိုယ်ခန္ဓာရှိသော ရသေ့ (ညအခါ ကောင်းကင်၌နေ၍ နေ့အခါ နဝဒါတ်အိုင်တွင်နေထိုင်ကာ မြင်းတို့၏ ကြန်အင်လက္ခဏာကို နှုတ်ရကျက်ပြီး မဟာသမ္မတမင်းကြီးအား ပေးအပ်သည့်ရသေ့ဟု ဆိုသည်။ [**ဆင်နှင့်မြင်း**၊ တ၊ စာ ၂၊ ၄]


**အဿယုဇ္ဇနှစ်** – နှစ်အမည် (ကောဇာသက္ကရာဇ်ကိုတည်၍ ၂ ခုနုတ်၊ အကျန်ကို ၁၂ ဖြင့်စားသောအခါ ၇ ကြွင်းသောနှစ်ကို အဿယုဇ္ဇနှစ်ဟု ခေါ်သည်။ ကျောက်စာများတွင် အဿယုဇ္ဇနှစ်ကို အသုစ်နှစ်၊

အာသုစ်နှစ်၊ အာသိံနှစ်၊ အသိန်နှစ်၊ အာသန်နှစ်၊ အာသုတ်နှစ်၊ အာသိတ်နှစ်ဟူ၍ ဖော်ပြသည်ကို တွေ့ရ၏။) [**မဟာမုနိ**၊ စာ ၄၁၀]


**ဣသရိယဂုဏ်** *(ပါ၊ ဣဿရိယ+ဂုဏ)* – နိုင်ငံကို အုပ်စိုးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါ [**ဦးဟုတ်**၊ စာ ၁၉၆၊ ၃၆၇] "အစိုးရဣသရိယဉာဏ်နှင့် ပြည့်စုံသော်လည်း၊ သိုးဆောင်းနိုင်ငံများတွင် စိရင်အုပ်ထိမ်းပုံ တရားဥပဒေများကို အလွန်လိုလား နှစ်သက်တော်မူလျက်ရှိသည်" [**လန်ဒန်သွား**၊ ပ၊ စာ ၂၂၁]

**ဥဿာဟာသတ္တိ** *(ပါ)* – အမှုခပ်သိမ်း၌ လုံ့လပြုနိုင်သော စွမ်းရည် [**ဦးဟုတ်**၊ စာ ၂၄၈၊ ၉၆၀] "အမှုခပ်သိမ်း၌ လုံ့လပြုခြင်းဟူသော ဥဿာဟာသတ္တိ" [**မေးတော်ဖြေ**၊ စာ ၆၁၅]


**အိုးအိပ်ဖုခိ** *(ကျောက်)* – အိုးပုတ်ကိုချိ၍ ကစားသောအရွယ်၊ အိုးပုတ်ကိုင်၍ ဆော့ကစားသောအရွယ်။ "နှံမမြက်ရ ယကနယ် ၁ ငီမ အိုဖုခိ ၁ ငီမ စာတတ် ၁" [**၁၂၃၆ ခုနှစ်ထိုး မင်းရာစသူရကျောက်စာ**]




A မြေညီထပ်
B အောက်လိုဏ်ပတ်လမ်း
C အပေါ်ထပ်
D အပေါ်လိုဏ်ပတ်လမ်း
E အထက်ပိုင်း
a အောက်ပိုင်းပစ္စယာများ
b အထက်ပိုင်းပစ္စယာများ
c ကွမ်းတောင်
d အတွင့်စေတီ






သဗ္ဗညု ဂူဘုရားကြီး အဆင့်ဆင့် အစိတ်အပိုင်းများ




အစိတ်အပိုင်းအဆင့်ဆင့် ဖြတ်ပိုင်းပုံ

## ပုဂံခေတ်အနော်ရထာမင်းလက်ထက်နှင့်နောက်ပိုင်းစေတီ







ရာဇပလ္လင်ဥကင်တော်

(မြန်မာမှုဒီဇိုင်း သုတေသီ ဦးအေးမြင့် ရေးဆွဲ၍ အစိတ်အပိုင်းအခေါ်အဝေါ်များကို ဖော်ပြသည်။)

## မင်းခမ်းတော်




### လက်ယာမင်းခမ်းတော်

(ဝဲ မှ ယာသို့)

**အပေါ်ပိုင်း**

ကွမ်းတောင်
ကွမ်းချပ်
ကွမ်းလောင်း
စဖင်းကြာ
(နဂါးခံကွမ်းခွက်)
ကွမ်းခွက်ရှစ်ထောင့်
ရတနာပန်းတောင်း

**အောက်ပိုင်း**

မြူတာနှစ်လုံး
ဖလား
တကောင်း
ပြတို့
သောက်ရေတင်
ရွှေအိုးပျစ်
မကန်းကရား
(နန်းဆွဲအုပ်)

### လက်ဝဲမင်းခမ်းတော်

(ဝဲ မှ ယာသို့)

**အပေါ်ပိုင်း**


လက်တင်ကြား
ခြသေ့်ခံကွမ်းခွက်
ကွမ်းလောင်း
သလပ်
သလင်းမြောင်
သစ်တိုင်
ကျပ်လျားတော်


**အောက်ပိုင်း**

ခြေနင်း
ဖိနပ်
သားမြီးယပ်
သန်လျက်
တောင်ဝှေး
ခြသေ့်ခံကရား
အိုးပျစ်
မေးထောက်
ကျီးခြေ
(မြူတာ)


[ ခေတ်ကာလအလျောက်ကွဲလွဲမှုများရှိသည်။]

ကြိုးသေးသံချပ်ပုံ








ပါလည်ကွေး စလွယ်နှင့်မျဉ်းတို မျဉ်းရှည်








. မန္တလေးရတနာပုံရွှေကြိုးသတ်နယ်မြေပြပုရပိုက်မြေပုံ(နယ်လှည့်ရာဇဝင်အတွဲ၂မှကူးယူပြပြင်ဖော်ပြသည်။)



စွယ်ကား



သပိတ်ပိုက်




စွယ်စိုက်



စွယ်စုံ



တံ



တယ်




စွယ်တုတ်




စွယ်ကော့


## ဆင်၏ ကိုယ်ခန္ဓာအစိတ်အပိုင်း အခေါ်အဝေါ်များ





## မြင်း၏ ကိုယ်ခန္ဓာအစိတ်အပိုင်း အခေါ်အဝေါ်များ



# မြန်မာ့ဆိုင်းဝိုင်း




စည်နီရှစ်လုံးပုံ





ဖုံးမသိန်

BLUMEA BALSAMIFERA

(ကုကုရရွာ)

**ဖုံးမသိန် (Blumea balsamifera)** – (၅ပေမှ ၁၀ပေ အထိ မြင့်သောအပင် ဖြစ်၍ အရွက်သည် ဆေးရွက်နှင့် ဆင်ဆင်တူသည်။) [ ပုံပြဆေး၊ ၃၊ စာ၂၆၃–၄]




သီတင်း(တော)


MALLOTUS PHILIPPINENSIS.


कपीला (ကပီလာ)


**သီတင်းပင် (Mallotus Philippinensis)** – (ပေ၂၀မှ ၃၀အထိ မြင့်သော ပင်မြင့်ဖြစ်၍ အရွက်မှာ ၃လက်မမှ ၉လက်မခန့်အထိ ရှိသည်။ သဖန်းရွက်နှင့် တူသည်။ ရှေးအခါက အဝတ်အထည်များကို အနီရောင်ဆေးဆိုးရာတွင် ဤအပင်၏ အစေ့များကို အသုံးပြုသည်။) [ပုံပြဆေး၊ ၁၊ စာ ၃၃၃]


## နက္ခတ် ၂၇ လုံး



အဿဝဏီ
ဘရဏီ
ကြတ္တိကာ
ရောဟဏီ
မိဂသီ
အဒြ
ဖုသျှ
အသလိဿ
မာဃ
ပုဏ္ဏဖုသျှ
ပြုဗ္ဗဖလဂုဏ်
ဥတ္တရဖလဂုဏ်
ဟဿတ
စိတြ
သွာတိ
ဝိသာခါ
အနုရာဓ
ဇေဋ္ဌ
မူလ
ပြုဗ္ဗာသန်
ဥတ္တရာသန်
သရဝဏ်
ဓနသိဒ္ဓ
သတဘိသျှ
ပြုဗ္ဗဘဒြပိုက်
ဥတ္တရာဘဒြပိုက်
ရေဝတီ


ကုက္ကလံ
ပဲ့တိုင်ဆိုင်းကြိုး
ဦးတိုင်ဆိုင်းကြိုး
ရွက်တိုင်
ရှမ်းပန်း
ပုရစ်လိပ်
တက်မလုံး
တန်း
မုတ်ကတူး
ဗုံလုံတိုင်
ကျောက်ထမ်း
ရာတိုင်
ပေါင်းလုံး
လိုက်ပေါင်း
ရောင်
တက်မအတင်အချကြိုး
နှာရောင်
ပဲ့ချွန်း
ငါး
ဦးချွန်း
လက်ရုံး
ဖောင်း
တက်မရွက်
အောက်ပုစွန်တုပ်
တက်မဆိုင်းကြိုး



ခတ်တက်
ခတ်ကွင်း
ခတ်တိုင်
ခတ်ခုံ
ကန့်ထောက်
လက်ဆက်
တံကူ
ကြက်လျှောက်



ဝက်စွယ်
ဆောင်ပန်း
ဘားမချုပ်
ထမ်းပိုးတုံး
စွယ်ရန်း
ရုံတိုင်
ထမ်းပိုးကျည်း
စည်းကုံး
ဝန်ကော်
ထမ်းပိုးကြိုး
နန်းများခွေ
လှည်းဦးပွတ်
လှည်းထုပ်
နားစောင့်
နန်းရင်းခွေ
လှည်းထောက်
လှည်းသန်
တံကူ
ပုံတောင်း
လှည်းဖနောင့်



ကက်အိမ်
စွယ်ရန်း
ကက်ပေါင်
ဘားမချုပ်
ဖင်တုံး
ဝင်ရိုး
ဝန်ကော်
လှည်းသန်
လှည်းထုပ်


လှည်းဖနောင့်
ဆိတ်မျက်လုံး

## မြန်မာ့ရက်ကန်းစင်၏ အစိတ်အပိုင်းအခေါ်အဝေါ်များ











ကျွမ်းသီး(ဂွမ်းသီး)

(မြန်မာမှုဒီဇိုင်း သုတေသီ ဦးအေးမြင့် ရေးဆွဲ၍ အစိတ်အပိုင်းအခေါ်အဝေါ်များကို ဖော်ပြသည်။)


ဆင်၏ကကြိုး


ဦးကင်းဖုံး
နားဆွဲ
မျက်နှာတပ်
ရတနာကြိုး
လည်ဆွဲ
စွယ်ခွေး
လက်ကောက်
ခြေကျင်း

မြင်း၏ကကြိုး


ဦးခက်
မေးတွကြိုး
ကုန်းနှီး
မြီးပျမ်း
ဇက်ပကာ
သက္ကဒါန်
ကတောင်
တင်ရန်း
နင်းနင်းသိပ်

## ဆံထုံးငါးဆယ့်ငါးမျိုး



၁ မြိတ်ဖြူ
၂ မြိတ်စို့
၃ မြိတ်လွတ်
၄ စုလည်း
၅ ရှေ့ရည်း
၆ တိမ်တောင်တက်
၇ တိမ်တောင်သက်
၈ စဝှက်
၉ နှင်းသေ့မစိုး
၁၀ ကြာညိုဝစ္စံ
၁၁ ဒုဝံ
၁၂ ဥပျည်းရှင်ပျော်
၁၃ စင်ရော်တန်းဝဲ
၁၄ ပုလဲကိုယ်လုံး
၁၅ ဂမုန်းမုံအာ
၁၆ လေသာကွေ့လည်


၁၇ မြူချည်မတင်


၁၈ ရဂင်


၁၉ ခရုချောင်


၂၀ ထုံကြောင်း


၂၁ ထုံကြား


၂၂ ငါးပါးမြီတ်စို့


၂၃ အောင်မှို့နိမိတ်


၂၄ ကရဝိတ်နတ်သီး


၂၅ ဆိတ်သမီး



၂၆ ပန်ပြီးငါးထွေ


၂၇ နေအာရုံခံ


၂၈ ညယ်သော်ရှ



၂၉ တိမ်ဦးနဂါး


၃၀ လေးပါးရာသီ


၃၁ စံလွှတ်



၃၂ နဂါးပတ်ကျော့ကွင်း


၃၃ နန်းတွင်းမဥ္ဇူ


၃၄ ထွက်ပြူမုတ်ဝ


၃၅ ပဒုမ္မသိဒ္ဓိ



၃၆ မဏိကိုးပါး



၃၇ ချရားပွင့်သေး


၃၈ ယုန်ရေးလဝယ်


၃၉ နေလယ်ဥဒေါင်း


၄၀ သုံးချောင်းခြူးယုက်


၄၁ ရောင်ချော



၄၂ သဘော်တံခွန်


၄၃ အနန္တမုသျှ


၄၄ ဟသာ်စာခွံ့


၄၅ ပုဇဉ်းတောင်ဖြန့်


၄၆ ဆည်ညွန့်လက်သင့်


၄၇ ကွန်လင်



၄၈ နောက်တွဲ




၄၉ မုတ္တာရွဲ




၅၀ ပုလဲ



၅၁ ရတနာမဏ္ဍိုင်



၅၂ ပွင့်ဆိုင်ပုဏ္ဏရိတ်



၅၃ နဂါးအိပ်လေးထောင့်



၅၄ ရှစ်မြှောင့်



၅၅ ပျံကာဘက်

## ရှေးခေတ်တပ်ဖွဲ့စည်းပုံ

| | | |
|---|---|---|
| တပ်သား(၅)ယောက် | = | (၁) အိုးစား |
| (၂)အိုးစား | = | (၁) ကြပ် |
| (၅)ကြပ် | = | (၁)သွေးသောက် |
| (၂)သွေးသောက် | = | (၁) တပ်မှူး |
| (၅)တပ်မှူး | = | (၁) ဗိုလ် (ငါးရာဗိုလ်) |
| တစ်ဦးထက်ပိုသောဗိုလ် | = | (၁) တပ်ပေါင်းဗိုလ် |
| တစ်ဦးထက်ပိုသော တပ်ပေါင်းဗိုလ် | = | (၁) ဗိုလ်ချုပ်-ဗိုလ်မှူး |
| တစ်ဦးထက်ပိုသော ဗိုလ်ချုပ် သို့မဟုတ် ဗိုလ်မှူး | = | (၁) ဘုရင် |

(သေနင်္ဂဗျူဟ၊ ၁၀၇-၁၀၉)

## ဃ၊ ပုရပိုက်စာတို့တွင် တွေ့ရှိရသော အတိုကောက် အရေးအသားများ

| | | |
|---|---|---|
| ၁ါ | = | တစ်ပိဿာ |
| ၁ါး | = | တစ်ပြား၊ တစ်ပါး |
| ၁ံါ | = | တစ်အင်္ဂါ (ပေတစ်အင်္ဂါ) |
| ၁ွာ | = | တစ်ထွာ |
| ၁ိ | = | တစ်ကျပ်၊ တစ်စိတ်၊ တစ်မိုက် |
| ၁ူ | = | တစ်မူး |
| ၁ွေ | = | တစ်ရွေး |
| ၁ဲ | = | တစ်ပဲ၊ တစ်စလယ်၊ တစ်ပယ် |
| ၁ွဲ | = | တစ်ခွဲ |
| ၁ံ | = | ပေတစ်ရှက်၊ တစ်လက်သစ်၊ တစ်မတ်၊ တစ်လံ၊ တစ်ရက် |
| ၁ံ | = | တစ်တင်း၊ တစ်တောင်း၊ တစ်တောင် |
| ၁ံး | = | တစ်တင်း၊ တစ်တောင်း |
| ၁ံ | = | တစ်ပြည် |
| ၁ွက် | = | တစ်ခွက်၊ တစ်စရွတ် |
| ၁ယ် | = | တစ်လမယ် |
| ၁ျက် | = | တစ်လမျက် |

## ရှေးစာပေအရေးအသားများတွင် တွေ့ရှိရသော တနင်္ဂနွေ၊ တနင်္လာ အတိုကောက်များ

| | | |
|---|---|---|
| တနင်္ဂနွေနေ့ | = | ၁ နေ့ |
| တနင်္လာနေ့ | = | ၂ လာ |
| အင်္ဂါနေ့ | = | ၃ ဂါ |
| ဗုဒ္ဓဟူးနေ့ | = | ၄ ဟူး |
| ကြာသပတေးနေ့ | = | ၅ တေး (သို့မဟုတ်) ၅ နေ့ |
| သောကြာနေ့ | = | ၆ ကြာ (သို့မဟုတ်) ၆ နေ့ |
| စနေနေ့ | = | ၀ နေ့၊ ၀ နေ့ |

## မြန်မာအခြင်အတွယ်

| | | | | | | |
|---|---|---|---|---|---|---|
| စပါးစေ့ | ၂၀၀ | = | ၁ | လက်ဖွန်း | | |
| | ၂ လက်ဖွန်း | = | ၁ | လက်ဆုပ် | | |
| | ၂ လက်ဆုပ် | = | ၁ | လက်ပက် | | |
| | ၂ လက်ပက် | = | ၁ | လက်ခုပ် | | |
| | ၂ လက်ခုပ် | = | ၁ | စလယ် | | |
| | ၂ စလယ် | = | ၁ | ခွက် | | |
| | ၂ ခွက် | = | ၁ | ပြည် | | |
| | ၂ ပြည် | = | ၁ | စရွတ် | | |
| | ၂ စရွတ် | = | ၁ | စိတ် | | |
| | ၂ စိတ် | = | ၁ | ခွဲ | | |
| | ၂ ခွဲ | = | ၁ | တင်း | | |
| | ၄ တင်း | = | ၁ | တို့ | | |
| | ၄ တို့ | = | ၁ | ပုတ် | = | ၁၆ တင်း |
| | ၄ ပုတ် | = | ၁ | ကက် | = | ၆၄ တင်း |
| | ၄ ကက် | = | ၁ | ကြ | = | ၂၅၆ တင်း |
| | ၄ ကြ | = | ၁ | ကျီ | = | ၁၀၂၄ တင်း |

## ပါဠိစာပေနှင့်ဆက်နွယ်သော မြန်မာအခြင်အတွယ်

| | | | | |
|---|---|---|---|---|
| ၄ ဆုပ် | = | ၁ ကုဍ္ဍ | | |
| ၄ ကုဍ္ဍ | = | ၁ ကွမ်းစား | = | ၁ စလယ် |
| ၄ ကွမ်းစား | = | ၁ ပြည် | | |
| ၄ ပြည် | = | ၁ ဒေါဏ | = | ၁ စိတ် |
| ၄ ဒေါဏ | = | ၄ စိတ် | = | ၁ တင်း |
| ၄ တင်း | = | ၁ ခါရီ | | |
| ၂၀ ခါရီ | = | ၁ ဝါဟ | = | ၁ လှည်း |

[သမန္တစက္ခု၊ ဒု၊ စာ ၉၅-၁၀၀]

## မြန်မာအချိန်ကာလ

| | | | | | | | |
|---|---|---|---|---|---|---|---|
| မျက်စိ | ၁၀ မိုတ် | = | ၁ | ခဏ | | | |
| | ၁၀ ခဏ | = | ၁ | လယ | | | |
| | ၁၀ လယ | = | ၁ | ခရာ(၁ မုဟုတ်) | | | |
| | ၁၀ ခရာ | = | ၁ | ပြန် | | | |
| | ၆ ပြန် | = | ၁ | ဗီဇနာ | | | |
| | ၁၅ ဗီဇနာ | = | ၁ | ပါဒ် | | | |
| | ၄ ပါဒ်ဒါ | = | ၁ | နာရီ | = | ၁ | လိတ္တာ |
| | ၆၀ နာရီ | = | ၁ | ရက် | | | |
| | ၃၀ ရက် | = | ၁ | လ | | | |
| | ၁၂ လ | = | ၁ | နှစ် | | | |

## မြန်မာအတိုင်းအတာ

| | | | |
|---|---|---|---|
| ၁၀ ဆံခြည် | = | ၁ | နှမ်း |
| ၆ နှမ်း | = | ၁ | မုယော |
| ၄ မုယော | = | ၁ | လက်သစ် |
| ၈ လက်သစ် | = | ၁ | မိုက် |
| ၃ မိုက် | = | ၁ | တောင် |
| ၇ တောင် | = | ၁ | တာ |
| ၂၀ တာ | = | ၁ | ဥသဘ |
| ၂၀ ဥသဘ | = | ၁ | ကောသ |
| ၄ ကောသ | = | ၁ | ဂါဝုတ် |
| ၄ ဂါဝုတ် | = | ၁ | ယူဇနာ |

## မြန်မာအလေးချိန်

| | | |
|---|---|---|
| မုန်ညင်း ၇ လုံး | = | နှမ်း ၁ လုံး |
| နှမ်း ၄ လုံး | = | ဆန် ၁ လုံး |
| ဆန် ၄ လုံး | = | ၁ ရွေး |
| ၄ ရွေး | = | ၁ ပဲ |
| ၂ ပဲ | = | ၁ မူး(နောက်ပိုင်းအသုံး၊ ရွေးအခါက၅ပဲတစ်မတ်ဟု ဆိုသည်) |
| ၂ မူး | = | ၁ မတ် |
| ၂ မတ် | = | ၁ ငါးမူး |
| ၂ ငါးမူး | = | ၁ ကျပ် |
| ၅ ကျပ် | = | ၁ ပိုလ် |
| ၂၀ ပိုလ် | = | ၁ ပိဿာ |
| ၅ ပိဿာ | = | ၁ တုလာ |
| ၅ တုလာ | = | ၁ ဘာရ = ၁ ဆွဲ |

(အုပ်ချုပ်၊ တ၊ စာ ၄)

## နိုင်းယှဉ်အကျယ်အဝန်း

| | | | | |
|---|---|---|---|---|
| ၄၈၄၀ စတုရန်းကိုက် | = | ၁ ဧက | = | ၀.၄၀၅ ဟက်တာ |
| ၆၄၀ ဧက | = | ၁ စတုရန်းမိုင် | = | ၂.၅၉ စတုရန်းကီလိုမီတာ |
| | | | = | ၂၅၉ ဟက်တာ |
| မြန်မာ ၁ ပယ် | = | ၁.၇၇ ဧက | = | ၀.၇၁၆ ဟက်တာ |

## နှိုင်းယှဉ်ချိန်ဝန်စံနှုန်းများ

| | | |
|---|---|---|
| ၁ ပေါင် | = | ၀.၄၅၄ ကီလိုဂရမ် |
| ၁ ပေါင် | = | ၂၇.၇၇၇ ကျပ်သား |
| ၁ ကီလိုဂရမ် | = | ၂.၂၀၅ ပေါင် |
| ၁ ကီလိုဂရမ် | = | ၆၁.၂၃၉ ကျပ်သား |
| ၁ မက်ထရစ်တန် | = | ၂၂၀၅ ပေါင် |
| ၁ တန် (တန်ရှည်) | = | ၆၂၂ ပိဿာ |
| | = | ၂၂၄၀ ပေါင် |
| ၁ ပိဿာ | = | ၃.၆ ပေါင် |
| ၁ ပိဿာ | = | ၁.၆၃၃ ကီလိုဂရမ် |
| ၁ မက်ထရစ်တန် | = | ၀.၉၈၄ တန်ရှည် |
| ၁ တန်ရှည် | = | ၁.၀၁၆ မက်ထရစ်တန် |

## အတိုင်းအတာနှိုင်းယှဉ်စံနှုန်းများ


| | | | | |
|---|---|---|---|---|
| ၁ မီတာ | = ၃၉.၃၇ လက်မ | = ၂.၀၇ တောင် | | |
| ၁ ကီလိုမီတာ | = ၀.၆၂၁ မိုင် | = .၀၄၆ ယူဇနာ | = | ၂၉၆ တာ |
| ၁ လက်မ | = ၂.၅၄ စင်တီမီတာ | = ၁.၃လက်သစ် | | |
| ၁ ပေ | = ၀.၃၀၄ မီတာ | = ၁.၉ မိုက် | | |
| ၁ ကိုက် | = ၀.၉၁၄ မီတာ | = ၁.၉ တောင် | | |
| ၁မိုင် | = ၁၆၀၉.၃၅ မီတာ | = .၀၇ ယူဇနာ | | |
| ၁မိုင် | = ၁.၆၀၉ ကီလိုမီတာ | = .၀၇ ယူဇနာ | | |

(မြန်မာတစ်တောင်လျှင် ၁၉.၀၅ လက်မထား၍တွက်သည်)

## နေ့နံသင့်ဂဏန်းနှင့်အက္ခရာပြဇယား

| နံသင့်နေ့ | နံသင့်ဂဏန်း | နံသင့်အက္ခရာ |
|---|---|---|
| တနင်္ဂနွေ | ၁ | အ |
| တနင်္လာ | ၂ | က၊ ခ၊ ဂ၊ ဃ၊ င |
| အင်္ဂါ | ၃ | စ၊ ဆ၊ ဇ၊ ဈ၊ ည |
| ဗုဒ္ဓဟူး | ၄<br>(မွန်းလွဲသော်ရာဟုနံ=၈) | ယ၊ ရ၊ လ၊ ဝ |
| ကြာသပတေး | ၅ | ပ၊ ဖ၊ ဗ၊ ဘ၊ မ |
| သောကြာ | ၆ | သ၊ ဟ |
| စနေ | ၇/၀ | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ<br>တ၊ ထ၊ ဒ၊ ဓ၊ န |

## ကျောက်စာပါအပိုင်းဂဏန်းများ



# ကျမ်းကိုးစာရင်း


၁။ **ကဗျာသေတ္တာရှေးဟောင်းကဗျာညွန့်ပေါင်း၊** ရန်ကုန်မြို့၊ သစ္စာဝါဒီသတင်းစာတိုက်၊ ၁၉၂၉

၂။ ကုမာရကဿပ၊ အရှင်။ **မွေရာသီပို့၊** မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ခုနှစ်မပါ

၃။ ကုလား၊ ဦး။ **မဟာရာဇဝင်ကြီး၊** ပထမအုပ်၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၂

၄။ ကုလား၊ ဦး။ **မဟာရာဇဝင်ကြီး၊** ဒုတိယအုပ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀

၅။ ကုလား၊ ဦး။ **မဟာရာဇဝင်ကြီး၊** တတိယအုပ်၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၆၁

၆။ ကံညွန့်၊ ဦး။ **ကျောက်စိမ်းပတ္တမြားနှင့်ရတနာများ၊** ရန်ကုန်မြို့၊ ဗွဲပုံနှိပ်တိုက်၊ ၁၉၇၇

၇။ ကိုကိုနိုင်၊ ရာမည။ **မြန်မာ့စောင်း၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၅

၈။ ကိုကိုနိုင်၊ ရာမည။ **မြန်မာ့စောင်း၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၄

၉။ **ကင်းဝန်မင်းကြီးလန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း၊** ပထမတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊၁၉၅၄

၁၀။ ကန်တော်မင်းကျောင်းဆရာတော်။ **လောကသာရပို့၊** ရန်ကုန်မြို့၊ စကြာဝဠာစာပုံနှိပ်တိုက်၊ ၁၉၅၄

၁၁။ ကျီးသဲလေးထပ်ဆရာတော်၊ **ဓိနတ္ထပကာသနီကျမ်း၊** မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ၁၉၅၇

၁၂။ ကျော်၊ ဦး။ **ရတနာ့ဘဏ်တိုက်၊** ရန်ကုန်မြို့၊ ဆုထူးပန်စာအုပ်တိုက်၊ ခုနှစ်မပါ

၁၃။ ကျော်ထွန်း၊ ဦး။ **ကိုးခဏ်းပျို့ဋီကာကျမ်းကြီး၊** သထုံမြို့၊ ရွှေထုံနဂရာစာပုံနှိပ်တိုက်၊ ၁၉၂၇

၁၄။ ကျော်ထွန်း၊ ဦး။ **မြန်မာစာညွန့်ပေါင်းကျမ်း၊** ပထမတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၃

၁၅။ ကျော်ထွန်း၊ ဦး။ **မြန်မာစာညွန့်ပေါင်းကျမ်း၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၃

၁၆။ ကျော်သက်၊ ဒေါက်တာ။ **ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊** ရန်ကုန်မြို့၊ အင်းဝတိုက်၊ ၁၉၆၂

၁၇။ ကျော်အောင်စံထားဆရာတော်။ **ဝေါဟာရတ္ထပကာသနီ၊** ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၆

၁၈။ ကြန်၊ ဒေါ်။ **ပဒေသရာစ်မြန်မာနိုင်ငံ၏စာတ်သိမ်း၊** ရန်ကုန်မြို့၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၈

၁၉။ ခေမာသီဝံဆရာတော်။ **အဘိဓမ္မတ္ထသင်္ဂဟာပုဏ္ဏာဝိသဇ္ဇနာကျမ်း၊** မန္တလေးမြို့၊ မန္တလေးတိုင်းသတင်းစာ ပုံနှိပ်တိုက်၊ ၁၉၁၀

၂၀။ ခင်ခင်စိန်၊ ဒေါ်။ **အလောင်းမင်းတရားအမိန့်တော်များ၊** ရန်ကုန်မြို့၊ သမိုင်းကော်မရှင်၊ ၁၉၆၄

၂၁။ ခင်အေး၊ ဦး။ **မြန်မာစာညွန့်ပေါင်းကျမ်း၊** စတုတ္ထတွဲ၊ ရန်ကုန်မြို့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၃

၂၂။ ငြိမ်းကျော်။ **တကောင်း၊ ကန္တူ၊ ကန္တူငနားကြီးလှေလာချက်၊** စာကူးစက်မှု၊ ၁၉၈၀

၂၃။ ငြိမ်းမောင်၊ ဦး။ **ရှေးဟောင်းမြန်မာကျောက်စာများ၊** ပထမတွဲ၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ ၁၉၇၂

၂၄။ ငြိမ်းမောင်၊ ဦး။ **ရှေးဟောင်းမြန်မာကျောက်စာများ၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ ၁၉၈၂

၂၅။ ငြိမ်းမောင်၊ ဦး။ **ရှေးဟောင်းမြန်မာကျောက်စာများ၊** တတိယတွဲ၊ ရန်ကုန်မြို့၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ ၁၉၈၃

၂၆။ ငြိမ်းမောင်၊ ဦး။ **ရှေးဟောင်းမြန်မာကျောက်စာများ၊** ပဋ္ဌမတွဲ၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ ၁၉၈၇

၂၇။ စ၊ ဦး၊ မြဝတီမင်းကြီး။ **အိမ်နောင်နန်းတွင်းစာတော်ကြီး၊** ပထမတွဲ၊ ရန်ကုန်မြို့၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၅

၂၈။ **စောလူ။ ပုဂံခေတ်မြန်မာစာ၊** ပထမတွဲ၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၆

၂၉။ စောလူ။ **ပုဂံခေတ်မြန်မာစာ၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၆

၃၀။ စိုးမြင့်၊ ဦး။ **ပိဋကတ်လမ်းညွှန်၊** ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၅

၃၁။ စည်သူဂါမဏိသင်္ကြံ။ ဇင်းမယ်ရာဇဝင်၊ ပေမူ၊ ၁၃၆၉၃၃၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

၃၂။ **စန္ဒမာလာလင်္ကာရ။ ရခိုင်ရာဇဝင်သစ်ကျမ်း၊** ပဋ္ဌမအုပ်၊ မန္တလေးမြို့၊ ဟံသာဝတီပိဋကတ် စာပုံနှိပ်တိုက်၊ ၁၉၃၁

၃၃။ စိန်ခို၊ တော်။ **လွှတ်တော်မှတ်တမ်း၊** ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၇

၃၄။ စစ်ထွန်းမှတ်ဝင်း။ **မြန်မာ့ရိုးရာပဒိုမာသိပ္ပံပညာ** ...(**မူကြမ်းများ**)၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီး ဌာန၊ ၁၉၇၇

၃၅။ စစ်ထွန်းမှတ်ဝင်း။ **မြန်မာ့ရိုးရာပဒိုမာသိပ္ပံပညာ** (အာသနပလ္လင်တော်နှင့် ဝါဟနစီးတော်ယာဉ်များ)၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁

၃၆။ ဆိပန်းနိုဆရာတော်။ **ကဝိမဏ္ဍနမေဒနီကျမ်း၊** ပထမတွဲ၊ မန္တလေးမြို့၊ ရတနာသိဒ္ဓိစာပုံနှိပ်တိုက်၊ ၁၉၇၂

၃၇။ ဆင်တဲဆရာတော်။ **ဆင်တဲသင်္ဂြိုဟ်အကောက်နှင့်ကမ္မဝါဒဝိနိစ္ဆယကျမ်း၊** ရန်ကုန်မြို့၊ မင်္ဂလာ တိုင်း စာပုံနှိပ်တိုက်၊ ၁၉၂၇

၃၈။ ဇေတဝန်ဆရာတော်၊ မုံရွေး။ **ကုသပျို့၊** မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၀

၃၉။ ဇေတဝန်ဆရာတော်၊ မုံရွေး။ **ရာဇောဝါဒကျမ်း၊** မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၅

၄၀။ ဇေတဝန်ဆရာတော်၊ မုံရွေး။ **သမန္တစက္ခုဒီပနီကျမ်း၊** ပထမတွဲ၊ ရန်ကုန်မြို့၊ ဂန္ဓမာစာပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

၄၁။ ဇေတဝန်ဆရာတော်၊ မုံရွေး။ **သမန္တစက္ခုဒီပနီကျမ်း၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ ဂန္ဓမာစာပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

၄၂။ ဇေယသင်္ခယာ။ **ရွှေဘုံနိဒါန်း၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

၄၃။ ဉာဏ၊ ဆရာတော် ဦး။ **တောင်တွင်းကြီးရာဇဝင်သစ်၊** ရန်ကုန်မြို့၊ ရှုမပုံနှိပ်တိုက်၊ ၁၉၉၉

၄၄။ **တိပိဋကပါဠိမြန်မာအဘိဓာန်၊** အတွဲ၇၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၀

၄၅။ **တိပိဋကပါဠိမြန်မာအဘိဓာန်၊** အတွဲ၈၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၃

၄၆။ **တိပိဋကပါဠိမြန်မာအဘိဓာန်၊** အတွဲ၁၁၊ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၆

၄၇။ တေဇောသာရ၊ ရှင်။ **ရွှေဟသာမင်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

၄၈။ တိုး၊ ဦး။ **ရာမရကန်၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅

၄၉။ တင်၊ ဦး။ **ကဗျာဗန္ဓသာရကျမ်း၊** ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၉

၅၀။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊** ပထမပိုင်း၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဌာန၊ ၁၉၆၃

၅၁။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊** ဒုတိယပိုင်း၊ ရန်ကုန်မြို့၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅

၅၂။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊** တတိယပိုင်း၊ ရန်ကုန်မြို့၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၀

၅၃။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊** စတုတ္ထပိုင်း၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၆

၅၄။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊** ပဉ္စမပိုင်း၊ ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၈၃

၅၅။ **တွင်းသင်းပေါရာဏကထာ၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၇၂

၅၆။ တွင်းသင်းမင်းကြီး။ **ဘလ္လာတိယပျို့၊** ရန်ကုန်မြို့၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁

၅၇။ ထွေးညို၊ ရှင်။ စစ်လျင်ထောင်မှူး။ ရွှေစာတိုက်ဆင်တော်မော်ကွန်း၊ ပေမူ၊ (လက်ရေး) ၇၇၄၅၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

၅၈။ ထွန်းညို၊ ဦး။ **ဘလ္လာတိယပျို့** (အဖြေ)၊ မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ၁၉၅၂

၅၉။ ထွန်းညို၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦး။ **မဟာရာဇဝင်သစ်၊** တတိယတွဲ၊ ရန်ကုန်မြို့၊ မိဘမေတ္တာလှူမှုရေးအဖွဲ့၊ ၁၉၉၇

၆၀။ ထွန်းညို၊ တွင်းသင်းမင်းကြီး ဦး။ **မုဒုလက္ခဏာပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃

၆၁။ ထွန်းမြင့်၊ ဦး။ **ပါဠိသက်ဝေါဟာရအဘိဓာန်၊** ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၆၈

၆၂။ ထွန်းမြင့်၊ ဒဂုန် ဦး။ **သုခမှတ်စု၊** ရန်ကုန်မြို့၊ ဆန်းညွန့်ဦးပုံနှိပ်တိုက်၊ ၁၉၇၁

၆၃။ **ဓမ္မသတ်(မြို့ရွာသုံးလက်စွဲဥပဒေ)၊** ၁၂၇၆၃၊ ၃၅၁၅၇၇၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

၆၄။ နဝဒေး။ **နဝဒေးရတုပေါင်းချုပ်၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄

၆၅။ နဝဒေး။ **အာသံနိုင်မော်ကွန်း၊** ရန်ကုန်မြို့၊ တိုင်းကျော်စာပုံနှိပ်တိုက်၊ ခုနှစ်မပါ

၆၆။ နဝဒေး၊ ဒုတိယ။ **တရုတ်သံရောက်မော်ကွန်းအဖြေ၊** ရန်ကုန်မြို့၊ ငွေပဒေသာစာပုံနှိပ်တိုက်၊၁၉၆၃

၆၇။ နဝဒေး၊ ဒုတိယ။ **ဣန္ဒြာဝုမော်ကွန်း၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၆

၆၈။ နာဂသိန်၊ အရှင်။ **ပုံပြဆေးအဘိဓာန်၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ မင်္ဂလာပုံနှိပ်တိုက်၊ ၁၉၇၂

၆၉။ နာဂသိန်၊ အရှင်။ **ပုံပြဆေးအဘိဓာန်၊** တတိယတွဲ၊ ရန်ကုန်မြို့၊ မင်္ဂလာပုံနှိပ်တိုက်၊ ၁၉၇၁

၇၀။ နိဂြောဓအေးသျှင်၊ ဦး။ **ဗေဒဝိဇ္ဇာ၉စောင်တွဲကျမ်း၊** သတ္တမအကြိမ်၊ မိတ္ထီလာ၊ မိဘဂုဏ်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၇၃

၇၁။ နိသျှည်းဆရာမဟာထေရ်မြတ်။ **ပရမတ္ထမေဒနီကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၇

၇၂။ **နိုင်ငံသမိုင်းသုတေသနစာစောင် (၁)။** ရန်ကုန်မြို့၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉

၇၃။ **နိုင်ငံသမိုင်းသုတေသန စာစောင်(၄)၊** ရန်ကုန်မြို့၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၉

၇၄။ နန္ဒမေ၊ အရှင်။ **ဇွယ်စုံကျော်ထင်ကျမ်း** (အရှင်မုနိန္ဒာဘိဓဇပြေ)၊ မန္တလေးမြို့၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ
၇၅။ နန်းဦးဆရာတော်၊ ဒုတိယ။ **အဘိဓာနက္ခရာဝလီကျမ်း၊** မန္တလေးမြို့၊ မန္တလေးတိုင်း သတင်းစာ ပုံနှိပ်တိုက်၊ ၁၈၉၆
၇၆။ နှစ်ဖက်လှ။ **ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အမေးနှစ်ရာ၊ အဖြေနှစ်ထောင်၊** ရန်ကုန်မြို့၊ ပန်တော်မှူ စာပေတိုက်၊ ၁၉၇၄
၇၇။ ပဒုမ၊ အရှင်။ **ကာလေးမြို့သမိုင်း၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ ပုံနှိပ်နှစ်မပါ။
၇၈။ ပဒေသရာဇာ၊ ဝန်ကြီး။ **သူ့စာပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁
၇၉။ ပုညာ၊ ဦး။ **ခုံးချင်းစုနှင့် ခုံးချင်းပေါင်းချုပ်၊** မန္တလေးမြို့၊ တက်နေလင်းပုံနှိပ်၊ ၁၉၆၃
၈၀။ ပုညာ၊ ဦး။ **ရေသည်ပြဇာတ်၊** ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၄၈
၈၁။ **ပုသိမ် ၃၂မြို့၄၅၃ ၄၆ရွာစစ်တမ်း၊** ၁၅၆၁၉၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန
၈၂။ ပဏ္ဍိ၊ ဦး။ **ဧည့ဝတီရာဇဝင်သစ်၊** ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၁၀
၈၃။ ပန်တျာ။ **ရှေးသုံးထုံးသုံးများ၊** ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၃
၈၄။ ဖာနိဗဲလ်၊ သတိုးသီရိသုဓမ္မ ဒေါက်တာ ဂျေ၊ အက်(စ)နှင့် ဘမောင်တင်၊ ဒေါက်တာ။ **စမ္ပူဒီပ ဥဆောင်းကျမ်း၊** ရန်ကုန်မြို့၊ မြန်မာနိုင်ငံနိုင်ငံသုတေသနအသင်း၊ ၁၉၆၀
၈၅။ ဖိုးကျား၊ ဦး။ **ကိုယ်တွေ့ဝတ္ထုများ၊ ၃၇မင်း၊** ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်စာအုပ်ဌာန၊ ပုံနှိပ်နှစ်မပါ။
၈၆။ ဖိုးကျား၊ ဦး။ **ပေါ်ရာဏအဘိဓာန်၊** ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်၊၁၃၁၅
၈၇။ ဖိုးကျား၊ ဦး။ **၃၇မင်း၊** ရန်ကုန်မြို့၊ သီဟပုံနှိပ်တိုက်၊ ၁၉၇၃
၈၈။ ဖိုးလတ်၊ ဦး။ **မြန်မာစကားအဖွင့်ကျမ်း၊** ပထမတွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊၁၉၆၂
၈၉။ ဖိုးလတ်၊ ဦး။ **မြန်မာစကားအဖွင့်ကျမ်း၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၃
၉၀။ ဖိုးလတ်၊ ဦး။ **မြန်မာစကားအဖွင့်ကျမ်း၊** ဖြည့်စွက်တွဲ၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၄
၉၁။ ဖိုးလတ်၊ ဦး။ **မြန်မာလအမည်များ၊** ရန်ကုန်မြို့၊ စကြာဝဠာစာပုံနှိပ်တိုက်၊ ၁၃၁၂
၉၂။ ဖိုးလတ်၊ ဦး။ **သီချင်းပဒေသာ၊** ပထမအုပ်၊ ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၇
၉၃။ ဖျော်၊ ဦး။ **စဉ့်ကူမင်းရွှေနားတော်သွင်းရေချင်း၊** ပေမူအမှတ်၅၆၈၊ တက္ကသိုလ်များသမိုင်း သုတေသန ဦးစီးဌာန
၉၄။ **ဗုဒ္ဓဘာသာလက်စွဲ၊** တတိယတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်ရေးနှင့်စာရေးကိရိယာဌာန၊ ၁၉၆၀
၉၅။ ဘတင်၊ ရွှေပြည် ဦး။ **စစ်ကိုင်းတောင်သမိုင်း၊** မန္တလေးမြို့၊ မန္တလာဘုမ္မိစာပုံနှိပ်တိုက်၊ ၁၂၉၇
၉၆။ ဘတင်၊ ရွှေပြည် ဦး။ **မြဝတီစာပေဂီတ၊** ရန်ကုန်မြို့၊ ပြည်ချစ်စာပေတိုက်၊ ၁၉၆၆
၉၇။ ဘတင်၊ ရွှေပြည် ဦး။ **မြန်မာစာပေလောက၊** မန္တလေးမြို့ကမ္ဘာ့ခေတ်စာပေတိုက်၊ ၁၉၆၇
၉၈။ ဘသိမ်း၊ ဦး။ **ကိုးခရိုင်သမိုင်း၊** မန္တလေးမြို့၊ ကျားစာပုံနှိပ်တိုက်၊ ပုံနှိပ်ခုနှစ်မပါ
၉၉။ ဘသွယ်၊ ဦး။ **ပုခန်းကြီးမြို့သမိုင်း၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ပုံနှိပ်နှစ်မပါ။
၁၀၀။ ဘီ၊ ဦး။ သိန်း၊ ဆရာ။ ဘကျော်၊ ဆရာအို။ **သုသောဓိတမဟာရာဇဝင်ကြီး၊** ပထမတွဲ၊ ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ၁၉၂၂
၁၀၁။ ဘမောင်တင်၊ ဦး။ **မြန်မာစာပေသမိုင်း၊** ရန်ကုန်မြို့၊ သုဓမ္မဝတီကျောင်းသုံးစာအုပ်ထုတ်ဝေသော ဌာန၊ ၁၃၂၂

၁၀၂။ **ဘိက္ခုပါတိမောက်ပါဠိတော်နိသျ၊** ရန်ကုန်မြို့၊ သိန်းထွန်းအော့ဖ်ဆက်၊ ၁၉၉၃
၁၀၃။ ဘုန်းကျော်၊ နတ်မောက်။ **ရှေးခေတ်မြန်မာတပ်မတော်မှတ်စုများ။** ရန်ကုန်မြို့၊ ပြန်ကြားရေးဌာန၊ ၁၉၆၇
၁၀၄။ ဘုန်းကျော်၊ နတ်မောက်။ **အင်္ဂလိပ်–မြန်မာစစ်သမိုင်း၊** ရန်ကုန်မြို့၊ ကမ္ဘာလုံးစာပေ၊ ၁၉၇၅
၁၀၅။ **မဃဒေဝလင်္ကာပုံကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၀၁
၁၀၆။ **မနုကျယ်ဓမ္မသတ်၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၀၃
၁၀၇။ **မနုဓမ္မသတ္တံခေါ်မနုဓမ္မသတ်ကျမ်း၊** ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၃
၁၀၈။ မနုသာရရွှေမျဉ်းဓမ္မသတ်၊ ပေမူ (လက်ရေး)၊ တဗစ ၁၄၇၈၃၊ တက္ကသိုလ်များသမိုင်းသုတေသန ဦးစီးဌာန
၁၀၉။ မဟာစည်သူ။ **မဟာဇနကပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီစာပုံနှိပ်တိုက်၊ ၁၈၉၀
၁၁၀။ မဟာဇေယသင်္ခယာ။ **ဝေါဟာရလီနတ္ထဒီပနီ၊** ရန်ကုန်မြို့၊ ဟံသာဝတီစာပုံနှိပ်တိုက်၊ ၁၉၆၃
၁၁၁။ မဟာထေရ်မြတ်၊ နိသျည်းဆရာ။ **ပရမတ္ထမေဒနီကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၇
၁၁၂။ မဟာဓမ္မသင်္ကြံ။ **သာသနာလင်္ကာရစာတမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၆
၁၁၃။ မဟာမင်းလှမင်းခေါင်။ **မဟာသုတသောမပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၁
၁၁၄။ မဟာရဋ္ဌသာရ၊ ရှင်။ **ဂမ္ဘီသာရပျို့၊** ရန်ကုန်မြို့၊ အာရှစာအုပ်တိုက်၊ ၁၉၅၀
၁၁၅။ မဟာရဋ္ဌသာရ၊ သျှင်။ **စတုဓမ္မသာရကိုးခန်းပျို့၊** ဦးကျော်ထွန်းတည်းဖြတ်၊ သထုံမြို့၊ ရွှေထုံနဂရာစာပုံနှိပ်တိုက်၊ ၁၂၈၉
၁၁၆။ မဟာရဋ္ဌသာရ၊ ရှင်။ **တန်တားဦးတည်မင်္ဂလာစေတီတော်မော်ကွန်း၊** ရန်ကုန်မြို့၊ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာန၊ ၁၉၅၉
၁၁၇။ မဟာရဋ္ဌသာရ၊ ရှင်။ **ဘူရိဒတ်လင်္ကာကြီး၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၈
၁၁၈။ မဟာရဋ္ဌသာရ၊ ရှင်။ **စတုဓမ္မသာရကိုးခန်းပျို့နှင့်သံဝရပျို့၊** မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၂၈၅
၁၁၉။ မဟာရဋ္ဌသာရ၊ ရှင်။ **ဘူရိဒတ်စာတ်ပေါင်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၁၄
၁၂၀။ မဟာသီရိဇေယသူ။ **ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစု၊** စာကူးစက်မူ၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်
၁၂၁။ မဟာသီလဝံသ၊ ရှင်။ **ဆုတောင်းခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၂
၁၂၂။ မဟာသီလဝံသ၊ ရှင်။ **ပါရမီတော်ခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်၊ ၁၉၅၃
၁၂၃။ **မူလပဏ္ဏာသဋီကာ၊** ပဌမအုပ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနသမိတိ၊ ၁၉၆၁
၁၂၄။ **မင်းဇေယျရန္တမိတ်ဆိုရတုနှင့် ရှင်သံခိုဆိုရတု၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၇
၁၂၅။ မင်းလှသိခ်သူ။ **တိတ္တုကျပျို့၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်အမည်မပါ၊ ခုနှစ်မပါ
၁၂၆။ မောင်စန္ဒာ၊ ချောင်းဦး။ **မုံရွေးဆရာတော်၊** ရန်ကုန်မြို့၊ ပညာဗိမာန်စာအုပ်တိုက်၊ ၁၉၇၉
၁၂၇။ မောင်ညို၊ အတွင်းဝန်ထောက်မင်း။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း၊ ပေမူ (လက်ရေး)၊ ၉၇၅၂ တက္ကသိုလ်များဗဟိုစာကြည့်တိုက်
၁၂၈။ မောင်မောင်တင်၊ ဦး။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** ပထမတွဲ၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၉၈၉

၁၂၉။ မောင်မောင်တင်၊ ဦး။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၇
၁၃၀။ မောင်မောင်တင်၊ ဦး။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** တတိယတွဲ၊ ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈
၁၃၁။ မောင်မောင်တင်၊ ဦး။ **စလေဦးပုည၊** ရန်ကုန်မြို့၊ ၁၉၆၆
၁၃၂။ မောင်မောင်တင်၊ ဦး။ **ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊** မန္တလေးမြို့၊ ခုနှစ်မပါ
၁၃၃။ မောင်မောင်တင် (အမ်အေ)၊ ဦး။ **မြန်မာမင်းလက်ထက်တော်စာတမ်းများ၊** ရန်ကုန်မြို့၊ စပယ်ဦး စာပေဖြန့်ချိရေး၊ ၁၉၈၂
၁၃၄။ မောင်းထောင်ဆရာတော်။ **ပေါရာဏကထဒီပကနိဿျ၊** ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၂၈
၁၃၅။ မောင်းထောင်ဆရာတော်။ **ရာဇသေဝကဒီပနီကျမ်း၊** ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၁
၁၃၆။ မောင်းထောင်ဆရာတော်။ **ဝေါဟာရတ္ထဇောဒ၊** စာကူးစက်မှု
၁၃၇။ မောင်းထောင်ဆရာတော်။ **အဘိဓာန်ဋီကာနိဿျ၊** ဒုတိယအုပ်၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၀၉
၁၃၈။ မောင်းထောင်ဆရာတော်။ **အမေးတော်ဖြေ၊** မန္တလေးမြို့၊ ဇမ္ဗူမိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်ကြီး၊ ၁၉၆၁
၁၃၉။ မုတ္တမ၃၂မြို့ ၁၁၄၅–ခုစစ်တမ်းများနှင့် မြဝတီမြို့၁၁၆၄–ခုစစ်တမ်း၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်
၁၄၀။ မန်လည်ဆရာတော်။ **မဃဒေဝလင်္ကာသစ်၊** ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၁
၁၄၁။ မျိုးမြင့်စိန်နှင့်အဖွဲ့၊ ဦး။ **ကုန်းဘောင်ခေတ်နှောင်းဘုန်းကြီးကျောင်းများ၊** တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ ၅၊ အပိုင်း (၃)၊ ၁၉၇၀ ဇူလိုင်လ
၁၄၂။ မြကေတု။ **နန်းဝလေ့မှတ်တမ်းများ၊** ရန်ကုန်မြို့၊ နလုံးလှစာပေတိုက်၊ ၁၉၆၉
၁၄၃။ မြင့်သန်း၊ ဒေါ်။ **မြန်မာစာညွှန့်ပေါင်းကျမ်း၊** တတိယတွဲ၊ ရန်ကုန်မြို့၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ ၁၉၉၂
၁၄၄။ မြင့်အောင်၊ ပန်တျာ။ **မြန်မာ့အကသမိုင်း၊** ရန်ကုန်မြို့၊ နလုံးလှစာပေ၊ ၁၉၆၉
၁၄၅။ မြတ်ကျော်၊ ဦး။ **ရှေးဟောင်းပေစာ ပုရပိုက်စာ၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၃
၁၄၆။ **မြန်မာကျောက်စာပို့ချချက်၊** ရန်ကုန်မြို့၊ အဝေးသင်တက္ကသိုလ်၊ ၁၉၉၆
၁၄၇။ မြန်မာသမိုင်းအဘိဓာန်၊ စာမူ
၁၄၈။ **မြန်မာအဘိဓာန်၊** ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့၊ ၁၉၉၁
၁၄၉။ **မြန်မာအဘိဓာန်အကျဉ်းချုပ်၊** အတွဲ ၁၊ ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့၊ ၁၉၇၈
၁၅၀။ **မြန်မာ့စွယ်စုံကျမ်း၊** အတွဲ ၆၊ ရန်ကုန်မြို့၊ ဘာသာပြန်စာပေအသင်း၊ ၁၉၆၂
၁၅၁။ **မြန်မာ့စွယ်စုံကျမ်း၊** အတွဲ ၁၁၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၀
၁၅၂။ **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊** အပိုင်း (၁)၊ ရန်ကုန်မြို့၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၆
၁၅၃။ **မှန်နန်းရာဇဝင်တော်သစ်၊** ပဉ္စမအုပ်၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၂၂
၁၅၄။ **မှန်နန်းရာဇဝင်တော်ကြီး၊** ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၇

၁၅၅။ ယုဒသန်။ **မြန်မာနှင့်အင်္ဂလိပ်အဘိဓာန်၊** ရန်ကုန်မြို့၊ နှစ်ခြင်းဘာသာပုံနှိပ်တိုက်ထုတ်ဝေရေးအဖွဲ့၊ ၁၉၅၃

၁၅၆။ **ရခိုင်ညွှန့်ဖူး၊** ရန်ကုန်မြို့၊ ပညာဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၆၈

၁၅၇။ ရတနာပုံဖိုးမှတ်စု။ **မန္တလေးမြို့၊** မန္တလေးမြို့၊ ကြီးပွါးရေးစာပုံနှိပ်တိုက်၊ ခုနှစ်မပါ

၁၅၈။ **ရတနာမွန်၊** အတွဲ ၈၊ အမှတ် ၁၀၊ ရန်ကုန်မြို့၊ ဉာဏ်လင်းစာပေ၊ ၁၉၈၁ နိုဝင်ဘာလ

၁၅၉။ **ရာဇမတ္တဏ်ကျမ်း၊** ရန်ကုန်မြို့၊ ဦးဘဖျောင်းအမြန်စာကူးဌာန၊ ခုနှစ်မပါ

၁၆၀။ ရီရီ၊ ဒေါက်တာ။ **သုတေသနအဘိဓာန်မှတ်စု၊** အမှတ် (၁)၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံသုတေသန အသင်း၊ ၁၉၇၄

၁၆၁။ **ရေစကြိုနန်းတော်ဖြတ်တုံး၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၂၇

၁၆၂။ ရည်စိန်၊ ဦး။ "ရှင်ဒိသာပါမောက္ခငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့"၊ **နိုင်ငံသမိုင်းသုတေသနစာစောင်၊ အတွဲ ၁၊** ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၇၇

၁၆၃။ ရည်စိန်၊ ဦး။ "ခရစ်နှစ် ၈၀၂ ခုနှစ် တရုတ်နိုင်ငံရောက်ပျူသံအဖွဲ့"၊ **နိုင်ငံသမိုင်းသုတေသနစာစောင် ၃၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉

၁၆၄။ ရည်စိန်၊ ဦး။ "ပျူခေတ်မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး"၊ **နိုင်ငံသမိုင်းသုတေသနစာစောင်၄၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၉

၁၆၅။ ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်ကောင်းလက္ခဏာ၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

၁၆၆။ ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်နှင့်မြင်းစီးနင်းစရာ၊** ပထမပိုင်း၊ ဆင်တို့၏ ဘဝအခြေပြ၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၆၇။ ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်နှင့်မြင်းစီးနင်းစရာ၊** ဒုတိယပိုင်း၊ (ဆင်စီးချွန်းချက်)၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ဗဟိုစာကူးနှင့် ပုံနှိပ်လုပ်ငန်း၊ ခုနှစ်မပါ

၁၆၈။ ရှေးဟောင်းစာပေသုတေသီတဦး။ **ဆင်နှင့်မြင်းစီးနင်းစရာ၊** တတိယပိုင်း၊ မြင်းကြန်ပုရပိုက်နှင့် မြင်းလက္ခဏာပဒေသာ၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၆၉။ ရှေးဟောင်းစာပေသုတေသီတဦး။ **ထွက်တော်မူအစမ်းအနား၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှု ဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၀။ ရှေးဟောင်းစာပေသုတေသီတဦး။ **နိုင်ငံတော်အတွင်းဇရွာနကင်းစာရင်းပုရပိုက်၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၁။ ရှေးဟောင်းစာပေသုတေသီတဦး။ **နန်းမှုနန်းရာအဆင်တန်ဆာနှင့်သိမှတ်ဖွယ်ရာများ၊** အပိုင်း (၁)၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

၁၇၂။ ရှေးဟောင်းစာပေသုတေသီတဦး။ **နန်းမှုနန်းရာအဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများ၊** အပိုင်း ၂၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

၁၇၃။ ရှေးဟောင်းစာပေသုတေသီတဦး။ **နန်းမှုနန်းရာအဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများ၊** အပိုင်း ၄၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

၁၇၄။ ရှေးဟောင်းစာပေသုတေသီတဦး။ **နန်းသုံးယဉ်၊** ပရိဘောဂနှင့် ဝတ်စားဆင်ယဉ်မှု၊ အတွဲ ၁၊ အပိုင်း ၁၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ ခုနှစ်မပါ

၁၇၅။ ရှေးဟောင်းပေသုတေသီတဦး။ **မြို့စောင့်စုနှင့် ခရီးစဉ်တိုင်ကွာ၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၆။ ရှေးဟောင်းစာပေသုတေသီတဦး။ **မြန်မာမှုအနုပညာပန်းပဒေသာနှင့် အဆင်တန်ဆာများ၊** အတွဲ (၄)၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၇။ ရှေးဟောင်းစာပေသုတေသီတဦး။ **မြန်မာမှုအနုပညာပန်းပဒေသာနှင့် အဆင်တန်ဆာများ၊** အတွဲ (၅)၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၈။ ရှေးဟောင်းစာပေသုတေသီတဦး။ **မြန်မာမှုအနုပညာအပြောက်အမွမ်းပဒေသာ၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၇၉။ ရှေးဟောင်းစာပေသုတေသီတဦး။ **မြန်မာဝေါဟာရသုတေသနမှတ်စု (က)၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ၁၉၇၈

၁၈၀။ ရှေးဟောင်းစာပေသုတေသီတဦး။ **မြန်မာဝေါဟာရသုတေသနမှတ်စု (ခ)၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ၁၉၇၈

၁၈၁။ ရှေးဟောင်းစာပေသုတေသီတဦး။ **ရှေးဟောင်းမှတ်စာပဒေသာအတွဲ (၄)၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ စာပေဘဏ်၊ ခုနှစ်မပါ

၁၈၂။ ရှေးဟောင်းစာပေသုတေသီတဦး။ **ရွှေနန်းလက်သုံးပုံစံများ (၁)၊** စာတွဲ ၂၊ စာကူးစက်မှု၊ ရန်ကုန်မြို့၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ ခုနှစ်မပါ

၁၈၃။ ရွှေကိုင်းသား။ **နှစ်တရာပြည့်မန္တလေး၊** မန္တလေးမြို့၊ ကြီးပွါးရေးပုံနှိပ်တိုက်၊ ၁၉၅၉

၁၈၄။ ရွှေကိုင်းသား။ **ပတ္တမြားစေတီသမိုင်း၊** မန္တလေးမြို့၊ ကြီးပွါးရေးပုံနှိပ်တိုက်၊ ၁၉၆၂

၁၈၅။ ရွှေခြည် (မင်းလှရာဇကျော်ထင်)၊ ဦး။ စန္ဒကိန္နရီပျို့၊ ပေမူ၊ ၁၁၇၂၆၄၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်

၁၈၆။ ရွှန်း၊ ဦး။ **ဥမ္မာဒန္တီပျို့အဖြေ၊** ရန်ကုန်မြို့၊ လောကပါလပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၃၅

၁၈၇။ လူဘောဝင်း၊ ဦး။ **ဦးပုညမေတ္တာစာဂဏ္ဍိကျမ်း၊** ရန်ကုန်မြို့၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၃

၁၈၈။ **လောကသာရပျို့နှင့်ဟံသာဝတီဦးဘရင်၏ အဖြေစုံ၊** ရန်ကုန်မြို့၊ စကြာဝဠာစာပုံနှိပ်တိုက်၊ ၁၉၅၄

၁၈၉။ **လောကမှတ်ပုံနည်းမျိုးစုံကျမ်း၊** ရန်ကုန်မြို့၊ ပိဋကသာရစာအုပ်တိုက်၊ ၁၃၂၇

၁၉၀။ **လက်ဝဲနော်ရထာလျှောက်ထုံး၊** မန္တလေးမြို့၊ ပိဋကတ်တော်ပြန့်ပွါးရေးပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

၁၉၁။ လက်ဝဲသုန္ဒရ။ **သေနင်္ဂဗျူဟာစစ်သမိုင်းနှင့် ဗျူဟာစက္ကပျို့၊** ရန်ကုန်မြို့၊ ပညာရေးဌာနစစ်ရုံး၊ ၁၉၄၃

၁၉၂။ လင်းယုန်သစ်လွင်။ **လှေ၊** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၁

၁၉၃။ လယ်တီပဏ္ဍိတ။ **ပါဠိအဘိဓာန်ချုပ်၊** ရန်ကုန်မြို့၊ မဟာဝိဇ္ဇာပုံနှိပ်တိုက်၊ ခုနှစ်မပါ

၁၉၄။ လှ၊ လူထု ဦး။ **ကျွန်တော်လှေသူကြီး၊** မန္တလေးမြို့၊ ကြီးပွါးရေးပုံနှိပ်တိုက်၊ ၁၉၇၂

၁၉၅။ လှ၊ လူထု ဦး။ **ကျွန်တော်ဖြူရိုကရက်၊** မန္တလေးမြို့၊ ကြီးပွါးရေးပုံနှိပ်တိုက်၊ ၁၉၇၀

၁၉၆။ **ဝိနည်းငယ်လေးစောင်နိသျ၊** ဦးဖုစ်မှု၊ ပထမအကြိမ်ရိုက်၊ သိန်းထွန်းအော့ဖ်ဆက်၊ ၁၉၉၃

၁၉၇။ ဝိမလ၊ ဦး။ **ကဆိမေးခွန်းနှင့်အဖြေ၊** ရန်ကုန်မြို့၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၃

၁၉၈။ **ဝေါဟာရဝိပ္ပလ္လာသ–လက္ခဏာဒီပကကျမ်း၊** စာကူးစက်မှု၊ ရန်ကုန်မြို့၊ စာပေဘဏ်ဖြန့်ချိရေး၊ ခုနှစ်မပါ

၁၉၉။ ဝန်၊ ဦး။ **တက္ကသိုလ်မြန်မာအဘိဓာန်၊** အတွဲ ၁၊ အတွဲ ၂၊အတွဲ ၃၊ အတွဲ ၄ နှင့် အတွဲ ၅၊ ရန်ကုန်မြို့၊ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၁၊ ၁၉၆၃ နှင့် ၁၉၆၄

၂၀၀။ သာမြတ်၊ ဦး။ **ပေါရာဏစကားအဘိဓာန်၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁

၂၀၁။ သီရိမဟာဇေယျသူရ။ **ကဝိလက္ခဏာဒီပနီ၊** ရန်ကုန်မြို့၊ သုဓမ္မဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ပုံနှိပ်နှစ်မပါ

၂၀၂။ သီရိဥဇနာ။ **လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)၊** ရန်ကုန်မြို့၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၅၈

၂၀၃။ **သီလက္ခန္ဓဝဂ္ဂဋီကာ။** ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၄

၂၀၄။ သုမန၊ ဦး။ **ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး၊** ၁၉၃၈

၂၀၅။ **သုဝဏ္ဏသျှံသူဌေးဇာတ်ပျို့၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်အမည်မပါ၊ ပုံနှိပ်နှစ်မပါ

၂၀၆။ သောဘန၊ အရှင် ဦး။ **မြန်မာပြက္ခဒိန်အစီအရင်၊** ရန်ကုန်မြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၇၂

၂၀၇။ သော်ဇင်၊ ဦး။ **နန်းစဉ်ပုစ္ဆာ၊** ရန်ကုန်မြို့၊ စာပလွေတိုက်၊ ၁၉၇၀

၂၀၈။ သံခို၊ ရှင်။ **မင်းရဲဒိဗ္ဗရေချင်း၊** ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၇

၂၀၉။ **သံဃာယနာအမေးအဖြေ၊** ပထမအုပ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၅၄

၂၁၀။ သက္ကု၊ ဦး။ **ဇေဒလက်စွဲကျမ်း၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ တိုးစာပုံနှိပ်တိုက်၊ ၁၉၅၅

၂၁၁။ **သက်ပန်းဆယ်စောင်တွဲ၊** ရန်ကုန်မြို့၊ ရွှေဟသ်ာပုံနှိပ်တိုက်၊ ၁၉၈၅

၂၁၂။ သန်းထွန်း။ **ခေတ်ဟောင်းမြန်မာရာဇဝင်၊** ရန်ကုန်မြို့၊ မဟာဒဂုံစာပေထုတ်ဝေရေး၊ ၁၉၆၉

၂၁၃။ သန်းထွန်း။ **နယ်လှဲ့ရာဇဝင်၊** ဒုတိယတွဲ၊ ရန်ကုန်မြို့၊ နံ့သာတိုက်၊ ၁၉၆၈

၂၁၄။ သိန်း၊ ဆရာ။ **ကဗျာဝါဒဒီပနီကျမ်း၊** ရန်ကုန်မြို့၊ ရတနာသီရိစာပုံနှိပ်တိုက်၊ ၁၂၇၃

၂၁၅။ သိန်း၊မှော်ဘီ ဆရာ။ **ပေါရာဏဒီပနီ၊** ပထမတွဲ၊ ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၁

၂၁၆။ **သုံးဆယ့်ခြောက်စောင်တွဲအဖွဲ့မှုခန်းမွေ့သတ်ကျမ်းကြီး၊** ပထမတွဲ၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၈၉၈

၂၁၇။ ဟံသာဝတီ ၃၂မြို့ခန့်ထားသောစာရင်း၊ ပုဂံဝန်ထောက် ဦးတင်ပေစာ၊ အမျိုးသားစာကြည့်တိုက် ပေအမှတ် ၈၂

၂၁၈။ ဟုတ်စိန်၊ဦး။ **ပါဠိ–မြန်မာအဘိဓာန်၊** ရန်ကုန်မြို့၊ အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ၁၉၅၄

၂၁၉။ အကိုစော။ **လေ့လာမိသမျှကတူးကနန်းဒေသ၊** ရန်ကုန်မြို့၊ စာပေဗိမာန်၊ ၁၉၇၅

၂၂၀။ **အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိနိသျ။** ရန်ကုန်မြို့၊ ဉာဏသာယ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၀

၂၂၁။ အာဒိစ္စရံသီ၊ ရှင်။ **နာရဒပျို့၊** ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ ခုနှစ်မပါ

၂၂၂။ ကျော်၊ဦး။ "ပုသိမ်၃၂မြို့စစ်တမ်း၊" **တက္ကသိုလ်ပညာပဒေသာစာစောင် အတွဲ ၅၊** အပိုင်း ၂၊ ၁၉၇၀

၂၂၃။ ကျော်၊ဦး။ "ဟံသာဝတီ ၃၂မြို့စစ်တမ်း၊" **တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၊** အပိုင်း ၄၊ ၁၉၆၆

၂၂၄။ ဩဘာသဘိဝံသ၊ အသျှင်။ **သုတေသနသရုပ်ပြအဘိဓာန်၊** ရန်ကုန်မြို့၊ မဟာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၅

၂၂၅။ အို၊ ဆရာ။ **ကျောက်ဆည်ရာဇဝင်နှင့်ကိုးခရိုင်သမိုင်းတော်အဋ္ဌုပ္ပတ္တိ၊** ရန်ကုန်မြို့၊ ဝိဇယစာအုပ်ဌာန၊ ၁၂၉၁

၂၂၆။ အဂ္ဂသမာဓိ၊ ရှင်။ **နေမိရဲခန်းပျို့၊** ရန်ကုန်မြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၃

၂၂၇။ အဂ္ဂသမာဓိ၊ ရှင်။ **နေမိမင်္ဂလစိုးစံနေးပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၉၀၀

၂၂၈။ အဂ္ဂသမာဓိ၊ ရှင်။ **နေမိဘုံစံနေးပျို့**၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၅၇

၂၂၉။ အဂ္ဂသမာဓိ၊ ရှင်။ **သုဝဏ္ဏသျှံမြှားပစ်ခန်းပျို့**၊ ပုံနှိပ်မြို့မပါ၊ ပုံနှိပ်တိုက်မပါ၊ ပုံနှိပ်နှစ်မပါ

၂၃၀။ အောင်၊ ဦး။ **ကဝိသေနဂံဗျူဟာကျမ်း**၊ ရန်ကုန်မြို့၊ ရွှေထီးတံဆိပ်ပိဋကတ်စာအုပ်ဆိုင်၊ ပုံနှိပ်နှစ်မပါ

၂၃၁။ အောင်ကြီး၊ ဆိသည်ရွာစား ဦး။ **အင်းဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတား**၊ ရန်ကုန်မြို့၊ ဟံသာဝတီ
ပုံနှိပ်တိုက်၊ ၁၉၆၅

၂၃၂။ အောင်ပန်း၊ ဦး။ **အပရန္တသုနာပရန္တပါရမ္မရိယဝါစကစာတမ်း**၊ ရန်ကုန်မြို့၊ မောင်ပုဘရားသား
စာပုံနှိပ်တိုက်၊ ၁၉၃၀

၂၃၃။ အောင်လှသိန်း။ **ရခိုင်သုတအဘိဓာန်**၊ ရန်ကုန်မြို့၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၉၉၇

၂၃၄။ အောင်သိန်း၊ ဦး။ **သံမျိုကဗျာပေါင်းချုပ်**၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း၊
၁၉၈၄

၂၃၅။ ဣန္ဒာဝံသဇီရ။ **မဟာဂီတအဖွင့်**၊ ဒုတိယတွဲ၊ ရန်ကုန်မြို့၊ အမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၆၈

၂၃၆။ အုန်းညို၊ ရှင်။ **ဂါထာခြောက်ဆယ်ပျို့**၊ ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၂၈


## အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောစာအုပ်များ


၂၃၇။ Bary, Wm Theodore, *Sources of Indian Tradition,* New York; Columbia University Press, 1959

၂၃၈။ Basham, A.L., *The Wonder that was India,* London, William Clowes and Sons, 1954

၂၃၉။ Ba Shin, *Lokahteikpan,* Rangoon (Yangon), Rangoon (Yangon) University Press, 1962

၂၄၀။ *Chamber's Twentieth Century Dictionary,* London, W.&R. Chambers Ltd, 1955

၂၄၁။ Eberhard, Wolfram, *History of China,* London, Routledge & Kegan Paul Ltd, 1952

၂၄၂။ Hall, D.G.E, *A History of South East Asia,* London, Macmillan & Co. Ltd. 1955

၂၄၃။ Hall, D.G.E., *Europe and Burma (Myanmar),* London, Oxford University Press, 1945

၂၄၄။ *Hammond's Modern World Atlas and Gazetteer,* Maplewood, New Jersey, 1964

၂၄၅။ *The Journal of the Burma (Myanmar) Research Society,* Vols, 6-7, 1916-17, Nendeln, Kraus Reprint, 1977

၂၄၆။ Luce, G.H., Notes on the People of Burma (Myanmar) in the 12th - 13th Century AD, *J.B.R.S,* i, XLII, June 1959

၂၄၇။ Luce, Gordon.H., *Old Burma (Myanmar) Early Pagan,* Vol. 3(Plates), New York, Locust Valley, 1970

၂၄၈။ Pichard, Pierre, *Inventory of Monuments at Pagan,* Vol. one, Paris, UNESCO, 1992

၂၄၉။ Scott, J. George and Hardiman J.P., *Gazetteer of Upper Burma (Myanmar) and the Shan States,* I, i to ii, Rangoon (Yangon), Government Printing, 1900, 1901

၂၅၀။ Scott, J. George and Hardiman J.P., *Gazetteer of Upper Burma (Myanmar) and the Shan States,* II,i,Rangoon(Yangon),Government Printing, 1900

၂၅၁။ Stewart, J.A., C.W. Dunn and Hla Pe, *A Burmese (Myanmar) - English Dictionary,* pt. i to iv, London, Luzac & Co. Ltd, 1940, 1950, 1955 and 1963

၂၅၂။ Than Tun, Dr., *The Royal Orders of Burma (Myanmar),* AD. 1598-1885, pt. 1 to 10, Kyoto, the Center for Southeast Asian Studies, 1983, 1985, 1986, 1987, 1988, 1989 and 1990

၂၅၃။ *Travels of Fary Sebastien Manrique* (1629-1643), Oxford, the Hakluyt Society, 1926

၂၅၄။ Yule, Henry, *Hobson - Jobson,* Delhi, Munshiram Manoharlal, 1968

၂၅၅။ Yule, Henry, *A Narrative of the Mission to the Court of Ava in 1855,* London, Oxford University Press, 1968

## လူတွေ့မေးမြန်းသူများစာရင်း

| | |
|---|---|
| ၁။ ဦးစံလွင် | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန |
| ၂။ ဦးစိုင်းအောင်ထွန်း | ဒုတိယဥက္ကဋ္ဌ၊ မြန်မာသမိုင်းအဖွဲ့ |
| ၃။ ဦးစဝ်ထွန်းမှတ်ဝင်း | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၄။ ဦးညွန့်မောင် | ကျွမ်းကျင်ပညာ၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန |
| ၅။ ဦးထွန်းအောင်ချိန် | အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့ |
| ၆။ ဦးမောင်မောင်တင် (အမ်အေ) | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၇။ ဒေါ်မြစိန် | တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၈။ ဦးမြင့်သန်းဌေး | ကျောက်စာကျွမ်းကျင်ပညာရှင်၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန |
| ၉။ ဒေါ်ဝင်း | သုတေသနအရာရှိ၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန |
| ၁၀။ ဦးဝင်းမောင် (တမ္ပဝတီ) | မြန်မာဗိသုကာပညာရှင် |
| ၁၁။ ဦးသန်းထွတ် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၁၂။ ဒေါက်တာသန်းထွန်း | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၁၃။ ဒေါ်အေးအေးငွန် | ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၁၄။ ဦးအေးမြင့် | မြန်မာ့ရိုးရာပန်းချီနှင့် ဗိသုကာပညာရှင် |
| ၁၅။ ဦးအောင်သွင် | ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကြံပေးပုဂ္ဂိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ် |
| ၁၆။ ဒေါ်အုန်းကြည် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |

[illegible]

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန